နှဒါန်း။

အဟာမြို ပုဗ္ဗဂဒ္ဒေသုဂဒ္ဒတ္တာ မဘိပတ္ထယိ။မနုသာယေဝ ဟုတ္ဝာနု၊ဓမ္မ
ရာဇာအာသခိ်ဿာ။ ။ဟူသော အပဒါန် ပါဠိတော်၌ကထာ၊ လာသည်
နှင့်ညီစွာ။ စိတ်ဖြင့်သာလိုလံး၍။ ရှေးဘုရားအာသန်ချိယျတို့ထံ။ ဘုရား
ဆုကိုပန်ပြီးသော နောက်ကာလ။ ပေါရာဏာသကျကေါတမဘုရား ဖွဲ့
လက်ထက်ဝယ်။ နှစ်သက်စဖွယ်။ မျက်ကွယ် စကား။ တဆင့်ကြားမျှ။
အနိယတ ဗျာဒိတ်ကို။ တံဆိပ်တော် အမှတ်ခံလျက်။ သံသရာ ကျယ်
ကြော။ပင်လယ်ကြောဝယ်။ ပေါလောမျောက်ခုန်။ စုန်ကာဆန်ကာ။ကျင်
လည်ခွာခဲ့ပြီးလျင်။သာရမတ္ထာကမ္ဘာသို့အရောက်။လေးဆူမြော်သခင်။
ဒီပင်္ကာရ။မြတ်စွာဘုရားနှင့်။ တော်ငြားကြုံတွေ့က။ နိယတဗျာဒိတ်ပန်း
ကို။ဆွတ်လှမ်းဖန်ဆင်။ ယင်ထိုက်လှစွာ။အင်ကျစ်ဖြာနှင့်။ သုမေဓာရသေ့
ဟေား။ ဒီပင်္ကာရ မြတ်စွာဘုရားသည်။ နိယတဗျာဒိတ် ကြားသည်ကို။
အာဒေးရဝမ်းသာ။ခံယူပါ၍။ ဗျာဒိတ်တော်အရ။ ကာလံတွက်ရေ။ လေး
သခြေနှင့် ကမ္ဘာတာသိန်း။ အကိန်း များစွာ။ သို့စင်ကြာအောင်။ ပါရမီ
ဆယ်ပါး။ စရိယသုံးပါး။ ငါးပါး။ ဘုရားဖြစ်ကြောင်း။ အ
ကျင့်ကောင်းတို့ကို။ ရုံးပေါင်းဖြည့်ကျင့်ခါ။၍ဘဒ္ဒကမ္ပာ။ ဝိဝဋ္ဋဘာအနှံ
ရကပ်အစုတွင်။ ကကုသန်၊ကောဏဂုံ၊ကဿပ၊သမ္မာသမ္ဗုဒ္ဓဘုရားသုံး
ဆူတို့နောက်။ တဆဲ့တကပ်မြော်က်သောအခ်ါ။ တုသိတာ နတ်ပြည်မှ
ဆင်းခဲ့လာ၍။ ဇမ္ဗေယျာရဋ္ဌ။နဂရတမ္ဘတ်။ ကပိလဝတ်မင်းစော။သုဒ္ဓါဒ
နှ မင်းမျှဉ့ာသျောင်ဇ်။ တောင်ညာစံဒေဝီ။ မဟောသိရတနာ။ မဟာ
မာယာဝမ်းဝယ်။စွဲလမ်းသန္ဓေ။ တည့်နေဘွားမြင်သည့်ကာလ။ သိဒ္ဓတ္ထ
ကုမာရဟု။ဘွဲ့နာမ်အကျော်။အရွယ်မြတ်သင့်လျော်က။ နှမတော်ဗိမ္ဗာ။
ယသော်ဓရာ ပိနှံးမမြတ်နှင့်။ လက်ထပ်စုလှံး။ နှစ်ပါးတွက်ရွေ့။ နတ်တမျှ
လျှင်။ ရမ္မ၊သုဘ၊သုရမ္မဟု။ နှနှံးမဆုံးဆောင်ရွယ်။ မောင်မယ်စုံပျော်ပါး
၍။ သား ရာဟုလာ။ရတနာမျှော်လှော်ကို။ မျှော်နှာတော်သန့်စင်။ဘွားမြင်
သည့် နေ့ရက်တွင်။ ဧလေးချက်သော နိမိတ်ကို။ လန့်ဝေါ်တော်မူသည့်
အတွက်ကြောင့်။တောထွက်တော်မူပြီးနောက်။ခြောက်နှစ်ပတ်လုံး။ဒုက္ကာ
ရစရိယာအာကျင့်ကိုကျင့်တော်မူဘိ၍။ ညောင်ဗောဓိဝဆာ။အပရာဇိ

ပလ္လင်သာဝယ်။ လေးသစ္စာဗုဒ္ဓဝန်းဝတ်ကိုး။ လှမ်းဆွတ်တော်မူသော ဂါ
တမမြတ်စွာဘုရား၏။ ကြေငြာင်းလျားဌုပ်တ် အဖြစ်မြတ်ကို။ သိမှတ်လို
သူတို့။ အလွယ်တကူမှတ်ယူဝေဌါ။ ဧစတနာဖြင့်။ ဒေသနာကျမ်းဂန်။
အတန်တန်တို့မှ။ ဝေဘန်ကောက်နုတ်၍။ ဘော်ဆုတ်တည်ထွင်။ စီစဉ်
ခင်းကျင်းသျှက်၊ ဒီပဲယင်းမြို၊သီဂိလဒ္ဓမ္မာဘိလင်္ကာရဆရာတော်ဘုရား
ရေးသား စီရင်တော်မူအပ်သော။ တထာဂထဇဒါနဒီပနီ ကျမ်းသည်။
ရဟန်းဂုဏ်လူ။ သူတော်စဉ်အများတို့။ ဧစ့်ဧစ့်ဝှဝှ။ဘတ်ရှုနာကြားရက်။
လက်ဝါးထက်တွင်။ ကျောက်မျက်ဂုဏ်ကဲ့သို့။ ထင်ထင်ရှားရှား။ ဘုရား
ဂုဏ် ဂုဏ်တော်။ နှုန်း မရမြေဝအောင်။ အယော်ဝဝတာ။ ကြိုးမြတ်လှဏ်ဟု။
ဗုဒ္ဓါရမ္မဏ ဒိတိ။ ဆိတိ ဝါဂွမ်း။ ငြမ့်ငြင့်မွမ်းမှု။ စိမ့်ရွှမ်း ညှဉ်နှုး။ ပျံ့ကျွဲ။
ကြည်ရွှင်စွာ။သဒ္ဓါဗလဝ။တက်ကြွကွန့်မြူးစေနိုင်သော ကျမ်းထူးကျမ်း
မြတ်ဖြစ်သည်နှင့်အညီ။ ရဟန်းဂုဏ်လူ။သူတော်စင်အများတို့၏။ပစ္စုပ္ပန်
တမလွန်။ နှစ်တန်ဆံသာအကျိုးစီးပွါးကိုဆောင်လျက်။ သာသနာခေတ်။
အနှစ်ငါးထောင်ပတ်လုံး။ မဆုံးမချင်း။ ထွန်းလင်း တည်မြဲမဲ့သောငှါ။
မန္တလေးမြို၊ကျွန်ုပ်တို့ဟံသဝံဝတီဒုကတ်စာပုံနှိပ်တိုက်က။သိုက်မြိုက်
ကောင်းမွန်စွာ။ သုတ်သင်ပြင်ဆင်လျက် ၂ ကြိမ်မြောက်။ ထပ်မံ ပုံနှိပ်
လုပ်ဆောင်အပ်ပါသည်။ ။

ဤတဆာဂတဒ္ဓဒါနဒီပနီကျမ်း ဒုတိယအုပ်၌ပါရှိသည့် အကြောင်းအရာများကို အလွယ်တကူ အလိုရှိရာကောက်နုတ်ကြည့်ရှု နိုင်ကြစေခြင်းငှါ၊ မာတိကာအစဉ်ပြုလုပ်ဘော်ပြပေအံ့။ ။

(က)

မာတိကာ။

ပုဒ်မနံပါတ်။ အကြောင်းအရာ။ မျက်နှာနံပါတ်။

၁ နဝမဝါ၊ကောသမ္ဗီပြည်၌ ဝါဆိုတော်မူစဉ်။ သာမာဝတီစသောမိဘုရား ၃ ပါးတို့အကြောင်း။ အတ္တဒန္တဝတ္ထု၊ အဋ္ဌုပ္ပတ္တိတို့ကိုပြဆိုရာ ၁

၂ ကောသမ္ဗီ ရဟန်းတို့ အဓိကရဏ်းဖြစ်ပွါး ကြသဖြင့် ကိုလိတော်တပါးတည်း ပတော်မူခဲ့၍။ ဒသမဝါ။ ပါလိလေယျကဆင်မင်းလျှင် အလုပ်အကျွေး ရှိလျက်၊ ပါလိလေယျက ဝနသဏ္ဍ၌ ဝါကပ်တော် မူခြင်းနှင့် တကွ။ ဇောတဝန်ကျောင်းတော်သို့ ရောက်တော်မူသည်တိုင်။ ကောသမ္ဗီကဝတ္ထု၊ အကျယ်စကားကို ပြဆိုရာ ၆

၃ ကောဒသမဝါ၊ ဒက္ခိဏာဂိရိဇနပုဒ်။ နာဠဇပုဏ္ဏားရွာ၌ဝါဆိုတော်မူလျက်။ ကသိဘာရဒွါဇပုဏ္ဏားအားကသဿကောပမာဒဒသနာကို• ဟော၍ သွားတော်မူသည်ကိုပြရာ ၁၆

၄ ဒွါဒသမဝါ၊ ဝေရဉ္ဇမြို့၌ဝါဆိုတော်မူရာ၊ မာရ်လှည့်ပတ်၍ဆွံ့ကျားခြင်း။ မြေကြီးကို အောက်အထက်လှန်ရန်၊ မြေဝံကျွန်းသို့ဆွမ်းခံကြွရန်၊ ရှင်ဂေါဝင်းပန်တောင်းပန်ခြင်း။ သာဝကတို့အား သိက္ခာပုဒ်ပညတ်ရန် ရှင်သာရိပုတြာတောင်းပန်ခြင်းတို့ကိုပြရာ ၂၁

၅ ဇေရဉ္ဇပြည်၌ ဝါလပတ်လုံးနေပြီးဆဿ ဒေသစာရိကြွ ချိတော်မူ၏ ဟူရာ၌။ ဘုရားရှင်တို့၏ ဒေသစာရိကြွတော်မူရာမဇ္ဈလ ၃ ပါးကိုပြဆိုရာစကားချုပ် ... ၂၉

ပုဒ်မနံဟတ်။ အကြောင်းအရာ။ မျက်နှာနံပါတ်။

၆ ဝေရဉ္ဇပြည်မှဗာရာဏသီ။ ထိုမှဝေသာလိဘို့ ကြွတော်မူ၍။ မဟာဝုန်။ ကူဋာဂါရ သာလာ၌ သီတင်းသုံးနေတော်မူစဉ်။ သူဋ္ဌေးသား သုဒိန်ရေးဟန်းပြုခြင်းနှင့် တကွ။ ရှင်သုဒိန်ကိုအာကြောင်းပြု၍ ပဌမပါရာဇိကပညတ်တော်မူသည်ကိုပြုရာ ၃၀

၇ ဝေသာလိမှ သာဝတ္ထိပြည်သို့ ရောက်တော်မူ၍ ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ်။ စားကြွင်းစားငါးရာ။ ရဟန်းငါးရာတို့ကို အာကြောင်းပြု၍။ ဝါလေဒကဇာတ်။ ပဏ္ဍုသတဘိက္ခုဝတ္ထုတို့ကိုဟောတော်မူသည်ကိုပြုရာ ၃၁

၈ ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူစဉ်။သားတော်ရာဟုလာအား မဟာရာဟုလောဝါဒသုတ်ကိုဟောတော်မူသည်ကိုပြုရာ ၃၂

၉ တေရသမဝါ။ စာလိယဧတောင် ကျောင်း၌ သီတင်းသုံးတော်မူစဉ်။ အကုသလဝိတက် ၃ ပါးနှိပ်စက်သော အရှင် မေဃိယ ထေရ်အား ဘရား ဟောဒေတော်မူသည်ကိုပြုရာ ၃၂

၁၀ စုန္ဒသမဝါ၊ ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူပြီး၍။ ဝါလကျွတ်လျှင်၊ ရှင်သာရိပုတြာအား ဂဟသိတပေမ-ရိသေးယောင်ဝကားဟုရဟန်းတို့ပြောဆိုကြသည်ကို အာကြောင်းပြု၍ ဟောတော်မူအပ်သောသာရိပုတ္တာထေရဝတ္ထုကိုပြုရာ ... ၃၅

၁၁ သာဝတ္ထိပြည်ဇေတဝန်ကျောင်းတော်၌ နေတော်မူစဉ်။ အရှင် ဟာဟုဂါအား စူဠဒုက္ခလောဝါဒ သုတ်ကို ဟောတော်မူ၍ အရဟာတ္တဖိုလ်၌တည်စေသည်ကိုပြုရာ ၃၆

၁၂ အရှင်ရောဟုလာ ငယ်ကုမိုပြင်ပဒ္ဓ ကျိန်းနေပြီ။ မာရ်နတ်သားဆင်ပြောင်အဟန့်ဘန်ဆင်း၍ ချောက်လှန့်လာရာတွင် ဟောတော်မူသောတရားအာကြောင်း ၃၈

ပုဒ်မနံပါတ်၊ အခြောင်းအရာ၊ မျက်နှာနံပါတ်၊

၁၃ ပန္နရသမဝါ၊ ကဝိလဝတ် ပြည်၊ နိဂြောဓာရုံ ကျောင်း တော်၌ သိတင်းသုံးတော်မူစဉ်၊ အာဘယ်မျှလောက် သော အကြောင်းဖြင့် ဥပါသကာ မည်ရာသနည်း စသည်ဖြင့် မေးလျှောက်အပ်သော မဟာနာမ်မင်း ကြီး၏ပြဿနာကို ဖြေကြားတော်မူသည်ကို ပြရာ ... ၃၉

၁၄ နိဂြောဓာရုံကျောင်း၌ သိတင်းသုံးတော်မူစဉ်၊ ဝရိုးတော် သုပ္ပဂၢါ မင်းကြီးအား ဖြမျိုရှုတွေ့ပေါ်တော်မူ အပ်သော၊ နဒီကဿပ-စသော ဒေသနာတော် ကိုပြရာ ၄၁

၁၅ နိဂြောဓာရုံကျောင်း၌ သိတင်းသုံးတော်မူစဉ်၊ မဟာနာမ် မင်းကြီးအား၊ သဒ္ဓါ၊ ဝိရိယ၊ သတိ၊ သမာဓိ၊ ပညာ-တရား ၅ ပါး၌တည်သော သူသည် ဘုရားဂုဏ်ကိုနှစ် သက်စေနိုင်၏ဟုဟောပြရာ ၄၄

၁၆ ပန္နရသမ ဝါ ကျစ်တော် မူပြီး၍၊ ဇေတဝန် ကျောင်း တော်၌ သိတင်းသုံးနေစဉ်၊ သိကြားမင်းမေးလျှောက် သောပြဿနာကို၊ သဗ္ဗဒါနံ ဓမ္မဒါနံ ဇိနာတိ၊ စသော ဒေသနာဖြင့် ဖြေကြားတော်မူခြင်း၊ ရဟန်းတို့အား တရားအနုမောဒနာပြုစေရန်စွင့်ပေးခြင်းတို့ကိုပြရာ ၄၅

၁၇ သောဠသမဝါ၊ အာဠဝိပြည်၌ ဝါဆိုတော်မူစဉ်၊ အာဠဝက ကာဠိလူးအား ချုပ်တော်မူခြင်းစသည်ကိုပြရာ ... ၅၀

၁၈ သတ္တရသမဝါ၊ ဝေဇ္ဇဝဏ် ကျောင်းတော်၌ သိတင်းသုံး နေစဉ်၊ သိရိမာ၏အကောင်ကိုအကြောင်းပြု၍ ပသဿ စိတ္တိ ကံကံ ဇိမ္မံ၊ စသော ဒေသနာကို ဟောတော် မူခြင်း ၅၉

၁၉ သတ္တရသမဝါ ကျတ်တော်မူပြီး၍ ဖေသစာရိကြွတော် မူစဉ်၊ အာဠဝိပြည်သား ဂေါနဒ္ဓ ဥပါသကာကို အ ကြောင်းပြု၍၊ ဇိဃနိဒ္ဓာ ပရမာ ရောဂါ၊ စသောဒေသ နာကို ဟောတော်မူခြင်း ၇၃

၂၀ အဋ္ဌာရသမဝါ၊ စာလိယတောင်ကျောင်း၌ သိတင်းသုံး

ပုဒ်မနံပါတ်၊ အကြောင်းအရာ။ မျက်နှာနံပါတ်၊

၁ နေစဉ်၊ မေလိယထေရ်စသည်ကို အကြောင်းပြု၍။ ဖန္ဒနံ-စသော ဒေသနာ။ အာဠဝီပြည်၊ ယက်ကနိုး သည်သို့းကိုအကြောင်းပြု၍၊ အန္ဓိဘုန္ဒတာ-စသော ဒေသနာတို့ကိုဟောတော်မူခြင်း ၇၅

၂ ၎ကနဝိသတိမဝါ၊ဝေဠုဝနကျောင်းတော်၌သီတင်းသုံး နေစဉ်၊ ကုက္ကုဋမိတ္တမူဆိုးမယားကို အကြောင်းပြု၍ ပါဏာတိမိဒေ၊ စသောဒေသနာကို ဟောတော်မူခြင်း ၈၁

၂၂ ထိကုက္ကုဋမိတ္တ မူဆိုး လင် မယား-သား-သွေးမတို့၏ အတိတ်ဝတ္ထုကိုပြောကြား ၁၆

၂၃ ဝိသတိမဝါဇေတဝနကျောင်းတော်၌သီတင်းသုံးနေစဉ်၊ ဝနံတို စည်းလဲသော အာနန္ဒာ သူဌေးကို အကြောင်း ပြု၍၊ ပုတ္တ မတ္ထိ-စသော ဒေသနာကို ဟော်တော်မူ ခြင်း ၈၈

၂၄ သာဝကအစည်းအဝေးဦး၊မြတ်စွာဘုရားအလုပ်အကျွေး ကိုရွေးချယ်ခြင်း၊ ဂျင်အာနန္ဒာထေရ် ဆုဂျစ်ပါးကိုပူ ဇော်လုပ်ကျွေးခြင်းတို့ကိုပြောကြား ၉၁

၂၅ ဂျင်အာနန္ဒာထေရ်၏အလုပ်အကျွေးဆုကိုပန်ခဲ့ဘူးသော ရှေးဝတ္ထုကိုပြောကြား ၉၅

၂၆ ပဉ္စသာလပုတ္တားရှာဒ္ဓ သီတင်းသုံး နေစဉ်၊ မာရ်နတ်ကို အကြောင်းပြု၍၊သုသုခံဇတ ဇီဝါမ-စသော ဒေသ နာကိုဟောတော်မူခြင်း ၄၆

၂၇ ဇေတဝနကျောင်းတော်၌ သီတင်းသုံးနေစဉ်၊အဂ်္ဂိလိမာ လထေရ် ပရိနိဗ္ဗာန်ပြုရာ၌၊ယသ ပါပံ ကတံကမ္မံ-စသောဒေသနာကိုဟောတော်မူခြင်း ၄၇

၂၈ ပဒေသနဒိကောသလမင်းကြီး၏အဆဒိသဒါနကိုပြောကြား... ၁၀၅

၂၉ သုန္ဒရိပရိဗိုဇ်မစ္ဆပ်စွဲခြင်းကိုပြောကြား ၁၁၁

၃၀ မြတ်စွာဘုရားနှင့်ဝေးကွာရဟန်းငါးရာတို့ကိုမိုးကြိုးတွင်း၌ ချအံ့ဟု ကြိုမှားသောတိတ္ထိယသာဝကဂရုဟဒိန္နနှင့်၊ ဇဋ္ဌသာဝက-သိရိဂုတ္တတို့အကြောင်း ၁၁၄

မာတိကာ။

ပုဒ်မနံပါတ်။ အကြောင်းအရာ။ မျက်နှာနံပါတ်။

၃၁ နန္ဒောပနန္ဒ နဂါးမင်းကို ရှင်မောဂ္ဂလာန် မထေရ် ဆုံးမ
ထောက်မူခြင်းအကြောင်း ၁၂၃

၃၂ မြတ်စွာဘုရားသခင် ဗကကြဟ္မာကို ဆုံးမခြွေချွတ်တော်
မူခြင်းအကြောင်း ၁၂၈

၃၃ အနာထပိဏ်သူဌေးဇနီးဦး၊ စူဠသုဘဒ္ဒါ၊ ယောဂ္ဂမဉ္ဇ
သူဌေးတို့ကိုအကြောင်းပြု၍ဒုဇရဲ့ သင်္ကေါ၊စသော
ဒေသနာကိုဟောတော်မူသည်ကိုပြရာ... ... ၁၃၅

၃၄ မြတ်စွာဘုရားနှင့် အဆွေ ခင်ပွန်း ဘွဲ့သော လယ်လုပ်
ပုဏ္ဏားအား ပျက်သောလယ်ကို မှီ၍ သောကဖြစ်
သည်ကိုကယ်ချွတ်တော်မူခြင်း ၁၄၀

၃၅ သေပြီးသောဦးခေါင်းခွံကိုခေါက်ကာမျှဖြင့်လားရာဂတိ
ကိုသိစွမ်းနိုင်သော ဝင်္ကီသပုဏ္ဏားအား ချွတ်တော်
မူခြင်း ၁၄၂

၃၆ ချက်မှ လဝန်းအရောင်နှင့် တူစွာ အရောင်ထွက်သော
စန္ဒာဘပုဏ္ဏားအားချွတ်တော်မူခြင်း ၁၄၅

၃၇ မာရ်နတ်သည် မြတ်စွာဘုရားအား မင်း ပြုစိမ့်သောဌါ
တောင်းပန်သည်ကို အကြောင်း ပြု၍ တရားဟော
တော်မူခြင်း ၁၄၈

၃၈ ပေါက္ခရသာတိ ပုဏ္ဏားသည့် တပည့် အမျှဋ္ဌလုလင်ကို
စေလွှတ်၍ မြတ်စွာဘုရား၏ လက္ခဏာတော်တို့ကို
စုံစမ်းစေခြင်း ၁၅၁

၃၉ အမျှဋ္ဌ လုလင်၏ စကားကို ကြား၍၊ ပေါက္ခရ သာတိ
ပုဏ္ဏားမြတ်စွာဘုရားထံဖူးမြော်လာခြင်း ... ၁၆၇

၄၀ မြတ်စွာဘုရား၏ အရပ်တော်ပမာဏကို နှိုင်းရှည့်သော
ပုဏ္ဏားအားတရားဟောတော်မူသည်ကိုပြရာ ... ၁၇၀

၄၁ ဝိသာခါဒါယိကာမ၏ ပစ္စုပ္ပန်ဝတ္ထု၊ အကျယ်စကားကို
ပြဆိုရာ ၁၇၁

၄၂ ဝိသာခါဒါယိကာမ၏ ရှေးအတိတ်ဆုတောင်းကိုပြရာ... ၁၉၂

ပုဒ်မနံပါတ်၊ အကြောင်းအရာ။ မျက်နှာနံပါတ်။

၄၃ ဝိသာခါဒါယိကာမဏ္ဍိအပေါင်းအဘော်၊သေယျစ်သော
ပိန်းမငါးရာတို့အားတရားဟောချတ်တော်မူခြင်း,... ၁၉၄
၄၄ တက္ကသိုလ် ပြည့်ရှင် ပုက္ကုသာတိ မင်းကြီးအား ဖာတူ
ဝိဘင်္ဂသုတ်ဒေသနာကိုဟော၍ချတ်တော်မူခြင်း ... ၁၉၇
၄၅ အလွန် ကြီးမားသော အသုရိန်နှတ်သားသည် မြတ်စွာ
ဘုရားမျက်နှာတော်ကိုမော်၍ဖူးမြော်ရကြောင်း ... ၂၀၀
၄၆ ရှင်ဒေဝဒတ် မြတ်စွာဘုရားကို ရန်ငြိုးဖွဲ့သည်က စ၍
မြေမျိုသည် တိုင်အောင်သော အကျယ် စကားကို
ပြဆိုရာ ၂၀၂
၄၇ သာကေတမြို့သား ပုဏ္ဏားအိုသြဠာရင်ပွန်း နှစ်ယောက်တို့
အနာဂံ တည်သည်ကစ၍၊ ပရိနိဗ္ဗာန် ပြုသည်တိုင်
အောင်ပြဆိုရာ ၂၁၉
၄၈ ဗန္ဓုလစစ်သူကြီး၊ မဟာလိလိစ္ဆဝီ၊ ဆွေတော် မျိုးတော်
တို့ပျက်စီးခြင်းစသော အဋ္ဌုပ္ပတ္တိများနှင့်တကွ၊ မိဂ္ဂ
ဒိဋ္ဌမင်း၏အကြောင်းအကျယ်စကားကိုပြဆိုရာ ... ၂၃၃
၄၉ ဝေဿဝဏ-စသော နတ်မင်းကြီး ၄ ပါးတို့နေရာ၊ စာ
တုမဟာရာဇ်၊ နတ်မြို့များ၏ အကြောင်းစသည်နှင့်
တကွ၊အာဠာနာဋိယသုတ်၏အဋ္ဌုပ္ပတ္တိကိုပြဆိုရာ ... ၂၅၅
၅၀ မြတ်စွာဘုရားသည် ရာဇဂြိုဟ်ပြည်၌ ဝေဒိယကဇောတ်၊
ဇန္ဓုသာလဂုလိဏ်၌ သီတင်းသုံးနေစဉ်၊ သိကြားမင်း
အားသင်္ကပဉ္ဉသုတ်ကိုဟောတော်မူသည်ကိုပြရာ... ၂၆၀
၅၁ ပါဠုလိရွာငယ် နယ်စပ်၌ အခွန်ဘဏ္ဍာကို အကြောင်း
ပြု၍ အဇာဟာသတ်မင်းနှင့် လိစ္ဆဝီမင်းတို့ စစ်ဖြစ်ကြ
ခြင်းအကြောင်း ၂၀၂
၅၂ မြတ်စွာဘုရား ဂိဇ္ဈကူဋ် တောင်ကျောင်း၌ သီတင်းသုံး
နေစဉ်၊ရဟန်းတို့အား အပရိဟာနိယတရားတို့ကို
ဟောတော်မူခြင်း ၂၉၀
၅၃ ပါဠုလိရွာ၊အာဝသထာဂါရ၌ သီတင်းသုံးနေစဉ်၊ ပါဠု

ပုဒ်မနံပါတ်။ အကြောင်းအရာ။ မျက်နှာနံပါတ်။

လိင်္ဂါသားတို့အား သိလဝိပတ္တိအပြစ် ၅ ပါး၊ သိလ
သမ္ပတ္တိအကျိုး ၅ ပါးတို့ကိုဟောတော်မူခြင်း ... ၂၀၅
၁၄ မြတ်စွာဘုရားသခင်၊ပါဒုလိင်္ဂါ-အာဝသထာဂါရဌ် သိ
တင်းသုံးနေစဉ်၊ အဇာတသတ်မင်း၏ အမတ်၊ သုနိ
ဓ၊ဝဿကာရတို့သည် ဝဇ္ဇီမင်းတို့ကို မြစ်ဆုံသော
ဌါ ပါဒုလိင်္ဂါဌ် မြို့တည်လာသည်ကိုပြုရာ ... ၂၀၈
၁၅ မြတ်စွာဘုရားသည် ပါဒုလိင်္ဂါမှ ကောဋိဂါမ၊ ထိုမှတဖြ
တော်မူ၍၊ နာတိကဂါဌ် သိတင်းသုံးနေစဉ်၊ ခပ်သိမ်း
စုံသောသူတို့ပင်၊ငါသည်မည်သည့်ဂတိ၊မည်သည့်
အလားဂို၏ဟု၊ သိနိုင်၊ ဆုံးဖြတ်နိုင်စကောင်းသော၊
ဓမ္မာဒါသမည်သော တရားကြီးမုံကို ဂျင်အာနန္ဒာ
အားဟောတော်မူခြင်း ၂၀၄
၁၆ မြတ်စွာဘုရားသည်၊ နာတိကာဂါမှ ဝေသာလီပြည်၊ ထို
မှတဖြေတော်မူ၍၊ ဇဏ္ဍုဝဂါဌ် ၄၅ ဝါမြောက်ဝါကပ်
တော်မူသည်ကိုပြုရာ ၂၀၇
၁၇ ဇဏ္ဍုဝဂါမဃပေယ်ဌ် ဝါကပ်တော်မူစဉ်၊မြတ်စွာဘုရားအား
သည်းစွာသောဝေဒနာတော်ဖြစ်သည်ကိုပြဆိုရာ ၂၁၃
၁၈ အဂျင်သာရိပုတြော်မထေရ်၊ မယ်တော် ရူပသာရိပုဏ္ဏား
မအိမိ၊ ဘွားရောတို့က်ခန်းဌ် ပရိနိဗ္ဗာန်ပြုတော်မူသည်
ကိုပြုရာ ၂၁၇
၁၉ အဂျင်မောဂ္ဂလာန် မထေရ် ဇာသိဂိလိတောင် နံရံဌ် ပရိ
နိဗ္ဗာန်ပြုတော်မူသည်ကိုပြုရာ ၂၂၅
၄၀ မြတ်စွာဘုရားသွင်ဝေသာလီပြည်၊ စာပါလစေတီဌ် နေ့
သန့်တော်မူစဉ် အာယုသင်္ခါရ လွှစ်တော်မူသည်
ကိုပြုရာ ၂၂၀
၄၁ အာယုသင်္ခါရလွှတ်တော်မူလေအခါ ပြင်းစွာဖြလှုပ်
ခြင်းနှင့် တကွ။ ဖြလှုပ်ကြောင်း ဂျာပါး၊ ပရိသတ်
ဂျစ်ပါး၊ အဘိဘာယတနဂျစ်ပါးတို့ကို ဟောတော်မူ
ခြင်း။ ဂျင်အာနန္ဒာ တောင်းပန်ခြင်းတို့ကိုပြုရာ ... ၂၂၆

ပုဒ်မနံပါတ်။ အကြောင်းအရာ။ မျက်နှာနံပါတ်၊

၆၂ မြတ်စွာဘုရားသည်၊ ရဟန်း တို့အား ငါ ဘုရားသည် မကြာမြင့်မီ ပဂိုနိဗ္ဗာန် ပြုတော်မူရအံ့။ မင်္ဂလာလျှော် ဖြစ်ကုန်လော့ဟု ဆုံးမတော်မူခြင်း၊ ဥဝေသာလိပြည် ကို အဆုံးစွန်-နာဂါပဓလောကိတဖြင့် ကြည့်ခြင်းတို့ ကိုပြရာ ၃၄၅
၆၃ မြတ်စွာဘုရားသည် ဝေသာလီမှဘဏ္ဍာဂျရာဟတ္ထိကိမ၊ အမ္ဗဂိမဓမ္မဂိမ၊ ဘောဂနဂရ၊ ထိမ္ဘ ပါဝါပြည်၊ စုန္ဒ ရွှေပန်းထိမ်ဇာ၏ ဥယျာဉ်သို့ ရောက်တော်မူ၍ စုန္ဒ၏ ဝက်သားပြဿမ်း ဆွမ်းကို ဘဉ်းပေးတော်မူသည်တိုင် အောင်ပြရာ ၃၄၈
၆၄ စုန္ဒ၏ဝက်သားပြဿမ်းဆွမ်းကို ဘဉ်းပေးတော်မူပြီးနောက် ဝမ်းတော် လားခြင်း၊ ပါဝါမှ ကုသိနာရုံသို့ ကြွရာ လမ်းခရီးတွင် ပုက္ကုသမလ္လဖင်းအား တရားဟော ခြင်း၊ စုန္ဒ၏သားပြဿမ်းဆွမ်းဒွိသက်ာပျောက်ရန်ဟော တော်မူခြင်းတို့ကိုပြရာ ၃၅၁
၆၅ မြတ်စွာဘုရား ကုသိနာရုံ ပြည်သို့ ကြွတော်မူ၍၊ အင် ကြင်းဥယျာဉ်ဝယ်၊ ပဂိုနိဗ္ဗာန်ပြုရာ ညောင်ဖောင်းဒွ လျှောင်းတော်မူခြင်း၊ အာဠိသပုဇော၊ ဓမ္မပုဇော နှစ်ပါး တို့ကိုပြရာ ၃၆၂
၆၆ ပဂိုနိဗ္ဗာန် ပြုတော်မူရာ ညောင်ဖောင်းဒွ လျှောင်းလျက်၊ နတ်တို့၏အလိုကို သိ၍ ဂျင်္ဂပဝါဏာထေရ်ကို ဖယ် ရှားစေတော်မူခြင်း၊ နတ်တို့ငိုကြွေးခြင်းကိုပြရာ ... ၃၇၁
၆၇ ဂျင်အာနန္ဒာမေးလျှောက်၍၊ ပဂိုနိဗ္ဗာန်ပြုပြီးသောနောက် ကာလဝယ် မနောဘာဝနိယရဟန်းတို့ကို ဖူးမြင်ရ ရာဖြစ်သော သံဝေဇနိယဌာနလေးပါးတို့ကို ဟော တော်မူရာ ၃၇၄
၆၈ ဂျင်အာနန္ဒာမေးလျှောက်သဖြင့် မာတုဂါမတို့ဒွိ ကျင့်ရာ သေတရားတို့ကိုဟောတော်မူရာ ၃၇၅
၆၉ ဂျင်အာနန္ဒာမေးလျှောက်သဖြင့် မြတ်စွာဘုရားအလောင်း

ပုဒ်မနံပါတ်။ အကြောင်းအရာ။ မျက်နှာနံပါတ်။

တော်ဦးကျင့်ဆောင်ရာဒေသာတရား၊ ထူပါရဟာလေး ပါးတို့ကိုဟောတော်မူရာ ၃၇၇

၇၀ မြတ်စွာဘုရား ပဂိုနိဗ္ဗာန်ပြုတော့အံ့ဖြစ်၍ ဂုဏ်အာနန္ဒာငို ကြွေးသည်ကို၊ အလံအာနန္ဒာ၊ စသောစကားဖြင့် သက် သာရာရစေ၍ ဂုဏ်အာနန္ဒာ၏ အမှုရိယအင်္ဂါတ ၈မျိ ကျေးဇူးတရားလေးပါးတို့ကိုဟောတော်မူရာ ... ၃၇၉

၇၁ ဤကုသိနာရုံပြည်ငယ်၌ ပဂိုနိဗ္ဗာန်ပြုပလေသည်ဟု ဂုဏ် အာနန္ဒာ လျှောက်၍၊ ငါ မဟာသုဒဿနစကြာမင်း ဖြစ်စဉ်က ဤကုသိနာရုံပြည်သည် ကုသဝတီ ရာဇ ဓာနီကြီးဖြစ်ဘူးပြီဟု မဟာသုဒဿနသုတ်ကိုဟော တော်မူရာ ၃၈၂

၇၂ မြတ်စွာဘုရားသခင်သည် ဂုဏ်အာနန္ဒာကိုစေ၍ကုသိနာ ရုံပြည် မလ္လာမင်းတို့အား အကြောင်းကြားစေတော် မူသည်ကိုပြုရာ ၄၀၁

၇၃ ပဗ္ဗဇိတ၊ဥပသမ္ပဒ၊အရဟာတ္တပတ္တ၊သုံးချက်လုံးဖြင့် မြတ် စွာဘုရားမျက်မှောက် ပစ္ဆိမိက သက္ခိသာဝကဖြစ် သော သုဘဒ္ဒဃရဏ်၏အကြောင်းကိုပြုရာ ... ၄၀၃

၇၄ မြတ်စွာဘုရားသခင်သည် သာဝကတို့အား၊ ယော ဂေါ အာဒူနန္ဒစသောစကားဖြင့် မှာကြားတော်မူခြင်း၊ဟန္ဒ ဒါနိဘိက္ခဝေစသော ပစ္ဆိမဝစနကိုမိန့်တော်မူခြင်း၊ ကုဋေ ၂ သန်း ၄ သိန်းသော သမျှပတ်တို့ကို ဝင် စားတော်မူပြီးအာဆုံးဌိပဂိုနိဗ္ဗာန်ပြုတော်မူခြင်းတို့ကို ပြုရာ ၄၁၁

၇၅ ပဂိုနိဗ္ဗံဝန်ပြုတော်မူသည်နှင့် ဘပြိုင်နက်။ သံဝေဂဓမ္မဂါ ထာရွတ်တော်မူကြခြင်းတို့ကိုပြုရာ ၄၁၆

၇၆ မြတ်စွာဘုရားအလောင်းတော်ကို ပဂိုနိဗ္ဗာန်ပြုရာ အင် ကြင်းဥယျာဉ်၌၊ ချန်စရက်ပတ်လုံး ပူဇော်ခြင်း ပဂို နိဗ္ဗာနသတ္တာဟာ၊ မြို့ရွာမကုဋေဗန္ဓနတောင်သို့ဆောင်

ပုဒ်မနံပါတ်။　　အကြောင်းအရာ။　　မျက်နှာနံပါတ်။

၍သင်ကြိုဟ်အံ့သောအစိအရင်ဖြင့်စိရင်ခြင်း စိတက သတ္တာဟာဇ်ရှိကိုပြုရာ ၄၁၉

၇၇ အာရှင်မဟာကသပ မထေရ်၊ ပါဝါမှ ကုသိနာရုံပြည်၊ မကုဋဉ္ဇန္ဓနတောင်၊ အလောင်းတော်တင်ရာ ထင်းပုံ သို့ရောက်၍ ဂိုရိုးပူဇော်ပြီးဆုံးခြင် အလောင်းတော်ကို တေဇောဓာတ်လောင်သည်ကိုပြုရာ ၄၂၄

၇၈ မလ္လာမင်းတို့သည် ဓာတ်တော်တို့ကို မြို့တွင်းမင်းကွန်း စရပ်၌ အစောင့်အရှောက်မြဲမြံစွာထား၍ သာဓုကီဠနသဘင် ပျော်ရွှင်ကြခြင်း၊ ချန်ရစ်ပြည်ပေါင် မင်းတို့ ဓာတ်တော်တောင်းစစ်တက်ကြခြင်း၊ ဒေါဏပုံဏ္ဏား ဓာတ်တော်ဝေခြင်းတို့ကိုပြုရာ ၄၃၆

၇၉ မြတ်စွာဘုရား ပရိနိဗ္ဗာန် ပြုတော်မူပြီးနောက်၊ မမြင့်မိ ဖြစ်ထွန်းသော၊ သာရိရိကစေတီ၊ ပါရိဘောဂိကစေတီတော်တို့ကိုပြုရာ ၄၄၅

၈၀ အာရှင်မဟာကသပထေရ်နှင့်အဇာတသတ်မင်းတို့တို့၌ ပင်၍။ ပျံနှံ့တည်ရှိသော ဓာတ်တော်တို့ကို ရုံးစုပြီး လျှင်၊ ရာဇဂြိုဟ်ပြည်၏ အရှေ့တောင် အရပ်၌ တ ပေါင်းတည်းဌပနာသည်ကိုပြုရာ ၄၄၉

၈၁ ဒေါဏပုဏ္ဏား ဓာတ်ဂေတ် ဝေဘန်သော နှစ်ကာလမှ။ အဇာတသတ်မင်းမှ ဓာတ်တော်တို့ကို မြှုပ်ထား ဌပနာသော နှစ်ကာလတိုင် အဓွန့် အကွာ စသည်ကို တွက်စစ်၍ပြဆိုရာ... ... ... ၄၅၃

၈၂ မြတ်စွာဘုရားသခင်၏ ဓမ္မတာ ၃၀။ အနုနာရယိကဓမ္မ ၄ ပါး။ အဝိဇ္ဇာဓိတဌာန ၄ ပါး။ ဘွားဘက်ဂတော် ချန်ရစ်ယောက် နက္ခတ်ယောဂ။ ဝေမတ္တရှစ်ပါးတို့ကို ပြဆိုရာ ၄၅၄

၈၃ မြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုတော်မူရာ စည်းဝေးရောက် လာကုန်သော ရဟန်းသင်္ဃာတို့ တိုင်ပင်တော်မူကြ ပြီးလျှင်။ ရာဇဂြိုဟ်ပြည်၊ ဝေဘာရတောင်၊ စရပ်ရည်း

မာတိကာ။

ပုဒ်မနံပါတ်၊ အကြောင်းအရာ၊ မျက်နှာနံပါတ်၊

၁၄ ပင်ရောက်ရာ လိုဏ်ဝင်၌ ရှင်မဟာကဿပ အမှုး၌ သောရဟန္တာငါးရာတို့ပဌမသင်္ဂါယနာတင်တော် မူကြသည်ကိုပြရာ ၄၅၈

၁၄ ထိုသင်္ဂါယနာတင်သော မြတ်စွာဘုရားစကားတော်တို့ကို၊ ကေရသ၊ခမ္မ-ဝိနယ-၂-ရပ်။စသည်ဖြင့် ခွဲဝေကောက်ယူပုံဒဠ္ဟကတ်ခွဲကိုပြရာ ၄၆၄

၁၅ သင်္ဂါယနာတင်ပြီးသော်အခါ ဘုရားရှင်ပညတ်တော်မူသောသိက္ခာပုဒ်တို့ကိုမနုတ်မပယ်မူ၍ပညတ်တော်မူတိုင်း ကျင့်ဆောင်ကြရန် ဥတ္တိဒုတိယကမ္မဝါစာဖြင့်ရှင်မဟာကဿပကြားတော်မူခြင်းကိုပြရာ ... ၄၆၈

၁၆ သင်္ဂါယနာတင်မထေရ်ကြီးတို့သည်၊ မည်သည့်သိက္ခာပုဒ်သည်ခုဒ္ဒါနုခုဒ္ဒကမည်ပါသနည်းဟု မြတ်စွာဘုရားအား မမေးလျှောက်လိုက်ခြင်း စသော ၅ ပါးသောအရာဌာနတို့၌ ရှင်အာနန္ဒာအား ဒုက္ကဋ် အာပတ်သို့တင်၍ဒေသနာကြားစေခြင်းတို့ကိုပြရာ ... ၄၈၀

၁၇ သံဃာ့အာဏာဖြင့် ဆန္နထေရ်အား ဗြဟ္မဒဏ်ထားရန် ရှင်အာနန္ဒာရာဇဂြိုဟ်မှကောသမ္ဗီသို့ကြွခြင်း၊ ဥဒေနမင်းနှင့် မောင်းမငါးရာတို့ ရှင်အာနန္ဒာအား ပုဆိုးတာဝထောင်လှူခြင်း၊ ဆန္နထေရ်အား ဗြဟ္မဒဏ်ကြားခြင်း၊ ဗြဟ္မဒဏ်ငြိမ်းခြင်းတို့ကိုပြရာ ၄၈၂

၁၈ သာသနာတော် အမှတ် လွယ်စိမ့်လောဋ္ဌိ။ ဘိုးတော်အလုနမင်းကြီး ထားခဲ့သော သင်္ကြာဇာတ် ၁၄၈ ချက်ကို အစာတာသာတ်မင်း ပြုခြင်းနှင့် တကွ။ ဒုတိယသင်္ဂါယနာတင်၊ကာဠသောကမင်းတိုင်၊ ရာဇဂြိုဟ်မင်းဆက်၊ဝေသာလီမင်းဆက်ရာဇဝင်အစဉ်ကိုပြရာ ... ၄၈၅

၁၉ မြတ်စွာဘုရား သက်ထက် ဇမ္ဗူတဒဂ်ရ ရှင်ဥပါလိကစ၍၊ ဒါသက၊သောဏက၊ သိဂ္ဂဝ၊စဏ္ဍာဝန်တို့ထေရ်ဟူကုန်သော သာသနာဝင်အစဉ်အဆက်ကိုပြရာ ... ၄၈၉

၂၀ သာသနာတော် အနှစ်တရာကျော်တွင်၊ ဝန်တိုင်းသား

ပုဒ်မနံ့ဟာတ်။ အကြောင်းဒသရား။ မျက်နှာနံ့ဟာတ်။

ရဟန်းတို့ အဓမ္မဝဏ္ဏ၊ ဆယ်ပါးကို ပြခြင်းကို အာ
ဇကြောင်းပြု၍၊ ဂျင်ယသဇေဌရ်အစရှိသော ရဟန္တာ
ခုနစ်ရာတို့၌ဒုတိယသင်္ဂါယနာတင်သည်ပြုရာ ... ၄၀၉
၉၁ ဒုတိယ သင်္ဂါယနာ တင်ပြီးနောက် တတိယ သင်္ဂါယ
နာမတင်မီ အနှစ်တရာအတွင်း၌။ ၁၀ ကိုဏ်းကွဲပြားး
သည်ကိုပြုရာ ၅၀၅
၉၂ ဒုတိယသင်္ဂါယနာတင် မဇ္ဈိမရဋ္ဌသည် သာသနာ
တော်၌ ဖြစ်ပေါ်လတ္တံ့သော ကြီးစွာသောဘေးရန်
ကိုမှီပန်းစိမ့်သောဌါ၊ တိသဗြဟ္မာကြီးကိုတောင်း
ပန်ခြင်း၊ သိဂ္ဂဝ၊စဏ္ဍဝဇ္ဇီ၊ထေရ်ငယ်နှစ်ပါးကို ဒဏ်
ထားခြင်းတို့ကိုပြုရာ ၅၃၀
၉၃ ဒုတိယ သင်္ဂါယနာတင်၊ ကာလာသောကမင်းက စ၍၊
စန္ဒဂုတ္တမင်းတိုင်၊ ဝေသာလီ မင်းဆက်၊ ပါဋလိပုတ်
မင်းဆက်ရာဇဝင်အစဉ်ကိုပြဆိုရာ ၅၁၀
၉၄ ဒုတိယသင်္ဂါယနာတင် ရဟန္တာမဇ္ဈိမရဋ္ဌကြီးတို့မှဆင်း
သက်၍၊ ဂျင်မဟာမောဂ္ဂလိပုတ္တတိဿ ထေရ်တိုင်၊
သာသနာဝင်အစဉ်အဆက်ကိုပြုရာ ၅၁၇
၉၅ စန္ဒဂုတ္တမင်းမှ သိရိဓမ္မာသောကမင်း တိုင်၊ ပါဋလိပုတ်
ပြည်ရာဇဝင်အစဉ်အဆက်ကိုပြုရာ ၅၂၂
၉၆ သိရိဓမ္မသောက် မင်းကြီးသည်၊ တူတော် နိဂြောဓသာ
မဏေကို အဓိပ္ပြု၍။ သာသနာတော်၌ မနစ်မဆုတ်
သော သဒ္ဓါ ကြည်ညိုခြင်းဖြင့် သက်ဝင် ကြည်ညိုို
သည်ကိုပြုရာ ၅၂၇
၉၇ သိရိဓမ္မာ သောကမင်းကြီးသည် ကာလနဂါးမင်း ဘန်
ဆင်း၍ ပြအပ်သော မြတ်စွာဘုရား ရုပ်ပုံတော်ကို
ခုနစ်ရက်ပတ်လုံးမျက်စိဖြင့်ပူဇော်သည်ကိုပြုရာ ... ၅၃၃
၉၈ သိရိဓမ္မာသောကမင်းကြီးသည် အဇာတသတ်မင်း ဌပ
နာခဲ့သော ဓာတ်တော်တို့ကိုယူ၍၊ ဇမ္ဗူဒိပ်ကျွန်းအ

ပုဒ်မနံပါတ်။ အကြောင်းအရာ။ မျက်နှာနံပါတ်။

ပြင်ဒွီ စေတီ ရှစ်သောင်းလေးထောင်၊ ကျောင်း ရှစ်သောင်းလေးထောင်တည်ထားဌပနာသည်ကိုပြရာ ၁၃၄

၉၉ သိရိဓမ္မာသောကမင်းကြီးသည်၊ သားဇေတ်မဟိန္ဒ။ သမီးတော်သင်္ဃမိတ္တာတို့ကို သာသနာတော်သို့သွတ်သွင်း၍ သာသနာ့အမွေခံတော်မူသည်ကိုပြရာ ... ၁၃၉

၁၀၀ သာသနာကော်ဒွိတိုင်းထိုတို့ကြောင့် အဓိကရဏ်းကြီးစွာဖြစ်ခြင်း၊ ထို အဓိကရဏ်းကို နှိပ်လျက်၊ ရှင်မဟာမောဂ္ဂလိပုတ္တ တိဿ ထေရ်စသော ရဟန္တာ တထောင်တို့၊ တကိယသင်္ဂါယနာတင်တော်မူကြခြင်းတို့ကိုပြရာ ၁၄၁

၁၀၁ တတိယသင်္ဂါယနာ တင်ပြီးနောက်၊ ရှင်မောဂ္ဂလိပုတ္တတိဿထေရ်သည် မစ္ဆိန္တိကထေရ်စသော မထေရ်တို့ကို၊ ကိုးတိုင်း ကိုးဌာနသို့ သာသနာပြု စေလွှတ်တော်မူသည်ကိုပြရာ ၁၅၂

၁၀၂ သာသနာပြု ကိုးဌာနအဝင် သီဟိုဠ်ကျွန်းကို အစဖွာလူနေတည်ထောင်သော ဝိဇယဗာဟုမင်းကစ၍၊ ဒေဝါနံပိယတိဿမင်းတိုင်၊ သီဟိုဠ်ကျွန်းအဌုပ္ပတ်ရာဇဝင်အစဉ်ကိုပြဆိုရာ ၁၆၀

၁၀၃ ဇမ္ဗူဒီပ်ကျွန်းဓမ္မာသောကမင်းနှင့်၊ သီဟိုဠ်ကျွန်းဒေဝါနံပိယတိဿ မင်းတို့ အဒိဋ္ဌ သဟာယ ဖြစ်၍ လက်ဆောင်ပဏ္ဏာအတုံအလှည့်ပို့ကြခြင်း၊ ဓမ္မာသောကမင်း ပို့သော အဆောင် အရှက်ဖြင့် ဒေဝါနံပိယတိဿမင်း အဘိသိုက်ခံခြင်းနှင့် တကွ၊ အဘိသိုက်အစီအရင်ကိုပြရာ... ... ... ၁၆၄

၁၀၄ အရှင်မဟိန္ဒထေရ်သီဟိုဠ်ကျွန်းသို့သာသနာပြုကြွတော်မူ၍ မိဿကတောင်၌ ဒေဝါနံပိယတိဿ မင်းအား စူဠဟတ္ထိပဒောပမ သုတ်တွန် ဒေသနာဖြင့် မင်းချင်း ယောကျ်ား ငါးထောင်နှင့်တကွ သရဏာဂုံတည်

ပုဒ်မနံပါတ်။　　အကြောင်းအရာ။　　မျက်နှာနံပါတ်။

စေခြင်း၊ သမဓိတ္ထသုတ္တန် ဒေသနာဖြင့် အသခ္ခိုမျှ
လောသောနှာတ်တို့အားမဂ်ဖိုလ်ရစေခြင်းကိုပြရာ ... ၅၉၈
၁၀၅ အရှင်မဟိန္ဒထေရ်သိဟိုဠ်ကျွန်းသို့ သာသနာပြုရောက်၍
၂ ရက်မြောက်သော နေ့၌ နှစ်ထောင်ငါးရာမျှသော
လူတို့ဂဟ်ဖိုလ်တရားရကြသည်ကိုပြရာ ၅၇၂
၁၀၆ အရှင်မဟိန္ဒထေရ် သိဟိုဠ်ကျွန်းသို့ သာသနာပြုရောက်
၍၊ဒုတိယခုနစ်ရက်အတွင်း အနုမတ္တိယသုတ္တန်ဒေ
သနာစသည်ကိုဟောတော်မူလျက်။ ရှစ်ထောင်ငါး
ရာမျှသောလူတို့အား မဂ်ဖိုလ်တရား ရစေသည်ကို
ပြရာ ၅၇၄
၁၀၇ အရှင်မဟိန္ဒထေရ်, သိဟိုဠ်ကျွန်းသို့ သာသနာပြုရောက်
တော် မူသော ပဌမ ဝါ၌ပင်၊ သိဟိုဠ် ကျွန်း သား
ရဟန္တာ ငါးကျိပ်ငါးပါးတို့နှင့်တကွ။ ရဟန္တာခြောက်
ကျိပ်နှစ်ပါး၊ စေတိယ တောင်၌ ဝါဆိုတော် မူကြ
သည်ကိုပြရာ ၅၇၅
၁၀၈ ဒေဝါနံ ပိယတိဿ မင်းကြီးသည်, တပ်ဝတိ်ဿာ နတ်
ပြည်မှ သုမနသာမဏော ပင့်ဆောင်ခဲ့သော လက်ျာ
မြွှာပ်ရိုးတော်ဓာတ်ကို ဌပနာ၍ ထူပါရုံစေတီ တည်
ထားကိုးကွယ်သည်ကိုပြရာ ၅၇၇
၁၀၉ သိဟိုဠ်ရပ်မြေသောက မင်းကြီး ပေးအပ်သဖြင့် သဃ်မိတ္တာ
ထေရီပင့်ဆောင်ခဲ့သောမဟာဗောဓိဒက္ခိဏာသာခါ
ပင်မနှင့်တကွ၊ ဗောဓိပင်ပွါး ၄၀ တို့ သိဟိုဠ်ကျွန်း၌
စိုက်ပျိုးတည်ထွန်းသည်ကိုပြရာ ၅၈၂
၁၁၀ သိဟိုဠ် သာသနာပြု အရှင်မဟိန္ဒထေရ်၊ တပည့် အရိဋ္ဌ
ထေရ်စသော ဆရာစဉ်ဆက်အားဖြင့် သိဟိုဠ်ကျွန်း
၌ သာသနာအခြေအမြစ် တံ်ည်ထွန်းခြင်းနှင့်တကွ၊
အရှင်သိဝထေရ်တိုင်၊ "သိဟိုဠ် သာသနာဝင် အစဉ်
အဆက်ကိုပြရာ ၅၉၃
၁၁၁ သိဟိုဠ်ကျွန်း၌၊ကကုသန်၊ကောဏာဂုံ၊ကဿပ၊ဟူသော

ပုဒ်မနံပါတ်။ အကြောင်းအရာ။ မျက်နှာနံပါတ်။

ရှေးဘုရားသုံးဆူတို့၏ သာသနာတော်၊ ပရိဘောဂတော်၊ ဗောဓိတော်များလည်း တည်ထွန်းဘူးသည်ကိုပြရော ၅၉၈

၁၁၂ သိဟိုဠ်ကျွန်းဌ အာဒိကမ္မိကပဌမသာသနာပြု၊ ဒေဝါနံပိယတိဿမင်းကြီးတည်ထားပြုစုအပ်သောကျောင်းကန်စေတီကောင်းမှုတော်အရပ်ရပ်များကိုပြရာ ... ၆၀၂

၁၁၃ ဒေဝါနံပိယတိဿမင်း လွန်သည့်နောက်၊ သိဟိုဠ်ကျွန်းအနုရာဓမြို့မင်းဆက်ရာဇဝင်အစဉ်၊ ကျည်းလုမျိုးတို့အနှောင့်အရှက်ဖြစ်ပုံနှင့်တကွ၊ သိဟိုဠ်ကျွန်းတစိတ်၊ မဟာဂါမမင်းဆက်ရာဇဝင်အစဉ်တို့ကိုပြရာ ... ၆၀၃

၁၁၄ သိဟိုဠ်ကျွန်းတစိတ်၊ မဟာဂါမမင်းဆက်၊ ဒုဋ္ဌဂါမဏိမင်းသည် ကျည်း သုံးဆဲ့သုံးပြည်ထောင်ကို တိုက်ဖျက်ရှင်းလင်း၍ သိဟိုဠ်တကျွန်းလုံးဌမင်းပြုသည်ကိုပြရာ ၆၀၄

၁၁၅ မင်းအဖြစ်သို့ရောက်ပြီးသောဒုဋ္ဌဂါမဏိမင်းကြီးသည်၊ မရိစဝဋ္ဌိကျောင်း၊ လောဟပါသာဒ ဥပုသ်အိမ်နှင့်တကွ၊ ရာမဂါမမှ ဓာတ်တော်တစရှတ်ကို ဌပနာ၍ မဟာစေတီတည်ထားသည်ကိုပြရာ ၆၀၅

၁၁၆ ဒုဋ္ဌဂါမဏိမင်းကြီး၊ ကျည်းလုမျိုးတို့ကို နှိပ်နင်းစဉ်၊ ဆံတော်ဓာတ်၊ လည်ရိုးတော်ဓာတ် ၂ ပါးတည်ရှိသည့် မဟိယင်္ဂဏစေတီကို အတောင် ၅၅ဆယ် ထပ်မြှင့်တည်ထားသည်ကိုပြဆိုရာ ၆၁၁

၁၁၇ ကာကဝဏ္ဏ တိဿမင်းကြီး ကောင်းမှု မင်္ဂလာစေတီ၌ ထည့်သွင်းဌပနာသော၊ နလာဋဓာတု-နဖူးသင်းကျပ်တော်ဓာတ်တို့၏အစုအဆစဉ်ကိုပြဆိုရာ ၆၁၂

၁၁၈ သာသနာတော် ၃၅၃ ခု နှစ်းတက် ဒုဋ္ဌဂါမဏိ မင်းမှ၊ ဂ၁၁ ခုမဟာသေနမင်းတိုင်မင်းပေါင်း(၄၉)သိဟိုဠ်ရာဇဝင် အစဉ်နှင့်တကွ၊ ထိုအနှစ် ၄၀၀ ကျော် အတွင်း၊ မဟာဝိဟာရဝါသိ၊ အဘယဂိရိဝါသိ၊ ဇေတ

မာတိကာ။

ပုဒ်မနံပါတ်။ အကြောင်းအရာ။ မျက်နှာနံပါတ်၊

၁ ဝနဝါသိ၊ ၃ ဂိုဏ်းကွဲပြားခြင်း၊ ဝဋ်ဂါမဏိမင်းလက်
ထက်-ပိဋကတ်ကို သင်္ကဒ္ဒ ဘာသာဖြင့် ပေထက်
အက္ခရာတင်ခြင်းတို့ကိုပြရာ ၄၁၇

၁၁၉ မဟာသေနမင်း၏ သား၊ ကိတ္တိသိရိ မေဃမင်း လက်
ထက်၊ မဇ္ဈိမဒေသ ဒန္တပုရပြည်မှ၊ ဒန္တမင်းသား၊
ဟေမမာလာမင်းသွီးတို့ပင့်ဆောင်ခဲ့၍။ လက်ဝဲစွယ်
တော်ဓာတ်သိဟိုဠ်ကျွန်းသို့ရောက်သည်ကိုပြရာ ... ၄၂၁

၁၂၀ ကိတ္တိ သိရိမေဃမင်းမှ ၃ ဆက်မြောက်၊ ဇဋ္ဌဒါဌမင်း
လက်ထက်၊ သင်္ကဒ္ဒဘာသာ အရေးအသား၌ ပိဋ
ကတ်ကို သိဟဠဘာသာအရေးအသားသို့ ပြောင်း
လဲရေးတင်သည်ကိုပြရာ ၄၂၃

၁၂၁ ဇဋ္ဌဒါဌမင်းမှ ၃ ဆက်မြောက်၊ မဟာနာမမင်း လက်
ထက်၊သာသနာတော် ၉၄၃ ခုတွင်၊ ရှင်ဇဋ္ဌဃောသ
သိဟိုဠ်သို့ရောက်၍၊ သိဟဠဘာသာအရေးအသား
ရှိပိဋကတ်ကို မဂဓဘာသာပြန်ဆိုလိုလျှယ်၍ သင်္ကံ
ပြည်သို့ဆောင်ယူသည်ကိုပြရာ ၄၂၃

၁၂၂ ပုဂံပြည် အနော်ရထာ မင်း လက်ထက်၊ သုဝဏ္ဏဘူမိ
သထုံသာသနာတည်ပုံ၊ နရပတိစည်သူမင်း လက်
ထက်၊ သိဟိုဠ်သာသနာ တည်ပုံအားဖြင့်၊ မြန်မာ့
တိုင်းနိုင်ငံသို့ သာသနာ နှစ်ကြောင်းနှစ်သွယ် သက်
ဆင်းတည်ထွန်းသည်ကိုပြရာ ၄၂၆

၁၂၃ ပုဂံပြည်ရောက်၊သထုံသာသနာ၊ သိဟိုဠ်သာသနာတို့မှ
ဆင်းသက်၍၊ ပင်းယ၊ စစ်ကိုင်း၊ အင်းဝတိုင်အောင်
မြန်မာ့တိုင်းနိုင်ငံ၌အစဉ်မပြတ်သာသနာတော်ထွန်း
လင်းသည်ကိုပြရာ ၄၂၉

၁၂၄ သုဝဏ္ဏဘူမိ သထုံပြည်၊ မဟာသိရိမာ ဇသောက မင်း
လက်ထက်၊အမှာင်ဂဝမ္ပတိထေရ် ပင့်ဆောင်ခဲ့သော
သွားတော်ရေတိ ၃၃ ဆူတို့ကိုဌပနာ၍ဇုန္ဒဝနုတောင်
၌ကျောက်ဧော်တိ ၃၃ ဆူတည်ခြင်း၊ နောက်သိရိမာ

မာတိကာ။

ပုဒ်မနံပါတ်။ အကြောင်းအရာ။ မျက်နှာနံပါတ်။

သောကမင်းလက်ထက်၊ ရာမညတိုင်း ၃ ရပ်၌ ပျံနှံ့
တည်ထားခြင်းတို့ကိုပြရာ ၆၂၀

၁၂၅ တဟုသ ဘလ္လိကတို့ပင့်ဆောင်၍ ဥက္ကလဇနပုဒ်၊သိဂုတ္တ
ရတောင်၌ တည်ရှိသော ဆုံကော်ရှင်စေတီ တဆူ။
ရှင်အနုရုဒ္ဓါစရိယသောရဟန္တာ ၆ ပါးတို့ပင့်ဆောင်၍၊
မဇ္ဈိမဒေသမှအနောက်တောင်၊ပစ္စန္တဒေသ၌ တည်
ရှိသောဆံတော်ရှင်စေတီ ၆ ဆူတို့၏ အင်္ဂုပ္ပတ်ကို
ပြရာ ၆၃၃

၁၂၆ ဂေါတမ မြတ်စွာဘုရား၏ ကိလေသပရိနိဗ္ဗာန်၊ ခန္ဓပရိ
နိဗ္ဗာန်၊ဓာတုပရိနိဗ္ဗာန်ဟူသော ပရိနိဗ္ဗာန် ၃ ပါးတို့
ကိုပြရာ ၆၃၄

၁၂၇ ဂေါတမ မြတ်စွာဘုရားသည် ၄၅ ဝါအတွင်း၊ ပဌမဝင်္ဂို
အစ၊ သုဘဒ္ဒပရိဗိုဇ်၏ အဆုံး။ ၂၄ သင်္ချိုင့်နှင့် ကုဋေ
ခြောက်ဆယ်၊ ဗိုလ်ခြေတပ်သိန်းမျှသော ဝေနေယျတို့
အား တရားဟောခဲ့ပုံတို့၊ ကယ်ချွတ်တော်မူသည်ကို
ပြရာ ၆၃၆

၁၂၈ မြတ်စွာဘုရားရှင်တို့၏ပြည့်စုံမြဲမမွတာ ၃၀ ကိုပြရာ ... ၆၃၉

၁၂၉ မြတ်စွာဘုရားရှင်တို့၏ အနန်ဘုရယိကဓမ္မ လေးပါးကို
ပြရာ ၆၄၁

၁၃၀ နိဂုံး ၆၄၂

မာတိကာပြီး၏။



တထာဂတဉ္ဉဒါနဒိပနီကျမ်း-ဒုတိယတွဲ။

နဂေါ ဘာသဘာဂဝတော အရဟာတော သမ္မာသမ္ဗုဒ္ဓဿ။

၁။ နဝမဝါ။ကောသမ္ဗီပြည်၌ဝါဆိုတော်
မူစဉ်။သာမာဝတီစသောမိဘုရားသုံးပါးတို့အကြောင်း။
အတ္တဒန္တဝတ္ထု၊အဋ္ဌုပ္ပတ္တိတို့ကိုပြဆိုရာ။

ကောသမ္ဗီပြည်၌ ကိုးဝါမြောက်ဝါဆိုတော်မူသောအခါ၊ အဟံနော ဂေါဝ သင်္ဂါမေ၊ အစရှိသော တရားဒေသနာကို ကိုယ်တော်ကို အကြောင်းပြု၍ဟောတော်မူ၏။ အဘယ်ကဲ့သို့အကြောင်းပြုသနည်းဟူမူကား၊ ကောသမ္ဗီပြည်၌ ဥတေနမင်းကြီးအား ဝါသုလဒတ္တာဒေဝီ၊မာဂဏ္ဍိ၊ သာမာဝတီဟူ၍ မိဘုရားသုံးယောက်တို့သည်ရှိကုန်၏။ ထိုမိဘုရားတို့အား မောင်းမအခြံအရံ ငါးရာစီရှိကုန်၏။ ထိုမိဘုရားတို့အား ဥတေနမင်းကြီးသည်ပန်းဘိုးတနေ့ရှစ်သပြာဝေး၏။သာမာဝတီသည် ဃောသိတစသောသူဌေးသုံးယောက်တို့၏အလုပ်အကျွေးဖြစ်သော သုမနပန်းသည်အိမ်သို့ မိမိအခြံအရံ မောင်းမငါးရာတို့ဝင်၊ ချဉ်ဂျုတ်ရာအမည်ရှိသော မောင်းမငယ်ကိုစေ၍၊ ရှစ်သပြာရှစ်သပြာတို့ဖြင့် မြတ်လေးပန်းပွင့်ကိုဝယ်စေ၏။ ချဉ်ဂျုတ်ရာသည်လည်း နေ့တိုင်းနေ့တိုင်းထိုရှစ်သပြာဆို်တွင် လေးသပြာကို,မိမိအဘို်ယူ၍ လေးသပြာဖြင့်သာ မိဘုရားတို့ဝယ်၏။ ထိုသုမနပန်းသည်သည်၊သူဌေးသုံးယောက်တို့ကို ဤသို့ဆို၏။ အကျွန်ုပ်သည် အရှင်သူဌေးတို့အားရှည်စွာသောနေ့ညဉ့်ပတ်လုံးကျေးဇူးပြုပါ၏။ မြတ်စွာဘုရားကို အကျွန်ုပ်သည် သန္ဓိမ်းလှူလိုပါ၏။အကျွန်ုပ်

အား တနေ့မျှမြတ်စွာဘုရားကိုပေးပါဟုဆို၏။ သူဌေးတို့လည်း ထိုသို့ဆွမ်းကျွေးလိုမူ။ အချင်း၊ နက်ဖြန်ကျွေးလေ့ဟုဆိုကုန်၏။ သုမနလည်းကောင်းပြီဟု မြတ်စွာဘုရားကိုဘိတ်မန်၍ ပူဇော်သက္ကာရဂိုစိရင်၏။ ထိုအခါ ပန်းဝယ်လာသောချဉ်းတွေရာကို သုမနသည်ဆို၏။ ယခုနေ့ ငါသည် မြတ်စွာဘုရားကို ဆွမ်းမကျွေးပါမည်။ အဦ ဖြစ်သော ပန်းပွင့်တို့ဖြင့်ဘုရားကိုပူဇော်ပါအံ့။ သင်ငံ့ပါဦး။ ဆွမ်းလုပ်ကျွေးရာ၌အဘော်ဖြစ်၍ တရားနာပါဦး၊ ကြွင်းသော ပန်းတို့ကိုယူ၍ သွားရလတံ့ဟု ဆို၏။ ချဉ်းတွေရာလည်းကောင်းပြီဟုဝန်ခံ၍ သုမနပန်းသည်သည် ဘုရားအမှူးရှိသော သဃီးကို ဆွမ်းလုပ်ကျွေးပြီးသော် မြတ်စွာဘုရားသည် ဆွမ်းအနုမောဒနာ တရား ဟောတော်မူ၏။ ချဉ်းတွေရာသည် တရား ဟော တော်မူသောအဆုံးဌာသောတာပတ္တိဖိုလ်၌တည်လေ၏။ ချဉ်းတွေရာသည် တပါးသောနေ့တို့၌ လေးသပြာကိုမိမိတို့ယူ၍ လေးသပြာဖြင့်သာဥယျ၍ တတုမ္ဗမျှလောက်သောပန်းကိုယူ၍သွား၏။ ထိုနေ့၌ကား ရှစ်သပြာလုံးဖြင့် ဝယ်၍ နှစ်တုမ္ဗမျှလောက်သော ပန်းကိုယူ၍ သာမာဝတီအား ဆက်လေသော် သာမာဝတီဆို၏။ အမိချဉ်းတွေရာ၊ ယခုနေ့မင်းကြီးသည် ငါတို့အား နှစ်ဆတက်သောပန်းဘိုးကိုပေးသနည်းဟုဆို၏။ အရှင်မ၊ မပေးဟုဆိုသော်။ အမယ်၊ ထိုသို့မပေးလျက် အဘယ်ကြောင့် တပါးသောနေ့တို့ထက်နှစ်ဆတက်ပန်းပွင့်များလေသနည်းဟုမေး၏။ အရှင်မ၊ တပါးသော နေ့တို့၌ လေးသပြာကို အကျွန်ုပ်ယူ၍ လေးသပြာတိုဖြင့် သာဝယ်ပေသည်ဆိုသော်။ ယခုနေ့ အဘဝယ်ကြောင့် သင်မယူသနည်း မေးပြန်၍ ယခုနေ့မြတ်စွာဘုရားတရားတော်ကိုနာရ၍ မဂ်ဖိုလ်တရားကို ရသောကြောင့်မယူသည်ဟုလျှောက်၏။ ထိုအခါချဉ်းတွေရာကို။ ဟယ် ကျွန်မပျက်၊ ဤမျှလောက်သောကာလပတ်လုံး ဤနေ့ လေးသပြာစီယူသော ငါ့ပန်းဘိုးကို တွက်၍ ပေးလေ့ဟု ဆောင်းကောင်း လျက် မတောင်းမူ၍။ အမိချဉ်းတွေရာ၊သင်ဤအပ်သောတရားအမြိုက်ကိုငါတို့ကိုလည်း သောက်ပါစေလော့ဆို၍။ အရှင်မ၊ ထိုသို့ကြာနှာလိုတပြိုးကား အကျွန်ုပ် ရေချိုးပါရစေဦးဆို၍၊ တဆဲ့ခြောက်လုံးသော နံ့သာရေကို ဖြင့်ချိုးစေ၍။ ချောညံ့ပြေပြစ်သော အဝတ်နှစ်ထည်ကိုပေးသဖြင့် တထည်ကိုဝတ်၍ တထည်ကို ပခုံးတဘက်ရုံတင်၍။ ခင်းအပ်သော နေရာ၌နေ၍။ဆန်းကြယ်သောယပ်ကိုကိုင်၍။မဘုဂါမငါးရာတို့ကိုခေါ်၍

မြတ်စွာဘုရား ဟောတော်မူသောနည်းဖြင့် တရားဟောဖို့။ ချဉ်ုတ္တရာ ဟောသော တရားကို ကြား၍ သာမာဝတီ အမှူးရှိသော ငါးရာသော မောင်းမတို့သည် သောတာပတ္တိဖိုလ်၌တည်ကြ၏။ ထိုအလုံးစုံသော ဒါဘုရားမောင်းမတို့သည် ချဉ်ုတ္တရာကိုရှိခိုး၍ အမယ်ချဉ်ုတ္တရာ၊ယနေ့မှစ၍ အမယ်သည်ညစ်ညူးသောအမှုကိုမပြုပါလင့်။ ငါတို့၏အဓိအရာ၌ တည်လျက် မြတ်စွာဘုရားထံသို့ နေ့တိုင်းသွား၍။ မြတ်စွာဘုရားဟော သောတရားကိုနာခဲ့၍။ငါတို့အားဟောပါလေ့ဟုဆိုကုန်၏။ ချဉ်ုတ္တရာ သည်ထိုသို့ဆိုတိုင်းပြု၏။ နောက်အခါ၌ချဉ်ုတ္တရာသည် ဒီဥကတ်သုံးပုံ ကိုဆောင်သဖြင့်။ မြတ်စွာဘုရားသည်။ ချစ်သားရဟန်းတို့၊အကြားအ မြင်မျှားကုန်သော တရားဟောတတ်ကုန်သော ငါ၏တပည့်သားဓိန်းမ တို့ဝင် ဤချဉ်ုတ္တရာသည်မြတ်၏ဟု ဇာတဒဂ်ထားတော်မူ၏။ မြတ်စွာ ဘုရားအလုပ်အကျေး သိတင်းသည်ငါးရာတို့နှင့်တကွ ဥပါသိကာမနှစ် ယောံတွင်ချဉ်ုတ္တရာသည်လက်ဝဲရံအလုပ်အကျေးဒါယိကာမတည်း။

သာမာဝတီအမှူးရှိသော ထိုငါးရာသောမာတုဂါမတို့သည်။ အဓိ ချဉ်ုတ္တရာ၊ငါတို့သည်မြတ်စွာဘုရားကိုဖူးမြင်လိုပါကုန်သည်။ မြတ်စွာ ဘုရားကိုငါတို့အားပြုပါ။ ပန်းနံ့သာစသည်တို့ဖြင့်ပူဇော်ပါကုန်အံ့ဟုဆို ကုန်သော်။ အရှင်မတို့၊မောင်းအိမ်မည်သည်ကားဝန်လေးသည်။ သင်တို့ ကိုယူ၍ အပသို့သွားအံ့သောဌါလည်းမဟတ်ကောင်းဟု ချဉ်ုတ္တရာဆို သဖြင့်။ အဓိ၊ငါတို့ကိုမဖျက်ဆီးပါလင့်၊ဘုရားကိုသာပြုပါလေ့ဆိုကုန် သောကြောင့်။ ထိုသို့တပြိုးကား၊သင်တို့၏နေရာတို့ကိုနံရံတို့၌အကြင်မျှ လောက်သောအပေါက်ဖြင့် ကြည့်ဖွယ်လောက်၏။ ထိုမျှလောက်သော အ ပေါက်ဘောက်၍။ ပန်းနံ့သာတို့ကိုယူဆောင်၍။ သူဌေးသုံးယောက်တို့ အိမ်သို့ ဆွမ်းစားကြွသော မြတ်စွာဘုရားကို ထိုအပေါက်ရှိရာ၌ရပ်၍ ဖူးမြင်ကုန်၊လက်တို့ကိုဆန့်၍ရှိခိုးကုန်၊ပူဇော်ကုန်ဟုချဉ်ုတ္တရာဆို၏။သာ မာဝတီနှင့်တကွ မောင်းမငါးရာတို့သည် ထိုဆိုစကိုငြင်းပြုကုန်၍သူဌေးတို့ အိမ်သို့ကြွသွားသောဘုရားကိုလင်း၊ သူဌေးအိမ်မှကြွလာသောဘုရားကို လင်းရှိခိုးပူဇော်ကုန်၏။ထိုရောအခါတော်နေ့သင်္ဃာသည်မိမိပြာသာဒ်မှ ထွက်၍။ ထိုသာမာဝတီမိဘုရားတို့၏ နေရာသို့ သွား၍။ တိုက်နံရံတို့၌ အပေါက်တို့ကိုမြင်၍။ ဤအပေါက်မျှားကိုအဘယ်အလို၌ဟောက်သ နည်းဟု မာဂန္ဒိမေးသော် ထိုမာဂန္ဒိ၏ မြတ်စွာဘုရား၌ရန်ငြိုးဖွဲ့သော

အဖြစ်ကို ထိုမောင်းမမိဘုရားတို့သည် မသိကုန်၍။ မြတ်စွာဘုရားသည် ဤမြို့တွင်းသို့ကြွလာသောအခါ။ ငါတို့ဤဦးခေါင်ရပ်၍မြတ်စွာဘုရားကိုဖူးမြင်ကုန်၏ ပူဇော်ကုန်၏ဟူဆိုကုန်သော်။ ထြေ၊ရဟန်းဂေါတမ ဤမြို့သို့လာသည်တကား၊ ယခုအခါ ထိုရဟန်းဂေါတမအား ပြုအပ်သည်ကို သိရအံ့။ ဤမိန်းမတို့သည်လည်း ရဟန်းဂေါတမ၏ အလုပ်အကျွေးဖြစ်ကြကုန်သည်။ ဤမိန်းမတို့အားလည်း ပြုအပ်သည်ကိုသိရအံ့ဟု ကြံ၍။ ဥတေန မင်းကြီးအား မြဲတ်သောမင်းကြီး၊ သာမာဝတီ အမှူးရှိသော ငါးရာသောမိန်းမတို့သည် အပ၌ တောင့်တခြင်းရှိ၏။ နှစ်ရက်သုံးရက်ဖြင့် အရှင်မင်းကြီး၏အသက်ကိုဆောင်ကုန်လတ္တံ့ဟုကြား၏။ မင်းကြီးလည်း ထိုမိန်းမတို့သည်ဤသို့သဘောရှိသောအမှုကိုပြုလတ္တံ့ဟုမယုံ။ အဘန် တလဲလဲ ဆိုသော်လည်း မယုံသည်သာတည်း။ ထိုရောအခါ သုံးကြိမ်မြောက်ဆို၍မယုံလိုသောမင်းကြီးကို။ အရှင်မင်းကြီး၊ အကယ်၍ အကျွန်ုပ်ကိုမယုံအံ့။ ထိုမိန်းမတို့၏နေရာသို့ သွား၍ စူးစမ်းပါလေဟု ဆိုသဖြင့်သွား၍ကြည့်သော် တိုက်နံရံပေါက်တို့ကိုမြင်၍။ ဤအပေါက်သည်အဘယ်အပေါက်နည်းမေး၍။အကြောင်းကိုကြား၍လျှောက်သော်။ မိဘုရားမောင်းမတို့အား အမျက် မထွက်မူ၍။ တစုံတခုမျှ မဆိုဘဲ အပေါက်တို့ကိုသာပိတ်စေ၍။ အလုံးစုံသောအဝန်းတို့၌ အထက်၌ လေသာ ပြတင်းတို့ကို ဘောက်ပြုစေ၏။ ကောသမ္ဗီပြည်၌ ဥတေနမင်း၏ မိဘုရားသာမာဝတီတို့လက်ထက်၊နေရာအခန်းတိုက်၌လေသာပြတင်းဘောက်ခြင်းသည်အစဖြစ်၏။ ။

မာဂန္ဒိသည် သာမာဝတီတို့အား တရုံတခုပြုခြင်းငှါမတတ်နိုင်၍။ ရဟန်းဂေါတမအား ပြုအပ်သည်ကို သိအံ့ဟု၊ ပြည်သူတို့အား တံစိုးလက်ဆောင်ပေး၍ မြို့တွင်းသို့ဝင်၍သွားသောရဟန်းဂေါတမကို ကျွန်အမှုလုပ်ယောကျ်ားတို့ကို ဆဲရေးဆိုမြည်ပြောစေလေ့ဟုဆို၏။ ရတနာသုံးပါးဌ မကြည်ညိုကုန်သော မိစ္ဆာဒိဋ္ဌိ အမျိုးတို့သည် မြို့တွင်းသို့ဝင်သောမြတ်စွာဘုရားကို အစဉ်လိုက်၍။ သင်သည်ခိုးသွား၊ သင်သည် အဓိက်၊သင်သည်ဝှေ့ဝေ၏။ သင်သည်နွားဖြစ်၏။သင်သည်မြည်းဖြစ်၏။ သင်သည် ငရဲသူ ဖြစ်၏။ သင်သည် တိရစ္ဆာန် ဖြစ်၏။ သင့်အားကောင်းသောအလားသည် မရှိ။ သင့်အား မကောင်းသော အလားကိုသာအလိုရှိအပ်၏။ဤသို့ဆဲရေးပါးသောဆဲရေးခြင်းဝတ္ထုတို့ဖြင့်ဆဲရေး

ကုန်၏။ အထပ်ထပ် ဆိုကုန်၏။ ထိုသို့ ဆဲရေးဆိုမြည်သည်ကို ကြား၍။ အရှင်အာနန္ဒာသည် မြတ်စွာဘုရားကို။ ဘုန်းတော်ကြီးသော အရှင်ဘုရား၊ ဤသူတို့သည် အကျွန်ုပ်တို့ကို ဆဲရေးဆိုမြည်ကုန်သည်။ ဤမြို့မှ တပါးသော အရပ်သို့သွားပါကုန်အံ့ဟု လျှောက်သော်။ အာနန္ဒာ၊ အဘယ်အရပ်သို့သွားအံ့နည်းမေးတော်မူသဖြင့်။ အရှင်ဘုရား၊ မြို့တပါးသို့သွားအံ့ဟု လျှောက်သော်။ အာနန္ဒာ၊ ထိုမြို့၌လူတို့ ဆဲရေးပြန်ခဲ့သော် အဘယ်သို့သွားပါကုန်အံ့ နည်းဟု မေးတော်မူသဖြင့်။ အရှင်ဘုရား၊ ထိုမြို့မှ တပါးသောမြို့သို့သွားပါအံ့ဟု လျှောက်သော်။ ထိုမြို့၌လည်းလူတို့သည် ဆဲရေးပြန်သော် အဘယ်သို့သွားကုန်အံ့နည်း အာနန္ဒာဟု မေးတော်မူပြန်၍။ ထိုမြို့မှလည်း၊ တပါးသောမြို့သို့ပင်သွားကုန်အံ့။ အရှင်ဘုရားဟု လျှောက်သဖြင့်။ အာနန္ဒာ၊ ဤကဲ့သို့ပြုအံ့သောငါမအပ်။ အကြင်အဓိကရဏ်းသည် အကြင်အရပ်၌ ဖြစ်၏။ ထိုအဓိကရဏ်းသည် ထိုဖြစ်ရာအရပ်၌ ငြိမ်းဖြိုးသော်မှ တပါးသော အရပ်သို့ သွားအပ်၏။ အာနန္ဒာ၊ ထိုဆဲသောသူတို့သည် အဘယ်သူမျှားတို့နည်း မေးတော်မူ၍။ အရှင်ဘုရား၊ ကျွန်အမှုလုပ်တို့မှစ၍ အားလုံးသောသူတို့သည် ဆဲရေးကုန်၏ဟု လျှောက်သော်။ အာနန္ဒာ၊ ငါဘုရားသည် စစ်မြေရန်သူဘောင်သို့ ဝင်သော ဆင်ပြောင်ကြီးနှင့် တူ၏။ စစ်မြေသို့ သက်သော ဆင်ပြောင်သည် အရပ်လေးမျက်နှာမှလာသောမြားတို့ကို မကြောက်မ၀ံ့၊ သည်းခံအံ့သောငှါ ဝန်ဖြစ်သကဲ့သို့။ ထို့အတူ များစွာကုန်သော ဒုဿီလတို့သည် ဆဲရေးဆိုမြည်သောစကားတို့ကို သည်းခံခြင်းမည်သည် ငါ၏ဝန်ပေတည်း၊ ဟု မိန့်တော်မူ၍ ကိုယ်တော်ကို အကြောင်းပြု၍၊ ။အဟံ နာဂေါ၀ သင်္ဂါမေ၊ စာပတော ပတိတံ သရံ။အတိ၀ါက္ယ တိတိက္ခိဿံ၊ ဒုဿီလော ဟိဗဟုဇ္ဇနော။ !ဒန္တံ နယန္တိ သဒိတိ'၊ ဒန္တံ ရာဇာဘိရုဟ တိ။ ဒန္တောသေဋ္ဌော မနုဿေသု၊ ယော တိ၀ါက္ယ တိတိက္ခတိ။ ။၀ရာ မသာတရာဒန္တာ၊ အာဇာနေယျာစ သိန္ဓ၀ါ။ကုဉ္ဇရာစ မဟာနာဂါ၊ အတ္တ ဒန္တောတဇေါ၀ရံ။ ။ဟူသော်တရားဒေသနာတော်ကို ဟောတော်မူ၏။ ။ဟောတော်မူသော်အဆုံး၌ တံထိုးလက်ဆောင်ယူ၍ခရိုးမ ခရိုးကွေ့တို့၌နေလျက် ဆဲရေးကုန်သော သူအပေါင်းတို့သည် သောတာပတ္တိဖိုလ်၌တည်လေကုန်၏။

၂။ ကောသမ္ဗီရဟန်းတို့အဓိကရဏ်း

မငြိမ်းနိုင်သဖြင့်။ကိုယ်တော်တပါးတည်းဖဲခွဲ၍။ပါလိ လေယျကဆင်မင်းလျှင်အလုပ်အကျွေးရှိလျက်။ပါလိလေယျက တောအုပ်၌ဒသမဝါတော်မူခြင်းနှင့်တကွ။ဧတဝဝန် ကျောင်းတော်သို့ရောက်တော်မူသည်တိုင်။ကော သမ္ဗကဝတ္ထုအကျယ်စကားကဲ့ကိုပြဆိုရာ။

၌သို့အစရှိသောတရားတို့ကို ကောသမ္ဗီပြည်၌ကိုးဝါမြောက်ဝါဆို တော်မူလျက်ဟောတော်မူသဖြင့် မြတ်စွာဘုရားသည် လူနတ်တို့အား အကျွတ်တရား ဝေဌတော်မူ၏။ ဝါကျွတ်သောအခါ ဒေသစာရိလွန့် တော်မူခိုက် ကောသမ္ဗီပြည် ဃောသိတာရုံကျောင်းတော်၌ ငါးရောင်းရာ စိတပည့်အခြံအရံရှိကုန်သောဝိနယဓရ၊ဓမ္မကထိကရဟန်းနှစ်ယောက် တို့သည်နေရစ်ကုန်၏၊ ထိုနေ့သ၌ဓမ္မကထိကရဟန်းသည် ကိုယ်လက် သုတ်သင်ခြင်းကိုပြု၍။ သန့်သက်အုံ၌ သန့်သက်ရေကျနှင်ကို ခွက်၌ထား၍ထွက်၏။ နောက်၌ဝိနယဓရရဟန်းဝင်လေသော် ထိုရေကြွင်းကိုဖြင် ၍ထွက်ခဲ့၍၊သင်သည်ရေကိုအကြွင်းထားအပ်သလောဟု ဓမ္မကထိက ကိုမေးသော်။ ထား၏အာဂန္တုဘုရားဟုဆို၍။ ဤဉီးထားရာ၌အာပတ်သင့် သည်ကိုသင်မသိလောဟု ဝိနယဓရကမေး၍ မသိပါဟုဆိုလျှင်။ငါ့ရှင်၊ မယဝိသည်ဖြစ်စေ။ ဤသို့ရေကြွင်းထားလျှင်အာပတ်သင့်၏ဟု ဝိနယဓရ ဆိုသောကြောင့်အာပတ်ကိုဒေသနာကြားပါအံ့ဟု ဓမ္မကထိကဆိုလျှင်။ ငါ့ရှင်၊သင်သတိမေ့လျော့သဖြင့် စေတနာမရှိမူ၍ပြုမိသော်အာပတ်ကို ဒေသနာကြားဘွယ်ကိစ္စမရှိဟု ဆို၏။ ဝိနယဓရသည် အာပတ်သင့်၏ ဆိုပြီးလျက်။ အာပတ်မသင့်ဟူ၍ အယူဖြစ်ပြန်၏။ ထိုဝိနယဓရသည် ဝိပိတပည့်တို့အား ဤဓမ္မကထိကသည် အာပတ်သင့်သည်ကိုမျှ သင့် မှန်းမသိဟူ၍ပြောဆို၏။ ထိုတပည့်တို့သည် ဓမ္မကထိက၏ တပည့်တို့ အား သင်တို့၏ဥပဇ္ဈာယ်သည် အာပတ်သင့်၍မျှလည်း အာပက်သင့် မှန်းမသိဟု၊ငါတို့ဆရာဆိုသည်ပြောကုန်၏။ ထိုဓမ္မကထိကတပည့်တို့ သည် ဝိဝိတို့၏ဆရာဓမ္မကထိကဇံသွား၍ကြားပေလကုန်သော်။ ငါ့ရှင် တို့၊ဤဝိနယဓရသည်ရှေးဦးအာပတ်မသင့်ဆိုပြီး၍၊ ယခုအာပတ်သင့်၏ ဆိုပြန်သည်။ ဤဝိနယဓရသည် မုသားဆိုသည်ဟု ဆို၏။ တပည့်တို့

သည်သွား၍ ဝိနယဓရ၏တပည့်တို့အား သင်တို့၏ဆရာသည် မုသားဆို၏ဟု ဆိုကုန်၏။ အချင်းချင်း ဤသို့ဆိုကြသဖြင့် ထိုသံဃာနှစ်ရုတို့ အငြင်းအခုံဖြစ်ပွါးကုန်၏။ နောက်အခါ ဝိနယဓရသည် အခွင့်ကို ရ၍ ဓမ္မကထိကအား အာပတ်ကိုမရှုလိုခြင်းကြောင့် ဥက္ခိတ္တကံကိုပြု၏။ ထိုဥက္ခိတ္တကံပြုသည်မှစ၍ထိုရဟန်းတို့၏ပစ္စည်းလေးပါး၊ဒါယကာတို့သည်ရင်း၊ အလုပ်အကျွေး ဒါယကာတို့သည်ရင်း၊ နှစ်ရုကွဲကုန်၏။ ထိုရဟန်းတို့၏ အဆုံးအမ ခံသော ဘိက္ခုနီမတို့သည်လည်း နှစ်ရုကွဲကုန်၏။ ထိုသူတို့၏ကိုယ်စောင့်နတ်တို့သည်လည်း နှစ်ရုကွဲလေကုန်၏။ ထိုသူတို့၏ ကိုယ်စောင့်နတ်တို့နှင့် အဆွေခင်ပွန်း ဖြစ်ကုန်သော အာကာသဇိဝ်းနတ်တို့သည်လည်း ကွဲကုန်၏။ ဤသို့လျှင် စတုမဟာရာဇ်နတ်တို့ကိုအစပြု၍ ဖြဟ္မာပြည်တိုင်အောင်ပုထုဇဉ်နတ်ဖြဟ္မာတို့သည် နှစ်စုကွဲလေကုန်၏။ဤဝိုက်ရန်ငြင်းခုံသော အကြောင်းသည် အကယ်၍ သည်ကား အကနိဋ္ဌဖြဟ္မာပြည်တိုင်အောင်ရောက်၏။ ။

ထိုအခါ တယောက်သောရဟန်းသည် ဖြတ်စွာဘုရားရှိရာသို့ကပ်၍ ဥက္ခေပကရဟန်းတို့ကဲ့သို့ဖြင့် ဤဓမ္မကထိကကို နှင်ထုတ်၏။ ဥက္ခိတ္တာနုဝတ္တကဖြစ်ကုန်သော ဓမ္မကထိက၏တပည့်တို့အားကား အဝေဖြင့် နှင်ထုတ်၏။ ဥက္ခေပကဖြစ်ကုန်သော ဝိနယဓရ၏တပည့်ရဟန်းတို့က ဖြစ်ကုန်သော်လည်း မယူမူ၍ ဥက္ခိတ္တာနုဝတ္တကရဟန်းထိုသည် ဓမ္မကထိကကိုအဘန်တလဲလဲခြံရံ၍ နေကြကုန်၏ဟု ဖြတ်စွာဘုရားအား ကြားလျှောက်၏။ ဖြတ်စွာဘုရားသည်သင်တို့အညီအညွတ်ဖြစ်ကြကုန်ဟုနှစ်ကြိမ်စေတော်မူ၍။ တဖန်ထိုရဟန်းတို့သည်ဖြတ်စွာဘုရားရှိရာသို့သွားကုန်၍။ ယခုအခါ ငြင်းခုံခြင်းဖြစ်လျက် နေကုန်၏ဟု ကြားလျှောက်ကုန်၏။ ကောသမ္ဗိပြည်သို့ကြွတော်မူ၍။ ချစ်သားရဟန်းတို့၊ငြင်းခုံခြင်းသည်မသင့်။ ဤသို့အစရှိသည်ဖြင့်မိန့်တော်မူ၍။ ချစ်သားရဟန်းတို့၊ ငြင်းခုံအံ့ဟု တိုင်ပင်ခြင်း၊ ကိုယ်သက်ထိပါး၍ ငြင်းခုံခြင်း။ သင်နှင်ဆို၍ ငြင်းခုံခြင်းတို့မည်သည် အကျိုးမဲ့ကိုပြုတတ်သည်။ ငြင်းခုံခြင်းကို မှီ၍ နှစ်ရုတိဋ္ဌာက်ငယ်သည်လျက်လည်း ဆင်ပြောင်ကြီးကိုစင်အသက် သေခြင်းသို့ ရောက်စေနိုင်၏ဟု။ ပဒုမုတ္တရဘုရားကို ဟောတော်မူ၏။ ချစ်သားရဟန်းတို့၊ အညီအညွတ်ဖြစ်ကုန်လော့၊ ဆန့်ကျင်သောအယူရှိသည်ကို မပြုကုန်လင့်။ ဆန့်ကျင်သော အယူကိုမှီ၍ အ

ထောင်မကသော ငုံးငှက်တို့သည် သေခြင်းသို့ ရောက်ဘူးလေကုန်၏ ဟု၊ ဝဋ္ဋကဓာတ်ကို ဟောတော်မူ၏။ ဤသို့ဟောတော်မူသဖြင့်လည်း ထိုရဟန်းတို့သည် မြတ်စွာဘုရားစကားတော်ကို မယူလိုကုန်သည်ရှိသော်၊ မထင်ရှားသော၊ မြတ်စွာဘုရား၏ ပင်ပန်းခြင်းကိုအလိုမရှိသော အဓမ္မဝါဒီရဟန်းတယောက်သည် ဘုန်းကောင်ကြီးသော ရှင်ပင်ဘုရားသည် တရား၏အရှင်တည်း။ ရှင်ပင်ဘုရားသည် ငြင်းခုံခိုက်ရန်ပြုခြင်းဌာ ကြောင့်ကြမဲ့ဖြစ်၍ ချမ်းသာစွာနေခြင်းနှင့် ယှဉ်သည်ဖြစ်၍ နေတော်မူပါ။အကျွန်ုပ်တို့သည် ထိုသို့မျက်မှောက်မျက်ကွယ်ငြင်းခုံခြင်းဖြင့် ဆန့်ကျင်သော အယူဌာ တည်ရကုန်လတ္တံ့ဟူ၍ လျှောက်သော်။ ချစ်သားရဟန်းတို့၊ ဖြစ်လေဘူးသည်ကား။ ဗာရာဏသီပြည်ဌာဇြဟ္မဒတ်အမည်ရှိသောကာသိကရာဇာမင်းသည်ဖြစ်၍။ ဗြဟ္မဒတ်မင်းသည် ဒီဃာဝုမင်းသား၏အဘဖြစ်သော ကောသလမင်း၏စည်းစိမ်ကိုလုယက်၍၊ မထင်ရှားသောအသွင်ဖြင့် နေသော ဒီဃာဝုမင်းသားသည် ထိုဗြဟ္မဒတ်မင်းကို သတ်စွမ်းနိုင်သောအဖြစ်သို့ရောက်ပြီးလျှက်။ အသက်ကိုပေးသောကြောင့် ထိုအခါမှစ၍ ဗြဟ္မဒတ်မင်းနှင့် ဒီဃာဝုမင်းသားတို့ ညီညွတ်သောအဖြစ်ကို အကျယ်ဟောတော်မူ၍။ ချစ်သားရဟန်းတို့၊ ယူအပ်သောဒဏ်ရှိကုန်သော ယူအပ်သော လက်နက်ထားရှိကုန်သောမင်းတို့ လျက်လည်း သည်းခံခြင်း နှိမ့်ချိုးကောင်းခြင်း ဖြစ်ပါသေး၏။ရဟန်းတို့၊ ဤငါဘုရားသာသနာတော်၌သင်တို့သည် အကြင်သည်းခံခြင်းဖြင့်သာဖြင့် တင့်ကုန်ရာ၏။ ထိုသည်းခံခြင်းဖြင့် ကောင်းစွာဟောအပ်သော၊ သုတ်၊ အဘိဓမ္မာ၊ ဝိနည်းဌာရဟန်းဖြစ်ကုန်သောသင်တို့သည် သည်းခံကုန်ရာ၏။သင့်တင့်ကုန်ရာ၏ဟု ဆုံးမတော်မူ၍လည်း ထိုကောသမ္ဗီရဟန်းတို့ကို။ညီညွတ်စိမ့်သောဌါမတတ်နိုင်သောမြတ်စွာဘုရားသည် ထိုရဟန်းတို့နှင့် ရောပြွမ်း၍ နေခြင်းဌာ ဆန့်ကျင်သော နှလုံးတော် ရှိသည်ဖြစ်၍။ ယခုအခါဌာငါသည် ဤရဟန်းတို့နှင့်ရောပြွမ်းသဖြင့် ဆင်းရဲစွာနေရ၏။ ထိုရဟန်းတို့သည်လည်း ငါ၏စကားကိုမှုမလိုက်နာပါကုံန်။အကယ်၍ကား ငါသည်တပါးတည်း အဖော်ငိုးမှကင်းစွါလျှက် တည့်သည်ဖြစ်၍ နေအံ့ဟု ကြံတော်မူ၍။ ဧကာသမ္ဗီပြည်ဌာ ဆွမ်းခံသွားတော်မူ၍။ ဆွမ်းဘုန်းပေးပြီးသော် အိပ်ရာနေရာကိုသိမ်းတော်မူ၍။ ဇာစုံတုယောံသော ရဟန်းသဃီာကိုမျှ မပန်ကြားမူ၍။သပိတ်သင်္ကန်းကိုယူတော်မူ၍ကိုယ်

တော်ထီးသာလျှင်ဗာလကလောဏာကရှာသို့ကြွတော်မူ၍။ တယောက်တည်းနေသောဘဂုမထေရ်သို့ကပ်၍ ၎ကစာရိကဝတ်ကိုဘဂုမထေရ်အားပေးခဲ့၍။ပါစိနဝံသဒ္ဒါသုံးယောက်အညီအမျှတ်နေကုန်သော နှင်္ဂယ၊ ကိမိလ၊ အနုရုဒ္ဓါစတို့အား ညီညွတ်ခြင်းဒဋ္ဌ အကျိုးဆက်ကိုပြသောသမဂ္ဂါနိသံသသုတ်ကိုဟောတော်မူ၍။အကြင်အရပ်၌ ပါလိလေယျကတောသည်ရှိ၏။ထိုအရပ်သို့ငါသွားအံ့ဟုမိန့်တော်မူ၍။ ပါလိလေယျကရွာငယ်၏အနီး၌ ရက္ခိတဝနသဏ္ဍသို့ကြွတော်မူ၍။ ထိုတော်၌ ဘဒ္ဒသာလအာမည်ရှိသော အင်ကြင်းပင်ရင်း၌ ထိုပါလိလေယျက ရွာသားတို့ဆောက်လုပ်၍လှူအပ်သော သခိမ်း၌ ပါလိလေယျက အာမည်ရှိသော ဆင်လည်လုပ်ကျွေးအပ်သည်ဖြစ်၍ ချမ်းသာစွာနေခြင်းဖြင့် နေတော်မူလျက်။ထိုပါလိလေယျကရွာငယ်ကို ဆွမ်းခံအမှီပြု၍ ဆယ်ဝါမြောက်ဖြစ်သောဝါကို ထိုပါလိလေယျကတော၌ မြတ်စွာဘုရား ဝါဆိုတော်မူ၏။ ။ဒသမဝါ။ ။

ကောသမ္ဗီပြည်၌နေကုန်သော ဃောသိတသူဌေး၊ ကုက္ကုဋသူဌေး၊ ပါဝါရိကသူဌေးစသော ဥပါသကာတို့သည် ကျောင်းသို့ လာကုန်၍ မြတ်စွာဘုရားကို မမြင်ကုန်သော်။ အရှင်ဘုရားတို့၊ မြတ်စွာဘုရားအာဘယ်အရပ်၌ရှိပါသနည်းမေး၍၊ ပါလိလေယျကတောသို့ကြွတော်မူ၏ဟုဆိုသော်။အာဘယ့်ကြောင့်ကြွသနည်းဟုမေးပြန်၍။ ငါတို့ကိုအညီအညွတ်ပြုတော်မူသည်ရှိသော် ငါတို့ အညီအညွတ် မဖြစ်ကုန်သောကြောင့်ဟုဆိုသဖြင့်။ အသို့နည်း၊ အရှင်ဘုရားတို့သည် မြတ်စွာဘုရား၏ အထံ၌ ရဟန်းပြုကုန်၍ ထိုမြတ်စွာဘုရားဝေနည် အညီအညွတ်ပြုသော်လည်း အရှင်ဘုရားတို့ အညီအညွတ်မဖြစ်ကုန်သလော မေး၍။ ဒါယကာတို့၊ ဟုတ်၏ဟု ဆိုကုန်သော်။ ၌ရဟန်းတို့သည် မြတ်စွာဘုရားအထံ၌ ရဟန်းဖြူကုန်၍ မြတ်စွာဘုရား အညီအညွတ်ပြုတော်မူသည်ရှိသော်ညီညွတ်သည်မဖြစ်ကုန်"ငါတို့သည်၌ရဟန်းတို့ကြောင့် မြတ်စွာဘုရားကို မဖူးမမြင်ရကုန်။ ၌ရဟန်းတို့အား ငါတို့သည်ဆွမ်းမလှူကုန်အံ့။ ရှိခိုးခြင်းအစရှိသည်တို့ကိုမပြုကုန်အံ့ဟု လူတို့သည် တိုင်ပင်ကုန်၍။ ထိုနေ့မှစ၍ ထိုရဟန်းတို့အား အရိအသေမပျက်လည်း မပြုကုန်ပြီ။ထိုရဟန်းတို့သည် နည်းသောအစာအာဟာရရှိကုန်သည်ဖြစ်၍ ခြောက်တပ်ကုန်လျက်။ နှစ်ရက် သုံးရက်ဖြင့် အယူကိုဖြောင့်စွာပြု

ကုန်၍ အချင်းချင်းအပြစ်ကိုဒေသနာကြား၍ သည်းခံ၍။ ဒါယကာတို့၊ ငါတို့သည် အညီအညွတ်ဖြစ်ပါကုန်ပြီ။သင်တို့သည် ငါတို့အားဂရုနှင့် တူသည်ဖြစ်ပါကုန်ဟုဆိုကုန်၏။ အရှင်ဘုရားတို့သည် မြတ်စွာဘုရား ကိုသည်းခံစေအပ်ပြီလောဟု လူတို့မေးကုန်၍။ ဒါယကာတို့၊သည်းမခံ စေအပ်သေးဟု ရဟန်းတို့ဆိုသော်။ ထိုစို့ဖြစ်မူကား၊ မြတ်စွာဘုရား ကို သည်းခံစေကုန်။ အရှင်ဘုရားတို့အား မြတ်စွာဘုရား သည်းခံပြီး သောကာလ၌ ငါတို့သည်လည်း အရှင်တို့အားဂရုနှင့်အတူဖြစ်ကုန်အံ့ ဟု လူတို့သည်ဆိုကုန်၏။ ထိုရဟန်းတို့သည် ဝါတွင်းကာလဖြစ်သော ကြောင့် ဘုရားအထံသို့သွားအံ့သောဌါမဝံကုန်၍၊ ဆင်းရဲငြိုငြင်သဖြင့် ဝါတွင်းသုံးလကိုလွန်စေကုန်၏။ ။

မြတ်စွာဘုရားသည်ကား။ ပါလိလေယျကဆင်မင်းသည် ရေဟူရေ ချမ်းကမ်း၍ လုပ်ကျွေးအပ်သည်ဖြစ်၍ ချမ်းသာစွာ ဝါဆိုတော်မူရ၏။ ထိုပါလိလေယျကဆင်မင်းသည် အပေါင်းကိုစွန့်၍ ထိုပါလိလေယျက တောသို့ဝင်လာ၏။ ။ဂင်္ဂါခြင်း၏ အကြောင်းကား။ စင်စစ်သဖြင့် ကား ငါသည် ယခုအခါ၌ ဆင်မတို့ဖြင့်ဂင်း၊ ဆင်ရွှေတို့ဖြင့်ဂင်း၊ ဆင် ငယ်တို့ဖြင့်ဂင်း ပြိမ်းသည်ဖြစ်၍ နေရ၏။ အဖျားပြတ်ပြီးသောမြက်တို့ ကိုစားရ၏။ စနောင့်စနင်ကျိုးပြီးသောသစ်ခက်တို့ကိုစားရ၏။ နောက် သောရေတို့ကိုသောက်ရ၏။ ရေသို့သက်သောအခါရေမှတက်သော အခါ၊ ဆင်မတို့သည်ဂင်း၊ ဆင်ရွှေတို့သည်ဂင်း၊ ဆင်ငယ်တို့ဖော်ညှင်း။ ငါ့ကိုယ်ကိုတို့က်ပွတ်ကုန်၏။ အကယ်၍ကား ငါသည်ဆင်အပေါင်းမှ ခွါ၍နေသော် ကောင်းအံ့ဟုကြံ၍ ထိုဆင်မင်းသည် ဆင်အပေါင်းမှဘဲ လျက် အကြင်အရပ်၌ ပါလိလေယျကတောအုပ်သည်ရှိ၏။ ဘဒ္ဒသာလ အင်ကြင်းပင်ရင်းသည်ရှိ၏။ အကြင်အရပ်၌ မြတ်စွာဘုရားသည်ရှိ၏။ ထိုအရပ်သို့ကပ်လေ၏။ ကပ်ပြီး၍ မြတ်စွာဘုရားကိုရှိခိုး၍။ ကြည်ညို သောစိတ်ဖြင့် ဘုရားမှတပါးတစုံတယောက်သောသူကိုမမြင်၍။ ဘဒ္ဒ သာလ အင်ကြင်းပင်ရင်းကို ခြေဖြင့်ခတ်၍ ညှိညွတ်အောင် ကူးဆွ၍ နှာမောင်းဖြင့် သစ်ခက်ကိုယူ၍ ဂဲမြက်လှည်း၏။ ထိုနေ့မှစ၍ နှာမောင်း ဖြင့် ရေအိုးကိုယူ၍ သောက်ရေ သုံးဆောင်ရေကို လောင်းပေ၏။ ရေ နွေးဖြင့် အလိုရှိသော် ရေနွေးကိုစီရင်၏။ အဘယ်ယူစီရင်သနည်းဟူမူ ကား။ လက်ဖြင့်ထင်းတုံးတို့ကိုပွတ်၍ မီးဖြစ်စေ၏။ ထိုမီးဖြင့်ထင်းတို့ကို

ထည့်၍ ထိုဒီးဒွဲကျောက်တို့ကိုဘုတ်၍ သစ်ခက်လုံတံဖြင့်လှိမ့်၍အပိုင်း အခြားရှိသော ထုံးအိုင်ငယ်ဒွဲချ၏။ ထို့နောင်မှ လက်ကိုရေထဲသို့ ချ၍ ရေ၏ပူသောအဖြစ်ကိုသိ၍လာခဲ့၍။ မြတ်စွာဘုရားကိုရှိခိုး၍။ ပါလိလေယျက၊ ရေကိုပူစေအမ်ပြီးလောဟုမိန့်တော်မူ၍။ ထိုအိုင်သို့သွား၍မြတ်စွာဘုရား ရေချိုးတော်မူ၏။ ထိုအခါ အထူးထူးသော သစ်သီးတို့ကိုဆောင်၍ မြတ်စွာဘုရားအားကပ်၏။ မြတ်စွာဘုရားရွာတွင်းသို့ ဆွမ်းခံဝင်းတော်မူသောအခါဒွဲကား။ သပိတ်သင်္ကန်းကိုယူ၍ ဦးကင်းဒွဲထား၍ ငြိမ်သက်စွာသွား၏။ ရွာ၏ဥပစာရသို့ ရောက်သောအခါ ပါလိလေယျက၊ ဤအရပ်မှစ၍ သင်သည် ငါ၏နောက်မှလိုက်အံ့သောဌါ မတတ်ကောင်း။ ငါ၏သပိတ်သင်္ကန်းကိုဆောင်ခဲ့လောဟု မြတ်စွာဘုရား မိန့်တော်မူ၍ သပိတ်သင်္ကန်းကိုယူ၍ရွာတွင်းသို့ဆွမ်းရပ်ဝင်လေ၏။ ဆင်မင်းသည်လည်း မြတ်စွာဘုရား ရွာတွင်းမှထွက်လာသည် တိုင်အောင် ထိုအရပ်ဒွဲနေ၍ မြတ်စွာဘုရား ကြွတော်မူလာသော ကာလဒွဲ ခရီးဦးကြို၍ သပိတ်သင်္ကန်းကိုယူ၍ ဂုဏ်ညှိုးဖြင့်ဆောင်၍နေရာအရပ်ဒွဲချ၍ ရှိခိုးဝတ်ကိုပြု၍ သင်္ခက်ဖြင့်ယပ်ခဲ့၏။ ညဥ့်အခါဒွဲ သားရဲး သစ်ကျားဘေးရန်တို့ကိုမြစ်အံ့သောဌါ ကြီးစွာသောလုံတံကို နှာမောင်းဖြင့်ကိုင်၍ မြတ်စွာဘုရားကိုစောင့်အံ့ဟု အရဏ်တက်သည်တိုင်အောင် တာအုပ်၏အကြားဒွဲလှည့်၏။ ထိုအခါမှစ၍ ပါလိလေယျကတောအုပ်သည် ရထိုတ တောအုပ် မည်သည် ဖြစ်၏။ အရဏ်တက်သောအခါဒွဲ ဒန်ပူမျက်သစ်ရေကပ်ခြင်းကို အစပြု၍ ထိုသို့သောနည်းဖြင့် အလုံးစုံသောဝတ်ကို ပြု၏။ ။ထိုအခါ တခုသော မျောက်သခွေသည် ပါလိလေယျက ဆင်မင်းသည် ကောင်းစွာ လုံ့လပြု၍ မြတ်စွာဘုရားအား အဘိသမာစာရိကဝတ်ကိုပြုသည်ကဲ့ဖြင့် ငါသည်လည်းတစုံတခုသောကောင်းမှုကို ပြုပါအံ့ဟု ကြံ၍ဖန်ညှိပတ်သည်ရှိသော် တနေ့သဒွဲ ပျားငယ်မရှိသော လပျိုနှင့်တူကွသောသားလက်ကိုဖြင့်၍ အရိုးကိုဖြတ်၍ ပျားတံနှင့်တကွ ပျားလပျိုကိုမြတ်စွာဘုရားအထံသို့ယူ၍ ဌာပေါဘက်ကဲ့ဖြတ်၍ ထိုဌာပေါဘက်ဒွဲ ထား၍ မြတ်စွာဘုရားအား လှူ၏၊ မြတ်စွာဘုရားသည် ခံတော်မူ၏။ မျောက်သည်မြတ်စွာဘုရားသည် သုံးဆောင်တော်မူပါလတ္တံ့လောဟု ကြည့်သည်ရှိသော် ကိုင်၍နေသည်ကိုမြင်၍ အသို့နည်းဟုကြံ၍ သားလက်တံစွန်းဒွဲကိုင်၍လှန်၍ကြည့်ရှုသော် အဉတို့ကို

မြင်၍ ထိုအဥတ္ထိုကို ဖြည်းညှင်းစွာပယ်၍ တဘန်ကပ်ပြန်ဏ်။ မြတ်စွာဘုရားသည် ဘုန်းပေးတော်မူဏ်။ထိုမျောက်သည် နှစ်သက်သောစိတ်ရှိသည်ဖြစ်၍ထိုထိုသောသစ်ခက်ကိုကိုင်၍ကဏ်။ ထိုအခါကိုင်နှင်းသောသစ်ခက်သည်ကျိုး၍။ ထိုမျောက်သည်တရေသောသစ်ငုတ်ပေါ်၌ကျ၍သေလေသော် မြတ်စွာဘုရား၌ ကြည်ညိုစြင်းရှိသော စိတ်ဖြင့် သေ၍တာဝတိံသာနတ်ပြည်၌ ယူဇနာသုံးဆယ်ရှိသော ရွှေဗိမာန်၌ ဖြစ်လေဏ်။ နတ်သို့ဖြစ်တထောင် အခြံအရံရှိသည်ဖြစ်ဏ်။ ။မြတ်စွာ ဘုရားအား ပါလိလေယျကဆင်မင်းသည်လုပ်ကျွေးသဖြင့် ထိုပါလိလေယျကတော၌ဝါဆိုတော်မူသောအဖြစ်သည် အလုံးစုံသောဇမ္ဗု။ဒီပါကျွန်း၌ထင်ရှားဖြစ်ဏ်။သာဝတ္ထိပြည်မှအနာထပိဏ်သူဌေး၊ဝိသာခါအစရှိသော ကြွယ်ဝသောအမျိုးတို့သည်အာနန္ဒာမထေရ်အား သတင်းစကားကိုစေလိုက်ကုန်ဏ်။ အဂ္ဂင် အာနန္ဒာ၊ အကျွန်ုပ်တို့အား မြတ်စွာဘုရားကို ပြတော်မူပါဟုစေလိုက်ကုန် ဏ်။ အရုပ်မျက်နှာ၌နေကုန်သော ငါးရာကုန်သော ရဟန်းတို့သည် ဝါကျွတ်ကုန်ပြီးသော် အဂ္ဂင်အာနန္ဒာသို့ကပ်၍။ အာနန္ဒာ၊ မြတ်စွာဘုရား မျက်မှောက်တော်မှ တရားတော်မြတ်ကို မကြားနာရသည်ကြာမြင့်ပြီ။ ငါတို့ဟောင်းပန်ပါဏ်။ အဂ္ဂင်အာနန္ဒာ၊ အကျွန်ုပ်တို့သည် မြတ်စွာဘုရားမျက်မှောက်တော်မှ တရားတော်ကို ကြားနာခြင်းငှါရလိုပါကုန်ဏ်ဟု တောင်းပန်ကုန်ဏ်။ အဂ္ဂင်အာနန္ဒာသည် ထိုငါးရာသောရဟန်းတို့ကိုယူ၍ ထိုပါလိလေယျက တာသို့ကြွ၍၊ ဘိုးတော်သုံးလပတ်လုံး တပါးတည်းနေတော်မူသော မြတ်စွာဘုရား၏ အထံသို့ဤမျှလောက်သော ရဟန်းတို့နှင့်တကွ ကပ်အုံသောဘုံ မလျောက်ပတ်ဟုကြံ၍။ ထိုရဟန်းတို့ကို အပဋ္ဌေထားခဲ့၍ မြတ်စွာဘုရားအထံသို့ ကပ်လေဏ်။ ပါလိလေယျကဆင်မင်းသည်လည်း ထိုအဂ္ဂင်အာနန္ဒာကိုမြင်၍ လုံ့တံကိုယူ၍ပြေးဏ်။ မြတ်စွာဘုရားသည်ကြည့်၍ ပါလိလေယျက၊ ဘဲလော့။ ထိုလာသောရဟန်းကိုမမြစ်လင့်။ ဤရဟန်းသည် ငါဘုရားကိုခစားလာသတည်းဟု မိန့်တော်မူဏ်၊ ထိုဆင်သည်ထိုအရပ်၌ လုံ့တံကိုစွန့်၍ သပိတ်သင်္ကန်းကိုယူဏ်။ အဂ္ဂင်အာနန္ဒာလည်းပေးတော်မမူ။ သင်္ကန်းသည် မသင်အပ်သောဝတ်ရှိသည်အကယ်၍ဖြစ်အုံ။ မြတ်စွာဘုရားနေတော်မူသောပျဉ်၌ ထားလတ္တံ့ဟုကြံ၍ မပေးသတည်း။ အဂ္ဂင်အာနန္ဒာသည် သပိတ်သင်္ကန်းကို မြေ၌ထား၏။ သင်အပ် သော ဝတ်ရှိသော

ရဟန်းသည်ဆရာတို့၏နေရာ၌ မိမိပရိက္ခရာကိုမထားကုန်။ အရှင်အာနန္ဒာသည် မြတ်စွာဘုရားသို့ကပ်၍ ဂိုဏိုး၍နေ၏၊ အာနန္ဒာ၊ တယောက်တည်းလာသလော ဟု မြတ်စွာဘုရားမေးတော်မူ၍ ငါးရာသောရဟန်းတို့နှင့်တကွ လာသောအဖြစ်ကိုလျှောက်၍ ထိုရဟန်းတို့သည်အဘယ်မှာနည်းဟုမေးတော်မူလျှင်။ အရှင်ဘုရား၏အလိုတော်ကိုမသိ၍ဥပစာအပဋ္ဌထား၍လာပါသည်ဟုလျှောံသော်။ ထိုရဟန်းတို့ကိုခေါ်လော့ဟု မိန့်တော်မူသဖြင့်။ အရှင်အာနန္ဒာခေါ်၍ မြတ်စွာဘုရားသို့ကပ်လာကုန်၍ ဂိုဏိုး၍နေကုန်၏ မြတ်စွာဘုရားသည် ထိုရဟန်းတို့နှင့် ပြောဟောကြောင်မူ၍။ဘုန်းတော်ကြီးသောရှင်ပင်ဘုရား၊ရှင်ပင်ဘုရားသည် ဘုရားအဖြစ်ဖြင့်လည်း သိမ်မွေ့ နူးညံ့တော်မူ၏။ မင်းမျိုး၏ အဖြစ်ဖြင့်လည်း သိမ်မွေ့နူးညံ့တော်မူ၏။ ဝါတွင်းသုံးလပတ်လုံးကိုယ်တော်ရပ်ခြင်းထိုင်ခြင်းတို့ဖြင့်ပြုနိုင်ခဲ့သည်ကိုပြုတော်မူ၏။ ဝတ်ကြီးဝတ်ငယ်ကို ပြုတတ်သော မျက်သစ်ဇရစသည်တို့ကိုမျှလည်းပေးတတ်သောသူသည် ဂိုဟိုမည်မထင်ဟု ထိုရဟန်းတို့ဆိုကုန်သော်။ ချစ်သားတို့၊ ပါလိလေယျကဆင်သည် ခပ်သိမ်းသောကိစ္စတို့ကိုပြုပေ၏။ ဤသို့သဘောရှိသော အဆွေခင်ပွန်းကိုရသဖြင့် တကွေးနခြင်းငှါ ငြိုးပတ်၏။ မရဲသောသူသည်ကား တယောက်တည်းသွားခြင်းကို ပြုရာ၏ဟုမိန့်၍။ ။သဇေလဘေထ နိုပကံ သဟာယံ၊သဒ္ဓိံ စရံ သာဓုဝိဟာရိ ဓီရံ။ အဘိဘုယျသေဋ္ဌာနိ. ပရိဒ သယာနိ၊ စရေယျ တေနတ္တမနောသတိမာ။ ။နောစေလဘေထနိပကံသဟာယံ၊ သဒ္ဓိံ စရံသာဓုဝိဟာရိဓီရံ။ ရာဇာဝရဋ္ဌဝိဇိတံပဟာယ၊ ဧကောစရေမာတင်ရညဝနာဂေါ်။ ။ဧကသ္မာစရိတံ သေယျာ၊နတ္ထိဗာလေသဟာယတာ။ ဧကောစရေနစပါပါနိကယိရာ၊ အပ္ပေါသုက္ကေမာတင်ရညဝနာဂေါ်။ ။ဟူသောတရားဒေသနာတော်တို့ကို ဟောတော်မူ၏၊ ဒေသနာတော်အဆုံး၌ ထိုငါးရာသောရဟန်းတို့သည်ရဟန္တာအဖြစ်သို့ရောက်လေကုန်၏။ ။ထိုဂါထာတို့၌အဓိပ္ပါယ်ကား။ ချစ်သားရဟန်းတို့၊ ရင့်ပြီးသောပညာရှိသော တကွကျင့်ဘော်ဖြစ်သောအဆွေခင်ပွန်းကို အကယ်၍ရအံ့။ ထိုပညာရှိသည် ကောင်းသော နေခြင်းဖြင့် နေရ၏။ ထို သူတော်ကောင်းနှင့် နှစ်သက်သောနှလုံးရှိသည်ဖြစ်၍ သတိရှိသောသူသည် အလုံးစုံသောမကောင်းသောအကျင့်တို့ကို နှိပ်စက်၍ ကျင့်ရာ၏၊ ဤသို့ ရင့်ပြီးသော ပညာရှိ

သော တကွကျင့်ဘော်ဖြစ်သော ကောင်းသောနေခြင်းရှိသော ပညာရှိ အဆွေခင်ပွန်းကိုမရအံ့။ မင်းသည် မိမိတိုင်းနိုင်ငံကိုစွန့်၍ တယောက် တည်းသွားသကဲ့သို့။ ဆဒန္တဆင်ဖြောင်သည် တောခွ တစီးတည်းသွား သကဲ့သို့ သွားရာ၏။ တယောက်အထီးတည်း သွားခြင်းသည် မြတ်၏။ ရိုက်သောသူကို အဆွေခင်ပွန်းပြု၍မနေရာ။ တဒေယာက်တည်းသွားရာ ၏။မကောင်းမှုတို့ကိုမပြုရာဟူလိုသည်။ ။

အရှင်အာနန္ဒာသည် အနာထပိဏ်သူဌေး စသော ကြီးမြတ်သော အမျိုးတို့သည် စေအပ်သောသတင်းစကားကို ကြားလျှောက်၍။ ရှင် ပင်ဘုရား၊ အနာထပိဏ်သူဌေး အမှူးရှိသော ငါးရာကုန်သောအရိယာ တပည့် အစရှိသောသူတို့သည် ရှင်ပင်ဘုရား၏ ကြွတော်မှုလာခြင်းကို တောင့်တကုန်၏ဟုလျှောက်၏။ မြတ်စွာဘုရားသည် ထိုသို့တပြီးဟော။ အာနန္ဒာ၊သဒိတ်သက်နိုးကိုယူလော့ဟု ယူစေ၍ ထွက်တော်မူ၏၊သင် မင်းသည် သွား၍ခရီးဦ ဘိလာရပ်၏။ အရှင်ဘုရား၊ဆင်မင်းသည် အ ဘယ်သို့ပြုသနည်းဟု ရှင်အာနန္ဒာလျှောက်၏။ ချစ်သားရဟန်းတို့၊သင် တို့အား၊ဆွမ်းလုပ်ကျွေးလို၏။ ရှည်စွာသော နေ့ညဉ့်ပတ်လုံး ဤဆင်မင်း သည် ငါ့အား၊ကျေးဇူးပြုပေ၏။ ဤဆင်မင်းစိတ်ကို ဖျက်ဆီးအံ့သောဌါ မအပ်။ချစ်သားရဟန်းတို့၊ပြန်ကုန်ဦးဟုမြတ်စွာဘုရားသည်ရဟန်းတို့ ကိုယူ၍ပြန်ခဲ့၏။ဆင်မင်းသည်၊တောအုပ်သို့ဝင်၍ပိန္နဋ္ဌက်ပျောအစရှိသော အထူးထူး၊သောသစ်သီးတို့ကိုကောင်းစွာဆောင်၍ မိုးခသံသောနှုတ် ရဟန်းတို့အား၊လှူ၏။ ငါးရာသောရဟန်းတို့သည် စား၍မကုန်နိုင်ကုန်။ ဆွမ်းစားပြီးသောအခါ၌ မြတ်စွာဘုရားသည် သဒိတ်သက်နိုးကို ယူ တော်မူ၍ထွက်၏။ ဆင်လည်း ရဟန်းတို့၏ အကြားအကြားဖြင့်သွား၍ မြတ်စွာဘုရား၌တော်မှာဘိလာရပ်ပြန်၏။ အရှင်ဘုရား၊ဆင်မင်းသည် အဘယ်သို့ပြုသနည်းဟု မေး၏။ ချစ်သားတို့၊ သင်တို့ကို လွှတ်လိုက်၍ ငါ့ကိုပြန်စေလိုသည်ဟုမိန့်တော်မူ၍။ မြတ်စွာဘုရားသည် ဆင်မင်းကို ပါလိလေယျက၊ ဤသွားခြင်းသည် တဖန်မပြန်သော သွားခြင်းတည်း။ သင့်အား ဤကိုယ်၏အဖြစ်ဖြင့်ဈာန်မဂ်ဖိုလ်တရားသည်မရှိ၊သင်နေရစ် လော့ဟု မိန့်တော်မူ၏၊ ဗိုစကားကို ကြား၍ ဆင်သခည် နှာမောင်းကို ခံတွင်းခွဲထည့်၍ ငိုလျက်နေ့ာက်တော်မှလိုက်၏။ ထိုဆင်သည် မြတ်စွာ ဘုရားပြန်၍နေပါမူ ထိုဝါတွင်းသုံးလလုပ်ကျွေးမသောနည်းဖြင့် တသက်

ပန်လုပ်ကျွေးကျော်၏။ မြတ်စွာဘုရားသည် ရှာဥပစာရသို့ကြော်သောအ
ခါ။ပါလိလေယျကာ၊ဤအရပ်မှစ၍သင်၏သွားရောမြေမဟုတ်၊ လူတို့၏နေ
ရာတည်း။ ဘေးရန်များသည်၊နေရစ်လော့ဟုမိန့်တော်မူ၏။ ဆင်သည်
ငိုလျက်နေရစ်၍၊မြတ်စွာဘုရားသည်မျက်စိအမြင်ကိုလွန်သည်ရှိသော်
နှလုံးကွဲသဖြင့်သေ၍။ မြတ်စွာဘုရားကိုကြည်ညိုခြင်းဖြင့် တာဝတိံသာ
နတ်ပြည်၌ ယူဇနာသုံးဆယ်ရှိသောရွှေဗိမာန်၌ နတ်သိုးတဆောင်တို့၏
အလယ်၌ ဖြစ်လေ၏။ ပါလိလေယျကနတ်သားဟူသော အမည်သည်
ဖြစ်၏။ ။

မြတ်စွာဘုရားသည် အစဉ်သဖြင့် ကြွတော်မူ၍ ဇေတဝနကျောင်း
တော်သို့ရောက်တော်မူလေ၏။ ကောသမ္ဗီပြည်၌နေကုန်သော ရဟန်း
တို့သည်မြတ်စွာဘုရား သာဝတ္ထိပြည်သို့ကြွပြီဟုကြား၍ မြတ်စွာဘုရား
ကိုကန်တော့အံ့သောငှါ သာဝတ္ထိပြည်သို့ သွားလေကုန်၏။ ကောသလ
မင်းကြီးသည် ငြင်းခုံခြင်းကို ပြုကုန်သော ကောသမ္ဗီရဟန်းတို့လာပြီ
ကြား၍။ အခွင့်ဘုရား၊ ထိုကောသမ္ဗီ ရဟန်းတို့ကို အကျွန်ုပ်၏နိုင်ငံသို့
ဝင်ခြင်းငှါ မပေးအံ့ဟု လျှောက်၏။ မြတ်သောမင်းကြီး၊ဝင်ပါစေ။ ထို
ရဟန်းတို့သည် ဝိုက်ဝန်း ငြင်းခုံခြင်းဖြင့်သာ ငါ၏စကားကို မယူကုန်
သည်။ယခုအခါ ငါ့ကို သည်းခံစိမ့်သောငှါလာကုန်၏ဟုမိန့်တော်မူ၏၊
အနာထပိဏ် သူဌေးသည်လည်း။ အခွင့်ဘုရား၊ ထို ရဟန်းတို့ကို အ
ကျွန်ုပ်၏ ကျောင်းသို့ ဝင်ခြင်းငှါ မပေးအံ့ဟု လျှောက်သော်။ မြတ်စွာ
ဘုရားပယ်ထောင်မူသဖြင့် သာဝတ္ထိပြည်သို့ရောက်လာကုန်ပြီးသော ထို
ရဟန်းတို့အား မြတ်စွာဘုရားသည် တရားသောဆိတ်ကွယ်ရာဖြစ်သော
ကျောင်း၌ အိပ်ရာကိုပေးစေ၏။ တပါးသောရဟန်းတို့သည် ထိုကော
သမ္ဗီရဟန်းတို့နှင့် အတူမနေကုန်၊ စကားမပြောကုန်၊ဂိုမခိုးကုန်။ လာ
တိုင်းလာတိုင်းသော ရဟန်းတို့သည် မြတ်စွာဘုရားကို။ အခွင့်ဘုရား၊
ငြင်းခုံတတ်ကုန်သော ကောသမ္ဗီ ရဟန်းတို့သည် အဘယ်ရဟန်းတို့
နည်းဟုမေးလျှောက်ကြကုန်၏။ ထိုရဟန်းတို့တည်းဟု ဘုရားမြတ်စွာ
ပြ၏။လဲ့တိုင်းလာတိုင်းကုန်သောရဟန်းတို့သည် ငြင်းခုံသောရဟန်း
တို့ဟူသည် ထိုရဟန်းတို့ပင်တည်းဟု လက်ညှိုး ထိုးကုန်သဖြင့်၊ ထို
ကောသမ္ဗီရဟန်းတို့သည် ရှက်ကုန်၏။ ထိုရဟန်းတို့သည် ရှက်သဖြင့်
ဦးခေါင်းမော်တော်မျှော်ကြည့်အံ့သောငှါ မဝံ့ကုန်။ မြတ်စွာဘုရားခြေ

တော်ရင်းခွ ဝပ်၍ ပူဇော် ကန်တော့ကုန်၏။ မြတ်စွာဘုရားသည် ချစ်သားရဟန်းတို့၊ သင်တို့သည်ဝန်လေးသောအမှုကိုပြုကုန်၏။ငါဘုရား အထံ၌ရဟန်းပြုလျက်ငါ၎ဘုရားသည်အညီအညွတ်ပြုအပ်သည်ရှိသော် ငါ၏စကားကိုမလိုက်နာကုန်။ ကြေးခွဖြစ်သောပဉ္စာမ်ိုတို့သည် သေခြင်း အနိုးသို့ရောံသောမိဘတို့၏စကားကိုကြား၍ ထိုအမိအဘတို့ကိုသတ် သောမင်းတို့ခွလည်း မလွန်ကျူးမူ၍ နောက်အခါ၌ တိုင်းနှစ်တိုင်းတို့ခွ မင်း၏အဖြစ်ကိုပြုလေကုန်၏ဟုမိန့်တော်မူ၍ တဘန်ကောသမ္ဗိဘောတ်ကို ဟော၍။ ချစ်သားရဟန်းတို့၊ဒီဃာဝုမင်းသားသည် အမိအဘကိုသတ် သောမင်းတို့ခွလည်း အမိအဘတို့၏အဆုံးအမတို့ကိုမလွန်မူ၍နောက် အခါ ဖြဟ္မဒတ်မင်း၏သြီးကိုရ၍ ကာသိကတိုင်း ကောသလတိုင်းတို့ခွ မင်းပြုရ၏။သင်တို့သည် ငါ၏စကားကို မလိုက်နာကုန်သဖြင့် ဝန်လေး သောအမှုကိုပြုကုန်၏ဟုမိန့်တော်မူ၍။ ။ပရေနစရိဇာနန္တိ၊မယာမတ္ထ ယမာမသေ။ယေစ တတ္ထ ဝိဇာနန္တိ၊တတော သမ္မန္တိ မေဝဂါ။ ။ဟူ သောတရားကို ဟောတော်မူ၏။ ။ပရေ၊ ပညာရှိမှတပါးကုန်သော သူရိုက်တို့သည်။ မယံ၊ငါတို့သည်။ နဝိဇာနန္တိ၊သေမင်း၏အထံသို့လိုက် ရကုန်အံ့ဟုမသိကုန်။ တေ၊ထိုသူရိုက်တို့သည်။ တတ္ထ၊ ဤရန်ပြုဘဲ့ခြင်း ခွ။ ယမာမသေ၊လုံ့လပြုကုန်၏။ ယေစ၊ အကြင်ပညာရှိတို့သည်ကား။ တတ္ထ၊ ထို သေခြင်းတရားခွ။ ဝိဇာနန္တိ၊ သိကုန်၏။ တတော၊ ထိုသို့သိ သောကြောင့်။ မေဝဂါ၊ရန်ပြုံးတို့သည်။ သမ္မန္တိ၊ငြိမ်းကုန်၏။ ။တန်ခူး ဒေသနာတော်အဆုံးခွ်ပူဇော်ကန်တော့ရောက်လာသော ကောဒမ္ဗိက ရဟန်းတို့သည် သေဒတာပတ္တိဖိုလ်ခွတည်လေကုန်၏။ ။ဤသို့အစရှိ သောများစွာသောတရားစကားဖြင့် ပလလည်းတောခွ ဝါကျွတ်တော် မူသည်မှစ၍ တဆဲ့တဝါ မဆိုဖီ ကာလပတ်လုံး ယူနတ် ဖြဟ္မာတို့ကို ကယ်ချွတ်တော်မူ၏။ ။

၃။ ဤကောဒသမဝါ။ဒက္ခိဏာဂိရိစနပုဒ်၊နာဠပုဏ္ဏားရွာခွ် ဝါဆိုကော်မူလျက်။ကသိဘာရဒွါဇပုဏ္ဏားအားကသဿကောပဲ့မာ ဒေသနာကိုဟောခြင်းတော်မူသည်ကိုပြရာ။

တဆဲ့တဝါ မြောက်ခွ်ကား ဇေတဝန် ကျောင်းတော်မှ ဒေသစာရီ ကြွတော်မူသဖြင့် မဂဓရာဇ်တိုင်း ဒက္ခိဏာဂိရိ စနပုဒ်ခွ် နာဠ အမည်

ဂိုသောပုဏ္ဏားရှာသို့ ရောက်တော်မူသောအခါ ထိုပုဏ္ဏားရှာ၌ ကသိ
ဘာရဒ္ဒါဇမည်သောပုဏ္ဏား၏ သာဝကပါရမီဉာဏ်၏ရင့်ခြင်းကို မြင်
တော်မူသဖြင့်၊ ထိုနာဠပုဏ္ဏားရှာကို ဆွမ်းခံ အမှီ ပြု၍၊ ဒက္ခိဏာ ဂိရိ
ကျောင်းခွဝါဆိုတော်မူ၏။ ထိုရောအခါ လယ်လုပ်ခြင်းဖြင့်အသက်မွေး
သော အမျိုးအားဖြင့် ဘာရဒ္ဒါဇမည်သော ပုဏ္ဏားအား လယ်ထွန်အ
ကျွေးအမွေးသည်ဖြစ်၏။ထိုအခါ ကသိဘာရဒ္ဒါဇပုဏ္ဏားအား ကောက်
စိုက်သောအခါ ငါးရာမျှလောက်သောထွန်တို့ကိုစီရင်ကုန်၏။ မြတ်စွာ
ဘုရားသည် နံနက်စောစောကလျင်သင်းမိုင်တော်ကိုပြင်ဝတ်၍သပိတ်
သင်္ကန်းကိုယူတော်မူ၍ ကသိဘာရဒ္ဒါဇပုဏ္ဏား၏လယ်ထွန်ရာသို့ ကပ်
တော်မူလေ၏။ ထိုအခါ လယ်ထွန်အမှုလုပ်တို့ကို ကျွေးမွေး၏။ မြတ်
စွာဘုရားသည် ထိုကျွေးမွေးရာသို့ကပ်၍ တင့်အပ်ရာ၌ ရပ်တော်မူ၏။
ဘာရဒ္ဒါဇသည် ဆွမ်း ရပ်တော်မူသော ဘုရားကို မြင်လျှင်။ ရဟန်း၊
ငါသည် လယ်ထွန်၏။ ပျိုးပျိုး၏။ လယ်ထွန်၍ပျိုးပျိုး၍ ငါစား၏။ သင်
ရဟန်းသည်လည်း လယ်ထွန်လော့၊ပျိုးပျိုးလော့။ လယ်ထွန်၍၊ပျိုးပျိုး၍
စားလော့။ ဤသို့လျှောက်၏။ ပုဏ္ဏား၊ ငါလည်းလယ်ထွန်၏၊ ပျိုးပျိုး၏။
လယ်ထွန်၍ငင်း ပျိုးကြဲ၍ငင်း ငါဘုန်းပေး၏ဟု ပိန့်တော်မူသော်။အာရှင်
ဂေါတမ၊ အာရှင်ဂေါတမ၏ ထွန်တုံး၊ ထွန်ကိုင်း၊ ထွန်သန်၊နွင်တံ၊ထွန်
သွားတို့ကို အကျွန်ုပ်တို့မမြင်ပါကုန်။ ထိုသို့မမြင်ကုန်ဘဲလျက်။ ပုဏ္ဏား၊
ငါသည်လည်းလယ်ထွန်၏။ပျိုးကြဲ၏။ လယ်ထွန်၍ပျိုးကြဲ၍ ငါဘုန်းပေး
၏ဟု အာရှင်ဂေါတမဆို၏။ထိုလယ်ထွန်သော ပျိုးကြဲသောအကြောင်း
ကိုအကျွန်ုပ်တို့ဿဉာဏ်သို့သိရကုန်အံ့နည်း။ မေးအပ်သောအာရှင်
ဂေါတမသည် လယ်ထွန်သော ပျိုးကြဲသောအကြောင်းကို ဆိုပါလော့
ဟုဆို၍။ ။ကဿကော ပဋိဘာနဿိ၊နစပသဿမိ တေကသိ်။ကဿ
ကော ပုဆ္ဆိတော ဗြူဟိမဂ်ကထံ ဘာနေမ့ တံကသိ်။ ။ဟူသောဂါထာ
ဖြင့်လျှောက်၏။ ။ထိုသို့လျှောက်သည်ကိုအကြောင်းပြု၍။ ။သဒ္ဓါဗီဇံ
တပေါဝုဋ္ဌိပညာမေယျဂနင်္ဂလံ။ ဟိရီ ဤသာ မနော ယောတ္တံ၊သတိမေ
ဖါလပါဇနံ။ ။ကာယဂုတ္တော ဝစီဂုတ္တော၊အာဟာရေ ဥဒရေ သံယ
တော။သစ္စံ ကဏ်ရောမိ နိဒ္ဒါနံ၊သောရစ္စံ မေ ပမောစနံ။ ။ဝီရိယံ မေ ဓုရ
ဓောရယှံ၊ယောဂက္ခေမာဓိဝါဟနံ။ ဂစ္ဆတိ အနိဝတ္တန်အံ့၊ယတ္ထ ဂတ္ဝါ န
သောစတိ။ ။ဧဝမေသာကသိကဋ္ဌာ၊သာဟောတိ အမတပ္ပလာ၊ဧတံ

ကသိ ကသိတွာန၊သဗ္ဗဒုက္ခာပမုစ္စတိ။ ။ဤလေးဂါထာတို့ဖြင့် ပုဏ္ဏား မေးသောအကြောင်းကို ဖြေတော်မူ၏။ ။ဗြာဟ္မဏာ၊ ပုဏ္ဏား။ မောင့် အား။ သင်္ခါ၊ ဒိပက်ရာ မြတ်စွာဘုရား ခြေတော်ရင်း ဗျာဒိတ်ခံသည်မှ စ၍ရအပ်သော သင်္ခါတရားသည်။ ဗိဇ်၊ မျိုးစေ့မည်၏။ တပေါ၊ ဘုရား အဖြစ်သို့ရောက်ကြောင်းဖြစ်သော အကျင့်သည်။ ဝုဋ္ဌိ၊ မိုးရွာရေမည်၏။ မေ၊ငါ၏။ ပညာ၊ပညာသည်။ ယုဂနဂ်လံ၊ထွန်ပိုးထွန်တုံးမည်၏။ ဟိရိ၊ အကုသိလ်ဒုစရိုက်သုံးပါးတို့မှရှက်တတ်သော ဟိရိတရားသည်။ဤသာ၊ ထွန်ကိုင်း မည်၏။ မနော၊ ငါ၏စိတ်သည်။ ယောတ္တံ၊ ဘွဲ့ကြိုး မည်၏။ သတိ၊ ကုသိုလ်တရားခွဲ အဘန်တလဲလဲ အောက်မေ့ခြင်းသတိသည်။ ဖါလပါဇနံ၊ ထွန်သွားနှင်တံမည်၏။ ။ဗြာဟ္မဏာ၊ပုဏ္ဏား။ အဟံ၊သည်။ ကာယဂုတ္တော၊ ကာယဒုစရိုက်သုံးပါးမှစောင့်သည်ဖြစ်၏။ ဝစီဂုတ္တော၊ ဝစီဒုစရိုက်လေးပါးမှစောင့်သည်ဖြစ်၏။ ဥဒဂေ၊ ဝမ်းကျောင်းမှိုဝဲအပ်သော။ အာဟာရေ၊အစာခွဲ။ သံယတော၊စောင့်ရှောက်၏။ နိဒ္ဒါနံ၊စပါးကို ဖျက်တတ်သော ပေါင်းမြက်တို့ကို သင်သည် ရိတ်ဖြတ်သကဲ့သို့။ သစ္စံ၊ ကုသိုလ်ကိုဖျက်တတ်သော မုသာဝါဒကို သစ္စာစကားဖြင့် စွန့်ပစ်ခြင်းကို။ ကရောမိ၊၏။ ပမောစနံ၊ထွန်ပြီးသောနွားကိုသင်ဖြတ်သကဲ့သို့။မော၊ငါ၏။စိတ်၊သည်။သောရစ္စံ၊နိဗ္ဗာန်ခွဲမွေလျော်သည်ဖြစ်၍။ပမောစနံ၊ နိဗ္ဗာန်ကိုအာရုံပြုသဖြင့် လွတ်အပ်၏။ ။ဓုရဝေါရယှံ၊သင်၏နွားသည်ဝန်ကိုဆောင်ရွက်သကဲ့သို့။ မော၊ငါ၏။ ဝိရိယံ၊လုံ့လသည်။ယောဂက္ခေမံ၊ ယောဂတို့၏ကုန်ရာဖြစ်သော နိဗ္ဗာန်ဟူသောအသိုးကို။ အဓိဝါဟာနံ၊အလွန်ဆောင်လျက်။ ယတ္ထ၊အကြင်နိဗ္ဗာန်သို့။ ဂတ္ဘီဝ၊ရောက်၍။ နသောစတိ၊မစိုးရိမ်။ တတ္ထ၊ထို့နိဗ္ဗာန်သို့။ အနိဝတ္တန်၊တဘုန်မပြန်မူ၍။ ဂစ္ဆတိ၊၏။ ။ဗြာဟ္မဏာ၊ပုဏ္ဏား။ ဇဝံ၊ဤသို့။မော၊ငါသည်၊သောကသိ၊ဤအရဟတ္တဖိုလ်တည်းဟူသောလယ်ကို။ ကဋ္ဌာ၊ထွန်အပ်၏။ သာကသိ၊ ထိုအရဟတ္တဖိုလ် တည်းဟူသော လယ်သည်။ အမတပ္ပလာ၊ မသေသောနိဗ္ဗာန်ဟူသောအသီးရှိသည်။ ဟောတိ၊၏။ ဇေတံကသိ၊ ထိုအရဟတ္တဖိုလ်တည်းဟူသောလယ်ကို။ ကသိတွာန၊ ထွန်၍။ ကဿကော၊ ရဟန္တာပုဂ္ဂိုလ်တည်းဟူသောလယ်ထွန်ယောက်ျား၊သည်။ သဗ္ဗဒုက္ခာ၊ ခပ်သိမ်းသောဆင်းရဲအပေါင်းမှ။ပမုစ္စတိ၊လွတ်နိုင်၏။ ။

ဤဂါထာတို့ဖြင့် ဖြတ်စွာဘုရားသည်, ပုဏ္ဏားမေးသောအမေးကို။

ပုဏ္ဏားသည် မျိုးစေ့၊ ဓိဃိးရေ၊ ထွန်ပိုး၊ ထွန်တုံး၊ ထွန်ကိုင်း၊ ထွန်သွား၊ နွင်တံ၊ပေါင်းဖြက်ကိုရိတ်ဖြတ်ခြင်း။ နွားကိုလွှတ်ခြင်းတို့ဖြင့်လယ်လုပ်၍စားသကဲ့သို့ ငါသည်လည်း သဒ္ဓါမျိုးစေ့။အကျင့်တည်းဟူသော ဓိဃိးရေ။ ပညာဟူသောထွန်ပိုးထွန်တုံး။ ဟိရိဟူသောထွန်ကိုင်း။စိတ်ဟူသောကြိုး။ သတိဟူသောထွန်သွားနွင်တံ။ သစ္စာဟူသော ထားဖြင့်မုသာဝါဒအကုသိုလ်ကိုဖြတ်ခြင်း။ ရာဂဒေါသမောဟတို့ကိုလွှတ်ခြင်းဖြင့် အရဟတ္တဖိုလ်ဟူသော လယ်ကို လုပ်ဆောင်၍၊ နိဗ္ဗာန်တည်းဟူသော အမြိုက်သီးကို ငါဘုန်းပေးဏ်။ သင်လယ်လုပ်၍ စားခြင်းသည်ကား မွတ်သိပ်ခြင်းအစရှိသောဘေးမှမလွတ်။ ငါကဲ့သို့အရဟတ္တဖိုလ်တည်းဟူသောလယ်ကိုလုပ်၍စားတတ်သော ရဟန္တာတည်းဟူသောလယ်လုပ်ပုဏ္ဏားသည် ခပ်သိမ်းသောဆင်းရဲမှလွတ်နိုင်ဏ်ဟု ဖြေတော်မူဏ်။ ။ထိုစကားကို ကြားသောအခါ ကသိဘာရဒွါဇ ပုဏ္ဏားသည် ငါလယ်လုပ်၍ရသော စပါးကို စား၍ကား။ တနေ့ဖိုးသောက်ဒွိပင်လျှင်မွတ်သိပ်ခြင်းစသောဆင်းရဲသည်ဖြစ်ဏ်။ အရှင်ဂေါတမလုပ်သော အရဟတ္တဖိုလ် တည်းဟူသော လယ်သည်ကား နိဗ္ဗာန်ဟူသော အသီးကိုဆောင်ဏ်၊ နိဗ္ဗာန်ဟူသောအသီးကိုစား၍ အရှင်ဂေါတမသည် အလုံးစုံသော ဆင်းရဲမှလွတ်ဏ်ဟာ ဆို၍၊ သဒ္ဓါကြည်ညိုခြင်းဖြစ်သဖြင့် ထိုအကြောင်းကို မြတ်စွာဘုရားအား သိစေခြင်းငှါ ထိုပုဏ္ဏားသည် တင်လဲထောပတ် ပျား သကာတို့ဖြင့် ဆန်းကြယ်စွာပြုအပ်သော နွားနွားကိုအာဘိုးတသိန်းထိုက်သော ရွှေခွက်၌ပြည့်စေ၍ ဘွဲ့ဖြူပုဆိုးဖြင့် ဖုံးအုပ်၍ မြတ်စွာ ဘုရားသို့ ရှေးရှု ဆောင်ခဲ့၍။ အရှင်ဂေါတမ၊ အရှင်ဂေါတမသည် အကြင်ကြောင့်နိဗ္ဗာန်တည်းဟူသောအသီးရှိသောလယ်ကိုထွန်တတ်ဏ်။ ထိုကြောင့် နိဗ္ဗာန်တည်းဟူသောအသီးရှိသောလယ်ကို ထွန်တော်မူတတ်သောအရှင်ဂေါတမသည် ဤနွားကိုဘုန်းပေးတော်မူပါဟု ဆို၍။ ဘုဉ္ဇတုဘဝံဂေါထမော-စသော စကားဖြင့် မြတ်စွာဘုရားအား ရွှေခွက်နှင့်တကွသော နွားကို ကပ်ဏ်။ ။ထိုအခါ၌ မြတ်စွာဘုရားသည်။ ဂါထာဘိဂီတံ မေ အဘောစနေယျံ၊ အစရှိသော ဂါထာကိုရွတ်ဏ်။ ။ပုဏ္ဏား၊ ဂါထာတို့ဖြင့် အလွန်ဆသောဘုရားဂုဏ်ကိုဆို၍ ရအပ်သောဘောဇဉ်သည် အာဇီဝပါရိသုဒ္ဓိကိုရှုသော ဘုရားတို့အားဘုန်းပေးခြင်းငှါ မထိုက်။ ထို့သို့ သဘောရှိသော ဂါထာတို့ဖြင့် ဆို၍

ရအပ်သောအစာကိုစား၏။ ဤသို့သဘောရှိသောအကျင့်သည် မြတ်စွာဘုရားတို့၏အကျင့်မဟုတ်။ ထိုကြောင့် ဂါထာကိုဆို၍ရအပ်သော အစာကို ဘုရားတို့သည် မဘုန်းပေးကုန်ဟု မိန့်တော်မူ၍၊ များစွာသော ဘုရားကျေးဇူးတော်တို့ကို ပြတော်မူ၍၊ ထိုပုဏ္ဏားကပ်လှူသော ဃနာကိုပယ်တော်မူ၏။ ။ထိုအခါအရှင်ဂေါတမ၊ ဤဃနာကို အဘယ်သူအားလှူပါရအံ့နည်းဟုလျှောက်လျှင် မြတ်စွာဘုရားလည်း။ ပုဏ္ဏား၊နတ်နှင့် တကွသော လောကဌိုင်း။ ဗြဟ္မာနှင့် တကွသော လောကဌိုင်း။ ရဟန်းပုဏ္ဏားနှင့် တကွသော သတ္တဝါဌိုင်း။ နတ်နှင့်တကွသော လူဌိုင်း။ အကြင်သူသည်ဤဃနာကိုစား၏။ ဘုရားကိုဂုဏ်း၊ဘုရားတပည့်ကိုဂုဏ်းကြည်၍ ထိုစားသောသူအား အစာကြေခြင်းသို့ရောက်ရာ၏။ ထိုသူကိုငါမကြင်။ ပုဏ္ဏား၊ သင်သည်ဤဃနာကို မြက်မရှိရာဒေသရပ်ဌိုင်း၊ ပိုး မင့် ၊သာရေဌိုင်း သွန်လော့ဟု မိန့်တော်မူ၏။ ကသိဘာရဒွါဇပုဏ္ဏားသည် ထိုဃနာကို ရေဌို သွန်လေသော် ျပစ်ျပစ်မြည်၍ အငိုးထွက်၏။ ပုဏ္ဏားသည် ထိုအသံကိုကြား၍ ထိုအငိုးကိုမြင်၍ ထိတ်လန့်သောစိတ်ရှိသည်ဖြစ်၍ ကြက်သီးမွေးညှင်းထသည်ဖြစ်၍ မြတ်စွာဘုရားသို့ ကပ်လာ၍ ခြေတော်ဌိုဉီးဖြင့်ဝပ်၍။ အရှင်ဂေါတမ၊ အလွန်နှစ်ြိုးဖွယ်ရှိစွ။ အရှင်ဂေါတမသည်မြော်၍ထားသေးဝယ်ထွက်ကိုလှန်သကဲ့သို့၊ဖုံးလွှမ်း ၎ ၂၁ ဝယ်ထွက်ကို ဘွင့်သကဲ့သို့၊ ခရီးမှားဝ ၊ သူကို ခရီးမှန်ကို ကြား သကဲ့သို့၊ အဓိကိ်တိုက်ဌိဆိမိုးကိုထွန်းသကဲ့သို့၊ စက္ခု၊အမြင်နှင့်ပြည့်စုံသောသူတို့သည် အဖြူ အနီ စသော အဆင်းတို့ကို မြင်ကုန်သကဲ့သို့၊ ထို့အတူအရှင်ဂေါတ့မသည်များစွာသောဒေသနာတော်ဖြင့်တရားကို ပြတော်မူပေ၏။ အရှင်ဂေါတမကို ကိုးကွယ်ရာဟူ၍ အကျွန်ုပ် သို့၏။ တရားတော်ကိုဂုဏ်း၊ သံဃာတော်ကိုဂုဏ်း ကိုးကွယ်ရာ ဟူ၍ အကျွန်ုပ်သို၏။အရှင်ဂေါတမအထံဌိုရဟန်းအဖြစ်ကိုအ့ကျွန်ုပ်သည်ရပါလို၏၊ဟု လျှောက်၏။ ကသိဘာ၁ရဒွါဇပုဏ္ဏားသည် မြတ်စွာဘုရားအထံဌိုရဟန်း အဖြစ်ကို ရလေ၏။ ရဟန်းဖြစ်၍ မကြာမြင့်မီ ဆိတ်ငြိမ်ရာသို့ ကပ်၍ ကမ္မဋ္ဌာန်းဘာဝနာနှင့် ယှဉ်သည်ဖြစ်၍ ရဟန္တာအဖြစ်သို့ ရောက်လေ၏။ ။ဤသို့အစရှိသော မျှားစွာသောတရားဒေသနာတော်ဖြင့် မျှားစွာသော လူ နတ် ဗြဟ္မာတို့ကို ကယ်ချွတ်တော်မူလျက် ဒက္ခိဏာဂိရိကျောင်းဌိုနာဌပုဏ္ဏားရွာကိုဆွမ်းအဖို့ပြု၍ ဇေတဝနသမဝါဆိုတော်မူ၏။

၄။ ဒွါဒသမဝါ၊ ဝေရဉ္ဇပြဉ္ဇဝါဆိုတော်မူရာ။
မာရ်လျှည့်ပတ်သဖြင့်ဆွံ့ရှားတော်မူခြင်း။ မြေကြီးကို
အောက်အထက်လှန်ရန်၊ မြေဝံကျွန်းသို့ဆွမ်းခံရန်၊ ရှင်မောဂ္ဂလာန်
တောင်းပန်ခြင်း၊ သာဝကတို့အားသိက္ခာပုဒ်ပညတ်ရန်
ရှင်သာရိပုတြာတောင်းပန်ခြင်းတို့ကိုပြရာ။

ဒွါဒသမဝါကိုဝေရဉ္ဇပြည့်ဒွဝါဆိုတော်မူသောအကြောင်းကား။ ။ ကောဒသမဝါကျတော်တော်မူ၍ဒေသစာရီကြွတော်မူသော် ကောသလတိုင်း၊ သေတဗျာမြို့သို့ရောက်၍ သီတင်းသုံးနေတော်မူသောအခါ။ ဝေရဉ္ဇမဏ္ဍားသည် တစုံတခုသောပြဿနာယဉ်ကိစ္စဖြင့် သေတဗျာမြို့သို့လာ၍ မြတ်စွာဘုရားကိုဖူးတွေ့သဖြင့် ပင့်ဘိတ်လေသောကြောင့် ဝါနိုးသောကာလ၌ ငါးရာသော တပည့်ရဟန်းတို့နှင့်တကွ ဝေရဉ္ဇပြည်သို့ ကြွတော်မူ၍။ ဝေရဉ္ဇပြည်မှ မနီးမဝေးဖြစ်သောအရပ်၌၊ နဋ္ဌရုအမည်ရှိသောဘိလူးသည် သိမ်းဆည်းအပ်သောတမာပင်ရင်း၌ တဲနေတော်မူတော်မူ၏။ ထိုအခါ ဝေရဉ္ဇပုဏ္ဏားသည် သာကီဝင်မင်းသားဖြစ်သော အရှင်ဂေါတမသည် ဝေရဉ္ဇမြို့၌ နဋ္ဌရုဘိလူးသည် သိမ်းဆည်း အပ်သော ဝ. ၁ာပင်ရင်း၌ ငါးရာကဲ့နှင့်သော ရဟန်းတို့နှင့်တကွ နေတော်မူတော်မူ၏။ ထိုအရှင်ဂေါတမ၏။ ဣာဒိဝိဓိ သောဘဂဝါ အရဟံ၊သမ္မာသမ္ဗုဒ္ဓေါ၊ဝိဇ္ဇာစရဏသမ္ပန္နော၊ သုဂတော၊ လောကဝိဒူ၊ အနုတ္တရောပုရိသဒမ္မသာရထိ၊ သတ္ထာဒေဝမနုဿာနံ၊ ဗုဒ္ဓေါဘဂဝါ-ဟူသောကိုးပါးသောဂုဏ်တော်တို့ဖြင့် ကျော်စောသောအာဝံသည့် ဖြာဝှေ့ပြည့်တိုင်အောင်နှံ့၍ တက်၏။ ထိုမြတ်စွာဘုရားသည် ဤပရိပွုန်လောကကိုဂုဏ်း။ တမလွန်လောကကိုဂုဏ်း။ကိုယ်တိုင်သိ၍မျက်မှောက်ပြု၍ တရားဟောတော်မူ၏။ ထိုမြတ်စွာဘုရားသည်၊ အစ၊ အလယ်၊ အဆုံး၊ သုံးပါးသောကောင်းခြင်းနှင့် ပြည့်စုံသော၊ အနက်သဒ္ဒါနှင့်တကွ ဖြစ်သော အလုံးစုံပြည့်စုံသောတရားကိုဟောတော်မူ၏။ ခရုံသင်းပွတ်သစ်ကဲ့သို့ထက်ဝန်းကျင်စင်ကြယ်သော၊ မြတ်သောအကျင့်ကို ထင်ရှားပြတော်မူ၏။ ထိုသို့သောဘောရှိကုန်သော ရဟန္တာပုဂ္ဂိုလ်တို့အား ဖူးမြင်ရခြင်းသည် ကောင်းသည်သာလျှင်တည်းဟု ကြားသည်ဖြစ်၍ မြတ်စွာဘုရား ရှိတော်မူရာသို့ ကပ်လာ၍ မြတ်စွာဘုရားနှင့် ဝမ်းမြောက် ဝမ်းသာ တသက်လျှာ

အောက်မေ့အပ်သော စကားကို ပြောပော၍ တင့်အပ်သောအရပ်၌ နေ၏။ ။

ထိုနောက်၊ ထိုပုဏ္ဏားသည် ဖိုမိအား ခရီးဦးကြိုခြင်း၊နေထုခင်းခြင်း အစရှိသောဂုဏ်ပစာယိကဝတ် မပြုသည်ကို နှလုံးသွင်း၍။ အရှင်ဂေါတမ၊ အရှင်ဂေါတမသည် အသက်ကြီးကုန်သော၊တတိယအရွယ်သို့ ရောက်ကုန်ပြီးသော၊ မင်းတဆက်နှစ်ဆက် လည်ကုန်ပြီးသော ပုဏ္ဏားတို့ကိုခရီးဦးမကြို၊ နေရာဖြင့်မတိတ်၊ရှိမခိုး။ ဤသို့သောစကားကိုကြား ရ၏။ ထိုသို့ကြားတိုင်းမှန်၏။ ဤသို့သောစကားကိုလျှောက်၍။ မြတ်စွာဘုရားမိန့်တော်မူ၏။ ပုဏ္ဏား၊အလုံးစုံသောလောက၌ လာခြင်းကောင်းသော ငါဘုရား ခရီးဦးကြိုထိုက်သော သူကိုဂုဏ်း။ နေရာဖြင့် ဘိတ်မန်ထိုက်သောသူကိုဂုဏ်းမမြင်။ပုဏ္ဏား၊ဤလောက၌ အကြင်သူကို ငါ့သည် ရှိမူလည်းခိုးငြားအံ့။ နေရာဖြင့်မူလည်း ဘိတ်ငြားအံ့။ ထိုသူ၏ ဦးဇော်ခြင်းသည် ကြွေကျရာ၏ဟု မိန့်တော်မူလျှင်။ အရှင်ဂေါတမသည် သာမဂ္ဂိရသကင်း၏ဟု ပုဏ္ဏားငေါ့ကျောက်ပြန်၏။ ပုဏ္ဏား၊ အကြင်အကြောင်းဖြင့် ဆိုလိုသော သူသည် ငါ့ကို အရှင်ဂေါတမသည် သာမဂ္ဂိရသ မရှိဟု ဆိုရာ၏။ ထိုအကြောင်းသည်ငါ၌ရှိ၏။ ပုဏ္ဏား၊ အကြင်ရူပါဓုံ၌သာယာခြင်း၊ သဒ္ဒါဓုံ၌သာယာခြင်း အစရှိကုန်သော ရူပရသအစရှိကုန်သော တဏှာတို့သည်ရှိကုန်၏။ ထိုရူပတဏှာ သဒ္ဒါတဏှာ ရသတဏှာအစရှိသည်တို့ကို ငါဘုရားသည်ပယ်အပ်ကုန်ပြီ။ တဘန်မဖြစ်ခြင်းသို့ရောက်ကုန်ပြီ။ ပုဏ္ဏား၊ အရှင်ဂေါတမသည် သာမဂ္ဂိရသ မရှိဟု အကြင်အကြောင်းဖြင့်ဆိုလိုသောသူသည်ငါ့ကိုဆိုရာ၏။ထိုအကြောင်းသည် ငါ၌ရှိ၏။ ပုဏ္ဏား၊ သင်သည်ကား ငါ့အားအညီအညွတ်ပြုရာသော ဝတ်မှုရှိသည်ကိုရည်၍ သာမဂ္ဂိရသမရှိဟုဆို၏။ ထိုအကြောင်းသည် ငါ့အား မရှိဟုမိန့်တော်မူ၏။ ။ထိုဇနာက်မှတဘန်၊နိဂ္ဂ္ဍောဂေါဘဝံဂေါတမေ၊ အစရှိသောစကားကို ဆိုပြန်၏။ ထိုသို့ ပုဏ္ဏား များစွာဆိုသော စကားကို တပါး တပါးသော အကြောင်းဖြင့် မိန့်တော်မူ၍ ပယ်တော်မူပြီးသောအဆုံး၌။ ခုနစ်လုံးရှင်လုံးသော ကြက်ဥတို့စွင် အကြင်ကြက်သူငယ်သည် ခြေသည်းနှုတ်သီးတို့ဖြင့်ဥခွံကိုဘောက်၍ ရှေးဦးစွာပေါက်၏။ ထိုကြက်သူငယ်ကို နောံမှပေါက်ကုန်သောကြက်သူငယ်အပေါင်းတို့ထက် အကြီးဟူ၍ဆိုအပ်သကဲ့သို့။ လောကကို ဖုံးလွှမ်းအပ်သော

အဝိဇ္ဇာတည်းဟူသော ဥခွံကို ညဉီးယံ၌ ရအာပ်သော ကိုယ်တော်၏ ရှေး၌ နေဘူးသော ခန္ဓာကို သိခြင်း ဟူသော ပုဗ္ဗေနိဝါသာနုဿတိ ဉာဏ်တည်းသောဝိဇ္ဇာ။ သန်ခေါင်ယံ၌ရအာပ်သော သတ္တဝါတို့၏စုတိ ပဋိသန္ဓေကို သိခြင်းဟူသောဒိဗ္ဗစက္ခုဉာဏ်ဟူသောဝိဇ္ဇာ။ ဗိုးသောက် ယံ၌ရအာပ်သော အာသဝေါတရားလေးပါးကိုကုန်စေတတ်သောအရ ဟတ္တမဂ်ဉာဏ်ဟု ဆိုအပ်သော အာသဝက္ခယဉာဏ်ဟူသော ဝိဇ္ဇာ။ ဤဝိဇ္ဇာဉာဏ်သုံးပါးတို့ဖြင့် ဘောက်၍ လောကသုံးပါးတို့၏ ရှေဦးစွာ ဆိုအပ်ပြီးသော ကိစ္စသုံးပါးကို ပြီးစေသည်၏ အဖြစ်ကြောင့် ငါသာလျှင် လောကသုံးပါးတို့ထက်ကြီးတော်မူ၏ဟူ၍ လောကထက် ကိုယ်တော်၏ကြီးမြတ်တော်မူသောအဖြစ်ကို ဟောပြတော်မူသော်။ အရှင်ဂေါတမသည်၌ လောကထက် ကြီးတော် မူ၏။ မြတ်တော် မူ၏။ ဘုန်းတော်ကြီးသော အရှင်ဘုရား၊ အလွန်နှစ်လိုဘွယ်ရှိစွ။ မြောက်၍ထားသောဝတ္ထုကိုလွန်သကဲ့သို့။ ဗုံးလွှမ်းသောဝတ္ထုကိုဘွင့်သကဲ့သို့။ ခရိုးခွံတွေဝေသော သူကို ခရိုးကိုကြားသကဲ့သို့။ အဓိက်တိုက်ခွဲ ဆိဒိုးကို ထွန်းသကဲ့သို့။ မျက်စိ အမြင်ရှိသော သူသည် ရူပါရုံကို မြင်သကဲ့သို့။ ထို့အတူ အရှင်ဂေါတမသည် များစွာသော အကြောင်းဖြင့် တရားကို ထင်ရှား ပြတော်မူ၏။ အာကျွန့်ပ်သည် အရှင် ဂေါတမကိုလည်း၊ တရားတော်ကိုလည်း၊သင်္ဃာတော်ကိုလည်းကိုးကွယ်ရာဟူ၍မှတ်ပါ၏။ ယနေ့ကို အစပြု၍ အသက်ရှည်သမျှကာလပတ်လုံး ရတနာသုံးပါးကိုကိုးကွယ် သောဥပါသကာဟူ၍ အကျွန်ုပ်ကိုအရှင်ဂေါတမသည်မှတ်တော်မူစေ ချင်၏။ ငါးရာသော ရဟန်းတို့နှင့်တကွ မိုးယံးသုံးလပတ်လုံး ဤဝေရဉ္ဇ ပြည်၌နေခြင်းကိုသည်းခံတော်မူပါဟုလျှောက်၏။ မြတ်စွာဘုရားသည် ဆိတ်ဆိတ်နေသဖြင့် ဝန်ခံတော်မူ၏။ မြတ်စွာဘုရား ဝန်ခံသောအဖြစ် ကို ထိုပုဏ္ဏားသည်သိမြင်၍ နေရာမှထ၍ မြတ်စွာဘုရားကို လက်ျာရစ် ထသည့်သည်ကိုပြု၍ရိုသေစွာရှိခိုး၍သွားလေ၏။ ။

မြတ်စွာဘုရားသည် ငါးရာသောရဟန်းတို့နှင့်တကွ ဝေရဉ္ဇပုဏ္ဏား သည်ဘိတ်မန်အပ်သည့်ဖြစ်၍။ ထိုဝေရဉ္ဇပြည်၌ဝါကပ်တော်မူ၏။ ထို အခါ ဝေရဉ္ဇပြည်၌ မိုးယံးခေါင်သည်ဖြစ်၍ ဇော်မွတ်ခြင်းသည်ဖြစ်၏။ အရိုးပွေးပွေးပြူအောင်သေ၏။ သေရအံ့လော့၊ ရှင်ရအံ့လောဟု နှစ်ခွရှိ ၏။တရက်ချန်နှစ်ရက်ချန်စာမရှ၏။ဆင်းရဲစွာအသက်မွေးရ၏။အရိယာ

တို့အား ဆွမ်းခံခြင်းဖြင့် မျှအုံ့သောဌါမတတ်နိုင်။ ထိုရောအခါ ဥတ္တရာပထမမှ မြင်းကုန်သည်ငါးရာတို့သည်မြင်းငါးရာတို့နှင့်တကွဝေရဉ္ဇပြည်၌ ဓိုးလန်းနေခြင်းသို့ ဇရာက်ကြလေကုန်၏၊ ထိုမြင်းကုန်သည်တို့သည် မြင်းတင်းကုပ်တို့၌ ထို ငါးရာသော ရဟန်းတို့အား လှူအုံ့သောဌါ တယောက်မျှလောက်ရုံ၊ တယောက်မျှလောက်ရုံ၊ တကွမ်းစားမျှလောက် သောမုယောဆန်ကိုထားကုန်၏။ ရဟန်းတို့သည် နံနက်စောစော သပိတ်သင်္ကန်းကိုယူကုန်၍ ဝေရဉ္ဇမြို့သို့ဆွမ်းခံဝင်၍ ဆွမ်းကိုမရကုန်။ အာယုတ်သဖြင့်ကန်တော့၏ ဟူသောစကားကိုမျှမရကုန်သည်ဖြစ်၍ မြင်းတင်းကုပ်တို့သို့ဆွမ်းခံသွားကုန်၍ တကွမ်းစားမျှသော မုယောဆန်ကိုရကုန်သဖြင့် နေရာသို့ဆောင်ကုန်၍ ဆုံငယ်၌ထောင်း၍ ဘုန်းပေးကုန်၏။ထိုမထေရ်တို့အား တစုံတယောက်သောကပိုယကာရကသည်မရှိကုန်။ ထိုတကွမ်းစားမျှသော မုယောဆန်ကို အကြင်ရဟန်းသည်မဲ့၍၊ ယာဂုကိုၿငင်း၊ ထမင်းကိုငုင်းချက်ရာ၏။ ဤသို့ချက်ခြင်းသည် ပေါ့သော အာသက်မွေးခြင်းသည်မဖြစ်။ ကိုယ်တိုင်ချက်ခြင်းမှ လွတ်စေသတည်းဟု ဥစ္စာပါးသောရဟန်းတို့သည်ၿငင်း။တကျိပ်သောရဟန်းတို့သည်ၿငင်း တပေါင်းတည်းဖြစ်ကုန်၍ဆုံငယ်၌ထောင်းကုန်၍ညက်ပြီးသော် စုဝေး၍မိမိအဘို့ကိုရေဖြင့်ဖျော်၍ ဘုန်းပေးကုန်၏။ဤသို့ဘုန်းပေးကုန်သည်ဖြစ်၍ကြောင့်ကြမဲ့ဖြစ်၍ ရဟန်းတရားကိုပြုကုန်၏။မြတ်စွာဘုရားအားကား။မြင်းကုန်သည်တို့သည် တကွမ်းစားမျှသော မုယောဆန်ကိုၿငင်း၊ ထိုဆန်နှင့် လျော်ပတ်ရုံ ထောပတ်ပျားသကာကိုၿငင်း လှူကုန်၏။ ထိုမုယောဆန်ကိုအရှင်အာနန္ဒာလည်ဆောင်၍ကျောက်ပြင်၌ကြိတ်၍ဆန်ညက်ကိုထောပတ်ပျားသကာတို့နှင့်ယှဉ်၍ မြတ်စွာဘုရားအားကပ်၏။ ဘုန်းရှိသော ပညာရှိသောသူတို့၏ပြုအပ်သော အာဟာရသည် နှစ်သို့ဘွယ်ရှိသည်သာ ဖြစ်၏။ မြတ်စွာဘုရား သက်တော်၌ ထိုအာဟာရ၌နတ်တို့သည်နတ်ဩဇာကိုထည့်ကုန်၏။ ဤတိုင်းနေ့တိုင်းဤသို့သဘောရှိသောအာဟာရကိုဘုန်းပေးတော်မူ၍ သမာပတ်ဝင်၍ နေတော်မူ၏။ ထိုနေ့မှစ၍ မြတ်စွာဘုရားဆွမ်းရပ်တော်မမူ။ ။မြတ်စွာဘုရားအား ပဌမဇေါဓိ၌ အဝါနှစ်ဆယ်အတွင်း မြဲသောအလုပ်အကျွေးတပည့်မည်သည်မရှိ။ ရံခါရံခါ နာဂသမာလထေရ် အစရှိသည် အလုပ်အကျွေးရှိကုန်၏။ အရှင်အာနန္ဒာသည် အမြဲလုပ်ကျွေးခြင်းကိုမရသေး။ ဤသို့သ

ဘောဂိသောအရာတို့ဥစ္စာအာနန္ဒာသည် သင့်တင့်လျော်ပတ်၏ဟုသည်းခံတော်မူ၏။ ။မွတ်သိပ်သောအခါ၌လူတို့သည် ကောင်းမှုကုသိုလ်ကိုလွန်စွာဆေားထုတ်ကုန်၍။ မိမိတို့သည်မစားမူ၍ ရဟန်းတို့အားလှူအပ်သည်ကိုအောံမေ့ဟုန်လျက်။ထိုအခါ၌ထိုလူတို့သည် အဘယ်ကြောင့် တယောက်မမျှသောဆွမ်းတို့မျှလည်း ပယ္လကုန်သနည်း။ ဝေရဉ္ဇပုဏ္ဏားသည် ကြီးစွာသော အားထုတ်ခြင်းဖြင့် မြတ်စွာဘုရား ဝါဆိုတော်မူခြင်းကို တောင်းပန်၏။ ထိုသို့လျက် အဘယ်ကြောင့် ထိုပုဏ္ဏားသည် မြတ်စွာဘုရား ဂိုတော်မူသည်၏ အဖြစ်ကိုမျှ မသိသနည်း ဟူမူကား။ မာရ်နတ်သားသည်လှည့်ပတ်လေသောကြောင့် လူတို့သည်လည်း တယောက်မသောဆွမ်းကိုမျှမပယ္လကုန်။ဝေရဉ္ဇပုဏ္ဏားသည်လည်းမြတ်စွာဘုရား ဂိုတော်မူသည်၏အဖြစ်ကိုမျှ မအောက်မေ့မိသတည်း။ မြတ်စွာဘုရားအထံမှဘဲကာမျှဖြစ်သော ဝေရဉ္ဇပုဏ္ဏစေးကိုဂင်း။ ဝေရဉ္ဇပြည်သူအလုံးကိုဂင်း။ မြို့ထက်ဝန်းကျင်တယူဇနာမျှသော ဆွမ်းခံသွား၍ပြန်မိကောင်းသောအရပ်၌နေသောသူတို့ကိုဂင်း။ ထိုအလုံးစုံကို မာရ်လှည့်ပတ်၍တွေဝေစေ၍။ ခပ်သိမ်းသောသူတို့အား မမှတ်မိသည်၏အဖြစ်ကိုပြု၍ မာရ်နတ်သားဘဲလေ၏။ ထိုကြောင့် တစုံတယောက်သောသူသည်မျှ မြတ်စွာဘုရားကိုအရိုအသေပြုအပ်သောအဖြစ်ကိုမျှမအောက်မေ့မိ။ ။ဤတဆဲ့တဝါမြောံနှစ်၌မြတ်စွာဘုရားသည် ဥတ္တရကုရုကျွန်းသို့ဂင်း၊တာဝတိံသာသို့ဂင်းသွား၍ ဝါဆိုတော်မူငြားအံ့။ ထိုအရပ်တို့၌လည်း လူနတ်တို့ကို မာရ်သည်လှည့်ပတ်ရာ၏၊ ထိုနှစ်၌မာရ်နတ်သည် မြတ်စွာဘုရား၌ ရန်ငြိုးဘွဲ့ခြင်းပြင်းပေသာစိတ်ရှိ၏။ ဝေရဉ္ဇပြည်၌ဝါဆိုသော်တမူကား။ ဥတ္တရာပထဝမှ လာကုန်သော မြင်းကုန်သည်တို့သည် ရဟန်းတို့အားချီးမြှောံခြင်းကိုပြုကုန်လတ္တံ့ဟု အလွန်သောအကြောင်းကို မြင်တော်မူ၍၊ ထိုဝေရဉ္ဇပြည်၌သာလျှင် ဝါဆိုတော်မူသတည်း။ ထိုမြင်းကုန်သည်တို့ကား မစရိလှည့်ပတ်ပြီးသော အဆုံးမှရောက်လာကုန်၏။ ထိုကြောင့် တဘန်ပြန်၍လှည့်ပတ်အံ့သောငှါမဝံ့သောကြောင့် မလှည့်မတ်သတည်း။ ။ထိုအခါ မြတ်စွာဘုရားသည် အာရှင်အာနန္ဒာကိုခေါ်၍။ အာနန္ဒာ ဆုံငယ်ထောင်းသော အာသံသည် အကြောင်းအဘယ်နည်းဟု မေးတော်မူ၏။ အာရှင်အာနန္ဒာလည်း ထိုအကြောင်းကိုဘုရားအားကြားလျောကို၏။ အာနန္ဒာ၊ကောင်းစွကောင်းစွ။အာနန္ဒာ၊သူ

တော်ကောင်းဖြစ်ကုန်သောသင်တို့သည် ဤသို့ရခဲသော ဆွမ်းရှိသော မွတ်သိပ်သောကာလ၌ ဤသို့သဘောရှိသော အသက်မွေးခြင်းရှိသည့် ၏အဖြစ်ဖြင့်ဂုဏ်း၊ ပေါ့သော အသက်မွေးခြင်း ရှိသည်၏အဖြစ်ဖြင့်ဂုဏ်း မွတ်သိပ်ခြင်းကို အောင်၏။ နောင်သောအခါ၌ ငနဲဂေါက်ဖြစ်သောရဟန်း အပေါင်းသည် သားငြိမ်းသဖွေးဆွမ်းကို မထေမဲ့မြင် ပြုကုန်လတ္တံ့.ဟု ဒိန့်တော်မူ၏။ ။

ထိုအခါ အရှင်မောဂ္ဂလာန်သည် မြတ်စွာဘုရားသို့ကပ်၍ တင့်အပ် လျောက်ပတ်သောအရပ်၌နေလျက် ရိုသေစွာရှိခိုး၍။ရှင်ပင်ဘုရား၊ယခု အခါ၌ ဝေရဉ္ဇပြည်သည် မွတ်သိပ်၏။ သဒိတ်လက်စွဲသဖြင့် အသုဘ် မွေးခြင်းငှါမပြုလွယ်။ ရှင်ပင်ဘုရား၊ ဤမြေကြီး၏အောက်အပြင်ဆယ် ပျားငယ် မရှိသော ပျားသလက်ကဲ့သို့ အရသာနှင့် ပြည့်စုံ၏၊ ရှင်ပင် ဘုရားကို အကျွန်ုပ်သည် တောင်းပန်ပါ၏။အကျွန်ုပ်သည်ထိုမြေကြီးကို အထက်အောက်လှန်ပါအံ့။ ဤသို့ လှန်ပြန်သဖြင့် ထိုမြေကြီး၌ မြေလွှာ သြဇာကို ရဟန်းတို့သည် ဘုန်းပေးရကုန်လတ္တံ့.။ ဤသို့မြတ်စွာဘုရား ကိုလျောက်၏။ မောဂ္ဂလာန်၊သင်သည် မြေ၌နေသောသတ္တဝါတို့ကိုအ ဘယ်သို့ပြုအံ့နည်းဟုမိန့်တော်မူ၏။ ရှင်ပင်ဘုရား။ အကျွန်ုပ်သည် လက် တဘက်ကို မြေဘန်ဆင်းအံ့။ မြေ၌နေသော သတ္တဝါတို့ကို ဘန်ဆင်း သောမြေ၌နေစေ၍လက်တဘက်ဖြင့်မြေကိုလှန်အံ့ဟုလျောက်၏။ မောဂ္ဂ လာန်၊ မြေကိုလှန်ခြင်း၌မနှစ်သက်လင့်။ သတ္တဝါတို့သည် ဘေဂျ်ပြန် သောအယူသို့ရောက်ကုန်ရာ၏။ဤသို့ပယ်တော်မူ၏။ရှင်ပင်ဘုရား၊နဒ္ဒ ရာဘီလူးသည် သိမ်းဆည်းအပ်သောတမာပင်မှဥတ္တရကုရုကျွန်းသို့ဇရုး ရွာခရီးကိုဘန်ဆင်း၍ ဥတ္တရကုရုကျွန်းကို အလားအလာနှင့်ပြည့်စုံသော အရပ်၌ ဘန်ဆင်း၍အဲ့ကျွန်ုပ်ပြအံ့။ ရဟန်းအပေါင်းသည် ဥတ္တရကုရု ကျွန်းသို့ဆွမ်းခံသွားရလတ္တံ့.။ ဤသို့လျောက်၏။ မောဂ္ဂလာန်၊ဥတ္တရကုရု ကျွန်းသို့ ရဟန်းအပေါင်း၏ဆွမ်းခံသွားခြင်းကိုသင်မနှစ်သက်လင့်။ ဤ သို့ပယ်တော်မူ၏။ ။ထိုအခါအရှင်သာရိပုတြားသည် မြတ်စွာဘုရား အားသိက္ခာပုဒ်ပညတ်ဟော်မူပါမည်အကြောင်းကို.တောင်းပန်၏။ ထို အခါ မြတ်စွာဘုရားသည်၊ သာရိပုတြား၊ငုံဦး။ သာရိပုတြား၊ ငါဘုရား သည်သာလျှင် သိက္ခာပုဒ်ပညတ်သောအခါကိုသိလတ္တံ့.ဟု ဒိန့်တော်မူ

၍ သာဂိုပုတြော၊ရဟန်းအပေါင်းသည် ကင်းသောဘေးရန်ဂို၏။ ကင်းသောအပြစ်ဂို၏။ ဤငါးရာသောရဟန်းအပေါင်းတို့တွင်အဆုံးစွန်ဂုဏ်ဖြင့်ငယ်သောရဟန်းသည် သောတာပန်လျှင်တည်း။ ထိုသောတာပန်သည် မပျက်စီးသေဘာရှိ၏။ အထက်မဂ်လျှင် လည်းလျှောင်းရာဂို၏။ဤသို့ပဒိန့်တော်မူ၏။ ။

ထိုအခါမြတ်စွာဘုရားသည် အဂ္ဂဉ်အာနန္ဒာကိုခေါ်၍ ပဒိန့်တော်မူ၏။ အာနန္ဒာ၊ အကြင်သူတို့သည် ဘိတ်အပ်သည်ဖြစ်၍ မြတ်စွာဘုရားတို့သည်ဓိဃိသိုးလေခြင်းကိုနေကုန်၏။ ထိုဘိတ်သောသူတို့ကို မပန်မူ၍ ဒေဝဒတ္တသာဓိမသွားကုန်။ ဤကားဘုရားတို့၏အလေ့အကျက်တည်း။ အာနန္ဒာ၊ ငါတို့သွားကုန်အံ့။ ဝေရဉ္ဇပုဏ္ဏားကိုပဒိန့်ကုန်အံ့ဟု ပဒိန့်တော်မူ၏။ အဂ္ဂဉ်အာနန္ဒာလည်း။ ဂုဏ်ပင်ဘုရား၊ ဤသို့ပန်ခြင်းသည် ကောင်း၏ဟု ဝန်ခံ၍မြတ်စွာဘုရားသည်သဝိတ်သက်နိုးကိုယူတော်မူ၍ ဂုဏ်အာနန္ဒာလျှင်နောက်လိုက်ရဟန်းဂိုသည်ဖြစ်၍ ဝေရဉ္ဇပုဏ္ဏားအိမ်သို့ ကပ်တော်မူလေ၍ ခင်းအပ်သော ဘုရားနေရာ၌ နေတော်မူ၏။ ထိုအခါ ဝေရဉ္ဇပုဏ္ဏားသည် မြတ်စွာဘုရားသို့ကပ်လာ၍ မြတ်စွာဘုရားကိုရိုသေစွာဂို၍ ခိုး၍ တင့်အပ်သောအရပ်၌နေ၏။ မြတ်စွာဘုရားပဒိန့်တော်မူ၏။ ပုဏ္ဏား၊ သင်သည်ဘိတ်မန်အပ်သည်ဖြစ်၍ ငါတို့ဝါဆိုကုန်ပြီ။ ပုဏ္ဏားကိုငါတို့ပန်ကုန်၏။ဒေသစာရိသွားခြင်းငှါအလိုဂို၏ဟုပဒိန့်တော်မူ၏။ အဂ္ဂဉ်ဂေါတမ၊ အကျွန်ုပ်တို့သည် ဘိတ်မန်အပ်သည် မှန်၏။ စင်စစ်သော်ကား၊ အကျွန်ုပ်သည် လူအပ်သောဝတ္ထုကို မလှူပါရသေး။ ထိုသို့မလှူရခြင်းသည် အကျွန်ုပ်အားလှူဘွယ်ဝတ္ထုမဂို၏သောကြောင့်လည်းမဟုတ်။မလှူလိုသည်၏အဖြစ်ကြောင့်လည်း မဟုတ်။ အိမ်ရာထောင်သောအကျွန်ုပ်အဲ့ဖျားသောကိစ္စဂို၏ ထိုကြောင့် ဓိဃိသိုးလေတော်လုံး လူအပ်သောဝတ္ထုသည်ဂိုသေခင်ဗျ။ လူထိုသည်၏အဖြစ် ဂိုသေခင်ဗျ၊ အကြင် လူဘွယ်ဝတ္ထုကို အကျွန်ုပ်တို့သည် လူကုန်ရာ၏၊ ထိုဝတ္ထုကို လူခြင်းငှါမရှု။အဂ္ဂဉ်ဂေါတမ၊ နှစ်ဖြန်ဆွမ်းဘုန်းပေးခြင်းငှါ ရဟန်းအပေါင်းနှင့်တကွသည်းခံတော်မူပါဟုလျှောက်၏။မြတ်စွာဘုရားလည်းတုဏှီဘာဝဖြင့်သည်းခံတော်မူ၏။ မြတ်စွာဘုရားသည်ဝေရဉ္ဇပုဏ္ဏားအား ကာလနှင့်ယှဉ်သောတရားစကားကိုဆိုတော်မူ၍ နေရာမှထ၍ ကြွတော်မူလေ

၏။ ။ဝေရဉ္ဇပုဏ္ဏားသည်ထိုညဥ့်လွန်ပြီးသော် ဒီဃိအိမ်ဒွါဆွမ်းယာဂု ခဲဘွယ်ဘောဇဉ် အစရှိသည်တို့ကို စီရင်၍ မြတ်စွာဘုရားအား ဆွမ်း စားအံ့သောငှါ အခါတန်ပြီ။ ဆွမ်းစီရင်ခြင်းကိစ္စသည်ပြီးပါပြီဟု အခါ ကို ကြားလျှောက်စေ၏။ မြတ်စွာဘုရားလည်း ဇနီနက်စောစောကလျှင် သင်းပိုင်ကိုဝတ်၍ သင်္ကာန်းကိုယူကောင်မူ၍ ငါးရာသောရဟန်း တို့နှင့်တကွ။ ဝေရဉ္ဇပုဏ္ဏားအိမ်သို့ ကြွတော်မူ၍ ခင်းအပ်သောနေရာ၌ နေတော်မူ၏။ ဝေရဉ္ဇပုဏ္ဏားသည် ဘုရားအမှူးရှိသော ရဟန်းသံဃာ ကို မွန်မြတ်သောခဲဘွယ်ဘောဇဉ်ဖြင့် ဒီဃိလက်ဖြင့်လုပ်ကျွေး၍ တန်ပြီ ဟုမြွေ့စေ၍။ ဆွမ်းဘုန်းပေးပြီးသော သဒိတ်တော်မှ ချပြီးသောလက် တော်ရှိသောမြတ်စွာဘုရားအား အသပြာတထောင်တထောင်စီနှံ့ကိုး ထိုက်သောသင်္ကန်းသုံးထည်ကိုလှူ၏။ငါးရာသောရဟန်းတို့အား လည်း တဦးတဦးသောပုဂ္ဂိုလ်အား ငါးရာငါးရာစီ အတိုးထိုက်သောသင်္ကန်း သုံးထည်စီကိုလှူ၏။ ဤသို့လျှင် ငါးရာသောရဟန်းတို့အား ငါးသိန်းအ တိုးထိုက်သောပုဆိုးတို့ကိုလှူ၏။ ဤမျှလောက်သောအလှူဝတ္ထုကိုလှူ၍ မရောင့်ရဲသဖြင့် ချန်စထောင်ရှစ်ထောင် အတိုးထိုက်သော ကမ္မလာကို ၎င်းပဋ္ဋဉ္ဇာတိုင်းခွါဖြစ်သောပုဆိုးကိုဂင်းဖြတ်၍၊ အာယောဂပတ်၊အံသ ကိုဠု၊ခါးပန်း၊ရေစစ်အလိုဠာဂင်း လှူ၏။ အကြွင်မဲ့တရာအကြွင်မဲ့တထောင် စစ်သောဆီကျက်ဖြင့် ကျည်တို့ကို ပြည့်စေ၍ တယောက်တယောက် သောရဟန်းအား အတိုးတထောင်ထိုက်သော ဆီတို့ကို နယ်ဆီအူသို့ ဠာလှူ၏။ ဤသို့အစရှိသောရဟန်းတို့အားလျှောက်ပတ်သောသုံးဆောင် ဘွယ်ကို မလှူသောမည်သည်မရှိ။မျှားစွာလှူ၏။ ။ထိုအခါ၌ ဝါတွင်း သုံးလပတ်လုံး မာရ်လွှဲပတ်ဇသော အားဖြင့် တရားနာခြင်း တည်းဟူ သော အမြိုက်အရသာကိုသောက်ခြင်းမှကင်းသော ဝေရဉ္ဇပုဏ္ဏားကို မြတ်စွာ ဘုရားသည် တဒေနတည်းသော နေ့ဖြင့်သာလျှင် တရားတံဆိပ် ဟူသောဓိဿဉ်ကို ရွာစေ၍ ထက်ဝန်းကျင်မှ ပြည့်စုံသောအကြိုရှိသည် ကဲ့ပြုတော်မူ၍ တရားနှံ့ပျံ့သည်သောစကားကိုပြုတော်မူ၏။ နေရာမှထ၍ ဘဲဇတော်မူ၏။ ။

၅။ ဝေရဉ္ဇပြည်၌ဝါလပတ်လုံးနေပြီးသော်။ဒေသ
စာရိကြွချိတော်မူ၏ဟူရာ၌။ဘုရားရှင်တို့၏ဒေသစာရိကြွတော်
မူရာမဏ္ဍလ ၃ ပါးတို့ကိုပြဆိုရာစကားချုပ်။

ထိုအခါမြတ်စွာဘုရားသည် ဝေရဉ္ဇပြည်၌ မွေလျော်တော်မူသော အတိုင်းနေ၍ ဝေရဉ္ဇပြည်ကာ ထွက်တော်မူ၍။ ယူဇနာကိုးရာ အဝန်းရှိသော မဟာမဏ္ဍလ၌ ဒေသစာရိ ကြွတော်မူအပ်သော ဘုရားခရီးကို ပယ်၍။မွတ်သိပ်ခြင်းဖြင့်ပင်ပန်းကုန်သောရဟန်းတို့ကိုချီးမြှောက်တော် မူသဖြင့် အဖြောင့်ခရီးကိုယူတော်မူ၍ သွားခြင်းငှါ အလိုတော်ရှိသော မြတ်စွာဘုရားသည်၊သောရေယျဇနပုဒ်၊သင်္ကဿပြည်၊ကဏ္ဍကုဇ္ဇဇနပုဒ်တို့သို့မကပဲမူ၍၊ ပယာဂပတိဋ္ဌာနသို့ကပ်တော်မူ၍၊ ထိုပယာဂဆိပ်မှဂင်္ဂါမြစ်ကိုကူး၍ဗာရာဏသီပြည်သို့ရောက်တော်မူ၏။ ။

မြတ်စွာဘုရား ဒေသစာရိကြွတော်မူသောခရီးကား၊ အန္တောမဏ္ဍလ၊မဇ္ဈေမဏ္ဍလ၊ မဟာမဏ္ဍလဟူ၍ သုံးကြောင်းရှိ၏။ အန္တောမဏ္ဍလ ခရီးကား၊အဝန်းအားဖြင့် ယူဇနာသုံးရာရှိ၏။ မဇ္ဈေမဏ္ဍလအလယ်ခရီး ကား၊အဝန်းအားဖြင့် ယူဇနာခြောက်ရာရှိ၏။ မဟာမဏ္ဍလပြင်ကြောင်း ခရီးကား၊ အဝန်းအားဖြင့် ယူဇနာကိုးရာရှိ၏။ အကြင် ဝါကျတော်သော အခါ၌ သမ္မထဝိပဿနာနှစ်သောရဟန်းတို့သည်ရှိကုန်၏။ ထိုအခါ ထို ရဟန်းတို့၏ သမထ ဝိပဿနာ ရင့်ခြင်းကို ငဲ့တော်မူသဖြင့် တပို့တွဲ လပြည့်ဖန့်တိုင် ငံ့နေတော်မူ၍၊ တပို့တွဲလပြည့်ကျော်တရက်နေ့ ဝါဆို ဆောင်မူရာအရပ်မှ ထွက်၍ အန္တောမဏ္ဍလ၌ ဒေသစာရိကြွတော်မူ၍။ ဝါးလဖြင့်ဆုံးစေ၏။ နှတ်တော်လပြည့်တိုင်ငံ့နေတော်မူ၍၊နှတ်တော်လ ပြည့်ကျော်တရက်နေ့ထွက်၍ မဇ္ဈေမဏ္ဍလ၌ ဒေသစာရိကြွတော်မူ၍။ ဝါဆိုလပြည့်တိုင် ချန်စံလဖြင့် ဆုံးစေ၏။ သီတင်းကျွတ် လပြည့်ကျော် တရက်နေ့ပွဲကြွတော်မူရလျှင် မဟာမဏ္ဍလ၌ ကြွတော်မူ၍။ ဝါဆိုလ ပြည့်ဘိုင် ကုံးလဖြင့်ဒေသစာရိကြွခြင်းကို ဆုံးစေ၏။ အကြင်အခါ၌ မြတ်စွာဘုရားသည် အန္တောမဏ္ဍလ၌ ဒေသစာရိကြွတော်မူ၏။ ထိုအ ခါ၊မဇ္ဈေမဏ္ဍလ၊မဟာမဏ္ဍလတို့၌ ပူဇော်သင့်ကြောင်းရဟန်းတို့သည် အန္တောမဏ္ဍလ၌ စုဝေးလာကုန်၏။ မဇ္ဈေမဏ္ဍလ၊ မဟာမဏ္ဍလတို့၌

လည်း ထိုအတူတပါးသောမဏ္ဍလတို့၌၌ရှိသော ပူဇော်သက္ကာရဝေနေယျတို့သည်ထိုကြွေတော်မူရာမဏ္ဍလသို့ချည်းစုဝေးလာကုန်၏။ ။

၆။ ဝေရဉ္ဇပြည်မှဗာရာဏသီ။ထိုမှဇဝသာလီသို့ကြွတော်မူ၍။ကူဋာဂါရသံလျာ၌သီတင်းသုံးနေစဉ်။သူဌေးသား သုဒိန်ရဟန်းပြုခြင်းနှင့်တကွ၊ရှင်သုဒိန်ကိုအကြောင်းပြု၍ ပဌမပါရာဇိကပညတ်တော်မူသည်ကိုပြုရာ။

ထိုဗာရာဏသီပြည်၌လည်း နွေလျှံတော်မူသော အတိုင်း နေ၍။ ဝေသာလီပြည်သို့ကြွတော်မူ၍။ ဝေသာလီပြည်၊မဟာဝုန်တော၊ကူဋာဂါရသာလာ၌နေတော်မူ၏။ ။ထိုအခါ ဝေသာလီပြည်မှ မနိုးမဝေး ဖြစ်သော ကလန္ဒပုဏ္ဏားရွာ၌ ကလန္ဒသူဌေးသား သုဒိန်သည် တစုံတခု သောကိုယူဖြင့် ဝေသာလီပြည်သို့လာရာ မြတ်စွာဘုရားအထံမှ တရားတော်ကိုကြားနာရသဖြင့် အိမ်ရာထောင်သောလူ၏ဘောင်၌ အပြစ်ကိုမြင်၍ မြတ်စွာဘုရားအထံ၌ရဟန်းပြုလိုသည်ဖြစ်၍ မြတ်စွာဘုရားအား ရဟန်း အဖြစ်ကို တောင်းပန်သော် အမိအဘတို့ ခွင့်မပြုသောသူကို ဘုရားတို့သည် ရဟန်းမပြုကုန်ဟုမိန့်တော်မူသဖြင့် အိမ်သို့သွား၍မိဘတို့ကို ခွင့်တောင်းလျှင် သားတယောက်တည်း ဖြစ်သဖြင့် အခွင့်မပေးလိုရကား၊ ရဟန်းမပြုရသော် သေအံ့ဟု မြေ၌အိပ်၍ နှစ်ရက်သုံးရက် ပတ်လုံး ထမင်းမစားနေသောကြောင့်။ အမိအဘတို့သည် ငါတို့သားသည်သေလေသောထုက်ရှင်ပါမူငါတို့မြင်ရပါကုန်လတ္တံ့ဟု အကြံဖြစ်၍ရဟန်းပြုခြင်းငှါ သုဒိန်အားခွင့်ပြုကုန်၍၊ မြတ်စွာဘုရားအထံသို့သွား၍ မိဘတို့ ခွင့်ပြုသောအကြောင်းကို လျှောက်သော်။ မထင်ရှားသော ဒိဏ္ဍပါတိကမဖထေရ်အား သုဒိန်ကို ရဟန်းပြုခိုင်းစေတော်မူ၏။ရှင်သုဒိန်သည်အာရည်ကင်၊ ဒိဏ္ဍပါတ်၊ သပဒါနစာရီ၊ ပံသုကူလဝတ်တို့ကိုဆောင်လျက်။ ရွာငယ်တခုကိုအမှီပြု၍ ဆောက်လုပ်နေတော်မူ၏။ ထိုအခါ မိဘတို့သည် အရှင်သုဒိန်ကိုအိမ်သို့ပင့်၍ မျှားစွာသောရွှေငွေဥစ္စာတို့ကိုပြ၍ ခင်ပွန်းဟောင်းကိုလည်း ဝတ်ရားတန်ဆာဆင်ယင်စေလျက် အိမ်းဦးခေါ်ထား၍ မျိုးစေ့ချပါးလွှဟု တောင်းသဖြင့်။ သိက္ခာပုဒ်မပညတ်သေးဖြစ်၍ အပြစ်မရှိဟု အမှတ်ရှိရကား၊ ခင်ပွန်းဟောင်းကို တောသို့ခေါ်၍ မေ

ထုန်သံဝါသ ပြုသဖြင့် မျိုးစေ့ ချလေ၏။ ထိုအကြောင်းကို မိမိကိုယ် စောင့်နတ်မှစ၍ အလုံးစုံသော ရက္ခဖိုင်းဘုမ္မဖိုင်းစသော နတ်တို့သည် သိကုန်၍ ဖြာပွဲပြည်တိုင်အောင် ရှင်သဒိန် မေယျနဖြံဝဲသောကျေးဇူးမဲ့ သည်ကျော်စောလေ၏။ ထိုသဒိန်ဝတ္ထုတွင် ပဌမပါရာဇိကကိုပညတ် တော်မူ၏။ ။

၇။ ဝေသာလိမှသာဝတ္ထိပြည်သို့ရောက်တော်မူ၍၊ ဇေတဝန်ကျောင်းတော်၌သိတင်သုံးနေတော်မူစဉ်။စားကြွင်း စားငါးရော၊ရေဆေးငါးရောတို့ကိုအကြောင်းပြု၍၊ ဝါလော ဒကဇာတ်၊ပဌသတဘိက္ခုဝတ္ထုတို့ကို ဟောတော်မူသည်ကိုဖြစ်ရာ။

ဝေသာလိပြည်မှ သာဝတ္ထိပြည်သို့ကြွတော်မူ၍ ဇေတဝန်ကျောင်း တော်၌နေတော်မူသောအခါ သာဝတ္ထိပြည်သူပြည်သားတို့သည် အာဂန္တုကဒါနအဖြစ်ဖြင့် မြတ်စွာဘုရားအားလှူဒါန်းပူဇော်ကုန်၏၊ ထိုအခါငါးရောသောစားကြွင်းစားတို့သည် ရဟန်းတို့ကိုမှီ၍ ပရိဝုဏ်တွင်း၌ နေကုန်၏။ ရဟန်းတို့စားကြွင်းဖြစ်သော မွန်မြတ်သောဘောဇဉ်တို့ကို စား၍အိပ်၍နိုးသော်မြစ်သို့သွား၍ ဟစ်ကြော်ကုန်လျက်လက်ပမ်းလက် ဝှေ့သတ်ကုန်လျက် မြူးထူးကုန်၏။ အရံတွင်း၌ဂင်း၊ အရံပ၌ဂင်း၊ လွန်ကျူးသောအကျင့်ကို ကျင့်ကုန်၏။ ရဟန်းတို့သည် အဂ္ဂင်တို့၊ ဤစားကြွင်းစားတို့ကိုရှုပါကုန်လော့။ ဤသူတို့သည် ဝေရဉ္ဇပြည်၌ မွတ်သိပ်သောမှာခါ တစုံတခုဘောက်ပြန်သောအမှုကိုမပြုကုန်။ ယခု ဤသို့သဘောရှိသောအစာတို့ကိုစား၍ များစွာဘောက်ပြန်ခြင်းကို ပြုကုန်၏။ ရဟန်းတို့သည် ဝေရဉ္ဇပြည်၌လည်း ငြိမ်သက်ကုန်၏။ ယခုလည်းငြိမ်သက်စွာနေကုန်၏ဟုတရားသဘင်၌စကားကိုဖြစ်စေကုန်၏။ မြတ်စွာဘုရားသည် တရား သဘင်သို့•လာတော်မူ၍ ထိုအကြောင်းကို ကြားတော်မူလျှင်။ ချစ်သားရဟန်းတို့၊ ဤစားကြွင်းစားတို့သည် ဂရုဒွဖြည်း၏အမျိုးဒွဖြစ်ကုန်၍ ငါးရောကုန်သောသိန္ဓောမြင်းတို့အား ပေးအပ်သော မုဒရက်အဖျော်ဖတ်ကို ရေဖြင့် နယ်၍ သင်ပန်းလျှော်ပုဆိုးဖြင့် စစ်၍ ဝါလောဒကမည်သောနည်းသောအရသာရှိသောယုတ်သောအဖျော်

ကိုသောက်၍ ပျားယစ်သောသူကဲ့သို့ ဟစ်ကြော်မြူးထူးကုန်လျက်သွား ကုန်၏ဟုမိန့်တော်မူ၍။ဝါလောဒကံ အပ္ပရဿံနိဟိနံ၊အစရှိသောဂါထာ တို့ဖြင့် တန်ဆာ ဆင်ဖန်ပြီးသော ဝါဖောဒက ဇာတ်ကို ဟောတော်မူ ၏။ ။သူတော်ကောင်းတို့သည်ကား။ ချမ်းသာသောအခါ၌ဖြင်း၊ဆင်း ရဲသောအခါ၌ဖြင်း၊ လောကဓံဟူရားကိုဆုံ့ခြင်း၍ ဘောက်ပြန်ခြင်းမရှိ ကုန်သည်သာလျှင်တည်းဟုမိန့်တော်မူ၍၊သဗ္ဗညုဆွ ဝေသပ္ပါရိသာ၊အစ ရှိသော တရားဒေသနာကို ဟောတော်မူ၏။ ဒေသနာတော် အဆုံး၌ တရားနာပရိသတ်တို့သည် ၊သောတာပန်၊ သကဒါဂံ၊အနာဂံ၊ရဟန္တာ ဖြစ်ကုန်၏။ ။

၇။ ဇေတဝနကျောင်းတော်၌သိတင်းသုံးတော် မူစဉ်သား၊တော်ရဟုလာအားမဟာရာဟုလောဝါဒ သုတ်ကိုဟောဖေတော်မူသည်ကိုပြရာ။

တဆဲ့နှစ်ဝါကျွတ်သော် သာဝတ္ထိပြည် ဇေတဝနကျောင်းတော်၌နေ တော်မူသောအခါ တဆဲ့ရှစ်နှစ်ရှိပြီးသော သာမဏေရပဗ္ဗဇ္ဇာအဖြစ်ဖြင့် တဆဲ့တဝါ ရပြီးသော သားတော်ရှင်ရာဟုလာကို ဆုံးမတော်မူလိုသ ဖြင့်မဟာရေဟုလောဝါဒသုတ်ကိုဟောတော်မူ၏။၌မဟာရာဟုလော ဝါဒသုတ်၊အနုပိယသရကံတောင်၌ဟောတော်မူအပ်သော အမ္ဗလဋ္ဌိယ ရာဟုလောဝါဒသုတ်တို့သည် အရှင်ရာဟုလာအား ဝိပဿနာဉာဏ်၏ ရင့်ကြောင်းမျှသာဖြစ်သတည်း။ ။

၉။ တေရသမဝါ၊စာလိယတောင်ကျောင်း၌သိတင်းသုံး တော်မူစဉ်၊အကုသလဒိတက် ၃ ပါးနှိပ်စက်သောရှင်မေလိယ ထေရ်အားတရားဟောတော်မူသည်ကိုပြရာ။

၌သို့အစရှိသော မျိုးစွာသော တရားဒေသနာတော်ဖြင့် လူနတ် ဗြဟ္မာ သတ္တဝါတို့အား တရားအမြိုက် တိုက်ခံကျွေးဋ္ဌဝေတော်မူလျက် ဇေတဝနကျောင်းတော်မှဒေသစာရီကြွတော်မူ၍စာလိယပ်မြို့သို့ရောက် တော်မူသောအခါ ထိုမြို့သားတို့သည် မြို့မှမနီးမဝေးသောအရပ်၌စာ လိယတောင်၌ ကြီးစွာသောကျောင်းကိုဆောက်လုပ်၍လှူသဖြင့် ထိုစာ

လိယဇောင်ကျောင်းဌ် တဆဲ့သုံးဝါဖြောက်ဖြစ်သော ဓါကို ဆိုတော်မူ၏။ ။မြတ်စွာဘုရားအား ပဌမဗောဓိ အဝါနှစ်ဆယ် အတွင်းဌ် အလုပ်အကျွေး တပည့်တို့သည် မမြဲကုန်။ တရံတဓါ နာဂသမာလထေရ်လုပ်ကျွေး၏။တရံတဓါ နာဂိတထေရ်လုပ်ကျွေး၏။တရံတဓါ သာဂတထေရ်လုပ်ကျွေး၏။တရံတဓါ သုနက္ခတ္တထေရ်လုပ်ကျွေး၏။ တရံတဓါ စုန္ဒသမဏုဒ္ဒေသ လုပ်ကျွေး၏။ တရံတဓါ ဥပဝါဏထေရ် လုပ်ကျွေး၏။ တရံတဓါ ရှင်မေဃိယထေရ် လုပ်ကျွေး၏။ ဤစာလိယ တောင်ဌ် ဇေတရသမဝါ ဆိုတော်မူသော အခါကား မြတ်စွာဘုရားအား အရှင်မေဃိယထေရ် လုပ်ကျွေးသတည်း။ ။(ဘုရားဖြစ်သည်မှစ၍ တဆဲ့ငါးဌါသည် ပဌမဗောဓိမည်၏။ ထိုနောက် တဆဲ့ငါးဝါသည် ဒုတိယဗောဓိမည်၏။ ထိုနောက်တဆဲ့ငါးဝါသည်တတိယဗောဓိမည်၏။ဗောဓိသုံးရပ်ကိုပေါင်းသော်လေးဆဲ့ငါးဝါဖြစ်၏)။ ။ထိုအခါရှင်မေဃိယ မထေရ်သည် မြတ်စွာဘုရားသို့ ကပ်၍ ရိုသေစွာရှိခိုး၍။ အရှင်ဘုရား၊ အံ့ကျွန်ုပ်သည် ဇောန္ဓာဌ်ဆွမ်းခံခြင်းဌါအလိုရှိပါ၏ဟု လျှောက်၏။ မေဃိယ၊ ယခုအခါ သင်သည် ဇောန္ဓာဌ်ဆွမ်းခံအခါကိုသိလော့ဟု မိန့်တော်မူသဖြင့် နံနက်စောစော ဇောန္ဓာဌ်ဆွမ်းခံပြီး၍ ဆွမ်းစားပြီးသော် ဆွမ်းခံရှာမှတဲ့၍ ကိမိကာလအမည်ရှိသော မြစ်သို့ ကပ်၍ ကိမိကာလမြစ်နားဌ်သွားသဖြင့် မွေ့လျော်ဘွယ်ရှိသောသရက်တောကို မြင်၍၊ ဤဥယျာဉ်သည် ကြည်ညိုဘွယ်ရှိလတ္တံ့။ မွေ့လျော်ဘွယ်ရှိလတ္တံ့။ ဤသရက်တောဌ် ရဟန်းတရားကိုပြုခြင်းဌါလျောက်ပတ်၏။ မြတ်စွာဘုရားသည်အကယ်၍ငွင့်ပြုပါအံ့။ ရဟန်းထရားကိုပြုခြင့်းဌါ ဤသရက်တောသို့လာရအံ့။ ဤသို့သောအကြံသည်ဖြစ်၏။ ရှေးအခါ အရှင် မေဃိယသည် အဖြစ်ငါးရာတိုင်တိုင် ဆက်ကာဆက်ကာမင်း၏အဖြစ်ဖြင့် ထိုသရက်ဥယျာဉ်ဌ် ဥယျာဉ်ကစားခြင်းဖြင့် မွေ့လျော်ဘူး၏။ ထိုကြောင့် ထိုသရက်တောကိုမြင်ကာမျှဖြင့်နေခြင်းဌါစိတ်သည်သွတ်၏။ ထိုအခါ မြတ်စွာဘုရားသို့ကပ်၍ရိုသေစွာရှိခိုး၍ ထိုသရက်တောဌ်ရဟန်းတရားကိုပြု၍နေလိုသော့အကြောင်းကိုလျှောက်၏။ မြတ်စွာဘုရားသည်မေဃိယထေရ်၏စကားကို ကြားတော်မူသော်။ မေဃိယအား ဥာဏ်သည် မရင့်သေးဟုသိတော်မူသဖြင့်။ မေဃိယ၊ အကြင်မျှလောက်တပါးသော ရဟန်းသည်လာ၏။ ထိုမျှလောက်ငံ့ဩိးလော့ဟုမိန့်တော်မူ၏။ ဤမေဃိယ

သည်သရက်ဆတာသို့သွား၍ကမ္မဋ္ဌာန်းမပြည့်စုံသည်ရှိသော်ကမ္မဋ္ဌာန်း၌ အားထုတ်ခြင်းမရှိသည်ဖြစ်၍ ငါ့အားချစ်သဖြင့် တဘန်လာလတ္တံ့.ဟုသိတော်မူ၍၌သို့မိန့်သတဲ့သည်း။ နှစ်ကြိမ်မြောက်ဝင်း၊သုံးကြိမ်မြောက်ဝင်း၊ မေလသိယသည် ရှင်ပင်ဘုရားအားလေးပါးသောမင်္ဂလာကိုစွတ်ရုံကဲ့ ပြုတော်မူပြီးသည့်ဂါ်အဖြစ်ကြောင့် ထိုထက်အလွန် မင်္ဂလာမရှိပြီ။ ပြုပြီးသောတရားကဲ့လည်း တဘန်ပြုခြင်းကိုစွမရှိပြီ။ အကျွန်ုပ်အားကား မင်္ဂလာကိုစွပြုဘွယ်ရှိသေးဂါ်။ ဖြုအပ်ပြီးသော တရားကို ပွါးစေခြင်းငှါ အကျွန်ုပ်အားရှိဂါ်။ရှင်ပင်ဘုရားသည်အကျွန်ုပ်ကိုခွင့်ပြုပါအံ့။ထိုသရက်တော်သို့ ရဟန်းတရားကိုပြုခြင်းငှါသွားပါအံ့ဟုလျှောက်ဂါ်။ မေလသိယ၊စင်စစ်သဖြင့်ရဟန်းတရားကိုပြုပါအံ့ဟုဆိုသော် သင့်ကိုငါတို့သည်ကမ္မဋ္ဌာန်းမှတပါးသောအကြောင်းကိုအဘယ်သို့ဆိုအံ့နည်း။ မေလ်ယ၊ထိုယရက်တော်သို့သွား၍ ရဟန်းတရားကိုပြုအံ့သောငှါ အခါကိုသိလေ့ဟု မိန့်တော်မူဂါ်။ထိုအခါအရှင်မေလသိယသည်နေရာမှထ၍ မြတ်စွာဘုရားကိုရှိခိုး၍ သရက်တော်သို့သွား၍ ထိုသရက်တော၌ တရေသောသရက်ပင်ရင်း၌နေဂါ်။ရှေးသောကိုယ်ဂါ်အဖြစ်၌ အစဉ်အားဖြင့် အဖြစ်ငါးရာမင်းပြု၍ကိုယ်လုပ်မောင်းမတို့ဖြင့်မြို့ထူးလျက် မင်္ဂလာရှိသောဇောကျောက်ဖျာ၌နေဘူးဂါ်။ ထိုကျောက်ဖျာ၌ပင်နေဂါ်။ ဤအခါမေလသိယထေရ်အားထိုနေရာ၌နေကာမှဖြင့်ပင် ရဟန်းအဖြစ်ကိုစွန့်သကဲ့သို့၊ မင်းဂါ်အသွင်ကိုယူ၍မောင်းမအပေါင်းခြံရံလျက် ထီးဖြူအောက်၌မြတ်သောသူတို့အား နေခြင်းငှါထိုက်သော ပလ္လင်၌ နေသကဲ့သို့ဖြစ်ဂါ်။ ထိုသရက် ဥယျာဉ်တော၌နေသော၊ မင်းဂါ်စည်းစိမ်ကို သာယာသောမေလသိယအား မျှားသောအားဖြင့်၊ ကာမဝိတက်၊ ဗျာပါဒဝိတက်၊ ဝိဟိ ံသာဝိတက်ကဉ်းဟူသော သုံးပါးသောအကုသိုလ်တရားတို့သည်ဖြစ်ကုန်ဂါ်။ ထိုသုံးပါးသောတရားတို့ဂါ် ဖြစ်ဟန်ကား။ စည်းစိမ်ကို သာယာသော မထေရ်အား ကာမဝိတက်သည်ထင်ရှားဖြစ်ဂါ်။ထို့ခဏ၌ပင်ဥစ္စာနှင့်တကွဘမ်းအပ်သော ခိုးသူနှစ်ယောဂ်တို့ကို ဆောင်၍ ရှေ့၌ထားသကဲ့သို့ ဖြင်ဂါ်။ ထိုခိုးသူတို့တွင် တယောက်သောသူကိုသတ်ခြင်းငှါစေသော အခြင့်းအရာအားဖြင့် ဗျာပါဒဝိတက်သည် ဖြစ်ဂါ်။ တယောက်သော ခိုးသူကို နှောင့်ယှက်ခြင်းငှါ စေသောအခြင်းအရာဖြင့် ဝိဟိ ံသာဝိတက်သည် ဖြစ်ဂါ်။ ဤသို့လျှင်မေလသိယမထေရ်သည် နှလုံးရှင်သောသစ်ပင်ကဲ့သို့ဂင်း။

ယင်တို့သည် များစွာသော အပုပ်ကို စြုံရုံသကဲ့သို့ ၎င်း။ အကုသလ ဝိတက်တို့ဖြင့်ပြွမ်းသည်ဖြစ်၏။ ဤသို့လျှင် အကုသလဝိတက်တို့သည် ဖြစ်ကုန်သကဲ့သည်း။ ထိုအခါ အရှင်မေဃိယသည် ငါ့အား အကုသိုလ် တရားတို့သည် ဖြစ်ကုန်၏။ အံ့ဘွယ်ရှိစွပဟု ညွှမ်းသောအခါ နေရာမှ ထ၍ ထိုသရက်ဥယျာဉ်မှတဲခွဲ၍ မြတ်စွာဘုရားသို့ကပ်လာ၍ ရှိသေစွာ ရှိခိုး၍၊ ဘုန်းတော်ကြီးသော ရှင်ပင်ဘုရား၊ ဤသရက်တောခွဲနေသော အကျွန်ုပ်အား များသောအားဖြင့်၊ကာမဝိတက်၊ ဗျာပါဒဝိတက်၊ ဝိဟိံသာဝိတက်တို့သည် ဖြစ်ကုန်၏။ အရှင်ဘုရား၊ အကျွန်ုပ်သည် အိမ်ရာထောင်သောလူ၏ဘောင်မှထွက်၍ သဒ္ဓါခြင်းဖြင့်ရဟန်းပြု၏။ ထိုသို့ပြုလျက်၌ ယုတ်မာသော အကုသလဝိတက်တို့သည်မှိုက်ကုန်၏။ အံ့ဘွယ်ရှိစွ၊မဖြစ်စဘူးမြဲတကား၊ ဤသို့အကြိမ်သည်ဖြစ်၏ဟု မြတ်စွာဘုရားကို လျှောက်၏။ ။မြတ်စွာဘုရားသည်၊အပရိပက္ကာယမေဃိယစေတောဝိမုတ္တိယောပန္နမ္မေ။ အစရှိသော တရားဒေသနာတော်ကို ဟောတော်မူ၏။ ထိုအခါ ထိုသို့ဟောသော အကြောင်းကို သိတော်မူ၍။ ။ချဒ္ဒါဝိတက္ကာသုခုမာဝိတက္ကာ၊အနုဂ္ဂတာ မနသော ဥပ္ပိလာဝါ။ ဇေတေ အဝိဒ္ဓါမနသောဝိစာကွေ၊ဟုရာဟုရံဓာဝတိကာန္တစိတ္တော။ ။ဇေတေစ ဝိဒ္ဓါမနသောဝိတက္ကေ၊အာတာပိယာဒသံဝရတိသတိမာ။ အနုဂ္ဂတေမနသော ဥပ္ပိလာဝေ၊ အသေသမာနေ ပဇဟာသိ ဇုဒ္ဓါ။ ။ဟုကိုယ်တော်၏ အဖြစ်ကို ဝမ်းမြောက်ဝမ်းသာပိန့်တော်မူ၏။ ။ဤသို့လျှင်တရသမမြောက့်ဝါဒီ များစွာသော တရားဒေသနာတော်ဖြင့် များစွာသော လူနတ်ပြဟ္မာသဖွယ်ဝါတို့အားမင်္ဂလာနိဗ္ဗာန်တရားကိုပေးတော်မူ၏။ ။

၁၀။ စုန္ဒသမဝါ၊ဇေတဝန်ကျောင်းတော်၌
သိတင်းသုံးပြီး၍ စဝါလကျွတ်လျှင်။ ရှင်သာရိပုတြာအား
ဂေဟာသိက္ခပေမရှိသေးယောင်တကားဟုရဟန်းတို့ပြောဆိုကြ
သောစကားကိုအကြောင်းပြု၍ဟောတော်မူသော
သာရိပုတ္တာထေရဝတ္ထု၊ကိုပြရာ။

စာလိယတောင်ကျောင်း၌စုန္ဒသမဝါကျွတ်တော်မူသောအခါအရှင်သာရိပုတြာကိုအကြောင်းပြု၍။ အာသာယသုနဝိဇ္ဇတိ၊ စသောတရား

ကို ဟောတော်မူ၏။ ထိုစုန္ဒသမဝါဒြ အရှင်သာရိပုတြာသည် တပည့်ရဟန်းအခြံအရံ ငါးရာတို့နှင့်တကွ တရားသောရွာနီးကျောင်းဒြ ဝါကပ်တော်မူ၏။ ထိုရွာသားတို့သည် အရှင်သာရိပုတြာအား မျှားစွာသော ဝါဆိုသက်နှံလှူအံ့သောအကြောင်းကိုကြားလျှောက်ကုန်၏။ ဝါကျွတ်လျှင်ပဝါရဏာပြုပြီး၍အလုံးစုံးသောဝါဆိုသက်နှံမရောက်မီအရှင်သာရိပုတြာသည် မြတ်စွာဘုရားအထံသို့ကြွလိုသည်ဖြစ်၍။ ရဟန်းတို့၊ လူတို့သည်ဝါဆိုသက်နှံးကိုဆောင်ခဲ့ကုန်သည်ရှိသော်ခံ၍ပဉ္စင်းကိုသော်၎င်း၊ သာမဏေကိုသော်၎င်း၊ ငါသို့ပို့လိုလာစေ။ ထိုပုဆိုးတို့ကိုသိုထား၍သတင်းစကားကိုသော်လည်း ငါ့အား ကြားလာကုန်ဟု တပည့်တို့ကိုမှာဆို၍ မြတ်စွာဘုရားအထံသို့လာ၏။ ရဟန်းတို့သည် ထိုအကြောင်းကို ကြား၍ ယနေ့ အရှင်သာရိပုတြာအား တပ်ခြင်းသည် ဖြစ်ပေယာင်တကား။ ဝါဆိုသက်နှံးကိုခံ၍သော်၎င်း ပို့လာစေ။ ထိုဝတ္ထုကိုထား၍အကြောင်းကိုသော်လည်းကြားလာကုန်ဟုမှာဆို၏ဟု ရဟန်းတို့သည် ပြောဆိုကုန်၏။ ထိုစကားကို မြတ်စွာဘုရား ကြားတော်မူ၍။ ချစ်သား ရဟန်းတို့၊ သာရိပုတြာအားတပ်ခြင်းသည်မရှိ။ လူတို့အားကောင်းမှုမှ ယုတ်ခြင်းသည်မဖြစ်စေသတည်း။ ပဉ္စင်းငယ်သာမဏေတို့ဒါးတရားနှင့်လျှော်စွာ ရခြင်းမှ မယုတ်စေသတည်းဟု အကြံရှိ၍ ဤစကားကို တပည့်တို့အား မှာဆိုသတည်းဟု ပိန့်တော်မူ၏။ ။အာသာ ယသ နဝိဇ္ဇန္တိ၊အသ္ဆိ ံလောကေပရမိစ။ နိရာသာသံ ဝိသံယုတ္တံ၊တ မဟံ ဗြူ။။ဖိ ဗြာဟ္မဏံ။ ။ဟူသောတရားကို ဟောတော်မူ၏။ ။ဒေသနာတော် အဆုံးဒြ ရောက်လာသောတရားနာပရိသတ်တို့သည် သောတာပန် သကဒါဂံစသောမဂ်တရားဖိုလ်တဖွားသို့ရောက်ကုန်၏။ ။

၁၁။ သာဝတ္ထိပြည်ဧတဝန်ကျောင်းတော်ဒြသိဂဠဝင်းသုံးတော်မူစဉ်ရှင်ရာဟုလာအားရှုဒ္ဓရာဟုလောဝါဒသုတ်ကို ဟောတော်မူ၍။အရဟာတ္တဖိုလ်သို့ရောက်စေသည်ကိုပြုရာ။

မြတ်စွာဘုရားသည် စုန္ဒသမဝါကျွတ်တော်မူ၍ ဧတဝန်ကျောင်းတော်ဒြ နေတော်မူသောအခါ အရှင်ရာဟုလာသည် အသက်နှစ်ဆယ်ပြည့်သဖြင့်ပဉ္စင်းရဟန်းအဖြစ်သို့ရောက်၏။ ထို့အခါမြတ်စွာဘုရားသည်

အာရှင်ရာဟုလာလျှင်နောက်လိုက်ရဟန်းရှိသဖြင့်သာဝတ္ထိပြည်၌ဆွမ်းခံကြွတော်မူသည်ရှိသော်၊ အာရှင်ရာဟုလာနောက်တော်မှလိုက်၍ မြတ်စွာဘုရား၏အဆင်းတော်၏ တင့်တယ်ခြင်းကိုရှုပြီး၍ မိမိကိုယ်အဆင်းအင်္ဂါလက္ခဏာ၏ တင့်တယ်ခြင်းကိုရှုပြန်၍။ မြတ်စွာဘုရား၌၎င်း၊ မိမိကိုယ်၌၎င်း၊ ဧကန္တသိတပေမကိုဖြစ်စေ၏၊ မြတ်စွာဘုရားသည်ရှေးမှကြွတော်မူလျက်ပင် နေဝံတော်မှလိုက်သောရာဟုလာသည်အဘယ်သို့ကြီးသနည်းဟုဆင်ခြင်တော်မူသော် ထိုအကြောင်းကိုသိ၍ ဆွမ်းရပ်တော်မူပြီးသော် ဆွမ်းခံရွာမှဘဲ၍ဆွမ်းဘုန်းပေးတော်မူပြီးသော် အာရှင်ရာဟုလာအား အာသဒဝါတရားလေးပါးကုန်ခြင်းငှါ ဆုံးမအံ့ဟု ကြံတော်မူသဖြင့်အာရှင်ရာဟုလာကိုခေါ်တော်မူ၍။ ရာဟုလ၊ အကြင်အရပ်၌ယင်းတိုက်တောသည်ရှိ၏။ ထိုအရပ်သို့ဇနုနေခြင်းငှါ ငါတို့ကပ်ကုန်အံ့။ နေရာထိုင်ကိုယူခဲ့လော့ဟု မိန့်တော်မူ၍ ယင်းတိုက်တောသို့ကြွတော်မူ၏။ အာရှင်ရာဟုလာလဲ့ညီးမြတ်စွာဘုရားဇနရာထိုင်ကိုကိုင်၍နောက်တော်မှ အစဉ်တစိုက်လိုက်၏။ ထိုအခါ ကုဋေတသိန်းမက များစွာကုန်သောနတ်တို့သည်လည်းယနေ့မြတ်စွာဘုရားသည်သားတော်ရာဟုလာအား အာသဒေါဝါဒရားလေးပါးကုန်ခြင်းငှါ ဆုံးမတော်မူလတ္တံ့ဟုမြတ်စွာဘုရား၏နောက်မှအစဉ်လိုက်ကုန်၏။ ထိုအခါအာရှင်ရာဟုလာသည် တခုသောသစ်ပင်ရင်းခွ မြတ်စွာဘုရားအား ဇနရာထိုင်ကိုခင်း၏။ မြတ်စွာဘုရားထိုင်ပေါ်မူ၏။ အာရှင်ရာဟုလာသည် တင့်အပ်သောအရပ်ခွမြတ်စွာဘုရားကိုရိုသေစွာရှိခိုးလျက်နေ၏။ထိုအခါ။တံ ကိ ံ မည်သိ ရာဟုလစက္ခု၊ နိစ္စံ ဝါအနိစ္စံဝါတိ ံ အစရှိသောအားဖြင့် စူဠရာဟုဇောဝါဒသုတ်ကိုဟောတော်မူ၏။ထိုသုတ်ကိုဟောတော်မူသောအဆုံးခွအာရှင်ရာဟုလာသည် အာသဝေါဇလေးပါးကုန်သဖြင့် ရဟန္တာအဖြစ်သို့ ရောက်၏။ အကုဋေတသိန်းမကများစွာကုန်သောနတ်တို့သံ်ည်လည်း အကျိုးတရားရကြကုန်၏။ ။(ထိုနတ်တို့၏အစဉ်းအဝေးကား တတိယာဘိသမယမည့်၏။ ။မိဂဒါဇုန်တော၌ မဂ်ဖိုလ်ရကုန်သောအာရှင်ကောဏ္ဍညမထေရ်အမှူးရှိကုန်သော တဆယ့်ရှစ်ကုဋေအရေအတွက်မကများစွာကုန်သောနတ် ပြဟ္မာတို့၏ အစဉ်းအဝေးကား။ အာရှင်ဇဂါတမ မြတ်စွာဘုရားအား ပဌမာဘိသမယမည်၏။ ။သာဝတ္ထိပြည် ဇေတဝန် ကျောင်းခွ ပဌမကိုးလ သိဂါဝင်းသုံးဇွန်းဟော်မူသောအခါ စကြဝဠာ တိုက်ပေါင်း

တသောင်း အဂရအာတွက်မှ စည်းဝေးလာကုန်သော နတ်ဗြဟ္မာတို့၏ အလယ်၌ မဟာမင်္ဂလာသုတ်ကိုဟောတော်မူသောအခါ ဂရတွက်ခြင်း အစဉ်ကိုလွန်ကုန်သည်ဖြစ်၍ မင်္ဂဇိုလ်အကျွတ်တရားရကုန်ငုံသော နတ်ဗြဟ္မာတို့၏ အစည်းအဝေးသည်ကား၊ အင်္ဂါတမ မြတ်စွာဘုရား အားဒုတိယဘိသမယမည်၏)။ ။

၁၂။ အင်္ဂါရဟုလာဂန္ဓကုဋိပြင်ပ၌ကျိန်းနေစဉ်၊
မာရ်နတ်သားဆင်ပြောင်အဟန်ဖန်ဆင်း၍ချော်လှန့်လာရာတွင်
ဟောတော်မူသောတရားအကြောင်း။

မြတ်စွာဘုရားသည် စုဒ္ဒသမဝါကျွတ်၍ ဇေတဝန် ကျောင်းတော်သို့ဝင်လာကုန်၍ အင်္ဂါရဟုလာ၏နေရာသို့ သွားကုန်၍ အင်္ဂါရဟုလာကိုထဆေးကုန်၏။ အင်္ဂါရဟုလာသည် တပါးသောအရပ်၌နေစရာမဖြင်သည်ဖြစ်၍ မြတ်စွာဘုရား၏ဂန္ဓကုဋိမှတ်ဦးဌာနအိပ်၏။ မာရ်နတ်သည် ဝသဝတ္တီနတ်ပြည်၌ တည်လျက်ပင် ဂန္ဓကုဋိမှတ်ဦးဌာနအိပ်သော အင်္ဂါရဟုလာကိုမြင်၍၊ ဤသို့ကြံ၏။ ရဟန်းဂဂါတမအား ကြမ်းမိုးတံ့ဖြင့် ကျင်နာဟန်ရှိ၏။ ဂန္ဓကုဋိတွင်းဌာနအိပ်သော ဤရာဟုလာမထေရ်သည် ကြမ်းမိုးဖြင့်နှိပ်စက်အပ်သည်ဖြစ်၍ အပဋိအိပ်သည်ဖြစ်လတ္တံ့ဟုကြံပြီး၍၊ ကြီးစွာသော ဆင်ပြုံ၏အသွင်ကို ဘန်ဆင်း၍ လာလတ်၍၊ နှာမောင်းဖြင့် အင်္ဂါရဟုလာ၏ဦးခေါင်းကိုရစ်ပတ်၍ ပြင်းစွာသောအသံဖြင့် ဆင်ဖြောင်၏မြည်ခြင်းကိုမြည်၏။ မြတ်စွာဘုရားသည် ဂန္ဓကုဋိ၏အတွင်းဌာနတော်မှလျက် ထိုဆင်အားမာရ်နတ်၏အဖြစ်ကို သိတော်မူ၍၊ မာရ်နတ်၊ သင်ကဲ့သို့သဘောရှိကုန်သော မာရ်နတ်တို့၏ အသိန်းအသန်းတို့သည်လည်း ငါ့သားရာဟုလာအား ကြောက်ခြင်းကို ဖြစ်စေအံ့သောငှါ မတတ်နိုင်သည် သာလျှင်တည်း။ ငါ၏ သားသည့်

ကြောက်ထိတ်လန့်ခြင်း မရှိပြီ။ တန်းခိုးကြီး၏။ ကြီးသော လုံ့လ ရှိ၏။ ကြီးသော ပညာရှိ၏ဟူ၍ ပိန့်တော်မူ၍၊ ။နိဗ္ဗာန်တော အသန္တာသိ၊ ဝိတတဏှာ အနုဂ်ကော။ အဆို့နို့ ဘဝသလုံးနို၊အန္တိမာ ယံသမုဿ ယော။ ။ဝိတတဏှာ အနာဒါနော၊နိရုတ္တိပဒကောဝိဒေါ။ အက္ခရာနံ သန္နိပါတံ၊ဇညာ ပုဗ္ဗာပရာနိစ။ သဝေအန္တိမသာရီရော၊ မဟာပညော မဟာပုရိသောတိဝုစ္စတိ။ ။ဟူသောတရားဒေသနာကို ဟောတော်မူ၏။ ။ဒေသနာတော်အဆုံးဌ များစွာသောသူတို့သည် သောတာပတ္တိဖိုလ်အစရှိသည်တို့သို့ရောက်လေကုန်၏။ ။မာရ်နတ်သည်အရှင်ဂေါတမသည် ငါ့ကိုသိလေ၏ဟုကြံ၍ ထိုအရပ်ဌပင်ကွယ်လေ၏။ ။ ဤသို့ အစရှိသော တရား ဒေသနာတော်ဖြင့် စုဒ္ဒသမဝါမှ ထတော်မူသည်ကစ၍ ဝိန္ဒရသမဝါမဆိုဒိတိုင်အောင် လူနတ်ဗြဟ္မာတို့ကို ကယ်ချတ်တော်မူ၏။ ။

၁၃။ ပန္နရသမဝါ၊ကဒိလဝတ်ပြည်၊နိဂြောဓါရုံ
ကျောင်းဌာသိတင်းသုံးနေတော်မူစဉ်။အာဘယ်မျှလောက်သော
အကြောင်းဖြင့်ဥပါသကာမည်ရာသနည်းစသည်ဖြင့်
မေးလျှောံအပ်သောမဟာနာမ်မင်းကြီး၏ပြဿနာ
ကိုဖြေကြားတော်မူသည်ကိုပြရာ။

သာဝတ္ထိပြည်မှ ဒေသစာရီ ကြွတော်မူ၍ သက္ကတိုင်း ကဒိလဝတ်ပြည်သို့ရောံတော်မူသောမြတ်စွာဘုရားသည် သက္ကတိုင်း ကဒိလဝတ်ပြည်ကို ဆွမ်းခံအဖို့ပြု၍ နိဂြောဓသာကိုဝင်မင်းသား၏ အရုံဖြစ်သော ရောဟိကိုမြစ်နားဌ ဆွတော်မျိုးဟော်တို့သည် ဆောက်လုပ်အပ်သော နိဂြောဓရုံကျောင်းတော်ဌ ပန္နရသမဝါကိုဆိုတော်မူ၏။ ။ထိုအခါ ဘထွေးတော် သက္ကောဒနသာကိုဝင်မင်း၏သား ဖြစ်သော မဟာနာမ်မင်းသားသည် မြတ်စွာဘုရားသို့ ကပ်၍ ရိုသေစွာရှိခိုးလျက် တင့်အပ်သောအရပ်ဌနေ၍။ ဘုန်းတော်ကြီးမြတ်သောအရှင်ဘုရား၊ အာဘယ်မျှလောက်သော်အကြောင်းဖြင့်ဥပါသကာမည်ရာသနည်းဟုမေးလျှောက်သည်ကိုအကြောင်းပြု၍။ ယော ခေါ် မဟာနာမ် ဗုဒ္ဓံ သရဏံ ဂတော ဟောတိ။ အစရှိသောမဟာနာမသုတ်ကို ဟောတော်မူ၏။ ထိုသုတ္တန်

ဒေသနာတော်၌ အဓိပ္ပါယ်ကား။ မဟာနာမ၊အကြင်သူသည် မြတ်စွာဘုရားကိုကိုးကွယ်ဆည်းကပ်ခြင်းသို့ရောက်၏။တရားတော်ကို၊သံဃာတော်ကို ကိုးကွယ်ဆည်းကပ်ခြင်းသို့ ရောက်၏။ ထိုသူသည် ဥပါသကာမည်၏ ဟူလိုသည်။ ။ထို့နောင် ဘုန်းတော်ကြီးလွန်သော အရှင်ဘုရား၊ ထိုဥပါသကာသည် အဘယ်မျှ ငြောက်သော အကြောင်းဖြင့် သိလနှင့်ပြည့်စုံသည်မည်သနည်းဟုမေးလျှောက်ပြန်သောကြောင့်။ယ တော ခေါ်မဟာနာမ ဥပါသကော ပါဏာတိပါတာ ပဋိဝိရတော ဟောတိ။အစရှိသော ဒေသနာတော်ကိုဟောတော်မူ၏။ ထို ဒေသနာတော်၌ အဓိပ္ပါယ်သေ်ကား။ မဟာနာမ်။ ဘုရား၊ တရား၊ သံဃာ၊ ရတနာမြတ်သုံးပါးကိုကိုးကွယ်ဆည်းကပ်သော ဥပါသကာသည် သူ၏အသက်ကို သတ်ခြင်းမှကြဉ်၏။ အရှင်မဖေးသော သူ၏ဥစ္စာကိုခိုးယူခြင်းမှကြဉ်၏။ ကာမတို့၌ ယုတ်မာသော အကျင့်ဟူသော သူသားမယားကို ပြစ်မှားလွန်ကျူးခြင်းမှကြဉ်၏။ မဟုတ်မမှန် ဆွတ်လွဲသောစကားကို ဆိုခြင်းမှကြဉ်၏၊ သေအရက်ယစ်မျိုးကိုသောက်ခြင်းမှကြဉ်၏။ထိုသို့ကြဉ်သော ဥပါသကာသည် သိလနှင့်ပြည့်စုံသည်မည်၏ဟူလိုသည်။ ။ထို့နောင် အဘယ်မျှလောက်သော အကြောင်းဖြင့် ရတနာသုံးပါးကို၊ ကိုးကွယ်သော ဥပါသကာသည် သဒ္ဓါတရားနှင့် ပြည့်မုံသည်မည်ရသနည်းဟု လျှောက်ပြန်သောကြောင့်။ဤစ မဟာနာမ ဥပါသကော သဒ္ဓေါ ဟောတိ။ အစရှိသော ဒေသနာတော်ကို ဟောတော်မူ၏။ အဓိပ္ပါယ်ကား။ မဟာနာမ၊ ဤသာသနာတော်၌ ဥပါသကာသည် ကံကိုရင်း၊ကံ၏အကျိုးကိုရင်း ယုံကြည်သည်။ ရတနာသုံးပါးတို့၌ခြဲကြည်ညိုသည်ဖြစ်၍၊ လာခြင်းကောင်းသောငါဘုရားကို။ ထိုမြတ်စွာဘုရားသည်။ ဤတိဒ သောဘဂဝါ အရဟံ၊အစရှိသောဂုဏ်တော်ကိုးပါးနှင့်ပြည့်စုံ၏ဟု ယုံကြည်၏။ ဤမျှသောအကြောင်းဖြင့် ဥပါသကာသည် သဒ္ဓါတရားနှင့်ပြည့်စုံသည်မည်၏ ဟူလိုသည်။ ။ထို့နောင် ဥပါသကာသည် အဘယ်မျှသော အကြောင်းဖြင့် စာဂနှင့်ပြည့်စုံသည် မည်ရသနည်းဟု လျှောက်သောကြောင့်။ဤစ မဟာနာမ ဥပါသကော ဝိဂတမလမစ္ဆေရေန စေတသာ အဂါရံ အဇ္ဈာဝသတိ။ စသောတရားကို ဟောတော်မူ၏။ အဓိပ္ပါယ်ကား။ မဟာနာမ်၊ဤသာသနာတော်၌ ဥပါသကာသည် ဝန်တိုခြင်းအညစ်အကြေးကင်းသောစိတ်ဖြင့်အိမ်၌နေ၏။ လွတ်လွတ်စွန့်ကြ၏။ ဖြန့်

သော လက်ပါးရှိ၏။ လွတ်လွတ်စွန့်ခြင်းဌ မေ့လျော့၏။ ပုန်းတောင်း ယာစကာနှင့်ယှဉ်၏။ ဝေဘန်ခွဲခြမ်းပေးကမဋ္ဌာန်းခြင်းဌ မေ့လျော့၏။ ဤမျှသောအကြောင်းဖြင့် ဥပါသကာသည် စာဂနှင့်ပြည့်စုံသည်မည်၏ဟူလိုသည်။ ။ထို့နောင်အာဘယ်မျှသောအကြောင်းဖြင့်ဥပါသကာသည် ပညာနှင့်ပြည့်စုံသည်မည်သနည်းဟုလျှောက်သောကြောင့်။ဤဓ မဟာနာမဥပါသကောပညဝါဟောတိ။ အစရှိသောဒေသနာကိုဟောတော်မူ၏။ အဓိပ္ပါယ်ကား။ မဟာနာမ်၊ဤသာသနာတော်၌ ဥပါသကာသည် ပညာရှိသည် ဖြစ်၏။ လောကီ လောကုတ္တရာ အကျိုးစီးပွါး နှစ်ပါးသို့ ရောက်စေတတ်သောပညာနှင့်ဂုဏ်း။ ဖြတ်သော အခိုင်အမျှည်မရှိသော ဒုက္ခသစ္စာ၏ကုန်ခြင်းသို့ ကောင်းစွာရောက်စေတတ်သောပညာနှင့်ဂုဏ်း ပြည့်စုံ၏။ ဤမျှသောအကြောင်းဖြင့် ဥပါသကာသည် ပညာနှင့်ပြည့်စုံသည်မည်၏ဟူလိုသည်။ ။

၁၄။ နိဂြောဓာရုံကျောင်းတော်၌သိမ်တင်းသုံးနေစဉ်၊ ဝရိုးတော်သုပုဗ္ဗဓနင်းကြိုးကိုဖြေမျိုရာ၌ဟောတော်မူအပ်သော။ နအန္တလိကေ္ခ-စသောဒေသနာတော်ကိုပြုရာ။

နအန္တလိကေ္ခ နသမုဒ္ဒမဇ္ဈေ။ အစရှိသော တရားဒေသနာတော်ကို မြတ်စွာဘုရားသည် နိဂြောဓာရုံကျောင်း၌ နေတော်မူသောအခါ ဝရိုးတော်သုပုဗ္ဗဓသာကိုဝင်မင်းကိုအကြောင်းပြု၍ ဟောတော်မူ၏။ ဝတ္ထု၊ အကြောင်းကား။ ထိုသုပုဗ္ဗဓမင်းသည် ဤသိဒ္ဓတ်မင်းသားဘုရားသည် ငါ၏သမီး ယသောဓရာကိုစွန့်၍တောထွက်၏။ငါ၏သား ဒေဝဒတ်ကို ရဟန်းပြု၍ ထိုငါ့သား၏ရန်သူအရာ၌တည်၏။ ဤသို့လျှင်နှစ်ပါးသော အကြောင်းတို့ဖြင့် မြတ်စွာဘုရား၌ ရန့်ငြိုး ဘွဲ့၍ နေသည် ယခုအခါ ဤသိဒ္ဓတ်မင်းသားဘုရားအား ဆွမ်းဘိတ်မနှစ်ရာအရင်သို့ သွား၍ ဆွမ်းစားခြင်းငှါမပေးအံ့ဟု ခရီးကိုပိတ်၍၊ခရီးလမ်းမ၌ သေကိုသောက်၍နေ၏။ထိုရောအခါမြတ်စွာဘုရားသည် ရဟန်းသံဃာအပေါင်းခြံရုံလျက် ထိုခရီးသို့ကြွတော်မူ၏။မြတ်စွာဘုရားသည် ဤအရပ်သို့ကြွတော်မူလာ၏ဟု ထိုသုပုဗ္ဗဓမင်းအား ကြားကုန်၍ သုပုဗ္ဗဓမင်းသည်ဆို၏။ အရပ်တပါးမှ သွားလေ့ဟု ထိုဘုရားအား ဆိုလေကုန်။ ဤဂေါတမဘုရား

သည် ငါ့လက်မှကြိုးတကား။ ထိုဂေါတမဘုရားအား ခရီးကိုငါမပေး
ဟုဆို၏။ သူတပါးတို့သည် အဘန်တလဲလဲဆိုအပ်သော်လည်း ထိုဂရုး
အတူဆို၍နေ၏။ မြတ်စွာဘုရားသည် ဝရိုးတော်၏အထံမှခရီးကိုမရ၍
ထိုအရပ်မှ ပြန်တော်မူရလေ၏။ ထိုသုပ္ပဗုဒ္ဓမင်းသည်လည်း မင်းချင်း
ယောကျ်ားတယောသံကိုစေ၍။ သင်သွားချေ၊ ထိုသိဒ္ဓတ်မင်းသားဘုရား
၏စကားကိုကြား၍ လာခဲ့လော့ဟု စေ၏။ မြတ်စွာဘုရား လည်၍ပြန်
တော်မူသောအခါ ပြိုးတော်မူ၏။ အရှင်အာနန္ဒာသည်။ ဘုန်းတော်အ
လွန်ကြီးတော်မူသောအရှင်ဘုရား၊ ပြိုးတော်မူခြင်းဌ အကြောင်းအသို့
နည်းဟု မေးအပ်သည်ဖြစ်၍။ ချစ်သားအာနန္ဒာ၊ သုပ္ပဗုဒ္ဓမင်းကို မြင်၏
လောဟုမိန့်တော်မူ၏။ အရှင်ဘုရား၊မြင်ပါ၏ဟုလျှောက်သည်ရှိသော်။
အာနန္ဒာ၊ သုပ္ပဗုဒ္ဓမင်းသည် ဝန်းလေးသောအမှုကိုပြုဘိ၏။ ငါသို့သော
ဘုရားအား ခရီးကို မပေးခြင့်းကြောင့် ဤနေ့ရှုစ်ရက်မြောက်သော
နေ့ဌ ပြာသာဒ်အောက်ဝယ်စောင်းတန်းလျောကား၏အရင်းဌ မြေကြီးသို့
ဝင်လတ္တံ့ဟု ဘုရားမိန့်တော်မူ၏။ မင်းချင်းသည် ထိုစကားကို ကြား၍
သုပ္ပဗုဒ္ဓမင်း၏အထံသို့ သွားလေသော် ငါ၏တူးတော်ဖြစ်သော သိဒ္ဓတ်
မင်းသားဘုရားသည်အဘယ်သို့ဆိုအပ်သနည်းဟုမေးသဖြင့် မြတ်စွာ
ဘုရားအထံမှကြားတိုင်းသောစကားကိုလျှောက်၏။ ။ထိုသုပ္ပဗုဒ္ဓမင်း
သည် မင်းချင်းယောကျ်ားဏ်စကားကိုကြား၍ ယခုအခါ တူဖြစ်သော
ဘုရားအားပြုအပ်သောအဖြစ်သည် ငါ့အားမရှိ။ ငါ့တူဘုရားသည် ဒဒ
ကြင်စကားကိုဆို၏။ထိုစကား မသွတ်မလွဲ ဆိုတိုင်းမမှန်သည်ဖြစ်စေ။
ဤသို့မမှန်သောအခါဌ သိဒ္ဓတ်မင်းသားဘုရားကို မသာဝါဒဖြင့်နှိပ်အံ့။
အာဘယ်သို့ နှိပ်အံ့နည်းဟူမူကား၊ ထိုတူဘုရားသည် ငါ့ကို ချန်စ်ရက်
မြောက်သောနေ့ဌ မြေမျိုလတ္တံ့ဟူ၍သာ အရပ်ဌာန်ကို မမှတ်မူ၍မဆို
ဘဲ၊ ပြာသာဒ်အောက်ဌ စောင်းတန်းခြရင်းဌ မြေမျိုလတ္တံ့ဟူ၍ဆို၏။
ယခုအခါဌ ဤနေ့မှစ၍ငါသည် ထိုပြာသာဒ်အောက်သို့မသွားအံ့။ထိုသို့
မသွားသော် ထိုစောင်းတန်းခြရင်းဌငါသည် မြေသို့မဝင်မူ၍ ထိုငါ၏
တူဘုရားကို မသာဝါဒဖြင့်နှိပ်ရအံ့ဟုကြံ၍၊ထိုသုပ္ပဗုဒ္ဓမင်းသည် ဒိဒိ၏
သုံးဆောင်မြဖြစ်သော အလုံးစုံကို ဘုံခုနစ်ဆင့်ရှိသော ပြာသာဒ်၏အ
ထက်သို့တင်၍ စောင်းတန်းကုန်းကို ပယ်စေ၏။ တံခါးကိုပိတ်၍ တခုတခု
သောတံခါးဌ နှစ်ယောက်နှစ်ယောက်သော လက်ပမဲ့သည်တို့ကိုထား

၍။အကယ်၍ငါသည်မွေ့လျော့သဖြင့် အောက်သို့သက်လိုသည်ဖြစ်အံ့။ ငါ့ကို သင်တို့သည် မြစ်တားကုန်လော့ဟုဆို၍ ချန်စ်ဆင့်မြောက်သော ပြာသာဒ်အုထက်၌ အသဖရိသောတိုက်၌နေ၏။ ရဟန်းတို့သည် ထိုအကြောင်းကိုကြား၍မြတ်စွာဘုရားအားလျှောက်ကုန်၏။မြတ်စွာဘုရား ပိန့်တော်မူ၏။ ချစ်သားရဟန်းတို့၊သုပ္ပဗုဒ္ဓမင်းသည် စင်စစ်သဖြင့်ချန်စ်ဆင့်မြောက်ဖြစ်သော ပြာသာဒ်ကို မဆိုလင့်ဦး။ ကောင်းကင်သို့ ပျံ၍ ကောင်းကင်၌မူလည်းနေစေ။ သဘော်လေဖြင့်မူလည်း သမုဒ္ဒါ၌ လွှင့်စေ။ တောင်၏အကြားသို့မူလည်း ဝင်စေ။ ဘုရားတို့၏စကား၌ နှစ်ပါးအပြားဖြင့်ဖြစ်ခြင်းမည်သည်မရှိ။ ငါဆိုရာအရပ်၌သာလျှင် ထိုသုပ္ပဗုဒ္ဓမင်းသည် မြေသို့ ဝင်လတ္တံ့ဟု ပိန့်တော်မူ၍ တရား ဟောတော်မူလို သောမြတ်စွာဘုရားသည်။ ။နအန္တလိက္ခေ နသမုဒ္ဒမဇ္ဈေ၊နပဗ္ဗတာနံ ဝိဝရံ ပဝိဿ။နဝိဇ္ဇတေ သောဓဂတိပဒေသော၊ယတ္ထ ဋ္ဌိတံ နပ္ပသဟေယျမစ္စု၊။ ။ဤတရားဒေသနာကို ဟောတော်မူသောအဆုံး၌ များစွာသော တရားနာ ပရိသတ်တို့သည် သောတာပတ္တိဖိုလ် စသည်တို့သို့ရောက်ကုန်၏။ ။ချန်စ်ရင်မြောက်သောနေ့၌ မြတ်စွာဘုရား၏ ဆွမ်းရပ်တော်မူသောခရီးသို့တက်သောအခါ၌ ပြာသာဒ်အောက်၌ သုပ္ပဗုဒ္ဓမင်း၏မက်လာမြင်းတော်သည် ထိတ်လန့်သည်ဖြစ်၍ ထိုထိုသို့သောနံရံကို ကန်ကျောက်၏။ ထိုသုပ္ပဗုဒ္ဓမင်းသည် ချန်စ်ဆင့်မြောက် ဖြစ်သော ပြာသာဒ်၏အထက်၌နေလျက် မြင်းဟိသံကိုကြား၍။ ဤအသံသည် အဘယ်အသံနည်းဟု မေး၏။ မက်လာမြင်းတော်သည် ထိတ်လန့်သည်ဟု လျှောက်ကုန်၏။ ထိုမြင်းသည် သုပ္ပဗုဒ္ဓမင်းကိုမြင်၍နေမြဲနေ၏။ ထိုရောအခါ ထိုမြင်းကိုသုပ္ပဗုဒ္ဓမင်းသည် ဘမ်းကိုင်လိုသည်ဖြစ်၍နေရာမှထ၍ တခါးသို့ကြွသွား၏။ တံခါးတို့သည်အလိုလိုပွင့်ကုန်၏။ စောင်းတန်းလျှောကားတို့သည် ပိပိအရာ၌ တည်ကုန်၏။ တံခါးနှစ် ~~ပေါင်း~~ကုန်သော လက်ပမ်းသည်တို့သည် ထိုသုပ္ပဗုဒ္ဓမင်းကို လည်၌ကိုင်၍ အောက်သို့ကြေးရုပ်လိုက်ကုန်၏။ ဤသို့သောနည်းဖြင့် ချန်စ်ဆင့်သော တံခါးတို့၌ တံခါးရွက်တို့သည်အလိုလိုပင်ပွင့်ကုန်၏။စောင်းတန်းတို့သည် ပိပိတို့၏အရာတို့၌တည်ကုန်၏။ ခပ်သိမ်းသောတံခါးတို့၌ လက်ပမ်းသည်တို့သည် ထိုကြေးနည်း အတူလျှင် ထိုသုပ္ပဗုဒ္ဓ မင်းကို လည်၌ကိုင်၍ အောက်သို့ကြေးရုပ်လိုက်ကုန်၏။ထိုရောအံ့ခါ အောက်စောင်းတန်းခြေ

ရင်းသို့ရောက်ကာမျှဖြစ်သော ထိုသုပ္ပဗုဒ္ဓမင်းကို မြေကြီးသည်ဖြင်းစွာ မြည်လျက် ထက်ခြမ်းခွဲ၍ခံလင့်ဏ်။ ထိုသုပ္ပဗုဒ္ဓမင်းသည် မြေကြီးထဲသို့ ဝင်၍အဝီစိငရဲ၌ဖြစ်ပေလံ့ဏ်။ ။

၁၅။ နိဂြောဓာရုံကျောင်းဌာပိတာင်းသုံးတော်မူစဉ်၊ မဟာနာဓမင်းကြီးအား၊သဒ္ဓါစသောတရား ၅ ပါးဌာပိတည်သော သူသည်မြတ်စွာဘုရားကဲ့သို့စစ်သက်စေနိုင်ဏ်ဟုဟောပြော်ရာ။

မြတ်စွာဘုရားသည် ထိုနိဂြောဓာရုံကျောင်းဌာပိတာဆိုင်တော်မူသောအခါမျှားစွာသောရဟန်းတို့သည်မြတ်စွာဘုရားသ်ည်သက်နှံးတော်အမှုပြီးသည်ရှိသော် ဝါတွင်းသုံးလလွန်သောအခါ၌ ဒေသစာရီ ကြွတော်မူလတ္တံ့ဟု မြတ်စွာဘုရ်ားဏ်သက်နှံးတော်အမှုကိုပြုကုန်ဏ်။ မဟာနာဓမင်းသည်ဝါတွင်းသုံးလလွန်သောအခါ၌မြတ်စွာဘုရားသည်ဒေသစာရီကြွတော်မူလတ္တံ့ဟုကြား၍ နိဂြောဓာရုံကျောင်းတော်သို့သွား၍ မြတ်စွာဘုရားသို့ကပ်၍ ရှင်ပင်ဘုရား၊ သက်နှံးအမှုပြီးသောအခါ၌ ရှင်ပင်ဘုရားသည်ဒေသစာရီကြွလတ္တံ့ဟုကြား်ဏ်။ ရှင်ပင်ဘုရား၊ရှင်ပင်ဘုရားဒေသစာရီကြွသော်ရှင်ပင်ဘုရားနှင့်ကင်းဝေးနသည်ရှိသော်အဘယ်သို့သောနေခြင်းဖြင့် အကျွန်ုပ်သည်နေရပါအံ့နည်းဟု လျှောက်ဏ်။ မဟာနာဓမ၊ ရှင်ပင်ဘုရားနှင့်ကင်း၍နေသော် အဘယ်သို့သောနေခြင်းဖြင့်အကျွန်ုပ်သည်နေပါရအံ့နည်းဟုမဟာနာဓမင်းတို့သည်လာခြင်းကောင်းသော ငါဘုရားအား အကြင်မေးခြင်းကိုမေးအပ်ဏ်။ ထိုမေးခြင်းသည် အမျိုးသားဖြစ်ကုန်သောမဟာနာဓမင်းတို့အားလျောက်ပတ်ဏ်။ ချီးမွမ်းဘွယ်ရှိဏ်။ မဟာနာဓ၊ သဒ္ဓါတရားရှိသော သူသည် မြတ်စွာဘုရားကို နှစ်သက်စေနိုင်ဏ်။ သဒ္ဓါတရားမရှိသော သူသည် မြတ်စွာဘုရားတို့ကို မနှစ်သက်စေနိုင်။ အားထုတ်အပ်သောလုံ့လရှိသောသူသည် မြတ်စွာဘုရားတို့ကို နှစ်သက်စေနိုင်ဏ်။ ပျင်းသောသူသည် မနှစ်သက်စေနိုင်။ ထင်သောသတိရှိသော သူသည် မြတ်စွာဘုရားတို့ကို နှစ်သက်စေနိုင်ဏ်။ လွတ်သော သမာဓိရှိသောသူသည် မနှစ်သက်စေနိုင်။ တည်ကြည်သောသူသည် ဘုရားတို့ကို နှစ်သက်စေနိုင်ဏ်။ မတည်ကြည်သောသူသည်မနှစ်သက်စေနိုင်။ ပညာရှိသောသူသည် ဘုရားတို့ကိုနှစ်သက်စေ

နိုင်ဏ်။ ပညာမရှိသောသူသည် ဘုရားတို့ကို မနှစ်သက်စေနိုင်။ မဟာနာဓ၊ ဤသို့သဘောရှိကုန်သော သဒ္ဓါ၊ ဝိရိယ၊ သတိ၊ သမာဓိ၊ ပညာတည်းဟူသော၌ငါးပါးသောတရားတို့ဌိတည်၍ ခြောပါးသောတရားတို့ကိုဆောင်ဏ်။ ထိုထက်အလွန် မဟာနာဓသည်ပါးလော့။ ဤသို့အစရှိသဖြင့်များစွာသောတရားတို့ကိုဟောတော်မူဏ်။ ။

ဤမျှသော စကားအစဉ်သည်ကား ဗောဓိသုံးပါးတွင် ပဌမဗောဓိအဆုံးဖြစ်သော တဆဲငါးဝါဖြောက်တိုင် မြတ်စွာဘုရား၏အဋ္ဌုပ္ပတ္တိကို ဆိုသောစကားတည်း။ ။

၁၆။ ပန္နရသမဝါက္ယတ်တော်မူပြီး၍၊ ဇေတဝန်ကျောင်းတော်၌သိတင်းသုံးနေစဉ်၊သိကြွားမင်းမေးသောပြဿနာ ၄ ပါးကိုဖြေတော်မူခြင်း။ရဟန်းတို့အားတရားအနှယော ဒနာပြုစေရန်ခွင့်ပြုတော်မူခြင်းတို့ကိုပြုရာ။

၌ပဌမဗောဓိ တဆဲ့ငါးဝါပတ်လုံး တပည့်သားရဟန်းတို့အား ဒါယကာဘိတ်မန်၍ ဆွမ်းစားရာ၌ ဆွမ်းအနှယောဒနာတရားဟောခြင်းကို ခွင့်ပြုတော်မမူသေး။ ပဌမဗောဓိတဆဲ့ငါးဝါလွန်မှ ဆွမ်းစားရာ၌ အနှယောဒနာတရားဟောခြင်းကိုခွင့်ပြုတော်မူသတည်း။ ။

မြတ်စွာဘုရားသည် တဆဲ့ငါးဝါ ကျတ်တော်မူ၍ ဒေသစာရီ ကြွတော်မူသဖြင့် သာဝတ္ထိပြည်သို့ရောက်၍ ဇေတဝန်ကျောင်းတော်၌နေတော်မူသောအခါ သိကြွားမင်းသည် မေးလျှောက်သည်ကိုအကြောင်းပြု၍ သဇ္ဈဒါနံအစရှိသော တရားကိုဟောတော်မူဏ်။ ဝတ္ထုအကြောင်းကား၌ဆိုတည်း။ ။တဂါးသောအခါ၌ တာဝတိံသာနတ်ပြည်၌များစွာသောနတ်တို့သည် စည်းဝေးကုန်၍ လေးပါးသော ပြဿနာတို့ကို ဖြစ်စေကုန်ဏ်။ လေးပါးသောပြဿနာဟူသော်ကား၊ အလှူတို့တွင် အာဘယ်အလှူသည် ကြီးမြတ်သနည်း။ အရသာတို့တွင် အာဘယ်အရသာသည် ကြီးမြတ်သနည်း။ နေ့လျှော်ခြင်းတို့တွင် အာဘယ်နေ့လျှော်ခြင်းသည် ကြီးမြတ်သနည်း။ တလျှာဏ်ကုန်ခြင်းသည် အာဘယ်ကြောင့်ကြီးမြတ်သနည်း။၌အမေးလေးပါးတို့ကိုဖြစ်စေကုန်ဏ်။ ထိုအမေးလေးပါးတို့ကို တဖေယျာက်သောနတ်သည်မျှ ဆုံးဖြတ်ခြင်းငှါ မတတ်နိုင်။ နတ်

တယောက်သည် နတ်တယောက်ကိုမေး၏။ထိုမေးအပ်သောနတ်သည် တပါးသောနတ်ကိုမေး၏။ ဤသို့အချင်းချင်းတယောက်သည် တယောံကို မေးသဖြင့် တသောင်းသောစကြဝဠာတိုက်တို့၌ တဆဲ့နှစ်နှစ်ပတ်လုံးကျင်လည်ကုန်၏။ ဤမျှလောံသောကာလ၌လည်း ထိုပြဿနာလေးပါးတို့၏အနက်ကိုမဖြေင်နိုင်ကုန်၍ တသောင်းသောစကြဝဠာ၌နေသောနတ်တို့သည်စည်းဝေးကုန်၍ စတုမဟာရာဇ်နတ်မင်းလေးယောက်တို့၏အထံသို့လာကုန်သောကြောင့်။ အချင်းတို့၊ အဘယ်ကြောင့် များစွာသောနတ်တို့သည်စည်းဝေးကုန်သနည်းဟု မေးသည်ရှိသော်။လေးပါးသောပြဿနာတို့ကဲ့ဖြစ်စေကုန်၍ ထိုပြဿနာတို့၏အနက်ကို ဆုံးဖြတ်ခြင်းငှါမတတ်နိုင်ကုန်၍ အရှင်နတ်မင်းတို့၏ အထံသို့ လာပါကုန်၏ဟု ဆိုသော်။ အချင်းတို့၊ဤပြဿနာသည် အဘယ်သို့နည်းဟု မေးသဖြင့်၊ အလှူတို့တွင် အဘယ်အလှူမြတ်သနည်း။ အရသာတို့တွင် အဘယ်အရသာမြတ်သနည်း။ ဓမ္မလျော်ခြင်းတို့တွင် အဘယ်ဓမ္မလျော်ခြင်းမြတ်သနည်း။ တဏှာ၏ ကုန်ခြင်းသည်သာလျှင် အဘယ်ကြောင့် မြတ်သနည်း။ ဤပြဿနာလေးပါးတို့ကိုမဆုံးဖြတ်နိုင်သောကြောင့် လာပါကုန်၏။အရှင်နတ်မင်းကြီးလေးပါးတို့သည် အနက်ကိုဆုံးဖြတ်ပါဦးကုန်လော့ဆိုသော်။ အဓမ္မောင်နတ်များတို့၊ငါတို့သည်လည်း ဤပြဿနာတို့၏အနက်တို့ကို မသိပါကုန်။ငါတို့၏အရှင်ဖြစ်သော သိကြားမင်းသည်ကား၊ တထောင်သောသူသည် ကြံအပ်သောအနက်တို့ကို တခဏခြင်းကြံ၍ သိနိုင်၏။ထိုသိကြားမင်းသည်ငါတို့ထက်ပညာဖြင့်ထူးမြတ်၏။ဒုဓမ္မောင်တို့၊လာကုန်လော့။ ထိုသိကြားမင်း၏အထံ၌သို့ ငါတို့သွားကုန်အံ့ဟု၊ ထိုတသောင်းသောစကြဝဠာမှ လာကုန်သော နတ်အပေါင်းတို့ကို ယူ၍ စတုမဟာရာဇ်နတ်မင်းတို့သည် သိကြားမင်းအထံသို့ သွားကြလေကုန်၏။ သိကြားမင်းသည်လည်း အကြောင်းအဘယ်သို့နည်း။ နတ်အစည်းအဝေးသည် များလှစွာ၏ဟု ဆိုဘည်ရှိသော်၊ ထိုပြဿနာလေးပါးတို့၏အနက်ကို မဆုံးဖြတ်နိုင်ကြကြောင်းကို ကြား၍။ အချင်းနတ်သားတို့၊ ဤပြဿနာတို့၏အနက်ကို ဘုရားမှ တပါးသောသူသည် သိအံ့ဖော်မရှိတတ်နိုင်။ ဤပြဿနာလေးပါးတို့လည် မြတ်စွာဘုရားတို့၏အရာဖြစ်ကုန်၏။မြတ်စွာဘုရားသည် ယခုအဘယ်အရပ်၌နေတော်မူသနည်းဟု မေး၍၊ ဓမ္မတာဝန်ကျောင်းဇေတဝန်၌နေသည်ဟု ကြားကုန်၍။ အချင်းနတ်

များတို့၊လာကုန်လေ၃။ ထိုမြတ်စွာဘုရား၏အထံသို့ ငါတို့သွားကုန်အံ့ဟု များစွာသော နှတ်အပေါင်းတို့နှင့်တကွ ညဉ့်အဘို့၌ အလုံးစုံသောဇော တဝန်ကျောင်းတော်ကိုထွန်းလင်းစေ၍ မြတ်စွာဘုရားသို့ကပ်၍ ရှိသော စွာရှိခိုး၍ တင့်အပ်သော အရပ်၌ရပ်ဖို့။ ။မြတ်သောသိကြားနှတ်မင်း၊ အာဘယ်ကြောင့် များစွာသောနှတ်အပေါင်းနှင့်တကွလာသနည်းဟုမိန့် တော်မူသော်။ အရှင်ဘုရား၊နှတ်အပေါင်းသည် ဤပြဿနာလေးပါးတို့ ကိုဖြစ်စေအပ်ကုန်၏။ဤပြဿနာတို့၏အနက်ကိုသိခြင်း၌စွမ်းနိုင်သော သူသည် မရှိပါ။ အကျွန်ုပ်တို့အား ဤလေးပါးကုန်သော ပြဿနာတို့၏ အနက်ကိုထင်ရှားပြတော်မူပါဟုလျှောက်သည်ရှိသော် မြတ်စွာဘုရား မိန့်တော်မူ၏။ သိကြားမင်း၊ငါသည်သုံးဆယ်သောပါရမီတို့ကိုဖြည့်၍၊ စွန့်ခြင်းကြီးငါးပါးတို့ကို စွန့်၍၊ သင်သို့ သဘောရှိကုန်သောနှတ်တို့၏ ယုံမှားသင်္ကာကိုဖြတ်ခြင်းငှါလျှင် သဗ္ဗညုတဉာဏ်တော်ကိုထိုးထွင်း၍ သိအပ်၏။ ခပ်သိမ်းသောအလှူတို့တွင် တရားဟူသောအလှူသည်မြတ် ၏။ခပ်သိမ်းသောအရသာတို့တွင် တရားဟူသောအရသာသည် မြတ် ၏။ ခပ်သိမ်းသောနှမြေလျှံခြင်းတို့တွင် တရားဖြင့်နှမြေလျှံခြင်းသည် မြတ်၏။တထာဂတ၏ကုန်ခြင်းသည်ကား ရဟန္တာ၏အဖြစ်သို့ ရောက်စေ တတ်သောကြောင့်အလွန်လျှင်မြတ်စွာ၏ဟုမိန့်တော်မူ၍။ ။သဗ္ဗဒါနံ ဓမ္မဒါနံ ဇိနာတိ၊သဗ္ဗရသံ ဓမ္မရသော ဇိနာတိ။သဗ္ဗရတိ ံ ဓမ္မရတိ ဇိနာ တိ၊ တဏှက္ခယော သဗ္ဗဒုခံ ဇိနာတိ။ ။ဟူသော တရားဒေသနာကို ဟောတော်မူ၏။ ဤတရား ဒေသနာတော် အဆုံး၌ ရှစ်သောင်း လေး ထောင်ကုန်သောနှတ်ဝေနေယျတို့သည် မဂ်ဖိုလ်နိဗ္ဗာန်အကျွတ်တရား ကိုရကုန်၏။ ။ဤဂါထာ၌ ခပ်သိမ်းသောအလှူကို တရားအလှူသည် အောင်၏ဆိုရာ၌။ အဓိပ္ပါယ်ကား။ အလုံးစုံသောစကြဝဠာတိုက်တို့ကို အထက် ပြဟ္မာ့ဘုံပြည်တိုင်အောင် အခြားမရှိသည်ကိုပြု၍ နေကုန်သော ဘုရား ပစ္စေကဗုဒ္ဓါ ရဟန္တာတို့အား ဌက်ပျော်ဂူးနှင့်တူသော ဥပမာရှိ သောသင်္ကန်းတို့ကို အကြင်သူသည် တထည်စီ လှူငြားအံ့။ ထိုဘုရား ပစ္စေကဗုဒ္ဓါရဟန္တာတို့၏အပေါင်း၌ တဦးသောပုဂ္ဂိုလ်သည် လေးပုဒ် ရှိသောဂါထာဖြင့် သင်္ကန်း အနုမောဒနာ ပြုခြင်းသည်လျှင် ထိုဘုရား ပစ္စေကဗုဒ္ဓါရဟန္တာတို့အား ဌက်ပျော်ရွက်နှသဏ္ဌာန်ရှိသောသင်္ကန်း ကိုလှူသောထက်မြတ်၏။ ထိုသင်္ကန်းအလှူ၏အကျိုးသည် ထိုတဂါထာ

ဖြင့်အနုမောဒနာပြုခြင်းဟူသောတရားအလှူ၏အကျိုးကို တဆဲ့ခြောက် စိတ်စိတ်၍ တစိတ်ကိုမျှလည်း မတူ။ ဤသို့ဖြစ်သဖြင့် တရားကိုဟော ခြင်းသည်ဂုဏ်။ တရားကိုသင်ခြင်းသည်ဂုဏ်။ တရားကိုနာခြင်းသည်ဂုဏ်။ အကျိုးကြီးမြတ်၏၊ အကြင်ပုဂ္ဂိုလ်သည်လည်း တရားနာခြင်းကို ပြုစေ၏။ တရားနာပါ ဟူ၍ နှိုးဆော်တိုက်တွန်း၏။ ထိုပုဂ္ဂိုလ်အားလည်း အကျိုးကြီးမြတ်၏။ ဤသို့ဆိုအပ်ပြီးသောသဘောရှိသော ဘုရား ပစ္စေက ဗုဒ္ဓါ ရဟန္တာတို့၏ သပိတ်တို့ကို မွှန်မြတ်သောဆွမ်းဖြင့်ဖြည့်စေ၍ လှူသောအလှူထက်ဂုဏ်။ ထောမတ်ဆီအစရှိသောဆေးတို့ကို သပိတ်တို့ကိုပြည့်စေ၍ လှူသော အလှူထက်ဂုဏ်။ သိဟိုဠ်ကျွန်းခွံ မဟာဝိဟာရကျောင်းကဲ့သို့ အသိနိုးမကသောကျောင်းတို့ကိုဂုဏ်။ ကြွေးပြာသဒဒ်ကဲ့သို့အသိနိုးမကသောပြာသာဒ်တို့ကိုဂုဏ်။ ဆေးလုပ်၍လှူသောကျောင်း အလှူထက်ဂုဏ်။ အနာထပိဏ်သူဌေး အစရှိသော ဒါယကာတို့သည် ကျောင်းကို ရည်၍ ပြုအပ်သော စွန့်ကြဲခြင်းထက်ဂုဏ်။ လေးပုဒ်သာရှိသော ဂါထာတဂါထာဖြင့် အနုမောဒနာပြုခြင်းတည်းဟူသော တရားအလှူသာလျှင်မြတ်၏။ အဘယ်ကြောင့်နည်းဟူမူကား။ ဤသို့သဘောရှိသောကောင်းမှုတို့ကို ပြုကုန်သော သူတို့သည် ဝဘာနကို ကြား၍သာလျှင်ပြုကုန်၏။ တရားကိုမကြားသော်မပြုကုန်ရာ။ အကယ်၍ ဤအလုံးစုံသော သတ္တဝါတို့သည် တရားကိုမကြားကုန်အံ့။ တဟင်းချိုမျှသော ယာဂုကိုဂုဏ်၊ တပေါက်မမျှသောဆွမ်းကိုဂုဏ်းမလှူကုန်ရာ။ ဤသို့သော အကြောင်းကြောင့် ခပ်သိမ်းသောအလှူတို့ထက် တရားဟူသောအလှူသည် မြတ်၏။ ။တစနည်းလည်း။ ဘုရား ပစ္စေက ဗုဒ္ဓါတို့ကို ထား၍ တကမ္ဘာပတ်လုံးရှာသောဖိုးဖပါက်ကိုရေခြင်းဌါစွမ်းနိုင်သော ပညာနှင့်ပြည့်စုံသော အရှင်သာရိပုတြာအစရှိသည်တို့သည်လည်း ဒိဗ္ဗိတို့၏ သဘောမမျှတဘားနှင့်ဖြင့် သောတာပတ္တိဖိုလ်အစရှိသည်တို့သို့ရောက်ခြင်းဌါမစွမ်းနိုင်ကုန်။ အသဇိမထေရ်အစရှိသည်တို့သည် ပဟာအပ်သောတရားကို ကြား၍သာလျှင် သောတာပတ္တိဖိုလ်ကို မျက်မှောက်ပြုကုန်၏။ မြတ်စွာဘုရားတရားဒေသနာကိုကြား၍ သာဝကပါရမီဉာဏ်ကိုမျက်မှောက်ပြု၏။ ဤသို့သောအကြောင်းကြောင့် ဓမ္မဒါနသည်သာလျှင် မြတ်၏။ ထိုကြောင့် ခပ်သိမ်းသောအလှူကို တရားတည်းဟူသော အလှူသည်အောင်၏ဟူ၍ဆိုသတည်း။ ။ခပ်သိမ်းကုန်သောခန္ဓရသ၊

သာဓရသ၊ပုပ္ပရသ၊ဖလရသတို့သည်၎င်း။ခါဒနီယရသ၊ဘောဇနီယရသအစရှိသည်တို့သည်၎င်း။သံသရာဝဋ်ဒွိကျစေ၍ဆင်းရဲခံရခြင်း၏အကြောင်းသာဖြစ်၏။ သုံးဆဲ့နှစ်ပါးသော ဗောဓိပက္ခိယတရားဟုဆိုအပ်သော ကိုးပါးသောလောကုတ္တရာတရားရသသည်ကား၊ခပ်သိမ်းသောအရသာတို့ထက် မြတ်၏။ ထိုကြောင့် ဓမ္မရသသည် ခပ်သိမ်းသောအရသာကိုအောင်၏ဟု ဆိုသည်။ ။အကြင်သားဒွေ မွေ့လျော်ခြင်း၊ သိုးဒွေမွေ့လျော်ခြင်း၊ဥစ္စာဒွေမွေ့လျော်ခြင်း၊ ဒိန်းမဒွေမွေ့လျော်ခြင်း။ ကခြင်း၊သီခြင်း၊ တီမှုတ်ခြင်းဒွေမွေ့လျော်ခြင်းတို့သည်သံသရာဝဋ်ဒွိကျစေ၍ ဆင်းရဲကြီးစွာခံရခြင်း၏အကြောင်းဖြစ်၏။ တရားဟောသော သူ၏၎င်း၊ တရားကိုသင်သောသူ၏၎င်း၊ တရားကို နာသောသူ၏၎င်း၊ ကိုယ်တွင်းဒွေဖြစ်သောအကြင်နှစ်လိုခြင်းသည် ဝမ်းမြောက်ခြင်းကိုဖြစ်စေ၏။မျက်ရည်တို့ကိုဖြစ်စေ၏။ အမွေး၏ဖွင့်ခြင်းကိုဖြစ်စေ၏။ထိုနှစ်ထို့ခြင်းဝိတိသည်သံသရာဝဋ်၏အဆုံးကိုပြု၏။အရဟတ္တဖိုလ်အဆုံးရှိသည်ဖြစ်၏၊ ဤသို့သဘောရှိသော တရားဒွေ မွေ့လျော်ခြင်းသည် ခပ်သိမ်းသောမွေ့လျော်ခြင်းတို့ထက်မြတ်၏။ ထိုကြောင့် ခပ်သိမ်းသောမွေ့လျော်ခြင်းကို တရားဒွေ မွေ့လျော်ခြင်းသည် အောင်၏ ဟူ၍ဆိုသတည်း။ ။တဏှာ၏ ကုန်ခြင်းအဆုံးဒွေ အကြင် အရဟတ္တဖိုလ်သည်ဖြစ်၏။ ထိုအရဟတ္တဖိုလ်သည် အလုံးစုံသောဝဋ်ဆင်းရဲကို နှိပ်စက်တတ်သောကြောင့်တဏှာ၏ကုန်ခြင်းသည်ခပ်သိမ်းသောကုန်ခြင်းတို့ထက်မြတ်၏။ထိုကြောင့်တဏှာ၏ကုန်ခြင်းသည် ခပ်သိမ်းသောဆင်းရဲကိုအောင်၏ဆိုသတည်း။ ။

ဆိုကြားမင်းသည် မြတ်စွာဘုရား၏ တရားစကားကိုကြား၍ ဤသို့လျောက်၏။ ရှင်မင်ဘုရား၊ဤသို့ကြီးမြတ်သောတရားအလှူဒွေလည်း အလှူ၏အဘို့ကို အကျွန်ုပ်တို့အား အဘယ်ကြောင့်မဟော(ဟ)သနည်း။ ယနေ့မှစ၍ အကျွန်ုပ်တို့အား တရားအလှူ၏ အဘို့ကို ပေးဝေပါစေ၊ ရဟန်းသင်္ဃာအားဆိုတော်မူပါဟု လျောက်၏။ထိုဆိုကြားမင်းလျောက်သောစကားကိုကြား၍မြတ်စွာဘုရားသည်ရဟန်းသင်္ဃာကိုစည်းဝေးစေ၍။ ချစ်သံ်းရဟန်းတို့၊ ယနေ့ကိုအစပြု၍ ဗျားစွာသောလူတို့၏တရားဟောခြင်းကိုဂုဏ်း၊ပကတိတရားနာခြင်းကို၎င်း။ တရားဟောသော ပုဂ္ဂိုလ်၏အနီးဒွေနေ၍ အဓိပ္ပါယ်ပြောဟောခြင်းကိုဂုဏ်း။အယုတ်သဖြင့်

ဆွမ်းသင်္ကန်းစသောအလှူ၏အနုမောဒနာကိုဂုဏ်း ဆို၍ပေါ၍ သတ္တ ဝါတို့အားတရားအလှူ၏အဘိုးကိုအမျှပေးဝေရာ၏ဟုပိန့်တော်မူ၏။

၁၇။ သောဠသမဝါ၊အာဠဝိပြည်၌ဝါဆိုတော်မူစဉ်၊အာဠဝကာဠိလူးအားသွတ်တော်မူခြင်းစသည်ကိုပြုရာ။

သာဝတ္ထိပြည်မှဒေသစာရိကြွတော်မူ၍အာဠဝိပြည်သို့ရောဝံတော်မူသဖြင့်အာဠဝိပြည်၌ မြတ်စွာဘုရားသည်တဆဲ့ခြောက်ဝါမြောံဝါဆိုတော်မူ၏။ရောက်တော်မူသောအကြောင်းကား၌သို့တည်း။ ။အာဠဝိတိုင်းအာဠဝိပြည်၌အာဠဝကအမည်ရှိသောမင်းသည်ခိုးသူတို့မှဖြစ်သောဘေးကိုဖြစ်ခြင်းငှါဂုဏ်း။တိုင်းကားစနပုဒ်ပုန်ကန်ခြင်းကိုမြစ်ခြင်ငှါဂုဏ်း။ တပါးသောမင်းကိုမှ ဘေးရန်ကိုမြစ်ခြင်းငှါဂုဏ်း။ လုံ့လပြုသဖြင့်။ချုနစ်ရက်တကြိမ်ကိုယ်လုပ်မောင်းမတို့ဖြင့်သုံးဆောင်အံ့ပ်သောမင်း၏စည်းစိမ်ကိုစွန့်၍ သမင်တောသို့ သွားလေ့ရှိ၏။ တရံရောအခါဗိုလ်ပါအပေါင်းတို့နှင့်တကွ သွားသည်ရှိသော် အကြင်သူ၏အနီးဖြင့်သမင်သည်ပြေး၏။ထိုသူ၏အဘိုးဖြစ်စေသတည်းဟု ကတ်ကဝတ်ပြု၍သမင်ကိုလိုက်ကြကုန်သော် ဇော်မည်သော်သားသည် မင်း၏အနီးဖြင့် ဖြေးလေသဖြင့် ကတိကဝတ် ပြုသည်နှင့်အညီ ကတိကဝတ်ကိုမလွန်မူ၍ လေးကိုကိုင်၍တယောက်ချင်းခြေကျင်သဲလျှင်လိုက်လေ၍သုံးယူဇနာခရီးသို့ ရောက်လေ၏။ ဇော်မည်သောသားတို့၏ သဘောသည်လည်း သုံးယူဇနာတိုင်သာဖြေးနိုင်၏။ ထို့ထက်လွန်၍ မဖြေးနိုင်သောကြောင့် ခြေကုန်၍မိလေ၏။ မိသောအခါ၌ သမင်သားဖြင့်အလိုမရှိသော်လည်းရသောအဖြစ်ကိုဆိစမ့်သောဘုံနှစ်ထိုင်းဖြတ်၍လေးဖြင့်ထမ်း၍ပြန်ခဲ့သော်။ညောင်ပင်ကြီးတခုကိုမြင်၍အပင်ပန်းဖြေအံ့သောဂုဏ်ထိုပညောင်ပင်ရိပ်သို့ဝင်နားလေ၏။ထိုပညောင်ပင်ကြီး၌အာဠဝကအမည်ရှိသောရက္ခဇိုင်းဘိလူးနတ်သည် စဘုမဟာရာဇ်နတ်မင်းကြီးတို့၏အထံမှ မွန်းတည့်ရိပ်နှင့်အမျှ၍ပညောင်ရိပ်သို့ဝင်သောသူကိုထိုင်စားရသောဗိမာန်ဖြစ်သောကြောင့်မွန်းတည့်အခါပညောင်ရိပ်အတွင်းသို့ဝင်လာသောသတ္တဝါတိုစားလျက်စောင့်နေ၏။ ထိုဘိလူးသည် အာဠဝကမင်းကိုမြင်လျှင် စားအံ့သောအခြင်းအရာကိုပြု၏။မင်းသည် ပါပါ

အားစားအံ့သောအခြင်းအရာကိုမြင်လျှင် အလွန်ကြောံသည်ဖြစ်၍။အ
ရှင်နတ်မင်း၊ငါ့ကိုလွှတ်ပါ။ ဤသမဲင်သားကိုစားပါဟုဆိုသော်။ သမင်
လည်း၊ငါ့အစာ။သင်လည်း၊ငါ့အစာဖြစ်သည်ဆိုးသာကြောင့်။ယင်းသို့
တပြိုးကား။ငါ့ကိုလွှတ်ပါ။ငါ၏ကိုယ်စားနေ့တိုင်းနေ့တိုင်းသင်၏အစာ
အလိုငှါ ထမင်းကျက်အိုးတလုံးနှင့်လူတဖယောံပို့လာပါစိမ့်မည်ဟူ၍ဆို
၏။ဘီလူးလည်းသင်သည်ယခုတမူကားကြောက်၍ဆို၏။သင်၏နေရာ
သို့ရောက်သောအခါမင်း၏စည်းစိမ်ချမ်းသာဖြင့်ယစ်၍ငါ့ကိုမေ့လျော့
လတ္တံ့။ငါမူကား၊ငါ့ဖိမာန်သို့မရောက်လာသော်သူကိုငင်း၊ ဤသူကိုစား
လေတော့ဟု စတုမဟာရာဇာနတ်မင်းတို့ ခွင့်မပြုသောသူကိုငင်း၊ စား
အံ့သောငှါမရ။ယင်းသို့ဖြစ်သောကြောင့် သင့်ကိုငါမလွှတ်ပြီဟုဆို၏။
အရှင်ဘီလူးနတ်မင်း၊ အကြင်နေ့၌အရှင်နတ်မင်းအား၊အစာအလိုငှါမပို့
လာဟု်။ထိုနေ့၌လျှင် ငါ့ကိုစားပါလော့ဟုမင်းဆို၏။ထိုအခါမိမိကိုယ်
ကိုမိမိခွင့်ပြုပြီဟုနှလုံးသွင်း၍ အာဠဝကဘီလူးသည်မင်းကိုလွှတ်လိုက်
သည်ဖြစ်၍ နေရာပြည်သို့ဂျေးကျူပြန်လေ၏။ထိုမင်းနှင့်ကွဲလေသောစစ်
သည်ဗိုလ်ပါတို့သည် ခရီးဦးသစ်ခက်တဲဆောက်၍ငုံနေကြသဖြင့်၊ပြန်
လာသောမင်းကြီးကိုမြင်၍ အရှင်မင်းကြီးသည် အဘယ်ကြောင့် သူ
ကဲ့ရဲ့ကာမျှသောအပြစ်ကိုကြောက်၍ ဤသို့စင် ကိုယ်တော်ကိုပင်ပန်း
စွာပြု၍တယောက်အထီးတည်းသမင်ကိုလိုက်ဘိသနည်းဟုဆိုကုန်၍
ခရီးဦးကြို၍လက်ကိုလှမ်းလင့်ကုန်၏။ထိုမင်းသည် သမင်ရဲ့သောအ
ကြောင်း၊ ဘီလူးဘမ်းမိသောအကြောင်း၊ ဘီလူးနှင့်ကတိကဝတ်ပြု၍
ပြန်ခဲ့ရကြောင်းအလုံးစုံကိုစစ်သည်ဗိုလ်ပါတို့အားကြားပြီး၍မြို့သို့ပြန်
လေကုန်၍ ဗိုးသောက်၍ နံနက်စာစားပြီးသော် မြို့ကွပ်စာချိကိုခေါ်၍
အကြောင်းအလုံးစုံကိုပြန်ပေ၏။ စာချိလည်း အကြောင်းကိုကြားလျှင်
အရှင်မင်းကြီးသည် အာဠဝကဘီလူးအား ဤမျှသော [illegible] သောနှစ်
တိုင်ရုံအရှင်နတ်မင်းအားအစာပေးပါမည်ဟူ၍ကာလအဝိုင်းအခြားကို
ပြုခဲ့၏လောဟုဆို၏။အချင်းစာချိ၊ ငါမပြုခဲ့မိချေဟုဆို၏။စာချိသည်ဆို၏။
အရှင်မင့်းကြီးသည်ကားလကိုမဝိုင်းခြားမူ၍ဘီလူးနှင့်ပြုသောကတိက
ဝတ်သည် မကောင်းသောကတိကဝတ်မည်ဖြစ်၏။ လူတို့သည် ဝိုင်းခြား
ခြင်းကိုသာရချေ၏။မဝိုင်းမခြားခဲ့ချေသော် ဇနပုန်တိုင်းသားတို့သည်
ချဲ့ချားခြင်းဖြစ်လတ္တံ့။ ဆိုသို့ နှစ်လကိုမဝိုင်းမခြားခဲ့မိသည်မှာလည်း

ဖြစ်စေ။အာရှင်မင်းကြီးသည်ကြောင့်ကြမရှိသည်ဖြစ်၍မင်း၏စည်းစိမ်
ကိုခံစားတော်မူလေ့။အကျွန်ုပ်သည်ဤအရာ၌စိုရင်အံ့ဟူလျှောက်ပြီး
သော် နံနက်စောစောဘဲ၍ နွားအိမ်တံခါးဦးရပ်၍ အကြင်သူတို့ကို
သတ်အံ့ဟုထား၏။ ထိုသူတို့ကိုရည်၍ အကြင်သူသည်အသက်ရှင်ထို
၏။ ထိုသူသည် နွားအိမ်မှထွက်စေသတည်းဟူဆို၏။ ထိုသူတို့တွင့်
ရှေးဦးစွာထွက်သောသူကို အိမ်သို့ခေါ်၍။ ရေချိုးစေ၍၊ ဝတ်စားတန်
ဆာဆင်စေ၍ထမင်းစားစေပြီးလျှင်။ဤထမင်းကျက်အိုးကိုဘိလူးဆား
ပေးချေလေ့ဟူ၍စေလိုက်၏။ထိုသူကိုပင်ညောင်ပင်ရင်းသို့ရောက်ကာ
မျှဉ်သာလျှင် ရုက္ခဒိုဝ်းဘိလူးအာဠဝကသည်ကြောက်မက်ဘွယ်သော
ကိုယ်ကိုဘန်ဆင်း၍ ကြာစွယ်ကြာရင်းကဲ့သို့စားလေ၏။ လူတို့၏ ဆံ
အမွေးခြေသည်းလက်သည်းအရိုးစသောအလုံးစုံသည် ဘိလူး၏အာ
နုဘော်အားဖြင့် ထောပတ်ဆီဦးအရိုင်ကဲ့သို့ အရသာချည်းဖြစ်၍မြဲ့
မြဲ့ကြေလေကုန်၏။ထိုနေ့မှစ၍နွားအိမ်ဒွါသူခိုးတို့ကို တနေ့တယောံ
ယူ၍ပေးရ၏။နွားအိမ်ဒွါခိုးသူတို့သည်ကုန်လေ၏။ပေးဘန်မျှားသဖြင့်
ဘိလူးစာပေးရသောအဖြစ်သည်ထင်ရှားစွာဖြစ်၏။ဥစ္စာကိုခိုး၍မိလျှင်
ဘိလူးစာပေးလတ္တံ့.သည်ကိုကြောက်၍ ခိုးသူအမှုမကြဉ်ရှောင်ကုန်၏။
ထိုကြောင့် ခိုးသူဟောင်းလည်းကုန်၊ ခိုးသူသစ်လည်းမရှိရကား။ခိုးသူ
ထားရာနွားအိမ်လည်းဟောင်းလင်းဖြစ်၏။ထိုအကြောင်းကို စဉ်းသည်
မင်းအားကြားပေ၏။မင်းလည်း ကြားလျှင် ဤသို့ပြုသော် ခိုးသူပေါ်ရာ
၏ဟုကြံ၍မင်းဥစ္စာကိုခရိုးဆုံစသည်တို့ဦးစွန့်ပစ်ထားကုန်၏။လမ်းတွင်
ရသည်ဟု ယူသသူကို ဥစ္စာခိုးဟုဘမ်း၍ ဘိလူးစာပေးလေ၏။ ဤသို့
ပြုဘန်မျှားသဖြင့် အကြောင်းကိုသိကုန်သော် ထိုဥစ္စာကိုခြေဖျားနှင့်မှ
တို့ဝံ့သောသူမရှိ။ထို့ကြောင့် ခိုးသူမရသော် ထိုအကြောင်းကို အမတ်
တို့အား[illegible]။ အမတ်တို့သည် အိမ်စဉ့်အားဖြင့် တယောက်တ
ယောက်သောသူအိုကိုယူ၍ဘိလူးစာပေးအံ့ဟုလျှောံကုန်၏။မင်းသည်
ထိုအကြောင်းကိုကြားလျှင် လူတို့သည် ငါတို့အဘကိုငါတို့အဘိုးကို
ဘိလူးစာပေးသည်ဟုအုတ်အုတ်ကျက်ကျက်ဖြစ်လတ္တံ့.သည်ဖြစ်သော
ကြောင့်ဤသို့ပြုခြင်းသည်မသင့်ဟုဖြစ်၏။ ထိုသို့တဲ့ပြီးကား။အာရှင်မင်း
ကြီး၊ပက်လက်အိပ်တတ်ကာမျှသူငယ်ကိုတနေ့တယောက်ပေးအံ့။ ထို
သူငယ်တို့အား ငါ့ငါဘဟူ၍ချစ်ခြင်းမရှိသေးဖြစ်သောကြောင့် ပေး

သော်လည်းအပြစ်မရှိရာဟုလျောက်ကုန်၏။ မင်းလည်းနှစ်သက်၍ခွင့်ပြု၏။အမတ်တို့သည် ထိုဆိုတိုင်းသောသူငယ်ကို တနေ့တယောက်စီယူ၍ပေးကုန်၏။ထိုအခါ သူငယ်မိဘတို့သည် သူငယ်ကိုယူ၍ တပါးသောဇနပုဒ်သို့ ပြေးလေကုန်၏။ ကိုယ်ဝန်ဆောင်သောမိန်းမတို့သည် လည်းတပါးသောဇနပုဒ်တို့သို့ပြေးသွား၍ သားဘွားခြင်းကိစ္စကိုပြု၍ သားငယ်ကြီးသောအရွယ်သို့ရောဝံမှလာကုန်၏။ ဤသို့သောနည်းဖြင့် တဆဲ့နှစ်နှစ်ပတ်လုံးတယောက်စီယူ၍ပေးသဖြင့် သူငယ်တို့သည်ကုန်ခဲ့၏။ ထိုနောင်မှ မြို့တွင်းမြို့ပြင် သူငယ်ကိုရာသေသ် မရ၍ အကြောင်းကို မင်းအား။.အရှင်မင်းကြီး၊သားတော်အာဠဝကမင်းသားကိုထား၍ ပြည့်သူတို့၌သားငယ်မရှိပြီဟုလျှောက်ကုန်၏။ မင်းသည်လည်း။ အမတ်တို့၊ငါ့သားသည်ငါ့ထက်ဖြတ်အံ့လော၊ထိုကြောင့်ငါ့သားကိုပင်ဘိလူး စာပေးလေ့ဟုဆို၏။ မင်းချင်းတို့သည် မင်း၏အာဏာဖြင့် နန်းတော်သို့သွား၍ တသောင်းခြောက်ထောင်ကုန်သော မောင်းမတို့နှင့်တကွ မိဘရုးဝိုကြွေးစည်၊ အာဠဝကမင်းသားကို နက်ဖြန်ဘိလူးစာပေးရအံ့ဟုယူ၍သွားကုန်၏။ ။

ထိုနေ့၌လျှင် ဖြတ်စွာဘုရားသည် ဗိုးသောက်ထအခါ၌ ဗောဓိဝန်ကျောင်းတော် ဂန္ဓကုဋိ၌ နေတော်မူလျက် ပစ္ဆိမယာမကိစ္စ၌ကပ်၍ သဗ္ဗညုတညာဏ်ဖြင့် လောကကိုကြည့်တော်မူသော်။အာဠဝကမင်းသားအား အနာဂါမိဖိုလ်ကိုရခြင်း၏ အကြောင်းကိုရှင်း၊ အာဠဝကဘိလူးအား သောတာပတ္တိဖိုလ်ကိုရခြင်း၏အကြောင်းကိုရှင်း။ တရားဟောတော်မူသောအဆုံး၌ ကုစ်သောင်းလေးထောင်ကုန်သောပရိသတ်တို့အားမဂ်ဖိုလ်ရခြင်း၏အကြောင်းကိုရှင်းဖြင့်တော်မူ၍၊ဗိုးသောက်ထအခါ၌ ကိစ္စငါးပါးတို့တွင် ပုရေဘတ္တကိစ္စကိုပြုပြီး၍။ပြီးစေအပ်သောပစ္ဆာဘတ္တကိစ္စ၌သောဖြတ်စွာဘုရားသည် နယုန်လကယ်ဘုသ်နေ့၌။ ကိုယ်တော်ထိုးပရိကွ္ခရာရှစ်ပါးကိုလွယ်တော်မူ၍ခြေကြောင်းခရီးဖြင့် သာဝတ္ထိပြည့်မှသဠဳယူဇနာသုံးဆယ်ရှိသောအာဠဝီတိုင်းသို့ကြွတော်မူ၍ အာဠဝီပြည်သို့မနုဿရောက်ဓိဟာဂါဂုတ်မျှကွာသောအရပ်၌၊ပညောင်ပင်ကြီး၌အာဠဝကဘိလူး၏ဗိမာန်သို့ဝင်၍နေ့ချစ်တော်မူ၏။ ။ထိုရောအခါအာဠဝကဘိလူးသည် ဟိမဝန္တာတောင်ထိပ်နတ်မင်းကြီးတို့၏သဘင်၌စည်းဝေး၍နေခိုက်ဖြစ်ခဲ့ရကား။ ဂဒြိဘအမည်ရှိသောတံခါး

စောင့်သောဂိုနှင့်၏။ ဤသို့မြတ်စွာဘုရားနေတော်မူပြီးသောအခါ ဂဒြိဘာမည်သောတံခါးစောင့်သည် မြတ်စွာဘုရားသို့ကပ်လာ၍ ဂိုခိုးထျက်။ ရှင်ပင်ဘုရား၊ အဘယ့်ကြောင့်အခါမဟုတ်သည့်ခွလာတော်မူသနည်း ဟုမေး၏။ မြတ်စွာဘုရားလည်းအခါမဟုတ်သည့်ခွလာတော်မူကြောင်း ကိုပြန်၍။ ဂဒြိဘာ၊ သင်သည်ဝန်မလေးပါသည်ဖြစ်အံ့။ ယနေ့တည် အာဠဝကဘီလူး၏ဗိမာန်၌ငါနေပါအံ့။ ဤသို့သောစကားကိုလည်းပြန်တော်မူ၏။ ထိုနောင်မှဂဒြိဘာသည် ရှင်ပင်ဘုရား။ အကျွန်ုပ်အားဝန်မလေး။ စင်စစ်သဖြင့် အာဠဝကဘီလူးသည် ခက်ထန်သောစောင်မာန်ဂို၏။ ကြမ်းကြုတ်၏။ အပြစ်အဘတို့အားဇသ်လည်း ဂိုခိုးခြင်းအစဂိုသော အရိုအသေကိုမပြု။ ထို့ကြောင့် ရှင်ပင်ဘုရား၏ဤဗိမာန်၌နေခြင်းကိုမနှစ်သက်လတ္တံ့။ ဤသို့လျှောက်၏။ မြတ်စွာဘုရားလည်း။ ဂဒြိဘာ၊ အာဠဝကဘီလူး၏သဘောကိုငါဆိ၏။ အာဠဝကဘီလူးကြောင့်ငါ့အားတစုံတရာသော အန္တရာယ်သည်မဖြစ်လတ္တံ့။ ဒုကယ်၍ သင်ဝန်မလေးပါမူ တည်ဥ်မျှ ဤဗိမာန်၌ငါနေပါအံ့ဟုပြန်တော်မူ၏၊ ဂဒြိဘာသည်လည်း နှစ်ကြိမ်မြောက် လျှင်။ ရှင်ပင်ဘုရား၊ အကျွန်ုပ်သည် ဝန်မလေး။ အာဠဝကသည်ကျက်သောအိုးကင်းပူနှင့်တူ၏။ အပြစ်အဘဟူ၍ငင်း၊ ရေဟန်းပုဏ္ဏားဟူ၍ငင်း၊ တရားပေစာဟူ၍ငင်းမသိ။ ဤဗိမာန်သို့လာလေသူတို့ကိုနှလုံးပျံလွှင့် အောင်သေလည်းပြုတတ်၏။ နှလုံးကိုသေလည်းခွဲတတ်၏။ ခြေကိုကိုင်၍သမုဒြာတဘက်သို့သေလင်း၊ စကြဝဠာတပါးသို့သေလင်း ပစ်တတ်၏။ ဤသို့လျှောက်၏။ မြတ်စွာဘုရားလည်းသုံးကြိမ်မြောက်။ ဂဒြိဘာ၊ အာဠဝက၏သဘောကိုငါဆိ၏။ သင်သည်ဝန်မလေးအံ့။ တည်ဥ်မျှငါတဲ့နေပါအံ့ဟုပြန်တော်မူ၏။ ဤစကားကိုကြား၍ဂဒြိဘာလျှောက်၏။ ရှင်ပင်ဘုရား၊ကျွန်ုပ်တို့အားဝန်မလေး။ ထိုအာဠဝကသည်ပိမိအားမကြားဦးဘဲ နှေတောဟူ၍ပြုချေသင့်။ အကျွန်ုပ်ကိုသော်လည်း သတ်ရာ၏။ ထိုကြောင့်အကျွန်ုပ်သည်အာဠဝကဘီလူးအားအကြောင်းကိုကြားပါဦးအံ့ဟုလျှောက်၏။ ဂဒြိဘာ၊ သင်သည် အလိုအလျောက်ကြားပါမူကားကြားချေဟုပြန်တော်မူ၏။ ထိုသို့ထပြီးကား။ ရှင်ပဒ်ဘုရား၊ ရှင်ပင်ဟုရားသည် ဤဗိမာန်၌နေသင့်သောအကြောင်းကို သိတော်မူဟု လျှောက်၍ မြတ်စွာဘုရားကိုခိုးခိုးဖိုးဖိုးသွားလေ၏။ ထိုအခါဗိမာန်တံခါးသည် အလိုလိုပွင့်၏။ မြတ်စွာဘုရားသည် ဝင်၍ ရတနာဖြင့်ပြီး

သောနတ်တို့၏ပလ္လင်၌နေတော်မူ၍ဣန္ဒသောရောင်ခြည်ကိုလွှတ်တော်
မူ၏။ထိုရောင်ခြည်တော်ကြောင့် အာဠဝကဘီလူး၏ကိုယ်လုပ်မောင်း
မတို့သည်လာကုန်၍မြတ်စွာဘုရားကိုခြံရံကုန်၏။မြတ်စွာဘုရားသည်
သင်တို့သည်ရှေးသောဘဝ၌အလှူပေးသောကြောင့်၊သီလသီတင်းသုံး
သောကြောင့်၊ပူဇော်အပ်သောသူကိုပူဇော်သောကြောင့်။ဤသို့သော
ကိုယ်၏အဖြစ်ကိုရကုန်သည်။ ယခုဘဝ၌လည်း ဒါန သီလ စသော
ကုသိုလ်ကောင်းမှုကိုပြုကုန်ရာ၏။ အချင်းချင်းငြူစူစောင်းမြောင်းခြင်း
ကိုမပြုမူ၍နေကုန်ရာ၏ဟု၊ဤသို့အစရှိသောတရားစကားကို ထိုဘီလူး
အာဠဝက၏ကိုယ်လုပ်မောင်းမတို့အားပေးတော်မူ၏။ထိုကိုယ်လုပ်
မောင်းမတို့သည် မြတ်စွာဘုရား၏ အလွန်သာယာစွာသောအသံကို
ကြား၍သာဓုသာဓုဟုကောင်းချီးပေးကုန်၏။ ။ဂန္ဒိဘာသည်ဟိမဝန္တာ
သို့သွား၍ဗိမာန်၌မြတ်စွာဘုရားနေကြောင်းကိုအာဠဝကအားကြားပေ
၏။ထိုစကားကိုကြားလျှင် အာဠဝကသည် ဂန္ဒိဘာကိုသင်တိတ်တိတ်
နေကာမူ၊ငါသွား၍ရဟန်းဂေါတမအားစစ်ထိုးခြင်းအမှုကိုပြုအံ့ဟုအ
မှတ်ကိုပေး၏။သင်တိတ်တိတ်နေဟူသောအမှတ်ကို အာဘယ်ကြောင့်
ပေးသနည်းဟူတုံအံ့။ အာဠဝကသည် ယောဂျားမာန်ကြောင့် ရဂ်
သည်ဖြစ်၍နတ်မင်းကြီးတို့၏အလယ်၌တစုံတယောက်သောသူကိုမျှ
မကြားစေလင့်ဟုအမှတ်ပေးသတည်း။ထိုအခါ သာတာဂိရိနတ်မင်း၊
ဟောမဝန္တနတ်မင်းတို့သည်ဇေတဝန်ကျောင်းတော်၌မြတ်စွာဘုရားကို
ရှိခိုး၍နတ်တို့၏အစည်းအဝေးသို့သွားကုန်အံ့ဟူ၍မိမိတို့၏အငြွေအရံ
နှင့်တကွ အထူးထူးသောယာဉ်ကိုစီးလျက် ကောင်းကင်ခရီးဖြင့်သွား
ကုန်သော် သုံးယူဇနာအရပ်ရှိသော ဓြေကိုမှီ၍ဖြစ်သောအာဠဝကဘီ
လူး၏ဗိမာန်အထက်သို့ရောက်လျှင်။ မြတ်စွာဘုရား၏တန်းခိုးအာနုဖြင့်
မိမိတို့ယာဉ်သည် ကောင်းကင်သို့သွားခြင်းကိုစွမ်းနိုင်ကုန်ရကား။
အကြောင်းရှိမည်ဟုအောက်သို့ကြည့်သော်အာဠဝကဗိမာန်၌မြတ်စွာ
ဘုရားကိုမြင်၍ ကောင်းကင်မှသက်၍ မြတ်စွာဘုရားကိုရှိခိုး၍ တရား
တော်ကိုနာ၍ လက်ျာရစ်လှည့်၍နတ်တို့၏အစည်းအဝေးသို့သွားကုန်
အံ့ဟုမြတ်စွာဘုရားကိုပန်၍သွားလေကုန်၏။အာဠဝကဘီလူးသည် ထို
နတ်မင်းတို့ကိုမြင်၍ဤနေရာ၌နတ်မင်းတို့နေထုန်ဟုထ၍မိမိနေရာ၌နေ
စေ၏။ထိုနတ်တို့သည် အာဠဝကဘီလူးအား။အာဠဝက၊သင်သည် ဤ

ကိုယ်၏အဖြစ်ကိုရတော်စွ။သင်၏ဗိမာန်၌ရှင်ပင်ဘုရားသည်နေတော်
မူ၏။သင်သွား၍ဆည်းကပ်ပါချေဟုဆိုကုန်၏။ထိုစကားကိုကြားလျှင်
အိုးကင်းပူ၌ထည့်အပ်သောဆားကဲ့သို့မိမိကိုယ်တွင်း၌အမျှက်ဖြင့်ဖျစ်
ဖျစ်ဖြည်သောနှလုံးရှိသည်ဖြစ်၍အကြင်သူသည်၎င်း၏ဗိမာန်၌နေ၏။ထို
သူသည်ဘုရားဟူသည်ကားအဘယ်ဘုရားနည်းဟူ၍ဆို၏။ထိုစကား
ကို သာတာဂိရိနတ်၊ဟေမဝန္တနတ်မင်းတို့ကြားလျှင်။အာဠဝကာ၊သင်
သည် ငါတို့၏ဆရာရှင်ပင်ဘုရားကိုမသိဟုဆို၏။ထိုဘုရားသည် မယ်
တော်ဝမ်း၌ပဋိသန္ဓေနေတော်မူသောအခါ၊ဘုရားဖြစ်သောအခါ၊ဓမ္မ
စကြာတရားကိုဟောသောအခါတို့၌တဘသောင်းသောစကြဝဠာတိုက်
၌ မြေကြီးတုန်လှုပ်၏။ သုံးဆဲ့နှစ်ပါးသောနိမိတ်တို့သည် ဖြစ်ကုန်၏။
ဤအံ့ဘွယ်သရဲတို့ကို မမြင်ပါသလောဟုဆိုကုန်၏။ အံ့ဝဠာကသည်
ထိုနိမိတ်တို့ကိုမြင်လျက်သည်း အမျက်နှိပ်စက်သည်ဖြစ်၍မမြင်ဟုဆို
၏။ထိုစကားကိုကြား၍ထိုနတ်မင်းကြီးတို့သည်။အာဠဝကာ၊သင်သည်
မြင်သည်ဖြစ်စေ၊ မမြင်သည်ဖြစ်စေ၊ သင်၏ မြင်ခြင်းမမြင်ခြင်းသည်
အဘယ်အကျိုးရှိအံ့နည်း။ငါတို့ဆရာဘုရားကိုသင်သည်အဘယ်သို့ပြု
နိုင်လတ္တံ့နည်း။အလွန်ခွန်အားတန်းခိုးကြီးသောဥသဘအာဇာနည်၏
အနီးဌာ ယခုမွေးဖွားသောသွားသုငယ်ကဲ့သို့ မြတ်စွာဘုရားကိုထောက်၍
သင်သည်ဖြစ်လတ္တံ့။ နာမောင်း၊သိဖျား၊နားတည်းဟူသောအရပ်သုံး
ပါးတို့မှယိုသောရေနှင့်ရှိသောဆင်အာဇာနည်၏အနီးဌာ ဘားသူငယ်ကဲ့
သို့ဖြစ်လတ္တံ့။ ကောသရရာဇာခြင်္သေ့မင်း၏အနီးဌာ မြေခွေးငယ်ကဲ့သို့၊
ယူဇနာတရာ့ငါးဆယ်ရှိသောဂဠုန်မင်း၏အနီးဌာအတောင်ကျိုးသော
ကျီးငယ်ကဲ့သို့ဖြစ်လတ္တံ့။သင်သွား၊ချေ။ ဘုရားအားပြိုင်အပ်သောအမှု
ကိုပြုချေလော့ဟူ၍ဆိုကုန်၏။ထိုစကားကိုကြားသော်အာဠဝကသည်
ပြင်းစွာအမျက်ထွက်၍ဆေးဒဏ်းမြင်းသိုလောကျောက်ဖျာအပြင်၌လက်
ဝဲခြေဖြင့်နင်း၍၊ နတ်မင်းတို့၊ နတ်မင်းတို့ဆရာဂေါတမ၏တန်းခိုးအာ
နုဘော်ရှိသည်ကိုဂုဏ်း၊ ငါ၏ တန်းခိုးအာနုဘော်ရှိသည်ကိုဂုဏ်း ကြည့်
ကုန်လော့ဟုကြိုးဝါး၍။ ယူဇနာပခြေဝံဆယ်ရှိဖြသောဂေကလာသတောင်
ထွဋ်ကို လက်ျာခြေဖြင့် နင်း၏။ ထိုတောင်ထွဋ်သည် ပြောင်ပြောင်
တောက်သောသံတွင်ကို တူဖြင့်ရိုက်သောအခါ သံချွေးပွင့်တို့သည်
အလွှားအလွှားကွာသကဲ့သို့ကျ၏။ထိုတောင်ထွဋ်၌ရပ်၍၊အဟံအာဠဝ

ကောဟူ၍ကြိုးဝါး၏။ ထိုအသံသည် ယူဇနာတသောင်းအပြင်ရှိသော ဇမ္ဗူ။ ဒိပါကျွန်းလုံးနှံ့၏။ အာဠဝကာဠီလူးကြိုးဝါးသောအသံသည် ယူဇနာ သုံးထောင်ရှိသော ဟိမဝန္တာဒ္ဒ ဖြကြိုးတုန်လှုပ်ခြင်းကဲ့ ဖြစ်စေ၏။ ထိုနောင်မှ ရေပဿန်းဂေါတမ်ကို လေဖြင့်လွှင့်၍ပြေးစေအံ့ဟု၊ မိမိအာနုဘော်ဖြင့် လေလက်နက်ကိုလွှတ်၏။ ထိုနေစက် ဓိဇယ်းရေဖြင့်မွန်းခြင်းသဖြစေအံ့ဟုဓိဇယ်းကြိုးကိုရွာစေ၏။ထိုနောက် ကျောက်ဗျာဓိဇယ်းကြိုးကိုရွာစေ၏ ထိုနောက် လက်နက်ဓိဇယ်းကိုရွာစေ၏။ထိုနောက် သဲဓိဇယ်းကိုရွာစေ၏။ ထိုနောက် မီးကျီးမီးခဲဓိဇယ်းကိုရွာစေ၏။ ထိုနောက် ပြာပူဓိဇယ်းကိုရွာစေ၏။ ထိုနောက် ညွန့်နှစ်ဓိဇယ်းကိုရွာစေ၏။ ထိုနောက် မြောင်ကြိုးဓိဇယ်းကို ဖြစ်စေ၏။ ဤလက်နက်ကြိုးကိုးပါးတို့၏ အာနုဘော်ကို ၎င်း။ ဤလက်နက်ကိုးပါးတို့သည် မြတ်စွာဘုရား၏ရှေ့တော်သို့ရောက်လျှင် အာနုဘော်မရှိသည်ဖြစ်၍ ပန်းပွင့်တို့သာ ဖြစ်ဟန်ကဲ့၎င်း။ မာရ်ငေးလက်နက်ကြိုးကိုးပါးခွ ဆိုအပ်ပြီးသောနည်းဖြင့် သိရာ၏။ ထိုနောင် အထူးထူးသောလက်နက်တို့ကိုကိုင်ကုန်သော အထူးထူးသောအဆင်းသဏ္ဌာန်တို့ကို ဘန်ဆင်းတတ်ကုန်သော အင်္ဂါလေးပါးရှိသော ဘီလူးကုမ္ဘကဏ္ဍစစ်သည်အငေပါင်းတို့နှင့်တကွ အာဠဝကာဠီလူးသည် ပြောင်ပြေးအရောင်တောက်သောသံတွေကို ဖြုတ်ခြင်ယင်ရဲတို့သည် ချဉ်းခြင်းဌါမဝံသကဲ့သို့ မြတ်စွာဘုရားခွဲချဉ်းခြင်းဌါမဝံသည်ဖြစ်ကုန်၏။ ဤသို့လျှင် ညဦးယံကသည်သန့်ခါင်ယံတိုင်အောင် ကြောက်မက်ဘွယ်အဆင်းသဏ္ဌာန်ကိုပြု၍ ထိုးပစ်ခြင်းကိုပြုသဖြင့် ဈာန်ဘုရားကို တုန်လှုပ်စေခြင်းငှါမတတ်နိုင်သော် အာဠဝကာသည် လက်နက်ကြိုးကိုးပါးတို့တွင် တစုံတခုသောလက်နက်တို့ဖြင့်မအောင်နိုင်သဖြင့် ဘဲ့ဖြူပုဆိုးလက်နက်ကိုလွှတ်၏။ ဤဘဲ့ဖြူပုဆိုးလက်နက်၏တန်းခိုးအာနုဘော်ကား ကောင်းကင်သို့ ဤပုဆိုးလက်နက်ကိုပစ်အံ့။ တဆဲ့နှစ်နှစ်ပတ်ဇုံ ဓိဇယ်း မရှိရာ။အာကယ်၍မြေ၌ပစ်အံ့၊ခပ်သိုင်းသောမြက်သစ်ပင်တို့သည်ခြောက်တပ်၏။ တဆဲ့နှစ်နှံ့လွန်မှအညွှန့်ထွက်နိုင်ရာ၏။ သမုဒြာရေ၌ပစ်ငြားအံ့။ အိုးကင်းပွဲ၌ချသော ပဲရေပေါက်ကဲ့သို့ အလုံးစုံသောမဟာသမုဒြာသည်ခန်းခြောက်ရာ၏။မြင်းမိုရ်တောင်နှင့်တူသောဇာတ်ကိုပစ်ငြားအံ့။ ထိုတောင်သည် အထုံးအဝိုင်းကျိုးသည်ဖြစ်၍ ဖရိဖရဲကွဲပြိုရာ၏။ ဤသို့ကြီးသောအာနုဘော်ရှိသော ဘဲ့ဖြူပုဆိုးလက်နက်ဖြင့် မြတ်စွာဘုရား

ကိုပစ်အံ့ဟုကြံ၍ အာဠဝကသည် ဗိဗိဝတ်ရုံသောပုဆိုးကိုကိုယ်မှခွါ၍ ကိုင်ဖျ။ ထိုရောအခါစကြဝဠာတဇောသင်းဦးနေကုန်သောနတ်ပြိဟ္ဒါတို့သည် မြတ်စွာဘုရားသည် ယနေ့ အာဠဝကဘိလူးကို ဆုံးမတော်မူလတ္တံ့။ မြတ်စွာဘုရားတရားတော်ကို နာကုန်အံ့ဟု လျင်စွာစည်းဝေးလာကုန်ဖျ။ ထိုမှတပါးမြတ်စွာဘုရားနှင့် အာဠဝကစစ်ထိုးခြင်းကိုရှုလိုကုန်သောနတ်တို့သည်လည်းစည်းဝေးလာကုန်ဖျ။ထိုအခါ အာဠဝကသည် ဗိဗိရုံသောပုဆိုးလက်နက်ကို လွှတ်ဖျ။ ထိုပုဆိုးလက်နက်သည် ကြောက်မက်ဘွယ်သောအသံကိုပြု၍အဝိုးအလျှံထွက်သည်ဖြစ်၍လာလတ်၍။ မြတ်စွာဘုရားခြေတော်ရင်းသို့ရောက်လျင် ခြေသုတ်ကြိုးဝန်းဖြစ်၍ကျဖျ။ အာဠဝကသည် ဤအခြင်းအရာကိုမြင်၍ ဦးချိုက်ချိုးသောနွားကဲ့သို့၊ အစွယ်ကျတ့်သော ဖြွေကဲ့သို့၊ အာနုဘော် မရှိသည်ဖြစ်၍။ ကျိုးပြိုးသောမာန်တည့်ဟူသောတန်းခွန်ရှိသည်ဖြစ်၍။ ငါ့ရှေ့လက်နက်ကြီးစင်လျက် ရဟန်းဂေါတမကို ကြောက်လန့်စေခြင်းငှါ မတတ်နိုင်ဘဲရှိခဲ့သော် အကြောင်းကားအဘယ်သို့နည်းဟုကြံ၍။ရဟန်းဂေါတမသည်။သဇ္ဇေ သတ္တာ အဝေရာ ဟောန္တု-စသောမေတ္တာဖြဟ္မဝိဟာရနှင့်ယှဉ်၍ နေဖျ။ ယခုအခါ ရဟန်းဂေါတမကို အမျက်ဖြစ်ထွက်သဖြင့် မေတ္တာဖြဟ္မဝိဟာရမှ ကင်းစေအံ့ဟုကြံ၍ မြတ်စွာဘုရားအထံသို့ ချဉ်းကပ်၍။ ရှင်ဂေါတမ၊ငါ့ဗိမာန်မှထွက်လေလော့။ အဘဲ့ကြောင့် ငါသွင့်မပြုဘဲငါ့ဗိမာန်သို့ဝင်၍အိမ်ရှင်ကဲ့သို့ကိုယ်လုပ်မော့ငေးမတို့ဖျ။အလေးယ်၌နေသနည်း။ အရှင်မပေးသောငါ့ဗိမာန်ကို သုံးဆောင်ခြင်းသည် မအာပ်။ ပိန်းမနှင့် ရောရှက်၍နေခြင်းသည်လည်း မအာပ်။ သင်ဖျ အကျင့်သည် မကောင်းဟုဆိုဖျ။ ထိုစကားကိုကြားလျင် မြတ်စွာဘုရားသည် ဆောင်မာန်ခက်ထန်သဖြင့် ဆုံးမခြင်းငှါ မတတ်ကောင်း။ ဥပမာကား ကြမ်းထမ်း ကိုက်ခဲတတ်သော ခွေးကို မကြမ်းထမ်းစိမ့်သောငှါ ခွေးဖျ နှာခေါင်း၌ ထားငယ်ဖြင့်ခွဲလျင် ထိုခွေးသည် အတိုင်းထက်အလွန်လျင့်ကြမ်းထမ်းကိုက်ခဲသည်ဖြစ်ရာဖျ။ ထို့အတူ ဆောင်မာန်ခက်ထန်သူကို အတုံ့ပြန်လျက်ဆောင်မာန်ခက်ထန်၍ဆုံးမသော်သ်။ အတိုင်းထက်အလွန် ဆောင်မာန်ခက်ထန်၍ မဆုံးမနိုင်သည်ဖြစ်ရာဖျ။ နှုံးညံ့သော စကားဖြင့် ဆုံးမသည်ဖြစ်သော်ကား ထို့အာဠဝကသည် ဆုံးမလွယ်သည်ဖြစ်ရာဖျ။ မဂ်ဖိုလ်ရခြင်းငှါတတ်ကောင်းဖျ၏ဟု သိတော်မူ၍ သာဓု သာဓု အာ

ဝုဿော စသည်ဖြင့် ချစ်ဘွယ်သောစကားကို မိန့်၍။ ကောင်းပြီ ဒါယကာအာဠဝက၊ ငါ့ကိုသင်၏ဗိမာန်၌မနေစေလိုသော် ငါထွက်ပါတော့မည်ဟုထွက်တော်မူ၏၊ ထိုအခါ၌ရဟန်းသည်စကားဆိုလွယ်သောအဖြစ်ရှိ၏။ တဖွန်းတည်းသောစကားဖြင့်သာလျှင် ငါ၏ဗိမာန်မှ ထွက်၏၊ ဤသို့သဘောရှိသော ဆိုလွယ်သောစကားရှိသောရဟန်းကို ငါသည် အကြောင်းမရှိဘဲ လွန်စွာ တည်ဉ့်ပတ်လုံးစစ်ထိုးခြင်းကဲ့ပြုမိ၏ဟု နှုးညံ့သောစိတ်ရှိသည်ဖြစ်၍ ယခုအခါ တဖွန်းတည်းသော စကားဖြင့် ဗိမာန်မှထွက်ငြားသော်လည်း သိခြင်းငှါမတတ်ကောင်းသေး။ အကြောင်းအသို့နည်း၊ ဆိုလွယ်သော်အဖြစ်၌တည်သည်ဖြစ်၍ ထွက်သကဲ့သို့၊ သိသို့မဟုတ် အမျက်ရှိ၍ ထွက်သလော၊ စုံစမ်းဦးအံ့ဟု ကြံ၍။ ရဟန်းကေါတမ၊ ငါ့ဗိမာန်တွင်းသို့ဝင်ဦးလော့ဟု၍ဆိုပြန်၏။ ထိုစကားကဲ့ကြားသော် ဆိုလွယ်သောစကားရှိသော မြတ်စွာဘုရားသည် အာဠဝကအား နှုးညံ့သောစိတ်ရှိသည်၏ အဖြစ်ကို ပြုခြင်း၌ ဥပမာကား၊ ကျိုက်ကျိုက်ဆူသော ရေပူ၌ စန္ဒကူးသရက္ခနဲကဲ့ ထည့်သည်ရှိသော် တခဏခြင်း ငြိမ်းလေသကဲ့သို့ ကျိုက်ကျိုက်ဆူသောနှလုံးရှိသော အာဠဝက၏ အမျက်တည်းဟူသောမီးပုံကြီးကို ငြိမ်းစိမ့်သောဌါ အလွန်ချစ်ဘွယ်သာယာနှုးညံ့စွာသောစကားဖြင့်။ ဒါယကာအာဠဝက၊ ငါ့ကိုသင့် ဗိမာန်တွင်းသို့ ဝင်စေလိုလျှင် ဝင်ပါဦးတော့မည်ဟု မိန့်တော်မူ၍ ဝင်တော်မူ၏။ထိုအခါအာဠဝကလည်း စကားဆိုလွယ်သောအဖြစ်ကို စုံးစမ်းပြန်လို၍ ရဟန်းကေါတမ၊ ငါ့ဗိမာန်မှ ထွက်ဦးလော့ ဆိုပြန်၏။ ထိုစကားကဲ့ကြားသော် ဆိုလွယ်သောစကားရှိသော မြတ်စွာဘုရားသည် အာဠဝကအား နှုးညံ့သောစိတ်ရှိသည်၏ အဖြစ်ကို ပြုခြင်း၌ ဥပမာကား၊ ကျိုက်ကျိုက်ဆူသော ရေပူ၌ စန္ဒကူးသရက္ခနဲကဲ့ ထည့်သည်ရှိသော် တခဏခြင်း ငြိမ်းလေသကဲ့သို့ ကျိုက်ကျိုက်ဆူသောနှလုံးရှိသော အာဠဝက၏ အမျက်တည်းဟူသောမီးပုံကြီးကို ငြိမ်းစိမ့်သောဌါ အလွန်ချစ်ဘွယ်သာယာနှုးညံ့စွာသောစကားဖြင့်။ ဒါယကာအာဠဝက၊ ငါ့ကိုသင့် ဗိမာန်တွင်းသို့ ဝင်စေလိုလျှင် ဝင်ပါဦးတော့မည်ဟု မိန့်တော်မူ၍ ဝင်တော်မူ၏။ထိုအခါအာဠဝကလည်း စကားဆိုလွယ်သောအဖြစ်ကို စုံးစမ်းပြန်လို၍ ရဟန်းကေါတမ၊ ငါ့ဗိမာန်မှ ထွက်ဦးလော့ ဆိုပြန်၏။ ထိုစကားကဲ့ကြားသော် ဂုဏ်တော်ဘုရားလည်း စကားဆိုလွယ်တော်မူလှသောအဖြစ်ဖြင့်။ ဒါယကာ၊ သင့်ဗိမာန်မှထွက်ပြန်စေလိုလျှင် ထွက်ပါအံ့ဟု ထွက်တော်မူပြန်၏။ ဤသို့လျှင် သုံးကြိမ်ဝေ့အောင် ထွက်ဆိုလည်းထွက်တော်မူ၏။ ထိုနောက်ဆိုလည်းဝင်တော်မူ၏၊ အကယ်၍ မြတ်စွာဘုရားသည် အာဠဝကဆိုတိုင်းလိုက်နာတော်မမူအံ့။ သဘောအားဖြင့် ကြမ်းထမ်းခက်ထန်ဆောင်မာန်ရှိသော အာဠဝကသည် အတိုင်းထက်အလွန် ကြမ်းထမ်းခက်ဖန်သည်သာ ဖြစ်ရာ၏။ တရားစကား၏တည်ရာလည်း မဖြစ်ရာ။ ဥပမာကား၊ သဘော အားဖြင့် ငိုမြည်တမ်းသော သားငယ်ကို အမိသည် ရိုက်ခတ်မောင်းမဲခြင်ကဲ့ ပြုသည်ရှိသော် အတိုင်းထက်လွန်စွာငိုမြည်တမ်းသည်ဖြစ်ရာ၏။ ဤသို့ဖြစ်သော် ထိုသား

ငယ်သည် လွန်၍ပင်ပန်းခြင်းသို့လည်းရောက်ရာ၏။ အဓိ၏ အာဆုံးအမ
စကား သည်လည်း သူငယ်၌ မတည် သည်သာ ဖြစ်ရာ၏။ ရိုက်ခတ်
မောင်းမဲခြင်းကိုမပြုမူ၍ သားငယ်၌ လှည့်ပတ်ဖြားယောင်းခြင်း၌ လိမ္မာ
သောအဓိသည် ငိုမြည်တမ်းသောသားငယ်ကို အလိုသို့လိုက်၍ သား
ချစ် ဘခင်သားရွှေစင် အစရှိသဖြင့် ဖြည်းညှင်းသာယာနာဘွယ်သော
စကားကိုဆို၍ဂင်း။ ဆင်ရပ် မြင်းရပ် စသော အထူးထူးသော ကစား
ဘွယ်ကိုပေး၍သော်ဂင်း။ အချို့အချည်အဆိပ်မဲ့အဓိန့်စသော အဝဲထူးထူး
သော ခဲဘွယ်စားဘွယ်သော်ဘွယ်တို့ကိုပေး၍သော်ဂင်း။ ရင်ခွင်ပိုက်
ထားခြင်း အစရှိသော သားချစ်ပျို့ဂျာကို ပြု၍သော်ဂင်း။ ဖြားယောင်း
သည်ကိုပြုမူကား။ ထိုသားငယ်သည် ငိုမြည်တမ်းခြင်းကင်းသဖြင့် ပင်
ပန်းခြင်းမဖြစ်ရာ။ မိခင် ဆုံးမပဲ့ပြင် သွန်သင်သော စကားသည်လည်း
သားငယ်၌ တည်ရာ၏။ အသတိုရ်မြင်းကို ဆုံးမတတ်သော ဓရထား
ထိန်းကဲ့သို့မယဉ်ကျေးသောလူနတ်ဗြဟ္မာတို့ကိုယဉ်ကျေးအောင်ဆုံးမ
တော်မူတတ်သောကြောင့် အနုတ္တရောပုရိသ ဒမ္မသာရထိ မည်တော်
မူသော မြတ်စွာဘုရားသည် ချစ်ဘွယ် သာယာ နာပျော်ဘွယ်သော
စကားကိုဆိုတတ်ခြင်းစသော သုဂတဂုဏ်နှင့်လည်းပြည့်စုံတော်မူသ
ဖြင့် အာဠဝကဘီလူး၏ ကြမ်းထမ်းခက်ထန်၍ စောင်မာန်အမျက်တည်း
ဟူသော ဒီးပုံကြီးကို ငြိမ်းစေခြင်းငှါ၊ တရားတည်းဟူသော စတုမဟာ
အရသာကို အာဠဝက၏နှလုံး၌တည်စိမ့်သောငှါ၊ ချစ်ဘွယ်သာယာနာ
ပျော်ဘွယ်သောစကားဖြင့်။ ဒါယကာအာဠဝက၊ သင့်ဗိမာန်သို့ဝင်စေ
လိုလျှင် ဝင်ပါဦးမည်ဟု သုံးကြိမ်စေ့အောင် ထွက်ခြင်းဝင်ခြင်းကို ပြု
တော်မူသတည်း။ ။ဤသို့ ဖြတ်စွာဘုရားသည် အာဠဝက၏အလိုသို့
လိုက်၍ သုံးကြိမ်စေ့အောင် ထွက်ခြင်းဝင်ခြင်းကိုပြုတော်မူသောနေ့မှ
အာဠဝကအား ဤသို့ အကြံဆိုးသည် ဖြစ်၏မှ ဤရဟန်းသည် စကား
ဆိုလွယ်လှ၏။ ဗိမာန်မှ ထွက်၊ ဆိုလျှင်လည်း တစွန်းတည်းဖြင့် ထွက်
သည်။ဝင်လေ့ဆိုလျှင်လည်းတစွန်းတည်းဖြင့်ဝင်သည်။ငါ့ကြီးအာက်
မေ့သည်ကား၊ သုံးကြိမ်စေ့အောင်၊ ထွက်လေ၊ ဝင်ပြန်လေ-ဟူ၍ ဆို
သည့်အတူ၊ တည်ပြီဖတ်လုံး၊ ထွက်လေ၊ဝင်ပြန်လေ-ဟူ၍ငါဆိုအံ့။ ဤ
ရဟန်းသည်ကား စကားဆိုလွယ်သသူဖြစ်သော့ကြောင့် ငါ့စကားကို
လိုက်နာ၍ တည်ပြီပတ်လုံးထွက်ခြင်းဝင်ခြင်းကိုပြုသဖြင့်ပင်ပန်းလတ္တံ့။

ဤသို့ ပင်ပန်းစေပြီးမှ ရဟန်း၏ခြေကို ကိုင်၍ ဂဂ်ါမြစ်၏တဘက်သို့ ပစ်လိုက်အံ့ဟု မကောင်းသော အကုသိုလ်စိတ်ကိုဖြစ်စေ၍ လေးကြိမ်မြောက်လျှင် ရဟန်းဂေါတမ၊ငါ့ဒိမာန်မှသင်ထွက်လေ့ဟူ၍ဆိုပြန်၏။ မြတ်စွာဘုရားသခင်လည်း အာဠဝကဏ္ဍ၌ ထိုမကောင်းသော အကြံကို စေတောပရိယဉာဏ်ဖြင့်သိတော်မူ၍။ အာဠဝက၊ ယခုအခါ ငါသည် ဤဒိမာန်မှမထွက်ပြီ။ ငါ့အား သင်သည်အကြင်အမှုကိုပြုလို၏။ ထိုအမှုကိုပြုလော့ဟူ၍ ပိန့်တော်မူ၏။ ထိုစကားကိုကြား၍။ ရဟန်း၊ သင့်ကို ငါပြဿနာမေးအံ့။အကယ်၍သင်သည်ပြဿနာကိုမဖြေနိုင်အံ့။ သင်၏စိတ်ကိုသော်လည်း ပျံ့လွင့် စေအံ့။ နှလုံးကိုသော်လည်း ခွဲအံ့။ ခြေကိုသော်လည်းကိုင်၍ ဂင်္ဂါတဘက်သို့ သင့်ကိုပစ်လိုက်အံ့ဟု အာဠဝက ဆို၏။ ထိုစကားကိုကြားတော်မူ၍ မြတ်စွာဘုရားသည်။ အာဠဝက၊ငါသည် နတ်နှင့်တကွဖြစ်သော လူ၌၊ ဗြဟ္မာနှင့်ဆကွဖြစ်သော လူ၌၊ ရဟန်းပုဏ္ဏားနှင့်တကွဖြစ်သောနတ်လူအပေါင်း၌၊ အကြင်သူသည် ငါ၏စိတ်ကိုပျံ့လွင့်အောင်ပြုနိုင်ရာ၏။ ငါ၏နှလုံးကိုခွဲနိုင်ရာ၏။ ငါ၏ခြေကိုကိုင်၍ မြစ်တဘက်သို့ပစ်နိုင်ရာ၏။ ထိုသူကိုငါမမြင်။ စင်စစ်သဖြင့် သင်သည် အကြင်ပြဿနာကို မေးလို၏။ ထိုပြဿနာကိုမေးလော့ဟု မိန့်တော်မူ၏။ ထိုအာဠဝက၏သဘောကား။ ရှေးသောအခါ ဤဒိမာန်သည် ရွှေဒိမာန်လော၊ ငွေဒိမာန်လော၊ ပတ္တမြားဒိမာန်လောဟု ကြည့်အံ့သောဌါလာကုန်သော၊ တန်းခိုးရှိကုန်သော၊ ကောင်းကင်ဖြင့် သွားလေ့ရှိကုန်သောရသွေ့မနိတို့ကို ပြဿနာမေး၍ ထိုပြဿနာကိုဖြေခြင်းဌါ မစွမ်းနိုင်ကုန်သောရသွေ့မနိတို့ကို စိတ်ပျံ့လွင့်အောင်ပြုခြင်းအစရှိသည်ဖြင့် ညှဉ်းဆဲ၏။ ဤသို့ပြဿနာကို မဖြေနိုင်သောရသွေ့တို့ကို ညှဉ်းဆဲလေ့ရှိသောကြောင့်၊ မြတ်စွာဘုရားကိုလည်း မဖြေနိုင်လျှင် ညှဉ်းဆဲအံ့ဟုကြံ၍၊ သင်ရဟန်းကိုပြဿနာမေးအံ့ အစရှိသောစကားကို ဆိုသတည်း။ အကြင်ပြဿနာကို ငါ့ကို သင်မေး၏။ ထိုပြဿနာကို မေးလော့ဟူသော မြတ်စွာဘုရားစကားတော်ကို ကြား၍ မေးအံ့သောဌါ။ ။ကိံသူဓ စိတ္တံ ပုရိသဿ ဇသဋ္ဌံ၊ကိံသု သုဓိဏ္ဏော သုခ မာဝဟာတိ ကိံသု ဟဝေ သာရုတရံ၊ ရသာနံ၊ကထံဇိဝိံ ဇိဝိတမာဟုသေဋ္ဌံ။ ။ဟူသော လေးပါးသောအနေးဖြင့်ဘွဲ့သော ဥပဇာတိဂါထာကိုရွတ်၏။ ။ဤဂါထာ၌ အဓိပ္ပါယ်ကား။ အိုအာဠဝက၊ငါတမ၊ ဤလောက၌ ယောဂျီး၏

မြတ်သောဥစ္စာသည်အဘယ်နည်း။ အဘယ်မည်သောကောင်းစွာလေ့ကျက်အပ်သော တရားသည် ချင်းသာကို ရွက်ဆောင်တတ်သနည်း။ စင်စစ်သဖြင့် အရသာတို့တွင် ကောင်းမြတ်သော အရသာသာည် အဘယ်နည်း။ အဘယ်သို့သော အသက်မွေးခြင်းကို မြတ်သောအသက်မွေးခြင်း ဟူ၍ ဘုရားစသော ဟည္ဒာဂိတို့သည် ဆိုကုန်သနည်း ဟူလိုသည်။ ။ဤအမေးကိုထောတို့ကို အာဠဝကသည် အဘယ်မှာ ရဲ့ချသနည်းဟူအံ့။ကသိပဘုရားဖြစ်တော်မူသောအခါ၌ အာဠဝကဏ္ဍအဝိအဘတို့သည် ကသိပမြတ်စွာဘုရား အထံသို့ ဆည်းကပ်၍ ဂုစ်ပါးသောအမေးတို့ကို အဖြန့်ဖြန့်ဝင့်ကွ တတ်အောင် သင်ကုန်ဏ်။ ထိုအဝိအဘတို့သည် အာဠဝကကိုလည်း ငယ်သောအခါ၌ သင်စေကုန်ဏ်။ ကာလဂုည်သဖြင့် အာဠဝကသည်အဖြကိုမေ့ခဲ့၍ အမေးကိုမျှလည်း မမေ့ပါစေသတည်းဟုကြံ၍ ဖွေပြားဒဋ္ဌဆေးဒန်းမြင်းသိလာဖြင့်၊ကိုံသူဝ ဝိတ္တံ၊ အစဂ္ဂိသောအမေးဂုစ်ပါးသောဂါထာကိုရေး၍ ဗိမိဗိမာန်၌ထား ဏ်။ ။အာဠဝကအမေးကို ဖြေတော်မူလို၍ မြတ်စွာဘုရားသည်။ ။ သဒ္ဓိဓ ဝိတ္တံ ပုရိသဿ သေဋ္ဌံ၊ဓမ္မော သုစိဏ္ဏော သုခမာဝဟာတိ။သစ္စံ ဟဓေ သာဓုတရံ ရသာနံ၊ပညာ ဇီဝိ ဇီဝိတမာဟုသေဋ္ဌံ။ ။ဟူသော ဂါထာကို ဟောတော်မူ၏။ ။ဤဂါထာ၌ အဓိပ္ပါယ်သော်ကား။ ။ ဤလောက၌ ဘုရား တရား သဃီာတို့၌ ကြည်ညိုခြင်းလက္ခဏာရှိသော ကုသိုလ်စိတ်၌ယှဉ်သောသဒ္ဓါသည် ယောကျ်ားတို့အားမြတ်သောဥစ္စာ မည်၏။ ကောင်းစွာ လေ့ကျက်အပ်သော ကုသိုလ်ဓမ္မပထ ဆယ်ပါး၊ ပုညကြိယာ ဝတ္ထု၊ဆယ်ပါး၊ ကုသိုလ်သုစရိုက် သုံးပါးသည် ချမ်းသာသုံးပါးကို ရွက်ဆောင် တတ်၏။ မှန်သောစကားကို ဆိုခြင်းတည်းဟူသောရသသည် စင်စစ်အားဖြင့်ခပ်သိမ်းသောအရသာတို့တွင်ကောင်းမြတ်သော် အရသာမည်၏။ ပညာဖြင့် အသက်မွေးခြင်းကို မြတ်သော အသက်မွေးခြင်းဟူ၍ ဘုရားအစဂ္ဂိသောပညာရှိတို့သည် ဆိုကုန်၏ဟူလိုသော်။ ။

ဤသို့လျှင် မြတ်စွာဘုရား ဖြေတော်မူအပ်သော အဖြေလေးပါးကိုကြား၍ အာဠဝကဘီလူးသည် အလွန်ဝမ်းမြောက်သည်ဖြစ်၍ တဘန်ကြွင်းသော အမေးလေးပါးတို့ကို မေးမြန်းလိုသည်ဖြစ်၍။ ။ကထံသုတရတိ၊ကထံတရတိအဋ္ဌဝံ။ ကထံသုဒဏ္ဍမစ္စေတိ၊ ကထံသုပရိ

သုဇ္ဈတိ။ ။ဟူသောဂါထာကိုရွတ်၍မေး၏။ ။ဤဂါထာ၌အဓိပ္ပါယ်သေဝ်ကား။ ဘုန်းတော်အလွန်ကြီးမြတ်တော်မူသော အာရှင် ဂေါတမ၊ အဘယ်သို့သော အကြောင်းဖြင့်လျှင် သံသရာတည်းဟူသောဩဃမှကူးမြောက် နိုင်သနည်း။ အဘယ်မည်သော အကြောင်းဖြင့် သံသရာတည်းဟူသောသမုဒြာကို ကူးမြောက်နိုင်သနည်း။ အဘယ်မည်သော အကြောင်းဖြင့် ဝန်သုံးပါးတည်းဟူသောဆင်းရဲကိုလွန်မြောက်နိုင်သနည်း။ အဘယ်မည်သော အကြောင်းဖြင့်လျှင် သတ္တဝါတို့သည် ကိလေသာတည်းဟူသောအညစ်အကြေးမှစင်သနည်းဟူလိုသည်။ ။ အမေးလေးပါးကို ဖြေတော်မူလို၍။ ။သင်္ခါယတရတိဩဃံ၊အပ္ပမာဒေနအဏ္ဏဝံ။ဝိရိယေန ဒုက္ခမတ္ထေတိ၊ပညာယ ပရိသုဇ္ဈတိ။ ။ဟူသော ဂါထာကိုဟောတော်မူ၏။ ။အဓိပ္ပါယ်ကား။ ရတနာသုံးပါးကိုသင်္ခါယုံကြည်ခြင်းဟူသော သင်္ခါတရားဖြင့် သံသရာတည်းဟူသော ဩဃကို ကူးမြောက်နိုင်၏။ ကုသိုလ်ဆယ်ပါးတရားတို့၌ မမေ့မလျော့ခြင်းတည်းဟူသောသတိဖြင့်သမုဒြာကိုကူးမြောက်နိုင်၏၊ ကုသိုလ်ကောင်းမှုကိုအားထုတ်ခြင်းလက္ခဏာရှိသောလုံ့လဝိရိယတည်းဟူသောတရားဖြင့် ဝန်သုံးပါးဟူသောဆင်းရဲကို လွန်နိုင်ရာ၏။ မဂ်ဗိတ်လေးချင်္ဂါ ယှဉ်သော ပညာဟူသောတရားဖြင့်သင်္ဃာဝါတို့သည် ကိလေသာမှစင်၏ဟူလိုသည်။ ။ဤသင်္ခါယ တရတိ အစရှိသော ဂါထာကို ဟောတော်မူသောအဆုံးဌာနအာဠဝကာဠိလူးသည် သောတာပတ္တိဖိုလ်ဌာနလေ၏။ ဤဂါထာ၌၊ ပညာယ ပရိသုဇ္ဈတိ၊ ဟူသော စတုတ္ထပါဒဖြင့် ဖြတ်စွာဘုရားသည်သစ္စာလေးပါးကိုပြတော်မူ၏။ ။

သောတာပတ္တိဖိုလ်ဌာနသို့ပြီးသော အာဠဝကသည်၊ပညာယ သုဇ္ဈတိ ဟူသောပုဒ်၌ ပညာကိုရခြင်း၏အကြောင်းကို မေးပြန်လိုသည်ဖြစ်၍။ ။ကထံသုလဘ္ဘတေ ပညံ၊ကထံသုဝိန္ဒတေဓနံ။ကထံသုကိတ္တိံပပ္ပေါတိ၊ကထံမိတ္တာနိဂဏ္ဌတိ။ ။ဟူသောဂါထာကိုဂင်း။ ။အသ္သာလောကာ ပရံလောကံ၊ကထံ ပေစ္စနသောစတိ။ ။ဟူသော ဂါထာဝက်ကို ဂင်း ရွတ်၍ မေး၏။ ။အဓိပ္ပါယ်ကား။ ဘုန်းတော် အလွန် ကြီးမြတ်တော်မူလှသောအာရှင်ဂေါတမ။ အဘယ်သို့သောအကြောင်းဖြင့် ပညာကိုရရာသနည်း။အဘယ်သို့သောအကြောင်းဖြင့် ဥစ္စာကိုရရာသနည်း။ အဘယ်သို့သောအကြောင်းဖြင့် ကျော်စောခြင်းသို့ရောက်ရာသနည်း။

အဘယ်သို့ဇသော အကြောင်းဖြင့် မိတ်ဆွေခင်ပွန်းကောင်းကို ရရာသ
နည်း။အဘယ်သို့သောအကြောင်းဖြင့်တမလွန်ဘဝ၌မစိုးရိမ်ရသနည်း
ဟူလိုသည်။ ။အာဠဝ၀်က သောတာပန်ဖြစ်ပြီးမှဇမေးသော အဇမေးငါး
ပါးကိုဖြတ်စွာဘုရားသည် ဖြတော်မူလိုသည်ဖြစ်၍။ ။သဒ္ဒဟာနော
အရဟာတံ၊ ဓမ္မံ နိဗ္ဗာနပတ္တိယာ။ သုသ္သူသံ လဘ္ဘတေ ပညံ၊ အပ္ပမတ္တော
ဝိစက္ခဏော။ ။ပတိရူပကာရီ ရဂရ၀ါ၊ဥဇ္ဇုတာ ဝိန္ဒတေ ဓနံ။ သစ္စေန
ကိတ္တိံ ပပ္ပါတိ၊ဒဒံ မိတ္တာနိ ဂဏ္ဌံတိ။ ။ယသေတေ စတုရောဓမ္မာ၊
သဒ္ဓသီလရမေသိနော။ သစ္စံဓမ္မော ဓိတိစာဂေါ၊ သဝေ ပေစ္စနသော
စတိ။ ။ဣစ္ဆီ အညေပိ ပုစ္ဆသု၊ပုထူ သမဏာဗြာဟ္မဏော။ ယဒိ သစ္စာ
ဓမ္မာ စာဂါ၊ မနုဿာဘိဇယျာဓဝိဇ္ဇတိ၊ ၊ဟူသော် လေးဂါထာတို့ကို
ဟောတော်မူ၏။ ။ထိဂါထာတို့၌အဓိပ္ပါယ်သေဝ်ကား။ဒါယကာအာ
ဠ၀က၊ နိဗ္ဗာန်သို့ရောက်ခြင်းဌါ၊ဘုရား ပစ္စေကဗုဒ္ဓါ ရဟန္တာသာ၀ကာ
တို့၏အကျင့်တရားဖြစ်သော သုစရိုက်သုံးပါး၊ ကုသိုလ်ကမ္မပထဆယ်
ပါး။ဇောဓိပက္ခိယတရားသုံးဆဲ့ခုနစ်ပါးတို့ကိုယုံကြည်သည်ဖြစ်၍ မမေ့
မလျော့ကျင့်သော ပညာရှိသူတော်ကောင်းသမည် ဘုရား အစရှိသော
အရိယာတို့၏တရားကို ကြားနာရသည်ဖြစ်၍ မဂ်နှင့်ယှဉ်သော ပညာ
ကိုရရာ၏။ ။ဥစ္စာရခြင်းဌါ လျောက်ပတ်သော်အကြောင်းကို ပြုလွဲ
ရှိသောသူ၊ အားလုံ့လဟူသော ဝန်ရှိသော၊ အချမ်းအပူမမှတ်၊ ထက်ဩ
လုံ့လပြုလွဲရှိသောသူသည် ဥစ္စာကိုရရာ၏။ လောကီဖြစ်သော ဩဠာဠ
ဥစ္စာ၊ လောကုတ္တရာဖြစ်သော မဂ်ဖိုလ်ဥစ္စာကိုရရာ၏။ မှန်သောစကား
ကိုဆိုခြင်းတည်းဟူသောပရမတ္ထသစ္စာဖြင့်။ဘုရား ပစ္စေကဗုဒ္ဓါ အရိ
ယာသာ၀ကဟူသောကျေဇူးခြင်းသို့ရောက်ရာ၏။ လျှဒါန်းပေးကမ်း
စွန့်ကြဲခြင်းကိုပြုလွဲရှိသောသူသည်အဇဆွေခင်ပွန်းကိုယူနိုင်ရာ၏။ ။
သဒ္ဓါယုံကြည်ခြင်းရှိသည်ဖြစ်၍ အိမ်ရာထောင်သော်လူ၌ကာမဂုဏ်ဟူ
ဆိုအပ်သောစည်းစိမ်ချမ်းသာကိုရှာလွဲရှိသော အကြင်သူအား ဟုတ်
မှန်စွာဆိုခြင်းတည်းဟူသော သစ္စာ၊ ပညာ၊ ထက်ဩလုံ့လဟူသော ဝိရိ
ယ။ လျှဒါန်းပေးကမ်းခြင်းဟူသော စာဂ။ ဤတရားလေးပါးတို့သည် ရှိ
ကုန်၏။ ထိုတရားလေးပါးနှင့်ပြည့်စုံသောသူသည် စင်စစ်သဖြင့် တမ
လွန်ဘဝ၌ စိုးရိမ်ခြင်းမရှိ။ ။ဥပါသကာအာဠဝက၊ သင့်ကို ငါတို့က
တွန်းပါ၏။ အကယ်၍မှန်သောစကားရှိခြင်းကြည်းဟူသော ဝစီသစ္စာ။

အပြားအားဖြင့် သိတတ်သော ပညာ၊ လူဒါန်း ပေးကမ်းခြင်းဟူသော စာဂ၊ထကြွခြင်းဟူသော ဝိရိယ။ ဤအကြောင်းလေးပါးတို့ထက်အလွန် မဂ်ဉာဏ်ကိုရခြင်း။ လောကီလောကုတ္တရာဥစ္စာကိုရခြင်း။ ကျော်စောခြင်းသို့ရောက်ခြင်း။ အဆွေခင်ပွန်းယူခြင်း။ ဤလေးပါးတို့၏အကြောင်းသည် ဤလောကဒွိဂိုင်းအံ့။ငါမှတပါး မျိုးစွာကုန်သောရဟန်းပုဏ္ဏားတို့ကိုလည်း သင်သည် မေးလေဦးလောဟူလိုသည်။ ။

ဤသို့လျှင် မြတ်စွာဘုရားသည် ပညာ အစရှိသည်တို့ကို ရခြင်း၏ အကြောင်းတို့ကို ဖြေတော်မူပြီးသည့်နောက်၌ အာဠဝက ဘီလူးသည် မိမိရသော သောတာပတ္တိမဂ်ဖြင့် အကြင်အကြင်သို့သောယုံမှားခြင်း ဝိစိကိစ္ဆာရှိ၏။ ထိုထိုသို့သောဝိစိကိစ္ဆာကို ပယ်အပ်ပြီးသည်ဖြစ်သော ကြောင့် မြတ်စွာဘုရား၏အဖြေတော်၌ယုံမှားသကဲ့သမရှိပြီဖြစ်၍ ပညာ အစရှိသည်တို့ကိုရခြင်း၏အကြောင်းတပါးကို ဘုရားမှတပါး ရဟန်း ပုဏ္ဏားတို့ကိုမမေးလိုသောအဖြစ်ကို မြတ်စွာဘုရားအား ကြားလျှောက်လိုသည်ဖြစ်၍။ ။ကထံ နုဒါနိ ပုစ္ဆေယျံ၊ပုထူ သမဏာပြာဟ္မဏော။သွာဟံ အဇ္ဇ ပဇာနာမိ၊ ယော အာဠော သမ္ဘရိယိကော။ ။အဇ္ဈာယဝတာ မေ ဗုဒ္ဓါ၊ဝါသာယာဠ္ဝိမာဂဓတာ။ ယော ဟံ အဇ္ဇ ပဇာနာမိ၊ ယတ္ထ ဒိန္နံ မဟပ္ဖလံ။ ။ဧသာ အဟံ ဝိစရိဿာမိ၊ ဂါမာဂါမံ ပုရာပုရံ။ နမဿမာနော သမ္ဗုဒ္ဓံ၊ဓမ္မဿစ သုဓမ္မတံ။ ။ဟူသော သုံးဂါထာကို ရွတ်၏။ ။ထိုဂါထာ၏အဓိပ္ပါယ်သေဝ်ကား။ ဘုန်းတော်အလွန်ကြီး မြတ်တော်မူသောရှင်ပင်ဘုရား၊ အကြင်ပညာအစရှိသောအကျိုးလေး ပါးကိုရခြင်း၏အကြောင်းသည်ဝင်း။ ဓာမလွန်ဘဝ၌အကြင်စိုးရိမ်ခြင်း မရှိသည်၏အကြောင်းသည်ဝင်း. ရှိ၏။ ထိုအကြောင်းကဲ့ မြတ်စွာဘုရား ငံ်ဟာတော်မူသောတရားကိုကြားသဖြင့် အကြင်အကျွန်ုပ်သည် သိ၏။ ထိုအကျွန်ုပ်သည် အဘယ်ကြောင့် ယခုအခါ၌ ရှင်ပင်ဘုရားမှ တပါး မျိုးစွာသောရဟန်းပုဏ္ဏားတို့ကို မေးပေတုံအံ့နည်း။ ။အကြင်မြတ် စွာဘုရားသည် အာဠဝိပြည်သို့ဖြန့်ခြင်းငှါကြွတော်မူလာ၏။ ထိုမြတ်စွာ ဘုရားသည် အကျွန်ုပ်အား အကျိုးစီးပွါးအလိုငှါ စင်စစ်ဖြစ်တော်မူပေ၏။ အကြင်မြတ်စွာဘုရားတည်းဟူသောအလှူခံမုဋ္ဌိလ်၌ လှူအပ်သော အလှူသည် အကျိုးကြီးမြတ်၏ဟု အကြင် အကျွန်ုပ်သည် ယခုအခါ၌ သိ၏။ ထိုအကျွန်ုပ်သည် နတ်ရွာ တရွာမှ နတ်ရွာ တရွာသို့၊ နတ်ပြည်

တပြည့်မှ နတ်ပြည်တပြည်သို့၊ ထိုအဂ္ဂဒကွဲကောယျဖြစ်သော မြတ်စွာဘုရား၏ သစ္စာလေးပါး တရားကို ကောင်းစွာသိသော အဖြစ်ကိုဎင်း။ တရားတော်၏သွာဝျာတတာစသောဂုဏ်နှင့်ပြည့်စုံသော အဖြစ်ကိုဎင်း။ သဃီာတော်၏ သုပ္ပဋိပန္နတာစသော ဂုဏ်နှင့် ပြည့်စုံသော အဖြစ်ကို ဎင်းအာဘန်တလဲလဲ၌ဖြားမွမ်း၍ ဂိုရိုးလျက်သွားပါအုံးဟူလိုသည်။ ။

ဤသို့လျှင်၊ သေအဟံဝိစရိသာမိ၊ အစရှိသော ဂါထာကိုအာဠဝက ရွတ်သည်၏အဆုံးဠ်ညဉ်၏လင်းခြင်းသည်ဎင်း။ အာဠဝကကဲ့သုံဆုံးမရာဠ် မြတ်စွာဘုရားတရားတော်ကို နာအုံဟူ၍ စကြဝဠာတသောင်းမှ စည်းဝေးလာကုန်သော သမ္မာဒိဋ္ဌိနတ်ပြဟ္မာ၊ အာဠဝကနှင့်မြတ်စွာဘုရားစစ်ထိုးခြင်းကိုကြည့်အုံဟူ၍စည်းဝေးလာကုန်သော မိစ္ဆာဒိဋ္ဌိနတ်ပြဟ္မာတို့၏ ကောင်းဖျိုးပေးသော အသံ၏ဖြစ်ခြင်းသည်ဎင်း။ အဒဠဝကမင်းသားကို အာဠဝီပြည်မှ အာဠဝကဘီလူး၏အစာပို့လာ၍ အာဠဝက၏ဒီမာန်သို့ရောက်သောအခါသည်ဎင်း။ တပြိုင်နက်ဖြစ်၏။ ဘီလူးစာပို့လာကုန်သောမင်းချင်းတို့သည် ကောင်းဖျိုးသံကိုကြား၍၊ ဤသို့သောကောင်းဖျိုးသံသည် ဘုရားကိုထား၍ တပါးသောသူတို့အားမဖြစ်။ မြတ်စွာဘုရားသည် အာဠဝက၏အကြောင်းကို ဉာဏ်တော်ဠ်မြင်၍ ဆုံးမအံ့သောဎ်၊ ကြွတော်မူလာသလောဟု ဆင်ခြင် ကုန်သည်ဟု ဂိုဎ်သော်။ မြတ်စွာဘုရားကိုဎင်း၊ ဂိုရိုး၍နေသောဘီလူးကိုဎင်း မြင်ကုန်၍၊ ဖွေးဠ်ကဲ့သို့ အပဠ်မရပ်မူ၍ ပညောင်ပင်ရင်းသို့ဝင်၍ ရပ်ကုန်လျက်။ ကြီးမြတ်သော တန်းခိုးဂိုသောဘီလူး၊ ဤမင်းသားငယ်ကို ပေးမြသောဝတ်ဖြင့် အစာ အလိုဎ်၍ ဆောင်ခဲ့ကုန်ပြီ၊ စားလော့ဟုဆိုကုန်၏။ အာဠဝကဘီလူးသည် သောတာပန်ဖြစ်ပြီးဖြစ်သောကြောင့် အစာ၏အဖြစ်ဖြင့်ပို့လာသောမင်းသားကိုမြင်လျှင် အလွန်ဂုဏ်သည်ဖြစ်၍ မင်းသားကို လက်နှစ်ဘက်ဖြင့်ခံ၍ မြတ်စွာဘုရားရှေ့တော်ဠ် အထူးထူးအပြားပြုးအားဖြင့် ဆို၍။ ဂုဏ်ပဝင်ဘုရား၊ ဤမင်းသားကို အာဠ္ဍနုပ်၏အစာအဖြစ်ဖြင့် ပို့လာသည်။ ဤမင်းသားကို ဂုဏ်ပဝင်ဘုရားအားကပ်လှူပါ၏တော့သည်၊ခံတော်မူပါဟုမြတ်စွာဘုရားအား ကပ်၍ဆောက်နှင်း၏။ ထိုအကြောင်းကို ဤသို့ ဂါထာလာ၏။ ။ဣမံကုမာရံ သဓတပုညလက္ခဏံ၊သဗ္ဗင်ပေတံပရိပုဏ္ဏဖျဠနံ။ဥဒဂ္ဂစိတ္တော သုမနော ဒဒါမိ တေ၊ပဋိဂ္ဂဟ လောကဟိတာယ စက္ခုမာ။ ။ဟူ၍ ဂါထာလာ၏။ ။အဓိပ္ပါယ်ကား၊ ဘုန်းတော်ကြီးသော ဂုဏ်ပဝင်

ဘုရား၊ ကမ္ဘာတသိန်းမကသောကာလ၌ ဆည်းပူအပ်သောကုသိုလ်ကံသည်ပြုအပ်သော လက္ခဏာကြီးရှိထသော၊ ခြေလက် အစရှိသော ခပ်သိမ်းသော အင်္ဂါကြီးငယ်နှင့်ပြည့်စုံသော၊ နား-နှာခေါင်း အစရှိသော အစိတ်အစိတ်သောလက္ခဏာငယ်နှင့်ပြည့်စုံသော၌မင်းသားကို ဝန်းဖြောက်ဝမ်းသာ အကျွန်ုပ်သည် ရှင်ပင်ဘုရားအားကပ်လှူပါ၏။လူတို့၏ အကျိုးစီးပွါး များစိမ့်သောငှါ ခံတော်မူပါ ဟူလိုသတည်း။ ။ဤသို့ လျော်ကန်သောအဆုံး၌ မင်းသားကို မြတ်စွာဘုရားခံတော်မူ၍။ မင်းသား အားငင်း၊ ဘိလူးအားငင်း မင်္ဂလာအလိုငှါ။ ။ဒီဃာယုကော ဟောတု အယံကုမာရော၊တဝစ္ဆယကျောသုဒိတော ဘဝါဟိ။အဗျာဓိကာ လောကဟိတာယ တိဋ္ဌ။ ။ဟူ၍ သုံးပါဒရှိသော ဒဏ္ဍကဂါထာကို ရွတ်တော်မူ၏။ ။အဓိပ္ပါယ်ကား။အာဠဝက၊ဤမင်းသားသည်လည်း ချမ်းသာသည် ဖြစ်စေသတည်း။ သင့်အားလည်း ချမ်းသာသည်ဖြစ်စေသတည်း။သင်တို့သည်အနာမရှိကုန်သည်ဖြစ်၍လူတို့၏အကျိုးစီးပွါးအလို ငှါတည်ကုန်လော့ ဟူလိုသည်။ ။မြတ်စွာဘုရား မင်္ဂလာပြုပြီးသော် အာဠဝကသည်မင်းသားငယ်ကိုသရဏာကုံဆောက်တည်စေလို၍ မြတ်စွာဘုရား၏ ဒဏ္ဍကဂါထာသုံးပါဒတွင် တပိဒ်ဖြည့်၍။ ။အယံ ကုမာရော သရဏံ ဥပေတိ။ ။ဗုဒ္ဓံ၊ဓမ္မံ၊သံဃံ-ဟူသောပုဒ်ဖြင့် ရွတ်၏။ ။ အဓိပ္ပါယ်ကား၊ ဤမင်းသားသည် မြတ်စွာဘုရားကို ကိုးကွယ်ခြင်းသို့ ရောက်ပါ၏။ တဘုန်း၊သဃီဘတို့ကိုလည်း ကိုးကွယ်ခြင်းသို့ရောက်ပါ၏ဟူလိုသည်။ ။ထိုနောက်မှ မြတ်စွာဘုရားသည် ဤမင်းသားကို ကြိုးစေ၍၊ တဘန်ငါ့အားပေးလှည့်ကုန်မိန့်တော်မူ၍ မင်းချင်းတို့အားပေး၏။ ဤသို့ မင်းသားသည် ဘိလူးလက်မှ မြတ်စွာဘုရားလက်သို့ ရောက်၏။ ဤသို့ အဆင့်ဆင့်ရောက်သည်ကို အကြောင်းပြု၍ ထိုမင်းသားအား ဟတ္ထာဠဝကဟူသောအမည်သည်ဖြစ်၏။ ။

ထိုမင်းသားကိုယူ၍ ပြန်ကုန်သော မင်းချင်းတို့ကို လယ်လုပ်ကောသွား အဆစ်ရှိသောသူတို့သည် မြင်ကုန်၍ မင်းသားကို ငယ်လွန်းသောကြောင့် ဘိလူးအလိုမရှိချေတော့သလောဟု ကြံဆကာလန့်လျက် မေးကြကုန်၏။ မင်းချင်းတို့သည် သင်တို့မကြောက်ကြကုန်လင့်။ မြတ်စွာဘုရားသည် အလုံးစုံသောသူတို့အား ဘေးမရှိသောအဖြစ်ကို ပြုတော်မူပြီဟု

ကြားကုန်၏ ထိုစကားကိုကြားကုန်သော ကြောင့် ကောင်းစွကောင်းစွ ဟူ၍ အာဠဝိမြို့အလုံး တပြိုင်နက် အုတ်အုတ်ကျက်ကျက် ဖြစ်ကုန်၏။ မြတ်စွာဘုရားလည်း ဆွမ်းခံသောအခါကို မှတ်၍ ကြွတော်မူအံ့သော အခြင်းအရာကိုပြုတော်မူလျှင်၊ အာဠဝကဘီဝူးသည် သပိတ်သင်္ကန်း တော်ကိုယူ၍ ထက်ဝက်သောခရီးတိုင်အောင်ပို့၍ ပြန်လေ၏။ ။မြတ် စွာဘုရားလည်း အာဠဝိမြို့၌ ဆွမ်းခံတော်မူ၍ ဆွမ်းဘုန်းပေးတော်မူပြီး သော် မြို့တံခါး၏အနီး၌ ဆိတ်သောသစ်ပင်ရင်း၌ခင်းအပ်သောဘုရား နေရာ၌ နေတော်မူ၏။ မင်းနှင့်တကွ မျှားစွာသော ပြည်သူပြည်သားတို့ သည် တပေါင်းတည်း မြတ်စွာဘုရားသို့ ကပ်လာကုန်၍ ရိုသေစွာရှိခိုး ကုန်ပြီးသော် ရှင်ပင်ဘုရားတို့သည် ဤသို့သောဝါရိသော ကြမ်းထမ်း သောဘီလူးကို အဘယ်သို့ဆုံးမကုန်သနည်းဟု လျှောက်ကုန်၏။ မြတ်စွာ ဘုရားလည်း အာဠဝကဘီလူး စစ်ထိုးခြင်းကိုအစပြု၍။ ဤသို့သောဘော ရှိသော အထူးထူးသော ဗိဇယ်းတို့ကို ရွာစေကုန်၏။ ဤသို့ သဘောရှိ သော အထူးထူးသော ကြောက်မက်ဘွယ်ကို ပြု၏။ ဤသို့ သဘောရှိ သောပြဿနာကို မေး၏။ ထိုဘီလူး၏အဖေးကို ဤသို့သောအပြားဖြင့် ဖြေ၏ဟု ထိုအာဠဝကသုတ်ကို ပင်လျှင် ဟောတော်မူ၏။ ။ထိုသုတ်ကို ဟောတော်မူသောအဆုံး၌ ရှစ်သောင်း လေးထောင်သော ပရိသတ်တို့ အားတရားမဂ်ဖိုလ်ရခြင်းသည်ဖြစ်၏။ ။ထိုနောင်မှ ဝေဿဝဏနတ် မင်း၏နတ်ကွန်းကို အာဠဝကဘီလူး၏ဗိမာန်အနီး၌ဆောက်၍ ပန်းနံ့သာ အစရှိသော ပူဇော်သက္ကာရတို့ဖြင့် အမြဲပူဇော်ခြင်းကို ဖြစ်စေကုန်၏။ မြတ်စွာဘုရားအား လည်း အာဠဝကဘီလူးသည်သိမ်းဆည်းအပ်သော ပညောင်ပင်အနီး၌ ကျောင်းဆောက်၍ လှူဒါန်းပူဇော်ခြင်းကိုပြုကုန်၍။ ဝါဆိုစေခြင်းငှါ လျှောက်တောင်းပန်ကုန်၍ ဝါဆိုတော်မူ၏။ သိကြား လိမ္မာခြင်းသို့ရောက်သော မင်းသားကိုလည်း မင်းသားသည် မြတ်စွာ ဘုရားကိုမြို၍ အသက်ကိုရ၏။ ဘုရားအားဂုဏ်း၊ တရားသံဃာအားဂုဏ်း ဆည်းကပ်လော့ဟု လွှတ်လိုက်ကုန်၏။ ထိုဟတ္ထာဠဝကမင်းသားသည် ဘုရားကိုဂုဏ်း၊ တရားသင်္ဃာကိုဂုဏ်းဆည်းကပ်၍ မမြင့်မိလျှင် အနာဂါမိ ဖိုလ်၌တည်၍၊ အလုံးစုံသော မြတ်စွာဘုရား၏ တရားတော်ကို သင်၍။ ငါးရာသော အခြံအရံရှိသည်ဖြစ်၏။ မြတ်စွာဘုရားအမှူးရှိသော သင်္ဃာ တော်တို့အား ပစ္စည်းလေးပါးဖြင့် ချီးမြှောင်း၏။ မြတ်စွာဘုရားသည်

လည်း ပစ္စည်းလေးပါးဖြင့်ချီးမြှောက်ကုန်သော ဒါယကာတို့တွင် မြတ်
၏ဟုတောဒဂ်ထားတော်မူ၏။ ။

မြတ်စွာဘုရားသည် အာဠဝိပြည်ကို ဆွမ်းခံအမှီပြု၍ ဝါဆိုတော်မူ
၏။ ကုဋိကာရသိက္ခာမုဒ်ကို အကြောင်းပြု၍။ ယေမေ အဟံ နဇာနာမိ၊
အဋ္ဌိသေနဝကိဇ္ဇကော။ အစရှိသောဒေဝသနာတော်ဖြင့် အဋ္ဌိသဇာတ်ကို
ဟောတော်မူ၏။ ဒေဝသနာတော်အဆုံး၌ များစွာသော လူနတ်ဗြဟ္မာတို့
သည်အကျွတ်တရားရကုန်၏။ ။အဂ္ဂါဠဝစေတိယကျောင်း၌နေတော်
မူသော နိဂြောဓကပ္ပမထေရ် ပရိနိဗ္ဗာန်ပြုတော်မူသောကြောင့် တပည့်
ဖြစ်သော ဝဂီသမထေရ်သည် ဆရာ ပရိနိဗ္ဗာန်ပြုပြီလောဟု မြတ်စွာ
ဘုရားအား မေးလျှောက်သည်ကိုအကြောင်းပြု၍ နိဂြောဓကပ္ပသုတ်ကို
ဟောတော်မူ၏။ ။ထိုဒေသနာတော်အဆုံး၌တရားတော်နာပရိသတ်
တို့သည်မဂ်ဖိုလ်အကျွတ်တရားကိုများစွာရကုန်၏။ ။

၁၈။ သတ္တရသ္ဓမဝါ၊ဝဋ္ဋုဝဝန်ကျောင်းတော်၌
သီတင်းသုံးနေစဉ်။သီရိမာ၏အကောင်ကိုအကြောင်းပြု၍၊ပဿ
စိတ္တိကတံဒိမ္ဗံ၊စသောတရားဒေသနာကိုဟောတော်မူခြင်း။

၍သို့အစရှိသောဒေသနာတော်ဖြင့်ဝေနေယျတို့အားတရားအမြိုက်
ဆိုက်တော်မူလျက်၊ အာဠဝိပြည်၊ အဂ္ဂါဠဝ ဇေတိယကျောင်း၌ တဆဲ့
ခြောက်ဝါမြောက် ဝါဆိုတော်မူ၍၊ဝါကျွတ်လျှင် ဒေသစာရီကြွတော်မူ
သဖြင့်ရာဇဂြိုဟ်ပြည်သို့ရောဝံတော်မူ၍ ဝဋ္ဋုဝန်ကျောင်းတော်၌ တဆဲ့
ခုနစ်ဝါမြောက် ဝါဆိုတော်မူ၏။မြတ်စွာဘုရားသည်ဝဋ္ဋုဝန်ကျောင်း
တော်၌ နေတော်မူသောအခါ၊ ဇီဝကဂါမဏီ၊ သီရိမာကိုအကြောင်းပြု၍။
ပဿ စိတ္တိ ကတံ ဒိမ္ဗံ၊အစရှိသောတရားဒေသနာတော်ကိုဟောတော်
မူ၏။ အကြောင်းဝတ္ထုကား။ရာဇဂြိုဟ်ပြည်၌ ဇီဝကဂါမဏီဖြစ်သော အ
လွန်အဆင်းလှသော သီရိမာအမည်ရှိသော ပြည့်တန်ဆာမသည်ရှိ၏။
အခါတစပါးသော် ဝါတွင်း၌ သုမနသူဌေးသားပုဏ္ဏသူဌေး၏သို့ ဥတ်ရာ
ကိုသေစိမ့်သောဌါ ကျိုက်ကျိုက်ဆူသော ဆီပူဖြင့်သွန်၍ပြက်မှားမိသော
အပြစ်ကို သည်းခံစေလိုသည်ဖြစ်၍ ဥတ်ရာအိမ်၌ ရဟန်းအပေါင်းတို့
နှင့်တကွ ဆွမ်းဘုန်းပေးသောမြတ်စွာဘုရားကို သည်းခံစေ၍ မြတ်စွာ

ဘုရား ဆွမ်းအနုမောဒနာကြားတော်မူပြီးလျှင်။ ။အကောဓေန ဇိနေန ကောဓံ၊အသာဓုံ သာဓုနာ ဇိနေန။ ဇိနေန ကဒရိယံ ဒါနေန၊သစ္စေနာလိက ဝါဒိနံ။ ။ဟူသော ဂါထာကိုဟောတော်မူသောအဆုံးဌ အဋ္ဌကထာတော် တုဂါမဂါးရောတို့နှင့်တကွ သောတာပတ္တိဖိုလ်ဌဖြစ်ကြပြီ။ ဤသို့သောတာပန်ဖြစ်ပြီးသောသီရိမာသည် မြတ်စွာဘုရားကိုဆွမ်းဘိတ်၍ဖိုးသောက် သောနေ့ဌ ကြီးစွာသောအလှူကိုလှူ၏။ သဃီအားလည်း အဋ္ဌကဘတ် ကိုမပြတ်လှူ၏။ထိုဘိတ်သောနေ့မှစ၍ ၇စ်ပါးသောသဃီသည်မပြတ် အိမ်သို့ဆွမ်းစားသွားရ၏။ထိုရဟန်းတို့အား ထောပတ်ကိုခံကုန်လော့။ နွားနို့ဆမ်းကိုခံကုန်လော့။ ဤသို့အစရှိသည်ဖြင့် ဆို၍ သပိတ်တို့ကိုပြည့်စေ၍လှူ၏။ တယောက်ပုဂ္ဂိုလ်ရသောဆွမ်းသည် သုံးပါး လေးပါးတို့အား မျှလောက်၏။ နေ့တိုင်း တဆဲ့ခြောက်သပြာသောကံကျွေးဖြင့် ဆွမ်းကို လှူ၏။ တယောက်သောရဟန်းသည် ထိုသီရိမာအိမ်၌ အဋ္ဌကဘတ်ကို ဘုန်းပေး၍ သုံးယူစနာရှိသော အရပ်၌ တခုသောကျောင်းသို့ လာ၏။ ထိုအခါ မထေရ်တို့စည်းဝေးရာ၌နေလာသော ထိုရဟန်းကို။ သခင်၊ အဘယ်အရပ်၌ ဆွမ်းခံ၍လာသနည်းဟု မေးကုန်၏။ အရှင်ဘုရားတို့၊ အကျွန်ုပ်သည်သီရိမာအိမ်၌အဋ္ဌကဘတ်ကိုဘုန်းပေး၍လာ၏ဆိုသော်။ နှစ်လိုဘွယ်ကဲ့ပြု၍ လှူ၏လောဟု မေးမြန်းကုန်ကြ၏။ ထိုသီရိမာ၏ဆွမ်းကိုချီးမွမ်းခြင်းငှါမတတ်နိုင်။ အလွန်လျှင်မွန်မြတ်၏။ တယောက်ရသောဆွမ်းသည်လေးယောက်တို့အားမျှလောက်၏။ ထိုသီရိမာ၏အလှူထက် သီရိမာကိုမြင်ရခြင်းသည် အလွန်မြတ်သေး၏။ ထိုသီရိမာသည် ဤသို့သဘောရှိ၏ အလွန်လှပတင့်တယ်၏ဟု ထိုသီရိမာ၏ကျေးဇူးကိုဆို၏။ ထိုအခါတယောက်သောရဟန်းသည် ထိုသီရိမာ၏ကျေးဇူးကိုကြား၍ မြင်ခြင်းငှါသင့်၏ဟုကြံ၍ ဝါအစဉ်ကိုဆို၍။ ထိုရဟန်းကိုမေး၍။ အရှင်သည် နက်ဖြန်ပင် သီရိမာ၏အိမ်၌သဃီဝေထ၍ကြီးဖြစ်၍။အဋ္ဌကဘတ်ကိုရလတ္တံ့ဟု မေးအပ်သောရဟန်း၏စကားကို ကြား၍ ထိုခဏ၌ပင် သပိတ်သင်္ကန်းကိုယူ၍ရာဇဂြိုဟ်ပြည့်သို့သွား၍၊ ဓိုးသောက်သောနေ့၌ နေအရဏ်တက်သည်ရှိသော် နံနက်စောစော စာရေးတံဝေဖူးသို့ဝင်၍၊ သဃီ့ဝေထ၍အဖြစ်ဖြင့် သီရိမာ၏အိမ်၌ အဋ္ဌကဘတ်ကိုရ၍ သီရိမာအိမ်သို့ လာ၏။ သီရိမာသည်လည်း ထိုဖြာဆိုသောရဟန်းသည် ယမန်နေ့၌ သီရိမာ၏ဆွမ်းကိုဘုန်းပေး၍ဖဲခဲ့သည့်နေ့ကိုယ်မကျန်းဖြစ်

ခဲ့၍၊ အလုံးစုံသောတန်ဆာကိုခွါချတ်၍အိပ်၏။ ဗိုးသောက်သောနေ့၌ အဋ္ဌကဘတ်ကိုရ၍လာသောရဟန်းတို့ကိုကျွန်မတို့မြင်လျှင်ကြားကုန်၏။ သိရိမှာသည်မိမိလက်ဖြင့်သပိတ်ကိုလှမ်းယူ၍ နေရာ၌နေစိမ့်သောငှါရင်း၊ ဆွမ်းလုပ်ကျွေးအံ့သောငှါရင်း မတတ်နိုင်သည်ဖြစ်၍။ အမိတို့၊ သပိတ်တို့ကိုယူ၍ အရှင်ကောင်းတို့ကိုဆိုင်နေစေ၍ ယာဂုခဲဘွယ်ကပ်ပြီး၍ ဆွမ်းဘုန်းပေးအံ့သောအခါ၌ သပိတ်တို့ကိုပြည့်စေ၍ ကပ်ကုန်လေ့ဟုကျွန်မတို့ကိုစေ၏။ကျွန်မတို့သည်လည်းကောင်းပြီဟုဝန်ခံကုန်၍ ရဟန်းတို့ကိုဝင်စေ၏။ ယာဂုခဲဘွယ်လူပြီးသော် ဆွမ်းဘုန်းပေးအံ့သောအခါ၌ သပိတ်တို့ကိုပြည့်စေ၍ သိရိမာအားကြားကုန်၏။သိရိမာသည် ငါ့ကိုယ့်စွမ်းဆောင်ပါကုန်၊ အရှင်ကောင်းတို့အားဂိုးအံ့ဟုဆို၏။ ထိုကျွန်မတို့သည်ရဟန်းတို့၏အထံသို့ဆောင်၍ တုန်လှုပ်သောကိုယ်ဂိုသည်ဖြစ်၍ ရဟန်းတို့ကိုဂိုဂိုး၏။ ထိုသဃ်ာဒေါဏ်ရှိသော ရဟန်းသည် သိရိမာကိုကြည့်၍ နာသော သိရိမာ၏ တင့်တယ်ခြင်းသည်မျှဤသို့သဘောဂို၏ ဂုဏ်။ မနာသောအခါ၌ ခပ်သိမ်းသော တန်ဆာဖြင့်တန်ဆာဆင်သောသိရိမာ၏ အဆင်း၏တင့်တယ်ခြင်းသည် အဘယ်ဆိုဘွယ်ဂို့အံ့နည်းဟုကြံသောထိုရဟန်းအား များသောအကုဒ္ဓမကသောနှစ်တို့ပတ်လုံး ကျင်လည်သောကိလေသာသည် နိုပ်စက်သဖြင့်၊ ထိုရဟန်းသည်စိတ်မဂို့သကဲ့သို့ဖြစ်၍ဆွမ်းဘုန်းပေးအံ့သောဌါမတတ်နိုင်။ ကျောင်းသို့သွား၍ သပိတ်ကုပိတ်၍ သင့်တင့်ရာ၌ထား၍၊ သင်္ကန်းကိုခြုံ၍အိပ်၏။ ထိုအခါ ထိုရဟန်းကို တယောက်သောအဆွေခင်ပွန်းရဟန်းသည် တောင်းပန်သော်လည်း စားစိမ့်သောဌါမတတ်နိုင်။ ထိုရဟန်းသည် အစာပြတ်သည်ဖြစ်၏။ထိုနေ့ပင် သိရိမာသည် ညဉ့်မိုးအခါ၌ လွန်၏။ ဗိမ္မိသာရမင်းသည် မြတ်စွာဘုရားအား။ ဂုဏ်ပင်ဘုရား၊ ဇိဝကာနှမငယ်ဖြစ်သော သိရိမာသည် လွန်ခဲ့ပြီဟု ကြားလျှောက်စေ၏။ မြတ်စွာဘုရားလည်း ထိုစကားကိုကြားတော်မူ၍၊ သိရိမာ၏အလောင်းကိုကျိုးလင်းတံမစားရအောင် လုံစွာစောင့်စေကုန်ဟုဗင်းအားတဘန်ကြားစေ၏။ ဗိမ္မိသာရမင်းကြီးလည်း မြတ်စွာဘုရားမိန့်မှာတော်မူတိုင်းပြု၏။ သေသည်မှဒုလေးရက်မြောက်သောနေ့၌ အလောင်းသည် ဖုံးဖုံးရောင်၏။ ကိုးပါးသောအပေါက်တို့မှပိုးလောက်တို့သည်ယိုထွက်ကုန်၏။ ကိုယ်အလုံးကွဲအက်သဖြင့် သလေးထမင်းကဲ့သို့ဖြစ်၏။ ဗိမ္မိသာရ

မင်းသည် အိမ်၌ အစောင့်မျှကိုထား၍ သိရိမာ၏အလောင်းကို ရှာလှည့်ကုန်။မရှာကုန်သောသူတို့အား ဂုစ်သပြာသောဒဏ်ကိုဖြစ်စေအံ့ဟု မြို၌စည်လည်စေ၏။ ဘုရားအမှူးရှိသော သဃ်ာသည်လည်း တွဲလာစေသတည်းဟု မြတ်စွာဘုရားအား ကြားလျှောက်စေ၏။ မြတ်စွာဘုရားသည် သိရိမာကိုရှုခြင်းဌါသွားဟုန်အံ့ဟု ရဟန်းတို့အားကြားစေ၏။ထိုရဟန်းသည် လေးရက်ပတ်လုံး တန္ဓနိးသောစကားကိုမျှမဆိုမူ၍ ပြတ်သေးအာဟာရရှိလျက်အိပ်၏။ သဒိတ်၌ဆွမ်းသည် သိုးပုပ်၏။ အလွန်စက်အကြေးတက်၏။ ထိုအခါ၌ အိပ်သောရဟန်းကို အဆွေခင်ပွန်းရဟန်းသည်သွား၍။ ငါ့ရှင်၊ မြတ်စွာဘုရားသည် သိရိမာကိုရှုအံ့သောဌါသွားတော်မူ၏ဟုဆို၏။ ထိုရဟန်းသည် ထိုသို့မွတ်သိပ်သောကိုယ်ရှိလျက် သိရိမာဟူ၍ဆိုသောအသံကိုကြားလျှင် အဆောတလျင်ထ၍ အာဘယ်သို့ဆိုသနည်းဟု မေး၏။ မြတ်စွာဘုရားသည် သိရိမာကိုရှုအံ့သောဌါသွားတော်မူ၏။ သင်လည်း သွားပါလော့ဟုဆိုသည်ရှိသော်၊ ကောင်းပြီ၊သွားအံ့ဟုထ၍၊ သဒိတ်၌ထမင်းကိုသွန်၍ သဒိတ်ကိုဆေး၍ အိတ်၌သွတ်၍ရဟန်းအပေါင်းနှင့်လာ၏။မြတ်စွာဘုရားလည်းရဟန်းအပေါင်းခြံရံလျက် တဘက်သောနံပါးဌ်ရပ်၏။ မင်းအစရှိသော ဥပါဇကာဥပါသိကာပရိသတ်သည်နံပါးတဘက်၌ရပ်၏ မြတ်စွာဘုရားသည် ဗိမ္မိသာရမင်းကို ဤသူသည်အဘယ်သူနည်းဟုမေး၏။ အရှင်ဘုရား၊ဇီဝကနှမသိရိမာတည်းဟုလျှောက်၏။ ဤသူသည် သိရိမာပင်လောဟု မိန့်တော်မူပြန်၏။ သိရိမာပင်တည်းဟု လျှောက်ပြန်သော်။ မြတ်သောမင်းကြီး၊ အသပြာတထောင်ပေး၍ သိရိမာကိုယူစေသတည်းဟု မြို၌စည်လည်စေ မိန့်တော်မူ၏။ ဗိမ္မိသာရမင်းလည်း ဘုရားမိန့်တိုင်း စည်လည်စေသော် တစုံတယောက်မျှ ငါယူအံ့ဟုဆိုသောသူမည်သည် မရှိဖြစ်၍။ ရှင်ပင်ဘုရား၊ မယူကုန်ဟုလျှောက်သော်။ မြတ်သောမင်းကြီး၊ အဘိုးကို ထက်ဝက်ထက်ဝက်ဆုတ်စေလော့ဟုမိန့်တော်မူ၏။ ဗိမ္မိသာရမင်းကြီးလည်း ငါးရာပေး၍ယူစေဟု စည်လည်စေ၏။ တစုံတယောက်ယူမည့်သူကိုမမြင်၍ အစဉ်သဖြင့်ထက်ဝက်ထက်ဝက်ဆုတ်ခဲ့၏။အယုတ်သဖြင့်အသပြာတချောင်းရွေးကိုမျှပေး၍ ယူစေသတည်းဟုစည်လည်စေ၏။ ငါယူအံ့ဟုဆိုသောသူမည်သည်မရှိ၍။ ရှင်ပင်ဘုရား၊အချည်းနှီးပင် ယူလိုသောသူမရှိပါဘိဟုလျှောက်၏။ ချစ်သဒေးရဟန်းတို့၊ လူအပေါင်း

တို့သည် ချစ်အပ်သောသိရိမာကို ရှုကြပါကုန်လော့။ ဤမြို့၌ အသပြာ တထောင်ပေးမှတနေ့မွေလျော်ခြင်းကိုရ၏။ ယသုကားတချင်ရွေးမျှပေး၍ယူမည့်သူမရှိ။ ဤသို့သဘောရှိသောအဆင်းသည် ကုန်ခြင်းပျက်ခြင်းသို့ရောက်၏။ ချစ်သားရေ၊ ဘုန်းတို့၊ နာသေသူအားအကြင်အပြစ်သည် ရှိ၏။ ထိုအပြစ်ကိုရှုပါကုန်လော့ဟုမိန့်တော်မူ၍။ ။ပသဿ စိတ္တိ ကတံ ဗိမ္မံ၊ အရုကာယံ သမုဿိတံ။ အာတုရံ ဗဟုသက်ပ်ံ၊ယသ နတ္ထိ ဓုဝံ ဋ္ဌိတိ။ ။ဟူသောဂါထာကို ဟောတော်မူ၏။ ။အဓိပ္ပါယ်ကား။ ချစ်သားရဟန်းတို့၊ အကြင်သိရိမာအား အမြတည်ခြင်းသည်မရှိ။ ထိုသိရိမာ၏ အဝတ် တန်ဆာတို့ဖြင့် အဆန်းအကြယ် ပြုအပ်သော၊ သုံးရာသောအရိုးတို့ဖြင့်ဆောက်အပ်သော၊ အခါခပ်သိမ်း ဇာရိယာဝုထ်လေးပါးတို့ဖြင့် ဆောင်အပ်သည် အဖြာဖြာကြောင့် အမြဲလျှင် ကျင်နာ တတ်သော၊ ကိုးပါးသောအပေါက်တို့မှ ယိုသောသွေးပြည်ထိုးလေ့ရှိသော၊ များစွာသော သူတို့သည် အထွေထွေအပြားပြား ကြံအပ်သည်တို့ကို ရှုပါကုန်လော့ဟူလိုသည်၊ ။ဒေသနာတော်အဆုံး၌ ရှစ်သောင်းလေးထောင် ကုန်သော ပရိသတ်တို့အား သစ္စာလေးပါးကို သိ၍ အကျတ်တရားရခြင်းသည်ဖြစ်၏။ သိရိမာ၏အဆင်း၌တပ်၍ လေးရက်ပတ်လုံး ဆွမ်းမစားသော ရဟန်းသည် သောတာပတ္တိဖိုလ်၌ တည်၏။ ။ဤသို့ အစရှိသောတရားဒေသနာတော်ဖြင့်များစွာသောလူနတ်ဗြဟ္မာတို့အား သစ္စာရသမဝါဒ်မဂ်ဖိုလ်အမြိုက်တိုက်ကျွေးဌေးတော်မူ၏။ ။

၁၉။ သစ္စာရသမဝါကျတ်တော်မူပြီး၍ဒေသစာရီ
ကြွတော်မူစဉ်၊အာဠဝိပြည်သားဂါနဋ္ဌဉပါသကာကို
အကြောင်းပြု၍၊ဇီဝယာမ္ဗဆုပရမာရောဂါ၊စသော
ဒေသနာကိုဟောတော်မူခြင်း။

ပါကျတ်လျှင်ဒေသစာရီကြွတော်မူသဖြင့် သာဝတ္ထိပြည်သို့ရောက်၍ ဖေထဝန်ကျောင်းဖော်၌ နေ၏။ ။ဧကဝန်ကျောင်းတော်၌ နေတော်မူသောအခါ ဟနေ့သ၌ဝေနေယျကိုကြည့်တော်မူသော် မဂ်ဖိုလ်၏ဥပနိဿယနှင့်ပြည့်စုံသော ဆင်းရဲစွာသောပုဏ္ဏားကို မြင်၍ သဃ်ာတော်အပေါင်း ခြံရံလျက် အာဠဝိပြည်သို့ ကြွတော်မူလေ၏။ အာဠဝိ

ပြည်သူတို့သည် မြတ်စွာဘုရားကိုဆွမ်းဘိတ်မနှံကုန်၏။ ထိုသူဆင်းရဲသည်လည်း မြတ်စွာဘုရားရောက်တော်မူလာသည်ဟုကြား၍ မြတ်စွာဘုရားအထံ၌ တရားနာအံ့ဟု စိတ်ကိုပြု၏။ ထိုနေ့၌ ထိုသူဆင်းရဲ၏နွားတချသည် ခြံမှထွက်၍ပြေးခဲ့၏။ ထိုသူဆင်းရဲသည် နွားကိုတည်းရှာရအံ့လော။ သို့မဟုတ် တရားတော်ကိုသော့်တည်း နာရအံ့လောဟု ကြံသော် နွားကိုရှာဦးအံ့။ နွားကိုရှာ၍ခြံသို့သွင်းပြီး၍ နေဝံမှတရားနာအံ့ဟု စိတ်ကိုဆုံးဖြတ်၍။ နံနက်စောစော အိမ်မှထွက်လေ၏။ အာဠဝီပြည်သူတို့သည် ဘုရားအမှူးရှိသော ရဟန်းသင်္ဃာငါးရာကို နေရာ၌နေစေ၍ ဆွမ်းလုပ်ကျွေး၍ အနုမောဒနာ ပြုစဉ်သောဌါ သပိတ်ကို ယူကုန်၏။ မြတ်စွာဘုရားသည် အကြင်သူဆင်းရဲကိုအမှီပြု၍ယူဇနာသုံးဆယ်ခရီးကိုငါလာ၏။ ထိုသူဆင်းရဲသည် နွားပျောက်ရှာခြင်းဌါ တောသို့ဝင်လေသေး၏။ ထိုသူဆင်းရဲလာမှသာလျှင် ငါတရားဟောရအံ့ဟု ဆိတ်ဆိတ်နေတော်မူ၏၊ ထိုသူဆင်းရဲသည်လည်း နေ့မြင့်သောအခါ၌ နွားကို့ရ၍ နွားအပေါင်း၌ ထည့်ခဲ့၍၊ ငါ့အား တပါးသောလူဘွယ်ဝဏ္ဏသည် မရှိသော်လည်း ဘုရားမြတ်စွာအား ရှိခိုးခြင်းကိုမျှပြုရစေတော့ဟု ထမင်းမွတ်သိပ်ခြင်းဖြင့် နှိပ်စက်သော်လည်း အိမ်သို့သွားအံ့သောဌါ စိတ်ကိုမပြုမူ၍။ မြတ်စွာဘုရားအထံသို့လျှင်စွာလာ၍ရိုသေစွာရှိခိုး၍ တင့်အပ်သောအရပ်၌ နေ၏။ ထိုအခါ မြတ်စွာဘုရားသည် အမှုစိုးကို ဆို၏။ ရဟန်းသင်္ဃာ၏အကြွင်းထမင်းအစရှိသော တစုံတရာသည်ရှိပါသေး၏လောဟုမေး၍။ အရှင်ဘုရား၊ အလုံးစုံ ထမင်းဟင်းစသည်ရှိပါသေး၏ဆိုသော် ထိုသို့တပြီးကား။ ဤသူဆင်းရဲ့ကို လုပ်ကျွေးပါဟု ဆို၏။ ထိုအမှုစိုးသည်လည်း ထိုသူဆင်းရဲကို မြတ်စွာဘုရား မိန့်တော်မူရာ၌ပင် နေစေ၍ ယာဂုဘောဇဉ်တို့ဖြင့် ကောင်းမွန်စွာလုပ်ကျွေး၏။ ထိုသူဆင်းရဲသည် ထမင်းစားပြီးဆော် ခံတွင်းဆေး၍ ဖြဲမသက်စွာ နေ၏။ ဤသူဆင်းရဲကို ကျွေးမွေးစေသောအရာကိုထား၍ ပဋိဂ္ဂကတ်သုံးပါး၌ ဘုရားမြတ်အား ဤသူဆင်းရဲ့ကိုကဲ့သို့ တပါးသော အရာ၌ ထမင်းဟင်းကို စိရင်သောမည်သည်မရှိ။ ငြိမ်းပြီးသောပူပန်ခြင်းရှိသောထိုသူဆင်းရဲ၏ စိတ်သည်တည်ကြည်သည်ဖြစ်၏။ ထိုအခါ မြတ်စွာဘုရားသည် ဒါနကထာ၊ သီလကထာစသော အစဉ်စကားကိုပြောဆို၍ သစ္စာလေးပါးကို ထင်ရှားပြတော်မူ၏။ တရားဟောဇသဒ အဆုံး၌ သူဆင်းရဲသည်

သောတာပတ္တိဖိုလ်၌တည်လေ၏။ မြတ်စွာဘုရားသည်ဆွမ်းအာနေမောဒနာပြုပြီးသော် နေရာမှထ၍ကြွတော်မူလေ၏။ များစွာသောလူအပေါင်းသည် မြတ်စွာဘုရားကိုပို့၍ ပြန်၏။ ။ဘုရားနှင့် အတူသွားကုန်သော ရဟန်းတို့သည် ဘုရားမြတ်ကဲ့ကဲ့ရဲ့ကုန်၏။ ငါ့ရှင်တို့၊ မြတ်စွာဘုရား၏ အမှုကို ရှုပါကုန်လော့။ တပါးသောနေ့၌ ထမင်းဟင်းတို့ကဲ့ ဤသို့သော ဘောရှိသောစီရင်ခြင်းမည်သည်မရှိ။ယနေ့မူကားသူဆင်းရဲတယောက်ကိုမြင်၍ယာဂုထမင်းပေးစေသည်ဟုကဲ့ရဲ့ကုန်၏။ မြတ်စွာဘုရားလည်း နောက်သို့လည်၍ရပ်လျက်။ ချစ်သားတို့၊ အစသို့ဆိုကုန်သနည်းဟုမေး၍ ထိုအကြောင်းကဲ့ကြားသော် ချစ်သားရဟန်းတို့။ ငါ့ရှင်တို့၊ မြတ်စွာဘုရား၏ အမှုကို ရှုပါကုန်လော့။ တပါးသောနေ့၌ ထမင်းဟင်းတို့ကဲ့ ဤသို့သော ဘောရှိသောစီရင်ခြင်းမည်သည်မရှိ။ယနေ့မူကားသူဆင်းရဲတယောက်ကိုမြင်၍ယာဂုထမင်းပေးစေသည်ဟုကဲ့ရဲ့ကုန်၏။ မြတ်စွာဘုရားလည်း နောက်သို့လည်၍ရပ်လျက် သင်တို့သည် ဘုရားနှင့် အတူသွားကုန်သော ရဟန်းတို့သည် ဘုရားမြတ်ကဲ့ကဲ့ရဲ့ကုန်၏

ဆိုတော်မူသောအခါ၌လည်း အရှင်မေလိယဃထေရ် အစရှိသည်တို့ကို အကြောင်းပြု၍။ ဗုဒ္ဓနုံ စပလံ စိတ္တံ၊အစရှိသော များစွာသောတရားဒေသနာတော်ဖြင့် များစွာသောဝေနေယျတို့ကိုတရားအမြိုက်တိုက်ကျွေးတော်မူ၏။ ။

စာလိယတောင် ကျောင်း၌ တဆဲ့ရှစ်ဝါမြောက် ဝါကျွတ်တော်မူ၍ ဒေသစာရိကြွတော်မူလျှင်သာဝတ္ထိပြည်သို့ရောက်၍ဇေတဝနကျောင်းတော်၌နေတော်မူ၏။ တနေ့သ၌ကျွတ်ထိုက်သောဝေနေယျတို့ကို ဗုဒ္ဓစက္ခုဖြင့် ရှုကြည့်တော်မူလျှင် အာဠဝိပြည်၌ ယက်ကန်းသည်သိုးအား သောတာပတ္တိမဂ်၏ဥပနိဿယနှင့်ပြည့်စုံခြင်းကို မြင်တော်မူ၍ အာဠဝိပြည်သို့ကြွတော်မူ၍ အာဠဝိပြည်၌ ယက်ကန်းသည်သိုးကိုအကြောင်းပြု၍။ အန္ဓိဘူတောအယံလောကော၊ အစရှိသောတရားဒေသနာတော်ကို ဟောတော်မူ၏။ ။အကြောင်း ဝတ္ထု၊ကား။ မြတ်စွာဘုရားသည် အာဠဝိပြည်၊ အဂ္ဂါဠဝစေတိယကျောင်း၌ဝါဆိုတော်မူသောအခါ အာဠဝိပြည်သူတို့သည် မြတ်စွာဘုရားကို ဆွမ်းဘိတ်၍ အလှူပေးကုန်၏။ မြတ်စွာဘုရားသည်ဆွမ်းဘုန်းပေးပြီးသော်။ ။အရုဝံ ဇိဝိတံ၊ရုဝံ မရဏံ။အဝသံ မယာ မရိတဗ္ဗံ။မရဏာပရိယောသာနံ မေ ဇိဝိတံ။ဇိဝိတံမေ အနိယတံ၊မရဏံ နိယတန္တိ။ ။ဟူ၍ အနုမောဒနာပြုတော်မူ၍။ ဤသို့ မရဏာသတိပွါးစေကုန်။ အကြင်သူတို့အား မရဏာသတိကိုမပွါးစေအပ်။ ထိုသူတို့သည်နေ့အခါ၌ မြွေကိုမြင်၍ ကြောက်သောယောကျ်ားကဲ့သို့ သေခြင်းသို့ရောက်သောအခါ၌ မြည်တမ်းလျက် သေရကုန်၏။ အကြင်သူတို့သည် မရဏာသတိကိုပွါးစေအပ်ကုန်၏။ ထိုသူတို့သည် အဝေးမှမြွေကိုမြင်၍ လှံတံဖြင့်ယူ၍စွန့်၍တည်သော ယောကျ်ားကဲ့သို့ သေသောအခါ မထိတ်လန့်ကုန်။ ထိုကြောင့် မရဏာသတိကို ပွါးစေအပ်၏ဟု မိန့်တော်မူ၏။ ထိုတရားဒေသနာတော်ကိုကြား၍ တပါးသောသူတို့သည်မေ့လျော့၍နေကုန်၏။တဆဲ့ခြောက်နှစ်အရွယ်ရှိသော ယက်ကန်းသည်၏သိုးတယောက်သည်ကဲ့ မြတ်စွာဘုရားတို့၏တရားသည် အံ့ဘွယ်ရှိစွ။ မရဏာသတိကိုပွါးစေအပ်၏ဟု၊ နေ့အခါ၌ဌင်း၊ ညစ်အခါ၌ဌင်း မရဏာသတိကိုပွါးစေ၏။မြတ်စွာဘုရားသည် ထိုအာဠဝိပြည် မှထွက်တော်မူ၍ ဇေတဝနကျောင်းတော်သို့ရောက်တော်မူ၏။ သတို့သိုးသည် သုံးနှစ်ပတ်လုံး မရဏာသတိကိုပွါးစေသလျှင်ကတည်း။ ထို

ရောအခါ တနေ့သ၌မြတ်စွာဘုရားသည် ဗိုးသောက်သောအခါ၌ လော
ကကို ကြည့်ရှုတော်မူသော် ထိုသတ္ဌိသို့ကို ညွှာဏ်တော်ကွန်ရက်အ
တွင်းခွဝင်သည်ကို မြင်တော်မူ၍။ အသို့လျှင်ဖြစ်လတ္တံ့နည်းဟု စုံစမ်း
သော်။ဤသတ္ဌိသို့သည် ငါ၏တရားဒေသနာတော်ကိုကြားသောနေ့မှ
စ၍ သုံးနှစ်ပတ်လုံး မရဏာသတိကိုပွါးစေအပ်ပြီ။ ယခုအခါ ငါသည်
ထိုအာဠဝိပြည်သို့သွား၍ ဤသတ္ဌိသို့ကိုပြသနာလေးပါးတို့ကိုမေး၍၊
ထိုသတ္ဌိသို့သည်ဖြေသည်ရှိသော်လေးပါးသောအရာတို့၌ကောင်းမြဲ
ပေး၍။ အဆိုဘုရားတော၊ အစရှိသောဂါထာကိုဟောအံ့။ ဂါထာ၏အဆုံး၌
ထိုသတ္ဌိသို့သည်သောတာပတ္တိဖိုလ်၌တည်လတ္တံ့။ထိုသတ္ဌိသို့ကိုမှီ၍
များစွာသောလူအပေါင်းအားလည်း အကျိုးများသည်ဖြစ်လတ္တံ့ဟု သိ
တော်မူ၍။ငါးရာသောရဟန်းအပေါင်းအဖြစ်အရံရှိသည်ဖြစ်၍ဇေတဝန်
ကျောင်းတော်မှထွက်၍ အစဉ်သဖြင့် အာဠဝိပြည်၌ အဂ္ဂါဠဝကစေတိယ
ကျောင်းသို့ရောက်တော်မူ၏။ အာဠဝိပြည်သူတို့သည် မြတ်စွာဘုရား
ကြွတော်မူလာသည်ဟု ကြား၍ ကျောင်းသို့စွား၍ ဆွမ်းဘိတ်ကုန်၏။
ထိုသတ္ဌိသို့သည်လည်း မြတ်စွာဘုရားကြွတော်မူလာပြီဟုကြား၍။ငါ
၏အဘသည် လာသတတ်၊ ထိုအဘသည်ကား ငါ့ဆရာဖြစ်သော၊ လ
ပြည့်ဝန်းနှင့်တူသော မျက်နှာရှိသော၊ မြတ်သောဂါတမဘုရားတည်း
ဟု နှစ်သက်သောစိတ်ရှိသည်ဖြစ်၍။ ငါသည် ဤနှစ်မှ သုံးနှစ်တို့၏အ
ထက်၌ ရွှေအဆင်းနှင့်တူသော အဆင်းရှိသောမြတ်စွာဘုရားကိုမြင်ဘူး
၏။ ယခုအခါ၌ ထိုမြတ်စွာဘုရား၏ ရွှေအဆင်းနှင့်တူသောကိုယ်တော်
ကိုဖူးမြင်အံ့သောငှါ၊ သာယာစွာသောတရားကိုနာအံ့သောငှါ ငါသည်
ရလတ္တံ့ဟု ကြံ၏။ ထိုသတ္ဌိသို့၏အာဘာသည်ကား ယက်ကန်းယက်ရာ
စရပ်သို့သွားသည်ရှိသော်၊ အမိ၊ဘခင်သည် သူတပါး၏ဥစ္စာဖြစ်သော
ပုဆိုးကိုယက်ကန်းစင်၌တင်ဆက်အပ်ပြီ။ထိုပုဆိုးအားတထွာမျှလောက်
သည်မပြီးသေး။ ယခုနေ့ ထိုပုဆိုးကိုပြီးစေအံ့၊ လျင်စွာ ယက်ဘောက်
ယောက်၍အပိုလာဖွဲ့ည့်ဟုမှာခဲ့၏။ထိုသတ္ဌိသို့ကြံ၏။ငါသည် မြတ်စွာ
ဘုရား၏တရားတော်ကိုနာခြင်းငှါ အလိုရှိ၏။ အဘသည်လည်း ယက်
ဘောက်ယောက်၍ပိုလွှဲည့်ဟု ငါ့ကိုမှာခဲ့၏။ အသို့နည်း၊ မြတ်စွာဘုရား
တရားကိုကြားဦးစွာနာရအံ့လော၊ ယက်ဘောက်ယောက်၍သော်လည်း
ပိုရအံ့လောဟုကြံသောအခါ၊ ထိုသတ္ဌိသို့အား ဤသို့အကြံဖြစ်၏ အဘ

သည်ငါ့ကိုယက်ဘေဝံမပို့လာသေသ် သတ်ခတ်ရာဇ္ဈ်။ထိုကြောင့် ယက်ဘောက်ယောက်၍ အနာအားပေးချ၍ နောက်မှတရားကုံနာအံ့ဟုအ ကြံဖြစ်၍။ ပျဉ်ငယ်၌ထိုင်၍ယက်ဘောက်ယောက်ဇ္ဈ်။ ပြည်သူတို့သည် ဆွမ်းလုပ်ကျွေး၍ သဒိတ်ကုံယူ၍ အနုမောဒနာပြုစိမ့်သောဌါ ရပ်ဇ္ဈ်။ မြတ်စွာဘုရားသည်ငါသည်အကြင်ယက်ကန်းသည်သို့းကိုအဖိပြု၍ယူ ဇနာသုံးဆယ်ခရီးကုံလာခဲ့ဇ္ဈ်။ထိုယက်ကန်းသည်သို့းသည် ယခုအခါ၌ တရားနာခွင့်ကို မရသေး။ ထိုသတို့သို့းအခွင့်ရမှ အနုမောဒနာပြုအံ့ဟု ဆိတ်ဆိတ်နေတော်မူဇ္ဈ်။ ဤသို့ ဆိတ်ဆိတ်နေသော မြတ်စွာဘုရားကို နတ်နှင့်တကွသောလူ၌ တစုံတယောက်သောသူသည် တစုံတခုသော စကားကို ဆိုခြင်းငှါမဝံ့။ ထိုသတို့သို့းသည် ယက်ဘောက်ယောက်၍ တောင်း၌ထည့်၍အဘဇ္ဈ်အဆံသို့သွားသည်ရှိသော် ပရိသတ်ဇ္ဈ်အစွန်း သို့ရောက်၍။မြတ်စွာဘုရားကိုတဖော်ဖော်ကြည့်၍သွားဇ္ဈ်။ မြတ်စွာဘုရား သည်လည်း လည်တော်ကိုကြွ၍ ကြည့်တော်မူဇ္ဈ်။ထိုသတို့သို့းသည် ဘုရားကြည့်တော်မူသော အခြင်းအရာဖြင့် မြတ်စွာဘုရားသည် ဤသို့ သဘောရှိသောပရိသတ်ဇ္ဈ်အလယ်၌နေတော်မူ၍ငါ့ကိုကြည့်သော် ငါ ဇ္ဈ်လာခြင်းကိုတော်တဇ္ဈ်။ကိုယ်တော်ဇ္ဈ်အထံသို့ ငါဇ္ဈ်လာခြင်းကိုသာ လျင်တော်တတော်မူဇ္ဈ်ဟုသိသဖြင့်၊ထိုသတို့သို့းသည် ယက်ဘောက် တောင်းကိုတခုသောအစွန်း၌ထားခဲ့၍ မြတ်စွာဘုရားအထံသို့သွားလေ ဇ္ဈ်။ အဘယ်ကြောင့်ကား ထိုသတို့သို့းကို မြတ်စွာဘုရားသည် လည် တော်ကို ချိုမြှင့်၍ ကြည့်သနည်းဟူမူကာ။ မြတ်စွာဘုရားအား ဤသို့ အကြံတော်သည်ဖြစ်ဇ္ဈ်။ဤသတို့သို့းသည် ထိုယက်ကန်းယက်ချစရပ် သို့သာ သွားလေသည်ရှိသော် ပုထုဇဉ်ဇ္ဈ်အဖြစ်ဖြင့် သေခြင်းကိုပြု၍။ မမြဲသောဂတိရှိသည်ဖြစ်လတ္တံ့။ ငါဇ္ဈ်အထံသို့လာ၍ သွားသော်ကား သောတာပတ္တိဖိုလ်သို့ရောက်၍မြဲသောဂတိရှိသည်ဖြစ်၍တသိတာနတ် ပြည်၌ဖြစ်လတ္တံ့ဟု အကြံတော်ရှိ၍ ကြည့်သတည်း။ ထိုသတို့သို့းအား ထိုနေ့၌သေခြင်းမှလွတ်သောမည်သည်မရှိ။ကြည့်တော်မူသောအမှတ် ဖြင့် မြတ်စွာဘုရားသို့ကပ်၍ ရောင်ခြည်ခြောက်သွယ်တို့ဇ္ဈ်၏ အကြားသို့ ဝင်၍ မြတ်စွာဘုရားကိုရှိခိုး၍ တင့်အပ်သောအရပ်၌ရပ်ဇ္ဈ်။ ဤသို့ သ ဘောရှိသောပရိသတ်ဇ္ဈ်အလယ်၌ ဆိတ်ဆိတ်နေတော်မူသောမြတ်စွာ ဘုရားသည်သတို့သို့းရှိခိုး၍ရပ်သောခဏ၌သော်လျင်၊ အိုသတို့သို့းငယ်၊

အဘယ်အရပ်မှသင်သည်လာခဲ့သနည်းဟုမေးတော်မူ၏။ ရှင်ပင်ဘုရား၊ အကျွန်ုပ်မသိဟု သတ္ထိသို့ဆို၏။ အဘယ်အရပ်သို့ သင်သတ္ထိသို့ငယ် သွားလိမ့်မည်နည်းဟု မေးတော်မူပြန်၏။ ရှင်ပင်ဘုရား၊ အကျွန်ုပ်သည် မသိပါဟုဆိုပြန်၏။ ဆင်သည်မသိလော်ဟု မေးတော်မူပြန်သော်။ ရှင်ပင်ပင်ဘုရား၊သိပါ၏ဟုသတ္ထိသို့လျောက်၏။ သင်သိ၏လော်ဟုဘုရား မေးပြန်သော်။ ရှင်ပင်ဘုရား၊မသိပါဟု လျောက်ပြန်၏။ ဤသို့လျှင်မြတ် စွာဘုရားသည် ထိုသတ္ထိသို့ကို လေးပါးသောပြဿနာကိုမေးတော်မူ၏။ လူများအပေါင်းသည် ကဲ့ရဲ့၏။ ။အမောင်တို့၊ကြည့်ပါကုန်လော့။ ဤယက်ကန်းသည်သို့သည် မြတ်စွာဘုရားနှင့်တကွ ဆိုချင်တိုင်းဆို၏။ စင်စစ် အဘယ်မှလာခဲ့သနည်းမေးတော်မူလျှင်၊ယက်ကန်းသည်အိမ်မှ လာပါသည်ဟု ဤသတ္ထိသို့သည် ဆိုအပ်၏။ အဘယ်သို့သွားလိမ့်မည် နည်းဟု မေးတော်မူပြန်လျှင်လည်း ယက်ကန်းယက်ရာစရပ်သို့သွားပါ မည်ဆိုအပ်၏။သို့ကိုလျက် ဆိုချင်တိုင်းဆို၏ဟုကဲ့ရဲ့၏။ မြတ်စွာဘုရား လည်း လူအပေါင်းကို အသံဆိတ်သည်ကိုပြု၍တော်မူ၍။ သတ္ထိသို့၊ အဘယ်မှလာသနည်းဟုငါမေးလျှင် သင်သည်အကျွန်ုပ်မသိပါဟုအဘယ့် ကြောင့်ဆိုသနည်းမေးတော်မူ၏။ ရှင်ပင်ဘုရား၊ ရှင်ပင်ဘုရားတို့သည် အကျွန်ုပ်ကို ယက်ကန်းသည်အိမ်မှလာသောအဖြစ်ကို သိတော်မူကုန် လျက် အဘယ်မှလာခဲ့သနည်းဟု မေးတော်မူသည်မှာ။ အဘယ်ဂတိမှ လာ၍ ဤလူ၏အဖြစ်၌ သင်ဖြစ်လာသနည်းဟု မေးတော်မူကုန်၏။ အ ကျွန်ုပ်သည် အဘယ် ဂတိမှလာ၍ ဤလူ၏အဖြစ်၌ ဖြစ်သည်ကို မသိသောကြောင့် မသိဆိုပါသည်ဟုလျောက်၏။ မြတ်စွာဘုရားသည် ထိုသူငယ်မအား၊ ကောင်း၏ကောင်း၏ သတ္ထိသို့ငယ်၊ငါမေးသောပြဿနာကိုသင်သည်သာဖြေနိုင်၏ဟု ကောင်းချီးပေးတော်မူ၍။ အလွန်လျှင် မေးတော်မူပြန်၏။ အဘယ်အရပ်သို့.သွားလေအံ့နည်းဟု ငါမေးအပ်သော် အဘယ့်ကြောင့်မသိဆိုသနည်းဟုမေး၏။ ရှင်ပင်ဘုရား၊ အရှင်တို့သည် ယက်ဘောက်တောင်းကိုယူ၍ ယက်ကန်းယက်ရာ စရပ်သို့သွား၏ဟုသိလျက် မေးတော်မူသည်မှာ ဤလူ၏အဖြစ်မှ တဘန်သွား၍ အဘယ်ဂတိ၌ ဖြစ်လိမ့်သနည်းဟု မေးတော်မူကုန်၏။ အကျွန်ုပ်သည် လည်းဤကိုယ်၏အဖြစ်မှစုတေ့သော် အဘယ်ဂတိသို့သွား၍ဖြစ်လတ္တံ့ သည်ကိုမသိသောကြောင့်မသိဆိုပါသည်ဟုလျောက်၏။ ထိုအခါမြတ်

စွာဘုရားသည် ကောင်းဏ်ကောင်းဏ်သတို့သဘိုးပြီး၊ငါ၏အမေးကိုသင်သာ ဖြေနိုင်၏ဟု ကောင်းချီးပေးတော်မူ၍ တဘန်မေးတော်မူ၏။ အဘယ့် ကြောင့်သင်သည်မသိလောဟု၊ငါမေးသော်သိပါ၏ဟုလျှောက်သနည်း ဟူ၍မေးတော်မူပြန်သော်။ ရှင်ပင်ဘုရား၊သေရေးအံ့သောအဖြစ်ကိုသိပါ၏။ထိုကြောင့်ဤသို့လျှောက်ပါသည်ဟု ဖေျာက်သောအခါ၊ရှေးပြုသနာတို့ကိုဖြေရာ၌ကဲ့သို့ ကောင်းချီးပေးတော်မူ၏။ သင်သည်သိ၏လော ဟုငါမေးသော် မသိပါဟုအဘယ့်ကြောင့် သင်ဆိုသနည်းမေးပေါ်မူသော်။ ရှင်ပင်ဘုရား၊သေရေးသည့်သည်၏အဖြစ်ကိုသာသိ၍။ နေ့သေရေးအံ့၊ည သေရေးအံ့၊နံနက်သေရေးအံ့၊ ဤသို့အစရှိသဖြင့် သေရေးအံ့သောအခါကိုမသိပါသောကြောင့် အကျွန်ုပ် မသိဆိုပါသည်ဟု လျှောက်၏။ ထိုအခါ၌လည်း ကောင်းဏ်ကောင်းဏ်သတို့သဘိုးပြီး၊ သင်သည်သာလျှင် ငါ၏အမေးကိုဖြေနိုင်၏ဟု ကောင်းချီးပေးတော်မူ၍။ ပရိသတ်ကို ဆိုတော်မူ၏။ ဤမျှလောက်များစွာကုန်သောသင်တို့သည် ဤသတို့သဘိုးငယ်ဆိုသောအခြင်းအရာကို မသိကုန်။ စင်စစ် ကဲ့ရဲ့တတ်ကုန်သည်သာလျှင်တည်း။ အကြင်သူတို့အား ပညာမျက်စိသည် မရှိ။ ထိုသူတို့သည် သူကန်းမည်ကုန်၏။အကြင်သူတို့အားပညာမျက်စိရှိကုန်၏။ထိုသူတို့အားမျက်စိအမြင် ရှိကုန်၏ဟု မိန့်တော်မူ၍။ ။အန္ဓိဘူတော အယံလောကော၊ တန္နကေတ္ထ ဝိပသ္သတိ။ သကုဏော ဇာလမုတ္တာဝ၊ အပ္ပေါသဂ္ဂါယ ဂစ္ဆတိ။ ။ဘောန္တော၊ အိုလူများအပေါင်းတို့။ အယံ လောကော၊ ဤလောကသည်။ အန္ဓိဘူတော၊ ပညာ မျက်စိ မရှိသည်ဖြစ်၍ အဓိက်အတိသာဖြစ်၏။ ဇတ္ထ၊ဤလောက၌။ တန္နကော၊ အနည်းငယ်မျှသောသူသည်။ ဝိပသ္သတိ၊ အဲနိစ္စ အစရှိသည်ဖြင့် မြင်နိုင်၏။ ဇာလမုတ္ထော၊ ငှက်ခတ်သမား၏ပိုက်တွင်းမှ ထွက်မြောက်နိုင်သော။ သကုဏောငှက်သည်။အပ္ပေါဇ္ဈာဝါနည်းသကဲ့သို့။ အပ္ပေါ၊အနည်းငယ်သောသူသည်သာ။ သဂ္ဂါယ၊ နတ်ပြည့်အကျိုးငှါ။ ဂစ္ဆတိ၊သွား၏။ ။ဤဒေသနာတော်အဆုံးဌသတို့သဘိုးငယ်သည် သောဇာပတ္တိဖိုလ်ဌတည်လေ၏။ များစွာသောလူအပေါင်းအားလည်း သောတာပတ္တိဖိုလ်ကို ရခြင်းအစရှိသော အကျိုးရှိသည်သာ ဖြစ်၏။ ။ထိုသတို့သဘိုးသည်လည်း ယက်ဘောက်တောင်းကို ယူ၍ အဘ၏အထံသို့ ပြေး၏။ အဘသည် ထိုင်လျက် အိပ်ပျော်နှင့်၏။ အိပ်ပျော်နေသော အခြင်းအရာကို မမှတ်မူ၍

ယက်ဘောက်တောင်းကိုကမ်းသော်ထိုသတ္ဌိသို့ဖြိုး၏တောင်းသည်လက်ခတ်စွန်းကိုခတ်မိ၍ အသံကိုပြု၍ကျ၏။ အဘသည် ကိုင်မြဲတိုင်းသောအမှတ်ဖြင့် လက်ခတ်ကိုငင်၏။လက်ခတ်စွန်းသည် ထိုသတ္ဌိသို့ငယ်၏ရင်၌ခတ်မိ၏။ သတ္ဌိသို့သည်ခတ်မိရာ၌ပင်သေ၍လည်းလေ၏။ ထိုအခါခါ၌အဘသည်ထိုသတ္ဌိသို့ကိုကြည့်ဃော် ကိုယ်၌သွေးလိမ်းကျသဖြင့်သေသည်ကိုမြင်၍ ကြီးစွာသော စိုးရိမ်ခြင်းသည်ဖြစ်၏။ ထိုစိုးရိမ်ခြင်းကို ဘုရားမှ တပါးသောသူသည် ငြိမ်းစေခြင်းငှါ မတတ်နိုင်လတ္တံ့ဟု ငိုကြွေးလျက်မြတ်စွာဘုရား၏အထံတော်သို့သွား၍ အကြောင်းကိုကြားလျှောက်၍။ ဉာဉ်ပင်ဘုရား၊ အကျွန်ုပ်၏စိုးရိမ်ခြင်းကိုငြိမ်းပါစေကုန်လော့ဟုလျှောက်၏။ထိုယက်ကန်းသည်ကိုမြတ်စွာဘုရားသည်သက်သာစေ၍။ ဒါယကာ၊မစိုးရိမ်လင့်။ အစမထင်သောသံသရာဝန်ဒုက္ခသည်ရှိသည်ရှိသည်ကဲ့သို့ သင့်သမီး၏ သေသောအခါဒုဿီလ ယိုသော သင်၏မျက်ရည်သည် မဟာသမုဒြာ လေးစင်းရေထက် လွန်မြတ်၏ဟု မိန့်တော်မူ၍။ အစမထင် သံသရာဝန်ဒုက္ခသည်သော စကားကို ပြောဆိုတော်မူ၏။ ထိုအဘယက်ကန်းသည်သည် စိုးရိမ်ခြင်းခေါင်းပါးသည်ဖြစ်၍။ မြတ်စွာဘုရားအထံ၌ရပါန်းအဖြစ်ကိုတောင်းပန်၍ပဋိဉာဏ်ရပါန်းအဖြစ်ကိုရ၍ မကြာမြင့်မီရပါန္တာအဖြစ်သို့ရောက်လေ၏။ ။

၂၁။ ဇကူနဝိသတိမဝါ၊ဝေဠုဝနကျောင်းတော်၌ ဝါဆိုတော်မူစဉ်၊ကုက္ကုဋဒုမိတ္တမူဆိုးမယားကိုအကြောင်းပြု၍ ပါဏိမိဓေ-စသောဒေသနာကိုဟောတော်မူခြင်း။

အာဠဝိပြည်၌ မွေလျော်တော်မူသောအတိုင်းနေ၍ ဒေသစာရိကြွတော်မူသောအခါ။ ရာဇဂြိုဟ်ပြည်သို့ ရောက်တော်မူ၍ တဆဲ့ကိုးနှစ်မြောက်သောဝါကိုရာဇဂြိုဟ်ပြည်ဝေဠုဝနကျောင်းတော်၌ဝါဆိုတော်မူ၏။ ။ပါဏိမိဓေ၊ အစရှိသော တရားဒေသနာတော်ကို ဝေဠုဝနကျောင်းတော်၌ နေတော်မူသော အခါ၊ ကုက္ကုဋဒုမိတ္တ အမည်ရှိသောမူဆိုးကိုအကြောင်းပြု၍ ဟောတော်မူ၏။ အကြောင်းကား။ ရာဇဂြိုဟ်ပြည်၌တယောက်သောသူဌေးသို့းသည်အရွယ်သို့ရောက်သည်ရှိသော် ဘုံဂုနစ်ဆင့်ရှိသော ပြာသာဒ်၏ အထက်၌ အသရေ ရှိသော တိုက်၌

စောင့်ရှောက်အံ့သောငှါ တယောက်သော အလုပ်အကျွေးကို ပေး၍ အမိ အဘတို့သည် ထားအပ်သတည်း။ တနေ့သ၌ ညချမ်းသောအခါ လေသာတံခါးဖြင့် ခရီးမကုံကြည့်သည်ရှိသော် ကျော့ကွင်းငါးရာ တံကျင်ငါးရာတို့ကိုယူ၍ သမင်တို့ကိုသတ်၍ အသက်မွေးသော ကုလားဒုဗိတ္တအမည်ရှိသောမှူဆိုးကို၊ ငါးရာသောသမင်တို့ကိုသတ်၍၊ ထိုသမင်တို့၏အသားဖြင့် ကြီးစွာသောလှည်းကိုပြည့်စေ၍ လှည်းဦးခွနေပြီးလျှင် အမဲရောင်းအံ့သောငှါ မြို့သို့ဝင်လာသည်ကိုမြင်၍။ ထိုမှူဆိုးခွတစ်သောစိတ်ရှိသည်ဖြစ်၍ အလုပ်အကျွေးငယ်၏လက်ခွ လက်ဆောင်ပဏ္ဏာကိုပေး၍ သင်သွားချေ။ထိုလှည်းသမား၏သွားအံ့သောအခါကို သိအောင်မေး၍ လာခဲ့ဟု ဆစလိုက်၏။ ထိုအလုပ်အကျွေးငယ်သည် သွား၍ ထိုလှည်းသမားအား လက်ဆောင်ပဏ္ဏာကိုပေး၍ ယနေ့ အမဲကိုရောင်း၍ နက်ဖြန်နံနက်စောစော ဤမည်သောတံခါးဖြင့် ထွက်၍သွားအံ့ဟု ထိုမှူဆိုးဆိုသောစကားကို ကြား၍ လာခဲ့၍ ထိုသူဌေးသမီးအား ကြားပြီ။ သူဌေးသမီးသည် မိမိယူအပ်သည်နှင့်ယှဉ်သော အဝတ်ပုဆိုးတန်ဆာကိုစိရင်၍၊ နံနက်စောစောက ညစ်နွမ်းသောအဝတ်ကိုဝတ်၍ ရေအိုးကိုယူ၍ ကျွန်မတို့နှင့်တကွ ရေဆိပ်သို့ သွားသကဲ့သို့ထွက်၍ ထိုတံခါးအရပ်သို့သွား၍ ထိုမှူဆိုး၏အလာကိုကြည့်လျက်နေ၏၊ ထိုမှူဆိုးသည် လည်း နံနက်စောစောလှည်းကိုနှင်လျက် ထွက်လေ၏။ ထိုသူဌေးသမီးသည်ထိုလှည်း၏နောက်မှသွားလေ၏။ထိုမှူဆိုးသည်ထိုသူဌေးသမီးကို မြင်၍ ငါတို့သည် သင့်ကို ဤမည်သောသူ၏သို့ဟူ၍ မသိကုန်။ ငါသို့အစဉ်မလိုက်ပါလင့်ဟုဆို၏၊ သင်သည်ငါ့ကိုမခေါ်။ငါသည်မိမိသဘောအားဖြင့်လာ၏။ သင်သည်ဆိတ်ဆိတ်သာနေ၍ သင်၏လှည်းကိုသာနှင်လေလော့ဟုဆို၏။ ထိုမှူဆိုးသည် အဘန်တလဲလဲ ထိုသူဌေးသို့ကို ဖြစ်သလျှင်ကတည်း။ထိုအခါသူဌေးသို့သည် ထိုမှူဆိုးကိုဆို၏။ အမောင်၊ မိမိ၏အထံသို့ အသရေမည်သည် လာသည်ကို ဖြစ်အံ့သောငှါ မအပ်ဟူ၍ဆို၏။ ထိုမှူဆိုးသည် ယုံမှားမရှိလျှင် မိမိ၏အထံသို့ ထိုသူဌေးသို့လာသောအကြောင်းကိုသိ၍ ထိုသူဌေးသို့ကို လှည်းပေါက်သို့တက်စေ၍သွားလေ၏။ထိုသူဌေးသို့၏မိဘတို့သည်ကား ထိုမှ၍မှရာ၍မရလျှင်သေလေတော့သည်ဖြစ်လတ္တံ့ဟု သူသေအားရည်၍ ထမင်းကျွေးခြင်းကိုပြုကုန်၏။ ထိုသူဌေးသို့သည် မှူဆိုးနှင့်တကွ ပေါင်းဘော်ခြင်းကိုစွဲ၍

အစဉ်သဖြင့် သားယောကျ်ားခုနစ်ယောဲဘွားဖြင်၍၊ထိုသားတို့အရွယ်ရောက်သောအခါအိမ်ရာထောင်ခြင်းဖြင့်နှောင်ဘွဲ့၏။ထိုရောအခါ၊ မြတ်စွာဘုရားသည်တနေ့သခွါဖိုးသောက်သောအခါလောကကိုကြည့်တော်မူသော်။ သားခုနစ်ယောကာ်၊ သွေးမခုနစ်ယောက်တို့နှင့်တကွ ကုက္ကုဒုမိတ္တမူဆိုးကိုဥာဏ်တော်၏အာတွင်းခွဝင်သည်ကိုမြင်၍၊ ဤသူအပေါင်းသည် အသို့ဖြစ်လတ္တံ့နည်းဟု စူးစမ်းတော်မူသည်ရှိသော်။ ထိုတကျိပ်ငါးယောကျ်ကုန်သောသူတို့အား သောတာပတ္တိမဂ်၏ ဥပနိဿယကိုဖြင်တော်မူ၍၊ နံနက်စောစောကလျင် သဒိတ်သကဲ်နှံးကိုယူတော်မူ၍။ ထိုမူဆိုး၏ ကျော့ကွင်းထောင်ရာအရပ်သို့ ကြွတော်မူလေ၏။ ထိုနေ့၌ ကျော့ကွင်းခွမိသော တခုသောသမင်မည်သည် မရှိ။ မြတ်စွာဘုရားသည် ထိုမူဆိုး၏ကျော့ကွင်းရင်းခွ ခြေတော်ရာကို ပြ၍။ ရှေ့မှ တခုသောချုံအောက်အရိပ်ခွနေတော်မူ၏။ ကုက္ကုဒုမိတ္တမူဆိုးသည်လည်းလေးကိုယူလျက် ကျော့ကွင်းထောင်ရာသို့ သွား၍။ အစမှစ၍ ကျော့ကွင်းတို့ကို ကြည့်သည်ရှိသော် ကျော့ကွင်းခွမိသော သမင်တခုကိုမျှမမြင်၊မြတ်စွာဘုရားခြေတော်ရာကိုသာမြင်လေ၏။ ထိုအခါ မူဆိုးအားဤသို့အကြံဖြစ်၏။ ဤခြေရာပြသောသူသည် ငါ၏ကျော့ကွင်းခွမိသောသမင်တို့ကိုလွှတ်လတ္တံ့ဟုကြံလျက်၊ထိုမူဆိုးသည် မြတ်စွာဘုရားခွရန်ပြုံးငှဲ့၍ သွားသော်။ ချုံရိပ်ခွနေသော မြတ်စွာဘုရားကို မြင်၍။ ဤသူသည်ပင် ငါ၏သမင်တို့ကိုလွှတ်အပ်သည်ဖြစ်လတ္တံ့။ ထိုသူကိုသတ်အံ့ဟု လေးကိုတင်၏။ မြတ်စွာဘုရားသည် မြားကို လွှတ်အံ့သောဌာနငှါ၊ ချအံ့သောဌာနငှါပေးတော်မမူ။ မူဆိုးသည်မြားကိုလွှတ်အံ့သောဌာနငှါ၊ ချအံ့သောဌာနငှါ မတော်နိုင်သည်ဖြစ်၍ နံရိုးကျိုးအံ့သကဲ့သို့ ခံတွင်းမှတံတွေးအမြှုပ်ယိုသဖြင့် ပင်ပန်းသောသဘောရှိသည်ဖြစ်၏။ ထိုအခါ ထိုမူဆိုး၏သားတို့သည် အဘ၏အိမ်သို့သွား၍ ငါတို့၏အဘသည်ကြာလေစွ။ ဤသို့ ကြာမြင့်ခြင်းသည် အကြောင်းအသို့နည်းဆို၍။ ချစ်သားတို့၊ အဘ၏အထံသို့သွားကုန်လော့ဟု အမိသည်စေအပ်ရကား သားတို့သည် လေးကိုယူ၍ သွားကုန်သော်။ လေးကို မတင်နိုင် မချနိုင်ဘဲရှိသောအဘကိုမြင်၍၊ ဤချုံအောက်ခွနေသောသူသည် ငါတို့အဘ၏ရန်သူဖြစ်လတ္တံ့ဟု ခုနစ်ယောကျ်သောသားတို့သည် လေးကိုတင်ကုန်၏၊ မြတ်စွာဘုရားတန်းခိုးတော်အားဖြင့် ထိုသူတို့၏အဘသည် လေးကို

မတ်ဝင်နိုင် မချနိုင်ဘဲ အဖြိပ်ထွက်၍ ပန်းဟိုက်သကဲ့သို့ ထိုသားချန်စ်ယောက်တို့သည်လည်းဂိုလေကုန်၏။ ထိုအခါ အဓိသည် ငါ၏သားတို့သည် အဘယ်ကြောင့် ကြာလေကုန်သနည်းဟု ချန်စ်ယောက်သောသူများမတို့နှင့်တကွသွားလေ၍ ထိုအခြင်းအရာဖြင့်တည်ကုန်သော သားအဘဂုစ်ယောက်တို့ကိုမြင်၍ 'အဘယ်သူအားပစ်အံ့ဟု ဤသူတို့သည်လေးတင်၍ ငနကုန်သနည်းဟု ကြည့်သည်ဂိုသော် မြတ်စွာဘုရားကိုမြင်၍။လက်မောင်းကိုမြောက်၍ ငါ၏ဘခင်ကိုမဖျက်ဆီးပါကုန်လင့်ဟု သည်းစွာသော အသံကို ပြု၏။ ကုက္ကုဠဒုမိတ္တမှဆိုးသည် ထိုအသံကိုကြား၍ငါသည်စင်စစ်ဖျက်ဆီးသည်ဖြစ်၏။ ဤသူသည်ငါ၏ယောကျွမ်းပေတည်း။ ငါသည် ဝန်လေးသောအမှုကိုပြုမိချေ၏တကားဟု ကြံ၏။ ထိုမှဆိုး၏ သားတို့သည်လည်း ဤသူသည် ငါတို့အဘိုးဖြစ်သတည်း၊ ငါတို့အမှုသည် ဝန်လေး၏ဟု ကြံကုန်၏။ ကုက္ကုဠဒုမှဆိုးသည် ဤသူသည် ငါ၏ယောကျွမ်းပေတည်းဟု မေတ္တာစိတ်ကိုဖြစ်စေ၏။သားချန်စ်ယောက်တို့သည် ငါတို့၏အဘိုးတည်းဟု မေတ္တာစိတ်ကို ဖြစ်စေကုန်၏။ထိုရောအခါ၌ သားတို့၏အဓိသည် လျင်စွာလေးတို့ကိုစွန့်ပစ်စေ၍။ ငါ၏အဘကို သည်းခံပါစေဟုဆို၏။ မြတ်စွာဘုရားသည် ထိုသူတို့၏နှုးညံ့သောစိတ်ကို သိတော်မူ၍၊ လေးကို ချနိုင်စေခြင်းငှါ အခွင့်ပေးတော်မူ၏။ထိုအလုံးစုံသောသူတို့သည် မြတ်စွာဘုရားကိုရှိခိုး၍။ရှင်ပင်ဘုရား၊အကျွန်ုပ်တို့အား သည်းခံတော်မူပါဟု သည်းခံစေ၍ တင့်အပ်သောအရပ်၌နေကုန်၏။ထိုအခါထိုသူတို့အား မြတ်စွာဘုရားသည်ဒါန သီလအစရှိသောအစဉ်စကားကိုဟောပြောတော်မူ၏။ဒေသနာတော်အဆုံး၌ ကုက္ကုဠဒုမိတ္တမှဆိုးသည် သားချန်စ်ယောက်တို့နှင့်ဂျင်း၊ သွေးမချန်စ်ယောက်တို့နှင့်ဂျင်းတကွမိမိလျင်တကျိပ်ငါးယောက်မြောက်ဖြစ်၍ သောတာပတ္တိဖိုလ်၌တည်လေကုန်၏။ ။

မြတ်စွာဘုရားသည် ဆွမ်းခံကြွတော်မူ၍ ဆွမ်းဘုန်းပေးတော်မူပြီးသော် ကျောင်းသို့ကြွတော်မူလေ၏။ ထိုအခါ အင်္ဂုတ္တရာသည် မြတ်စွာဘုရားကို။ ရှင်ပင်ဘုရား၊အဘယ်အရပ်သို့ကြွတော်မူချေသနည်းဟုမေး၏။ အာနန္ဒာ၊ ကုက္ကုဠဒုမိတ္တမှဆိုး၏အထံသို့ သွားချေသည်ဟု မိန့်တော်မူ၏။ ဘုန်းတော်ကြီးသော ရှင်ပင်ဘုရား၊ ပါဏာတိပါတ်ကို ပြုသောသူ၏အထံသို့ အရှင်ဘုရားတို့၏ ကြွခြင်းသည် အကြောင်းအသို့

ဖြစ်သနည်းဟု ထျောက်သေ၏။ ထြေဝ်အာနန္ဒာ၊ ထိုကုက္ကုဋ္ဌမိတ္တာမှုဆိုး သည် သားဆွေးမ တကျိပ် လေးယောက်တို့နှင့် ဘက္ခု ပိဝိကိုယ်လျှင် တကျိပ်ငါးယောက်မြောက်ဖြစ်၍၊ မတုန်လှုပ်သောသဒ္ဓါခြင်းဒွါတည်၍၊ သုံးပါးသောသရဏာဂုံစိုရိုဒွ ယုံမှားကင်းသည်ဖြစ်၍၊ မကောင်းမှုကိုမပြု သည်ဖြစ်ကုန်ပြီဟုမိန့်တော်မူလျှင်။ရဟန်းတို့သည် ထျောက်ပြန်ကုန်၏။ ၎င်ပင်ဘုရား။ ထိုမှုဆိုးအား မယားသည်လည်းရှိသည်မဟုတ်လောဟု ထျောက်ကုန်၏။ ချစ်သားရဟန်းတို့၊ မယားရှိသည်ဟုတ်၏။ ထိုမယား သည် အဓိအဘတို့၏အိမ်ဒွါသတို့သိဒ္ဓိးငယ်ဖြစ်၍ သောတာပတ္တိဖိုလ်သို့ ရောက်၏ဟုမိန့်တော်မူ၏။ ။ရဟန်းတို့သည်စကားကိုဖြစ်စေကုန်၏။ ကုက္ကုဋ္ဌမိတ္တာမှုဆိုး၏ မယားသည် သတို့သိဒ္ဓိးငယ်ဖြစ်သော အခါဒွါပင် သောတာပတ္တိဖိုလ်သို့ရောက်၏။ ထိုမှုဆိုး၏အိမ်သို့ရောက်၍ ချနစ်ယောဲ သော သားတို့ကို ရ၏။ ဤမျှသောကာလပစ္စာလုံး ပိဝိလင်သည် လေးကိုဆောင်ခဲ့လော့။ သုံးကိုဆောင်ခဲ့လော့။ မြားတို့ကိုဆောင်ခဲ့လော့။ထိုက် တို့ကိုဆောင်ခဲ့လော့ဟုဆိုအပ်သည်ရှိသော် ထိုအလုံးစုံကိုယူ၍ပေး၏။ ထိုမှုဆိုးသည်လည်း ထိုမယားပေးအပ်သောလေးမြားစသည်တို့ကိုယူ၍တောသို့သွား၍ပါဏာတိပါတ်ကိုပြု၏။ အကြောင်းအသို့နည်း၊ သောတာပန်တို့ပင်တည်းသူအသက်သတ်ခြင်းကိုပြုကုန်သေးသလော။ဤသို့ စကားကိုဖြစ်စေကုန်၏။ ။မြတ်စွာဘုရားသည် တရားသဘင်သို့လာ တော်မူ၍။ ချစ်သဒးရဟန်းတို့၊ယခုငါလာတော်မူသောအခါဒွါ အဘယ် မည်သောစကားကြောင့်စည်းဝေးကြကုန်သနည်းဟု မေးတော်မူလျှင်။ ဤမည်သောစကားကြောင့်ဟူ၍ နားတော်လျောက်ကြလေသော်။ ချစ် သားရဟန်းတို့၊သောတာပန်တို့သည် ပါဏာတိပါတ်ကိုမပြုကုန်။ ထို ကုက္ကုဋ္ဌမိတ္တာမှုဆိုး၏မယားသည်ကား လင်၏စကားကိုလိုက်နာအံ့ဟူ၍ ထို လေး မြား လံ အစရှိသည်တို့ကိုပေးခြင်းကိုပြု၏။ ဤလက်နက်တို့ကို ယူ၍ ဤမှုဆိုးသည် တောသို့သွား၍ သူအသက်သတ်ခြင်းကိုပြုစေသ တည်းဟု မှုဆိုးမယားအားစိတ်သည်မရှိ။ ဥပမာကား လက်ဝါးဒွါအမာ မရှိသောသူအား အဆိပ်ကိုပင်ကိုင်သော်လည်းထိုအဆိပ်သည်လောင် အံ့သောဌါ မတတ်နိုင်သကဲ့သို့။ ထိုအတူ အကုသိုလ်ဒေစတနာ၏ မဖြစ် ခြင်းဖြင့် မကောင်းမှုကိုပြုသောသူအား ၎လေးအစရှိသည်တို့ကိုထုတ်၍ ပေးငြားသော်လည်း မကောင်းမှုမည်သည်မဖြစ်ဟုမိန့်တော်မူ၍ တရား

ဟောတော်မူလိုသော မြတ်စွာဘုရားသည်။ ။ပါဏိမှိ စေ ဝဏ္ဏော နာဿ၊ဟဇရေယျ ပါဏိနာ ဝိသံ။ နာဗ္ဘဏံ ဝိသမန္တေတိ၊နတ္ထိ ပါပ မကုဗ္ဗတော။ ၊ဟူသော ဂါထာကို ဟောတော်မူ၏။ ။အဓိပ္ပါယ်ကား။ လက်ဝါးဒွိအမာရှိသည်မဖြစ်အံ့။လက်ဝါးဖြင့် အုံဆိပ်ကို ဆောင်ငြားအံ့၊ အမာမရှိသောလက်ဝါးသို့ အဆိပ်သည်မထိုက်သကဲ့သို့ အာသက်သတ် ခြင်းကိုမပြုမူ၍ လေးလံကိုကိုင်ကာမျှဖြစ်သောသူအားမကောင်းမှုသည် မရှိဟူလိုသည်။ ။ဒေသနာတော်၏အဆုံးဒွ် များစွာသောသူတို့သည် သောတာပတ္တိဖိုလ်အစရှိသည်တို့သို့ရောက်ကုန်၏။ ။

၂၂။ ထိုကုက္ကုဠဒုမိတ္တာမှဆိုးလင်မယားသားချွေးမတို့၏ အတိတ်ဝတ္ထုကိုဟောတော်မူရာ။

သားချွေးမနှင့် တကွ ကုက္ကုဠဒုမိတ္တာအား သောတာပတ္တိမဂ်၏ ဥပနိဿယသည် အကြောင်းအာဘယ်သို့နည်းဟု ရဟန်းတို့သည် စကားကို ဖြစ်စေကုန်၏။ မြတ်စွာဘုရား လာတော်မူ၍။ ချစ်သား ရဟန်းတို့၊ ယခုအခါဒွ် အာဘယ်စကားဖြင့် စည်းဝေးကြကုန်သနည်းဟုမေးတော်မူ၍ ဤမည်သောစကားကြောင့်တည်းဟု လျှောက်ပေသော်။ ချစ်သား တို့၊လွန်လေပြီးသောအခါ ကဿပမြတ်စွာဘုရား၏ဓာတ်တော်စေတီကို စိရင်ကုန်သော် ဤသို့ဆိုကုန်၏။ ဤစေတီအား သလွတ်မြေသည် အာဘယ်သို့ ဖြစ်လတ္တံ့နည်း၊ ရေသည် အာဘယ်သို့ ဖြစ်လတ္တံ့နည်းဟု တိုင်ပင်ကုန်သော်။ ဆေးဒန်းမြင်းသိလာသည် သလွတ်မြေ ဖြစ်လတ္တံ့။ နှမ်းဆီသည် ရေဖြစ်လတ္တံ့ဟုကြံကုန်၏။ ထိုသူတို့သည် ဆေးဒန်းမြင်းသိလာကို ညှက်စွာထောင်းထု၍ နှမ်းဆီဖြင့်နယ်၍ အုတ်တို့ကိုစီ၍ ဖွေဖြင့် အဝွင်းဒွ်စီကုန်၏။ အပရဏ္ဍဒွ်ကား တခဲနက်ဖွေအုတ်တို့သည်ဖြစ်ကုန်၏။ တချပ်တချပ်သော အုတ်တို့သည် အဘိုး အသပြာတထောင်ထိုက်ကုန်၏။ ထိုသူတို့သည်ဓာတ်တော်စေတီဟောပြီးလျှင်ကြံကုန်၏။ ဓာတ်တော် မြှုပ်ထားသောကာလဒွ် များစွာသောဥစ္စာဖြင့် လိုအပ်၏။ အာဘယ်သူကဲ့ အကြီး ပြုကုန်အံ့နည်းဟု ကြံကုန်သော်။ ထိုသူတို့တွင် တယောက်သောရွာနေသမူဌေးသည် ငါသည် အကြီးဖြစ်အံ့ဟု ဓာတ်တော်မြှုပ်ထားသောအခါဒွ် တကူဌေးသမျှငွေကိုထည့်၏။ ထိုသို့ထည့်

သည်ကိုဖြင်၍ဤဖြို့နေသူဌေးသည် ဥစ္စာပေါများပါလျက်ဤသို့သဘော
ရှိသောစေတီတော်၌ အကြီးဖြစ်အံ့သောငှါ မတောင်နိုင်။ ရွာနေသူဌေး
သည် သပြာဘကူဌေးကိုထည့်၍ အကြီးဖြစ်လေပြီဟုကဲ့ရဲ့ကုန်၏။မြို့နေ
သူဌေးသည် ထိုသူတို့၏ကဲ့ရဲ့သောစကားကိုကြား၍ ငါသည်အသပြာ
နှစ်ကုဋေထည့်၍အကြီးဖြစ်အံ့ဟုပေး၏။ရွာနေသူဌေးသည် ငါသာလျှင်
အကြီးဖြစ်လတ္တံ့ဟု၍ သုံးကုဋေသောအသပြာကို ပေး၏။ ဤသို့သော
နည်းဖြင့်ပွါး၍ မြို့နေသူဌေးသည်ခုစ်ကုဋေသောအသပြာတို့ကိုပေး၏။
ရွာနေသူဌေး၏ အိမ်ဦးကား ကိုးကုဋေသော အသပြာသည်သာ ရှိ၏။
မြို့နေသူဌေး၏အိမ်ဦးကား လေးဆဲ့လေးကုဋေသောအသပြာဥစ္စာသည်
ရှိ၏။ ထိုကြောင့် ရွာနေသူဌေးသည်ကြီး၏။ ငါသည် ကိုးကုဋေသော
အသပြာတို့ကိုပေးအံ့ဟု အကယ်၍ဆိုအံ့။ ထိုမြို့နေသူဌေးသည် ဆယ်
ကုဋေသောအသပြာကို ပေးလတ္တံ့။ ထိုအခါ၌ ငါအားမြှုပ်ထားသော
ဥစ္စာသည်လည်းမထင်လတ္တံ့။ဤသို့ကြံပြီး၍ ထိုရွာနေသူဌေးသည်ဤသို့
ဆို၏။ငါသည်ကိုးကုဋေသောအသပြာကိုလည်းပေးအံ့။သားမယားနှင့်
တကွ စေတီတော်၏ကျွန်သည်လည်းဖြစ်လတ္တံ့ဟု ဆို၍ ခုနစ်ယောက်
သောဆွေးမျိုးခုနစ်ယောက်သောသားတို့ကိုလည်း၊ မယားသူဌေးမကိုလည်း
ယူ၍ မိမိကိုယ်နှင့်တကွစေတီတော်အားဆောက်နှင်း၏။ကိုင်းနေသူတို့
သည် ဥစ္စာမည်သည်ကိုဖြစ်စေခြင်းငှါတတ်ကောင်း၏။ကိုယ်ကိုဆော်
နှင်းခြင်းငှါသာခဲခက်သည်။ ဤရွာနေသူဌေးသည်ကား သားမယားနှင့်
တကွ မိမိကိုယ်ကို ဆောက်နှင်းပေ၏။ ဤသူသည်သာ အကြီးဖြစ်စေ
သတည်းဟု ထိုရွာနေသူဌေးကိုသာလျှင် အကြီးတင်ကြကုန်၏၊ ဤသို့
အားဖြင့် ထိုတကျိပ်ခြောက်ယောက်သောသူတို့သည် စေတီတော်၏
ကျွန်ဖြစ်ကုန်၏။ လူမျိုးတို့သည် ထိုသူတို့ကို တော်လှန်သည်ကိုပြုကုန်
၏။ ဤသို့တော်လှန်ပြီးသော်လည်း စေတီတော်ကိုသာသုတ်သင်လျက်
အသက်ရှည်သမျှသော ကာလပတ်လုံး တည့်၍၊ ထိုကိုယ်၏ အဖြစ်မှ
စုတေကုန်သော် နတ်ပြည်၌ဖြစ်လေကုန်၏။ထိုသူတို့သည်ဘုရားတဆူ
နှင့် စာဆူအကြား နတ်ပြည်၌ ကျင်လည်ကုန်ပြီးသော်။ ဤငါတို့ဘုရား
ဖြစ်တော်မူသော အခါ၌ မယားသည် နတ်ပြည်မှစုတေခဲ့၍ ရာဇဂြိုဟ်
ပြည်၌သူဌေးသမီးဖြစ်လေ၏။ထိုသူဌေးသမီးသည် သတ္တိသမီးငယ်ဖြစ်
သော အခါကပင် သောတာပန်ဖြစ်၏။ မဖြင်အပ်သေးသော သစ္စာရှိ

သောသူအား ပဒိုသန္ဓေနေခြင်းမည်သည်ကား ဝန်လေး၏။ ထိုကြောင့် ထိုသတ္ဆိသမီး၏လင်စည်နှတ်ပြည်မှလူပြည်သို့ပြန်သည်ရှိသော် မှဆိုး၏အိမ်၌ဖြစ်လေ၏။ ထိုမှဆိုးအား မြင်သည်နှင့်တကွ သူဌေးသမီး၏ချစ်ခြင်းသည်လွန်းမိုး၏။ ။ပုဇ္ဈဝ သန္ဓိဝါဒသန၊ပစ္စုပ္ပန္နဟိတေန ဝါ။ဧဝံ တံဓာယတေပေမံ၊ဥပ္ပလံဝယထောဒကေ။ ။ဟူ၍ဘုရားဟောတော်မူ၏။ ။ထိုသတ္ဆိသမီးသည် ဂဗ်းဒွိချစ်ခြင်းဖြင့်မှဆိုးအိမ်သို့ရောက်လေ၏။ သားတို့သည်လည်းနှတ်ပြုံးသည်မှစု၍တော့၍ ထိုသူဌေးသမီးဝမ်းဒွိပဒိုသန္ဓေယူကုန်၏။ ဆွေးမတို့သည် ထိုထိုသို့သောအမျိုးတို့ဒွ ဖြစ်ကုန်၍လည်း အာရွယ်ရောက်သောအခါ ထိုသူတို့၏အိမ်သို့သာ ရောက်ကုန်၏။ ဤသို့လျှင် ထိုအလုံးစုံသောသူတို့သည် ကသဿပဘုရားဖြစ်သောအခါ ဧစတိတော်ကို ပြုစုသုတ်သင်ဖြောင်ဆင်သောကောင်းမှု၏ အာနုဘော်ကြောင့် သောတာပတ္တိဖိုလ်သို့ရောက်ကုန်၏။ ဤသို့အစရှိသော တရားဒေသနာတော်ဖြင့် တဆဲ့ကိုးဝါမြောက်ဝါဒွ များစွာသောဝေနေယျတို့ကိုတရားအမြိုက်တိုက်ကျွေးတော်မူ၏။ ။

ဘုရားဖြစ်တော်မူသည်မှစ၍ ဤတဆဲ့ကိုးဝါမြောက် ရာဇဂြိုဟ်ပြည်ဒွဝါဆိုတော်မူသည်တိုင် မြတ်စွာဘုရားသည် အနိယတဂုဏ်ထူးမခြားသောနေခြင်းဖြင့် အလှည့်အလည် ဝါဆိုတော်မူသတည်း။ ။အဝါနှစ်ဆယ်ပြည့်ဝါမှစ၍ နှစ်ဆဲ့ငါးဝါမြောက်တိုင်အောင် နှစ်ဆဲ့ခြောက်နှစ်ပတ်လုံးကား၊ သာဝတ္ထိပြည်ဒွ အနာထပိဏ်သူဌေး၊ ဝိသာခါဒါယိကာမတို့၏ကျေးဇူးကြီးသောအဖြစ်ကိုစွဲ၍အမြဲဝါဆိုတော်မူ၏။ဧဇေတဝန်ကျောင်းတော်ဒွ အဝါနှစ်ဆယ်၊ပုဗ္ဗာရုံကျောင်းတော်ဒွ ခြောက်ဝါဆိုတော်မူ၏။ အဆုံးစွန် လေးဆဲ့ငါးဝါမြောက်ဒွကား၊ဝေသာလိပြည်၏အနီး၊ဗေလုဂရွာဒွဝါဆိုတော်မူသတည်း။ ။

၂၃။ ဝိသတိမဝါ၊ဧဇေတဝန်ကျောင်းတော်ဒွ သီတင်းသုံးနေစဉ်၊ဝန်တိုစဉ်းလဲသောအာနန္ဒာသူဌေးကိုအကြောင်းပြု၍ပုတ္တမတ္ထိ-စသောဒေသနာကိုဟောတော်မူခြင်း။

တဆဲ့ကိုးဝါမြောက် ဝါကျွတ်တော်မူလျှင် ဒေသစာရီကြွတော်မူသောအားဖြင့် သာဝတ္ထိပြည်သို့ ရောက်တော်မူ၍ ဧဇေတဝန် ကျောင်း

တော်၌နေတော်မူ၏။ ။မြတ်စွာဘုရားသည်ဧတဝဏ်ကျောင်းတော်၌နေတော်မူသောအခါ အာနန္ဒာသူငြှေးကို အကြောင်းပြု၍၊ပုတ္တ မတ္ထိအစရှိသောတရားကိုဟောတော်မူ၏။ အကြောင်းဝတ္ထု၊ကား။သာဝတ္ထိပြည်၌ အကုဋေနှစ်ဆယ်ကြွယ်သော အာနန္ဒာသူငြှေးသည် ရှိ၏။ ထိုသူငြှေးသည် အလွန်ဝန်တိုသည် ဖြစ်၏။ ထိုသူငြှေးသည် လခွဲတကြိမ် အဆွေအမျိုးတို့ကို စည်းဝေးစေ၍၊ မှုလသိရိ အမည်ရှိသော သားကို သုံးပါးဖြောအခါတို့၌ဤသို့ဆိုးမ၏။ အကုဋေဥစ္စာဆယ်သောဥစ္စာကို များစ၏ဟု အမှတ်မပြုလင့်။ ထင်ရှားရှိသောဥစ္စာကို သူတပါးအားမပေးအပ်။ အသင်ဖြစ်သော ဥစ္စာကို ဖြစ်စေအပ်၏။ တသပြာ တသပြာကိုပင် သုံးဆောင်ခြင်းကို ပြုသောသူအား ဥစ္စာသည် ကုန်လတ်သလျင်ကတည်း။ ထို၎ကြောင့် မျက်စဉ်းတို့၏ကုန်ခြင်းကိုမြင်၍၊ ခြံတို့၏ မြို့မှုန်ပေါင်းစုခြင်းကိုလင်း၊ ပျားတို့၏ဝတ်ရက်ပေါင်းစုခြင်းကိုလင်းမြင်၍ပညာရှိသောသူသည် အိမ်ဓနရှာနေရာ၏ဟု။ အဋ္ဌနာနံ ခယံ ဒိသွာ။စသောဂါထာကိုရွတ်၍ဆိုးမ၏။ ။ထိုသူငြှေးသည် အခါတပါးသော် မိမိမြို့ပတ်ထားအပ်သော ရွှေအိုးငါးလုံးတို့ကို သားအားမကြားမူ၍လျင် ဝန်တိုခြင်းဟူသောအညစ်အကြေးလိမ်းကျံသည်ဖြစ်၍သေခဲ့သော်။ထိုသာဝတ္ထိပြည်၌သာလျင် တခုသောတံခါးအနီး ဓနုံးစက္ကားတို့နေရာအိမ်ခြံတထောင်ရှိသောရွာဝယ် တယောက်သောဓနုံးစက္ကားမ၏ဝမ်းဗိုက်သန္ဓေယူလေ၏ မဟာကောသလမင်းကြီးသည် ထိုသူငြှေးသေသောအကြောင်းကိုကြား၍ ထိုသူငြှေး၏သားမှုလသိရိကိုခေါ်စေ၍ သူငြှေးအရာ၌ ထား၏။ ထိုဓနုံးစက္ကားတထောင်သည် ဟပေါင်းတည်းအခစားသဖြင့် အမှုကိုပြု၍ အသက်မွေးသည်ရှိသော် ထိုသူငြှေး၏ ပဋိသန္ဓေနေသောအခါမှစ၍ အခကိုမရ၊ မျှဝေလောက်ရုံသောထမင်းမှအလွန်ဖြစ်သောထမင်းတခဲကိုမျှလည်းမရ။ထိုဓနုံးစက္ကားတထောင်တို့သည်ငါတို့သည်ယခုအခါ၌ ထမင်းတခဲကိုမျှမရကုန်။ငါတို့အပေါင်း၌ တယောက်သောသူယုတ်မာရှိသည်ဖြစ်ရာ၏ဟု နှစ်စဉ်ခွဲ၏။ အကြောင်မျှလောက် ထိုသူ၏အမိအဘတို့သည်အသေးဖြစ်ကုန်၏။ထိုမျှလောက်ခွဲ၍။ဤအိမ်၌ သူယုတ်သည်ဖြစ်၏ဟုအမိကိုစွန့်ပစ်နှင်ထုတ်ကုန်၏။ထိုအမိသည်လည်းအကြောင်မျှလောက်သောကာလပတ်လုံး ထိုသူသည်ဝမ်း၌ဖြစ်၏။ ထိုမျှလောက် ထမင်းကိုငြိုငြင်သဖြင့် ရှာ၍သားဘွားရ၏။ ထိုသူငယ်အား လက်ခြေမျက်စိနှား

နှာခေါင်းတို့သည်ၜင်း၊ ခံတွင်းသည်ၜင်း၊ တည်မြဲတိုင်းအရာ၌ မတည်
ကုန်။ ထိုသူသည် ဤသို့သဘောရှိသောအင်္ဂါကြီးငယ်ဏ်ိုးတဲ့ခြင်းဖြင့်
မြေဘုတ်ဘီလူးကဲ့သို့ အဆင်းမလှသည် ဖြစ်ဏ်။ ဤသို့ဖြစ်သော်လည်း
ဝမ်းဌ အောင်းသောသားဌ. ချစ်ခြင်း အားကြီးသည်ဖြစ်၍။ အမိသည်
ထိုသားကိုမစွန့်။ထိုအမိသည် ထိုသားကို ငြိုးငြင်သဖြင့်မွေးကျွေးသည်
ရှိသော် ထိုသူငယ်ကိုယူ၍ လှည့်ပတ်သွားလာ တောင်းစားသောနေ့၌
တစုံတခုမျှမရ။ ဒေါမ်၌ထားခဲ့၍ မိမိချည်းသွား၍တောင်းစားသောနေ့၌
စားလောက်ရုံရဏ်။ ထိုအခါ ထိုသူငယ်ဏ်မိမိအလျောက်တောင်းစား၍
အသက်မွေးစွမ်းနိုင်လောက်သောအရွယ်သို့ ရောက်လေလျှင် ခွက်ကို
လက်၌ထား၍ ချစ်သား၊ငါတို့သည် သင့်ကိုမှီ၍ကြီးစွာသောဆင်းရဲသို့
ရောက်ပြီ။ယခုအခါ ငါတို့သည် သင့်ကိုမမွေးနိုင်ပြီ၊ ဤမြို၌အထိုးကျန်
ခရီးသွားစသည်တို့အား စီရင်အပ်သောထမင်းတို့သည် ရှိကုန်ဏ်။ ထို
အရပ်၌ တောင်းစား၍ အသက်မွေးလေတော့ဟု ထိုသူငယ်ကို လွှတ်
လိုက်ဏ်။ ထိုသူငယ်သည် အိမ်စဉ်အတိုင်း အတောင်းစား သွားသော်။
အာနန္ဒာသူဌေးဖြစ်စဉ်ကနေရာအရပ်သို့ရောက်၍။ အမျိုးမာန်ဖြင့် ယစ်
သည်ဖြစ်၍ မိမိအိမ်သို့ဝင်လေဏ်။ တံခါးသုံးတန်တို့၌ တစုံတယောက်
သောသူသည် ထိုသူကိုမမှတ်မိ၊ လေးရသော် တံခါးမှတ်၌ မှုလသိရိ
သူဌေးသားသည်ဖြင့်၍ ထိတ်လန့်သောနှလုံးရှိသည်ဖြစ်၍ ငိုဏ်။ ။ထို
အခါ ထိုသူကို သူဌေးကျွန်ယောက်ျားတို့သည် ဟယ်သူယုတ်၊ ထွက်
လော့ဟု သတ်ပုတ် တွန်းထိုး နှင်ထုတ်၍ တံမြက်ချေးစွန့်ရာ၌ ပစ်ထား
ကုန်ဏ်။ အာနန္ဒာမထေရ် နောက်လိုက်ရဟန်းရှိသည်ဖြစ်၍ ဆွမ်းခံကြွ
တော်မူသောမြတ်စွာဘုရားသည် ထိုသူအကောင်ကိုမြင်၍၊ အရှင်အာ
နန္ဒာကို ပြုန်၍ ကြည့်တော်မူသဖြင့် အရှင်အာနန္ဒာ မေးလျှောက်သော်
ထိုအကြောင်းကိုကြားတော်မူ၍။ အရှင်အာနန္ဒာကို မှုလသိရိသူဌေးကို
ခေါ်ခေစဏ်။ မျှားစွာသောလူအပေါင်းသည်လည်း စည်းဝေးဏ်။ မြတ်စွာ
ဘုရားသည် မှုလသိရိသူဌေးကိုခေါ်၍ ဤသူကိုသင်သိဏ်လောဟုမေး၍
မသိပါဟုလျှောက်သော်။ သင်ဏ်အဘ အာနန္ဒာသူဌေးပင်တည်းဟု မိန့်
၍ မယုံသော်။ အာနန္ဒာသူဌေး၊သင်ဏ်ဖွေးဒိုးငါးလုံးတို့ကို ကြားဘိလော့
ဟု ကြားစေ၍ မှုလသိရိသူဌေးကို ယုံကြည်စေဏ်။ ထိုမှုလသိရိသူဌေး
သည် မြတ်စွာဘုရားကိုကိုးကွယ်ခြင်းသို့ရောက်ဏ်။မြတ်စွာဘုရားသည်

သူဌေးအား တရားဟောလိုသည်ဖြစ်၍။ ။ပုတ္တ မထ္ထိ ဓန မထ္ထိ၊ဣတိ ဗာလော ဝိဟညတိ။အတ္တာဒိ အတ္တဇနော နတ္ထိ၊ကုတောပုတ္တောကုတော ဓနံ။ ။ဟူ၍ ဟောတော်မူ၏။ ။အဓိပ္ပါယ်ကား။ သားသည် ရှိ၏။ ဥစ္စာသည်ရှိ၏။ ဤသို့သားဥစ္စာတပ်သဖြင့် ဥစ္စာဥစ္စာတပ်သဖြင့် သူဌေးသည် ဆင်းရဲပင်ပန်း၏။ မိမိကိုယ်သည်ပင်လျှင်မိမိ၏ကိုးကွယ်ရာမဖြစ်။သား သည်ဂင်း။ ဥစ္စာသည်ဂင်း။ အဘယ်မှာ ကိုးကွယ်ရာဖြစ်အံ့နည်း ဟူလို သည်။ ။ဒေသနာတော်အဆုံးဌ ရှစ်ဆယ်သောင်းဝေနေယျတို့သည် သစ္စာလေးပါးတရားကို သိကုန်၏။ ။ဤသို့ အစရှိသော တရားဒေသနာတော်ဖြင့်များစွာသောဝေနေယျတို့ကိုတရားဟောရွတ် ကယ်ချွတ်တော်မူ၏။ ။ဤဝါသည်နှစ်ဆယ်ပြည့်ဝါတည်း။ ။

၂၄။ သာဝကအစည်းအဝေးဌမြတ်စွာဘုရား အလုပ်အကျေးအလိုဌါရွေးချယ်ခြင်း။ဆရှစ်ပါးကိုယူ၍ ရှင်အာနန္ဒာလုပ်ကျေးခြင်းတို့ကိုပြရာ။

ဤသို့လျှင် ပဌမဗောဓိအဝါနှစ်ဆယ်တို့ပတ်လုံး မြတ်စွာဘုရားအား အလုပ်အကျေးတို့သည် အမြဲမရှိကုန်။ တရံတခါ နာဂသမာလထေရ် လုပ်ကျေး၏။ တရံတခါ ဥပဝါဏထေရ်သည်လည်း လုပ်ကျေး၏။ တရံတခါ သုနက္ခတ္တထေရ်။ တရံတခါ စုန္ဒသာမဏေကြီး။ တရံတခါ သာဂတထေရ်။တရံတခါ ရာဓထေရ်။ တရံတခါ မေဃိယထေရ်လုပ်ကျေး သတည်း။ အရှင်မေဃိယထေရ်ကား တဆဲ့ရှစ်ဝါမှစ၍ နှစ်ဆယ်ပြည့် ဝါတိုင်အောင် လုပ်ကျေးသတည်း။ ။နာဂသမာလထေရ် လုပ်ကျေး သောအခါဌ မြတ်စွာဘုရားသည် ထိုမထေရ်နှင့်တကွခရီးသွားတော်မူ သော်။ နှစ်ဖြာခွဲသောခရီးသို့ရောက်လေလျှင်၊ထိုမထေရ်သည် ခရီးလွဲ၍။ အရှင်ဘုရား၊ အကျွန်ုပ်သည် ဤခရီးဖြင့်သွားအံ့ဟုလျှောက်၏။ မြတ် စွာဘုရားလည်း၊ ရဟန်း၊လာလော့။ ဤခရီးဖြင့်သွားကုန်အံ့ဟုမိန့်၏၊ ထို အခါ ထိုမထေရ်သည်။ ရှင်ပင်ဘုရား၊ သဒိတ်သက်နိုးကို ယူတော်မူ။ ဤခရီးဖြင့်အကျွန်ုပ်သွားအံ့ဟုဆို၍ သဒိတ်သက်နိုးကို မြေဌဲ့ချမည်ပြု၏။ ထိုအခါ မြတ်စွာဘုရားသည်၊ ရဟန်း၊ ဆောင်ယူခဲ့လော့ဟု မိန့်တော် မူ၍။ သဒိတ်သက်နိုးကိုယူ၍ ကြွတော်မူရ၏။ ခရီးတကြောင်းဖြင့်သွား

လေသောထိုမထေရ်၏သဒိတ်သက်နှံတို့ကို ဒိုးသူယူလေ၏။ဦးခေါင်း ကိုလည်းကွဲအောင်ရိုက်ပုတ်ကုန်၏။ထိုရဟန်းသည် ယခုအခါ ဘုရား သာလျှင် ကံုးကွယ်ရာဖြစ်တော့သည်၊ တပါးကံုးကွယ်ရာမရှိပြီ ကြံ၍၊ သွေးယိုးသောဦးခေါင်းဖြင့် မြတ်စွာဘုရားအထံတော်သို့ လာပြန်သော ကြောင့်။ ရဟန်း၊ ဤအမှုသည် အသို့နည်းဟု မိန့်တော်မူသော် ထိုအ ကြောင်းကံုကြားလျှောက်၏။ ထိုအခါ၊ရဟန်း၊မကြံလင့်။ ဤအကြောင်း ကံုမြင်၍သင့်ကိုငါဖြစ်တားပြီမိန့်၍သက်သာစေ၏။ ။မေဃိယာထေရ် လုပ်ကျွေးသောအခါ၌လည်း ထိုမထေရ်နှင့်တကွ မြတ်စွာဘုရားသည် ပါစိနဝံသဒါယ၌ ဇနပုရသို့ကြွတော်မူ၏။ ထိုမထေရ်သည် ထိုဇနပုရ၌ဆွမ်းခံလေသော် မြစ်နားဝ်ကြည်ညိုဘွယ်ရှိသော သရက်ကောကို မြင်၍။ ရှင်ပင်ဘုရား၊သဒိတ်သက်နှံကိုယူတော်မူ။ အကျွန်ုပ်သည် ဤ သရက်ဥယျာဉ်၌ ရဟန်းတရားကိုပြုပါအံ့ဟုဆို၍ မြတ်စွာဘုရားသည် သံုးကြိမ်မြောက်အောင်မြစ်ဟားသော်လည်းသွား၍ အကုသလဝိတက် ဖြင့် အဘန်တလဲလဲနှိပ်စက်သည်ဖြစ်၍ တဘန်ပြန်လာ၍အကြောင်းကို လျှောက်၏။ထိုမေဃိယထေရ်ကိုလည်း ဤအကြောင်းကိုမြင်၍ သင့်ကို ငါမြစ်တားအပ်ပြီဟုမိန့်တော်မူ၍နှစ်သိမ့်စေ၏။ ။

နှစ်ဆယ်ပြည့်ဝါ ဇေတဝန်ကျောင်းတော်၌ဝါဆို၍ ဒေသစာရီကြွ တော်မူသျှင် အစဉ်သဖြင့် သာဝတ္ထိပြည်သို့ရောက်တော်မူ၍။ ဂန္ဓကုဋီ ပရိဝုဏ်၌ ခင်းအပ်သောဘုရားနေရာ၌နေတော်မူလျက် ရဟန်းသံဃာ ခစားခြံရံလာသောအခါ၌ ရဟန်းတို့ကိုခေါ်တော်မူ၍၊ ချစ်သားရဟန်း တို့၊ယခုအခါ၌ ငါသည် အသက်အရွယ်ကြီးသည်ဖြစ်ခဲ့၏။အချို့သော ရဟန်းတို့သည်၊ ဤခရီးဖြင့် သွားအံ့ဟုဆိုသော် တပါးသော ခရီးဖြင့် သွားကုန်၏။ အချို့သောရဟန်းတို့သည် ငါ၏သဒိတ်သက်နှံကို ပြေ၌ ချကုန်၏။ငါ့အားအမြဲလုပ်ကျွေးသောရဟန်းတို့ယောက်ကိုသိကုန်လော့ ဟုမိန့်၏။ ရဟန်းတို့အားတရားနှင့်လျော်စွာ ထိတ်လန့်ခြင်းသည်ဖြစ်၏။ ထိုအခါ အရှင်သာရိပုတ္တြာသည်နေရာမှထ၍ရှိခိုးလျက်။ အရှင်ဘုရား၊ အကျွန်ုပ်သည် အရှင်ဘုရားတို့ကို တောင့်တ၍ ကမ္မဿာတသိန်း အလွန် ရှိသော တသရေ့ကာလပတ်လုံး ပါရမီတို့ကို ဖြည့်၏။ အကျွန်ုပ်ကဲ့သို့ သဘောရှိသောပညာကြီးသောသူသည် လုပ်ကျွေးသင့်ပါသည်မဟုတ် လော။ အကျွန်ုပ်လုပ်ကျွေးအံ့ဟု လျှောက်၏။ ချစ်သားသာရိပုတ္တြာ၊ အ

ကြင်အရပ်၌သင်နေ၏။ ထိုအရပ်သည် မဆိတ်ညံသည်ဖြစ်၏။ သင်၏ အဆုံးအမသည် ဘုရားရှင်တို့၏အဆုံးအမနှင့်တူ၏။ထိုကြောင့် ငါ့အား သင်သည်လုပ်ကျွေးအပ်သောကိစ္စမည်သည်မရှိဟု ရှင်သာရိပုတြာကို ပယ်တော်မူ၏။ ဤသို့ဖြစ်သောနည်းဖြင့် အရှင်မောဂ္ဂလာန်ကိုအစပြု၍ ရှစ် ကျိပ်သော မဟာသာဝကတို့သည် လျှောက်တောင်းပန်ကုန်၏။ ထိုအ လုံးစုံကို ပယ်တော်မူ၏။ အရှင်အာနန္ဒာမထေရ်မူကား ဆိတ်ဆိတ်သာ လျှင်နေတော်မူ၏။ ။

ထိုရောအခါ ရှင်အာနန္ဒာကို ရဟန်းတို့သည်ဆိုကုန်၏။ အရှင်အာ နန္ဒာ၊ ရဟန်းသင်္ဃာသည်အလုပ်အကျွေး၏အရာကိုတောင်းပန်၏။ သင် သည်လည်း တောင်းပန်ပါလော့ဟုဆိုကုန်၏။ ငါ့ရှင်တို့၊ တောင်းပန်၍ ရသောအရာမည်သည်ကား အဘယ်သို့သဘောရှိသည် ဖြစ်အံ့နည်း။ ငါ့ကို မြတ်စွာဘုရားသည် မမြင်ပါသလော။ ငါ့ကိုအကယ်၍ နှစ်သက် အံ့။ အာနန္ဒာ၊ငါ့ကိုလုပ်ကျွေးလော့ဟုဆိုလတ္တံ့ဟူ၍ဆို၏။ထိုအခါ မြတ် စွာဘုရားသည်။ ချစ်သားရဟန်းတို့၊ အာနန္ဒာကို တပါးသောသူသည် မတိုက်တွန်းအပ်။ မိမိကိုယ်တိုင်ပင်သိ၍ ငါ့ကိုလုပ်ကျွေးလတ္တံ့ဟု မိန့် တော်မူ၏။ ထိုနောင်မှ ရဟန်းတို့သည် ထလော့ငါ့ရှင်အာနန္ဒာ၊မြတ်စွာ ဘုရားထံ အလုပ်အကျွေးအရာကို တောင်းပန်လေလော့ဟူ၍ဆိုကုန်၏။ အရှင်အာနန္ဒာမထေရ်သည်။ ပယ်ဆုလေးပါး၊ ပန်ဆုလေးပါးအားဖြင့် ရွှမ်ပါးသောဆုတို့ကို တောင်းပန်၍ လုပ်ကျွေး၏၊ ။ပယ်ဆုလေးပါး မည်သည်ကား။ ။(၁)ဘုန်းတော် ကြီးသော အရှင်ဘုရား၊ အရှင် ဘုရားသည် ကိုယ်တော်ရအပ်သော်မှန်မြတ်သောသင်္ကန်းကိုအကယ် ၍အလှကျွန်ုပ်အား မပေးပါလတ္တံ့။(၂)မွန်မြတ်သောဆွမ်းကို အကယ်၍ မပေးပါလတ္တံ့။(၃)တရားသော ဂန္ဓကုဋိ၌ အာဂန္တုတကွ နေစိမ့်သောငှါ မပေးပါလတ္တံ့။ (၄)ဆွမ်းဘိတ်မန်ကာ အရပ်သို့ အကျွန်ုပ်ကို ဖခေါ်၍ မသွားပါလတ္တံ့။ ဤသို့ မပေးပါသည်ရှိသော် အကျွန်ုပ်သည် မြတ်စွာ ဘုရားကိုလုပ်ကျွေးပါအံ့ဟုလျှောက်ဆို၍။ အာနန္ဒာ၊ဤပယ်ဆုလေးပါး၌ အဘယ်အပြစ်ကိုမြင်သနည်းဟုမိန့်တော်မူသော်။ဘုန်းတော်ကြီးသော အရှင်ဘုရား၊ ဤလေးပါးသောဝတ္ထုတို့ကို အကျွန်ုပ်သည် အကယ်၍ ရအံ့။သူတပါးတို့သည်ဆိုကုန်လတ္တံ့။ အာနန္ဒာသည်မြတ်စွာဘုရားထံမှ ရအပ်သောမွန်မြတ်သောသင်္ကန်းကို ဝတ်ရ၏။ ဆွမ်းကိုဘုန်းပေးရ၏၊

တခုတည်းသောဂန္ဓကုဋီ၌ အတူတကွနေရ၏။ တပေါင်းတည်း ဆွမ်း ဘိတ်မနှာသို့ သွားရ၏။ ဤလာဘ်ကိုရ၍သာ မြတ်စွာဘုရားကို လုပ် ကျွေးရ၏။ ဤသို့လာဘ်ကိုရသဖြင့် လုပ်ကျွေးသောသူအား အဘယ်သို့ ဝန်လေးအံ့နည်းဟုဆိုကုန်ရာ၏။ ဤအပြစ်ကိုမြင်၍ ဤပယ်ဆုလေးပါး ကိုတောင်းပန်ပါသည်ဟုလျှောက်၏။ ။ပန်ဆုလေးပါးမည်သည်ကား။ (၁)တုန်းတော်ကြီးသောအရှင်ဘုရား။ အကျွန်ုပ်ဝန်ခံအပ်သော ဘိတ် မနှာသို့ အကယ်၍အရှင်ဘုရားသည်ကြွပါအံ့။(၂)တိုင်းတပါးဇနပုဒ် တပါးမှ မြတ်စွာ ဘုရားကို ဖူးမြင် အံ့သောငှါ လာသော ပရိသတ်တို့ ရောက်သောခဏ၌သာလျှင် အရှင်ဘုရားကိုပြခြင်းငှါအကယ်၍ရပါအံ့။ (၃)အကြင်အခါ၌ အကျွန်ုပ်အား ယုံမှားသင်္ကာဖြစ်၏။ထိုခဏ၌ မြတ် စွာဘုရားသို့ ကပ်ခြင်းငှါ အကယ်၍ ရပါအံ့။(၄)မြတ်စွာဘုရားသည် အကျွန်ုပ်၏မျက်ကွယ်၌ အကြင်တရားကို ဟော၏။ ထိုတရားကိုလာ၍ အကျွန်ုပ်အားဟောပါအံ့။ ဤဆုဟူလေးပါးကိုရပါမူကား အကျွန်ုပ် အရှင် ဘုရားကိုလုပ်ကျွေးပါအံ့ဟု လျှောက်၏။ အာနန္ဒာ၊ ဤဆုလေးပါးခွ် အ ဘယ်သို့သောအကျိုးကိုမြင်သနည်းဟုမိန့်တော်မူသော်။ အရှင်ဘုရား၊ ဤလောကွ် သင္ခါကြည်ညိုသောအမျိုးသားသည် မြတ်စွာဘုရားအား လျှောက်ထားခွင့်မရသဖြင့် အကျွန်ုပ်ထံ အဖျင်အာနန္ဒာ၊ နက်ဖြန်မြတ် စွာဘုရားနှင့်တကွအကျွန်ုပ်အိမ်ဦးဆွမ်းခံပါဟုလျှောက်၏။မြတ်စွာဘုရား သည် ထိုအိမ်သို့အကယ်၍မကြွခဲ့အံ့။ အလိုရှိတိုင်းသောခဏ်ပရိသတ် ကိုပြခြင်းငှါအကယ်၍မရပါအံ့။ ယုံမှားသင်္ကာကို ဖျောက်ခြင်းငှါအလို ရှိသောခဏ်မရပါအံ့။သူတပါးတို့ဆိုကုန်သည်ဖြစ်လတ္တံ့။ ဤအာနန္ဒာ သည် မြတ်စွာဘုရားကို မပြတ်လုပ်ကျွေး၏။ ထိုအာနန္ဒာအား မြတ်စွာ ဘုရားသည် ဤမျှသောအခွင့်ကိုမျှမရှိးမြဲံပါဟုဆိုကုန်ရာ၏။ မြတ်စွာ ဘုရား၏မျက်ကွယ်၌ အကျွန်ုပ်ကို။ ငါ့ရှင်အာနန္ဒာ၊ဤဂါထာကို၊ဤသုတ် ကို၊ဤဇာတ်ကို အဘယ်အခါ၌မြတ်စွာဘုရားဟောတော်မူသနည်းဟု မေးသောအခါ။ အကယ်၍ထိုအမှုကို အကျွန်ုပ်သည် မပြည့်စုံစေနိုင် ရှိခဲ့မူ။ ငါ့ရှင်အာနန္ဒာ၊ ဤမျှကိုလည်း သင်သည် မသိ။ အဘယ်ကြောင့် သင်သည် မြတ်စွာဘုရားကို အရိပ်ကဲ့သို့မစွန့်မူ၍ ရှည်စွာသောနေ့ညဉ့် ပတ်လုံးနေသနည်းဟုဆိုကုန်လတ္တံ့။ ထိုကြောင့်အကျွန်ုပ်၏မျက်ကွယ်၌ ဟောသောတရားကို တဘန်ဟောခြင်းကို အလိုရှိပါ၏ဟု ဤလေးပါး

သေးပန်ဆုကိုဖြတ်စွာဘုရားအားလျှော်ဇ၏။ မြတ်စွာဘုရားသည် အဂ္ဂင်အာနန္ဒာအားပေးတော်မူ၏။ အဂ္ဂင်အာနန္ဒာသည် ဤဆုရှစ်ပါးတို့ကိုယူ၍အမြဲအလုပ်အကျွေးသည်ဖြစ်၏။ ။ထိုအဂ္ဂင်အာနန္ဒာသည် အလုပ်အကျွေးအရာကိုရသော်နှင့်မှစ၍ မြတ်စွာဘုရားကို ရေပူရေချမ်းကမ်းခြင်း။ ဒန်ပူထူ၊ ဒန်ပူပါး၊ မပါးမထူသော ဒန်ပူအားဖြင့် တနေ့သုံးချောင်းသုံးချောင်းသော ဒန်ပူကိုကပ်ခြင်း။ ခြေဆုပ်နယ်ခြင်း။ ဂန္ဓကုဋိပရိဝုဏ်၌ တံမြက်ဖတ်ညှည်းခြင်း။ ဤသို့အစရှိသော ကိစ္စတို့ဖြင့်လုပ်ကျွေးသည်ရှိသော် ဤမည်သော အရာ၌မြတ်စွာဘုရားအား ဤမည်သော ဝတ္ထုကိုရခြင်းငှာ၊ ဤမည်သော အမှုကို ပြုခြင်းငှာအပ်၏ဟု အကြံဖြစ်၏။ ထိုကြောင့် ဆိတ်ငြိမ်ရာတိုင်းကိုကိုင်၍ ကုန်းကြိမ်း ဂန္ဓကုဋိပရိဝုဏ်ကိုအစဉ်လှည့်၏။ ဤသို့သော အကြံသည်လည်းဖြစ်၏။ အကယ်၍ငါသည် ငိုက်မျဉ်းခြင်းသို့ရောက်အံ့။ မြတ်စွာဘုရား ခေါ်တော်မူသည်ရှိသော် စကားတုံ့ကဲ့ပေးခြင်းငှါမတတ်နိုင်ရာဟု အကြံဖြစ်၏။ ထိုကြောင့်ဆိတ်ငြိမ်ရာတိုင်းကိုညဉ့်သုံးယံပတ်လုံးလှည့်၍ မလွတ်သတည်း။ နောက်အခါ၌ မြတ်စွာဘုရားသည် ဧဂေတဝန်ကျောင်းတော်၌နေတော်မူလျက် မျှားစွဲသောအကြောင်းတို့ဖြင့် တရားဘဏ္ဍာစိုးဖြစ်သော အဂ္ဂင်အာနန္ဒာ၏ ကျေးဇူးကို ဆိုတော်မူ၍။ ဤသာသနာတော်၌၊ ဗဟုသုတ၊သတိမန္တ၊ဓိတိမန္တ၊ ဥပဋ္ဌာကပုဂ္ဂိုလ်တို့တွင် မြတ်သောအရာ၌ ထားတော်မူ၏၊ ။မြတ်စွာဘုရား အသက်ငါးတော် ငါးဆဲ့ငါးနှစ်ပြည့်မှ အဂ္ဂင်အာနန္ဒာ အလုပ်အကျွေးဖြစ်၍ နှစ်ဆဲ့ငါးဝါပတ်လုံး လုပ်ကျွေး၏။ ။

၂၅။ အဂ္ဂင်အာနန္ဒာမထေရ်၏အလုပ်အကျွေးဆုကို ပန်ခဲ့ဘူးသော ရှေးဝတ္ထုကိုပြရာ။

အဂ္ဂင်အာနန္ဒာမထေရ်သည် အလုပ်အကျွေးအရာကိုရလိုသည်ဖြစ်၍။ ဤကမ္ဘာမှပြုနိ၍ရေသော် ကမ္ဘာတသိန်းထက်၌ ပဒုမုတ္တရမြတ်စွာဘုရားညီတော် သုမနမင်းသားဖြစ်သောအခါ၌ ဘံသာဝတီပြည်မှ ယူဇနာ တရာ့နှစ်ဆယ်ခြားသော အရပ်၌ အဘအာနန္ဒာမင်းက ကျေးဘေးပေး၍ ပုန်ကန်သောဇနပုန်တိုင်းကားကို ငြိမ်းစေသဖြင့် ခမည်းတော်နှစ်သက်သောကြောင့် ဆုပေးရာတွင် တပါးသောဆုကိုမယူမူ၍၊ ဘုရားအား ဝါတွင်းသုံးလတို့ပတ်လုံး လုပ်ကျွေးပါရစ်သောဆုကိုယူ၍၊ ဒီဝ

စားသောမြို့သို့ဝါဆိုကြွတော်မူစဉ်သောအကြောင်းကို မြတ်စွာဘုရားအား လျှောက်ထားတောင်းပန်၍။ ဟံသာဝတီပြည်မှ။ ယူဇနာတရုံ့နှစ်ဆယ်ကွာသော ခရီး၌ တယူဇနာ တယူဇနာလျှင် ကျောင်းတဆောင် တဆောင်စီဆောက်ခဲ့၍။မိမိနေရာမြို့၌ သောဘဏ္ဍာဥယျာဉ်၌ ရဟန်းတို့အား ညဉ့်နေရာနေ့နေရာကုဋိတိုက်စကြိုတို့နှင့်တကွ၊သောဘဏ္ဍာရာမကျောင်းကိုတသိန်းသောဥစ္စာတို့ဖြင့်ဆောက်လုပ်၍မြတ်စွာဘုရားအားပင့်လျှောက်၍ကြွတော်မူလာသောအခါ ဝါတွင်းသုံးလပတ်လုံး မြတ်စွာဘုရား အလုပ်အကျွေးဖြစ်သော အဂ္ဂဉ်သုမနမထေရ်၏ အနီး၌ နေ၍၊ ဘုရားအမှုးရှိသော သဃ်ာတော်တို့အား လေးပါးသော ပစ္စည်းတို့ဖြင့်လုပ်ကျွေး၍။အဂ္ဂဉ်ဘုရားကဲ့သို့ တဆူသောဘုရားရှင်၏အလုပ်အကျွေးဇာတဒဂ်ရဖြစ်ရပါလို၏ဟုဆုတောင်း၏ထိုမှစ၍ ငါတို့ဘုရားဖြစ်သည်တိုင်အောင် ပါရမီကိုဖြည့်၍ အလုပ်အကျွေးအရာကိုရသတည်း။ ။ နှစ်ဆယ်ပြည့်ဝါကို အစပြု၍ သာဝတ္ထိပြည်၌သာ ဝါဆိုတော်မူ၏။ ဆိုတော်မူသောဝါပေါင်းကား နှစ်ဆဲ့ငါးဝါတည်း။ ။

၂၆။ ပဉ္စသာလပုဏ္ဏားရွာ၌သိတင်းသုံး
နေတော်မူစဉ်၊မာရ်နတ်ကိုအကြောင်းပြု၍၊သုသုခံဝတာဇာတ်ဝါမ၊
စသောဒေသနာကိုဟောတော်မူခြင်း။

သာဝတ္ထိပြည်၌ ဝါဆိုတော်မူ၍ ဝါကျွတ်လျှင် ဒေသစာရီကြွတော်မူ၍ ကောသလတိုင်း ပဉ္စသာလပုဏ္ဏားရွာ၌နေတော်မူလျက်။ မာရ်နတ်ကိုအကြောင်းပြု၍၊ သုသုခံ ဝတ ဇာတ်ဝါမ၊ အစရှိသောတရားကို ဟောတော်မူ၏။ ။ဝတ္ထု၊ကား။ တနေ့သ၌ မြတ်စွာဘုရားသည် ငါးရာသော သတို့သမီးငယ်တို့၏ သောတာပတ္တိမဂ်၏ ဥပနိဿယနှင့်ပြည့်စုံခြင်းကိုမြင်တော်မူ၍၊ ထိုပဉ္စသာလဏ္ဏရွာသို့ ဆွမ်းခံအမှီပြုလျက် နေတော်မူ၍၊ တနေ့သော်နက္ခတ်သဘင်၌ ထိုသတို့သမီးတို့သည် မြစ်သို့သွား၍ရေချိုးကုန်ပြီးလျှင် တန်ဆာဆင်အပ်ကုန်လျက် ရွာသို့ဝှေးရှုလာကုန်၏။ မြတ်စွာဘုရားသည် ထိုရွာသို့ဝင်၍ ဆွမ်းရပ်တော်မူသည်ရှိသော် မာရ်နတ်သည်အလုံးစုံသောရွာသူတို့၏ကိုယ်၌ဝင်၍ အကြင်အခြင်းဖြင့်မြတ်စွာဘုရားအား တယောက်မမျှသောဆွမ်းကိုမရ။ ထိုအခြင်းဖြင့် ထိုရွာသူတို့ကိုလှည့်ပတ်၍တယောက်မမျှသောဆွမ်းကိုမလှူစေ။ကုန်တော့ပါ၏

ဟူ၍သာ တရွာလုံးကိုဆိုစေ၏။ ဆေးတိုင်းသောသဒိတ်ဖြင့် ရွာမှထွက်တော်မူသောမြတ်စွာဘုရားကဲ့ မာရ်နတ်သည် ရွာတံခါးဦး ရပ်နေနှင့်၍ ရဟန်းကြီး၊ ဆွမ်းရပါစံဟုမေး၏။ မြတ်စွာဘုရားလည်း။ ယုတ်မာသော အလိုရှိသောမာရ်နတ်၊ အကြင်အခြင်းဖြင့်ပြုသော် ငါသည် ဆွမ်းမရ။ ထိုအခြင်းဖြင့် သင်သည်ပြုသည်မဟုတ်လောဟု မိန့်တော်မူသော်။ ထိုသို့တပြိုးကား။ အခွင့်ဘုရား၊ တဘန်ဝင်၍ဆွမ်းရပ်တော်မူဦးလော့ ဟူ၍ဆို၏။ အကယ်၍ ဤရဟန်းကြီးသည် ဆွမ်းခံဝင်ပြန်အံ့။ ခပ်သိမ်းသောသူတို့၏ကိုယ်၌ဝင်၍ဤရဟန်းကြီးရှေ့၌ရပ်၍လက်ချပ်တီး၍၊ ပျက်ရယ်မှုကိုပြုအံ့ဟု မာရ်နတ်အားအကြံသည်ဖြစ်၏။ ထိုခဏ၌ ထိုသတို့သိဒ္ဓိးငါးရာထို့သည် ရွာတံခါးသို့ရောက်လာ၍ မြတ်စွာဘုရားကိုရှိခိုး၍ တင့်အပ်သောအရပ်၌နေကြကုန်၏။ မာရ်နတ်သည် မြတ်စွာဘုရားကို ဤသို့ဆို၏။ အခွင့်ဘုရား၊ ဆွမ်းမရ၍ မစားရသော် ငတ်မွတ်ခြင်းဆင်းရဲသည်မနှိပ်စက်ပါလောဟု မေး၏။ မြတ်စွာဘုရား၊ ။ပ။ ဟယ်မာရ်နတ်၊ ယနေ့တစုံတခုကိုမရသော်လည်း အာဘဿရဇြဟ္မာကဲ့သို့ဗိတိသုခဖြင့်လွန်စေအံ့ဟုမိန့်တော်မူ၏။ ။သုသုခံဝတ ဇိဝါမ၊ ယေသံနော နတ္ထိ ကိဉ္စနံ။ ဗိတိဘက္ခာ ဘဝိဿာမ၊ ဇြဟ္မာ အာဘဿရာ ယထာ။ ။ဟူသော တရားတော်ကို ဟောတော်မူ၏။ ။ပါဒိမ၊ဟယ်မာရ်ယုတ်။ ယေသံနော၊အကြင်ငါတို့အား။ကိဉ္စနံ၊ရောဂဒေါသစသောကိလေသာဟူသောကြောင့်ကြခြင်းသည်။နတ္ထိ၊မရှိ။ ဝတမယံ၊ထိုငါတို့သည်။ အာဘဿရာဇြဟ္မာယထာ၊ အာဘဿရဇြဟ္မာတို့ကဲ့သို့။ ဗိတိဘက္ခာ၊ ဈာန်ဝင်စားခြင်းဌ နှစ်သက်ခြင်းဗိတိလျင် အစာရှိကုန်သည်။ ဘဝိဿာမ၊ ဖြစ်ကုန်အံ့။ ဝတ၊စင်စစ်။ သုသုခံ၊အလွန်ချမ်းသာစွာ။ ဇိဝါမ၊အသက်ရှည်ကုန်၏။ ။ဤတရားဒေသနာတော်အဆုံး၌ ငါးရာကုန်သော သတို့သိဒ္ဓိးတို့သည်သောတာပတ္တိမဂ်ကိုရ၍သောတာပန်ဖြစ်လေကုန်၏။ ။

၂၇။ ဧဇတဝန်ကျောင်းတော်၌သိတင်းသုံးနေစဉ်။

အဂိုလိမာလထေရ်ပရိနိဗ္ဗာန်ပြုရာ၌။ယသပါပံကတံကမ္မံ၊ စသောဒေသနာကိုဟောတော်မူခြင်း။

မြတ်စွာဘုရားသည် သာဝတ္ထိပြည် ဧဇတဝန် ကျောင်းတော်၌ နေတော်မူသောအခါ အဂိုလိမာလထေရ်ကို အာဇကြောင်းပြု၍။ ယသ ပါပံ

ကတံ ကမ္ဘံ၊အစရှိသော တရားဒေသနာတော်ကို ဟောတော်မူ၏။ အ
ကြောင်းဝတ္ထုကား။သာဝတ္ထိပြည်၌ ပဓေနဒီကောသလမင်း၏အမတ်
ပုရောဟိတ် အဂ္ဂပုဏ္ဏားတို့၏ ခင်ပွန်း၊ မန္တာနီမည်သော ပုဏ္ဏားမသည်
ရင့်သောကိုယ်ဝန်ရှိသဖြင့် ဆယ်လစေ့သေ၌၊တနေ့သောည၌ သား
ဘွားတို့။ထိုသားဘွားဆဲသောခဏ၌ သာဝတ္ထိပြည်အလုံးနီရှိသောလေး
မြား ထား လုံ သန်လျက် ခက်ရင်း စသောလက်နက်တို့သည်တဖြိုင်နက်
အလျှံတောက်ကုန်၏။ မင်းကြီး၏အိပ်ရာနံပါး၌ ထားသော မင်္ဂလာသန်
လျက်သည်လည်း အလျှံပြောင်ပြောင်တောက်၏။ ထိုဘွားသောအခါ
အဘပုဏ္ဏားသည် နက္ခတ်ကုံကြည့်သော် ခိုးသူနက္ခတ်ယှဉ်သည်ကိုမြင်
သောကြောင့် ငါ၏သားသည် ခိုးသူဖြစ်လတ္တံ့ဟုနှလုံးသွင်း၍။ ဓိုးသော်
သောနံနက်ထ၌ နန်းတော်သို့ သွား၍ မင်းကြီးအား ချမ်းသာစွာအိပ်ရ
ကြောင်းကိုမေး၏။ ဆရာ၊အဘယ်မျှာချမဲ်းသာစွာအိပ်ရစုံနည်း၊ ယမန်
နေ့ညဉ့်အခါ ငါစွဲသော သန်လျက်သည် ပြောင်ပြောင်တောက်သော
ကြောင့်၊ ဤအကြောင်းသည် ငါ့အား မင်းအဖြစ်မှဖွဲ့လိုသောကြောင့်
ဖြစ်သလော။ အသက်၏ အန္တရာယ်ဖြစ်လိုသောကြောင့်တည်း ဖြစ်သ
လေဟု ကြံစည်အောက်မေ့၍ စိုးရိမ်ခြင်းရှိ၏ဟု မင်းကြီး ဆိုသော်။
အရှင်မင်းကြီး၊စိုးရိမ်တော်မမူလင့်။ ယမန်နေ့ညဉ့်အခါ အကျွန်ုပ်အိမ်၌
သားဘွားသည်။ ထိုသား၏ အာနုဘော်ကြောင့် ကပြည့်လုံး၌ ရှိသော
ထားလုံအစရှိသောလက်နက်တို့သည် အလျှံပြောင်ပြောင်တောက်ကုန်
၏ဟု ပုဏ္ဏားလျှောက်၍။ ထိုသို့တမြိုးကား ဤသူငယ်သည် အဘယ်သို့
ဖြစ်လတ္တံ့နည်းဟု မင်းကြီးမေးလျှင်။ အရှင်မင်းကြီး၊ ခိုးသူဖြစ်လတ္တံ့ဟု
လျှောက်၏။ ဆရာ၊ တယောက်ခိုးသူတည်း ဖြစ်လတ္တံ့လော။ ယင်းသို့
မဟုတ်၊ အစုဘွဲ့၍ရွာဗျက်ပြည်ဗျက်ခိုးသူကဲ့သည်းဖြစ်လတ္တံ့လောဟု မင်း
ကြီး မေးပြန်၏။ အရှင်မင်းကြီး၊ တယောက်တည်းသော ခိုးသူသာဖြစ်
လတ္တံ့ဟု ဆိုပြီး၍။ အရှင်မင်းကြီး၊ ခိုးသူဖြစ်လတ္တံ့သော ဤသူငယ်ကို
သတ်တော်မူဟုဆိုသော်။ တယောက်တည်းသော ခိုးသူသာဖြစ်သည်
ရှိသော် ပယ်တဆောင်လယ်ကွက်၌ရောက်သော နတ်ကောက်သလေး
တန်နှံကဲ့သို့ ပမာဏမပြုလောက်၊ ဓာတ်ဘွယ်ကိစ္စမရှိ။ သင့်သားကိုမွေး
လေတော့ဟုမင်းကြီးဆို၍ မွေးမြူသဖြင့် အမည်မှည့်အံ့သောအခါ ဓိဘ
တို့သည်။ ငါတို့သား၏ဗဟန်းခိုးအာနုဘော်ကြောင့် အလုံးစုံသော သာ

ဝဏ္ဏိပြည်၌ အလုံးစုံသောလက်နက်တို့သည် အလျှံတောက်ပရကုန်၏။ တစုံတယောက်သောသူသည်မျှ ငါတို့သားကို မသွေဉှဲဆဲနိုင်ကုန်ရာဟု နှလုံးသွင်း၍ အဟိ သက ဟူသောအမည်ကို မှည့်ကုန်၏။ ထိုသူသည် အတတ်ပညာသင်လေ့ကျင့်သောအရွယ်သို့ရောက်သောအခါ အတတ်ပညာသင်စိမ့်သောဌါ ဒိဘတို့သည် ထိုလုလင်ကို တက္ကသိုလ်ပြည်သို့ ပို့လေကုန်၏။ ထိုလုလင်သည် ဆရာ့အထံ၌ အကျင့်အာစာရနှင့်ပြည့်စုံသောတပည့်ကောင်းဖြစ်၍ အတတ်သင်၏။ ထိုလုလင်သည် ဆရာ၌ရှိသောကျိုးနွံခြင်းရှိ၏။ နှလုံးကိုပွါးစေတတ်သော ချစ်ဘွယ်သောအကျင့်နှင့်ပြည့်စုံ၏၊ ထိုကြောင့်ဆရာ၌အလွန်အကျွမ်းဝင်၏။ တပည့်ဟောင်းတို့သည် ငါတို့သည် အဟိ သကလုလင်ရောက်လာသည်မှစ၍ မထင်မှားဖွယ်ရာ နှလုံးမသာရှိကုန်သဖြင့် အဟိ သကလုလင်၌ ရန်ငြိုးဖွဲ့၍၊ဆရာနှင့်ကွဲပြားစိမ့်သောဌါ ချောပစ်အံ့သောအကြောင်းကို တိုင်ပင်ကုန်၍ ထိုတပည့်တို့သည်သုံးစုပြု၍ တစုသောတပည့်တို့သည် ဆရာ့အိမ်သို့သွား၍။ ဆရာ၊ဤအိမ်၌တခွန်းသောစကားကိုကြားကုန်၏ဟုဆို၍ အဘယ်သို့ကြားကုန်သနည်းမေးသည်ရှိသော်။ အဟိ သကလုလင်သည် သင်ဆရာတို့၏ အတွင်း၌ ဖျက်ဆီး၏ဟု တိုးတိုးပြောသံကြားသည်ဟုဆိုကုန်၏။ ထိုစကားကိုကြားသော် ဆရာလည်း။ သူယုတ်တို့၊ သွားလေကုန်။ငါ့သားအဟိ သကနှင့် ငါ၏အကြားကိုမဖျက်လင့်ဟု နှင်ထုတ်လိုက်၏။ ထို့အတူတစုသောတပည့်တို့သည်ချောပစ်သောစကားကိုဆရာ့အားဆိုကုန်၏။ ဆရာလည်း ၎င်းနည်းအတူပယ်လေ၏။ တစုသောတပည့်တို့သည်လည်းဖျက်ပြန်ကုန်၏။ ထိုသူတို့၏စကားကိုလည်း ဆရာသည်ပယ်၏။ ထို့နောင် သုံးစုသောတပည့်တို့သည် ပေါင်းပြန်၍။ ဆရာ၊ ကျွန်ုပ်တို့၏စကားကိုမယူသော် စူးစမ်း၍သိတော်မူဟု ဆိုကုန်၏။ ဆရာလည်း သွားလေကုန်သောတပည့်တို့ကိုဖြင့်၍ ချစ်သနားသဖြင့်၊ဤသို့သို့သောစကားသည် အကြောင်းရှိအံ့ဟုနှလုံးသွင်း၍ ထိုအဟိ သကကို သတ်အံ့ဟုကြံ၏။ ထို့နောင်အကယ်၍ငါသတ်အံ့။ ဒိသာပါမောက္ခဆရာသည် ဒိဗိအထံသို့အတတ်သင်အံ့ဟုလာသောတပည့်ကို သတ်လေ၏ဟုကြားကုန်လျှင် တယောက်သောသူမျှ အတတ်သင်အံ့သောဌါ ငါသို့မလာလတ္တံ့။ ဤသို့မလာသော် ငါ့အားလာတ်သပ္ပကာနည်းလတ္တံ့။ စင်စစ်ကား အဟိ သကလုလင်က အတတ်၏အဆုံးကိုပြုမည်၊ တဖြေးဖြေး

သောသူတို့ကို သတ်လေ့ဟုဆိုအံ့။ အကယ်မလွဲသဖြင့် ထိုတဆောင်သောလူတို့တွင် တဖြေယောက်ယောက်သည် အဟိံသကကံသတ်လတ္တံ့။ ဤသို့သတ်၍ အဟိံသကသေမှ ငါ၏ အိမ်တွင် ဖြစ်မှားခြင်း ဗျက်ဆိုးခြင်းအမှုသည် ငြိမ်းလတ္တံ့.ဟုကြံပြီး၍၊ ချစ်သားအဟိံသက၊ သင်သည် တဆောင်သောလူတို့ကို သတ်လေလော့။ ဤသို့သတ်သော သင့်အား အတတ်၏အဆုံးကို ပြုအပ်သည်ဖြစ်လတ္တံ့.ဟုဆို၏။ ထိုစကားကိုကြား၍။ဆရာ၊အကျွန်ုပ်သည် သူတပါးအားနှိပ်စက်ညှဉ်းဆဲခြင်းကိုမပြုသော အမျိုးဌဖြစ်၏။ ထိုကြောင့် တဖြေယောက်သောသူကိုမျှသတ်ခြင်းငှါမစွမ်းနိုင်ဟု ဆို၏။ ဆရာသည် ချစ်သားအဟိံသက၊ မရအပ်သောအဆုံးရှိသောအတတ်သည် အကျိုးမရှိဟုဆို၏။ ယင်းသို့သော်ကား၊ ဆရာ၊ ကောင်းပြီဟုဝန်ခံ၍ အဟိံသကသည် လက်နက်ငါးပါးကိုယူ၍ ဆရာကုန်ရိုး၍တောအရပ်၌နေလျက် တောသို့ဝင်သောသူ၊တောမှထွက်သော သူတို့ကိုသတ်လေ၏။ သတ်၍ ထိုသူတို့၏ပုဆိုးဦးရစ်တို့ကို ယူသည်လည်းဟုတ်။ တဖြေယောက်သေပြီ၊ နှစ်ဖြေယောက်သေပြီဟု မှတ်ကာမျှကို ပြု၍သွား၏။ တဆောင်အရေအတွက်တွင် ဤမျှသော အရေအတွက်သေနှင့်ပြီ။ ဤမျှသော အရေအတွက် ကြွင်းသေး၏ဟု အမှတ်ကိုမပြု။ တချောင်းတချောင်းသော လက်ညှိုးကိုသာ ဖြတ်၍ထား၏။ ထားတိုင်းထားတိုင်းသော လက်ညှိုးတို့သည် ကျိုးငှက်စား၍ ပျောက်ကုန်၏။ ထို့နောင်မှ ကစဉ့်ကလျားထားအပ်သော လက်ညှိုးတို့သည် ပျောက်ကုန်၏ဟု နှလုံးသွင်း၍ နောက်၌ ရရသမျှသော လက်ညှိုးတို့ကို ဘောက်၍ ကြိုးဖြင့်သိုး၍ လည်၌ ပန်းအမှတ်ပြု၍ဆောင်၏။ ထိုသို့လက်ညှိုးတို့ကို ဆောင်သောကြောင့် အဟိံသကဟူသော အမည်ကွယ်၍ အင်္ဂုလိမာလဟူသောအမည်သည် ထင်ရှားဖြစ်၏။ ထိုအင်္ဂုလိမာလသည် အချင်းခပ်သိမ်းတောင့်သွားခြင်း၊ နေခြင်း၊အိပ်ခြင်းကိုပြု၏။ ဟင်းရွက်ရူး ထင်းဒွေ အစရှိသည်အလိုငှါမှ လူတို့သည် တောသို့ သွားခြင်းငှါ မဝံ့ကုန်။ တောသို့ မလာသော် ညဉ့်အခါ၌ ရွာဘွင်းသို့လာ၍ တံခါးရွက်ကိုဖြေ ဖြင့်ကျောက်၍လှစ်၍ အိပ်ပျော်သောသူတို့ကိုသတ်၍လက်ညှိုးကိုဖြတ်ယူ၍သွားလေ၏။ ရွာ၌နေသောသူတို့သည် ရွာမှထွက်၍ နိုဂုံးဇနပုဒ်ကို ဝင်၍နေကုန်၏။ မြို့၌နေသောသူတို့သည်သုံးယူဇနာအရပ်မှစ၍အိမ်တို့ကိုစွန့်၍ သားဖြေးတို့ကိုလက်ကိုင်ကာလာ၍ သာဝတ္ထိပြည်ကိုရံ၍ တပ်

တောင်တာ ခိုင်ခဲ့စွာဘွဲ့၍။ မင်းရင်ပြင်၌ စည်းဝေး၍။ အရှင်မင်းကြီး၏ မိုင်ငံ၌ အဂိုလိမာလအမည်ရှိသော ခိုးသူသည်ရှိ၏ဟု အုတ်အုတ်ကျက်ကျက်မြည်တမ်းဟစ်ကြော်ကုန်၏။ ထိုအခါအဘဖြစ်သော အဂ္ဂပုဏ္ဏားသည် ခိုးသူဟူသည် ငဲ့သားဖြစ်လတ္တံ့ဟုသိ၍ ပုဏ္ဏားမဂဝံ။ အံ့ဖွယ်ရှင်ပ၊ အဂိုလိမာလအမည်ရှိသော ခိုးသူသည်ဖြစ်၏။ ထိုခိုးသူသည် တပါးသူမဟုတ်၊ သင်၏သားဖြစ်သောအဟိံသကပင်တည်း။ ယခုအခါ ဤကာသလမင်းသည် ထိုခိုးသူကို ဘမ်းဆဲ့သောငှါ ထွက်လတ္တံ့။ အဘယ်သို့ပြုပါအံ့နည်းဟု ဆို၏။ ပုဏ္ဏားမလည်း ထိုစကားကိုကြားလျှင်။ အရှင်၊ သွား၍ ငါ့သားကိုယူပါဟုဖေ၏။ ပုဏ္ဏားလည်း။ပုဏ္ဏားမ၊ခိုးသူဟူသည် ကားအကျွမ်းတဝင်မပြု၊အပ်သူတဖယောက်ပင်ဖြစ်သော၊ကြောင့်ငါသွား၍မယူဝံ့ချေဟုဆို၏။မိခင်တို့၏နှလုံးသည်ကား နူးညံ့သောသဘောရှိ၏။ ထို၊ကြောင့် အပြစ်ဖြစ်သောပုဏ္ဏားမသည် ငါ့သားကို ငါသွား၍ယူအံ့ဟု အိမ်မှထွက်၍သွား၏။ ။

ထိုနေ့၌မြတ်စွာဘုရားသည် လောကကိုကြည့်တော်မူသော် အဂိုလိမာလကိုမြင်၍ ငါကြွသွားတော်မူသည်ရှိသော် အဂိုလိမာလအား ချမ်းသာခြင်းရှိလတ္တံ့။ ဖလေးပုန်သောဂါထာကိုကြား၍ ငါ့အထံ၌ရဟန်းပြု၍ အာဘိညာဉ်ခြောက်ပါးနှင့်တကွ အရဟတ္တဖိုလ်ကို မျက်မှောက်ပြုလတ္တံ့။ ငါမသွားမူ အပြီ၌ပြုစုမှား၍ သံသရာဝဋ်ဆင်းရဲမှမထွက်နိုင်လတ္တံ့။ ထို့ကြောင့် အဂိုလိမာလအား သတိုက်ဟတ်ခြင်းကိုပြုအံ့ဟု နံနက်စောစောက သင်္ကန်းကိုရုံးတော်မူ၍ သပိတ်တော်ကိုယူ၍ ပြာဂုတ္တင်းခြံဆွမ်းခံတော်မူ၍ ဆွမ်းစားပြီးသော် အဂိုလိမာလကို သတိုက်ဟံ့သောငှါ ကြွသွားတော်မူ၏။ ထိုအခါ၌ နွားကျောင်း ကျွဲကျောင်းခရိုးသွားစသော သူတို့သည်။ ရှင်ပင်ဘုရား၊ ထိုခရီးကို မသွားပါလေနှင့်။ ထိုခရီး၌ အဂိုလိမာလခိုးသူသည်ရှိ၏။ ထိုသူသည်ကြမ်းထမ်းလှ၏။ သွေးဖြင့်စွန်းသောလက်ရှိ၏။ ထိုးခြင်းခုတ်ခြင်းသတ်ခြင်း၌ ယှဉ်သောနှလုံးရှိ၏။ သတ္တဝါတို့၌ သနားခြင်းကင်း၏။ ထို့ကြောင့် ရွာနိုဂုံးဇနပုဒ်တို့၌ ကုန်သူသည် အဂိုလိမာလကိုဇရာကဲ့သဖြင့် ရွာနိုဂုံးဇနပုဒ်တို့ကို ကုစွန်း၍ပြုလုပ်ကုန်၏။ ထိုရွာနိုဂုံးဇနပုဒ်တို့သည်တော၌ဖြစ်ခဲ့ကုန်၏။ ထိုအဂိုလိမာလသည် လူတို့ကိုသတ်၍ လက်သွေးကိုပန်ဆောင်၏။ ထိုခရီး၌ တကျိပ်နှစ်ကျိပ်သုံးကျိပ်ဝေးကျိပ်စသည် ဖေါင်းစု၍သွားကုန်၏။ ထိုသူတို့သည် အဂို

လိမာလဇ္ဈါလင်္ကာသာ သေပျောက်ခြင်းသို့ ရောက်ကြကုန်ဏ်ဟု မသွားသင့်ကြောင်းကို လျှောက်ကုန်ဏ်။ ထိုသို့လျှောက်သော်လည်း မြတ်စွာဘုရားသည် ဆိတ်ဆိတ် နေတော်မူ၍ သွားဏ်။ နှစ်ကြိမ်မြောက်လည်း ဂြိုးနည်းအတူလျှောက်ဏ်။ နှစ်ကြိမ်မြောက်လည်း မြတ်စွာဘုရားဆိတ် ဆိတ် နေတော်မူ၍ သွားဏ်။ သုံးကြိမ်မြောက်လည်း နွားကျောင်းသား တို့သည် ဂြိုးနည်းအတူ မသွားသင့်ကြောင်းကို လျှောက်ကုန်ဏ်။ သုံးကြိမ်မြောက်လည်း မြတ်စွာဘုရားသည် ဆိတ်ဆိတ်နေတော်မူ၍ သွားဏ်။ ထိုအခါ အဂိုလိမာလသည် မြတ်စွာဘုရားကိုမြင်၍။ အံ့ဘွယ်သဂဲ့ ဂိုစွတကား။ မဖြစ်ဘူးမြိတကား။ ဤခရီးကို တကျိပ်တပူး၊နှစ်ကျိပ်တပူး၊ သုံးကျိပ်တပူး၊လေးကျိပ်တပူးစု၍စု၍ လူတို့သည် သွားရကုန်ဏ်။ ထိုသူတို့သည် ငါ့ဏ်လင်္ကာ သေပျောက်ခြင်းသို့ရောက်ကုန်ဏ်။ စင်စစ်သဖြင့် ဤရဟန်းသည် ဘေးမဂိုသကဲ့သို့ ကယောက်တည်းမထိမဲ့မြင်ပြု၍လာဘိဏ်။ဤရဟန်းကိုငါသတ်အံ့။ဤသို့အကြံဖြစ်ဏ်။ ထိုသို့ကြံပြီးမှ အဂိုလိမာလသည် သန်လျက်ကိုကိုင်၍ အံသွားခဲလျက် မြတ်စွာဘုရားကိုလိုက်ဏ်။ ထိုသို့လိုက်သောအခါ မြတ်စွာဘုရားသည် အကြင်သို့သော ဘန်ဆင်းခြင်းကဲ့သို့ဘန်ဆင်းသော် အဂိုလိမာလသည် လိုက်၍မှီမြဲခြင်းငှါမစွမ်းနိုင်။ ထိုအခြင်းဖြင့် ဘန်ဆင်းတော်မူဏ်။ အဘယ်သို့ ဘန်ဆင်းသနည်းဟူမူကား။ ရေညွှန်ဘန်ဆင်းတော်မူ၍ငင်း၊ ချောက်ကမ်းပါးပြတ် ဘန်ဆင်းတော်မူ၍ငင်း။ သုံးယူဇနာတိုင်အောင် ဘန်ဆင်း၍ ကြွတော်မူဏ်။ အဂိုလိမာလ သည် မြတ်စွာဘုရားကို လိုက်သော်၊ ရေကို ကူးရခြင်း၊ ညွှန်ကိုရှုန်းရခြင်း၊ ချောက်ကိုဆင်းရခြင်း၊ ကောင်ကို တက်ရခြင်းတို့ဖြင့် အလွန်ပင်ပန်း၍ ခံတွင်းခွဲစံတွေးခြောက်ဏ်။ လက်ရင်းတို့ခွဲ ဇွဲသည်ထွက်ကုန်ဏ်။ အိုအချင်းတို့၊ အံ့ဘွယ်ဂိုစွ၊လျင်စွာပြေးသောသမင်ကိုသော်လည်း ထမင်းမွတ်၍ ထိုသမင်သားကို စားအံ့ဟု လိုက်သော် အဘယ့်ကြောင့် မမိဘဲဂိုတုံအံ့နည်း။ ကြပတေသွားမြဖြင့် သွားခဲ့သော ဤရဟန်းကို ငါအားကြိုး၍ လိုက်ပါသော်လည်း မှီခြင်းငှါမစွမ်းနိုင်ဟု အကြံဂိုဏ်။ ရဟန်းကြီး၊ရပ်ဦးလော့ဟုဆိုဏ်။ ထိုစကားကိုကြား၍ မြတ်စွာဘုရားသည်။ အဂိုလိမာလ၊ငါရပ်တော်မူဏ်။ သင်သာမရပ်သည်ဟု ပိန့်တော်မူဏ်။ ထိုစကားကိုကြား၍ အဂိုလိမာလသည် သာကိုဝင်မင်းသားရဟန်းတို့သည်မှန်သော်စကားကိုဆိုကုန်ဏ်။ မှန်သည်ကိုသာဝန်

ခံကုန်၏။ ထိုသို့လျက် ဤရဟန်းသည် သွားလျက်ပင်ငါရပ်၏၊သင်သာ
မရပ်သည်ဟုဆို၏။ အကြင် ငါကြီအောက်မေ့သည်ကား။ ဤရဟန်း
ကြီးကို ငါမေးခဲ့ဟုကြိုပြီး၍ အဂိုလိမာလသည် မေးလိုသည်ဖြစ်၍။ ။
ဂစ္ဆေဝတေ သိ သမဏာ ဋ္ဌိတောမှိ၊မမန္တုဗြို့။သိဋ္ဌိကမင်္ဂိတောတိ။ပုစ္ဆာပိ
တံသမဏာဇေတမတ္ထံ၊ကထံ ဋ္ဌိတော တုံ အဟ မင်္ဂိတောမှိ။ ။ဟူသော
ဂါထာကို ရွတ်၍ မေး၏။ ။အဓိပ္ပါယ်ကား။ ရှင်ရဟန်း၊ သင်သည်
သွားလျက်ပင် ငါရပ်၏ဟုဆို၏။ ရပ်၍နေသော အကျွန်ုပ်ကို သင်သာ
မရပ်ဟုဆို၏။ ရှင်ရဟန်း။ သင့်ကို ဤအကြောင်းကိုမေးပါအံ့။ အဘယ်
အကြောင်းကြောင့် သင်ရဟန်းသည်ကား ရပ်သည်မည်သနည်း၊ ငါ
ကား မရပ်သည်မည်ဟုနည်း ဟူလိုသည်။ ။အဂိုလိမာလအမေးကို
ဖြေလိုသောမြတ်စွာဘုရားသည်။ ။ဋ္ဌိတော အဟံ အဂိုလိမာလ သဗ္ဗ
ဒါ၊သဗ္ဗေသု ဘူတေသု နိဓါယ ဒဏ္ဍံ။တုဝဉ္စပါဏေသုအသညတော်၊
တသ္မာ ဋ္ဌိတော အဟံ တေ မင်္ဂိတောသ္မိ။ ။ဟူသော ဂါထာကို မိန့်
တော်မူ၏။ ။ဤဂါထာ၌ အဓိပ္ပါယ်ကား။အဂိုလိမာလ၊ငါသည် အခါ
ခပ်သိမ်း အလုံးစုံသောသတ္တဝါတို့၌ ဒဏ်ထားခြင်း ထားလက်နက်တို့
ဖြင့် နှိပ်စက်သွေးဆဲခြင်းကုံပယ်၍ သူတော်ကောင်းတရား၌ တည်၏။
ထိုကြောင့်ငါသည်ရပ်၏ဟုဆိုသည်။သင်သည်ကားသတ္တဝါအပေါင်း
တို့၌ ကုယ်နှုတ်နှလုံးမစောင့်သည်ဖြစ်၍ ထားလုံအစဂ္ဂါသောလက်နက်
ဖြင့် ထိုးခုတ်သတ်ပုတ်သွေးဆဲခြင်းပြုသဖြင့် သူတော်ကောင်းတရား၌
မတည်။ထိုကြောင့်သင်သည်သာမရပ်ဟုငါဆိုသည်ဟူလိုသော်။ ။
ထို့နောင်မှ အဂိုလိမာလသည်။ ဋ္ဌိကော အဟံ အဂိုလိမာလ-အစဂ္ဂါ
သော် သိဟနာဒသည် တပါးသောသူသည် ဟောအပ်သော ဂါထာ
သည်မဖြစ်လတ္တံ့။ မဟာမာယာ၏သားဖြစ်သောသိဒ္ဓတ်အမည်ရှိသော
မင်းသား၏ သိဟနာဒဂါထာတည်း။ ကုန်ပြီးသောအာသဝေါရှိသော
ရှင်တော်ဘုရားသည် ငါသူတော်ကောင်းတရား၌ မတည်သောအဖြစ်
ကိုမြင်တော်မူပေစွတကား။ ရှင်ပင်ဘုရားသည် ငဲ့အား သက်ဝင်ခြင်း
ကိုပြုအံ့သောငှါ ဤတောကြီးသို့ လာပေသည် တကားဟု ကြံ၍။ ။
စိရသံ ဝတ မေ မဟ္ဓတော မဒေဟာသိ၊မဟာဝနံဝစမပစ္စုပါဒိသောဟံ။
စရိသာမိ ပဟာယ ပါပံ သုတ္တာန၊ ဂါထံ ဘဂဝန္တံ ဇေတဒေဝါစ။ ။
ဟူသော ဂါထာကို ရွတ်၏။ ။ရှင်ရဟန်း၊ ဤလူနတ်ဗြဟ္မာတို့သည်

ပူဇော်အပ်သော သိလအစရှိသောကျေးဇူးကို ရှာတော်မူလေ့ရှိသော ရှင်ရဟန်းသည် မြင့်ရှည်မှ အကျွန်ုပ်အား သင်ကြားပို့ဆောင်ခြင်းကို ပြုတော်မူထို၍ ဤတောကြီးသို့ကြွလာတော်မူ၏။ ထိုအကျွန်ုပ်သည် ရှင်ပင်ဘုရားတရားတော်ကို ကြားသောကြောင့် သူအသက်ကိုသတ်ခြင်းတည်းဟူသော မကောင်းသောအကျင့်ကိုပယ်၍ သူတော်ကောင်း၏ တရားကိုသာလျှင်ကျင့်ပါတော့အံ့။ဤသို့လျှင် မြတ်စွာဘုရားကိုကြားလျှောက်၏။ ဟူလိုသည်။ ။ထိုနောင် အဂိုလိမာလသည် သန့်လျက် လေး လုံ အစရှိသော အလုံးစုံသောလက်နက်တို့ကို ချောက်ကမ်းပါးပြတ်၌စွန့်ပစ်၍ ဘုရားခြေတော်တို့ကို ရိုသေစွာရှိခိုး၍ ထိုအရပ်၌ပင်လျှင်။ ဘုန်းတော်ကြီးသောရှင်ပင်ဘုရား၊ ရှင်ပင်ဘုရားသည် အကျွန်ုပ်ကိုရဟန်းပြုတော်မူပါလော့ဟုတောင်းပန်၍ ခပ်သိမ်းသောသတ္တဝါအပေါင်းတို့၌ သနားခြင်းရှိတော်မူသောမြတ်စွာဘုရားသည် ဆဒ္ဒန်ဆင်မင်း၏ နှာမောင်းနှင့်တူသော လက်ျာလက်မောင်းတော်ကိုဆန့်၍၊ဟိ ဘိက္ခု သမ္မာ စရထအစရှိသဖြင့်ခေါ်တော်မူလျှင်။ အဂိုလိမာလအား ဆံမုတ်ဆိတ် လူဝတ်ပုဆိုးတို့သည် ကွယ်လေ၍၊ သဒိတ်သင်္ကန်းစသော ရဟန်းပရိက္ခာရှစ်ပါးနှင့်ပြည့်စုံစွာ ထင်ကြပ်ပါလျက် အဝါခြောက်ဆယ်ရှိပြီးသော မထေရ်ကြီးကဲ့သို့ မြတ်စွာဘုရားသို့လည်တော်သောဦးခေါင်းဖြင့်ရှိခိုးလျက် ဇော်ဘိက္ခု ပဉ္စင်းရဟန်း ဖြစ်လေ၏။ အဂိုလိမာလ ဇော်ဘိက္ခုရဟန်းဖြစ်ပြီးသော် ဇနာက်လိုက်ရဟန်းဖြစ်သောအဂိုလိမာလနှင့်တကွဇောတဝန်ကျောင်းတော်သို့ပြန်၍ ခေတော်မူ၏။ နောက်အခါ၌ အဂိုလိမာလမထေရ်သည် ဝိပဿနာကိုပွါးစေ၍ အာသဝေါလေးပါး အကြွင်းမရှိကုန်သည်ဖြစ်၍ ရဟန္တာအဖြစ်သို့ရောက်၍ ပရိနိဗ္ဗာန် ပြုလေ၏။ ။ရဟန်းတို့သည်တရားသဘင်၌စုဝေး၍။ အရှင်တို့၊အဂိုလိမာလထေရ်သည်အဘယ်အရပ်၌ဖြစ်ရှာလေသည်မသိဟုစကားကိုဖြစ်စေကုန်၏။ မြတ်စွာဘုရားသည်လာတော်မူ၍။ ချစ်သားရဟန်းတို့၊ အဘယ်စကားကိုပြောဆိုကြသနည်းဟု မေးတော်မူ၍။ ဘုန်းတော်ကြီးသော အရှင်ဘုရား၊ အဂိုလိမာလထေရ်၏ဖြစ်ရာအရပ်ကို ပြောဆိုကြပေသည်ဟု လျှောက်သော်။အဂိုလိမာလထေရ်သည် ပရိနိဗ္ဗာန်ယူလေပြီဟု ဘုရားမိန့်တော်မူလျှင်။ အရှင်ဘုရား၊ ဤမျှလောက်သောသူတို့ကိုသတ်၍ ပရိနိဗ္ဗာန်ပြုရ၏လောဟုနှေးတော်လျှောက်သဖြင့်၊ ထြေပရိနိဗ္ဗာန်ပြုရ၏

ချစ်သားရေဟာန်းတို့၊ အဂ်ိလိမာလသည်။ ရှေးဦး ကောင်းသော အဆွေ ခင်ပွန်းကိုမရပါ၍ ဤမျှလောက်မကောင်းမှုကိုပြုရသည်။နောက်အခါဦး ဘုရားဟူသော အဆွေခင်ပွန်းကောင်း အထောက်အပံ့ကို ရ၍ မမေ့ မလျော့ ကမ္မဋ္ဌာန်းကိုပွါးစေသဖြင့်။ အကြင်မကောင်းမှုကို ရှေးဦးပြု၏။ ထိုမကောင်းမှုကို အရဟတ္တမဂ်ကုသိုလ်ဖြင့် ဒိတ်အပ်ပြီဟု ဝိန့်တော်မူ၍။ ။ယသ ပါပံ ကတံကမ္မံ၊ကုသလေနဒိ ဓိယတိ။သော မံ လောကံ ပဘာသေတိ၊ အဗ္ဘာ မုတ္တောဝ စန္ဒိမာ။ ။ဟူသော တရားကို ဟော တော်မူ၏။ ။ဒေသနာတော်အဆုံးဦး များစွာသောသူတို့သည် သောတာပတ္တိဖိုလ်အစရှိသည်တို့သို့ရောက်ကုန်၏။ ။

၂၈။ ပသေနဒိကောသလမင်းကြီး၏ အသဒိသဒါနကိုပြန်ရာ။

နဝေကဒရိယာအစရှိသော တရားဒေသနာကို မြတ်စွာဘုရားသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌နေတော်မူသောအခါ အသဒိသအလှူကို အကြောင်းပြု၍ ဟောတော်မူ၏။ တပါးသောအခါ ဇေတဝန်ကျောင်းတော်မှ ဝါကျွတ်တော်မူလျှင် ဒေသစာရီကြွတော်မူ၍ ငါးရာသော ဗုဟန်းတို့ဖြင့် ခြံရံလျက် ဇေတဝန်ကျောင်းတော်သို့ ဝင်၏။ ပသေနဒိကောသလမင်းကြီးသည်ကျောင်းသို့သွား၍ မြတ်စွာဘုရားကို ဆွမဲးဘိတ်၍ ဗိုးသောင်းကဲသောနေ့၌ အာဂန္တုကအလှူကိုစီရင်၍၊ ငါ၏ အလှူကို ရှုလည့်ကုန်ဟု ပြည်သူတို့ကိုခေါ်စေ၍ ပြည်သူတို့သည် လာကုန်၍ မင်း၏အလှူကိုမြင်၍။ နက်ဖြန်အလှိုဌာ မြတ်စွာဘုရားကို ပြည်သူတို့သည် ဘိတ်မန်၍ အလှူကိုစီရင်၍၊ ငါတို့၏အလှူကို အရှင်မင်းကြီးသည်ရှုတော်မူလည့်ပါဟုစေလိုက်ကုန်၏။ မင်းကြီးသည် ထိုပြည်သူတို့၏အလှူကိုမြင်ပြီး၍ ဤပြည်သူတို့သည် ငါ၏အလှူထက်လွန်မြတ်စွာပြုအပ်ပြီ။ငါသည်တဘန်ဖြူဦးအုံဟုတရားဗိုးသောက်သောနေ့၌ အလှူကိုစီရင်ပြန်၏၊ ပြည်သူတို့ဘည် ထိုအလှူကိုမြင်၍တဗိုးသောက်သောနေ့၌အလှူကိုစီရင်ကုန်၏။ ဤသို့လျှင် မင်းကြီးသည် ပြည်သူတို့ကိုရှုံးစေအံ့သောဌာမတတ်နိုင်။ ပြည်သူတို့သည် မင်းကြီးကဲ့ နှိုးစေအံ့သောဌာ မတတ်နိုင်ကုန်။ထိုအခါခြောက်ကြိမ်မြောက်၌ ပြည်သူတို့သည်အဆအရာအဆ

အထောင်ပွါးစေ၍။ အကြင်အခြင်းဖြင့် ဤသူတို့၏အလှူ၌ ဤမည်သော ဝတ္ထုသည်မရှိဟူ၍ကိုအံ့သောဌါမတတ်ကောင်း။ ထိုအခြင်းဖြင့် ပြည့်သူတို့သည် အလှူကို စီရင်ကုန်၏။ ပသေနဒိကောသလမင်းကြီးသည် ဤပြည်သူတို့၏အလှူထက် လွန်မြတ်စွာ ငါသည်မပြုနိုင်လတ္တံ့။ ငါ့အား အသက်ရှင်သဖြင့် အဘယ်အကျိုး ရှိအံ့နည်းဟု ကြံ၍ အိပ်၏။ ထိုဇော အခါ မလ္လိကာဓိဘုရားသည် မင်းကြီးသို့ကပ်၍ အဘယ်ကြောင့် အရှင်မင်းကြီး ဤသို့အိပ်သနည်း။အဘယ်ကြောင့် အရှင်မင်းကြီးအား မျက်စိစသောင့္ကြွေတို့သည်ညှိုးငယ်ကုန်သနည်းဟုမေးလျှောက်၏။ ဓိဘုရား၊ ယခုအခါ သင်သည် မသိပါလောဟူ၍ဆို၍။ အရှင်းမင်းကြီး၊ အကျွန်ုပ်မသိပါဟုလျှောက်သော် မင်းကြီးသည် ဓိဘုရားအား ထိုပြည်သူတို့ကို အလှူပေးရာ၌မသာနိုင်ကြောင်းကိုကြား၏။ ထိုအခါမင်းကြီးကို။ အရှင်မင်းကြီး၊မကြီးလင့်။ အဘယ်သို့အရာ၌ သင်မင်းကြီးသည် ဇရေဖြေကိုအစိုးရသောမင်းသည် ပြည်သူတို့မှ ဂုံးသည်ကို မြင်ဘူးသနည်း၊ ကြားဘူးသနည်း။ အရှင်မင်းကြီးတို့၏အလှူကို အကျွန်ုပ်သည် စီရင်အံ့ဟုဆိုပြီးလျှင် ထိုမလ္လိကာဓိဘုရားသည်အသဒိသအလှူကိုစီရင်အံ့သောဌါ ဖြတ်သောမင်းကြီး၊ သာလကလျှာကို အမည်ရှိသော သစ်သားပျဉ်ဖြင့် ငါးရာသောဇဟန်းတို့၏ ဇံနရာမဏ္ဍပ်ကို အတွင်းအကွေ့၌ပြုလော့။ ကြွင်းသောလူပရိသတ်တို့သည်အပအကွေ့၌နေကုန်လတ္တံ့။ငါးရာကုန်သော ထီးဖြူတို့ကို ပြုစေလော့။ ထိုထီးဖြူတို့ကို ကိုင်၍ ငါးရာသော ဆင်ဘို့သည် ငါးရာကုန်သောရဟန်းတို့၏ အထက်၌ ဆောင်းကုန်လျက် ရပ်ကုန်လတ္တံ့။ ၇စ်စင်း ဆယ်စင်းသော ဖွေလွေတို့ကို ပြုစေလော့၊ ထိုဖွေလွေတို့သည် မဏ္ဍပ်၏အလယ်၌ဖြစ်ကုန်လတ္တံ့။ နှစ်ယောက်နှစ်ယောက်ကုန်သော ရဟန်းတို့၏အကြား၌ တယောက်တယောက်သောမင်းသို့းတို့သည်နေကုန်၍၊နံ့သာအမှုန့်ကိုကြိတ်ကုန့်ဟုဆိုလတ္တံ့။တယောက်တယောက်သော မင်းသို့းတို့သည် ယပ်ကို ကိုင်၍ နှစ်ယောက်နှစ်ယောက်သော ရဟန်းတို့ကို ယပ်ခတ်လျက် ရပ်ကုန်လတ္တံ့။ ထိုမှကြွင်းသော မင်းသို့းတို့သည်ကြိတ်ပြီးကြိတ်ပြီးကုန်သည်နံ့သာမှုန့်ဟိုကိုဆောင်ကုန်၍ ဖွေလွေတို့၌ ထည့်ကုန်လတ္တံ့။ ထိုမင်းသို့းတို့တွင် အချို့သော မင်းသို့းတို့သည် ကြာညိုပန်းအစည်းတို့ကိုကိုင်ကုန်၍။ ဖွေလွေ၌ထည့်ကုန်ပြီးသော်နံ့သာတို့ကိုလှုပ်ချောက်မွှေ၍ နံ့သာဖြင့်ထုံစြေးကိုယူစေကုန်လတ္တံ့။ ပြည်သူ

တို့အား မင်းသို့တို့သည်လည်းမရှိကုန်။ ထီးပြုတို့သည်လည်း မရှိကုန်။ ဆင်တို့သည်လည်းမရှိကုန်။ ဤအကြောင်းတို့ဖြင့် ပြည်သူတို့သည် ရှုံးကုန်လတ္တံ့။ အရှင်မင်းကြီး၊ ဤဆိုတိုင်း ပြုတော်မူလေ့ဟု မည်ကဲ့သို့ သော်။ မိဘုရား၊ကောင်းဖျိကောင်းဖျိ။ သင်သည် ကောင်းသောစကား ကိုဆိုအပ်ဖျိဟု ထိုမိဘုရားဆိုတိုင်းသောအမှတ်ဖြင့် အလုံးစုံကိုပြုစေ ဖျိ။ တယောက်သောရဟန်းအားကား ဆင်တစိုးသည်မလောက်ဝ။ ထို အခါ မင်းကြီးသည် မည်ကဲ့ကို ရှင်မိဘုရား၊ တယောက်သောရဟန်း အား တစိုးသောဆင်သည် မလောက်။ အဘယ်သို့ပြုအံ့နည်းဟု ဆိုဖျိ၊ အရှင်မင်းကြီး၊ ငါးရာသောဆင်တို့သည် မရှိကုန်လော်ဟု မေးသဖြင့်၊ မိဘုရား၊ရှိပါဖျိ။ ရေတွက်သောဆင်မှ ကြွင်းသောဆင်တို့သည် ဆိုးလွ ပျက်လွယ်ကုန်ဖျိ။ထိုဆင်တို့သည်ရဟန်းကိုမြင်၍ ဝေရမ္ဘာလေကဲ့သို့ကြမ်း ထမ်းသည်ဖြစ်ကုန်ဖျိ၊ဟုဆို၏သော်။ အရှင်မင်းကြီး၊ တရားသောဆင်ပျက် ငယ်ဖျိ ထီးပြုကိုကိုင်၍ ရပ်ရာအရပ်ကို အကျွန်ုပ်သိပါဖျိ၊ဟု မည်ကာ မိဘုရားဆိုသဖြင့် အဘယ်အရပ်၌ ဆင်ပျက်ငယ်ကိုထားရအံ့နည်းဟု မင်းကြီးမေးသော် အဂိုလိမာလမထေရ်ဖျိအိမ်း၌ ထားလော့ဟု ဆို၍၊ မည်ကာမိဘုရားဆိုတိုင်း ပြုဖျိ။ ထိုဆင်ပျက်ငယ်သည် အမြီးကိုပေါင် ကြားခွထား၍၊ နားရွက်နှစ်ဘက်တို့ကိုချ၍၊ မျက်စိတို့ကိုမှိတ်၍ ယဉ်လွ စွာသောဆင်ကဲ့သို့ရပ်ဖျိ။ လူများအပေါင်းသည် ဤသို့ပျက်ချော်ကြမ်း ထမ်းသောသဘောရှိသောဆင်ကိုသာကြည့်ဖျိ။ ။

ပသေနဒီကောသလမင်းကြီးသည် ဘုရားအစရှိသောသံဃာတော် ကို ဆွမ်းလုပ်ကျွေးပြီးသော်။ မြတ်စွာဘုရားကို ရှိခိုး၍။ ဘုန်းတော်ကြီး သော အရှင်ဘုရား၊ ဤအလှူဝတ္ထုအတို့၌ အပ်သောဘဏ္ဍာသည်ဂုဏ်း၊ မအပ်သောဘဏ္ဍာသည်ဂုဏ်းဖြစ်ဖျိ။တိုအလုံးစုံကို အရှင်ဘုရားတို့အား သာလျှင်လှူပါဖျိ၊ဟုလျှောက်ဖျိ။ ထိုအလှူပေးရာ၌တနေ့ခြင်းဖြင့်သာလျှင် တဆဲ့ငလေးကုဋေဒုအရေအတွက်ရှိသောအသပြာဥစ္စာကို စွန့်အပ်သည် ဖြစ်ဖျိ။ မြတ်စွာဘုရားသည် ရအပ်သော ထီးပြု၊ ဖနောပလွင်၊ သပိတ်၊ ခြေဆေးအင်းပျဉ်၊ ဤလေးပါးတို့သည် အဘိုးအတိုင်းမသိ ထိုက်ကုန် ဖျိ။ ဤသို့သဘောရှိသည်ကဲ့ပြု၍ မြတ်စွာဘုရားတို့အား ဤအလှူနှင့်အမျှ အတူ လှူခြင်းငှါ စွမ်းနိုင်သောသူ မည်သည်မှ မရှိ။ ထိုကြောင့် ဤအလှူ သည် အသဒိသအလှူမည်ဖျိ။ခပ်သိမ်းသောပများ၌ဤအား ဤအသ

ဒိသအလ္လသည်ကကြိမ်သာဖြစ်၏။ ခပ်သိမ်းသောဘုရားတို့အား အသ
ဒိသအလ္လကိုလည်း ဒိန်းမသာလျင် စိရင်သတည်း။ ။မင်းကြီးအား
ကား၊ ကာဠအမတ်၊ ဇုဏ္ဍအမတ်တို့၍ အမတ်ကြီး နှစ်ယောက်တို့သည်
ဂိုကုန်၏။ထိုအမတ်တို့တွင် ကာဠအမတ်သည်ဤသို့ကြံ၏။ မင်းမျိုးအား
စည်းစိမ် ယုတ်ခဲ့ပြီ။ တနေ့ခြင်းဖြင့် တဆဲ့လေးကုဋေသော ဥစ္စာသည်
ကုန်ခြင်းသို့ရောက်၏။ ဤရဟန်းတို့သည် ဤအလ္လကိုစား၍ ကျောင်းသို့
သွား၍ လျောင်းလျက် အိပ်ကုန်လတ္တံ့။ ထြေမင်းမျိုးသည် ပျက်စီးခဲ့ပြီ
ဟုကြံ၏။ ဇုဏ္ဍအမတ်သည်ဤသို့ကြံ၏။ ထြေအံ့ဘွယ်ဂိုစ္ဆ၊မင်းအဖြစ်၌
မတည်သောသူသည် ဤသို့သဘောရှိသောအလ္လကိုပေးခြင်းငါမတတ်
နိုင်။ခပ်သိမ်းသောသတ္တဝါတို့အားအလ္လအတိုက်မပေးဝေပါ။ငါမူကား
ဤအလ္လကို ဝမ်းမြောက်ပါ၏။ ဤသို့ကြံ၏။ မြတ်စွာဘုရား၏ဆွမ်းဘုန်း
ပေးပြီးသောအဆုံး၌ အနုမောဒနာပြုစိမ့်သောငှါမင်းကြီးသည်သင်တ
ကိုယူ၏။ မြတ်စွာဘုရားသည် ကြံတော်မူ၏။ မင်းကြီးသည် သည်းစွာ
သောအယဉ်ကို ဖြစ်စေသကဲ့သို့ ကြီးစွာသော အလ္လကိုလှူ၏။ လူများ
အပေါင်းသည် စိတ်ကိုကြည်စိမ့်သောငှါ ဓာတ်နိုင်ပါအံ့လော၊ မတတ်
နိုင်ပါအံ့လောဟု ကြံတော်မူသောမြတ်စွာဘုရားသည် ထိုဒမတ်တို့၏
စိတ်ကိုသိတော်မူ၍။ အကယ်၍ ငါသည် မင်းကြီး၏အလ္လနှင့် လျော်က
ပတ်စွာအနုမောဒနာကိုပြုအံ့။ ကာဠအမတ်၏ဦးခေါင်းသည် ခုနစ်စိတ်
ကွဲလတ္တံ့။ ဇုဏ္ဍအမတ်သည်ကား သောတာပတ္တိဖိုလ်၌ တည်လတ္တံ့ဟု
သိတော်မူ၍။ ကာဠအမတ်၌သနားခြင်းကိုစွဲ၍ ဤသို့သောအလ္လကြီးကို
ပေးသောမင်းကြီးအားလေးပုဒ်ရှိသောဂါထာမျှကိုသာဟော၍ နေရာမှ
ထ၍ ကျောင်းသို့ ကြွသွားတော်မူ၏။ ။ရဟန်းတို့သည် အဂိုလိမာလ
ကို။ ငါ့ရှင်၊အသို့နည်း။ ပျက်သောကြမ်းသောဆင်သည် ထီးမိုး၍တည်
သည်ကိုမြင်သော် ငါ့ရှင်သည် မကြောက်လော့ဟု မေးကုန်၏။ အရှင်
တို့၊ ငါသည် မကြောက်ဟူ၍ဆို၏။ ရဟန်းတို့သည် မြတ်စွာဘုရားသို့
ကပ်၍။ အရှင်ဘုရား၊အဂိုလိမာလသည် အရဟတ္တဖိုလ်ကိုကြားသည်
ဟု လျောက်ကုန်၏။ မြတ်စွာဘုရားသည်။ ချစ်သားရဟန်းတို့၊ အဂိုလိ
မာလသည် မကြောက်သည် မှန်၏။ အဂိုလိမာလသည် ကုန်ပြီးသော
အာသဝေါရှိသော ယောကျ်ားမြတ်တို့၏ အကြားဌ အကြီးဖြစ်သော
ယောကျ်ားမြတ်တည်း။ ငါ၏သား အဂိုလိမာလနှင့်တူသော ရဟန်းတို့

သည်မကြောက်ကုန်ဟုမိန့်တော်မူ၍။ ။ဥသဘံ ပဝရံ ဝီရံ၊မဟေသိံ ဝိဇိတာဝိနံ။အနေနဇံ နာဂကံ ဗုဒ္ဓံ၊တမဟံဗြူ။မိဗြာဟ္မဏံ။ ။ဟူသော ဂါထာကိုဟောတော်မူ၏။ ။

ပသေနဒိကောသလမင်းကြီးသည်နှလုံးမသာယာသည်ဖြစ်၍။ ဤသို့သဘောရှိသောပရိသတ်ဖြင့် အလှူပေးခြင်္ဂတည်သောငါ့အား ဇလျောက်ပတ်စွာအနုမောဒနာမပြုမူ၍ တဂါထာမျှကိုသာ ဟော၍ နေရာမှထ၍ မြတ်စွာဘုရားကြွတော်မူလေသည်။ ငါသည်မြတ်စွာဘုရားသခင်အား ဇလျောက်ပတ်သောအလှူကို မပြုမိ။ မလျောက်ပတ်သည်ကို ပြုမိသည်ဖြစ်လတ္တံ့။ အပ်သောဘဏ္ဍာကို မလှူမိ။ မအပ်သောဘဏ္ဍာကို လှူမိသည်ဖြစ်လတ္တံ့။ မြတ်စွာဘုရားသည် ငါ့အားအမျက်ထွက်သည်ဖြစ်ရာ၏။ဤငါ၏အလှူသည် အသဒိသအလှူကြီးမည်၏။ ထိုအလှူနှင့်ဇလျောက်ပတ်သော အနုမောဒနာကို ပြုစုံသောဌါနအပ်၏ဟု ဇေတဝန်ကျောင်းတော်သို့သွား၍ မြတ်စွာဘုရားကိုရှိခိုး၍ ဤသို့လျောက်၏။အသို့ပါနည်း ရှင်ပင်ဘုရား၊ အကျွန်ုပ်သည် လှူအပ်သည်နှင့်ယှဉ်သောဝတ္ထုကိုလှူမိပါ၏လော။ သို့တည်းမဟုတ်၊မလှူအပ်သည်ကို လှူမိလေသလော။ ရဟန်းတို့အား အပ်သောဘဏ္ဍာကို မလှူမူ၍၊ မအပ်သောဘဏ္ဍာကို လှူမိသလောဟူ၍ လျောက်သော်။ မြတ်သောမင်းကြီး၊ ဤသို့လျောက်ခြင်းသည် အဘယ်ကြောင့်နည်းဟု မြတ်စွာဘုရားမေးတော်မူသဖြင့် အရှင်ဘုရားတို့သည် အကျွန်ုပ်အား အလှူနှင့်လျောက်ပတ်စွာ အနုမောဒနာမပြုပါသောကြောင့်တည်းဟု လျောက်၍။ မြတ်သောမင်းကြီး၊ သင်မင်းကြီးသည် လျောက်ပတ်သောအလှူကိုသာလျင်လှူအပ်၏။ ဤသို့အသဒိသအလှူကြီးမည်သည်ကို ဘုရားတဆူအား ဝါကြွမ်းသာလျင် ပေးခြင်းဌါနတော်နိုင်၏။ တဘာန်ဤသို့သဘောရှိသောအလှူကိုပေးခြင်းဌါနမတော်နိုင်ဟု မိန့်တော်မူလေသော်။ ထိုသို့လျောက်၊ ရှင်ပင်ဘုရားသည်၊အဘယ်ကြောင့်အကျွန်ုပ်ကို အလှူနှင့်လျောက်ပတ်စွာအနုမောဒနာပြုတော်မမူပါသနည်းဟု ဇလျောက်ပြန်၍။ မြတ်သောမင်းကြီး၊ ပရိသတ်မစင်ကြယ်သောကြောင့်တည်းဟု မိန့်တော်မူသဖြင့်။ အရှင်ဘုရား၊ ပရိသတ်၌ အဘယ်အပြစ်ရှိသနည်းဟုလျောက်ဖူး၊ထိုသို့လျောက်သောအခါမြတ်စွာဘုရားသည် မင်းကြီးအား အမတ်နှစ်ယောတို့၏နှလုံးသွင်းခြင်းကိုကြား၍။ ကာဠအမတ်၌သနားခြင်းကိုစွဲ၍ အနုမောဒနာကို အလှူနှင့်ဇလျောက်

ပတ်စွာမပြုသေးအဖြစ်ကိုကြားတော်မူ၏။ မင်းကြီးသည်။ကာဠ၊ဤသို့အကြံဖြစ်သည်မှန်၏လော့ဟုမေး၍။အရှင်မင်းကြီး၊မှန်ပေ၏ဟုလျှောက်သော်၊ကာဠ၊သင်၏ဥစ္စာကိုမယူမူ၍ ငါ၏သားမယားတို့နှင့်တကွငါ၏ဥစ္စာကိုငါလှူသည်။ သင့်အား အဘယ်နှိပ်စက်ခြင်းကိုပြုသနည်း။ သင်သွားလေ။ အကြင်ဥစ္စာကို သင့်အားငါပေး၏။ ထိုဥစ္စာသည် ပေးတိုင်းဖြစ်လော့၊ ငါ၏တိုင်းမှကား သင်ထွက်လေဟု ကာဠအမတ်ကိုနှင်ထုတ်၏။ ဇာလ္ပုအမတ်ကိုခေါ်စေ၍။ ဇာတ္တု၊သင့်အား ဤသို့အကြံရှိသည်မှန်၏လောဟု မေး၍ မှန်ကြောင်းကိုလျှောက်သော် ဦးရိုးတော်၊ ကောင်း၏။ သင်ဝရိုးတော်အားကြည်ညိုသည်ဖြစ်၏။ ငါ့အလုပ်အကျွေးကိုယူ၍ ငါသည်လှူအပ်သောနည်းဖြင့်ချနစ်ရက်ပတ်လုံးအဖျက်ကိုပေးလော့ဟုဆုနစ်ရက်ပတ်လုံး မင်းအဖြစ်ကိုဇာတ္တုအားဆောက်နှင်း၍ မြတ်စွာဘုရားကို၊ ဘုန်းတော်ကြီးသောအရှင်ဘုရား၊သူဌေးကြီး၏ဖြစ်ခြင်းကိုရှုတော်မူပါ။အကျွန်ုပ်သည် ဤသို့ပေးအပ်သော အသဒိသအလှူကြီး၌ ဤသူဌေးသည် ပုတ်ခတ်ခြင်းကို ပေးဘိ၏ဟု လျှောက်၏။ မြတ်စွာဘုရားသည်လည်း။ ဩဩမြတ်သောမင်းကြီး၊သူဌေးသည်သူဇာပါး၏အလှူဒါနမနှစ်သက်မူ၍ အပါယ်လေးပါးသို့ လားရ၏။ ပညာရှိသောသူတို့ကား သူတပါးတို့၏အလှူဒါနမနှစ်လိုဝမ်းမြောက်ခြင်းဖြစ်၍နတ်ရွာသို့လားရသည်သာလျှင်တည်းဟုမိန့်တော်မူ၍။ ။နဝေကဒရိယာ ဒေဝလောကံဝဇ္ဈိ၊ဗာလာဟဝေနပ္ပသံသဇ္ဈိ ဒါနံ။မိရော၀ ဒါနံ အနုမောဒမာနော၊တေနေ၀ သောဟာတိ သုခီ ပရတ္ထ။ ။ဟူသောတရားဒေသနာကို ဟောတော်မူ၏။ ဒေသနာတော်အဆုံး၌ ဇာတ္တုအမတ်သည် သောတာပတ္တိဖိုလ်၌ တည်လေ၏။ ။ကဒရိယာ၊စဉ်းလဲဝန်တိုသောသူတို့သည်။ ဒေဝလောကံ၊နတ်ပြည်သို့။ နဝဇ္ဈိ၊မသွားရကုန်။ ဟဝေ၊စင်စစ်။ဗာလာ၊သူဌေးတို့သည်။ ဒါနံ၊ အလှူကောင်းမှုကို။ နပ္ပသံသဇ္ဈိ၊ မချီးမွမ်းကုန်။ မိရော၀၊ ပညာရှိသောသူတော်ကောင်းသာလျှင်။ ဒါနံ၊ကို။အနုမောဒမာနော၊ဝမ်းမြောက်သည်ဖြစ်၍။ တေနေ၀၊ထိုသို့ဝမ်းမြောက်ကာမျှဖြင့်လျှင်။ သော၊ထိုအလှူဒါနဒွဝမ်းမြောက်သောသူသည်။ပရတ္ထ၊တမလွန်လောကဒွ၌။သုခီ၊ချမ်းသာကိုခံစားရသည်။ဟောတိ၊ဖြစ်၏။ ။အနက်။ ။

၂၉။ သုန္ဒရိပရိဗိုဇ်မစွပ်စွဲခြင်းကိုပြရာ။

အဘူတဝါဒိ အစရှိသော တရားဒေသနာတော်ကို မြတ်စွာဘုရားသည် သာဝတ္ထိပြည်၌နေတော်မူလျက်။ သုန္ဒရိပရိဗိုဇ်မကို အကြောင်းပြု၍ ဟောတော်မူ၏။ ထိုရောအခါ၌ မြတ်စွာဘုရားအား၎င်း၊ ရဟန်းသံဃာအား၎င်း၊ ဓမ္မ။ဒိပါကျွန်းကို လွှမ်းမိုး၍စီးသော မြစ်ကြီးငါးသွယ်တို့၏ သည်းစွာသောအယဉ်နှင့်အတူ လာဘ်ပူဇော်သက္ကာမြတ်နိုးခြင်းဖြစ်သည်ရှိသော်ယုတ်သောလာဘ်သပ္ပကာရိကုန်သောတိတ္ထိတို့သည် နေထွက်သောအခါ၌ ပိုးစုန်းကြူးသည် အရောင်မရှိသကဲ့သို့ဖြစ်ကုန်၍။ တပေါင်းတည်း စည်းဝေးကုန်၍ တိုင်ပင်ကုန်၏။ ငါတို့သည် ရဟန်းဂေါတမဖြစ်စေသောအခါမှစ၍ ဖျို့တဲ့သော လာဘ်သပ္ပကာရိကုန်၏။ ငါတို့ကိုတစုံတယောက်သည်မျှ ရှိသောအဖြစ်ကိုမသိပြီ။အဘယ်သူနှင့်အကူတကွဖြစ်၍ ရဟန်းဂေါတမ၏ ကျေးဇူးမဲ့ကဲ့ဖြစ်စေလျက် ထိုဂေါတမအားလာဘ်သပ္ပကာပူဇော်သက္ကာရကိုကွယ်ပျောက်စေရအံ့နည်းဟု တိုင်ပင်ကုန်၏။ ထိုအခါ တိတ္ထိတို့သည် သုန္ဒရိပရိဗိုဇ်မနှင့် တကွတပေါင်းတည်းဖြစ်၍ ယုတ်စေနိုင်ကုန်လတ္တံ့ဟု တိုင်ပင်ကြကုန်၍။ ထိုတိတ္ထိတို့သည်တနေ့သ၌ သုန္ဒရိပရိဗိုဇ်မသည်မိမိတို့၏အရံသို့ဝင်၍ရှိခိုးလျက်နေသော် စကားမပြောဘဲနေကုန်၏။ထိုသုန္ဒရိသည် အဘန်တလဲလဲစကားပြောဆိုပါသော်လည်း စကားတုံ့ကိုမရ၍။ အရှင်တို့၊စင်စစ်သဖြင့် တစုံတယောက်သောသူသည် အရှင်တို့ကိုနှိပ်စက်ညှဉ်းဆဲသလောဟုမေး၏။ တိတ္ထိတို့သည်ဆိုကုန်၏။အသို့နည်း နှမသုန္ဒရိ၊ငါတို့ကိုနှိပ်စက်ညှဉ်းဆဲလျက် လာဘ်သပ္ပကာဆွတ်ခူးအောင်ပြု၍ သွားလာသောရဟန်းဂေါတမကို သင်မမြင်ပါသလောဟုဆို၏။ ဤအရာ၌ အကျွန်ုပ်သည် အသို့ပြုခြင်းငှါသင့်မည်နည်းဟု မေးသော်၊ နှမသုန္ဒရိ၊ နှမသည် အလွန်အဆင်းလှ၏။ တင့်တယ်ခြင်းသို့ရောက်၏။ ရဟန်းဂေါတမအားအကျော်အစောမဲ့ကိုတင်၍ လူအပေါင်းတို့အား နှမစကားကိုယူစေ၍ လာဘ်သပ္ပကာ ကင်းပျောက်သည်ကို ပြုလော့ဟုဆိုကုန်၏။ ထိုသုန္ဒရိသည်ကောင်းပြီဟုဝန်ခံ၍ဘဲလေ၍။ ထိုနေ့မှစ၍ပိန်းနုံ့သာနုံ့သာပျောင်းအကျော် ကရမက် စသည်တို့ကိုယူ၍၊ညအခါ လူများအပေါင်းတို့၏ တရားနာပြီး၍ မြို့သို့ဝင်လေသောအခါ၌ ဓမ္မတဝန်ကျောင်းတော်သို့ ရှေးရှု

လှည့်ချေကုန်။သုန္ဒရီအကောင်ကိုလည်း ထမ်းလေကုန်ဟု ထမ်းခြံလည်စေ၏။တိထ္ထိတို့သည်မင်းဆိုတိုင်းပြုရကုန်၏။ဓိက်သောလူများအပေါင်းတို့သည် သာသနာ၌ယုံကြည်၏။ တိထ္ထိတို့သည်ၜင်း၊ သေသောက်ကြွေးတို့သည်ၜင်း၊ လူသတ်ဒဏ် ပေးခြင်းသို့ ရောက်လေကုန်၏။ မြတ်စွာဘုရားအား ထိုအခါမှစ၍ လခတ်သပ္ပကာအတိုင်းထက်အလွန် ပြန့်ပွါး၏၊ ။ဤသို့ သုန္ဒရီစွပ်စွဲခြင်းကိုခံရသော အကြောင်းမှာ ငါတို့ဘုရားလောင်းသည် မုနာဠိအမည်ရှိသော သေသောက်ကြွေးဖြစ်သော အခါသုရသိအမည်ရှိသောအရှင်ပစ္စေကဗုဒ္ဓါကိုဒုဿီလပါပဓမ္မဟူ၍ဆဲရေးစွပ်စွဲချေသောကြောင့်ခံရသတည်း။ ။

၃၀။ မြတ်စွာဘုရားနှင့်တကွရဟန်းငါးရာကိုမီးကျီးတွင်းခွ ချအုံ့ဟုကြံမှားလောတိထ္ထိယသာဝကရဟဒိန္နနှင့် ဗုဒ္ဓသာဝကသိရိဂုတ္တတို့အကြောင်း။

ယထာသက်ဘာရဒ္ဒဘာနသို့၊ အစရှိသောတရားဒေသနာကို မြတ်စွာဘုရားသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌နေတော်မူသော အခါ ဂရဟဒိန္နမည်သောနိဂဏ္ဌတို့၏တပည့်တို့ကိုအကြောင်းပြု၍ ဟောတော်မူ၏။ ဝတ္ထုကား၊သာဝတ္ထိပြည်၌။သိရိဂုတ္တအမည်ရှိသောသူ၊ဂရဟဒိန္နအမည်ရှိသောသူ၊ ဤသူနှစ်ယောက်တို့သည် အဆွေခင်ပွန်းဖြစ်ကုန်၏။ထိုသူနှစ်ယောက်တို့တွင်၊သိရိဂုတ္တသည်မြတ်စွာဘုရားအားကိုးကွယ်ဆည်းကပ်သောဒါယကာတည်း။ဂရဟဒိန္နကား နိဂဏ္ဌတိထ္ထိတို့၏တပည့်တည်း။ နိဂဏ္ဌတို့သည် ဂရဟဒိန္နကို ဤသို့မပြတ်ဆိုကုန်၏။ သင်၏အဆွေဖြစ်သောသိရိဂုတ္တကိုသင်သည်ရဟန်းဂေါတမကိုဆည်းကပ်၏။ဂေါတမအထံမှသင်သည်အဘယ်ကိုရသနည်းဟုဆို၍အကြင်အခြင်းဖြင့်ဆုံးမသော် သိရိဂုတ္တသည်ငါတို့သို့ဆည်းကပ်၍ ငါတို့အားလှူဒါန်းဝတ္ထုကိုလှူလာတတ်၏။ ထိုအခြင်းဖြင့်ဆုံးမခဲ့သော်ငါ့ မအပ်လောဟုဆိုကုန်၏။ ဂရဟဒိန္နသည် ထိုတိထ္ထိတို့၏စကားကို ကြား၍ မပြတ်သွား၍ ရပ်ရာထိုင်ရာ အစရှိသည်တို့၌ သိရိဂုတ္တကို။ အချင်းသိရိဂုတ္တ၊ သင့်အားရဟန်းဂေါတမဖြင့် အဘယ်ပြုအံ့နည်း၊ ထိုဂေါတမသို့ဆည်းကပ်၍အဘယ်ကိုရလတံ့နည်း၊ သင်သည်ငါ၏အရှင်တို့ကို ဆည်းကပ်

အံ့သောဌါ မသင့်သလော။ ထိုငါ၏အရှင်တို့အား လှူအံ့သောဌါမအပ် သလောဟူ၍ဆို၏။ သိရိဂုတ္တာသည် ထိုသူ၏စကားကိုကြား၍ များစွာ သောနေ့တို့၌ တိတ်တိတ်နေပြီး၍။ တနေ့သ၌။ အချင်းဂရဟာဒိန္နေ၊ သင် သည် မပြတ် ငါ့ကိုရယ်ရာထိုင်ရာစသည်တို့၌ ဤသို့ဆို၏။ အချင်း၊သင် သည် ရဟန်းဂေါတမကိုဆည်းကပ်၍ အဘယ်ကိုရလတ္တံ့နည်း။ ငါ၏ အရှင်တို့ကိုဆည်းကပ်၍ ထိုအရှင်တို့အားအလှူကိုပေးလောဟု ဆို၏။ ရှေးဦးစွာ သင်၏အရှင်တို့သည် အဘယ်ကိုသိမြင်ကုန်သနည်းဟု မေး၏။ ဒုံ့ဘွယ်ရှိစွ။ အချင်း၊ဤသို့မဆိုပါလင့်။ ငါ၏အရှင်တို့အား မသိသော မည်သည်မရှိ။ အလုံးစုံ အတိတ် အနာဂတ် ပစ္စုပ္ပန်ကိုသိ၏။ ဤအလုံးစုံသော ကာယကံ ဝစီကံ မနောကံကိုသိကုန်၏။ ဤသည်ဖြစ်လတ္တံ့။ ဤသည်မဖြစ်လတ္တံ့။ ဤအလုံးစုံဖြစ်ထိုက်သည်မဖြစ်ထိုက်သည်ကိုသိကုန်၏ဟုဆို၏။ သို့ဖြစ်သော် ဤမျှလောက်ကာလပတ်လုံး ဤအကြောင်းကို သင်သည်ငါ့အားမကြားမူ၍အကြင်အမှုကိုပြု၏၊ ထိုအမှုသည် ဝန်လေး၏။ ယခုငါသည် အရှင်ကောင်းတို့၏ဉာဏ်၏အာနုဘော်ကို သိအပ်ပြီ။ အရှင်ဂရဟာဒိန္နေ၊သွားချေ။ သင်၏ အရှင်ကောင်းတို့ကို ငါ၏စကားဖြင့် ဆွမ်းဘိတ်ခေါ်ချဟုဆို၏။ ထိုဂရဟာဒိန္နေသည် နိဂဏ္ဌတို့၏အထံသို့သွား၍ ရှိခိုး၍၊ အကျွန်ုပ်၏ ခင်ပွန်းဖြစ်သော သိရိဂုတ္တာသည် နက်ဖြန်အလှူဌာ အရှင်ဘုရားတို့ကို ဆွမ်းဘိတ်ပါ၏ဟုဆို၏။ သိရိဂုတ္တာသည် ကိုယ်တိုင်ပင် သင်းဆိုသောလောဟုမေး၍။ အရှင်ကောင်းတို့၊ ခြေဟုတ်၏ဟုဆိုသော် တိတ္ထိတို့သည်နှစ်သက်ကုန်သည်ဖြစ်၍။ငါတို့၏ကိစ္စသည် ပြီးပြီ။ သိရိဂုတ္တာသူဌေး၏ငါတို့၌ကြည်ညိုသောအခါမှစ၍ အဘယ်မည်သော မပြည့်စုံခြင်းသည်ငါတို့အားရှိလတ္တံ့နည်းဟုဆိုကုန်၏။ ။

သိရိဂုတ္တာအိမ်သည်ကား ကြီးစွာ၏။ ထိုသိရိဂုတ္တာအိမ်၌ နှစ်အိမ်တို့၏ အကြားဒွါအလျားအားဖြင့်ရှည်စွာသောတွင်းကိုတူးစေ၍၊မစင်ရေညွှန်ဖြင့်ပြည့်စေ၍။ တွင်း၏အပဒွါနှစ်ဘက်သောအစွန်းတို့၌ သစ်ထုတ်တို့ကို နှက်စေ၍။ ထိုသစ်ထုတို့၌ကြိုးတို့ကိုဘွဲ့၍ ညောင်စောင်းရှေခြေတို့ကို တွင်း၏ ရှေ့နံပါး၌ ထားဆစေ၍ နောက်ခြေတို့ကို ကြိုးတို့၌ ထားစေ၏။ ဤသို့ပြုသဖြင့် ထိုင်သောအခါ၌သာလျှင် မစင်စွန့်ပြည့်သောတွင်းသို့ ဦးခေါင်း စောက်ထိုး ကျကုန်လတ္တံ့ဟု မှတ်လျက်။ အကြင်အခြင်းဖြင့် တွင်းသည်မထဲင်။ ထိုအခြင်းဖြင့် အပေါ်လွှမ်းခင်းနှီးတို့ကို ခင်းစေ၏။

ကြီးစွာကြီးစွာကုန်သောအိုးစရည်းတို့ကိုတည်စေ၍ ဌက်ပျောရွက်တို့ဖြင့်ဝင်း၊ပုဆိုးပုဝါတို့ဖြင့်ဝင်း၊ အိုးမျက်နှာတို့ကိုဝိတ်ဘွဲ့စေ၍၊ အချည်းစည်းဖြစ်ကုန်သောအိုးတို့၌သာလျှင် ယာဂုထမင်းလုံးထောပတ်တင်လဲမုန့်တို့ဖြင့်လိမ်းကျံသည်တို့ကိုပြုစေ၍ အိမ်၏နောက်အာဘို့၌ထားစေ၏။ ဂရဟာဒိန္နသည် နံနက်စောစောထိသိရိဂုတ္တ၏အိမ်သို့လျှင်စွာလာ၍ အာရှင်ကောင်းတို့အား ပူဇော်သက္ကာရကို စီရင်၍ပြီးပါပြီလောဟုမေး၏။ အချင်း၊ စီရင်၍ပြီးပါပြီဟုဆိုသော် ထိုအလုံးစုံသည် အဘယ်၌ရှိလေသနည်းဟုမေး၍ဤမျှကုန်သောအိုးတို့၌ပယာဂု။ ဤအိုးတို့၌ထမင်း။ဤမျှကုန်သောအိုးတို့၌ ထောပတ်တင်လဲမုန့်အစရှိသည်တို့သည်ရှိကုန်ပြီ။နေရာတို့ကိုလည်း ခင်းအပ်ပြီဟုဆို၏။ ထိုဂရဟာဒိန္နသည် ကောင်းပြီဟုဆို၍ သွားလေ၏။ ဂရဟာဒိန္နဇ၏သွားလေပြီးသောအခါ၌ ငါးရံသော နိဂဏ္ဌတို့သည်လာကုန်၏။ ထိုသိရိဂုတ္တသည် အိမ်မှထွက်၍ ငါးပါးသောထိခြင်းဖြင့်နိဂဏ္ဌတို့ကိုရှိခိုး၍။ ထိုတိတ္ထိတို့၏ရှေ့မှလက်အုပ်ချီလျက် ရပ်၍ စိတ်ထဲကကြံ၏။ သင်တို့သည် အတိတ်အနာဂတ်အစရှိသော အလုံးစုံကိုသိကုန်သည်ဟုသင်တို့အလုပ်အကျွေးဂရဟာဒိန္နသည် ငါ့အားပြောဆို၏။ အကယ်၍ နင်တို့သည် မှန်စွာသိကုန်အံ့။ ငါ၏အိမ်သို့ မဝင်ကုန်လင့်။ငါ၏အိမ်သို့ဝင်ကုန်သောနင်တို့အားယာဂုထမင်းလည်းမရှိ။ထောပတ်တင်လဲစသည်တို့သည်လည်း မရှိကုန်။ အကယ်၍ မသိသဖြင့် နင်တို့ဝင်လာကုန်အံ့။ မစင်ဖြင့်ပြည့်သောတွင်း၌ နင်တို့ကိုချ၍ရိုက်ပုတ်အံ့။ ဤသို့ ကြံပြီး၍ ကျွန်ယောကျ်ားတို့အား အမှတ်ကို ပေး၏။ ထိုသူတို့၏ထိုင်သောအဖြစ်ကို သိ၍၊ နောက်အာဘို့၌ ရပ်၍၊ ညောင်စောင်းတို့၏အထက်၌ ခင်းနှီးတို့ကိုရပ်ကုန်လော့။ ထိုသူတို့သည် မစင်တွင်း၌ကျ၍။ မစင်ဖြင့် လိမ်းကျံစေသတည်းဟု အမှတ်ပေးပြီးသော အခါ၌ နိဂဏ္ဌတို့ကို။ အာရှင်ဘုရားတို့၊ လာတော်မူကုန်လော့ဟု ဆိုသော်။ နိဂဏ္ဌဟူသည်ဝင်ကုန်၍ ခင်းအပ်သောဇနရာ၌ ထိုင်အံ့သောငှါ အားထုတ်ကုန်၏။ထိုအခါထိုနိဂဏ္ဌတို့ကို သူငြေးကျွန်တို့သည်ဆိုကုန်၏။ အာရှင်ဘုရားတို့၊ငုံဦးလော့၊ ရှေးဦးစွာမထိုင်တည့်ပါကုန်လင့်။ အဘယ့်ကြောင့်နည်းဟူမူ၊ငါတို့အိမ်သို့ဝင်ရောက်သောသူတို့အား ဝတ်ကိုသိ၍ထိုင်အံ့သောငှါအပ်၏ဟုဆို၍။ ဒါယကာတို့၊ အဘယ်သို့ပြုခြင်းငှါအပ်သနည်းဟု မေးသော်။ ပိဓိတို့အားရောက်သော် နေရာ၏အရင်းခံရပ်၍နေပြီးမှ ခပ်သိမ်း

သောသူတို့သည် တပြိုင်နက်တည်းထိုင်အပ်ဏ်ဟုဆိုကုန်ဏ်။ ထိုနိဂဏ္ဌ တို့သည် ထိုသူတို့ဆိုသောစကားကို လိုက်နာအံ့၊သောငှါ အပ်ဏ်ဟုခြဲကုန်၍။အလုံးစုံငါးရာသောနိဂဏ္ဌတို့သည် မိမိတို့အားဧရောက်သောနေရာဏ်အရင်းခွဲရပ်ကုန်ဏ်၊ ထိုအခါ အရှင်ဘုရားတို့၊ လျင်စွာတပြိုင်နက်တည်းဖြင့် ထိုင်ကုန်လေ့ဟုဆို၍ ထိုတိတ္ထိတို့ဏ်ထိုင်သောအဖြစ်ကိုသိလျှင် ညောင်စောင်းတို့ဏ်အထက်ခွခင်းနှီးတို့ကိုရပ်လိုက်ကုန်ဏ်။ နိဂဏ္ဌတို့သည် တပြိုင်နက်တည်းထိုင်ကုန်သော် ကြိုးတို့ဏ်အထက်ခွ ညောင်စောင်းခြေတို့သည် လျှောကျ၍ ဦးခေါင်းစောက်ထိုး မစင်တွင်းခွ ကျပေလကုန်ဏ်။သိရဂုတ္တသည်ထိုနိဂဏ္ဌတို့ကျကုန်ပြီးသော် အိမ်တံခါးကို ပိတ်စေ၍ တက်လာတိုင်း တက်လာတိုင်းသော နိဂဏ္ဌတို့ကို အတိတ်အနာဂတ်ပစ္စုပ္ပန်ကို အဘယ်ကြောင့် နှင်တို့မသိကုန်သနည်းဟု တုတ်လုံးကနဲတို့ဖြင့်ရိုက်ခတ်၍ ဤမျှဖြင့်သင့်လတ္တံ့ဟု တံခါးကိုဘွင့်စေ၍။ ထိုနိဂဏ္ဌတို့သည်ထွက်ပြေးခြင်းငှါအားထုတ်ကုန်ဏ်။ ထိုတိတ္ထိတို့ဏ်ပြေးရာခရီးခွကား နရပဇတ်တို့ဖြင့် အပြေအပြစ်ပြုအပ်သောမြေခွ အခင်းတို့ကိုပြုစေဏ်။ထိုတိတ္ထိတို့သည် ထိုအခင်းခွမတည့်ကုန်မူ၍ လည်းကုန်သောတိတ္ထိတို့ကို တဘန်ရိုက်ပုတ်ပြန်၍။ဤမျှသည် နှင်တို့အားတန်ပြီဟုလွှတ်လိုက်ဏ်၊ ထိုတိတ္ထိတို့သည် သင်္ဃသည်ငါတို့ကိုဖျက်ဆီးအပ်ပြီ၊သင်္ဃသည်ငါတို့ကိုဖျက်ဆီးအပ်ပြီဟုမြည်တမ်း၍ ဂရဟဒိန္နအိမ်သို့လာကုန်ဏ်။ ဂရဟဒိန္နသည် ထိုသို့သော ဘောက်ပြန်ခြင်းကိုမြင်လျှင် အမျက်ထွက်၍ သိရိဂုတ္တသည်ဖျက်ဆီးဏ်။ လက်ကိုဆန့်၍ရိုးကုန်သောသူတို့အား နတ်ပြည် ခြောက်ထပ်ခွ အလိုရှိတိုင်း ပေးခြင်းငှါ စွမ်းနိုင်သောကောင်းမှဏ်လယ်ဖြေသဘွယ်ဖြစ်သော ငါ၏အရှင်ကောင်းတို့ကိုဖျက်စီးခြင်းသို့ရောက်စေဏ်ဟု မင်းအိမ်သို့သွား၍ ထိုသိရိဂုတ္တအားအသပြာတဆယ်ဒဏ်ကိုပြုစေဏ်၊ ထိုရောအခါ သိရိဂုတ္တအား ပဒေသနဒီကောသလမင်းကြီးသည် သတင်းစကားကိုဒေစလိုက်ဏ်။သိရိဂုတ္တလည်း မင်းကြီးထံသွား၍ရိုးလျက် မြတ်သောမင်းကြီး၊ စိစ်ဆဲ၍ဒဏ်ကိုယူတော်မူကုန်လော့။ မစိစ်မူ၍ယူတော်မမူပါလင့်ဟုလျှောက်ဏ်။ စိစ်ဆင်ခြင်၍ယူအံ့ဟု မင်းကြီးဆိုသော်။ အရှင်မင်းကြီး၊ အကျွန်ုပ်ဏ်အဆွေခင်ပွန်းဖြစ်သောဂရဟဒိန္နသည် အကျွန်ုပ်သို့ကပ်၍ မှော်ရာထိုင်ရာအစရှိသည်တို့ဒွခြံမပြတ်ဤသို့ဆိုဏ်။ အချင်းသိရိဂုတ္တ၊ သင့်အားရဟန်းဂေါတမဖြင့်

အဘယ်ပြုအံ့နည်း။ ထိုဂေါတမကို ဆည်းကပ်၍ အဘယ်ကို ရလတ္တံ့. နည်းစသည်ဖြင့် ဂရုဟဒိန္နဆိုသော အလုံးစုံသောစကားကို သိရိဂုတ္တာ ပြန်ကြား၍။ အခွင့်မင်းကြီး၊ ဤအကြောင်းဌာ အကျွန်ုပ်အား ဒဏ်ကိုယူ ခြင်းငှါ အကယ်၍သင့်အံ့၊ယူဆောတော်မူဟုဆို၏။ မှင်းကြီးသည် ဂရုဟဒိန္နကုကြည့်၍ သင်သည် ဤသို့ဆိုသည်မှန်၏လောဟု မေး၏။ အခွင့်မင်းကြီး၊ မှန်ပေ၏ဟုလျောက်သော်။ သင်သည် ဤမျှသောအမှုကိုမျှလည်း မသိသော တိတ္ထိတို့ကဲ့ သို့အခွင့်တို့သည် အလုံးစုံကိုသိ၏ဟု အဘယ်ကြောင့် သိရိဂုတ္တာအားဆိုသနည်း။ သင်တပ်အပ်သောဒဏ်သည် သင့်အားသာလျှင်ဖြစ်စေလော့ဟု ထိုဂရုဟဒိန္နအား ဒဏ်ကိုရောက်စေ၏။ ထိုဂရုဟဒိန္နဏ်ဆရာတိတ္ထိတို့ကိုလည်းပုတ်ခတ်၍နှင်ထုတ်ပိုင်လေ၏။

ထိုဂရုဟဒိန္နသည် သိရိဂုတ္တာကဲ့အမျက်ထွက်၍ ထိုနေ့မှစ၍ လခွဲမျှ ကာလပတ်လုံး သိရိဂုတ္တာနှင့်စကားမဆိုနေလျက် ကြံပြန်၏။ ဤသို့လက်တုံ့မပြန်ဘဲနေအံ့သောငှါ၊အားမထိုက်။သိရိဂုတ္တာ၏ဆရာ ရဟန်းဂေါတမတို့အားလည်း ပျက်စီးခြင်းကို ငါသည်ပြုအံ့သောငှါအပ်၏ဟု ကြံဖြိုးလျှင်၊ သိရိဂုတ္တာသို့ကပ်၍ အရှယ်တူသိရိဂုတ္တာဟု ခေါ်လေ၏။ အသို့နည်း အခါငါး ဂရုဟဒိန္နဟူ၍ဆိုလေသော်။ အခါငါးသိရိဂုတ္တာ၊ အဆွေခင်ပွန်း ကောင်းသောနှလုံးရှိသော သူတို့အား ကိုယ်လက်တွန်းထိုး၍၊ ဆန့်ကျင်သော သင်နှင်စသောစကားကိုဆိုခြင်း၊ ငြင်းခုံခြင်းမည်သည် ဖြစ်ကြလေတော့သည်၊ သင်သည် ဝါစုံတခုသော စကားကိုမျှ မဆို။ အဘယ့်ကြောင့် ဤသို့ပြုသနည်းဆိုသော်။ အခွင့်၊ ငါနှင့်တကွသင်၏ စကားမဆိုသည့်အဖြစ်ကြောင့် ငါလည်းစကားမဆိုဟုဆိုလျှင်။ အခွင့်သိရိဂုတ္တာ၊ အကြင်စကားမဆိုခြင်းကို ငါသည်ပြုအပ်၏။ ထိုစကားမဆိုခြင်းကိုပြုခဲသည်ဖြစ်စေ။ သင်တို့ ငါတို့သည် အခွစ်ကိုမပျက်ကြကုန်လတ္တံ့ဟုဆို၍။ ထိုနေ့မှစ၍ ထိုနှစ်ယောက်တို့သည် အတူတကွရပ်ကုန်ထိုင်ကုန်၏။ထိုရောအခါ တနေ့သ၌ သိရိဂုတ္တာသည် ဂရုဟဒိန္နကို။ အခွင့်၊ သင့်အား နှာဂတ္တာတို့ဖြင့် အဘယ် ပြုအံ့နည်း။" ထိုနှာဂတ္တာတို့ကို ဆည်းကပ်၍ အဘယ်ကိုရလတ္တံ့နည်း။ ငါ၏ဆရာ မြတ်စွာဟုရားကို ဆည်းကပ်အံ့သောငှါရင်း၊ လွှတ်အံ့သောငှါရင်း၊ သင့်အား မပြုအပ်ပါသလောဟူ၍ဆိုသော်။ ထိုဂရုဟဒိန္နသည် ဤမျှသောစကားကိုပင်တောင့်တ၏။ ထို့ကြောင့် ထိုဂရုဟဒိန္နအား ယားဇသောအရာ၌ဖျောက်ဖိသကဲ့

သို့ဖြစ်၏။ ထိုဂရုဟဒိန္နသည် သိရိဂုတ္တာကို သင်၏ဆရာဘုရားသည် အာဘယ်ကိုသိသနည်းဟုမေး၏။ အို့အချင်း၊ ဤသို့မဆိုပါလင့်။ ငါ၏ဆရာဘုရားသည် မသိသောမည်သည်မရှိ။ အတိတ်အစရှိသောအလုံးစုံကို သိတော်မူ၏။ တဆဲ့ခြောက်ပါးသောအခြင်းအရာတို့ဖြင့် သတ္တဝါတို့၏စိတ်ကို ထိုင်းခြားတော်မူ၏ဟုဆိုသေး။အချင်းသိရိဂုတ္တာ၊ငါသည် ဤအကြောင်းကိုမသိပါ။ အဘယ်ကြောင့် ငါ့အား ဤမျှလောက်ကာလပတ်လုံး ဤအကြောင်းကိုမပြောဆိုပါသနည်း။ ထိုသို့တပြီးကား၊ သိရိဂုတ္တာ၊ သင်သည်သွား၍ သင်၏ဆရာဘုရားကိုဘိတ်မနှပါခဲ့။ ဆွမ်းကျွေးပါအံ့။ ငါးရာသောရဟန်းတို့နှင့် တကွ နက်ဖြန်နေ့၌ ငါ၏ဆွမ်းကို ခံစိမ့်သောငှါဆိုပါခဲ့ဟုဆို၏။သိရိဂုတ္တာသည် မြတ်စွာဘုရားသို့ကပ်၍ ဦးခိုး၍၊ ဘုန်းတော်ကြီးသော အရှင်ဘုရား၊ အကျွန်ုပ်၏အဆွေ ဂရုဟဒိန္နသည် ရှင်ပင်ဘုရားတို့အားဆွမ်းဘိတ်စေအပ်၏။ရှင်ပင်ဘုရားတို့သည် ငါးရာသော ရဟန်းတို့နှင့် တကွ နက်ဖြန်နေ့၌ ထိုဂရုဟဒိန္နဆွမ်းကို ခံတော်မူပါကုန်ဟုလျှောက်၍။တဘန်လျှောက်ပြန်၏။ စင်စစ်ကား ရှေးဦးစွာသောနေ့၌အကျွန်ုပ်သည်ထိုဂရုဟဒိန္နဇ၏ဆရာတိုထွိတို့အား ဤသို့သောအမှုကိုပြုအပ်ပြီ။ အကျွန်ုပ်ပြုအပ်သည်ကို အစားပြုလိုသည်ဟူ၍လည်းအကျွန်ုပ်မသိ။အရှင်ဘုရားတို့အားစင်ကြယ်သောစိတ်ဖြင့် ဆွမ်းလှူလိုသည်၏ အဖြစ်ကိုလည်း အကျွန်ုပ် မသိ။ ဆင်ခြင်တော်မူ၍ သင့်သည်ဖြစ်အံ့၊ သည်းခံတော်မူပါ။ မသင့်လျင် သည်းခံတော်မမူပါလင့်ဟုလျှောံ၏။ မြတ်စွာဘုရားသည် ငါတို့အားဂရုဟဒိန္နသည်လှူလို၏လောဟုဆင်ခြင်တော်မူသော် နှစ်အိမ်တို့၏အကြားခွဲ ကြီးစွာသောတွင်းကိုတူးစေ၍ လှည်းအစီးရှစ်ဆယ်မျှကုန်သော ရှားသားထင်းတို့ကိုဆောင်စေ၍ တွင်းကိုပြည့်စေလျက်မီးကျီးကိုပြု၍ ငါတို့ကိုမီးကျီးတွင်းခွဲချ၍ နှိပ်ခြင်းငှါ အလိုရှိ၏ဟု .မြင်တော်မူပြီး၍။ တဘန် မြတ်စွာဘုရားသခင်သည် ဆင်ခြင်တော်မူပြန်၏။ အသို့နည်း၊ထိုဂရုဟဒိန္နအိမ်သို့သွားခြင်းအကြောင်းကြောင့် အကျိုးရှိမည်လော်မရှိမည်လောဟု ဆင်ခြင်တော်မူသော် ဤအကြောင်းကိုမြင်တော်မူ၏။ ငါသည် ရှားမီးကျီးတွင်းခွဲခြေကိုချအံ့။ ထိုတွင်းကိုမှုံးအုပ်၍ထားသောဗျာသည်ကွယ်လတ္တံ့။ မီးကျီးစုကို ခွဲ၍ လှည်းဘီးမျှလောက်သော ပဒုမာကြာပွင့်ကြီးသည် ပေါက်လတ္တံ့။ ထိုအခါငါသည် ပဒုမာကြာပွင့်ချပ်ကိုနှင်းလျက်သွား၍ နေရာ၌

ထိုင်ရလတ္တံ့။ ငါးရာကုန်သော ရဟန်းတို့သည်လည်း ထိုအတူသွား၍ နေရကုန်လတ္တံ့။ လူမျှားအပေါင်းသည် စည်းဝေးလတ္တံ့။ ငါသည် ထိုအစည်းအဝေးဌာန နှစ်ဂါထာဖြင့် အနုမောဒနာကို ပြုအံ့။ အနုမောဒနာပြုသောအဆုံးဌာန ရှစ်သောင်းလေးထောင်ကုန်သော ဝေနေယျသတ္တဝါတို့ အား မင်္ဂလိရခြင်းသည် ဖြစ်လတ္တံ့။ သီရိဂုတ္တသည်ဌင်း၊ ဂရဟဒိန္နသည်ဌင်း။ သောတာပန်တည်သည် ဖြစ်ကုန်လတ္တံ့။ မိမိ၏ဥစ္စာအစုကို ငါ၏သာသနာတော်၌ ဖရိဖရဲကြဲလတ္တံ့။ ဤအကျိုးကိုမှီ၍ ငါသည်သွား အံ့သောဌါအပ်၏ဟုဆင်ခြင်တော်မူလျက်ဆွမ်းကိုဝန်ခံတော်မူ၏။ သီရိဂုတ္တသည်သွား၍ မြတ်စွာဘုရား၏ဝန်ခံတော်မူခြင်းကို ဂရဟဒိန္နအား ကြား၍။ လူသုံးပါးတို့ထက် ကြီးမြတ်သော မြတ်စွာဘုရားအား ယုဇနာ သင်္ကာရကို ပြုလော့ဟု ဆို၏။ ။ဂရဟဒိန္နသည်လည်း ယခုအခါ၌ ငါသည် ပြုအပ်သည်နှင့် ယှဉ်သည်ကို သိရလတ္တံ့ဟု နှစ်အိမ်တို့၏အကြား၌ ကြိုးစွာသောတွင်းကိုတူးစေ၍၊ လှည်းအစီးရှစ်ဆယ်ကုန်သော ရှားသားတို့ဖြင့် ပြည့်စေ၍ ပြာကိုကင်းစေ၍ တည်ဥပတ်လုံး နှီးဆော်လျက် ရှားမီးခဲအစုကိုပြု၍ တွင်း၏အထက်၌ ပျဉ်ပြားတို့ကို ခင်းစေ၍ ဗျာဖြင့်ဖုံးလွှမ်းလျက် နွားချေးဖြင့်လိမ်းကျ၍ နံပါးတဘက်ဖြင့်အားနည်း သော့လှံတံကိုခင်း၍ သွားရာခရီးကိုပြုစေ၏။ ဤသို့ပြုသဖြင့် နင်းသောအခါ၌ ဝါးခြမ်းတို့သည်ကျိုးကုန်သော် မီးကျီးတွင်း၌ကျလတ္တံ့ဟုမှတ်လျက်ပြု၏။ ထိုဂရဟဒိန္နသူဌေးသည် အိမ်၏နောက်အဘို့၌ သီရိဂုတ္တသူဌေးသည်ထားအပ်သောနည်းဖြင့် အိုးစရည်းကြီးတို့ကိုထားစေ၏။ နေရာတို့ကိုခင်းစေ၏။ သီရိဂုတ္တသည် နံနက်စောစောကလျင် ထိုဂရဟဒိန္နအိမ်သို့သွား၍၊ အဆွေဂရဟဒိန္နာ၊ သင်သည် ပူဇော်သင်္ကာရကို ပြုအပ်ပြီလောဟုမေးသော်။ အဆွေ၊ ထြေပြုအပ်ပြီဟုဆို၍ ထိုအလုံးစုံသည်အဘယ်မျှာနည်းမေးသော် အဆွေလာလှည့်ဟု သီရိဂုတ္တပြောသောနည်းဖြင့်ပြု၏။ သီရိဂုတ္တသည်လည်း ကောင်းပြီအဆွေဟုဆို၍သွား၏။ လူမျှားအပေါင်းသည် ဥည်းဝေး၏ မိန္ဆာဒိဋ္ဌတို့သည်ဘိဂ်မန်အပ်သည် ရှိသော်မျှားစွာသောသူတို့၏အစည်းအဝေးသည်ဖြစ်၏။ မိန္ဆာဒိဋ္ဌအယူရှိသောသူတို့သည်လည်း ရဟန်းဂေါတမ၏ ပျက်စီးခြင်းကို ရှုကုန်အံ့ဟုစည်းဝေးကြကုန်၏။ သမ္မာဒိဋ္ဌိအယူရှိသောသူတို့သည် ယနေ့မြတ်စွာဘုရားသည် ကြီးစွာသော တရားဒေသနာကို ဟောတော်မူလတ္တံ့။

ဘုရား၏တင့်တယ်ခြင်းကိုရှုပါကုန်အံ့ဟုစည်းဝေးကုန်၏။ ဖိုးသောက် သောနေ့၌မြတ်စွာဘုရားသည် ငါးရာသောရဟန်းတို့နှင့်တကွ ဂရဟာ ဒိန္နု၏အိမ်သို့ကြွတော်မူ၏။ဂရဟဒိန္နုသည်အိမ်မှထွက်၍ ငါးပါးသော ထိခြင်းဖြင့်ရိုး၍ လက်အုပ်ချီ၍ရပ်လျက် ကြို၏။ အရှင်ဘုရား၊ အရှင် ဘုရားတို့သည် အတိတ်အနာဂတ်စသောအလုံးစုံကို သိကုန်၏။သတ္တ ဝါတို့၏စိတ်ကို တဆဲ့ခြောက်ပါးသော အခြင်းအရာတို့ဖြင့် ပိုင်းခြား နိုင်ကုန်၏ဟုအရှင်ဘုရားတို့၏အလုပ်အကျွေးသိရဂုတ္တာသည် အကျွန်ုပ် အားဆိုအပ်ပြီ။ ထိုအလုံးစုံကိုအရှင်ဘုရားတို့သည် အကယ်၍သိကုန် အံ့။ အကျွန်ုပ်တို့၏အိမ်သို့ မဝင်ပါကုန်လင့်။ ဝင်ကုန်သောအရှင်ဘုရား တို့အားယာဂုလည်းမရှိ၊ထမင်းဟင်းအစရှိသောအလုံးစုံတို့သည် မရှိ ကုန်။စင်စစ်သော်ကား အရှင်ဘုရားတို့အားလုံးကို မိုးကျိုးတွင်းဦး၍ နှုပ်စက်အံ့ဟုကြို၍လျက် မြတ်စွာဘုရား၏သဝိတ်တော်ကိုယူ၍။ ရှင်ပင် ဘုရား။ ဤအရပ်မှကြွတော်မူပါကုန်ဟုဆို၍ အရှင်ဘုရား၊အကျွန်ုပ်တို့ ၏အိမ်သို့လာကုန်သောသူတို့အား ဝတ်ကိုသိ၍လာအံ့သော်ငါ အပ်၏ ဟုဆို၏။ဒါယကာ၊အဘယ်အို့ပြုအံ့သော်ငါအပ်သနည်းဟု ဘုရားမေး တော်မူသော် တယောက်တယောက်စိုဝင်လျက် ရှေ့မှသွား၍ ထိုင်ပြီး သောအခါ၌ နောက်မှတပါးသောသူသည် လာအံ့သောငါ အပ်၏ဟု လျှောက်၏။ဂရဟဒိန္နုအား ဤသို့သောအကြံသည် ဖြစ်သတတ်။ရှေ့မှ သွားသောသူ၏ မိုးကျိုးတွင်းဦးကျသည်ကိုမြင်လျှင် ကြွင်းသောရဟန်း တို့သည်မလာကုန်လတ္တံ့။တယောကိတယောက်စိ ခွဲခြားသွားစေမှ အလုံးစုံသောရဟန်းတို့အားမိုးကျိုးတွင်းသို့ချရလတ္တံ့ဟုကြံသတည်း။ မြတ်စွာဘုရားသည် ကောင်းပြီဟု မိန့်တော် မူ၍ တယောက်အထိုး တည်းကြွတော်မူ၏။ဂရဟဒိန္နုသည် မိုးကျိုးတွင်းသို့ရောက်လျှင် ရပ် လျက်နောက်သို့ဆုတ်၍။ ရှင်ပင်ဘုရား၊ ကြွတော်မူပါဟု လျှောက်၏။ မြတ်စွာဘုရားသည်မိုးကျိုးတွင်း၏အထက်၌ခြေတော်ကိုနင်းဖြန့်တော် မူလျှင်။ဖုံးသောဖျာသည်ကွယ်ပျောက်လေ၏။မိုးကျိုးကိုခွဲလျက်လည်း ဘီးမျှလောက်ကုန်သောပဒုမာကြဲပွင့်တို့သည်ပေါက်ကုန်၏။မြတ်စွာ ဘုရားသည် ပဒုမာကြဲပွင့်ချပ်၌ နင်းဖဟ်မူလျက် ကြွတော်မူ၍ ခင်း အပ်သောဘုရားနေရာ၌နေတော်မူ၏။ရဟန်းတို့သည်လည်း ထို့အတူ သွား၍နေကုန်၏။ ဂရဟဒိန္နု၏ကိုယ်၌အပူသည်တက်၏။ထိုဂရဟဒိန္နု

သည် လျင်စွာပြေး၍ သီရိဂုတ္တာသို့ကပ်၍။ အရှင်သီရိဂုတ္တာ၊ ငါ့အား တ
ကိုယ်လုံးပူလောင်ခဲ့၏ဟူ၍ဆို၏။ ဤသို့ဖြစ်ခြင်းသည်အဘယ်ကြောင့်
နည်းဟုမေးသော် ငါးရာသောရဟန်းတို့သုံးဆောင်ရန်ငါ့အိမ်၌ယာဂု
ထမင်းစသည်တို့သည် မရှိပါ။ အဘယ်သို့ပြုရအံ့နည်းဟုဆို၏။ သင်
သည်အဘယ်သို့ပြုသနည်းဟု မေးပြန်သော်။ ငါသည် နှစ်အိမ်တို့၏
အကြားဌ ကြိုးစွာသောတွင်းကို မီးကျီးဖြင့်ပြည့်သည်ကိုပြုစေ၍။ ထို
တွင်းဌ၍ခုန်ဆင်းစေကုန်ဟု ကြံ၏။ ထိုအခါထိုမီးကျီးတွင်းကိုခွဲ၍ ကြိုးစွာ
သောပဒုမာကြာပွင့်တို့သည် ပေါက်ခဲ့ကုန်၏။ ဘုရားအစရှိသောအလုံး
စုံသောရဟန်းတို့သည်ပဒုမာကြာပွင့်ချပ်ဌနင်းလျက်သွားကုန်၍ ခင်း
အပ်သောနေရာဌနေကုန်ပြီ။ ယခုအခါဌ အဘယ်သို့ပြုပါရအံ့နည်းဟု
ဆို၏။ အဆွေ၊ သင်သည် ငါ့အား ဤမျှသောအိုးတို့သည်ယာဂု၊ ဤမျှ
သောအိုးတို့သည် ထမင်းအစရှိသည်တို့တည်းဟု ပြသည်မဟုတ်တုံ
လောဟု ဆိုသော်။ အရှင်သီရိဂုတ္တာ၊ မဟုတ်မမှန် ပျက်မှု စကားသာ
တည်း။ အိုးစရည်းတို့သည် အချည်းစည်းတို့သာ ဖြစ်ကုန်၏ဟု ဆို
သော်။ ဖြစ်စေတော့အဆွေ၊ သွားချေ။ ထိုအိုးတို့ဌ်ယာဂုအစရှိသည်တို့
ကိုကြည့်ချေလေ့ဟုဆို၏။ ထိုခဏာဌထိုဂရဟဒိန္နသည် အကြင်အိုးတို့
ဌ်ယာဂုဟုဆို၏။ ထိုအိုးကိုဌ်ယာဂုတို့သည်ပြည့်ကုန်၏။ အကြင်အိုးတို့ဌ်
ထမင်းအစရှိသည်ကိုပြ၏။ ထိုအိုးတို့ဌ်ထမင်းအစရှိသည်တို့သည်ပြည့်
ကုန်၏။ ထိုသို့ပြည့်စုံခြင်းကိုမြင်၍ဂရဟဒိန္နသည်နှစ်သက်ဝမ်းမြောက်
ခြင်းဖြင့်ပြည့်စုံ၏။ စိတ်သည်ကြည်လင်၏။ ထိုဂရဟဒိန္နသည် ရဟန်းတို့
ဘုရားအမှူးရှိသော ရဟန်း သံဃာကို လုပ်ကျွေး၍ ဆွမ်းဘုန်းပေးပြီး
သော်ဖြတ်စွာဘုရားအား အနုမောဒနာပြုစမ်းသောငှါ သင်္ဃိတ်တော်ကို
ယူ၏။ ဖြတ်စွာဘုရားသည်အနုမောဒနာပြုတော်မူသော်။ ဤသတ္တဝါတို့
သည် ပညာမျက်စိမဖြစ်ခြင်းကြောင့်ငါ၏ဂုဏ်၊ တပည့်သားတော်တို့၏
ဂုဏ်၊ ကျေးဇူးကိုမသိကုန်။ ဘုရားသာသနာတော်၏ကျေးဇူးကိုလည်း
မသိကုန်။ ပညာမျက်စိမှကင်းသော သူတို့သည် သူကန်းမည်ကုန်၏။
ပညာရှိကုန်သောသူတို့သည် မျက်စိအမြင် ရှိကုန်သည်မည်ကုန်၏ဟု
ဟိန့်၍။ ။ယထာသဟ်ာရဋ္ဌာနသို့၊ ဥဏ္ဏိတသို့မဟာပဌေထ။ပဒုမံဘာဏ်ဏ
ာဉယထာ၊သုစိဂန္ဓိမနောရုမံ။ ။ဇေဝံသက်ာရဘူတောသု၊အန္ဓီဘူတော
ပုထုဇ္ဇနော။အတိရောစတိပညာယ၊သမ္မာသမ္ဗုဒ္ဓသာဝကော။ ။ဟူ၍

ဟောတော်မူ၏။ ။မဟာပထောခရိုးမ၌။ ဥဿိတသို့၊ စွန့်အပ်သော။ လက်ဝါရဌာနသို့၊ တံမြက်ခြေးစုအရပ်၌။ သုစိဂန္ဓိ၊ကောင်းသောအနံ့ ရှိသော။ပဒုမံ၊ပဒုမာကြာသည်။ဇာယေထ၊ဖြစ်ငြားအံ့။ တတ္ထ၊၌။ရာဇာဒိနံ၊မင်းအစရှိသောသူတို့အား။ မနောရမံ၊နှလုံးမွေ့လျော်ဘွယ်သည်။ ဘဝေယျ၊ယထာ၊ဖြစ်သကဲ့သို့။ ဇေဝံတထာ၊ထို့အတူ။သက်ဝါရဘူတော သူ၊ တံမြက်ခြေးစုသဘွယ်ဖြစ်ကုန်သော။အဋ္ဌိဘူတော၊အရိုက်အတိဖြစ်ကုန်သော။မုထုဇ္ဇနေ၊ပုထုဇဉ်၌။သမ္မာသမ္ဗုဒ္ဓသာဝကော၊မြတ်စွာဘုရား၏ တပည့်သားသည်။ပညာယ၊ပညာဖြင့်။အတိရောစတိ၊လွန်၍တင့်တယ်၏။ ။ဤဒေသနာတော်၏အဆုံး၌ ရှစ်သောင်းလေးထောင်ကုန်သော ဝေနေယျသတ္တဝါတို့သည်မဂ်ဖိုလ်အကျိုးတရားကိုရကုန်၏။ ။သို ရိဂုတ္တာ၊ဂရဟာဒိန္နေ၊အဆွေခင်ပွန်းသူငြေးနှစ်ယောဝံတို့သည်လည်းသော တာပတ်ဖိုလ်သို့ရောက်ကုန်၏။ထိုသူငြေးနှစ်ယောက်တို့သည်မိမိတို့၏ ဥစ္စာကိုဘုရားမြတ်စွာသာသနာတော်၌ဖဲ့ဖဲ့ဝေကြဲကြကုန်၏။ ။

မြတ်စွာဘုရားသည်ထ၍ကျောင်းတော်သို့ကြွလေ၏။ညဉ့်မိုးသော အခါ၌ ရဟန်းတို့သည် တရားသဘင်၌။ငါ့ရှင်တို့၊ဘုရားရှင်တို့၏ဂုဏ် ကျေးဇူးသည် အံ့ဘွယ်သဖြင့်၏။ ဤသို့သဘောရှိသော ရှားမိုးခဲအစရှိ ခဲ၍ခဲ၍ ပဒုမာကြာတို့သည်ပေါက်ကုန်၏ဟု စကားကိုဖြစ်စေကုန်၏။ မြတ်စွာဘုရားသည်ကြွလာတော်မူ၍ကာယနုဏ္ဍစသည်ဖြင့်မေးတော် မူ၍၊ဤမည်သောစကားကြောင့်တည်းဟု လျှောက်ပေသော်။ချစ်သား ရဟန်းတို့၊ ယခုအခါ၌ ဘုရားဖြစ်ပြီးသောငါ့အား ရှားမိုးကျိုးအစရှိ အကြင်ပဒုမာပေါက်ခြင်းသည်ရှိ၏။ ထိုသို့ပေါက်ခြင်းသည် အံ့ဘွယ် မရှိဘဲသေး။တစိတ်တဒေသသောဥာဏ်၌တည်သော ဘုရားလောင်းဖြစ် သောငါ့အားလည်း ပေါက်ဘူးကုန်သည်သာလျှင်တည်းဟုပိန့်တော်မူ ၍။ရဟန်းတို့ဘောင်းပန်ကုန်သဖြင့်။ ကာမံပတာပနိရယံ၊အစရှိသော ဂါထာဖြင့်တန်ဆာဆင်အပ်သောခဒိရင်္ဂါရဇာတ်ကိုဟောတော်မူ၏။

၃၁။ နန္ဒောပနန္ဒနဂါးမင်းကိုအရှင်မောဂ္ဂလာန်မထေရ် ဆုံးမတော်မူခြင်းအကြောင်း။

မြတ်စွာဘုရားသည် သာဝတ္ထိပြည်၌ နေတော်မူသောအခါ နန္ဒောပနန္ဒောဝါဒကသုတ်ကို ဟောတော်မူ၏။ ဟောတော်မူကြောင်းကား။

တနေ့သ၌ အနာထပိဏ်သူဌေးသည်ညချမ်းသောအခါ၌ တရားနာပြီးလျှင်။ ဘုန်းတော်ကြီးသောအရှင်ဘုရား၊ နက်ဖြန်နေ့၌ သံဃာတော်ငါးရာနှင့်တကွအာကျွန်ုပ်၏အိမ်သို့ဆွမ်းဘုန်းပေးကြွတော်မူပါဟု ဘိတ်၍သွားလေ၏။ မြတ်စွာဘုရားသည် တုဏ္ဍိဘာဝဖြင့် ဝန်ခံတော်မူလျက် နက်ဖြန်ဖိုးသောက်သောအခါ သင္ဃာတရာနှစ်ကိုမြင်တော်မူ၍၊ ထိုနဂါးမင်းအား သရဏဂုံတည်ခြင်း၏ဥပနိဿယကို ဆင်ခြင်တော်မူပြန်သော်။ နဂါးမင်းသည် မိန္ဆာဒိဋ္ဌိအယူရှိ၏။ ရုတနာသုံးပါးဒွ်ကြည်ညိုခြင်းမရှိဟုမြင်တော်မူပြီးလျှင်။ငါ၏တပည့်တို့တွင် အဘယ်သူသည်ဤနဂါး၏မိန္ဆာဒိဋ္ဌိအယူကို ခွါဖျောက်နိုင်အံ့နည်းဟုဆင်ခြင်သော်။ အရှင်မဟာမောဂ္ဂလာန်သည် ခွါဖျောင့်နိုင်အံ့ဟုမြင်တော်မူ၍။ နံနက်နေထွက်သောအခါ၌ အရှင်သာရိပုတ္တြာ၊ အရှင်မောဂ္ဂလာန်အစရှိသောသံဃာငါးရာတို့နှင့်တကွ။ ချစ်သားတို့၊ အနာထပိဏ်သူဌေးအိမ်၌ ဆွမ်းစိရင်ခြင်းကိစ္စမပြီး၍၊ တဘဝတိံသာသို့ ငါတို့သွားကုန်အံ့ဟု ဧတဝဒန်ကျောင်းတော်မှထွက်၏။ထိုနေ့၌နဂါးမင်းသည်ကြီးစွာသောဆာဘင်ကိုစိရင်သည်ဖြစ်၍ ရုတနာဖြင့်ပြီးသောပလ္လင်ထက်၌ထိုးပြုဆောင်း၍ များစွာသောနဂါးအဝေါင်းတို့ဖြင့် ခြံရံလျက်နေ၏။ ထိုအခါ မြတ်စွာဘုရားသည် ငါးရာသောသံဃာတော်နှင့်တကွ နဂါးမင်းဗိမာန်၏ အထက်ကောင်းကင်ခရီးဖြင့် နတ်ပြည်သို့ကြွတော်မူ၏။ ထိုသို့ကြွတော်မူသည်ကိုနဂါးမင်းမြင်၍အမျက်ထွက်သဖြင့်ဦးခေါင်းပြည်းစည်းဖြစ်ကုန်သော၌ရဟန်းတို့သည် ငါ၏အထက်ခရီးဖြင့် နတ်ပြည်သို့တက်ကုန်၏။ယခုအခါမှစ၍ ငါ၏အထက်၌ခြေဘဝါးမြှုပ်နှံကိုချခြင်းငှါ ငါမပေးဟုကြိုးပြီးသော်။နောက်မှထ၍မြင်းမိုရ်တောင်ခြေရင်းသို့ကပ်လေ၍မြင်းမိုရ်တောင်ကိုချုနစ်ကြိမ်မိမိအခွေဖြင့်ပတ်၍ တောင်ထိပ်ထက်၌ပါးပျဉ်းကိုဖြန့်၍ တဘဝတိံသာနတ်ပြည်ကို ပါးပျဉ်းအောက်၌ထား၍ ဓမြင်ရအောင်ဖုံးလွှမ်းလျက်နေ၏။ထိုအခါ ရှင်ရဋ္ဌပါလမထေရ်သည် မြတ်စွာဘုရားကို မေးလျှောက်၏။ ဘုန်းတော်ကြီးသောရှင်ပဓံဘုရား၊ ရှေးသောအခါ ဤအရပ်သို့ရောက်လျှင် မြင်းမိုရ်တောင်ကိုမြင်၏။တဘဝတိံသာနတ်ပြည်ကိုမြင်၏။ ဝေဇယန္တာပြာသာဒ်ကိုမြင်၏။ပြာသာဒ်ဗျားရှိထိုက်သောဌာနကိုမြင်တော်နားကိုမြင်၏။ယခုအခါ၌မမြင်ပါ။အကြောင်း

အဘယ်သို့ရှိပါသနည်းဟုလျှောက်၏။ ထိုစကားကိုကြား၍။ ချစ်သား ရဋ္ဌပါလ၊နွေဘနွန်နကိုးသည်သင်ချစ်သားတို့ကဲ့သို့အမျက်ထွက်သဖြင့် ဖြင်းမိုရ်တောင်ကို မိမိအခွေဖြင့် ခုနစ်ကြိမ်ပတ်၍ တောင်ထိပ်ထက်၌ ပါးပျဉ်းမိုးလျက် အလုံးစုံကို မမြင်ရအောင်ပြု၍နေသတည်းဟု မြတ်စွာဘုရားမိန့်တော်မူ၏။ ယင်းသို့ဖြစ်မူကား။ ရှင်ပင်ဘုရား၊ ထိုနဂါးကို အကျွန်ုပ်ဆုံးမပါရချေအံ့ဟူ၍ရှင်ရဋ္ဌပါလလျှောက်သော်၊မြတ်စွာဘုရား သည်အရှင်ရဋ္ဌပါလအားခွင့်ပြုတော်မမူ။ထို့အတူ အရှင်ဘဒ္ဒိယ၊အရှင်ရာဟုလာ အစရှိသော ငါးရာကုန်သောတူပည့်တို့သည် အသီးအသီး လျှောက်ကုန်သော်လည်း မြတ်စွာဘုရားသည် အလုံးစုံသောအရှင်တို့ အားအခွင့်ပေးတော်မမူ။ အရှင်မောဂ္ဂလာန်သည်။ အရှင်ဘုရား၊နဂါးကို အကျွန်ုပ်ဆုံးမပါရချေအံ့ဟုလျှောက်၏။ မြတ်စွာဘုရားလည်း အရှင်မောဂ္ဂလာန်သာလျှင် ဆုံးမနိုင်မည်ကို မြင်တော်မူ၍။ ချစ်သားမောဂ္ဂလာန်၊ဤနဂါးကိုသင်ဆုံးမချေဟုခွင့်ပြုတော်မူသောအခါအရှင်မောဂ္ဂလာန်သည် ကြီးလှစွာသော နဂါးမင်း၏အရုပ်ကို ဘန်ဆင်း၍၊ တဆဲ့လေးခွေသောအခွေဖြင့် ထိုနဂါး၏အပေါ်မှ မြင်းမိုရ်တောင်ကို ပတ်၍ ထိုနဂါးမင်း၏ ပါးပျဉ်းအထက်၌ အရှင်မောဂ္ဂလာန် ပါးပျဉ်းကို ဖြန့်၍ မြင်းမိုရ်တောင်နှင့်တကွ မလွန့်သာအောင် ကြပ်ကြပ်နှိပ်၏။ ထိုအခါ နဂါးမင်းသည်အသိုးလွတ်၏။အရှင်မောဂ္ဂလာန်လည်းသင်၏ကိုယ်၌သာ အသိုးရှိသည်မဟုတ်။ ငါ၏ကိုယ်၌လည်း အသိုးရှိသည်သာလျှင်တည်း ဟု ပြင်းစွာသောအသိုးကိုလွတ်၏။ ထိုအသိုးတို့တွင် နဂါး၏အသိုးသည် ရှင်မောဂ္ဂလာန်ကိုမထိပါးလေ။အရှင်မောဂ္ဂလာန်၏အသိုးသာလျှင်နဂါး ကိုလွှမ်းလေ၏။ ထိုရောအခါ နဂါးသည် အလျှံကိုတောက်စေ၏။ ရှင်မောဂ္ဂလာန်လည်း သင်၏ကိုယ်၌သာအလျှံရှိသည့်မဟုတ်၊ငါ၏ကိုယ်၌လည်းအလျှံရှိသည်ဟု အလျှံကိုတောက်စေ၏။ထိုအလျှံတို့တွင် နဂါး၏အလျှံသည် အရှင်မောဂ္ဂလာန်သို့မထိလော။အရှင်မောဂ္ဂလာန်၏အလျှံသည်သာလျှင် နဂါး၏ကိုယ်သို့ထိလေ၏။ ထိုဒုးစ္စာ နဂါးသည် ဤသူသည်ငါ့ကိုမြင်းမိုရ်တောင်နှင့်တကွညှပ်၍အသိုးအလျှံထွက်၏။အဘယ်သူဖြစ်သနည်းဟုကြံ၍သင်ကားအဘယ်မည်သောသူနည်းဟုမေး၏။ အရှင်မောဂ္ဂလာန်သည်။ အိုနဂါး၊ ငါကားမောဂ္ဂလာန်တည်းဟုမိန့်၏။ ထိုစကားကိုကြား၍ နဂါးမင်းသည်။အိုရဟန်း၊သင်သည်ရဟန်း၏အ

ဖြစ်ဖြင့်ရပ်လေ့ဟုဆို၏။ အရှင်မောဂ္ဂလာန်သည် ဘုန်ဆင်းသေနဂါး ၏အဖြာကိုစွန့်၍ ရဟန်းအသွင်ဖြင့် ထိုနဂါးလက်ျာနားတွင်းဖြင့်ဝင်၍ လက်ဝဲနားတွင်းမှထွက်၏။ လက်ဝဲနားတွင်းဖြင့်ဝင်၍ လက်ျာနားတွင်း မှထွက်၏။ လက်ျာနာခေါင်းပေါက်ဖြင့်ဝင်၍ လက်ဝဲနာခေါင်းပေါက်မှ ထွက်၏။ လက်ဝဲနာခေါင်းပေါက်ဖြင့် ဝင်၍ လက်ျာနာခေါင်းပေါက်မှ ထွက်၏။ ထိုအခါနဂါးမင်းသည်ပေါက်သတ်အံ့ဟုကြံ၍ ခံတွင်းကိုဘွင့် ၏။ အရှင်မောဂ္ဂလာန်လည်း နဂါး၏ခံတွင်းဖြင့်ဝင်၍ နဂါးမင်း၏ဝမ်း တွင်းဦးစွကြီသွား၏။ ထိုအခါမြတ်စွာဘုရားသည် ချစ်သားမောဂ္ဂလာန်၊ ဤနဂါးမင်းသည်ကြီးသောတန်းခိုးရှိ၏။ နှလုံးသွင်းခြင်းကိုပြုလေ့၊သ တိကိုပြုလေ့ဟုမိန့်တော်မူ၏။ ထိုအခါ အရှင်မောဂ္ဂလာန်သည်။ ဘုန်း တော်ကြီးသောအရှင်ဘုရား၊ အကျွန်ုပ်သည်ဤဦပါဒါန်းလေးပါး တို့ကိုပွါး စေအပ်ကုန်ပြီ။ အလေ့အလာများစွာပြုအပ်ကုန်ပြီ။ နန္ဒောပနန္ဒနဂါးမင်း နှင့်တူသော နဂါးအရာတို့ကိုလည်း၊ အထောင်တို့ကိုလည်း၊ ဆုံးမခြင်းငှါ တတ်နိုင်ပါ၏ဟုလျှောက်၏။ ထိုနဂါးမင်းသည်၊ ရဟန်းသည်ဝမ်းတွင်း သို့ဝင်လေသောအခါငါမဖြင်လိုက်မိသောကြောင့်လွတ်နှင့်စေ။ ထွက် သောအခါဦး ရဟန်းကို အစွယ်ကြားဦးထား၍ မနှံ့မနှံ့ညက်ညက်ကြေ အောင်ဝါးအံ့ဟု ကြံ၍။ အိုရဟန်း၊ ထွက်လှည့်လော့။ ငါ၏ဝမ်းတွင်းဦး ထိမှဤမှ လူးလာခေါက်တင်စကြီသွား၍ ငါ့ကိုမနှိပ်စက်လင့်ဟုဆို၏။ ထိုစကားကိုကြားသော် အရှင်မောဂ္ဂလာန်သည်ခံတွင်းမှထွက်၍နဂါး မင်း၏ခွေတုန့်ရှဦးရပ်၏။ နဂါးမင်းလည်းဤသူသည် ငါ၏ဝမ်းတွင်းဦးစကြီ သွားသောရဟန်းတကားဟု ပြင်းပြစွာ နှာခေါင်းလေကိုလွှတ်၏။ ထို ခဏာဦးအရှင်မောဂ္ဂလာန်သည်စတုဏ္ဍဈာန်ကိုဝင်စား၍နေ၏။ နဂါး၏နှာ ခေါင်းလေသည်အရှင်မောဂ္ဂလာန်၏ကိုယ်တော်ဦးအမွေးတစ်ချောင်းကို မျှလှုပ်စေခြင်းငှါမတတ်နိုင်သည်ဖြစ်၏။ ဤနဂါးကိုဆုံးမရာဦးရှင်ရဌပါ လအစရှိသောမထေရ်တို့သည် နဂါးကိုဖြင်းမိရံတောင်ဖြင့် ညှပ်ခြင်း၊ နားတွင်းဖြင့်ဝင်ခြင်း၊ ထွက်ခြင်းအစရှိသောအလုံးစုံသောတန်းခိုးပြာ ဋိဟာတို့ကိုပြုခြင်းငှါစွမ်းနိုင်ကုန်သည်ချည်းတည်း။ ခံတွင်းဖြင့်ထွက် ၍ခွေနွဲရပ်သောအခါ နှာခေါင်းလေဖြင့် လွှတ်သောခဏာဦးကား အရှင် မောဂ္ဂလာန်ကဲ့သို့ လျင်စွာသမာပတ်ဝင်စားခြင်းငှါမတတ်နိုင်ကုန်။ အ ရှင်မောဂ္ဂလာန် တပါးသာလျှင် လျင်စွာ သမာပတ်ကို ဝင်စားခြင်းငှါ

တတ်နိုင်သတတ်။ထိုကြောင့် အရှင်ရဋ္ဌပါလစသော ငါးရာကုန်သော မထေရ်တို့အား အခွင့်ပြုတော်မမူသတည်း။နဂါးမင်းသည် နှာခေါင်း လေဖြင့်ရှိပ်စက်အံ့သောဌါမတတ်နိုင်သဖြင့် ဤရဟန်းအား နှာခေါင်း လေဖြင့်လွှတ်၍လည်း အငွေးတချောင်းကိုမျှလှုပ်စေခြင်းငှါမတတ်နိုင် ဖြစ်ခဲ့၏။ ရဟန်းသည် တန်းခိုးကြီးလှ၏ဟုဒေဝကြီးရှိ၏။ ထိုအခါ အရှင် မောဂ္ဂလာန်သည် နဂါး၏အကြံကိုသိ၍ ကိုယ်တော်၏အဖြစ်ကိုစွန့်၍ ဂဠုန်ကိုယ်ကိုဘန်ဆင်းပြန်၍ ပြင်းစွာသောတောင်သံကိုပေး၍ နဂါး မင်းကိုဘမ်းအံ့သောဌါလိုက်လတ်၏။ ထို့အခါ နဂါးမင်းသည် နဂါး၏ ကိုယ်ကိုစွန့်၍လျှိုအသွင်ဘန်ဆင်း၍။အိုသခင်ဘုရား၊သခင်ဘုရားသည် ငါဖျက်ကိုးကွယ်ရာဟု ဆိုရပါဖြိုဟု ခြေကို ကိုင်၍ အရှင်မောဂ္ဂလာန်ကို ရိုခိုး၏။အရှင်မောဂ္ဂလာန်မထေရ်မြတ်လည်း။နဂါးမင်း၊ လူသုံးပါးတို့၏ ဆရာဖြစ်တော်မူသော မြတ်စွာဘုရားသည် ယခုလာတော်မူ၏။ နဂါး မင်း၊ လာလတ္တံ့ဟုခေါ်၍ဆုံးမ၍အမျက်ဒေါသမရှိသည်ကိုပြု၍ မြတ်စွာ ဘုရားအထံသို့ သွားစေ၏။ ထိုအခါ နဂါးမင်းသည် မြတ်စွာဘုရားကို ရိုခိုး၍။ ဘုန်းတော်ကြီးသော်အရှင်ဘုရား၊ အရှင်ဘုရားတို့ကို ငါ၏ကိုး ကွယ်ရာဖြစ်၏ဟုဆိုပြီဟု နားတော်လျှောက်၏။ မြတ်စွာဘုရားသည်။ အိုနဂါးမင်း၊ သင့်အားချမ်းသာခြင်းသည်ဖြစ်စေသတည်းဟုမိန့်၍ ငါး ရာသောရဟန်းတို့ဖြင့်ခြံရံလျက် အနာထပိဏ်သူဌေးအိမ်သို့ဆွမ်းစား ကြွတော်မူလေ၏။အနာထပိဏ်သူဌေးသည်။ရှင်ပင်ဘုရား၊ယနေ့သည် အလွန်နေမြင့်မှ လာတော်မူသည်ကား အကြောင်းအသို့ရှိပါသနည်း ဟုမေးလျှောက်၏။ ထိုအခါ သူဌေးယနေ့၌ မောဂ္ဂလာန်၏ဂုဏ်း၊ နန္ဒောပနန္ဒနဂါးမင်း၏ဂုဏ် စစ်ထိုးကြခြင်းသည်ဖြစ်၏။ ထိုကြောင့်နေမြင့်သတည်းဟုမိန့်၏။ထိုသို့တပြီးကား။ရှင်ပင်ဘုရား၊ အဘယ်သူအားအောင်ခြင်းသည်ဖြစ်သနည်း။ အဘယ်သူအား ရှုံးခြင်းသည် ဖြစ်သနည်းဟု သူဌေးလျှောက်သဖြင့်။ အိုသူဌေး၊ မောဂ္ဂလာန်အားအောင်ခြင်းသည် ဖြစ်၏။နန္ဒောပနန္ဒနဂါးမင်းအားသာလျှင် ရှုံးခြင်းသည်ဖြစ်၏ဟု ဘုရား ပိန့်တော်မူ၏။သူဌေးသည်အလွန်ဝမ်းမြောက်၍။ရှင်ပင်ဘုရား၊အောင် ခြင်းတည်းဟူသောသမဂ်လာဆွမ်းကို ချနစ်ရက်ပတ်လုံးအကျွန်ုပ်သည် ကျွေးပါအံ့။ အရှင်မောဂ္ဂလာန်အားလည်း၊အောင်သူကြီး၏ပူဇော်သက္ကာ ရကိုပြုပါအံ့။ခံတော်မူပါဟုလျှောက်၍။ ဘုရားအမှုးရှိသောသင်္ဃာငါး

ရာတို့အား ချန်စ်ရက်ပတ်လုံး ကြီးစွာသော ပူဇော်သက္ကာရကို ပြု၏။ ၍စသို့ဆိုအပ်ပြီးသော့နည်းဖြင့် မြတ်စွာဘုရားသည်နန္ဒောပနန္ဒနဂါးကို လက်ဝဲရံအဂ္ဂသာဝကဖြစ်သောအရှင်မောဂ္ဂလာန်အား တန်းခိုးဖြင့်ဆုံးမစေ၍သရဏာဂုံတည်စေ၏။ ။

၃၂။ မြတ်စွာဘုရားသခင်ဗကကြီဟ္မာအားဆုံးမ ချေလျှော်တော်မူခြင်းအကြောင်း။

မြတ်စွာဘုရားသည်ဇေတဝန်ကျောင်းတော်၌နေတော်မူသောအခါ ဗကကြီဟ္မာသတ်ကိုဟောတော်မူခြင်း၏အဋ္ဌုပ္ပတ္တိကားဤသို့တည်း။ ။ မြတ်စွာဘုရားသည်သာဝတ္ထိပြည်ကိုဆွမ်းခံအမှီပြု၍ဇေဟဝန်ကျောင်းတော်၌ နေတော်မူသောအခါ မဟာကြီဟ္မာဘုံ၌ဖြစ်သော ဗကကြီဟ္မာအား ဤသို့သောမိစ္ဆာဒိဋ္ဌိအယူသည်ဖြစ်၏။ ဤဘုံနှင့်တကွသောကြီဟ္မာအရှင်သည်မပြတ်တည်၏။ မရေတွက်နိုင်သောသဘောရှိ၏။ ဤကြီဟ္မာအရှင်သည်ကား ဖြစ်ခြင်းလည်းမရှိ။ ပျက်ခြင်းလည်းမရှိ။ ဤကြီဟ္မာအရှင်ထက်ငြိမ်းချမ်းသောအရှင်မည်သည်မရှိ။ ဤသို့ယုတ်မာသောမှားသောအယူသည်ဖြစ်၏။ ကြီဟ္မာအရှင်ထက်ငြိမ်းချမ်းသောတပါးသော အရှင်မည်သည်မရှိ။ မင်္ဂလေးပါး၊ ဗိုလ်လေးပါး၊ အသဒိတခါတ်တည်းဟူသော ဤတရားကိုးပါးသည် ချမ်းသာမရှိဟု ကြီဟ္မာမင်းအားအယူသည်ဖြစ်၏။ အဘယ်အခါ၌ ဤဗကကြီဟ္မာအားမှားသောအယူဖြစ်သနည်းဟူမူကား။ ပဌမစျာန်ဘုံ၌ဖြစ်သောအခါ မှားသောအယူသည်ဖြစ်၏။ ဤဗကကြီဟ္မာသည် ရှေးသောအခါ သာသနာတော်အပ၌ ရဟန်းပြု၍ ကသိုဏ်းပရိကံကိုစီးဖြန်း၍ သမာပတ်ရစ်ပါးကိုဖြစ်စေ၍ မယုတ်သောစျာန်ရှိသည်ဖြစ်၍ စုတေ့သော်၊ စတုတ္ထစျာန်ဝေဟပ္ဖိုလ်ဘုံ၌ဖြစ်၍ကမ္ဘာငါးရာအသက်ရှည်သဖြင့်နေ၏။ ကသိုဏ်းပရိကံကိုစီးဖြန်း၍ ရူပါဝစရကုသိုလ်တတိယစျာန်ကိုရ၍၊ ဝေဟပ္ဖိုလ်ဘုံမှစုတေ့သော် တတိယစျာန်သုံးဘုံတွင်သုဘကိဏ်ဘုံ၌ဖြစ်၍ ခြောက်ဆယ့်လေးကမ္ဘာပတ်လုံးအသက်နေ၏။ ထိုဘုံ၌ ပဌသိုဏ်းပရိကံကိုစီးဖြန်းသော် ရူပါဝစရကုသိုလ်ဒုတိယစျာန်ကိုရ၍စုတေ့သော်။ ဒုတိယစျာန်သုံးဘုံတွင်အာဘဿရာဘုံ၌ဖြစ်လေ၍ ရှစ်ကမ္ဘာပတ်လုံးအသက်နေ၏။ ထိုဘုံ

၌ ကသိဏ်းပရိကံကိုစီးဖြန်းသော် ရူပါဝစရကုသိုလ် ပဌမစျာန်ကိုရ၍ ထိုအာဘာသရဘုံမှစုတေ့သော် ပဌမစျာန်သုံးဘုံတွင်မဟာဗြဟ္မာဘုံ၌ ဖြစ်လေ၍ အသင်္ချိယကပ် တကပ်ပတ်လုံး အသက်နေ၏။ ဤမဟာဗြဟ္မာဘုံ၌ ဖြစ်သောအခါ ဗကဗြဟ္မာသည် ဒိဗ္ဗိပဋိသန္ဓေကို ဖြစ်စေတတ်သောကုသိုလ်ကံကိုဂင်း၊ ခွန်၌မိမိ၏ဖြစ်ဘူးရာဘုံကိုဂင်း၊ ဥပပတ်ပဋိသန္ဓေ၏အစွမ်းကြောင့်သိ၏။ပဌမစျာန်ဘုံ၌ရှည်လျားလသော်ကံကိုဂင်း၊ ဖြစ်ရာဘုံတို့ကိုဂင်းနှစ်ပါးကိုမေ့လျော့သောကြောင့်။ ဤငါ၏ခန္ဓာကိုယ်သည်ဂင်း၊ ဤခန္ဓာကိုယ်၏ဖြစ်ရာဘုံသည်ဂင်း၊ နိစ္စ၊ ဓုဝ၊ သဿတဖြစ်၏ဟု မှားသောဒိဋ္ဌိအယူသည်ဖြစ်၏။ ထိုအခါ မြတ်စွာဘုရားသည် ဗကဗြဟ္မာ၏မှားသောအယူကိုယူသောအဖြစ်ကိုသိတော်မူ၍၊ ခွန်အားရှိသော ယောကျ်ားသည် ကွေးသောလက်ကို ဆန့်လေသကဲ့သို့သော လျင်ခြင်းဖြင့် ဇေတဝနကျောင်းတော်မှ ကွယ်ခဲ့၍။ ထိုဗကဗြဟ္မာမင်း၏ဘုံ၌ထင်ရှားဖြစ်တော်မူ၏။ထိုဒမခါ ဗကဗြဟ္မာသည် မြတ်စွာဘုရားသည် ဗကဗြဟ္မာ၏ဘုံ၌ထင်ရှားဖြစ်တော်မူသည်ကိုမြင်၍၊ ဆင်းရဲမရှိသောရှင်ပင်ဘုရားသည် လာတော်မူသဖြင့်လာ။ ရှင်ပင်ဘုရား၏ ဗြဟ္မာ့ပြည်သို့လာခြင်းသည် ဇကောင်းသောလာခြင်းတည်း။ ကြာမြင့်မှ ရှင်ပင်ဘုရားသည် ဤဗြဟ္မာ့ပြည်သို့ အကြင်လာတော်မူခြင်း၏အကြောင်းသည်ရှိ၏။ ထိုအကြောင်းကိုပြုတော်မူ၏ဟု နားတော်လျှောက်၏။ ထိုမှတပါးလည်း။ ငါ့ကဲ့သို့ဆင်းရဲမရှိသော အိုရှင်ပင်ဘုရား၊ ဤဘုံနှင့်တကွသော ဗြဟ္မာအရပ်သည် နိစ္စဓုဝဖြစ်၏။ အခါခပ်သိမ်းထင်ရှားဖြစ်၏။ မကျိုးမပျက်ဖြစ်၍တည်၏။ မဇ္ဈေတတ်သောသဘောရှိ၏။ဤအရပ်သည်ကား ဖြစ်ခြင်းလည်းမရှိ။ ပျက်ခြင်းလည်းမရှိ။ ဤအရပ်ထက် လွန်ကဲသော ငြိမ်းချမ်းခြင်းမည်သည့်မရှိဟူ၍နားတော်လျှောက်၏။ ။ထိုစကားကိုကြား၍ မြတ်စွာဘုရားသည် ဗကဗြဟ္မာကိုဆို၏။ ‘အိုအချင်းတို့၊ ဗကဗြဟ္မာသည်မိုက်စွတကား။ အိုအချင်းတို့၊ အနိစ္စတရားသည် ထင်ရှားရှိလျက် အကြင်ကြောင့် ဗကဗြဟ္မာသည် နိစ္စဟူ၍ဆိုဘိ၏။.. ထိုကြောင့် မိုက်စွတကား။ အခါခပ်သိမ်းထင်ရှားမရှိပါဘဲလျက် အခါခပ်သိမ်းထင်ရှားရှိ၏ဟူ၍ဆိုဘိ၏။ကျိုးပျက်ခြင်းသည်ထင်ရှားရှိလျက် မကျိုးမပျက်ဆိုဘိ၏။ ဇဝေါ့တတ်သောသဘောသည် ထင်ရှားရှိလျက် မဇ္ဈေတတ်သောသဘောရှိ၏ဟုဆိုဘိ၏။အကြင်အရပ်၌ဖြစ်ခြင်းသည်ရှိ၏။ ပျက်ခြင်းသည်

ရှိဏ်၊ ဇေဋ္ဌတတ်သောသဘောရှိဏ်။ တည်ခြင်းသဘောမရှိ။ ထိုအရပ်ကို ဖြစ်ခြင်းသည်မရှိ။ ပျက်ခြင်းသည်မရှိ။ ဇေဋ္ဌခြင်းလည်း မရှိ။ တည်ခြင်း သာရှိဏ်ဟု ဆိုဘိဏ်။ ဤအရပ်ထက်လွန်သော တပါးသော ငြိမ်းခြင်း သည်ရှိလျက် ဤအရပ်ထက်လွန်သော တပါးသောငြိမ်းခြင်းမည်သည် မရှိဟု ဆိုဘိဏ်ဟု မိန့်တော်မူဏ်။ ။ထိုဥကားကိုကြား၍။ ဥပမာကား၊ ခိုးသူကိုဘမ်းမိသော ယောကျ်ားအား အပေါင်းအဘော်ကို ညွှန်ပြစေလို၍ နှစ်ချက်သုံးချက်ရိုက်ခတ်၍ မေးသော်။ ယင်းနှစ်ချက်သုံးချက်ရိုက်ခတ်ခြင်းကိုခံနိုင်၍ အပေါင်းအဘော်ကို ညွှန်ပြခြင်းမပြု။ထို့ထက်လွန်၍ လေးချက်ငါးချက်စသည် ရိုက်ခတ်ခြင်းကိုပြု၍မေးသော် ထိုလေးချက် ငါးချက်သော ရိုက်ခတ်ခြင်းကိုမခံနိုင်သည်ဖြစ်၍ အပေါင်းအဘော်တို့ကို ညွှန်ပြသကဲ့သို့။ ထို့အတူဂုဏ်း ရှင်ပင်ဘုရားသည် ဗာကဗြဟ္မာသည် ရိုက်စွတ်ကား၊ဤဗြဟ္မာအရပ်သည် အမြဲမရှိသောသဘောသည် ထင်ရှားရှိလျက် မြဏ်ဟုဆိုဘိဏ်တကား။ ဤသို့အစရှိသောစကားဖြင့် ဖြိမ်း ဇော်မူသည်ရှိသော် ဗာကဗြဟ္မာသည် မိမိအယူကဲ့သို့သော အယူကို ယူသော အပေါင်းအဘော် မိစ္ဆာဒိဋ္ဌဗြဟ္မာတို့ကိုညွှန်ပြလိုသဖြင့်။ ဤသတ္တဝါ ဂေါတမ ပုဉ္ဇကမ္မာ၊ အစရှိသော ဂါထာကိုရွတ်၍။ အိုအာရှင် ဂေါတမ၊ ပြုဘူးသော ဂေဟာင်းမှကံရှိကုန်၍ ဤဗြဟ္မာ့ပြည်၌ ဖြစ်ကုန် သော အကျွန်ုပ်နှင့်တကွ ချန်စ်ကျိပ်ချန်စ်ယောက်ကုန်သော ဗြဟ္မာတို့ သည် မိမိတို့ဏ်အလိုသို့သူတပါးတို့ကိုလိုက်စေတတ်ကုန်ဏ်။ ပဒိုသဇ္ဇန ဒုခြင်းကိုဂင်း၊ အိုခြင်းကိုဂင်း၊ လွဲနိုင်ကုန်ဏ်။ ဗြဟ္မာမင်းတို့ဏ် ဖြစ်ခြင်း သည် ပညာနှင့်ပြည့်စုံသောအဆုံးစွန်သောဖြစ်ခြင်းတည်း။ တပါးမက များစွာကုန်သော သူတို့သည် အကျွန်ုပ်တို့ကို ဤဗြဟ္မာ အပေါင်းတို့ သည် ကြီးဖြတ်သောဗြဟ္မာမည်ဏ်။ သူတပါးတို့ကို နှိပ်စက်၍ဖြစ်ဏ်။ သူတပါးတို့သည် မနှိပ်စက်နိုင်သည်ဖြစ်၍တည်သ့်ဏ်။ စင်စစ်သဖြင့် ထို ဗြဟ္မာကြီးသည် လူများအပေါင်းကို မိမိအလိုသို့လိုက်စေတတ်ဏ်။ လူ တို့ကိုအစိုးရဏ်။ လူတို့ကိုပြုတတ်ဏ်။ မြေ၊ တောင်၊ မြင်းမိုရ်၊ ဟိမဝန္တာ၊ စကြဝဠာ၊ လ၊နေ၊ကြယ်တို့ကို ဘန်ဆင်းတတ်ဏ်။ လူတို့ထက်မြတ်ဏ်။ လူတို့ကို သင်သည် မင်းမည်သ်ည်ဖြစ်လော့၊ သင်သည် ပုဏ္ဏားမည် သည်ဖြစ်လော့။ သင်သည်သူကြွယ်ဖြစ်လော့။ သင်သည်သူဆင်းရဲဖြစ် လော့။ သင်သည်လူဖြစ်လော့ဏ်။ သင်သည်ရဟန်းဖြစ်လော့။ သင်သည်

ကုလားအုပ်ဖြစ်လေ၃။ သင်သည် နွားဖြစ်လေ၃။ ဤသို့အစရှိသည်ဖြင့် စီရင်တတ်၏။ ဤပြဟ္မာကြီးသည်ကား ဖြစ်ပြီးသော့၁ သတ္တ၀ါ၊ မဖြစ်သေးသော့၁သတ္တ၀ါတို့၏ အဘလည်းမည်၏ဟု အကျွန်ုပ်တို့ကို လူတို့သည် အလွန်တောင့်တအပ်ကုန်၏ ဟူ၍ ဗကပြဟ္မာသည် လျှောက်၏။ ။ထိုစကားကိုကြား၀တ့်မူ၍ဗကပြဟ္မာအားထိုအယူကိုပျောက်စိခဲ့သော့ဘ်။ ။အပုံဟိ ဇေတံနဟိ ဒိဃမာယု၊ယံတွံ ဗက မညသိ ဒိဃမာယု။ သတံသဟဿာနုနိရဗ္ဗုဒါနုံ၊အာယုံပဇာနာမိတ၀ါဟံပြဟ္မေ။ ။ဟူသော့၁ဂါထာကို ဟော၀တော်မူ၏။ ။ဤဂါထာ၏ အဓိပ္ပါယ်သော့ကား။ ။ဗကပြဟ္မာ။သင်သည်ဤပြဟ္မာ့ပြည်၌သင်၏အကြင်အသက်ကြွင်းသည် ရှိ၏။ ထိုအသက်ကြွင်းကို ရှည်၏ဟူ၍အောက်မေ့၏။ ထိုသင်၏ အသက်ကြွင်းသည် နည်း၏။ တသိန်းကုန်သော နိရဗ္ဗုဒတို့၏ အရေအတွက်မျှသာ သင်၏ အသက်ကြွင်းရှိတော့သည်ဟု ငါဘုရားသိတော်မူ၏ဟူလို။ ။ဤဂါထာဖြင့် ဗကပြဟ္မာ၏ ငါတို့ပြဟ္မာအဖြစ်သည်မြတ်၏ဟူသော့၁သမျှသော့၁အယူကိုပယ်တော်မူလို၍။ သင်၏အသက်ကြွင်းသည် နိရဗ္ဗုဒအရေအတွက်ဖြင့် တသိန်းမျှသာကြွင်းတော့သည်။ နိရဗ္ဗုဒတသိန်းစေ့လျှင် သင်သည် အနိစ္စသဘောကို မလွန်နိုင်သည်ဖြစ်၍ ဤပြဟ္မာ၏အဖြစ်မှစုံတ့ရတော့အံ့သည်တကားဟု မိန့်တော်မူ၏။ ။ထိုနောင် ဗကပြဟ္မာသည် ရှေးဦးဆောက်တည်ခဲ့ဘူးသော မိမိ၏ဘုံကျင့်သိလကို မြတ်စွာဘုရားအား မေးလို၍။ ။အနုတ္တရဿ ဘဂ၀ါတွ မသ္မိ၊ဇာတိ ဇရံ သောက မုပါတိ၀တ္တော၊ကိ ဓမ္မ ပုရာဏံ ၀တသိလ၀တ္တံ၊အာစိဏ္ဏ မေ တံ ယမဟံ ဂိဇ္ဈာ။ ။ဟူသော ဂါထာကို ရွတ်၏။ ။ဤဂါထာ၌ အဓိပ္ပါယ်သော့ကား။ ။ဘုန်းတော်ကြီးမြတ်တော်မူသော့ရှင်ပင်ဘုရား၊ရှင်ပင်ဘုရားသည် အဆုံးမရှိသော့အာရုံကို မြင်တော်မူလေ့ရှိသည်ဖြစ်၍ ပဒိုသဇ္ဇနေ့ခြင်း၊ အိုခြင်း၊ ထိုးရိုင်ခြင်းကို လွန်၍ဖြစ်တော်မူ၏။ အကျွန်ုပ်၏ ဟောင်းလေ့ပြီးသော့အကျင့်သိလကို ရှင်ပင်ဘုရားသည် အကျွန်ုပ်အားကြား၀တော်မူပါ၀ေလ့ဟူလိုသည်။ ။ထိုနောင်မှ ဘုရားမြတ်စွာသည် ဗကပြဟ္မာ့၏ရှေးဦးဖြစ်သော့အကျင့်သိလကိုကြား၀တော်မူလိုသည်ဖြစ်၍။ ။ယံ တွံ အပါ၀ေယဘိ ဗဟူ မနုဿေ၊

ဒိဟါသိတေ ဃမ္မနိ သမ္မရေတေ။တန္တေ့ပုရာဏံ ဝတာသိလဝတ္တံ၊သုတ္တာပ္ပ ဗုဒ္ဓါဝ မနုဿရာမိ။ ။ယံ ဇေကိကူလသ္မိံ ဇနံ ဂဟိတံ၊အမောစယိံ ဂယ္ဟတံ နိယျမာနံ။ တန္တေ့ ပုရာဏံ ဝတ သိလဝတ္တံ၊ သုတ္တာပ္ပဗုဒ္ဓါဝ မနုဿရာမိ။ ။ဂဂ်ါယသောတသ္မိဂဟိတနဒ္ဒဝံ၊လုဒ္ဒေနနာဂေနမနုဿ ကမျာ။ပမောစယိတ္ထ ဗလသာပသယ္ဟ၊တန္တေ့ပုရာဏံ ဝတ သိလဝတ္တံ၊ သုတ္တာပ္ပဗုဒ္ဓါဝ မနုဿရာမိ။ ။ကပ္ပါစ တေ ပဌစရော အဟောသိ၊ သမ္ဗုဒ္ဓိဝဏ္ဏံ ဝတိနံအမညိ။တန္တေ့ပုရာဏံဝတသိလဝတ္တံ၊သုတ္တာပ္ပဗုဒ္ဓါဝ မနုဿရာမိ။ ။ဟူသော ဂါထာတို့ကို ဟောတော်မူ၏။ ။ထိဂါထာ တို့တွင် ပဌမဂါထာ၌ အဓိပ္ပါယ်သေ်ကား။ အို ဗကြဟ္မာ၊ အကြင် သင်သည် နွေလအခါ၌ နေ၏ချဉ်းခြင်းဖြင့် နှိပ်စက်ကုန်သော ရေမွှတ်သိပ် ခြင်းရှိကုန်သောများစွာသောသူတို့ကို သင်၏တန်းခိုးဖြင့် ရေသောက် စေပြီ။ ထိုသင်၏ရှေးဦးဖြစ်သော ထိုအကျင့်သိဃကို ငါသည် အိပ်၍နိုး သောယောဂျားကဲ့သို့ အောက်မေ့တော်မူ၏ ဆိုလိုသည်။ ။ဒုတိယ ဂါထာ၌ အဓိပ္ပါယ်သေ်ကား။ အို ဗကြဟ္မာ၊ ဇေကိမည်သောဂဂ်ါဖြစ် နားဦး အကြင်လူအပေါင်းကို ခိုးသူတို့သည် ဘမ်းယူအပ်သည်ရှိသော်၊ ချည်နှောင်၍ ဆောင်အပ်သည်ရှိသော်။ ထိုလူများကို သင်၏ တန်းခိုး အားဖြင့်လွတ်စေပြီ။သင်၏ထိုရှေးဦးဖြစ်သောအကျင့်သိလကိုငါဘုရား သည် အိပ်၍နိုးသော ယောဂျားကဲ့သို့ အောက်မေ့တော်မူ၏ ဟူလို သည်။ ။တတိယဂါထာ၌အဓိပ္ပါယ်ကား။ အို ဗကြဟ္မာ၊ကြမ်းထမ်း သော ဂဂ်ေယျကမည်သော နဂါးသည် လူတို့ကို နှိပ်စက်ညှဉ်းဆဲလို သည်ဖြစ်၍။ဂဂ်ါ၏ရေအယဉ်၌ဘမ်းကိုင်အပ်သောလွှကို ဗကြဟ္မာ ၏အလောင်း ကောသဝရသွေ့၏ တန်းခိုးအစွမ်းဖြင့်နှိပ်စက်၍ သေဘေး မှလွတ်စေပြီ။သင်၏ရှေးဦးဖြစ်သော ထိုအကျင့်ကိုဂုဏ်း၊ထိုသိလကိုဂုဏ်း၊ ငါဘုရားသည် အိပ်၍နိုးသောယောဂျားကဲ့သို့ အောက်မေ့တော်မူ၏ ဟူလိုသည်။ ။စတုတ္ထဂါထာ၌ အဓိပ္ပါယ်ကား။ အို ဗကြဟ္မာ၊ သင် ဗကြဟ္မာ၏ အလောင်းဖြစ်သော ကောသဝရသွေ့၏။ ငါဘုရား၏ အ လောင်းဖြစ်သော ကပ္ပလုလင်သည် အလုပ်အကျွေးတပည့်ကြီးဖြစ်ဘူး ပြီ။ ထိုတပည့်လုလင်ကို ပညာရှိတို့၏အကျင့်ဝတ်နှင့်ပြည့်စုံ၏ဟု သင် သည့်အောက်မေ့ပြီ။သင်၏ရှေးဦးဖြစ်သောထိုအကျင့်သိလကိုငါဘုရား

သည်အိပ်၍နိုးသောယောကျ်ားကဲ့သို့အောက်မေ့တော်မူ၏ဟူလိုသည်။ ၍ကားပါဠိလျောက်အဓိပ္ပါယ်တည်း။ ။

အဓိပ္ပါယ်အကျယ်ကား။ ဤဗကပြိဟ္မာသည် ရှေးသောအခါ ဝေဟပ္ပဋိလဘုံ၌မဖြစ်မီ လူ့ပြည်တွင်သူကြွယ်အမျိုး၌ဖြစ်သောအခါ ကာမဂုဏ်စည်းစိမ်ချမ်းသာကို စွန့်၍၊ တောထွက်၍၊ ရဿေ့ပြုသဖြင့် သမာပတ်ရှစ်ပါးနှင့်ပြည့်စုံသည်ဖြစ်၍ ဂင်္ဂါမြစ်နား၌သခိမ်းဆောက်၍နေ၏။ ကောသဝရဿေ့ဟုအမည်တွင်၏။ ထိုရောအခါ လှည်းကုန်သည်ငါးရာတို့သည် ရေမရှိသောခရီးသို့ ရောက်လျှင် ရေမသောက်ရကုန်သည်ဖြစ်၍ ယခုအခါငါတို့၏အသက်သည်မရှိချေပြီ။ သေရကြကုန်အံ့သည်တကားဟုမှတ်၍နေကြကုန်၏။ ထိုအကြောင်းကို ဗကပြိဟ္မာအလောင်း ကောသဝရဿေသို၍ ငါသို့သောသူထင်ရှားရှိလျက် ဤလှည်းကုန်သည်တို့သည် အဘယ်ကြောင့် သေဖျာက်ရအံ့နည်းဟု မိမိတန်းခိုးဖြင့်ဘန်ဆင်း၍ ဂင်္ဂါမြစ်ရေကိုကမ်းသို့လျှံစေ၍ လှည်းကုန်သည်တို့ရှိရာအရပ်သို့စီးစေ၍ချိုးသောက်ရကုန်သည်ဖြစ်၍ သေဘေးမှလွတ်ကုန်၏။ ။

အခါတပါးရှာကိုဖျက်ဆီးသောခိုးသူတို့သည် ရှာယပ်တရက်လုယက်ဖျက်ဆီးလျက် လူသူတို့ကို ဘမဲဆီးချည်နှောင်၍ ကျွန်းစသည်တို့ကို သတ်ပုတ် စားသောက်ကုန်၏။ လူတို့သည် ငိုမြည်တမ်းခြင်းကိုပြုကုန်၏။ ထိုအကြောင်းကို ကောသဝရဿေသို၍၊ ငါသို့သောသူသည် သိမြင်လျက် ဤသူတို့သည်မကျက်စီးစေကုန်သတည်းဟု အဘိညာဉ်၏အခြေဖြစ်သော သမာပတ်ကိုဝင်စားလျက်, အင်္ဂါလေးပါးရှိသော စစ်သည်ကိုဘန်ဆင်း၍၊ ခိုးသူတို့လာလတ္တံ့သောခရီးဖြင့်ရင်ဆိုင်လာ၏။ ထိုစစ်သည်တို့ကို ခိုးသူတို့မြင်လျှင် ပြည့်ရှင်မင်းသည် ငါတို့ကိုစစ်ပြုအံ့သောငှါ လာလတ်ပြီတကားဟု ကြောက်လန့်ကုန်ဟန်ဖြင့် လူသူ ကျွန်းတို့ကို လွှတ်၍ ပြေးလေကုန်၏။ ထိုသူတို့သည် ရဿေ့၏တန်းခိုးကြောင့် ချဉ်သာစွာ နေရလေကုန်၏၊ ။တပါးသောအခါ၊ ဂင်္ဂါမြစ်နားဌာနသော ဂင်္ဂေယျနဂါးမင်းသည် အမျက်ထွက်သည်ဖြစ်၍ လေကုန်သည်တို့ကို သံမုန်ခြောဌ် မျောစေကုန်အံ့ဟု ကြိုးစားသော နဂါးတို့၏ကိုယ်ကျဘန်ဆင်းလျက် ရေကိုနှက်ဖြာခွဲ၍ ပါးပျဉ်းမိုးကာ ရွာ ရွာ မြည်၍ [illegible] သော ကြောက်ကုန်သော ကြောင့်

ငိုမြည်တမ်းကုန်၏။ ထိုအသံကိုကြား၍ ကောသဝရသွေးသည် ဂဠုန်၏ ကိုယ်ကို ဘန်ဆင်းလျက် နဂါးအားပြပေ၏။ နဂါးမင်းသည် ဂဠုန်ကို မြင်လျှင်ကြောက်လန့်သဖြင့်ရေထဲသို့ပြေးဝင်လေ၏။လူအများတို့သည် ရသွေး၏ တန်းခိုးကြောင့် ချမ်းသာခြင်းသို့ ရောက်ကြကုန်၏။ ။သင် ဗကပြဟ္မာသည်ကောသဝရသွေးဖြစ်သောအခါ၌ငါဘုရား၏အလောင်း ဖြစ်သော ကပ္ပလုလင်သည် ထိုရသွေး၏တပည့်ကြီးဖြစ်၍ အလွန်ပညာ ရှိသဖြင့် ဝတ်ကြီးဝတ်ငယ်နှင့်ပြည့်စုံစွာ သင်ပြဟ္မာ၏အလောင်းရသွေး အား ခစားလုပ်ကျွေးခြင်းကို ပြု၏။ ရသွေးသည် နှစ်သက်သဖြင့် ဝမ်း မြောက်ဝမ်းသာဖြစ်ဘူး၏ဟု မြတ်စွာဘုရားသည် ဗကပြဟ္မာ၏ ရှေးဌာန ဖြစ်သောအကျင့်သိလကို ကြားတော်မူ၏။ ။ဤသို့ဟောကြားတော် မူသောအဆုံး၌ ဗကပြဟ္မာမင်းသည် မှားသောမိစ္ဆာဒိဋ္ဌိအယူကိုစွန့်၍ သမ္မာဒိဋ္ဌိအယူ၌ တည်ဖြိုးလျှင် မြတ်စွာဘုရားအား ချီးမွမ်းထောမနာပြု လိုသဖြင့်။ ။အဋ္ဌ ပဇာနာသိ မမေတ မာယုံ၊အညေပိ ဇာနာသိ တထာဟိ ဗုဒ္ဓေါ။တထာဟိတျာယံဇလိတာနုဘာဝေါ၊ ဩဘာသယံ တိဋ္ဌ တိဗြဟ္မလောကံ။ ။ဟူသောဂါထာကိုရွတ်၏။ ။ဘဂဝန္တ၊ဘုန်းတော် ကြီးသောရှင်ပင်ဘုရား။ တို့၊ရှင်ပင်ဘုရားသည်။ မမ၊အကျွန်ုပ်၏။ ဇေတံ အာယုံ၊ ထိုနိရဗ္ဗုဒအဖရအတွက်ဖြင့် တသိန်းသာကြွင်းသောအသက် ၏အပိုင်းအခြားကို။ အဋ္ဌါ၊စင်စစ်။ ပဇာနာသိ၊သိတော်မူ၏။ အညေပိ၊ အကျွန်ုပ်မှ တပါးသောဗြဟ္မာတို့ကိုလည်း။ ဇာနာသိ၊ သိတော်မူ၏၊ တထာဟိ တဒေါဇေါ၊ ထိုသို့ သိတော်မူသောကြောင့် သာလျှင်။ ဗုဒ္ဓေါ၊ ဘုရား ဖြစ်တော်မူ၏၊ တထာဟိ ကဒေါဇေါ၊ ထိုသို့ ဘုရားဖြစ်တော် မူသောကြောင့်လျှင်။ ဇော၊ ရှင်ပင်ဘုရား၏။ အယံ ဇလိတာနုဘာဝေါ၊ ဤတောက်ပသောတန်းခိုးအာနုဘော်သည်။ ဗြဟ္မလောကံ၊ဗြဟ္မာ့ပြည် သို့။ ဩဘာသယံ ဩဘာသယတွန်၊ထွန်းလင်းစေလျက်။ တိဋ္ဌတိ၊တည် တော်မူ၏။ ။ဤကားမြတ်စွာဘုရားကိုဗကပြဟ္မာချီးမွမ်းထောမနာပြု ခဲ့သောစကားတည်း။ ။ဤသို့ဆိုအပ်ပြီးသည်ကား။ ဗကပြဟ္မာသုတ်၏ အဓိပ္ပါယ်တည်း။ ။

၃၃။ အနာထဝိဏ်သူဌေးဏ်သြီးစုဠသုဘဒ္ဒါ၊
ယောကျွမဥဂ္ဂသူဌေးတို့ကိုအကြောင်းပြု၍။ နိဒါနေသနွှာ-
စသောဒေသနာကိုဟောတော်မူသည်ကိုပြရာ။

ဒုရေသနွှာအစရှိသောကရားတော်ကို မြတ်စွာဘုရားသည် သာဝတ္ထိပြည် ဇေတဝနကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် အနာထဝိဏ်သူဌေးဏ်သြီး စုဠသုဘဒ္ဒါကို အကြောင်းပြု၍ ဟောတော်မူ၏။ အမျှပုတ္တိကား၊ အနာထဝိဏ်သူဌေးအား ငယ်သောအခါမှစ၍ ဥဂ္ဂါမြို၌ နေသော ဥဂ္ဂသူဌေးနှင့် အဆွေခင်ပွန်းဖြစ်ကြ၏။ ထိုသူနှစ်ယောက်တို့သည် တဆရာတည်း၌ အတတ်အတူသင်ကြားနေသောအခါ အချင်းချင်း ကတိကဝတ်ပြုကြ၏။ ငါတို့အား အရွယ်သို့ရောက်သောအခါ၌ သား သြီးတို့သည် ဘွားကြွနေသော် သားယောကျ်ား ဘွားသောသူအား သြီး ဘွားသောသူသည် ထိုသားယောကျ်ားအလိုငှါ မိမိသြီးကို ပေးအပ်၏ ဟူ၍ ကတိကဝတ်ကို ပြုလေကြ၏။ ထိုနှစ်ယောက်တို့သည် အရွယ်ရောက်သောအခါ၌ မိမိတို့၏အဘသူဌေးအရာ၌ တည်ကြလေကြ၏။ အနာထဝိဏ်သူဌေးအား၊ မဟာသုဘဒ္ဒါ၊ စုဠသုဘဒ္ဒါ၊ သုမနဒေဝီဟူ၍ သြီးသုံးယောက်၊ ကာလဟူ၍သားတယောက်ဖြင့်၏။ ဥဂ္ဂသူဌေးအားကား သားယောကျ်ား တယောက်သာဖြင့်၏။ တပါးသောအခါ၌ ဥဂ္ဂသူဌေး သည် ကုန်ရောင်းဝယ်လို၍ ငါးရာသောလှည်းတို့ဖြင့် သာဝတ္ထိပြည်သို့ သွား၍ အနာထဝိဏ်သူဌေး အိမ်၌ တဲနေလေ၏။ အနာထဝိဏ်သူဌေး သည် သြီးစုဠသုဘဒ္ဒါကိုခေါ်၍၊ ချစ်သြီး၊ သင်၏အဘ ဥဂ္ဂသူဌေးသည် လာ၏၊ ထိုသူဌေးအား ပြုဘွယ်ကိစ္စအလုံးစုံသည် သင်၏ဝန်တည်းဟု စေ၏။ ထိုစုဠသုဘဒ္ဒါသည် ကောင်းပြီဟုဝန်ခံ၍ ထိုဥဂ္ဂသူဌေး၏ လာသောအဘ်မှစ၍ မိမိလက်ဖြင့်သာလျှင်ဟင်းထပ်မင်းစသည်တို့ကိုပြုကျွေးစုံ စေ၏။ ပန်း နုံသာ နုံသာပျောင်း အစရှိသည်တို့ကိုလည်း စီရင်လေ၏။ ထမင်းစားပြီးသောအခါ၌ ထိုဥဂ္ဂသူဌေးအား ချိုးရေစီရင်၍ ရေချိုးပြီး သောအခါမှစ၍ အလုံးစုံသောကိစ္စတို့ကို ကောင်းစွာပြု၏။ ဥဂ္ဂသူဌေး သည် ထိုစုဠသုဘဒ္ဒါ၏ အကျင့်နှင့်ပြည့်စုံခြင်းကို ဖြင့်၍ ကြည်ညိုသဘော ဖြစ်၍ တနေ့သ၌ အနာထဝိဏ်သူဌေးနှင့် ချဉ်းသာစွာစကားဆိုပြော၍ ဟော လျက်၊ ငါတို့သည် ငယ်သောအခါ၌ ဤသို့သောကတိကဝတ်ကိုပြုကြ

ကုန်၏ဟု အောက်မေ့ခြင်း၌၊ စူဠသုဘဒ္ဒါကို မိမိ၏သားအလိုဌာတောင်း
၏။ ။ထိုဥဂ္ဂသူဌေးသည်ကား သဒ္ဓေါအားဖြင့် မိန္ဆာဒိဋ္ဌိ အာယုရှိ၏။
ထိုကြောင့် မြတ်စွာဘုရားအားအကြောင်းကိုလျှောက်၍ မြတ်စွာဘုရား
သည် ဆင်ခြင်တော်မူသဖြင့် ဥဂ္ဂသူဌေးအား မင်္ဂလိလ်၏ဥပနိဿယကို
မြင်းတော်မူ၍ ခွင့်ပြုတော်မူပြီးသော်၊ သူဌေးမနှင့်တိုင်ပင်၍ ထိုဥဂ္ဂသူဌေး
၏စကားကို ဝန်ခံလေ၏။ နေ့ရောက်ကိုချိန်းချက်မှတ်သား၍ အနာထပိဏ်
သူဌေးသည် စူဠသုဘဒ္ဒါကိုခေါ်၍။ ချစ်သို့၊ တပါးသောသူ၏အိမ်၌နေ
သောသူမည်သည်ကား။ အတွင်းမှမိုးကို ပြင်သို့မထုတ်အပ်။ပြင်မှမိုးကို
အတွင်းသို့ မသွင်းအပ်။ ပေးပြုန်တတ်သောသူအား ပေးအပ်၏။ မပေး
ပြုန်တတ်သော သူအား မပေးအပ်။ ရောက်သောသူ မရောက်သောသူ
အား အလှည့်ပေးအပ်၏။ ချမ်းသာစွာနေအပ်၏။ ချမ်းသာစွာစားအပ်
၏။ ချမ်းသာစွာအိပ်အပ်၏။ မိုးကိုလုပ်ကျွေးအပ်၏။ နတ်ကိုရှိခိုးအပ်၏။
ဤဆယ်ပါးသောအဆုံးအမကိုပေး၍၊ အကယ်၍ ငါ့သို့းအား သွားလေ
ရာရာအရပ်၌ အပြစ်သည်ဖြစ်အံ့။ သင်တို့သည် သုတ်သင်အပ်၏ဟူ၍
ရှစ်ယောက်ကုန်သော သူကြွယ်တို့ကို ထည့်လိုက်၏။ ကျွန်မိန်းမ ကျွန်
ယောကျ်ားတို့ကိုလည်း ငါ၏ သို့းနှင့် လိုက်လိုသသူတို့သည် လိုက်ကြ
ကုန်ဟူ၍ ထည့်လိုက်၏။ ‘အသပြာဖြင့် ပြည့်ပါသလည်း။ ရွှေအိုးတို့ဖြင့်
ပြည့်သောလည်း။ ငွေအိုးတို့ဖြင့် ပြည့်သောလည်း။ ပိုးချည်ပုဆိုးတို့ဖြင့်
ပြည့်သောလည်း။တင်လဲဖြင့်ပြည့်သောလည်း။ သလေးဆန်တို့ဖြင့်ပြည့်
သောလည်း။ ထမင်းအိုးဟင်းအိုးတို့ဖြင့်ပြည့်သောလည်း။ ထွန်ပိုး၊ထွန်
တုံး၊ ထွန်သွား စသော အဆောက်အဦတို့ဖြင့် ပြည့်သောလည်းတို့ကို
ငါးရာစီ ပေးလိုက်၏။ နွားကိုကိုလည်း ခြံငယ်တခုကို ဘွင့်၍ အလျား
သုံးဂါဝုတ်၊ အနံတဉသဘအရပ်၌ ပြည့်အောင် ထုတ်၍ ပေးလိုက်၏။
ဤသို့အနာထပိဏ်သူဌေးသည် သို့းစူဠသုဘဒ္ဒါအား ကြိုးစွာသောပူဇော်
သက္ကာရကိုပြု၍ အဆွေခင်ပွန်းဖြစ်သောဥဂ္ဂသူဌေးအား ချွေးမအလိုဌာ
ပေးအပ်လိုက်၏။အနာထပိဏ်သူဌေးသည် သို့းကိုလွှတ်လိုက်သောနေ့၌
ဘုရားအမှူးရှိသော သံဃာတော်တို့အား ကြိုးစွာသောအလှူကိုပေး၍၊
ရှေးဘဝ၌ သို့းသည်ပြုအပ်သော ကောင်းမှုအကျိုး၏ တင့်တယ်ခြင်းကို
လောကအား ထင်ရှားပြု၍ပြသကဲ့သို့ ကြိုးစွာသော ပူဇော်သက္ကာရဖြင့်
လွှတ်လိုက်၏။ ။အစဉ်သဖြင့် ဥဂ္ဂမြို့သို့ရောက်သောအခါ ယောကျွမ

၏အမျိုးနှင့်တကွ လူများအပေါင်းတို့သည် ထိုစူဠသုဘဒ္ဒါအား ခရီးပြုကြို ဆိုခြင်းကိုပြု၏။ ထိုသုဘဒ္ဒါသည်လည်း မိမိ အသရေ၏ တင့်တယ်ခြင်းကို ထင်ရှားပြုခြင်းငှါ တပြည်လုံးအား မိမိကိုယ်ကိုပြလျက် လှည်းစီး၍ မြို့သို့ဝင်၏။ ပြည်သူပြည်သားတို့ပိုလိုအပ်သော ပဏ္ဏာကာရတို့ကိုသိမ်းယူ၍ အထုပ်အလျှောက်အားဖြင့် ထိုသူတို့အားလည်း ပဏ္ဏာလက်ဆောင်တုံကိုပို့စေ၍။တပြည်လုံးကို မိမိဂုဏ်နှင့်တစပ်တည်းပြု၏။ မင်္ဂလာပြုသော နေ့ခွဲကား ထိုစူဠသုဘဒ္ဒါ၏ ယောကျ်ားမသည် ဆရာဖြစ်သော အဝတ်မဝတ် အချည်းစည်းနေသော တက္ကဿိုနိုးတို့အား ပင့်၍ လျှေးမသည် ငါတို့၏ ဆရာရဟန်းတို့ကို ဂိုဒိုးလာစေသတည်းဟု စေလိုက်၏။ ထိုစူဠသုဘဒ္ဒါသည် ဂုဏ်သဖြင့် အချည်းစည်း အဝတ်မဝတ်သော ထိုတက္ကဿိုနိုးတို့ကို ရှုအံ့သောငှါ မတတ်နိုင်သည်ဖြစ်၍ သွားအံ့သောငှါ အလိုမရှိ။ ယောကျ်ားမသည် အဘန်တလဲလဲ စေပါသော်လည်း လျှေးမသည် ပယ်အပ်သည်ဖြစ်၍ အမျက်ထွက်သဖြင့် ဤလျှေးမကို နှင်ထုတ်လေကုန်ဟုဆို၏။ ထိုစူဠသုဘဒ္ဒါသည် ငါ့အား အကြောင်းမရှိဘဲ နှင်ထုတ်အံ့သောငှါမတတ်ကောင်းဟု ရှစ်ယောက်သောသူကြွယ်တို့ကို ခေါ်စေ၍ ထိုအကြောင်းကို ကြား၏။ ထိုသူကြွယ်တို့သည် စူဠသုဘဒ္ဒါအား အပြစ်ကင်းသောအဖြစ်ကို ထိုသူဌေးအားကြားကုန်၏။ ထိုသူဌေးသည် ဤလျှေးမသည် ငါ၏ဆရာရဟန်းတို့ကိုရှိမခိုးလိုဟု မိမိမယားအား ကြား၏။ထိုသူဌေးမသည် ဤလျှေးမကား ငါတို့ဆရာရဟန်းတို့ကိုရှိမခိုးဘဲ။ မိမိဆရာဖြစ်သောရဟန်းတို့၏ဂုဏ်ကျေးဇူးကိုသာ များစွာချီးမွမ်း၏။ ထို့ကြောင့် ဧလျှေးမအား အကြောင်းကိုမေးဦးအံ့ဟု ကြံလျက်။ လျှေးမသစ်၊ သင်၏ဆရာရဟန်းတို့သည် အဘယ်သို့သဘောရှိကုန်သနည်း။ သင်သည် များစွာ, သင့်ဆရာတို့ကို ချီးမွမ်း၏။ သင်၏ဆရာရဟန်းတို့သည် အဘယ်သို့အလေ့ရှိကုန်သနည်း။ အဘယ်သို့ ကောင်းသောအကျင့်ရှိကုန်သနည်း။ ထိုအကြောင်းကို ငါ့အား သင်သည်ကြားလော့ဟု ဆို၏။ ။ထိုဧရာအခါ၊ ယောကျ်ားမမိန်းမသူအား သုဘဒ္ဒါသည် ဖြတ်ရှုံ့ဘုရားတို့၏ဂုဏ်း၊ ဘုရားတမည်သားတော်တို့၏ဂုဏ်း ကျေးဇူးကိုထင်ရှား ပြထိုသည် ဖြစ်၍။ ။သန္တိပြုယံ သန္တံမနံ၊ သန္တံ ကောသံ ဂတံ ဥတံ။ ဩကိဉ္စတ္ထစကဋ္ဌ။ မိတဘာကီ၊ တာဒိသာ သမဏာ မမ။ ။အစရိသော ရှစ်ဂါထာတို့ကိုဆို၏။ ။ထိုဂါထာတို့၌ အဓိပ္ပါယ်ကား။ ငါ၏ဆရာ

ရဟန်းတို့သည် ငြိမ်သက်သောဇာန်ဖြစ်ရှိကုန်၏။ ငြိမ်သက်သော စိတ်ရှိကုန်၏။ ထိုငါ့ဆရာဇော်ဩား သွားခြင်းသည်ငြိမ်သက်၏။ ရပ်ခြင်းသည် ငြိမ်သက်၏။ ချသောမျက်လွှာရှိ၏။ အတိုင်းအရှည်နှင့်ယှဉ်၍ စကားကို ဆို၏။ငါ၏ဆရာရဟန်းတို့သည်ထိုသို့ဆိုအပ်ပြီးသောဂုဏ်ကျေးဇူးတို့နှင့်ယှဉ်ကုန်၏။ ထိုဆရာတို့ဩား ကာယကံသည် စင်ကြယ်၏။မနောက်သောဝစီကံသည်ရှိ၏။ မနောကံသည်စင်ကြယ်၏။ ငါ၏ဆရာတို့သည် ထိုသို့ဆိုအပ်ပြီးသော ကျေးဇူးနှင့် ပြည့်စုံကုန်၏။ အညစ်အကြေးကင်းသောခရုသင်းပုလဲအရောင်ရှိ၏။ ကိုယ်တွင်းကိုယ်ပ၌ စင်ကြယ်၏။ စင်သောတရားတို့နှင့်ပြည့်စုံ၏။ငါ၏ဆရာရဟန်းတို့သည် ဆိုအပ်ပြီးသော ကျေးဇူး ရှိကုန်၏။ လူအပေါင်းတို့သည် လာဘ်ရသဖြင့် မာန်တက်၏။ လာဘ်မရသဖြင့် မာန်ယုတ်၏။ ပညာရှိသည် လာဘ်ရ မရ နှစ်ပါးဖြင့် မျှသော တည်ခြင်းရှိ၏။ ငါ၏ ဆရာ ရဟန်းတို့သည် ဆိုအပ်ပြီးသော ဂုဏ်ရှိကုန်၏။လူအပေါင်းသည် အခြံအရံများသဖြင့်မာန်တက်၏။ အခြံအရံနည်းသဖြင့်မာန်ယုတ်၏။ အခြံအရံနည်းခြင်း များခြင်း၌ ပညာရှိတို့သည် မျှသောတည်ခြင်းရှိကုန်၏။ ငါ၏ဆရာ ရဟန်းတို့သည် ဆိုအပ်ပြီးသော မျှသောတည်ခြင်းဟူသော သဘောရှိကုန်၏။ လောကသည် ချီးမွမ်းခြင်းများသည်ဖြစ်၍ မာန်တက်၏။ ကဲ့ရဲ့ခြင်းရှိသဖြင့် မာန်ယုတ်၏။ ပညာရှိတို့သည် ချီးမွမ်းခြင်း ကဲ့ရဲ့ခြင်းတို့၌ အမျှတည်၏။ငါ၏ဆရာရဟန်းတို့သည် ထိုသို့အမျှတည်ခြင်းသဘောရှိကုန်၏။ လောကသည် ချမ်းသာခြင်းဖြင့် မာန်တက်၏။ဆင်းရဲခြင်းဖြင့် မာန်ယုတ်၏။ပညာရှိတို့သည် ချမ်းသာဆင်းရဲဖြစ်သောအခါတို့၌ မတုန်လှုပ်သော သဘောရှိကုန်၏။ ငါ၏ဆရာရဟန်းတို့သည်၊ချမ်းသာခြင်း ဆင်းရဲခြင်းဖြင့်မတုန်လှုပ်သောသဘောရှိကုန်၏။ ဤသို့အစရှိသောစကားတို့ဖြင့် ယောကွမကို နှစ်သက်စေ၏။ ။ထိုအခါ သုဘဒ္ဒါကို ရည်၏ဆရာတို့ကို ငါတို့အား ပြခြင်းငှါ တတ်နိုင်ပါအံ့လောဟု မေး၍၊ တတ်နိုင်ပါ၏ ဆိုသော်။ ထိုသို့တမူကား၊ အကြင်အခြင်းဖြင့် ထိုသင်္ဃာတို့ကို ငါတို့သည် ဖူးမြင်ရကုန်၏။ ထိုအခြင်းဖြင့် ပြုပါလော့ဟု ဆိုသော်။ သုဘဒ္ဒါသည် ကောင်းပြီဟုဝန်ခံ၍၊ဘုရားအမှူးရှိသောသံဃာတော်ငါးရာအားကြိုးစွဲသောအလှူကို စီရင်၍၊ အထက်ပြာသာဒ်အပြင်၌ရပ်လျက်၊ ဇေတဝန်ကျောင်းတော်သို့ရှေးရှု ရိုသေစွာ ငါးပါးသောထိခြင်းဖြင့် ရှိခိုး၍၊ မြတ်

စွာဘုရား ကျေးဇူးတော်တို့ကို ဆင်ခြင်လျက် နှံ့သာဖြင့် ထုံအပ်သော ပန်းအခိုးတို့ဖြင့်ပူဇော်ပြီးလျှင်။ ဘုန်းတော်ကြီးသော**အရှင်ဘုရား၊ နက်**ဖြန်အလှိုဠ္ဂါဘုရားအမှူးရှိသောသံဃာကို အကျွန်ုပ်သည်ဆွမ်းဘိတ်မန်ပါ၏။ဤမြတ်လေးပန်းအွမှတ်ဖြင့် ဆွမ်းဘိတ်မန်သောအဖြစ်ကို ရှင်ပင်ဘုရားသည်သိတော်မူပါဟု ,ရှစ်ဆုပ်သောမြတ်လေးပန်းတို့ကိုကောင်းကင်၌မြှောက်၏။ မြတ်လေးပန်းရှစ်ဆုပ်တို့သည် မြတ်စွာဘုရားရှိတော်မူရာသို့လာကုန်၍ ပရိသတ်လေးပါးတို့၏ အလယ်၌ တရားဟောတော်မူသော မြတ်စွာဘုရား၏အထက်၌ ဗိတာန်ကြက်သကဲ့သို့ဖြစ်၍ တည်၏။ ထိုခဏာ၌ အနာထပိဏ်သူဌေးသည် ကြည့်လျက် တရားနာပြီးလျှင် နက်ဖြန်အလှိုဠ္ဂါဆွမ်းဘိတ်၏။ နက်ဖြန်အလှိုဠ္ဂါဆွမ်းကို ငါသည် ဝန်ခံအပ်ပြီဟုမြတ်စွာဘုရားသည်မိန့်တော်မူသော်။ အရှင်ဘုရား၊အကျွန်ုပ်မှာရှေးဦးစွာလာသောသူမည်သည်မရှိပါ။ အရှင်ဘုရားတို့သည် အဘယ်သူအား ဝန်ခံကုန်သနည်းဟု အနာထပိဏ်သူဌေးသည် လျှောက်အပ်သည်ရှိသော်။ သူကြွယ်၊ စူဠသုဘဒ္ဒါသည် ဘိတ်မန်အပ်ပြီဟုမိန့်တော်မူ၏။ ဘုန်းတော်ကြီးသောနှင်ပင်ဘုရား၊ စူဠသုဘဒ္ဒါသည် ဤသာဝတ္ထိပြည်မှ ယူဇနာ ၁၂၀ ဝေးသောအရပ်၌နေပါသည်ဟုလျှောက်သော်၊ သူကြွယ်၊ ဩဩ ဝေးသောအရပ်၌ နေ၏။ သူတော်ကောင်းတို့သည် ဝေးသောအရပ်၌နေသော်လည်း ရှေးရှုရာအရပ်၌ တည်ကုန်သကဲ့သို့ ထုံင်ရှား ဖြစ်ကုန်၏ဟု မိန့်တော်မူ၍။ ။ဒူရေ သန္တေ ပကာသေန္တိ၊ ဟိမဝန္တောဝ ပဗ္ဗတော။အသန္တေထဲ နဒိသန္တိ၊ ရတ္တိံ ဝိဇ္ဇာ သရော ယထာ။ ။ဟူသော ဂါထာကို ဟောတော်မူ၏။ ။ဂဟပတိ၊ သူကြွယ်။ ဒူရေ၊ ဝေးသောအရပ်၌။ သန္တေ၊ သူတော်ကောင်းတို့သည်။ ဟိမဝန္တေ၊ဟိမာလည်ရှိသော။ပဗ္ဗတောဇုဝ၊တောင်ကဲ့သို့။ဗုဒ္ဓါနံ၊ ဘုရားတို့အား။ ပကာသေန္တိ၊ ထင်ရှားဖြစ်ကုန်၏။ ဇေတ္ထ၊ ဤငါဘုရား၏ အနီး၌။ဝသန္တော၊နေကုန်သော။အသန္တေ၊သူတော်ကောင်းမဟုတ်ကုန်သောသူတို့သည်။ ရတ္တိံ၊ညဉ့်၌။ ဝိဇ္ဇုတာ၊ပစ်အပ်သော။ သရေ၊လင်းတံ၊ မြားကဲ့စ်သို့။နေ၊ငါတို့အား။နုပကာသေန္တိ၊ထင်ရှားမဖြစ်ကုန်။ ။ဒေသနာဝေတ်အဆုံး၌များစွာသောတရားရှုပဝိပဿနာတို့သည်သောတာပတ္တိဖိုလ်အစရှိသည်တို့၌တည်ငြိမ်ကုန်၏။ ။

သိကြားနတ်မင်းသည်,စူဠသုဘဒ္ဒါကို်ဆွမ်းဘိတ်မန်ခြင်းကို မြတ်စွာ

ဘုရားသည် ဝန်ခံတော်မူ၏ဟု သိ၍ ဝိသုကြိုနတ်သားကို ခေါ်ပြီးလျှင်။ အချင်းဝိသုကြိုနတ်သား၊ စုလစ်မွန်းလွန်ကပ်သော ပြာသာဒ်ငါးရာ ဘန် ဆင်း၍နက်ဖြန်စောစောကလျင် ဘုရားအမှူးရှိသောသံဃာတော်ငါးရာ ကိုတင်လျက် ဥဂ္ဂမြို့သို့ဆောင်ပို့လေ့ဟု ဖစ်၏။ ဝိသုကြိုနတ်သားသည် နက်ဖြန် ထိုးသောက်သောနေ့၌ ပြာသာဒ်ငါးရာ ဘန်ဆင်း၍ ဇေတဝန် ကျောင်းတော် မတ်တံခါးဝ၌ ရပ်လာ၏။ မြတ်စွာဘုရားသည် အထူး သဖြင့် စင်ကြယ်သော၊ ကုန်ပြီးသော အာသဝေါရှိသော ငါးရာသော ရဟန်းတို့ကို ရွေးကောက်ယူတော်မူ၍ ရဟန္တာ အခြိုအရံ ငါးရာနှင့် တကွ ပြာသာဒ်ငါးရာတို့၌တပါးစီနေတော်မူ၍ ဥဂ္ဂမြို့သို့ကြွတော်မူလေ ၏။ ဥဂ္ဂသူဌေးသည်လည်း သုဘဒ္ဒါသည် ပေးအပ်သောနည်းဖြင့်- အခြံ အရံတို့နှင့်တကွ မြတ်စွာဘုရား ကြွတော်မူလာရာ ကောင်းကင်ခရီးကို ကြည့်လျက် နေ၏။ မျှားစွာသော ဘုရား၏ အာသဝေတော်ဖြင့် ထွန်းပ လျက် ကြွတော်မူလာသော မြတ်စွာဘုရားကိုမြင်သော် ကြည်ညိုသော နှလုံးရှိသည်ဖြစ်၍၊ ပန်းနုံသာစသည်တို့ဖြင့် ပူဇော်သက္ကာရကိုပြုလျက် မြတ်စွာဘုရားကိုရှိခိုး၍၊ ကြီးစွာသော အသံကို ပေးပြီးလျှင် အထပ်ထပ် ဆွမ်းဘိတ်မန်၍ ချစ်ရက်ပတ်လုံး အလှူကြီးကိုပေး၏။ မြတ်စွာဘုရား သည် ထိုဥဂ္ဂသူဌေးအား နှလျောက်ပတ်သောဟရားကို ဟောတော်မူ၏။ ဥဂ္ဂသူဌေးကို အစပြု၍ ရှစ်သောင်း လေးထောင်ကုန်သော ဝေနေယျ သတ္တဝါတို့သည်အကျွတ်တရားရကြကုန်၏။ ။စူဠသုဘဒ္ဒါကိုချီးမြှောက် သဖြင့် သင်သည် ဤမြို့၌ နေရစ်လော့ဟု အရှင်အနုရုဒ္ဓါကို ထားခဲ့၍ သာဝတ္ထိပြည်သို့ပြန်တော်မူလေ၏။ ထိုအခါမှစ၍ ဥဂ္ဂမြို့၌နေကုန်သော သူတို့သည်ရတနာသုံးပါးဥ၌ကြည်ညိုကုန်၏။ ။

၃၄။ မြတ်စွာဘုရားနှင့်အဆွေခင်ပွန်းဘွဲ့သော လယ်လုပ်ပုဏ္ဏားအားပျက်သောလယ်ကိုမှီ၍သောက ဖြစ်သည်ကိုကယ်ချွတ်တော်မူခြင်း။

တဏ္ဍာယ ဇာယတိ သောဇော၊ အစရှိသော တရားဒေသနာကို မြတ်စွာဘုရားသည် ဇေတဝန်ကျောင်းတော်၌ နေတော်မူသော အခါ ဗိမ္ဗာဒိဋ္ဌိအယူရှိသောပုဏ္ဏားတယောက်ကိုအကြောင်းပြု၍ ဟောတော်

မှု၏။ ထိုပုဏ္ဏားသည် တနေ့သ၌ အစိဂဝတီမြစ်နားသို့သွား၍ လယ်ကို သုတ်သင်၏။ မြတ်စွာဘုရားသည် ထိုနေ့၌ လောကကို ကြည့်တော်မူသော် ထိုပုဏ္ဏားအား မဂ်ဖိုလ်၏ဥပနိဿယနှင့်ပြည့်စုံခြင်းကိုမြင်တော်မူ၍ ထိုပုဏ္ဏား၏အထံသို့ကြွတော်မူလေ၏။ ပုဏ္ဏားသည်မြတ်စွာဘုရားကိုမြင်၍လည်း အရိအသေကိုမျှ မပြု၊ ဆိတ်ဆိတ်သာ နေ၏။ ထိုအခါ မြတ်စွာဘုရားသည် ပုဏ္ဏားကို ဂုဏ်ဦးစွာ ငါစကား ပြောအံ့ဟု ကြံ၍။ ပုဏ္ဏား၊ အဘယ်သို့ပြုသနည်းမေး၏။ ရှင်ဂေါတမ၊ လယ်ကိုသုတ်သင်သည်ဟုဆို၏။ ဤမျှသောစကားကိုဆို၍ ဘုရားကြွတော်မူလေ၏။တဖိုးသောက်သောနေ့၌လည်း ထိုပုဏ္ဏားလယ်ထွန်ရာသို့သွား၍။ ပုဏ္ဏား၊အဘယ်ပြုသနည်းဟု မေးတော်မူ၏။ ရှင်ဂေါတမ၊ လယ်ထွန်ပါ၏ဟုဆိုသောစကားကိုကြား၍ဘဲတော်မူ၏။ တဖိုးသောက်သောနေ့၌ ထိုအတူသွား၍မေးတော်မူသဖြင့်။ ရှင်ဂေါတမ၊ လယ်ကြဲပါ၏။ ရေထုတ်ပါ၏။ လယ်စောင့်ပါ၏ပြောဆိုသောစကားကိုကြား၍ဘဲတော်မူ၏။ ထိုအခါတနေ့သ၌ပုဏ္ဏားသည် ဘုရားကိုဤသို့ဆို၏။ ရှင်ဂေါတမ၊ရှင်ဂေါတမသည် အကျွန်ုပ်လယ်သုတ်သင်သောနေ့မှစ၍ နေ့တိုင်းလာ၏။အကယ်၍ အကျွန်ုပ်အား လယ်သည်ပြည့်စုံအံ့။ အရှင်ဂေါတမအားလည်း ခွဲဝေ၍ ပေးပါအံ့။ အရှင်ဂေါတမအား မခွဲမဝေ မပေးမူ၍ ငါမစားအံ့။ ဤနေ့မှစ၍ အရှင်ဂေါတမသည် ငါ၏အဆွေခင်ပွန်းတည်းဟု ဆို၏။ နောက်အခါ၌ ပုဏ္ဏားအား ကောက်သည်အသီးမျည့်၍ ငါးအားကောက်သည်မျည့်ပြီ။ နက်ဖြန် ကောက်ရိတ်အံ့ဟု ကောက်ရိတ်အံ့သောဌါ ပြုအပ်ပြီးသောကိုယ်အလုံးစုံရှိသောထိုပုဏ္ဏား၏လယ်၌ ကောက်ပင်ကိုညှဉ့်တွင်းခြင်း၊အယဉ်ထန်စွာမိုးကြိုးရွာ၍ ပျက်စီးလေ၏။ လယ်တည်၍ထားသောတလင်းပြင်နှင့်အတူဖြစ်လေ၏။ ။မြတ်စွာဘုရားကား ဂုဏ်ဦးစွာသော်နေ့၌ကပင် ဤပုဏ္ဏား၏ကောက်သည် မပြုံည့်စုံလတ္တံ့ဟုသိတော်မူ၏။ ပုဏ္ဏားသည် နံနက်စောစောလယ်ကိုကြည့်ပါအံ့ဟုသွားလေသော် အချည်းနှီးသော်လယ်ဖြကိုမြင်၍ ပြင်းစွာဖြစ်သော ပူဒါဟ်မခြင်းရှိသည်ဖြစ်၍ကြီး၏။ ရဟန်းဂေါတမသည် ငါ၏လယ် သုတ်သင်သောနေ့မှစ၍လား၏။ ငါသည်လည်း ဤလယ်၌ကောက်ပြည့်စုံသည်ရှိသော် ရှင်ဂေါတမအား အစုခွဲဝေခြင်းကိုပြုအံ့။ ရှင်ဂေါတမအား အကြိမ်ပေး၍ ငါမစားလတ္တံ့။ ဤနေ့မှစ၍ အရှင်ဂေါတမသည်ငါ၏အဆွေခင်ပွန်းဟုသည်

ဟုဆိုမိ၏။ငါ၏အလိုသည်လည်း အပြီးသို့မရောက်ပါတကားဟု စိုးရိမ်ခြင်းနှိပ်စက်သဖြင့် အာဟာရမစားမူ၍ ညောင်ဧစောင်းဌာနအိပ်၏။ ထိုအခါ မြတ်စွာဘုရားသည် ပုဏ္ဏားဇ၏အိမ်တံခါးသို့ ကြွတော်မူလေ၏။ ပုဏ္ဏား သည် မြတ်စွာဘုရားကြွတော်မူလာကြောင်းကိုကြား၍ ငါ၏အဆွေကို ဆောင်ခဲ့၍ ဤနေရာဌာနေပါစေကုန်ဟုဆို၏။အလုပ်အကျွေးကယောက် သည်ထိုဆိုတိုင်းပြု၏။မြတ်စွာဘုရားသည် ထိုင်နေတော်မူပြီး၍။ ပုဏ္ဏား အဘယ်ဌာနရှိလေသနည်းမေးတော်မူ၍ တိုက်တွင်းဌာနအိပ်၏ဟု ဆိုသော်။ ပုဏ္ဏားကို ခေါ်စေ၍ တင့်အပ်သောအရပ်ဌာနေသော ပုဏ္ဏားကို အသို့ နည်းပုဏ္ဏားဟု မေးတော်မူသော်။ အရှင်ဂေါတမ၊ သင်တို့သည် ငါ၏ လယ် သုတ်သင်သောအခါမှ စ၍ နေ့တိုင်း လာသည်။ ငါသည့်လည်း ကောက်ပြည့်စုံသော် သင့်အတွက်အစုခွဲဝေခြင်းကိုပြုအံ့ဟုဆိုမိ၏။ ဤအ လိုသည် ငါ့အားမပြီး။ ထို့ကြောင့် ငါ့အားထမင်းသည်မရှိပြီဟူ၍ဆို၏။ ထိုအခါ မြတ်စွာဘုရားသည်။ ပုဏ္ဏား၊ အဘယ်ကဲ့ဖြို၍ စိုးရိမ်ခြင်းဖြစ် သည်ကိုသင်သိ၏ယောဟုမေးတော်မူ၏။ အရှင်ဂေါတမ၊အကျွန်ုပ်မသိ။ အရှင်ဂေါတမသည်သိ၏လောဟုမေးလျှင်။ ထွေ်ငါသိ၏။ပုဏ္ဏား၊ဖြစ် ဆဲဖြစ်သောစိုးရိမ်ခြင်းသည်ၛင်း၊ ဘေးသည်ၛင်း၊ တဏှာကဲ့ဖြို၍ဖြစ်၏ ဟုမိန့်၍။ ။တဏှာယဓာယတီသောဂေါ့တဏှာယဓာယတောဘယံ။ တဏှာယဝိပ္ပမုတ္တာသ၊နတ္ထိ သောကော ကုတောဘယံ။ ။ဟူ၍ဟော တော်မူ၏။ ကာရုဏ်ဒသနာတော်အဆုံး၌ ပုဏ္ဏားသည် သောတာပတ္တိ ဖိုလ်၌တည်လေ၏။ ။တဏှာယ၊တဏှာကြောင့်။ သောကော၊ စိုးရိမ် ခြင်းသည်ဓာယတီ၊ဖြစ်၏။ တဏှာယ၊ကြောင့်။ ဘယံ၊ဘေးသည်။ ဓာ ယတော၊ဖြစ်၏။ တဏှာယ၊တဏှာမှ။ ဝိပ္ပမုတ္တာသ၊လွတ်သောသူအား။ သောကော၊သည်။နတ္ထိ၊မရှိ။ကုတောဘယံ၊ဘေးအတိမ္မာရှိအံ့နည်း။

၃၅။ သေပြီးသောဦးခေါင်းခွံကိုခေါက်ကာမှုဖြင့်
လားရာဂတိကိုဟောစွမ်းနိုင်သောဝက်သ
ပုဏ္ဏားအားသျှတ်တော်မူခြင်း။

ရုတိ်ယောဝေဒိသတ္ထာနှံ၊အစရှိသောဒေသနာကိုဧတဝဝန်ကျောင်း တော်၌မြတ်စွာဘုရားသည်သိတင်းသုံးတော်မူစဉ် ဝက်သမထေရ်ကို

အကြောင်းပြု၍ ဟောတော်မူ၏။ ဝတ္ထုကား။ရာဇဂြိုဟ်ပြည်၌ ဝဏ်ကိုသ အမည်ရှိသောပုဏ္ဏားသည် သူသေ၏ဦးခေါင်းကဲ့သို့ခါက်၍ ဤဦးခေါင်း သည်ငရဲ၌ဖြစ်သောသူ၏ဦးခေါင်းတည်း။ ဤသည်ကား တိရစ္ဆာန်ဘုံ၌ ဖြစ်သောသူ၏ဦးခေါင်းစာည်း။ ဤသည်ကား ပြိတ္တာဘုံ၌ဖြစ်သောသူ၏ ဦးခေါင်းတည်း။ ဤဦးခေါင်းသည်ကား လူပြည်၌ ဖြစ်သောသူ၏ ဦး ခေါင်းတည်းဟုသိ၏။ ပုဏ္ဏားတို့သည် ဤဝဏ်ကိုသပုဏ္ဏားကဲ့ဖြ၍ ငါတို့ သည် ဥစ္စာရအံ့သောဌါတတ်နိုင်၏ဟုကြံကုန်၍။ ထိုဝဏ်ကိုသပုဏ္ဏားကို နီစွာသော နှစ်ထည်ကုန်သောပုဆိုးကိုဝတ်ရုံစေ၍။ ထိုပုဏ္ဏားကိုယူ၍ ဓနုပုဒ်သို့ဂင်း၊ ဖြိတ်သို့သို့ဂင်း သွားကုန်၍ လူတို့ကို ဆိုကုန်၏။ အရှင်တို့၊ ဤပုဏ္ဏား သည် ဝဏ်ကိုသပုဏ္ဏားမည်၏။ သေလေပြီးသော လူတို့၏ ဦး ခေါင်းခွံကဲ့ခေါက်၍ ထိုဦးခေါင်းရှင်တို့၏ ဖြစ်လေရာ အရပ်ကို သိ၏။ မိမိတို့၏သေလေကုန်ပြီးသော အဆွေသားခြင်းတို့၏ ဖြစ်ရာအရပ်ကို မေးလေ့ပုဆိုကုန်၏။လူတို့သည် အားနှင့်လျော်စွာ အသပြာတဆယ် ကိုဂင်း၊ နှစ်ဆယ်ကိုဂင်း၊ သုံးဆယ်ကိုဂင်း၊ အစသပြာတရာကိုဂင်း ပေး ကုန်၍ဆွေမျိုးတို့၏ဖြစ်ရာအရပ်ကိုမေးကုန်၏။ထိုပုဏ္ဏားတို့သည်အစဉ် သဖြင့် သာဝတ္ထိပြည်သို့ရောက်၍ ဇေတဝနကျောင်းတော်မှ မနီးမဝေး သောအရပ်၌ ဇနခြင်းကိုပြုကုန်၏။ ထိုပုဏ္ဏားတို့သည် နံနက်စာစားပြီး သော် လူအပေါင်းတို့သည်ပန်းနံ့သာလက်စွဲလျက် တရားနာအံ့သောဌါ ကျောင်းသို့သွားသည်ကို မြင်၍ သင်တို့သည် အဘယ်သို့သွားကုန်အံ့ နည်းဟုမေးကုန်၍ ကျောင်းသို့တရားနာသွားကုန်၏ဆို၍သော်၊ ကျောင်း သို့သွား၍ အဘယ်သို့ ဖြစ်လတ္တံ့နည်း။ ငါတို့၏ ဝဏ်ကိုသပုဏ္ဏားနှင့်တူ သော်သူမရှိ။ သေသော်သူတို့၏ ဦးခေါင်းကိုသော်လည်းခါက်၍ ဖြစ် ရာအရပ်ကိုသိ၏။ သေကုန်ပြီးသောအဆွေအမျိုးတို့၏ဖြစ်ရာအရပ်ကို မေးကုန်လော့ဟုဆိုကုန်၏။ ထိုလူတို့သည် သင်တို့၏ ဝဏ်ကိုသပုဏ္ဏား သည်အဘယ်သို့သိအံ့နည်း။ ငါတို့ဆရာဘုရားနှင့်တူ၍ သိသောသူမည်၏ သည် မရှိဟုဆိုကုန်၏။ ထိုပုဏ္ဏားတို့သည်လည်း ဝဏ်ကိုသနှင့်တူသော သူမရှိဟုဆိုပြန်သဖြင့်စကားကိုပယ်ခဲ့၍၊လာကြကုန်။ပဌမအခါ၌ သင် တို့ဆရာဝဏ်ကိုသ၏ သိခြင်းကိုဂင်း၊ ငါတို့ဆရာဘုရား၏ သိခြင်းကိုဂင်း သိရကုန်လတ္တံ့ဟု ထိုသူတို့ကိုပယ်၍ ကျောင်းတော်သို့သွားလေကုန်၏။ မြတ်စွာဘုရားသည် ထိုသူတို့၏လာသောအဖြစ်ကို သိတော်မူ၍၊ ငရဲ၊

တိရစ္ဆာန်၊ လူပြည်၊ နတ်ပြည်အားဖြင့် လေးပါးသောအရပ်တို့၌ ဖြစ်ကုန်သောသူတို့၏ဦးခေါင်းလေးလုံးတို့ကိုဂုဏ်း။ ရဟန္တာ၏ဦးခေါင်းကိုဂုဏ်း။ ဤငါးလုံးသောဦးခေါင်းခွံတို့ကိုဆောင်စေ၍ အစဉ်အားဖြင့်ထားစေ၍ရှေ့တော်သို့ရောက်သောအခါ၊ ဝဏ်ကိုသ၊ ဣသင်သည် ဦးခေါင်းခွံကို ခေါက်၍ သေသောသူတို့၏ဖြစ်ရာကိုသိ၏ဟူသည် မှန်သလောဟုမေးတော်မူသော်၊ သြေဿသိ၏ဟုဆို၍၊ ငရဲသို့သွားသောသူ၏ ဦးခေါင်းကိုပြလျက် ဤဦးခေါင်းသည် အဘယ်၌ဖြစ်လေသောသူ၏ဦးခေါင်းနည်းဟု မေးတော်မူသော်။ ထိုဦးခေါင်းခွံကို ခေါက်၍ ငရဲ၌ဖြစ်သောသူ၏ဦးခေါင်းတည်းဟုဆို၏။ မြတ်စွာဘုရားလည်း ကောင်းပြီဟုကောင်းကျိုးပေးတော်မူ၍။ ဤမှဟပါးသောဦးခေါင်းသုံးလုံးတို့ကိုလည်း မေးတော်မူ၏။ ထိုဝဏ်ကိုသသည် မချွတ်မယွင်းစေမူ၍ ဆိုလျှင် ဖူးနည်း အတူကောင်းကျိုး ပေးတော်မူ၍။ ငါးလုံးမြောက် ရဟန္တာ၏ ဦးခေါင်းကိုပြ၍ ဤဦးခေါင်းသည် အဘယ်၌ ဖြစ်လေသောသူ၏ဦးခေါင်းနည်းဟု မေးတော်မူ၏။ ထိုဝဏ်ကိုဒသသည် အဘန်ဘန်ခေါက်၍ ဖြစ်ရာအရပ်ကိုမသိနိုင်ရကား။ ဝဏ်ကိုသ၊သင်မသိနိုင်ပြီလောဟုမေးတော်မူ၍။ သြေဿအရှင် ဘုရား၊ မသိနိုင်ပါဟု ဆိုသော်၊ ဝဏ်ကိုသ၊ ငါသိတော်မူ၏။ ဤသူ၏ဦးခေါင်းသည် ကုန်ပြီးသောဂတိရှိသောရဟန်း၏ဦးခေါင်းတည်းဟု မိန့်တော်မူ၏။ထိုအခါဝဏ်ကိုသပုဏ္ဏားသည် မြတ်စွာဘုရားကို ဂတိကုန်ပြီးသောရဟန္တာ၏ဦးခေါင်းကိုသိတတ်သောမန္တန်ကို အကျွန်ုပ်အားပေးပါလော့ဟုတောင်း၏။ ဝဏ်ကိုသ၊ သင်တို့ကဲ့သို့ ရဟန်းမပြုသောသူတို့အားပေးအံ့သောဌါနတတ်ကောင်းဟုဘုရားမိန့်တော်မူသော်။ထိုဝဏ်ကိုသပုဏ္ဏားသည် ဤမန္တရားကို ငါတတ်သော် အလုံးစုံသော ဇမ္ဗူဒီပါကျွန်းဌ ငါသည် အကြီးဖြောက်လတ္တံ့ဟုကြံ၍၊ နောက်လိုက်ပုဏ္ဏားတို့ကို သင်တို့ ထိုအရပ်၌ပင်သုံးလေးရက်နေလင့်ကုန်။ငါသည် ရဟန်းပြုအံ့ဟုဆို၍လွှတ်လိုက်ပြီးလျှင် မြတ်စွာဘုရားအထံ၌ရဟန်းပြု၍ ပဉ္စင်းအဖြစ်ကိုရပြီးသော် ဝဏ်ကိုသထေရ်ဟူသောအမည်သည်ဖြစ်၏။ ထိုရောအခါ မြတ်စွာဘုရားသည်ထိုမထေရ်အား ဒွတ္တိံသာကာရကမ္မဋ္ဌာန်းကိုပေး၍ ဤမန္တာန်၏ပရိဟံကိုသရဇ္ဈာယ်လော့ဟုမိန့်တော်မူ၏။ ထိုမထေရ်သည် ဒွတ္တိံသာကာရ ကမ္မဋ္ဌာန်းကို သရဇ္ဈာယ်၍ တရက် နှစ်ရက်ရှိလျှင် နောက်လိုက်ပုဏ္ဏားတို့သည် သင်သည် မန္တရားကို ယူပြီလောဟု

မေးခြင်ယူပါသေးဏ်။ ငံ့ကုန်ဦးဟုဆို၍။ သုံးလေးရက်လွန်သဖြင့် ရဟန္တာ အာဖြစ်သို့ရောက်၍။ တဘန်နောက်လိုက်ပုဏ္ဏားတို့လည် မေးပြန်သော်။ အာရှင်တို့၊ ယခုအခါ ငါသည် ပြန်လည်အံ့သောဌါမတတ်ကောင်းပြီဟု ဆိုဏ်။ ထိုစကားကိုရဟန်းတို့ကြားကုန်၍။ ဘုန်းတော်ကြီးသောအာရှင် ဘုရား၊ ဝဏ်ကိုသမဒထရ်သည်၊ မဟုတ်မမှန်သဖြင့် အရဟတ္တဖိုလ်ကိုလျှ တို့အားကြားသည်ဟုလျောက်ကုန်ဏ်။ ချစ်သားရဟန်းတို့၊ ဤသို့မဆို ကုန်လင့်။ ချစ်သားရဟန်းတို့၊ ယခုအခါ ငါဏ်သား ဝဏ်ကိုသမထေရ် သည်စုတိပဋိသန္ဓေဦလိမ္မာသည်ဖြစ်ပြီဟုမြတ်စွာဘုရားသည်မိန့်တော် မူ၍။ ။စုတိံ ယောဝေဒိသတ္တာနံ၊ဥပပတ္တိဉ္စ သဗ္ဗသော။အာသတ္တံ သုဂ ပဒံ ဇုံ၊တမဟံ ဗြူမိ ဗြာဟ္မဏံ။ ။ယဿဂတိံ နဇာနန္တိ၊ဒေဝါဂန္ဓဗ္ဗ မာနုသာ၊ခီဏာသဝံ အရဟန္တံ၊တမဟံ ဗြူမိ ဗြာဟ္မဏံ။ ။ဟူသော ပဒရုးဒဒသနာတော်ကို ဟောတော်မူဏ်။ ။ဒေသနာတော် အဆုံးဥ် များစွာသောသူတို့သည် သောတာပတ္တိဖိုလ် အစရှိသည်တို့သို့ရောက် လေကုန်ဏ်။ ။ဃော၊ အကြင်သူသည်။ သတ္တာန်၊ သတ္တဝါတို့ဏ်။ စု တိဉ္စ၊ စုတိကိုဂင်း။ ဥပပတ္တိဉ္စ၊ ပဋိသန္ဓေကိုဂင်း။ သဗ္ဗသော၊ အချင်းခပ် သိမ်း။ အဝေဒိ၊ သိဏ်။ အသတ္တံ၊ မငြိကပ်သည်ဖြစ်၍။ သုဂတံ၊ ကောင်း သောအကျင့်ရှိသည်ဖြစ်၍။ ဗုဒ္ဓံ၊ သစ္ဆာဃလေးပါးကိုသိဏ်။ တံ၊ ထိုသူကို။ ဗြာဟ္မဏံ၊ ဗြာဟ္မဏာမည်ဏ်ဟူ၍။ အဟံ၊ ငါဘုရားသည်။ ဗြူမိ၊ ဟော တော်မူဏ်။ ။ဒေဝါ၊ နတ်တို့သည်ဂင်း။ ဂန္ဓဗ္ဗမာနုသာ၊ ဂန္ဓဗ္ဗနတ်လူ တို့သည်ဂင်း။ သန္တိ၊ရှိကုန်ဏ်။ ဇေ၊ထို့သူတို့သည်။ ယဿ၊အကြင်သူဏ်။ ဂတိံ၊အလားကို့၊ နဇာနန္တိ၊ မသိကုန်။ ခီဏာသဝံ၊ ကုန်ပြီးသောအာသ ဝေါရှိသော။ အရဟန္တံ၊ပူဇော်အထူးကိုလည်းခံထိုက်သော။ တံ၊ထိုသူ ကို။ ဗြာဟ္မဏံ၊ အပဲပြုအပ်ပြီးသောမကောင်းမှုရှိသောသူဟူ၍။ အဟံ၊ ငါဘုရားသည်။ ဗြူမိ၊ဟော တော်မူဏ်။ ။

၃၄။ ချက်မှတ်သဝန်းအရောင်နှင့်တူပွာအရောင်ထွက်သော စန္ဒာဘပုဏ္ဏားအားဆွမ်းတော်မူခြင်း။

စန္ဒံဝ ဝိမလံ၊အစရှိသောတရားတော်ကို မြတ်စွာဘုရားသည်ဟော တော်မူသောကြောင်းတော်ရှိနေတော်မူစဉ်အခါ စန္ဒာဘပုဏ္ဏားတဲ့အကြောင်း

ပြု၍ဟောတော်မူ၏။ အကြောင်းကား။ ရာဇဂြိုဟ်ပြည်ဝယ် ဗြာဟ္မဏ မဟာသာလအမျိုးဌာနဘာအမည်ရှိသောပုဏ္ဏားသည်ရှိ၏။ချက်အဝန်းမှ လ၏အရောင်ကဲ့သို့သောအရောင်သည် ထွက်၏။ ထိုသို့ထွက်သောကြောင့် ထိုပုဏ္ဏားကို စန္ဒာဘဟူ၍အမည်ကိုမှည့်ကြကုန်၏။ ။ချက်မှ ဤသို့အရောင်ထွက်ခြင်း၏အကြောင်းကား။ ရှေးအခါ ကဿပမြတ်စွာဘုရား၏စေတီတော်၌ စန္ဒကူးနီဖြင့် လဝန်းကဲ့သို့ရေးဘူးသောကောင်းမှု၏အကျိုးဆက်တည်း။ ပုဏ္ဏားတို့သည် ဤစန္ဒာဘပုဏ္ဏားကိုယူ၍ ရွာကြီးရွာငယ်တို့၌ လူတို့အားလွှတ်စေသောဤ တတ်ကောင်း၏ဟု ကြံကုန်၍။ ထိုစန္ဒာဘပုဏ္ဏားကို ယာဉ်ငယ်တခု၌စီးစေလျက်။ အကြင်သူသည် ဤစန္ဒာဘပုဏ္ဏား၏ကိုယ်ကိုလက်ဖြင့်သုံးသပ်ရအံ့။ဤသို့သဘောရှိသောအစိုးရခြင်းစည်းစိမ်ချမ်းသာကိုရလတ္တံ့ဟုဆို၍ လှည့်ပတ်ကုန်၏။ အသပြာဘရာကိုဂင်း၊ တဆောင်ကိုဂင်းပေးသောသူတို့သည်သာလျှင် ထိုပုဏ္ဏား၏ကိုယ်ကိုလက်ဖြင့်ထိစိမ့်သောဤရကုန်၏။ ဤသို့လျှင် ထိုပုဏ္ဏားတို့လှည့်ပတ်သွားက်။ထိုထိုဇနပုဒ်မြို့ရွာသို့လှည့်လည်ကုန်သော် သာဝတ္ထိပြည်သို့ရောက်၍။ မြို့နှင့် ဇေတဝန်ကျောင်းတော်၏အကြားဌာနေကုန်၏။သာဝတ္ထိပြည်၌ ငါးကုဋေမျှလောက်ကုန်သော အရိယာသာဝကတို့သည် နံနက်ဆွမ်းမစားမီအလှူပေး၍ ဆွမ်းစားပြီးသောအခါ၌ ပန်းနံ့သာအစရှိသော လှူဘွယ်ဝတ္ထုလက်၌ပါကုန်လျက် တရားနာအံ့သောဌာနေတဝန်ကျောင်းတော်သို့သွားကုန်၏။ ပုဏ္ဏားတို့သည် ထိုသူတို့ကိုမြင်၍ အဘယ်သို့သွားကုန်အံ့နည်းဟု မေးကုန်၍။ မြတ်စွာဘုရားအထံသို့ တရားနာအံ့သောဌာနသွားအံ့ဟုဆိုကုန်သော်။ အချင်းတို့၊ လာကုန်လော့။ ထိုဘုရားအထံသို့သွား၍ အဘယ်ပြုအံ့နည်း။ ငါတို့စန္ဒာဘပုဏ္ဏား၏အာနုဘော်နှင့်တူသော အာနုဘော်မည်သည်မရှိ။ ထိုစန္ဒာဘပုဏ္ဏား၏ကိုယ်ကို လက်ဖျားဖြင့်တို့ရသောသူသည် ဤသို့သောစည်းစိမ်ချမ်းသာကိုရ၏။ လာကုန်လော့၊ ထိုစန္ဒာဘပုဏ္ဏားကိုရှာလှည့်ကုန်ဟုဆိုကုန်၏။ သင်တို့ စန္ဒာဘပုဏ္ဏားအား အဘယ်အာနုဘော်ရှိအံ့နည်း။ ငါတို့ မြတ်စွာဘုရားအားသာလျှင် ကြီးသောအာနုဘော်ရှိ၏ဟု အရိယာသာဝကတို့သည် ဆိုကုန်၏။ ဤသူတို့သည် အချင်းချင်း မှတ်စိမ့်သောဤမတတ်နိုင်ကုန်လျှင် စန္ဒာဘပုဏ္ဏား၏ အာနုဘော်ကိုဂင်း။ငါတို့ဆရာမြတ်စွာဘုရား၏အာနုဘော်ကိုဂင်း၊သိရကုန်လတ္တံ့ဟု ထိုစန္ဒာဘ

ပုဏ္ဏားကိုယူ၍ ကျောင်းသို့လာကုန်၏။ ထိုစန္ဒာဘပုဏ္ဏား၏ လရောင်နှင့် တူသော ချက်မှအရောင်သည် မြတ်စွာဘုရား ဒူဝဲထံသို့ ကပ်ဆဲဆဲသာ လျှင်ဘုန်းတော်ကြောင့်ကွယ်၏။ ထိုစန္ဒာဘပုဏ္ဏားသည်မြတ်စွာဘုရား အထံ၌အရောင်ကင်းသည်ဖြစ်၍ တောင်းခံထားသောကျိုးကဲ့သို့ဖြစ်၏။ ထိုအခါပုဏ္ဏားတို့သည် စန္ဒာဘပုဏ္ဏားကိုတပါးသောအရပ်သို့ဆောင်ကုန်၏။ ချက်၌အရောင်သည် ပကတိဖြစ်ပြန်၏။ တဘန်စန္ဒာဘပုဏ္ဏားကို ဘုရားအထံသို့ဆောင်ပြန်ကုန်၏။ အရောင်တို့သည် ကွယ်ပြန်လေကုန်၏။ ဤသို့သုံးကြိမ်တိုင်တိုင်အရောင်တို့သည်ကွယ်ပြီးသောနောက်၌ စန္ဒာဘပုဏ္ဏားသည်ကြီး၏။ ဤရဟန်းသည် အရောင်ကိုကွယ်စေတတ်သောမန္တရားကို တတ်သည်ထင်၏ဟုကြံပြီး၍။ မြတ်စွာဘုရားကို အသို့နည်း၊ သင်ရဟန်းသည် ငါ၏အရောင်ကိုကွယ်စေတတ်သော မန္တရားကိုတတ်သလောဟု မေးသော်။ ထြေဝ် ပုဏ္ဏား၊ ငါတတ်၏ဟုမိန့်တော်မူ၍၊ ထိုသို့တပြီးကား၊ မန္တန်ကို ငါ့အားပေးပါလော့ဟုဆို၍၊ ငါကဲ့သို့ ရဟန်းမပြုသော သူအား ပေးခြင်းငှါ မတတ်နိုင်ဟု မိန့်တော်မူသော်။ ထိုပုဏ္ဏားသည် ဤမန္တရားကို ငါတတ်သည်ရှိသော် စမ္မ။ ဒီပါ ကျွန်းခွ ငါသာကြီးမြတ်သည်ဖြစ်လတ္တံ့။ သင်တို့သည်ဤအရပ်၌ပင်နေကုန်ဦး။ ရဟန်းပြု၍နှစ်ရက်သုံးရက်ဖြင့်မန္တရားကိုယူအံ့ဟု နောက်လိုက်ပုဏ္ဏား တို့ကိုဆို၍။ မြတ်စွာဘုရားထံ ရဟန်းအဖြစ်ကိုတောင်းပြီးလျှင် ရဟန်းပြု၍ပန္ဓောင်းခံ၏။ မြတ်စွာဘုရားသည် စန္ဒာဘမထေရ်အား ဒုတိယသာကာရကမဋ္ဌာန်းကို သင်ကြား၏။ ဤသည်ကားအဘယ်နည်းဟု ထိုရဟန်းမေးသဖြင့်၊ မန္တရား၏ပရိကံတည်း၊သဲရဏ္ဏာယ်ခြင်းငှါအင်္ဂါဟု ဘုရားသခင်မိန့်တော်မူ၏။ ပုဏ္ဏားတို့သည် အကြားအကြား၌လာကုန်၍ သင်သည် မန္တရားကို•ယူအပ်ပြီလောဟု မေးကုန်၏။ ငါမယူရပါသေးဟုဆို၍၊ နှစ်ရက်သုံးရက်တို့ဖြင့် ရဟန္တာအဖြစ်သို့ ရောက်၏။ ပုဏ္ဏားတို့သည်လာကုန်၍ မေးသောအခါ၌၊ သင်တို့သွားလေကုန်လော့။ ယခုအခါ၌ ငါ့သည် တံဘန်မဲ့လာခြင်းသဘောကိုပြုအပ်ပြီဟုဆို၏။ ထိုစကားကိုကြား၍ ရဟန်းတို့သည်။ အရှင်ဘုရား၊ ဤရဟန်းသည်မဟုတ်မမှန်ဘဲအရဟတ္တဖိုလ်ကိုကြားသည်ဟု ဘုရားအားလျှောက်သော် မြတ်စွာဘုရားသည်။ ချစ်သားတို့၊ယခုအခါငါ့သားစန္ဒာဘသည် ကုန်ပြီးသောအာသဝေါရှိ၏။ မှန်သည်ကိုသာ ဆို၏ဟုမိန့်တော်မူ၍။ ။စန္ဒဝဝ ဝိမလံ

သုဠိ၊ဝိပ္ပသန္နမနာဝိလံ။နန္ဒီရာဂပရိကိ္ခီဏံ၊တမဟံဇြ။မိ ဇြာဟ္မဏံ။ ။ဟူ
သောတရားကို ဟောတော်မူ၏။ ဒေသနာတော်အဆုံး၌ များစွာသော
သူတို့သည် သောတာပတ္တိဖိုလ်စသည်တို့သို့ရောက်လေကုန်၏။ ။သုဠိ၊
စင်ကြယ်သော။ ဝိမလံ၊အညစ်အကြေးကင်းဝေး၏။စန္ဒံဝ စန္ဒိဇ္ဇဝံ၊လကဲ့
သို့။ဝိပ္ပသန္နံ၊ကြည်လင်သော စိတ်ရှိသော။အနာဝိလံ၊မနောက်ကျုံသော။
နန္ဒီရာဂပရိကိ္ခီဏံ၊နန္ဒီရာဂကုန်ပြီးသော။ တံ၊ထိုသူကို။ ဇြာဟ္မဏံ၊ဇြာဟ္မ
ဏမည်၏ဟူ၍။အဟံ၊ငါဘုရားသည်။ဇြ။မိ၊ဟောတော်မူ၏။ ။

၃၇။ မာရ်နတ်သည်မြတ်စွာဘုရားအားမင်းပြုစိမ့်သောဌါ
တောင်းပန်သည်ကိုအကြောင်းပြု၍၊တရား
ဟောတော်မူခြင်း။

အတ္ထဒ္ဓိ ဇာတဒ္ဓိ၊အစရှိသောတရားတော်ကိုဒေသစာရီကြွတော်မူ၍
ဟိမဝန္တာတော၏ နံပါးဝယ် အရညကုဋိ၌ နေတော်မူသောအခါ မာရ်
နတ်ကိုအကြောင်းပြု၍ဟောတော်မူ၏။ ထိုအခါ၌ မင်းတို့သည် လူတို့
ကိုနှိပ်စက်၍မင်းပြုကုန်၏။ ထိုရောအခါ မြတ်စွာဘုရားသည် မတရား
သောမင်းတို့၏ အသပြာဲ ငါးဆယ်၊ တရာ် နှစ်ရာ၊ ဤသို့ အစရှိသော
ဒဏ်ထားခြင်းဖြင့် နှိပ်စက်အပ်ကုန်သော လူတို့ကိုမြင်၍ သနားခြင်း၏
အစွမ်းကြောင့် ဤသို့ ကြံတော်မူ၏။ ငါသည် မသတ်အပ်သော သူကို
မသတ်စေဘဲ။မအောင်အပ်သောသူကို မအောင်စေဘဲ။မရှုံးအပ်သော
သူကို မရှုံးစေဘဲ။မစိုးရိမ်အပ်သောသူကို မစိုးရိမ်စေဘဲ။ တရားသဖြင့်
မင်း၏အဖြစ်ကိုပြုစေခြင်းငှါတတ်နိုင်ပါအံ့လောဟူ၍ကြံတော်မူ၏။ ထို
အကြံတော်ကို မာရ်နတ်မင်းသည်သိ၍ ရဟန်းဂေါတမသည်မင်း၏အ
ဖြစ်ကိုပြုခြင်းငှါတတ်နိုင်ပါအံ့လောဟုကြံ၏။ ဖဲသုအခါရဟန်းဂေါတမ
သည် မင်းပြုလိုတော့သည်ဖြစ်လတ္တံ့။ ဤအဖြစ်သည်လည်း မေ့လျော့
ခြင်း၏ အကြောင်းတည်း။ ထိုရဟန်း ဂေါတမ်သည် မင်းအဖြစ်ကိုပြု
သည်ရှိသော် အခွင့်ကိုရခြင်းငှါတတ်ကောင်း၏။ငါသွားအံ့။ အားထုတ်
ခြင်းကိုဖြစ်စေအံ့ဟု ကြံ၍ မြတ်စွာဘုရားသို့ ကပ်လာ၍ ဤသို့နှားတော်
လျောက်၏။ ဘုန်းတော်ကြီးဓသာရှင်ပင်ဘုရား၊ရှင်ပင်ဘုရားသည် မင်း
အဖြစ်ကို ပြုတော်မူပါဦး။ လာခြင်းကျောင်းသော မြတ်စွာဘုရားသည်

မင်းအဖြစ်ကို ပြုတော်မူပါဦး။ မသတ်အပ်သော သူကို မသတ်စေဘဲ။ မအောင်အပ်သောသူကို မအောင်စေဘဲ။ မစိုးရိမ်အပ်သောသူကို မစိုးရိမ်စေဘဲ။တရားသဖြင့်မင်းအဖြစ်ကိုပြုတော်မူပါဦးဟု နားတော်လျှောက်၏။ထိုအခါ မြတ်စွာဘုရားသည် ထိုမာရ်နတ်ကို ယုတ်မာသောအထိုက်သောမာရ်နတ်။ သင်သည် ငါ့အား အဘယ်အကြောင်းကိုမြင်သနည်း။ အဘယ်အကြောင်းကြောင့် သင်သည် ငါ့ကို ဤသို့သောစကားကိုဆိုသနည်းဟု မေးတော်မူသော်။ ဘုန်းတော်ကြီးသော ရှင်ပင်ဘုရား၊ ရှင်ပင်ဘုရားအား ဇာဋ္ဌိပါဒ်လေးပါးတို့ကို ကောင်းစွာပွါးစေအပ်ပြီ။ ရှင်ပင်ဘုရားသည် အထိုတော်ရှိ၍ ဟိမဝန္တာတောင်မင်းသည် ဖွေဖြစ်စေသတည်းနှလုံးသွင်းအံ့။ အချင်းယူဇနာသုံးထောင်။အစောက်ယူဇနာငါးရာမြင့်သော ထိုဟိမဝန္တာတောင်သည်။ စိတ္တကူဋ်၊ သုဒဿန၊ ဂန္ဓမာဒန အစရှိကုန်သော ရှစ်သောင်းလေးထောင်ကုန်သောအထွတ်တို့နှင့်တကွ ပင်ဖွေဖြစ်ပါလိမ့်မည်။အကျွန်ုပ်သည်လည်း ရှင်ပင်ဘုရားအား ဥစ္စာဖြင့် ပြုဘွယ်ကိစ္စရှိတော်မူလျှင် ကံကျေးဇံပါမည်။ ဤသို့အကျွန်ုပ်ပြုပါလျှင် အရှင်ဘုရားသည် တရားနှင့်ညီသဖြင့် မင်း၏ အဖြစ်ကို ပြုတော်မူရပါတော့မည်ဟု လျှောက်၏။ ထိုသို့လျှောက်သော်ကြောင့် မြတ်စွာဘုရားသည်ဤသို့ဟိန့်၏။ ။ပဗ္ဗတသ သုဝဏ္ဏသာဇာတရူပသ ကေဝလာ။ ဒိုတ္တာဝ နာလမေကသာဇာတိ ဝိဒ္ဓါ သမညရေ။ ။ယောဒုက္ခမဒ္ဒက္ခိ ယ တောနိဒါနံ၊ကာမေသု သောဇန္တေ၊ ကံထံ နမေယျံ။ဥပဓိ ဝိဒ္ဒတွာ သင်္ဂါတိ လောကော်တ်သေဝ ဇန္တေ၊ ဝိနယာသယ သိက္ခေ။ ။မာရ၊ မာရိနတ်။ ပဗ္ဗကာသ၊ဟိမဝန္တာတောင်မင်း၏။ ကေဝလာ၊အလုံးစုံသည်။ သုဝဏ္ဏံ၊ ရွှေသည်။အသာ၊ဖြစ်ရာ၏။ ဇာတရူပံ၊ငွေသည်။အသာ၏။ ဒိုတ္တာဝ၊သုခဒုက္ခနှစ်ပါး အတို့ရှိသည်သာတည်း။ ဇကာသ၊ ဒုက္ခမဘာက်၊ သက်သက်သုခဖြစ်ခြင်းငှါ။ နာလံ၊မစွမ်းနိုင်။ ဇာတိ၊သို့။ ဝိဒ္ဓါ၊ပညာရှိသည်။ သမညရေ၊မှတ်ရာ၏။ ။မာဇာရော၊မာရိနတ်။ယောဇန္တေ၊အကြင်သတ္တဝါသည်။ ဒုက္ခံ၊ဆင်းရဲသည်။ ယတောနိဒါနံ၊ အကြင်ကာမဂုကြောင့်ဖြစ်၏။ နုတံ၊ ဤသို့။ အဒ္ဒက္ခိ၊မြင်၏၊ သောဇန္တေ၊ သည်၊ ကာမေသု၊ ကာမဂုဏ်တို့၌။ ကထံ၊အဘယ်ကြောင့်။ နမေယျံ၊သွတ်ရပါ့နည်း။ ယသ၊အား။ လောကော၊လောက၌။ ဥပဓိ၊ကို၊ဖဒိတွာ၊ဆိ၍ သင်္ဂါတိ၊ငြိ၏၊ တဇသောဇန္တေ၊

ထိုသတ္တဝါအားသာလျှင်။ ဝိနယာယ၊ဆောင်ခြင်းငှါ။ မာဇော၊ မာရ်နတ်သည်။သိကွေ၊ကျင့်ဖျာဇ်၏။ ။

၍ကါထာတို့ဖြင့် မာရ်နတ်ကို ထိတ်လန့်စေ၍ ယုတ်မာသောအလိုရှိသောမာရ်နတ်၊သင်၏အဆုံးအမသည်တပါးသာလျှင်တည်း။ငါ၏အလိုသည်လည်း တပါးတည်း။ ငါ့အား သင်နှင့်တကွ တရားစကား နှီးနှောတိုင်ပင်ခြင်းမည်သည်မရှိ။ ငါသည် ၍သို့ဆိုလတ္တံ့.သေနည်းဖြင့်ဆုံးမတော်မူ၏ဟုမိန့်၍။ ။အတ္ထမ္မိ ဇာတမ္မိ သုခါ သဟာယာ၊တုဋ္ဌိသုခါယာဇ္ဈတရိတရေန။ပုညံ သုခံ ဇိဂိတသဒ်ယမ္မိ၊သဗ္ဗသဒုက္ခသ သုခံ ပဟာနံ။ ။သုခါ မတ္တေယျတာ လောကော၊ အထော ပေတ္တေယျတာ သုခါ။ သုခါသာမညတာလောကော၊အထော ဗြဟ္မညတာသုခါ။ ။သုခံယာဝဇရာ သိလံ၊သုခါသဒ္ဓါ ပကိဋ္ဌိတာ။သုခေါ ပညာယ ပဋိလာဘော၊ပါပါနမကရံ သုခံ။ ။ဟူ၍ဟောတော်မူ၏။ ။အတ္ထမ္မိ၊ အမှကိစ္စသည်။ ဇာတမ္မိ၊ဖြစ်သည်ရှိသော်။ သဟာယာ၊ အဆွေခင်ပွန်းရှိခြင်းသည်။ သုခါ၊ချမ်းသာ၏။ ဇာတရိဘဒရေန၊ ရရသမျှသော ပစ္စည်းဖြင့်။ ယာတုဋ္ဌိ၊ အကြင်ရောင့်ရဲလွယ်ခြင်းသည်။ အတ္ထိ၊ရှိ၏။ သာတုဋ္ဌိ၊ သည်။ သုခါ၊ချမ်းသာ၏။ ဇိဝိတသဒ်ယမ္မိ၊ အသက်ကုန်သောကာလ၌။ ပုညံ၊ကောင်းမှုရှိသောသူသည်။သုခံ၊ချမ်းသာ၏။သဗ္ဗသ၊အလုံးစုံသော။ဒုက္ခသ၊ဆင်းရဲကို။ပဟာနံ၊ပယ်ခြင်းသည်။ သုခံ၊ချမ်းသာ၏။ ။လောကော၌။မတ္တေယျတာ၊ အမိကိုကျေးမွေးသော အဖြစ်သည်။ သုခါ၊ ချမ်းသာ၏။ အထော၊ ထိုမှတပါး။ ပေတ္တေယျတာ၊ အဘကို လုပ်ကျွေးမွေးခြင်းသည်။ သုခါ၊ ချမ်းသာ၏။ လောကော၊လူ၌။ သာမညတာ၊ရဟန်း၏အဖြစ်သည်။ သုခါ၊ ချမ်းသာ၏။ အထော၊ထိုမှတပါး။ ဗြဟ္မညတာ၊ဗြတ်သောတရားကိုသိရသောအဖြစ်သည်။ သုခါ၊၏။ ။ယာဝဇရာ၊အိုသည်တိုင်အောင်။ သိလံ၊သီလသည်။ သုခံ၊ ချမ်းသာ၏။ သဒ္ဓါပတိဋ္ဌိတာ၊ သဒ္ဓါတရားခို တည်ခြင်းသည်။သုခါ၊၏။ ပညာယ၊မဂ်ဉာဏ်ကို။ ပဋိလာဘော၊ရခြင်းသည်။ သုခေါ၊ချမ်းသာ၏။ ပါပါနံ၊မကောင်းမှုတို့ကို။ အကရံ၊ မပြုခြင်းသည်။ သုခံ၊ချမ်းသာ၏။ ။ဒေသနာတော်အဆုံး၌ အကုဋေမက များစွာသောနှုန်းသောနတ်တို့သည် အကျွတ်တရားရလေကုန်၏၊ မာရ်နတ်သည်လည်း ထိုအရပ်၌ကွယ်လေ၏။ ။

၃၈။ ပေါက္ခရသာတိပုဏ္ဏားသည်
တပည့်အမဋ္ဌလုလင်ကိုစေလွှတ်၍မြတ်စွာဘုရား၏
လက္ခဏာတော်တို့ကိုစုံစမ်းစေကြောင်း။

မြတ်စွာဘုရားသည်ဒေသစာရိကြွတော်မူသဖြင့်။ကောသလတိုင်းဌ
ဂူန္တွာနဂ်လအမည်ရှိသော ပုဏ္ဏားရွာသို့ ရောက်တော်မူ၍၊ ဂူန္တွာနဂ်လ
တောအုပ်၌ ငါးရာသော ရဟန်းတို့နှင့်တကွ နေတော်မူ၏။ ထိုအခါ၌
ပေါက္ခရသာတိပုဏ္ဏားသည် ပသေနဒိကောသလ မင်းကြီးသည် ပိုင်
စားပေးအပ်သော၊ များသော မြက်ထင်းရေရှိသော၊ များသောစပါးရှိ
သောဥက္ကဋ္ဌမြို့၌နေ၏။ ထိုပေါက္ခရသာတိပုဏ္ဏားသည်၊အချင်းတို့၊သာ
ကီဝင်မင်းသားဖြစ်သော ရဟန်းဂေါတမသည် ငါးရာသောရဟန်းတို့
ဖြင့် ခြံရုံလျက် ဒေသစာရိလှည့်သည်ရှိသော် ဂူန္တွာနဂ်လပုဏ္ဏားရွာသို့
ရောက်၍၊ ဂူန္တွာနဂ်လတောအုပ်၌နေသတတ်။ ထိုအရှင်ဂေါတမအား၊
ဂူတိပိသောဘဂဝါအရဟံ၊အစရှိသောဂုဏ်တော်ကိုးပါးဖြင့် ကောင်း
သောကျော်စောသံသည်နှံ့၍တက်၏။ ထိုအရှင်ဂေါတမသည် နတ်နှင့်
တကွ မာရ်နှင့်တကွ ဗြဟ္မာနှင့်တကွ ရဟန်းပုဏ္ဏားနှင့်တကွ ဖြစ်သော
ဤလောကကို မိမိအလိုလိုသိ၍ မျက်မှောက်ပြု၍ကြား၏။ အစအလယ်
အဆုံး ကောင်းခြင်းသုံးပါးနှင့်ပြည့်စုံသော အနက်သဒ္ဒါနှင့်ပြည့်စုံသော
တရားကိုဟော၏။ ခရုသင်းပွတ်သစ်ကဲ့သို့ စင်ကြယ်သော မြတ်သော
အကျင့်ကိုထင်ရှားပြ၏။ ထိုသို့သဘောရှိသောရဟန္တာတို့အား ဖူးမြင်
ရခြင်းသည်ကောင်းသည်သာလျှင်တည်းဟုကြား၏။ထိုအခါ၌ ပေါက္ခ
ရသာတိပုဏ္ဏားအား အမ္ဗဋ္ဌ အမည်ရှိသော တပည့်လုလင်သည် ရှိ၏။
ဗေဒင်သုံးပုံကိုတတ်၏။ အဘိဓာန်ကျမ်း၊အလင်္ကာကျမ်း၊လောကီသဒ္ဒါ
ကျမ်းနှင့်ပေါက္ခဖြစ်ကုန်သော ဇာတိဟာသကျမ်း၊ဝေယျာကရဏ်းကျမ်း
တို့ကိုတတ်၏။ လောကာယတကျမ်း၊ မဟာပုရိသလက္ခဏာကျမ်းတို့၌
အကြွင်းမဲ့တတ်၏။ မိမိဆရာဥစ္စာဖြစ်သော ဝိဇ္ဇာဝေယ်သုံးပါးဟုဆိုအပ်
သောဗေဒင်စကား၌ အကြင်မျှလောက်ကို ငါသိ၏။ ထိုမျှကိုသင်သိ၏။
အကြင်မျှလောက်ကို သင်သိ၏။ ထိုမျှကိုငါသိ၏ဟု၊ ဆရာနှင့် အလှည့်
အလည်နွှင့်ပေးဝန်ခံ၏။ ဤအခါ ပေါက္ခရသာတိပုဏ္ဏားသည်။ အမ္ဗဋ္ဌ
လုလင်ကို ချစ်သားအမ္ဗဋ္ဌ၊ လာကီဝင်မင်းမျိုးမှရဟန်းပြုသော သာကီ

ဝင်မင်း၏သားဖြစ်သော ရဟန်းဂေါတမသည် ကောသလတိုင်းခွ ဒေသစာရိသွားသော် ဣန္ဒာနင်္ဂလာသို့ရောက်၍၊ ငါးရာသော ရဟန်းတို့နှင့်တကွ ဣန္ဒာနင်္ဂလတောအုပ်၌နေ၏။ ထိုရဟန်းဂေါတမအား ဤသို့သော အကြောင်းကြောင့် ထိုဘုရားသည် အရဟံမည်၏-အစရှိသော ဂုဏ်တော်ကိုးပါးဖြင့် ကောင်းသော ကျေးစေသံသည် နှံ့၍တက်၏။ ထိုရဟန်းဂေါတမသည် နတ်ဗြဟ္မာ ရဟန်းပုဏ္ဏားနှင့်တကွ ဖြစ်သော ဤလူကို မိမိကိုယ်တိုင်မျက်မှောက်ပြု၍သိသဖြင့်ကြား၏။ ကောင်းခြင်းသုံးပါးနှင့်ပြည့်စုံသောတရားကိုဟော၏။ မြတ်သောအကျင့်ကိုထင်ရှားပြ၏။ ထိုသို့သောရှိသောရဟန္တာတို့ကိုဖူးမြင်ရခြင်းသည် ကောင်း၏ဟုကြား၏။ ချစ်သားအမ္မဋ္ဌ၊ သင်သည် အကြင်အရပ်၌ ရဟန်းဂေါတမသည်ရှိ၏။ထိုအရပ်သို့ကပ်လေ၍ ရဟန်းဂေါတမကို သဲအောင်ပြုချေ။ ထိုအရှင်ဂေါတမအား အကယ်၍တည်းထိုသို့သောကျေးဇူးသည်ထင်ရှားဖြစ်၍ ကျေဇောသလော။ အကယ်၍ ထိုသို့သော ကျေးဇူးသည် ထင်ရှားမရှိဘဲလျက် ကျေဇောသလော။ အကယ်၍ထိုအရှင်ဂေါတမသည် ကျေဇောတိုင်း မှန်သောသဘောရှိသလော။ အကယ်၍တည်း ကျေဇောတိုင်း မမှန်သောသဘောရှိသလော။အကြင်အခြင်းဖြင့် ငါတို့သည် အရှင်ဂေါတမကိုသိရ၏။ထိုအခြင်းဖြင့် သင်သိချေဟုဆို၏။ အိုဆရာ၊ အဘယ်ကဲ့သို့သောအပြားဖြင့် အကျွန်ုပ်သည် ထိုအရှင်ဂေါတမကို အကယ်၍တည်း ထိုအရှင်ဂေါတမအားထိုအရဟံအစရှိသော ဂုဏ်သည် ထင်ရှားရှိသဖြင့်လျှင်ကျေဇော်၏။ အကယ်၍တည်း ထင်ရှားမရှိဘဲလျက်ကျေဇော်၏။အကယ်၍တည်းထိုအရှင်ဂေါတမသည် ကျေဇောတိုင်းမှန်သောသဘောရှိ၏။ အကယ်၍ ကျေဇောတိုင်းမှန်သောသဘောမရှိဟူ၍ သိပါရအုံးနည်းဟု အမ္ဗဋ္ဌလုလင် မေးပြန်သော်။ ချစ်သားအမ္ဗဋ္ဌ၊ငါတို့၏ဗဒင်ကျမ်းတို့၌သုံးဆဲ့နှစ်ပါးသောမဟာပုရိသလက္ခဏာတို့သည် လာကုန်၏။ အကြင်လက္ခဏာတို့နှင့် ပြည့်စုံသော ယောကျ်ားမြတ်အားနှစ်ပါးသောအလားတို့သည်သာဖြစ်ကုန်၏။တပါးသောအပြားမရှိကုန်။ အကယ်၍အိမ်၌နေအုံး ရတနာသုနှစ်ပါးနှင့်ပြည့်စုံသော လေးကျွန်းကိုအစိုးရသော တရားနှင့်ယှဉ်သော စကြဝတေးမင်းဖြစ်၏။အကယ်၍အိမ်မှထွက်၍ကျောင်း၌ရဟန်းပြုအုံး။ဝန်ုပြတ်ပြီးသော သစ္စာလေးပါးကို ကိုယ်တိုင်သိသောဘုရားဖြစ်၏။ ချစ်သားအမ္ဗဋ္ဌ၊ ငါ

သည် ဗေဒင်တို့ကိုပေးအပ်ပြီ။ သင်သည် ဗေဒင်တို့ကိုခံအပ်ပြီ။ ဤသို့ ပေါက္ခရသာတိပုဏ္ဏားဆိုသော်၊ ဆရာကောင်းပြီဟုအမ္မဋ္ဌလုလင်သည် ပေါက္ခရသာတိပုဏ္ဏားအားဝန်ခံ၍ နေရာမှထ၍ ဆရာကိုရှိခိုး၍လက်ျာရစ်လှည့်၍ မြည်းကသောရထားကို စီး၍ များစွာသော ပုဏ္ဏားလုလင်တို့နှင့်တကွ အကြင်အရပ်၌ဇာတ္တန္တွာနဂ်လတောရှိ၏။ ထိုအရပ်သို့သွား၍။ ယာဉ်ဖြင့်သွားကောင်းသော အရပ်လွန်လျှင် ယာဉ်မှသက်၍ ခြေလျင်သာလျှင်အရံတွင်းသို့ဝင်လေ၏။ ထိုအခါ များစွာသောရဟန်းတို့သည် လွင်တီးခေါင်၌ စင်္ကြံသွားကုန်၏။ အမ္ဗဋ္ဌလုလင်သည် ထိုရဟန်းတို့သို့ ကပ်လာ၍။အရှင်ဘုရားတို့၊ယခုအခါ၌ ထိုအရှင်ဂေါတမသည်အဘယ်အရပ်၌နေတော်မူသနည်း။ ထိုအရှင်ဂေါတမကိုဖူးမြင်ခြင်းငှါ အကျွန်ုပ်တို့သည် ဤအရပ်သို့ကပ်လာကုန်၏ဟုဆို၏။ထိုသို့ဆိုသော် ထိုရဟန်းတို့အား ဤအမ္ဗဋ္ဌလုလင်သည် ကျေစေ့ထုံထောက်ရှားသောအမျိုးရှိဖြစ်၏။ ကျေစေ့ထုံထောက်ရှားသော ပေါက္ခရသာတိပုဏ္ဏား၏တပည့်တည်း။ စင်စစ်လျှင် မြတ်စွာဘုရားအား အမ္ဗဋ္ဌလုလင်နှင့်တကွ စကားပြောပဟာခြင်းသည်ဖြစ်ရာ၏ဟု အကြံဖြစ်၍။ အမ္ဗဋ္ဌကို ဤသို့ဆိုကုန်၏။ အမ္ဗဋ္ဌ၊ထုံပိတ်သောတံခါးရှိသောကျောင်းရှိ ဘုရားနေတော်မူ၏။ ထိုကျောင်းသို့သွား၍ ဖြည်းညှင်းသာယာစွာကျောင်းဦးသို့ဝင်၍ ချောင်းညှံ့၍တံခါးကိုခေါက်လော့။ သင့်အား ဘုရားမြတ်စွာသည် တံခါးကိုဘွင့်လတ္တံ့ဟုဆိုကုန်၏။ အမ္ဗဋ္ဌလုလင်သည် ထိုရဟန်းတို့ဆိုကိုင်းပြုလေ၏။ မြတ်စွာဘုရားတံခါးကို ဘွင့်တော်မူ၏။ အမ္ဗဋ္ဌလုလင်သည် ပုဏ္ဏားလုလင်ငယ်တို့နှင့်တကွဝင်၍ မြတ်စွာဘုရားနှင့် ဝမ်းမြောက်ဝမ်းသာ စကားပြောပြီးသော် တင့်အပ်သော အရပ်၌ နေကုန်၏။ အမ္ဗဋ္ဌလုလင်သည် စင်္ကြံသွားလျှက် ထိုင်၍နေတော်မူသော ဘုရားနှင့် စကားဘက်၍ပြော၏။ရပ်လျက်လည်း ထိုင်၍ဖနသောဘုရားနှင့်စိုးစဉ်းစိုးစဉ်းသောစကားကိုပြော၏။ ထိုအခါ မြတ်စွာဘုရားသည် အမ္ဗဋ္ဌကို ဤသို့မိန့်၏။ ဤသို့လောအမ္ဗဋ္ဌ၊သင်တို့၏ပုဏ္ဏားမျိုး၌ အရွယ်ကြီးကုန်သော အသက်ကြီးကုန်သော ဆရာတို့နှင့်ဝင်း။ ဆရာ၏ဆရာတို့နှင့်ဝင်း တကွစကားပြောခြင်းသည် ယခုအခါ သင်သွားလျက်ရပ်လျက် ထိုင်သောငါနှင့် စိုးစဉ်းသော စကားကို ပြောဆိုသကဲ့သို့ ဖြစ်သလော့ဟု မေးတော်မူသော်၊ ဤသို့ ပြောဆိုခြင်းသည် မဖြစ်စဖူး အရှင်ဂေါတမ။ သွားသောပုဏ္ဏား

သည် သွားသောပုဏ္ဏားနှင့်။ ရပ်သောပုဏ္ဏားသည် ရပ်သောပုဏ္ဏားနှင့်။ ထိုင်သော ပုဏ္ဏားသည် ထိုင်သောပုဏ္ဏားနှင့်။ အိပ်သော ပုဏ္ဏားသည် အိပ်သော ပုဏ္ဏားနှင့်သာ တကွပြောဆိုခြင်းငှါ ရအပ်၏ဟူ၍ ဆိုသော်၊ အမ္မဋ္ဌ၊ သွားသောတပည့်သည် သွားသောဆရာနှင့်။ ရပ်သောတပည့်သည် ရပ်သောဆရာနှင့်။ ထိုင်သောတပည့်သည် ထိုင်သောဆရာနှင့် ပြောဟောခြင်းကို ရအပ်၏။ အိပ်သောတပည့်သည် အိပ်သောဆရာနှင့် ပြောဟောရ၏-သင်ဆိုခြင်းသည် အသို့နည်း၊ သင်၏ဆရာသည် နွားကဲ့သို့သဘောရှိသလော။ ထိုဗဟို့မဟုတ် သင်သည်သာ နွားကဲ့သို့ သဘောရှိသလောဟု ဘုရား မေးတော်မူသဖြင့်။ အမ္မဋ္ဌသည် အမျက်ထွက်၍။ အရှင်ဂေါတမ၊ အကြင်သူတို့သည်ဦးခေါင်းပြည်းကုန်၏။ ရဟန်းယောင် ဖြစ်ကုန်၏။ ကဲ့ရဲ့ရအပ်ကုန်၏။ မည်းသောသဘောရှိကုန်၏။ ဗြဟ္မာမင်း၏ ခြေတဝါးမှ ဘွားကုန်၏။ ထိုသူတို့နှင့် တကွ စကားပြောသည်ရှိသော် ယခုအခါ အရှင်ဂေါတမနှင့် ငါသည် ပြောဆိုသကဲ့သို့ ပြောဆိုရ၏-ဟူ၍ဆို၏။ ဤစကားကို အမ္မဋ္ဌသည် မြတ်စွာဘုရားကိုရည်၍ဆို၏။ ။ ထိုအခါ မြတ်စွာဘုရားသည် ဤအမ္မဋ္ဌသည် လာသောအခါမှစ၍ ငါနှင့် စကားပြောသည်ရှိသော်မာနကိုသာမှီ၏။ အဆိပ်ထန်သောမြွေဟောက်ကိုလည်း၌ကိုင်ဘိသကဲ့သို့။ မီးပုံကြီးကိုလက်ဖြင့်ဖိုက်ထိုသကဲ့သို့။ အမှန်ယစ်သောဆင်ပြောင်၏ လက်ရင်း၌နေ၍ နှာမောင်း၌ သုံးသပ်သကဲ့သို့ မိမိ၏ပမာဏကိုမသိ ပြောဆိုဘိ၏။ ငါသည် မိမိအတိုင်းအရှည်ကိုသိစေအံ့ဟုကြံတော်မူ၍။ အမ္မဋ္ဌ၊သင်သည် အကြင်အလိုဖြင့်ငါ၏အထံသို့လာ၏။ ထိုအလိုကိုသာ နှုတ်သွင်းလော့။ သင့်ကို ဆရာသည် တစုံတရာသောအလိုဖြင့် ငါ၏အထံသို့စေအပ်၏။ ငါ့ကို နှိပ်စက်စေခြင်းငှါမဟုစေ။ ထို့ကြောင့် ထိုအလိုကိုနှုတ်သွင်းလော့ဟု မိန့်တော်မူပြီးသော်။ အမ္မဋ္ဌ၏ မာနကိုနှိမ်လိုသဖြင့်၊ အမ္မဋ္ဌ၊သင်သည်ဆရာ၏အိမ်၌မနေဘူးဘဲ။ အတတ်မူတတ်ဘဲ။ အကြားအမြင်မရှိဘဲ။ ငါ ဆရာ့အိမ်၌နေဘူး၏။ အတတ်တတ်၏။ အကြားအမြင်များ၏ဟုအော်မေ့ဘိ၏။ ဆရာ၏အထံ၌မကြီးသော။ အတတ်ပညာမရှိသောသူတို့သည်သာ ဤသို့ ကြမ်းထမ်းသောစကားကိုဆိုကုန်၏ဟုမိန့်တော်မူသော်။ အမ္မဋ္ဌသည် အမျက်ထွက်ပြန်၍။ မြတ်စွာဘုရားကို ရှုတ်ချနှိပ်မက်ဝပ်စွဲလို၍ မြတ်စွာဘုရား၏အနီးသို့ ဆောင်လျက်။ ရဟန်းဂေါတမ၊သင်သာယုတ်သည် ဖြစ်လတ္တံ့ဟုကြံ၍။ အရှင်

ဂေါတမ၊သာကီဝင်မင်းမျိုးသည်ကြွမ်းထမ်း၏။ ရုန့်ရင်း၏။ ဟူးတောင်း
ကဲ့သို့ပေါ့၏။ စကားမျှား၏။ ကဲ့ရဲ့အပ်ကုန်၏။ ပုဏ္ဏားတို့ကိုအရိအဿ
အလေးအမြတ်မပြုကုန်။ မပူဇော်ကုန်။ ဤသို့ပုဏ္ဏားတို့ကို အရိအဿ
အလေးအမြတ်မပြုခြင်းသည်မလျောက်ပတ်။ဤသို့လျှင်အမှုဋ္ဌသည်သာ
ကီဝင်မင်းမျိုးတို့၌ခွင့်ရှေးဦးစွာကဲ့ရဲ့အပ်သောအဖြစ်ကိုရောက်စေ၏။ ။
အသို့နည်းအမှုဋ္ဌ၊ သာကီဝင်မင်းမျိုးတို့သည် အဘယ်သို့သင့်ကိုပြုကုန်
သနည်းမိန့်တော်မူသော်။ ရှင်ဂေါတမ၊တရံရောအခါ၌ ငါသည် ဆရာ
ပေါက္ခရသာတိ၏အမှုကြောင့် ကပိလဝတ်ပြည်သို့သွား၍။ သာကီဝင်
မင်းမျိုးတို့စည်းဝေးရာ မင်းကွန်းသို့ကပ်ချေ၏။ ထိုအခါ များစွာသော
သာကီဝင်မင်းတို့သည်၎င်း၊ မင်းသားငယ်တို့သည်၎င်းမင်းကွန်းနေရာ
၌ မြင့်သောနေရာတို့၌ နေကုန်၏။ အချင်းချင်း ဆိုပြောကြကုန်သဖြင့်
လက်ခုပ်လက်ဝါးတီး၍ ပြင်းစွာရယ်ကုန်၏။ မြူးတူးကြကုန်၏။ စင်စစ်
သော်ကား ငါ့ကိုပင် ရယ်သွမ်းသွေးကြသည်ထင်၏။ တစုံတယောက်
သောသူသည်မျှ နေရာဖြင့် မဘိတ်မနှိပ်။ အရှင်ဂေါတမ၊ ထိုသို့ပြုကြ
ခြင်းသည်မလျောက်ပတ်။ဤသာကီဝင်မင်းမျိုးတို့သည် ကဲ့ရဲ့အပ်သော
အမျိုးဖြစ်လျက် ပုဏ္ဏားတို့ကို အရိအဿ အလေးအမြတ်မပြုကုန်။ မပူ
ဇော်ကုန်။ ဤသို့ပြုခြင်းသည် မလျောက်ပတ်ဟု နှစ်ကြိမ်မြောက် သာ
ကီဝင်မင်းမျိုးတို့၌ အလွန်ကဲ့ရဲ့အပ်သောအဖြစ်ကို အမှုဋ္ဌသည်ရောက်
စေ၏။ ။အမှုဋ္ဌ၊ နှံစုတ်ဌက်ငယ်သည်မျှလည်း မိမိ၏အသိုက်၌အလို
အတိုင်းနေလေ၏။ဤကပိလဝတ်ပြည်သည် သာကီဝင်မင်းတို့အား မိမိ
နေရာပြည် ဖြစ်ပလေသည်။ ဤအနည်းငယ်မျှသော မွေ့လျော်ခြင်းဖြင့်
အမှုဋ္ဌသည် ရန်ငြိုးဘွဲ့ခြင်းဌါနထိုက်ဟုဘုရားမိန့်တော်မူသော်။ အရှင်
ဂေါတမ၊ မင်းမျိုး၊ပုဏ္ဏားမျိုး၊ကုန်သည်မျိုး၊သူဆင်းရဲမျိုးဟူ၍ လေးပါး
တို့တွင် သုံးပါးသောအမျိုးစိုသည် ပုဏ္ဏား၏ခြေရင်း အလုပ်အကျွေး
သာလျှင် ဖြစ်ကုန်၏။ အရှင်ဂေါတမ၊ ဤသာကီဝင်မင်းတို့သည် ကဲ့ရဲ့
စကဆုပ်အပ်သောအမျိုးဖြစ်လျက် ပုဏ္ဏားတို့ကို အရိအဿ အလေး
အမြတ်မပြု၊ မပူဇော်ကုန်၊ မကျိုးနွံကုန်။ ဤသို့ဖြစ်ခြင်းသည် မလျောက်
ပတ်ဟူ၍ သုံးကြိမ်မြောက်အမှုဋ္ဌလုလင်သည် သာကီဝင်မင်းတို့၌ ကဲ့ရဲ့
စကဆုပ်အပ်သောအမျိုး၏အဖြစ်သို့ရောက်စေ၏။ ။ထိုအခါဤအမှုဋ္ဌ
သည် အလွန်ပြင်းစွာ ဇာတ္တာဝါဒဖြင့် သာကီဝင်မင်းတို့အား ရှောက်စေ

၏။ စင်စစ်သော်ကား ငါသည် အမှုဌ၏အနှယ်ကို မေးအံ့ဟု မြတ်စွာဘုရားအား အကြံတော်ဖြစ်၍။ အမှုဋ္ဌ၊ သင်သည် အဘယ်အနှယ်ဖြစ်သနည်းဟု မေးတော်မူ၍။ အခွင့်ကေါတမ၊ငါသည် ကဏ္ဍာယနအနှယ်ဖြစ်၏ဟု လျှောက်သော်။ အမှုဋ္ဌ၊ သင်၏အမိအဖ်ာဖြစ်သော ဂုဏ်အနှယ်ကို ငါအောက်မေ့သော် သာကီဝင်မင်းတို့သည် သင်၏သခင်ဖြစ်ခဲ့၏။ သင်သည်ကား သာကီဝင်မင်းတို့၏ ကျွန်မသားဖြစ်ခဲ့၏။အမှုဋ္ဌ၊ထိုသာကီဝင်မင်းတို့သည် ဥက္ကာကရာဇ်မင်းကြီးကို အဘိုး ဟူ၍ ဆိုခြင်းငှါ ထိုက်ကုန်၏။ ဖြစ်ဘူးလေသည်ကား။ အမှုဋ္ဌ၊ ဥက္ကာကရာဇ်မင်းသည် မိဘုရားကြီးသေလွန်သည်ဖြစ်၍ မြေြာက်ထားအပ်သော မိဘုရားငယ်ကိုချစ်လေးမြတ်သဖြင့် ထိုမိဘုရား၏ဓနံ့ မည်သော်သားအားပြုံကို ပေးလိုသည်ဖြစ်၍ အထက်မိဘုရားကြီး၏သား ဥက္ကာမုခ၊ ကရဏ္ဍုက၊ ဟတ္ထိနိက၊ သိနိသူရ။ ဤသားကြီးလေးယောက်တို့ကို တိုင်းမှနှင်ထုတ်သည်ဖြစ်၍၊ ဟိမဝန္တာတောနံပါး၊ လေးထောင့်ရေကန်၏ အနားဌ၌ အင်ကြင်းတောရှိ၏။ ထိုဗောဌ္ဌ နေခြင်းကိုပြုလေကုန်၏။ ထိုမင်းသားလေးယောက်တို့သည် အမျိုးပျက်အံ့သည်ကိုကြောက်သောကြောင့်။ မိမိတို့၏နှမငယ်တို့နှင့် အိမ်ရာထောင်ခြင်းကိုပြုလေကုန်၏။ ထိုအခါဌ အမှုဋ္ဌ၊ ဥက္ကာကရာဇ်မင်းကြီးသည် အမတ်တို့ကိုခေါ်၍။ အမတ်တို့၊ ယခုအခါမင်းသားတို့သည် အဘယ်အရပ်ဌ နေလေကုန်သနည်းဟု မေးသော်။ အခွင့်မင်းကြီး၊ ဟိမဝန္တာတော၊ ရေကန်နား အင်ကြင်းတောဌ ပြည်တည်ထောင်၍ နေကြကုန်၏။ ထိုမင်းသားတို့သည် အမျိုးပျက်အံ့သည်ကိုကြောက်သောကြောင့်နှမတို့နှင့်အိမ်ရာထောင်ကြကုန်၏ဟုလျှောက်၏။ ထိုအခါ အမှုဋ္ဌ၊ဥက္ကာကရာဇ်မင်းကြီးသည်၊သကျာဝတာ ဘော ကုမာရာ၊ပရမသကျာဝတာ ဘောကုမာရာ၊ဟူ၍ ဝမ်းမြောက်သောစကားကိုဖြွက်၏။ အမှုဋ္ဌ၊ ထိုမင်းသားညီနောင် မောင်နှမ ၅စ်ယောက်တို့ကို အစပြု၍ သာကီဝင်မင်းမျိုးဟူ၍ ထင်ရှားဖြစ်ကုန်၏။ ထိုဥက္ကာကရာဇ်မင်းကြီးသည် သာကီဝင်မင်းမျိုးတို့၏ ဂုဏ်ဦးစွာဖြစ်သော ယောကျ်းတည်း။ အမှုဋ္ဌ၊ဥက္ကာကရာဇ်မင်းကြီးအား ဒီသာအမည်ရှိသော ကျွန်မသည်ဖြစ်၏။ ထိုကျွန်မသည် ကဏ္ဍ အမည်ရှိသော သားကို ဘွားမြင်၏။ ကဏ္ဍသည် အဓိဝမ်းတွင်းကပင် သွားပေါက်၏။ မုဆိတ်ဆံပင်ပေါက်၏။ အဓိဂါကိုမွေးကျွေးပါကုန်။ ဂါကိုရေချိုးပါကုန်။ ဤမစင်မှ ဂါကို

လွတ်ပါစေကုန်။သင်အဓိ၏အကျိုးငါငါသည်ဖြစ်ပါလတ္တံ့.ဟူ၍ ဘွားစဉ်ပင်စကားကိုဆို၏။ ဥပမာကား။ အမွှေဌ၊ယခုအခါ၌မြေဘုတ်ဘီလူးကို လူတို့မြင်လျှင် မြေဘုတ်ဘီလူးဟု သိကုန်သကဲ့သို့။ ထို့အတူ ထိုအခါ၌ ကဏ္ဍကိုလည်း လူတို့သည် မြေဘုတ်ဘီလူးမှတ်ကုန်၏။ထိုလူတို့သည် ဤသို့ဆိုကုန်၏။ ဤငနက်သည် ဘွားလျှင်ပင် စကားကိုဆို၏။ ငနက်သည် မြေဘုတ်ဘီလူးဖြစ်၏ဟူ၍ဆိုကုန်၏။အမွှေဌ၊ဤငနက်ကိုအစပြု၍ ကဏ္ဍာယနအမျိုးဟူ၍ထင်ရှားဖြစ်၏။ထိုငနက်သည် ကဏ္ဍာယနအမျိုးတို့တွင် ဂရုးဦးစွာအစဖြစ်သောယောက်ျားတည်း။ ဤသို့လျှင် အမွှေဌ၊ သင်၏ရှေးမှဖြစ်သောအဓိအဘမှဖြစ်သောအမည်အနွယ်ကို အောက်မေ့သောငါ့အားသာကိုဝင်မင်းတို့သည်သင်၏အရှင်သခင်ဖြစ်ကုန်၏။ သင်သည်ကား သာကိုဝင်မင်းတို့၏ ကျွန်မသားဖြစ်၏ဟူ၍ ဘုရားမိန့်တော်မူသေး၏။ အမွှေဌ၏ နောက်ပါ ပုဏ္ဏားလုလင်တို့သည် ဘုရားကို ဤသို့ လျှောက်ကုန်၏။ အမွှေဌလုလင်ကို အရှင်ဂေါတမသည် ပြင်းစွာကျွန်မသားအခေါ်အဝေါ် ဖြင့်မဆိုပါလင့်။ အရှင်ဂေါတမ၊ အမွှေဌသည် ကောင်းစွာဘွား၏။ ကောင်းသော အမျိုးသားတည်း။ အကြားအမြင်များ၏။ကောင်းသောစကားကိုဆိုတတ်၏။ပညာရှိ၏။အရှင်ဂေါတမနှင့်တကွ စကားဘက်၍ ပြောဆိုခြင်းငှါစွမ်းနိုင်၏ဟူ၍ လျှောက်ကုန်၏။ ထိုအခါမြတ်စွာဘုရားသည် ထိုလုလင်တို့ကိုဤသို့မိန့်တော်မူ၏။လုလင်တို့၊ သင်တို့အား ·အမွှေဌသည် မကောင်းသဖြင့်ဘွား၏။ အမျိုးကောင်းသားမဟုတ်။ အကြားအမြင်နည်း၏။ အသိပညာမရှိ။ ရဟန်းဂေါတမနှင့် စကားဘက်၍ မဆိုနိုင်ဟူ၍ စိတ်ရှိသည်ဖြစ်အံ့။ အမွှေဌလုလင်ကို လွှတ်စေ။ သင်တို့သည် ငါနှင့်တကွစကားဘက်၍ ပြောဆိုကြကုန်။ အကယ်၍ကား အမွှေဌလုလင်သည် ကောင်းကောအမိမှ ဘွား၏။ အမျိုးကောင်းသားဖြစ်၏။စကားတတ်၏၊ လိမ္မာ၏၊ ပညာရှိ၏။ရဟန်းဂေါတမနှင့်ဘက်၍ ပြောဆိုခြင်းငှါ စွမ်းနိုင်၏ဟု သင်တို့မှတ်ထင်အံ့။ သင်တို့နေကြလေ။ အမွှေဌလုလင်သည် ငါနှင့်တကွဘက်၍ စကားပြောဆိုစေဟုမိန့်တော်မူသေး၏။ ထိုလုလင်တို့သည် ကြံ့ကုန်၏။ အမွှေဌလုလင်သည် အရှင်ဂေါတမကိုဘက်၍ဆိုချေသောကြောင့် ဒိဗ္ဗိုးဘန္တေယ်အစရှိသည်ကိုဘော်လျက် အမွှေဌကိုကျွန်မသားဟူ၍ဆိုလျှင်။အမွှေဌသည် ဒိဗ္ဗိကိုယ်ကို ကျွန်မသားအဖြစ်မှလွတ်စေခြင်းငှါ မတတ်နိုင်ရှိချေပြီ။ ဤသို့အမျိုး

အနွယ်ဆိုသည်ကိုလည်း သိနိုင်ခဲ့၏။ ငါတို့ပင်လည်း တယောံတယောံ ကိုကျွန်မသားဟူ၍ ရဟန်းဂေါတမဆိုပြန်ချေသော် ရဟန်းဂေါတမ ကိုဘက်၍တရားအာဘယ်သူပြုနိုင်လတ္တံ့နည်း။အမ္မဋ္ဌဘွဲ့သည့်အထုပ်ကို အမ္မဋ္ဌသာဖြေးစေတော့။ငါတို့ကိုလွတ်စေဟုကြိုးကုန်၍။ အဂ္ဂဉ်ဂေါတမ၊ အမ္မဋ္ဌသည် အမျိုးကောင်းသားတည်း။ အကြားအမြင်မျှား၏။ တတ်လိမ္မာ၏။ ပညာရှိ၏။ အဂ္ဂဉ်ဂေါတမနှင့်ဘက်၍ ပြောဆိုခြင်းဌါစွမ်းနိုင်၏။အမ္မဋ္ဌကိုသာပြောဆိုပါလော့ဟုဆိုကုန်၍ဆိတ်ဆိတ်သာနေကြလေကုန်၏။ ထိုအခါ မြတ်စွာဘုရားသည်။ အမ္မဋ္ဌ၊ တရားနှင့်လျော်သော ဤအမေးသည်သင့်အားရောက်၏။ သင်သည်မဖြေလိုဟူ၍မနေရ၊ဖြေရမည်။အကယ်၍သံဃမဖြေအံ့။အကြောင်းတပါးဖြင့်လည်း အကြောင်းတပါးကိုလွှမ်းမိုး၍ဆိုအံ့။ ဆိတ်ဆိတ်သော်လည်းနေအံ့။ အရပ်တပါးသို့သော်လည်း ပြေးသွားအံ့။ဤနေရာ၌ပင် သင်၏ဦးခေါင်းသည် ခုနစ်စိတ်ကွဲလတ္တံ့။ငါဆိုလတ္တံ့သောစကားကိုအသို့အောက်မေ့သနည်း။အမ္မဋ္ဌ၊ အာဘယ်သို့ သင်သည် အသက်ဖြင့်ကြိုးကုန်သော အရွယ်ဖြင့်ကြိုးကုန်သော ဆရာအဆက်ဆက်ဖြစ်ကုန်သော ပိမျိုးဘနွယ် ပြောတတ်ကုန်သော ပုဏ္ဏားတို့၏အဆံမှ ကဏ္ဍာယနအမျိုးသည် အာဘယ်သူမှစ၍ဖြစ်၏။ အာဘယ်သူသည် ကဏ္ဍာယနတည်း။ အာဘယ်သူသည် ကဏ္ဍာယနအမျိုး၏ ဂုဏ်ဦးအစဖြစ်သော ယောက်ျားတည်းဟူ၍ ကြားဘူးသနည်း။ ဖြေလော့ဟုမိန့်တော်မူသော်။အမ္မဋ္ဌသည် ရဟန်းဂေါတမသည် ငါ့ကိုသာလျှင် ကျွန်မသား၏အဖြစ်ကို ဆိုလို၏။ ငါ့ကိုယ်တိုင်ဆိုပြန်သည်ရှိသော် ကျွန်ပင်စင်စစ်ဖြစ်ရာ၏။ဤဂေါတမသည် တကြိမ်နှစ်ကြိမ်မေး၍ဆိတ်ဆိတ်နေလတ္တံ့။ထို့နောင်မှ ငါသည် နောက်သို့ဆုတ်၍ဘဲရလတ္တံ့ ဟုကြံ၍ဆိတ်ဆိတ်သာမဖြေဘဲနေ၏။ မြတ်စွာဘုရားသည် ငါဆိုလတ္တံ့သောစကားကို အဘယ်သို့အောက်မေ့သနည်း။ ဤသို့စသည်ဖြင့် နှစ်ကြိမ်မြောက်မေးတော်မူပြန်၏။ အမ္မဋ္ဌလည်း ဆိတ်ဆိတ်နေပြန်၏။ ထိုအခါ မြတ်စွာဘုရားသည် အမ္မဋ္ဌကိုဆို၏။ အမ္မဋ္ဌ၊ယခုအခါ ဖြေလော့။ ယခုသင့်အား ဆိတ်ဆိတ်နေရအံ့မသောအခါမဟုတ်ပြီ။ အမ္မဋ္ဌ၊ငါဘုရားသည် သုံးကြိမ်စေ့အောင်တရားနှင့်ညီသောပြဿနာကိုမေးအပ်သော အကြင်သူသည်မဖြေ။ထိုဗျူဟာအား ထိုအရပ်၌လျှင် ဦးခေါင်းသည် ခုနစ်စိတ်ကွဲလတ္တံ့ဟူ၍ဆိုတော်မူ၏။ ။ထိုဒုခါသိကြားမင်းသည် ဝရဇိန်

လက်နက်ကို စွဲကိုင်လျက် ပြောင်ပြောင်ကောက်သော အခိုးအလျှံနှင့် တက္ကဖြစ်သော ကြီးစွာသောသံတူကို ယူ၍၊ အကယ်၍ အမွှေဌသည် မြတ်စွာဘုရားသည် သုံးကြိမ်တိုင်အောင် တရားနှင့် အညီ မေးတော်မူသောပြဿနာကိုမဖြေငြားအံ့။ ဤအရပ်၌သာလျှင် အမွှေဌ၏ဦးခေါင်းကိုခုနစ်စိတ်ခွဲအံ့ဟု အမွှေဌ၏အထက်ကောင်းကင်၌တည်၏။ထိုသိကြားမင်းကို၊အမွှေဌသည်ၜင်း။ မြတ်စွာဘုရားသည်ၜင်း မြင်၏။ ။အဘယ်ကြောင့် သိကြားသည် ဤသို့ပြုသနည်းဟူမူကား။ ဘုရားဖြစ်တော်မူစဉ် တရား မဟောဖြိုဟု ကြောင့်ကြမဲ့ ဖြစ်သောအခါ သိကြားမင်းသည် သဟံပတိဗြဟ္မာနှင့်တကွလာ၍။ အနှစ်ဘုရား၊ တရားဟောတော်မူပါ။ ရှင်ပင်ဘုရားတို့အာဏာဖြင့်မကျင့်သောသူတို့ကို အကျွန်ုပ်၏အာဏာဖြင့်ကျင့်စေအံ့။ ရှင်ပင်ဘုရားတို့၏ခမ္မစက်ကိုလည်းဖြစ်ပါစေ။ အကျွန်ုပ်၏အာဏာစက်ကိုလည်းဖြစ်ပါစေအံ့ဟု ဝန်ခံသောကြောင့် ယခုအခါ အမွှေဌကိုမြှင်းချောက်၍ ပြဿနာကိုဖြေစေအံ့ဟု၊ကြံလျက်၊ကြီးစွာသော ဦးခေါင်း၊ ဖြူလွတ်သော အင်္ဂါယ်၊ ကြောက်ဘွယ်သော မျက်စိတို့ကို ဘန်ဆင်း၍ အမွှေဌ၏အထက်ကောင်းကင်၌ရပ်လာသဘည်း။ အဘယ်ကြောင့်သူတပါးတို့မြင်ရသနည်းဟူမူကား။အကယ်၍သူတပါးတို့မြင်ကုန်အံ့။ ထိုသို့ဘုရားအမေးကိုမဖြေခြင်းသည်ကား ဝန်မခံလား။ရဟန်းဂေါတမသည် ဝိမိအယူသို့မသက်လိုသောအမွှေဌကို သိကြားအားဂေါ်၍ပြသည်။ထိုကြောင့် အမွှေဌသည် ကြောက်၍ဖြေရသည်ဟုဆိုကုန်ရာ၏။ထိုကြောင့် အမွှေဌနှင့် ဘုရားသာမြင်ရသတည်း။ ထိုသိကြားကိုမြင်၍ အမွှေဌအားတကိုယ်လုံးမှချွေးတို့သည်ယိုကုန်၏။ ဝမ်းထဲ၌အူအသည်း ပြောင်းပြန်လန်၍ ပြင်းစွာသောအသံဖြင့် မြည်တမ်းလျက် သိကြားကိုတပါးသောသူတို့သည်လည်း မြင်ပါကုန်၏လောဟာ ထိုမှ ဤမှ ကြည့်သော်ဘစုံတယောက်သောသူအားမျှကြောက်သိုးထခြင်းစသည်ကိုမမြင်၍ ဤဘေးသည်ငါ့အားသာလျှင်ဖြစ်၏မှာပြင်းစွာကြောက်လျက်၊အကယ်၍ငါသည်ဘီလူးဟုဆိုချေအံ့၊သင့်အားသာမျက်စိတို့သည်ရှိကုန်၍သင်သာဘီလူးကိုမြင်လေတော့သည်။ဤဦးစွာဘီလူးဂိုဏ်းမြင်မူ၍၊ဂေါတမနှင့် ဝါဒတိုက်ဆိုင်သောအခါမှလျှင် ဘီလူးကို မြင်ပလေသည်ဟု သူတပါးတို့ဆိုကုန်ရာ၏ဟုကြံ၍။ ဤအရပ်၌ ရဟန်းဂေါတမမှတပါး ငါ့အား ကိုးကွယ်ရာမရှိချေပြီဟု မှတ်လျက် မြတ်စွာဘုရားကိုသာ ကိုး

ကွယ်ဖြိုရိုပုန်းအောင်ရာ လည်းလျောင်းရာဟု ရှာလျက်၊ မြတ်စွာဘုရား အနီးသို့လာ၍၊ ထိုစကားကို အရှင်ဂေါတမသည် အဘယ်သို့ဆိုတော် မူသနည်း။ တဘန်အဖိန့်တော်ရှိပါဦးဟုလျောက်၏။ ထိုအခါ မြတ်စွာ ဘုရားသည် အမ္ပဋ္ဌ၊ ဆရာအဆက်ဆက်ဖြစ်ကုန်သော၊ ကြီးရင့်အိုမင်း ကုန်သော၊အမျိုးအနွယ်ကိုမှီကုန်သောပုဏ္ဏားတို့၏အထံမှ သင်သည် ကဏ္ဍာယနအမျိုးသည် အဘဂ္ဂသူတွင်စ၍ ဖြစ်၏။ အဘယ်သူသည် ကဏ္ဍာယနအမျိုး၏ရှေးဦးအစယောက်ျားတည်းဟူ၍ ကြားဘူးသနည်း ဟု မေးတော်မူလေ၏။ ဘုန်းတော် ကြီးသော အရှင်ဂေါတမ၊ အရှင် ဂေါတမဆိုတော်မူသကဲ့သို့ပင် ဥက္ကာကရာဇ်မင်း၏ကျွန်မ ဒိသာမည် သောမိန်းမ၏သား ငနက်သည် ကဏ္ဍာယနအမျိုး၏ အစဖြစ်၏။ ထို ငနက်သည် ကဏ္ဍာယနဒဂမျိုးဌ ရှေးဦးစွာ အစဖြစ်သော ယောကျ်ား တည်းဟု အမ္ပဋ္ဌသည် လျောက်၏။ ။ထိုစကားကိုကြားသော် ပုဏ္ဏား လုလင်တို့သည်။အချင်းတို့၊အမ္ပဋ္ဌသည် မကောင်းသဖြင့်ဘွား၏။အမျိုး ကောင်းသားမဟုတ်။ သာကိဝင်မင်းတို့၏ကျွန်မ ဒိသာ၏သားတည်း။ သာကိဝင်မင်းတို့သည် အမ္ပဋ္ဌလုလင်၏ အရှင်သခင်တည်း။ တရားနှင့် အညီဆိုသော အရှင်ဂေါတမကို မောင်းမဲအုပ်၏ဟု ငါတို့အောက်မေ့ မှားချေကုန်ပြီဟုဖြင်းစွာပဲ့တင်ထပ်မျှသောအသံကိုဖြစ်စေကုန်၏။ ။ ထိုအခါ မြတ်စွာဘုရားအား ဤပုဏ္ဏားလုလင်ငယ်တို့သည် အမ္ပဋ္ဌကို ကျွန်မ၏သားဟူသော ဝါဒဖြင့် ဖြင်းစွာကဲ့ရဲ့ကြကုန်၏။ အကယ်၍ကား ငါသည် တဘန်လွတ်စေအံ့ဟု အကြံတော်ဖြစ်၍။ အိုလုလင်တို့၊သင်တို့ သည် အမ္ပဋ္ဌကိုကျွန်မသားဟူသော ဝါဒဖြင့်ဖြင်းစွာမကဲ့ရဲ့ကြကုန်လင့်။ ထိုသာကိဝင်မင်းတို့၏ကျွန်ဖြစ်သောကဏ္ဍသည် မြတ်သောရဿေ့ဖြစ် ၏။ထိုကဏ္ဍသည် ဂင်္ဂါမြစ်၏တောင်ဘက်၌ ဒက္ခိဏာပထအမည်တွင် သောဇနပုဒ်သို့သွား၍ ရဿေ့တပါးထံဝတ်ကြီးဝတ်ငယ်ပြည့်စုံစွာပြု၍ ရဿေ့သည် နှစ်သက်သဖြင့်။ အချင်းယောကျ်ား၊ သင့်အား မန္တရားကို ငါပေးအံ့။ အကြင်မန္တရားကို အလိုရှိ၏။ ထိုမန္တရားကိုဆိုလော့ဟုဆို၍။ ဆရာ၊ ငါ့အား တပါးမန္တန်ဖြင့် ပြုဘွယ်မရှိ။ အကြင်မန္တရား၏ အမှန် ဘေဒဖြင့် လက်နက်သည်မရောက်နိုင်။ထိုမန္တရားကိုပေးပါဟုတောင်း သဖြင့် လက်နက်မရောက်နိုင်သော မန္တန်ကို တတ်အောင်သင်၍ ထို ဆရာ့အတုံ့၌ပင် မန္တန်၏ အာနုဘော်ကိုစမ်း၍ ရဿေ့အသွင်ကိုယူ၍၊

ဥက္ကာကရောဇ်မင်းသို့ကပ်လျက်၊ မဒ္ဒရုပီအမည်ရှိသောသမီးကို တောင်း လေသော် ဥက္ကာကရောဇ်မင်းသည် ငါ၏ကျွန်မ ဒါဆာ၏သား ကဏ္ဍပင် ငါ၏သမီးမဒ္ဒရုပီကိုတောင်းရာသလောဟု ပြင်းစွာအမျက်ထွက်၍သင့် ကိုလေးဖြင့်ပစ်သတ်အံ့မှာမြားကိုတင်၏။ ကဏ္ဍလည်း မြားမရောက်နိုင် သောမနှဲရားကို စုတ်လေသောကြောင့် မင်းကြီးသည် မြားကို လွှတ် လည်းမလွှတ်နိုင်။ ရုပ်လည်းမရုပ်နိုင်ဖို့ရှိချေ၏။ ထိုအခါ အမတ်တို့သည် ၎င်း၊ ဆွေရင်းအလုပ်အကျွေးပေးကျားတို့သည်၎င်း၊ ကဏ္ဍသို့ကပ်လာ၍။ ရှင်ရသေ့၊မင်းကြီးအားချမ်းသာပါစေဟုတောင်းပန်ကုန်သော်။ သင် တို့မင်းကြီးသည် မဒ္ဒရုပီကိုငါ့အားပေးသော် ချမ်းသာလတ္တံ့။မြားကိုမူ ကား•အောက်သို့လွှတ်သော် မင်းကြီးနိုင်ငံအလုံး မြေမျိုလတ္တံ့ဟုဆို၍၊ ရှင်ကဏ္ဍရသေ့၊ မင်းကြီးအား၎င်း၊ ဇနပုဒ်သူတို့အား၎င်း ချမ်းသာပေး ပါဟုတောင်းပန်ကုန်သော်။သင်တို့မင်းကြီးသည်သမီးမဒ္ဒရုပီကိုငါ့အား ပေးသော် မင်းကြီးအား၎င်း၊ ဇနပုဒ် သူတို့အား၎င်း၊ ချမ်းသာ လတ္တံ့။ မြားကို အထက်သို့လွှတ်မူ သင်တို့မင်း၏နိုင်ငံအလုံး၌ ခုနစ်နှစ်ပတ်လုံး မိုးမရွာလတ္တံ့ဟု ဆိုပြန်၏။ ရှင်ရသေ့၊ မင်းကြီးအား၎င်း၊ တိုင်းနိုင်ငံ သူတို့အား၎င်းချမ်းသာပါစေ။မိုးကိုလည်းရွာပါစေ။ မဒ္ဒရုပီကိုပေးပါ ကုန်အံ့ဟု ၎င်းပန်ကုန်သော်။ မဒ္ဒရုပီကို ၎င်းပေးသော်၊ မင်းကြီးအား ၎င်း၊၎င်းဇနပုဒ်အား၎င်းချမ်းသာလတ္တံ့။ မိုးလည်းရွာလတ္တံ့။ စင်စစ်သော် ကား မင်းကြီးသည် မြားကိုမင်းသားအကြီးဌ တင်စေလော့။ မင်းကြီး လည်းချမ်းသာလတ္တံ့။သားအကြီးအား ကြက်သီးမွေးညှင်းမျှ မထ ချမ်း သာလတ္တံ့ဟုဆို၍ မြားကို ကျစေတတ်သောမန္တန်ကို စုတ်သဖြင့် မြား ကျ၍ သားအကြီး၏ချက်ဌတည်လေ၏။ဥက္ကာကရောဇ်မင်းသည်ပြင်းစွာ ကြောက်ထိတ်လန့်သဖြင့် သမီးမဒ္ဒရုပီကို ဦးခေါင်းဆေးလျှော်၍ ကဏ္ဍ အားပေးရန်လေ၏။ ကဏ္ဍကိုလည်းတော်လှန်သည်ကိုပြုစေ၍မြတ်သော အရာဌထား၍ချီးမြှောက်ရလေ၏။လုလင်တို့၊သင်တို့သည် အမ္ဗဋ္ဌလုလင် ကို ဒါသိပုတ္တဝါဒဖြင့် ပြင်းစွာ မနှိပ်စက်ကြကုန်လင့်။ အမ္ဗဋ္ဌလုလင်၏ အနွယ် ကဏ္ဍာယနဂို့အစ.ကဏ္ဍသည် တန်းခိုးအာနုဘော်ကြီးသော ရဟန်းရသေ့သည် ဖြစ်၏ဟု မြတ်စွာဘုရားသခင် မိန့်တော်မူသဖြင့်၊ အမ္ဗဋ္ဌလုလင်သည် အလွန်လျင် တရားသောအိုးဖြင့် ထိပ်ဌရေစင်သွန်း ကုန်သကဲ့သို့ သက်သာရာရသဖြင့် ကိုယ်တွင်းဌ ပူပန်ခြင်းကင်းသဖြင့်၊

ရဟန်းဂေါတမသည် ငါ့ကိုနှစ်သက်စေအံ့ဟုကြံ၍ တရေသောပက္ခဖြင့် အဆွေတော်သည်ဟုပြုပေ၏။ ငါသည် သာကီဝင်မင်းမျိုးပင်ဖြစ်၏ဟု အမှုဌအားအကြံသည်ဖြစ်၏။ ။ထိုအကြံကိုသိတော်မူ၍ အမှုဌသည် ငါသည် မင်းပင်ဖြစ်၏ဟု ကြံပြန်ချေပြီ။ မိမိ၏ မင်းမျိုးမဟုတ်ပြီးသော အဖြစ်ကို ငါသည်သိစေအံ့ဟု ဘုရားရှင်ကြံတော်မူ၍။ တံ ကိ ံ မညသိ အမှုဌ၊ အစရှိသည်ဖြင့် ဒေသနာတော်ကိုပွါးစေ၍။ အမှုဌ၊ငါဆိုလတ္တံ. သောစကားကို အဘယ်သို့အောက်မေ့သနည်း။မင်းသည် ပုဏ္ဏားမနှင့် အိမ်ထောင်၍သားဘွားသော်။ထိုသားကိုပုဏ္ဏားတို့၌ နေရာဦး ရေဦးကို ရရာသလော။ ပုဏ္ဏားတို့နှင့်အတူ စားသောက်ရရာ သလော။ ပုဏ္ဏား တို့သည် ဇဗဒင် သင်ကုန်ရာသလောဟု မေးတော်မူပြန်သော်။ အရှင် ဂေါတမ၊ ထိုမင်းသားနှင့်ပုဏ္ဏေးမတွင်မြင်သောသားသည် ပုဏ္ဏားတို့၌ နေရာဦးရေဦးကိုမရ၏။ ပုဏ္ဏားတို့နှင့်အတူတကွစားသောက်ရရာ၏။ ဇဗဒင်ကိုလည်း သင်ချရရာ၏ဟုလျှောက်၏။ ပုဏ္ဏားတို့၌ သမီးဆောင် ခြင်းသမီးပေးခြင်းကိုရရာသလောဟု မေးတော်မူပြန်သော်လည်း ရရာ၏ဟုလျှောက်၏။မင်းတို့သည် ထိုသားကိုမင်း၏အဘိသိက်သွန်းကုန်ရာ သလောအမှုဌဟု မေးတော်မူသော်။ အရှင်ဂေါတမ၊ ထိုသားကို မင်း တို့သည် မင်း၏အဘိသိက်ဖြင့်မသွန်းကုန်ရ။ အဘယ်ကြောင့်နည်းဟူသော် အဓိမှ မင်းမျိုး မဟုတ်သောကြောင့်တည်းဟု လျှောက်၏။ ။ အသို့အောက်မေ့သနည်းအမှုဌ၊ ဤလောက၌ ပုဏ္ဏားသတို့သားသည် မင်းမျိုးသို့ပေယ်နှင့် အိမ်ထောင်ခြင်းကိုပြု၍ သားယောကျ်ားဘွားသော် ထိုသားသည် ပုဏ္ဏားတို့နှင့်နေရာဦးသောက်ရေဦးကိုရရာသလော။မရရာသလော။ ပုဏ္ဏားတို့နှင့်အတူတကွ စားသောက်ရာသလော။ ပုဏ္ဏားယေ်တို့သည် ဇဗဒင်ကိုသင်ကုန်ရာသလော။ မိမိတို့၌သမီးဆောင်ခြင်းပေးခြင်းကို ပိတ်ပင်ရာသလော၊ မပိတ်ပင်ရာသလောဟု ဖေးတော်မူသော်။ အရှင်ဂေါတမ၊ထိုပုဏ္ဏားလုလင်ကြောင့် မင်းမျိုးသမီးယေ်တွင် မြင်သောသားသည် ပုဏ္ဏားတို့၌ နေရာဦးရေဦးကိုရ၏။ အတူတကွ စားသောက်ရာ၏။ ဇဗဒင်ကိုသင်ကုန်ရာ၏။ သမီးပေးခြင်းဆောင်ခြင်းကို မပိတ်ပင်ရာဟုလျှောက်၏။ ထိုသားကိုမင်း၏အဘိသိက်ဖြင့်သွန်းရာသ လောဟု မေးတော်မူသော်။ မသွန်းကုန်ရာ။ အဘယ်ကြောင့်နည်း၊ ထို သားသည်အဘမှမင်းမျိုးမဟုတ်သောကြောင့်တည်းဟုလျှောက်သော်။

ဤသို့လျှင် အမ္ဘဋ္ဌ၊ မင်းသားနှင့်ပုဏ္ဏားမတွင် ဖြင်သည့်သား၊ပုဏ္ဏားသား နှင့်မင်းဘိုးတွင် ဖြင်သောသားတို့သည် ပုဏ္ဏားတို့၌ဌကား အဘော်သွင်း ရ၏။မင်း၏အဖြစ်ကို မရသောကြောင့် မင်းမျိုးသာဖြတ်၏။ ထို့ကြောင့် ပုဏ္ဏားမျိုးသည်ယုတ်၏။ သင်အမ္ဘဋ္ဌတို့၏ ကဏ္ဍာယနအနွယ်၌ ရှေးဦး အစကဏ္ဍ၏မယားသည် ဥက္ကာကရောဇမင်းသမီး ဖြစ်ငြားသော်လည်း သင်တို့ အနွယ်ကို မင်းမျိုး မင်းနွယ်ဟူ၍ မမှတ်အပ်ချေပြီ။ ။အသို့ အောက်မေ့သနည်း အမ္ဘဋ္ဌ၊ ဤလောက၌။ ပုဏ္ဏားတို့သည် ပုဏ္ဏားတ ယောက်ကို တစုံတရသောအပြစ်ကြောင့် ဦးခေါင်းပြည်းသည်ကိုပြု၍ ပြာပက်၍တိုင်းမှမြို့မှနှင်ထုတ်ကုန်၏။ ထိုနှင်ထုတ် အပ်သောသူသည် ပုဏ္ဏားတို့၌ဌနေရာဦးအစရှိသော အောက်၌ဆိုအပ် ပြီးသော အလုံးစုံကိုရရာသလောဟု မေးတော်မူသော်။ မရရာ။ဗေဒင် မသင်ရာ။ သမီးဆောင်ခြင်းပေးခြင်းကို ဒိတ်ပင်ရာသည်ဖြစ်၏ အရှင် ဂေါတမဟူ၍လျှောက်၏။ ငါဆိုဦးအံ့အမ္ဘဋ္ဌ၊မင်းတို့သည် မင်းတယောံ ကို တစုံတရသောအပြစ်ကြောင့် ဦးခေါင်းပြည်းသည်ကိုပြု၍ ပြာပက် ၍ တိုင်းမှမြို့မှနှင်ထုတ်၏။ ထိုနှင်ထုတ်အပ်သောမင်းသားသည် ပုဏ္ဏား တို့၌ နေရာဦးရေဦးစသော အောက်၌ဆိုအပ်ပြီးသော အလုံးစုံကိုရရာ သလောဟု မေးတော်မူသော်။ အရှင်ဂေါတမ၊ရရာ၏။ ပုဏ္ဏားတို့သည် ထိုနှင်ထုတ်သောမင်းသားကိုဗေဒင်သင်ရာ၏။ ဒိန်းမတို့၌ပုဏ္ဏေးမငယ် ပေးခြင်းဆောင်ခြင်းကို မပိတ်ပင်အပ်ဟူ၍ လျှောက်သော်။ ဤသို့အား ဖြင့်လည်း အမ္ဘဋ္ဌ၊မင်းမျိုးတို့၌ ဦးခေါင်းပြည်းစေ၍ ပြာပက်၍ နှင်ထုတ် အပ်သောမင်းသားသည် အလွန်ယုတ်လှပြီ။ထိုသူပင်လည်းပုဏ္ဏားတို့၌ အစောင့်ပင်ရလေ၏။ ထို့ကြောင့် အမ္ဘဋ္ဌ၊ မင်းမျိုးသည်မြတ်၏။ ပုဏ္ဏား မျိုးသည် ယုတ်၏ဟူ၍ သင်မှတ်ရာ၏။ ဤသို့အမ္ဘဋ္ဌ၊ မင်းမျိုးသာမြတ်၍ ပုဏ္ဏားမျိုးသာ ယုတ်ကြောင်း ကိုလည်း သနှကိုမာရ အမည်ရှိသော ဗြဟ္မာသည်။ ။ခတ္တိယော သေဋ္ဌော ဇနေတသ္မိံ၊ ယေဂါတ္တပ္ပဋိသာ ရိနော။ ဝိဇ္ဇာစရဏာသမ္ပန္နော၊သော သေဋ္ဌော ဒေဝမာနုသေ။ ။ဟူ၍ ဂါ၊ထာဆိုခဲ့၏။ ။ယေဇနာ၊ အကြင်လူတို့သည်။ ဂေါတ္တပ္ပဋိသာရိနော၊ ငါကသပအနွယ်၊ ဘဂ္ဂဝအနွယ်အစရှိသဖြင့်အောက်မေ့တတ်ကုန်၏။ ဇေတသ္မိံ ဇနေ၊ထိုလူအပေါင်း၌။ ခတ္တိယော၊မင်းသည်။ သေဋ္ဌော၊မြတ်၏။ ဒေဝမာနုသေ၊နတ်လူအပေါင်း၌။ ယော၊အကြင်သူသည်။ ဝိဇ္ဇာစရဏာ

သမ္ဘနွော၊ဝိဇ္ဇာသုံးပါး စရဏတဆဲ့ငါးပါးတို့နှင့်ပြည့်စုံ၏။ သော၊ထိုသူသည်။ သေဋ္ဌော၊မြတ်၏။ ။အာမဋ္ဌ၊ ဤဂါထာကို သနကိုမာရဗြဟ္မာရွတ်ဆိုခြင်းသည် အကျိုးစီးပွါးနှင့် စပ်သော ကောင်းသောရွတ်ခြင်း၊ ကောင်းသောဆိုခြင်းမည်၏ဟုငါသိတော်မူ၏။ ငါလည်း သနကိုမာရဗြဟ္မာကဲ့သို့။ ခတ္တိယော သေဋ္ဌော ဇနေတာသို့၊ အစရှိသော စကားကို ပင်ဆို၏ဟူ၍ပိန့်တော်မူ၏။ ။

ဤသို့ပိန့်တော်မူရာ၌ဝိဇ္ဇာစရဏသမ္ပန္နော၊သော သေဋ္ဌော ဒေဝမာနုသေ။ဟူသောစကားကိုကြား၍၊ ပုဏ္ဏားတို့၌ ဗေဒင်သုံးပုံကို ဝိဇ္ဇာ၊ပဉ္စသိကိုစရဏဆိုသဖြင့် ငါသည်လည်း ဝိဇ္ဇာစရဏနှင့်ပြည့်စုံ၏။ငါ့သည် မြတ်၏ဟုမှတ်၍ ဝိဇ္ဇာစရဏအကြောင်းကိုသိလိုသဖြင့်။ ဇာတမာ ဝိဇ္ဇာ၊ ကတမံ စရဏံ။ အစရှိသည်ဖြင့် မေးလျှောက်ပြန်သော်။ အမ္ဗဋ္ဌအား၊ ထိုကဲ့သို့ ဇာတိဝါဒ၊ ဂေါတ္တဝါဒ၊ မာနဝါဒနှင့်စပ်သော အိမ်ရာထောင်ခြင်းနှင့်စပ်သောလူ၌ ဂိဇ္ဇာစရဏမရှိသောအဖြစ်ကို။ နဂေါ ပန အမ္ဗဋ္ဌ၊ စသော ဒေသနာတော်ဖြင့် အကျယ် ဟောတော်မူပြီးသော်။ အမ္ဗဋ္ဌ၊ အကြင်သူသည် ငါ၌မယုံမှားခြင်း နှလုံးစွဲသည်ဖြစ်၏။ ထိုသူသည် ငါ့ကို မေးသဖြင့်၊ ငါသည်လည်း ဖြေသဖြင့်၊ထိုသူ၏ယုံမှားခြင်းကို သုတ်သင်ရလတ္တံ့ဟု ပိန့်တော်မူ၍၊ မြတ်စွာဘုရားသခင်သည် ထိုင်၍နေတော်မူရာကျောင်းမှ ထွက်၍ စင်္ကြံသို့ဂျုံးရွှေ တည်ရပ်တော်မူ၏။ အမ္ဗဋ္ဌလူလင်သည်လည်း ကျောင်းမှထွက်၍ စင်္ကြံသို့တက်၏။ အဘယ့်ကြောင့်ကား မြတ်စွာဘုရားသည်စင်္ကြံသို့တက်တော်မူသနည်း။အဘယ့်ကြောင့်ကား ယဿ ခေါ အမ္ဗဋ္ဌ စသော စကားကို ဆိုတော်မူသနည်း ဟူမူကား။ အမ္ဗဋ္ဌအားတရားဟောလျက်တနေ့လုံးကိုပင်ထိုင်၍လွန်စေသော်လည်း ဤကိုယ်၏အဖြစ်ဖြင့် မဂ်ဖိုလ်ရခြင်း၏အကြောင်းသည် မရှိ။-ဤအမ္ဗဋ္ဌသည် မြတ်စွာဘုရား၌ လက္ခဏာတော်ကြီး သုံးဆဲ့နှစ်ပါးကို ရေတွက်ကြည့်ရှုအံ့သောငှါ လာသည်ဖြစ်လျက်။ ထိုလက္ခဏာကို ရှာဘွေကြည့်ရှုခြင်းကိစ္စကိုကားမပြု။ ထို့ကြောင့် အမ္ဗဋ္ဌအား သတိကိုဖြစ်စေခြင်းငှါ နည်းပေးအံ့ဟု ကြံတော်မူ၍။ အမ္ဗဋ္ဌ၊အကြင်သူအား ငါ၌ယုံမှားခြင်းရှိ၏၊ အစရှိသောစကားကိုမိန့်သတည်း။ လက္ခဏာတော်ကိုကြည့်ရှုအံ့သောငှါလာကုန်သော သူတို့သည် ထိုင်၍လျှောင်း၍ နေကုန်သော ဘုရားတို့

အား ကြည့်ရှုအံ့သောဌါမတတ်နိုင်။ သွားကုန် ရပ်ကုန်သော ဘုရားတို့ အားသာ တတ်နိုင်ကုန်၏။ လက္ခဏာကိုရှာအံ့သောဥဌါလာသောအဖြစ် ကိုသိလျှင် ထိုင်နေရာမှ ထ၍ လက္ခဏာကို ရှာလိုသသူရှာစိမ့်သောဌါ ရပ်ခြင်း သွားခြင်းသည် စာရုဘုရားတို့၏အလေ့အကျက်တည်း။ ထို့ကြောင့် မြတ်စွာဘုရားသည်ထိုင်ရာနေရာမှထ၍ စင်္ကြံသွားအံ့သောဌါရပ်တော်မူသတည်း။ အမ္ဗဋ္ဌသည်လည်း မြတ်စွာဘုရား၏အဆင်းတော်၏ပြည့်စုံခြင်းဒွိကြည်ညိုခြင်းကိုမျှမဖြစ်စေမူ၍။ ဝတ်သောပုဆိုးကိုဖြေ၍ လည်ဒွိရောက်သဖြင့်တွဲလျားချ၍လက်တဘက်ဖြင့်ပုဆိုးစွန်ကိုကိုင်၍ရံခါလက်မောင်းကို ရံခါကျောကို ရံခါဝမ်းကိုပြုလျက် မြတ်စွာဘုရား စင်္ကြံသွားတော်မူသည်နှင့် အတူ စင်္ကြံသွား၍ မြတ်စွာဘုရားကိုယ်တော်၌ လက္ခဏာတော်တို့ကိုကြည့်၍ တခုနှစ်ခု အစရှိသည်ဖြင့်ရေတွက်၍ ရှာသွေသော် ဆဒ္ဒန်ဆင်မင်း၏ အင်္ဂါဇာတ်ကဲ့သို့ ပဒုမာကြာချပ်နှင့် တူသော အဆိမဖြင့်ဖုံးလွှမ်းအပ်သော ကောသောဟိတဝတ္ထုဂုယ်လက္ခဏာ၊ပဟုတဇိဂ္ဂလက္ခဏာ။ဤလက္ခဏာတော်နှစ်ပါးကိုထင်၍ မျှားသောအားဖြင့် လက္ခဏာတော်ကြီး သုံးဆယ်ကို မြင်လေ၏။ ကောသောဟိတ ဝတ္ထုဂုယ်လက္ခဏာ၊ ပဟုတဇိဂ္ဂလက္ခဏာတော်တို့ကို မမြင်ရသောကြောင့် ထိုလက္ခဏာတော် နှစ်ပါးဌ ယုံမှားသကာဂိုဏ်း၏။ မဆုံးဖြတ်နိုင်ဂိုဏ်း၏။ ထိုအခါ မြတ်စွာဘုရားသည် ပကတိဝတ်မြဲရုံမြတ်နိုင်းသော ကဲ့ယ်တော်ဌ အဆိမဲဖြင့် ဖုံးလွှမ်းအပ်သော အင်္ဂါဇာတ်တော်လက္ခဏာကဲ့ အကြင် အခြင်းဖြင့်တန်းခိုးဘန်ဆင်းသည်ဂိုသော် အမ္ဗဋ္ဌသည်မြင်၏။ ထိုအခြင်း ဖြင့် တန်းခိုးဘန်ဆင်း၍ အမ္ဗဋ္ဌအားပြု၏။အမ္ဗဋ္ဌသည် မြတ်စွာဘုရား၏ အင်္ဂါဇာတ်တော်ကိုအရိပ်ဌမြင်၏။ထို့နောင်မှမြတ်စွာဘုရားသည် လျှာတော်ကိုထုတ်၍ နှားတွင်းတော်နှစ်ပေါက်ကိုသုံးသပ်၏။ လျှာတော်ကို သေးစွာလုံး၍ နှာခေါင်းတွင်းသို့ သွင်း၏။ လျှာတော်ဖြင့် အလုံးစုံသော နဖူးတော်အပြင်ကိုဖုံးလွှမ်း၏။ထိုအခါ အမ္ဗဋ္ဌသည် လက္ခဏာတော်တို့ကို မြင်ပြီးလျှင် ဇရဟန်းဂေါတမသည် သုံးဆဲ့နှစ်ပါးသော ယောက်ျား မြတ်တို့၏ လက္ခဏာတော်စုံနှင့်ပြည့်စုံ,ပေ၏ဟု နှုတ်သွင်းပြီး၍။ အဂ္ဂင် ဂေါဟမ၊ယသအခါဌအကျွန်ုပ်တို့သည်သွားပါကုန်အံ့။အကျွန်ုပ်တို့သည် မျှားသောကိစ္စဂိုဏ်။ မျှားသောပြဿဝယ်ဂိုဏ်ဟု လျှောက်၏။ အမ္ဗဋ္ဌ၊ ယသအခါဌ အကြင်သွားခြင်း၏အခါသည်ဂိုဏ်။ ထိုသွားခြင်း၏အခါကို သင်

သည်သိလော့ဟု မြတ်စွာဘုရားမိန့်တော်မူသော်။အမွှေဋ္ဌသည် မြည်းကသောရထားသို့တက်၍ဘဲလေ၏။ ။

ထိုအခါ ပေါက္ခရသာတိပုဏ္ဏားသည် ဥက္ကဋ္ဌမြို့မှထွက်၍ ဗိမိအရံ၌များစွာသော ပုဏ္ဏားအပေါင်းနှင့်တကွ အမွှေဋ္ဌအလာကို မြော်လှုံ့ကိန်းလင့်၏။ထိုအခါ၌ အမွှေဋ္ဌလုလင်သည် အကြင်အရပ်၌ထိုအရံသည်ရှိ၏။ ထိုရှိရာအရပ်သို့ နှင်လေ၍၊ ယာဉ်ဖြင့်သွားကောင်းသောအရပ်ဆုံးလျှင် ယာဉ်မှသက်၍။ ခြေဖြင့်သာလျှင် ဆရာပေါက္ခရသာတိပုဏ္ဏားအထံသို့ကပ်၍ ဆရာကိုရှိခိုး၍ တင့်အပ်သောအရပ်၌နေ၏။ ထိုအခါ ပေါက္ခရသာတိပုဏ္ဏားသည် အမွှေဋ္ဌကို မေး၏။ အသို့နည်း အမွှေဋ္ဌ။ ထိဂေါတမဘုရားကို မြင်ခဲ့၏လောဟုမေးသော်။ အိုဆရာ၊ငါတို့သည် ထိဂေါတမကိုမြင်ခဲ့၏ဟုလျှောက်သဖြင့် အသို့နည်းအမွှေဋ္ဌ၊ ထိဂေါတမဘုရားအား ထိုသို့သော ကျေးဇူးသည် ထင်ရှားရှိသဖြင့် ကျော်ဇောသံသည် နှံ့၍တက်သလော။ ထင်ရှားမရှိဘဲလျက် ကျော်စော သလော။ အသို့နည်း အမွှေဋ္ဌ၊ ထိဂေါတမဘုရားသည် ကျော်စောတိုင်းသော သဘော ရှိသလော။ ထိုကျော်စောခြင်းမှ လွတ်လွဲသောသဘောရှိသလောဟုမေးပြန်၏။အိုဆရာ၊ထိဂေါတမဘုရားအား ထိုကျော်စောသော ကျေးဇူးသည် ထင်ရှားရှိလျက်ကျော်စော၏။ ထိုအရှင်ဂေါတမဘုရားသည် ထိုကျော်စောတိုင်းသော သဘောရှိ၏။ လွတ်ယွင်းသော သဘောမရှိ။ ထိုအရှင်ဂေါတမဘုရားသည် သုံးဆဲ့နှစ်ပါးသော လက္ခဏာတော်နှင့် ပြည့်စုံ၏။ ဤသို့ဆရာကိုအမွှေဋ္ဌလျှောက်၍။ မောင်အမွှေဋ္ဌ၊ ရဟန်းဂေါတမနှင့်တကွ တစုံတရာသောစကားပြောဟော်ခြင်းသည် သင့်အားဖြစ်ခဲ့၏လော မေးသော်။ အိုဆရာ၊ ငါ့အား ရဟန်းဂေါတမနှင့်တကွ တစုံတရာပြောဟောခြင်းသည်ဖြစ်ခဲ့၏ဟူ၍လျှောက်၏။ အမောင်အမွှေဋ္ဌ၊ အဘယ်ကဲ့သို့သော အပြားအားဖြင့် သင့်အား ဂေါတမနှင့်တကွပြောဟောခြင်းသည်ဖြစ်ခဲ့သနည်းဟု မေးပြန်၍။ အမွှေဋ္ဌလုလင်သည် အကြင်မျှလောက် ပြော၏။ ထိုအလုံးစုံကိုပေါက္ခရသာတိပုဏ္ဏားအားကြားလေ၏။ ။ထို့ကြောအခါ ပေါက္ခရသာတိပုဏ္ဏားသည် အမွှေဋ္ဌကို ဆို၏။ ဟယ်အချင်း၊ ငါ့ကို၏ ပညာရှိဖိုက်စွတကား။ ဟယ်အချင်း၊ငါတို့၏ဗေဒင်တတ်ဖိုက်စွတကား။ အမွှေဋ္ဌ၊ နင်သည် ထိုအရှင်ဂေါတမကို ထိပါးတိုက်ခိုက်၍ ဆိုသကဲ့သို့ ဆိုတတ်သော သဘောရှိသော အကျိုးမဲ့ကိုကျင့်တတ်သောသူကြောင့်

ယောကျ်ားသည် သေသည်ဏ်အထက်၌ ချမ်းသာကင်းသောမကောင်း သောသူတို့ဏ်လားရာဖြစ်သောငရဲသို့ ဖြစ်လေရာဏ်ဟုဆို၍ ပြင်းစွာအ မျက်ထွက်သဖြင့် အမ္မဋ္ဌလုလင်ကိုပေါက္ခရသာတိပုဏ္ဏားသည်ခြေဖြင့် ကျောက်၍ မြေ၌လှိမ့်လိုက်ဏ်။ ထိုခဏ၌ပင် မြတ်စွာဘုရားသို့ဖူးမြင်လို သဖြင့် ကပ်ခြင်းငှါအလိုရှိဏ်။ထိုအခါ တမျည်သားပုဏ္ဏားတို့သည်။ အို ဆရာ၊ ယနေ့အခါ ရဟန်းဂေါတမကိုဖူးမြင်လိုသဖြင့် ကပ်အံ့သောငှါ အလွန်မိုးချုပ်ခဲ့ပြီ။ နက်ဖြန်နံနက်၌ အရှင်ပေါက္ခရသာတိပုဏ္ဏားသည် ရဟန်းဂေါတမကိုဖူးမြင်ခြင်းငှါကပ်ရပါလတ္တံ့.ဟုဆိုကုန်ဏ်။ ။

၃၉။ အမ္မဋ္ဌလုလင်ဏ်စကားကိုကြား၍ပေါက္ခရသာတိပုဏ္ဏား မြတ်စွာဘုရားထံဖူးမြော်လာခြင်း။

ထိုအခါ၌ ပေါက္ခရသာတိ ပုဏ္ဏားသည် ဒိဒိအိမ်၌ မွန်မြတ်သော ခဲဘွယ်ဘောဇဉ်တို့ကိုစိရငင်စေ၍ ယာဉ်၌တင်စေ၍ မီးရှူးများစွာထွန်း ကုန်လျက် နံနက်ညဉ့် စောစောကပင် ဥက္ကဋ္ဌမြို့မှထွက်၍ ဇာန္သုဿောနိလ တောသို့သွားလေဏ်။ အကြင်မျလောက် ယာဉ်ဖြင့် သွားကောင်းသော အရပ်သည်ရှိဏ်။ထိုမျလောက်ယာဉ်ဖြင့်သွား၍၊ယာဉ်မှသက်၍ ခြေဖြင့် သာလျှင် မြတ်စွာဘုရားသို့ ကပ်လေ၍။ မြတ်စွာဘုရားနှင့်တကွ ဝမ်း မြောက်ဝမ်းသာပြောဟော၍တင့်အပ်သောအရပ်၌နေပြီးသော်။ပေါက္ခ ရသာတိပုဏ္ဏားသည် မြတ်စွာဘုရားကိုမေးလျှောက်ဏ်။အရှင်ဂေါတမ၊ အကျွန်ုပ်တို့ဏ်တပည့်အမ္မဋ္ဌသည်ခြေရင်းတော်သို့ရောက်လာဏ်လေဟု လျှောက်သော်။ ပုဏ္ဏား၊သင်ဏ်တပည့်အမ္မဋ္ဌသည် ရောက်လာသလျှင် ကတည်းဟုဘုရားမိန့်ဏ်။အို အရှင်ဂေါတမ၊အရှင်ဂေါတမအား အမ္မဋ္ဌ နှင့်တကွ စကားအတုံအလှည့်ပြောဟောခြင်းသည် ဖြစ်သလောဟု မေး လျှောက်ပြန်၍။ ပုဏ္ဏား၊ အမ္မဋ္ဌနှင့်တကွ အလှည့်အလည်စကားပြော ခြင်းသည်ဖြစ်ဏ်။ဟုမိန့်တော်မူသော်။ အံ့ဘယ်သို့သောအခြင်းအရာဖြင့် ပြောဟောခြင်းသည်ဖြစ်လေသနည်း မေးလျှောက်ပြန်သဖြင့်၊အကြင်မျ လောက်အမ္မဋ္ဌနှင့်မြတ်စွာဘုရားသည်ပြောဆိုရဏ်။ ထိုမျှလောက်အလုံး စုံကို ပေါက္ခရသာတိပုဏ္ဏားအား ကြားတော်မူသော်။ ဘုန်းတော်ကြီး သောအရှင်ဂေါတမ၊ အမ္မဋ္ဌလုလင်သည် ရိုက်သွင်စွာသလျှင်ကတည်း။

အခ္ဂၢင်ဂေါတမသည် အမွေဌအား သည်းခံတော်မူပါဟု မြတ်စွာဘုရား ကိုပေါက္ခရသာတိဳ့ပုဏ္ဏားလျောက်သာဖြင့်။ ပုဏ္ဏား၊ အမွေဌလုလင်သည် ချမ်းသာသည် ဖြစ်စေဟု မိန့်တော်မူ၏။ ။ထိုအခါ ပေါက္ခရသာတိ ပုဏ္ဏားသည် မြတ်စွာဘုရား၏ကိုယ်တော်၌ သုံးဆဲ့နှစ်ပါးသော လက္ခဏာတော်တို့ကို ရေတွက်ကြည့်ရှုသည်ရှိသော် ကောသေဟိတဝတ္ထုဂုယ္ဟလက္ခဏာ၊ ပဟုတဇိဝှလက္ခဏာ။ ဤနှစ်ပါးကိုထား၍ မျှားသော အားဖြင့် အလုံးစုံသောလက္ခဏာတို့ကို မြင်လေ၏။ ကောသေဟိတ ဝတ္ထုဂုယ္ဟ၊ ပဟုတဇိဝှ။ ဤလက္ခဏာ နှစ်ပါးတို့ကို မမြင်သာ၍ ယုံမှားသင်္ကာရှိ၏။ စိတ်ကို မဆုံးဖြတ်နိုင်ရှိ၏။ ထိုအခါ၌ မြတ်စွာဘုရားအား ပုဏ္ဏားသည် ငါ၏အင်္ဂါဇာတ်တော်လက္ခဏာ၊ရှည်လျားပြန့်သောလျှာ တော်လက္ခဏာ။ ဤနှစ်ပါးကို ထား၍ အလုံးစုံတို့ကိုမြင်ပြီ။ လက္ခဏာ နှစ်ပါးတို့၌ မမြင်သာ၍ ယုံမှားသင်္ကာရှိ၏။ စိတ်ကို မဆုံးဖြတ်နိုင်ရှိ၏။ ငါလည်း လက္ခဏာတော်နှစ်ပါးကိုပြအံ့ဟု အကြံတော်ဖြစ်၍။ အကြင် အခြင်းဖြင့် တန်းခိုးဘန်ဆင်းသော် ဆဒ္ဒန်ဆင်မင်း၏ အင်္ဂါဇာတ်နှင့်တူသော ပဒုမာကြာချပ်ကဲ့သို့သော အဓိမံဖြင့်ဖုံးအပ်သော ကောသေဟိတ ဝတ္ထုဂုယ္ဟလက္ခဏာကို ပေါက္ခရသာတိပုဏ္ဏားသည် ဝတ်ရုံသော သင်္ကန်းတော်တို့၏ပြင်မှ အရိပ်ဖြင့်မြင်ရာ၏။ ထိုသို့သော အခြင်းအရာရှိသော တန်းခိုးတော်ကို ဘန်ဆင်းတော်မူ၍ အရိပ်ဖြင့် ပြတော်မူပြီးသော်၊ လျှာတော်ကို ထုတ်၍ နားတွင်းတော် နှစ်ဘက်တို့ကို သုံးသပ်တော်မူ၏။ လျှာတော်ကို သင်္ကန်းချုပ်အပ်ကဲ့သို့ သေးလွှာလုံး၍ နှာခေါင်းတော်နှစ်ပေါက်တို့သို့သွင်း၍ သုံးသပ်တော်မူ၏။ ထိုသေးလွှာလုံးပြီးသော လျှာတော်ကို အပြန့်ရှိတိုင်းဖြန့်၍။ အလုံးစုံသော နဖူးပြင်တော်ကိုဖုံးလွှမ်းအုပ်၏။ ဤသို့မြတ်စွာဘုရားသည် လက္ခဏာတော်နှစ်ပါးကိုပြသဖြင့် မြင်ရပြီးသော် ပေါက္ခရသာတိပုဏ္ဏားသည်၊ အရှင်ဂေါတမဘုရားသည် ယောကျ်ားမြတ်တို့၏ လက္ခဏာတော်တို့နှင့် ပြည့်စုံပေ၏ဟုနှုတ်လုံးထား၍။ ဘုန်းတော်ကြီးသောရှင်ပင်ဘုရား၊ယနေ့အထိုင်ဌါငါးရာသော သဃီတော်နှင့်တကွ အရှင်ဘုရားသည် အာကျွန့်ပ်၏ဆွမ်းကို ခံတော်မူပါဟုလျှောက်၏။ မြတ်စွာဘုရားသည် တုဏှီဘာဝဖြင့်ခံတော်မူ၍ နေထွက်သောအခါ သပိတ်သင်္ကန်းကိုယူတော်မူ၍ သဃီတော်ငါးရာနှင့်တကွ ပေါက္ခရသာတိဝုဏ္ဏားအိမ်သို့ ကြွ၍ ဆွမ်းဘုန်း

ပေးပြီးသော်။ ပေါက္ခရသာတိပုဏ္ဏားအား၊ ဒါနကထာ၊ သီလကထာ၊ သဂ္ဂကထာ၊ မဂ္ဂကထာတို့ဖြင့် ပြောဆိုတော်မူ၍ သစ္စာလေးပါးတရား ကို ထင်ရှားပြတော်မူပြီးသောအဆုံး၌ ပေါက္ခရသာတိပုဏ္ဏားသည် သို့ လားသို့လားဟု ယုံမှားခြင်းကင်း၍ သောတာပတ္တိဖိုလ်၌ တည်ငြိမ်၏။ ထိုအခါ ပေါက္ခရသာတိပုဏ္ဏားအား ဘုရားမှတပါးကိုးကွယ်ရာမရှိပြီး သည်ဖြစ်၍။ ရှင်ပင်ဘုရား၊အက္ခနုပ်သည် ယခုနေ့ကိုအစပြု၍ အသက်ရှိ သော ကာလပတ်လုံး အရှင်ဘုရားကိုရင်း၊ တရား သဃ်ာတော်ကိုရင်း ကိုးကွယ်ရာဟု မှတ်ပါ၏။ အက္ခနုပ်ကို သစ္စရဏကုံဆောက်တည်သော ဥပါသကာဟူ၍ မှတ်တော်မူပါ။ ဥက္ကဋ္ဌမြို၌ သရဏကုံ ဆောက်တည် ကုန်သော အမျိုးတို့၏အိမ်သို့ ရှင်ပင်ဘုရားသည် ကပ်တော်မူသကဲ့သို့ အက္ခနုပ်၏အိမ်သို့လည်း ကပ်တော်မူပါ။ ထိုအက္ခနုပ်အိမ်၌ ယောကျ်ား မိန်းမယေ်တို့သည် ရှင်ပင်ဘုရားကိုရှိခိုးပါကုန်လတ္တံ့။ ခရီးဦး ကြိုပါကုန် လတ္တံ့။ နေရာခင်းပါကုန်လတ္တံ့။ သောက်ရေကပ်ပါကုန်လတ္တံ့။ စိတ်ကို သေ်လည်း ကြည်ညိုပါစေကုန်လတ္တံ့။ ဤသို့ပြုသဖြင့် ထိုသူတို့အား စိုး ပွါးချမ်းသာ တာရှည်စွာဖြစ်ပါလတ္တံ့ဟု ပေါက္ခရသာတိပုဏ္ဏားသည် မြတ်စွာဘုရားအား ရှိခိုး နားတော် လျောက်၏။ မြတ်စွာ ဘုရားသည်။ ပုဏ္ဏား၊ ကောင်းသောစကားကို သင်သည် ဆိုအပ်၏ဟု မိန့်တော်မူ၍ ကြွတော်မူလေ၏။ ။

ဤသို့မြတ်စွာဘုရားသည် ပေါက္ခရသာတိပုဏ္ဏား ဆရာတပည့်တို့ အား အင်္ဂါဇာတ်တော်ကို အရိပ်ဖြင့်ထင်တော်မူစေ၍ပြုရာ၌၊လူများအ ပေါင်းသည် ရှက်ခြင်းကိုပြုအပ်သောအရာ၌ရှက်ခြင်းကိုမပြုမူ၍။ မြတ် စွာဘုရားသည်အင်္ဂါဇာတ်တော်ကိုအရိပ်ဖြင့်ထင်စေ၍ပြီးလသည်ဟု နှလုံးမရှိအပ်။ မြတ်စွာဘုရား၏နှလုံးခွံသားကိုမြင်ရ၍ ကျွတ်လတ္တံ့သော သတ္တဝါဖြစ်ငြားအံ့။ မြတ်စွာဘုရားသည် နှလုံးခွံသားတော်ကိုပင်ထုတ် ၍ ပြတော်မူရာ၏။ ပေါက္ခရသာတိ ပုဏ္ဏားသည်လည်း ဗုဒ္ဓဗေဒင်ကို လည်းတတ်သသူဖြစ်၍ ဘုရားဖြစ်ကြောင်း လက္ခဏာတော်ကြီးသုံးဆဲ့ နှစ်ပါးကိုမြင်လျင် ယုံကြည်၍ သောတာပန်ဖြစ်လတ္တံ့သော ဗုဒ္ဓဝေနေ ယျဖြစ်သောကြောင့် ပြတော်မူရသည်။ ပေါက္ခရသာတိပုဏ္ဏားဆရာ တပည့်တို့အားသာ ပြရသည်မဟုတ်။ ဗုဒ္ဓဗေဒင်ကို တတ်ကုန်သဖြင့် ဘုရားဟူ၍ ကျော်စောသည်နှင့် ညီမညီကို စုံစမ်းကုန်အံ့ဟု မြတ်စွာ

ဘုရားကိုယ်တော်၌ သုံးဆဲ့နှစ်ပါးသော လက္ခဏာတော်တို့ကို ရှာလို၍ လာကုန်သော ဥတ္တရာမည်သောပုဏ္ဏားဏ်၏တပည့်တို့အားဂင်း။ဗာဝရိယ ပုဏ္ဏားဏ်၏တပည့် တကျိပ်ခြံယောက်တို့အားဂင်း။ ထိုတကျိပ်ခြောက် ယောက်တို့ဏ်၏တပည့်တရာတို့အားဂင်း။အရိပ်ထင်စေ၍ပြတော်မူသည် ပင်တည်း။ ။ဤအမှုဌာသုတ်ကို ဇာန္တုဆွာနဂ်လပုဏ္ဏားရွာ၌ ဇာန္တုဆွာနဂ်လ တောအုပ်၌နေတော်မူလျက်ဟောတော်မူ၏။ ။

၄၀။ မြတ်စွာဘုရားအရပ်တော်ပမာဏကို နှိုင်းရည်သောပုဏ္ဏားအားတရားဟောတော်မူသည်ကိုပြရာ။

ဧတောဒိသေ ပူဇယဝေဒေ၊ အစရိသော တရားဒေသနာကို ဝေဠုဝန် ကျောင်းတော်၌နေတော်မူသောအခါ ဟောတော်မူ၏။, ဟောကြောင်း ကား။ ရာဇဂြိုဟ်ပြည်၌ မထင်ရှားသောပုဏ္ဏားသည် မြတ်စွာဘုရားတို့ ၏ အတိုင်းအရှည် ပမာဏကို ယူအံ့သောဌါ မတတ်နိုင်ဟုကြား၍၊ ငါ သည့်အတိုင်းအရှည်ကိုယူအံ့ဟု အတောင်ခြောက်ဆယ်ရှိသောဝါးကို ယူ၍ မြတ်စွာဘုရား ဆွမ်းခံဝင်တော်မမူမီ မြို့တံခါးဝ၏အပ၌ နေနှင့်၍ မြတ်စွာဘုရား ဆွမ်းရပ် ကြွတော်မူလာသော အခါ မြတ်စွာဘုရား၏ အနီးသို့ချဉ်း၍ ထိုအတောင်ခြောက်ဆယ်ဝါးကို ထောင်၏။ထိုဝါးသည် ပုဆစ်ဒူးနှင့် မျှရုံသာရှိ၏။ နက်ဖြန်မိုးသောက်၌ အတောင်ခြောက်ဆယ် ဝါးနှစ်လုံးကိုဆက်၍မြို၏အပတံခါးဝ၌နေနှင့်၏။မြတ်စွာဘုရားဆွမ်းရပ် ကြွတော်မူလာသောအခါ ချဉ်း၍ ထိုဝါးကို ထောင်ပြန်သော် မြတ်စွာ ဘုရား၏ခါးတော်မျှသာဖြစ်၍ မြတ်စွာဘုရားမျက်နှာတော်ကို ကောင်း ကင်၌ လပြည့်ဝန်းကဲ့သို့ ပုဏ္ဏားသည်မျှော်၍ကြည့်ရ၏။ပုဏ္ဏား၊ဤသို့ပြု ခြင်းသည်အကြောင်းအဘယ်နည်းဟု မေးတော်မူသော်။ အရှင်ဘုရား၊ အကျွန်ုပ်သည် အရှင်ဘုရားတို့၏အရပ်တော်ပမာဏကိုယူပါသည်ဟု လျောက်သဖြင့်။ ပုဏ္ဏား၊သင်သည် စကြဝဠာတိုက်လုံး၌ပေါက်သမျှ သောဝါးကိုဆက်၍ ငါ့၏အရပ်တော်ပမာဏကို အကယ်၍ယူငြားအံ့။ ငါ၏အရပ်တော်ကိုမမှီနိုင်လတ္တံ့။ ပုဏ္ဏား၊ငါသည် လေးသင်္ချေနှင့်ကမ္ဘာ တသိန်းပါရမီကိုဖြည့်သည်ရှိသော် အကြင်အခြင်းဖြင့် တပါးသောသူ သည် ငါ၏ပမာဏအတိုင်းအရှည်ကိုယူနိုင်ရာ၏။ ထိုအခြင်းဖြင့် ပါရမီ

တော်ကိုင်ဖြည့်တော်မမူ။ ပုဏ္ဏားဘုရားမည်သည်ကို တုဘက်မရှိ၊ မနှိုင်းရည့်အပ်ဟုမိန့်တော်မူ၍။ ။ဇောဒိသေ ပူဇယတော၊နိဗ္ဗုတေ အာကုတော ဘယေ။ နသက္ကာ ပုညံ သခိါတုံ၊ ယမေတ မဝိ ကေနစိ။ ။ဟူသောတရားကို ဟော်တော်မူ၏။ ဒေသနာတော် အဆုံး၌ ရှစ်သောင်းလေးထောင်သောဝေနေယျတို့သည် အကျွတ်တရားရလေကုန်၏။ ။ နိဗ္ဗုတေ၊ ငြိမ်းပြီးသော ကိလေသာရှိသော။ အာကုတောဘယေ၊ တစုံတရာသောအကြောင်းကြောင့် ဘေးမရှိသော။ ဇောဒိသေ၊ ထိုဘုရားမည်သည်ကဲ့သို့သဘောရှိသော ဘုရား၌။ ပူဇယတော၊ ပူဇော်သောသူအား။ ယံပုညံ၊ အကြောင်းကောင်းမှုသည်။အတ္ထိ၊ရှိ၏။ ဇေတံပုညံ၊ထိုကောင်းမှု၏အကျိုးကို။ ကေနစိ၊ကစုံစာယောက်သောသူသည်။အဝိ၊စင်စစ်။သခိါတုံ၊ရေတွက်အံ့သောငှါ။နသက္ကာ၊မတတ်ကောင်း။ ။ဤကားအနက်။ ။

၎၁။ ဝိသာခါဒါယိကာမ၏ပစ္ဆ၊ပုန်ဝတ္ထု၊ အကျယ်စကားကိုပြဆိုရာ။

ယထာဒိ ပုပ္ဖရာသိမှာ၊အစစ်ရှိသောတရားဒေသနာကို မြတ်စွာဘုရားသည် သာဝတ္ထိပြည်ကိုအဓိဋ္ဌာန်၍ ပုပ္ပါရုံကျောင်းတော်၌နေတော်မူလျက် ဝိသာခါဒါယိကာမကိုအကြောင်းပြု၍ဟောတော်မူ၏။ သာဝတ္ထိပြည်၌ မြတ်စွာဘုရားကျောင်းတော်သည်။ ဇေတဝန်ကျောင်း၊ ပုပ္ပါရုံကျောင်းဟူ၍စကျောင်းရှိသတည်း။ ထိုကျောင်းနှစ်ရပ်တို့တွင်ဇေတဝန်ကျောင်း၏အဖြစ်ကိုဆိုခဲ့ပြီ။ ပုပ္ပါရုံကျောင်း၏အဖြစ်၊ ဒါယိကာမ ဝိသာခါ၏အဖြစ်ကို ဤသို့ဆိုလတ္တံ့ သောစကားဖြင့်သိအပ်၏။ရာဇဂြိုဟ်ပြည် ဗိမ္ဗိသာရမင်း၏ အာဠဝကဆိုးရာဖြစ်သော အင်္ဂကိုင်းဖမြောက်နားဝယ် ဘဒ္ဒိယမြို့၌ မေဏ္ဍကသူဌေးသည်နေ၏။ ထိုသူဌေး၏သားဖြစ်သော ဓနဉ္ဇယသူဌေး၏မိဘုရား သုမနဒေဝီဝမ်းဗိ ဝိသာခါဒါယိကာမသည် စွဲနေ၍ ဆယ်လဲမြောက်လျှင်ဘွားမြင်၏။ဝိသာခါသည် မြတ်စွာဘုရားဒုက္ခရစရိယာကျင့်၍ နှစ်နှစ် ကျော်တွင် ဆွားဟန်ရှိ၏။ မြတ်စွာဘုရားအောက် သုံးဆဲ့တနှစ် အသက်ငယ်ဟန်ရှိ၏။ဝိသာခါဒါယိကာမသည်ဘွား၍ ခုနစ်နှစ်မြောက်သောကာလ။ မြတ်စွာဘုရားဂဇ္ဇုဝန်ကျောင်းတော်၌နှစ်ဝါဆိုပြီးသော် ဘဒ္ဒိယမြို့၌ သေလပုဏ္ဏားစသော ဝေနေယျတို့ကိုကြည်ညိုနိသဇ္ဇနှင့်ပြည့်စုံ

ခြင်းကိုဖြင့်၍ များစွာဒေသာရဟန်းသင်္ဃာခြံရုံလျက် ဝင်္ကတိုင်းဒွီဒေသစာ
ရိုကြွတော်မူသော် ဘဒ္ဒိယမြို့သို့ရောက်တော်မူ၏။ထိုအခါ၌ ဘဒ္ဒိယမြို့၌
မေဏ္ဍကသူဌေးသည် ဘုန်းကြီးသောသူငါးယောက်တို့၏အကြိုးဖြစ်၍
သူဌေးအရာကိုပြု၏။ မေဏ္ဍကသူဌေး၊သူဌေးမယား စန္ဒပဒုမသိရိ၊သား
ဓနဉ္ဇယ၊ ချွေးမသုမနဒေဝီ၊ ကျွန်ပုဏ္ဏ။ဤသူငါးယောက်တို့သည် မဟာ
ပုညတည်း။ ။မေဏ္ဍကသူဌေးသည် မြတ်စွာဘုရား ပိဝိမြို့သို့ရောက်
လာသောအဖြစ်ကိုသိ၍ သားဓနဉ္ဇယသူဌေး၏သို့ဖြစ်သော ဝိသာခါသူ
ငယ်မကို အဝိ၊သင့်အခြံအရံသူငယ်မငါးရာတို့နှင့်တကွ လှည်းငါးရာစီး
၍ နောက်လိုက်ကျွန်မငါးရာတို့ဖြင့်ခြံရုံလျက်၊ သင့်အားဂုဏ်း၊ ငါတို့အား
ဂုဏ်း၊ မင်္ဂလာဖြစ်စိမ့်သောအလိုဌါ မြတ်စွာဘုရားကို ခရီးဦးကြိုပြုချေဟု
ဆို၏။ ဝိသာခါသူငယ်မသည် ကောင်းပြီဟုဝန်ခံ၍ အဘိုးဆိုတိုင်းပြု၏။
အရာသင့်သည် မသင့်သည်၌ လိမ္မာသောကြောင့် ယာဉ်ဖြင့်သွားသင့်
ရာအရပ်၌ယာဉ်ဖြင့်သွား၍၊ ယာဉ်မှဆင်း၍ ခြေကျင်သာလျှင် မြတ်စွာ
ဘုရားသို့ကပ်၍၊ ဂိုဏိုးလျက်တင့်အပ်ရာ၌နေ၏။ မြတ်စွာဘုရားသည် ထို
ဝိသာခါအား ဂရုးစရိက်၏အစွမ်းအားဖြင့် တရားဟောတော်မူ၏။ ဒေ
သနာတော်အဆုံး၌ ငါးရာကုန်သော သူငယ်မတို့နှင့်တကွ သောတာ
ပတ္တိဖိုလ်၌တည်လေ၏။ ။မေဏ္ဍကသူဌေးသည်လည်း မြတ်စွာဘုရား
သို့ကပ်၍ တရားနာသဖြင့် သောတာပတ္တိဖိုလ်၌ တည်ပြီးလျှင် မြတ်စွာ
ဘုရားကိုဘိတ်မန်၍ ပိဝိအိမ်၌ မွန်မြတ်သောဘောဇဉ်ဖြင့် ဘုရားအမှူးရှိ
သော သင်္ဃာတော်ကိုလုပ်ကျွေး၏။ လခွဲပတ်လုံးလုပ်ကျွေး၍ အလှူကြီး
ကိုပေး၍ လခွဲလွန်သော် မြတ်စွာဘုရား ကြွတော်မူလေ၏။ ။ထိုရော
အခါ ရာဇဂြိုဟ်ပြည် ဗိမ္ဗိသာရမင်းနှင့်၊သာဝတ္ထိပြည့် ပသေနဒိကောသ
လမင်းတို့သည် အချင်းချင်းနှမြော်၏လင်တို့သည်ဖြစ်ကုန်၏။ ဗိမ္ဗိသာရမင်း
သည်၊ မဂဓတိုင်း၊ အင်္ဂတိုင်းတို့ကို အစိုးရ၏။ ပသေနဒိကောသလမင်း
သည်ကား၊ ကာသိတိုင်း၊ ကောသလတိုင်းတို့ကို အစိုးရ၏။ ဗိမ္ဗိသာရ
မင်း၏နိုင်ငံခွဲကား၊ ဇောတိက၊ ဇဋိလ၊ မေဏ္ဍက၊ ပုဏ္ဏ၊ ကာကဝလ္လိယ
သူဌေးဟူ၍မနှိုင်းရသည့်အပ်သောစည်းစိမ်ရှိသောသူဌေးကြီးငါးယောက်
တို့သည်ဖြစ်ကုန်၏။ဇောတိကသူဌေးကား ရာဇဂြိုဟ်ပြည်၌နေ၏။ဇဋိလ
ကား အင်္ဂတိုင်း တက္ကသိုလ်ပြည်၌နေ၏။မေဏ္ဍကလည်း အင်္ဂတိုင်း ဘဒ္ဒိ
ယမြို့၌နေ၏။ တနေ့၌ ပသေနဒိကောသလမင်းကြီးသည် ဂဟာက်ဖ

ဗိမ္မိသာရမင်း၏နိုင်ငံ၌ သူဌေးကြီးငါးယောက်တို့သည်ရှိကုန်၏။ ငါတို့နိုင်ငံ၌ကား တယောက်မျှမရှိ။ဗိမ္မိသာရမင်း၏အထံသို့သွား၍ တယောံသောသူဌေးကြီးကို ဘောင်းအုံဟု ရာဇဂြိုဟ်ပြည်သို့သွား၍ ဗိမ္မိသာရမင်းနှင့်စကားပြောဟောပြီးသော် အဘယ်ကြောင့်လာသနည်းဟု မေးသဖြင့် သင်တို့၏နိုင်ငံ၌ သူဌေးကြီးငါးယောက်တို့သည်ရှိကုန်၏။ ထိုကြောင့် တယောက်ကိုယူ၍သွားအုံဟု လာ၏။ ထိုငါးယောက်တို့တွင် တယောက်ကို ငါ့အားပေးပါဟုဆို၏။ အမျိုးကြီးတို့ကိုဆွေးစိမ့်သောငါငါတို့မတတ်နိုင်ဟုဆို၍။ မရလျှင်ငါမသွားအုံဟုဆိုပြန်သဖြင့်။ အမတ်တို့နှင့်ဓာကွ ဗိမ္မိသာရမင်းတိုင်ပင်၍ သူဌေးကြီးတို့ကိုပေးချေသော် မြေကြီးဆွေသည်နှင့်တူ၏ဟုအမတ်တို့ဆိုသောကြောင့်။မေဏ္ဍကသူဌေး၏သား၊ ဓနञ္ဇယနှင့်တိုင်ပင်၍ မင်းကြီးအား စကားတုံ့ကိုပေးအုံဟုဆို၍။ ဓနဉ္ဇယသူဌေးကိုခေါ်၍။သူဌေး၊ကောသလမင်းသည်သူဌေးတယောက်ကိုယူလို၏ဟုဆို၏။သင်တို့သည် ထိုမင်းနှင့်လိုက်ပါချေဟုဆို၏။ အရှင်မင်းကြီးတို့သည် စေလွှတ်ကုန်သော် အကျွန်ုပ်လိုက်ပါအုံဟုဆိုသဖြင့်။ အမောင်၊ မျိုးရိကျွာပြု၍သွားပါလေဟု မင်းကြီးဆိုလျှင်။ ဓနဉ္ဇယသည် လည်းမိမိပြုအပ်သည်ကိုပြု၏၊ ဗိမ္မိသာရမင်းသည် ထိုဓနဉ္ဇယအားကြီးစွာသော ပုဇော်သက္ကာရကို ပြုပြီးလျှင် သူဌေးကိုယူ၍ သွားလေလော့ဟု ပသေနဒီကောသလမင်းကဲ့လွှတ်လိုက်၍သွားကြလေ၏။ဘဒ္ဒိယမြို့မှတည်ဥစ္စအိပ်ခရီးကွာသဖြင့် နေခြင်းငှါသင့်တင့်သောအရပ်သို့ရောက်၍ ညစခန်းချရာတွင်။ ဤအရပ်သည် အဘယ်သူ၏ နိုင်ငံနည်းဟု မင်းကို ဓနဉ္ဇယမေး၍ငါ၏နိုင်ငံတည်းဆိုသောကြောင့်။ ဤမှသည် သာဝတ္ထိသို့အဘယ်မျှလောက်ဝေးသနည်းမေး၍ ရဟန်ယူစနာအထက်ဌရှိ၏ဟု ဆိုသော် မြို့ကွင်းသည် ကျဉ်းမြောင်းလေအုံ။ အကျွန်ုပ်တို့အား အလုပ်အကျွေးသည်မျှားလှ၏၊ အကယ်၍အရှင်မင်းကြီးသည် နှစ်သက်အုံ။ ဤအရပ်၌နေထိုင်သည်ဟု မင်းကြီးကိုဆိုသော် မင်းကြီးဝန်ခံ၍၊ထိုအရပ်၌မြို့တည်၍ ဓနဉ္ဇယအားမင်းကြီးပေးခဲ့၍သွားလေ၏။ညဈမ်းသောအခါ၌တည်အပ်သောကြောင့် ထိုမြို့ကို သာကေတဟုသမုတ်၏။ထိုသာကေတမြို့ကို ဝိသာခါရှစ်နှစ်ကိုးနှစ်ရှိတွင်တည်၏။ ။

ဝိသာခါအဘ သာကေတမြို့ကို တည်၍ ခြောက်နှစ် ခုနစ်နှစ်ခန့်ရှိသောအခါ သာဝတ္ထိ၌ မိဂါရသူဌေး၏သားအရွယ်သို့ရောက်ပြီးသော

ပုဏ္ဏာဝဖုနကို အယိုအဘာတို့သည်။ ချစ်သား၊ နှစ်သက်သောသူငယ်မကို စူးစမ်းလေ့ဟုဆိုကုန်သော်။ အလိုမရှိဟုပယ်သဖြင့်။ ချစ်သား၊ ဤသို့မပြုလင့်။သားမရှိသောအမျိုးမည်သည်မတည့်ဟု အထပ်ထပ်ဆိုသောကြောင့်၊ ကောင်းခြင်းငါးပါးနှင့်ပြည့်စုံသော ယူငယ်မကိုရသော် သင်တို့စကားကို လိုက်နာအံ့။ ဘုန်းရှိသောမိန်းမတို့၏ဆံတို့သည် ဥဒေါင်းမြီးစည်းနှင့်တူကုန်သည်ဖြစ်၍ ဖြေ၍လွတ်သော် ဝတ်သော အဝတ်၏အောက်နားသို့ ခတ်၍ အထက်သို့ သားလိုးထားကဲ့သို့ အဖျားညွတ်၍တည့်သော ဆံ၏ကောင်းခြင်း။ သွားဖုံးသည် ကျိုးအာသီးအမှည့်နှင့်တူသည်ဖြစ်၍အသား၏ကောင်းခြင်း။သွားတို့သည်ဖြူစင်စွာအမျှညီညွတ်စွာ၊ မကဲ့သော၊ စိုက်၍ထားသောဝဇိရစိန်ကျောက်အစည်ကဲ့သို့၊ ခရုသင်းပွတ်သစ်ကဲ့သို့ရှိပေသော သွားတည်းဟူသော အရိုး၏ကောင်းခြင်း။ ဖြူသောမိန်းမမှ မဟာလွှကားပွင့် အဆင်းနှင့် တူသော အရေရှိခြင်း။ ညိုသောမိန်းမမှ ပွေးညှင်းတင်းတိပ်တို့ဖြင့် မလိမ်းကျံသည်ဖြစ်၍ သိမဲမွေ့ နူးညံ့သော ကြာညိုပွင့်နှင့် တူသော အရေရှိခြင်း တည်းဟူသော အရေ၏ကောင်းခြင်း။ သားတကျိပ်ဘွားသော်လည်း တပေါက်သာဘွားသောမိန်းမကဲ့သို့ အရွယ်မယုတ်ခြင်း၊ တည်းဟူသော အရွယ်၏ကောင်းခြင်း။ ဤငါးပါးသောကောင်းခြင်းနှင့် ပြည့်စုံသောမိန်းမကို ရှာကုန်လေ့ဟုဆို၍။ ရှစ်ပေါက်သော ပုဏ္ဏားတို့ကို ဘိတ်မန်၍ ထမင်းကျွေးပြီးသော်။ ဆရာတို့၊ ကောင်းခြင်းငါးပါးနှင့်ပြည့်စုံသောမိန်းမရှိရာသလောဟုမေး၍ ရှိကုန်၏ဆိုသော်။ ဤသို့သဘောရှိသောမိန်းမကို ရှာစိမ့်သောငှါ ရှစ်ပေါက်သော ပုဏ္ဏားတို့ကို သင်တို့ သွားချေကုန်ဟု ဥစ္စာပေး၍ရောက်သောအခါ၌ပြုအပ်သည်ကိုသိကုန်အံ့။ ဤသို့သဘောရှိသောသူငယ်မကိုမြင်သောအခါ ဤရွေပန်းကိုပေးလေကုန်ဟု အဘိုးအသပြာ တသိန်းထိုက်သော ရွှေပန်းကိုပေး၍ လွှတ်လိုက်ကုန်၏။ ထိုပုဏ္ဏားတို့သည် ထိုထိုသောမြို့ကို့သို့သွား၍ရှာကုန်သော် မရသဖြင့်ပြန်လာ၍။ ဟင်းလင်းဘွင့်အပ်သော နက္ခတ်သဘင်နှုန်း သာကေတမြို့သို့ ရောက်ကုန်၍။ ယနေ့ငါတို့၏အမှုသည်ပြီးလတ္တံ့ဟုကြံကုန်၍ တရုတ်သောမြစ်နားစရပ်၌တဲနေကုန်၏။ ထိုသာကေတမြို့၌ တနှစ်တာကြိမ်ဟင်းလင်းဘွင့်သော သဘင်မည်သည်ဖြစ်၏။ ထိုနေ့၌ လွင်သို့မထွက်ကုန်သော အမျိုးသမီးတို့သည်လည်း အဝေြအရံနှင့်တကွအိမ်မှထွက်၍ မှဖုံးလွှမ်း

သောကိုယ်ဖြင့် ခြေကျင်သာလျှင် ဖြစ်နားသို့ သွားကုန်၏။ မင်းပုဏ္ဏားအစရှိသည်တို့၏သား အစရှိသည်တို့သည် ဒိဒိတို့နှင့် အမျိုးတူ နှစ်လိုသောသူငယ်မကိုဖြင်သော်ပန်းကုံးစွပ်ကုန်အံ့ဟု ထိုခရေဆိပ်ခရီးကိုမှီ၍ နေကုန်၏။ထိုအခါဝိသာခါသတို့သမီးသည် ကဆဲ့ငါးနှစ်တဆဲ့ခြောက်နှစ်အရွယ်ဖြစ်၍ ခပ်သိမ်းသောတန်ဆာတို့ဖြင့်တန်ဆာဆင်လျက်ငါးရာသောသတို့သမီးတို့ဖြင့်ခြံရံလျက် ဖြစ်နားသို့သွား၍ရေချိုးအံ့ဟုရောက်လာ၏။ထိုအခါဒိုးယိုးကြီးတက်၍ရွာ၏။ငါးရာသောသတို့သမီးတို့သည် လျင်စွာပြေး၍စရပ်သို့ဝင်လေကုန်၏။ပုဏ္ဏားတို့သည်ကြည့်၍ ထိုငါးရာတို့တွင် တယောက်မျှ ကောင်းခြင်းငါးပါးနှင့်ပြည့်စုံသည်ကိုမမြင်ကုန်။ ဝိသာခါသည် ပကတိသွားခြင်းဖြင့်သွား၍ စရပ်သို့ဝင်၍ အဝတ်တန်ဆာတို့သည်ဒိုးစွတ်ကုန်၏။ထိုအခါပုဏ္ဏားတို့သည်တို့ဝိသာခါအားလေးပါးသောကျောင်းခြင်းတို့ကိုမြင်၍ သွားကိုမြင်လိုသောကြောင့် ငါတို့၏သမီးသည်ပျင်းသောသဘောရှိ၏။ဤမိန်းမတို့၏လင်သည် တာချင်ရွေးကိုမျှ မရလတ္တံ့ဟု အချင်းချင်း ပြောဆိုကုန်၏။ ထိုအခါ ဝိသာခါသည် ပုဏ္ဏားတို့ကို သင်တို့သည် အဘယ်သူကိုဆိုကုန်သနည်းဟုမေး၏။ အမိ၊ ရှင်မကိုပင်ဆို၏ဟု ပုဏ္ဏားတို့သည်ဆို၏။ ထိုဝိသာခါသည် သာယာစွာသောအသံဖြင့် အဘယ့်ကြောင့် သင်တို့ဆိုကုန်သနည်းဟု ပုဏ္ဏားတို့ကိုမေး၏။ သင်၏အခြေအရံ မိန်းမတို့သည် အဝတ်တန်ဆာကိုဆိုစဖူး၍ လျင်စွာစရပ်သို့ဝင်လာကုန်၏။ သင်မူကား ဤမျှသောအရပ်၌ လျင်စွာသွားခြင်းကိုမျှမပြု။ သင်၏အဝတ်တန်ဆာတို့ကိုဆိုစဖူးစွတ်စေ၍လာ၏။ ထို့ကြောင့်ဆိုကုန်၏ဟုလိုသောကြောင့် ငါ့ကိုဆိုကုန်သနည်းဟုမေး၏။ အမိ၊ ရှင်မကိုပင်ဆို၏ဟု ပုဏ္ဏားတို့သည်ဆို၏။ ထိုဝိသာခါသည် သာယာစွာသောအသံဖြင့် အဘယ့်ကြောင့် သင်တို့ဆိုကုန်သနည်းဟု ပုဏ္ဏားတို့ကိုမေး၏။ သင်၏အခြေအရံ မိန်းမတို့သည် အဝတ်တန်ဆာကိုဆိုစဖူး၍ လျင်စွာစရပ်သို့ဝင်လာကုန်၏။ သင်မူကား ဤမျှသောအရပ်၌ လျင်စွာသွားခြင်းကိုမျှမပြု။ သင်၏အဝတ်တန်ဆာတို့ကိုဆိုစဖူးစွတ်စေ၍လာ၏။ ထို့ကြောင့်ဆိုကုန်သနည်း

ဝန်ဖြစ်ရာ၏။ ငါ၏ကန်ဆာတို့ကိုဖိစီးစွတ်သော်လည်း ခြောက်လတ္တံ့။ ဤအကြောင်းကိုမြင်၍ လျင်စွာမပြေးသည့် အမောင်တို့ဟုဆို၏။ ဤသို့ဆိုသောအခါ ဝိသာခါ၏သွားကိုပုဏ္ဏားတို့မြင်၍၊ဤသို့ကောင်းခြင်းနှင့် ပြည့်စုံသောသူကို ငါတို့မမြင်ဘူးကုန်ဟု ထိုဒါသာခါအား ကောင်းချီးပေး၍၊အဓိ၊သင့်အားသာလျင် ဤရွှေပန်းတန်ဆာသည်ရောက်ပါ၏တဲ့သည်ဟု ရွှေပန်းကိုပေးကုန်၏။ ထိုအခါ အမောင်တို့၊အဘယ်မြို့မှလာကုန်သနည်းဟု ပုဏ္ဏားတို့ကိုဝိသာခါမေး၍။ အဓိ၊သာဝတ္ထိပြည်မှလာ၏ဟုဆိုသော်။ အဘယ်မည်သောသူဌေးအိမ်မှနည်းဟုမေးပြန်၍။ မိဂါရသူဌေး၏အိမ်မှဟု ဆိုကုန်သော်။ အရှင့်သားသည် အဘယ်အမည်ရှိသနည်းဟုမေးပြန်၍။ ပုဏ္ဏာဝဖုနအမည်ရှိ၏ဟုဆိုသော်။ ဝိသာခါသည် ငါတို့နှင့်အမျိုးတူ၏ဟုရွှေပန်းကိုလှမ်းယူ၍။အဘထံသို့ ငါတို့အားလှည်း ရထားကို ပို့လွှတ်ပါစေကုန်ဟုစေလိုက်၏။ ဓနञ္ဇယသူဌေးသည် ငါးရာသောရထားတို့ကိုပို့စေ၏။ဝိသာခါသည် အခြံအရံတို့နှင့်တကွ ရထားစီးလျက်ပြန်လေ၏။ပုဏ္ဏားတို့သည်လည်းအတူလိုက်ကြလေကုန်၏။အိမ်သို့ရောက်သောအခါ၌ ဓနञ္ဇယသူဌေးသည်။ပုဏ္ဏားတို့ကို ဝိသာခါမေးသကဲ့သို့ မေး၏။ ထိုမိဂါရသူဌေး၌ ဥစ္စာ အဘယ်မျှရှိသနည်းဟု မေးသဖြင့် အကုဋေလေးဆယ်ရှိ၏ဟူ၍ ပြောဆိုကုန်သော်၊ ငါတို့ဥစ္စာကို ထောက်စာကတချင်ရွေးမျှသာရှိ၏ဟုဆိုပြီးလျင် ပုဏ္ဏားတို့ကိုဝန်ခံကုန်၏။ သူဌေးသည် ပုဏ္ဏားတို့အားပုဇော်သက္ကာရပြုပြီးလျင် တနေ့နှစ်နေ့မျှ နေစေ၍လွှတ်လိုက်၏။ ။

ထိုပုဏ္ဏားတို့သည် သာဂေါတမြို့မှ သာဝတ္ထိပြည်သို့ ပြန်၍ ငါတို့သည် သူငယ်မ-ရခဲ့ကုန်၏ဟုကြားကုန်၏။ အဘယ်သူ၏သမီးနည်းမေးသဖြင့် ဓနဉ္ဇယသူဌေး၏အိမ်၌ရခဲ့ကုန်၏ဟုဆိုသော်၊ လျင်စွာဆောင်အံ့သောဌါသင့်၏ဟု ကောသလမင်းအားကြား၍ သွားအံ့သောဌါစီရင်၏။ မုဉ်းလည်းငါသည် ယောက်ဖဖို့မြို့သာရမင်းအထံမှ ဆောင်၍ သာဂေါတ၌ ထိုင်စားထားခဲ့သောအမျိုးတည်း။ငါလည်း မြတ်နိုးတနာဂြိုအပ်၏။ ငါလည်း လိုက်အုံ့ဆိုသော် ကောင်းပြီအရှင်မင်းကြီးဟုဆို၍၊ဓနဉ္ဇယသူဌေးထံ မိဂါရသူဌေးသည် သတင်းစကားစေလိုက်၏။ ငါလာသော် ငါတို့မင်းကြီးသည်လည်း လိုက်လာပါလတ္တံ့။ မင်းကြီးမှာ ဗိုလ်ပါများစွာပါလတ္တံ့။အလုံးစုံသောသူအပေါင်းအား ပြုအပ်သောဝတ်ကို ကတ်နိုင်

ပါအံ့လောဟုစေလိုက်၏။ဓနဥယသူဌေးကလည်း မင်းသည်တပြည်လုံး ကိုပင်ခေါ်၍လာလိုသော်လည်း လာစေဟူ၍ပြုနှုတ်ကြားဖူး၏။ ပဂါရသူဌေး သည် မြို့တွင်းမြို့ပြင်တဆဲ့ရှစ်ကုဋေအိမ်ရေခြံရှိသောမြို့၌ အိမ်စောင့်မှကို သာထားခဲ့၍ အလုံးစုံသောလူကိုယူ၍လာပြီးသော် သာကေတမြို့မှ ယူဇနာခွဲကွာသောအရပ်၌တဲနေ၍ငါတို့လာကုန်ပြီဟုစေလိုက်၏။ဓနဥယသူဌေးလည်း များစွာသောပဏ္ဏာလက်ဆောင်ကိုပို့စေ၍ထိုသူတို့၏နေရာကိုသင့်လျော်အောင်သိုးနှင့်တကွတိုင်ပင်သော် ဝဇီရစိန်စက်သွားကဲ့သို့ ထက်သောပညာရှိသောကြောင့်၊ယောကျ့မတို့အား ဤအိမ်ကို၊ မင်းကြီးအား ဤအိမ်ကို။ ဤသို့စသည်ဖြင့် အလုံးစုံသောသူတို့အား ထိုက်လျောက်သောအိုင်တို့ကိုသုတ်သင်စေ၍ကျွန်အမှုလုပ်တို့ကိုခေါ်၍ ဤမျှသောသူတို့သည် မင်းကြီး၌။ ဤမျှသောသူတို့သည် အိမ်ရှေ့မင်း၌ ဝတ်ကိုပြုကုန်လော့။ဤသို့စသည်ဖြင့်စီရင်၍။ ဆင်မြင်း နွားကျွဲတို့ကိုလည်း သင်တို့သာ ထိန်းကျောင်းကုန်။ ဆင်ထိန်း မြင်းကျောင်းစသောသူတို့သည်လည်းလာ၍ ထိမ်းမြားမင်္ဂလာသဘင်ကိုရှုစေကုန်။ တစုံတယောံသည်မျှ ငါတို့သည် ဝိသာခါ၏မင်္ဂလာသဘင်ပွဲကိုမရှုပါရဟု မဆိုစေလင့်ဟုစီရင်၏။ ထိုနေ့၌လျှင် ဓနဥယလည်း ရွှေပန်းထိမ်သည်ငါးရာတို့ကိုခေါ်၍ သမီးဆင်စရာ ဖဟာလွတာတန်ဆာ•လုပ်ကုန်ဟု ရွှေစင်နီကွတဆေးခြယ်၍အပ်၏။အကျပ်အစိတ်ကိုတနီကွဆိုသောကြောင့် နီကွတဆေးသည် ဗိသ္ဏုပေါင်းနှစ်ရာ့ငါးဆယ်ရှိ၏။ ထိုရွှေနှင့်လျော်စွာ၊ ငွေ၊ပုလဲ၊ပတ္တမြား၊သန္တာ၊ဝဇီရစိန်ကျောက်တို့ကိုလည်းထုတ်၍ပေး၏။

မင်းကြီးသည် နှစ်ရက်သုံးရက်နေ၍ငါတို့အားမြင့်ရှည်စွာမေ့မေ့ကျေးခြင်းကိုပြုအံ့သောငှါ သူဌေးသည်မတတ်နိုင်ရာ။ ယခုအခါ သူငယ်မ၏သွားရအံ့သောအခါကို သိလော့ဟု ဓနဥယသူဌေးအား ဆိုလေစေ၏။ ဓနဥယလည်း စေပြန်၏။ အရှင်မင်းကြီးသည် ဇီဗယ်းလအခါ လာသည်။ ဇီဗယ်းလေးလပတ်လုံး သွားခြင်းငှါမတတ်နိုင်ရာ။ အရှင်မင်းကြီးတို့အား ထိုထိုသမျှအလုံးစုံကို အကျွန်ုပ်၏ဝန် ဖြစ်စေ။ အကျွန်ုပ်သည် စေလိုက်သောအခါ ကြွတော်မူရလတ္တံ့ဟု စေလိုက်၏။ ထိုနေ့မှစ၍ သာကေတမြို့သစည် အမြဲသဘင်ခံသကဲ့သို့ဖြစ်၏။မင်းအစရှိသော အလုံးစုံသောသူတို့သည် ပန်းနံ့သာ အဝတ်တန်ဆာ ဆင်ယင်ကုန်လျက် သွားလာလှည့်ပတ်ရကုန်၏။ဤသို့အားဖြင့်. သုံးလတို့သည်လွန်ကုန်၏။ တန်ဆာသည်

မပြီးနိုင်သေး။ အမှုကိုစီရင်ခန့်ထားကုန်သော သူတို့သည် ထင်းမှတပါး အလုံးစုံမရှိဟူ၍မရှိပါ။ထိုမင်းချက်စရာထင်းမလောက်နိုင်ပါဟု သူ့ဌေး အားကြားလာကုန်၏။ သွားလေကုန်။ အမောင်တို့၊ဤမြို့၌ အိမ်ဆိုးစရပ် ဆိုး၊ဆင်တင်းကုပ်ဆိုးစသည်တို့ကို ဖျက်ယူ၍ချက်လေကုန်ဟုဆိုလိုက် ၏။ဤသို့ချက်ပြုတ်သဖြင့် လခွဲလွန်သော် ထင်းမရှိပြောဆိုလာပြန်သော ကြောင့်။ ယခုအခါ ထင်းမရနိုင်ပြီ။ပုဆိုးကျိုတို့ကိုဘွင့်၍ ကြမ်းထမ်းရုန့် ရင်းသောပုဆိုးတို့ကိုကြိုးလွန်ကျစ်၍ ဆီတိုက်တို့ကိုဘွင့်၍ ဆီအိုးတို့၌ ဆီဖြင့်ဆွတ်၍ထမင်းချက်လေကုန်ဟု ချက်စေသဖြင့် လခွဲပတ်လုံးချက် ရကုန်၏။မဟာလွတာတန်ဆာလည်းပြီး၏။ ဤတန်ဆာ၌ဝဖိရစ်နကျော် လေးပြည်။ ပုလဲတဆဲ့တပြည်။ သန္တာနှစ်ဆဲ့နှစ်ပြည်။ ပတ္တမြားကျောက် သုံးဆဲ့သုံးပြည့်။ ပြည့်ပေါင်းခုနစ်ဆယ်။ ဤမျှသော ကျောက်တို့သည် ခြယ်လယ် စီရင်ခြင်းသို့ ဇရောက်လေကုန်၏။ တင်းချင့်ကား လေးတင်း ခြောက်ပြည် ကျောက်ပေါင်းရှိ၏။ ဤကျောက်တို့ဖြင့်ဝင်း၊ ထိုမှတပါး သော ရတနာခုနစ်ပါးတို့နှင့်ဝင်း ပြီးခြင်းသို့ရောက်၏။ ငွေဖြင့် ကြိုးကို ပြုလုပ်၏။ထိုတန်ဆာကိုထိပ်၌စွပ်သော် ခြေဘဂိုးတိုင်အောင်ရောက်၏။ ထိုထိုသို့သော အရပ်၌ တန်ဆာတို့ကိုယ့ဉီ၍ ပြုအပ်ကုန်၏။ ဇွေဖြင့်ပြီး သောအဂတို့သည်ဖြစ်ကုန်၏။ငွေဖြင့်ပြီးသောအကွင်းတို့သည်ဖြစ်ကုန် ၏။ထိပ်ထက်၌ တံဆိပ်အဘွဲ့တခု။ပခုံးထွတ်နှစ်ခုတို့၌ နှစ်ခု။လည်၌တခု။ နားနှစ်ဘက်တို့၌ နှစ်ခု။ ပုဆစ်ဒူးနှစ်ဘက်တို့၌ နှစ်ခု။ ပေါင်နှစ်ဘက်တို့၌ နှစ်ခု။ ခါးစောင်နှစ်ဘက်တို့၌ နှစ်ခု။ တတောင်နှစ်ဘက်တို့၌ နှစ်ခု။ ခြေ နှစ်ဘက်တို့၌ နှစ်ခုတို့ကိုပြုကုန်၏။ ထိုတန်ဆာ၌ ဥဒေါင်းချပ်ကိုပြုကုန် ၏။ လက်ျာအတောင်၌ ဇွေနီဖြင့်ပြီးသောအတောင်ငါးချော။ လက်ဝဲ၌ အ တောင်ငါးချောဖြစ်ကုန်၏။နွေတ်သီးကား သန္တာဖြင့်ပြီး၏။ မျက်စိတို့သည် ပတ္တမြားနီဖြင့်ပြီးကုန်၏။ လည်သည်ဝင်း၊ အမြီးသည်ဝင်း ပတ္တမြားဖြင့် ပြီးကုန်၏။ အတောင်ရိုးတို့သည် ငွေဖြင့်ပြီးကုန်၏။ မြင်းခေါင်းတို့သည် ငွေဖြင့်ပြီးကုန်၏။တန်ဆာဆင်ဖသောအခါ တောင်ထိပ်၌ရပ်၍ ကသော ဥဒေါင်းကဲ့သို့ထင်၏။ တထောင်သောအတောင်အရိုးတို့၏အဖဲသည် နတ်တို့၏ ပန္တုင်တူရိယာကဲ့သို့ဖြစ်၏။ အနီးသို့ရောက်သောသူအားလုံး လျှင် ဥဒေါင်းမဟုတ်သောအဖြစ်ကိုသိ၏။ အသပြာ ကိုးကုဋေ့ ထိုတန် ဆာအဘိုးထိုက်၏။ လက္ခအသပြာ ဗိုလ်တသိန်းပေးရ၏။ တဗိုလ်သော်

ငါးကျပ်ဟူရကား၊ ထိုလ်တသိန်းသော် ဒီသာငါးဇောင်ရှိ၏။ အသပြာ ပေါင်း အရေအတွက် ငါးသိန်းရှိ၏။ ကသုပဘုရား ဖြစ်သောအခါ၌ ဘုရားအမျိုးရှိသော သဃ်ာတော်နှစ်သောင်းတို့အား သက်နှံးချုပ်ချည်၊ ချုပ်အပ်၊ ဆိုးရည်ခေါင်းတို့ကို မိမိဥစ္စာကိုသာ လှူဘူးသောကောင်းမှု ကြောင့်၌တန်ဆာကိုဆင်ရသတည်း။ ။

ဓနဥ္စယသူဌေးသည် ဇရပ်းလေးလပတ်လုံး သမီး၏အမျက်ကြီးငယ်ကို ပြုပြီး၍ သမီးအား ပေးလိုက်သောဥစ္စာကား။ အသပြာဖြင့် ပြည့်သော လှည်းငါးရာ။ ထွေဖြင့်ပြည့်သောလှည်း။ ငွေဖြင့်ပြည့်သောလှည်း။ ဝါချည် ပုဆိုး ပိုးချည်ပုဆိုးတို့ဖြင့် ပြည့်သောလှည်း။ ထောပတ်ဖြင့်ပြည့်သော လှည်း။ ဆီဖြင့်ပြည့်သောလှည်း။ ဆန်ဖြင့်ပြည့်သောလှည်း။ တင်လဲဖြင့် ပြည့်သောလှည်း။ အိုးဖြင့်ပြည့်သောလှည်း။ ထွန်ပိုးထွန်တုံးအစရှိသည် တို့ဖြင့်ပြည့်သောလှည်း။၌အလုံးစုံတို့ကို ငါးရာငါးရာစီအရေအတွက် ဖြင့် အလိုရှိသမျှ သူမှာမတောင်းရမ်းရစေသတည်းဟု ခပ်သိမ်းသော အဆောက်အဦကိုပေး၏။ရထားတခု၌ တန်ဆာခပ်သိမ်းဆင်ကုန်လျက် ကျွန်မ လေးယောက်လေးယောက်တို့ကို နေစေ၍ ရထားလှည်း ငါးရာ ပေး၏။ခြေရင်းအလုပ်အကျွေးကျွန်မနှစ်ထောင်ပေး၏။ နွားတို့ကိုလည်း ခြံငယ်တခုကိုဘွင့်၍ အနုံတဥသဘာ၊ အလျားသုံးဂါဝုတ်ရှိသောအရပ်၌ ပြည့်စေလျက် ပေး၍ ခြံကိုဒိတ်ထားသော်လည်း ဆီးတားမနိုင် ချန်၍ ထိုး၍ လိုက်ပြန်လေသည်ကား၊ နွားထိုက်ခြောက်သောင်း။ နွားမခြောက် သောင်း။ နွားငယ်ခြောက်သောင်း။ နွားဥသဘခြောက်သောင်း။ ပေါင်း လေးထိပါလေ၏။ အလျားသုံးဂါဝုတ်၊အနုံတဥသဘ၏အတွင်း၌ နွားတို့ သည် အချင်းချင်းထိစေ၍ နေရသတည်း။ အဘယ်ကောင်းမှုကြောင့် ဆီးတား၍ မနိုင် နွားတို့သည် လိုက်ကုန်သနည်း ဟူမူကား။ ကသုပ ဘုရားပွင့်တော်မူသောကာလ ဗာရာဏသီပြည်၌ကိကီမင်းကြီး၏သမီး ချုနစ်ယောက်တို့တွင် အငယ်ဆုံး သဃ်ာဒါသီဖြစ်၍ ဘုရားအမျိုးရှိသော သဃ်ာတော် နှစ်သောင်းအား ငါးပါးသော နွားနို့အရသာကို လှူသော အခါ တန်ပြီဟု မြစ်ငြားသော်လည်း မနေမူ၍ ဤလည်း ကောင်းပါ၏။ ဤလည်းကောင်းပါ၏ဟုလှူသောကောင်းမှုကြောင့်လိုက်ကုန်သတည်း။ သူဌေးကြီးသည် ဤမျှသောဥစ္စာတို့ကိုပေးပြီးသော် သူဌေးမသည် ဆို၏။ သင်တို့သည် သမီးအား အလုံးစုံကိုစိရင်အပ်ကုန်ပြီ။ ကျွန်အမှုလုပ်

ဖိနှိပ်မတို့ကိုမစီရင်ဟုဟုဆိုသော်။ ငါ၏သမီးအား ချစ်သောသူတို့၏အ
ဖြစ်ကိုသိအံ့သောငှါ မစီရင်သည်။ ငါ၏သို့ယာဉ်စီး၍သွားသောအခါ၌
ငါ၏သမီးနှင့်အတူလိုက်လိုသောသူတို့သည် လိုက်စေကုန်။ မလိုက်ချင်
သောသူတို့သည် နေစေကုန်ဟုဆို၏။ ။မသွားမီတနေ့တွင် သမီးကို
အနီးခ်ဥ်နေစေ၍။ အဖိ၊ တပါးဲသောအမျိုးခ်ဥ်နေသောသူမည်သည် ဤသို့
ဤသို့သောအကျင့်ကိုကျင့်အပ်၏ဟု အဆုံးအမကိုပေး၏။ တပါးသော
အမျိုးခ်ဥ် နေသောသူ မည်သည်ကား။ အတွင်းကမီးကို ပြင်သို့ မထုတ်
အပ်။ပြင်မှမီးကို အတွင်းသို့မသွင်းအပ်။ ပေးပြန်သောသူအား ပေးအပ်
၏။ မပေးပြန်သောသူအားမပေးအပ်။ ပေးပြန်သောမပေးပြန်သောသူ
အား ပေးအပ်၏။ ချမ်းသာစွာနေအပ်၏။ ချမ်းသာစွာစားအပ်၏။ ချမ်း
သာစွာ အိပ်အပ်၏။ မီးကိုလုပ်ကျွေးအပ်၏။ အိမ်တွင်းနတ်ကို ဂိုရိုးအပ်
၏။ ဤဆယ်ပါးသော အဆုံးအမကိုပေး၏။ မိဂါရသူဌေးသည်လည်း
အခြားမဲ့တိုက်ခ်ဥ်နေသဖြင့် ဓနဉ္ဇယသူဌေးဆုံးမပေးသောအသံကို ကြား
၏။မိုးသောက်သောခဏ်ဥ် ထိုအလုံးစုံသောသူတို့ကိုစည်းဝေးစေ၍ မင်း
ကြီး၏ စစ်သည် အလယ်ခ်ဥ် ရှစ်ယောက်သော သူကြွယ်တို့ကို အသိး
ခဲယူ၍ ငါ၏သို့သွားလေရာရာအရပ်ခ်ဥ် သို့အားအပြစ်သည်ဖြစ်အံ့။သင်
တို့ သုတ်သင်အပ်၏ဟု မှာလိုက်၏။ အဘိုး အသပြာကိုးကုဋေ ထိုက်
သောမဟာလွတာတန်ဆာဖြင့်သမီးကိုတန်ဆာဆင်၍ ရေချိုးကသယ်မှုန့်
ဘိုးငါးဆဲ့လေးကုဋေအသပြာပေး၍ ယာဉ်ထက်သို့တင်၍ သာကေတ
မြို့ထက်ဝန်းကျင်ခ်ဥ် သူဌေး၏ဥစ္စာဖြစ်သောသီဟိုဠ်ကျွန်းအနုရာဓပြည်ရှိ
တဆဲ့လေးရွာတို့ခ်ဥ် သမီးဝိသာခါနှင့်အတူ လိုက်လိုသသူတို့သည်လိုက်
လေကုန်ဟု စည်လည်စေ၍အသံကိုကြားကုန်၍။ အရှင့်သမီးသွားလေ
သောအခါ ငါတို့အား၌အရပ်ခ်ဥ်အဘယ်ပြုအံ့နည်းဟု တဆဲ့လေးရွာမှ
စိုးစဉ်းကိုသာ ကြွင်းစေ၍ လိုက်လေကုန်၏။ ဂနဉ္ဇယသူဌေးသည် မင်း
ကြီးအားဌင်း၊ မိဂါရသူဌေးအားဌင်း၊ ပုဏ္ဏာသက္ကာရကို ပြု၍ အတန
ငယ်ပို့လိုက်၍ ထိုမင်းသူဌေးတို့နှင့်တကွ သမီးကိုလွှတ်လိုက်၏။ မိဂါရ
သည် ယာဉ်စီး၍ နောက်ဆုံးမှလိုက်သော် ဒါသခါ၏ဖို့လပါအပေါင်း
ကိုမြင်၍။ဤသူတို့သည် အဘယ်သူတို့နည်းဟုမေး၍ ဆွေးမင့်ကျွန်အမှ
လုပ်တို့တည်းဟုဆိုသော်။ ဤမျှလောက်သောသူတို့ကိုအဘယ်သူကျွေး
မွေးနိုင်ပါအံ့နည်း။ ပုတ်ခတ်၍ ပြန်လေစေကုန်။ မပြန်လိုသောသူတို့ကို

ဤတွင်နေရစ်ခဲ့ကုန်ဟုဆို၏။ မမြစ်စေကုန်လင့်၊ ထိုက်စေကုန်။ ငါတို့သည် ဗိုလ်ပါအား ထမင်းရိက္ခာပေးကုန်အံ့ဆိုသော်လည်း။ အမိ၊ ငါတို့အား ဤသူတို့ကို ကျွေးမွေးစရာထမင်းမရှိဟု အုတ်ခဲလုံးကန်တို့ဖြင့် ပစ်ခတ်၍ပြေးစေ၍ အကြွင်းမဲ့ကို ဤမျှဖြင့် ငါတို့အားကန်ပြီဟု ယူ၍သွားလေ၏။ ။ဝိသာခါသည် သာဝတ္ထိမြို့တံခါးသို့ရောဝေသောအခါငါသည် အဓိုးရှိသော ယာဉ်၌ နေ၍သော်တည်း ဝင်ရအံ့လော။ ရထား၌ နေ၍သော်တည်း ဝင်ရအံ့လောဟု ကြံဖြိုးသော် ပေါင်းဓိုးရှိသောယာဉ်ဖြင့် ဝင်သော် ငါ၏တန်ဆာအထူးသည် မထင်ရှားလတ္တံ့။"ဤသို့ကြံ၍။ ပြည့်သူအလုံးအား ပိမိကိုယ်ကိုပြ၍ ရထား၌နေ၍မြို့သို့ဝင်၏။"မြို့သူတို့သည် ဝိသာခါ၏ စည်းစိမ်ကိုမြင်၍ ဝိသာခါ၏စည်းစိမ်ချမ်းသာသည် ဤသူအားလျော်ပတ်ပေစွဟုဆိုကုန်၏။ ဝိသာခါသည် များစွာသောစည်းစိမ်ဖြင့် သူဌေးအိမ်သို့ဝင်ရောက်သောနေ့၌ပင် ဝိသာခါ၏ အာနုဘော်ကြောင့်၊ ငါတို့သူဌေးသည် ငါတို့မြို့သို့ရောက်ပြီ။ များစွာသောပူဇော်သက္ကာရကို ပြုကုန်အံ့ဟု ပြည်သူအလုံးတို့သည် အားနှင့် အလျောက်လက်ဆောင်ပဏ္ဏာ ပို့လာကုန်၏။ ဝိသာခါသည် ပို့လာတိုင်း ပို့လာတိုင်းသောပဏ္ဏာတို့ကို အသီးအသီး မှတ်သားစေ၍ ထိုမြို့သူတို့အားလည်း။ ဤသည်ကဲ့ ငါ၏အဓိအား။ဤသည်ကို ငါ၏အဘအား။ဤသည်ကို ငါ၏မောင်အားပေးကုန်လော့ဟု အရွယ်နှင့်လျော်စွာချစ်ဘွယ်သောစကားဖြင့်ဆို၍ပဏ္ဏာတို့ပေး၏။ဤသို့လက်ဆောင်တို့ပေးသဖြင့်ဝိသာခါသည် တပြည်လုံးသူတို့ကို အဆွေပြု၏။ ။ထိုနေ့ညဉ့်၌ မြည်းမဘွားသည်ဂို သော် ဝိသာခါသည်ဆီမီးတိုင်ကိုကိုင်သွက် ဆင်း၍ မြည်းမကိုရေနွေးဖြင့် ချိုးပေ၍ နယ်ဆီလိမ်းကျံ၍ ပိပိနေရောသို့လာ၏။ ။ဗိဂါရသူဌေးသည် သားပဏ္ဏာဝတ္ထုနအား ထိမ်းမြား မင်္ဂလာပြုသော်။ အဦးဖြစ်သော ကျောင်းတော်၌နေသော မြတ်စွာဘုရားကို ပစ်ထား၍၊ အခါလေးမြင့်ဖြစ်သော ချစ်ခြင်းဂို သော အချည်းစည်းအဝတ်မဝတ်သောတိထ္ထိတို့ကို သာကျွေးမွေးလျက် ငါ၏အဂ္ဂင်တို့အား ပူဇော်သက္ကာရပြုအံ့ဟု-များစွာကုန်သောဒိုးသစ်တို့ဖြင့် ဓရေမဂို သောနွိုဃနာကိုချက်စေ၍ငါးရာသော အဇံစလကတိထ္ထိတို့ကို ဘိတ်ပင့်၍ အိမ်တွင်းသို့ဝင်စေ၍၊ ခွေးမသည် လည်းလာ၍ အင်္ဂဂ်ကောင်းတို့ကို ဂိုဒိုးလှည့်ဟု ဝိသာခါသို့စေလိုက်၏။ ဝိသာခါသည် အရိယာတစည်္ဘ သောတာပန်ဖြစ်၍ ရဟန္တာဟူသော

စကားကို ကြားလျှင် နှစ်သက်၍ ထိုတိဏ္ဍိတို့ ထမင်းကျွေးရာသို့လာ၍ ကြည့်သေး။ ဤသို့ အရှက်အကြောက်ကုန်ကြည်၍ ရဟန္တာ မဖြစ်ကုန်။ အဘယ့်ကြောင့် ငါ့ယောက္ခမသည် ငါ့ကို ခေါ်လေတိ သနည်း၊ စက်ဆုပ်ဘွယ်ဟုကဲ့ရဲ့၍ မိမိနေရာသို့သွားလေ၏။ ဒီဃဝတ်မဝတ်သောတိဏ္ဍိတို့သည် တပြိုင်နက်တည်းဖြင့်၊ သူဌေး၊ အဘယ့်ကြောင့် သင်သူဌေးအား သူငယ်မတပါးကိုမရနိုင်သကဲ့သို့ ရဟန်းဂေါတမ၏ တပည့်သူယုတ်မကို အိမ်တွင်းသို့သွင်းဘိသနည်း။ ထိုသူယုတ်မကို ဤအိမ်မှလျင်စွာထုတ်ဘိလော့ဟု ဆိုကုန်၏။ သူဌေးသည် ထိုသူတို့၏စကားဖြင့် နှင်ထုတ်အံ့သောငှါမတတ်ကောင်း။ အမျိုးကြီး၏သိုးတည်းဟုကြံ၍။ဆရာတို့၊ မိန်းမမည်သည်ကား သိ၍ငင်း မသိ၍ငင်း ဆိုရာ၏။ အရှင်တို့သည် ဆိတ်ဆိတ်သာနေပါကုန်လော့ဟုဆို၍ လွတ်လိုက်ပြီးလျင် သူဌေးသည် မြတ်သောနေရာ၌နေ၍ ဖွေးဖွေးကြင့် ရေမရှိသောနို့လယနှာကိုစား၏။ ထိုအခါ ဆွမ်းခံသွားသောဘုရားတပည့်တပါးသည် ဆွမ်းအလိုငှါ ထိုအိမ်သို့ဝင်လေ၏။ ဝိသာခါသည် ယောက္ခမကိုယပ်ခံ၍နေစဉ် ထိုရဟန်းကိုမြင်၍ ယောက္ခမအားကြားအံ့သောငှါမသင့်ဟုဆိတ်ဆိတ်နေ၍ မထေရ်အား ယောက္ခမမြင်လွယ်အောင်ခွါ၍နေ၏။ သူဌေးဖိုးသည် မထေရ်ကိုမြင်သော်လည်း မမြင်သကဲ့သို့ အောက်သို့မျက်နှာချ၍စား၏။ ဝိသာခါသည် မထေရ်ကိုမြင်၍လည်း ငါ၏ယောက္ခမသည် ရဟန်းဟူသောအမှတ်ကိုမျှ မပြုပါဟု သိ၍၊ကန်တော့ပါ၏ အရှင်ဘုရား၊ အကျွန်ုပ်၏ ယောက္ခမသည် အသစ်ကိုမပြု။ အဖောင်းကိုသာ စားပါ၏ဟု ဆို၏။ သူဌေးသည် နိဂဏ္ဌတို့ကိုဆိုသော်အခါ သည်းခံ၍၊ အဖောင်းကိုသာ စားသည်ဟု ဆိုသောခဏ၌ လက်ကိုဖယ်၍၊ ဤစနှာကို ဆောင်လေကုန်။ ဤသူယုတ်မကိုလည်း အိမ်မှနှင်ထုတ်လေကုန်။ ဤခွေးမသည် ငါ့အား ဤသို့မင်္ဂလာအခါ၌ မစင်စားမည်သည်ကိုပြု၏ဟုဆို၏။ ထိုအခါ ဝိသာခါ၏ကျွန်အမှုလုပ်တို့သည် အနီးဦးဖြစ်ကုန်၏။ ဝိသာခါကို လက်ခြေတို့ဦး ကိုင်ဝှံ့မည်ကိုထား၍ စကားတုံ့ကိုမျှဆိုခြင်းငှါစွမ်းနိုင်သောသူမရှိ။ ဝိသာခါသည် ယောက္ခမစကားကို ကြား၍။ ဤမျှဖြင့် ငါတို့သည် မထွက်ကုန်သေး။အဘတို့သည် ငါ့ကို ဂရေဆိပ်မှဂရေခပ်ကျွန်မကိုကဲ့သို့ ဆောင်အပ်သည်မဟုတ်။ ထင့်ရှားရှိသောဓိဘ၏သမီးတည်း။ ဤမျှဖြင့် မထွက်သေး။ ဤသို့သော အဂြောင်းဇကြောင့်ပင် အကျွန်ုပ်အဘသည်

ဤမြို့သို့လာသောအခါ၌ဤဂှစ်ယောက်သောသူကြွယ်တို့ကို၊ အကယ်၍ ငါ၏သြဝါဒအားအပြစ်ဖြစ်အံ့၊ သင်တို့သုတ်သင်ပါလေကုန်မှာ၍ အကျွန်ုပ်ကို ထိုသူတို့၏လက်၌အပ်ထား၏။ ထိုသူကြွယ်တို့ကိုခေါ်၍ အကျွန်ုပ်၏အပြစ်ကိုသုတ်သင်ပါစေကုန်လော့ဟုဆိုသော်။ဤဩဖေးမသည် ကောင်းသောစကားကို ဆို၏ဟု သူကြွယ်တို့ကို ခေါ်စေ၍၊ ဤသူငယ်မသည် မင်္ဂလာပြုသောအခါ ရွှေခွက်ဖြင့် နွားနှာစားသော ငါ့ကို မစင်စားဆို၏။ထို့ကြောင့် ဤဩဖေးမအား အိမ်မှနှင်ထုတ်ကုန်လော့ဟုဆို၏။ ဤသို့ဆိုသည်မှန်ပေသလောဟု သူကြွယ်တို့မေးသော် အကျွန်ုပ် ဤသို့မဆိုပါ။ သခင်ကောင်းတပါးဆွမ်းရပ်လာသည်ရှိသော် ယောကျ်ားမသည်ရေမရှိသော်နွားကို မိမိသာစား၍ ထိုသခင်ကို သတိမမူပါသောကြောင့်။ ငါ၏ယောကျ်ားမဟုသည် ကောင်းမှုသစ်မပြု၊ အဟောင်းကိုသာ စားသည်ဟုကြံ၍ ယောကျ်ားမသည် အဟောင်းကဲ့သို့လျင် စားသည်ဟု ဆို၏။ ဤစကားဌ ငါ့အား အဘယ်အပြစ်ရှိအံ့နည်းဆို၏။ရှင်သူဌေး၊ဤစကားဌ အပြစ်မရှိ။ ငါတို့၏သြဝါသည် သင့်သည်ကိုသာ ဆိုပေ၏။ သင်အဘယ့်ကြောင့် အမျက်ထွက်သနည်း ဆိုကြသော်။ အရှင်တို့၊ ဤဩဖေးမအား ဤစကားဖြင့်အပြစ်မရှိသည်ဖြစ်ခဲ့စေ။ဤဩဖေးမသည် တနေ့ညသန်ခေါင်ယံ၌ ကျွန်ုယောကျ်ား ကျွန်ုမိန်းမ ခြံရံလျက် အိမ်အနောက်ကုံ သွားလေသည်ဟုဆို၏။ ဟုတ်ပေသလော အမိဟု မေးကြသော်။ အဘတို့၊ အကြောင်းတပါးဖြင့် အကျွန်ုပ်မသွား။ဤအိမ်၌ မြည်းမသားသွားသည်ကို အမှတ်မဲ့နေအံ့သော်ဌါ မသင့်ဟုကြံ၍၊ ဆီမီးထွန်းလျက် ကျွန်မများ နှင့်သွား၍ မြည်းမအား ရေနွေးနှင့်ဆေးကြောသုတ်သင်ခြင်းကိုပြု၏။ ဤသို့ပြုရာ၌ အဘယ်အပြစ်ရှိအံ့နည်းဆိုသော်။ ရှင်သူဌေး၊ ငါတို့၏သြဝါသည် ကျွန်ုတို့မပြုသည့်အမှုကိုပင်ပြုပေသည်။ ဤသို့သွားရာ၌ အဘယ်အပြစ်မြင်သနည်း၊ကုမေးကုန်၏။ အရှင်တို့၊ ဤဒွလည်း အပြစ်မရှိသော် လွတ်စေ။ဤသူငယ်မ၏အဘသည် ဤမြို့သို့လာခါနီးတွင် ပုန်းကွယ်ရာ၌နေ၍၊ အတွင်းကမီးကို ပြင်သို့မထုတ်အပ်၊ စသည်ဖြင့် ဆယ်ပါးသောဆုံးမခြင်းကို ဤသူငယ်မအားပေး၏။ဤဆယ်ပါးတို့အနက်ကို ဆိုအံ့သောဌါအပ်၏။ ငါတို့သည် အိမ်မှနီးချင်းတို့အား မီးကိုမဖေးနေအံ့သောဌါ၎င်း၊ ထိုသူတို့၏မီးကို မယူနေအံ့သောဌါ၎င်း မတတ်နိုင်ကုန်ဟုဆို၏။ ဤသို့ဆိုတိုင်းမှန်သလော အမိဟု မေးကုန်သော်။ အဘတို့၊ အ

သည် ဤအကြောင်းများကိုရည်၍မဆို။ ထိုဆုံးမခြင်းတို့၏အနက်မှာမူ အတွင်းဖြစ်သော ယောက္ခမလင်တို့၏ ကျေးဇူးမဲ့စကားကို အပြင်ဖြစ်သောမိန်းမယောက်ျားတို့အား မပြောဆိုလင့်။ ပြင်မိန်းမယောက်ျားတို့ ယောက္ခမလင်တို့၏ ကျေးဇူးမဲ့ဆိုသည်ကို ဆောင်ခဲ့၍၊ ယောက္ခမလင်တို့အား မပြောဆိုလင့်။ တခဏာဌာဂါးရမ်းသော ဥစ္စာကို ပြန်ပို့လာသသူတို့အား ပေးအပ်၏။ မပြန်မပို့သူတို့အား မပေးအပ်။ ပေးပြန်လာသည်ဖြစ်စေ၊မပေးပြန်လာသည်ဖြစ်စေ၊ ဆွေဆင်းရဲ မျိုးဆင်းရဲတို့အားကား သင်္ကြိုဟ်ထောက်မသဖြင့် ပေးအပ်၏။ ယောက္ခမလင်တို့ကို ဖြင်လျှင်။ ထရ ပြောင်းရမည့်အခါပ်၌ မနေမူ၍၊ ချမ်းသာစွာ မပြောင်းမထရမည့်အခါပ်၌ နေအပ်၏။ ယောက္ခမလင်တို့ မစားခင် မစားမူ၍ အရိဿသေ ပြုအပ်၏။ ယောက္ခမလင်တို့ကိုလုပ်ကျွေး၍ ထိုသူတို့စားရသည် မစားရသည်ကို သိ၍ နောက်မှ စားအပ်၏။ ယောက္ခမလင်တို့၏ ဂုဏ်ဦးစွာ အိပ်ရာသို့တက်၍ မအိပ်မူ၍ ထိုသူတို့အားပြုအပ်သော ဝတ်ကြီး ဝတ်ငယ်ကိုပြု၍ နောက်မှ အိပ်အပ်၏။ ယောက္ခမလင်တို့ကို မီးပုံကြီးကဲ့သို့ မှတ်၍ အရိဿသေပြုအပ်၏။ ယောက္ခမ လင်တို့ကို နတ်ကိုကဲ့သို့ ပြု၍ ရှာအံ့သောဌါအပ်၏။ဤသည်လျှင် ဆုံးမခြင်းဆယ်ပါးတို့၏အနက်တည်းဟုဆိုသေ၏။ ထိုစကားကိုကြားလျှင် စကားမဆိုဝံ့ဘဲ မျက်နှာအောက်သို့ပေး၍ သူငြေးနေလေသေ၏၊ သူကြွယ်တို့ဆိုကုန်၏။ သူငြေး၊ငါတို့၏ သို့းအား တပါးသောအပြစ်ရှိလျှင် ဆိုဦးလော့။ အဘယ့်ကြောင့် ငါတို့၏သို့းကို အကြောင်းမရှိဘဲလျက် နှင်ထုတ်ရဘိသနည်းဟုမေးကြသည် ရှိသေ၏ ဝိသာခါဆို ၏။အဘတို့၊အသို့နည်း အကျွန်ုပ်သည် ယောက္ခမ၏စကားဖြင့် ရှေးဦးစွာက သွားခြင်းဌါသင့်သည်ဖြစ်၏။ အကျွန်ုပ်၏အဘသည် ဤမြို့သို့လာခါနီးဦ အကျွန်ုပ်အား အပြစ် ရှိ မရှိကို သုတ်သင်စိမ့်သောဌါ အကျွန်ုပ်ကို အဘတို့သို့အပ်လိုက်၏။ အဘတို့သည် အကျွန်ုပ်အား အပြစ်မရှိသောအဖြစ်ကိုသိရပြီ။ ယခုအခါဦ အကျွန်ုပ်သွားလွယ်ပါပြီဟုဆို၍ ကျွန်မိန်းမကျွန်ယောက်ျားတို့ကို လာဦအစရှိသည်တို့ကို စီရင်ကုန်ဟုစေ၏။ ။ထိုအခါ မိဂါရသူဌေးသည် ရှစ်ယောက်သော သူကြွယ်တို့ကိုခေါ်၍။ ငါသည် မသိသောကြောင့် ဆိုမိသည်။ ငါ့်ခား သည်းခံပါစေဟုတောင်းပန်စေ၍။ အဘတို့၊ သင်တို့ သည်းခံပါဆိုလျှင် ငါသည်းခံအံ့။ ငါသည် မြတ်စွာဘုရား သာသနာတော်၌ မတုန်မလှုပ်

ကြည်ညိုသောအမျိုးသို့ပြီးဖြစ်သည်။ ရဟန်းသံဃာနှင့်ကင်း၍ မနေနိုင်။ အကျွန်ုပ်၏အလိုအားဖြင့် ရဟန်းသံဃာကိုလုပ်ကျွေးအုံ့သောဌါရလျှင် နေပါအုံ့ဟုဆိုသော်။အမိ၊သင့်အလိုအတိုင်း ရဟန်းသံဃာတို့ကို လုပ်ကျွေးပါလော့ဟုဆို၏။ ။ဝိသာခါသည်ထိမ်းမြားမင်္ဂလာပြု၍ ဓိုးသော်သောနေ့၌မြတ်စွာဘုရားကိုဆွမ်းဘိတ်၍အိမ်တွင်းသို့သွင်း၏။ တိတ္ထိတို့သည် မြတ်စွာဘုရား မိဂါရသူဌေးအိမ်သို့ ကြွတော်မူသော အဖြစ်ကို သိလျှင်။အိမ်၏နောက်အဘို့၌ခြံရံ၍နေကုန်၏။ ဝိသာခါသည် အလှူရေစက်ကိုပေး၍ အလုံးစုံပူဇော်သက္ကာရကို စီရင်၏။ ငါ့ယောက္ခမသည်လာ၍ မြတ်စွာဘုရားကိုလုပ်ကျွေးလှည့်ဟုစေလိုက်၏။ထိုအခါ မြတ်စွာဘုရားသခင်အထံသို့သွားလိုသောမိဂါရသူဌေးကို။သူကြွယ်၊သင်သည် ဂေါတမရဟန်း၏အထံသို့မသွားလင့်ဟု တိတ္ထိတို့သည် မြစ်ကုန်သော ကြောင့်၊ ငါ၏ချွေးမသည် အလိုလိုသာလုပ်ကျွေးပါလော့ဟု စေလိုက်၏။ဝိသာခါသည်ဘုရားအမှူးရှိသောသံဃာတော်ကိုလုပ်ကျွေး၍ ဆွမ်းဘုန်းပေးပြီးသော်။ ယောက္ခမသည် တရားနာလှည့်ဟု ခေါ်၏။ မိဂါရသူဌေးလည်း ယခုအခါ နေအုံ့သောဌါ မလျှောက်ပတ်ဟု တရားနာအုံ့သောဌါသွားသော် တိတ္ထိတို့သည်ဆိုကုန်၏။ သူဌေး၊သွားသော်လည်း တင်းထိမ်ပြင်မှနေ၍ တရားကိုနာလေဟု မှာထိုက်ကုန်၍။ ထိုတိတ္ထိတို့သည်ပင် သူဌေး၏ ရှေးဦးစွာလာ၍ တင်းထိမ် ရံကုန်၏။ သူဌေးသည် သွား၍တင်းထိမ်ပဋိနေ၏။မြတ်စွာဘုရားသည် သင်မိဂါရသူဌေးသည် တင်းထိမ်အပဋိနေလိုလည်း နေ။ နံရံ၏တဘက်ဋိနေလိုလည်း နေ။ မြင်းမိုရ်တောင်၏တဘက်ဋိ နေလိုလည်း နေ။ စကြဝဠာ၏ တဘက်ဋိ နေလိုလည်း နေ။ငါသည် သင့်အား ငါ၏အသံကိုကြားစေနိုင်၏ဟု ဒါနသိလစသော အစဉ်စကားကိုပြောဆိုတော်မူ၏။ ။ဇမ္ဗုသပြေပင်၏ပင်စည်ကို ကိုင်၍ဖြစ်စေ သည်းသကဲ့သို့၊ အမြှောက်မိုးလင်းကြိုးကဲ့သို့ ရှုစေသကဲ့သို့ တရားဟောတော်မူသည်ရှိသော်။ အပါးတော်ဋိတည်သောသူတို့သည်ဌင်း၊ စကြဝဠာတဝှမ်းကို လွှမ်း၍ တည်သောသူတို့သည်ဌင်း။ မြတ်စွာဘုရားသံသည် ငါ့ကိုသာကြည့်၏။ ငါ့အားတရားဟော၏ဟု ထင်ကုန်၏။ မြတ်စွာဘုရားသည် တိုထိုသို့သောသူကိုကြည့်သကဲ့သို့၊ ထိုထိုသို့သော သူနှင့် စကားပြောသကဲ့သို့ဖြစ်တော်မူ၏။ လမင်းသည်လည်း ကောင်းကင်ပြင်၌တည်လျက် ငါ၏အထက်၌ လမင်းတည်၏ဟု ခပ်သိမ်းသော

သတ္တဝါတို့အား ထင်ကုန်သကဲ့သို့၊ ထို့အတူ အမှတ်မရှိသောအရပ်၌ နေကုန်သောကျွတ်ထိုက်သောသတ္တဝါတို့သည် ထင်ကုန်၏။ ဤသို့ဖြစ်ခြင်းသည် ဦးခေါင်းကိုဖြတ်၍၊ မျက်စိကိုထုတ်၍၊ နှလုံးသားကိုထုတ်၍၊ သားကို၊ သွေးကို၊ မယားကို၊ သူတပါးတို့အားစွန့်ကြဲ၍လှူသောကောင်းမှုဖ၏အကျိုးတည်း။ ။မြတ်စွာဘုရား တရားဟောသည်ရှိသော် သူဌေးသည် တင်းထိမ်မပ၌နေလျက် သောတာပတ္တိဖိုလ်၌တည်လေ၏။ မတုန်လှုပ်သောသဒ္ဓါခြင်းနှင့်ပြည့်စုံ၏။ ရတနာသုံးပါးတို့၌ ယုံမှားခြင်းကင်း၍ တင်းထိမ်ကုံကြွလျက်ဝင်လာ၍ ဝိသာခါ၏သားမြတ်ကို နှုတ်သိမ်းဖြင့်စုတ်၍ ယနေ့မှစ၍ သင်သည် ငါ၏အဓိတည်းဟု ဝိသာခါကို အဓိ၏အရာ၌ထား၏။ထို့ကြောင့် မိဂါရမာတာဟူသောအမည်သည် ဝိသာခါအား ဖြစ်၏။ ။နောက် သားရသောအခါ၌ မိဂါရဟူသောအမည်ကို ထိုသားအားမှည့်၏။ သူဌေးကြီးသည် ဝိသာခါ၏နို့ကိုလွှတ်၍ မြတ်စွာဘုရားခြေတော်၌ ဦးဖြင့်ဝပ်၍ လက်ဖြင့်ဆုပ်၍၊ အရှင်ဘုရား၊ အကျွန်ုပ်သည် မိဂါရမည်ပါ၏ဟု သုံးကြိမ် အမည်ကို ကြား၍။ အရှင်ဘုရား၊ အကျွန်ုပ်သည် ဤမျှသောကာလပတ်လုံး ရတနာသုံးပါး၌ အလှူသည် အကျိုးကြီးမြတ်၏ဟုမသိပါ။ယခုမှာအကျွန်ုပ်သည် သွေးမကိုမှီ၍သိအပ်ပြီ။အပါယ်ဆင်းရဲမှလွတ်ပြီ။ အကျွန်ုပ်၏သွေးမသည် အကျွန်ုပ်၏အကျိုးစီးပွါးအလိုဌာနီအဓိပတိဖြစ်ပါလေ၏ဟုဆို၍။သော ဟံ အဇ္ဇ ပဇာနာမိ၊အစရှိသောဂါထာကိုရွတ်၏။ဝိသာခါသည် တဖြေးသောက်သောနေ့၌လည်း ဆွမ်းဘိတ်မန်၍လုပ်ကျွေး၏။ မိဂါရသူဌေး သောတာပတ္တိဖိုလ်၌တည်သည်မှစ၍ ထိုအဓိပတိသည် သာသနာတော်၌ ဘွင့်သောစံခါးရှိ၏။ မြတ်စွာဘုရား ဆယ်ဝါမြောက်တွင် ဝိသာခါသည် မိဂါရသူဌေး၏ သွေးမဖြစ်သောနေ့၏ နောက်တနေ့မှစ၍ မြတ်စွာဘုရားနှင့် ဆရာတကာဖြစ်၏။ ။သူဌေးသည်ငါ၏သွေးမသည်ကျေးဇူးရှိပေစွ၊ကြည်ညိုသောအခြင်းအရာကိုပြုကုန်အံ့။ ဤသွေးမ၏တန်ဆာသည် လေးလှ၏။ အခါခပ်သိမ်းဆင်ယင်အံ့သောဂျာမတတ်နိုင်။ နှုံ့၌ဂင်း၊ညှာ၌၌ဂင်း၊အခါခပ်သိမ်းဆင်နိုင်ကောင်းသောတန်ဆာကို ငါသည်,ပြုအပ်၏ဟု အာဘိုးတသိန်းထိုက်သောမဟာလွှမ်းအမည်ရှိသောတန်ဆာကိုပြု၍ပြီးသည်ရှိသော်၊ ဘုရားအမှူးရှိသော သံဃာတော်ကို ဆွမ်းဘိတ်၍ ဆွမ်းလုပ်ကျွေး၏။ ဝိသာခါကို တဆဲ့ခြောက်လုံးသောနှံ့သာရေတို့ဖြင့်ချိုးစေ၍၊ထိုတန်ဆာ

ကိုဆင်စေ၍၊မြတ်စွာဘုရားကိုရိုသိုးစေ၏။ ဝိသာခါဖေသည် ထိုအခါမှစ၍ အလှူအစရှိသောကောင်းမှုတို့ကိုပြု၍ မြတ်စွာဘုရားအထံ၌ ဆုရှစ်ပါးတို့ကိုရ၍ ကောင်းကင်၌လကဲ့သို့ထင်ရှား၏။သားသို့မိုးတို့ဖြင့် ပွါးစီးခြင်းသို့ရောက်၏။ သားယောကျ်ားတကျိပ်၊ သားမိန်းမတကျိပ်တို့သည်ဖြစ်ကုန်၏။ ထိုသားသို့မိုးတို့တွင် တယောက်တယောက်အားလည်း သားတကျိပ် သို့မိုးတကျိပ်အားဖြင့် နှစ်ကျိပ်စီဖြစ်၍ ဖြေးလေးရာဖြစ်၏။ ဖြေးတို့တွင်လည်း တယောက် တယောက်အား နှစ်ကျိပ်စီ ဖြစ်၍ မြစ်ရှစ်ထောင်ဖြစ်၏။ဝိသာခါသည် အသက်တရာ့နှစ်ဆယ်နေ၍ ဆံဖြူတပင်မျှမရောက်။တဆဲ့ခြောက်နှစ်ရွယ်အမြဲဖြစ်၏။သားဖြေးမြစ်တို့ဖြင့်ကျောင်းသို့သွားသော်။ဤသူတို့တွင် ဝိသာခါသည် အဘယ်နည်းဟု မေးရကုန်၏။ ဣရိယာပုထ်လေးပါးလုံးခွပင် တင့်တယ်၏။ ဝိသာခါသည် ဆင်ငါးစိုးအားကိုဆွောင်၏။ ထိုကြောင့် ကောသလမင်းသည် ဝိသာခါ၏အားကိုသိလို၍ တရားနာ၍ ကျောင်းမှပြန်သောအခါ ဆင်ကိုလွှတ်၏။ ဆင်သည် နာမောင်းကိုချို၍ ဝိသာခါသို့ ဝှေ့ရှုလာ၍။ ကျွန်မအချို့တို့သည် ပြေးလေကုန်၏။အချို့ကား ဝိသာခါသို့ကပ်လာကုန်၏။ အဘယ့်ကြောင့်ပြေးလာကုန်သနည်းဟုမေး၍၊ မင်းကြီးသည် ဝှင်မအားကိုစမ်းလို၍ ဆင်ကိုလွှတ်သည်ဟုဆိုကုန်သော်၊ဆင်ကိုဖြင်၍အဘယ့်ကြောင့် ပြေးသနည်း၊ငါ ဆင်ကိုနှိပ်အံ့ဟုဆို၍။ အကယ်၍ပြင်းစွာနှိပ်အံ့၊ ပျက်စီးရာ၏ဟု လက်ချောင်းနှစ်ချောင်းဖြင့်သွားနာမောင်းခွကိုင်၍တွန်းလိုက်၏။ ဆင်သည်နောက်ဆုတ်ခွေးထိုင်ထိုင်၍လည်းလေ၏။ထိုအခါလူတို့သည် ကောင်းချီးငြာကုန်၏။ ။

ထိုအခါ သာဝတ္ထိပြည်၌ ဝိသာခါသည် သားဖြေးမြစ်များစွာဖြစ်၍ အလွန်မင်္ဂလာရှိသောသူဟု သမုတ်အပ်၏၊ သားဖြေးမြစ်တို့တွင် တယောက်သောသူမျှ အကြီးခွဲသေသေဖွယ်သည် မရှိ။မင်္ဂလာပွဲလမ်းသဘင်တို့၌ ဝိသာခါကိုဘိတ်မန်၍ ဝှေးဦးစွာကျွေးမွေးကုန်၏။ ထိုရောအခါ တွေ့နေ့သ၌ များစွာသောသူတို့သည် တန်ဆာဆင်ယင်ကုန်လျက် တရားနာအံ့သောငှါကျောင်းသို့သွားကုန်၏။ဝိသာခါသည် ဘိတ်မန်ရာ၌ ထမင်းစား၍ မဟာလွတာတန်ဆာကိုဆင်၍ အလုပ်အကျွေးနှင့်တကွ ကျောင်းသို့သွားလေသော်။ အနီးသို့ရောက်သောအခါ၌ ဤသို့ အကြိုးကြံုးသော။ ထိပ်မှစွပ်လျှင် ခြေဆာဖျားတိုင်အောင်ရောက်သောတန်ဆာ

ကိုဆင်လျက် ဝင်းခဲ့သောဌါမအပ်ဟုကြံ၍ တန်ဆာကိုချွတ်၍ အဝတ် ဖြင့်ထုပ်၍ ကျွန်မအား ဤတန်ဆာထုပ်ကိုယူလော့ဟု ယူခဲ့စေ၍ မြတ် စွာဘုရားအထံမှပြန်သောအခါတန်ဆာကိုဆင်အံ့ဟုကျောင်းတော်သို့ ဝင်လေ၏။ဝိသာခါ၏ဘုန်းကြောင့် ဤကျွန်မတယောက်သာ ဆင်ငါးစီး အားကိုဆောင်၍ ဤတန်ဆာကိုဆောင်ရွက်နိုင်သတည်း။ ထိုဝိသာခါ သည်တရားနာ၍ပြန်သောအခါ ထိုကျွန်မသည်တန်ဆာကိုမေ့ရစ်လေ ၏။ ရှင်အာနန္ဒာသည် မြတ်စွာဘုရားအား၊ ရှင်ပင်ဘုရား၊ဝိသာခါသည် တန်ဆာထုပ်ကိုမေ့၍သွားလေပြီဟု လျှောက်သော်။ အာနန္ဒာ၊ သိမ်း၍ ထားလော့ဟု မိန့်တော်မူသဖြင့်။ အရှင်အာနန္ဒာ တန်ဆာထုပ်ကိုယူ၍ စောင်းတန်းဦးဌဲ့ဆွဲ၍ထား၏။ ။ဝိသာခါသည် ကျောင်းတော်အရံမှ ထွက်၍။တံခါး၏အနီးဥပစာဌ် ရင်လျက်။ အမိ၊တန်ဆာကိုယူခဲ့၊ဆင်အံ့ ဟုဆိုသောခဏာဌ် ကျွန်မသည် တန်ဆာထုပ်မေ့ရစ်သောအဖြစ်ကို သိ ၍။ အရှင်မ၊ မေ့ရစ်ခဲ့ပြီဟုဆိုသော်။ ထိုသို့တပြီးကား သွားချေလော့။ အကယ်၍မူကား အရှင်အာနန္ဒာသည် ကောက်ယူ၍ တပါးဌဲ့ထားနှင့် သည်ဖြစ်အံ့။ မဆောင်ခဲ့လင့်လော့။ တန်ဆာကို အရှင်အာနန္ဒာအား ငါ စွန့်တော့သည်။ သိအောင်ပြုခဲ့ဟု မှာလိုက်၏။ ရှင်အာနန္ဒာသည်လည်း ကျွန်မပြည့်ဝလာသည်ကိုမြင်၍။ အဘယ်ကြောင့် လာပြန်သနည်း မေး သဖြင့်။ တန်ဆာထုပ်ကို အကျွန်ုပ်မေ့၍သွားမိသည်။ မြင်တော်မူပါသ လောဟုမေး၏။ငါသည် ကောက်ယူ၍စောင်းတန်းဦးဌဲ့ဆွဲ၍ထားသည်ဟု။ သွား၍တန်ဆာကိုယူလေလော့ဟုဆို၏၊ ထိုကျွန်မသည်လည်း။ ရှင်ပင် ဘုရား၊ အရှင်တို့လက်ဖြင့် သုံးသပ်လေပြီးဖြစ်မူကား မယူခဲ့နှင့်တော့ဟု မှာလိုက်ပါသည်ဆို၍လက်ချည်းပြန်လေ၏။ အမိ၊အသို့နည်းဟု ဗိသာ ခါမေးသည်ရှိသော်။ အရှင်အာနန္ဒာ သိမ်းယူထားနှင့်သောအကြောင်း ကို ကျွန်မကြားလျှောက်၏။ ထိုအခါ အမိ၊ အရှင်အာနန္ဒာသုံးသပ်လေ ပြီးသောတန်ဆာကိုငါမဆောင်ပြို့။ ဤတန်ဆာကို အရှင်တို့အားသာလျှင် စွန့်လွှတ်တော့သည်။ထိုတန်ဆာကိုစွန့်၍ အရှင်တို့အားကပ်ဖိယာဘဏ္ဍာကို ဆောင်အံ့၊ သွားချေဦး။ ထိုတန်ဆာကိုဆောင်ခဲ့ဟု စေလိုက်၍။ ကျွန်မ သွား၍ ဆောင်ချေပြီးသော် ဝိသာခါသည် မဆောင်ပြီဟူ၍ ငြိုပန်းထိမ သည်တို့ကိုခေါ်၍အဘိုးပြတ်စေသော်။အသပြာ ၉ ကုဋေအဘိုးထိုက် ၏။ လက္ခဏာမူကား အသပြာတသိန်းထိုက်၏ဆိုသော်။ တန်ဆာထုပ်ကို

ယာဉ်၌တင်စေ၍ ရောင်းချကုန်ဟုဆို၏။ အဘိုး ဓ ကုဋေပေး၍ယူနိုင်သသူသည်မရှိ။ ထိုတန်ဆာကို ဆင်ခြင်းဌါ လျောက်ပတ်သော သူကိုလည်းမရ၍။ ဝိသာခါသည်ပင် ထိုတန်ဆာ၏အဘိုးကိုပေး၍။ တသိန်းအလွန်နှင့်တကွအသပြာ ဓ ကုဋေကိုလည်း၌တင်၍ ဇေတဝန်ကျောင်းတော်သို့ဆောင်ခဲ့၍။ မြတ်စွာဘုရားကဲ့ရိုခိုး၍။ ဂုဏ်ပင်ဘုရား၊အကျွန်ုပ်၏တန်ဆာကို အရှင်အာနန္ဒာသည် လက်ဖြင့် သုံးသပ်သောကြောင့် ထိုတန်ဆာကို ဆင်အံ့သောဌါမတတ်ကောင်း။ ထိုတန်ဆာကိုစွန့်၍ ကပ်ိယဘဏ္ဍာကို ဆောင်အံ့ဟု ရောင်းစေသော်လည်း ဝယ်နိုင်သောသူကိုမမြင်၍ အကျွန်ုပ်သည်ပင် အဘိုးပေး၍လာ၏။ ပစ္စည်းလေးပါးတို့တွင် အဘယ်ပစ္စည်းကို ကပ်ရအံ့နည်းအရှင်ဘုရားဟုလျောက်သော်။ ဒါယိကာမဝိသာခါ၊ မြို့အရှေ့တံခါး၌ သဃီး၏နေရာကို သင်သည်ပြုခြင်းဌါသင့်၏ဟုမိန့်တော်မူသော်။ သင့်ပြိုအရှင်ဘုရားဟုဆို၍၊ ဝိသာခါသည် နှစ်သက်သည်ဖြစ်၍ အသပြာ ဓ ကုဋေတို့ဖြင့်မြေကိုဝယ်၍ ဓ ကုဋေ အသပြာဖြင့်ကျောင်းကိုပြုခြင်းဌါအား‌ထုတ်၏။ ။

ထိုရောအခါ တနေ့သ၌ မြတ်စွာဘုရားသည် လောကကို ရှုကြည့်တော်မူသော်။ နတ်ပြည်မှစုတေ၍ ဘဒ္ဒိယမြို့၌ သူဌေးအမျိုး၌ ဖြစ်လာသောဘဒ္ဒိယသူဌေးသားအား ဥပနိဿယနှင့်ပြည့်စုံခြင်းကိုမြင်၍။ အနာထပိဏ်သူဌေးအိမ်၌ ဆွမ်းစားခြင်းကိုပြု၍၊ မြောက်တံခါးသို့ ဂုံးရှုကြွတော်မူသော်။ ဘုန်းတော်ကြီးသောရှင်ပဉ္စာဘုရား၊ ဤမျှလောက်သောဥစ္စာကိုစွန့်၍ အရှင်ဘုရားတို့၏ ကျောင်းကိုပြုပါစေ၏။ ပြန်တော်မူပါအရှင်ဘုရားဟု လျောက်ပြန်သော်။ ဝိသာခါ၊ ဤသွားခြင်းသည် မနစ်သောသွားခြင်းတည်းဟုမိန့်တော်မူ၍။ ဤသို့ကြွ‌ရာ၌ မြတ်စွာဘုရားသည် မချွတ်ဟိတ်နှင့်ပြည့်စုံသော တစုံတယောက်ကိုမြင်တော်မူ၏ဟုကြံ၍။ ထိုသို့မူကားရှင်ပဉ္စာဘုရား၊ အကျွန်ုပ်အားပြုပြီးသည်မပြုသေးသည်ကိုသိတတ်သော ရဟန်းတယောက်ကို ပြန်ပါစေဟုလျောက်သော်။ဝိသာခါ၊အကြင်ရဟန်းကိုသင်နှစ်သက်၏။ထိုရဟန်း

ဏ်သဒိတ်ကိုယူဇော့ဟုမိန့်တော်မူ၏။ ဝိသာခါသည် အရှင်အာနန္ဒာကို ချစ်မြတ်နိုးလှသေသ်လည်း။ အရှင်မောဂ္ဂလာန်သည်တန်းခိုးကြီး၏။အရှင် မောဂ္ဂလာန်ကိုမှီ၍ အမှုသည် လျင်စွာပြီးလတ္တံ့ဟု ကြံ၍။ အရှင်မောဂ္ဂ လာန်၏သဒိတ်ကိုယူ၏။ မဃထရ်သည် မြတ်စွာဘုရားကိုကြည့်၏။ မြတ် စွာဘုရားသည်။ မောဂ္ဂလာန်၊ သင်၏ အခြံအရံဖြစ်သော ငါးရာသော ရဟန်းတို့ကိုယူ၍ပြန်ရစ်လော့ဟုမိန့်တော်မူသဖြင့်။ အရှင်မောဂ္ဂလာန် သည့်အခြံအရံငါးရာနှင့်တကွပြန်နေတော်မူ၏။ ထိုအရှင်မောဂ္ဂလာန်၏ တန်းခိုးအားဖြင့် ယူဇနာငါးဆယ် ဧခြောက်ဆယ်ဝေးသော အရပ်တို့သို့ သစ်အလိုဌာ သွားကုန်၍။ ကြီးစွာသောသစ်တို့ကိုယူ၍ နေ့ခြင်းပင်လျင် ပြန်နိုင်ကုန်၏။ လှည်းဦ သစ်သားတို့ကို တင်၍ ပင်ပန်းခြင်းမည်သည် မဖြစ်။ ဝင်ရိုးတို့သည် မကျိုးကုန်။ မကြာမြင့်မီလျင် ဘုံနှစ်ဆင့်ရှိသော ပြာသာဒ်ကိုပြုကုန်၏။ အောက်မြေဦ ခန်းတိုက်ငါးရာ။အထက်ဘုံဦ ခန်း တိုက်ငါးရာအားဖြင့် ခန်းတိုက် တဝေထောင်ဖြင့် တန်ဆာ ဆင်အပ်သော ပြာသာဒ်သည်ဖြစ်၏။ သန့်ရှင်းစင်ကြယ်သောမြေအပြင်၌ ပြာသာဒ်ကို ပြု၏။ ပြာသာဒ်ချည်းသာလျင်မတင့်တယ်သေးဟု ထိုပြာသာဒ်ကိုခြံရံ၍ တိုက်ခန်းငါးရာ။ ပြာသာဒ်ငယ်ငါးရာ။ စရပ်အရှည်ငါးရာတို့ကို ပြုစေ၏။ ဝိသာခါ၏ပြာသာဒ်အမှုသည် ကိုးလတို့ဖြင့်ပြီး၏။ ခြေဆေးဖျဉ်းကို မူကား တခဲနက်ခတ်သောဒိဖလံဆွေဖြင့်သာလျင် ရွက်အိုးခြောက်ဆယ် ဝင်းလောက်သောဖျဉ်းကိုပြုစေ၏။ထိုအခါ မြတ်စွာဘုရားသည် ကိုးလ တို့ဖြင့် ဒေသစာရီကြွတော်မူ၍ သာဝတ္ထိသို့ ပြန်တော်မူ၍။ ဇေတဝန် ကျောင်းတော်သို့ ကြွသည်ကို ဝိသာခါကြားလျင် ခရီးဦးကြိုဆိုလျက်၊ မြတ်စွာဘုရားကို မိမိကျောင်းသို့ ပင့်ဆောင်၍။ ဤဝါတွင်း သုံးလပတ် လုံး ရဟန်းသင်္ဃာနှင့်တကွ ဤကျောင်းဦးနေတော်မူပါ။ ကျောင်းပူဇော် ခြင်းကို ပြုပါအံ့ ဟူ၍ တောင်းပန်၏။ မြတ်စွာဘုရားသည် ဝန်ခံတော် မူ၍။ ထိုနေ့မှစ၍ ဝိသာခါသည် ဘုရားအမှူးရှိသော သင်္ဃာတော်အား ကျောင်းတွင်သာအလှူပေး၏။ ဝိသာခါ၏အဆွေခင်ပွန်းမိန်းမတယောံ သည် အဘိုးတသိန်းထိုက်သောကမ္မလာကိုယူခဲ့၍။ ခင်ပွန်းမ၊ ဤပုဆိုး ကို သင်၏ပြာသာဒ်ဦ မြေအခင်းပြု၍ ခင်းရာအရပ်ကိုကြားပါဟုဆိုလေ သော်။အဆွေငါသည် ဆင့်အုံးခင်းရန်နေရာမရှိဆိုလျင် မခင်းစေလို၍ဆိုသည် မှတ်လတ္တံ့။ သင်၏ကိုယ်တိုင်ကြည့်ပါလော့ဟုဆို၍။ ဘုံနှစ်

ဆင့်၌ အခန်းတထောင်ကိုကြည့်သော်။ ထိုပုဆိုးအောက် အဘိုးနည်း သောပုဆိုးကိုမမြင်၍။ ဤပြာသာဒ်၌ကောင်းမွန်အဘိုမရပါဟုငို၏။ အရှင် အာနန္ဒာသည် ငိုကြောင်းကိုမေးသော်။ ဤပုဆိုးခင်းရောအရပ်ကို မရ၍ ငိုကြောင်းကိုလျှောက်သဖြင့် ခြေဆေးရာ၌ခင်းလော့။ သဃ်ာသည်ခြေ ဆေးပြီးလျှင် ခြေကိုသုတ်၍ ဝင်လတ္တံ့။ ဤသို့ဖြစ်လျှင် သင့်အားအကျိုး ကြီးလတ္တံ့ဟုမိန့်တော်မူ၍ ခင်းစေ၏။ ဝိသာခါသည် ဇိုးယင်းလေးလပတ် လုံး ကျောင်းတွင်း၌နေ၍ ရဟန်းသဃ်ာအားအလှူပေး၏။ အဆုံးသော နေ့၌ ရဟန်းသဃ်ာအား သင်္ကန်းလျှာပုဆိုးကိုလှူ၏။ သဃ်နောရဟန်း ရသောပုဆိုးသည်အဘိုးဝါသိန်းထိုက်၏။ အလုံးစုံသဒိတ်တို့ကို ထော ပတ်ဆီစသောဆေးတို့ဖြင့်ပြည့်စေ၍လှူ၏။ထိုအလှူ၌အသပြာ ၉ ကုဋေ တို့သည်ကုန်ခြင်းသို့ရောက်ကုန်၏။ ကျောင်းရှာမြေ ၉ ကုဋေ၊ကျောင်း ဆောက်ရာ၌ ၉ ကုဋေ၊ အလှူ၌ ၉ ကုဋေအားဖြင့် အလုံးစုံ နှစ်ဆဲ့ခုနစ် ကုဋေသော အသပြာတို့ကို သာသနာတော်၌စွန့်၏။ ဝိသာခါကျောင်း ပူဇော်ပြီးသည်မှစ၍ မြတ်စွာဘုရားသည် ဝိသာခါ၏အိမ်၌ ဆွမ်းကိုခံ၍ တောင်တံခါးဖြင့် ထွက်၍ ဓမ္မတဝန်ကျောင်းတော်၌ နေ၏။ အနာထ ပိဏ်သူဌေးအိမ်၌ဆွမ်းကိုယူ၍ အရှေ့တံခါးဖြင့်ထွက်၍ ပုပ္ပါရုံကျောင်း တော်၌နေ၏။ ထိုအိမ်၌ ဆွမ်းကိုယူ၍ မြောက်တံခါးဖြင့် ထွက်တော်မူ လျှင်ဒေသစာရိကြွတော်မူ၏။ ဤသို့ဖြစ်သောကြောင့် မြောက်တံခါးသို့ ထွက်တော်မူသောမြတ်စွာဘုရားကို လူတို့မြင်ကုန်လျှင် ဒေသစာရိကြွ တော်မူလတ္တံ့ဟု သိကုန်၏။ ။ကျောင်းလှူပြီးသောနေ့၌ ညနေချမ်း သောအခါ ဝိသာခါသည် သားမြေးတို့ဖြင့် ခြံရံလျက် အကြင်အကြင် အလိုကို ရှေးရှုတောင့်တ၏။ ထိုအလုံးစုံသည် ပြည့်စုံပြီဟု ဝမ်းမြောက် သဖြင့် ကျောင်းကိုလှည့်၍ ငါးဂါထာတို့ဖြင့် သာယာစွာ ဥဒါန်းကျူး၏။ ။ကဒါ ဟံ ပါသာဒံ ရမ္မံ၊သုစာမတ္တိကလေပနံ။ဝိဟာရဒါနံဒဿာ မိ၊သင်္ကပ္ပေါ မယ္ဟံပူရိကော။ ။ကဒါဟံမဉ္ဇုဇဝိဇ္ဇု၊ဘိသိဒိဗ္ဗောဟနာနိ စ။သေနာသနဘဏ္ဍံ ဒဿာမိ၊သင်္ကပ္ပေါ မယ္ဟံ ပူရိတော။ ။ကဒါ ဟံ သလ်ာကဘတ္တံ၊သုစိ မံသူပသေစနံ။ ဘောဇနဒါနံ ဒဿာမိ၊သင်္ကပ္ပေါ မယ္ဟံ ပူရိတော။ ။ကဒါဟံ ကာသိကံဝတ္ထံ၊ခေါမကပ္ပါသိကာနိစ။ စိဝ ရဒါနံ ဒဿာမိ၊သင်္ကပ္ပေါ မ့ယ္ဟံ ပူရိတော။ ။ကဒါဟံသပ္ပိနဝနီတံ၊မရု

တေလဆ္ဆဖါကိတံ။ဘေသဇ္ဇဒါနံဒဿာဓိ၊သက်ပ္ပေါမယ္ဟံဟူရိတေဘာ။
ဤငါးဂါထာဖြင့်ဥဒါန်ကျူးတော်။ ။

၄၂။ ဝိသာခါဒါယိကာမတော်ရှေးအတိတ် ဆုတောင်းကိုပြုရာ။

ရဟန်းတို့သည် ဝိသာခါတော်ဥဒါန်းကျူးသံကို ကြား၍။ ဘုန်းတော် ကြီးသောအရှင်ဘုရား၊အကျွန်ုပ်တို့သည်ဤမျှလောက်သောကာလပတ် လုံး ဝိသာခါ သိဒ္ဓိသိလျက် ကသည်ကို မမြင်ဘူးပါကုန်။ ယခုအခါ သားမြေးတို့ဖြင့်ခြံရံလျက် သိဒ္ဓိသိ၍ကာ၍ပြာသာဒ်ကိုလှည့်ဘိတော်။ အသို့နည်း။ ဝိသာခါအား အကြီးများ၍ သည်းခြေသော်လည်းပျက်လေသလော ဟူမြတ်စွာဘုရားအားကြားလျှောက်ကုန်တော်။ မြတ်စွာဘုရားလည်း ချစ်သားရဟန်းတို့၊ငါတော်သို့ဝိသာခါသည် သိဒ္ဓိသိသည်မဟုတ်။ ယခင် တော်အလိုသည်ပြည့်စုံဖြို၊ တောင့်တအပ်သော ပတ္ထနာသည် ပြည့်စုံပြီဟု ဝမ်းမြောက်သော ကြောင့်ဥဒါန်းကျူးသတည်းဟုမိန့်တော်မူတော်။ အဘယ် အခါ၌ဤဝိသာခါသည်ဆုတောင်းအပ်သနည်းဟု လျှော်သဖြင့်ချစ်သား ရဟန်းတို့၊ ဤကမ္ဘာမှ ကမ္ဘာတသိန်းအထက်၌ ပဒုမုတ္တရမြတ်စွာဘုရား ဖြစ်တော်မူသောအခါ။ တယောက်သောဒါယိကာမသည်ဆရှစ်ပါးကို တောင်း၍ မြတ်စွာဘုရား၏အမိအရာ၌ တည်လျက် ပစ္စည်းလေးပါးတို့ဖြင့်လုပ်ကျွေး၏၊ ညနံနက်မြတ်စွာဝံဘုရားအားခစား၏။ ထိုဒါယိကာမ၏ တယောက်သော အဆွေခင်ပွန်းသည်လည်း ထို ဒါယိကာမနှင့် တကွ မပြတ် ကျောင်းတော်သို့ လိုက်ရာ။ မြတ်စွာဘုရားနှင့် ထိုဒါယိကာမ၏ အကျွမ်းဝင်သဖြင့် စကားပြောဟောသော အဖြစ်ကိုဂုဏ်း၊ အကျွမ်းဝင် သောအဖြစ်ကိုဂုဏ်းမြင်၍။အဘယ်အကြောင်းဖြင့်ဘုရားနှင့်အကျွမ်းဝင် ခြင်းဖြစ်သနည်းဟု ကြို၍။ အရှင်ဘုရား၊ ဤမိန်းမသည် အရှင်ဘုရားတို့ အားအသို့တော်သနည်းဟုမေး၏။ အလုပ်အကျေး ဒါယိကာမတို့တွင် အမြတ်တည်းဟုမိန့်တော်မူသော် အဘယ်ကောင်းမှုကိုပြု၍ ဒါယိကာ မတို့တွင်အမြတ်ဖြစ်သနည်းဟုမေးပြန်သဖြင့် ကမ္ဘာတသိန်းပတ်လုံးဆု တောင်း၍ပါရမီကိုဖြည့်ရ၏ဟုမိန့်တော်မူသဖြင့် ယခုအခါ၌ဆုတောင်း ၍ရခြင်းဌါတတ်ကောင်းပါဖုံလောအရှင်ဘုရားဟုမေး၍ တတ်ကောင်း

ဏ်ဟု မိန့်တော်မူလေသော်။ ရဟန်းတသိန်းနှင့်တကွ ချန်စ်ရက်ပတ်လုံး အာကျွန်ပ်ဏ်ဆွမ်းကိုခံတော်မူပါဟုလျှောက်၍ ဘုရားဝန်ခံတော်မူသဖြင့် ထိုဒါယိကာမသည် ချန်စ်ရက်ပတ်လုံးအလှူပေး၍ အဆုံးစွန်သောနှုန်း သက်နှံးအစုံတသိန်းနှင့်တကွဆွမ်းလုပ်ကျွေး၍မြတ်စွာဘုရားဖြေရင်းခွင့် ဝပ်၍။ အရှင်ဘုရား၊ ဤကောင်းမှုဏ်၏အကျိုးအားဖြင့် အရှင်ဘုရားကဲ့သို့ သောဘုရားတဆူဏ်၏အထံမှဆုရှစ်ပါးကိုရ၍ အဓိအရာ၌တည်၍ပစ္စည်း လေးပါးတို့ဖြင့် လုပ်ကျွေးကုန်သော သူတို့ထက် မြတ်သည်ဖြစ်ရလိုဏ်၏ ဟု ဆုတောင်းဏ်။ မြတ်စွာဘုရားလည်း ဤသူ၏ ပတ္ထနာသည် ပြည့်စုံလတ္တံ့လော ဆင်ခြင်သော်။ ကမ္ဘာတသိန်းအဆုံး၌ ဂေါတမဘုရား ဖြစ်သောအခါ ဝိသာခါအမည်ရှိသောဥပါသိကာမဖြစ်၍ ဆုရှစ်ပါးကိုရ၍ အဓိအရာ၌တည်၍ အလုပ်အကျွေးဒါယိကာမတို့ထက် မြတ်သည်ဖြစ် လတ္တံ့.မြင်တော်မူ၍။ ဒါယိကာမ၊ တောင်းသည့်ဆုအတိုင်းပြည့်လတ္တံ့. ဟု ကြားတော်မူသဖြင့် နက်ဖြန်ပင် ထိုဆုပြည့်တော့အံ့သကဲ့သို့ ထင် လျက် အသက်ထက်ဆုံးကောင်းမှုကိုပြု၍ စုတေသော် နတ်ပြည်၌ဖြစ် လေဏ်၏။ ဤသို့လျှင် နတ်ပြည် လူ့ပြည်ဘဝများစွာကျင်လည်၍ ကဿပ ဘုရားဖြစ်သောအခါ ဗာရာဏသီပြည်၌ ကိကီမင်းဏ်သို့ဦးချန်စ်ယောက် တွင် အငယ်ဆုံးသဃ်ဒါသိမင်းသို့ဖြစ်လာ၍ အစ်မခြောက်ယောက်တို့ နှင့်တကွကောင်းမှုပြု၍ ကဿပဘုရားခြေတော်ရင်းခွင့်ဝပ်လျက် အရှင် ဘုရားကဲ့သို့သောဘုရားဏ်၏အဓိအရာ၌တည်၍ပစ္စည်းလေးပါးဖြင့်ဘုရား ကိုလုပ်ကျွေးလျှောသူတို့ထက် အမြတ်ဖြစ်ရလိုဏ်၏ဟုဆုတောင်း၍ ထိုမှ စုတေသော် နတ်ပြည်၌ဖြစ်၍ ဤယခု ငါဘုရားဖြစ်တော်မူသောအခါ အင်္ဂါတိုင်းဘဒ္ဒိယပြည်၌ မေဏ္ဍကသူဌေးသား ဓနဉ္ဇယသူဌေးဏ်၏ဓိဘုရား သုမနဒေဝီဝမ်း၌ ဖြစ်လာ၍ ငါဘုရားရဟန်း ပြု၍ ဒုက္ကရစရိယာ ကျင့် တော်မူသောအခါ နှစ်နှစ်မြောက်ဆိတွင်ဘွား၍ ဝိသာခါအမည်ရှိလျက် ချန်စ်နှစ်အရွယ်၌ သောတာပန်ဖြစ်၍ ငါဏ်၏သာသနာတော်၌ ကောင်းမှု များစွာပြု၍ဆုရှစ်ပါးကိုရ၍ ဘုရားအလုပ်အကျွေးဒါယိကာမတို့ထက် အမြတ်သည်ဖြစ်ဏ်၏။ ထိုသို့ ဓိဓိဏ်၏အလိုပြည့်သဖြင့် ဝမ်းမြောက်သော စကားကို ဆိုသတည်းဟု မိန့်၍ တရားဟောတော်မူလိုသဖြင့်။ ရဟန်း တို့၊ လိမ္မာစွာသော် ပန်းသည်သည် အထူးထူးသော ပန်းပွင့်အစုတို့မှ အထူးထူးသောပန်းကုံးတို့ကိုပြုသကဲ့သို့၊ ထို့အတူ ဝိသာခါသည် ငါ၏

သာသနာတော်၌ကောင်းမှုများစွာပြုလို၏ဟုမိန့်၍။ ။ယထာဒိပုပ္ဖရာသိမှာ၊ကယိရာ မာလာဂုဏော ဗဟူ။ဧဝံဇာတေနမစ္ဆေန၊ကတ္တဗ္ဗံ ကုသလံ ဗဟုံ။ ။ဟူသောတရားတော်ကို ဟောတော်မူ၏။ ။ယထာဒိ၊ ဥပမာကား။ ပုပ္ဖရာသိမှာ၊ ပန်းပွင့်အစုမှ။ ဗဟူ၊များစွာကုန်သော။ မာလာဂုဏော၊ပန်းကုံးတို့ကို။ ကယိရာ၊ပြုသကဲ့သို့။ ဧဝံ၊ဤအတူ။ ဇာတေန၊ပဋိသန္ဓေနေခြင်းရှိသော။ မစ္ဆေန၊သတ္တဝါသည်။ ဗဟုံ၊များစွာ။ ကုသလံ၊ကုသိုလ်ကို။ ကတ္တဗ္ဗံ၊ပြုရာ၏။ ။(ဝိသာခါဒါယိကာမ၊ အသက်သုံးဆဲ့ခုနစ်နှစ်-ရှစ်နှစ်ဆိတွင်။ ပုပ္ပါရုံကျောင်းကို ဆောက်ဟန်ရှိ၏။ ထိုအခါမြတ်စွာဘုရားသည် အသက်တော် ခြောက်ဆဲ့ရှစ်နှစ်၊ ဝါတော်သုံးဆဲ့သုံးဝါခန့်ရှိသကဲ့သို့ထင်၏)။ ။

၄၃။ ဝိသာခါ၏အပေါင်းအဘော်သေယျစ်သောမိန်းမငါးရာတို့အားတရားဟောခြင်းတော်မူခြင်း။

ကောနုဟာသေကိမာနန္ဒာ၊အစရှိသောတရားတော်ကိုဧတဝဒေန ကျောင်းတော်၌ နေတော်မူသော အခါ မြတ်စွာဘုရားသည် ဝိသာခါဒါယိကာမ၏ အပေါင်းအဘော်ဖြစ်ကုန်သော ငါးရာသောမိန်းမတို့ကို အကြောင်းပြု၍ဟောတော်မူ၏။သာဝတ္ထိပြည်၌ ငါးရာကုန်သောအမျိုးသားတို့သည်ဤသို့ပြုသဖြင့် ဤမိန်းမတို့သည်မဂ္ဂဖိုလ်လျှဉ်နေကုန်သည်ဖြစ်ကုန်လတ္တံ့ဟု ကြံကုန်၍၊ မိမိတို့၏မယားတို့ကို ဝိသာခါမဟာဥဖဲ့သိကာကို အပ်နှင်းကုန်၏။ ထိုငါးရာသော မယားတို့သည် ဥယျာဉ်သို့ ရင်း ကျောင်းသို့ရင်းသွားကုန်သော် ဝိသာခါနှင့်တကွသာသွားရကုန်၏။ တပါးသောအခါ၌ ယနေ့မှစ၍ ချုနစ်ရက်ပတ်လုံး သေသောက်သဘင်သည် ဖြစ်လတ္တံ့ဟု သေသောက်သဘင်ပြု နိုးဆော်ဟစ်ကြွေးသည်ရှိသော်။ ထိုငါးရာကုန်သောမိန်းမတို့သည် မိမိလင်တို့အတိုင်းသေအရက်ကိုစိရင်ကုန်၏။ထိုလင်ယောကျ်ားတို့သည်ချုနစ်ရက်ပတ်လုံးသေသော်ပွဲကစားပြီး၍ ရှစ်ရက်မြောက်သောနေ့၌ အမှုလုပ်သွားကုန်၏။ထိုမိန်းမတို့သည် ငါတို့သည်လင်၏မျက်မှောက်၌ဟောကိုမသေသော်ရကုန်။သေတို့သည်လည်း ကြွင်းကုန်၏။ အကြင်အခြင်းဖြင့် ထိုလင်တို့သည် မံသိကုန်။ထိုအခြင်းဖြင့် ငါတို့သည် ဤသေကိုသော်ကုန်အံ့ဟုကြံကုန်၍၊ ဝိသာခါ၏အထံသို့သွားကုန်၍။ အရှင်မ၊ အကျွန်ုပ်တို့သည် ဥယျာဉ်ကို

ရှုခြင်းဌာ အလိုရှိပါကုန်ဏ်ဟု ဆိုကုန်၍။ အဓိတ္ထိ၊ ဧကောင်းပြိဟုဝန်ခံ၍၊ ထိုသို့ဥယျာဉ်ရှုလိုကုန်တပြီးကား ပြုအပ်သောကိစ္စတို့ကိုပြု၍ထွက်ကုန်လော့ဟုဆိုသော် ထိုဝိသာခါနှင့်တကွ ထွက်ကုန်၍ မုံးလွှမဲ့းအပ်သော အခြင်းအရာဖြင့် သေကိုဆောင်ခဲ့စေ၍ ဥယျာဉ်၌သောက်ကုန်၍။ ယစ်ကုန်သည်ဖြစ်၍ သွားလာလှည့်ပတ်ကုန်ဏ်။ ဝိသာခါသည် ဤမိန်းမတို့သည်မလျောက်ပတ်သောအမှုကိုပြုအပ်ဏ်။ ယခုအခါရဟန်းဂေါတမဏ်တပည့်မိန်းမတို့သည်သေသောက်ကုန်ဏ်ဟု တိုင်ထိုတို့သည်ကဲ့ရဲ့ကုန်လတ္တံ့.ဟုကြံ၍ ထိုမိန်းမတို့ကိုဤသို့ဆိုဏ်။ သင်တို့သည် မလျောက်ပတ်သောအမှုကိုပြုဏ်။ ငါ့အားလည်းအကျင့်အစောမဲ့ကိုဖြစ်စေဏ်။ သင်တို့ဏ်လင်တို့သည် အမျက်ထွက်ကုန်လတ္တံ့.။ ယခုအဘယ်သို့ပြုပါကုန်အံ့နည်းဟု ဝိသာခါဆိုသော်။ အရှင်မ၊ အကျွန်ုပ်တို့နာကျွန်ပြုကုန်အံ့ဟုဆိုဏ်။ ထိုသို့တပြီးကား သင်တို့ဏ်အမှုဖြင့် ထင်ကုန်လတ္တံ့.ဟုဆိုဏ်။ ထိုမိန်းမတို့သည်လည်း အိမ်သို့သွားကုန်၍ နာယောင်ပြုလေကုန်ဏ်။ လင်တို့သည် အမှုလုပ်ရာမှလာကုန်၍ မိန်းမတို့သည် အဘယ်သို့သွားလေကုန်သနည်းဟုမေး၍ နာကုန်ဏ်ဟု ပြောဆိုကုန်သော စကားကဲ့ကြားလျှင်။ဤမိန်းမတို့သည်သေကြွင်းတို့ကိုသောက်သည်ဖြစ်လတ္တံ့.ဟုဖြိမ်းချောက်ရိုက်ခတ်သဖြင့် အကျိုးမဲ့ကို ရောက်ကုန်ဏ်။ ထိုမိန်းမတို့သည် နောက်သေသောက်သဘင်ခံရာ၌လည်းထိုဂှေးနည်းအတူသေသောက်လိုကုန်၍ ဝိသာခါသို့ကပ်၍။ အရှင်မ၊ငါတို့ကို ဥယျာဉ်သို့တခါဆောင်ပါဦးဟုဆိုကုန်၍။ ဂှေးဦးလည်း ငါဏ်အကျင့်အစောမဲ့ကိုသင်တို့သည်ဖြစ်စေကုန်ပြီ။သင်တို့သွားလေကုန်။ သင်တို့ကိုငါမဆောင်လိုဟုဝိသာခါပယ်အပ်သည်ဖြစ်၍။ ဤသို့ အကျွန်ုပ်တို့မပြုပါကုန်အံ့ဟုဆို၍ ဝိသာခါသို့ကပ်၍။ အရှင်မ၊ အကျွန်ုပ်တို့သည် ဘုရားကိုဖူးမြင်ခြင်းဌာအလိုရှိကုန်ဏ်။ကျောင်းသို့ဆောင်ပါလော့ဟုဆိုကုန်၍ ယခုအမှုဦးကားသင်တို့သွားလေကုန်။ လှူဘွယ်တန်းဘွယ်တို့ကို ပြုလေကုန်ဟုဆိုဏ်။ ထိုမိန်းမတို့သည် ပန်းကလပ်တို့ဖြင့်နှံ့သာတို့ကိုယူခဲ့၍ အရက်တို့ဖြင့်ပြည့်ကုန်သောပလင်းငယ်တို့ကို လက်တို့ဖြင့်ဆွဲခဲ့ကုန်၍၊ အပေါ်ရုံပုဆိုးကြီးတို့ဖြင့်ခြုံရုံကုန်၍ ဝိသာခါသို့ကပ်ကုန်၍ ဝိသာခါနှင့်တကွ ကျောင်းတွင်းသို့ဝင်ကုန်၍ တင့်အပ်သောအရပ်၌နေကုန်ဏ်။ ဧသဗူးငယ်တို့မှသေကိုသောက်ကုန်၍ ဗူးငယ်တို့ကိုစွန့်ပစ်ကုန်၍ တရားသဘင်ဝယ် မြတ်စွာ

ဘုရား၏ရှေ့တော်၌နေကုန်၏။ ဝိသာခါလည်း။အခ်ာင်ဘုရား၊ဤမိန်းမတို့
အားတရားဟောတော်မူပါဟုလျှောက်၏။ ထိုမိန်းမတို့သည် သေယစ်
သောအဟုန်ဖြင့်တုန်လှုပ်သောကိုယ်ရှိကုန်လျက်ငါတို့ကကုန်အံ့ထိကုန်
အံ့ဟု စိတ်ကို ဖြစ်စေကုန်၏။ ထိုရောအခါ ဝသဝတ္တီ မာရ်နတ်ပြည်၌
နတ်တယောက်သည် ဤမိန်းမတို့၏ကိုယ်တွင်း၌ဝင်၍ ရဟန်းငါ
တမ၏ရှေ့၌ ဘောက်ပြန်သောအခြင်းအရာကို ဖြစ်စေအံ့ဟု ကြံလျက်။
ထိုမိန်းမတို့ကိုယ်တွင်း၌စွဲဝင်၍ ထိုမိန်းမငါးရာတို့တွင်အချို့သောမိန်းမ
တို့ကို မြတ်စွာဘုရား၏ရှေ့တော်၌လက်ခုပ်တီးစေ၏။ အချို့သောမိန်းမ
တို့ကိုကစေ၏။ အချို့သောမိန်းမတို့ကိုသီစေ၏။ ဤအမှုသည်အဘယ့်
ကြောင့် ဖြစ်သနည်းဟု ဆင်ခြင်တော်မူသော်၊ ထိုအကြောင်းကိုသိ၍။
ယခုအခါ၌ မာရ်နတ်ပြည်၌နေသောနတ်တို့အား ယုတ်သောအခြင်းအ
ရာကိုရစေခြင်းငှါ ပါရမီတို့ကို ငါမဖြည့်ဟု ကြံတော်မူ၍။ ထိုမိန်းမငါး
ရာကိုတို့ထိတ်လန့်စိမ့်သောငှါ မျက်မှောင်တော်မူညှိသောရောင်ခြည်
တော်ကို လွှတ်၏။ ထိုသို့မျက်မှောင်တော်မှ ညှိသောရောင်ခြည်တော်
ထွက်သောအခါ၌ အဓိကဖြင့် နှိပ်စက်သည်ဖြစ်၍။ ထိုမိန်းမ
ငါးရာတို့သည် ပြင်းစွာထိတ်လန့်ကုန်လျက်သေရအံ့သောဘေးကိုကြောက်ကုန်
၏။ ထိုကြောင့်ထိုမိန်းမတို့ဝမ်းနည်းသောကြေလေကုန်၏။ မြတ်စွာ
ဘုရားသည် နေတော်မူသောပလ္လင်မှ ကွယ်တော်မူ၍ မြင်းမိုရ်တောင်
ထိပ်၌ရပ်တော်မူပြီးလျှင် ရွှေအင်းပျဉ်၌တင်၍ထားသော ငွေမြို့ပ်ကဲ့သို့
နှာယောင်၏အထက် နဖူးတော်ပြင်အလယ်၌ လက်ျာရစ်ဆွဲလျက် အ
ထက်သို့အများတက်၍တည်သော်။ ဖြူဆွန့်သော မောင်းထက်ဝက်
မျှရှည်သော ဥဏ္ဏာလုံမွေးရှင်တော်မှ ဖြူသောရောင်ခြည်ကို လွှတ်တော်
မူ၏။ ထိုခဏ၌ နေလ တသိန်းထွက်သောအခါကဲ့သို့ဖြစ်၍။ ထိုမိန်းမ
ငါးရာတို့အား ကြောက်ထိတ်လန့်ခြင်းကင်း၍ယက်သာရာရကုန်၏။ ထို
အခါ မြတ်စွာဘုရားသည် ထိုမိန်းမတို့ကိုခေါ်တော်မူ၍၊ သင်တို့သည်
ငါ၏အထံသို့လာကုန်သည်ရှိသော် မွေ့လျော်ကုန်သဖြင့်လာအံ့ဟုသာဤ
မအပ်ကုန်။ သင်တို့၏မွေ့လျော်ခြင်းဖြင့် မာရ်နတ်ပြည်၌ နေကုန်သော
နတ်တို့သည် ယုတ်သောအခြင်းအရာကိုရ၍ သင်တို့သည် ရယ်ခြင်း
ပြုံးခြင်းကိုမျှပြုအံ့သောဤမအပ်သော ငါဘုရား၏ရှေ့၌ ရယ်ခြင်း၊လက်
ခုပ်တီးခြင်း၊ ကခြင်း၊ သီခြင်းတို့ကို ပြုကုန်၏။ ယခုအခါ သင်တို့သည်

ရာဂအစရှိသောမီးတို့ကို ငြိမ်းစေခြင်းငှါအား ထုတ်ခြင်းကိုပြုအပ်၏ဟု ဖြန့်တော်မူ၍၊ မြင်းမိရ်တောင်ထိပ်၌ ရပ်တော်မူလျက်ပင်။ ။ကောန္ဒဟာသော ကိ မာနန္ဒော၊နိစ္စံ ပဇ္ဇလိတေ သတိ၊အန္ဓကာရေန ဩနဒ္ဓါ၊ ပဒီပံ နဂဝေသထ။ ။ဟူသော တရားတော်ကို ဟောတော်မူ၏။ ။ ဘောန္တော၊အိုမာတုဂါမတို့။ ဤဓာတုလူအပေါင်း၌။နိစ္စံ၊အမြဲ။ပဇ္ဇလိတေ၊ ရာဂစသောဆဲ့တပါးသောမီးတောက်သည်။ သတိ၊ရှိလျက်။ တုမှာကံ၊ သင် မာတုဂါမတို့အား။ ဟာသော၊ ရွှင်ခြင်းသည်။ ကောန္ဒ၊ အဘယ် အကျိုးရှိအံ့နည်း။ အာနန္ဒော၊နှစ်လိုဝမ်းမြောက်ခြင်းသည်။ကိန္နု၊အဘယ် အကျိုးရှိအံ့နည်း။ အန္ဓကာရေန၊ အဝိဇ္ဇာဟူသောအမှိုက်တိုက်ဖြင့်။ ဩနဒ္ဓါ၊မြွေးရက်အုပ်ကုန်သော။တုမှော၊သင်တို့သည်။ကိံ၊အဘယ်ကြောင့်။ ပဒီပံ၊ပညာတည်းဟူသောဆီမီးကို။နဂဝေသထ၊မရှာကုန်သနည်း။ ။ ဒေသနာတော်၏အဆုံး၌ ထိုငါးရာသောမိန်းမတို့သည် သောတာပတ္တိဖိုလ်၌တည်လေကုန်၏။ ထိုမိန်းမတို့၏ ရတနာသုံးပါးတို့၌ မတုန်မလှုပ် ကြည်ညိုခြင်း၌တည်သည်၏အဖြစ်ကိုသိတော်မူ၍မြင်းမိရ်တောင်ထိပ်မှ မြတ်စွာဘုရားကွယ်တော်မူ၍ ဘုရားနေရာ၌ နေတော်မူ၏။ ။ထိုအခါ ဝိသာခါသည် မြတ်စွာ ဘုရားကို။ ဘုန်းတော်ကြီးသော ရှင်ပင်ဘုရား၊ ဤသေမည်သည် ယုတ်မာစွ။ ဤသို့သောတာပန်ဖြစ်ခြင်း၏အကြောင်းနှင့်ပြည့်စုံကုန်သောမိန်းမတို့သည်၊ ရှင်ပင်ဘုရား၏ရှေ့တော်၌ ဣရိယာပုထ်ကိုမျှတည်တံ့စေခြင်းငှါမစွမ်းနိုင်ကုန်သည်ဖြစ်၍၊ ရယ်ခြင်း၊လက်ချပ်တီးခြင်း၊ သီခြင်း၊ တီးမှုတ်ခြင်း၊ ကခြင်းတို့ကိုပြုကုန်၏ဟု လျှောက်သော်။ထြေဝ် ဝိသာခါ၊ဤသေမည်သည် အလွန်ယုတ်မာ၏။ ဤသေကို မှီ၍ များစွာသောသတ္တဝါတို့သည်ပျက်စီးခြင်းသို့ရောက်၏ဟုမိန့်တော်မူ၍။ အဘယ်အခါ၌ရောက်ဘူးလေသနည်းဟုလျှောက်ပြန်သဖြင့်။ ထိုသေကြောင့်ပျက်စီးခြင်းကိုအကျယ်ခဲ့၍ကုန်ဆုံးစေတော်ကိုဟောတော်မူ၏။

၄၄။ တင်္ကသိုလ်ပြည့်ရှင်ပုက္ကုသာတိမင်းကြီးအား ဓာတုဝိဘင်္ဂသုတ်ကိုဟော၍ သွတ်သွင်းတော်မူခြင်း။

ဆယိမာခေါ၊ ဘိက္ခု၊ ဓာတုယော၊အစေ့ရှိသော ဓာတုဝိဘင်္ဂသုတ်ကို ပုက္ကုသာတိမင်းအား ဟောကြောင်းကား။ အင်္ဂတိုင်း၊

တက္ကသိုလ်ပြည်၌ပုက္ကုသာတိအမည်ရှိသောမင်းသည်မင်းပြု၏။ထိုမင်း သည်ကား ကာမဂုဏ်တို့၌ ငြီးငွေ့သည်ဖြစ်၍ ပြည်၌ဆုံးမစိမ့်သောဌါ တရားသူကြီးကို အပ်၍ မိမိသည် အမတ်ဗိုလ်ပါမှုခွါ၍ ထမင်းဆောင် အလုပ်အကျွေးငယ်တယောက်နှင့်သာ ဇိုးလေးလပတ်လုံး ပြာသာဒ် ထက်၌နေပြီး၍၊ဇိုးလေးလလွန်သော် ဈာန်သက်နှံးဝယ်စေ၍ အရှင် ဂေါတမဘုရားကို ဆရာဟုရည်၍ မိမိအလိုလိုရဟန်းပြု၍ နှံးမှဆင်း၍ ရာဇဂြိုဟ်ပြည်သို့လာခဲ့၍။ ရာဇဂြိုဟ်ပြည်၌၊ ဘဂ္ဂဝအမျိုးဖြစ်သော အိုး ထိန်းသည်အား ခွင့်တောင်း၍ ထိုအိုးထိန်းသည်၏စရပ်၌ တဲနေနှင့်၏။ ထိုအခါမြတ်စွာဘုရားသည် သာဝတ္ထိပြည်ဇေတဝန်ကျောင်းတော်၌နေ သဖြင့်၊ထိုနေ့၌ လောကကိုကြည့်တော်မူသည်ရှိသော်။ ဂုက္ကုသာတိမင်း သည် ဘုရားကိုရည်မှတ်လျက်ရဟန်းပြု၍ ရာဇဂြိုဟ်ပြည်သို့လာသည် ကိုမြင်တော်မူ၍၊မဂ်ဗိုလ်၏ဥပနိဿယကိုဆင်ခြင်ဇေန်တော်မူသော် အနာဂံ တည်အံ့သည်ကိုမြင်တော်မူ၍။ပုက္ကုသာတိအား ငါသည်သင့်ကိုဟ်ခြင်း ကိုပြုအံ့ဟု သာဝတ္ထိပြည်၌ ဆွမ်းခံတော်မူ၍။ ဆွမ်း ဘုန်းပေးပြီးသော် တစုံတယောက်၊သာသူအားမကြားမူ၍၊ သပိတ်သင်္ကန်းကို ယူတော် မူလျက်၊ ကိုယ်တော်ထီးသာလျှင် သာဝတ္ထိပြည်မှ လေးဆဲ့ငါးယူဇနာ ကွာသောရာဇဂြိုဟ်ပြည်သို့ နေ့ချင်းဖြင့်ကြွတော်မူခဲ့၍ ဘဂ္ဂဝအမျိုးဖြစ် သောအိုးထိန်းသည်သို့ကပ်၍၊ ဘဂ္ဂဝ၊သင့်အားအကယ်၍ဝန်မလေးပါ မူ ယခုနေ့တည်း၌မျှသင်၏စရပ်၍တဲနေပါအံ့ဟု မြတ်စွာဘုရားတို့ကြား သည်ရှိသော်။ ရှင်ပင်ဘုရား၊ အကျွန်ုပ်ဝန်မလေး။ ဇရုးဦးစွာရောက်နှင့် သောရဟန်းတပါးနှင့်တောင်းသဖြင့် အကျွန်ုပ်နှင့်ပြု၍ တဲနေနှင့်ပလေ သည်။ ထိုရဟန်းကိုပန်ကြား၍ ထိုရဟန်းဝန်မလေးမူ တဲနေတော်မူပါ ဟု ဘဂ္ဂဝဆိုသဖြင့် ထိုစရပ်သို့ကပ်၍။ ရဟန်း၊ အကယ်၍တည်း သင့် အားဝန်မလေးမူ၊ယခုနေ့တည်း၌ ငါလည်း တဲနေပါအံ့ဟု မြတ်စွာဘုရား နှင့်တောင်းသော်။ ငါ့အရှင်၊ ဖါလည်းဝန်မလေး။ စရပ်လည်းကျယ်ပါ ၏။ တဲနေပါဆိုသဖြင့် မြတ်စွာဘုရားသည် စရပ်သို့ဝင်၍ တင့်အပ်ရာ၌ ဘုရားနေရာကို ခင်းလျက် ထက်ဝယ်နွေ၍ ကိုယ်တော်ကို ဖြောင့်စွာ ဆောက်တည်၍၊ သတိကိုရှေးရှုဖြစ်စေ၍၊ များစွာသော ညဉ့်ပတ်လုံး နေတော်မူ၏။ ပုက္ကုသာတိလေးညဉ်း လက်လှုပ်ခြင်း ခြေလှုပ်ခြင်း စသည် တို့ကိုမပြု၊ ထက်ဝယ်နွေ၍ ကိုယ်ကိုမတ်စွာထား၍ သတိကိုရှေးရှုဖြစ်

စေလျက် များစွာသောညဉ့်ပတ်လုံးနေ၏။တယောက်သည်တယောက်
အား မေးခြင်းဖြေခြင်းကိုမျှမပြု၊ ဆိတ်ဆိတ်သာလျှင် နေကြကုန်၏။ ထို
အခါမြတ်စွာဘုရားသည်ဤသို့ကြံတော်မူ၏။ဤရဟန်းသည် လက်လှုပ်
ခြင်း ခြေလှုပ်ခြင်းမည်သည်မျှလည်း မရှိ။ ချေခြင်းဆတ်ခြင်းလည်း မရှိ။
ကြည်ညိုဘွယ်ရှိသော အမျိုးကောင်းသားဖြစ်၏။ ငါစဉ်စားမဆိုနေ
ဘိမူကား အာယုကပ်ပတ်လုံးပင်သော်လည်း နေရာ၏။ ငါပင်ဤရဟန်း
အား ရှေးဦးစွာအကြောင်းကိုမေးအံ့ဟုကြံတော်မူ၍။ ရဟန်း၊သင်သည်
အဘယ်သူကိုရည်၍ ရဟန်းပြုသနည်း။ အစာယ်သူသည် သင်၏ဆရာ
နည်း။ အဘယ်သူ၏တရားကို သင်သည် နှစ်သက်သနည်းဟု မြတ်စွာ
ဘုရားမေးတော်မူလျှင်၊ ငါ့အရှင်၊ သာကိဝင်မင်းမျိုးမှ ရဟန်းပြုသော
သာကိဝင်မင်း၏သားဖြစ်သော ဂေါတမအမည်ရှိသော ရဟန်းသည်
ရှိ၏။ ထိုရဟန်းဂေါတမအား၊ ဤတိဝိ သောဘဂဝါ၊ အရဟံ၊ သမ္မာ
သမ္ဗုဒ္ဓေါ၊ ဝိဇ္ဇာစရဏသမ္ပန္နော၊ သုဂတော၊ လောကဝိဒူ၊ အနုတ္တရော
ပုရိသဒမ္မသာရထိ၊သတ္ထာဒေဝမနုဿာနံ၊ဗုဒ္ဓေါ၊ဘဂဝါ။ ဟူ၍ကောင်း
သောကျော်စောသံသည် နှံ့၍တက်၏။ ထိုသာကိဝင်မင်းသားဖြစ်သော
ရဟန်းဂေါတမကို ရည်၍ ငါသည် ရဟန်းပြု၏။ ထိုရဟန်းဂေါတမ
သည် ငါ၏ဆရာတည်း။ ထို့ရဟန်းဂေါတမ၏တရားကို ငါနှစ်သက်၏။
ဤသို့ပုက္ကုသာတိ ဆိုသော်။ ထိုသို့ တပြိုးကား။ ရဟန်း၊ ယခုအခါ၌
ဟူသည်းလေးပါးပူဇော်အထူးကို ခံတော်မူထိုက်သော ထိုမြတ်စွာဘုရား
သည် အဘယ်အရပ်၌နေတော်မူသနည်းဟု မြတ်စွာဘုရားမေးတော်မူ
၏။ ငါ့အရှင်၊ ယခုအခါ၌ ထိုမြတ်စွာဘုရားသည် ဤရာဇဂြိုဟ်ပြည်မှ
မြောက်ဖြစ်သော သာဝတ္ထိမြို့၌ နေတော်မူ၏ဟု ပုက္ကုသာတိလျှောက်
၏။ထိုနောက်မှပုက္ကုသာတိကဲ့မြတ်စွာဘုရားမေးတော်မူပြန်၏။ရဟန်း၊
သင်သည် ထိုဘုန်းတော်ရှုခြောက်ပါးနှင့် ပြည့်စုံတော်မူသော မြတ်စွာ
ဘုရားကိုမြင်ဘူး၏လော။ ထိုမြတ်စွာဘုရားကို သင်သည် သိပါ၏လော
ဟုမေးတော်မူလေသော်။ငါ့အရှင်၊ငါသည် ထိုမြတ်စွာဘုရားကိုလည်း
မသိပါ။မြင်လည်းမမြင်ဘူးပါဟူ၍ ပုက္ကုသာတိလျှောက်သဖြင့်ဆင်ခြင်
တော်မူသော်။ဤရဟန်းသည် ငါ့ကိုရည်၍ရဟန်းပြု၍လာသော ပုက္ကု
သာတိပင်ဖြစ်သည်။ ငါလည်း ဤပုက္ကုသာတိကိုပင် သင်္ကိုဟ်အံ့သော
ဌါလာသည်ဟုကြံတော်မူပြီးမှ။ရဟန်း၊သင့်အား ငါသည် တရားဟော

အံ့။ ငါ၏တရားကိုဖေါင်နာလေ့။ နှလုံးခွံသွင်းလေ့ဟု မိန့်တော်မူ၍။ ။ ဆယိမာဓေါ ဘိက္ခု၊ ဓာတုယော၊ ဆဖဿာယတနာနိ၊ အစက္ခိသော ဓာတုဝိဘင်္ဂသုတ်ကို ဟောတော်မူ၏။ သုတ္တန်ဒေသနာတော်၏အဆုံးခွ် ပုက္ကုသာတိသည် ဩရမ္ဘာဂိယ သံယောဇဉ်ငါးပါးကိုပယ်၍ အနာဂံ အဖြစ်ခွ် တည်လေ၏။ အနာဂံဖြစ်ပြီးသော ပုက္ကုသာတိသည် မြတ်စွာဘုရားကိုသိ၍ ဤသို့စင် ရှင်ပင်ဘုရားကို ငါသည် အာဝုသောဝါဒဖြင့် ပြောဆိုမိခဲ့သည်ဟု အဖြစ်ကိုမြင်၍ကန်တော့ပြီးသော် ရဟန်းပဉ္စင်းအဖြစ်ကို တောင်းပန်၏။ မြတ်စွာဘုရားသည် ဇေါတိက္ခု၊ ဥပသမ္မဒ၏ ဥပနိဿယကိုဆင်ခြင်တော်မူသော် မမြင်၍ ဇေါတိက္ခု၊ ခေါ်တော်မမူ။ သပိတ်သင်္ကန်းကိုရှာလေဟု မိန့်တော်မူသောကြောင့် သပိတ်သင်္ကန်းကိုရှာလေရာဝယ်၊ ဂေါဘက်ရန်ဘက်ဖြစ်ဘူးသောဘီလူးသည် နွားမယောင်ဆောင်၍ဝေ့သဖြင့် စုတေ၍ သုဒ္ဓါဝါသဘုံ၌ဖြစ်လေ၏။ ။ထို အကြောင်းကို ရဟန်းတို့ ကြား၍၊ ရှင်ပင် ဘုရား၊ ရှင်ပင်ဘုရားသည် ပုက္ကုသာတိ မင်းကို အနုည်းငယ်သော တရားဖြင့် ဆုံးမတော်မူသည့် နောက် မကြာမြင့်မီစုတေ့ရလေသည်။ထိုမင်း၏အလားသည် အဘယ်သို့ဖြစ်ပါ၊လေသနည်းဟု မေးလျှောက်ကုန်သောကြောင့်။ ချစ်သားတို့၊ ပုက္ကုသာတိသည် ဩရမ္ဘာဂိယသံယောဇဉ်ငါးပါးကို ပယ်၍ သုဒ္ဓါဝါသဘုံ၌ ဥပပတ်ဖြစ်လေပြီဟု မိန့်တော်မူ၏။ ။ခပ်သိမ်းသောရဟန်း ပုဂ္ဂိုလ်တို့အား အလုံးစုံသောအကြောင်းတို့ကို သိခြင်းသည် အာဝဏ္ဍန ပဋိဗန္ဓ-ဆင်ခြင်ခြင်းနှင့် စပ်သည်သာလျှင်တည်း။ ထိုကြောင့် မြတ်စွာဘုရားသည် ပုက္ကုသာတိကိုသာ ဟ်တော်မူလို၍ သာဝတ္ထိမှရာဇဂြိုဟ်သို့လာတော်မူ၍ပုက္ကုသာတိကိုတွေ့ပြီးသော်လည်း၌သူသည်အာဘယ်သူဖြစ်မည်နည်းဟု ဆင်ခြင်တော်မမူသေး၍ ငါပင် ရှေးဦးစွာမေးရစေဟုမေးတော်မူသတည်း။ ။

၄၅။ အလွန်ကြီးသောအသုဂိန်နတ်သားသည်မြတ်စွာဘုရား မျက်နှာတော်ကိုမော်၍ဖူးမြော်ရကြောင်း။

မြတ်စွာဘုရား သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌နေတော်မူသောအခါ၌၊ အသုဂိန္ဒသုတ်ကိုဟောတော်မူ၏။ အကြောင်းဝတ္ထုကား။

အာသုဂိန် နတ်သားသည် အလွန်ကြီးမြင့်၏။ အရပ်သည် ယူဇနာ၎င်းလေး ထောင့်ရှစ်ရာမြင့်၏။ လက်မောင်းတဘက်အကြား ယူဇနာ တထောင့် နှစ်ယူဇနာခြား၏။ သားမြတ်နှစ်ချကြား ယူဇနာခြောက်ရာခြား၏။ လက်ဘဝါး ခြေဘဝါးတို့၏အနုနံကား ယူဇနာသုံးရာရှိ၏။ လက်ဆစ်ယူဇနာ ငါးဆယ်ရှိ၏။ မျက်မှောင်ကြားယူဇနာငါးဆယ်ရှိ၏။ ခံတွင်းဝအကျယ် ယူဇနာနှစ်ရာရှိ၏။ ခံတွင်းအစောက်ယူဇနာ ကိုးရာရှိ၏။ လည်ယူဇနာ သုံးရာရှိ၏။ နဖူးယူဇနာ သုံးရာရှိ၏။ ဦးခေါင်း ယူဇနာ ကိုးရာရှိ၏။ ထို အာသုဂိန်သည် ငါသည်မြင့်လတ်၏။ဘုရားဂေါတမကို လျှိုးဝှံကိုင်းညွတ်၍ ရှိုကြည့်အံ့သောငှါ မတတ်နိုင်ဟုကြံ၍ မြတ်စွာဘုရားအထံသို့မဆည်း ကပ်ဘဲနေ၏။တရံရောအခါ နတ်တို့၏အထံမှမြတ်စွာဘုရား၏ကျေးဇူး တော်တို့ကို ကြား၍။ ဘုရားဂေါတမသည် အဘယ်ကဲ့သို့ပင် ဖြစ်လေသနည်း။ ငါသွား၍ကြည့်ချေအံ့ဟုကြံ၍ မြတ်စွာဘုရားအထံသို့ လာ၏။ မြတ်စွာဘုရားသည် အာသုဂိန်နတ်သား၏နှလုံးအလိုကို သိတော်မူ၍ ဇာတိ ယာဝုတ်လေးပါးတို့တွင် အဘယ်ဇာတိယာဝုတ်ဖြင့် ငါ၏ကိုယ်တော်ကို အာသုဂိန်နတ်အား ပြရအံ့နည်းဟု ကြံတော်မူပြီးလျှင်၊ ရပ်၍နေသောသူ မည်သည်ကား နိမ့်သူပင်ဖြစ်သော်လည်း မြင့်သကဲ့သို့ထင်တတ်၏။ထို ကြောင့်လျှောင်းလျက်သာသျှင်ငါ၏ကိုယ်တော်ကို ရဟုအာသုဂိန်အား ပြအံ့ဟုကြံတော်မူ၍။ အဂ္ဂင်အာနန္ဒာကိုဂန္ဓကုဋိပရိဝုဏ်၌ညောင်စောင်း ခင်းချဟု စေတော်မူ၍ အဂ္ဂင်အာနန္ဒာ ခင်းပြီးသော် မြတ်စွာ ဘုရား သည် ထိုညောင်စောင်းသို့ကြွ၍ လျှောင်းလျက် နေတော်မူနှင့်၏။ အာသု ဂိန်နတ်သားလာရောက်၍ မျက်နှာတော်ကိုကြည့်သော် ကောင်းကင်၏ အလယ်၌လပြည့်ဝန်းကိုမော်၍ကြည့်ရသကဲ့သို့ကြည့်ရ၏။ဤသို့ကြည့် ခြင်းအကြောင်း အဘယ်သို့နည်းဟု မြတ်စွာဘုရား မေးတော်မူသဖြင့်။ ဘုန်းတော်ကြီးသောဂျင်ပင်ဘုရား၊ အကျွန်ုပ်သည် ငါသည် ကြီးမြင့်လ၏။မြတ်စွာဘုရားကိုလျှိုးဝှံ၍ကြည့်ခြင်းငှါမတတ်နိုင်ဟု အဂ္ဂင်ဘုရားသို့ မဆည်းမကပ်နေမိ၏ဟုလျှောက်သော်။အာသုဂိန်၊ ငှေးငှေးသောကာလ၌ ပါရုဂိမ်းဖြည့်တော်မူသော ငါသည် မျက်နှာအောက်သို့ပြု၍ဖြည့်တော် မမူ။ အထက်သို့သာပြု၍ ဖြည့်တော်မူသည်ဟု မိန့်တော်မူ၏။ အာသုဂိန် လည်းထိုနေ့ကိုအစပြု၍မြတ်စွာဘုရားအားကိုးကွယ်လေ၏။ ။

၄၆။ ရှင်ဒေဝဒတ်မြတ်စွာဘုရားအား ရှေးဦးစွာရန်ပြုးဘွဲသည်ကစ၍မြေမျိုသည်တိုင်အောင်သော အကျယ်စကားကိုပြရာ။

ဤစတုပ္ပတိ ပေစ္ဆတုပ္ပတိ၊ အစရှိသောတရားကို ဇေတဝန်ကျောင်း တော်၌နေတော်မူလျက် ရှင်ဒေဝဒတ်ကိုမြေမျိုလေသည်ကိုအကြောင်း ပြု၍ဟောတော်မူ၏။ အကြောင်းဝတ္ထုကား၊ ဘုရားမြတ်စွာသည် အနုဒိယနိဂုံး၌ ဖွေလျော်တော်မူသည်အား လျော်စွာ နေတော်မူ၍။ ကောသမ္ဗီပြည်သို့ကြွ၍ ကောသမ္ဗီပြည်၌ဃောသိတသူဌေး၏အရံ၌နေတော်မူသောအခါ များစွာသောလူတို့သည် များစွာသော လှူဘွယ်ဝတ္ထုတို့ကို ယူခဲ့ကုန်၍။ မြတ်စွာဘုရား အဘယ်မှာနည်း။ အရှင် သာရိပုတြာ အဘယ်မှာနည်း။ အရှင်မောဂ္ဂလာန် အဘယ်မှာနည်း။ အရှင်ကဿပ အဘယ်မှာနည်း။ အရှင်ဘဒ္ဒိယ၊ အရှင်အနုရုဒ္ဓါ၊ အရှင်အာနန္ဒာ၊ အရှင်ဘဂု၊ အရှင်ကိမိလထေရ် အဘယ်မှာနည်း။ ဤသို့အစရှိသည်ဖြင့် ရှစ်ကျိပ်သောမဟာထေရ်တို့၏နေရာကိုရှာလျက်သွားကုန်၏။ အရှင်ဒေဝဒတ် အဘယ်မှာနေသည်အဘယ်မှာရပ်သည်ဟုတစုံတယောက်မျှမေးသော သူမည်သည်မရှိ။ထို့ကြောင့် ရှင်ဒေဝဒတ်သည်ကြီး၏။ထိုသူတို့နှင့်အတူ ငါသည် ရဟန်းပြုပါ၏။ ထိုသူတို့လည်း မင်းမျိုးရဟန်း။ ငါလည်း မင်း မျိုးရဟန်းဖြစ်လျက် လာဘ်သပ္ပကာ လက်ဦးပါကုန်သော လူတို့သည် ထိုသူတို့ကိုသာ ရှာဘွေမေးမြန်းကုန်၏။ တစုံတယောက်သည်မျှ ငါ့ကို မမေးမရှာပါ။ငါသည် အဘယ်သူနှင့်တကွဖြစ်၍ ဘယ်သူကို ကြည်ညိုစေ၍ လာဘ်ပူဇော်သက္ကာရကိုဖြစ်စေရအံ့နည်းဟုကြံပြီး၍။ ဤသို့အကြံ ဖြစ်ပြန်၏။ဤဗိမ္မိသာရမင်းသည် ရှေးဦးတကြိမ်မဖူးမြင်ရသဖြင့် တသိန်း တဆောင်းကုန်သောပရိသတ်တို့နှင့်တကွ သောတာပန်ဖြစ်၏။ ဤမင်း နှင့်တကွ ဖြစ်အံ့သောငါ့ မတတ်ကောင်း။ ပဿေနဒိကောသလ မင်းနှင့် လည်း တကွဖြစ်အံ့သောငါ့ မတတ်ကောင်း။ ဗိမ္မိသာရမင်း၏သားဖြစ် သောအဇာတသတ်မင်းသားသည် တစုံတယောက်သောသူ၏ငကျူးငှား အပြစ်ကိုမသိသေး။ ဤမင်းသားနှင့်တကွဖြစ်အံ့ဟု ကြံပြီး၍။ ကောသမ္ဗီ ပြည်မှ ရာဇဂြိုဟ်ပြည်သို့သွား၍ သတို့သားငယ်အသွင်ကိုဘန်ဆင်း၍။ လေးစင်းသောမြွေဟောက်တို့ကိုလက်ခြေတို့၌ လက်ကောက်ခြေကျင်း

ပြု၍။ တစင်းသောဖြေကိုလည်း၌တန်ဆာဆင်၍။ တစင်းသောဖြေကိုဦး ခေါင်း၌ခေါင်းပေါင်းအခွေကဲ့သို့ပြု၍"တစင်းသောဖြေကို ပခုံးတဘက် ၌တင်၍။ ကောင်းကင်မှ သက်ပြီးလျှင်။ အဓာတသတ်မင်းသား၏ ရင် ခွင်၌ထိုင်နေလာ၏။ မင်းသားသည်ကြောက်၍ သင်အဘယ်သူနည်းဟု မေးသော်။ငါဒေဝဒတ်တည်းဟုဆို၍မင်းသားအကြောက်ကိုပျောက်စိမ့် သောငှါ သတို့သားငယ်အသွင်ကဲ့ပျောက်၍ သဒိတ်သက်နှံးကိုဆောင် လျက် မင်းသား၏ရှေ့မှရပ်လျက် ထိုအဓာတသတ်မင်းသားကို ကြည် စေ၍ လာဘ်သပ္ပကာကိုဖြစ်စေ၏။ အဓာတသတ်သည် ဒေဝဒတ်ကို ကြည်ညိုသဒ္ဓါ၍ ဂယာသီသဒ္ဒကျောင်းဆောက်၍ ဒေဝဒတ်ကိုနေစေ ထျက်ဆရာပြု၏။ ဆွမ်းချက်ဝတ်ဒကိုး အလုံးငါးရာတည်း၏။ ရာဇဂြိုဟ် ပြည်မှ တဂါဝုတ်ခန့်ကွာသော ဂယာသီသဒ္ဒ နေသော ဒေဝဒတ်သို့ ရထားငါးရာအခြံအရံနှင့်တကွ ညနံနက်မပြတ် မင်းသားသည် ဆည်း ကပ်၏။ ဤသို့ အဓာတသတ်မင်းသားသည် ကိုးကွယ်ချီးမြှောက်အပ် သဖြင့်ဒေဝဒတ်အားလာဘ်များလျှင် ငါသည်ရဟန်းသဃ်ာကိုဆောင် အံ့ဟု ယုတ်မာသောစိတ်ကိုဖြစ်စေ၏။ မြတ်စွာဘုရားသည် ဝေဠုဝန် ကျောင်းတော်၌ နေသောအခါ မင်းနှင့်တကွသော ပရိသတ်၌ တရား ဟောတော်မူသော မြတ်စွာဘုရားသို့ ကပ်၍ ဂိုဏ်းလျက် နေရာမှ ထ၍ လက်အုပ်ချီလျက်။ ဘုန်းတော်ကြီးသောရှင်ပင်ဘုရား၊ ယသအခါ၌ ရှင် ပဓ်ဘုရားသည်အိုပြီ။ အရှယ်တော်ကြီးပြီ။ အသက်တော်ကြီးပြီ။ မျက် မှောက်သောကိုယ်၏အဖြစ်၌ ချမ်းသာစွာနေခြင်းကိုယှဉ်တော်မူလော့။ အကျွန်ုပ်သည် ရဟန်းသဃ်ာကို ဆောင်ပါအံ့။ အကျွန်ုပ်အား ရဟန်း သဃ်ာကိုနှင်းတော်မူလေ့ဟုလျှောက်၍။ ဒေဝဒတ်၊ မသင့်။ သင့်အား ရဟန်းသဃ်ာကိုဆောင်ခြင်းငှါ မနှစ်သက်လင့်ဟု ပယ်တော်မူ၏။ နှစ် ကြိမ်မြောက်၎င်း သုံးကြိမ်မြောက်၎င်း ဒေဝဒတ်သည်လျှောက်၏၊ဘုန်း တော်ကြီးသောရှင်ပင်ဘုရားသည် ယသအခါအိုပြီ။ အရှယ်ကြီးပြီ၊ အ သက်ကြီးပြီ၊ မင်းနှစ်ဆက်သုံးဆက်လည်ပြီ။ ဟတိယအရှယ်သို့ရောက် ပြီ။ မျက်မှောက်၌ချမ်းသာစွာနေတော်မူ။ သဃ်ာကိုအကျွန်ုပ်ဆောင်အံ့။ အကျွန်ုပ်အား ရဟန်းသဃ်ာကို အပ်နှင်းတော်မူဟု လျှောက်၏။ ဒေဝ ဒတ်၊မသင့်။သင့်အား ရဟန်းသဃ်ာကိုဆောင်ခြင်း၌ မနှစ်သက်လင့်ဟု ပယ်တော်မူ၏။ ထိုအခါဒေဝဒတ်သည်။ ဤဂေါတမဘုရားကား သာဂိ

ပုတြဲ၁၊ မောဂ္ဂလျာန်တို့ကိုသာ ချီးမြှောက်ဏ္ဍ၏ဟု နှုတ်မသာသည်ဖြစ်၍ ဘုရားကိုရှိခိုး၍လက်ျာရစ်လှည့်၍သွားလေ၍ရန်ငြိုးဘွဲ့လေဏ္ဍ။ ဤသည် လျှင်ရှေးဦးစွာရန်ငြိုးဘွဲ့ခြင်းတည်း။ ။

ထိုအခါမြတ်စွာဘုရားသည် အရှင်သာရိပုတြဲဂါကိုစေ၍ ဓဒင၀တ် အားရာဇဂြိုဟ်ပြည်၌ပကာသနိယကံကိုစေပြဏ္ဍ၏။ ဒေ၀ဒတ်သည်ကိုယ် ဖြင့်နှုတ်ဖြင့်အကြင်အမှုကိုပြုဏ္ဍ၏။ အကြင်အမှုကိုဆိုဏ္ဍ၏။ ထိုသို့ ပြုဆိုခြင်း ကြောင့် ဒေ၀ဒတ်ကိုဘုရားဟူ၍၊ တရားဟူ၍၊ သံဃာဟူ၍မမှတ်အပ်။ ဒေ၀ဒတ်ဟူ၍သာ မှတ်အပ်ဏ္ဍ၏ဟု ပကာသနိယကံကို ပြုစေဏ္ဍ၏။ ဤသို့ ပကာသနိယကံပြုသောအခါ ထိုရာဇဂြိုဟ်ပြည်၌ ရတနာသုံးပါးတို့ကို မသဒ္ဓါမကြည်ညိုကုန်သော ပညာအသိမရှိကုန်သော သူဖိုက်တို့သည် ဤသာကီ၀င်မင်းသား ရဟန်းတို့သည် ဒေ၀ဒတ်အား လာဘ်သပွါကာ မျှားသည်ကို ငြူ။စူဏ္ဍ၏ဟုဆိုကုန်ဏ္ဍ၏။ ရတနာသုံးပါး၌ သဒ္ဓါကြည်ညိုကုန် သော ပညာရှိကုန်သောသူတို့သည် အကြင်အခြင်းဖြင့် မြတ်စွာဘုရား သည် ဒေ၀ဒတ်ကိုရာဇဂြိုဟ်ပြည်၌ ထင်ရှားပြစေဏ္ဍ၏။ထိုအခြင်းဖြင့် ဤ အမှုသည်အနည်းငယ်မဖြစ်လတ္တံ့.ဟုဆိုကုန်ဏ္ဍ၏။ထိုအခါဒေ၀ဒတ်သည် ငါ့ကို ဘုရားစွန့်ပစ်လေပြီ။ ငါသည်လည်း ထိုဘုရားဏ္ဍ၏အကျိုးမဲ့ကိုသာ ပြုတော့အံ့ဟု ကြံ၍ အဇာတသတ်မင်းသားသို့ကပ်၍ ဤသို့ဆိုဏ္ဍ၏။ မင်း. သား၊ ရှေးအခါ လူတို့သည် အသက်ရှည်ကုန်သည်။ယခုအခါ အသက် တိုကုန်သည်။သင်သည် သတို့သားငယ်ဖြစ်လျက် အကြင်အကြောင်း ဖြင့်သေရာဏ္ဍ၏။ထိုအကြောင်းသည်ရှိဏ္ဍ၏။ထိုကြောင့် သင်သည် အဘကို သတ်၍ မင်းပြုလော့။ ငါသည်လည်း ဘုရားကိုသတ်၍ ဘုရားပြုကော့ မည်ဟု ဆိုသော် အဇာတသတ်မင်းသားသည် အရှင်ဒေ၀ဒတ်ယုည် တန်းခိုးကြီးဏ္ဍ၏။ အာနုဘော်ကြီးဏ္ဍ၏။ အရှင်ဒေ၀ဒတ်သည် အကြောင်းကို သိလေရာဏ္ဍ၏ဟု ဒေ၀ဒတ်စကားကိုနာ၍၊ပျိုင်ခွိထားကိုဘွဲ့လျက် စော ဇေစောကပင် အဆောတလျင် နန်းတော်တွင်းသို့ ဝင်လေဏ္ဍ၏။ နန်းတော် တွင်းခွိခစားကုန်သော အမတ်ကြီးတို့သည် မင်းသားကို ဘမ့်းကုန်၍ စိစစ်မေးမြန်းရာဘွဲ့သော် ပျိုင်ခွိဘွဲ့သော်ထားငယ်ကိုရ၍၊ မင်းသား၊ သင်သည် အဘယ်သို့ပြုလိုသနည်းဟုမေးကုန်ဏ္ဍ၏။အဘမင်းကိုသတ်လို ဏ္ဍ၏ဟုဆို၍။ အဘယ်သူ့ဆည်း မင်းသားအားတိုက်တွန်းသနည်းဟု မေး စစ်ပြန်သဖြင့်။ အရှင်ဒေ၀ဒတ်တိုက်တွန်းဏ္ဍ၏ဆိုသော်။ အချို့သောအမတ်

တို့သည် မင်းသားကိုလည်းသတ်အပ်၏။ ဒေဝဒတ်ကိုလည်းသတ်အပ်၏။အလုံးစုံသောရဟန်းကိုလည်းသတ်အပ်၏ဟုဆိုကုန်၏။ အချို့သောအမတ်တို့သည် မင်းသားနှင့်ဒေဝဒတ်ကိုသတ်အပ်၏ဆိုကုန်၏။ အချို့သောအမတ်တို့သည် မင်းသားဒေဝဒတ် အလုံးစုံကိုပင် မသတ်အပ်။ မင်းကြီးအား ကြား၍ မင်းကြီးဆိုတိုင်းကိုသာ ပြုအပ်၏ဟု ဆိုကုန်၏၊ ထိုနောက်စကားကိုနာကြ၍ အမတ်တို့သည်မင်းသားကိုယူ၍ဗိမ္ဗိသာရမင်းကြီးအားအလုံးစုံသောအဓိကြောင်းကိုကြားလျှောက်လေကုန်၏။မင်းကြီးလည်းအဘယ်အမတ်ကြီးတို့သည် အစာယ်အယူရှိကုန်သနည်းဟုမေးသော်။အမတ်တို့သည် သုံးစုကွဲ၍ အယူရှိကြဖြောင်းကို လျှောက်ကုန်သဖြင့်။ အချင်းတို့၊ အဘယ်သို့ပြုလတ္တံ့နည်း။ ရှေးဦးကပင် မြတ်စွာဘုရားသည် ရာဇဂြိုဟ်ပြည်၌ ဒေဝဒတ်၏ ယသချသဘောသည် ရှေးနှင့်မတူပြီ။ ဒေဝဒတ် ပြုသောအမှု၊ ဆိုသောစကားဖြောင့် ဒေဝဒတ်ကို ဘုရား တရား သံဃာဟူ၍မမှတ်အပ်ဟု ထင်ရှားဖြစ်စေပြီဆို၍။ ထိုအမတ်ကြီးသုံးစုတို့တွင် မင်းသားကိုထင်း ဒေဝဒတ်ကိုထင်း အလုံးစုံသောရဟန်းတို့ကိုထင်း သတ်အပ်၏ဟုဆိုသော အမတ်တို့ကို သူရင်းငှါးကိုပြုအပ်၏။ မင်းသားနှင့်ဒေဝဒတ်ကို သတ်အပ်၏အယူရှိသော အမတ်တို့ကို နိမ့်သောအရာ၌ထားအပ်၏။ အလုံးစုံကို မသတ်အပ်၊ မင်းကြီးအားကြားလျှော်၍ မင်းကြီးဆိုတိုင်းကိုပြုအပ်၏ဟုအယူရှိသောအမတ်တို့ကို မြင့်သောနေရာ၌ထားအပ်၏ဟုဆို၍။ အဓာတသတ်မင်းသားကိုလည်း သင်သည်အဘယ်ကြောင့် ငါ့ကိုသတ်လိုသနည်းဟုမေး၍ မင်းအဖြစ်ကိုအလိုရှိသောကြောင့်သတ်လိုသည်ဟုဆိုလျှင်။ အကယ်၍သင်သည်မင်းပြုလိုအံ့၊မင်းပြုလေ့ဟုအဓာတသတ်အားပြည်ကိုနှင်း၏။ ။ ထိုအကြောင်းကိုကြားလျှင် ဒေဝဒတ်လာပြန်၍၊ မင်းသား၊ပြည်ကိုအပ်ကာမျှဖြင့် အမှုအပြီးသို့မရောက်သေး။နောင်ကာလ အဘသည်အလိုရှိပြန်လျှင် အမှုသစ်ဖြစ်လတ္တံ့၊ပြုအပ်သောကိစ္စကိုအပြီးတိုင်ရောက်စေမှသင့်မည်ဟုဆို၏။ ထိုစကားကိုကြားလျှင် ဒေဝဒတ်သည် အဟုတ်ကိုဆိုဖူးပေသည်။အဘသည်သည်းညည်း အသက်ထွေးသာတာရဟာဖြာက်သည်ဟုနှလုံးသွင်း၍ ငါ၏အဘကိုနှောင်သွင်းဆား့ဘိ။ ငါ၏အမိမှတပါး သောသူကိုမဝင်စေနှင့်ဟု မင်းချင်းတို့ကိုဆုံးစေ၍ အဘကိုနှောင်အိမ်သွင်းစေ၍ ခုနစ်ရက်ရှိပြီးသော် ငါ၏အဘမသေသေးလောဟုမေး၍ မသေကြောင်းကို

လျောက်လျင်။ အဘယ်ကြောင့်နည်းဟုမေး၍။ မယ်တော်ထမင်းယူခဲ့၍ စားရသောကြောင့် မသေပါဟု လျောက်၍။ မယ်တော်ကို လက်တွင် အထုပ်အဖိုး မပါစေလင့်ဟု မင်းချင်းတို့ကိုဆိုသဖြင့် ဆီးတားမြစ်ကုန်သော်။ မယ်တော်ဝေဒေဟိမိဘုရားသည်ထမင်းကိုကိုယ်၌ဝတ်ရုံသောတဘက်၌ ယူခဲ့၍ စားရ၏။ ချနစ်ရက်ဂိုပြန်သော် မသေသေးလောဟုမေး၍ ကိုယ်၌ဝတ်ရုံသောအဝတ်ထဲမှာထမင်းပါသောကြောင့်စား၍ မသေသေးဟု လျောက်၍ ငါ၏မယ်တော်ကို အပေါ်ရုံအဝတ်မပါစေနှင့်ဟုဆို၍ အဝတ်တန်ဆာအပေါ်ရုံနှင့်တကွမဝင်ရသော် ဆံထုံးထဲ၌ထမင်းကိုယူခဲ့သဖြင့်စား၍ ချနစ်ရက်ဂိုပြန်၍မသေသေးလောဟုမေး၍ မယ်တော်ဆံထုံးထဲ၌ထမင်းပါ၍စားရသောကြောင့် မသေသေးဟု လျောက်လျင်။ မယ်တော်ကို ဆံထုံးထုံး၍မဝင်စေနှင့်ဟု ဆိုပြန်သောကြောင့် ဆံထုံးထုံး၍မဝင်ရသော် ခြေနင်းခွက်၌ထမင်းကိုထည့်၍ယူခဲ့၍ စားရ၏။ ချနစ်ရက်ဂိုပြန်သော် မယ်တော် ခြေနင်းခွက်တွင်ထမင်းပါ၍စားရသောကြောင့် မသေသေးဟုလျောက်လျင်။ ငါ၏မယ်တော်ကို ခြေနင်းစီး၍ မဝင်စေနှင့်ဆို၍ မြစ်ပြုန်သဖြင့် ခြေနင်းမစီးရခဲ့သော် ကိုယ်ကိုရေမိုးသန့်ပျံစွာချိုး၍ ယာဂုထမင်းပျားသကာတို့ကို လိမ်းကျုံ၍ဝင်သဖြင့် ထိုမိဘုရားကိုယ်၌ကပ်သော အာဟာရကို လျှာဖြင့်လျက်၍မှိုဝဲသဖြင့် ချနစ်ရက်ကြာပြန်၍ မသေသေးလောမေးသော်။ အခင်မင်းကြီး၊ မယ်တော်သည် ယာဂုပျားတင်လဲစသောလျက်ဘွယ်တို့ကိုကိုယ်၌လိမ်းကျုံ၍ဝင်လာသဖြင့် ထိုအာဟာရကိုလျှာဖြင့်လျက်၍ မှိုဝဲရသောကြောင့်မသေသေးဟုဖလျောက်လျင်။ ငါ၏မယ်တော်ကိုမဝင်စေနှင့်ဟုမြစ်ဖလေ၏။ ဗိမ္မိသာရုမင်းကြီးသည် ဖနှောင်အိမ်ထဲ၌ အာဟာရကိုမမှိုဝဲရသော်လည်း စကြီသွားသဖြင့် ချနစ်ရက်ပတ်လုံးမျှ၏။ မသေသေးလောမေးပြန်၍ မသေသေးဟု လျောက်ဖသော်။ အဘယ့်ကြောင့်နည်းမေး၍စကြီသွား၍ခမည်းတော်နေသည်ဟုလျောက်လျင်ငါ့ခမည်းတော်၏ ခြေဘဝါးနှစ်ဘက်ကို သင်တုန်းဖြင့် အစိတ်အစိတ်လှီးပြွင်း၍ ဆားလူး၍ မီးကျီးစု၌ ကင်လေဟု စေသဖြင့်။ ထိုစေတိုင်း မင်းချင်းတို့ပြု၍၊ အစာတသတ်မင်း၏ခမည်းတော် ဗိမ္မိသာရုမင်းကြီး သေခြင်းသို့ရောက်၏။ အစာတသတ်ဖင်းသည် မြတ်စွာဘုရား ဘုရားဖြစ်တော်မူ၍ သုံးဆဲ့ခုနစ်ဝါမြောက်နောက်တွင် မင်းဖြစ်၏။ ။ဤသို့ အစာတသတ်

မင်းသားအဘဗိမ္မိသာရကိုသတ်၍မင်းဖြစ်ပြီးသောအခါဆရာဒေဝဒတ်သည် ဒါယကာမင်းကြီးမှာ အလိုပြည့်ပြီ။ငါ့မှာအလိုမပြည့်။ ထို့ကြောင့် ဂေါတမဘုရားကိုသတ်စေခြင်းငှါ သုံးကျိပ်တယောက်သောလေးသပွားတို့ကိုဆရာ့အားပေးထွေပဟာတောင်းဏ်။ ။

ထိုအခါ မြတ်စွာဘုရားသည် ဂိဇ္ဈကူဋ်တောင်ကျောင်းဌ နေတော်မူဏ်။ ရာဇဂြိုဟ်ပြည်ကား၊ အလျား၊ အနံ၊ အချင်း၊ သုံးဂါဝုတ်စီရှိဏ်။ မြို့တွင်းအိမ်ခြေ ကိုးကုဋေ၊ မြို့ပြင်အိမ်ခြေ ကိုးကုဋေအားဖြင့် တဆဲ့ရှစ်ကုဋေ ရှိဏ်။ တံခါးကြီး သုံးဆဲ့နှစ်။ တံခါးငယ်မလွယ် ခြောက်ဆဲ့လေးတံခါးရှိဏ်။ နွားခြံကဲ့သို့ တောင်ညိုငါးလုံးရံဏ်။ အရှေ့၌ ပဏ္ဍုဝတောင်။ အရှေ့တောင်၌ ဝေဘာရ။အနောက်တောင်၌ဂိဇ္ဈကူဋ်။အနောက်မြောက်၌ ဝေပုလ္လ။မြောက်၌ ဣသိဂိလိ။ဤတောင်ငါးလုံးတို့သည်ရံကုန်ဏ်။ထိုရာဇဂြိုဟ်ပြည်ကို ရံလည်၍ မြတ်စွာဘုရား သိတ်ဝင်းသုံးတော်မူရာကျောင်းရပ်မှာလည်း ဖဗ္ဗုဝန်ကျောင်းတော်။ ဣသိဂိလိတောင်၌ ကျောက်ညိုလိုဏ်။ဝေဘာရတောင်၌ စရည်းပင်လိုဏ်။သိတဉ္ဇန၌ သပ္ပဒေသာဏ္ဍိကလိုဏ်။ တပေါဒါမြစ်နားဌ တပေါဒါရုံကျောင်းတော်။ ဂိဇ္ဈကူဋ်တောင်ကျောင်းတော်။ဇီဝကသရက်ဥယျာဉ်၌ ကျောင်းတော်။ဂေါတမနိဂြောဓာရုံ ကျောင်းတော်။ စောရပပါတ ကျောင်းတော်။ မဒ္ဒကုစ္ဆိမိဂဒါယကျောင်းတော်။ ဤသို့အစရှိသောအားဖြင့် တဆဲ့ရှစ်ရပ်ရှိဏ်။ ။ဝဇ္ဇိဝဇ္ဇန်ကျောင်းတော်ကား ရာဇဂြိုဟ်ပြည်၏ အရှေ့မြောက်၌တည်ဏ်။ ဇီဝကဏ်၏ သရက်ဥယျာဉ် ကျောင်းဇတော်ကား ဂိဇ္ဈကူဋ်တောင်နှင့် မြို့တံတိုင်းဏ်၏အကြားတွင် တည်ဏ်။ ဒေဝဒတ်သည် အဇာတသတ်မင်းထံသွား၍ လေးသပွားတို့ကို တောင်းလေသော် သုံးကျိပ် တယောက်သော လေးသပွားတို့ကို ခေါ်၍။ အချင်းတို့၊ ဆရာ့ရှင်ဒေဝဒတ်ဆိုတိုင်းကို သင်တို့ပြုလေကုန်ဟု မှာ၍ ရှင်ဒေဝဒတ်ထံ လွှတ်ထိုက်ဏ်။ ဒေဝဒတ်သည် ထိုသုံးကျိပ်တယောက်တို့တွင် လေးသပွားကြီးကိုခေါ်၍ သင်သည် သွား ချေ။ ရဟန်းဂေါတမသည် ဤမည်သောအရပ်၌နေလေဏ်။ ထိုဂေါတမ်မကို ယခုအောင်လေးဖြင့်ပစ်သတ်၍ ဤမည်သောခရီးဖြင့် ပြန်လာလှည့်ဟုဆိုဏ်။ ထိုလေးသပွားကြီးပြန်လာလတ္တံ့.သောခရီး၌ နှာက်ယောက်သော လေးသပွားတို့ကို ဤခရီးဖြင့် ယောက်ျားတယောက်သည် လေးထမ်း၍ လာလတ္တံ့.။ ထိုယောက်ျားကိုသင့်တို့သတ်၍ ဤမည်သောခရီးဖြင့်ပြန်ခဲ့

ကုန်ဆို၍ ထား၏၊ ထို၌စ်ယောက်သောယောက်ျားတို့ ပြန်လတ္တံ့.သော ခရီးဌ လေးယောက်သောယောက်ကျားတို့ကို ဤခရီးဖြင့် ယောက်ျား၌စ်ယောက်တို့သည်လာကုန်လတ္တံ့.။ ထိုသူတို့ကိုသင်တို့သတ်၍ ဤမည်သောခရီးဖြင့် ပြန်ခဲ့ကုန်ဟုဆို၍ ထား၏။ ထိုလေးယောက်တို့ ပြန်လာလတ္တံ့.သောခရီးဌလည်း ၎စ်ယောက်သော ယောက်ျားတို့ကို စောင့်၍ သတ်စိမ့်သောဌါ ရှေးနည်းမျာထား၏။ ထို၎စ်ယောက်တို့ပြန်လာလတ္တံ့. သော ခရီးဌလည်း ဤခရီးဖြင့် ၎စ်ယောက်သော ယောက်ျားကိုသည်လာကုန်လတ္တံ့.။ ထိုသူသို့ကို သင်တို့ သတ်၍ လာခဲ့ဟု တကျိပ်ခြောက်ယောက်သောသူတို့ကို ဆိုး၍သတ်စိမ့်သောဌါ ထား၏၊ ။ဤသို့လျှင် ဒေဝဒတ်သည် ဘုရားတဆူကို ရည်၍ ဗိဗိပြုသောအမှုကို လျှို့ဝှက်လိုသဖြင့် အဆင့်အဆင့်သတ်၍ များစွာသောသူတို့ကို ပျက်စီးစေခြင်းဌါ စေခိုင်းပြီးသောအခါ လေးသွားကြီးတယောက်သည် သန်လျက် ထားကိုယူ၍၊ လေး မြား ဓားတို့ကို ကိုယ်၌မြဲမြံစွာဝှဲ၍ မြတ်စွာဘုရား ရှိတော်မူရာအရပ်သို့ ကပ်လေလျှင်။ မြတ်စွာဘုရား၏ မနီးမဝေးသော အရပ်၌ ကြောက်ထိတ်လန့်လျက် ခိုင်ကြံသော ကိုယ်ဖြင့် ရပ်လေ၏၊ ထိုသို့ ကြောက်ထိတ်လန့်လျက် ရပ်သည်ကိုမြင်တော်မူ၍။ ဒါယကာ၊ မကြောက်လင့်။ လာလတ္တံ့ဟု မြတ်စွာဘုရားမိန့်တော်မူလျှင်။ သန်လျက် လေးမြားတောင့်တို့ကို တင့်အပ်ရာဌ၌ထား၍၊ ဘုရားမြတ်စွာသို့ ကပ်၍၊ မြတ်စွာဘုရားသခင်၏ခြေတော်တို့ဌ၌ဝပ်၍။ ဘုန်းတော်ကြီးသောဂုဏ်ပင် ဘုရား၊ အကျွန်ုပ်သည် ဓိုက်မဲဝေ့ဝေမလိမ္မာသောအလျောက် ပြစ်မှဉ်းလိုသောစိတ်ဖြင့် ဤအရပ်သို့ ကပ်လာခဲ့၏။ အပြစ်ကို သည်းခံတော်မူပါ။နောင်အခါ စောင့်စည်းဆင်ခြင်ပါအံ့ဟုလျှောက်တောင်းပန်သော်။ ဒါယကာ၊သင်သည်အပြစ်ကိုအပြစ်အားဖြင့်မြင်၍ သဘောအားလျှော်စွာထင်ရှားပြု၏။ ငါတို့ဓာသည် သင့်အားသည်းခံကုန်၏။ ထို့သို့သည်းခံခြင်းသည်လည်း သင့်အား အကျိုးစီးပွါးများရာ၏ဟု မိန့်တော်မူ၍ ထို ယောက်ျားအား ဒါနကထာ သိလကထာစသော အစဉ်စကားကိုပြော ဟောတော်မူပြီးသော်။ ထိုယောက်ျား၏ ခွံသော နူးညံ့သော နီဝရဏာကင်းသောအဖြစ်ကိုသိတော်မူ၍။ ကိုယ်တော်မှ အသိုးထုတ်အပ်ဖြသောတရားဒေသနာတော်ဖြင့်၊ ဒုက္ခသစ္စာ၊ သမုဒယသစ္စာ၊ နိရောဓသစ္စာ၊ မဂ္ဂသစ္စာတရားလေးပါးကိုထင်ရှားပြုတော်မူ၏။ ဥပမာကား၊စင်ကြယ်

သော အညစ်အကြေးကင်းသောပုဆိုးခွ အညိုအညွတ် ဆိုးရည်ထက် ဝန်းကျင်စွဲသကဲ့သို့ ထို့အတူ ထိုယောကျ်ားလေးသွားအား ထိုနေရာ၌ အကြင်ဖြစ်တတ်သောသဘောတရားရှိ၏။ ထိုတရားသည် ချုပ်တတ်သောသဘောရှိ၏ဟု။ ဖြူအညစ်အကြေးကင်းသော သောတာပတ္တိမဂ်ပညာမျက်စိသည် ထင်ရှားဖြစ်၏။ မြင်ပြီးသောတရားရှိသော၊ နိဗ္ဗာန်သို့ သက်ပြီးသော တရားရှိသော၊ ကူးမြောက်ပြီးသော ဝိစိကိစ္ဆာရှိသော၊ သို့လား သို့လားဟူ၍ ယုံမှားခြင်းကင်းပြီးသော၊ ဝေသာရဇ္ဇဉာဏ်သို့ ရောက်ပြီးသော လေးသွားသည်၊ ဘုရားမှတပါး ကိုးကွယ်ရာ ဘုရားသာသနာ၌ မရှိသည်ဖြစ်၍။ ဘုန်းတော်ကြီးသော ရှင်ပင်ဘုရားသည် မြောက်၍ထားသောဝတ္ထုကို လှန်ဘိသကဲ့သို့၊ ဖုံးလွှမ်းသောဝတ္ထုကို ဘွင့်ဘိသကဲ့သို့၊ ဆိုဖြီးထွန်းဘိသကဲ့သို့၊ မျက်စိ အမြင်ရှိသော သူတို့သည် ဆင်ရုပ်မြင်းရုပ်အစရှိသောအရုပ်တို့ကိုမြင်ဘိသကဲ့သို့။ထို့အတူ ရှင်ပင်ဘုရားသည် များစွာသောအကြောင်းဖြင့် တရားကိုပြုပေ၏။ ထို အကျွန်ုပ်သည် မြတ်စွာဘုရားတို့ကို ကိုးကွယ်ရာဟူ၍မှတ်ပါ၏။တရားတော်ကို သံဃာတော်ကို ကိုးကွယ်ရာဟူ၍မှတ်ပါ၏။ ယခုနေ့ကို အစပြု၍ အသက်ရှည်သောကာလပတ်လုံး သရဏဂုံဆောက်တည်သော ဥပါသကာဟု အကျွန်ုပ်ကိုမှတ်တော်မူပါဟူ၍ မြတ်စွာဘုရားကိုလျှော်၏။ထိုအခါ ထိုယောကျ်ားကို ဤခရီးဖြင့်မသွားလေလင့်ဟုဆို၍ တပါးသော ခရီးဖြင့် လွှတ်လိုက်၏။ ။ထိုယောကျ်ားကို သတ်အံ့သောဌါနစောင့်နေနှင့်သော ယောကျ်ားနှစ်ယောက်တို့သည် ထိုယောကျ်ားကို မြှောလင့်၍။ ထိုတယောက်သောယောကျ်ားသည် လာခဲလတ်၏ဟု ခရီးရင်ဆိုင်လာကုန်သော် တခုသောသစ်ပင်ရင်းခွထိုင်၍နေသောမြတ်စွာဘုရားသခင်ကိုမြင်ကုန်၍ မြတ်စွာဘုရားအထံသို့ကပ်၍ ရှိခိုး၍နေကုန်၏။ ထိုနှစ်ယောက်တို့အား အစဉ်စကားကို ဆို၍ တရားဟောတော်မူသဖြင့် သောတာပတ္တိဖိုလ်၌ တည်စေ၏။ ထိုနှစ်ယောက်သောသူတို့ကိုလည်း ဤခရီးဖြင့် မသွားလေကုန်လင့်ဟု မြစ်တော်မူ၍ တပါးခရီးဖြင့် လွှတ်လိုက်၏။လေးယောက်သောယောကျ်ားတို့သည်ရင်း၊ ရှစ်ယောက်သောယောကျ်ားတို့သည်ရင်း၊ ထို့အတူသာလျှင်ဖြစ်ကြကုန်၏။ တကျိပ်ခြောက်ယောက်သော ယောကျ်ားတို့သည်လည်း ရှစ်ယောက်သော ယောကျ်ားတို့လာခဲလတ်၏ဟု ခရီးရင်ဆိုင်လာကုန်သော် မြတ်စွာဘုရား

ကိုမြင်ကုန်၍ကပ်လှဲ၍ရှိခိုး၍နေကုန်၏။ မြတ်စွာဘုရားလည်း ထိုသူတို့ကို တရားစကားဖြင့် သောတာပတ္တိဖိုလ်၌တည်စေ၍ တသက်မတ်လုံး သရဏဂုံ၌ တည်စေကုန်၏။ ။ဧရှးဦးစွာ သောတာပန်တည်သော ယောကျ်ား လေးသွားတယောက်သည် ရှင်ဒေဝဒတ်အထံသို့ သွား၍။ အရှင်ဘုရား၊ငါသည် ထိုမြတ်စွာဘုရားကို လေးဖြင့်ပစ်သတ်အံ့သောငှါ မတတ်နိုင်။ ထိုမြတ်စွာဘုရားသည် တန်းခိုးကြီးလှပေ၏ဟူ၍ ဒေဝဒတ်ကို လျှောက်လေသော်။ ဟာယ်တကား၊ သင်သည် ရဟန်းဂေါတမကို အသက်မမချနိုင်သော် နေလော့။ငါပင် ရဟန်းဂေါတမကို အသက်မချအံ့ဟုဆို၍နှင်လိုက်၏။ ။မြတ်စွာဘုရားသည် ဂိဇ္ဈကူဋ်တောင်ရိပ်၌ စကြီသွား၍နေတော်မူသောအခါ ဒေဝဒတ်သည် ဂိဇ္ဈကူဋ်တောင်သို့တက်၍ ဤကျောက်ဖြင့်ဘိ၍ ဂေါတမကို သေစေအံ့ဟု ကြီးစွာသော ကျောက်ကို ကုပ်ယန္တရားဖြင့်ကော်၍ လှိမ့်လိုက်၏။ နှစ်ခုသောတောင် ထွတ်တို့သည်ပေါင်းဆုံလာ၍ခံလေကုန်၏။ကျောက်ဖြင့်ခတ်မိ၍ကျော်လုံးမှ အလွှာသည် ကွာ၍ကျလေသဖြင့် မြတ်စွာဘုရားခြေဘဌိုးတော်၌ မှန်၍သွေးဥခြင်းကိုဖြစ်စေ၏။ထိုအခါမြတ်စွာဘုရားသည် အထက်သို့ကြည့်တော်မူ၍ မဂ်ဖိုလ်မှအာသျည်းနှီးဖြစ်သော ဒေဝဒတ်၊ အကြင်သင်သည် ငါ့အားခြေ၌သွေးဥခြင်းကိုဖြစ်စေ၏။ထိုသင်သည်များစွာသော မကောင်းမှုကိုပွါးစေ၏ဟုမိန့်၍။ ရဟန်းတို့ကိုခေါ်တော်မူ၍။ ချစ်သား ရဟန်းတို့၊ဒေဝဒတ်သည် ငါ့အားပြစ်မှားလိုသောစိတ်ဖြင့် ခြေ၌သွေးဥခြင်းကို ဖြစ်စေ၏။ ဤသို့ ဖြစ်စေခြင်းသည် သေသည်၏ အခြားမဲ့၌ အဝီစိသို့ လားစေတတ်သော ဒုနှစ်ရိယကံကို ပြုသည်မည်၏ဟု မိန့်တော်မူ၏။ ။ထိုအခါ ရဟန်းတို့သည် မြတ်စွာဘုရားကို ဒေဝဒတ်သည် သတ်ခြင်းငှါလုံ့လပြု၏ဟုကြား၍ လာကုန်၍ မြတ်စွာဘုရား၏ ကျောင်းတော်ထက်ဝန်းကျင်မှ၊ပြင်းသောအသံ၊များစွာသောအသံကို ပြုကုန်လျက်သရဏဂွန်ယဉ်ခြင်းကိုပြုကုန်လျက် မြတ်စွာဘုရားကိုစောင့်အံ့သောငှါ စကြီသွားကြကုန်၏။ ထိုအသံကိုဘုရားကြားတော်မူ၍ အရှင်အာနန္ဒာကို ခေါ်တော်မူ၍၊ ချစ်သား အာနန္ဒာ၊ ဤပြင်းစွာများစွာသော အသံသည် အဘယ်အသံနည်းဟု မေးတော်မူသဖြင့်။ ဘုန်းတော်ကြီးသောရှင်ပင်ဘုရားကိုစောင့်ရှောက်အံ့သောငှါ ပြင်းစွာသောအသံဖြင့် သရဏဂွန်ယဉ်ခြင်းကို ပြုကုန်လျက်။ ရှင်ပင်ဘုရား၏ ကျောင်းတော်ထက်

ဝန်းကျင်မှ ရဟန်းတို့သည် စကြိသွားကုန်၏ ဟူ၍ အာနန္ဒာလျှောက်သော်။အာနန္ဒာ၊မြတ်စွာဘုရားသည် အဂ္ဂင်တို့ကိုခေါ်တော်မူ၏ဟု ငါ၏စကားဖြင့်ခေါ်ချေလော့ဟုစေတော်မူသဖြင့်။ ထိုရဟန်းတို့သည် လာကုန်၍ မြတ်စွာဘုရားသခင်ကို ဂိုဏ်းချီ၍ နေသောအခါ၌။ ချစ်သားရဟန်းတို့၊ အကြင်အကြောင်းကြောင့် ငါဘုရားကို သူတပါးတို့သည် လုံ့လပြုသဖြင့် အသက်မွေးနိုင်ရာ၏၊ ထိုအကြောင်းသည်မရှိ။ သူတပါး၏လုံ့လမဟုတ်သဖြင့် ဘုရားတို့သည် ပရိနိဗ္ဗာန်ပြုကုန်လတ္တံ့ဟု မိန့်တော်မူ၍။ ပဋ္ဌသတ္ထာရသုတ်ကို ဟောတော်မူပြီးသော်။ ချစ်သားရဟန်းတို့၊ လာခြင်းကောင်းသော ငါဘုရားကို သူတပါးတို့လုံ့လပြု၍ အသက်မွေးနိုင်အံ့သောအကြောင်းမရှိ။သူတပါး၏လုံ့လမဟုတ်သဖြင့် ဘုရားတို့သည် ပရိနိဗ္ဗာန်ပြုကုန်လတ္တံ့။ ချစ်သားရဟန်းတို့၊သင်တို့သည် ကျောင်းရှိရာသွားလေကုန်၊ ငါဘုရားကို သင်တို့သည် မစောင့်အပ်ကုန်ဟု မိန့်တော်မူလိုက်၏။ ။မြတ်စွာဘုရားအား သွေးဥသော အာရပ်၌ ပြင်းစွာသော ဝေဒနာသည်ဖြစ်၏။ရဟန်းတို့သည် မြတ်စွာဘုရားသခင်ကို မဒ္ဒကုစ္ဆိကျောင်းတော်သို့ ဆောင်ကြလေကုန်၏။မြတ်စွာဘုရားသည် ဇီဝကရဲ့သရက်ဥယျာဉ်ကျောင်းတော်သို့ ကြွတော်မူလိုသဖြင့် ငါ့ကိုဇီဝကသရက်ဥယျာဉ်သို့ဆောင်ကုန်ဟုမိန့်တော်မူ၍ ထိုသရက်ဥယျာဉ်ကျောင်းသို့ဆောင်ရလေကုန်၏။ဇီဝကသည် ထိုအကြောင်းကိုကြား၍ မြတ်စွာဘုရား၏အထံတော်သို့လာ၍ အမာကို ဆေးကုအံ့သောငှါ ထက်သော ဆေးကိုပေး၍ အမာကိုပုဆိုးကြမ်းဖြင့် အုပ်၍။ အင်္ဂဉ်ဘုရား၊ အာကျွန့်ပ်သည် မြို့တွင်းဌ် တယောက်သောသူကို ဆေးကု၏။ ထိုသူ၏အထံသို့သွား၍လာပါအံ့၊ ဤဆေးကို အာကျွန့်ပ်လာသည်တိုင်အောင် ဘဲ့မြတိုင်းရှိပါစေဟုလျှောက်၍မြို့တွင်းသို့သွား၍ ထိုသူအားဆေးပေးခြင်းကိစ္စကိုပြု၍ ဥယျာဉ်သို့လာခဲ့ဝေသ် ဓိုးချုပ်သဖြင့် မြို့တံခါးပိတ်နှင့်၍ မထွက်ရရှိလျှင် ဤသို့ကြို၏။ငါသည် မြတ်စွာဘုရားအားတပါးသောသူကဲ့သို့ဝန်လေးသောအမှုကို ပြုမိချေပြီ။ မြတ်စွာဘုရား၏ခြေတော်၌ ထက်ဝက်သောဆေးကိုပေး၍ အမာကိုပုဆိုးကြမ်းအုပ်၍ ငါလာသည်။ ထိုအမာကိုဖြေအံ့သောအခါဟုသည်း။ ထိုအမာကိုမဘွင့်မဖြေသည်ရှိသော် မြတ်စွာဘုရားအား ကိုယ်၌ တည်ဆဲပတ်လုံးပူပန်ခြင်းသည်ဖြစ်လေလတ္တံ့ဟုကြို၏။ထိုခဏ၌ မြတ်စွာဘုရားသည် အာနန္ဒာကိုခေါ်၍။အာနန္ဒာ၊ဇီဝက

သည် ညဗိုးချုပ်သောအခါသို့ ရောက်၍ မလာနိုင်ရှိခဲ့ပြီ။ ဤအခါသည် အနာဂါဖြေအံ့သောအခါတည်း။ ဖြေလေ့ဟု အာနန္ဒာကို ပုဆိုးကြမ်း အင်္ကျီကိုဖြစေလျှင်။သစ်ပင်မှအပွေးကွာသကဲ့သို့ ကိုယ်တော်မှအမာသည် ကွာ၍သွားလေ၏။ ဇီဝကသည် အရဏ်တက်လျှင် တက်ခြင်း မြတ်စွာဘုရားအထံတော်သို့လာ၍ ရှင်ပင်ဘုရားသည် အဘယ်သို့ရှိပါသနည်း။ ကိုယ်တော်၌ပူလောင်ခြင်းဖြစ်လေသလောဟုမေး၏၊ ဇီဝက၊ ဘုရားအား ဗောဓိမဏ္ဍိုင်၌ အလုံးစုံသောပူပန်ခြင်းသည်ငြိမ်းပြီဟု မိန့်တော်မူ၍။ ။ဂတဒ္ဓိနောဝိသောကသ၊ဝိပ္ပမုတ္တသ သဗ္ဗဓိ။သဗ္ဗဂန္ထပ္ပဟီနသ၊ ပရိဠာဟော နဝိဇ္ဇတိ။ ။ဟူသော တရားကို ဟောတော်မူ၏။ ။ဂတဒ္ဓိနော၊ ဝဠုတည်း ဟူသော သွားပြီးသော ခရီးရှိသော။ ဝိသောကသ၊ ဝဠုလျှင်အရင်းရှိသော သောကကင်းပြီးသော။ သဗ္ဗဓိ၊ ခပ်သိမ်းသောခန္ဓာကိုယ်၌။ ဝိပ္ပမုတ္တသ၊ လွတ်ပြီးသော။ သဗ္ဗဂန္ထပ္ပဟီနသ၊ အလုံးစုံသော ဂန္ထလေးပါးကို ပယ်အပ်ပြီးသော ရဟန္တာအား။ ပရိဠာဟော၊ကိုယ်၏ပူပန်ခြင်း စိတ်၏ပူပန်ခြင်းသည်။နဝိဇ္ဇတိ၊မရှိ။ ။ ဒေသနာတော်၏အဆုံး၌ ရောက်လာသော တရားနာပရိသတ်တို့သည် သောတာပတ္တိမဂ်အစရှိသည်တို့သို့ရောက်လေကုန်၏။ ။

ထိုရောအခါ ဒေဝဒတ်သည် အဇာတသတ်မင်းအိမ်သို့လွှား၍။မြတ်သောမင်းကြီး၊ ဘုရားကိုသတ်စိမ့်သောဌါ လေးသွားကြီးကို စေလွှတ်ပါသည်၊ အကျွန်ုပ်ရဟန်းဂေါတမကိုမသတ်နိုင်ပါဟုပြန်လာ၍ ဆရာပင်ကိုယ်တိုင်ဂိဇ္ဈကူဋ်တောင်သို့တက်၍ ဂေကျောက်လုံးကြီးဖြင့်ဘိ၍သေစိမ့်ကြံ၍ လှိမ့်ပါသည်ကိုလည်း တောင်ထွတ်နှစ်ခု ချုံးပု၍ ခံလာသောကြောင့် ဂေါတမမသေလွတ်ပြန်လေသည်ဖြစ်သောကြောင့်။ဆင်ထိန်းတို့ကိုစီရင်ခြင်းဌါနွင့်ပေးပါတော်းလေ၏။ထိုအခါနာဠာဂိရိဆင်သည် ကြမ်းထမ်း၏။ လူကိုသတ်တတ်၏။ ထိုဆင်ကိုယူလော့ဟုဆို၏။ ဒေဝဒတ်သည်နွင့်ရလျှင်မြို့တွင်းသို့ဝင်၍ဆင်တင်းကုပ်သို့သွား၍။ဆင်ထိန်းတို့ကို ဤသို့ဆို၏။ ဆင်ထိန်းတို့၊ ငါတို့ မင်း၏အဆွေခင်ပွန်းမည်သည်ကား နိမ့်သောအရာ၌တည်သော သူကို မြင့်ရာသို့တင်ခြင်းဌါစွမ်းနိုင်၏။ ထမင်းကိုငင်း ကံကျွေးရိက္ခာကိုငင်း ပွါးခြင်းဌါစွမ်းနိုင်၏။ ထိုကြောင့်။ အချင်းတို့၊သင်တို့သည် နှုတ်ဖြန်မိုးသောက်လျှင် နာဠာဂိရိဆင်ကိုတဆဲ့ခြောက်လုံးသောသေတို့ကိုတိုက်၍အကြင်အခါ၌ဂေါတမရဟန်းသည်

ဤခရီးသို့ ဆွမ်းခံလာ၏။ ထိုအခါ နာဠာဂိရိကိုလွှတ်၍ ဂေါတမဆွမ်းခံလာသောခရီးသို့ ရင်ဆိုင် ဂေါတမနှင့်တွေ့အောင် ရိုက်ခတ်၍ ဆင်ကိုတင်လိုက်ကုန်ဟု စေ၏။ ဆင်ထိန်းတို့သည် ဒေဝဒတ်၏စကားကိုဝန်ခံ၏။ထိုသို့ဒေဝဒတ်စိရင်သည့်အခြင်းအရာသည်ထိုနေ့မိုးသောက်သောအခါ ရာဇဂြိုဟ်ပြည်တမြို့လုံး•အုတ်အုတ်ဂျက်ကျက်ကျော်စောသည်ဖြစ်၍ ထိုရာဇဂြိုဟ် ပြည်သူပြည်သားတို့သည် နံနက်စောစောကပင် စည်းဝေးကုန်၍ ခရီးနံပါးနှစ်ဘက်တို့၌ ပြာသာဒ်ထက်၊တိုက်အိမ်အမိုးထက်တို့သို့တက်ကုန်၍ ဘုရားတည်းဟူသောဆင်နှင့် နာဠာဂိရိဆင်၏ ဝွေတိုက်ကြခြင်းကိုကြည့်ကုန်အံ့ဟု နေကြလေကုန်၏။ ထိုဆင်ထိန်းတို့သည် 'မိုးသောက်ထစောစောကပင်တဆဲ့ခြောက်လုံးသောထက်လွန်စွာသောသေကိုတိုက်၍နေနှင့်ကုန်၏။ ထိုအခါမြတ်စွာဘုရားသည် နံနက်စောစောကပင် သင်းဖိုင်တော်ကိုပြင်ဝတ်၍ လျှပ်စစ်နွယ်အဆင်းနှင့်တူသော ခါးပန်းတော်ကိုစည်း၍ ပဉ္စသီးမျည့်အဆင်းနှင့် တူသောကိုယ်ဝတ်ဒုကုန်တော်ကိုရုံ၍ သပိတ်တော်ကိုယိုက်၍ ရဟန်းအပေါင်းတို့ဖြင့်ခြံရံလျက် ဂဝဋ္ဌဝန်ကျောင်းတော်မှ ထွက်၍ မြို့တွင်းသို့ ဝင်၍ နာဠာဂိရိဆင်ဂိုနှင့်သော ခရီးမသို့ ဆွမ်းခံ ကြွတော်မူလေ၏။ ထိုအခါ ဆင်ထိန်းတို့သည် နာဠာဂိရိဆင်ကိုချည်တိုင်မှလွှတ်၍ထိုခရီးဖြင့်တင်၍ မြတ်စွာဘုရားသို့ရှေးရှုလွှတ်လိုက်ကုန်၏။ ထိုနာဠာဂိရိဆင်သည် လမ်းနားဦးဂိုသော ဈေးဆိုင်ကန္နားဖြင်းအစဂိုသည်တို့ကို နင်းဖျက်လျက်လာလတ်၏။နောက်တော်မှလိုက်သောရဟန်းတို့သည်နာဠာဂိရိဆင်ကိုမြင်၍။ဘုန်းတော်ကြီးသောဂုဏ်ပင်ဘုရား၊ဤနာဠာဂိရိဆင်သည်ကြမ်းလှ၏။ လူကိုသတ်တတ်၏။ ဤခရီးမှဖဲတော်မူပါအရှင်ဘုရားဟု လျှောက်ကုန်၏။ ချစ်သားရေဟန်းတို့။ လာကုန်လော့၊မကြောက်ကုန်လင့်။ချစ်သားရဟန်းတို့၊လာခြင်းကောင်းသောဥါဘုရားကို သူတပါးလုံ့လပြုသဖြင့် အကြင်အကြောင်းဖြင့်အသက်မွေ့ချိုင်ရာ၏။ ထိုအကြောင်းသည်မရှိ။ ဥါဘုရားတို့သည် သူတပါးတို့၏လုံ့လမဟုတ်သဖြင့် ပရိနိဗ္ဗာန် ပြုကုန်လတ္တံ့ဟု မိန့်တော်မူ၏။ ရဟန်းတို့သည် နှစ်ကြိမ်၎င်း သုံးကြိမ်၎င်း။အရှင်ဘုရား၊ဤဆင်သည်ကြမ်းလှ၏။ လူကိုသတ်တတ်၏။ ထိုဆင်သည် ဤခရီးသို့လာ၏။ ဖဲတော်မူပါဟုလျှောက်ကုန်၏။ မြတ်စွာဘုရားလည်း သုံးကြိမ်မြောက်ပင် ချစ်သားတို့။ လာကုန်လော့၊ မကြောက်ကုန်လင့်။ မြတ်စွာ

ဘုရားကို သူတဖါး လုံ့လပြုသဖြင့် သတ်နိုင်အံ့သော အကြောင်း မရှိ။ ဘုရားတို့သည် သူတပါး၏လုံ့လ မဟုတ်သဖြင့် ပရိနိဗ္ဗာန် ပြုလတ္တံ့ဟု မိန့်တော်မူ၍သွား၏။ထိုအခါမိန်းမတစ်ယောက်သည် သူငယ်ကိုယူ၍ ထိုခရီးကိုသန်း၍ပြေး၏။နာဠာဂိရိဆင်သည်ထိုမိန်းမကိုလိုက်၏။ ထိုအခါ မြတ်စွာဘုရားသည် ဗြဟ္မာမင်း၏အသံနှင့်တူသောအသံတော်ကို ဖြွက်၍၊အိုနာဠာဂိရိဆင်၊သင့်အား ဤမိန်းမကဲ့သတ်စိမ့်သောဌါဆင်ထိန်းတို့၊ သည် ဤခရီးဠိမလွတ်ကုန်။ ငါ့ကိုနှင်းသတ်စိမ့်သောဌါသာ လွတ်သည် တကား။ ငါသို့ ရှေးရှုလခဲ့လေ့ဟု ခေါ်တော်မူ၏။ ထိုအသံတော်ကို ကြား၍ ထိုမိန်းမကိုလွတ်ခဲ့၍နဲ့းရွက်အမြီးကိုထောင်၍ ဘုရားသို့ရှေးရှုပြေးလာ၏။ ထိုအခါ ခရီးနှစ်ဘက်နားဠိ ပြာသာဒ်ဦးပြည့် တိုက်အစရှိသည်တို့သို့ တက်၍ ကြည့်ကြကုန်သောသူတို့တွင်။ ဘုရားကို မသဒ္ဓါမကြည်ညိုကုန်သောအသိအမြင်နည်းကုန်သောသူဗိုက်တို့သည်ရဟန်းဂေါတမသည် အလွန်အဆင်းလှလေ၏။ ဆင်နှင်းသတ်၍သေလတ္တံ့ဟု ဆိုကုန်၏၊ သဒ္ဓါကြည်ညိုကုန်သောအသိအမြင်နှင့်ပြည့်စုံကုန်သောသူတို့သည် မကြားမမြင့်ဘူးတကား၊ ဘုရားတည်းဟူသောဆင်မင်းသည် နာဠာဂိရိဆင်မင်းနှင့် စစ်ထိုးတော်မူကုန်လတ္တံ့ဟု ဆိုကုန်၏။ ထိုအခါ အရှင်အာနန္ဒာသည် ပိဒိအသက်ကိုမြတ်စွာဘုရားဠိစွန့်ကြ၍။ မြတ်စွာဘုရား၏ရှေ့တော်သို့ တက်ပြေးလာ၍ မြတ်စွာဘုရား ကိုယ်တော်စားငါ့ကို ဤဆင်တိုက်ဝှေ့နှင်းသတ်စေဟုကြိုး၍ရပ်လာ၏။ ထိုအခါဖဲလော့အာနန္ဒာ၊ ငါဘုရားကိုချစ်သားကယ်ရမည်မဟုတ်။ ယခုအခါ ငါ့ထံသို့ဆင်လာစေဟုမိန့်တော်မူ၍။ ဒေတိုင်းမသိသောစကြဝဠာဠ် တည်ကုန်သော အတိုင်းမသိအဝိုင်းအခြားမရှိသော သတ္တဝါတို့၏ကိုယ်ဠ် နှံ့စေခြင်းဌါစွမ်းနိုင်သော။ သဗ္ဗေ သတ္တာ အဝေရာ ဟောန္တု၊ အစရှိသော။ အနောဓိသမေတ္တာတော်တည်းဟူသောရေစင်ကိုတဦးဝဲတည်းသာဖြစ်သော နာဠာဂိရိဆင်၏ ကိုယ်ပကိုယ်တွင်းသို့ချည်းဝင်လေအောင်ဆီး၍သွန်းလောင်းတော်မူနှင့် သဖြင့်။ နာဠာဂိရိ ဆင်သည် ရှင်ပင် ဘုရား၏မေတ္တာရေစင်ဖြင့် တွေ့အပ်သောကိုယ်ရှိသည်ဖြစ်၍။ မြတ်စွာဘုရား၏အနီးသို့ရောက်လျင် နှာမောင်းကိုချ၍ ခြေတော်ရင်းဠိပုဆစ်တုပ်လျက်ဝပ်၏။ မြတ်စွာ ဘုရားသည် လက်ျာ လက်တော်ဖြင့် နာဠာဂိရိဆင်၏ဦးကင်းထိပ်ဠိ အာဘ်နတလဲလဲသုံးသပ်တော်မူလျက်။ မာကုဠ္ဍရနာဂမာ

သဒ္ဒေါ၊ စသောဂါထာတို့ဖြင့် ဆုံးမတော်မူ၏။ ။ထိုအခါ နတ်ဗြဟ္မာတို့သည် မိမိတို့ဆင်ခဲ့သောအဝတ်တန်ဆာအစရှိသည်တို့ဖြင့် များစွာပူဇော်ကုန်သည်ဖြစ်၍။ ရာဇဂြိုဟ်ပြည် မြို့တွင်းမြို့ပြင် ထက်ဝန်းကျင်၌ ပုဆစ်ဒူးနစ်မျှ နတ်တို့ပူဇော်သော ပွေ့ငွေ့ရတနာတို့သည် ဖြစ်ကုန်၏။ မြတ်စွာဘုရား ဆုံးမအပ်သော နာဠာဂိရိ ဆင်လည်း မြတ်စွာဘုရား၏ ခြေဘွားတော်အောက်မြေကို နှာမောင်းဖြင့်ယူ၍။ မိမိထိပ်၌ ကြဲဖြန်း၍။ တွန့်လျက် နောက်သို့ဆုတ်၍။ မြတ်စွာဘုရားကို ရှုပြီးသော် ဆင်တင်းကုပ်သို့သွား၍ မိမိနေရာ၌နေလေ၏။ နောက်"အခါ၌လည်း ဘုရားဆုံးမတိုင်း ယဉ်ကျေးသည်သာလျှင် ဖြစ်၏။ မြတ်စွာဘုရားသည် ဝေဠုဝန်ကျောင်းတော်သို့သွား၍။ အသိနိုးမကများစွာသောသရဏာဂုံဆောက်တည်သောဒါယကာတို့သည်ဆောင်ခဲ့အပ်သော ကြီးစွာသောအလှူကို သုံးဆောင်၍။ ထိုနေ့၌ စည်းဝေးလာကုန်သော တဆဲ့နှစ်ကုဋေ့ အရေအတွက်ရှိသော ရာဇဂြိုဟ် မြို့သူတို့အား တရားအမြိုက် တိုက်တော်မူသဖြင့်။ ရှစ်သောင်းဂုံးလေးထောင်ကုန်သောဝေနေယျတို့သည် အကျွတ်တရားရကုန်၏။ ။ထိုအဖောတသတ်မင်းသည်မြို့အနောက်တံတိုင်နှင့်ဗြဟ္မာတို့ပူဇော်သော မကိုဋ်သရဏူအစရှိသော ပွေ့ငွေ့ဥစ္စာတို့သည် ပြည်သူတို့အား ဖြစ်စေ။ မြို့အရှေ့တံတိုင် ဥစ္စာရတနာတို့သည် မင်း၏ဘဏ္ဍာဖြစ်စေဟု မောင်းကြေးနှင်းခတ်၏။ ပြည်သူတို့သည် မင်းစီရင်တိုင်း ပြုကုန်၏။ နာဠာဂိရိဆင်ကိုလည်း ဓနပါလဟု အမည်တွင်စေ၍ သမုတ်လေ၏။ ။ဒေဝဒတ်သည်နာဠာဂိရိဆင်ဖြင့်သေစိမ့်ဟုဝေတိုက်စေသည်ကို ခံရလေသည်ကား။ ရှေးသောကိုယ်၏အဖြစ်၌ အရှင်ဂေါတမ ဘဲလောင်းတော်သည် ဆင်ထိန်းအမျိုး၌ဖြစ်၍ ဆင်စိး၍ ခရီးမဲ့သွားလေသော် အရှင်ပစ္စေကဗုဒ္ဓါကို မြင်၍ ပြစ်မှားလိုသော စိတ်ဖြင့် ဆင်နှင့်တိုက်မိချေသောကြောင့် အနှစ်များစွာငရဲ၌ဆင်းရဲခံပြီးမှ ဘုရားဖြစ်တော်မူသောအခါမဂဓောင်းမှကံကြွင်းအကျိုးပေးလာပြန်၍ဝိပါက်တော်ခံစားရချေသတည်း။ ။

ထို့အခါလူတို့သည် ဤဒေဝဒတ်သည် သူယုတ်ကြီးတကား။ ဘုန်းမရှိပါတကား။ ဤသို့ကြီးသော တန်းခိုးရှိသော ကြီးသောအာနုဘော်ရှိသော အရှင်ဂေါတမကို သတ်ခြင်းငှါ အာဘော်ကြောင့် လုံ့လပြုဘိသနည်းဟုကဲ့ရဲ့ကုန်၍။ ဒေဝဒတ်ကိုယုတ်သောအားဖြင့်ကြည့်ကုန်၏။ ဒေ

ဝဒတ်သည် အဇာတသတ်အား ဗိမ္ဗိသာရမင်းကြီးကို သတ်စေသော အဖြစ်။ လေးသမားကိုစေ၍ မြတ်စွာဘုရားအားသတ်စေသောအဖြစ်။ ကျောက်လိုမ့်ယသောအဖြစ်သည် ဂျုံးဒ္ဓိမထင်ရှား။ ဆင်ကိုလွှတ်စေသော အခါဒ္ဓိသာလျှင်။ ဒေဝဒတ်ဒသည် ဗိမ္ဗိသာရမင်းကြီးကို သတ်စေသည်။ ဘုရားကိုသတ်စိမ့်သောဌါ လေးသွားတို့ကိုစေသည်။ ဂိဇ္ဈကူဋ်တောင် ဆိုတက်၍ကျောက်ကိုလှိမ့်သည်။ ယခုလည်းဆင်ကိုလွှတ်စေသည်ဟု ထင်ရှားစွာဖြစ်၍။ ဤသို့ သဘောရှိသော သူယုတ်မာကို မင်းသည်အာဇဆွခင်ပွန်းဘွဲ့၍ လက်တွင်းသွင်း၍ကျင်လည်ဘိ၏ဟု အုတ်အုတ်ကျက်ကျက် မင်းရင်ပြင်ဒ္ဓိဟစ်ကြော်ကုန်၏။ အဇာတသတ်မင်းသည်၊ ထိုဂျုံးများအသံကိုကြား၍ ဒေဝဒတ်အား လှူမြဖြစ်သော ငါးရာသော ဆွမ်းဝတ်တို့ကိုဖြတ်၍။ မဆည်းကပ်တဲ့ ဒေဝဒတ်ကိုဆရာအဖြစ်မှဖဲလေ၏။ မြို့သူတို့သည်လည်း အိမ်သို့ကပ်လာသော ဒေဝဒတ်အား တယောက်မှ မသော ထမင်းကိုလည်း မပေးပြီ။ ဒေဝဒတ်သည် ယုတ်သောလာဘ်သပ္ပကာရိသည်ဖြစ်၍။လူတို့၌ ဝတောင်းရမ်း၍စားရလေ၏။ ။ရဟန်းတို့သည် ထိုနာဠာဂိရိဆင်ဖြင့်တိုက်သောနေ့ ညချမ်းသောအခါ တရားသာဘင်၌စုဝေးကုန်၍။ အရှင်တို့၊ အရှင်အာနန္ဒာအား ကျေးဇူးများလှ၏။ ထိုသို့ကြမ်းထမ်းလှစွာ လူကိုသတ်တတ်သောဆင်သည် ပြေးလာသည်ရှိသော် မြတ်စွာဘုရား၌ အသက်ကိုစွန့်၍ ငါ့ကိုသတ်နင်းစေတော့ဟု၊ မြတ်စွာဘုရား ရှေ့တော်မှ ရပ်၍ နေ၏ဟု အရှင်အာနန္ဒာ၏ ကျေးဇူးစကားကိုဆိုကုန်၏။ ထိုစကားကိုကြားတော်မူ၍။ ချစ်သားတို့၊အာနန္ဒာသည်ယခုအခါ၌သာငါ၏အကျိုးငှါအသက်ကိုစွန့်သည်မဟုတ်။ ဂျုံးဒ္ဓိလည်း စွန့်ဘူးလေပြီဟုမိန့်တော်မူ၍။ ရဟန်းတို့သည် တောင်းပန်အပ်သည်ဖြစ်၍။စူဠဟံသဇာတ်။ကဏ္ဏဒူဇာတ်တို့ကိုဟောတော်မူ၏။ ။

ထိုဒေဝဒတ်သည် ယုတ်သောလာဘ်သပ္ပကာရိသည်ဖြစ်၍။လူတို့၌ တောင်း၍စားသောအကြောင်းကို ရဟန်းတို့ကြား၍ ဘုရားအားလျှောက်ကုန်သော်။ ရှင်တော်ဘုရားသည် ဒေဝဒတ်ကိုခေါ်၍။ ဒေဝဒတ်၊သင်သည်၊ လူတို့၌တောင်းရမ်း၍စား၏ဟူသည် မှန်သလောဟု မေးတော်မူသော် မှန်ပေ၏အရှင်ဘုရားဟု လျှောက်သဖြင့်။ မြတ်စွာဘုရားသည် ရဟန်းတို့ကိုခေါ်တော်မူ၍။ ရဟန်းတို့အား မျက်နှာမသာသောပုဂ္ဂိုလ်တို့ကိုနှိမ်ခြင်းငှါ။ သိလက်ချစ်သောရဟန်းတို့အား ချမ်းသာစွာနေခြင်း

ဌ။ ယုတ်မာသော အလိုရှိသော ရဟန်းသည် အပစ်းအသင်းကို မှီ၍ သဃီးကို ခွဲရာ၏။ ထိုသို့ ခွဲမည့် ဒါယကာတို့ကို အစဉ်သနားခြင်းဌ။ ဤအကျိုးသုံးပါးကိုစွဲ၍ တိကဘောဇဉ်ကို ပညတ်၏။ ဂဏဘောဇဉ်၌ သဘောအားလျော်စွာပြုအပ်၏ဟု ပညတ်တော်မူလေသော်။ဒေဝဒတ်သည် တောင်း၍မစားရသဖြင့် ပလ္လား၍စံးအံ့ဟု ကြံပြန်၍ ကောကာလိက၊ သမုဒ္ဒဒတ္တတို့သို့ကပ်၍။ ငါ့ရှင်တို့၊ လာလတ်ကုန်။ ငါတို့သည် ရဟန်းဂေါတမအား သဃီး၏ကွဲခြင်းကိုပြုကုန်အံ့ဟုဆိုသော်။ ကောကာလိကသည် ဆို၏။ ငါ့ရှင်ဒေဝဒတ်၊ ရဟန်းဂေါတမသည် တန်းခိုးကြီးလှ၏။ အာနုဘော်ကြီးလှ၏။ အာဘယ်အကြောင်းဖြင့် သဃီး၏ကွဲခြင်းကိုပြုနိုင်လတ္တံ့နည်းဟုဆိုကုန်၏။ သင်တို့သာလိုက်ကြကုန်။ ငါတို့သည် ရဟန်းဂေါတမသို့ကပ်၍။ ရှင်ပင်ဘုရားသည် မျှားစွာကုန်သော အကြောင်းဖြင့်။ အလိုနည်းခြင်း၊ ရောင့်ရဲလွယ်ခြင်း၊ ခေါင်းပါးခြင်း၊ ကိုလေသာကိုခွါခြင်း၊ ကြည်ညိုဘွယ်ရှိခြင်း၊ ကိုလေသာကို ဖျက်ဆီးခြင်း၊ လုံ့လကို အားထုတ်ခြင်းတို့၏ကျေးဇူးကို ဆို၏လော့ဂီ၏၊ ဤငါးပါးသော ဝတ္ထုသည် အလိုနည်းခြင်း အစရှိသော အကျိုးဌာ ဖြစ်ကုန်၏။ ဤငါးပါးသောဝတ္ထုကိုကို ရဟန်းတို့အား ခွင့်ပြုတော်မူပါဟု ငါးပါးသော ဝတ္ထုတို့ကို တောင်းပန်ကုန်အံ့။ ရဟန်းဂေါတမသည် ခွင့်မပြုလတ္တံ့။ ထိုအခါ ငါတို့သုံးယောက်သည် လူတို့ကို ဤငါးပါးသောဝတ္ထုဖြင့်သိစေအံ့။ ငါ့ရှင်တို့၊ ဤဝတ္ထုငါးပါးတို့ဖြင့်၊ ရဟန်းဂေါတမအား သင်းခွဲခြင်းကိုငါတို့ပြုနိုင်ကုန်လတ္တံ့။ ငါ့ရှင်တို့၊လူတို့သည် အဝတ်အစားဖြင့် ခေါင်းပါးစွာ ကျင့်သောသူကို ကြည်ညိုဏ်ဟုဆိုပြီး၍။ ဒေဝဒတ်သည် အခြံအရံနှင့်တကွ မြတ်စွာဘုရားသို့ကပ်၍၊ ရှိသေစွာရှိခိုး၍။ ဘုန်းတော်ကြီးသော ရှင်ပင်ဘုရား၊ ရှင်ပင်ဘုရားသည် မျှားစွာသော အကြောင်းဖြင့် အလိုနည်းခြင်းစသည်တို့၏ကျေးဇူးကိုဆိုတော်မူလေ၏။ ဤငါးပါးသောဝတ္ထုသည် အလိုနည်းခြင်းအစရှိသော အကျိုးဌာ ဖြစ်ပါကုန်၏။ တောင်းပန်ပါ၏ ရှင်ပင်ဘုရား။ ရဟန်းတို့သည် တသင်္ဃပတ်လုံးတောကျောင်းနေသည်ဖြစ်ပါ၏စေ။ အကြင်ရဟန်းသည် ရွာနီးကျောင်းသို့လာအံ့။ထိုရဟန်းကို အပြစ်တွေ့ပါ၏စေ။တသင်္ဃပတ်လုံးဆွမ်းခံ၍စားသည်ဖြစ်ပါ၏စေ။ အကြင်ရဟန်းသည် ဒါယကာတို့ပင့်ခေါ်၍လှူသော ဆွမ်းကို သာယာ၏။ ထိုရဟန်းကို အပြစ်သင့်ပါ၏စေ။ တသင်္ဃပတ်လုံးတောကျောင်းနေသည်ဖြစ်ပါ၏စေ။ အကြင်ရဟန်းသည် ရွာနီးကျောင်းသို့လာအံ့။ထိုရဟန်းကို အပြစ်တွေ့ပါ၏စေ။တသင်္ဃပတ်လုံးဆွမ်းခံ၍စားသည်ဖြစ်ပါ၏စေ။ အကြင်ရဟန်းသည် ဒါယကာတို့ပင့်ခေါ်၍လှူသော ဆွမ်းကို သာယာ၏။

မြေမှုန့်အလိမ်းအလိမ်းကပ်သော ပံသုကူသက်နှံးကိုသာ ဝတ်သည်ဖြစ်ပါစေ။ အကြင်ရဟန်းသည် ဒါယကာတို့လှူသောသက်နှံးကို ဝတ်ရု၏။ ထိုရဟန်းကိုအပြစ်သင့်ပါစေ။ တသက်ပတ်လုံး သစ်ပင်ရင်းတည်းဟူသောကျောင်းဌိနေသည်ဖြစ်ပါစေ။ အကြင်ရဟန်းသည် အဓိုးရှိသောကျောင်းသို့ကပ်ရ၏။ထိုရဟန်းကိုအပြစ်သင့်ပါစေ။တသက်ပတ်လုံး ငါးအမဲကို မစားသည်ဖြစ်ပါစေ။ အကြင်ရဟန်းသည် ငါးအမဲကိုစား၏။ ထိုရဟန်းကို အပြစ်သင့်ပါစေဟု ဤငါးပါးသော ဝတ္ထုကို ဒေဝဒတ်တောင်းပန်၏။ ။ဒေဝဒတ်၊ မသင့်ဟု မြတ်စွာဘုရား ပယ်တော်မူ၍။ အကြင်ရဟန်းသည် တောကျောင်းဌိနေလို၏။ ထိုရဟန်းသည် နေစေ။ ရွာနီးကျောင်းဌိ နေလိုသောရဟန်း နေစေ။ ဆွမ်းခံဝတ်ဆောက်တည်လိုသောရဟန်း ဆောက်တည်စေ။ ဒါယကာတို့လှူသောဆွမ်းကိုစား လိုသောရဟန်း စားစေ၊ပံသုကူသက်နှံးရှာ၍ဝတ်လိုသောရဟန်း ဝတ်စေ။ ဒါယကာတို့လှူသောသက်နှံးကိုဝတ်လိုသောရဟန်း ဝတ်စေ။ဒေဝဒတ်၊သစ်ပင်ရင်းဌိနေလိုသောရဟန်းအားလည်း ဆောင်းနွေအားဖြင့် ရှစ်လကိုသာခွင့်ပြု၏။ ရဟန်းတို့ကိုရည်၍ သတ်သည်ကိုမြင်ခြင်းကြားခြင်း ရှိုးရှာခြင်းတည်းဟူသော အစွန်းသုံးပါးမှစင်ကြယ်သော ငါးအမဲကိုလည်း ငါခွင့်ပြုတော်မူ၏ဟုဘုရားမိန့်တော်မူသော်။ ဒေဝဒတ်သည် ဤငါးပါးသောဝတ္ထုတို့ကိုခွင့်ပြုတော်မမူဟု နှစ်သက်သည်ဖြစ်၍ ဝမ်းမြောက်သောစိတ်ရှိသည်ဖြစ်၍ မိမိပရိသတ်နှင့်တကွ မြတ်စွာဘုရားကို ရှိခိုး၍ နေရာမှထ၍ လက်ျာရစ်လှည့်၍ သွားလေ၏။ ။ထိုအခါ ဒေဝဒတ်သည် ကောကာလိက သမုဒ္ဒဒတ္တတို့နှင့်တကွ မြို့တွင်းသို့ဝင်ကုန်၍ ငါးပါးသောဝတ္ထုတို့ဖြင့် လူတို့ကိုမှတ်သိစေ၏။ ဒါယကာတို့၊ ငါတို့သည် ရဟန်း ဂေါတမကို ရှင်ပင်ဘုရားသည် အလိုနည်းခြင်း အစရှိသည်တို့၏ ကျေးဇူးကို ဆိုးတတ်မှုးလွန်ရှိ၏။ ဤငါးပါးသော ဝတ္ထုတို့သည် အလိုနည်းခြင်းအစရှိသောအကျိုးငှါဖြစ်ပါကုန်၏။ ထိုရဟန်းတို့သည် တောကျောင်းသာနေပါစေ။ ရွာနီးကျောင်းဌိနေသော်အပြစ်သင့်ပါစေ။ ပိဏ္ဍပါတ်ရတင်သာဆောက်တည်ပါစေ။ နိမန္တနဘတ်ကို သာယာသော် အပြစ်သင့်ပါစေ။ ပံသုကူရတင်သာဆောက်တည်ပါစေ။လူတို့လှူသောသက်နှံးကို သာယာသော် အပြစ်သင့်ပါစေ။ ရက္ခမူရတင်သာ ဆောင်ပါစေ။ အဓိုးရှိသောကျောင်းယို ကပ်သော် အပြစ်သင့်ပါ

စေ။တသက်ပန် ငါးအမဲတို့ကို မစား၊ပါစေနှင့်။စား၊သော် အပြစ်သင့်ပါ စေဟု ငါး၊ပါး၊သော ဝတ္ထုတို့ကို ငါတို့တောင်း၊ပန်ပါကုန်သည်။ ရဟန်း ဂေါတမသည် ခွင့်မပြု။ငါတို့မှာမူကား၊ဤငါး၊ပါး၊ကုန်၊သော ဝတ္ထုတို့ဖြင့် ကျင့်ကုန်၏။ ဤသို့ လူတို့ကိုသိ၊စေကုန်၏။ ထိုသို့ ဒေဝဒတ်သိ၊စေအပ် သောလူအ၊ပေါင်းတို့တွင်မသန္ဓါမကြည်ညို၊သောသူတို့သည် သက္ကဝင် မင်းသား၊ဖြစ်သော အာဂျင်ဒေဝဒတ်တို့သည် ကိုလသာကိုခွါထွက်ကုန် ၏။ခေါင်း၊ပါး၊သော အသက်မွေး၊ခြင်း၌ပေကုန်၏။ ရဟန်း၊ဂေါတမသည် ကား လာဘ်များ၊ခြင်း၊ကို အလိုရှိ၏။ လာဘ်သပ္ပာယများ၊စေခြင်း၌ ဧစ္ဆ ဆေဝ်၏ဟုဆိုကုန်၏။ သဒ္ဓါကြည်ညို၊ကုန်၊သော လိမ္မာကုန်၊သောသူတို့ သည် ,အဘယ့်ကြောင့် ဒေဝဒတ်သည် မြတ်စွာဘုရား၊အား သစ္စာကွဲ ပြား၊စေခြင်း၌၊ဧ့ံ့လပြုဘိသနည်း၊ဟု ကဲ့ရဲ့ကုန်၏။ ထိုကဲ့ရဲ့ကုန်သော လူ တို့၏စကား၊ကိုကြား၍ရဟန်းတို့သည်မြတ်စွာဘုရား၊အား၊လျှောက်လေ ကုန်၏။ မြတ်စွာဘုရားသည် ဒေဝဒတ်ကို၊ခေါ်၊တော်မူ၍။ဒေဝဒတ်၊သင် သည် သစ္စာကိုသင်း၊ခွဲခြင်း၌လုံ့လပြုသည်ဟု၊ငါကြား၊သည်။ထိုစကား မှန်သလောဟု၊မေး၊တော်မူ၍။ မှန်ပေ၏ဘုရင်ပင်ဘုရားဟု လျှောက်သော်။ ဒေဝဒတ်၊သစ္စာကိုသင်း၊ခွဲခြင်း၊ကို သင်မနှစ်သက်လင့်။ သစ္စာကိုသင်း ခွဲခြင်းသည် ဝန်၊လေး၏။ ဒေ၊ဝဒတ်၊ အကြင်သူ၌သည် အညီအညွတ်ဖြစ် သော၊သစ္စာကို သင်း၊ခွဲ၏။ ထိုသူသည် တကမ္ဘာပတ်လုံး ငရဲခံ၊ရ၊သော မကောင်းမှုကိုပွါး၊စေသည်မည်၏။ တကမ္ဘာပတ်လုံး အဝီစိငရဲခံ၊ရ၏။ ဒေဝဒတ်၊အကြင်သူသည် ကဲ့ပြား၊သော၊သစ္စာကို အညီအညွတ်ပြု၏။ ထိုသူသည် မြတ်၊သော၊ကောင်းမှုကို ပွါး၊စေ၏။ တကမ္ဘာပတ်လုံး နတ် ပြည်၌၊မွေ့လျော်ရ၏၊ ဒေဝဒတ်၊သစ္စာကိုကဲ့ပြား၊ခြင်း၊ကဲ့သင်မနှစ်သက် လင့်။ ဒေဝဒတ်၊သစ္စာကိုသင်း၊ခွဲခြင်းသည်ဝန်၊လေး၍ဟူ၍ မိန့်တော် မူ၏။ထိုညမိုး၊သောက်သော၊အခါ၌အရှင်အာနန္ဒာသည်နံနက်အခါ၌သင်း ဖိုင်ကိုပြင်ဝတ်၍သင်္ကန်းကိုယူ၍ ရာဇဂြိုဟ်ပြည်တွင်းသို့ဆွမ်း၊ခံ ဝင်၊လေ၊သော် ဒေဝဒတ်သည်အရှင်အာနန္ဒာကိုမြင်၍။အရှင်အာနန္ဒာသို့ ကပ်လာ၍။ ငါ့ရှင်အာနန္ဒာ၊ ယ၊နေ့ကို အစပြု၍ မြတ်စွာဘုရား၌ ကြည်၍ ရဟန်းသံဃာ၌ကြည်၍. ငါတို့သည် ဥပုသ်ကျပြုကုန်အံ့။ သံဃိဋ္ဌကံကျပြု ကုန်အံ့ဟူ၍ဆို၏။အရှင်အာနန္ဒာသည် ဆွမ်း၊ခံသွား၍ ဆွမ် စား၊ပြီး၊သော် ဆွမ်း၊ခံရာ၊မှပဲ၍ မြတ်စွာဘုရား၊သို့ကပ်၍ ရှိ၊ခိုးပြီး၌ ဒူးတို့ထောက်ခိုးပြီး၌ တင့်အပ်

သောအရပ်၌နေ၍ မြတ်စွာဘုရားကိုဤသို့လျှောက်၏။ ဘုန်းတော်ကြီးသောရှင်ပင်ဘုရား၊ ဤရာဇဂြိုဟ်ပြည်၌ ဆွမ်းခံသွားသော အကျွန်ုပ်ကို ဒေဝဒတ်မြင်လေ၍ အကျွန်ုပ်သို့ ကပ်လာ၍ ငါ့ရှင် အာနန္ဒာ၊ ယခုနောက် အစပြု၍ ငါတို့သည် ဘုရားမှကြဉ်၍ ရဟန်းသင်္ဃာမှကြဉ်၍ ဥပုသ်ကို ပြုကုန်အံ့၊ သင်္ဃာ့ကံကိုပြုကုန်အံ့ဟူ၍ ဆို၏၊ ရှင်ပင်ဘုရား၊ ဒေဝဒတ်သည် ယခုနောက်သင်းခွဲလတ္တံ့ဟူ၍ အရှင်အာနန္ဒာ မြတ်စွာဘုရားကိုလျှောက်၍။ ။ထိုအခါ မြတ်စွာဘုရားသည် ထိုအကြောင်းကိုသိတော်မူ၏။ ။သုကရံ သာဝုနာ သာဓုံ၊သာဓုံပါပေနဒုက္ကရံ။ပါပံပါပေန သုကရံ၊ပါပ မရိယေဟိ ဒုက္ကရံ။ ။ဟူသော ဥဒါန်းကို ကျူးတော်မူ၏။ ။သာဝုနာ၊ သူတော်ကောင်းသည်။ သာဓုံ၊ကောင်းသောအမှုကို။ သုကရံ၊ ပြုလွယ်၏။ ပါပေန၊သူယုတ်မာသည်။ သာဓုံ၊ ကောင်းသောအမှုကို။ ဒုက္ကရံ၊ပြုနိုင်ခဲ၏။ ပါပေန၊သူယုတ်မာသည်။ ပါပံ၊မကောင်းမှုကို။ သုကရံ၊ပြုနိုင်လွယ်၏။ အရိယေဟိ၊ အရိယာသူတော်ကောင်းတို့သည်။ပါပံ၊မကောင်းမှုကို။ဒုက္ကရံ၊ပြုနိုင်ခဲ၏။ ။

ထိုရောအခါ၌ဒေဝဒတ်သည် ဥပုသ်နေ့၌နေရာမှထ၍စာရေးတံကို ချ၏။ ငါ့ရှင်တို့၊ငါတို့သည်. ရဟန်းဂါတမသို့ကပ်၍ ဝတ္ထုငါးပါးကို တောင်းပန်အပ်ကုန်ပြီ။ဤငါးပါးသောဝတ္ထုတို့ကိုရဟန်းဂါတမသည် ခွင့်မပြု။ ငါတို့သည် အရည်ကင်ရုတင်။ ပံသုကူရုတင်။ငါးအမဲကိုမစား ခြင်း။ စသောငါးပါးကုန်သော ဤဝတ္ထုတို့ကို ဆောက်တည်ကျင့်ကုန်၏။အကြင်သူအား၌ငါးပါးသောဝတ္ထုတို့ကို တသက်ပတ်လုံးဆောက်တည်၍ ကျင့်ခြင်းဌာနာစသက်၏။ ထိုရဟန်းသည် စာဖရေးတံကို ယူစေသတည်းဟုစာရေးတံချ၏။ထိုအခါ ဝဇ္ဇိတိုင်းသားဖြစ်ကုန်သောငါးရာကုန်သောရဟန်းတို့ကား သိတင်းငယ်ဖြစ်ကုန်၏။ ဝိနည်း၌မလိမ္မာကုန်သေးသည်ဖြစ်ကုန်၍ ထိုဝဇ္ဇိတိုင်းသား ရဟန်းငယ်တို့သာည် ဤသည်လျှင်တရားပေတည်း။ ဤသည်လျှင် အဆုံးအမပေတည်း။ ဤသည်လျှင် ဘုရားသာသနာတည်းဟု စာရေးတံကို လှမ်းယူကုန်၏။ ထိုသို့စာရေးတံယူပြီးသောအခါ ဒေဝဒတ်သည် သင်္ဃာကိုသင်းခွဲ၍ ထိုငါးရာသောဝဇ္ဇိတိုင်းသား ရဟန်းတို့ကိုယူ၍။ ဂယာသီသကျောင်းသို့ သွား၍ နေလေ၏။ ။ထိုအခါ အရှင်သာရိပုတြာအရှင်မောဂ္ဂလာန်တို့သည်မြတ်စွာဘုရားသို့ကပ်၍ ဖလျောက်ပတ်သောအရပ်၌နေ၍ရိုသေစွာရှိခိုး၍ ရှင်

ပင်ဘုရား၊ဒေဝဒတ်သည် သဃ်ာကိုသင်းခွဲ၍ငါးရာသောရဟန်းတို့ကို
ယူ၍ ဂယာသီသသို့သွားလေပြီဟု မြတ်စွာဘုရားအားလျှောက်သော်။
သာရိပုတြာ၊ သင်တို့အားထိုရဟန်းငယ်တို့၌သနားခြင်းသည်အဘယ့်
ကြောင့် မဖြစ်ကြပါလေသနည်း။ သာရိပုတြာ၊ ထိုရဟန်းငယ်တို့သည်
ပျက်စီးခြင်းသို့မရောက်ကုန်မီသင်တို့သည်သွားပါ၊ချကုန်ဟုဘုရားမိန့်
တော်မူသော်။အခွင့်သာရိပုတြာအခွင့်မသင့်လာနိုတို့သည် ကောင်းပါ
ပြီအခွင့်ဘုရားဟုဝန်ခံကုန်၍။ မြတ်စွာဘုရားကဲ့ရှိုးခြီနေရာမှထပြီးလျှင်
ဂယာသီသသို့သွားလေကုန်၏။ ထိုအခါ မထင်ရှားသောရဟန်းသည်
မြတ်စွာဘုရား၏ အထံ၌ ငိုလျက် နေ၏။ ထိုရဟန်းကို မြတ်စွာဘုရား
သည်။ ရဟန်း၊ အဘယ့်ကြောင့် သင်သည် ငိုသနည်းဟု မေးတော်မူ
သော်၊ ဘုန်းတော်ကြီးသော ရှင်ပင်ဘုရား၊ ရှင်သာရိပုတြာ ရှင်မောဂ္ဂ
လာန်တို့သည် ဒေဝဒတ်၏အထံသို့သွားလေကုန်၏။ဒေဝဒတ်၏တရား
ကိုနှစ်သက်ကုန်၏။ ထို့ကြောင့်အကျွန်ုပ်ငိုသည်ဟုလျှောက်သဖြင့်။ရဟန်း၊
သာရိပုတြာ မောဂ္ဂလာန်တို့သည် ဒေဝဒတ်၏ဘရားကိုနှစ်သက်၍သွား
သည်မဟုတ်ပါလော။ ငါးရာသောရဟန်းတို့ကိုသိလိမ္မာစေခြင်းငှါသွား
လေသည်ဟုမိန့်တော်မူ၏။ ။ထိုအခါ ဒေဝဒတ်သည် မျှားစွာသော
ပရိသတ်၌ တရားဟောခြင်းငှာလျက် အဝေးမှသောသော ရှင်သာရိပုတြာ
ရှင်မောဂ္ဂလာန်တို့ကိုမြင်လျှင်။မော်၍ကြည့်ပါကုန်လော့ချစ်သားရဟန်း
တို့။ ငါသည် အကြင်မျှလောက်ကုန်သောတရားကို ကောင်းစွာဟော
၏။ထိုမျှလောက်သောတရားကို နှစ်သက်ကုန်သည်ဖြစ်၍ သာရိပုတြာ
မောဂ္ဂလာန်တို့ဟသည်လည်း ငါ့အထံသို့လာကုန်၏ဟု ဆိုသော်။ ကော
ကာလိကသည်ဆို၏။ ငါ့ရှင်ဒေဝဒတ်၊ သာရိပုတြာ မောဂ္ဂလာန်တို့ကို
အာက္ကမ်းမဝင်ပါလင့်။ သာရိပုတြာ မောဂ္ဂလာန်တို့သည် ယုတ်မာသော
အလိုရှိကုန်၏။ ယုတ်မာသောအလို၏နိုင်ငံသို့လိုက်တတ်ကုန်၏ဟူ၍ ဆို
နှင့်၏။ဒေဝဒတ်ကဆိုပြန်၏။ထိုသာရိပုတြာ မောဂ္ဂလာန်တို့သည် ငါ၏
တရားကို အကြင်ကြောင့်နှစ်သက်ကြကုန်၏၊ ထို့ကြောင့် သာရိပုတြာ
မောဂ္ဂလာန်တို့၏လာခြင်းသည် ကောင်းသောလာခြင်းပင်တည်းဟုဆို
၏။ထိုအခါ ဒေဝဒတ်သည် သူ့နေရာတဖြင်းဖြင့် အရှင်သာရိပုတြာကို။
ငါ့ရှင်သာရိပုတြာ၊ ဤငါ့နေရာ၌ နေလှည့်ဦးလော့ဟု ဘိတ်မန်၏၊ ငါ့ရှင်၊
ကောင်းပြီဟု အရှင်သာရိပုတြာသည် တပါးသောနေရာ၌နေ၏။ အရှင်

မောဂ္ဂလာန်လည်း တပါးသော နေရာကိုယူ၍ တင့်အပ်သော အာရုပ်၌ နေ၏။ထိုအခါ၌ ဒေဝဒတ်သည် ရဟန်းတို့ကဲ့တရားစကားဖြင့်ရောင့်ရဲစေ၍ ဆောက်တည်စေ၍ ရွှင်စေ၍ အဂ္ဂသာရိပုတြာကို တိုက်တွန်း၏။ ငါ့ရှင်သာရိပုတြာ၊ ရဟန်းသင်္ဃာသည် ငိုက်မျဉ်းခြင်းကင်းကြပြီ။ ငါ့ရှင်သာရိပုတြာ၊ သင်သည် တရားစကားကို ပညာ၌ ထင်စေလော့။ ငါ့အား ခါးညောင်း၏။ ထိုခါးညောင်းခြင်းကို ဆန့်ပါဦးအံ့ဆို၍ တိုက်တွန်း၏။ ငါ့ရှင်၊ ကောင်းပြီဟု အဂ္ဂသာရိပုတြာသည် ဒေဝဒတ်အား စကားတုံ့ကိုကြားပေ၏။ထိုအခါ၌ဒေဝဒတ်သည်ဒုကူဋ်ကိုထပ်ခါကပ်ခါက်၍ လက်ျာနံပါးဖြင့် အိပ်ခြင်းကိုပြု၏၊ ညောင်းညာသော၊ လွတ်သောသတိရှိသော အဆင်အခြင်နှင့် မပြည့်စုံသော ထိုဒေဝဒတ်အား တမူဟုတ်ခြင်းဖြင့်သာလျှင် အိပ်ပျော်ခြင်းသို့ ရောက်လေ၏။ ထိုအခါ အဂ္ဂသာရိပုတြာသည်။ ဒေသနာပြာဋိဟာ၊ အနုသာသနီပြာဋိဟာကို ပြ၍ တရားစကားဖြင့် ထိုရဟန်းတို့ကိုဆုံးမ၏။အာဂန္တုကရဟန်းသည်၊ တန်းခိုးပြာဋိဟာ၊ အနုသာသနီပြာဋိဟာကို ပြ၍ တရားစကားဖြင့် ထိုရဟန်းတို့ကို ဆုံးမ၏။ အဘန်တလဲလဲဆုံးမ၏။ ဤသို့ ရှင်သာရိပုတြာရှင်မောဂ္ဂလာန်တို့သည်၊ ဒေသနာပါဋိဟာရိယ၊ ဇာဋ္ဌိပါဋိဟာရိယ၊ အနုသာသနီပါဋိဟာရိယတို့ဖြင့် ဆုံးမအပ်ကုန်သော ငါးရာကုန်သော ထိုဝဇ္ဇီတိုင်းသား ရဟန်းငယ်တို့အား ရာဂဒေါသမောဟတည်းဟူသော မြုံကင်းသော။ ကိလေသာတည်းဟူသော အညစ်အကြေးကင်းသော။ သောတာပတ္တိမဂ်ပညာစက္ခုသည်ဆင်ရှာဖြစ်၏။ ထိုအခါအရှင်သာရိပုတြာသည် ရဟန်းတို့ကို။ ငါ့ရှင်တို့၊ မြတ်စွာဘုရား၏အထံသို့ ငါတို့သွားကုန်အံ့။ ထိုမြတ်စွာဘုရား၏ တရားတော်ကို အကြင်ရဟန်းသည် နှစ်သက်၏။ ထိုရဟန်းသည် ငါတို့နှင့်တကွလိုက်စေသတည်းဟု ခေါ်၏။ ။ထိုအခါ အရှင်သာရိပုတြာအရှင်မောဂ္ဂလာန်တို့သည် ထိုငါးရာသောရဟန်းတို့ကိုယူ၍ ကောင်းကင်ခရီးဖြင့် ဝေဠုဝန်ကျောင်းတော်သို့ကပ်လာကုန်၏။ ။ထိုအခါကောကာလိကသည်နေရာမှထ၍ ဒေဝဒတ်၏ရင်၌ ပုဆစ်ဒူးဖြင့်ဆောင့်၍၊ ငါ့ရှင်ဒေဝဒတ်၊ ထလော့၊ သင်၏ရဟန်းငါးရာတို့ကိုဘာရိပုတြာမောဂ္ဂလာန်တို့သည်ဆောင်လေကုန်ပြီ။ ငါ့ရှင်ဒေဝဒတ်၊ရှင်သာရိပုတြာရှင်မောဂ္ဂလာန်တို့သည် ယုတ်မာသော အလိုရှိကုန်၏၊ ယုတ်မာသော အလိုဇ္ဈာသို့ လိုက်တတ်ကြကုန်၏။

အကျွမ်းမဝင်ပါလင့်ဟု သင့်ကိုငါမဆိုသလောဟုဆို၍နှိုးဂျ်။ ဒေဝဒတ်အား ထိုနေရာ၌ ခံတွင်းမှ သွေးပူအန်ဂျ်။ ။အရှင်သာရိပုတြာသည်လည်း ဝေဠုဝန်ကျောင်းတော်သို့ရောက်လျှင် မြတ်စွာဘုရားသို့ကပ်၍ ရှိခိုး၍။ ဘုန်းတော်ကြီးသောရှင်ပင်ဘုရား၊ ဘဒ္ဒါနဝင်္ဂီကရဟန်းငါးရာတို့ကို တဘန်ပန္ထင်းခံရဦးမည်လောဟုလျှောက်သော်။ သာရိပုတြာ၊ ထိုဘဒ္ဒါနဝင်္ဂီကရဟန်းငါးရာတို့ကို ပန္ထင်းအသစ်ခံခြင်းငှါ သင်မနှစ်သက်လင့်။ ထိုရဟန်းတို့ကို ထုလ္လစ္စည်းအာပတ်ကို ဇဒ္ဓသနာကြားစေတော့ဟုမိန့်တော်မူဂျ်။ ။ရဟန်းငါးရာတို့ဖြင့်ခြံရံ၍ ကောင်းကင်ဖြင့်လာသော ရှင်သာရိပုတြာကိုမြင်ကုန်၍ ဤသို့ဆိုကုန်ဂျ်။ ရှင်ပင်ဘုရား၊ အရှင်သာရိပုတြာသည် သွားသောအခါ၌ မိမိကဲ့သို့လျှင် နှစ်ယောက်မြောက် သွားလေဂျ်။ ယခုအခါ မျှားစွာသောရဟန်းတို့ဖြင့် ခြံရံလျက်လာဂျ်။ အလာတင့်တယ်စွပါ့ လျှောက်ကုန်သော်။ ချစ်သားရဟန်းတို့၊ ငါ့သားသာရိပုတြာသည် ငါ့အထံသို့လာသည်ရှိသော် ယခုအခါ၌သာတင့်တယ်သည်မဟုတ်။ ရှေးခဲ့ တိုရဿာနအမျိုးခဲ့ ဖြစ်သော ငါဂျ်သားသည် ငါဂျ်အထံသို့လာသောအခါ၌ တင့်တယ်သည်သာလျှင်တည်းဟု မိန့်တော်မူ၍။ ဟာတိ သိလဝန်္ဆ အဝတ္ထာ၊ အစရှိသောဂါထာတို့ဖြင့် တန်ဆာဆင်အပ်သောသုဇာတ်ကိုဟောတော်မူဂျ်။ ။

မြတ်စွာဘုရားသခင်သည် အရှင်သာရိပုတြာကိုမေးတော်မူဂျ်။ သာရိပုတြာ၊ သင်တို့အား ဒေဝဒတ်သည် အဘယ်သို့ကျင့်သနည်းဟုမေးတော်မူသော်။ ဘုန်းတော်ကြီးသော ရှင်ပင်ဘုရားသည်၊ မျှားစွာသောညဉ့်ပတ်လုံး ရဟန်းတို့ကိုတရားစကားဖြင့် နှစ်သိမ့်စေ၍၊ ထက်စေ့သွင်းစေ၍။ သာရိပုတြာ၊ ရဟန်းသဃ်သည် ငိုက်မျဉ်းခြင်း ကင်းပြီ။ သင်သည် ရဟန်းတို့ကို ကရားစကားဖြင့် ထင်စွာပြုလေလော့။ငါသည် ခါးညောင်းဂျ်။ ခါးဆန့်ဦးအံ့ဟုတိုက်တွန်းသကဲ့သို့။ ထိုအတူရှင်ပင်ဘုရား၊ ဒေဝဒတ်သည်ပြု၍ အကျွန်ုပ်ကိုတရားတိုက်တွန်းဂျ်ဟုလျှောက်သဖြင့်။ သာရိပုတြာ၊ယခုသာဒေဝဒတ်သည် ငါ့အတွက်ပြုသည်မဟုတ်။ ရှေးခဲ့လည်းငါဂျ်အတွက်ပြု၍ ဒေသခြင်းသို့ရောက်လေဂျ်ဟုမိန့်တော်မူ၍။ ။ ချစ်သားရဟန်းတို့၊ ဖြစ်ဘူးလေသည်ကား၊ တေ့ကြီးထဲ၌ အိုင်ကြီးတရသည်ရှိဂျ်။ ထိုအိုင်ကြီးကိုမှီ၍ဆင်တို့သည်ဖျော်ကုန်ဂျ်။ ထိုဆင်တို့သည် ထိုအိုင်သို့သက်၍ ကြာစွယ် ကြဲ့ဝရင်းတို့ကို နှာမောင်းဖြင့်နုတ်၍၊ စင်

ကြယ်စွာရေဆေး၍စားကုန်ဏ်။ ထိုကြာစွယ်ကြာရင်းတို့သည် ထိုဆင်တို့အား အဆင်းလှစေခြင်းငှါဖြစ်ဏ်၊ ထိုကြာစွယ် ကြာရင်းတို့ကို စားခြင်းကြောင့် သေခြင်းသို့ရင်း၊သေလေံ့ရုံမျှသောဆင်းရဲသို့ရင်းမရောက်ကုန်။ ချစ်သားရဟန်းတို့၊ ထိုဆင်ကြီးတို့၏အတုကိုလိုက်၍ကျင့်သောဆင်ငယ်တို့သည် ထိုဒုိင်သို့သက်၍ကြာစွယ်ကြာရင်းတို့ကိုနှာမောင်းဖြင့်နုတ်၍ ကောင်းစွာရေမဆေးမူ၍ ညှနှာင့်ဝကွသောကြာစွယ်ကြာရင်းတို့ကို စားကုန်ဏ်။ ထိုစားခြင်းကြောင့် ထိုဆင်ငယ်တို့သည် သေခြင်းသို့လည်းရောက်ကုန်ဏ်။ သေလေံ့ရုံသောဆင်းရဲသို့လည်းရောက်ကုန်ဏ်။ထိုအတူငါ၏အတုကိုပြုသောဒေဝဒတ်သည်အထိုးကျန်လျက် သေလတ္တံ့ဟု နာဂစာတ်ကို ဟောတော်မူ၏။ ။တဘန် ရဟန်းတို့သည်။ ရှင်ပင်ဘုရား၊ ဒေဝဒတ်သည် အဂ္ဂသာဝကနှစ်ယောက်တို့ကို နံပါးနှစ်ဘက်တို့၌ထား၍ ဘုရား၏တင့်တယ်ခြင်းဖြင့် တရားဟောအံ့ဟု ရှင်ပင်ဘုရား၏အတုကိုပြုသည်ဟု ဆိုကုန်သော်။ ချစ်သားရဟန်းတို့၊ ဒေဝဒတ်သည် ယခုအခါ၌သာပြုသည်မဟုတ်၊ရှေး၌လည်းငါ့အတုကိုပြုသည်ရှိသော် မတတ်နိုင်ဘဲ သေခြင်းသို့ရောက်လေ၏ဟုမိန့်တော်မူ၍။ အဒိဝိကသယေတိ၊သဂုဏံ မဇ္ဈဟ္ဘာဏိတံ။ အစရှိသောဂါထာပုဒ်တို့ဖြင့် တန်ဆာ ဆင်အပ်သော ဇာတ်ကို ဟောတော်မူ၏။ ။တပါး သောနေ့တို့၌ ထိုသို့သဘောရှိသောစကားကို အကြောင်းပြု၍။ အဇာတာရံ စိရတရံ ဝနာနိ။အစရှိသောဂါထာပုဒ်တို့ဖြင့် တန်ဆာဆင်အပ်သောဇာတ်ကို ဟောတော်မူ၏။ ။တဘန် ဒေဝဒတ်သည် ကျေးဇူးမသိဟုဆိုကြသောစကားကို အကြောင်းပြု၍။ အကရမှ သတေ ကိစ္စံ၊ ယံဖလံအဟုဝမ္မသေ။ စသောဂါထာပုဒ်တို့ဖြင့် တန်ဆာဆင်အပ်သော ဇာတ်အစရှိသည်တို့ကို ဟောတော်မူ၏။ ။တဘန် ဒေဝဒတ်သည် မြတ်စွာဘုရားကို သတ်ခြင်းငှါလုံ့လပြုခြင်းကိုအကြောင်းပြု၍။ဉာတော ဧဝ တံ ကုရုဂ်သ၊ အဇစရှိသော ဂါထာပုဒ်တို့ဖြင့် တန်ဆာ ဆင်အပ်သော ကုရုဂ်ဇာတ်ကို ဟောတော်မူ၏။ ။တဘန် ဒေဝဒတ်သည် လာဘ်သပ္ပကာမှၚင်း၊ ရဟန်းအဖြစ်မှၚင်း။ နှစ်ပါးစုံတို့မှယုတ်လေ၏ဟူသောစကားကို အကြောင်းပြု၍။ ချစ်သား ရဟန်းတို့၊ ယခုအခါ၌သာ ဒေဝဒတ်သည် နှစ်ပါးစုံမှယုတ်သည်မဟုတ်။ ရှေး၌လည်းယုတ်လေပြီဟုမိန့်တော်မူ၍။ အကျိဘိန္နော ပဒေါသနဋ္ဌော။ ဤသို့အစရှိသော ဂါထာပုဒ်

တို့ဖြင့် တနံဆာဆင်အပ်သောဇာတ် အစရှိသော များစွာသောဇာတ်တို့ကို ရာဇဂြိုဟ်ပြည်၌ နေတော်မူလျက် ဒေဝဒတ်ကို အကြောင်းပြု၍ ဟောတော်မူပြီး၍။ရာဇဂြိုဟ်မှသာဝတ္ထိပြည်သို့ကြွတော်မူ၍ ဇေတဝန်ကျောင်းတော်၌ဝါဆိုတော်မူလေ၏။ ။

ဒေဝဒတ်သည်ကိုးလတို့ဖြင့်နာ၍ပစ္ဆိမဝါအခါ၌ မြတ်စွာဘုရားကို ဖူးမြင်လိုသည်ဖြစ်၍။မိမိတပည့် ကောကာလိကသမဏဒဒ္ဓတို့ကိုဆို၏။ ငါသည် မြတ်စွာဘုရားကိုဖူးမြင်လိုပါ၏။ ထိုငါ့ယောက်ဖဘုရားကို ငါ့အားပြုပါဟုဆိုသော်။ အချင်းဒေဝဒတ်၊သင်သည် စွမ်းနိုင်သောကာလ၌ မြတ်စွာဘုရားနှင့်တကွရန်ဘက်ပြု၍ ယခုမှ အဘယ်သို့ ငါတို့သည် ဆရာ့ကို ထိုအရပ်သို့ဆောင်ပို့ဝံ့မည်နည်းဟုဆိုကုန်သော်၊ ငါ့ကိုသင်တို့သည် မဖျက်ဆီးပါလင့်။ငါသာလျှင် မြတ်စွာဘုရားကိုရန်ပြုးဘွဲ့ခြင်းပြုရသော်လည်း။ငါ့ယောက်ဖဘုရားသည်တဆံဖျားမျှငါ၌ရန်ပြုးဘွဲ့ခြင်းမရှိပေ။ ပို၍သာပို၍ကြွပါဟူ၍ဆို၏။ ထိုဒေဝဒတ်ဆိုသောစကားသည်မှန်၏။ မြတ်စွာဘုရားသည် သတ်အံ့သောငှါ လာသော လေးသွားကြီးဒဏ်ရှိုးရှင်း။ ဒေဝဒတ်ရှင်း။အဂိုလိမာလခိုးသူရှင်း။ နာဠာဂိရိဆင်ရှင်း။ သားတော်ရာဟုလာရှင်း၊ အမျှဖြစ်စေအပ်သော နှလုံးတော် စိတ်တော် ရှိသည်သာတည်း။ဒေဝဒတ်သည် ကောကာလိကတို့ကို မြတ်စွာဘုရားကို ငါ့အားပြုပါဟု အဘန်တလဲလဲတောင်းပန်သဖြင့်။ထိုဒေဝဒတ်ကို ညှာငဲ့စောင်းဖြင့် ထမ်း၍ ကောကာလိက သမဏဒဒ္ဓတို့သည် ဂယာသီသမဿထွက်ခဲ့ကုန်၏။ ထိုဒေဝဒတ်လာသောအကြောင်းကိုကြား၍ ရဟန်းတို့သည် မြတ်စွာဘုရားအား။ ရှင်ပင်ဘုရား၊ ဒေဝဒတ်သည် ရှင်ပင်ဘုရားကို ဖူးမြင်အံ့သောငှါ လာသတည်းဟု ကြားလျှောက်ကုန်၏။ ချစ်သား ရဟန်းတို့၊ ဒေဝဒတ်သည် ထိုကိုယ်၏အဖြစ်ဖြင့် ငါဘုရားကိုဖူးမြင်အံ့သောငှါမရလတ္တံ့ဟု မိန့်ဆိုတော်မူ၏။ ထိုစကားသည်မှန်၏၊ ရဟန်းတို့သည် ငါးပါးသောဝတ္ထုတို့ကို ဖောင်းပန်သောနေ့မှစ၍ ဘုရားကိုမဖူးမြင်ရခြင်းသည်ကား ဓမ္မတာတည်း။ ။အရှင်ဘုရား။ ဒေဝဒတ်သည်၊ ဤမျှသောအရပ်သို့ရောက်ပြီဟုလျှောက်ကုန်သော်။ ချစ်သားတို့၊ သင်တို့သည်ဆိုလိုသမျှဆိုတော့။ ဒေဝဒတ်သည် ငါ့ကိုမမြင်ရလတ္တံ့ဟုမိန့်တော်မူ၏။ အရှင်ဘုရား၊ ဤကျောင်းမှတပယူဇနာခြားအရပ်သို့ရောက်ပြီ။ ယူဇနာခွဲ၊ တဂါဝုတ်မျှခြားသေးအရပ်သို့ရောက်ပြီ။ ဇေတဝန်ကျောင်း

တော်ရေကန်အနီးသို့ရောက်ပြီ၍ပင်ဘုရားဟုလျှောက်ကုန်သော်။ ချစ်သားတို့၊ဒေဝဒတ်သည် ဇေတဝန်ကျောင်းတော်အတွင်းသို့ပင် ဝင်လာစေဦး၊ ငါ့ကို ဒေဝဒတ်သည် ဖူးမြင်ခြင်းငှါမရလတ္တံ့,ဟု မိန့်တော်မူ၏။ ဒေဝဒတ်ကို ထမ်း၍လာသောသူတို့သည် ဇေတဝန်ကျောင်းတော်ရေကန်အနားဌ ည်ကျောင်စောင်းကိုချ၍ ရေချိုးအံ့သောငှါ ရေကန်သို့သက်လေကုန်၏။ ဒေဝဒတ်သည်လည်း ညောင်စောင်းမှ ထ၍ ခြေနှစ်ဘက်တို့ကိုမြေ၌ထား၍နေ၏။ထိုခြေနှစ်ဘက်တို့သည် မြေကြီးထဲသို့ဝင်ကုန်၏။ ဒေဝဒတ်သည် အစဉ်အတိုင်း ခြေမျက်စိတိုင်အောင်၊ပုဆစ်ဒူးတိုင်အောင်၊သားမြတ်တိုင်အောင်ဝင်ပြီး၍မေးရိုးသည်မြေကြီးဌ ဝင်တည်သောအခါဌ။ ဤမေဟိ အဋ္ဌိဟိ တ မဂ္ဂပုဂ္ဂလံ၊ဒေဝါတိဒေဝံ နရုဒမ္မသာရထိ•။ သမန္တာစက္ခု၊ သတပုညလက္ခဏံ၊ ပူဇေမိ ဗုဒ္ဓံသရဏံ ဂတောသ္မိ။ ။ ဟူသော ဂါထာကိုရွတ်၍ ပူဇော်၏။ ။ဒေဝါတိဒေဝံ၊ နတ်တကာတို့ထက်မြတ်သော နတ်ဖြစ်တော်မူသော။ နရဒမ္မသာရထိ•၊ ယောက်ျားတော်တကာတို့ကိုဆုံးမတော်မူတတ်ထသော။ သမန္တာစက္ခု၊ထက်ဝန်းကျင်မှမြင်တော်မူသော သဗ္ဗညုတညာဏ်မျက်စိရှိတော်မူထသော။ သတပုညလက္ခဏံ၊ အရာမက များစွာသော ဘုန်းတော်ကြောင့်ဖြစ်သော သုံးဆဲ့နှစ်ပါးကုန်သော ယောက်ျားမြတ်တို့၏ လက္ခဏာတို့ဖြင့် ပြည့်စုံတော်မူထသော။ အဂ္ဂပုဂ္ဂလံ၊ မြတ်သောပုဂ္ဂိုလ်လည်းဖြစ်ထသော။ တံဗုဒ္ဓံ၊ထိုရှင်ဂေါတမဘုရားကို။ ဇာမေဟိ အဋ္ဌိဟိ၊ဤအရိုးတို့ဖြင့်။ ပူဇေမိ၊ပူဇော်ပါ၏။ သရဏံ၊ကိုးကွယ်ခြင်းသို့။ ဂတောသ္မိ၊ရောက်သည်။ အသို့၊ဖြစ်ပါ၏။ ။ဤသို့မြေမျိုသောအခါဌ ပူဇော်လတ္တံ့.သောအရာကို မြင်တော်မူ၍ မြတ်စွာဘုရားသည် ဒေဝဒတ်ကိုရဟန်းပြုတော်မူသတည်း။ အကယ်၍ဒေဝဒတ်သည်ရဟန်းမပြုပါရလတ္တံ့.။လူဖြစ်၍ဝန်လေးသောမကောင်းမှုကံကိုလည်းပြု လေရာ၏။နောက်အခါဌ ဘဝမှထွက်မြောက်ခြင်း၏အကြောင်းကို ဟောခြင်းငှါမတတ်နိုင်လတ္တံ့.။ ရဟန်းပြုရပါမူ၊ ဝန်လေးသောမကောင်းမှုကံကိုပင် အကယ်၍ပြုငြားအံ့။နောက်အခါဌ်ဘဝမှ ထွက်မြောက်ခြင်း၏ အကြောင်းကို ပြုနိုင်ပါလတ္တံ့.ဟု မြင်တော်မူ၍ မြတ်စွာဘုရားဒေဝဒတ်ကိုရဟန်းပြုတော်မူသတည်း။ဤကမ္ဘာမှ ကမ္ဘာတသိန်း၏နောက်ဌ ထိုဒေဝဒဟာသည်အဋ္ဌိသရုအမည်ရှိသောပစ္စေကဗုဒ္ဓါဘုရားဖြစ်လတ္တံ့.သတည်း။ ။

ထိုဒေဝဒတ်သည်ဖြေထဲသို့ဝင်၍အဝိစိငရဲ၌ဖြစ်ရလေ၏။မတုန်မလှုပ် သောဖြတ်စွာဘုရား၌ ပြစ်မှားသည်၏အဖြစ်ကြောင့်ကား။ မလှုပ်ရှား နိုင်ဖြင့်၍ခံရ၏။ ယူဇနာတရာအစောက်နက်သောအဝိစိငရဲ၏အတွင်း ၌ ယူဇနာတရာအစောက်ရှိသောကိုယ်ဖြင့်ဖြစ်လေ၏။ ဦးခေါင်းသည် နားရွက်နှစ်ဘက် ထိုအောင် အထက်သံဒိုးကင်းဖုံး၌ ဝင်လေ၏။ ခြေ ဘဝါးနှစ်ဘက်တို့သည် ဖမျက်တိုင်အောင် အောက်သံဖြေ၌ဝင်လေ၏။ ထန်းပင်လုံးကြီး ပမာဏရှိသော သံတံကျင်သည် နောက်နံရံမှ ထွက် လတ်၍ ကျောလယ်၌ခွဝင်ပြီးလျှင် ရင်မှထွက်လာ၍ ရှေ့နံရံ၌ဝင်လေ၏။ တခြောင်းသောသံတံကျင်သည် လက်ျာနံရံမှထွက်လတ်၍လက်ျာနံပါး ၌ခွဝင်ပြီးလျှင်လက်ဝဲနံပါးဖြင့်ထွက်လာ၍ လက်ဝဲဘက်နံရံ၌ဝင်လေ၏။ တခြောင်းသည် လက်ဝဲဘက်နံရံမှထွက်လတ်၍ လက်ဝဲနံပါးဖြင့် ဒေဝ ဒတ်၏ကိုယ်၌ခွဝင်၍ လက်ျာနံပါးဖြင့်ထွက်ပြီးလျှင် လက်ျာဘက်နံရံ၌ ဝင်ပြန်လေ၏။ သံတံကျင် တခြောင်းသည် အထက် သံဒိုးကင်းဖုံးမှ ထွက်လတ်၍ဒေဝဒတ်၏ဦးနှောက်ခွပြီးလျှင် ကျင်ကြီးပေါက်ဖြင့်ထွက် ၍အောက်သံဖြေ၌ဝင်လေ၏။ ဤသို့လျှင်မလှုပ်မရှားနိုင်ဒေဝဒတ်ခံရသ တည်း။ ။ရဟန်းတို့သည်ဒေဝဒတ်သည်ဤမျှလောက်သောမကောင်း မှုကိုပြု၍ မြတ်စွာဘုရားကို ဖုံးဖြင်ခြင်းဌါနရမူ၍ ဖြဲသို့ဝင်ရလေ၏ဟု စကားကိုဖြစ်စေကုန်၏။ မြတ်စွာဘုရားသည် ချစ်သားရဟန်းတို့၊ယခု အခါ၌သာ ဒေဝဒတ်သည် ငါ့အားပြစ်မှား၍ ဖြဲသို့ဝင်ရသည်မဟုတ်။ ရှေး၌လည်းဝင်ဘူးသေသည်သာလျှင်တည်းဟု မိန့်တော်မူ၍။ ဆင်မင်း ဖြစ်သောအခါ၌ ခရီးမှားသောယောဂျဉ်းကိုနှစ်သိမ့်စေ၍ မိမိကုန်း၌ တင်၍ ဘေးမရှိရာ အရပ်သို့ ပို့လိုက်သော် ဆင်မင်းကို ပြစ်မှားသော ယောဂျဉ်းသည် ဆင်မင်း၏မျက်စိအမြင်ကိုလွန်ကာမျှ၌ ဖြဲသို့ဝင်ရ လေသောအဖြစ်ကိုပြအံ့ဖားသာဌာ။အကတညုသဃပါသဿ၊နိစ္စံ ဝိဝရ ဒဿိနော။ အစရှိသောဂါထာပုဒ်တို့ဖြင့် တန်ဆာဆင်အပ်သော ဆင် မင်းစသတ်ကိုဟောတော်မူပြီး၍။ တဘန်ထိုစကားကိုပြောဆိုပြန်သော ကြောင့်။ခန္ဓိဝါဒိရဿေဖြစ်းသာကိုယ်တော်၌ပြစ်မှား၍ ကလာဇုမင်း၏ ဖြဲသို့ဝင်သောအဖြစ်ကို ပြခြင်းဌါ ခန္ဓိဝါဒိဇာတ်ကိုဂုင်း။ ဂုဇ္ဇဓမ္မပါလ ဖြစ်တော်မူသောကိုယ်တော်၌ပြစ်မှား၍ မဟာပတာပမင်း၏ဖြဲသို့ဝင် သောအဖြစ်ကိုပြခြင်းဌါ ဂုဇ္ဇဓမ္မပါလဇာတ်ကိုဂုင်း ဟောတော်မူ၏။ ။

ဒေဝဒတ်သည် ဖြေထဲသို့ဝင်လေသည်ရှိသော် လူများအပေါင်းသည် ရှင်လန်းမှစ်သက်သည်ဖြစ်၍ တမ်းမွန်ကုက္ကားဌက်ပျောပင်တို့ကိုစိုက်၍ ရေပြည့်ဖြူတာဒိုးတို့ကို တည်၍ ငါတို့အား ရန်ဝေးပေစွတကားဟု ကြီးစွာသောသဘင်ကိုခံကုန်ဏ်။ ထိုအကြောင်းကို မြတ်စွာဘုရားအား ရဟန်းတို့ကြားလျှောက်ကုန်သော်။ ချစ်သားတို့၊ယခုအခါ၌သာ ဒေဝဒတ်သေသည်ရှိသော် လူများသည်မှစ်သက်သည်မဟုတ်၊ ရှေးဦးလည်း မှစ်သက်ဘူးလေပြီဟု မိန့်တော်မူ၍၊ ခပ်သိမ်းသော သူအပေါင်းသည် မချစ်မှစ်လို့အပ်သောကြမ်းထမ်းရန့်ရင်းသော ဗာရောဏသီပြည်၌ ပိဂ်လ မင်းသေသည်ရှိသော် လူအပေါင်းဏ်မှစ်သက်သောအဖြစ်ကိုပြခြင်းငှ်။ သပ္ပေါဇနော ဟိ ံသိတော ပိဂ်လနၱ၊တသ္မိ ံမတေ ပစ္စယာ ဝေဒယန္တိ။ အစရှိသော ဂါထာပုဒ်တို့ဖြင့် တန်ဆာဆင်အပ်သော ပိဂ်လဇာတ်ကို ဟောတော်မူဏ်။ ။ရဟန်းတို့သည်မြတ်စွာဘုရားကိုဂမေးလျှောက်ကုန်ဏ်။ ဘုန်းတော်ကြီးသောရှင်ပင်ဘုရား၊ ယခုအခါ၌ ဒေဝဒတ်သည် အဘယဂတိ၌ဖြစ်လေသနည်းဟု မေးကုန်ဏ်။ ရဟန်းတို့၊ဒေဝဒတ်သည် အဝီစိငရဲကြီး၌ ဖြစ်လေဏ်ဟု မိန့်တော်မူသော်။ ဘုန်းတော်ကြီးသော ရှင်ပင်ဘုရား၊ဒေဝဒတ်သည် ဤလူဖြစ်သောဘဝ၌ပူပန်ဆင်းရဲစွာကျင်လည်ပြီး၍ တဘန်ဘဝသို့ပြောင်း၍လည်း ပူပန်ဆင်းရဲခြင်းပြင်းစွာသော အရပ်၌ပင်ဖြစ်ပြန်ရလေတော့သည်လောဟုလျှောက်ကုန်သော်။ဩဝါဒ ဟုတ်ဏ်၊ ချစ်သားရဟန်းတို့။ ရဟုန်းသည်မှလည်း ဖြစ်စေ၊ လူသည်မှလည်းဖြစ်စေ။ မွေ့မွေ့လျော့လျော့ ကုသိုလ်တရားကိုမပြုမူ၍ နေလွန်ကိုသောသူအား ဤဘဝနောက်ဘဝ၌စုပ်ပါးစုံ၌ပင် ပူပန်ဆင်းရဲကြီးစွာဖြစ်ရလေကုန်ဏ်ဟုမိန့်တော်မူ၍။ ။ဣဓ တပ္ပတိ ပေစ္စ တပ္ပတိ၊ပါပကာရိ ဉာဟယဘ္ဆတပ္ပတိ။ပါပံ မေ ကတန္တိ တပ္ပတိ၊ဘိယျော တပ္ပတိ ဒုဂ္ဂတိ ံဂတော။ ။ဟူသော တရားဒေသနာကိုဟော်တော်မူဏ်။ ။ပါပကာရိ၊ယကောင်းမှုကိုပြုလေ့ရှိသောသူသည်။ ဣဓ၊ဤပစ္စုပ္ပန်ဘဝ၌။ တပ္ပတိ၊ ပူပန်ဆင်းရဲရဏ်။ ပေစ္စ၊ တမလွန်ဘဝ၌။ တပ္ပတိ၊ ပူပန်ဆင်းရဲဏ်။-ဉာဟယဘ္ဆ၊ပစ္စုပ္ပန်ကမလွန်ဘဝနှစ်ပါး၌။ တပ္ပတိ၊ပူပန်ဆင်းရဲဏ်။ မေမယ္ဟာ၊ ငါသည်။ ပါပံ၊မကောင်းမှုကို။ ကတံ၊ပြုမိဏ်။ ဣတိ၊ဤသို့။ တပ္ပတိ၊ပူပန်ဆင်းရဲဏ်။ ဒုဂ္ဂတိ ံ၊ မကောင်းသောသူတို့ဏ် လားရာဖြစ်သော ငရဲသို့။ ဂတော၊ ရောက်သည်ဖြစ်၍။ ဘိယျော၊ လွန်စွာ။ တပ္ပတိ၊ ပူပန်ဆင်းရဲ

ဏ်။ ။ဤဒေသနာတော်အဆုံးဌ များစွာသောသူတို့သည် သောတာပတ္တိဖိုလ်အစရှိသည်တို့ဌတည်ကုန်ဏ်။ ။

၄၇။ သာကေတမြို့သား ပုဏ္ဏားအို
သို့းခင်ပွန်းနှစ်ယောက်တို့အနာဂံတည်သည်ကစ၍
ပရိနိဗ္ဗာန်ပြုသည်တိုင်အောင်ပြုဆိုရာ။

အဟိ သကာယမုနယော၊ အစရှိသော တရားဒေသနာတော်ကို မြတ်စွာဘုရားသည်။ သာကေတမြို့ကိုဆွမ်းခံမှီ၍။ အဋ္ဌနဝနဒ္ဓနေတော်မူသောအခါ ရဟန်းတို့ မေးလျောက်သည်ကဲ့ အကြောင်းပြု၍ ဟောတော်မူဏ်။ မြတ်စွာဘုရားသည် ရဟန်းသံဃာအပေါင်းခြံရံလျက်ဆွမ်းခံဝင်တော်မူသော အခါဌသာကေတမြို့ဌနေသောပုဏ္ဏားအိုတယောက်သည်။ မြို့မှထွက်သည်ရှိသော် တံခါးကြားဌ မြတ်စွာဘုရားကိုမြင်၍၊ ခြေတော်တို့ဌ ဝပ်၍၊ ဖမျက်တို့ဌ ကြပ်ကြပ် ကုံ၍။ သားချစ်တို့မည်သည် အဓိအဘတို့ကိုအို သောအခါဌလုပ်ကျွေးအပ်ပါသည်မဟုတ်တုံလော။ အဘယ်ကြောင့် ဤမျှသောကာလပတ်လုံး ဝိဝိကိုယ်ကိုမပြုဘဲနေဘိသနည်း။ ငါသည် အဓိ၏ခြေးဦးစွာ သင့်ကဲ့မြင်အပ်သည်ဖြစ်ဏ်။ သားချစ်၊ အဓိကိုမြင်ခြင်းငှါသာလျှင်တို့ဟု မြတ်စွာဘုရားကိုယူ၍ ဝိဝိအိမ်သို့သွားလေဏ်။ မြတ်စွာဘုရားသည် ထိုအိမ်သို့ရောက်၍ ခင်းအပ်သောနေရာဌ ရဟန်းသံဃာနှင့်တကွ နေတော်မူဏ်။ ပုဏ္ဏားမအိုသည်လည်း လာ၍ မြတ်စွာဘုရား၏ခြေတော်တို့ဌဝပ်၍၊ သားချစ်၊ သင်သည် ဤမှုလောက်သောကာလပတ်လုံး အဘယ်သို့သွားနေသနည်း။ စင်စစ်ကား ဝိအိုဘအို့တို့ကိုလုပ်ကျွေးအပ်သည်မဟုတ်လော့ဟုဆို၍။ သားသို့းတို့ကိုလည်းလာကုန်လော့ဟုခေါ်၍။ ဂၢဇ်မတို့မောင်ကို၊ မောင်မင်းတို့ အစ်ကိုယ်ကို ဂါရိုးကုန်လော့မှာဆို၍ ဂါရိုးစေဏ်။ ထိုပုဏ္ဏားအိုသို့းခင်ပွန်းတို့သည် ဒုစ်သက်သောဒုလုံးဖြင့် ဘုရားသခင်အမှူးဂါသော ရဟန်းသံဃာတို့ကို ဆွမ်းလုပ်ကျွေ၍။ ဂၢဇ်ပင်ဘုရာ၊ ဤအိမ်ဌသာလျှင် ဆွမ်းကဲ့ယူတော်မူပါဟု လျောက်သေးကြောင့်။ ဘုရားတို့မည်သည် တခုခုသော အရပ်ဌသာ အမြဲ ဆွမ်းကိုမယူကုန်ဟု မိန့်တော်မူသော်။ ထိုသို့တပြီးကား။ ဂၢဇ်ပင်ဘုရား၊ အကြင်သူတို့သည် ဂၢဇ်ပင်ဘုရားတို့အား ဆွမ်းကဲ့

ဘိတ်အံ့သောဌါ လာကုန်ဏ်။ ထိုသူတို့ကို အာကျွန့်ပ်တို့ဏ်အထံသို့ ဧစေတော်မူလိုက်ပါဟု ဆိုကုန်ဏ်၊ မြတ်စွာဘုရားသည် ထိုနေ့မှစ၍ ဆွမ်းဘိတ်မန်အံ့သောဌါ လာသောသူတို့ကို ပုဏ္ဏားအိုတို့အား သွား၍ကြားပါရှေဟုစေဏ်။ ထိုဘိတ်လာသောသူတို့သည် သွား၍ နက်ဖြန်အလိုဌါ မြတ်စွာဘုရားကို ဆွမ်းဘိတ်မန်ကုန်ဏ်ဟု ပုဏ္ဏားအိုတို့ကို ဆိုကုန်ဏ်။ ပုဏ္ဏားအိုသည် မိုးသောက်သောနေ့၌။ ပိမိုအိမ်မှထမင်းအိုးဟင်းအိုးတို့ကိုယူ၍၊ မြတ်စွာဘုရားနေသောအရပ်သို့လာ၍၊ ထိုဘိတ်မန်သောသူတို့ဏ်၊ ဆွမ်းနှင့်အတူပြုံဏ်။ တပါးသောအရပ်ကဆွမ်းဘိတ်မန်သောသူမရှိသည်ရှိသော် ပုဏ္ဏားအိုသို့ခင်ပွန်းအိမ်၌သာလျှင် မြတ်စွာဘုရားသည် ဆွမ်းစားခြင်းကိစ္စကို ပြုတော်မူဏ်။ ထိုပုဏ္ဏားအိုသို့ခင်ပွန်းနှစ်ယောက်တို့သည် ပိမိုတို့ဏ်အိမ်မှသာလျှင်လူဘွယ်ဝထွေတို့ကိုအခါခပ်သိမ်း မြတ်စွာဘုရားအား ပေးလှူကုန်၍။ တရားစကားကိုနာကုန်လျက် အနာဂါမိဖိုလ်သို့ရောက်လေကုန်ဏ်။ ။

ရဟန်းတို့သည် တရားသဘင်၌ စည်းဝေးကုန်သျက် စကားပြောဟောခြင်းကိုဖြစ်စေကုန်ဏ်။ အရှင်တို့၊ ဤအမည်ရှိသောပုဏ္ဏားသည်။ မြတ်စွာဘုရား၏ ခမည်းတော်သည် သုဒ္ဓါဒန မင်းကြီး၊ မယ်တော်မဟာမာယာဟူ၍သိလျက်ပင် ပုဏ္ဏေးမနှင့်တကွ မြတ်စွာဘုရားကို ငါတို့ဏ်သားဟူ၍ဆို၏။ မြတ်စွာဘုရားသည်လည်း ထိုပုဏ္ဏားဆိုတိုင်းပင် ဝန်ခံတော်မူဏ်။ အကြောင်း အဘယ်သို့ဖြစ်လေသနည်းဟု စကားကို ဖြစ်စေကုန်ဏ်။ ။မြတ်စွာဘုရားသည် ထိုရဟန်းတို့ဏ်စကားကိုကြားတော်မူ၍။ ချစ်သားရဟန်းတို့၊ ပုဏ္ဏားအို သမီးခင်ပွန်းနှစ်ယောက်တို့သည်။ပိမိတို့ဏ်သားဖြစ်ဘူး၍ သားဟုဆိုကုန်ဏ်မိန့်တော်မူ၍။ လွန်လေပြီးသောအကြောင်းကို ဆောင်တော်မူဏ်။ ။ချစ်သားရဟန်းတို့၊ လွန်လေပြီးသောအခါ၌ ထိုပုဏ္ဏားအိုသည် အခြားမဲ့ အဖြစ်ငါးရာတိုင်တိုင် ငါ၏အဘသည် ဖြစ်ဏ်။ အဖြစ်ငါးရာတိုင်တိုင် ငါ၏ဘဝထွေးသည် ဖြစ်ဏ်။ အဖြစ်ငါးရာတိုင်တိုင် ငါ၏ဘကြီးသည် ဖြစ်ဏ်။ ထိုပုဏ္ဏေးမသည်လည်း အခြားမဲ့အဖြစ်ငါးရာတိုင်တိုင် ငါ၏အဒေါ်သည်ဖြစ်ဏ်။ အခြားမဲ့အဖြစ်ငါးရာတိုင်တိုင် ငါ၏မိထွေးသည် ဖြစ်ဏ်။ အခြားမဲ့ အဖြစ်ငါးရာတိုင်တိုင် ငါ၏ မိကြီးသည်ဖြစ်ဏ်။ ဤသို့ ဆိုအပ်ပြီးသောနည်းဖြင့် ငါသည် အခွဲနှင့်တကွ အဖြစ်တထောင်တိုင်တိုင် ပုဏ္ဏား၏လက်၌ကြီး၏။

အခွဲနှင့်တကွ အဖြစ်တထောင် တိုင်တိုင် ပုဏ္ဏားမ၏လက်၌ ငါကြီး၏။ ဤသို့လျှင် အဖြစ်သုံးထောင်တိုင်တိုင် ပုဏ္ဏားသမီးခင်ပွန်းတို့အဖြစ်ကို ပြတော်မူ၍။ ဤဂါထာ နှစ်ချက်ကို ဟောတော်မူ၏။ ။ယသ္မိ မဒနော နိဝိသတိ၊စိတ္တန္တွာဝိ ပသီဒတိ။ အဒိဋ္ဌပုဗ္ဗကေ ပေါဓေ၊ကာမံ တသ္မိ'ဝိ ဝိသာဒေ။ ။ပုဗ္ဗေဝ သန္နိဝါသေန၊ပစ္ဆုပ္ပန္နဟိတေန ဝါ။ဧဝံ တံဓာယ ဓေတ ပေမံ၊ဥပ္ပလံဝ ယထောဒကေတိ။ ။ဘိက္ခဝေ၊ရဟန်းတို့။ အဒိဋ္ဌ ပုဗ္ဗကေ၊မမြင်ဘူးသော။ ယသ္မိ' ပေါဓေ၊ အကြင်ယောကျ်ားခွ်။ မဒနာ၊ နှလုံးသည်။ နိဝိသတိ၊အမြဲဝင်၏။ စိတ္တန္တွာဝိ၊စိတ်သည်လည်း။ ပသီဒတိ၊ ကြည်ညိုလို၏။ တသ္မိ'၊ထိုယောကျ်ားခွ်။ ကာမံ၊အလိုသည်။ အဝိ၊ စင်စစ်။ ဝိသာဒေ၊အကျွမ်းဝင်၏။ ။ပုဗ္ဗေဝ၊ ရှေးသောကိုယ်၏ အဖြစ်ခွ်သာလျှင်။သန္နိဝါသေန ဝါ၊အတူတကွပေါင်းဘော်ဖော်နဘူးသောကြောင့်၎င်း။ ပစ္ဆုပ္ပန်ဟိတေန ဝါ၊ ပစ္ဆုပ္ပန်ဘဝခွ် အကျိုးစီးပွါးကို ဖြင်သည်၏အဖြစ်ကြောင့်၎င်း။ဥဒကေ၊ရေခွ်။ဥပ္ပလံ၊ကြာသည်။ဓာယ၊တိယထာ၊ဖြစ်သကဲ့သို့။ဧဝံတထာ၊ထိုအတူ။တံပေမံ၊ထိုဖြင်ကာမျှချစ်ခြင်းသည်။ဓာယတေ၊ ဖြစ်၏။ ။မြတ်စွာဘုရားသည် ထိုအမျိုးကိုမှီ၍ သုံးလပတ်လုံး ထိုသာကေတမြို့ခွ်နေတော်မူ၏။ထိုဗုဒ္ဓဘုရားအိုသမီးခင်ပွန်းနှစ်ယောက်တို့သည် ရဟန္တာအဖြစ်ကိုမျက်မှောက်ပြု၍ပဂိုဏ်ဗွာန်ပြုလေကုန်၏။ ။

ထိုရောအခါ ထိုပုဏ္ဏားတို့အား မျှားစွာသောပူဇော်သက္ကာရကိုပြုကုန်၍။နှစ်ယောက်သောသူတို့၏အလောင်းကောင်ကိုတရားသောအထွတ်တပ်သောတလားတိုက်သို့သာလျှင် တင်ကုန်၍။ သုသာန်တစသို့ ပို့ဆောကုန်၏။မြတ်စွာဘုရားသည်လည်းငါးရာသောရဟန်းတို့ဖြင့်ခြံရံလျက်။ ထိုအလောင်းကို ဆောင်သူတို့နှင့်တကွသာလျှင် သင်းချိုင်းသို့ကြွသွားတော်မူ၏။ မြတ်စွာဘုရား၏ မယ်တော်ခမည်းတော်ပေတည်းဟု မျှားစွာသောလူအပေါင်းတို့သည် မြို့မှထွက်၍ သင်းချိုင်းသို့လိုက်၏။ မြတ်စွာဘုရားသည် သင်းချိုင်း၏အနီးခွ် တရားသောစရပ်သို့ဝင်၍ နေတော်မူ၏။ လူတို့သည် မြတ်စွာဘုရားကိုမှီခိုးကုန်၍။ တင့်အပ်လျောက်ပတ်သောအရခွ် နေကုန်၍။ ဘုန်းတော် အလွန်ကြီးမြတ်တော် မူလှသော ဂုဏ်ပင်ဘုရား၊ဂုဏ်မင်ဘုရားသည်။မယ်တော်ခမည်းတော်တို့သခွဲကုန်ပြီဟူ၍။ ဤသို့ ဂုဏ်ပင်ဘုရား ကြီးတော်မမူပါကုန်လင့်ဟု လျှောက်ထား

ပြီးမှ မြတ်စွာဘုရားနှင့်သာလျှင် တကွစကားပြောပေဟာခြင်းကို ပြုကုန်၏။ ။မြတ်စွာဘုရားသည်။ ထိုလူအပေါင်းကို။ ဒါယကာတို့၊ ဤသို့မဆိုလင့်ဟုပယ်တော်မမူမူ၍။ ပရိသတ်တို့၏အလိုကို ကြည့်တော်မူပြီးလျှင်။ ထိုခဏနှင့် လျောက်ပတ်သော တရားကို ဟောတော်မူလိုသည်ဖြစ်၍။ ။အပ္ပံဝတ ဇိဝိတံ ဇူဒံ၊ ဩရံဝသသတာ မိယျတိ။ယောစေပိ အတိဇိဝတိ၊ အထဧကော သော မိယျတိ။ ။ဟူသော တရားတော်ကို ဟောတော်မူ၏။ ။ဘောန္တော၊ အိုလူများတို့။ အပ္ပံဝတာ၊ အနည်းငယ်သာတကား။ ဇူဒံ ဇိဝိတံ၊ ဤအသက်သည်။ ဩရံဝသသတာ၊ အနှစ်တရာအောက် အယုတ်အားဖြင့်။ မိယျတိ၊ သေတတ်၏။ ယောဒှာယု၊ အကြင်အသက်သည်။ စေပိ၊အကယ်၍လည်း။ အတိဇိဝတိ၊ အလွန်အသက်ရှည်ငြားအံ့။ဧဝံပိ၊ဤသို့ရှည်သေဉ်လည်း။အထဧကော၊စင်စစ်အားဖြင့်။ သောအာယု၊ထိုအသက်သည်။ မိယျတိဧဝ၊ သေသည်သာလျှင်တည်း။ ။ဤတရားဒေသနာတော် အဆုံးဌ ရှစ်သောင့်း လေးထောင်သောဝေနေယျသတ္တဝါတို့သည် သစ္စာလေးပါးတရားကိုသိခြင်းသည်ဖြစ်ကြကုန်၏။ ။ဤဂါထာသည် ဇရာသုတ် မည်၏။ ။ရဟန်းတို့သည် ပုဏ္ဏားပုဏ္ဏားမတို့၏ ပရိနိဗ္ဗာန်ပြုကုန်ပြီးသည်၏အဖြစ်ကို မသိကုန်သည်ဖြစ်၍။ ရှင်ပင်ဘုရား၊ ပုဏ္ဏား ပုဏ္ဏားမတို့၏ တမလွန် ဘဝသည်အဘယ်သို့ဖြစ်လေသနည်းဟုမေးလျောက်ကုန်၏။မြတ်စွာဘုရားသည်ဤသို့မိန့်တော်မူ၏။ ချစ်သားရဟန်းတို့၊ ပုဏ္ဏားပုဏ္ဏားမတို့ကဲ့သို့သဘောရှိကုန်သောအသေကွဲမရှိနိုဖြစ်သောရဟန္တာတို့အား တမလွန်ဘဝသည်မရှိပြီ။ ဤသူတို့ကဲ့သို့ သဘောရှိသောရဟန္တာတို့သည် ဇေဋ္ဌဖြစ်ခြင်းမရှိသော ငယ်ခြင်းမရှိသော မြတ်သောနိဗ္ဗာန်သို့သာလျှင် ရောက်လေကုန်၏ဟု မိန့်တော်မူ၍။ ။အဟိံ သကာယာ မဏယော၊ နိစ္စံ ကာယေန သံဝုတာ။တေယန္တိ အစ္စုတံဌာနံ၊ယတ္ထ ဂတ္ဝါ နသောစရေ။ ။ဟူသောတရားကို ဟောတော်မူ၏။ ။ဘိက္ခဝေ၊ ရဟန်းတို့။ အဟိံ သကာယာ၊ မည္သည်းဆဲအပ် ကုန်သော ကိုယ်ရှိကုန်သော။ ကာယေန၊ ကာယဝစီမနောဒွါရေသုံးပါးဖြင့်။ သံဝုတာ၊ စောင့်အပ်ကုန်သော။ ဧတမရဏယော၊ ထိုအသေကွဲမရှိနိရဟန်းတို့သည်။ ယတ္ထ၊ အကြင်နိဗ္ဗာန်သို့။ ဂတ္ဝါ၊ ရောက်ကုန်၍။ နသောစရေ၊ စိုးရိမ်ခြင်းမရှိကုန်။ အစ္စုတံ၊ ဇေဋ္ဌခြင်းမရှိသော။တံဌာနံ၊ထိုနိဗ္ဗာန်တည်းဟူသောအရပ်သို့။ ယန္တိ၊ရောက်

ကုန်၏။ ။ဤဒေသနာတော် အဆုံးဌိ များစွာသောသူတို့သည် သောတာပတ္တိဖိုလ်စသည်တို့သို့ရောက်ကုန်၏။ ။

၄၈။ ဗန္ဓုလစော်သူကြီး၊မဟာလိလို့ဆွဝိ၊
ဆွေတော်မျိုးတော်တို့၏ပျက်စီးခြင်းစသောအဋ္ဌုပ္ပတ္တိ
များနှင့်တကွ။မိတ္တဒုန္ဒုမင်း၏အကြောင်း
အကျယ်စကားကိုပြဆိုရာ။

ပုပ္ပါနိဟော ပစိနန်္တံ၊ အစရှိသော တရားတော်ကို မြတ်စွာဘုရား သည် ဇေတဝန်ကျောင်းတော်၌ နေတော်မူလျက် အစိရဝတီ မြစ်ရေ အလျဉ်သည်မျှော်၍သေလေသောမိတ္တဒုန္ဒုမင်းသားကိုအကြောင်းပြု၍ ဟောတော်မူ၏။ ဝတ္ထုအစဉ်စကားကား။ သာဝတ္ထိပြည်၌ မဟာကောသလမင်း၏သားဘဲသည် ပသေနဒီကောသလမင်းမည်၏။ဝေသာလ်ပြည် လိစ္ဆဝီမင်း၏သားသည် မဟာလိမည်၏။ ကုသိနာရုံပြည်၌ မလ္လာမင်း၏ သားသည် ဗန္ဓုလမည်၏။ ဤသူသုံးယောက်တို့သည် ဒိသာပါမောက္ခ ဆရာ၏အထံ၌ အတတ်သင်အံ့ဟု တက္ကသိုလ်ပြည်သို့လာကြကုန်သော် မြို့ပါးစရပ်၌ ပေါင်းမိကြ၍ အချင်းချင်း အမျိုးအမည်ကို မေးကြပြီးမှ ခင်ပွန်းဘွဲ့၍၊တပေါင်းတည်းဆရာသို့ကပ်၍ ခွင့်တောင်းပြီးလျှင် မကြာမြင့်မီသင်ပြီးသောအတတ်ရှိကုန်သည်ဖြစ်၍ တပြိုင်နက်ပင် မိမိမိမိတို့၏မြို့သို့ ပြန်သွားကြလေကုန်၏။ ရောက်လျှင် ပသေနဒီကောသလမင်း သည်အဘအား၊အတတ်ကိုပြ၍ အဘကြည်ညိုသဖြင့် မင်း၏အဖြစ်ကို ပေး၏။ ။မဟာလိလည်းလိစ္ဆဝီမင်းတို့အား၊အတတ်ကိုပြသော် အား ထုတ်လွန်သဖြင့် မျက်စိနှစ်ဘက်တို့သည် ထွက်လေကုန်၏။လိစ္ဆဝီမင်း တို့သည် ဇာ၊တို့ဆရာ၏မျက်စိတို့သည် ပျက်ခြင်းသို့ ရောက်ကုန်သော် လည်း။ ငါတို့သည် ဆရာကိုမစွန့်မူ၍ လုပ်ကျွေးကုန်အံ့ဟု။ တနှစ်လျှင် အသပြာတသိန်းအနှစ်ထွက်သော တံခါးတဇော်ကိုပေး၏။ထိုတံခါး၏အနီးဌ၌ အိမ်ဆောက်၍ လိစ္ဆဝီမင်းသားငယ်ငါးရာတို့ကို အတတ်သင် လျက် နေစေ၏။ ။ကုသိနာရုံဌ မလ္လာမင်းတို့ကား ဝါးအလုံးခြောက် ဆယ်တို့ကို အလယ်၌ သံချောင်းထည့်၍ထည့်၍ အစည်းခြောက်ဆယ် စည်းပြီးမှ စိုက်ထောင်၍ထားသော ဤစါးအစည့်တို့ကို ဗန္ဓုလသည်

သန်လျက်ဖြင့်ကြိတ်၍ ဖြတ်စေကုန်သတည်းဟုဆို၏သင်္။ ဗန္ဓုလလည်း အတောင်ရှစ်ဆယ်မျှလောက်သောကောင်းကောင်သို့ရုန်၍။ သန်လျက်ဖြင့် ဖြတ်၍လာ၏။ အဆုံးစွန်သောဝါးအစည်းခွဲ သံချောင်းအသံကို ကြားလျှင် ဤအသံသည် အဘယ်အသံနည်းဟုမေးပြီးမှ။အစည်းခြောံဆယ် တို့၏အလယ်ခွဲ သံချောင်းတချောင်းစီ ထားသောအဖြစ်ကို သိသဖြင့်။ သန်လျက်ကိုပစ်လိုက်၍ ငိုလျက် ဤမျှသော ဆွေမျိုးအပေါင်းခွဲ ငဲ့အား ချစ်သောသူမရှိ။အကယ်၍ရှိပါက ဤအကြောင်းကိုကြားပါကုန်သဖြင့် ငါသိလျှင် သံချောင်း၏အသံကိုမထွက်စေမူ၍ ဖြတ်ရလေရာ၏ဟု ဆိုပြီးလျှင် အလုံးစုံသောဤမင်းတို့ကိုသတ်၍ ငါမင်းပြုခဲ့ဟု အမိအဘတို့အား ဆို၏။ ချစ်သားဗန္ဓုလ၊ ဤသို့ အလှည့်အားဖြင့် မင်းပြုခြင်းသည် ဘိုးဘေးတို့မှအစဉ်ဆင်းသက်သောမင်း၏အဖြစ်တည်း။ ဤသို့သတ်၍ မင်းပြုခဲ့သောဌါ မရအပ်ဟု အမိအဘတို့ အထူးထူးအပြားပြားဆို၍ ဖြစ်တားကုန်သော်။ ထိုသို့ဖြစ်မူကား ငါ၏အဆွေပသေနဒီကောသလမင်း၏ အထံသို့ သွားခဲ့ဟု သာဝတ္ထိပြည်သို့ သွားလေ၏။ ဗန္ဓုလလာကြောင်းကို ကြား၍ ပသေနဒီမင်းလည်း ခရီးဦးကြိုပြု၍ များစွာသော ပူဇော်သက္ကာရဖြင့် မြို့သို့ဝင်စေ၍ စစ်သူကြီးအရာ၌ထား၏။ ထိုဗန္ဓုလသည်မိဘတို့ကိုလည်းယူ၍သာဝတ္ထိပြည်၌နေလေ၏။ ။

ထိုအခါ ပသေနဒီကောသလမင်းသည် တနေ့သ၌ ပြာသာဒ်ထက်၌ ရပ်လျက် ခရီးမကိုကြည့်သော် မဟာအနာထပိဏ်။ စူဠအနာထပိဏ်။ ဝိသာခါ။ သုပ္ပဝါသာတို့၏အိမ်သို့ အထောင်မကများစွာသော ရဟန်းတို့သည် နိစ္စဘတ်အလို့ငှါသွားကုန်သည်ကိုမြင်လျှင်။ အခွင့်ကောင်းတို့သည် အဘယ်သို့သွားကြကုန်သနည်းဟုမေး၍ အခွင့်မင်းကြီး၊ မဟာအနာထပိဏ်အိမ်သို့ ရဟန်းနှစ်ထောင်။ စူဠအနာထပိဏ်အိမ်သို့ငါးရာ။ ထိုအတူ ဝိသာခါအိမ်သို့ငါးရာ။ သုပ္ပဝါသာအိမ်သို့ငါးရာ။ နေ့တိုင်းနိစ္စဘတ်အလို့ငှါ ရဟန်းတို့သွားကုန်၏ဟုဆိုသော်။ မင်းကြီးသည်လည်း ရဟန်းသံဃာတို့အား လုပ်ကျွေးလို၍ ကျောင်းသို့သွားပြီးလျှင်။ ရဟန်းတထောင်နှင့်တကွ ဘုရားကိုဆွမ်းဘိတ်၍ ချနစ်ရက်ပတ်လုံး အလှူပေး၍။ ချနစ်ရက်မြောက်သောနေ့၌။ အခွင့်ဘုရား၊ ငါးရာသောရဟန်းတို့နှင့်တကွမပြတ်အကျွန်ုပ်၏ဆွမ်းကိုခံတော်မူပါဟု ဘုရားကိုရှိခိုး၍ လျှောက်သော်။ မြတ်သောမင်းကြီး၊ မြတ်စွာဘုရားတို့မည်သည် တချသောအရပ်

၌ မပြတ်ဆွမ်းကို မခံကုန်။ ဘုရားတို့၏မပြတ်လာခြင်းကို သင်မင်းကြီး သည် မတောင့်တလင့်ဟုမိန့်တော်မူ၍။ ထိုသို့သော် တယောက်သော ရဟန်းကိုခေါင်းတပ်၍ မပြတ်စေတော်မူပါဟုလျှောက်သဖြင့်။ အာနန္ဒာကိုဝန်ပြု၏။မင်းကြီးသည် ရဟန်းသံဃာတော်တို့ကြွလာသော် သပိတ်ကိုလှမ်း၍ ဒိဓိကိုယ်တိုင်ချနစ်ရက်မုတ်လုံးလုပ်ကျွေး၏။ဂုစ်ရက် မြောက်သောနေ့၌ ပျံလွှားသည်ဖြစ်၍ကြာမြင့်ခြင်းကိုပြု၏။မင်းမျိုး၌မည် သည်၊မစေပဲ နေရာခင်း၍ ရဟန်းတို့ကိုနေစိမ့်သောဌါစိရင်သောသူကို မရအပ်ကုန်။ ထို့ကြောင့် ငါတို့သည် ဤအရပ်၌ ကြာမြင့်စွာရပ်ခြင်းငှါ မတတ်နိုင်ကုန်ဟု များစွာသောရဟန်းတို့သည် ဗဲကြလေကုန်၏။ မင်း ကြီးသည်ကုန်းရက်မြောက်သောနေ့၌လည်းမေ့လျော့၏။ရပ်ပြီး၍ရဟန်း တို့သည်ဗဲလေကုန်၏။ ဆယ်ရက်မြောက်သောနေ့၌လည်းမေ့လျော့၏။ ထိုဆယ်ရက်မြောက်သောနေ့၌ အာနန္ဒာမထေရ်တပါးကိုထား၍ အလုံးစုံ သောရဟန်းတို့ဗဲကုန်၏၊ ဘုန်းရှိသောသူတို့သည် အကြောင်း၌ လိမ္မာ ကုန်၏။ အမျိုးတို့၏ကြည်ညိုခြင်းကိုစောင့်ကုန်၏။အရှင်အာနန္ဒာလည်း။ ကမ္ဘာတသိန်းပါရမီဖြည့်ပြီး၍ ဘုန်းရှိသောသူဖြစ်ရကား အကြောင်း၌ လိမ္မာသောကြောင့် အမျိုးတို့၏ကြည်ညိုခြင်းကိုစောင့်လျက်ရပ်၏။ ထို ကြောင့် အရှင်အာနန္ဒာတရားတည်းကဲ့သာလုပ်ကျွေးရကုန်၏။ ရဟန်း တို့သွားပြီးသောအခါ၌ မင်းလာ၍ စိရင်တိုင်းတည်ကုန်သော ခဲဘွယ် ဘောဇဉ်တို့ကိုမြင်လျှင်။ အရှင်တို့ အဘယ်ကြောင့် မလာကုန်သနည်း မေးလျှင် အာနန္ဒာဝတပါးသာလာ၏ဟု ကြားသော်။ ငါ၏ ဤမျှလောက် သောဥစ္စာ၏ပျက်စီးခြင်းကိုပြုကုန်၏ဟု ရဟန်းတို့အားအမျက်ထွက်၍ မြတ်စွာဘုရား၏အထံသို့သွားပြီးလျှင်။ အရှင်ဘုရား၊အကျွန်ုပ်သည် ငါး ရာသော ရဟန်းတို့ဘို့ ခဲဘွယ်ဘောဇဉ်ကိုစိရင်ပါ၏။ အာနန္ဒာတပါး သာကြွလာ၏။ စိရင်အပ်သော ဆွမ်းတို့သည် ထိုစိရင်တိုင်း ရှိကုန်၏။ ငါးရာသောရဟန်းတို့သည် အကျွန်ုပ်၏အိမ်၌အမှတ်ကိုမပြုကြပါကုန်။ အကြောင်းအဘယ်သို့နည်းဟု မြတ်စွာဘုရားကို လျှောက်၏။ မြတ်စွာ ဘုရားသည်ရဟန်းတို့အားအပြစ်ကဲ့မဆိုမူ၍။ မြတ်သောမင်းကြီး၊ငါ၏ တပည့်သား ရဟန်းတို့အား သင်မင်းကြီးတို့နှင့် အကျွန်း မဝင်သော ကြောင့်သွားကုန်သည်ဖြစ်လတ္တံ့ဟုမိန့်တော်မူပြီး၍။အမျိုးတို့သို့ကပ်အပ် သောအကြောင်း မကပ်အပ်သောအကြောင်းကို ရဟန်းတို့အား ထင်

ရှားပြတော်မူလိုသည်ဖြစ်၍။ ချစ်သားရဟန်းတို့၊ နှစ်သက်ဘွယ်မလုပ်ကျွေးခြင်း။ မနှစ်လိုဘွယ်ဖြင့်ရှိခိုးခြင်း။ မနှစ်လိုဘွယ်ဖြင့် နေရာခင်းခြင်း။ ထင်ရှားဖြစ်သော ဝတ္ထုပစ္စည်းကို လျှို့ဝှက်ခြင်း။အများရှိလျက် အနည်းပေးခြင်း။ မွန်မြတ်သော ဝတ္ထုပစ္စည်းရှိလျက် ကြမ်းထမ်းချွန်ရင်းသော ဝတ္ထုပစ္စည်းကိုပေးခြင်း။ ရိုသေစွာမပေးမူ၍ မရိုမသေပေးခြင်း။ တရားနာအံ့သောဘုံ ရိုသေစွာအနီးဌမနေခြင်း။ ဟောသောတရားကို မနှစ်လိုခြင်း။ ၅၂ကိုးပါးသောအင်္ဂါတို့နှင့်ပြည့်စုံသောအမျိုးတို့သို့ မကပ်အပ်။ မသိ၍ ကပ်မိသော်လည်း အနီးသို့မနေအပ်ဟု ဒါယကာတို့သို့ မကပ်အပ်သောအကြောင်းကိုဆင်း။ ဆိုအပ်ပြီးသောအကြောင်းကိုးပါးမှပြန်၍ နှစ်လိုဘွယ်ဖြင့် လုပ်ကျွေးခြင်းအစရှိသော အကြောင်းကိုးပါးတို့နှင့်ပြည့်စုံသောအမျိုးတို့သို့ကပ်အပ်၏။ကပ်ပြီး၍လည်း အနီးသို့နေအပ်၏ ဟု ဒါယကာတို့သို့ ကပ်အပ်သော အကြောင်းကိုးပါးကိုဆင်း။ ရဟန်းတို့အား ဟောတော်မူ၍။ ဤသို့လျှင် မြတ်သောမင်းကြီး၊ ငါ၏တပည့်သားရဟန်းတို့အား သင်မင်းကြီးတို့၏အထံ၌ အကျွမ်းဝင်ခြင်းကို မရကုန်၍ သွားကုန်သည်ဖြစ်လတ္တံ့ဟု ဒိန့်တော်မူ၍။ မြတ်သောမင်းကြီး၊ ရှေးဦးဖြစ်သော ပညာရှိတို့သည်လည်း။ ယုံမှားအပ်သောအရပ်၌ အရှိအသေလုပ်ကျွေးခြင်းကို ရအပ်သော်လည်း။ သေခြင်းနှိုးသောဝေဒနာသို့ရောက်၍ အကျွမ်းဝင်ရာအရပ်သို့သာလျှင်ပြောင်းသွားလေကုန်၏ဟု ဒိန့်တော်မူသဖြင့်။ အရှင်ဘုရား၊အဘယ်အခါ၌ သွားလေတုံးသနည်းဟု မင်းကြီးမေးလတ်သော်။ကောသဝဇာတ်ကိုဟောတော်မူ၏။ ။ဤဇာတ်၌အဓိပ္ပါယ်ကား။ ။

လွန်လေပြီးသော အခါ၊ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်း မင်းပြုသည်ရှိသော်။ ကောသဝအမည်ရှိသောမင်းသည် မင်း၏အဖြစ်ကိုစွန့်၍ ရသေ့ရဟန်း ပြု၏။ ငါးရာသော မင်းချင်း ဇယာဂျွန်းတို့သည်လည်း အတူလိုက်၍ရဟန်းပြုကုန်၏။ ကပ္ပအမည်ရှိသော်ဆေတ္တာသည်လည်း ရဟန်းပြု၍ ငါဘုရားလောင်းကောသဝရသေ့၏ ကပ္ပမည်သောအမှုလုပ်အကျေးတပည့်သည် ဖြစ်၏။ ကောသဝရသေ့သည် ပရိသတ်နှင့်တကွ ရှစ်လပတ်လုံးဟိမဝန္တာ၌နေပြီး၍ ဗိုလ်းလအခါ၌ ချဉ်ဆားမြိုးအံ့သောဘုံ ဗာရာဏသီပြည်သို့လာ၍ ဆွမ်းအလိုဌာ မြို့တွင်းသို့ဝင်သော ကောသဝရသေ့ကိုမင်းကြီးဖြင့်၍။သဒ္ဓါကြည်ညိုသဖြင့် ဗိုလ်းလေးလပတ်လုံး ဒိန်

အာထံဒ္ဓနေစိမ့်သောဌါ ပဒိုညာဉ်ကိုယူ၍ ဥယျာဉ်ဒ္ဓနေစေပြီးမှ ညနံနက် ဆည်းကပ်ဏ်။တပည့်ရဒေသတို့သည် သုံးလေးရက်နေပြီး၍ဆင်သံဖြင်း သံအစရှိသည်တို့ဖြင့် ပြွမ်းသည်ကို ဆင်ခြင်လျက်။ ဆရာ၊ ငါတို့ဆန့်ကျင်ကုန်ဏ်။ သွားကုန်အံ့ဟုဆိုကုန်လျှင်။ ချစ်သားတို့၊ အဘယ်သို့သွား ကုန်အံ့နည်းဟု မေးသော်။ ဟိမဝန္တာသို့သွားကုန်အံ့ဟု ဆိုကုန်သဖြင့်။ အမောင်တို့၊ငါတို့ရောက်သောနေ့၌ မင်းကြီးသည် ငါတို့ကို၍အရပ်၌ ရှိစဉ်းလဲနေစိမ့်သောဌါ ပဒိုညာဉ်ကိုယူရကား အဘယ်သို့ သွားကုန်အံ့ နည်းဟုဆိုသော်။ဆရာသည်မင်းကြီးအားငါတို့ကိုမကြားမူ၍ပဒိုညာဉ် ကိုမေးသည်။ငါတို့မနေနိုင်ပြီ။ သွားကုန်အံ့ဟုဆို၍ ဆရာကိုရှိခိုးပြီးလျှင် သွားကြလေဂုန်ဏ်။ ကပ္ပမည်သော တပည့်နှင့် ဆရာသာ ကျန်ရစ်ဏ်။ ခစားလာသောမင်းကြီးသည်အရှင်တို့အဘယ်သို့သွားလေကုန်သနည်း ဟုမေးဏ်။ မြတ်စွာသောမင်းကြီး၊ ငါတို့ဆန့်ကျင်ကုန်ဏ်ဟုဆိုကုန်၍ ဟိမဝန္တာတောသို့ သွားလေကုန်ပြီဟုဆိုဏ်။ ။ထို့ရဒေသတို့သည် ဝေးစွာမသွားမူ၍ဆရာ၏သတင်းစကားကိုကြားလွယ်သောအရပ်၌နေကုန်ဏ်။ ကပ္ပမည်သော အလုပ် အလျှင်လည်း မကြာမြင့်မီ ဆန့်ကျင်၍ ဆရာသည် အဘန်တလဲလဲမြစ်စေသော်လည်း မတတ်နိုင်ပြီဟုဆရာကိုရှိခိုးပြီးမှ သွားလေ၍။ ထိုရဒေသတို့၏အထံသို့ မသွားမူ၍ ဆရာ၏အာဇာဉ်းကို ကြားလွယ်သောအရပ်၌နေလေ၏။ နောက်အဘို့၌ တပည့်တို့ကိုအော်မေ့သောဆရာအားဝမ်းအနာသည်ဖြစ်ဏ်။ မင်းကြီးသည် ဆေးသွားကို ဆေးကုစေဏ်။ အနာသည်မငြိုင်း။ မြတ်သောမင်းကြီး၊ ငါ၏အနာငြိမ်း ခြင်းကိုအလိုရှိသလော်ဟု ရဒေသမေးသဖြင့်။ အရှင်ဘုရား၊ အကယ်၍ အကျွန်ုပ်တတ်နိုင်သည်ဖြစ်မူ ယသုပင်အရှင်ဘုရားအား အနာငြိမ်းခြင်း ကိုပြုရာ၏ဟု မင်းကြီးဆိုသော်။ မြတ်သောမင်းကြီး၊ အကယ်၍ငါ့အား ချမ်းသာခြင်းကို မင်းကြီးအံ့လိုရှိပါအံ့။ ငါ့ကို တပည့်တို့၏အထံသို့သာ ပို့လွှတ်ဟုဆိုသဖြင့်။ ဧကာင်းပြီအရှင်ဘုရားဟု ဖြည်ခင်စောင်းခွအိပ်စေ၍။နာရဒအမတ်အမှူးရှိသော အမတ်လေးယောက်တို့ကို ငါ၏အရှင်၏ အကြောင်းကိုသိ၍။ ငါ့အား သတင်းစကားကိုစေကုန်ဟု ပို့စေဏ်။ ။ ကပ္ပအမည်ရှိသောတပည့်သည် ဆရာ၏လေးခြင်းကိုကြား၍ ခရီးဦးကြို သဖြင့်။သင်္ဘတပါးသောတပည့်တို့သည် အဘယ်စွန့်ရှိလေကုန်သနည်း ဟူ၍မေးသော်။ ဤမည်သောအရပ်၌နေကုန်သတတ်ဟုလျှောက်၍။ထို

တပည့်တို့သည်လည်းဆရာလာသောအဖြစ်ကိုကြားလျှင် ထိုဆရာ၌ရာ
အရပဲသို့ စုဝေးလာကုန်၍။ ဆရာအား ရေငှေးရေငန်း ပေး၍ သစ်သီး
ကြိုးငယ်တို့ကို ပေးကုန်၏။ ထိုခဏ၌ အနာသည်ငြိမ်းကုန်၏။ သုံးလေး
ရက်ဖြင့် ရွှေအဆင်းနှင့်တူသော အဆင်းသည်ဖြစ်၏။ ။ထိုရောအခါ
နာရဒ အမတ်သည် ကသဝရသွေ့ကို။ ။ဘဂဝါ၊ ဘုန်းတော်ကြီး
သော။ ကသိ၊ ကသိရှင်ရသေ့ တို့၊ သင်ရသေ့သည်။ သဗ္ဗကာမသမိဒ္ဓိ
နံ၊ အလုံးစုံသောလိုဘွယ်ဝတ္ထုနှင့်ပြည့်စုံသော။ မနုဿိန်း၊ ဗာရာဏသီ
မင်းကို။ ဇဟိတွာန၊ ပွန့်ခဲ့၍။ ကပ္ပသ၊ကပ္ပရသေ့၏။အဿမေ၊ကျောင်း
၌။ ကထံနုရမတော၊ အဘယ်ကြောင့် ပျော်လျှံသနည်း။ ။ဟု မေး
၏။ ။ကသဝရသေ့လည်း။ ။နာရဒ၊ နာရဒ အမတ်။ ကပ္ပသ၊
ကပ္ပရသေ့၏။ အဿမေ၊လခ်မ်း၌။ မနောရမာ၊ နှလုံးပျော်လျှံဘွယ်ရှိ
ကုန်သော။ ရုက္ခာ၊သစ်ပင်တို့သည်။ သန္တိ၊ရှိကုန်၏။ ရှမဏိယာနိ၊နှလုံး
ပျော်လျှံဘွယ်ရှိကုန်သော တောတို့သည်။ သန္တိ၊ ရှိကုန်၏။ သာဂုနိ၊
ကောင်းမြတ်ကုန်သော ရေတို့သည်။ သန္တိ၊ ရှိကုန်၏။ ကပ္ပသ၊ ကပ္ပ
ရသေ့၏။ သုဘာ သိတာနိ၊ ကောင်းစွာ ဆိုအပ်ကုန်သော စကားတို့
သည်။ သန္တိ၊ ရှိကုန်၏။ ဇာနာတိ၊ထိုကြောင့်။ ဇာနံ၊ ဤသခ်မ်းကျောင်းကို။
မယံ၊ ငါတို့သည်။ ရမယန္တိ၊ ရောစယာမ၊ နှစ်လိုပျော်လျှံကုန်၏။ ။
ဤသို့ဆို၍။ ဤသို့အရပ်ရပ်ပျော်လျှံဘွယ်နှင့်တကွ ငါ့ကိုပျော်လျှံစေ
သောကပ္ပရသေ့သည်၊ ဆားမခက်သောရေဖြင့် ပြုတ်ဖြော်သော သုစ်
ရွက်၊ မြက်သီးဆန်၊ ကြိတ်ဆန်၊ ယာဂုကိုသောက်စေ၏။ထိုယာဂုကိုသောက်
သဖြင့် ငါ၏ရောဂါသည် ငြိမ်း၏ဟုဆို၏။ ။ထိုစကားကိုကြား၍ နာ
ရဒအမတ်သည်။ ။ဘန္တေ၊အရှင်ဘုရား။ တို့၊အရှင်ဘုရားသည်။ သာ
လိနံ၊သလေးတို့၏။ သုစိမံသုပသေစနံ၊စင်ကြယ်စွာသောသားငြိမ်းဖြစ်
သော။ ဩဒနံ၊ဆွမ်းကို။ ဘုဥ္ဇ၊စား၏။ ကထံ၊အသို့မူ၍။တံ၊အရှင်ဘုရား
ကို။ အလောဏံ၊ဆားမခတ်သော။ သာမာကနီဝါရံ၊မြက်သီးဆန်ကြိတ်၊
ဆန်အာဟာရသည်။ ဆာဒယန္တိ၊ နှစ်သက်စေသနည်း။ ။ထိုစကား
ကိုကြား၍ ကသဝရသေ့သည်။ ။နာရဒ၊နာရဒအမတ်။ ယထ္ထ၊ အ
ကြင်နေရာ၌။ဝိသဒ္ဒော၊အကျွမ်းဝင်သည်ဖြစ်၍။ သာဒုံဝါ၊သာယာအပ်
သော ဘောဇဉ်ကိုဂုဏ်း။ ယဒိ၊ထို့မျှို့။ အသာဒုံဝါ၊ မသာယာအပ်သော
ဘောဇဉ်ကိုဂုဏ်း။ အပ္ပံဝါ၊အနည်းငယ်သောဘောဇဉ်ကိုဂုဏ်း။ ယဒိ၊ ထို

မျှို့။ ဗဟုံဝါ၊များစွာသောဘောဇဉ်ကိုဂုဏ်း။ ဘုဥ္ဇေယျ၊စားရာဇ်၏။ တတ္ထ၊ ထိုနေရာ၌။ ဇဝံ၊ ဤသို့။ ဘုတ္တံ၊ စားအပ်သော ဘောဇဉ်သည်။ သာဓု၊ ကောင်း၏။ ကဿ၊အဘယ်ကြောင့်။ သာဓု၊ကောင်းသနည်းဟူမူကား။ ဝိသဿသာ၊အကျွမ်းဝင်ခြင်းဿည်။ ပရမာ၊မြတ်သော။ ရသာ၊အရသာသည်။ ယသ္မာ၊အကြောင်ကြောင့်။ ဟောတိ၊ဖြစ်၏။ တသ္မာ၊ ထိုကြောင့်။ သာဓု၊ကောင်း၏။ ။ဟု မြတ်စွာဘုရားသည် ဤတရားဒေသနာတော်ကိုဆောင်၍ ဇာတ်ကို ပေါင်းတော်မူ၏။ ထိုအခါ ဗြဟ္မဒတ်မင်းသည် အရှင်မောဂ္ဂလာန်ဖြစ်လာ၏။နာဂဒဿည် အရှင်သာရိပုတ္တြာဖြစ်လာ၏။ ကပ္ပဿည်ကား အာနန္ဒာဖြစ်လာ၏။ကသဝရသွေကားငါဘုရားတည်း ဟု ဇာတ်တော်ကိုပေါင်းတော်မူ၏။ ။ဤသို့လျှင် မြတ်သောမင်းကြီး၊ ရှေးအခါ၌ ပညာရှိသူတော်ကောင်းတို့သည်လည်း သေခြင်း၏ အနီးဖြစ်သောဝေဒနာသို့ရောက်၍ အကျွမ်းဝင်ရာအရပ်သို့ သွားဘူးကုန်၏။ ငါ၏တပည့်သားတို့သည် သင်မင်းကြီးတို့၏အထံ၌အကျွမ်းဝင်ခြင်းကို မရကုန်သည်ထင်၏ဟုမိန့်တော်မူ၏။ ။

မင်းကြီးသည် ရဟန်း သဃ်ာနှင့် တကွ အကျွမ်းဝင်ခြင်းကို ပြုအံ့သောဌါအပ်၏ဟုကြံ၍။ အဘယ်သို့လျှင် ပြုရအံ့နည်းဟု ကြံပြန်သဖြင့်။ မြတ်စွာဘုရား၏ဆွေမျိုးတို့၏သို့းကို ငါ၏အိမ်၌ထားအံ့သောဌါအပ်၏။ ဤသို့ထားသည်ရှိသော်ပဋ္ဌင်းငယ်တို့သည်ရင်း၊သါမဏေကငယ်တို့သည်ရင်း၊ မြတ်စွာဘုရား၏ ဆွေမျိုးမင်းဟု ငါ၏အထံသို့ လွတ်လွတ် အမြဲလာကုန်လတ္တံ့ဟု ကြံပြီး၍။ ငါ့အား ကဲ့ယောက်သောသမီးကိုပေးကုန်လော့ဟု သာကီဝင်မင်းတို့၏ အထံသို့ သတင်းစကားကို စေလိုက်ပြီးနောက်။ပေးမည်ဆိုလျှင် အဘယ်သာကီဝင်မင်း၏သမီးနည်းဟုမေး၍။ သိအောင်ပြုဖြီးမှလာခဲ့ကုန်လော့ဟုမှာ၍ တမန်တို့ကိုစေလိုက်၏၊ တမန်တို့သွားလေကုန်၍သာကီဝင်မင်းတို့အားသတို့သမီးကိုတောင်းကုန်၏။ သာကီဝင် မင်းတို့သည် စည်းဝေးကုန်ပြီးလျှင်။ ကောသလမင်းသည် ကြမ်းထမ်းရှုန့်ရင်း၏။ အကယ်၍မပေးကုန်အံ့။ ပျက်စီးကုန်လတ္တံ့။ စင်စစ်လော်ကား ငါတို့၏အမျိုးနှင့်မတူ၊ အဘယ်သို့ပြုရအံ့နည်းဟု ကြံကြကုန်၏။ မဟာနာမ်မင်းသည် ငါ၏ကျွန်မသမီးဝမ်းဋ္ဌဖြစ်သော ဝါသဘခတ္တိယာသည် ရှိ၏။ ထိုဝါသဘခတ္တိယာကို ပေးကုန်အံ့ဟု တိုင်ပင်ကြပြီးမှ။ တမန်တို့ကိုကောင်းပြီ၊ပေးကုန်အံ့ဟုဆိုကုန်၏။ အဘယ်သူ၏သို့း

နည်းဟုမေးပြန်သော်။ မြတ်စွာဘုရား ဘဝထွးတော်၏ သားဖြစ်သော မဟာနာမ်သကျဝင်၏သမီးတည်း။ ဝါသဘခတ္တိယာမည်၏ဟုဆိုလျှင် ကောင်းပြီဟုဆိုကုန်ပြီးမှ။ ထိုတမန်တို့သည် ပြန်သွားလေကုန်၍ ကောသလမင်းကြီးအား ကြားလျှောက်ကြကုန်၏။ ကောသလမင်းကြီးသည် အကယ်၍ဤကဲ့သို့ဖြစ်အံ့။ ကောင်းလှပြီ။လျှင်စွာဆောင်ခဲ့ကုန်။ မင်းတို့မည်သည် မျှားသောမာယာရှိ၏။ကျွန်မ၏သမီးကိုပင်လည်း ပေးလိုက်တတ်၏။ သို့ဖြစ်၍ မင်းနှင့်အတူတကွ ထမင်းစားသောသူကို ဆောင်ခဲ့ကုန်ဟု မှာ၍ စေလိုက်၏။ ထိုတမန်တို့သည် သွား၍။ အရှင်မင်းကြီး၊ အရှင်မင်းကြီးနှင့်အတူတကွ ထမင်းစားသောသမီးကို ငါတို့မင်းသည် အလိုရှိ၏ဟုဆိုကုန်၏။ မဟာနာမ်သည်လည်း။ အမောင်တို့၊ကောင်းပြီဟုဆို၍။ ထိုဝါသဘခတ္တိယာကိုတန်ဆာဆင်စေပြီးလျှင် မိမိထမင်းစားသောအခါ၌ခေါ်စေ၍။ ထိုဝါသဘခတ္တိယာနှင့်တကွ၊ စားသောအခြင်းအရာကိုပြ၍တမန်တို့အားဆောက်နှင်း၏။ထိုတမန်တို့သည်ထိုဝါသဘခတ္တိယာကိုယူပြီးလျှင် သာဝတ္ထိပြည်သို့သွားကုန်၍ မင်းကြီးအားကြားကုန်၏။ မင်းကြီးသည် နှစ်သက်သော နှလုံးရှိသည်ဖြစ်၍။ ထိုဝါသဘခတ္တိယာကို ငါးရာကုန်သော မိန်းမတို့၏ အကြီးကဲပြု၍ မိဘုရားကြီးအရာ၌ အဘိသိက်သွန်း၏။ ထိုဝါသဘခတ္တိယာသည် မကြာမြင့်မီ ရွှေအဆင်းနှင့်တူသောသားကို ဘွား၏။ ထိုအခါ ထိုသတို့သားငယ်အား အမည်မှည့်အံ့သောအခါ၌ အဘိုးဖြစ်သော မဟာနာမ်သကျဝင်မင်း၏ အထံသို့စေလိုက်၏။ စေဟန်ကား။ သကျဝင်မင်း၏သမီး ဝါသဘခတ္တိယာသည်သားဘွားပြီဖြစ်၍ ထိုသူငယ်၏အမည်ကို အဘယ်ကဲ့သို့မှည့်ရအံ့နည်းဟုစေလိုက်၏။ ထိုသတင်းစကားကိုယူ၍သွားသော အမတ်သည်ကား အတန်ငယ်နှားထိုင်း၏။ ထိုအမတ်သည်သွား၍ မင်းသား၏အဘွားမအား ကြား၏။ ထိုသကျဝင်မင်းမျိုးတို့သည် ထိုသတင်းစကားကို ကြားလျှင်။ ဝါသဘခတ္တိယာသည် သားမဘွားမှု၍လည်း အလုံးစုံသောလူတို့ကိုနှိပ်စက်၏။ ယခု သားဘွားပြန်တပြီးကား မင်းကြီးအား အလွန်အကျွမ်းဝင်သည်ဖြစ်လတ္တံ့ဟု၍ဆို၏။ ထိုနှားထိုင်းသောတမန် အမတ်သည် ဝလွှာဟူသောစကားကို မိတ္တာဒုတ္တဟုအကြားမှား၍။မိတ္တာဒုတ္တအမည်ရှိ၏ဟုမှတ်ပြီးလျှင် ကောသလမင်းကြီးသို့ကပ်၍။အရှင်မင်းကြီး၊"သတို့သားအား မိတ္တာဒုတ္တ ဟူသော အမည်ကို မှည့်ကုန်လော့ဟု

လျောက်၏။ကောသလမင်းကြီးသည်ငါတို့၏ဂုဏ်ဒေးဒွဲဖြစ်သောအမျိုး၏အာ
မည်ဖြစ်လတ္တံ့.ဟုကြံ၍မိတ္တဒုဿဟူသောအမည်ကိုမှည့်၏။ထိုအခါမိတ္တ
ဒုဿမင်းသား၏ငယ်သောအခါဥပင်လျင်။ မင်းသည်ဤသို့ပြုသဖြင့် မြမြံ
စွာချစ်အပ်သည်ကို ပြုအံ့ဟု စစ်သူကြီးအရာကို မိတ္တဒုဿမင်းသားအား
ပေး၏။ထိုမိတ္တဒုဿသည် စစ်သူကြီး၏အဆောင်အရွက်ဖြင့်ကြီး၍။ချုနစ်
နှစ်ရှိသောအခါ၌ တပါးသောမင်းသားတို့အား အပိ၏အမျိုးမှ ဆင်ရုပ်
မြင်းရုပ်အစရှိသည်တို့ကို ဆောင်ခဲ့ကုန်သည်တို့ကိုမြင်၍ အပိကို မေး
၏။ အပိ၊တပါးသောမင်းသားတို့အား အပိအမျိုးမှ ပဏ္ဏာလက်ဆောင်
ဆောင်ခဲ့ကုန်၏။ငါ့အားမူကား တစုံတယောက်သည်တစုံတခုကိုမျှမပို့
လာ။ အသို့နည်း၊ သင်သည် ပိမဲ့ဘမဲ့လောဟူ၍မေး၏။ ။ထိုစောအခါ
ဝါသဘခတ္တိယာသည် သားကိုဆို၏။ ချစ်သား၊သင့်အားသက္ကဝင်မင်း
မျိုးဖြစ်ကုန်သော အဘွားအဘိုးတို့သည် ဝေးသောအရပ်၌ နေကုန်၏။
ထိုကြောင့် ထိုအဘိုးအဘွားစသောသူတို့သည် တစုံတခုကိုမျှ မပို့လာ
စေနိုင်ဟုဆို၍ လွှဲစားဏ်။ ။မင်းသားတဆဲ့ဖြောက်နှစ်ဖြောက်သော
အခါ၌။ အပိ၊ငါသည် အဘွားကြီးတို့၏အမျိုးကိုရှုလို၏ဟု ဆိုလျှင်။ချစ်
သား၊ မသင့်၊ ထိုအရပ်သို့သွား၍ အဘယ်ပြုအံ့နည်းဟု ဖြစ်အပ်သော်
သည်းမရ။အဘန်တလဲလဲတောင်းပန်သောကြောင့်။ ဝါသဘခတ္တိယာ
သည် ထိုသို့တပြီးကား ချစ်သားသွားတော့ဟုဝန်ခံ၍ ထိုမိတ္တဒုဿသည်
ကောသလမင်းကြီးကိုကြားလျှောက်၍မျှားစွာသောအခြံအရံဖြင့်ထွက်
၏။ ဝါသဘခတ္တိယာသည် ဒွေးဦးစွာကမ္ပည်းမှာစာပို့စေ၏။ ဤအရပ်၌
အကျွန်ုပ်သည် ချမ်းသာစွာ နေပါရ၏။ အဉ္ဇင်တို့သည် တစုံတခုသော
အကြောင်းထူးကိုမပြုပါကုန်လင့်ဟု ကမ္ပည်းစာဖြင့်တောင်းပန်၏။ သာ
ကိုဝင်မင်းမျိုးတို့သည် မိတ္တဒုဿ၏လာကြောင်းကိုသိ၍။ဂိုရိုးအံ့သောဌါ
မတတ်ကောင်းဟု။ ထိုမိတ္တဒုဿအောက် ငယ်ကုန်သောမင်းသားတို့ကို
ဓနုပုဒ်သို့ စေလိုက်ကုန်၏။ ထိုမိတ္တဒုဿ ကပိလဝတ်သို့ ရောက်သော်
သာကိုဝင်မင်းတို့သည် မင်းကွန်းဌစည်းဝေးကုန်၏။ မိတ္တဒုဿသည် ထို
မင်းကွန်းသို့သွား၍နေလေ၏၊ ထိုအခါမိတ္တဒုဿကို။ ချစ်သား၊ဤသူသည်
ကား သင်၏မိကြီးတော်၏။ ဤသူကား သင်၏မိဖွေး။ဤသူသည် သင်
၏အဘွား။ ဤသူသည် သင်၏ ဦးဗိုးတည်း။ ဤသို့စသည်ဖြင့်ဆို၍ ဂိုရိုး
စေကုန်၏။ မိတ္တဒုဿသည် အလုံးစုံသောသူတို့ကိုဂိုရိုးပြီးမှ။ တယောက်

သောသူမျှ မိမိကို ဂ္ဂိုဒိုးသည်ကို မမြင်သောကြောင့်။ အသို့နည်း၊ ငါ့ကို ဂ္ဂိုဒိုးသင့်သည်သူ မရှိသလောဟု မေးရာ။ ချစ်သား၊ သင်ဏှိုဉီငယ်ဖြစ် သော သကျဝင်မင်းသားတို့သည် ဇနပုဒ်တို့သို့ သွားလေကုန်သည် ဆို၍။ ထိုမိတ္တာဒုဿအား ကြီးစွာသောဖြတ်နိုးတနာပေးကမ်းခြင်း သင်္ကာရကိုပြုကုန်ဏှိ။ ထိုမိတ္တာဒုဿသည် တရက် နှစ်ရက်မျှ နေ၍ များစွာသော အခြံအရံတို့ဖြင့် ခြံရံ၍ ထွက်လေဏှိ။ ထိုအခါ တယောက်သောကျွန်မသည်မင်းကွန်းဦ။ထိုမိတ္တာဒုဿနေသောပျဉ်ကို ဤပျဉ်သည် ဝါသဘခတ္တိယာကျွန်မဏှိသား နေရာပျဉ်တည်းဟု ဆဲရေး၍ ဆားငန်ရေဖြင့် ဆေးရဏှိ။ မိတ္တာဒုဿဏှိ မင်းချင်းယောကျ်ားသည် မိမိလက်နက်မေ့ရစ်၍ ပြန်ပြီးလျှင် ထိုလက်နက်ကိုယူရာ ထိုမိတ္တာဒုဿမင်းသားအား ဆဲရေးသောအသံကိုကြား၍ ထိုအကြောင်းကို မေးလျှင် ပြန်ပြောသဖြင့်။ မင်းချင်းယောကျ်ားသည် ထိုမိတ္တာဒုဿအားဝါသဘခတ္တိယာကျွန်မဏှိသားအဖြစ်ကိုသိ၍ ဗိုလ်ပါအပေါင်းတို့အားပြောဆိုလေဏှိ။ ထိုအခါ ဝါသဘခတ္တိယာသည် ကျွန်မဏှိသမီးတည်းဟု ကြီးစွာသောအုတ်အုတ်ကျက်ကျက်သည်ဖြစ်ဏှိ။ ထိုအသံကိုကြား၍ မိတ္တာဒုဿသည် ထိုသာကီဝင်တို့ ယခုအခါ၌ ငါဏှိနေရာပျဉ်ကို ဆားငန်ရေဖြင့်ဆေးနှင့်စေဦး။ ငါသည်ကား မင်းဏှိအဖြစ်၌ တည်သော်အခါ ထိုသကျဝင် မင်းတို့ဏှိ လည်ချောင်းသွေးဖြင့် ငါဏှိသနှလျက်ကို ဆေးအံ့ဟု စိတ်ကို ဖြစ်စေဏှိ။ ထိုမိတ္တာဒုဿသည် သာဝတ္ထိပြည်သို့ ရောက်သောအခါ၌ အမတ်တို့သည် အလုံးစုံသောအကြောင်းကိုမင်းကြီးအားကြားလျှောက်ကုန်ဏှိ။ ပဿေနဒီကောသလမင်းသည် ငါ့အားကျွန်မဏှိသမီးကိုပေးကုန်ဏှိဟု သကျဝင်မင်းတို့အား အမျက်ထွက်၍။ ဝါသဘခတ္တိယာအားရင်း၊ သားအားရင်း၊ ပေးအပ်သောအဆောင်အရွက်ကိုဖြတ်၍။ ကျွန်မ ကျွန်ထီးတို့သည်ရအပ်သော အဆောင်အရွက်ကို ပေးစေဏှိ။ ထိုဖနောင်မှ သုံးလေးရက်လွန်သဖြင့်။ မြတ်စွာဘုရားသည် မင်းကြီးဏှိနန်းတော်သို့ကြွ၍နေတော်မူ၏။ မင်းသည်လာ၍ မြတ်စွာဘုရားကိုဂ္ဂိုဒိုး၍၊ ဂုဏ်ပင်ဘုရား၊ ဂုဏ်ပင်ဘုရားဏှိ ဆွတော်မျိုးတော်တို့သည်။ အကျွန်ုပ်အား ကျွန်မဏှိသမီးကိုပေးအပ်ကုန်သတည်း။ ထိုကြောင့် အကျွန်ုပ်သည် သားနှင့်တကွ ထိုဝါသဘခတ္တိယာအား ပေးပြီးသောအဆောင်အရွက်ကိုယူ၍။ ကျွန်မိန်းမ ကျွန်ယောကျ်ားတို့ရအပ်သမျှကို ပေးစေပြီဟု လျှောက်ဏှိ။ မြတ်စွာဘုရား

သည်။ မြတ်သောမင်းကြီး၊ သာကီဝင်မင်းတို့သည် မသင့်သည်ကိုပြု အပ်ဏ်။ ပေးကုန်သည်ရှိသော် ဓာတ်တူသတို့သိုးကို ပေးရောဏ်ဟု မိန့် တော်မူ၍။ မြတ်သောမင်းကြီး၊ထိုအကြောင်းကိုဆိုဦးအံ့။ ဝါသဘခတ္တိ ယာသည် မင်းဏ်သိုးတည်း။ ရေမြက်အစိုးရသောမင်းဏ်အိမ်၌ အဘိ သိက်သွန်းခြင်းကိုရဏ်။ မိတ္တဒုဿသည်လည်း မင်းကိုစွဲ၍ ဘွားဏ်။ အမိ မျိုးသည်အဘယ်ပြုအံ့နည်း။ အဘမျိုးသည်သာ အတိုင်းအရှည်ဖြစ်ဏ်။ ရှေးပညာရှိတို့သည် ဆင်းရဲစွာသောထင်းကိုခွ၍ရောင်းစားသောသူ ဆင်းရဲမအား မိဘုရားကြီးအရာကို ပေးဘူးလေကုန်ပြီ။ ထိုသူဆင်းရဲမ ဏ်ဝမ်း၌ဖြစ်သောသတို့သားသည် ကဠဝါဟနမင်းဟူသောအမည်ဖြင့် တဆဲ့နှစ်ယူဇနာရှိသော ဗာရာဏသီပြည်၌ မင်းအဖြစ်သို့ရောက်ဘူးပြီ ဟု ကဠဟာရိကဇာတ်ကိုဟောတော်မူဏ်။မင်းကြီးသည် တရားတော် ကိုကြား၍ အဘမျိုးသာလျှင် ပမာဏဖြစ်သတည်းဟု နှစ်သက်ပြီးလျှင်။ ဝါသဘခတ္တိယာသားအမိတို့အား ပေးမြတိုင်းသောအဆောင်အရွက် တို့ကိုပေးပြန်စေ၍။မိတ္တဒုဿကိုစစ်သူကြီးအရာ၌ထား၏။ ။

ဗန္ဓုလစစ်သူကြီး၏ မယားမလိုကာသည်လည်း ရှည်စွာသောကာ လတို့ပတ်လုံး သားမဘွား။ ထိုအခါ မလိုကာကို ဗန္ဓုလသည်၊ သင်၏ မိဘအိမ်သို့သွားလေတော့ဟု လွှတ်သဖြင့်။ မြတ်စွာဘုရားကို ရှိခိုးပြီးမှ သွားအံ့ဟု မြတ်စွာဘုရားထံသွား၍၊ အကြောင်းကို မေးတော်မူသော် အာရှင်ဘုရား၊ အကျွန်ုပ်လင်သည် အမျိုးဏ်အိမ်သို့စေဏ်ဟု ထွေဏ်။ အဘယ်ကြောင့်နည်းဟု မေးတော်မူပြန်သော်။ မိန်းမမြိုဖြစ်၍ သားမရှိ သောကြောင့်နှင်ဏ်ဟု လျှောက်သဖြင့်။ ဤသို့သားမရသောကြောင့် နှင် တပြီးကား မသွားလင့်၊ ပြန်လေတော့ဟု ဘုရားမိန့်တော်မူဏ်။ ထိုမလို ကာသည် နှစ်သက်သောစိတ်ရှိ၍။ မြတ်စွာဘုရားကိုရှိခိုးပြီးမှ အိမ်သို့ ပြန်လာရာ။ အဘယ်ကြောင့် ပြန်လာသနည်းဟု ဗန္ဓုလကမေးသော်။ မြတ်စွာဘုရားသည် ပြန်စေအပ်ဏ်ဟုဆိုဏ်။ဗန္ဓုလသည်လည်း အရှည် ကိုမြင်လွဲရှိသောမြတ်စွာဘုရားသည် အကြောင်းကိုမြင်တော်မူသည် ဖြစ်လတ္တံ့ဟု ဝန်ခံဏ်။ ထိုမလိုကာသည် မကြာမြင့်မီ ကိုယ်ဝန်ကိုရ၍ ချင်ခြင်းဖြစ်သည်ရှိသော်။ အကျွန်ုပ်အား ချင်ခြင်းဖြစ်ဏ်ဟုကြားဏ်။ အ ဘယ်သို့ဖြစ်သနည်းဟု မေးသော်။ ဝေဿာလီမင်းမျိုးတို့ဏ် အာဘိသိက် သွန်းရာမင်္ဂလာဇရကန်သို့သက်၍ ဇရချိုးလို သောက်လိုသောချင်ခြင်း

သည်ဖြစ်၏ဟုဆိုသော်။ဗန္ဓုလသည်ကောင်းပြီဟုဆို၍။ဗိုလ်တထောင်အားရှိသောလေးကိုယူ၍။ မင်္ဂလိကာကိုရထားသို့တက်စေပြီးလျှင်။ သာဝတ္ထိမှထွက်၍ ရထားကိုနှင်လေသော်။ မဟာလိနေသောတံခါးဖြင့် ဝေသာလီမြို့သို့ဝင်လေ၏။ မဟာလိ၏အိမ်သည်လည်း တံခါး၏အနီးဌိဖြစ်သဖြင့်။ထိုမဟာလိသည် ရထား၏တံခါးခုံဌ ခိုက်မိသောအသံကိုကြား၍၊ဤအသံသည်ကား ဗန္ဓုလ၏ရထားသံတည်း။ယခုအခါဌ လိစ္ဆဝိမင်းတို့၏ပျက်စီးခြင်းသည်ဖြစ်လတ္တံ့.ဟုဆို၏။ ။ထိုရေကန်တွင်၊အတွင်းဌဂင်း၊အပဌဂင်း၊အားကြိုးသောယောက်ျားတို့သည်စောင့်ကုန်၏။ အပေါ်ဌလည်းသံကွန်ရက်ဖြင့်အုပ်၏။ဌက်တို့၏ထွက်ဝင်ရာမျှမရှိ။ဗန္ဓုလသည် ရထားမှသက်၍ အစောင့်ယောက်ျားတို့ကို သန်လျက်ဖြင့်ခတ်၍ပြေးစေပြီးမှ။သံကွန်ရက်ကိုဖြတ်၍ရေကန်အတွင်းဌမယားကိုသောက်စေ ချိုးစေ၏။ဗိမိလည်းသောက်ချိုး၏ ပြီးမှတဘန် မင်္ဂလိကာကိုရထားသို့တင်၍ မြို့မှထွက်ပြီးလျှင် လာမြဲခရီးဖြင့်နှင်လေ၏။ ထိုရေကန်စောင့်တို့သည် လိစ္ဆဝိမင်းတို့အား ကြား၏။ လိစ္ဆဝိမင်းသား ငါးရာတို့သည် အမျက်ထွက်ကုန်၍။ ရထားငါးရာတို့ကို တက်စီးပြီးလျှင် ဗန္ဓုလ မင်္ဂလိကာတို့ကိုဘမ်းကုန်အံ့ဟုထွက်ကုန်၏။ထိုအကြောင်းကို မဟာလိအားကြားကုန်၏။မဟာလိသည်သင်တို့သည်မလိုက်လေကုန်လင့်။ အလုံးစုံသောဝေသာလီမင်းတို့ကို ဗန္ဓုလသည် သတ်လတ္တံ့.ဟု မဟာလိဆို၏။ ထိငါးရာသောမင်းသားတို့သည် လိုက်ကုန်အံ့သည်သာလျှင်တည်းဟုဆိုကုန်၏။ ထိသို့လိုက်လိုတပြီးကား လှည်းဘီး၏ ပုံတောင်းထိအောင်ဖြသို့ဝင်ရောက်မြင်လျှင်ပြန်လည်ကြကုန်။ထိသို့မြင်၍မပြန်ကုန်မူ ရှေ့မှမိုးကြိုးထစ်သကဲ့သို့ကြားကုန်လတ္တံ့။ ထိအရပ်မှပြန်ခဲ့ကုန်။ ထိအရပ်မှမပြန်သေသင်တို့၏ရထားဦးဌအပေါက်ကိုဖြင်ကုန်လတ္တံ့။ထိအရပ်မှပြန်လည်ကုန်။ ရှေသို့မလိုက်လေကုန်လင့် ဟူ၍ မှာလိုက်၏။ ထိလိစ္ဆဝိမင်းသားတို့သည် ထိမဟာလိ၏ စကားဖြင့် မပြန်ကုန်မူ၍ ထိဗန္ဓုလလက်ပန်းသည်ကို အစဉ်လိုက်လေကုန်၏။ ဤသို့လိုက်သဖြင့် မင်္ဂလိကာသည် လိစ္ဆဝိမင်းတို့ဖြင်းရထားတို့သည် ထင်ကုန်၏ အဂ္ဂဉ်ဟုဆို၏။ထိသို့တိုက်ပြီးကား။ တခုသောရထားဦးသည် ထင်သောအခါ ငါ့အားကြားလော့ဟုဗန္ဓုလဆို၍။မင်္ဂလိကာသည်အကြင်အခါဌအလုံးစုံသောရထားတို့ကို တခုတည်းကဲ့သို့ထင်၏။ ထိအခါ၊အဂ္ဂဉ်၊ယခုအခါ တစိုးတည်း

သောရထားဦးသည် ထင်ပြိဟု ကြားဏ်။ ဗန္ဓုလသည် ဤကြွေးကိုကိုင်လော့ဟု လက်ကိုင်ကြွေးကိုမလွှဲကာအားပေး၍။ ရထားဦးရဝပ်လျက်လေးကိုတင်ဏ်။ယ့ာညီးဘီးသည် ပုံတောင်းတိုင်အောင် ဖြည့်ဝင်လေဏ်။ ထိုအရပ်ကိုမြင်ကုန်သော်လည်း လိမ္ဆိုဝိမင်းတို့သည် မပြန်ကုန်။ ဗန္ဓုလသည် အတန်ငယ်သွား၍ ညှိုကိုခတ်လိုက်ဏ်။ဓိုးကြွေးထစ်သောအသံကဲ့သို့ဖြစ်ဏ်။ ထိုအသံကိုကြားသောအရပ်မှလည်း မပြန်ကုန်။ အစဉ်သိုက်ကုန်လေဏ်။ ဗန္ဓုလသည် ရှထားဦးရဝပ်လျက်လျင် တစင်းသောမြားကိုပစ်ဏ်။ထိုမြားသည်ရထားငါးရာတို့ဏ်ရထားဦးကိုဘောက်၍။ငါးရာကုန်သော မင်းသားကိုကို မြားအရန်းအတား ချပ်မိန်ညှိဘွဲ့သော အရပ်၌ထုတ်ချင်းဘောက်သဖြင့်သွား၍ဖြေမြိဝင်လေဏ်။ ထိုမင်းသားတို့သည် မိမိတို့ကိုယ်ကို မြားဘောက်၍သွားသောအဖြစ်ကိုမသိကုန်ဟု၍ ရထားရဝင်ဦးလော့ဟူ၍ဆိုကုန်လျက်လိုက်ကုန်သလျင်ကတည်း။ ဗန္ဓုလသည် ရထားကိုရပ်စေ၍ သင်တို့သည် ငသအပ်ကုန်ဖြို့။ သူသေတို့နှင့်တကွ ငါ့အား စစ်ထိုးခြင်းမည်သည်မရှိဟုဆို၏။ ထိုလိမ္ဆိုဝိတို့ကလည်း ငသသောသူတို့ဖြည်သည် ငါတို့ကဲ့သို့မဟုတ်ကုန်ဟု ဆိုလျင်။ ထိုသို့တပြိုးကား အလုံးစုံ၏ရှေးဖြစ်သောသူအား ဝတ်ဆင်ငသောချပ်မိန်ညှိဝတ်လုံကိုဖြေကုန်လော့ဟုဆိုလတ်သော် ဖြေကာမျှ၌ထိုသူသည်သေ၍လည်းလေဏ်။ထိုအခါ ထိုအလုံးစုံသောမင်းတို့ကို သင်တို့သည်လည်း ဤသူကဲ့သို့ငသကုန်ဖြို့။ မိမိတို့ဏ်အိမ်သို့ရောက်မှ စိရင်အင်သည်ကဲ့စိရင်၍။ သားမယားတို့ကိုဆုံးမ၍။ ချပ်မိန်ညှိတို့ကိုဖြေလကုန်ဟုဆို၍ ပြန်ငသစေဏ်။ထိုလိမ္ဆာဝိမင်းတို့သည် ဗန္ဓုလမှားလိုက်တိုင်းပြုပြီးမှ အသက်ကုန်ခြင်းသို့ရောက်ကြကုန်ဏ်။ ။

ဗန္ဓုလသည် မင္လိကာကို သာဝတ္ထိသို့ဆောင်လေဏ်။ ထိုမင္လိကာသည် တဆဲ့ခြောက်ကြိမ် အစုံအစုံသော သားတို့ကိုဟွား၍ သုံးကျိပ်နှစ်ယောက်သောသားယောကျ်ားတို့သည်ဖြစ်ကုန်ဏ်။ထိုအလုံးစုံသောသားတို့သည် ဂဲရင့်ကုန်ဏ်။ ခွန်အားနှင့် ပြည့်စုံကုန်ဏ်။ ခပ်သိမ်းသောအတတ်တို့ကို တတ်ကုန်ဏ်။ တယောက်တယောက်သော သားအားတဒေါင်တဒေါင်သော ယောကျ်ား အခြံအရံ ရှိဏ်။ အဘနှင့်တကွမင်းဏ်နန်းတော်သို့ဝင်ကုန်သော် ထိုဗန္ဓုလသားအဘတစုအခြံအရံတို့ဖြင့်သာလျင် မင်းဏ်ရင်ပြင်သည် ပြည့်ဏ်။ ။ထိုရောအခါ တနေ့သ၌

တရားဆုံဖြတ်ရာ၌ စဉ်းလဲသောတရားကို စိရင်သဖြင့် ရှုံးသောသူတို့သည်။ ဗန္ဓုလစစ်သူကြီးလာသည်ကို မြင်၍ ပြင်းစွာသော မြည်တင်းခြင်းကို မြည်တမ်းကုန်လျက်။ တရားဆုံးဖြတ်သောအမတ်တို့၏ စဉ်းလဲသဖြင့် တရား စိရင်ခြင်းကို ဗန္ဓုလအား ကြားကုန်၏။ ဗန္ဓုလလည်း တရားစိရင်ရာသို့သွား၍ ထိုတရားကိုအသစ်စီရင်လျှင်။ အရှင်ဟုတ်မှန်သောသူကို အရှင်ပြုပေ၏ဟုဆိုလတ်၍ လူများသည် သည်းစွာသော အသံဖြင့် ကောင်းချီးပေးခြင်းကို ဖြစ်စေ၏။ ။မင်းကြီးသည် ကြား၍ ဤအသံသည်အဘယ်အသံနည်းဟုမေးကာလ။ထိုအကြောင်းကိုကြားလျှောက်သဖြင့်။ ဗန္ဓုလကိုနှစ်သက်၍ တရားသူကြီးပေါင်းအမတ်တို့ကို ပယ်ပြီးလျှင်။ ဗန္ဓုလအား တရားဆုံးဖြတ်ခြင်းကို ဆောက်နှင်း၏။ ထိုနေ့မှစ၍ ဗန္ဓုလသည် ကောင်းစွာဆုံးဖြတ်၏။ရှေးတရားသူကြီးငယ်တို့သည် တန်ဆိုးမရကုန်သဖြင့် လာဘ်နည်းကုန်သည်ဖြစ်၍။ ဗန္ဓုလသည်မင်း၏အဖြစ်ကိုတောင့်တ၏၊မင်းမျိုးဌပျက်ဆီးကုန်၏ဟုပဿေနဒိကောသလမင်းကြီးအား ကုန်းချောစားကုန်၏။ ပဿေနဒိကောသလမင်းကြီးသည် ထိုအမတ်တို့၏စကားကိုယူ၍။စိတ်ကိုနှိပ်အံ့သောဌါမတတ်နိုင်သဖြင့်။ ဤအရပ်၌ သတ်သည်ရှိသော် ငါ့အား ကဲ့ရဲ့ခြင်းသည်ဖြစ်လတ္တံ့.ဟုကြံ၍၊မင်းလုလင်ယောကျ်ားတို့အား ပစ္စန္တရွာကိုလုယက်ဖျက်ဆီးချေဟုစေပြီးလျှင် ဗန္ဓုလကိုခေါ်၍၊ ချစ်သားဗန္ဓုလ၊ ပစ္စန္တရွာသည် ပျက်စီး၏။သားသုံးကျိပ်နှစ်ယောက်တို့နှင့်တကွသွား၍ ခိုးသူတို့ဟုဘမ်းချေဟုစေလိုက်၏။ ထိုအရပ်၌သာလျှင် သားသုံးကျိပ်နှစ်ယောက်တို့နှင့်တကွ ထိုဗန္ဓုလ၏ဦးခေါင်းကို ဖြတ်၍ ဆောင်ခဲ့ကုန်ဟု။ စွမ်းနိုင်ကုန်သော တပါးသော သူရဲကြီးတို့ကိုလည်း မှာလိုက်၍။ ထိုဗန္ဓုလတို့နှင့် အတူတကွပင်စေလိုက်၏။ ဗန္ဓုလသည် ပစ္စန္တရွာသို့ရောက်သော် စစ်သူကြီးလာ၏ဟုကြားကုန်၍။ ထိုခိုးသူယောင်ဆောင်ကုန်သောမင်းချင်းယောကျ်ားတို့သည် ပြေးလေကုန်၏။ ထိုဗန္ဓုလသည် ထိုရွာကို အမြန်နေစေ၍ နှစ်သိမ့်စေပြီးမှပြန်လေ၏။ ထိုရောအခါ ထိုသူရဲကြီးတို့သည် ဗန္ဓုလအား သားတို့နှင့်တကွ ဦးခေါင်းကိုဖြတ်လေကုန်၏။ထိုနေ့၌မလ္လိကာသည် ငါးရာသောရဟန်းတို့နှင့်တကွ လက်ျာရံလက်ဝဲရံ အဂ္ဂသာဝကနှစ်ပါးတို့ကို ဆွမ်းဘိတ်အပ်သည်ဖြစ်ကုန်၏။ ထိုအခါ မလ္လိကာအား နံနက်အခါ၌ပင်လျှင်။ သင်၏လင်အား သားတို့နှင့်တကွ ဦးခေါင်း

ပြတ်ပြီဟုကမ္မည်းမှတ်စာကိုဆောင်ခဲ့၍ပေးလာကုန်၏။ မင်္ဂလိကာသည် ထိုအကြောင်းကိုသိပြီး၍။တစုံတယောက်သောသူအား တစုံတခုသော စကားကို မဆိုမူ၍။ ကမ္မည်းကို ရင်ခွင်၌ ထားပြီးလျှင်။ ရဟန်းသံဃာ အားသာလျှင် ဆွမ်းလုပ်ကျွေး၏။ ထိုမင်္ဂလိကာ၏အလုပ်အကျွေး ကျွန်မ တို့သည် ရဟန်းတို့အားဆွမ်းလှူပြီး၍ ထောပတ်ဆိုးတို့ကို ဆောင်ကုန် သော်။ မထေရ်တို့၏ရှေ့မှ ထောပတ်ဆိုးတလုံးသည် ကွဲ၏။ ရှင်သာရိ ပုတြဿသည်။ ဒါယိကာမ၊ကွဲတတ်သောသဘောသည်ကွဲ၏။ မကြီအပ် ဟုဆို၏။ ထိုမင်္ဂလိကာသည် ရင်ခွင်၌ကမ္မည်းစာကိုယူ၍။ ရှင်ပင်ဘုရား၊ သားသုံးကျိပ်နှစ်ယောက်နှင့်တကွ အဘ၏ဦးခေါင်း ပြတ်ပြီဟူ၍ ဤသူ တို့သည် ဤကမ္မည်းကိုဆောင်ခဲ့ကုန်၏။ အကျွန်ုပ်သည် အရှင့်အား ဤ စကားကို ကြား၍လည်းမကြီ။ ထောပတ်ဆိုးကွဲသဖြင့် အဘယ်ကြောင့် ကြီအံ့နည်းဟုဆလျှောက်၏။ ရှင်သာရိပုတြဿသည်။ အနိမိတ္တ အနုညာတံ၊ သတ္တာနံ ဇာဝ ဇိဝိတံ။ အစရှိသော စကားကိုဆို၍။ ဟရား ဟောပြီးမှ ကျောင်းသို့ကြွလေ၏။ ။ထိုမင်္ဂလိကာသည် သုံးကျိပ်နှစ်ယောက်သော သွေးမတို့ကိုခေါ်၍ သင်တို့၏လင်တို့သည် အပြစ်မရှိကုန်ဘဲလျက် မိမိ တို့ပြုအပ်သော ရှေးမကောင်းမှု၏ အကျိုးကို ရကုန်ပြီ။ သင်တို့သည် မစိုးရိမ်ကုန်လင့်၊ မငိုကြွေးကုန်လင့်။ မင်းခွင်လည်း နှလုံးပြစ်မှားခြင်းကို မပြုကြပါကုန်လင့်ဟူ၍ ဆုံးမ၏။ မင်းကြီးလည်း ထိုစကားကို ကြား၍။ ထိုသူတို့အား အပြစ်မရှိသောအဖြစ်ကိုအောက်မေ့၍ ထိတ်လန့်ခြင်းသို့ ရောက်သဖြင့်။ မင်္ဂလိကာ၏အိမ်သို့သွား၍၊ မင်္ဂလိကာကိုငင်း၊ သွေးမတို့ကို ငင်း၊သည်းခံစေ၍၊မင်္ဂလိကာအားဆုကိုပေး၏။ မင်္ဂလိကာသည့် အကျွန်ုပ် ယူအပ်သည်ဖြစ်စေဟု ဆို၍။ ထိုပသေနဒိကောသလမင်း သွားလေပြီး သော်။ ထိုသားလင်တို့၏ မတကဘတ်ကိုလှူ၍ ရေချိုးပြီးလျှင် မင်းသို့ ကပ်၍ ရှိခိုးပြီးမှ။ အရှင်မင်းကြီးတို့သည် အကျွန်ုပ်အား ဆုကို ပေးပြီ။ အကျွန်ုပ်အားတပါးဆုဖြင့်အလိုမရှိ။အကျွန်ုပ်အားငင်း၊သုံးကျိပ်နှစ်ယော သော ွေးမတို့အားငင်း၊ အမိအဘတို့၏အိမ်သို့ပြန်ပါရခြင်းကို နွှင့်ပြု တော်မူပါဟုလျှောက်၏။မင်းလည်း ဝန်ခံ၏။ မင်္ဂလိကာသည် ွေးမတို့ကို သင်တို့သည် သင်တို့မိဘတို့၏အိမ်သို့ပြန်လေကုန်လော့ဟုစေလိုက်၏။ မိမိသည်လည်းကုသိနာရုံပြည်၌မိဘတို့အိမ်သို့ပြန်လေ၏၊ ။

မင်းကြီးသည် ဗန္ဓုလ စစ်သူကြီး၏ တူဖြစ်သော ဒီဃကာရာယန

အမည်ရှိသောသူအား စစ်သူကြီး၏အရာကိုပေး၏။ ထိုဒီဃကာရာယန သည်ကား ငါ၏ဝရိုးကိုသတ်အပ်၏ဟု မင်းကြီးအား အခွင့်ကိုရှာလျက် သွားလော၏။ မင်းကြီးသည် အပြစ်မရှိသောဗန္ဓုလကိုသတ်သောအခါမှ စ၍ နှလုံးမသာခြင်းသည်ဖြစ်၍ စိတ်၏သာယာခြင်းသည် မဖြစ်။ မင်း၏ စည်းစိမ်ချမ်းသာကို မခံစား။ ထိုအခါ မြတ်စွာဘုရားသည် သက္ကျဝင် မင်းတို့၏ မာတုဇေဋ္ဌကမည်သော နိဂုံးရွာကို အမှီပြု၍ နေတော်မူ၏။ မင်းကြီးသည် နိဂုံးရွာသို့ စစ်အင်္ဂါငလေးပါးနှင့်တကွ သွား၍။ မြတ်စွာ ဘုရားငကျောင်းတော်မှ မငေးသောအရပ်၌ သစ်တင်ဖြင့်နေ၍။ များစွာ သောအခြံအရံဖြင့် မြတ်စွာဘုရားကိုရှိခိုးအံ့ဟုသွား၍ငကျောင်းတော်ပါး သို့ရောက်လတ်သော်။ မင်းငမြွာက်တန်ဆာငါးပါးကို ဒီဃကာရာယန အားပေး၍။ တငယောက်အထီးတည်းသာလျှင် ဂန္ဓကုဋိသို့ ဝင်ငလေ၏။ ထိုပသေနဒိကောသလမင်းကြီးသည် ဂန္ဓကုဋိသို့ဝင်ငလေပြီးသော်။ဒီဃ ကာရာယနသည် ထိုမင်းငမြွာက်တန်ဆာငါးပါးကို ယူ၍ မိတ္တဒုတ္တမင်း သားကို မင်းငမြွာက်၍။ ကောသလမင်းကြီးအား တစိုးသော မြင်းကို ၎င်း၊ အလုပ်အကျွေးပြုသောမောင်းမငယ်တငယောက်ကို၎င်း၊ ထားခဲ့၍၊ အလုံးစုံကိုယူ၍ သာဝတ္ထိသို့သွားငလေ၏။ မင်းကြီးသည် မြတ်စွာဘုရား နှင့်တကွ ချစ်ဘွယ်သောစကားကို ပြောပြီးမှ မြတ်စွာဘုရားကို ရှိခိုး၍ ထွက်ခဲ့သော် စစ်သည်တို့ကို မမြင်သောကြောင့် ထိုမောင်းမငယ်ကို မေးလျှင် ထိုအကြောင်းကို ကြား၍၊ ငါသည် ဤမျှနှင့် သာဝတ္ထိသို့ပြန် သော်လည်း မင်း၏အဖြစ်ကိုမရ၍ချေပြီ။ ရာဇဂြိုဟ်သို့သွား၍ ငါ၏တူဖြစ် သော အစာတသတ်မင်းကိုယူ၍။ မိတ္တဒုတ္တကိုဘဝမ်းအံ့ဟု ကြံပြီးမှ ရာဇ ဂြိုဟ်သို့သွားလေသော်။ နေ့ဝင်သောအခါ၌ တံခါးကိုပိတ်ကုန်ပြီးမှ မြို့ သို့ရောက်၍ မြို့၏အပါး တရသောစရပ်၌ အိပ်လေ၏။ လေနေပူတို့ဖြင့် ပင်ပန်းသော မင်းကြီးသည် ညဉ့်အဘို့၌ ထိုစရပ်၌ပင် သေခြင်းကိုပြု ငလေ၏။ဗိုးသောက်လင်းပြီးသည်ရှိသော် မောင်းမငယ်သည်ကောသလ တိုင်းသူတို့ကိုအစိုးရသောအရှင်မင်းကြီး။သင်မင်းကြီးသည် ကိုးကွယ် ရာမရှိဖြစ်ခဲ့ပြီတကား ဟူ၍ မြည်တမ်းသောအသံကို ရာဇဂြိုဟ်ပြည်သူ တို့သည်ကြား၍ အစာတသတ်မင်းအား လျှောက်ကုန်သော်။ ထိုအစာ တသတ်မင်းသည် ဦးဂိုးဝေဿဂောသလမင်းအား များစွာသောပူဇော် သက္ကာရဖြင့်အလောင်းဗတ်ခြင်းကိစ္စကိုပြု၏။ ။

မိတ္တဒုဇ္ဈာသည်သာဝတ္ထိဒ္ဒမင်း၏အဖြစ်ကိုရပြီးနောက်အထက်ကရုန်ပြုံးကိုအောက်မေ့၍။ အလုံးစုံသောသကျဝင်မင်းတို့ကိုသတ်အံ့ဟုမျှားစွာသော စစ်သည်အပေါင်းဖြင့် ထွက်၏။ မိတ္တဒုဇ္ဈာစစ်ထွက်သောနေ့၌ မြတ်စွာဘုရားသည် ဗိုးသော်ထအခါ၌လောကကိုကြည့်တော်မူသော်။ ဆွေတော် မျိုးတော်အပေါင်း၏ ပျက်စီးလတ္တံ့သောအကြောင်းကို မြင်တော်မူ၍။ငါသည် ဆွေမျိုးတို့အားသင့်ဟိတ်ခြင်းကိုပြုအံ့သောငှါအပ်၏ဟုကြံတော်မူ၍။ နံနက်အခါ သာဝတ္ထိပြည်၌ ဆွမ်းခံကြွတော်မူ၍၊ ဆွမ်းဘဉ်းပေးပြီးသော် ဂန္ဓကုဋီ၌သီဟသေယျကဲ့ပြု တော်မူ၍။ ညချမ်းသောအခါ၌ ကောင်းကင် ခရီးဖြင့် ကြွတော်မူပြီးလျှင်။ ကဝိလဝတ်ပြည်၏ အနီး၌ ကဲ့သေးအရပ်ရှိသော တရုသောသစ်ပင်အောက်၌ နေတော်မူ၏။ ထိုသစ်ပင်မှမဝေးသောအရပ်၌ကား မိတ္တဒုဇ္ဈာ၏နိုင်ငံအတွင်း၌ ချမ်းမြေ့သောအရပ်ရှိသော ပညောင်ပင်ကြီးသည် ရှိ၏၊ ထိုမိတ္တဒုဇ္ဈာသည် မြတ်စွာဘုရားကိုမြင်၍ ကပ်လာ၍ရှိခိုးပြီးလျှင်။ဘုန်းတော်ကြီးသောရှင်ပင်ဘုရား၊ အဘယ်ကြောင့် ဤကဲ့သို့သောဘေးရှိသော ကဲ့သေးအရပ်ရှိသောသစ်ပင်ရင်း၌ နေတော်မူသနည်း။ ထိုချမ်းမြေ့သောအရပ်ရှိသော ပညောင်ပင်ရိပ်၌ နေတော်မူလှည့်ပါရှင်ပင်ဘုရားဟု လျှောက်သော်။ဖြစ်စေ ရှိစေတော့မင်းမြတ်၊ ဆွေမျိုးတို့၏ အရိပ်သည် ချမ်းမြေ့၏ဟု မိန့်တော်မူသောကြောင့်။ အဆွေအမျိုးတို့ကို စောင့်ခြင်းငှါ မြတ်စွာဘုရားကြွလာသည် ဖြစ်လတ္တံ့.ဟုကြံ၍၊ မိတ္တဒုဇ္ဈာမင်းသည် တပ်ကိုချပ်၍ သာဝတ္ထိပြည်သို့ပြန်လေ၏။ မြတ်စွာဘုရားသည်လည်း ကောင်းကင်ဖြင့်ပျံလေ၍ဇေတဝန်ကျောင်းကောသို့ကြွလေ၏။ ။တန္ဒစ်ရောက်ပြန်သောအခါ၊ မိတ္တဒုဇ္ဈာသည် သကျဝင်မင်းတို့အပြစ်ကို အောက်မေ့ပြန်၍။ နှစ်ကြိမ်မြောက်စစ်ထွက်သောကြောင့်။မြတ်စွာဘုရားလည်း နှစ်ကြိမ်မြောက်ထွက်၍ ထိုသစ်ပင်ရင်းခွပင် နေတော်မူသော မြတ်စွာဘုရားကို မြင်၍ ရှေးအတူတဘန်ပြန်လေ၏။ သုံးကြိမ်မြောက်စစ်ထွက်ပြန်သောအခါ၌။ ရှေးအတူ မြတ်စွာဘုရားကိုမြင်၍ပြန်လေ၏။လေးကြိမ်မြောက်နှစ်၌ ထိုမိတ္တဒုဇ္ဈာစစ်ထွက်ပြန်သည်ရှိသော်။ မြတ်စွာဘုရားသည် သကျဝင်းငေးတို့၏ ရှေးမကောင်းမှုကံကိုကြည့်တော်မူလျှင်။ ထိုဆကျဝင်တို့၏ ရှေးသောအခါ တာနေ့သ၌ မြင်ငယ်တရုတွင်ငါးတို့ကိုသေစေခြင်းငှါအဆိပ်ခတ်သော မကောင်းမှု၏ မမြစ်နိုင်အပ်သော အဖြစ်ကို မြင်တော်မူ၍။

လေးကြိမ်မြောက်၌ မြတ်စွာဘုရားသည် မကြွပြီ။ ကမ္မသကာဟူ၍သာ ဥပေက္ခာဖြဟ္မဝိဟာရဖြင့် နေတော်မူ၏။ ။မိတ္တဒုဿသည် သကျဝင် တို့ကို သတ်အံ့ဟု မျှားစွာသော စစ်သည်ဗိုလ်ပါဖြင့် ထွက်လာသော အကြောင်းကို ကြား၍။ မြတ်စွာဘုရား၏ဆွေတော်မျိုးတော်တို့သည် သူတပါးအား ထားလက်နက်ဖြင့်မသတ်ကုန်။ မိမိတို့ကိုယ်ပင်ယေသော်လည်း သူတပါးကို အသက်မှမချကုန်။ထို၎ကြောင့် ကြီးနှင့်ကြကုန်၏။ငါတို့သည် သင်အပ်ပြီးသော လက်ငင်းလေးအတတ်ရှိကုန်၏။ ထိုသို့ပင်ဖြစ်ကုန်သော်လည်း ငါတို့သည်သူတပါးကို အသက်မှချခြင်းငှါမတတ်နိုင်ကုန်။ ငါတို့၏လင်းလေးအတတ်ကိုသာပြ၍ ပြေးစေကုန်အံ့ဟု ကြံကုန်ပြီးလျှင်။ထိုသကျဝင်တို့သည်ထိုအကြံအတိုင်း။ချပ် ကာဝတ်လုံ ဓနုဆို တန်ဆာဆင်ကုန်လျက် ထွက်ကုန်၍ စစ်ထိုးခြင်းကို အားထုတ်ကုန်၏။ ထိုသကျဝင်တို့ပစ်အပ်သောမြားတို့သည်။မိတ္တဒုဿ၏စစ်သည်ရဲမက်တို့၏အကြားအကြားဖြင့်သာသွားကုန်၏။ ခါးကြားနားပေါက်ကြားအစရှိသည်တို့ဖြင့်ထွက်ကုန်၏။ထိုသို့ထွက်ခြင်းကို မိတ္တဒုဿမြင်၍၊အချင်းတို့၊ ထိုသကျဝင်တို့သည် လက်နက်ဖြင့် သူ့အားမသတ်ကုန်ဟူ၍ ဆိုသည်မဟုတ်လော။ထိုသို့လျှက် ငါ၏ယောကျ်ားတို့ကို ဖျက်ဆီးကုန်၏ဟုဆို၏။ ထိုအခါ ယောကျ်ားတယောက်ဆို၏။အသို့နည်းအရှင်၊အရှင်ပြန်၍ ကြည့်တော်မူလော့။ ငါ၏ယောကျ်ားတို့ကို သကျဝင်တို့သည်ဖျက်ဆီးကုန်၏ဟုဆို၏။ အရှင်မင်းကြီး၏ တယောက်သောယောကျ်ားသည်မျှ သေသောမည်သည်မရှိ။ အရှင်မင်းကြီးစစ်သည်တို့ကို ဇရတ္ထက်ပါစေကုန်လော့ဟုဆို၍ရေတွက်စေသည်ရှိသော်။တယောက်သောသူမျှသေသည်ကိုမမြင်။ထိုမိတ္တဒုဿသည် ထိုအရပ်မှပြန်ပြန်၍။အချင်းတို့၊အကြင်အကြင်သို့သောသူတို့သည် သကျဝင်ဖြစ်ကုန်၏ဟုဆိုကုန်၏။ထိုအလုံးစုံသောသူတို့ကိုသတ်လေကုန်။ ငါ၏အဘိုးဖြစ်သောမဟာနာမ်သာကီဝင်၏အထံ၌ရှိသောသူတို့အား အသက်ကိုပေးလေကုန်ဟုဆို၏။သကျဝင်တို့သည် ကိုင်အပ်သည်နှင့်ယှဉ်သော ကိုင်ကောင်းသော ဝတ္ထုကို မမြင်ကုန်သည်ဖြစ်၍။ အချို့သောသကျဝင်သည်မြက်ကိုကိုင်၍။ အချို့သောသကျဝင်သည် ကျွဲကိုကိုင်၍နေကုန်၏။ နင်တို့သည် သကျဝင်ဟုတ်၏လောဟု မေးသည်ရှိသော်။ သကျဝင်တို့သည် သေကုန်သော်လည်း မုသာဝါဒကို မဆိုကုန်သောကြောင့်။ မြက်ကို ကိုင်၍နေသော

သကျဝင်တို့သည်။ ငါတို့သကျဝင်မဟုတ်၊ မြက်ဟူ၍ဆိုကုန်၏။ ကျ။။ကို ကိုင်၍နေသော သကျဝင်တို့သည်လည်း ငါတို့သကျဝင်မဟုတ်၊ ကျ။။ ဟူ၍ဆိုကုန်၏။ ထိုသို့မြက်ကိုကိုင်၍နေသောသူ၊ ကျ။။ကိုကိုင်၍နေသော သူတို့သည်ဂင်း။ မဟာနာဓ၏အထံ၌နေသောသူတို့သည်ဂင်း အသက်ကုံရကုန်၏။ ထိုသူတို့တွင် မြက်ကိုကိုင်၍နေသော သူတို့သည် တိဏသကျဝင်ဟူသော အမည်ရှိသည်ဖြစ်ကုန်၏။ ကျ။။ကိုကိုင်၍နေသောသူတို့သည်· နဠသကျဝင်ဟူသော အမည်ရှိသည်ဖြစ်ကုန်၏။ ထိုမှကြွင်းသောသူတို့ကား နို့စို့ တတ်ကာမျှသောသူတို့ကိုပင်လည်း မလွတ်ကုန်မူ၍ သတ်စေကုန်သည် ဖြစ်သောကြောင့်။ သွေးချောင်းစီးသည်ဖြစ်၍။ ထိုမိတ္တဒုဿသည်ထိုသကျဝင်တို့၏လည်ချောင်းသွေးဖြင့်ပိမိနေရာထိုင် ပျဉ်ကို ဆေးလေ၏။ ဤသို့ဆိုအပ်ပြီးသော အခြင်းအရာဖြင့် သကျဝင် အနွယ်သည်မိတ္တဒုဿဘေးကြောင့်ပြတ်၏။ ။

ထိုမိတ္တဒုဿသည် မဟာနာဓသကျဝင်ကိုယူ၍ပြန်လေသော်။ ညစာစားသောအခါ၌ ညစာစားအံ့ဟု တရားသောအရပ်၌တပ်ချ၍ ထမင်းညစာကပ်လာသည်ရှိသော်။ အတူတကွ ထမင်းစားအံ့ဟု မိတ္တဒုဿသည် အဘိုးကိုခေါ်စေ၏။ မင်းတို့သည် အသက်ကိုသော်လည်း စွန့်ကုန်၏။ ကျွန်မသားနှင့်အတူ မစားကုန်။ ထိုကြောင့်မဟာနာဓသည်လည်း တရားသောအိုင်ကြီးကိုကြည့်၍။ ချစ်သား၊ အဘိုးသည်ညစ်နွမ်းသောကိုယ်ရှိသည်ဖြစ်၍ ရေချိုးဦးအံ့ဆို၏။ ကောင်းပြီအဘိုးရေချိုးတော့ဟု မိတ္တဒုဿဆို၍။ ထိုမဟာနာဓ်သည် ထမင်းအတူမစားသော် ငါ့ကို သတ်လတ္တံ့။ ထိုကြောင့်အလိုလိုသေရသော်မြတ်၏ဟု ဆံတို့ကံဖြစ်၍၊ အဖျားဦးအထုံးကိုပြု၍၊ ဆံကွင်းတို့ဦးခြမတို့ကိုသွင်း၍ ရေဦးပလေ၏။ ထိုမဟာနာဓ၏သီလကျေးဇူးတန်ခိုးအားဖြင့်နဂါး၏နေရာသည်ပူသောအခြင်းအရာကိုပြပေ၏၊ နဂါးမင်းသည် အကြောင်းအသို့နည်းဟု စူးစမ်းလေသော်။ မဟာနာဓ၏အဖြစ်ကိုဖြင်၍ မဟာနာဓ၏အထံသို့လာပြီးလျှင်။ ထိုမဟာနာဓမင်းကို မိမိပါးပျဉ်းဦးနေစေ၍ နဂါးပြည်သို့ဆောင်လေ၏။ ကဆဲ့နှစ်နှစ်ပတ်လုံး နဂါးပြည်၌နေပြီး၍နေရ၏။ မိတ္တဒုဿသည်လည်း ငါ၏အဘိုးသည် ယခုလာလတ္တံ့ဟု ငံ့ဖွဲ့နေရာ။ အလွန်ကြာမြင့်မှသောကြောင့် ရှာဖွေစေ၍။ ဆီမီးရောင်ဖြင့် ကြွင်းသောသူတို့၏ ပုဆို့အဝတ်ကြားတို့၌ ကြည့်ရှုစေ၍မမြင်ကုန်သောကြောင့်။ ပြေးလေတော့သည်ဖြစ်လတ္တံ့ဟု

ဆိုး၍တပ်ရှိသွားဖူးလတ္တံ့။ ။ထိုမိတ္တဒုတ္တသည် အစိရဝတီမြစ်သို့ရောက်သဖြင့်တပ်ချ၍နေလေတံ့။အချို့သောသူတို့သည်မြစ်ထဲသောင်ပြင်အစုဒ္ဓအိပ်ကုန်တံ့။ အချို့သောသူတို့သည် ကမ်းထိပ်၌အိပ်ကုန်တံ့။ မြစ်တွင်းဒ္ဓအိပ်သောသူတို့ဒ္ဓသည်း ဂရုဒ္ဓမကောင်းမှုကို မပြုသောသူတို့သည် ပါဂိုကုန်တံ့။ ကမ်းထိပ်၌ အိပ်သောသူတို့ဒ္ဓလည်း ဂရုဒ္ဓ မကောင်းမှုကိုပြုသောသူတို့သည် ပါဂိုကုန်တံ့။ ထိုသူနှစ်ဦးတို့တံ့၏အိပ်ရာ၌ ပိုးရွဲခြုပုန်းတို့သည်တက်ကုန်တံ့။ထိုသူတို့သည် ငါတို့အိပ်ရာ၌ ပိုးရွဲတက်သည်ဟုဆို၍ ဂရုဒ္ဓမကောင်းမှုကိုမပြုသောသူတို့သည် မြစ်မှကမ်းထိပ်သို့တက်၍အိပ်ကုန်တံ့။ ဂရုဒ္ဓ မကောင်းမှုကိုပြုခဲ့ဘူးသောသူတို့သည်လည်း ကမ်းထိပ်မှ မြစ်ကျင်းသို့ဆင်း၍ အိပ်လေကုန်တံ့။ မိတ္တဒုတ္တအိပ်ရာလည်း မြစ်ကျင်းဒ္ဓဖြစ်တံ့။ ဤသို့ လူသူခွဲမပြိုးသောခဏာဒ္ဓ။ ကြိုးစွာသောဇိဃ်းသည် တက်လတ်၍ တခဲနက် အလျဉ်ဂိုသောဇိဃ်းသည် ဂ္ဂါတံ့။ မြစ်ထဲဒ္ဓ ရေအလျဉ်ထန်စွာ လွှမ်းမိုးစီးလာ၍။ မိတ္တဒုတ္တသည် ဂရုမဂကောင်းမှုပြုဘက်ပရိသတ်နှင့်တကွ သမုဒ္ဒါသို့ဝင်လေတံ့။ အလုံးစုံသောမြစ်ကျင်းဒ္ဓ အိပ်သောသူတို့သည်လည်း။သမုဒ္ဒါငါးလိပ်တို့၏အစာဖြစ်လေကုန်တံ့။

ထိုသူတို့သေလေကုန်ပြီးသော် လူများအပေါင်းသည်စကားကိုဖြစ်စေကုန်တံ့။ ရဟန်းတို့သည်လည်း စကားကိုဖြစ်ဆစကုန်တံ့။ သကျဝင်မင်းမျိုးတို့သည်ကား သေရခြင်းသည်မသင့်။ဤသို့ရုတ်ထစ်၍သကျဝင်မင်းတို့ကိုသေစေအပ်တံ့။ ထိုသို့သေစေခြင်းသည် မလျောက်ပတ်ဟူ၍ စကားကို ဖြစ်ဆစကုန်တံ့။ ထိုစကားကိုကြားကော်မူ၍ မြတ်စွာဘုရားသည်၊ချစ်သားရဟန်းတို့၊သကျဝင်မင်းတို့အားဤကိုယ်တံ့အဖြစ်ဒ္ဓဤသို့သေရခြင်းသည် အကယ်၍မလျောက်ပတ်သည်မှန်တံ့။ ထိုသို့မှန်ဖသော်လည်း ဂရုဒ္ဓပြုအပ်သောမဂကောင်းမှုတံ့၏အစွမ်းအားဖြင့်ကား။ ထိုသကျဝင်မင်းတို့သည် လျောက်ပတ်သောသေခြင်းနှကို ရအပ်တံ့ဟု မိန့်တော်မူသော်။ ဂုဏ်ပဉ်ဘုရား၊အဘယ်ကဲ့သို့ ထိုသကျဝင်တို့သည်ဂရုဒ္ဓပြုဘူးလေကုန်သနည်းဟုလျှံသဖြင့်။ချစ်သားတို့၊ဂရုသောအခါဒ္ဓဤသကျဝင်တို့သည်တပေါင်းတည်းဖြစ်၍မြစ်ဒ္ဓငါးတို့ကိုသေစေခြင်းငှါအဆိပ်ကိုခတ်ကုန်တံ့၏ဟုမိန့်တော်မူတံ့။ ။တဘန်တနေ့သဒ္ဓ ရဟန်းတို့သည်။ တရားသဘင်ဒ္ဓ စကားကို ဖြစ်စေကုန်တံ့။ မိတ္တဒုတ္တသည် ဤမျှလောက်သော သကျဝင်တို့ကို သတ်၍ လာသည်ရှိသော်။ မိမိ၏ နှလုံး၏အလို

သည် အပြီးသို့မရောက်ဘဲသာလျှင်။ ဤမျှလောက်သောလူအပေါင်းကို ယူ၍။ သမုဒြာ၌ငါးလိပ်တို့၏အစာဖြစ်လေပြီဟူ၍ပြောဆိုကုန်၏။ ဖြတ် စွာဘုရားသည် တရားသဘင်သို့လာတော်မူ၍။ ချစ်သားတို့၊ ယခုငါလာ တော်မူသောအခါ၌ အဘယ်စကားဖြင့် စည်းဝေးကြသနည်းဟု မေး တော်မူလျှင်၊ ဤမည်သောစကားဖြင့်တည်းဟု လျှောက်ပေသော်။ ချစ်သားရဟန်းတို့၊ ဤသတ္တဝါတို့အား နှလုံးအလိုအပြီးသို့မရောက်မူ၍ သာလျှင် အိပ်ပျော်သောရွာကို သည်းစွာသောရေအလျဉ်သည် လွှမ်း မိုးလေသကဲ့သို့။ သမင်းသည် ဇီဝိတိန္ဒြေကုံဖြတ်၍ သမုဒြာ၌ ငုပ်ဝင် စေ၏ဟု မိန့်တော်မူ၍။ ။ပုပ္ပါနိ ဟေဝ ပစိနန်္တံ၊ဗျာသတ္တမာနသံ နရံ။ သုတ္တံ ဂါမံ မဟောဃော၀၊မစ္စု အာဒါယ ဂစ္ဆတိ။ ။ဟူသောတရား ကို ဟောတော်မူ၏။ ။ပုပ္ပါနိ၊ ပန်းပွင့်တို့ကဲ့။ ပစိနန်္တံယထာ၊ ဆွတ် သောသူကဲ့သို့။ ဇဝံ၊ဤအတူဂုဏ်း။ ဗျာသတ္တမာနသံ၊အထူးထူးသောအာ ရုံ၌ ငြိသောစိတ်ရှိသော။ နရံ၊ရဟန်းဂျင်လူမိန်းမယောကျ်ားကို။ သုတ္တံ၊ အိပ်ပျော်သော။ ဂါမံ၊ရွာကို။ မဟောဃော၊ ပြင်းစွာသော ရေအလျဉ် သည်။ အာဒါယ၊ယူ၍။ ဂစ္ဆတိဇ္ဇ၀၊သွားသကဲ့သို့။ မစ္စု၊သေမင်းသည်။ အာဒါယ၊ ယူ၍။ ဂစ္ဆတိ၊ သွားလေ၏။ ။ဤဒေသနာတော်မြတ်၌ အ ဓိပ္ပါယ်ကား။ပန်းသည်ယောကျ်ားသည် ပန်းဥယျာဉ်သို့ဝင်၍ ပန်းဆွတ် အံ့ဟုပန်းချုံသို့ကပ်သော်၊ ထိုပန်းချုံမှပန်းကိုမယူမူ၍။တပါးသောပန်း ချုံကိုတောင့်တလျက်။ အလုံးစုံသောပန်းအရံခြံဝိတ်ကိုစေ၏၊ ဤပန်းချုံ မှဆွတ်အံ့၊ထိုပန်းချုံမှဆွတ်အံ့ဟု စိတ်ကိုစေ၏။ ထိုပန်းချုံမှလည်း မယူ မူ၍။ တပါးသောပန်းချုံခြံဆွတ်လျက်သာ မွေ့လျော်ခြင်းသို့ရောက်လေ သကဲ့သို့။ထိုအတူအချို့သောမိန်းမယောကျ်ားသည် ကာမဂုဏ်ငါးပါး တည်းဟူသော ပန်းချုံသို့ သက်၍။ နှလုံးမွေ့လျော် ဘွယ်သော ရူပါရုံ ကို ရဖြီးနောက်။ နှလုံးမွေ့လျော်ဘွယ်သော သဒ္ဒါရုံ၊ ဂန္ဓာရုံ၊ ရသာရုံ၊ ဖောဋ္ဌဗ္ဗာရုံတို့တွင် တပါးပါးကိုတောင့်တပြန်၍။ ထိုသဒ္ဒါရုံ စသည်တို့ တွင် တပါးပါးကိုရပြန်၍လည်း။ ထိုရသောအာရုံမှတပါးကိုတောင့်တ ပြန်၏။အချို့သောယောကျ်းမိန်းမသည် ရူပါရုံကိုရသဖြင့် တပါးသော အာရုံကိုမတောင့်တမူ၍ ထိုရူပါရုံကိုသာ သာယာ၏။ ဤသို့ကာမဂုဏ် ငါးပါးတည်းဟူသော ပန်းချုံကိုသာလျှင် ဆွတ်လျက်။ တောင့်တအပ် သောကာမဂုဏ်၌ ငြိသောစိတ်ရှိသော သူကဲ့။ နှစ်ယူစနာ သုံးယူစနာ

အလျားအစောက်ဖျဉ်နှက်သော ပြင်းစွာလွှမ်းမိုးခြင်းကျသော ရေအလျဉ်သည် အလုံးစုံသောလူတို့ အိပ်ပျော်သော ရွာကိုယူ၍ သမုဒ္ဒရာသို့ ရောံစေသကဲ့သို့။ ထိုအတူ အထူးထူးသောအာရုံ၌ငြိသောနှလုံးရှိသော ယောကျ်ားမိန်းမကို သေမင်းသည် ယူ၍၊ အပါယ်လေးပါး တည်းဟူသောသမုဒ္ဒရာ၌ကျစေ၏ဟူလို၊သည်။ ။ဤတရားဒေသနာတော်အဆုံး၌ များစွာသော တရားနာပရိသတ်တို့သည် သောတာပတ္တိဖိုလ် အစရှိသည်တို့သို့ရောက်လေကုန်၏။ ။

ဝိနည်းအဋ္ဌကထာဋီကာ၌၊ အဇာတသတ်မင်းဖြစ်မှမြတ်စွာဘုရားကို ရှစ်နှစ် ကုန်းကွယ်လိုက်ရ၏ဟု ဆိုသောကြောင့်။ မြတ်စွာဘုရား သုံးဆဲ့ခုနစ်ဝါပြည့်နောက်တွင် အဘဗိမ္ဗိသာရမင်းကို သတ်၍ အဇာတသတ်မင်းပြု၏။ အဇာတသတ်မင်း၏အမိ ဝေဒေဟိမိဘုရားကား။ ပသေနဒိကောသလမင်း၏ နှမတည်း။ ဗိမ္ဗိသာရ၊ အဇာတသတ် တို့သည်ကား အင်္ဂါတိုင်း၊ မဂဓတိုင်း၊ နှစ်တိုင်းကဲ့ပိုင်၏။ ပသေနဒိကော်သလမင်းကား ကာသိတိုင်း၊ ကောသလတိုင်း၊ နှစ်တိုင်းကို ပိုင်၏။ အဇာတသတ်မင်းဖြစ်မှ။ ကာသိကတိုင်း၌ ရွာငယ်တရွာကြောင့်။ ကောသလမင်း၊အဇာတသတ်မင်း၊ အချင်းများ၍စစ်ဖြစ်သည်။ ကောသလမင်းစစ်တခေါက် နှစ်ခေါက် သုံးခေါက်တက်သည်။ အဇာတသတ်မင်းကို မဘက်နိုင်ချေ။ ရှုံးချေသည်သာဖြစ်သောကြောင့်။ကောသလမင်းကြီးသည်သမီးဝဇိရကုမာရီကို အဇာတသတ်အား လက်ဆောင်ပြု၍ အသင့်ကျင့်ရသည်ဟူ ဓမ္မပဒအဋ္ဌကထာ၌ ဆိုသောကြောင့်။ အဇာတသတ်မင်းဖြစ်၍ သုံးနှစ်လေးနှစ်ရှိမှ။ ကောသလမင်းနှင့် ကုမာရတ်မှတ် ဝရိုးမှတ်မှတ် သင့်တင့်ကြသည်။ ။သက္ကတိုင်း မာတုဇေဋ္ဌကနိုင်း၌ သိတင်းသုံးနေသောအခါ။ မြတ်စွာဘုရားသို့ ကောသလမင်း ဆည်းကပ်လာရာတွင်။ ဒီဃကာရာယန အမတ်သည် မိတ္တဒုတ္တကို မင်းမြှောက်၍ အလျင်ပြန်နှင့်လေသောကြောင့်။ငါ့တူအဇာတသတ်ကိုခေါ်၍မိတ္တဒုတ္တကိုဘမ်းဆုံဟု ကောသလမင်းကြီး ရာဇဂြိုဟ်သို့ ဘွားရာတွင် လွန်သည်ဟူ၍ ဆိုသောကြောင့်။ ကောသလမင်းနှင့် အဇာတသတ်၊ လေးမြတ်ချစ်ကြည်သင့်တင့်မှ မိတ္တဒုတ္တမင်းဖြစ်သည်ကို၎ထောက်လျှင်။ မြတ်စွာဘုရားလေးဆဲ့တဝါရောက်မှ မိတ္တဒုတ္တမင်းဖြစ်၍။ ရှေးရန်ငြိုးကို အောက်မေ့သဖြင့်။ သကျဝင်တို့ကို မိတ္တဒုတ္တစစ်တက်သည်။ သုံးခေါက်တိုင်တိုင် မြတ်စွာဘုရား တား

မြစ်တော်မူသည်။ လေးခေါက်တက်ရာတွင်မှ၊ ဆွတော်မျိုးတော်တို့၏ ဂုဏ်ကိုရှု၍ မဟာနှံတားဘဲနေလေသောကြောင့်။ ဆွတော် မျိုးတော်တို့ ပျက်စီးခြင်းသို့ရောက်သည့်ဆိုသည်ကိုထောက်သော်။ မြတ်စွာဘုရား လေးဆဲ့လေးဝါရောက်မှပင် ဆွေတော်မျိုးတော်တို့ ပျက်စီးခြင်းသို့ရောက်ဟန်ရှိ၏။ ။

၄၉။ ဝေဿဝဏ်စသောနတ်မင်းကြီး ၄ ပါးတို့ နေရာစာတုမဟာရာဇ်နတ်မြို့များ၏အကြောင်းစသည်နှင့် တကွအာဠာနာဋိယသုတ်၏အဋ္ဌုပ္ပတ္တိကိုပြဆိုရာ။

မြတ်စွာဘုရားသည် ရာဇဂြိုဟ်ပြည်ကို အမှီပြု၍ ဂိဇ္ဈကူဋ်တောင်ကျောင်းဝယ် နေတော်မူသောအခါ၌။ အာဠာနာဋိယသုတ်ကို ဟောတော်မူ၏။ ဟောကြောင်းကား။ ကဿပဘုရားပွင့်တော်မူပြီးနောက်။ ဗာရာဏသီပြည်၌ကုဋေဝရမည်သောပုဏ္ဏားသည်ကြီးစွာသောကြွေးခင်းကိုလုပ်၍ ကြွေသွစ်ယန္တရားခုနစ်ချက်ဖြင့် ကြွေကိုအရည်သွစ်၏။ ယန္တရားတချမှထွက်သောကြွေရည်အတိုးအခွန်ကို။ လာလာသမျှသော ဇမ္ဗူဒီပါကျွန်းသူတို့အား ပေးလှူ၏။ ထိုနှင့်မဆောင့်ရဲ၍ ယန္တရားခြောက်ချက်၌ထွက်သောအတိုးအခွန်တို့ကိုလည်းလှူ၍ အနှစ်နှစ်သောင်းကာလပတ်လုံးအလှူကောင်းမှုတို့ကိုကျင့်ပြု၏။ ထိုပုဏ္ဏားသည်လွန်ခဲ့သော်၊ စာတုမဟာရာဇ်နတ်ပြည်၌ ကုဋေဝရနတ်ဟူ၍ တန်းခိုးအာဏာကြီးစွာဖြစ်လေ၏။ ထိုစာတုမဟာရာဇ်နတ်ပြည်၌ကား။ မတရဋ္ဌ၊ ဝိရူဠ္ဍက၊ ဝိရူပက္ခ၊ကုဋေရ၊ဟူ၍ နတ်မင်းကြီးလေးယောက်တို့သည်ဖြစ်ကုန်၏။ ထိုနတ်မင်းကြီးတို့သည်။ မြင်းမိရိုင်းတောင်ပတ်လည်ယုဂန္ဓိ၊ရံတောင်နှင့်မျှသောကောင်းကင်အရပ်၌ဘာနုဆင်းတည်ထောင်အပ်သော ဘီလူးနတ်မြို့တို့အနက်။ မြင်းမိရိုင်းတောင်၏ အရှေ့အဘို့၌ အာဠာနာဋမြို့။ နာဋသူရိယမြို့။ မြင်းမိရိုင်းတောင်၏ တောင်အဘို့၌ ကုသိနာဋမြို့။ ပရကုသိဋနာဋမြို့။ မြင်းမိရိုင်းတောင်၏အနောကိအဘို့၌ ကသိဝန်မြို့။ ဇနောဃမြို့။ ပြောက်အဘို့၌ နဝနဝုတိယမြို့။ အမ္ဗရမြို့။ အမ္ဗရဝတီယမြို့။ အာဠကမန္ဒာမြို့။ ဝိသာဏမြို့ဟူ၍။ နတ်မြို့တို့သည်ရှိကုန်၏။ ထိုနတ်မြို့တို့ထွင်။အာဠကမန္ဒာမြို့သည် ရာဇဂြာနိမင်းနေပြည်ကြီးဖြစ်၏။ကုဋေရနတ်မင်းလက်ထက် ဝိသာဏ

မြို့မှာနေရာတွင်မှ ဇာတိသာဏာမြို့သည် မင်းဇနေ ရာဇဓာနီဖြစ်၏။ ကုဇဝရနတ်မင်းကြီးသည် ဇဝသဝဏနတ်မင်းဟူ၍လည်းတွင်၏။ ထိုနတ်မင်းတို့တွင်။ ဓတရဋ္ဌနတ်မင်းသည် ဂန္ဓဗ္ဗနတ်တို့၏အကြီးတည်း။ ဝိရူဠ္ဟကနတ်မင်းသည် ကုမ္ဘဏ္ဍနတ်တို့၏ အကြီးတည်း။ ဝိရူပက္ခနတ်မင်းသည် နဂါးတို့၏အကြီးတည်း။ကုဇဝဝရနတ်မင်းကြီးသည် ဘီလူးတို့၏အကြီးတည်း။ ထိုနတ်မင်း လေးယောက်တို့တွင် ကုဇဝရနတ်သည် တနိုးခိုး အာဏာကြီးလှစွာ၏။ ထိုနတ်မင်းအား နတ်ဦဖြစ်သောဆင်ယာဉ်၊ မြင်းယာဉ်၊ ပြာသာဒ်ယာဉ်၊ ထမ်းစင်ယာဉ်တို့သည်ရှိကုန်၏။ ထိုယာဉ်တို့၌ အိပ်စဉ် ထိုင်စဉ်။နတ်မင်းကြီးသွားလိုသောဗိတ်ရှိလျှင် အလိုလို ယာဉ်တို့သည် သွားကုန်၏။ ထိုကုဇဝရနတ်မင်းကြီး၏ ကျွန်အလုပ်အကျွေးတို့သည်ကား။ နွားမကိုစီး၍လှည့်ပတ်ကုန်၏။ နွားမမှတပါး။ ကျွဲ၊ မြင်း၊ ဆင်၊ အစရှိသော အခြေခံလေးခွသတ္တဝါတို့ကိုစီး၍ ထိုထိုသောအရပ်တို့သို့လည်း လှည့်ပတ်ကုန်၏။ ဓိနုံးမ၊ယောက်ျား၊ဓိနုံးမပျို၊ယောက်ျားပျိုတို့ကိုသည်း ရထားယာဉ်ကဲ့၍စီးပြီးလျှင် လှည့်ပတ်ကုန်၏။ ထိုနတ်မင်းကြီးလေးယောက်တို့သည် သိကြားမင်းနှင့်တကွ အာဋာနာဋိုမြို့၌စည်းဝေး၍။ သိကြားမင်း၏ရန်ဘက်ဖြစ်သောအသုရာတို့ကိုဆီးကာအုံသောဌါ။ ထိုနတ်မင်းကြီးလေးယောက်တို့၏စစ်သူကြီးဖြစ်ကုန်သော၊ ဣန္ဒ၊ သောမ၊ ဝရုဏ၊ ဘာရဒွါဇ၊ ပဇာပတိ၊ စန္ဒန၊ ကာမသေဋ္ဌ၊ ကိန္နိ၊ ဃန္ဒု၊ နိဃန္ဒု၊ ပနာဒ၊ သြပမ္မ၊ မာတလိ၊ စိတ္တသေန၊နဠ၊ဇနေသဘာ၊ သဉ္ဇာဂိရိ၊ဟေမဝတ၊ပဉ္စက၊ကရဋိယ၊ ဂုဠ၊သိဝက၊ မုစလိန္ဒ၊ ဝေဿာမိတ္တ၊ဂေါပါလက၊ သုပ္ပရောဓ၊ဟိရိ၊နေတ္တိ၊မန္ဒိယ၊ပဇ္ဇုဏ်လစန္ဒာ၊ အာဠဝက၊ပဇ္ဇုန်း၊သုမန၊သုမုခ၊မဏိ၊ မာဏိ၊ရောဒိ၊ ဃရိဿက။ ဤစစ်မှူးတို့ကိုခေါင်းတပ်၍။ အရှေ့မျက်နှာ၌ ဣန္ဒဗ္ဗနတ်စစ်သည်။ တောင်မျက်နှာ၌ ကုမ္ဘဏ္ဍနတ်စစ်သည်။ အနောက်မျက်နှာ၌ နဂါးနတ်စစ်သည်။ မြောက်မျက်နှာ၌ ဘီလူးနတ်စစ်သည်တို့ကို အာဠဝနာဋိမြို့သည် စကြဝဠာတောင်အဆိုက် အစောင့် ထား၏။ ထိုနတ်မင်းကြီးတို့သည်၊ ဝိပဿီ၊ သိခီ၊ ဃဝဿဘူ၊ ကကုသန်၊ ဃောဏာဂုံ၊ ကဿပ၊ ဂေါတမ၊ ဤဘုရားခုနစ်ဆူတို့ကိုရှိခိုးသော အစဉ်အားဖြင့်။ အဝဇ္ဇာနာဒိယာဂရက္ခဟူသော အမည်ဖြင့်ဂါထာကိုးဘွဲ့ပြီးလျှင်။ထိုနတ်မင်းကြီးလေးယောက်တို့သည် များစွာသော ဂန္ဓဗ္ဗနတ်မင်းစစ်သည်၊ များစွာသော ကုမ္ဘဏ်စစ်သည်၊

များစွာသောနဂါးစစ်သည်၊များစွာသောဘီလူးစစ်သည်တို့ဖြင့် အရပ်
လေးမျက်နှာကို အစောင့်အရှောက် ထား၍။ ညဉ့်ယံလွန်သော သန်
ခေါင်အခါ၌လာလတ်၍။ ဂိဇ္ဈကူဋ်တောင် ထက်ဝန်းကျင်အရပ်ကို မိမိ
တို့၏ အဝတ်တန်ဆာရောင်၊ ကိုယ်မှထွက်သော အရောင်တို့ဖြင့် လ
အထောင်နေအထောင်တက်သကဲ့သို့ထွန်းလင်းစေ၍၊တင့်အပ်လျောက်
ပတ်သောအရပ်၌။ အချို့သောဘီလူးတို့သည် မြတ်စွာဘုရားကို ဂိုဒိုး
ကုန်လျက်။ အချို့သောဘီလူးတို့သည် မြတ်စွာဘုရားနှင့် ဝမ်းမြောက်
ဝမ်းသာပြောဟောသောစကားကိုဆိုလျက် နေကုန်၏။ အချို့သောဘီ
လူးတို့သည် မြတ်စွာဘုရားအား အမည်အနွယ်ကိုကြားကုန်လျက် နေ
ကုန်၏။ အချို့သောဘီလူးတို့သည် မြတ်စွာဘုရားသို့ ညွတ်ခေါလက်
အုပ်ရှိသည်ဖြစ်၍နေကုန်၏။ အချို့သောဘီလူးတို့သည် တိတ်တိတ်ပင်
နေကုန်၏။ ထိုသို့နေကုန်သောဘီလူးတို့တွင် ဝေဿဝဏနတ်မင်းကြီး
သည် မြတ်စွာဘုရားနှင့် အလွန်အကျွမ်းဝင်သောကြောင့်ဎင်း။ စကား
ပြောဟောခြင်း၌ အလွန်လိမ္မာတတ်မြောက်သောကြောင့်ဎင်း။မြတ်စွာ
ဘုရားကို ခွင့်တောင်းလိုသဖြင့် ဤသို့လျှောက်၏။ ဘုန်းတော်ကြီးမြတ်
တော်မူသောအရှင်ဘုရား၊အချို့ကုန်သော အရှင်ဘုရားအားမကြည်ညို
ကုန်သော၊ တန်းခိုးကြီးကုန်သော ဘီလူး။ ဘန်းခိုးလတ်ဖြစ်ကုန်သော
ဘီလူး။ တန်းခိုးနည်းကုန်သော ဘီလူးတို့သည် ရှိကုန်၏။ ထိုဘီလူးတို့
သည်အဘယ့်ကြောင့်မကြည်ညိုကုန်သနည်းဟုဆိုသော်။အရှင်ဘုရား
သည် ပါဏာတိပါတ၊ အဒိန္နာဒါန၊ ကာမေသုမိစ္ဆာစာရ၊ မုသာဝါဒ၊သု
ရာမေရယတို့မှကြဉ်စေခြင်းငှါ တရားဟောတော်မူ၏၊ အကြင်ဘီလူး
တို့သည်၊သူအသက်ကိုသတ်ခြင်း၊ သူဥစ္စာကိုခိုးခြင်း၊သူသားမယားကို
ပြစ်မှားခြင်း၊မုသားဆိုခြင်း၊ သေအရက်ကိုသောက်ခြင်းမှ မကြဉ်ကုန်။
ထိုကြောင့် ထိုဘီလူးတို့သည် အရှင်ဘုရားအား မချစ်ကုန်၊မနှစ်လိုကုန်၊
အရှင်ဘုရား၏ တပည့်တော်တို့သည်လည်း။ ငတ္တာဠီ ဖြစ်ကုန်သော၊
နည်းသောအသံရှိကုန်သော။ ကြွေးကြော်သောအသံမရှိကုန်သော။လူ
တို့၏အဆင်းသဏ္ဌာန် ဟန်ပန်ကင်းကုန်သော။ လူတို့အားလျှို့ဝှက်ကုန်
သော။ကိန်းဝှေအောင်းခြင်းငှါလျောက်ပတ်ကုန်သောတောရကျောင်းတို့ကို
မှီဝဲကုန်၏။ထိုတော့ကျောင်းအရပ်၌အမြဲနေကုန်သောရှင်ပင်ဘုရားတို့
အားလည်း မကြည်ညိုကုန်ဖြစ်သောဘီလူးတို့သည်ရှိကုန်၏။ ဘုန်းတော်

ကြီးသော အရှင်ဘုရား။ ထိုဘီလူးတို့ကို ကြည်ညိုစေခြင်းငှါ။ ဘိက္ခု၊ ဘိက္ခုနီ၊ဥပါသကာ၊ဥပါသိကာ၊ ဤပရိသတ်လေးပါးတို့ကိုလုံခြုံစေခြင်းငှါ၊ စောင့်ရှောက်စေခြင်းငှါ၊ မည္သည်းဆဲစေခြင်းငှါ၊ ဤအာဋာနာဋိယာရက္ခကိုအရှင်ဘုရားသည်တတ်အောင်သင်ပါဟုလျှောက်၏။ ။မြတ်စွာဘုရားသည် ဆိတ်ဆိတ်နေသောအားဖြင့် ဝန်ခံတော်မူ၏။ မြတ်စွာဘုရား၏ဝန်ခံတော်မူသောအဖြစ်ကိုသိ၍။ ထိုအခါ၌ ဝေဿဝဏနတ်မင်းကြီးသည် မိမိတို့ဘွဲ့သိခဲ့အပ်သော။ဝိပဿိသုနမတ္ထု၊အစရှိသော အာဋာနာဋိယာရက္ခကိုရွတ်၏။ ဤသို့ရွတ်ပြီး၍ဆင်းရဲကင်းသောအရှင်ဘုရား၊ ဤသည်လျှင် ရဟန်းယောကျ်ား၊ ရဟန်းမိန်းမ၊ ဥပါသကာယောကျ်ား၊ ဥပါသိကာမိန်းမတို့အား စောင့်ခြင်းငှါ၊ မည္သည်းဆဲစေခြင်းငှါ၊ ချမ်းသာစွာနေခြင်းငှါ အာဋာနာဋိယာရက္ခတည်း။ အရှင်ဘုရား၊ အကြင်အမှတ်မရှိ တပါးပါးသောသူအား ဤအာဋာနာဋိယာရက္ခကို ကောင်းစွာယူအပ်သည်ဖြစ်အံ့။ အပြည့်အစုံသင်အံ့။ ထိုသူကို၊ ဘီလူး၊ ကုမ္ဘဏ္ဍ၊ ဂန္ဓဗ္ဗ၊ နဂါးတို့ဝင္ရောက် အကြီးအငယ် ယောကျ်ားမိန်းမ အမှတ်မရှိတယောက်ယောက်သောသူသည်ဖြစ်မှားလိုသောစိတ်ဖြင့်။ ထိုအာဋာနာဋိယာရက္ခကိုကောင်းစွာယူအပ်သောရဟန်းယောကျ်ား၊ရဟန်းမိန်းမ၊ လူယောကျ်ား၊ ‘လူမိန်းမတို့အနီးဌ “အကယ်၍ သွားအံ့။ ရပ်အံ့။ ထိုင်အံ့၊ လျောင်းအံ့။ ထိုသူသည် ဖြစ်မှားလိုသောစိတ်ဖြင့် သွားလာရပ်နေ အိပ်လျောင်းသော ဘီလူးကုမ္ဘဏ္ဍဂန္ဓဗ္ဗနဂါးနတ်တို့မည်ကုန်ရာ၏။ ထိုဘီလူး၊ကုမ္ဘဏ္ဍ၊ဂန္ဓဗ္ဗ၊နဂါးနတ်တို့သည်နိဂုံးတို့၌အရိုအသေအလေးအမြတ်ပြုခြင်းကို မခံရပြီ။အာဠဝကမန္ဒာမည်သောရာဇဓာနီ၌ နေခြင်းငှါ မရပြီ၊ ဘီလူးနတ်တို့၏ အစည်းအဝေးသို့ မဝင်ရပြီ။ ထိုသူကို ဘီလူး၊ ကုမ္ဘဏ္ဍ၊ဂန္ဓဗ္ဗ၊နဂါးတို့သည် သို့ဖြေးဆောင်ခြင်းသို့ပေးခြင်းတို့ကိုမပြုကုန်ပြီ။ စင်စစ်သော်ကား၊ အရှင်ဘုရား၊ ထိုသူကို၊ ဘီလူး၊ ကုမ္ဘဏ္ဍ၊ ဂန္ဓဗ္ဗ၊ နဂါးတို့သည် ရှစ်ပါးကုန်သော ဆဲရေးခြင်းတို့ဖြင့် ဆဲရေးကုန်ရာ၏။ ထိုရဟန်းယောကျ်ား၊ရဟန်းမိန်းမ၊ ဥပါသကာယောကျ်ား၊ဥပါသိကာမိန်းမတို့အနီးဌ ဘမ်းစားကုန်အံ့ဟု ပြစ်မှားလိုသောစိတ်ဖြင့် သွားလာရပ်နေသောထိုသူ၏ထိပ်က လည်တိုင်အောင်မျှသောသံဒိုးကင်းကို မျောက်၍သံမယ်နဲဖြင့်နှက်ကုန်ရာ၏။ ထိုသူ၏ဦးခေါင်းကိုမှုလည်း ခုနစ်စိတ်ခွဲကုန်ရာ၏။ အရှင်ဘုရား၊ကြမ်းထမ်းကုန်သော။ ပြစ်မှားတတ်ကုန်

သော။ဆိုနိုင်ခက်ကုန်သော။ နတ်မင်းကြီးတို့၏စကားကိုရင်း၊ နတ်မင်း ကြီးတို့၏ ကျွန်ယောက်ျားတို့၏စကားကိုရင်း မယူကုန်သော ဘီလူး၊ ကုမ္ဘဏ်၊ဂန္ဓဗ္ဗ၊နဂါးတို့သည် ဂိုကုန်၏။ ထိုသူတို့ကို နတ်မင်းကြီးတို့၏ ဆန့်ကျင်ဘက်ဘီလူးတို့ဟူ၍ဆိုအပ်ကုန်၏။ဥပမာကား။မဂဓရောဇ်မင်း ကြီး၏ရင်း၊ မဂဓရောဇ်မင်း၏ မင်းချင်း ယဲသောက်ျားတို့၏ရင်း စကားကို မယူကုန်သောခိုးသူတို့ကို။ မဂဓရောဇ်မင်း၏ဆန့်ကျင်ဘက်ဟူ၍ဆိုအပ် သကဲ့သို့တည်း။ အဂ္ဂဉ်ဘုရား၊ အကြင်အမှတ်မဂ္ဂိသော၊ ကြမ်းထမ်းဆို နိုင်ခက်ကုန်သော။ ပြစ်မှားကတ်ကုန်သော ဘီလူး၊ကုမ္ဘဏ်၊ဂန္ဓဗ္ဗ၊နဂါး တို့သည်၊သွားသော၊ရပ်သော၊ထိုင်သော၊ လျောင်းသောရဟန်း၊မိန်းမ၊ ရဟန်းယောက်ျား၊ ဥပါသိကာမိန်းမ၊ဥပါသကာယောက်ျားတို့ကိုဘမ်း စားပြစ်မှားလိုသဖြင့်။ အနီးဦးသွား၍၊ရပ်၍၊အိပ်၍ဘမ်းစားအံ့။ ထိုဘီလူး ကုမ္ဘဏ်စသော သူတို့ကို။ နှစ်ကျိပ်ရှစ်ယောက်ကုန်သော၊ ဇာန္ဒု၊သောမ၊ ဝရုဏအစရှိကုန်သော စစ်သူကြီးတို့အား ဤသူတို့သည်လူကိုဘမ်း၏။ ကိုယ်ခွံဝင်၏။ ညှဉ်းဆဲ၏။ နှိပ်စက်၏။ မလွတ်လိုကုန်။ ထိုသူတို့ကိုလွတ် စေကုန်စွန့်စေကုန်ဟုတိုင်ကြားအပ်၏ဟူ၍။ ဝေဿဝဏနတ်မင်းသည် မြတ်စွာဘုရားအားလျှောက်၍။ မိမိတို့၏ အခြေအရံ၊ ဘီလူး၊ ကုမ္ဘဏ်၊ ဂန္ဓဗ္ဗ၊နဂါးတို့အား။ ဤအာဠဝနာဋိယာရက္ခသည် မြတ်စွာဘုရားသခင်၏တရားအာဏာလည်းဖြစ်ဧစ၊ငါတို့၏အာဏာလည်းဖြစ်စေဟု ကြား ဆို၍။ ဘုန်းတော်အလွန်ကြီးမြတ်တော်မူသောအရှင်ဘုရား၊ အကျွန်ုပ် တို့သည် များသောကိစ္စရှိကုန်၏။များသောပြုဘွယ်ရှိကုန်၏။ယခုအခါ ၌အကျွန်ုပ်တို့သည် သွားပါကုန်အံ့ဟုလျှောက်ကာလ။ နတ်မင်းကြီးတို့၊ ယခုအခါ၌ သင်တို့သည် သွားအံ့သောအခါကို သိစေလကုန်ဟု ဘုရား မိန့်တော်မူသဖြင့်။ အဂ္ဂိသောဘီလူးတို့သည် မြတ်စွာဘုရားကို ရှိခိုး၍၊ လက်ျာရစ်လှည့်၍ ထိုအရပ်၌ ကွယ်လေကုန်၏။ အဂ္ဂိသော ဘီလူးတို့ သည် မြတ်စွာဘုရားသို့လွှတ်သောလက်အုပ်ကိုပြု၍ ကွယ်လေကုန်၍။ အဂ္ဂိသောဘီလူးတို့သည် မြတ်စွာဘုရားအား အမျိုးအမည်ကို ကြား လျှောက်၍ ထိုအရပ်၌ကွယ်လေကုန်၏။အဂ္ဂိသောဘီလူးတို့သည်ဝမ်း မြောက်ဝမ်းသာပြောဟော၍ ထိုအရပ်၌ကွယ်လေကုန်၏။ အဂ္ဂိသော ဘီလူးတို့သည် ဆိတ်ဆိတ်ပင်ကွယ်လေကုန်၏။ "ထိုညဉ့်ဖိုးသောက် သောအခါ၌ မြတ်စွာဘုရားသည် ရဟန်းတို့ကိုခေါ်၍တော်မူ၍။ ဝေဿ

ဝဏ္ဏနဲတ်မင်းကြီး ကြားလျှောက်သည့် အတိုင်း။ အာဠာနာဒိယာရက္ခ သုတ်ကိုရဟန်းတို့အားဘုရားမြတ်စွာဟောတော်မူ၏။ ။

၅၀။ မြတ်စွာဘုရားသည်ရာဇဂြိုဟ်ပြည်၊ဝေဒိယက တောင်၊ဇုန္ဒသာလဂူလိုဏ်၌သီတင်းသုံးနေတော်မူစဉ်သိကြား မင်းအားသင်္ကပဉ္ဇသုတ်ကိုဟောတော်မူသည်ကိုပြရာ။

မြတ်စွာဘုရားသည် ရာဇဂြိုဟ်မြို့၏အရှေ့ မနီးမဝေးသောအရပ်၌။ အမ္မသဏ္ဍာအမည်ရှိသော ပုဏ္ဏားရွာ၏မြောက်၊ ဝေဒိယကတောင်၏အနီး၊ ဇုန္ဒသာလဂူလိုဏ်၌သီတင်းသုံးနေတော်မူသောအခါ သင်္ကပဉ္ဇသုတ်ကို ဟောတော်မူ၏။ ။ဟောတော်မူကြောင်းကား၊ ထိုဇုန္ဒသာလဂူလိုဏ်၌ မြတ်စွာဘုရားနေတော်မူသောအခါ သိကြားမင်းအား ကြိုးစွာသော ကြောင့်ကြခြင်းသည်ဖြစ်၏။ အဘယ်ကြောင့်ဖြစ်သနည်းဟူမူကား။ ထိုအခါ၌ သိကြားမင်း၏အာသက်သည်ကုန်၏။ထိုသို့ကုန်ကြောင်းကိုသိ၍ သေခြင်းဘေးဖြင့်ပြိမ်းသောကြောင့်ဖြစ်သတည်း။ အကြင်နတ်တို့အား သေခြင်း၏ပုဗ္ဗနိမိတ်တို့သည် ထင်ကုန်၏။ထိုနတ်တို့တွင် အနည်းငယ် သောကောင်းမှုကြောင့်နတ်ပြည်၌ဖြစ်ကုန်သောနတ်တို့သည် ထိုနိမိတ် ထင်သောအခါ၌ ယခုအခါ ငါတို့သည် အဘယ်၌ဖြစ်ရကုန်အံ့နည်းဟု ကြောက်ထိတ်လန့်ကုန်၏။ ကုသိုလ်ကောင်းမှု များစွာပြု၍ နတ်ဖြစ်ကုန်သောနတ်တို့သည်ကား။ သေခြင်းနိမိတ်ထင်သော်လည်း ဒိဗိတို့၏ဒါန သီလဘာဝနာကိုအာကြောင်းပြု၍။ ယခုအခါ ငါတို့သည် အထက်နတ် ပြည်၌စည်းစိမ်ချမ်းသာကိုခံစားရလတ္တံ့ဟုသိကုန်၍မကြောက်မထိတ် လန့်ကုန်။ သိကြားမင်းသည် ပုဗ္ဗနိမိတ်တို့ကဲ့ဖြင့်၍ ယူဇနာတဆောင်းရှိ သောနတ်ပြည်။ ယူဇနာတထောင် အစောက်ရှိသော ဇေဇယန္တာပြာသာဒ်။ ယူဇနာငါးရာရှိသောသုဓမ္မာသဘင်။ ယူဇနာသုံးရာရှိသောဝေဇယန္တာရထား။ ယူဇနာဟရာရှည်ဖြင့်သောပင်လယ်ကသစ်ပင်။ ယူဇနာခြောက်ဆယ်ရှိသော ပဏ္ဍုကမ္ဗလာကျောက်ပြာ။ အခွံနှင့်တကွသုံးကုဋေ့ သောနတ်ကဆွေသည်။ နတ်ပြည်နှစ်ထပ်၌နေသောနတ်ပရိသတ်။ နန္ဒဝန် ဥယျာဉ်။ စိတ္တလတာ ဥယျာဉ်။ မိဿက ဥယျာဉ်။ ဖာရုသက ဥယျာဉ်။ ဤအလုံးစုံသောစည်းစိမ်ကိုကြည့်၍။ အချင်းတို့၊ ဤအလုံးစုံသောစည်း

စိမ်သည် ငါ့အား ပျက်ခဲ့ပြီတကားဟု စိုးရိမ်ခြင်းသည်၌ ဖြစ်သဖြင့်။တစုံတယောက်သောရဟန်းသည်ဌင်း။ပုဏ္ဏားသည်ဌင်း။လူတို့၏အဘိုးဖြစ်သောမဟာဖြဟ္မာသည်ဌင်း။ ဤသူအပေါင်းတို့တွင် တစုံတဦးသောသူသည် ငါ၏နှလုံးဥစ္စာဝင်သော သောကတည်းဟူသောငြောင့်ကို ထုတ်၍။ ဤစည်းစိမ်ကို မြဲမြံစွာပြုခြင်းငှါစွမ်းနိုင်သောသူသည် ဂိုဟါအံ့လောဟုကြည့်သေး။ ဘုရားမှတပါး တစုံတယောက်ကိုမမြင်မူ၍။ ဘုရားကို သာလျှင်မြင်သဖြင့်။ဘုရားသို့ကပ်လိုသဖြင့်။ ယခုအခါ၌ မြတ်စွာဘုရားသည်။အဘယ်ရွာ၊အဘယ်နိုဂုံး၊အဘယ်မြို့၊အဘယ်သူ၏ဆွမ်းကိုစား၍ အဘယ်သူအားအမြိုက်တရားကြားပြီးလျှင်နေတော်မူသနည်းဟုကြည့်သေး။ အမ္ဗသဏ္ဍရွာ၏မြောက်၊ ဝေဒိယကတောင်ယံ၊နှံပဲပင်ရောက်ရာလိုဏ်၌ နေတော်မူသည်ကိုမြင်၍။ မြတ်စွာဘုရားသို့ ဆည်းကပ်ဖူးမြင်အံ့သောငှါ၊ တာဝတိံသာ၊စတုမဟာရာဇ်၊ နတ်ပြည်နှစ်ထပ်၌နေသောနတ်တို့ကိုစည်းဝေးစေ၏။ ။

သိကြားသည် နတ်တို့ကို စည်းဝေးစေဘူးသည် မရှိ။ ထိုသို့လျှက်နတ်ပြည်နှစ်ထပ်၌ နတ်အလုံးကိုအဘယ့်ကြောင့်စည်းဝေးလေသနည်းဟု ဆိုသေး။ အဘော်အလိုငှါ စည်းဝေးသတည်း။ အဘယ့်ကြောင့်ကား အဘော်လိုသနည်းပန့်တုံအံ့၊ဧရှ်း၌ မြတ်စွာဘုရားသည် သာဝတ္ထိပြည် ဇေတဝနကျောင်းတော် အရံတွင်း၌။ ထင်းရှူးသားဖြင့် အနာထပိဏ်သူဌေးဆောံဆုပ်သော သရဏာဂါရကုဋိ၌နေတော်မူသောအခါ။ ဤသိကြားမင်းသည် မြတ်စွာဘုရားကိုဖူးမြင်ခြင်းငှါကပ်လာ၏။ မြတ်စွာဘုရားသည် ရှေးဦးစွာ ဤသိကြား၏ဉာဏ်သည် မရင့်သေး။ သုံးလေးရက်လွန်၍ ငါသည် ဇနန္ဒသာလဂူဟာ၌နေသောအခါ။ပုဗ္ဗဒိမတ်ငါးပါးတို့ကို မြင်၍ သေခေါ်မှကြောက်သဖြင့်။ နတ်ပြည် နှစ်ထပ်နတ်တို့နှင့်တကွကပ်လာပြီးမှ။ တဆဲ့လေးပါးသောပြဿနာတို့ကိုမေး၍။ ဥပေက္ခာပြဿနာကို ဖြေသော အဆုံး၌။ ရှစ်သောင်းကုန်သောနတ်တို့နှင့်တကွသောတာပတ္တိဖိုလ်၌ တည်လတ္တံ့.ဟု မြင်တော်မူ၍ ဖူးမြင်ခြင်းငှါခွင့်မပြုဘဲ ဖလသမာပတ်ဖြင့်နေတော်မူ၏။ ထို့ကြောင့် သိကြားပြန်ရ၏။ ထိုသိကြားသည် ရှေး၌ ဇေါတ်ယောက်တည်းသွားချေသောကြောင့် မြတ်စွာဘုရားသည် ငါ့အားဖူးမြင်ခြင်းငှါ ခွင့်မပေး။ စင်စစ် ငါ့အား မင်္ဂိုလ်၏ဥပနိဿယသည် မရှိအံ့။ ဤနတ်ပြည်နှစ်ထပ်၌ နေကုန်သော နတ်

အပေါင်းတို့တွင်၊တယောက်ယောက်အား မဂ်ဖိုလ်၏ ဥပနိဿယတို့သည်ဖြစ်လတ္တံ့။ထိုသူကိုရည်၍မြတ်စွာဘုရားသည်တရားဟောလတ္တံ့။ ဤအခါ တရားကိုငါလည်းနာရ၍ မိမိ၏နှလုံးမသာခြင်းကိုငြိမ်းစေအံ့ဟု ကြံ၍အဘေဝင်လိုသတည်း။ ။

ထိုနှတ်အပေါင်းတို့သည် ကောင်းပြီအရှင်သိကြားမင်း၊ဘုရားကိုငါတို့ဖူးမြင်ကုန်အံ့၊ ဘုရားဖြစ်သောအခါကိုအလွန်ရခဲ၏" အရှင်သိကြားမင်းသည် ငါတို့အား တောတောင်ရေမြေသို့ကစားအံ့သောဌါ သွားစို့ဟုမခေါ်မူ၍။ ဤသို့သောအရာ၌ယှဉ်ခြင်းကား ကောင်း၏ဟု ဝန်ခံကုန်၏ထို့နောင်မှပဉ္စသိခနတ်သားကိုလည်း အသိုးထုတ်၍ခေါ်ပြန်၏။ ။ ဤပဉ္စသိခနတ်သားကို အဘယ့်ကြောင့် အသိုးခေါ်ပြန်သနည်း" ဟူမူကား။ သိကြားမင်းအား ဤသို့အကြံသည်ဖြစ်၏။ ငါသည် နှတ်ပြည့်နှစ်ထပ်၌ နှတ်တို့ကိုယူ၍ အဦးဖြင့်မြတ်စွာဘုရားသို့ကပ်အံ့သောဌါ မသင့်။ ပဉ္စသိခနတ်သားသည် မြတ်စွာဘုရားနှင့်အလွန်အကျမဲဝင်၏၊ အလိုရှိတိုင်းမြတ်စွာဘုရားသို့ကပ်၍ ပြဿနာမေး၏၊ ဤပဉ္စသိခံကို ရှေးဦးစွာကြည်ညိုစေ၍၊ အစွင့်ပြုစေ၍။ ငါသည် နောက်မှအလိုရှိတိုင်း မြတ်စွာဘုရားသို့ကပ်ပြီးလျှင် ပြဿနာမေးအံ့ဟုကြံ၍။ ခွင့်တောင်းစိမ့်သောဌါ ပဉ္စသိခကို အသိုးထုတ်၍ခေါ်ပြန်သတည်း၊ ပဉ္စသိခလည်း ထိုနှတ်တို့ကဲ့သို့ ကောင်းပြီဟုသိကြားမင်းအားဝန်ခံပြီးလျှင်။ဇလုဝပဏ္ဏုစောင်းကိုလွယ်၍ သိကြားမင်း၏အထံသို့ကပ်လေ၏။ ပဉ္စသိခနတ်သား၏ ဇလုဝပဏ္ဏုစောင်းသည်၊ စောင်းခွက်ကားရွှေဖြင့်ပြီး၏။ စောင်းကောက်သည် ပတ္တမြားညှိဖြင့်ပြီး၏။ စောင်းညှိသည် ရွှေဖြင့်ပြီး၏။ တန်ဆာတို့သည် သန္ဓာဖြင့်ပြီးကုန်၏။ စောင်းခွက်အဦးသည် တဂါဝုတ်ရှိ၏။ ညှိုချည်ရာအရပ်သည် တဂါဝုတ်ရှိ၏။စောင်းကောံသည် တဂါဝုတ်ရှိ၏။ ဤသုံးဂါဝုတ်ရှိသော ဥဿစ်သီးမှည့်ကဲ့သို့ ဖြောင့်ဝောင့်သော အဆင်းရှိသောစောင်းကိုယူ၍၊ အမျှငါးဆယ်ကုန်သော ညှိုတို့ကို စည်းပြီးလျှင်။ လက်သည်းဖျားဖြင့် အလျော့အတင်းညှိ၍ သာယာစွာသော အသံကိုထွက်စေလျက်။ နှတ်အပေါင်းတို့အား သိကြားမင်း သွားအံ့သောအခါကိုသိစေလျက် အနီးဒွိရပ်၏။ ပဉ္စသိခ၏စောင်းသံကို ကြားသဖြင့် နှတ်အပေါင်းတို့သည် စည်းဝေး လာပြီးသည် ရှိသော်။ သိကြားမင်းသည် ပဉ္စသိခကို ရှေ့ဆောင်ပြုလျက်။ဥပမာကဿား။ အားရှိစွာသောယောက်ျား

သည် ဆွေ၍ထားသောလက်ကို ဆန့်လိုက်ဘိသကဲ့သို့ နတ်အပေါင်းတို့နှင့်တကွ တာဝတိံသာ၌ကွယ်ခဲ့၍။ မဂဓရောဇ်တိုင်း၊ ရာဇဂြိုဟ်ပြည်၏ အနှေ့၊ အမ္ဗသဏ္ဍာပုဏ္ဏားရွာ၏မြောက်၊ ဝေဒိယကတောင် ထက်ဝန်းကျင်အရပ်၌ ထင်ရှားဖြစ်လှာ၏။ တပါးသောနေ့တို့၌ကား တယောက် တည်းသောနတ်၏ဂုဏ်း၊မာရ်၏ဂုဏ်း၊ဗြဟ္မာ၏ဂုဏ်း အဝတ်တန်ဆာကိုယ် ရောင်ကိုယ်ဝါတို့ကြောင့် အလင်းသည်ဖြစ်၏။ ထိုနေ့၌ကား နတ်ပြည် နှစ်ထပ်၌ နေသော မဇ္ဈိမတွင်းနိုင်သော နတ်အပေါင်းတို့၏ အဝတ် တန်ဆာ ကိုယ်ရောင်ကိုယ်ဝါတို့ဖြင့် နေအထောင် လအထောင်ထွက် သကဲ့သို့ အလွန်ထွန်းလင်းသော အရောင်သည် ထိုတောင် ထက်ဝန်း ကျင်၌ ဖြစ်၏။ အမ္ဗသဏ္ဍာပုဏ္ဏားရွာသည်လည်း အလင်းသည် ဖြစ်၏။ တပါးသော အံ့ခါ၌ ညဉ့်သုံးယံတွင် ညဦးယံလွန်၍ သန်ခေါင်ယံ၌သော သိကြား အစရှိသောနတ်တို့သည် ဘုရားသို့ ကပ်လာကုန်၏။ ထိုနေ့၌ ကား သိကြားမင်းအား သေဘေးဖြင့် ကြောက်ထိတ်လန့်ခြင်းအားကြီး သည်ဖြစ်၍ လူတို့ညစာစားပြီးသော်၊ ရွာ၏အလယ်၌ သူငယ်တို့ကစား သောအခါ၊ ဦးစွာဖြစ်သော ညဦးယံအတို့၌ သိကြားတို့လာလေသော ကြောင့်။တောင်ထက်ဝန်းကျင်ရွာတို့၌လူတို့မြင်ကုန်၍ ဤသို့ဆိုကြကုန် ၏။ယခုနေ့ အဘယ့်ကြောင့်ဝေဒိယကတောင်သည် ပြောင်ပြောင်တောံ သည်ဖြစ်ဘိသနည်း။ ယခုနေ့ အဘယ့်ကြောင့် ဝေဒိယကတောင်သည် အလျှံထွက်ဘိသနည်း။ ယခုနေ့အဘယ့်ကြောင့် ဝေဒိယကတောင်သည် ညဉ့်ကိုပင် နေ့ကဲ့သို့အလင်းဖြစ်ဘိသံနည်း။ အမ္ဗသဏ္ဍာပုဏ္ဏားရွာသည် လည်း အဘယ့်ကြောင့် အလင်းဖြစ်ဘိသနည်းဟုဆိုကုန်လျက်။ ထိတ် လန့်ကြောက်ရွံ့ ကြက်သီးမွေးညင်းထသံသည်ဖြစ်ကုန်လျက်။ အချင်းတို့၊ ယခုနေ့ တန်းခိုးကြီးသော နတ်သည်ရင်း၊ တန်းခိုးကြီးသောဗြဟ္မာသည် ရင်း။ မြတ်စွာဘုရားကို မြှဲသနာ မေးအံ့သောငှါ၊ တရားနာအံ့သောငှါ ကပ်လာသည် ထင်၏။ အဘယ်သို့လျှင် မြတ်စွာဘုရားသည် ပြဿနာ ဖြေနိုင်မှုလိမ့်နည်း။ အဘယ်သို့လျှင် တရား ဟောနိုင်မှုလိမ့်နည်း။ အချင်းတို့၊ ဤသို့ တန်းခိုးကြီးသော နတ်ဗြဟ္မာတို့၏ ယုံမှားသင်္ကာကို ဖျောက်တတ်သောမြတ်စွာဘုရားသည် အကြင်ဂုဏ်တို့၏အနှိုးဖြင့်သော ကျေးဇူး ရှိနိုင်တော်မူ၏။ ထိုမြတ်စွာဘုရားအား အကြင် ငါတို့သည် တစွက် တယောက်မမျှသော ဆွမ်းကို လှူခြင်းဌာန၏။ ထိုငါတို့သည်

ရတော်စွတကားဟု ဆိုကုန်လျက်။ ရှင်သော အမွေးရှိကုန်သည်ဖြစ်၍ ဆယ်ခုသောလက်သည်းတို့ဖြင့် တောက်ပသော လက်အုပ်ကို ထိပ်၌ တင်၍ရှိခိုးကုန်လျက်ရပဲကုန်၏။ ။

ထိုအခါ သိကြားမင်းသည် ပဉ္စသိခနတ်သားစောင်းသွားကို ခေါ်၍ ဆို၏။ အချင်းပဉ္စသိခ၊ ငါသည် မြတ်စွာဘုရားသို့ မကပ်ဘည့်ဝံ့သေး။ မြတ်စွာဘုရားတို့သည် ဈာန်ဝင်စားလေ့ရှိကုန်၏။ ဈာန်၌မွေ့လျော်ကုန်၏။ ထိုဈာန်ဝင်စားသောအခြားမဲ့၌ ကိန်းအောင်းတတ်ကုန်၏။ အချင်းပဉ္စသိခ၊စင်စစ်ကား သင်သည် ရှေးဦးစွာမြတ်စွာဘုရားကိုနှစ်သက်စေရာ၏။သင်သည်ရှေးဦးစွာနှစ်သက်ပါစေ။နောက်မှ ငါသည် ထိုမြတ်စွာဘုရားကိုဖူးမြင်ခြင်းဌာနကပ်လာပါအုံဟူ၍ဆို၏။ ပဉ္စသိခနတ်သားသည် ကောင်းပြီဟုသိကြားမင်း၏စကားကိုဝန်ခံ၍။ လက်ျာပခုံးဌိလွယ်၍ယူခဲ့သောဗေလုဝပဏ္ဏာစောင်းကိုတီးအုံသောအစီအရင်ဖြင့် လင်းဝဲလက်မှ ပိုက်ယူ၍ နှုံပဲပင် ရောက်ရာ လိုက်သို့ ကပ်ပြီးလျှင်။ မြတ်စွာဘုရားနှင့် နီးလည်း မနီးလွန်း။ဝေးလည်း မဝေးလွန်း။စောင်းသံကို မြတ်စွာဘုရားကြားကောင်းသော အရပ်၌ နေ၍။ ပဉ္စသိခနတ်သားသည်။ ။ဗုဒ္ဓံ။။ ပသဋ္ဌိတာ။ ဓမ္မံ။။ပသဋ္ဌိတာ။ သံဃံ။ပသဋ္ဌိတာ။ အရဟန္တံ။။ပသဋ္ဌိတာ။ ကာမံ။ပသဋ္ဌိတာ။ ။ဤစောင်းချင်းအခံဂါထာမှစ၍ စောင်းချင်းတဆဲ့လေးဂါထာကို နှုတ်ကသိသည့်အသံနှင့် လက်ကတီးသည့် စောင်းသံ၊ လိုက်ညီအောင် စောင်းကိုတီး၍ မြတ်စွာဘုရားအား ကြားစေ၏။ ။ စောင်းချင်းအခံဂါထာ၌ အနက်ကား။ ။ဗုဒ္ဓံ။။ပသဋ္ဌိတာ၊ဘုရားကိုမှီ၍ ဖြစ်၏။ ဓမ္မံ။။ပသဋ္ဌိတာ၊တရားကိုမှီ၍ဖြစ်၏။ သံဃံ။ပသဋ္ဌိတာ၊သဃ်ာကို မှီ၍ဖြစ်၏။ အရဟန္တံ။။ပသဋ္ဌိတာ၊ ရဟန္တာကိုမှီ၍ဖြစ်၏။ ကာမံ။ပသဋ္ဌိတာ၊ကာမဂုဏ်ကိုမှီ၍ဖြစ်၏။ ။ဤကားအခံဂါထာအနက်တည်း။ ။ စောင်းချင်းဂါထာတို့ကား။ ။

(၁) ဝန္ဒေတေပိတရံဘဒ္ဒေ၊တိမ္ဗရုံ သူရိယဝစ္ဆသေ။ယေန ဇာတာသိ ကလျာဏိ၊အာနန္ဒဇနနီ မမ။ ။ဘဒ္ဒေ၊ကောင်းသောအမြင်ရှိသော။ သူရိယဝစ္ဆသေ၊ နေဟူသောနေအရောင်နှင့်တူသော ကိုယ်ရောင်ရှိသောနတ်သမီး။ ယေန၊ အကြင်တိမ္ဗရုနတ်မင်းကြောင့်။ မမ၊ငါ့အား။ အာနန္ဒဇနနီ၊ နှစ်သက်ဝမ်းမြောက်ခြင်းကိုပွါးစေတတ်သော။ ကလျာဏိ၊ ခပ်သိမ်းသောအင်္ဂါကြီးငယ်၏တင့်တယ်ခြင်းရှိသောသင်နတ်သမီးသည်။

ဓာတာ၊ဖြစ်သည်။ အာသိ၊ဖြစ်၏။ တေ၊သင်၏။ ဒိတရုံ၊ အဘာဖြစ်သော။ တံတိမ္မဓုံ၊ထိုတိမ္မဓုနတ်မင်းကို။အဟံ၊သည်။ဝန္ဒေ၊ဂိုဒိုးပါ၏။ ။

(၂) ဝါတော ဝ သေဒတံ ကန္တော၊ပါနီယံဝ ဒိပါသတော။အဂိရ သိဒိယာ မေသိ၊ဓမ္မော အရဟာတာဒိဝ။ ။သေဒတံ၊ချွေးယိုကုန်သော သူတို့သည်။ ဝါတော၊လေကို။ ကန္တောဇ္ဈဝ၊ချစ်အပ်သကဲ့သို့။ ဒိပါသ တော၊ရေမွှတ်သောသူသည်။ ပါနီယံ၊ရေကို။ ကန္တောဇ္ဈဝ၊ချစ်အပ်သ ကဲ့သို့။ အရဟာတာ၊ရဟန္တာတို့သည်။ ဓမ္မော၊လောကုတ္တရာတရားကို။ ကန္တောဇ္ဈဝ၊ချစ်အပ်သကဲ့သို့။ အဂိရသိ၊ကိုယ်မှအရောင် ပြောင်ပြောင် ထွက်သောနတ်သမီး။ မောဒါသည်။ တံ၊သင့်ကို။ ဝိယာ၊ချစ်အပ်သည်။ အာသိ၊ဖြစ်၏။ ။

(၃) အာတုရသော ဘေသဇ္ဇံ၊ဘောဇနံဝ ဇီဃသ္သတော။ပရိနိဗ္ဗာ ပယ မံ ဘဒ္ဒေ၊ဓလန္တ ဒိဝ ဝါရိနာ။ ။ဘေသဇ္ဇ၊ ဆေးသည်။ အာတု ရသ၊ ကျင်နာ ခြင်းကို။ နိဗ္ဗာပယိ ဇ္ဈဝ၊ ငြိမ်းစေသကဲ့သို့။ ဘောဇနံ၊ ထမင်းသည်။ ဇီဃသ္သတော၊မွတ်သိပ်ဆာလောင်ခြင်းကို။ နိဗ္ဗာပယိဇ္ဈဝ၊ ငြိမ်းစေသကဲ့သို့။ ဝါရိနာ၊ရေသည်။ ဓလန္တံ၊အလျှံပြောင်ပြောင်လောင် သော တောမီးကို။ နိဗ္ဗာပယိဇ္ဈဝ၊ ငြိမ်းစေသကဲ့သို့။ ဘဒ္ဒေ၊ ကောင်း သော အမြင်ရှိသောနတ်သမီး။ တယာ၊ရှင်မကြောင့်။ ဥပ္ပန္နံ၊ဖြစ်သော။ ပရိဠာဟံ၊ရာဂတည်းဟူသောဂူပန်ခြင်းရှိသော။ မံ၊ငါ့ကို။ ပရိနိဗ္ဗာပယ၊ ငြိမ်းပါစေလော့။ ။

(၄) သိတောဒကံ ပေါက္ခရဏိ၊ယုတ္တံ ကိဉ္စက္ခရေဏုနာ။နာဂေါ ဃမ္မာဘိတတ္တောဝ၊ဩဂဟေ တေ ထနုဒ္ဒရံ။ ။ဘဒ္ဒေ၊ ကောင်းသော အမြင်ရှိသောနတ်သမီး။ ဃမ္မာဘိတတ္တော်၊ နွေလအခါ နေပူဖြင့်နှိပ်စက် သော။ နာဂေါ၊ဆင်ဖြောင်သည်။ ကိဉ္စက္ခရေဏုနာ၊ပဒုမာကြာ၏ဝတ် ဆံမှုံနှင့်။ ယုတ္တံ၊ ယှဉ်ထသော။ သိတောဒကံ၊ ချမ်းသော ရေရှိသော။ ပေါက္ခရဏိ၊ရေကန်သို့။ ဩဂါဟေတွာန၊သက်၍။ ဩကမော၊နှာဖျား သာပေါ်ရုံငုပ်လျက်။ သုခံ၊သာယာခြင်းကို။ ဝိန္ဒတိဇ္ဈဝ၊ရသကဲ့သို့။ ဇဝံ၊ ထို့အတူ။တေ၊သင်နှမ၏။ထနုဒ္ဒရံ၊သားမြတ်ကြားသို့။ဩဂါဟေ၊သက်၍။ သုခံ၊သာယာခြင်းကို။ဝိန္ဒာမိ၊ရပါလို၏။ ။

(၅) အစ္ဆကိ်သော၀ နာဂေါ၀၊ဇီတံ မေတုတ္တတော်မရံ။ကာရဏံ နုပဇာနာမိ၊ သမ္မတ္တော လက္ခဏ္ဏရုယာ။ ။ဘဒ္ဒေ၊ ဘဒ္ဒါမည်သော နှမ။

အစ္စကိုသော၊ ဒေးပြားအားဖြင့်ယိုသောမုန်ဖြင့်ယစ်သော။ နာဂေါ်ဆင်ပြောင်သည်။ မေ၊ငါသည်။ တုတ္တတောမရံ၊ နားရင်းခွထိုးသောသံဆူးခက်ရင်းကို၊ ဖိတံ၊အောင်အပ်ပြီ။ ဣတိ၊ဤသို့။ နဇာနာတိဣဝ၊မသိသကဲ့သို့။ ဇဝံ၊ဤအတူ။ ဘဂိနိ၊နှမ။ တဝ၊သင်၏။ လက္ခဏာရုယာ၊လက္ခဏာနှင့်ပြည့်စုံသောပေါင်ကြောင့်။ သမ္မတ္တော၊ စာပ်သောစိတ်ဖြင့် ပြင်းစွာယစ်သည်ဖြစ်၍။ ကာရဏံ၊ တပ်ခြင်းမှကင်းအံ့သောအကြောင်းကို။ နပ္ပဇာနာမိ၊မသိ။ ။

(၄) တယိ ဂေဓိတစိတ္တော သို့၊ စိတ်ကံ ဝိပရိဏာမိတံ။ ပဒိဂန်း၊ နသင်္ကောမိ၊ဝက်ဃတ္တောဝ အမ္ဘုဇော။ ။ဘဒ္ဒေ၊ ကောင်းသောမျက်နှာရှိသောနှမ။ တယိ၊သင်နှမ၌။ အဟံ၊သည်။ဂေဓိတစိတ္တော၊တပ်သောစိတ်ရှိသည်။ အသို့၊ဖြစ်၏။ မေ၊ငါ၏။ စိတ်၊စိတ်သည်၊ ဝိပရိဏာမိတံ၊ ဘောက်ပြန်ခဲ့ပြီ။ ဝက်ဃတ္တောဝ၊ငါးများချိတ်ခွမိသော။ အမ္ဘုဇော၀၊ငါးကဲ့သို့။ ပဒိဂန်း၊ နောက်သို့တဘန် ပြန်နစ်အံ့သောငှ်။ နသင်္ကောမိ၊ငါမတတ်နိုင်ပြီ။ ။

(၇) ဝါမုရူ သဇ မံ ဘဒ္ဒေ၊သဇမံမန္ဒလောစနေ။ပရိသဇမံကလျာဏိ၊ဧတံ မေ အာဘိပတ္ထိတံ။ ။ဝါမုရူ၊ လက်ဝဲဘက်ခွတည်သောပေါင်ရှိသော။ ဘဒ္ဒေ၊နှမ။ မံ၊ငါ့ကို။ သဇ၊လည်ဘက်ပါလော့။ မန္ဒလောစနေ၊ မျက်မှောင်မချိုလွန်းသဖြင့် ကြည့်တတ်သောနှမ။ မံ၊ငါ့ကို။ သဇ၊လည်ဘက်ပါလော့။ ကလျာဏိ၊ ခပ်သိမ်းသောအင်္ဂါလက္ခဏာကြီးငယ်ဖြင့် တင့်တယ်သောနှမ။ မံ၊ငါ့ကို။ ပရိသဇ၊တကိုယ်လုံးကို ဘက်ပါလော့။ မေ၊ငါသည်။ ဧတံ၊ ဤသို့တကိုယ်လုံးကို ဘက်ခြင်းကို။ အာဘိပတ္ထိတံ၊ အလွန်တောင့်တခဲ့ပြီ။ ။

(၈) အပ္ပကော ဝတ မေသင်္ကော၊ကာမေ ဝေလ္လိတကေသိယာ။ အနေကဘဝေါ သမပါဒိ၊ အရဟန်္တေ၀ ဒက္ခိဏာ။ ။ဘဒ္ဒေ၊ကောင်းသောအမြင်ရှိသောနှမ။ ဝတ၊စင်စစ်။ မေ၊ငါ၏။ ကာမေ၊ကာမဂုဏ်၌ အလိုသည်။ အပ္ပကော၊နည်းသည်။သင်္ကော၊ဖြစ်ပါလျက်။ ဝေလ္လိတကေသိယာ၊ နောက်သို့ဖြေချတ်လွတ်သောအခါ ဖြေကဲ့သို့လွန်၍သွားသောဆံရှိသောနှမကြောင့်။ အရဟန်္တေ၊ ရဟန္တာ၌။ ဒက္ခိဏာဇ္ဈ၀၊ အလှူ၏အကျိုးကဲ့သို့။အနေကဘဝေါ၊တပါးမကများသောဘ၀သည်။သမပါဒိ၊ ဖြစ်ခဲ့ပြီ။ ။

(၉) ယံ ဖေ အတ္ထိ ကတံ ပုညံ၊အရဟန္တေသု တာဒိသု။ တံ ဖေ သဗ္ဗဂ်ကလျာဏိ၊တယာ သဒ္ဓိံ ဝိပစ္စတံ။ ။သဗ္ဗဂ်ကလျာဏိ၊ခင်သိမ်း သော ဂကောင်းခြင်းအဂ်ါနှင့်ပြည့်စုံသောနှမ။ တာဒိသု၊ သည်းခံခြင်း၌ ကုန်သော။ အရဟန္တေသု၊ ရဟန္တာတို့၌။ ဖေ၊ငါသည်။ ကတံ၊ ပြုအပ်သော။ယံပုညံ၊အကြင်ကောင်းမှုသည်။အတ္ထိ၊ရှိ၏။ တံပုညံ၊ထိုကောင်းမှုသည်။ ဖေ၊ငါ့အား။တယာ၊သင်နှမနှင့်။သဒ္ဓိံ၊တကွ။ ဝိပစ္စတံ၊အကျိုးပေးပါစေသတည်း။ ။

(၁၀) ယံ ဖေ အတ္ထိ ကတံ ပုညံ၊အာသဝိံ ပထဝိမဏ္ဍလေ။ တံ ဖေ သဗ္ဗဂ်ကလျာဏိ၊တယာ သဒ္ဓိ ဝိပစ္စတံ။ ။သဗ္ဗဂ်ကလျာဏိ၊ခပ်သိမ်း သော ကောင်းခြင်းအဂ်ါနှင့် ပြည့်စုံသော နှမ။ အာသဝိံ ပထဝိမဏ္ဍလေ၊ ဤဖြေအပြင်၌။ ဖေ၊ငါသည်။ ကတံ၊သော။ယံပုညံ၊သည်။အတ္ထိ၊ရှိ၏။ တံ ပုညံ၊သည်။ဖေ၊ငါ့အား။တယာ၊နှင့်။သဒ္ဓိံ၊တကွ။ ဝိပစ္စတံ၊အကျိုးပေးပါစေသတည်း။ ။

(၁၁) သကျပုတ္တောဝ စျာနေန၊ဇကောဒိနုပဇ်ကော သတော။အမတံ မုနိ ဇိဂိသာနော၊ တမဟံ သုဂိယဝစ္ဆသေ။ ။သုဂိယဝစ္ဆသေ၊နေလုလင်ရှိရောင်မျှင်ကဲ့သို့ခြေဖျားမှသည်ဆံလျှဉ်ထိအောင်ပြောင်ပြောင် တောက်သော ကိုယ်ရောင်ရှိသောကြောင့် သုဂိယဝစ္ဆသာမည်သော နှမ။ စျာနေန၊စျာန်အားဖြင့်။ဇကောဒိ၊တာယာက်တည်းအဖြစ်သို့ရောက် သော။ အနုပဇ်ကော၊ရင့်ပြီးသောပညာရှိသော။ သတော၊သတိနှင့်ပြည့် စုံသော။ သကျပုတ္တော၊ သာကီဝင်မင်းရှိ သားဖြစ်သော။ မုနိ၊ ဘုရား သည်။ အမတံ၊နိဗ္ဗာန်ကို။ ဇိဂိသာနော၌ဝ၊တောင့်တသကဲ့သို့။ အဟံ၊ ငါသည်။တံ၊သင်နှမကို၊ဇိဂိသာမိ၊တောင့်တရှိ။ ။

(၁၂) ယထာပိ မုနိ နန္ဒေယျ၊ပတ္တော သမ္ဘောဓိမုတ္တမံ။ဧဝံ နန္ဒေယျိကလျာဏိ၊ဓိသီဘာဝံ ဂဆတော တထာ။ ။ကလျာဏိ၊ ဂကောင်းခြင်း ငါးပါးရှိသောနှမ။ မုနိ၊ သကျဝင်မင်းသား ဘုရားသည်။ ဥတ္တမံ၊ မြတ်ဂသော။ သဘောဓိံ၊ သစ္စာဂလေးပါးကိုသိသော ဘုရားအဖြစ်သို့။ ပတ္တော၊ ရောက်၍။ နန္ဒေယျ၊ယထာ၊နှစ်လိုသောယာသကဲ့သို့။ ဧဝံတထာ၊ထို့အတူ။ အဟံ၊ငါသည်။ တယာ၊သင်နှမနှင့်။ ဓိသီဘာဝံ၊ရောက်သောအဖြစ် သို့။ဂဆတော၊ရောက်၍။နန္ဒေယျံ၊နှစ်သက်ရာ၏။ ။

(၁၃) သင်္ကော ဓေ ဂဓ ဝံ၏ ဒဇ္ဇော၊တာဝဝတိ သနဒိသရော။တာ

ဟံ ဘန္ဒေ ဝဇရေယျာမိ၊ ဇံ ကာမော ဒဇ္ဇော မမ။ ။ဘန္ဒေါဘဒ္ဒါမည် သောနှမ။ သင်္ကော၊ သိကြားမင်းသည်။ မေ၊ငါ့အား။ ပစ္စုသိခ၊ ပစ္စုသ်ခ နတ်သား။ တယာ၊သင်သည်။တာဝတိ်သာနံ၊တာဝတိ်သာနတ်တို့ကို။ ဇာသေ၊ အစိုးရသော သိကြားမင်း၏ အဖြစ်ကိုမူလည်း။ ဂဏ္ဍသေ၊ ယူအပ်မည်လော။ သူရိယဝစ္ဆသံဝါ၊ သူရိယဝစ္ဆသာကဲ့မူလည်း။ ဂဏ္ဍသေ၊ယူအပ်မည်လော။ ဇာတိ၊ဤသို့။ ဝရံ၊ဆုကို။ စေဒဇ္ဇော၊ အကယ်၍ ပေးပါမူကား။ ဘန္ဒေ၊ကောင်းသောအမြင်ရှိသောနှမ။ အဟံ၊ ငါသည်။ တံ၊သင်နှမကို။ ဝရေယျာမိ၊တောင်းတပါ၏။ ဇံ၊ဤသို့။ မမ၊ငါ၏။ ကာမော၊အလိုသည်။ဒဇ္ဇော၊မြို့၏။ ။

(၁၄) ယာလံဝ နစိရံ ဗုလ္လံ၊ဒိတရံ တေ သုမေဓသေ။ဝန္ဒမာနော နမသ္သာမိ၊ယသဿေသတ္တာဒိသိ ပဇာ။ ။သုမေဓသေ၊ ကောင်းသော ပညာရှိသောနှမ။ ယဿ၊ အကြင်တိမ္မရုမည်သော ဥဒ္ဓနဇ္ဇုနတ်မင်းအား။ ဇေတာဒိသိ၊ ထိုငါချစ်မြတ်နိုးအပ်သောသဘောရှိသော။ပဇာ၊သို့သည်။ အသိ၊ဖြစ်၏။ နစိရံ၊မကြာမြင့်မီ။ ဗုလ္လံ၊ပင်လုံးကျွတ်ပွင့်သော။ သာလံဝ၊ အင်ကြင်း ပင်ကဲ့သို့။ သောဘဏံ၊ တင့်တယ်သော။ တေ၊ သင်နှမ၏။ ဒိတရံ၊အဘဖြစ်သောတိမ္မရုနတ်မင်းကို။ ဝန္ဒမာနော၊ရှိခိုးသောငါသည်။ နမဿာမိ၊ ရှိခိုးပါ၏။ ။ဤဆိုအပ်ပြီးသည်သာလျှင် ပစ္စုသိခနတ်သား သည် မြတ်စွာဘုရားကို စောင်းသံဖြင့်ကြားလျှောက်သော စောင်းချင်း ဂါထာ၏အနက်တည်း။ ။

ဤသို့ပစ္စုသိခစောင်းသံဖြင့် လျှောက်သောမြတ်စွာဘုရားသည် ပစ္စုသိခကို ဤသို့မိန့်တော်မူ၏။ ပစ္စုသိခ၊သင်၏စောင်းညှိသံသည် သိမ်ချင်းသံကို မလွန်။ သိမ်ချင်းသံသည် စောင်းသံကို မလွန်။ ပစ္စုသိခ၊ အဘယ်အခါ၌ သင်သည် ဤစောင်းချင်း ဂါထာတို့ကို ဘွဲ့အပ်ကုန်သနည်းဟု မေးတော်မူသော်။ ရှင်ပင်ဘုရား၊ ရှင်ပင်ဘုရားသည် တပါးသောအခါ ဥရုဝေလတော ခေနရဇ္ဇရာမြစ်နားဌာန၊ အဇပါလညောင်ပင်ရင်းဝယ် ခပ်သိမ်းသောသူတို့၏ ဂုဏ်ဦးစွာ သစ္စာလေးပါး တရားကို သိသည်ဖြစ်၍ ရှစ်ခုမြောက်ဖြစ်သောသတ္တာဟဌာနတော်မူ၏။ ထိုအခါ တိမ္မရုအမည် ရှိသောဂန္ဓဗ္ဗနတ်မင်း၏သို့ ဖြစ်သော ငယ်မည်အားဖြင့် ဘဒ္ဒါအမည်ရှိသောသူရိယဝစ္ဆသာကဲ့ အကျွန်ုပ်သည့်အလွန်အလိုရှိ၏။ရှင်ပင်ဘုရား၊ ထိုဘဒ္ဒါအမည်ရှိသော နှမသည်မူကား။ ရဲထားထိန်း မာတလိနတ်မင်း

ဏ်သားသည် သိခဏ္ဍီအမည်ရှိ၏။ ထိုသိခဏ္ဍီနတ်သားကို ချစ်မြတ်နိုး၏။ အကြင်အခါမှ အကျွန်ုပ်သည် တစုံတရာသောအကြောင်းကြောင့် သူ၏ယဝန္တသာကိုမရသေး။ထိုအခါ၌ အကျွန်ုပ်သည်အကြင်အရပ်၌တိမ္ဗရုနတ်မင်းကြီးအိမ်သည် ရှိ၏။ ထိုအိမ်သို့ကပ်၍ ဗေလုဝပဏ္ဏာရောင်းကုတီး၍ရောင်းသံကိုတိမ္ဗရုနတ်မင်းအားကြားစေ၏။ ဤရောင်းချင်းတဆဲ့လေးဂါထာကို ဘွဲ့၍သည်း ရောင်းချင်းကို ကြားစေ၏။ ဤသို့ကြားစေသည်ရှိသော်။ ရှင်ပဉ္စဘုရား၊သူ၏ယဝန္တသာသည် အကျွန်ုပ်ကဤသို့ဆို၏။ ငါကဲ့သို့ ဆင်းရဲကင်းသော နတ်သား၊ မြတ်စွာဘုရားကို အကျွန်ုပ်သည် မျက်မှောက်၌ မမြင်စဘူးပါ။ စင်စစ်သော်ကား။ တာဝတိံသာနတ်တို့၏သုဓမ္မာသဘင်၌ ကသော အကျွန်ုပ်သည် ထိုမြတ်စွာဘုရားကို ကြားဘူးရံမျှသာ။ အမောင်ပဉ္စသိခ၊အကြင်ကြောင့် သင်သည် ထိုမြတ်စွာဘုရားကိုကြားသိစေဘိ၏။ ထို့ကြောင့် ယခုအခါ၌ သင့်အား ငါနှင့်ပေါင်းဘော်ရခြင်းသည် ဖြစ်စေတော့ဟု ဆို၏။ ဘုန်းတော်ကြီးသော ရှင်ပဉ္စဘုရား၊အကြင်အခါ၌ အကျွန်ုပ်အားထိုနှမနတ်သို့နှင့်ထိုသို့ပေါင်းဘော်ရခြင်းသည်ဖြစ်၏။ထိုမှနောက်၌ကား အကျွန်ုပ်သည်ပေါင်းဆုံရခြင်းမရှိပါဘိဘုရား၌လျောက်၏။ ။(အဘယ့်ကြောင့်မြတ်စွာဘုရားသည်။ ပဉ္စသိခ၊သင်၏စောင်းသံသည် သိုချင်းသံနှင့်နှိုးနှောင်၏။ ဤသို့စသည်ဖြင့် ဘိုးမွမ်းတော်မူတိုသနည်း။ မြတ်စွာဘုရားအား ထိုသိုချင်းသံစောင်းသံ၌ စာပ်ခြင်းသည်ရှိသလောဟူ၍ဘွားအံ့၊မရှိ။ ဤသို့သောအရာတို့၌ မြတ်စွာဘုရားသည် ဆဋ္ဌဂိုဏ်ပေကျွာဖြင့်ရှုတော်မူ၏။ စင်စစ်သော်ကား။ ကောင်းသောအာရုံ မကောင်းသောအာရုံကိုသိတော်မူ၏၊ ထိုအာရုံတို့၌ မတပ်။ အကယ်၍ကားမြတ်စွာဘုရားသည်ပဉ္စသိခ၏စောင်းသိုချင်း၏ကျေးဇူးကိုမဘို့ မွမ်းမဆိုပါအံ့။ပဉ္စသိခသည် ငါ့အား မြတ်စွာဘုရားသည် ခွင့်ပြုတော်မူပြီဟုမသိရာ။ထိုသို့မသိသော် ပဉ္စသိခအား မြတ်စွာဘုရားသည် ခွင့်ပြုတော်မမူပါဟု သိကြားမင်းသည်နတ်အပေါင်းကိုယူ၍ ထိုအရပ်မှပင် ပြန်လေရာ၏။ ထိုသို့ပြန်လေသော် သိကြားနတ်တို့အား ရုံးခြင်းကြီးစွာ ဖြစ်လေရာ၏၊ စောင်းသိုချင်း၏ကျေးဇူးကို ဆိုတော်မူသည်ရှိသော်ကား။ ဘုရားမြတ်စွာသည် ပဉ္စသိခအား ခွင့်ပြုတော်မူပြီဟု နတ်အပေါင်းနှင့် တကွ ကပ်လာပြီးလျှင်။ ပြဿဒေးမး၍ ဖြေတော်မူသော အဆုံး၌။ ရှစ်သောင်းလေးထောင်သော ပရိသတ်နှင့်တကွ သိကြားမင်း

သည် ဆောတာပတ္တိဖိုလ်၌ တည်လတ္တံ့ဟုသိတော်မူ၍။ ကာမဂုဏ်နှင့် စပ်သောဆောင်းသီချင်း၏ကျေးဇူးကိုဆိုတော်မူသတည်း)။ ။

ထိုအခါ သိကြားမင်းအား ဤသို့အကြံသည် ဖြစ်၏။ ပဉ္စသိခသည် မြတ်စွာဘုရားနှင့်တကွနှစ်လိုဝမ်းမြောက်၏။ ဤပဉ္စသိခကိုငါသည်ငါ၏အမှုဖြင့်စေအပ်၏။သူသည်ကား မိမိ၏အမှုကိုသာပြု၏။ ဤသို့သဘောရှိသောမြတ်စွာဘုရား၏အထံ၌နေ၍ ဘုရားမြတ်စွာအားမလျှောက်ပတ်သော ကာမဂုဏ်နှင့်စပ်သောစကားကိုပြောဆို၏။ယခုအခါ၌ မြတ်စွာဘုရားအား မရှက်သည်ဖြစ်၍ ဘေးပြုန်သောအမှုကိုသော်လည်းပြုရာ၏။ ယခုအခါ၌ ငါ၏အမှုကိုသိစေအံ့ဟုကြံပြီးမှ ခေါ်၍၊ အချင်းပဉ္စသိခ၊ သင်သည် ငါ၏အလိုဌာ ရှိခိုးပါတော့လော။ ရှင်ပင်ဘုရား၊ နတ်တို့ကို အစိုးရသောသိကြားမင်းသည် နတ်အမတ်ကြီး၊ နတ်အဆွေအရံတို့နှင့် တကွ ရှင်ပင် ဘုရား၏ ခြေတော်တို့ကို ရှိခိုး၏ဟု လျှောက်ပါလော့ဟု သိကြားမင်း ဆိုသော်။ ကောင်းပြီ အရှင်သိကြားမင်းဟု ပဉ္စသိခသည် သိကြားမင်းအား စကားတုံ့ပြေး၍။ ပဉ္စသိခသည် မြတ်စွာဘုရားသို့ကပ်၍။ ရှင်ပင်ဘုရား၊နတ်တို့ကိုအစိုးရသောသိကြားမင်းသည် နတ်အမတ်ကြီး၊နတ်အဆွေအရံတို့နှင့်တကွ ရှင်ပင်ဘုရား၏ခြေတော်တို့ကို ရှိခိုးပါ၏ဟု လျှောက်၏။ ထိုအခါ ကောင်းပြီပဉ္စသိခ။ သိကြားမင်းသည် နတ်အမတ်ကြီး၊နတ်အဆွေအရံတို့နှင့်တကွ ချမ်းသာသည်ဖြစ်စေသတည်း။ နတ်အသုရာနဂါးဂန္ဓဗ္ဗနတ်တို့သည့်ၜင်း တပါးကုန်သော များစွာသော သတ္တဝါအပေါင်းတို့သည်ၜင်း ချမ်းသာခြင်းကိုအလိုရှိကုန်၏ဟု မြတ်စွာဘုရားအနေမာဒနာပြုတော်မူ၏။ ။ဤသို့ရှိခိုးပြီးသော် သိကြားမင်းသည် မြတ်စွာဘုရားနေတော်မူရာ ဇုန္ဒသာလလိုဏ်သို့ဝင်၍။ တင့်အပ်သောအရပ်၌ မြတ်စွာဘုရားကို ရှိခိုး၍ နေ၏။ နတ်အပေါင်းတို့သည် လည်းဇုန္ဒသာလလိုဏ်သို့ဝင်၍ မြတ်စွာဘုရားကိုရှိခိုး၍ တင့်အပ်သော အရပ်၌နေကြကုန်၏။ပဉ္စသိခသည်လည်း လိုဏ်သို့ဝင်၍ ဘုရားကိုရှိခိုး၍တင့်အပ်သောအရပ်၌နေ၏။ ။ထိုအခါ ဇုန္ဒသာလလိုဏ်သည်ချမ်းသာမည်မည့်တ်ဖြာ်လျက် ကောင်းစွာညီညွတ်သည်ဖြစ်၏။ ယိုဏ်တွင်း၌အဓိပတိကိုသည်ပျောက်၏။ အရောင်အလင်းသည် တင်ရှားဖြစ်၏။ ထိုအခါ မြတ်စွာဘုရားသည် သိကြားမင်းအား ဤသို့ဟောစကားကို မိန့်တော်မူ၏။ သိကြားမင်း၊ရှေးဦးကွာများသောပုဂ္ဂိုလ်ကိုယ့ွရှိလျက် ရှည်သော

အသက်ရှိသော သင်သိကြားမင်း၏ ဤအရပ်သို့ အကြင်လာခြင်းသည် ရှိ၏။ ထိုလာခြင်းသည်အံ့ဘွယ်ရှိစွ။ မဖြစ်ဘူးမြဲတကားဟုမိန့်တော်မူ၏။ သိကြားမင်းသည်။ ဘုန်းတော်ကြီးသောရှင်ပင်ဘုရား၊ရှင်ပင်ဘုရားကို အကျွန်ုပ်သည် ဖူးမြင်ခြင်းငှါ ကပ်လိုသည်ကား ကြာမြင့်ပါပြီ။ စင်စစ်သော်ကား တာဝတိံသာနတ်တို့အား တစုံတခုသော ပြဿဘွယ်ရာကိစ္စကြောင့်သာလျှင် အကျွန်ုပ်သည်ရှင်ပင်ဘုရားကိုအဖူးအမြင်ကပ်ခြင်းငှါ မကတ်နိုင်တည့်ပါဟူ၍ လျှောက်၏။ ။(၅)တစုံတခုသော ပြဿဘွယ်ရာကိစ္စကြောင့်ဆိုရာ၌။နတ်တို့အား သားသို့ဖိုသည်ရင်ခွင်၌ဖြစ်လာကုန်၏။ ထိုနတ်တို့ကို တန်ဆာဆင်ခြင်းကိုပြုသောနတ်တို့သည် အိပ်ရာကို ရုံ၍ဖြစ်လာကုန်၏။ ပန်းဆွတ် ရေခပ်စသော အမှုကိုးငယ်ကိုပြုသော သူတို့သည် ဗိမာန်တွင်း၌ဖြစ်လာကြကုန်၏။ထိုသူတို့ကြောင့် အမှုကိစ္စသည်မရှိ။တရားတွေ့ဆိုင်ရခြင်းသည်မရှိ။ အကြင်နတ်သားနတ်သိုးတို့သည်ကား ဘုံဗိမာန်တို့၏အဝိုင်းအခြားး၌ဖြစ်လာကုန်၏။ထိုဗိမာန်ရှင်တို့သည် သင်၏ဥစ္စာ၊ ငါ၏ဥစ္စာဟူ၍ မဆုံးဖြတ်နိုင်ကုန်သော် တရားပြုရကုန်၏။သိကြားမင်းကိုမေးကြရကုန်၏။ သိကြားမင်းသည် စစ်ဆေးကြာ၍ အကြင်နတ်၏ဗိမာန်သည် နိုး၏။ ထိုနိုးသောဗိမာန်ရှင်တို့ဥစ္စာဟု ဆို၏။ အနိုးအဝေးတူမူ့သောအရပ်၌ဖြစ်ကုန်အံ့။ အကြင်သူ၏ဗိမာန်ကိုကြည့်၍ ဖြစ်၏။ ထိုကြည့်သောဗိမာန်ရှင်၏ဥစ္စာဟုဆို၏။ တရားသောဘုံဗိမာန်ကို မျှမကြည့်အံ့။ ငြင်းခုံခြင်းကိုဖြတ်အံ့သောငှါ မိမိ၏ဥစ္စာပြု၏လော့၏။ ဥယျာဉ်ကစားခြင်းအစရှိသည်လည်း ပြဿဘွယ်ကိစ္စမည်ကုန်၏။ဤသို့သောကိစ္စကိုရည်၍ဆိုသ'တည်း)။ ။

ထိုရောအခါ၌ သိကြားမင်းသည် ဤသို့လျှောက်၏။ဘုန်းတော်ကြီးသောရှင်ပင်ဘုရား၊တပါးသောအခါ၌ရှင်ပင်ဘုရားသည် သာဝတ္ထိပြည်သရလာဂါရကုဋိ၌ နေတော်မူသောအခါ။ အကျွန်ုပ် ရှင်ပင်ဘုရားကို ဖူးမြင်အံ့သောငှါ လာပါ၏။ ထိုအခါ၌ ရှင်ပင်ဘုရားသည် တပါးသောသမ္မာဓိဖြင့် နေတော်မူ၏။ ။(သိကြားသည် မသိသောကြောင့် တပါးသောသမ္မာဓိဖြင့်ဟူ၍ ဆိုသည်။ မြတ်စွာဘုရားသည်ကား သိကြား၏ဥာဏ်မရောင်သေးသော အဖြစ်ကို သိ၍။ ဖလသမာပတ်ဖြင့် နေတော်မူသဘည်း)။ ။ထိုအခါ၌ ဝေဿဝဏ်၊တ်၏ အလုပ်အကျွေ ဖြစ်သော ဘူဇတိအမည်ရှိသောနတ်သို့သည် မြတ်စွာဘုရားကိုလက်အုပ်ချီ၍ရှိခိုး

လျက်နေနှင့်ဏ်။ ဘူဇတိကံ့ အကျွန်ုပ်သည် ဤသို့ဆို၏။ နှမဘူဇတိ၊ ငါ၏ အလိုဌာ မြတ်စွာဘုရားကို နှမသည်ဂိုဒိုးပါလျှင် ဂုဏ်ပင်ဘုရားကိုသိကြား မင်းသည် အမတ်အဇွဲအရံနှင့်တကွ ဂုဏ်ပင်ဘုရား၏ ခြေတော်တို့ကို ဂိုဒိုး၏ဟုလျောက်ပါဆိုသော်။ ဂုဏ်ပင်ဘုရား၊ဘူဇတိသည် အကျွန်ုပ်ကို ဤသို့ဆို၏။ သိကြားမင်း၊ယဇ္ဈအခါ၌ မြတ်စွာဘုရားကို ဂိုဒိုးခြင်းငှါအခါ မဟုတ်။ မြတ်စွာဘုရားသည် ကျိန်း၍နေတော်မူသည်ဟု ဆို၏။ ထိုသို့ တပြိုးကား၊နှမဘူဇတိ၊အကြင်အခါ၌ မြတ်စွာဘုရားသည် ထိုသမာဓိမှ ထ၏။ထိုအခါ၌ ငါ၏စကားဖြင့်၊ဘုန်းတော်ကြီးသော ဂုဏ်ပင်ဘုရား၊ဂုဏ် ပင်ဘုရား၏ခြေတော်တို့ကို သိကြားမင်းသည်အမတ်အဇွဲအရံတို့နှင့် တကွ ဂိုဒိုးလာ၏ဟုဆို၍ ဂိုဒိုးရစ်ပါဟု အကျွန်ုပ်မှာခဲ့၏။ အသို့နည်းဂုဏ် ပင်ဘုရား၊နှမဘူဇတိသည် ဂုဏ်ပင်ဘုရားကိုဂိုဒိုးပါ၏လော၊ဟုလျောက်၍။ ဘုန်းတော်ကြီးသော ဂုဏ်ပင်ဘုရား၊ အကျွန်ုပ်တို့၏ ဂုဏ်ဦးစွာ၊ အကြင် နတ်တို့သည် ကာဝတီသာဒ္ဓဖြစ်နှင့်ကုန်၏။ ထိုနတ်တို့၏မျက်မှောက်မှာ အကျွန်ုပ်သည်ကြားရပါ၏။အကြင်အခါ၌ ဘုရားမြတ်စွာတို့သည် လူ့ရွာ၌ဖြစ်ကုန်၏။ထိုအခါ၌ နတ်ပြုံ့တို့သည်ပြုံ့ကုန်၏။ အသုရာပြည် တို့သည်ယုတ်ကုန်၏ဟူ၍ကြားပါကုန်၏။ဤသို့ဖြစ်ခြင်းကိုယဇ္ဈအကျွန်ုပ် သည်သက်သေမှတ်ရပါ၏။အကြင်အခါမှစ၍ဂုဏ်ပင်ဘုရားသည် လောကဌ ထင်ရှားဖြစ်တော်မူ၏။ ထိုအခါမှစ၍ အကျွန်ုပ်တို့နတ်ပြည်သည် ပြည့်ပေ၏။ အသုရာ၏ပြည်တို့သည်ယုတ်ကုန်၏။ ဘုန်းတော်ကြီးသော ဂုဏ်ပင်ဘုရား၊ ဤကဒိဃဝတ်ပြည်၌သာလျှင်၊ ဂေါဒိကာအမည်ရှိသော သကျဝင်၏သို့းသည် ဘုရား တုရား သဃာတို့၌ ကြည်ညို၏။ ပဉ္စသိလ တို့၌ ပြည့်စုံစွာဆောက်တည်၍ ကျင့်၏။ ထိုဂေါဒိကာသည် မိန်းမ၏ အဖြစ်၌စိတ်အလိုကင်း၍ ယောကျ်ား၏အဖြစ်၌စိတ်အလိုပွါးစေသဖြင့်။ ထိုကိုယ်၏အဖြစ်မှ စုတေသောအခါ တာဝတိံသာနတ်ပြည်၌ဖြစ်လာ၍ အကျွန်ုပ်၏သားအဖြစ်သို့ရောက်လာ၏။ ထိုတာဝတိံသာနတ်ပြည်၌ လည်း ဂေါပကနတ်သားဟူ၍ နတ်အပေါင်းတို့သည် သိကုန်၏။ ။ (သကျဝင်မင်းသို့းဂေါဒိကာသည်၊ ငါသည်၌ ဤမိန်းမ၏အဖြစ်ကို အလို မရှိအပ်။ ဤမိန်းမ၏အဖြစ်၌တည်၍။ စကြာမင်း၊ သိကြားမင်း၊ မာရ်မင်း၊ ဗြဟ္မာမင်းတို့၏ စည်းစိမ်ချမ်းသာကို ခံစားခြင်းငှါ မတတ်နိုင်။ ဘုရား ပစ္စေကဗုဒ္ဓါဖြစ်ခြင်းငှါမတတ်နိုင်။ထို့ကြောင့်အလိုမရှိအပ်။ ယောကျ်ား

အဖြစ်မည်သည်အထိုရှိအပ်၏။ဤယောကျ်ားအဖြစ်ဌာနည်း၍ထိုဆိုအပ်ပြီးသောစည်းစိမ်ချမ်းသာကိုခံစားခြင်းငှါတတ်နိုင်၏။ ဘုရား ပစ္စေကဗုဒ္ဓါဖြစ်ခြင်းငှါတတ်နိုင်၏ဟုကြံ၍ ယောကျ်ားအဖြစ်ကိုအထိုရှိအပ်သတည်း)။ ။ဘုန်းတော်ကြီးသောရှင်ပင်ဘုရား၊ ဂေါပကမှတပါးကုန်သောရဟန်းသုံးယောက်တို့သည်လည်း ရှင်ပင်ဘုရားနှင်ဖြတ်သောအကျင့်ကိုကျင့်၍။ အကျွန်ုပ်သားဂေါပကအောက်ယုတ်သော ဂန္ဓဗ္ဗနတ်မျိုးဌာဖြစ်လာကုန်၏။ ထိုသုံးယောက်သောနတ်တို့သည် ငါးပါးသော ကာမဂုဏ်တို့ဖြင့် ခံစားကုန်လျက်။ အပြည့်အစုံဖြစ်ကုန်လျက်။ အကျွန်ုပ်တို့အား ခစားအံ့သောငှါလာကုန်၏။ထိုသုံးယောက်သောနတ်သားတို့သည်။ အကျွန်ုပ်တို့ကိုလုပ်ကျွေးအံ့သောငှါလာကုန်သည်ရှိသော် ထိုနတ်သားတို့ကဲ့ အကျွန်ုပ်သားဂေါပကသည်ဖြင့်၍ စောဒနာ၏။အဘယ်သို့စောဒနာသနည်း။ထိုနတ်သားသုံးယောက်တို့ကိုဖြင့်၍။ ဤနတ်သားသုံးယောက်တို့သည် အလွန်တင့်တယ်ကုန်၏။ အလွန်အဆင်းလှကုန်၏။ အဘယ်ကောင်းမှုကိုပြု၍ လာကုန်သနည်းဟု ဆင်ခြင်သေး။ ရဟန်းအဖြစ်မှလာကုန်၏ဟုဖြင့်၍။ ထိုဇနောင်မှ ရဟန်းပြုသည်ဖြစ်စေ။ သိလကိုပြည့်စုံစွာပြု၏လော်ဟု ဆင်ခြင်ပြန်သေ့ ပြည့်စုံစွာပြု၏ဟုဖြင့်၍။ သိလကဲ့ပြုသည်ဖြစ်စေ၊ သိလမှတပါးကုဏ်ကျေးဇူးသည်ဖြစ် ဂို၏လော မဂို၏လောဟု ဆင်ခြင်ပြန်သေ့ ဈာန်ရသောပုဂ္ဂိုလ်တည်းဟုဖြင့်၏။အဘယ်အရပ်၌ဤရဟန်းတို့သည် နေကုန်သနည်းဟု ဆင်ခြင်ပြန်သေ့ ငါ၏အိမ်သို့သာလျှင်အဖြဲကပ်၍ ငါသည်လုပ်ကျွေးအပ်သော ရဟန်းတို့ပင်တည်းဟုဖြင့်၍။ သိလကဲ့ပြည့်စုံစွာပြုသောရဟန်းတို့သည် နတ်ပြည်ခြောက်ထပ်တို့တွင် ဖြစ်လိုသည့်နတ်ပြည်၌ဖြစ်ရကုန်၏။ ဈာန်ရသောရဟန်းတို့သည်ကား ဗြဟ္မာ့ပြည်၌ ဖြစ်ရကုန်၏၊ ဤရဟန်းတို့သည် ဗြဟ္မာ့ပြည်၌လည်း မဖြစ်လေကုန်။ ငါ၏အထက် နတ်ပြည်၌မှလည်း မဖြစ်ကုန်။ ငါသည်ကား ဤရဟန်းတို့၏အဆုံးအမ၌တည်၍။ နတ်ပြည်နှစ်ထပ်ဂို့အာရှင်ဖြစ်သော သိကြားမင်း၏ပလ္လင်၌သာဖြစ်လာ၏။ ဤရဟန်းတို့သည်ကား ငါ၏အာလုပ်အကျွေးဖြစ်သော ကဆွေသည့်နတ်မျိုးဌာဖြစ်လာ၏။ ဤရဟန်း နတ်သုံးယောက်တို့သည် အရိုးတွင်ပုဂ္ဂိုလ် မည်၏။ ဤအရိုးတွင်ပုဂ္ဂိုလ်သုံးယောကျ်းတို့ကို လိုင်၍ လိုင်၍ ကြင်ကြင်ပွတ်အပ်၏ဟုကြံ၍ အချင်းတို့၊သင်တို့သည် ထိုမြတ်စွာဘုရား၏တရားတော်ကို

အဘယ်သို့မျက်နှာပြု၍နာကုန်သနည်း။ မြတ်စွာဘုရားသည် ဂေါးရွှပြု၍ တရားကို ဟောဖေတ်မူသည်ရှိသော်။ တပါးကိုနှလုံးသွင်း၍ တပါးကို မျက်နှာပြု၍ နာကုန်ယောင်တကား။ ငါမူကား မိန်းမဖြစ်လျက်၊ သင်တို့အား သက်နှံးဆွမ်းဖြင့်လုပ်ကျွေး၍၊ သင်တို့၏အဆုံးအမကိုခံ၍၊ မိန်းမ၏အဖြစ်၌ စိတ်အလိုကိုကင်းစေ၍၊ ထိုမိန်းမအဖြစ်မှစုဝေတော်သောအခါ သိကြားမင်း၏သားဖြစ်လာ၏။ ငါ့ကို ဂေါပကနတ်သားဟူ၍ တပြည်လုံးသိကုန်၏။ အချင်းနတ်သားတို့သည်မူကား။ ယောကျ်ားဖြစ်ကုန်၍၊ မြတ်စွာဘုရား၌ မြတ်သောအကျင့်ကို ကျင့်ကုန်လျက်။ ငါတို့အား ကခြင်းသီခြင်းဖြင့် လုပ်ကျွေးရသောကဲ့ဟုသည်နှတ်မျိုး၌ ဖြစ်လာကုန်၏။ အချင်းတို့။ တဆူသော ဘုရား၏သာသနာ၌ တရားနှင့်လျော်စွာ ကျင့်ကုန်လျက်ဂန္ဓဗ္ဗနတ်မျိုး၌ဖြစ်ကုန်သောသင်တို့ကိုမြင်ရခြင်းသည်ကား မကောင်းသဖြင့်မြင်ရ၏။အချင်းတို့၊သင်တို့သည် မဂ္ဂက်ကုန်မကြောက်ကုန်ဟု ဂေါပကနတ်သားသည် မောင်းမဲ ဆိုမြည်၏။ ဘုန်းတော်ကြီးသောရှင်ပင်ဘုရား၊ဤသို့ အာကျွန့်ပ်၏သား ဂေါပကနတ်သား မောင်းမဲဆိုမြည်အပ်သော ကခြေသည် နတ်သုံးယောက်တို့တွင်။ နှစ်ယောက်သောနတ်တို့သည် မျက်မှောက်၌ပင်သတိုကိုရလေကုန်၍ ဖြဟ္မပုရောဟိတာဘုံသို့ ဖြစ်လေကုန်၏။ တယောက်ဖြသာ နတ်ကခြေသည်သည်ကား၊ ထိုဂန္ဓဗ္ဗနတ်ပြည်၌ပင် အမြဲနေလေ၏။ ထိုနတ်သားနှစ်ယောက်တို့သည် အဘယ်ကြောင့် သတိရ၍ ဖြဟ္မဉ့ဘုံ၌ ဖြစ်လေကုန်သနည်း။ တယောက်သောနတ်သားသည် အဘယ်ကြောင့် ဂန္ဓဗ္ဗနတ်ပြည်၌အမြဲဖြစ်လေသနည်းဂျင်ပင်ဘုရားဟူ၍သိကြားမင်းမြတ်စွာဘုရားကိုလျှောက်၏။ ။သိကြားမင်း၊ ထိုနတ်သားတို့သည် ဤသို့ကြံကြကုန်သတည်း။ ငါတို့ကခြေသည်နတ်တို့သည် ကကုန်သဖြင့်၊ သိကုန်သဖြင့်၊ ငါတို့သို့လာ၍ ဆုလာတ်သပ္ပကာပေးခြင်းကိုသာရအပ်ပါ၏။ ဤနှာ်သားသည်ကား၊ ငါတို့ကို မြင်သောအခါမှစ၍၊ ခုံလောက်၌ စုပုံထားအပ်သောဆားကဲ့သို့ ဖျစ်ဖျစ်မြည်သောအသံကို ပြုသည်သာလျှင်တည်း။ ဤသို့ဖြစ်ခြင်းသည် အဘယ့်ကြောင့်နည်းဟု ကြံကုန်ဆင်ခြင်ကုန်သော်၊ မိမိတို့၏ ရဟန်းအဖြစ်ကိုဂင်း၊ သီလစင်ကြယ်သောအဖြစ်၊ ပဌမဈာန်ကိုရသောအဖြစ်ကိုဂင်း၊ ထိုဂေါပက၏အိမ်သို့ မိမိတို့အမြဲကပ်သော အဖြစ်ကိုဂင်းမြင်၍။သီလစင်ကြယ်သောရဟန်းတို့သည်နတ်ပြည်ခြောက်

ထပ်တွင်ဖြစ်လိုရာနတ်ပြည်၌ဖြစ်ရကုန်၏။စျာန်ရသောရဟန်းတို့သည် ဗြဟ္မာ့ပြည်၌ဖြစ်ကုန်၏။ ငါတို့သည်ကား ဗြဟ္မာ့ပြည်၌လည်းမဖြစ်နိုင်ကုန်။ အထက်နတ်ပြည်၌မှလည်း မဖြစ်နိုင်ချေကုန်။ ဤနတ်သားသည်ကား မိန်းမဖြစ်သောအခါ ငါတို့ဩဝါဒ၌ တည်ရလျက် ငါတို့၏ အာထက်၌ဖြစ်ရ၏။ ငါတို့သည် ရဟန်းပြုပါလျက်၊ မြတ်စွာဘုရား၌ မြတ်သောအကျင့်ကိုကျင့်ပါကုန်လျက်၊ ဂုဏ်၌ဖြစ်ဘူးသောအရပဲ၌တပ်ခြင်းဟူသောနိကန္တိတဏှာကိုမဖြတ်နိုင်ချေသောကြောင့်ငါတို့ကဲ့အရိုးတွင် ပုဂ္ဂိုလ်ဟု ဆို၍ ပြင်းစွာ နှိပ်စက်ချေသည်မှာ သိကုန်၍၊ ထိုဂေါပကနတ်သား၏ စကားကို နာလျက်။ နှစ်ယောက်သော ဂန္ဓဗ္ဗနတ်တို့သည် ရဘူးသောပဌမစျာန်၌သတိကိုရ၍ ပဌမစျာန်ကိုအခြေပြုလျက်၊သခ်ါရတို့ကို သုံးသပ်ကုန်လျက်၊ အနာဂါမိဖိုလ်၌ တည်လေကုန်၏။ ထိုအခါထိုသူတို့အား။ နည်းသောအာနုဘော်ရှိသော ကာမာဝစရအတ္တဘောသည် ဆောင်ရွက်ခြင်းငှါ မတတ်နိုင်သဖြင့်။ ထိုခဏ၌ မတ်တတ်ရပ်လျက်ပင်စုတေ၍၊ ဗြဟ္မပုရောဟိတာဘုံ၌ ရပ်လျက် မတ်တတ်ပင်ဖြစ်လေကုန်၏။ ဂန္ဓဗ္ဗနတ်သားတယောက်သည်ကား နိကန္တိကို မဖြတ်နိုင်ခြင်းကြောင့် ထိုစာတုမဟာရာဇ်၏ နတ်ပြည်၌ပင် အမြဲနေလေ၏ဟု ဒိန္နတောမှ၏။ ။

ဘုန်းတော်အလွန်ကြီးမြတ်တော်မူသောရှင်ပင်ဘုရား၊ ထိုနတ်သားသုံးယောက်တို့တွင်နှစ်ယောက်သောဂန္ဓဗ္ဗနတ်တို့သည်၍မျက်မှောက်သောကိုယ်၏အဖြစ်၌ ရှင်ပင်ဘုရား၏ အာကျင့်တရားကိုသိ၍ အကျွန်ုပ်တို့၏ မြင်စဉ်ပင်လျှင် ဗြဟ္မပုရောဟိတစာတုံးသို့ဖြစ်၍ မင်္ဂလာအထူးကို ရကုန်ပြီ။ အကျွန်ုပ်တို့သည်လည်း ထို့နတ်သားနှစ်ယောက်တို့သိသောတရားကို ချောက်ခြင်းငှါ လာပါကုန်၏။ ဘုန်းတော်ကြီးသော ရှင်ပင်ဘုရား၊ ပြုအင်ပြီးသော အာနွင့်ရှိသော အကျွန်ုပ်တို့သည် ရှင်ပင်ဘုရားအား ပြဿနာမေးပါကုန်အံ့ဟု သိကြားလျှောက်သော်။ မြတ်စွာဘုရားအား ဤသို့သောအကြံသည်ဖြစ်၏။ ဤသိကြားသည် ရှည်စွာသောသည်၌ပတ်လုံးစင်ကြယ်သောပညာရှိ၏။ အကြင်အမှတ်မရှိသောပြဿနာကို ငါ့အား ဤသိကြားမေးလေအံ့။ ထိုအလုံးစုံသောပြဿနာကို အကျိုးနှင့်စပ်သည်ကိုသာလျှင် ဖြေလတ္တံ့။ အကျိုးမရှိသည်ကို မဖြေလတ္တံ့။ ထိုသိကြားမေးအပ်သည်ဖြစ်၍ငါသည်လည်းအကြင်အဖြေကိုဖြေလတ္တံ့။

ထိုအဖြေကိုဤသိကြားလျင်စွာသိလတ္တံ့.ဟုကြံတော်မူ၍။ ။ပုဏ္ဏဝါသဝ
မံ ပဉ္ဉံယံကိဉ္စိ မနသိစ္ဆသိ။တသ္မာဿဝပဉ္ဉသ၊အဟံ အန္တံကရောမိ ဇေတ။ ။ဟူသောဂါထာဖြင့် မိန့်တော်မူ၏။ ။ဝါသဝ၊ သိကြားမင်း။ ယောတွံ၊အကြင်သင်သိကြားမင်းသည်။ ယံကိဉ္စိ၊အကြင်အမှတ်မဲ့တပါးပါးသော။ ယံပဉ္ဉံ၊ အကြင်ပြဿနာအမေးကို။ မနသာ၊ နှလုံးဖြင့်။ ဇာနာသိ၊အလိုရှိ၏။ သောတွံ၊ထိုသင်သိကြားမင်းသည်။ တံပဉ္ဉံ၊ထိုမေးလိုသောပြဿနာကို။မံ၊ငါဘုရားကို။ပုဏ္ဏ၊မေးလော့။ အဟံ၊ငါဘုရားသည်။ တော၊သင်သိကြားမင်းအား။ တသ္မာဿဝ၊ထိုထို့ကြောင့်သင်၊သောပြဿနာ၏သာသျှင်။အန္တံ၊အဆုံးဖြစ်သောအဖြေကို။ကရောမိ၊ပြုအံ့။ ။

ဤသို့မိန့်သောအခါ သိကြားမင်းသည် မြတ်စွာဘုရားသည် ငါ့အား နှင့်ပြုတော်မူပြီဟုသိ၍ ရှေးဦးစွာသော ဤပြဿနာကိုမေး၏။ ။ဘုန်းတော်ကြီးသောရှင်ပင်ဘုရား၊ နတ်၊ လူ၊ အာသုရာ၊ နဂါး၊ ဂန္ဓဗ္ဗတို့သည်ဌင်း။ ထိုမှတပါးမျှားစွာသောသူတို့သည်ဌင်း။ ရုန်မရှိကုန်သည်၊ ဒဏ်မရှိကုန်သည်၊ ဆန့်ကျင်ဘက်မရှိကုန်သည်ဖြစ်၍၊ စိုးရိမ်ခြင်း ကြောင့်ကြခြင်းမရှိကုန်သည်ဖြစ်၍ နေရလို၏ဟု ထိုသူတို့အား အလိုသည်ဖြစ်၏။ ထိုသို့လျက်လည်း၊ အဘယ်မည်သော သံယောဇဉ်ကြောင့် ရုန်ရှိသည်ဖြစ်၍၊ ဒဏ်ရှိသည်ဖြစ်၍၊ စောင်းမြောင်းခြင်းရှိသည်ဖြစ်၍ နေရကုန်သနည်း။ ထိုနတ်၊ လူ၊ အာသုရာ၊နဂါး၊ဂန္ဓဗ္ဗတို့အားဌင်း၊ ထိုမှတပါးမျှားစွာသောသူတို့အားဌင်း၊ ဤသို့ဖြစ်ဘိသနည်းဟု ပဌမမေးလျှောက်သော်။ ဇာသာမဉ္ဉရိယသံယောဇဉ်ကြောင့်ဟု ဖြေတော်မူ၏။ ။ရှင်ပင်ဘုရား၊ ဇာသာမဉ္ဉရိယ သံယောဇဉ်၏ အကြောင်းသည် အဘယ်နည်းဟု ဒုတိယပြဿနာကိုမေးပြန်သော်။ ဇာသာမဉ္ဉရိယသံယောဇဉ်၏အကြောင်းကား။ ချစ်၊မချစ်နှစ်ပါးလျှင်တည်းဟု ဖြေတော်မူ၏။ ။ချစ်၊မချစ်နှစ်ပါး၏အကြောင်းကား အဘယ်နည်းရှင်ပင်ဘုရားဟုတတိယပြဿနာကိုမေးပြန်သော်။ ချစ်၊ မချစ်၊ နှစ်ပါးဌင်း အကြောင်းကား။ သိကြားမင်း၊ ဆန္ဒလျှင်ဝံတည်းဟု ဖြေတော်မူ၏။ ။ဆန္ဒ၏အကြောင်းကား အဘယ်နည်းဟု စတုတ္ထပြဿနာကို,လျှောက်ပြန်သော်။ ဆန္ဒ၏အကြောင်းကား။ ဝိတက်လျှင်တည်းဟု ဖြေတော်မူ၏။ ။ဝိတက်၏အကြောင်းကား အဘယ်နည်း ရှင်ပင်ဘုရားဟုတတိယပြဿနာကိုမေးလျှောက်ပြန်သော်။ သိကြားမင်း၊သံသရာဝဋ်ကိုအကျယ်ချဲ့တတ်သော၊

တဏှာ၊ မာန၊ ဒိဋ္ဌိတည်းဟူသော ပပဉ္စသညာအာဘို့အစုကြောင့်ဖြစ်၏။ ထိုပပဉ္စသညာလျှင် ဝိတက်၏အကြောင်းဟူ၍ ဖြေတော်မူ၏။ ။ ဘုန်းတော်ကြီးသောရှင်ပင်ဘုရား၊ အာဘယ်သို့ကျင့်သောရဟန်းသည် ပပဉ္စသညာ၏ ချုပ်ခြင်းနှင့် ကျေကျေပတ်သော နိဗ္ဗာန်သို့ ရောက်စေတတ်သော အကျင့်ကို ကျင့်သည်ဖြစ်သနည်းဟု ဆဋ္ဌဗြဿနာကိုမေးပြန်၏။သိကြားမင်း၊မှိဝဲအပ်သော သောမနဿဝေဒနာ၊ မမှိဝဲအပ်သော သောမနဿဝေဒနာ၊ နှစ်ပါးတို့တွင်၊ အကြင် သောမနဿဝေဒနာကို မှိဝဲသော် အကုသိုလ်တရားတို့သည် ယုတ်ကုန်၏။ ကုသိုလ် တရားတို့သည်ပွါးကုန်၏။ ထိုသောမနဿဝေဒနာကို မှိဝဲအပ်၏၊ အကြင်သောမနဿဝေဒနာကိုမှိဝဲသော် အကုသိုလ်တရားတို့သည် ပွါးကုန်၏။ ကုသိုလ်တရားတို့သည်ယုတ်ကုန်၏။ထိုသောမနဿဝေဒနာကိုမမှိဝဲအပ်။ ထိုမှိဝဲအပ်သောသောမနဿဝေဒနာသည်။ သဝိတက္ကသဝိစာရသောမနဿဝေဒနာ၊အဝိတက္ကအဝိစာရသောမနဿဝေဒနာ၊ဟူ၍ နှစ်ပါးရှိကုန်၏။ထိုနှစ်ပါးတို့တွင်။အဝိတက္ကအဝိစာရသောဖနဿဝေဒနာသည် မွန်မြတ်စွာ၏။ မှိဝဲအပ်သောဥပက္ခာဝေဒနာ၊မမှိဝဲအပ်သောဥပက္ခာဝေဒနာ၊ဟူ၍နှစ်ပါးအပြားရှိ၏။ ထိုနှစ်ပါးတို့တွင်၊အကြင်ဥပက္ခာဝေဒနာကိုမှိဝဲအပ်သော် အကုသိုလ်တရားပွါး၏။ ကုသိုလ်တရား ယုတ်၏။ ထိုဥပက္ခာဝေဒနာကိုမမှိဝဲအပ်။အကြင်ဥပက္ခာဝေဒနာကိုမှိဝဲသော် အကုသိုလ်တရားတို့သည် ပွါးကုန်၏။ ကုသိုလ်တရားတို့သည်ယုတ်ကုန်၏။ထိုဥပက္ခာဝေဒနာသည် သဝိတက္ကသဝိစာရဥပက္ခာ၊ အဝိတက္ကအဝိစာရဥပက္ခာ၊ ဟူ၍ နှစ်ပါးအပြားရှိ၏။ ထိုနှစ်ပါးတို့တွင်၊ အဝိတက္ကအဝိစာရဥပက္ခာဝေဒနာကို မှိဝဲသောသူအား မွန်မြတ်စွာ၏ဟု ဖြေတော်မူ၏။ ။(ဤဥပက္ခာဝေဒနာကို ဖြေတော်မူသောအဆုံးဌ၊သိကြားမင်းသည် ရှစ်သောင်းလေးထောင်သောနှတ်တို့နှင့်တကွ သောတာပတ္တိဖိုလ်ဌဟူသည်လေ၍ သောတာပန်ဖြစ်လေ၏။ သို့လော်သို့လောဟု ယုံမှားခြင်းကင်း၏။ ဝိဒ်ကိစ္စာဟူသော ငြောင့်ကိုနှုတ်အပ်ပြီးသည်ဖြစ်၏)။ ။ထိုဒနောင်မှ။ ဆင်းရဲကင်းသောရှင်ပင်ဘုရား၊ အာဘယ်သို့သောအကြောင်းဖြင့် ပါတိဒေမာက္ခသံဝရကို စောင့်ခြင်းငှါကျင့်သည်ဖြစ်သနည်းဟုဒေးလျှောက်၏။ အကုသိုလ်တရားပွါးသော၊ ကုသိုလ်တရားယုတ်သော၊ မမှိဝဲအပ်သော ကာယသမာစာရ။

ဝစီသမာစာရကို မဖြိဝဲမူ၍။ အကုသိုလ် တရား ယုတ်သော၊ ကုသိုလ် တရား ပွါးသော၊ ဖြိဝဲအပ်သော ကာယသမာစာရ၊ ဝစီသမာစာရကို ဖြိဝဲသောရဟန်းသည် ပါတိမောက္ခသံဝရကို စောင့်ခြင်းငှါကျင့်သည် မည်၏ဟုဖြေတော်မူ၏။ ။ထို့နောင်မှ၊ဆင်းရဲကင်းသောရှင်ပင်ဘုရား၊ အာဘယ်သို့သော အကြောင်းဖြင့် ဤဩဿိယသံဝရသီလကို စောင့်ခြင်းငှါ ကျင့်သည်သည်ဖြစ်သနည်းဟုမေးလျှောက်၏၊သိကြားမင်း၊အကုသိုလ်တရားပွါးရာသော၊ ကုသိုလ်တရားယုတ်ရာသော၊ ဝိညာဉ်ခြောက်ပါးဖြင့်မဖြိဝဲအပ်သော အာရုံခြောက်ပါးကိုမဖြိဝဲမူ၍။ အကုသိုလ်တရားယုတ်ရာသော၊ ကုသိုလ်တရားပွါးရာသော၊ ဝိညာဉ်ခြောက်ပါးဖြင့် ဖြိဝဲအပ်သော အာရုံခြောက်ပါးကဲ့ဖြိဝဲသောရဟန်းသည် ဩဿိယသံဝရသီလကိုစောင့်ခြင်းငှါကျင့်သည်ဖြစ်၏ဟုဖြေတော်မူ၏။ ။ထို့နောင် ရှင်ပင်ဘုရား၊ ခပ်သိမ်းသော ရဟန်းပုဏ္ဏားတို့သည်၊ တူသောအယူ၊ တူသောသီလ၊တူသောဆန္ဒ၊တူသောအလိုရှိကုန်သလော်ဟုမေးလျှောက်၏။ သိကြားမင်း၊ခပ်သိမ်းသောရဟန်းပုဏ္ဏားတို့သည် တူသောအယူ၊ တူသော သီလ၊ တူသောဆန္ဒ၊ တူသောအလို မရှိကုန်ဟု ဖြေတော်မူ၏။ ။ထို့နောင်မှ အာဘယ်ကြောင့်နည်းဟု မေးပြန်၍။ သိကြားမင်း၊ခပ်သိမ်းသောသတ္တဝါတို့သည် အထူးထူးဆံသောဓာတ်ရှိကုန်၏။ အထူးထူးသော ဓာတ်ရှိသော လောကဌ အကြင်အကြင်ဓာတ်တို့၏ အစွမ်းအားဖြင့် သုံးသပ်ကုန်၏။ ထိုထိုသို့သောဓာတ်ကိုသာလျှင် နှလုံးသွင်း၍ ခေါ်ဝေါ်ကုန်၏။ ထို့ကြောင့် မတူကုန်ဟု မိန့်တော်မူ၏။ ။ထို့နောင်မှ ရှင်ပင်ဘုရား၊ ခပ်သိမ်းသော ရဟန်းပုဏ္ဏားစသော သတ္တဝါတို့သည် စင်စစ်ပြီးကုန်၏လော။ စင်စစ်ရာဂတို့၏ကုန်ခြင်းသည် ရှိသလော။ စင်စစ် မြတ်သော အကျင့်ရှိသလော။ စင်စစ် အဆုံးရှိသလောဟူ၍ မေးလျှောက်၏။ သိကြားမင်း၊ခပ်သိမ်းသောရဟန်းပုဏ္ဏားစသောသတ္တဝါတို့သည် စင်စစ်မပြီးကုန်။ စင်စစ်ရာဂတို့၏ကုန်ခြင်းသည် မရှိကုန်ဟု ဖြေတော်မူ၏။ ။အာဘယ်ကြောင့်နည်းဟုမေးလျှောက်ပြန်၏။သိကြားမင်း၊ အကြင်ရဟန်းပုဏ္ဏားစသောသတ္တဝါတို့သည် တဏှာဟုဆိုအပ်သောပပဉ္စသညာအာဘို့မှလွတ်ကုန်၏။ ထိုရဟန်းပုဏ္ဏားစသောသတ္တဝါတို့သည်စင်စစ်ပြီးခြင်းရှိကုန်၏။ အကြင်ရဟန်းပုဏ္ဏားစသောသတ္တဝါတို့သည် တဏှာဟုဆိုအပ်သော ပပဉ္စသညာအာဘို့မှမလွတ်ကုန်။ထို

ရဟန်းပုဏ္ဏားစသော သတ္တဝါတို့သည် စင်စစ်မပြီးကုန်။ ဤသို့မြတ်စွာဘုရားသည် သိကြားမင်းအား ဖြေတော်မူသော်။ ။သိကြားမင်း နှစ်သက်ဝမ်းမြောက်သည်ဖြစ်၍ ဤသို့လျှင် မြတ်စွာဘုရားကို လျှောက်၏။ ဘုန်းတော် ကြီးသော ရှင်ပင်ဘုရား၊ တုန်လှုပ်စေတတ်သော တဏှာသည် အနာမည်၏။ အိုင်းမည်၏။ သတ္တဝါတို့ ငြောင့်မည်၏။ တဏှာသည် ဤယောကျ်ားကို ထိုသို့သောဘဝကို ဖြစ်စေခြင်းငှါငင်တတ်၏။ ထို့ကြောင့် သတ္တဝါတို့သည် မြတ်သည် ယုတ်သည်ဟူ၍ ဖြစ်၏။ ရှင်ပင်ဘုရား၊ ဤပြဿနာတို့ကို ငါဖြေအံ့ဟု ခွင့်ပေးခြင်း အမှုကိုမျှလည်း ရှင်ပင်ဘုရားမှတပါးသော ရဟန်းပုဏ္ဏားတို့သည် ခွင့်မပြုဘူးလေ။ ထိုပြဿနာတို့ကို ရှင်ပင်ဘုရားသည် ဖြေတော်မူပေ၏။ ရှည်စွာသောညဉ့်ပတ်လုံး အကျွန်ုပ်နှလုံးဌိရူးဝင်သောငြောင့်ကို ရှင်ပင်ဘုရားသည် နှုတ်ဖြေတော်မူပေ၏ဟုလျှောက်၍။ သိကြားမင်း၊ ဤပြဿနာတို့ကို ငါမှတပါးသောရဟန်းပုဏ္ဏားတို့၌ မေးဘူးသည်ကို အမှတ်ရ၏လော ဟု မြတ်စွာဘုရားမေးတော်မူသော်။ တပါးသောရဟန်းပုဏ္ဏားတို့၌ မေးဘူးသည်ကို အမှတ်ရပါ၏ဟုလျှောက်သဖြင့်။ ထိုရဟန်းပုဏ္ဏားတို့သည် အဘယ်သို့ဖြေကုန်သနည်း။ အကယ်၍သင့်အားဝန်မလေးသည်ဖြစ်အံ့၊ ငါ့အားဆိုပါလော့ဟု မိန့်တော်မူ၏ ရှင်ပင်ဘုရား၊ ရှင်ပင်ဘုရားကဲ့သို့သောဘာရှိသော ဘုရားသခင်ထံ၌နေသော အကျွန်ုပ်အား ဖြေရန် ဝန်မလေးပါ။ အရှင်ဘုရား။ အကြင် ရဟန်းပုဏ္ဏားတို့သည် တော၌နေ၏။ အစွန်ဖြစ်သောကျောင်းအိပ်ရာနေရာရှိ၏၊ ထိုရဟန်းပုဏ္ဏားတို့သို့ကပ်၍ ဤပြဿနာတဆဲ့လေးပါးကို အကျွန်ုပ်မေးသော်၊ ပြည့်စုံစွာမဖြေနိုင်ကုန်။ ထိုသို့မဖြေနိုင်ကုန်သည်ဖြစ်၍ ဆင်းရဲမရှိသောအမောင်၊ အသက်ရှည်သောငါ့ရှင်သည် အဘယ်အမည်ရှိသနည်းဟု အကျွန်ုပ်ကိုသာလျှင်မေးကုန်၏။ ငါသည် သိကြားတည်းဟု ဆိုအပ်သော်၊ အကျွန်ုပ်ကို ထိုရဟန်းပုဏ္ဏားတို့သည် ထို့ထက်အလွန် မေးမြန်းကုန်၏။ သိကြားမင်း၊ ငါ့ရှင်သည် အဘယ်မည်သောကောင်းမှုကိုပြု၍ ဤအရာကိုရသနည်းဟုမေးမြန်းကုန်သဖြင့်။ ထို့သူတို့အား အကျွန်ုပ်သည် ကြားဘူးတိုင်း သင်ဘူးတိုင်းသောတရားကို ဟောပြော၏။ ထိုသို့ဟောကာမှဖြင့် ထိုသူတို့သည် ငါတို့ကား သိကြားကိုသည်းမြင်ရ၏။ ငါတို့အမေးကိုလည်း ဖြေပေ၏ဟု နှစ်ထို့ဝမ်းမြောက်ကုန်၏။ စင်စစ် ထိုသူတို့သည် အကျွန်ုပ်၏တပည့်သာ

ဖြစ်ကုန်၏။ အကျွန်ုပ်သည် ထိုသူတို့၏ တပည့်မဖြစ်။ ဘုန်းတော်ကြီး သောဂၢင်ပင်ဘုရား၊ အကျွန်ုပ်သည်ကား ဂၢင်ပင်ဘုရား၏ တပည့်ဖြစ်၏။ သောတာပန်ဖြစ်၏။ အပါယ်လေးပါးသို့မကျတတ်သောသဘောရှိ၏။ မြဲသောအလားရှိ၏။သန္ဓာလေးပါးတရားလျှင် လည်းလျောင်းရာရှိ၏ဟု သိကြားမင်း မြတ်စွာဘုရားကို လျှောက်၏။ ။သိကြားမင်း၊ သင်ဂွေးဦ ဤသို့သဘောရှိသော နှစ်လိုဝမ်းမြောက်ခြင်းကိုရဘူးသည်ကိုမှတ်မိ၏ လောဟု မေးတော်မူသော်။ ဘုန်းတော်ကြီးသောဂၢင်ပင်ဘုရား။ ရဘူး သည်ကိုမှတ်မိပါ၏ဟုလျှောက်၏။ အဘယ်သို့မှတ်မိပါသနည်းဟုမေး တော်မူ၍။ ဘုန်းတော်ကြီးသောဂၢင်ပင်ဘုရား၊ အာသုရာတို့နှင့် အကျွန်ုပ် တို့သည် စစ်ထိုးခြင်းသည်ဖြစ်၏။ထိုစစ်ထိုးရာ၌ နတ်တို့သည် ဖအောင် ကုန်၏။ အာသုရာတို့သည် ရှုံးကုန်၏။ ဂၢင်ပင်ဘုရား၊ ထိုအာသုရာစစ်ကို အောင်၍၊ အောင်ပြီးသောစစ်မြေ၌သော အကျွန်ုပ်အား ဤသို့သောအ ကြီသည်ဖြစ်၏။ အကြင်နတ်ပြည်၌ဖြစ်သောသြဇာ၊ဒေသုရာပြည်၌ဖြစ် သောသြဇာတို့သည်ရှိကုန်၏။ ထိုသြဇာနှစ်ပါးတို့ကို နတ်တို့သည်သာ စားရလတ္တံ့.ဟူ၍ ဝမ်းမြောက်ခြင်းကိုရ၏။ ထိုသို့ရခြင်းသည် ဒဏ်နှင့် တကွဖြစ်၏။ ထားလက်နက်နှင့်တကွဖြစ်၏။ ငြိုးဇွဲခြင်းဌာ၊ ရာဂကင်း ခြင်းဌာ၊ ချုပ်ခြင်းဌာမဖြစ်။ ဂၢင်ပင်ဘုရား၏၊ဘရားတော်ကို နာရသော ကြောင့် ရအပ်သော ဝမ်းမြောက်ခြင်းသည်ကား ဒဏ်နှင့်တကွမဖြစ်၊ ထားလက်နက်နှင့် တကွ မဖြစ်။ စင်စစ်လျှင် ငြိုးဇွဲခြင်းဌာ၊ ရာဂကင်း ခြင်းဌာ၊ချုပ်ခြင်းဌာဖြစ်၏ဟု သိကြားလျှောက်၏။ သင်သိကြားမင်းအား အဘယ်မည်သောအကျိုးတို့ကို မြင်သည်ဖြစ်၍ ဤသို့ သဘောရှိသော ဝမ်းမြောက်ခြင်းကိုကြားသနည်းဟု မြတ်စွာဘုရားမေးတော်မူပြန်လ လျှင်။ ဘုန်းတော်ကြီးသော ဂၢင်ပင်ဘုရား၊ ခြောက်ပါးသောအကျိုးထူး ကိုမြင်၍ ဤသို့သဘောရှိသောဝမ်းမြောက်ခြင်းကို ကြားပါ၏ဟု လျှောက် သော်။ ခြောက်ပါးသော အကျိုးထူး အဘယ်နည်းဟု မေးတော်မူပြန် သဖြင့်။ ဂၢင်ပင်ဘုရား။ 'ဤအရပ်၌ပင်နေသော နတ်ဖြစ်သော အကျွန်ုပ် အား၊နတ်တို့၏အသက်ကိုရအပ်ပြီ။ ဤဂွေးဦးစွာသောအကျိုးထူး။ နတ် ပြည်မှစုတေ့သော် နတ်၏အသက်ကိုစွန့်၍။ 'အကြင်အရပ်၌ ငါ၏နှလုံး သည်မွေ့လျော်၏၊ ထိုအရပ်၌ မဇေ့ဝေသည်ဖြစ်၍ အဓိဝမ်းတိုက်သို့ ပဋိသန္ဓေအားဖြင့်ရောက်ပါလတ္တံ့.။ဤနှစ်ခုမြောက်သောအကျိုးထူး။ ငါသည်

တွေ့ဝေခြင်းမရှိဘဲ။ ·ဘုရားသာသနာ၌ ပွေ့လျော်လျက် အသင့်အားဖြင့် နေရလတ္တံ့။ ဤသုံးရပြောက်သောအကျိုးထူး။ အကြင်အခြင်းဖြင့်ငါ့အား အကြင် သစ္စာလေးပါး တရားသည် အကယ်၍ ဖြစ်လတ္တံ့။ ဤလေးရပြောက်သောအကျိုးထူး။ငါသည်လူပြည်မှစု၍ လူပြည်၌ဖြစ်သော ကုယ်ကိုစွန့်၍ တဘန်နတ်ပြည်၌မြတ်သောနတ်သည်ဖြစ်လတ္တံ့။ ဤငါးရပြောက်သော အကျိုးထူး။ ငါ့အား အဆုံးစွန်သော ကိုယ်ဖြစ်သည်ရှိသော် များသောအခြံအရံရှိကုန်သောအကနိဋ္ဌဗြဟ္မာတို့၏နေရာသည် ငါ၏နေရာဖြစ်လတ္တံ့။ ဤခြောက်ရပြောက်သောအကျိုးထူး။ ဤခြောက်ပါးသောအကျိုးထူးတို့ကိုဖြင့် ဤသို့သဘောရှိသော ဝမ်းပြောက်ခြင်း ကို အကျွန်ုပ်ကြားပါ၏။ ဘုန်းတော်ကြီးသော ရှင်ပင်ဘုရား၊ အပြီးသို့ မရောက်သော အကြိမ်ရှိသည် ဖြစ်၍၊ ယုံမှားခြင်းရှိသည် ဖြစ်၍၊ ရှင်ပင် ဘုရားကို ရှာလျက် ရှည်စွာသော အဝွန့်ပတ်လုံး အကျွန်ုပ်သည် ကျင်လည်ရပြီ။ ဘုန်းတော်ကြီးသောရှင်ပင်ဘုရား၊ အကြင်သူတို့ကို ဆိတ် ငြိမ်ရာအရပ်၌နေကုန်သော ရဟန်းတို့ဟူ၍ မှတ်အပ်ကုန်၏။ ထိုသူတို့ ကို အဘယ်သို့သောအကြောင်းဖြင့် နှစ်သက်ခြင်း၊ ဆန္ဒကျင်ခြင်းသည် ဖြစ်ပါသနည်းဟုမေးပါသော်လည်း။ ထိုသူတို့သည် အဖကြောင်း၌ရင်း၊ အကျင့်၌ရင်း၊ ဖြေခြင်းငှါမဖြည့်စုံစေနိုင်ကုန်။ ရှင်ပင်ဘုရား၊ ထိုရဟန်း ဟူ၍ မှတ်အပ်သောသူတို့သည် အကြင်အခါ၌ အကျွန်ုပ်သိကြားသည် လာ၏ဟုသိကုန်၏။ထိုအခါ၌အကျွန်ုပ်ကိုသာလျှင်အဘယ်ကောင်းမှုကို ပြု၍ ဤသိကြားမင်း၏အဖြစ်သို့ရောက်သနည်းဟု မေးကုန်၏။ ကြားဘူး တိုင်းသော တရားကို ထိုသူတို့အား အကျွန်ုပ်သည် ဟောရ၏။ ဤသို့ အကျွန်ုပ်ဟောကာမျှတည်းဖြင့် ငါတို့သည် တရားကိုလည်း ကြားရ၏။ သိကြားမင်းကိုလည်းမြင်ရပေ၏ဟု ဝမ်းမြောက်ကုန်၏။အကြင်အခါ၌ ဝိစိကိစ္ဆာကို ဖျောက်တတ်သော မြတ်စွာဘုရားကို အကျွန်ုပ်သည် မြင် ၏။ ထိုအခါ အကျွန်ုပ်သည် မြတ်စွာဘုရားကိုဆည်းကပ်ပါပြီ၊ တဏှာ တည်းဟူသောငြောင့်ကို နုတ်တတ်သော၊ တုဘက်ကင်းသော ပုဂ္ဂိုလ် ဖြစ်တော်မူထသော၊ ကြီးဟသောလုံ့လရှိတော်မူထသော၊ နေမင်း၏ အ ဆွေဖြစ်တော်မူထသော မြတ်စွာဘုရားကို အကျွန်ုပ်သည် ရှိခိုးပါ၏ဟု ရှိခိုးပြီး၍၊ သိကြားသည် ပဉ္စသိခနတ်သားကိုခေါ်၍။ ပဉ္စသိခနတ်သား၊ အကြင်သင့်အား ဂန္ဓဗ္ဗီးစွာမြတ်စွာဘုရားကိုကြွေးညီးစေ၏။ ဂန္ဓဗ္ဗီးစွာ

သင့်အား ကြည်ညိုဖို့စေအပ်ပြီးသောမြတ်စွာဘုရားကို ငါတို့သည်ပြဿနာမေးရပေကုန်၏။ ထိုမြတ်စွာဘုရားကိုဖူးမြင်ခြင်းငှါ ငါတို့သည်ရပေ၏။ထိုသင်နတ်သားသည် ငါတို့အားကျေးဇူးကြီးလှပေ၏။ ထို့ကြောင့် အာဘ၏အရာ၌သင့်ကိုငါထားပါ၏။ သင်သည် ဂန္ဓဗ္ဗနတ်မင်းကြီးဖြစ်ရလတ္တံ့။ ဘဒ္ဒါအမည်ရှိသောသူရိယဝစ္ဆသာကဲ့လည်း သင့်အား ငါပေး၏။ ထိုသူရိယဝစ္ဆသာသည်လည်း သင်ပဉ္စသိခနတ်သားကို အလွန်ပင်တောင့်တလိုချင်ချစ်ခင်လေးမြတ်၏။ ဤသို့ဆို၍ သူရိယဝစ္ဆသာကို ပဉ္စသိခနတ်သားအားပေးပြီးသော်။သိကြားမင်းသည် မြေကြီးကိုလက်ဖြင့်အထပ်ထပ်သုံးသပ်၍။ နမော တဿဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။ဟူ၍ ဥဒါန်းကိုဆို၏။ ။(ဤနမောတဿအစရှိသည်ကားသိကြားမင်း၏ဥဒါန်းရှိုးဂါထာတည်း)။ ။

၅၁။ ပါဠုလိရွာငယ်နယ်စပ်၌ အခွန်ဘဏ္ဍာကိုအကြောင်းပြု၍အဇာတသတ်မင်းနှင့် လိစ္ဆဝိမင်းတို့စစ်ဖြစ်ကြခြင်းအကြောင်း။

မြတ်စွာဘုရားသည် ရာဇဂြိုဟ်ပြည် ဂိဇ္ဈကူတောင်၌ နေတော်မူသောအခါ။ အဇာတသတ်သည် လိစ္ဆဝိမင်းတို့ကို စစ်ထိုးလိုသည်ဖြစ်၍။ ငါသည်ဤသို့တန်းခိုးကြီးကုန်သော အာနုဘော်ကြီးကုန်သော ဝဇ္ဇီမင်းတို့ကို ဖြတ်အံ့၊ ဖျက်ဆီးအံ့၊ အကျိုးမဲ့ ပျက်စီးခြင်းသို့ ရောက်သည်ဖြစ်စေအံ့ဟူ၍။ ရပ်သောအခါထိုင်သောအခါစသည်တို့ဖြင့်ဆိုလေ့ပြု၏။ စစ်ထိုးသွားအံ့သောငှါ ဗိုလ်ပါတို့ကိုစေ့စပ်၏။ အဘယ့်ကြောင့် ဤမင်းအား ဝဇ္ဇီမင်းတို့ကို စစ်ထိုးခြင်းငှါ အလို ဖြစ်လေသနည်း ဟူငြားအံ့။ ဂင်္ဂါနားဌ ပါဠုလိမည်သော ရွာငယ်တရွာသည်ရှိ၏။ ထိုရွာကိုအမှီပြု၍။ ဂင်္ဂါ၏အလယ်၌ ယူဇနာခွဲတိုင်အောင် အဇာတသတ်၏ အာဏာဖြစ်၏။ ဝဇ္ဇီမင်းကလည်းယူဇနာခွဲတိုင်အောင်အာဏာထား၏။ ဟောင်းခြေရင်းမှ အဘိုး ထိုက်တန်သော ဘဏ္ဍာသည် ပါဠုလိရွာသို့ တန္ခစ်တကြိမ် အရောင်းကျလာ၏။ အဇာတသတ်မင်းသည် ထိုဘဏ္ဍာကိုယူအံ့သောငှါ ယနေ့သွားအံ့၊ နက်ဖြန်သွားအံ့၊ ကြိုစဉ်အတွင်း။ လိစ္ဆဝိမင်းတို့ကအလျင်လာ၍ ဈာလုံးစုံကိုယူသွားလေ၏။ အဇာတသတ်မင်းကား

နောက်ကျသဖြင့်ထိုဘဏ္ဍာတို့ကိုမရှိဖျက်။ဤသို့ရှိဘန်များသဖြင့်ရန်ငြိုး ဘွဲ့၍ စစ်ထိုးခြင်းငှါ အလိုရှိသည်ဖြစ်သတည်း။ ထို့နောင်မှ ကြံပြန်ဖျက်။ အပေါင်းနှင့်တကွစစ်ထိုးခြင်းမည်သည် ဝန်လေးဖျက်။အချည်းနှီးထိုးခုတ်ခြင်းမည်သည်မရှိ ထို့ကြောင့်တယောက်သောပညာရှိနှင့်တိုင်ပင်၍စစ်ထိုးရမှုကား အပြစ်သည်ကင်းရာဖျက်။ ဘုရားမြတ်စွာနှင့်တူသောပညာရှိမည်သည်လည်း လောကဌမရှိပြီ။ မြတ်စွာဘုရားသည်လည်း အဋ္ဌိဖြစ်သောကျောင်းဌနေတော်မူဖျက်။ ထိုအရပ်သို့သွား၍ မြတ်စွာဘုရားကိုမေးစေအံ့။ ငါစစ်သွား၍အကျိုးရှိမှုကား မြတ်စွာဘုရားသည် ဆိတ်ဆိတ်နေတော်မူလတ္တံ့။အကျိုးမရှိမှုကား မင်းကြီးသွား၍ အဘယ်မှုစအံ့နည်းဟု မိန့်ဆိုတော်မူလတ္တံ့။ ဤသို့ ကြံပြီးသော် ဝဿကာရပုဏ္ဏားကို ခေါ်၍။ ပုဏ္ဏား၊ သင်သည် မြတ်စွာဘုရားသို့ ကပ်၍ ငါ့ဖျက်စကားဖြင့် မြတ်စွာဘုရားဖျက်ခြေတော်တို့ကို ရှိခိုးလော့။ မြတ်စွာဘုရားအား အနာနည်းသော အဖြစ်၊ ကြောင့်ကြနည်းသောအဖြစ်စသည်ကိုမေးလော့။ ဘုန်းတော်ကြီးသောရှင်ပင်ဘုရား၊ အဇာတသတ်မင်းသည် ရှင်ပင်ဘုရားဖျက်ခြေတော်တို့ကို ရှိခိုးပါ့ဖျက်။ အနာနည်းသောအဖြစ်၊ ကြောင့်ကြနည်းသောအဖြစ်၊ ပေါ့ပါးသောအရာ၊ ချမ်းသာစွာနေရခြင်းတို့ကို မေးဖျက်။ အဇာတသတ်မင်းသည် ဝဇ္ဇီမင်းတို့ကိုစစ်ထိုးလို၏ဖျက်။တန်းခိုးအာနုဘော်ကြီးကုန်သော ဝဇ္ဇီမင်းတို့ဖျက်အမျိုးကို ငါသည်ဖြတ်အံ့၊ အကျိုးမဲ့ပျက်စီးခြင်းသို့ရောက်စေအံ့ဟုဆိုသည်ဟု လျှောက်ဒေလော။ မြတ်စွာဘုရားဆိုသော စကားကို မှတ်၍ငါ့အားကြားဒေလော့။ဘုရားမြတ်တို့သည်ချွတ်ယွင်းသောစကားကို မဆိုကုန်ဟုဆိုသော်။ ဤကာင်းပြီအရှင်မင်းကြီးဟု ဝန်ခံ၍ ဝဿကာရပုဏ္ဏားသည် မြတ်စွာဘုရားသို့ကပ်၍ မင်းကြီး မှာလိုက်တိုင်းကို ကြားလျှောက်ဖျက်။ ထိုအခါ၌အရှင်အာနန္ဒာသည် မြတ်စွာဘုရားအားယပ်လေခပ်၍ အနီး၌ နေလင့်ဖျက်။ မြတ်စွာဘုရားသည် ပုဏ္ဏားနှင့်တကွ စကားခပြောမူ၍ အာနန္ဒာကိုခေါ်၍။ အာနန္ဒာ၊ အသို့နည်း။ ဝဇ္ဇီမင်းတို့သည် မပြတ်လျှင် စည်းဝေးခြင်း များကုန်ဖျက်ဟု သင်ကြားဘူးသည် မဟုတ်လောဟု မေးတော်မူဖျက်။ ရှင်ပင်ဘုရား၊ ဝဇ္ဇီ မင်းတို့သည် မပြတ်လျှင် အညီအညွတ် စည်းဝေးတိုင်ပင်ခြင်းများသည်ကဲ့ အကျွန်ုပ်ကြားဘူးဖျက်ဟု လျှောက်သော်၊ အာနန္ဒာ၊ ဒုက္ကြင်မှုဒေလာက်သော ကာလပတ်လုံး ဝဇ္ဇီမင်းတို့သည် မပြတ်အညီအညွတ် စည်းဝေးခြင်းများကုန်ဖျက်။ ထိုမှ

လောက်သောကာလပတ်လုံး ဝဇ္ဇီမင်းတို့၏ ပြန့်ပွါးစည်ပင်ခြင်းကိုသာ အလိုရှိအပ်၏။ ယုတ်ခြင်းကိုမလိုအပ်။ အသို့နည်း အာနန္ဒာ၊ ဝဇ္ဇီမင်းတို့သည် အညီအညွတ်စည်းဝေးကုန်၏။ အညီအညွတ်ထကုန်၏။ အညီအညွတ်ပြုအပ်သော အမှုတို့ကိုပြုကုန်၏ဟု သင်သည်ကြားဘူး၏လော ဟုမေးတော်မူပြန်လျှင် ကြားဘူးပါ၏ဟု လျှောက်သဖြင့်။ အာနန္ဒာ၊ အကြင်မျှလောက်သော ကာလပတ်လုံး အညီအညွတ် စည်းဝေးကုန်၏။ အညီအညွတ်ထကုန်၏။ ဝဇ္ဇီမင်းတို့ ပြုဘွယ်ကိစ္စကို အညီအညွတ်ပြုကုန်၏။ ထိုမျှလောက်သောကာလပတ်လုံး ဝဇ္ဇီမင်းတို့အား ပွါးပြန့်ခြင်းကိုသာလိုအပ်၏။ယုတ်ခြင်းကိုမလိုအပ်။ အသို့နည်းအာနန္ဒာ၊ဝဇ္ဇီမင်းတို့သည် ရှေးမင်းတို့ မပညတ်အပ်သော အခွန် ဗာလိနတ်စာဒဏ်တို့ကို အသစ်မပညတ်မူ၍။ ရှေးပညတ်ထားအပ်သောအခွန်ဗာလိနတ်စာပေးခြင်း၊ ဒဏ်ထားခြင်း တို့ကို မလွန်စေမူ၍။ ရှေး ဝဇ္ဇီမင်းတို့၏ အကျင့်တရားကိုယူ၍ကျင့်ကုန်၏ဟု သင်သည်ကြားဘူး၏လောဟုမိန့်တော်မူပြန်လျှင်။ ကြားဘူးပါ၏ဟု လျှောက်သဖြင့်။ အာနန္ဒာ၊အကြင်မျှလောက်ကာလပတ်လုံး ဝဇ္ဇီမင်းတို့သည် ရှေးမင်းတို့မပညတ်အပ်သော အခွန်စသည်တို့ကိုမပညတ်မူ၍၊ ရှေးအစဉ်အားဖြင့်လာသော အခွန်ယူခြင်းအစရှိသည်တို့ကို မပြတ်စေမူ၍၊ ရှေးဝဇ္ဇီမင်းတို့၏ အကျင့် တရားကိုယူ၍ကျင့်ကုန်၏။ ထိုမျှလောက်ကာလပတ်လုံး ဝဇ္ဇီမင်းတို့အားပြန့်ပွါးခြင်းကိုသာလိုအပ်၏။ ဆုတ်ယုတ်ခြင်းကိုအလိုမရှိအပ်။ အာနန္ဒာ၊ အဘယ်သို့နည်း။ ဝဇ္ဇီမင်းတို့သည် အမျိုးအသက်အရွယ်ကြီးကုန်သော ဝဇ္ဇီမင်းတို့ကို အရိအဓေသအလေးအမြတ်ပြုကုန်၏၊ ပူဇော်ကုန်၏၊ ထိုသို့သော သူတို့၏စကားကို နားထောင်ကုန်၏ဟု ကြားဘူးကုန်၏လောဟု မေးတော်မူပြန်လျှင်။ ကြားဘူးပါ၏ဟု လျှောက်သဖြင့်။ အာနန္ဒာ၊အကြင်မျှလောက်ကာလပတ်လုံး ဝဇ္ဇီမင်းတို့သည် ရှေးမင်းတို့မပညတ်အပ်သော အခွန်စသည်တို့ကိုမပညတ်မူ၍၊ ရှေးအစဉ်အားဖြင့်လာသော အခွန်ယူခြင်းအစရှိသည်တို့ကို မပြတ်စေမူ၍၊ ရှေးဝဇ္ဇီမင်းတို့၏ အကျင့် တရားကိုယူ၍ကျင့်ကုန်၏။ ထိုမျှလောက်ကာလပတ်လုံး ဝဇ္ဇီမင်းတို့အားပြန့်ပွါးခြင်းကိုသာလိုအပ်၏။ ဆုတ်ယုတ်ခြင်းကိုအလိုမရှိအပ်။ အာနန္ဒာ၊ အဘယ်သို့နည်း။ ဝဇ္ဇီမင်းတို့သည် အမျိုးအသက်အရွယ်ကြီးကုန်သော ဝဇ္ဇီမင်းတို့ကို အရိအဓေသအလေးအမြတ်ပြုကုန်၏၊ ပူဇော်သက္ကာရေပြုကုန်၏။ ကြီးသောသူတို့၏စကားကို နားထောင်ကုန်၏။ ထိုမျှလောက်ကာလပတ်လုံး ဝဇ္ဇီမင်းတို့အား ပွါးစီးခြင်းကိုသာလိုအပ်၏။ယုတ်သည်မဖြစ်ရာ။ အသို့နည်းအာနန္ဒာ၊ဝဇ္ဇီမင်းတို့သည်အမျိုးမိန်းမတို့ကိုဂုဏ်း၊ အမျိုးသတို့သမီးတို့ကိုဂုဏ်း၊" အနိုင် အထက် နှိပ်စက်ညှဉ်းဆဲသဖြင့် မပူပံ့နိုင်စေကုန်ဟူ၍ သင်သည်ကြားဘူးကုန်၏လောဟု

မိန့်တော်မူသော်။ ရှင်ပင်ဘုရား၊ကြားဘူးပါ၏ဟုလျှောက်သဖြင့်။အာနန္ဒာ၊ အကြင်မျှလောက်သောကာလပတ်လုံးဝန်ဆောင်းတို့သည် အမျိုးမိန်းမတို့ကို အမျိုးသတို့သမီးတို့ကို အနိုင်အထက်နှိပ်စက်၍ မပူပန်စေကုန်။ထိုမျှလောက်သောကာလပတ်လုံး ဝန်ဆောင်းတို့အား ပွါးပြန့်ခြင်းကိုသာ လိုအပ်၏။ အယုတ်ကိုမလိုအပ်။ အသို့နည်းအာနန္ဒာ။ ဝန်ဆောင်းတို့သည် မြို့တွင်းမြို့ပဋ္ဌမဖြစ်ကုန်သော စေတီယဌာနဟုဆိုအပ်ကုန်သော နတ်တို့ကို အရိုအသေအလေးအမြတ်ပြုကုန်၏။ ထိုနတ်တို့အား ပေးဘူးသည်ကို၊ ပြုဘူးသည်ကို၊ တရားနှင့်လျော်သော ဗလိနတ်စာကို မယုတ်စေကုန်ဟူ၍ သင်သည် ကြားဘူးကုန်၏လောဟုမေးတော်မူပြန်သော်။ ရှင်ပင်ဘုရား၊ကြားဘူးပါ၏ဟုလျှောက်သဖြင့်။ အာနန္ဒာ၊မြို့တွင်းမြို့ပဋ္ဌမဖြစ်ကုန်သော ဝန်ဆောင်းတို့ကိုးကွယ်ရာဖြစ်သောနတ်တို့ကို အရိုအသေ အလေးအမြတ်ပြုကုန်လျက်။ ရှေးမင်းတို့ပေးမြဲတိုင်းပြုမြဲဘိုင်း၊ တရားနှင့်လျော်စွာ နတ်ခွန်ပူဇော်သင်္ကာရကို အကြင်မျှလောက်သော ကာလပတ်လုံး မယုတ်စေကုန်။ထိုမျှလောက်သောကာလပတ်လုံး ဝန်ဆောင်းတို့အား။ထိုနတ်တို့သည် မစစောင့်ရှောက်သည်ဖြစ်၍။ မဖြစ်သေးသောစည်းစိမ်ချမ်းသာတို့ကို ဖြစ်စေကုန်၏။ ဖြစ်ပြီးသော ချောင်းဆိုးကုတ်ဟိုး အစရှိသောအနာတို့ကိုပျောက်စေကုန်၏။စစ်မြေအရပ်၌အဘော်အပေါင်းဖြစ်၍ စောင်မကုန်၏။ ဤသို့အားဖြင့် ထိုဝန်ဆောင်းတို့အား ပြန့်ပွါးကြီးမှာယ်ခြင်းကိုသာအလိုရှိအပ်၏။ အကျိုးစီးပွါးယုတ်သည်မဖြစ်ရာ။ ။

အသို့နည်းအာနန္ဒာ၊ ဝန်ဆောင်းတို့သည် ရဟန်းသံဃာကို သဒ္ဓါကုန်၏။ ကြည်ညိုကုန်၏။ရဟန်းရောက်လာသည်ရှိသော် ခရီးဦးကြိုဆိုကုန်၏။ သွားလျှင် ဖူးမြင်ကုန်၏။ ပြောဟောကုန်၏။ တရားနာကုန်၏။ အလှူပေးကုန်၏။ ကျောင်းသခိမ်းပြု၍ လှူကုန်၏။ မလာသေးသော ရဟန်းတို့သည် အဘယ်သို့လျင်ငါတို့နိုင်ငံသို့လာရောက်ပါအံ့နည်း။လာပြီးသော ရဟန်းတို့သည်အဘယ်သို့လျင်ချမ်းသာစွာနေရပါအံ့နည်းဟုအောက်မေ့ခြင်း။ ကျောင်းပါးဒွါ သစ်ပင်တို့ကို မခုတ်ခြင်း။ ကျင်ကြီး ကျင်ငယ်မပြုခြင်း။ ကျောင်းဓရကန်တို့ဒွါ ငါးတို့ကိုမဘမဲယူခြင်းစသည်တို့ဖြင့် တရားနှင့်လျော်စွာသော အခြေစောင့်အရှောက်သည်ဖြစ်၏ဟု သင်ကြားဘူး၏လောမေးတော်မူဖြန်သဖြင့်။ ဘုန်းတော်ကြီးသော ရှင်ပင်ဘုရား၊ ကြားဘူးပါ၏ဟုလျှောက်သဖြင့်။ အာနန္ဒာ၊ဤသို့လျင် ဝန်ဆောင်းတို့သည်၊

ရဟန်းသံဃာတို့၌ သင်္ခါကြည်ညိုသဖြင့်။ မလာသေးသောရဟန်းတို့သည် အဘယ်သို့လျှင် ငါတို့နိုင်ငံသို့လာပါအံ့နည်း။လာပြီးသောရဟန်းတို့သည် အဘယ်သို့လျှင် ချမ်းသာစွာနေရအံ့နည်းဟု၊ ခရီးဦးကြိုခြင်း။ သွားး၍ ဖူးမြင်ခြင်း။ စကား ပြောဟောခြင်း။ အလှူပေးခြင်း။ တရားနာခြင်း။ကျောင်းကန်ဆောက်၍ပေးခြင်း။ကျောင်း၏အနီးဌ သစ်ပင်တို့ကို မသုတ်မထစ်ခြင်း။ ကျင်ကြီးကျင်ငယ်မစွန့်ခြင်း။ ကျောင်းကန်ဌ ငါးတို့ကို မဘမ်းယူခြင်းတို့ဖြင့် တရားနှင့်လျော်စွာ စောင့်ရှောက်ကုန်သော ဝန်ထမ်းတို့၏နိုင်ငံသည် ရဟန်းသဃီတို့၏ နေရာဖြစ်၏။ ထို့ကြောင့် နတ်တို့ စောင့်ရှောက်သော ဘိလူးတို့သည် ဘမ်းစား နှိပ်စက်ခြင်းငှါ မွှေ့မရသည်ဖြစ်၍။ အနာရောဂါ ကင်းသဖြင့် ဝန်ထမ်းတို့အား စီးပွါးချမ်းသာ၊ပြည်ရွာတိုင်းကား၊ပြန့်ပွါးစည်ပင်သည်သာဖြစ်ရာ၏။ ယုတ်သည်မဖြစ်ရာဟုမိန့်တော်မူပြီး၍။ ဝဿကာရပုဏ္ဏား၊ တပါးသောအခါ၌ သာနန္ဒရမည်သော ဘိလူးသည် စောင့်အပ်သောသစ်ပင်၏ အနီးဌ၌ ဆောက်၍လှူအပ်သောကြောင့် သာနန္ဒရစေတိယမည်သောကျောင်းဌ၌ ငါနေသောအခါ ဤအပရိဟာနိယတရား ခုနစ်ပါးကို ဝန်ထမ်းတို့အား ဟောအပ်ပြီ။ အကြင်မျှလောက်သောကာလပတ်လုံး ဤတရားခုနစ်ပါးတို့သည် ဝန်ထမ်းတို့၌ထစ်ကုန်၏။ ထိုမျှလောက်သော ကာလပတ်လုံး ဝန်ထမ်းတို့အား ပြန့်ပွါးစည်ပင်သည်သာဖြစ်ရာ၏။ ယုတ်သည် မဖြစ်ရာဟု ဟောတော်မူ၏။ ။ဤသို့ ဟောတော်မူပြီးသော် ဝဿကာရပုဏ္ဏား ဤသို့လျှောက်၏။ ဘုန်းတော်ကြီးသောအာနှင်ဂေါတမ၊ တပါးတပါးသော အပရိဟာနိယတရားနှင့် ပြည့်စုံကုန်သော ဝန်ထမ်းတို့အားလည်း ပြန့်ပွါးစည်ပင်သည်သာဖြစ်ရာ၏။ယုတ်သည်မဖြစ်ရာ။ခုနစ်ပါးသော အပရိဟာနိယ တရားတို့နှင့် ပြည့်စုံကုန်သော ဝန်ထမ်းတို့အားကား အဘယ်ဆိုရာရှိအံ့နည်း။ ရှင်ပင်ဘုရား၊ အစာတသော်မင်းသည် ဝန်ထမ်းတို့ကိုဖြားယောင်းခြင်း၊ အချင်းချင်းကွဲပြားအောင်ပြုလုပ်ခြင်းတို့ကိုထား၍ စစ်ထိုးခြင်းကိုမပြုအပ်သည်သာလျှင်တည်းဟု လျှောက်ဖြီးမှ မြတ်စွာဘုရားဟောတော်မူသော တရားစကားကို နှစ်လိုဝမ်းမြောက်၍ သွားအံ့သော အကြောင်းကို ပန်၍ သွားလေ၏။ ။(ဆင်ယာဉ်၊ မြင်းယာဉ်၊ ဖွေငွေလက်ဆောင်ပေးသဖြင့် ဖြားယောင်းခြင်းကိုထား၍။ အချင်းချင်းကွဲပြားအောင်ဖျက်သည်ကိုထား၍ ဟူသောစကားကို ဝဿ

ကာရပုဏ္ဏားဆိုသည်ကား၊ မြတ်စွာဘုရား ဟောတော်မူသော စကား ကြောင့် နည်းကိုရ၍ဆိုသတည်း။ နည်းကိုရဲ့အံ့သည်ကို မြတ်စွာဘုရား သိတော် မမူသလော၊ သိတော်မူ၏။ သိတော်မူလျက် အာဘယ့်ကြောင့် အခွင့်အာနန္ဒာနှင့် ပြောဆိုတော်မူလေသနည်းဟူမူကား။ ဝဿိမင်းတို့ကို သနားတော်မူသောကြောင့်တည်း။မြတ်စွာဘုရားအား၌သို့သောအကြံ တော်သည်ဖြစ်၏။ ငါသည် အာနန္ဒာနှင့်မပြောဆိုသည်ရှိသော် ဤရာဇ ဂြိုဟ်မင်းသည် သုံးလေးရက်ဖြင့်သွား၍ အလုံးစုံသောလိစ္ဆဝိမင်းတို့ကို ဘမ်းလတ္တံ့။ငါပြောဆိုသည်ရှိသော်ကား၊သုံးနှစ်ပတ်လုံးညီညွတ်သော မင်းတို့ကို ကွဲပြားအောင်ဖျက်ပြီးမှ ယူလတ္တံ့။ လိစ္ဆဝိမင်းတို့သည် ဤမျှ လောက်သောနှစ်ပတ်လုံးအသက်ရှည်ကုန်လျက် မိမိတို့၏တည်ရာဖြစ် သောကုသိလ်ကောင်းမှုတို့ကိုပြုရကုန်လတ္တံ့ဟု အကြံတော်ရှိ၍ ဝဿ ကာရပုဏ္ဏား၏ရှေ့တွင်အခွင့်အာနန္ဒာနှင့်ပြောဆိုတော်မူသတည်း)။

ဝဿကာရ ပုဏ္ဏားသည် အဇာတသတ်မင်း၏ အထံသို့ ရောက် သောအခါ၌။ ဆရာ၊ မြတ်စွာဘုရားအာဘယ်သို့ဆိုတော်မူသနည်း မင်း ကြီးမေး၏။ ထိုဝဿကာရပုဏ္ဏားသည်လည်း မြတ်စွာဘုရားဆိုတော် မူတိုင်းကိုကြား၏။ မင်းကြီး၊ ရဟန်းဂေါတမ၏စကားသည် တစုံတရာ သောအကြောင်းဖြင့် ဝဇ္ဇိမင်းတို့ကို ဘမ်းအံ့သောဌာ မတတ်နိုင်။ ဆင် ယာဉ်၊မြင်းယာဉ်၊ရွှေငွေလက်ဆောင်ပေး၍ ဖြားယောင်း၍ အကျွမ်းဝင် သဖြင့်သော်လည်း ယူအံ့သောဌာ တတ်ကောင်း၏။ အချင်းချင်းကွဲပြား အောင်ပြု၍ကွဲပြားသဖြင့်လည်း ယူအံ့သောဌာတတ်ကောင်း၏ဟုဆို၏။ တို့နောင်မှ အဇာတသတ်မင်းသည် ဝဿကာရကိုဆို၏။ ဆရာ၊ ဖြား ယောင်းသဖြင့် ငါတို့အား ဆင်မြင်းသာပျောက်ပျက်တော့မည်။ကွဲပြား အောင်ပြု၍ယူအံ့။ အာဘယ်သို့ပြုရသော်သင့်အံ့နည်းဟု ဝဿကာရကို မေး၏။ ဝဿကာရက၊မင်းကြီးသည် ဝဇ္ဇိမင်းတို့ကိုရည်၍ ပရိသတ်၏ အလယ်၌စကားကိုဖြစ်စေလော့။ထို့နောင်မှ အကျွန်ုပ်သည် မြတ်သော မင်းကြီး၊ ထိုဝဇ္ဇိမင်းတို့သည် လယ်လုပ်ခြင်းကုန်သွယ်ခြင်းအစရှိသည် တို့ကိုပြု၍ အသက်မွေးကုန်၏။ ထိုဝဇ္ဇိမင်းတို့ဖြင့် သင်မင်းကြီးအား အ ဘယ်ပြုအံ့နည်းဆို၍အကျွန်ုပ်သွားအံ့။ ထို့နောက်မှ၊အခွင့်မင်းကြီးသည် အချင်းတို့၊အကြောင်းအဆို ညီး။ ငါသည်ဝဇ္ဇိမင်းတို့အား အကြောင်း ပြု၍ဖြစ်သောစကားကို ဝဿကာရသည်မြစ်၏ဟု ဆိုကုန်လော့။ နေ့

အဘိုးဦးလည်း လိမ္ဆွဝိမင်းတို့ထံသို့ လက်ဆောင်ပဏ္ဏာကို အကြင်သူတို့ အား စေ၍ အကျွန်ုပ်သည် ပို့စေအံ့။ ထိုသူတို့ကဲ့သို့ဘမ်းစေ၍ မေးစစ်၍ အကျွန်ုပ်ကိုလည်းဘမ်းစေလော့။ အခွင့်မင်းကြီးတို့သည် အကျွန်ုပ်ကို နှောင်ဘွဲ့ခြင်း ရိုက်ခတ်ခြင်းတို့ကိုမပြုမူ၍။ အကျွန်ုပ်ကို ဦးခေါင်းပြည်း ကာမျှကိုပြု၍ မြို့မှ နှင်ထုတ်ကုန်လော့။ ထိုသို့ နှင်ထုတ်သောအခါ ငါသည် သင်မင်းကြီး၏မြို့၌ တံတိုင်းတို့ကို ကျုံးတို့ကိုပြုစေ၏။ ငါသည် မြို့တံတိုင်း အားနည်းသောအရာကို သိ၏။ ကျုံးတိမ်ရာနက်ရာကိုသိ၏။ မကြာမြင့်မီပင် အံဖြောင့်ကိုပြုအံ့ဟုဆိုအံ့။ထိုစကားကဲ့ကြား၍ သင်မင်း ကြီးသည် အကျွန်ုပ်ကို လိမ္ဆွဝိမင်းတို့ထံသို့သွားစေသတည်းဟုဆိုကုန် လော့ဟု ဝဿကာရပုဏ္ဏားဆို၏။ ထိုအလုံးစုံကို အဓာတသတ်မင်းပြု ၏။လိမ္ဆွဝိမင်းတို့သည် ထိုဝဿကာရပုဏ္ဏား၏ လာကြောင်းကိုကြား၍ ဤပုဏ္ဏားသည် ကောက်ကျစ်စဉ်းလဲ၏။ ထိုပုဏ္ဏားအားဂင်္ဂါကိုကူးစိမ့် သောငှါ မပေးကုန်လင့်ဟု ဆိုကုန်၏။ ထိုလိမ္ဆွဝိမင်း အပေါင်းတို့တွင် အခြို့သော သူတို့သည် ငါတို့ကို အကြောင်းပြု၍ ဆိုပေသောကြောင့် ထိုပုဏ္ဏားကို ဤသို့ပြု၏ဟု ဆိုသော်။ ထိုသို့ဖြစ်တာပြီးကား၊ အချင်းတို့၊ ကူးစေလော့ဟုဆိုကုန်၏။ထိုဝဿကာရပုဏ္ဏားကို လိမ္ဆွဝိမင်းတို့သည် မြင်၍ အဘယ့်ကြောင့်လာသနည်းဟု မေးကုန်၍ ထိုအလုံးစုံကို ဝဿ ကာရကြား၏။ လိမ္ဆွဝိမင်းတို့သည် အနည်းငယ်သော အမှုဖြင့် အဓာ တသတ်မင်း သင့်အား ဤသို့လေးသောဒဏ်ကိုပြုခြင်းငါမလျော်ပတ် ဟုဆို၍။ ထိုရာဇကြိုဟ်ပြည်၌ သင့်အား အရာအထူးသည် အဘယ်သို့ နည်းဟု မေးကုန်၏။ငါသည် ဓာရုးဆုံးဖြတ်သောအမတ်ကြီးဖြစ်၏ဆို သဖြင့်။ ငါတို့မြို့၌ တရားသူကြီးအရာသည်ပင် သင့်အား ဖြစ်တော့ဟု ဆိုကုန်သဖြင့်။ ထိုဝဿကာရပုဏ္ဏားသည် ကောင်းစွာ တရားကို ဆုံး ဖြတ်၏။ လိမ္ဆွဝိမင်းသားငယ်တို့သည် ထိုဝဿကာရပုဏ္ဏား၏ အထံ၌ အတတ်ပညာ သင်ကြကုန်၏။ ။ထိုပုဏ္ဏားသည် မိမိ ဂုဏ်ကျေးဇူး သည် လိမ္ဆွဝိမင်းတို့၌တည်ပြီးသည်ဖြစ်၍။တနေ့သ၌ တယောက်သော လိမ္ဆွဝိမင်းကိုလက်ဦးငင်၍ တင့်အပ်ရာသို့ဆွဲး၍။သူငယ်တို့သည် လယ် ထွန်ကုန်၏လော မေး၏။ ငြေသ်ထွန်ကုန်၏ဟု ဆိုသော်။ နွားနှစ်ခုတို့ကို ကား၏လော မေးပြန်၏။ ဆရာ၊နွားနှစ်ခုတို့ကိုကား၏ဟုဆို၏။ ဤမျှသာပြော ဆို၍ပြန်သွတ်၏။ ထို့နောင်မှ ထိုလိမ္ဆွဝိမင်းကို၊ တယောက်သော မင်း

သည် သင့်အားဆရာသည် အဘယ်သို့ဆိုသနည်းဟုမေး၏။ထိုပုဏ္ဏား
မေးတိုင်းကိုပြောသော် မယုံသည်ဖြစ်၍။ ဤမင်းသည် ငါ့အားဟုတ်မှန်
သောစကားကို မဆိုဟု ထိုမင်းနှင့်တကွ ကဲ့ပြားလေ၏။ ပုဏ္ဏားသည်
တပါးသောနေ့၌လည်း။ လိစ္ဆဝီမင်းတယောက်ကို တခုသော အစွန်သို့
ဆောင်၍။ အဘယ်ဟင်းလျာဖြင့် စားခဲ့သနည်းဟုမေးပြန်၏။ ထိုလိစ္ဆဝီ
ကိုလည်း တပါးသောမင်းသည်သင့်အား ဆရာအသို့ဆိုသနည်းမေး၍၊
ဟုတ်တိုင်းကိုပြန်သော်လည်း မယုံ၍ ထိုမင်းနှင့်ကွဲ၏။ တနေ့သ၌လည်း
တယောက်သောလိစ္ဆဝီမင်းကိုတခုသောအစွန်သို့ဆောင်၍၊ သင်လိစ္ဆဝီ
မင်းသည် အလွန်ဆင်းရဲလှသလောဟုမေး၍။ အဘယ်သူသည် ဤသို့
ဆိုသနည်းဟုမေးသော် ဤမည်သောလိစ္ဆဝီဆို၏ဟုပြော၏။ တနေ့သ၌
လိစ္ဆဝီမင်းတယောက်ကို လျောက်ပတ်ရာအရပ်သို့ဆောင်၍၊သင်သည်
ကြောက်တတ်လှသည် ဆိုသလောဟု မေး၍။ အဘယ်သူသည် ဤသို့
ဆိုသနည်းဟုပြန်၍မေးသော် ဤမည်သောလိစ္ဆဝီဆို၏ဟုပြော၏၊ ဤသို့
သောနည်းဖြင့် တပါးသူသည်မဆိုသောစကားကို တပါးသူအားဆို၍။
သုံးနှစ်တို့ဖြင့် ထိုသူနှစ်ရှဉ့သူနှစ်ကျိပ်သူနှစ်ယောက်သော လိစ္ဆဝီမင်းတို့ကို
အချင်းချင်းကွဲပြားစေ၏။ အကြင်အချင်းဖြင့်ပြုသည်ရှိသော်တဲ့ကြောင်း
တည်းသောခရီးဖြင့် နှစ်ယောက်သော လိစ္ဆဝီမင်းတို့သည် မသွားကုန်။
ထိုအခြင်းဖြင့်ပြု၏။ စည်းဝေးသောစည်ကိုလည်းစေသော်လည်း။အစိုး
ရသောလိစ္ဆဝီမင်းတို့သည် စည်းဝေးစေကုန်၊ ရဲရင့်ကုန်သော လိစ္ဆဝီ
မင်းတို့သည် စည်းဝေးစေကုန်ဟုဆို၍ မစည်းဝေးကုန်ပြီ။ဝဿကာရ
သည် အဇာတသတ်မင်းထံ ယခုအခါ၌ လိစ္ဆဝီမင်းတို့ကို ဘမ်းယူအပ်
သောအခါတည်း။အရှင်မင်းကြီးသည်လျင်စွာစစ်ချီ၍လာစေသတည်း
ဟု သတင်းစကားဖေလိုက်၍။ အဇာတသတ်မင်းသည် ဗိုလ်ပါရုံးစု၍
မြို့မှထွက်၏။ ဝဿာလိမင်းတို့သည် ကြားကုန်၍။ အဇာတသတ်အား
ဂင်္ဂါကိုကူးအံ့သောဌါနမဖေးကုန်အံ့ဟုစည်လည်းစေကုန်၏။ ထိုစည်သံ
ကိုကြားကုန်၍လည်း ရဲရင့်သောလိစ္ဆဝီမင်းတို့သာစည်းဝေးကုန်လေ့
စသည်ဆို၍ မစည်းဝေးဘဲနေကုန်၏။ မြို့သို့ဝင်စိမ့်သောဌါနပေးကုန်
အံ့၊ တံခါးတို့ကိုပိတ်၍နေကုန်အံ့ဟု စည်လည်းစေကုန်၏။ တယောက်
သောလိစ္ဆဝီမင်းသည်မှ မစည်းဝေးဂို ဟင်းလင်းဂိုမြို့တံခိုင်းသောတံခါး
ကိုဖြင့် အဇာတသတ်မင်း ဝဿာလိမြို့သို့ ဝင်၍၊ အလုံးစုံ ကုန်သော

လိန္ဆဝိမင်းတို့ကိုပျက်စီးခြင်းသို့ရောက်စေ၍ပြန်လေ၏။ ။(ဝေသာလိ ပြည်ပျက်သည်ကား၊ မြတ်စွာဘုရား ပရိနိဗ္ဗာန် ပြုတော်မူသည့်နောက် သုံးနှစ်မှတည်း။ဝသကာရပုဏ္ဏား မြတ်စွာဘုရားကိုမေးလာသည်ကား၊ မြတ်စွာဘုရားသည် ဇေတဝန်ကျောင်းတော်၌ လေးဆဲ့လေးဝါမြောက် ဝါဆိုတော်မူပြီး၍ ရာဇဂြိုဟ်ပြည်သို့လာ၍။ ဂိဇ္ဈကူဋ်တောင်ကျောင်း၌ နေတော်မူသောအခါတည်း)။ ။

၅၂။ မြတ်စွာဘုရားဂိဇ္ဈကူဋ်တောင်ကျောင်း၌ သိတင်းသုံးနေစဉ်။ရဟန်းတို့အားအပရိဟာနိယတရား တို့ကိုဟောတော်မူခြင်း။

ဝသကာရပုဏ္ဏား မြတ်စွာဘုရားအထံမှဖဲ့၍မကြာမီလျှင် မြတ်စွာ ဘုရားသည် အရှင်အာနန္ဒာကိုခေါ်၍။ အာနန္ဒာ၊ အကြင်မျှလောက်သော ရဟန်းတို့သည် ရာဇဂြိုဟ်ပြည်ကို မှီ၍ နေကုန်၏။ ထိုမျှလောက်သော ရဟန်းတို့ကို ယသအခါ၌ စည်းဝေးစေလော့ဟု မိန့်တော်မူ၏။ အရှင် အာနန္ဒာသည်၊ကောင်းပြီအရှင်ဘုရားဟုဝန်ခံ၍။ ရာဇဂြိုဟ်မြို့ပတ်လည် တဆဲ့ရှစ်ဆောင်သော ကျောင်းရပ်တို့တွင်၊ ဝေးသော ကျောင်းတို့သို့ တန်းခိုးကြီးသော ရဟန်းတို့ကိုစေလွှတ်၍၊ နီးသောကျောင်းတို့သို့ မိမိ ကိုယ်တိုင်သွား၍။ ငါ့အရှင်တို့၊ ညီမျှရာစရပ်၌ ငါ့ရှင်တို့၏စည်းဝေးခြင်း ကို မြတ်စွာဘုရားသည် အလိုတော်ရှိ၏။ ယသအခါ ငါ့ရှင်တို့စည်းဝေး ကုန်လော့ဟုနှိုးဆော်၍ စည်းဝေးကုန်ပြီးသော် အာနန္ဒာသည် မြတ်စွာ ဘုရားသို့ ကပ်၍။ ရှင်ပင်ဘုရား၊ သဃ်ာအပေါင်းသည် ညီမျှရာစရပ်၌ စည်းဝေးပါပြီ၊ ညီမျှရာစရပ်သို့ ကြွတော်မူအပ်သောအခါကို ရှင်ပင် ဘုရားသည် သိတော်မူပါလော့ဟုလျှောက်၏။ မြတ်စွာဘုရားသည်ကြွ တော်မူလာ၍ ခင်းအပ်သောဘုရားနေရာ၌ နေတော်မူလျက်၊ ချစ်သား ရဟန်းတို့၊ သင်တို့အား အပရိဟာနိယတရား ခုနစ်ပါးကို ငါဟောအံ့။ သင်တို့သည် နာကုန်လော့၊ နှလုံး၌ကောင်းစွာပြုကုန်လော့ဟု မိန့်တော် မူပြီး၍။ ချစ်သားရဟန်းတို့၊အကြင်မျှလောက်သောကာလပတ်လုံး သင် ရဟန်းတို့သည် မပြတ်စည်းဝေးကုန်၏။ စည်းဝေးခြင်းများကုန်၏။ ထို မျှလောက်သောကာလပတ်လုံး ရဟန်းတို့အား စည်ပင်ပြန့်ပွါးခြင်းကို

သာအလိုရှိအပ်၏။ ယုတ်ခြင်းကိုအလိုမရှိအပ်။ အကြင်မျှလောက်သော ကာလပတ်လုံး ရဟန်းတို့သည် အညီအညွတ်ထကုန်လတ္တံ့။ အညီအညွတ် သဃ်ိကိစ္စကိုပြုကုန်လတ္တံ့။ ထိုမျှလောက်သော ကာလပတ်လုံး သင်ရဟန်းတို့အား စည်ပင် ပြန့်ပွါးခြင်းကိုသာ အလိုရှိအပ်၏။ ယုတ်ခြင်းကို အလိုမရှိအပ်။ အကြင်မျှလောက်သော ကာလပတ်လုံး ရဟန်းတို့သည် ဘုရားမပညတ်သည်ကို မပညတ်ကုန်လတ္တံ့။ ဘုရားပညတ်တော်မူသောသိက္ခာပုဒ်ကို မဖျက်ကုန်လတ္တံ့။ ပညတ်အပ်သောသိက္ခာပုဒ်တို့၌ ဆောက်တည်၍ ကျင့်ကုန်လတ္တံ့။ ထိုမျှလောက်သော ကာလပတ်လုံး သင်ရဟန်းတို့အား ပြန့်ပွါးခြင်းကိုသာ လိုအပ်ကုန်၏။ ယုတ်သည်မဖြစ်ရာ။ အကြင်မျှလောက်သောကာလပတ်လုံး ရဟန်းတို့သည် ညွှန့်၏အဝိုင်းအခြားကဲ့သို့ခြင်းများကုန်သော၊ ရဟန်းပြု၍ကြာမြင့်ကုန်ပြီးသော မထေရ်ကြီးတို့ကို အရိုအသေအလေးအမြတ် ပြုကုန်လတ္တံ့။ ပူဇော်ကုန်လတ္တံ့။ ထိုမထေရ်ကြီးတို့၏စကားကိုနားထောင်ကုန်လတ္တံ့။ ထိုမျှလောက်သော ကာလပတ်လုံး သင်ရဟန်းတို့အား ပြန့်ပွါးခြင်းကိုသာအလိုရှိအပ်၏။ ယုတ်သည်မဖြစ်ရာ။ အကြင်မျှလောက်သောကာလပတ်လုံး ရဟန်းတို့သည် ဘဝသစ်ကိုတဘန်ဖြစ်စေတတ်သော၊ ဖြစ်ဆဲသောတဏှာ၏ အလိုသို့မလိုက်ကုန်လတ္တံ့။ ထိုမျှလောက်သော ကာလပတ်လုံး သင်ရဟန်းတို့အား ပြန့်ပွါးခြင်းကိုသာ လိုအပ်၏။ ယုတ်သည်ကို မလိုအပ်။ အကြင်မျှလောက်သောကာလပတ်လုံး ရဟန်းတို့သည် တောကျောင်း နေခြင်းတို့၌ ဇဲကွက်ခြင်းရှိသည် ဖြစ်ကုန်လတ္တံ့။ ထိုမျှလောက်သော ကာလပတ်လုံး သင်ရဟန်းတို့အား ပြန့်ပွါးခြင်းကိုသာ လိုအပ်၏။ ယုတ်သည်မဖြစ်ရာ။ အကြင်မျှလောက်သောကာလပတ်လုံး ရဟန်းတို့အား မသာကုန်သေးသောသိလကို ချစ်ကုန်သောရဟန်းတို့သည်အဘယ်သို့လျှင်လာဓါကုန်အံ့နည်း။ လာကုန်ပြီးသောသိလကိုချစ်ကုန်သောရဟန်းတို့သည်း ချမ်းသာစွာနေပါကုန်အံ့နည်းဟူ၍ သတိကို ဖြစ်စေကုန်လတ္တံ့။ ထိုမျှလောက်သော ကာလပတ်လုံး သင်ရဟန်းတို့အား ပြန့်ပွါးခြင်းကိုသာ လိုအပ်၏။ ယုတ်သည်ကို မလိုအပ်။ ချစ်သားရဟန်းတို့၊ အကြင်မျှလောက်သောကာလပတ်လုံး ဤရုန်စ်ပါးကုန်သော အပရိဟာနိယတရားတို့သည် ရဟန်းတို့၌စွဲကျန်ကုန်လတ္တံ့။ ရဟန်းတို့သည် ဤရုန်စ်ပါးသောတရားတို့၌ ထင်ကုန်လတ္တံ့။ ထိုမျှလောက်သော

ကာလပတ်လုံးရဟန်းတို့အားပြန့်ပွါးခြင်းကိုသာလိုအပ်၏။ ယုတ်သည်ကိုမလိုအပ်။ ။ချစ်သားရဟန်းတို့၊ တပါးကုန်သော အပရိဟာနိယတရား ခုနှစ်ပါးတို့ကိုလည်း ဟောအံ့။ ချစ်သား ရဟန်းတို့၊ အကြင်မျှလောံဿသောကာလပတ်လုံး ရဟန်းတို့သည် အမှုဌဿမွေ့လျော်ကုန်သည်၊ အမှုဌဿမွေ့လျော်ခြင်းကို ယှဉ်ကုန်သည် မဖြစ်ကုန်လတ္တံ့။ စကားဌဿ မွေ့လျော် ကုန်သည်၊ စကားဌဿ မွေ့လျော်သော အဖြစ်ကို ယှဉ်ကုန်သည် မဖြစ်ကုန်လတ္တံ့။ အိပ်ခြင်းဌဿ မွေ့လျော်ကုန်သည်၊ အိပ်ခြင်းဌဿ မွေ့လျော်သည်၏အဖြစ်ကိုယှဉ်ကုန်သည်မဖြစ်ကုန်လတ္တံ့၊ ဂိဏ်းအဿွေအရံဌဿ မွေ့လျော်ကုန်သည်။ ဂိဏ်းအဿွေအရံဌဿ မွေ့လျော်သောအဖြစ်ကိုယှဉ်ကုန်သည်မဖြစ်ကုန်လတ္တံ့။ ယုတ်မာသောအလိုရှိကုန်သည်၊ ယုတ်မာသော အလို၏နှိုင်ငံသို့လိုက်ကုန်သည်မဖြစ်ကုန်လတ္တံ့။ ယုတ်မာသောအဆွေခင်ပွန်းရှိကုန်သည်၊ ယုတ်မာသော အဆွေခင်ပွန်းသို့ ကိုင်းညွတ်သော အဖြစ်ရှိကုန်သည်မဖြစ်ကုန်လတ္တံ့။ အနည်းမျှသောစျာန်မဂ်ဖိုလ်အထူးကိုရသဖြင့်၊ ထိုတရားကို ရသည်၏အခြားမဲ့၌ လုံ့လကို လွှတ်ခြင်းသို့ မရောက်ကုန်လတ္တံ့။ ထိုမျှလောက်သောကာလပတ်လုံး ရဟန်းတို့အားပွါးပြန့်ခြင်းကိုသာ လိုအပ်၏။ ယုတ်ခြင်းကို မလိုအပ်။ ချစ်သားရဟန်းတို့၊ အကြင်မျှလောက်သောကာလပတ်လုံး ရဟန်းတို့၌ဤခုနစ်ပါးသော တရားတို့သည် တည်ကုန် လတ္တံ့။ ရဟန်း တို့သည် ဤခုနစ်ပါးသော တရားတို့၌ ထင်ကုန်လတ္တံ့။ ထိုမျှလောက်သောကာလပတ်လုံး ရဟန်းတို့အား စည်ပင်ပြန့်ပွါးခြင်းကိုသာ လိုအပ်ကုန်၏။ ယုတ်ခြင်းကို မလိုအပ်။ ။ချစ်သားရဟန်းတို့၊တပါးလည်းဖြစ်ကုန်သောအပရိဟာနိယတရားခုနစ်ပါးတို့ကိုဟောဦးအံ့။ ချစ်သားရဟန်းတို့၊ အကြင်မျှလောက်သောကာလပတ်လုံး ထိုရဟန်းတို့သည် သဒ္ဓါတရားရှိကုန်သည် ဖြစ်ကုန်လတ္တံ့။ ရှက်သောနှလုံးရှိကုန်သည်ဖြစ်ကုန်လတ္တံ့။ လန့်သောနှလုံးရှိကုန်သည်ဖြစ်ကုန်လတ္တံ့။ အကြားအမြင်များကုန်သည် ဖြစ်ကုန်လတ္တံ့။ ဗဟုစ္စာဂုဏ်ခုနစ်ပါးတို့ကို ပွါးစေကုန်လတ္တံ့။ အားထုတ်အပ်သော လုံ့လရှိကုန်သည် ဖြစ်ကုန်လတ္တံ့။ ဇရုံးရှုထင်သောသတိရှိကုန်သည် ဖြစ်ကုန်လတ္တံ့။ ပညာရှိကုန်သည် ဖြစ်ကုန်လတ္တံ့။ ထိုမျှလောက်သော ကာလပတ်လုံး ပွါးခြင်းကိုသာ အလိုရှိအပ်၏။ ယုတ်ခြင်းကို့အလိုမရှိအပ်ကုန်။ ချစ်သား ရဟန်းတို့။ အကြင်မျှလောက်သော ကာလပတ်လုံး ဤအပရိ

ဟာနီယတရား ခုနစ်ပါးတို့သည် ရဟန်းတို့၌တည်ကုန်လတ္တံ့။ ရဟန်းတို့သည်ဤတရားခုနစ်ပါးတို့၌ထင်ကုန်လတ္တံ့။ထိုမျှလောက်သောကာလပတ်လုံး ရဟန်းတို့အား ပွါးပြန့် စည်ပင်ခြင်းကိုသာ အလိုရှိအပ်ကုန့်။ ယုတ်ခြင်းကို အလို မရှိအပ်ကုန်။ ။ချစ်သား ရဟန်းတို့၊ တပါးလည်းဖြစ်ကုန်သော အပရိဟာနိယတရား ခုနစ်ပါးတို့ကို ဟောဦးအံ့။ ကောင်းစွာ နာလင့်ကုန်။ ချစ်သားရဟန်းတို့၊ အကြင်မျှလောက်သော ကာလပတ်လုံး ရဟန်းတို့သည် သတိသမ္ဗောဇ္ဈင်ကိုပွါးစေကုန်လတ္တံ့။ ဓမ္မဝိစယ သမ္ဗောဇ္ဈင်ကို။ ဝိရိယ သမ္ဗောဇ္ဈင်ကို။ ပီတိ သမ္ဗောဇ္ဈင်ကို။ ပဿဒ္ဓိသမ္ဗောဇ္ဈင်ကို။ သမာဓိသမ္ဗောဇ္ဈင်ကို။ ဥပေက္ခာသမ္ဗောဇ္ဈင်ကို ပွါးစေကုန် လတ္တံ့။ ထိုမျှလောက်သော ကာလပတ်လုံး ပြန့်ပွါးခြင်းကို သာလိုအပ်၏။ ယုတ်ခြင်းကိုမလိုအပ်ကုန်။ အကြင်မျှလောက်သောကာလပတ်လုံး။ ဤတရား ခုနစ်ပါးတို့သည် ရဟန်းတို့၌ တည်ကုန်လတ္တံ့။ ရဟန်းတို့သည် ဤတရားခုနစ်ပါးတို့၌ ထင်ကုန်လတ္တံ့။ ထိုမျှလောက်သောကာလပတ်လုံး ပြန့်ပွါးခြင်းကိုသာ လိုအပ်၏။ ယုတ်ခြင်းကို မလိုအပ်ကုန်။ ။ချစ်သားတို့၊ တပါးလည်း ဖြစ်ကုန်သော အပရိဟာနိယတရားခုနစ်ပါးတို့ကို ဟောဦးအံ့။ အကြင်မျှလောက်သော ကာလပတ်လုံး။ ရဟန်းတို့သည် အနိစ္စသညာကိုပွါးစေကုန်လတ္တံ့။ အနတ္တသညာကို။ အသုဘသညာကို။ အာဒီနဝသညာကို။ ပဟာနသညာကို။ ဝိရာဂသညာကို။နိရောဓသညာကိုပွါးစေကုန်လတ္တံ့။ ထိုမျှလောက်သောကာလပတ်လုံးပွါးခြင်းကိုသာလိုအပ်၏။ယုတ်ခြင်းကိုမလိုအပ်။ ။ချစ်သား ရဟန်းတို့၊ တပါးလည်း ဖြစ်ကုန်သော အပရိဟာနိယတရား ခြောက်ပါးတို့ကို ဟောဦးအံ့။ အကြင်မျှလောက်သောကာလပတ်လုံး။ ရဟန်းတို့သည်။ သိတင်းသုံးဘော်ရဟန်းတို့၌၊ မျက်မှောက်ထင်း၊ မျက်ကွယ်ထင်း။ မေတ္တာကာယကံကို ဖွင့်ဟ ဖြစ်စေကုန်လတ္တံ့။ မေတ္တာဝစီကံကို ဖွင့်ဟဖြစ်စေကုန်လတ္တံ့။ မေတ္တာမနောကံကို ဖွင့်ဟ ဖြစ်စေကုန်လတ္တံ့။ အကြင်မျှလောက်သောကာလပတ်လုံးဟူသော်ဖြင့်လည်းကောင်း သဖြင့်ခု အပ်ကုန်သောအကြောင်းလာဘ်တို့သည်ရှိကုန်၏။ အဆုံးစွန်အားဖြင့် တသပိတ် ပြည့်ရုံမျှဇနသာ ဆွမ်းရှိကုန်၏။ ထိုသို့ သဘောရှိသော လာဘ်တို့ကို သိလရှိကုန်သော သိတင်းသုံးဘော်ရဟန်းတို့နှင့် ခွဲခြမ်းဝေဘန်၍ သုံးဆောင်လေ့ရှိသည်။ သိတင်း သုံးဘော်တို့နှင့် ဆက်ဆံ

သော သုံးဆောင်ခြင်းရှိကုန်သည်ဖြစ်ကုန်လတ္တံ့။ အကြင်မျှလောသော ကာလပတ်လုံး။ ရဟန်းတို့အား၊ မကျိုးကုန်သော၊ မပေါက်ကုန်သော၊ မပြောက်ကုန်သော၊မကျားကုန်သော၊တဏှာဇျိကျွန်အဖြစ်မှတော်လှန်ကုန်သော၊ ပညာရှိတို့ ချီးမွမ်းအပ်ကုန်သော၊ မှားသောအားဖြင့် မသုံးသပ်အပ်ကုန်သော၊ သမာဓိကို ဖြစ်စေတတ်ကုန်သော သီလတို့သည် ရှိကုန်ဏ်။ ထိုသို့သောဘောရှိသောသီလတို့၌ သိတင်းသုံးဘော်ရဟန်းတို့နှင့်မျက်မှောက်၌မှောက်၌ရင်း၊ မျက်ကွယ်၌ရင်း၊တူသောသီလရှိကုန်သည်ဖြစ်၍။ ရဟန်းတို့သည်နေကုန်လတ္တံ့။ ရဟန်းတို့အားဖြတ်သောသံသရာဝဋ်မှထွက်မြောက်ခြင်းကိုပြုတတ်သော၊ ကောင်းစွာဝဋ်ဆင်းရဲ၏ ကုန်ကြောင်းဖြစ်သောအကြင်အယူသည်ရှိ၏။ထိုသို့သောရှိသောအယူ၌။သိတင်းသုံးဘော်ရဟန်းတို့နှင့်တကွ၊ မျက်မှောက်၌ရင်း၊ မျက်ကွယ်၌ရင်း၊ တူသောအယူရှိကုန်သည်ဖြစ်၍ရဟန်းတို့သည်နေကုန်လတ္တံ့။ ထိုမျှလောသော်ကာလပတ်လုံး ပြန့်ပွါးခြင်းကိုသာ လိုအပ်၏။ ယုတ်ခြင်းကို မလိုအပ်ကုန်။ ချစ်သားရဟန်းတို့။ အကြင်မျှလောက်သော ကာလပတ်လုံး။ ဤအပရိဟာနိယတရား ခြောက်ပါး တို့သည် ရဟန်းတို့၌ တည်ကုန်လတ္တံ့။ ဤအပရိဟာနိယတရားခြောက်ပါးတို့၌ ရဟန်းတို့သည် ထင်ကုန်လတ္တံ့။ ထိုမျှလောကဲ့သောကာလပတ်လုံး ရဟန်းတို့အား ပြန့်ပွါးစည်ပင်ခြင်းကိုသာ လိုအပ်၏။ ယုတ်ခြင်းကို မလိုအင်ကုန်။ ။ဤသို့လျှင် မြတ်စွာဘုရားသည် လေးဆဲ့လေးဝါမြောက်၊ သာဝတ္ထိပြည်၌နေတော်မူ၍၊ ဝါကျွတ်လျှင်၊ ဝဇ္ဇိမင်းတို့အား အပရိဟာနိယတရားခုနစ်ပါး။ ရဟန်းတို့အား အပရိဟာနိယတရား ခုနစ်ပါး၊ ခြောက်ပါး။ ဤအပရိဟာနိယတရားတို့ကို ဟောတော်မူပြီးလျှင်။ ဂိဇ္ဈကူဋ်တောင်ကျောင်း၌နေတော်မူ၍။ ဇာတိ သိလံ၊ဇာတိ သမာဓိ၊ဇာတိ ပညာ။ သီလပရိဘာဝိတော သမာဓိမဟပ္ဖလောဟောတိ မဟာနိသံသော။သမာဓိပရိဘာဝိတာပညာမဟပ္ဖလာ ဟောတိ မဟာနိသံသာ။ပညာပရိဘာဝိတံ စိတ္တံ သမ္မဒေဝ အာသဝေဟိ ဝိမုစ္စတိ။သေယျထိဒံ။ကာမာသဝါဘဝါသဝါ အဝိဇ္ဇာသဝါတိ။ ။ဟူသော ဤတရားကို များစွာပြောဟော့လေ့ကို ပြုတော်မူ၏။ အဓိပ္ပါယ်ကား။ သီလသည် ဤသို့ဖြစ်၏။ သမာဓိသည် ဤသို့ဖြစ်၏။ ပညာသည် ဤသို့ဖြစ်၏။ သီလဖြင့် ထုံအပ်သော သမာဓိသည် များသောအကျိုးရှိ၏။ များသောအကျိုးဆက်ရှိ၏။ သမာဓိဖြင့်

ထုံအပ်သောပညာသည်များသောအကျိုးရှိ၏။ များသောအကျိုးဆက်ရှိ၏။ ပညာဖြင့်ထုံအပ်သောစိတ်သည် ကောင်းစွာသောလျှင်အာသဝေါတရားတို့မှ လွတ်လွယ်၏။ ဤအာသဝေါတရားဟူသော်ကား။ ကာမာသဝ၊ ဘဝါသဝ၊ အဝိဇ္ဇာသဝတည်း။ ဤအာသဝေါတရားတို့မှလွတ်၏ဟူလိုသော်။ ။

၅၃။ ပါဠိုလိရွာ၊အာဝသထောဂါရဋ္ဌသိတင်းသုံးနေလျက်။ပါဠိုလိရွာသားတို့အား၊သိလဝိပတ္တိအပြစ် ၅ ပါး၊သိလသမ္ပတ္တိအကျိုး ၅ ပါးတို့ကိုဟောတော်မူခြင်း။

ထိုရောအခါ မြတ်စွာဘုရားသည်ရာဇဂြိုဟ်ပြည်မှလျှောသောအတိုင်းနေတော်မူ၍၊အခြင်အာနန္ဒာကို အာနန္ဒာ၊အကြင်အရပ်၌ အမှုလည်ကာသည်ရှိ၏။ထိုအရပ်သို့သွားကုန်အံ့ဟုခေါ်တော်မူ၏။အခြင်အာနန္ဒာသည် ကောင်းပြီအခြင်ဘုရားဟု ဝန်ခံ၏။ မြတ်စွာဘုရားသည် များစွာသော ရဟန်းအပေါင်းတို့နှင့်တကွ အမှုလည်ကာသို့ ကြွတော်မူ၍။ ထိုအမှုလည်ကာ၌နေတော်မူ၏။ ထိုအမှုလည်ကာ၌လည်း။ ဇာတိသိလံ၊ဇာတိသမာဓိ၊ အစရှိသော တရားကိုသာ များစွာပြောဟောတော်မူ၏။ ။ ထိုအခါ၌ မြတ်စွာဘုရားသည် အမှုလည်ကာ၌ နေလျှောသောအတိုင်းနေတော်မူ၍။ အခြင်အာနန္ဒာကို၊ အာနန္ဒာ၊ အကြင်အရပ်၌ နာဠန္ဒာပြည်သည်ရှိ၏။ ထိုအရပ်သို့ သွားကုန်အံ့ဟု ခေါ်တော်မူ၏။ အခြင်အာနန္ဒာလည်း ကောင်းပြီအခြင်ဘုရားဟု ဝန်ခံ၍၊ မြတ်စွာဘုရားသည် များစွာသော ရဟန်းသံဃာတို့နှင့်တကွနာဠန္ဒာပြည်သို့ ကြွတော်မူ၍၊ ထိုနာဠန္ဒာပြည်၌ ပါဝါရိကသူဌေး၏သရက်ဥယျာဉ်တော်၌ နေတော်မူ၏။ ထိုအခါ၌ အခြင်သာရိပုတြာသည်။ မြတ်စွာဘုရားသို့ကပ်၍ တင့်အပ်သောအရပ်၌နေလျက် ရှိခိုး၍။ ဘုန်းဆောင် ကြီးသော ရှင်ပင်ဘုရား၊ အကျွန်ုပ်သည် ဤသို့ကြားဘူပါ၏။ အကြင်သစ္စာလေးပါးတရားကိုသိခြင်းသည်ရှိ၏။ ထိုသစ္စာလေးပါးကိုသိခြင်း၌ မြတ်စွာဘုရားထက်လွန်မြတ်သော ဘုရားမှာဟူ၍သော်ရဟန်းသည်ဌင်း၊ပုဏ္ဏားသည်ဌင်း၊မဖြစ်ဘူးလေကုန်။ ယခုလည်း မရှိ။ ဤသို့ကြောင့် အကျွန်ုပ်သည် ကြည်ညိုဖွယ်ဟု လျှောက်သော်။ သာရိပုတြာ၊ သင်သည် မြတ်သော ဤမကြောက်မရွံ့သော စကားကို ဆိုအပ်၏။ စင်စစ် မှတ်ယူအပ်သော ခြေသို့ဟောက်သော အသံကဲ့သို့

သောအသံကိုဟောက်ဖျက်။ ဤသို့အစရှိသောစကားကို မိန့်တော်မူပြီး၍ ဤတိသိလံ၊ ဤတိသမာဓိ၊အစရှိသော ဤတရားကို ရဟန်းတို့အားမျှာ စွာပြောဟောတော်မူ၏။ ။ထိုအခါမြတ်စွာဘုရားသည် နာဠန္ဒာပြည်၌ မွေလျော်တော်မူတိုင်း နေပြီး၍။ အရှင် အာနန္ဒာကို၊ အာနန္ဒာ၊ အကြင် အရပ်၌ ပါဠုလိမည်သောရွာငယ်သည် ရှိ၏၊ ထိုရွာသို့သွားအံ့ဟု ခေါ်တော်မူ၍၊ များစွာသောရဟန်းသံဃာနှင့်တကွ ပါဠုလိရွာငယ်သို့ ကြွတော်မူ၍ ရောက်လေ၏။ ပါဠုလိရွာသားဥပါသကာတို့သည် မြတ်စွာဘုရားသည် များစွာသော ရဟန်းသံဃာနှင့်တကွ ပါဠုလိရွာသို့ရောက်တော်မူလာပြီဟု ကြားကုန်ပြီးလျှင်၊ မြတ်စွာဘုရားသို့ ကပ်လာကုန်၍၊ မြတ်စွာဘုရားကိုရှိခိုး၍၊ တင့်အပ်သောအရပ်၌ နေကုန်ပြီးသော်။ ဘုန်းတော်ကြီးသောရှင်ပင်ဘုရား၊ ရှင်ပင်ဘုရားသည် အာဝသထာဂါရကို သည်းခံတော်မူပါဟု လျှောက်၏။ မြတ်စွာဘုရားသည် တုဏှီဘာဝဖြင့် သည်းခံတော်မူ၏။ ။အာဝသထာဂါရဟူသည်ကား။ ဥည့်သည်တို့ တဲဝိမဲ့သောဌါ ဆောက်သော စရပ်တည်း။ ပါဠုလိရွာ၌ အဇာတသတ်မင်း၊ လိစ္ဆဝိမင်းတို့၏ မင်းချင်းယောကျ်းတို့သည် လာကုန်၍။ အိမ်ရှင်တို့ကို အိမ်မှ ထုတ်ပြီးလျှင်၊ တလင်း၊ လခွပတ်လုံးဂင်း၊ အခါခပ်သိမ်းမပြတ်လျှင်နေလာကုန်၏။ ထို့ကြောင့် ထိုသို့တို့လာသောအခါ၌ နေရာဖြစ်လတ္တံ့ဟု ရွာလယ်၌ ကြီးစွာသောစရပ်ကို ဆောက်၍။ ထိုစရပ်တွင် တရားသော အရပ်၌ ဥစ္စာထားရာ။ တရားသောအရပ်၌ လူနေရာတို့ကိုဖြူကုန်၏။ ။ထိုပါဠုလိရွာသားဥပါသကာတို့သည် မြတ်စွာဘုရားရှေ့တော်မှာလာ၏ဟုကြားလျှင် ငါဟို့သည် မြတ်စွာဘုရားကို သွား၍သော်လည်း ပင့်ဆောင်အပ်သည် ဖြစ်လျက်။ မြတ်စွာဘုရားသည် အထိုထို ပင် ငါတို့ရွာသို့ကြွတော်မူလာပေ၏။ ယခုမြတ်စွာဘုရားအား အာဝသထာဂါရ၌ မင်္ဂလာစကားကိုဆိုစေအံ့ဟုကြံကုန်ပြီးသော်။ ဘုရားတို့မည်သည်တော်ကိုအလိုရှိ၏။ တော်၌မွေလျော်ကုန်၏။ ရွာတွင်း၌နေခြင်းငှါ အလိုရှိအံ့လော မရှိအံ့လောဟု မသိကုန်သည်ဖြစ်၍။ အာဝသထာဂါရကို မသုတ်သင်မပြင်ဆင်ဦးဘဲ မြတ်စွာဘုရားသို့ကပ်လာကုန်၍။ အာဝသထာဂါရကို သည်းခံတော်မူပါဟု လျှောက်၍ ဘုရား ဝန်ခံတော်မူသောအခါ၌ သုတ်သင် ပြင်ဆင်အံ့သောငှါ အာဝသထာဂါရသို့ လာကုန်၍။ အလုံးစုံသော အာဝသထာဂါရ၌ နေရာခင်းပြီးလျှင်၊ တရားသော

အရပ်၌ မြတ်စွာဘုရားကိုကျိန်းစေအံ့ဟု တင်းထိမဖြင့်ကာရံ၍ ညောင်စောင်းခင်းထားကုန်၍။ ရေဖြင့်ပြည့်သော စဉ့်ဒိုးတို့ကိုတည်၍။ ဆီမီးတို့ကိုထွန်းစေ၍၊ တဘန် မြတ်စွာဘုရားသို့ ကပ်လာကုန်ပြီးမှ။ မြတ်စွာဘုရားကိုရှိခိုးပြီးလျှင်။ ဘုန်းတော်ကြီးသော ရှင်ပင်ဘုရား၊အာဝသထာဂါရုဒ္ဓ အလုံးစုံကိုနေရာအပြည့်ခင်းအပ်ကုန်ပြီ။ ရေဖြင့်ပြည့်သောစဉ့်ဒိုးတို့ကို တည်အပ်ကုန်ပြီ။ ဆီမီးထွန်းအပ်ကုန်ပြီ။ ရှင်ပင်ဘုရားသည် ထိုစရပ်သို့ကြွအံ့သောအခါကို သိတော်မူ၍လှုပ်ရှား၍ လျှောက်ကုန်၏။ ထိုညချမ်းသောအခါ၌ မြတ်စွာဘုရားသည် သပိတ်သင်္ကန်းတို့ကိုအာနန္ဒာအား ယူစေ၍။ များစွာသော ရဟန်းသံဃာနှင့်တကွ အာဝသထာဂါရုဒ္ဓသို့ကြွတော်မူ၍၊ ခြေတော်တို့ကိုဆေးပြီးလျှင် စရပ်တွင်းသို့ဝင်၍။အလယ် သည်တိုင်ကိုမြတ်စွာဘုရားသည်မှီ၍ အရှေ့သို့ရှေးရှုနေတော်မူ၏။ ရဟန်းသံဃာသည်လည်း ခြေတော်တို့ကို ဆေးကုန်၍ စရပ်တွင်းသို့ ဝင်ပြီးလျှင် မြတ်စွာဘုရား၏ နောက်တော်မှ နံရံကိုမှီ၍ အရှေ့သို့ မျက်နှာပြုလျက် နေကုန်၏။ မြတ်စွာဘုရားကိုရှေ့ထား၍ နေကုန်၏။ ပါဋလိပုတ္တဂါမသားဥပါသကာတို့သည်လည်း ခြေဆေးကုန်လျက် စရပ်တွင်းသို့ဝင်ကုန်၍ အရှေ့နံရံကိုမှီကုန်ပြီးလျှင် အနောက်သို့မျက်နှာထားသဖြင့် ဘုရားကိုရှေးရှုပြု၍နေကုန်၏။ မြတ်စွာဘုရားကို ရှေ့ထား၍ နေကုန်၏။ထိုအခါ မြတ်စွာဘုရားသည်။ပါဋလိပုတ္တဂါမသားဥပါသကာတို့အား။ ပဋ္ဌမေ ဂဟပတယော အာဒီနဝါ ဒုဿီလဿ သီလဝိပတ္တိယာ၊ အစရှိသောအားဖြင့် သီလဝိပတ္တိသုတ်ကို ဟောတော်မူ၏။ ။ထိုသုတ်၌အဓိပ္ပါယ်ကား။ သူကြွယ်တို့၊ သီလမရှိသောသူအား။ သီလပျက်ခြင်းကြောင့်၊ ငါးပါးကုန်သောအပြစ်တို့သည် ထင်ကုန်၏။ ငါးပါးဟူသည်ကား။ အကြင်သူသည် သီလပျက်၏။ ထိုသူအား မွေလျှော်ခြင်းကိုအကြောင်းပြု၍ ကြီးစွာသော စည်းစိမ်ဥစ္စာ၏ ဆုံးပါးခြင်းသည် ဖြစ်၏။ ဤသည်လျှင် ရှေးဦးစွာသော အပြစ်တည်း။ ထိုသီလမရှိသော ပုဂ္ဂိုလ်အား မကောင်းသော ကျော်စောသံသည် နှံ့၍တက်၏။ ဤသည်လျှင် နှစ်ခုမြောက်သောအပြစ်တည်း။ ထိုသီလမရှိသောပုဂ္ဂိုလ်အား။ အကြင်အကြင်သော ပရိသတ်သို့ဝင်၊ပုဏ္ဏားသူကြွယ်၊ ရဟန်းပရိသတ်သို့ဆည်းကပ်၏။ ထိုထိုသော ပရိသတ်သို့ မျက်နှာမသာသည်၊ခဲခဲရဲရဲသည်ဖြစ်၍ဆည်းကပ်ရ၏၊ ဤသည်ကျျင် သုံးခုမြောက်သော အပြစ်တည်း။ ထိုသီလမရှိ

သောပုဂ္ဂိုလ်သည်၊ ဓိုက်မဲတွေဝေလျက်သေရ၏။ ဤသည်လျှင် လေးခု မြောက်သောအပြစ်တည်း။ထိုသီလပျက်စီးသောသူသည် သေသည်၏ အခြားမဲ့၌ မကောင်းသောသူတို့၏သားရာဖြစ်သောဝေဒနာကို ခံစားရလေ၏။ ဤသည်လျှင်ငါးခုမြောက်သောအပြစ်တည်း။ ဤငါးပါးသောအပြစ်တို့သည် သီလမရှိသောပုဂ္ဂိုလ်အား သီလပျက်သောကြောင့်ဖြစ်၏၊ ဟူလို သည်။ ။ထို့နောင်မှ။ပဋိမေဂဟပတယောအာနိသံသာသီလဝတောသီလသမ္ပဒါယ။ကတမေပဋ္ဌ၊ စသည်ဖြင့် သီလသမ္ပဒါသုတ်ကို ဟောတော်မူ၏။ ။ထိုသုတ်၌ အဓိပ္ပါယ်ကား။ သူကြွယ်တို့၊သီလရှိသောသူအား သီလပြည့်စုံခြင်းကြောင့် ငါးပါးသောအကျိုးတို့သည်ဖြစ်ကုန်၏။ ငါးပါးကား။ သီလရှိသော သီလနှင့်ပြည့်စုံသောသူသည်-ကုသိုလ်ဓမ္မ၌ မဖေ့မလျော့ခြင်းကို အကြောင်းပြု၍ ကြီးစွာသော စည်းစိမ်ဥစ္စာကိုရ၏။ကောင်းသောကျော်စောသံသည် နှံ့၍တက်၏။ မင်းပုဏ္ဏားသူကြွယ်ရဟန်းပရိသတ်တို့သို့ ရဲရင့်သည်ဖြစ်၍၊ မျက်နှာ ရှင်သန်းသည်ဖြစ်၍ ဆည်းကပ်ရ၏။ မတွေမဝေသည်ဖြစ်၍ သေခြင်းကိုပြုရ၏။ သေသည်၏အခြားမဲ့၌ သီလနှင့်ပြည့်စုံသောသူသည်နတ်ရွာသို့လားရ၏။ သီလရှိသောသူအား သီလနှင့်ပြည့်စုံခြင်းကြောင့် ဤအကျိုးငါးပါးတို့သည်ဖြစ်ကုန်၏ဟူလိုသည်။ ။ဤသို့အစရှိသောအားဖြင့် များစွာသောဥစ္စာတို့ပတ်လုံး နှစ်သိမ့်စေ၍။ရွှင်စေ၍။ထက်စေ၍။ဆောက်တည်စေ၍။ လွှတ်လိုက်၏။ သူကြွယ်တို့၊ ညဉ့်ဦးယံသည် လွန်ပြီ။ အကြင်သွားခြင်းအခါသည်ရှိ၏။ ထိုအခါကိုသိကုန်လော့မိန့်တော်မူ၍လွှတ်လိုက်၏။ မြတ်စွာဘုရားသည် ထိုဒါယကာတို့ရှိခိုး၍ လက်ျာရစ်လှည့်၍ သွားလေကုန်ပြီးသည်ရှိသော်တင်းထိမတွင်းသို့ဝင်၍ကျိန်းစက်တော်မူ၏။ ။

၅၄။ မြတ်စွာဘုရားသခင်၊ပါဠိုလိရွာ၊
အာဝသထာဂါရ၌သီတင်းသုံးနေစဉ်၊အဓာတသတ်မင်း၏အမတ်၊
သုနိဓ၊ဝဿကာရတို့သည်ဝဇ္ဇီမင်းတို့ကိုဖြိုအံ့သောဌာ၊
ပါဠိုလိရွာ၌မြို့တည်လှာသည်ကိုပြုရာ။

ထိုရောအခါ သုနိဓ၊ဝဿကာရအမတ်ရှိကုန်သော် အဓာတသတ်မင်း၏အမတ်ကြီးတို့သည်ဝဇ္ဇီမင်းတို့အားပေးအပ်ဖသောအခွန်အတုတ်

ကို မြစ်အုံသေးဌါ အဓာတသတ်မင်း ဧစအပ်သည်ဖြစ်၍။ ပါဠုလိရွာ ငယ်၌ မြို့တည်ထောင်ကုန်၏။ထိုအခါ တစုတစု၌ တထောင်တထောင် အစုရှိကုန်သောနတ်တို့သည်။ ပါဠုလိရွာ၌မင်းအမတ်စသည်တို့၏အိမ် ရာကို သိမ်းဆည်းကုန်၏။ အကြင် အရပ်အဘို့တို့၌ တန်းခိုး ကြီးကုန် သောနတ်တို့သည် နေရာအလိုဌါသိမ်းဆည်းကုန်၏။ ထိုနေရာ၌တန်းခိုး ကြီးကုန်သောမင်းအမတ်တို့၏အိမ်တို့ကိုဘန်ဆင်းစိမ့်သောဌါ ထိုမင်း အမတ်တို့၏စိတ်ကိုညွှတ်စေကုန်၏။ အလတ်ဖြစ်သော တန်းခိုးရှိကုန် သောနတ်တို့သည်နေရာအလိုဌါသိမ်းဆည်းကုန်သောနေရာအဘို့တို့၌ အလက်သောတန်းခိုးရှိကုန်သော မင်းအမတ်တို့၏အိမ်တို့ကိုဘန်ဆင်း စိမ့်သောဌါ ထိုမင်းအမတ်တို့၏ စိတ်တို့ကို ညွှတ်စေကုန်၏။ တန်းခိုး နည်းသောနတ်တို့ သိမ်းဆည်းအပ်သောနေရာအဘို့တို့၌၊ တန်းခိုးငယ် ကုန်သော မင်း အမတ်တို့၏ အိမ်တို့ကို ဘန်ဆင်းစိမ့်သောဌါ။ ထိုမင်း အမတ်တို့၏စိတ်တို့ကို ညွှတ်စေကုန်၏။ ထိုအိမ်ရာဘန်ဆင်းကုန်သော ဗိသုကာဆရာတို့သည်ကား ဖိဖိတို့၏ အတတ် အာနုဘော် အားဖြင့်။ မြေအောက် အဝတောင် သုံးဆယ်မျှလောက်သော အရပ်၌။ ဤအရပ်၌ နဂါးတို့သည် ယူကုန်၏။ ဤအရပ်၌ ဘီလူးယူ၏။ဤအရပ်၌ မြေဘုတ် ယူ၏။ဤအရပ်၌ ကျောက်ရှိ၏။ ဤအရပ်၌ သစ်ငုတ်ရှိ၏ဟု မြင်ကုန်၏။ ထိုအခါ ဗိသုကာဆရာတို့သည်။ အတတ်မန္တရားကို စုတ်၍ နတ်တို့နှင့် စာကွတိုင်ပင်ကုန်သကဲ့သို့ဘန်ဆင်းကုန်၏။ နတ်တို့သည်လည်း ထိုဗိသု ကာဆရာတို့၏ ကိုယ်တွင်းခွင်၌ ထိုသို့သောအိမ်ရာတို့ကို ဘန်ဆင်း စိမ့်သောဌါ ထိုဆရာတို့၏စိတ်ကို ညွှတ်စေကုန်၏၊ မသဒ္ဓါသောနတ် တို့သည် မသဒ္ဓါသောမင်းအမတ်စသည်တို့၏အိမ်တို့ကို ဘန်ဆင်းစိမ့် သောဌါ ညွှတ်စေကုန်၏။ ရတနာသုံးပါးခွ် သဒ္ဓါသော နတ်တို့သည်။ ရတနာသုံးပါးခွ် သဒ္ဓါကုန်သော မင်းအမတ်စသည်တို့၏အိမ်ကို ဘန် ဆင်းစိမ့်သောဌါ ညွှတ်စေကုန်၏။ ။အဘယ်ကြောင့် ဤကဲ့သို့ညွှတ် စေသနည်း ဟူမူကား။ သဒ္ဓါသောနတ်တို့အား ဤသို့စိတ်အကြံသည် ဖြစ်၏။ဤအရပ်၌ လူတို့သည်အိမ်ဘန်ဆင်းကုန်လတ္တံ့။"ဂျူဠီ ဗွာရဟန်း သဃ်ာတော်တို့နေ၍ မင်္ဂလသုတ်ကို ဟောတော်မူကုန်လတ္တံ့။" ငါတို့ သည် သိလရှိသောအရှင်တို့ကိုဖူးမြင်ရကုန်သတ္တံ့၊ တရားတော်ကိုနာရ ကုန်လတ္တံ့။"ပြဿနာအဖြေကိုနာရကုန်လတ္တံ့။"အနုမောဒနာကိုပြုရကုန်

လတ္တံ့။လူတို့သည် အလှူပေးကုန်၍ ငါတို့အား အတို့ကိုဝေကုန်လတ္တံ့။ ဤသို့ အကြံဉာဏ်ကုန်သေ၊ကြောင့်။ သင်္ခါသောနတ်တို့သည် သင်္ခါသော သူတို့၏အိမ်ကို ဘန်ဆင်းစေခြင်းငှါ ဗိသုကာဆရာတို့၏စိတ်ကို ညွှတ်စေကုန်သတည်း။ ။ထိုရောအခါ၌ မြတ်စွာဘုရားသည်လူတို့၏မျက်စိအမြင်ကိုလွန်သော၊နတ်တို့၏မျက်စိဖြင့်။ တထောင်တထောင်အစုရှိကုန်သောနတ်တို့သည်။ ပါဋလိရွာ၌အိမ်ရာတို့ကိုသိမ်းယူကုန်သည်တို့ကိုမြင်တော်မူ၍။ ထိုညဉ့်ဖိုးသောက်သောအခါ၌ အရှင်အာနန္ဒာကိုခေါ်၍၊ ချစ်သားအာနန္ဒာ၊အဘယ်သူသည် ပါဋလိရွာ၌ မြို့ဘန်ဆင်းသနည်းဟုမေးတော်မူသဖြင့်။ ဘုန်းတော်ကြီးသောရှင်ပင်ဘုရား၊ သုနိဓ၊ဝဿကာရ အမတ်တို့သည်။ ဝဇ္ဇီမင်းတို့အား အခွန်အတုတ်ကို မြစ်ခြင်းငှါ ပါဋလိရွာ၌ မြို့ဘန်ဆင်းကုန်၏ဟုလျှောက်သော်။ အာနန္ဒာ၊ တာဝတိံသာနတ်တို့နှင့်တိုင်ပင်၍ ဘန်ဆင်းကုန်သကဲ့သို့၊ ထိုအတူ သုနိဓပုဏ္ဏား၊ ဝဿကာရပုဏ္ဏားအမတ်တို့သည်။ ဝဇ္ဇီမင်းတို့အား အခွန်အတုတ်ကို မြစ်ခြင်းငှါ၊ ပါဋလိရွာ၌မြို့ကိုဘန်ဆင်းကုန်၏။ အာနန္ဒာ၊ငါသည်ဤညဉ့်အခါ၌လျှင် လူတို့၏ မျက်စိအမြင်ကို လွန်သော နတ်တို့၏ မျက်စိဖြင့် တထောင်တထောင်အစုရှိကုန်သောနတ်တို့သည် ပါဋလိရွာ၌ အိမ်ရာတို့ကို သိမ်းယူကုန်သည်တို့ကိုမြင်၏။ တန်းခိုးကြီးသော နတ်တို့သည် တန်းခိုးကြီးသောမင်းအမတ်တို့၏အိမ်ရာတို့ကို ယူကုန်၏။ အလတ်ဖြစ်သော တန်းခိုးရှိသော နတ်တို့သည် အလတ်ဖြစ်သော တန်းခိုးရှိသောမင်းအာမတ်တို့၏အိမ်ရာတို့ကို စောင့်ယူကုန်၏။ တန်းခိုးနည်းသောနတ်တို့သည် တန်းခိုးနည်းသော မင်းအမတ်တို့၏ အိမ်ရာတို့ကို စောင့်ယူကုန်၏။ အိမ်တို့ကို ဘန်ဆင်းစိမ့်သောငှါ မိတ်တို့ကို ညွှတ်စေကုန်၏။ အာနန္ဒာ၊ ဤပါဋလိမြို့သည်၊ အကြင်မျှလောက်ကုန်သော အရိယာသူတော်ကောင်းတို့သည် ရှိကုန်၏။ ထိုမျှလောက်ကုန်သော အရိယာသူတော်ကောင် တို့၏နေရာဖြစ်ကုန်လတ္တံ့။ အကြင်မျှလောက်သော ကုန်သည်တို့သည်ရှိကုန်၏ ထိုမျှလောက်သောကုန်သည်တို့၏ဥစ္စာထုပ်ကို ဖြေ၍ဖြာကုန်လတ္တံ့။ ဇမ္ဗူ။ ဒီပါကျွန်းအလုံးဦး မရှေ့အပ်သော ဘဏ္ဍာကိုလည်း ဤပါဋလိပုတ်မြို့ဦးရလတ္တံ့။ တပါးသောအရပ်၌ရောင်းလိုသဖြင့်လာသော ကုန်သည်တို့သည်ဟူသည်း ဤမြို့ဦးသာလျှင် ရောင်းအံ့သောငှါ ဥစ္စာထုပ်တို့ကိုဖြေလတ္တံ့။ တံခါးလေးပေါက်တို့ဦး ဟူသတိန်း။ မြို့လယ်

သဘင်၌တင်နန်းအာဒီဖြင့်၊နေ့တိုင်းနေ့တိုင်း ငါးသိန်းငါးသိန်းသောအခွန် တို့သည်တက်ကုန်လတ္တံ့။ ဤမြို့သည် မြတ်သောမြို့ကြီးဖြစ်လတ္တံ့။ အာနန္ဒာ၊ ဤပါဋလိပုတ်မြို့အား၊ သုံးပါးသောအန္တရာယ်တို့သည် ဖြစ်ကုန်လတ္တံ့၊တစုသည် ဒီးကြီးလောင်၍ပျက်လတ္တံ့။ တစုသည် ဂင်္ဂါမြစ်ရေတိုက်ဒဏ်ကမ်းပြို၍ပျက်လတ္တံ့။တစုကား အချင်းချင်းမကြည်ညိုကြကုန်သည်ဖြစ်၍ ပျက်လတ္တံ့ဟု။မြတ်စွာဘုရား ဗျာဒိတ်ထားတော်မူ၏။ ။ (ဤပါဋလိပုတ်မြို့ကား။ မြတ်စွာဘုရား လေးဆဲ့ငါးဝါ မြောက်သောနှစ်တွင်တည်သောမြို့တည်း)။ ။ဤသို့ဗျာဒိတ်ထားတော်မူပြီးသော် မြတ်စွာဘုရားသည်ဂင်္ဂါမြစ်နားသို့ကြွတော်မူ၍ မျက်နှာသစ်တော်မူပြီးလျှင် ဆွမ်းခံ အခါကို ငံ့လျက် နေတော်မူ၏။ ထိုအခါ။ သုနီဓ၊ ဝဿကာရ အမတ်တို့သည်။ မြတ်စွာဘုရား ရောက်လာတော်မူကြောင်းကိုကြား၍။ ငါတို့၏မင်းသည်.ရဟန်းဂေါတမ၏ အလုပ်အကျွေး ဒါယကာတည်း။ ထိုမင်းသည်ငါတို့ကိုမေးလတ္တံ့.။ မြတ်စွာဘုရားသည် ပါဋလိရွာသို့ကြွတော်မူလေ၏။ သင်တို့သည်မြတ်စွာဘုရားသို့အဆည်းအကပ်ရောက်ကုန်၏လော၊မရောက်ကုန်လော။ သင်တို့သည်ဆွမ်းဘိတ်မန်ကုန်၏လော၊ မဘိတ်မန်ကုန်လောဟု မေးလတ္တံ့.။ ဆွမ်းမဘိတ်မန်ကုန်ဟူ၍ လျှောက်သောအခါ ငါတို့အားအပြစ်ကိုတင်၍ နှိပ်လတ္တံ့.။ဤမြို့ကိုလည်း ငါတို့သည် ထိုမြတ်စွာဘုရား၏လာရာအရပ်၌ဘန်ဆင်းကုန်၏၊ ရဟန်းဂေါတမ၏ သွားရာသွားရောအရပ်၌လည်း ‘ယုတ်မာသော သတ္တဝါတို့သည် ဖဲ့နှာင်လင့်ကုန်၏။ ထိုကြောင့် ထိုရဟန်းဂေါတမကို ငါတို့သည် မင်္ဂလာတရားကိုဟောစေကုန်အံ့ကြံပြီ၍၊အကြင်အရပ်၌ မြတ်စွာဘုရား၌၏။ထိုအရပ်သို့ကပ်လာ၍။ အရှင်ဂေါတမသည် အကျွန်ုပ်တို့၏ဆွမ်းကို ယနေ့အလို့ငှါ သဃီသာတော်နှင့်တကွ ခံတော်မူပါဟု လျှောက်၏။ မြတ်စွာဘုရားသည် တုဏှီဘောဖြင့် ဝန်ခံတော်မူ၏။ သုနီဓ၊ဝဿကာရတို့သည် ဘုရား ဝန်ခံတော်မူကြောင်းကို သိ၍။ မိမိတို့တဲ့နေရာ စရပ်သို့သွား၍၊ ထိုစရပ်၌ မွန်မြတ်သောခဲ့ဘွယ်ဘောဇဉ်တို့ကို စီရင်၍။ အရှင်ဂေါတမ၊ ဆွမ်းဘုဉ်းပေးဖော်မူအံ့သောအခါတန်ပြီ။ ဆွမ်းပြင်၍ပြီးပါပြီဟု အခါကို ကြားလျှောက်ကုန်၏။ မြတ်စွာဘုရားသည် သင်းဝိုင်ကို ပြင်ဝတ်၍၊ သင်္ကန်းကိုယူ၍၊ သဃီသာတော်နှင့်တကွထို

အမတ်တို့တဲ့ချာစရပ်သို့ကြွတော်မူ၍။ ခင်းအပ်သောနေရာ၌ နေတော်မူ၏။ ထိုအမတ်တို့သည် မွန်မြတ်သော ခဲဘွယ်ဘောဇဉ်တို့ဖြင့် မိမိတို့လက်ဖြင့် လုပ်ကျွေး၍ ရောင့်ရဲစေကုန်၏။ တန်ပြီဟု မြစ်စေကုန်၏။ ထိုအခါ သုနိဓ၊ ဝဿကာရအမတ်တို့သည်၊ မြတ်စွာဘုရားဆွမ်းစားပြီးသော်။ သဒိတ်တော်မှလက်တော်ဆျေပြီးသော်။ အမှတ်မဲ့ တပါးပါး နိမ့်သောနေရာကိုယူ၍ မြတ်စွာဘုရားကိုရိုးရိုး၍ နေကြကုန်၏။ ။မြတ်စွာဘုရားသည် ဤဂါထာတို့ဖြင့် အနုမောဒနာ ပြုတော်မူ၏။ ။ယသ္မိံ ပဒေသေ ကပ္ပေတိ၊ ဝါသံ ပဏ္ဍိတာဇာတိယော။ သိလဝန္တေတ္ထ ဘောဇေတွာ၊သုသညတေ ဗြဟ္မစရိယေ။ ။ယာ တတ္ထ ဒေဝတာ အာသုံ၊ တာသံ ဒက္ခိဏာ မာဒိသေ။တာ ပူဇိတာ ပူဇယန္တိ၊မာနိတာ မာနယန္တိ နံ။ ။တတော နံ အနုကမ္ပန္တိ၊ မာတာ ပုတ္တံဝ ဩရသံ။ ဒေဝတာနုကမ္ပိတော ပေါသော၊သဒါ ဘဒြာနိ ပသတီတိ။ ။ဤဂါထာတို့ဖြင့် အနုမောဒနာပြု၏။ ။ယသ္မိံ ပဒေသေ၊အကြင်အရပ်၌။ ပဏ္ဍိတဇာတိယော၊ပညာရှိသောသူသည်။ ဝါသံ၊ နေခြင်းကို။ ကပ္ပေတိ၊ပြု၏။ ဇတ္ထ၊ဤအရပ်၌။ သုသညတေ၊ကိုယ်နှုတ်နှလုံးစောင့်သုံးကုန်သော။ ဗြဟ္မစရိယေ၊ မြတ်သော အကျင့်ရှိကုန်သော။ သိလဝန္တေ၊ သိလ ရှိကုန်သော ရဟန်းတို့ကို။ ဘောဇေတွာ၊ဆွမ်းကျွေး၍။ ။တတ္ထ၊ထိုအရပ်၌။ ယာ ဒေဝတာ၊ အကြင်နတ်တို့သည်။ အာသုံ၊ဖြစ်ကုန်၏။ တာသံ၊ထိုနတ်တို့အား။ ဒက္ခိဏာ၊အလှူကို။ အာဒိသေ၊ပေးဝေရာ၏။ ပူဇိတာ၊လူတို့ပူဇော်အပ်ကုန်သော။တာ၊ထိုနတ်တို့သည်။ ပူဇယန္တိ၊အတုံ့ပူဇော်ကုန်၏။ မာနိတာ၊ မြတ်နိုးအပ်ကုန်သောနတ်တို့သည်။ နံ၊ထိုသူကို။ မာနယန္တိ၊အတုံ့မြတ်နိုးကုန်၏။ ။တတော၊ ထိုသို့ မြတ်နိုးသောကြောင့်။ မာတာ၊အမိသည်။ ဩရသံ၊ရင်ခွင်ဖြစ်သော။ ပုတ္တံ၊သားကို။ အနုကမ္ပကိဇ္ဇဝ၊အစဉ်စောင့်ရှောက်သကဲ့သို့။ နံ၊ထိုအိမ့်ရှင်ကို။ ဒေဝတာ၊ နတ်တို့သည်။ အနုကမ္ပန္တိ၊အစဉ်စောင့်ရှောက်ကုန်၏။ ဒေဝတာနုကမ္ပိတော၊နတ်တို့အစဉ်စောင့်ရှောက်အပ်သော။ ပေါသော၊ ယောက်ျားသည်။ သဒါ၊အခါခပ်သိမ်း။ ဘဒြာနိ၊ကောင်းသောအကျိုးစီးပွါးတို့ကို။ ပသတိ၊မြင်ရ၏။ ။ ဤသို့ အနုမောဒနာပြုပြီး၍၊ မြတ်စွာဘုရားသည် နေရာမှထ၍ ကြွတော်မူလေ၏။ ။ထိုသုနိဓ၊ဝဿကာရတို့သည် မြတ်စွာဘုရားထံ နောက်

တော်မှ အစဉ်လိုက်ကုန်၏။ ရဟန်းဂေါတမသည် အကြင်တံခါးဖြင့် ထွက်၏။ ထိုတံခါးသည် ဂေါတမတံခါးမည်သည်ဖြစ်လတ္တံ့။ အကြင် ဘုံပြင့် ဂင်္ဂါမြစ်ကဲ့ကူး၏။ ထိုဆိပ်သည် ဂေါတမဆိပ်အမည်ရှိလတ္တံ့. ဟုကြံ၍လိုက်ကုန်၏။ ထိုအခါ မြတ်စွာဘုရားထွက်တော်မူသောတံခါးသည် ဂေါတမတံခါးမည်သည်ဖြစ်၏။ ထိုအခါ မြတ်စွာဘုရားသည် မြို့မှထွက်၍ဂင်္ဂါမြစ်သို့ကပ်တော်မူလေ၏။ထိုအခါဂင်္ဂါမြစ်သည် ဂင်္ဂဖြင့်ပြည့်၏။ ကမ်းနှင့်မျှ၏။ ကမ်းထိပ်၌နေသောကျီးသည် သောက်နိုင်ကောင်းအောင်ရှိ၏။ ဤမှာဘက်မှ ထိုမှာဘက်သို့ကူးလိုကုန်သည်ဖြစ်၍ အချို့သောသူတို့သည် လှေကိုရှာကုန်၏။ အချို့ကား သစ်ကိုရှာကုန်၏။ အချို့ကားဂေါင်္ဂကိုမွှေကုန်၏။ထိုအခါမြတ်စွာဘုရားသည်။ဥပမာကား။ ခွန်အားကြီးသောယောကျ်ားသည် ကွေးသောလက်ကို ဆန့်ဘိသကဲ့သို့။ ဆန့်သောလက်ကို ကွေးဘိသကဲ့သို့။ သဃ်ာနောက်ပါနှင့် တကွ ဂင်္ဂါမြစ်၏ ဤမှာဘက်ကမ်းခွကွယ်ခဲ့၍၊ ထိုမှာဘက်ကမ်းခွင်ရှေးရှုတည်လေ၏။ ထိုအခါ မြတ်စွာဘုရားသည်၊ ဤမှာဘက်ကမ်းမှ ထိုမှာဘက်ကမ်းသို့ကူးလိုကုန်၍ လှေရှာကုန်သည်တို့ကို၊သစ်ရှာကုန်သည်တို့ကို၊ ဝါးဂေါင်ရှာကုန်သည်တို့ကိုသိတော်မူ၍။ ။ယေ တရန္တိ အဏ္ဏဝံ သရံ၊ ဧသတုံ ကတ္တာ ဝိသဇ္ဇ ပလ္လလာနိ။ ကုလ္လံဟိ ဇနာ ပဗန္ဓတိ၊နတိဏ္ဏာ မေဓာဝိနော ဇနာ။ ။ဟူသော ဂါထာဖြင့် ဥဒါန်းကျူးတော်မူ၏။ ။ ဧတေအရိယပုဂ္ဂလာ၊ အကြင်အရိယာပုဂ္ဂိုလ်တို့သည်။ အဏ္ဏဝံ၊ သမုဒ္ဒါနှင့်တူသော။ သရံ၊ တဏ္ဟာတည်းဟူသောမြစ်ကို။ တရန္တိ၊ ကူးကုန်၏။ ဧတေအရိယပုဂ္ဂလာ၊ ထိုအရိယာပုဂ္ဂိုလ်တို့သည်။ ဧသတုံ၊ အရိယမဂ်တည်းဟူသောတံတားကို။ ဝါ၊ဧဝါင်ကို။ ကတ္တာ၊ဖွဲ့သည်ကဲ့ပြု၍။ ပလ္လလာနိ၊ ညွှန်ပျောင်းဟူ၏ကို။ ဝိသဇ္ဇ၊ စွန့်၍။ တရန္တိ၊ ကူးကုန်၏။ ဟိသစ္စံ၊ မှန်၏။ နဒီ၊မြစ်ကို။ တရိတုံကာမော၊ကူးလိုသော။ ဇနော၊လူမျှသည်။ ကုလ္လံ၊ သစ်ဧဝါင်ဝါးဧဝါင်ကို။ ပဗန္ဓတိ၊ ဖွဲ့၏။ ဧမေဓာဝိနော၊ မင်္ဂလာဏ်မိုလ်ဥာဏ်နှင့် ပြည့်စုံကုန်သော။ ဇနာ၊ အရိယာဖြစ်သောသူတို့သည်၊ ကုလ္လေန၊ဧလဝဲဧဝါင်နှင့်။နတိဏ္ဏာ၊မကူးမြောက်ကုန်။ ။

၅၅။ မြတ်စွာဘုရားသည်ပါဠုလိရွာမှကောဋိကါမ၊ ထိုမှနာတိကရွာသို့ရောက်တော်မူ၍သီတင်းသုံးနေစဉ်၊ ခပ်သိမ်းစုံသောသူတို့ပင်။ ငါသည်မည်သည့်ဂတိမည်သည့်အလားရှိ၏ဟု သိနိုင်ဆုံးဖြတ်နိုင်စကောင်းသော၊ ဇမ္ဗာဒါသမည်သောတရား ကြေးမုံကဲ့အရှင်အာနန္ဒာအားဟောတော်မူခြင်း။

ထိုရောအခါ၌မြတ်စွာဘုရားသည်။အာနန္ဒာ၊ကောဋိကါမရွာသို့ငါတို့သွားကုန်အံ့ဟု အာနန္ဒာကိုခေါ်တော်မူ၍။ များစွာသောရဟန်းသင်္ဃာနှင့်တကွကြွတော်မူပြီးလျှင်ကောဋိကါမရွာ၌နေတော်မူ၏။ ။(ကောဋိကါမရွာဟူသည်ကား။ ငါတို့ဘုရားလောင်းဖြစ်သော မှဟာပနာဒမင်း၏ပြာသာဒ်ကို မဟာပနာဒမင်းမရှိသည့်နောက်၌၊ နတ်တို့သည် ဂင်္ဂါမြစ်၌ချ၍ထားကုန်၏။ ဂင်္ဂါမြစ်ရေအဟုန်ကြောင့်။ ထိုပြာသာဒ်လည်းလေသော်။ ထိုပြာသာဒ်၏ အထွတ်မျှားနှင့်မျှသော ဂင်္ဂါမြစ်နားခို ရွာတည်၍ ကောဋိကါဓဟူ၍ သမုတ်သတည်း။ ပယာဂပတိထွရွာကား။ ပြာသာဒ်စောင်းတန်းဦးတွင် တည်သောရွာတည်း။ ထိုနှစ်ရွာတို့၏ အကြားခို နှစ်ဆဲ့ငါးယူဇနာ ခြားဏ်)။ ။ထိုကောဋိကါမရွာ၌ နေတော်မူသောအခါ။ မြတ်စွာဘုရားသည်။ ရဟန်းတို့ကိုခေါ်တော်မူ၍။ စတုန်းဘိက္ခဝေ အရိယသစ္စာနံ အနနုဗောဓာ အပ္ပဋိဝေဓာ ဧဝမိဒံ ဒီဃမဒ္ဓါနံ သန္ဓာဝိတံ သံသရိတံ မမဉ္စေဝ တုမှာကဉ္စ။ ကတမေသံ စတုန်း၊အစရှိသော သုတ္တန်တရားကို ဟောတော်မူ၏။ ဤသုတ္တန်ကို ဟောပြီးသော နောင်မှလည်း။ ထိုကောဋိကါမရွာ၌နေတော်မူလျက်။ ဇာတိသိလံ၊ ဇာတိသမာဓိ၊ဇာတိပညာ၊ အစရှိသော တရားတော်ကိုလည်း အကြိမ်များစွာ ရဟန်းတို့အား ဟောကြားတော်မူ၏။ ။ထိုနောင် မွေလျှော်တော်မူသောအတိုင်း ကောဋိကါမရွာ၌နေတော်မူပြီး၍။ အရှင်အာနန္ဒာကို ခေါ်တော်မူ၍။ ချစ်သားအာနန္ဒာ၊ အကြင်အရပ်၌နာတိကရွာသည်ရှိ၏။ ထိုအရပ်သို့ငါတို့သွားကုန်အံ့မိန့်တော်မူ၍။ များစွာသောရဟန်းသင်္ဃာနှင့်တကွ ကြွတော်မူ၍ နာတိကရွာ၌အရှင်ဖြင့်စိ၍ပြုအပ်သောဇည့်သည့်တို့တဲ့ခိုရာစရပ်၌နေတော်မူ၏။ ။ထိုအခါ၌။ အရှင်အာနန္ဒာသည် မြတ်စွာဘုရားကို ရိုသေစွာရှိခိုးပြီး၍ ဗာင့်အပ်လျောက်ပတ်သောအရပ်၌ နေပြီးသော်။ မြတ်စွာဘုရားကို ဤသို့လျောက်၏။ ဘုန်းတော်ကြီးသောရှင်ပင်

ဘုရား၊ နာတိကဂ္ဂါဒ္ဒ သာလအမည်ရှိသောရဟန်းသည်သေခြင်းကိုပြု
၏။ ထိုသာလ၏တမလွန်ဘဝအလားသည်အဘယ်သို့ဖြစ်လေသနည်း။
နန္ဒာမည်သောဘိက္ခုနီမသည် သေလွန်၏။ ထိုနန္ဒာ၏အလားသည် အ
ဘယ်သို့ဖြစ်လေသနည်း။ သုဒတ္တာမည်သောဥပါသကာသည် သေလွန်
၏။ ထိုသုဒတ္တာ၏အလားသည် အဘယ်သို့ ဖြစ်လေသနည်း။ သုဇာတာ
မည်သောဥပါသိကာမသည် သေလွန်၏။ ထိုဥပါသိကာမ၏ အလား
သည်အဘယ်သို့ဖြစ်လေသနည်း။ ကုက္ကုဋမည်သောဥပါသကာသည်
နာတိကဂ္ဂါဒ္ဒသေလွန်၏။ထိုဥပါသကာ၏အလားသည် အဘယ်သို့ဖြစ်
လေသနည်း။ ကာဠိမ္ဗမည်သောဥပါသကာသည်သေလွန်၏။ထိုဥပါသ
ကာ၏အလားသည် အဘယ်သို့ဖြစ်လေသနည်း။ နိကဋမည်သောဥပါ
သကာသည်သေလွန်၏။ထိုဥပါသကာ၏အလားသည် အဘယ်သို့ဖြစ်
လေသနည်း။ ကဋိသဟမည်သောဥပါသကာသည်သေလွန်၏။ တုဋ္ဌ
မည်သောဥပါသကာသည် သေလွန်၏။ သန္တုဋ္ဌမည်သောဥပါသကာ
သည်သေလွန်၏။ ဘဒ္ဒမည်သောဥပါသကာသည်သေလွန်၏။ သုဘဒ္ဒ
မည်သောဥပါသကာသည်သေလွန်၏။ ထိုဥပါသကာ၏အလားသည်
အဘယ်သို့ ဖြစ်လေသနည်းဟု လျှောက်၏။ ။အာနန္ဒာ၊ သာလမည်
သောရဟန်းသည်အာသဝေါလေးပါးတို့၏ကုန်ခြင်းကြောင့်အရဟတ္တ
ဖိုလ်စိတ်ဖြင့် ကိလေသာမှလွတ်ခြင်းကိုပြု၍ မျက်မှောက်၌ကိုယ်တိုင်သိ၍
နွေ၏။ နန္ဒာမည်သောဘိက္ခုနီမသည်အောက်အဘို့ရှိသောသံယောဇဉ်
ငါးပါးတို့၏ ကုန်ခြင်းကြောင့် ဥပပါတ်ပဋိသန္ဓေဖြင့် ဖြဟ္မာ့ပြည်၌ နေ
လေ၏။ထိုပြည်၌ပဂိနိဗ္ဗာန်ပြုလေအံ့။ သုဒတ္တာမည်သောဥပါသကာသည်
သံယောဇဉ်သုံးပါးတို့၏ ကုန်ခြင်းကြောင့်။ ရာဂ ဒေါသ မောဟတို့၏
ခေါင်းပါးခြင်းကိုပြုသောကြောင့်သကဒါဂါမ်ဖြစ်၏။လူ့ပြည်သို့တကြိမ်
သာလာ၍ ဒုက္ခ၏အဆုံးကိုပြုလတ္တံ့။ သုဇာတာမည်သော ဥပါသိကာမ
သည် သံယောဇဉ်သုံးပါးတို့၏ ကုန်ခြင်းကြောင့် သောတာပန်ဖြစ်၏။
အပါယ်လေးပါးသို့ မကျမူ၍ နှုတ်ရှာသုဂတိလျှင် မြဲသောသဘောရှိ၏။
အထက်မဂ်တရားလျှင် လည်း၊လျော်းရာ ဖြစ်၏။ ကုက္ကုဋ မည်သော
ဥပါသိကာသည်ဩရမ္ဘာဂိယသံယောဇဉ်ငါးပါးတို့၏ကုန်ခြင်းကြောင့်
ဖြဟ္မာ့ပြည်၌ ဥပပါတ်ပဋိသန္ဓေနေလေ၏။ ထိုဖြဟ္မာ့ပြည်၌ပဂိနိဗ္ဗာန်ပြု
လေအံ့။ ကာဠိမ္ဗဥပါသကာ။ နိကဋဥပါသကာ။ကဋိသဟဥပါသကာ။

တုဋ္ဌဥပါသကာ။ သန်ဆုဋ္ဌဥပါသကာ။ ဘဒ္ဒဥပါသကာ။ သုဘဒ္ဒဥပါသကာတို့သည်။ အောက်အဘိုဋ္ဌဘွဲသော သံယောဇဉ်ငါးပါးတို့၏ကုန်ခြင်းကြောင့် ဗြဟ္မာ့ပြည်၌ ဥပပါတ် ပဋိသန္ဓေ နေလေ၏။ ထိုဗြဟ္မာ့ပြည်၌ ပရိနိဗ္ဗာန်ပြုလေအံ့။ အာနန္ဒာငါးကျိပ်အလွန်ရှိကုန်သော။ နာတိကရွာ၌ သေလွန်ကုန်သော ဥပါသကာတို့သည်။ 'အောက်အဘိုဋ္ဌ ဘွဲ့အပ်ကုန်သော သံယောဇဉ်ငါးပါးတို့၏ကုန်ခြင်းကြောင့် ဗြဟ္မာ့ပြည်၌ဥပပါတ် ပဋိသန္ဓေအားဖြင့်ဖြစ်ကုန်၏။ ထိုဗြဟ္မာ့ပြည်၌ ပရိနိဗ္ဗာန်ပြုလေကုန်အံ့။ အလွန်နှင့်တကွ ကိုးကျိပ်ကုန်သော နာတိကရွာ၌ လွန်ကုန်သော ဥပါသကာတို့သည်သံယောဇဉ်သုံးပါးတို့၏ကုန်ခြင်းကြောင့်။ ရာဂဒေါသမောဟတို့၏ ငဲ့ခိုင်းပါးသောကြောင့်။ သကဒါဂါမ် ဖြစ်ကုန်ပြီ။ ဤလူပြည်သို့ တကြိမ်မျှလာ၍ ဒုက္ခ၏အဆုံးကိုပြုကုန်လတ္တံ့။' 'ချစ်သား အာနန္ဒာ။ တကျိပ်အလွန်ရှိကုန်သော ငါးရာကုန်သောဥပါသကာတို့သည်။ သံယောဇဉ်သုံးပါးတို့၏ ကုန်ခြင်းကြောင့် သောတာပန်ဖြစ်ကုန်ပြီ။ မြဲသောဂတိရှိ၏။ သစ္စာဆယ်လေးပါးတရားလျှင်လည်းလျော်ရာဖြစ်၏။'ဤသို့ မိန့်ပြီး၍။ စင်စစ်သော်ကား၊ ချစ်သားအာနန္ဒာ၊ အကြင်အကြင် လူဖြစ်သောသူသည်သေ၏။ ထိုသူသေရာ၌၊ ငါဘုရားသို့ကပ်၍ ထိုသူ၏ဂတိကိုအကြင်ကြောင့်မေးကုန်လတ္တံ့။ ဤသို့မေးဖြင်းသည် မဆွေ့ပတ်။ ဤသို့မေးခြင်းသည်ငါဘုရားအားပင်ပန်းစေသည်ဖြစ်ရာ၏။ထို့ကြောင့်ကား။ အာနန္ဒာ၊ဤလောက၌။ လူတို့၏မျက်နှာရိပ်ကို ကြည့်ရာဖြင်သော ကြေးမုံကဲ့သို့၊ တမလွန်သို့သွားလေကုန်သောသူတို့၏ဂတိကိုကြည့်ရာဖြစ်သော တရားတည်းဟူသော ကြေးမုံကို ငါဟောအံ့။ အကြင်တရားနှင့်ပြည့်စုံသော အရိယာတပည့်သည်။ မိမိသည်ပင် မိမိကိုယ်ကို ငါသည် ငရဲ၌ဖြစ်ခြင်းကုန်ပြီ။ တိရစ္ဆာန်အမျိုးဌ ဖြစ်ခြင်းကုန်ပြီ။ ပြိတ္တာဌ ဖြစ်ခြင်း ကုန်ပြီ။ အသုရကာယ်၌ ဖြစ်ခြင်းကုန်ပြီ။ အပါယဒုဂ္ဂတိသည် ကုန်ပြီ။ ပျက်စီးသောသဘောမရှိပြီ။ သစ္စာဆယ်လေးပါးလျှင်လည်းလျော်ရာဖြစ်ပြီဟု ကြားလိုသည်ရှိသော် ကြားရာ၏။ထိုတရားတည်းဟူသော ကြေးမုံကို ဟောအံ့။ တရားဒေသနာကို ဆုဟောအံ့။ ထိုတရားသည် အာဘယ်နည်းဟူမူကား။ ဣဓဝေနန္ဒ အရိယသာဝကော ဇာနာတိ အဂေစ္ဆပဋိသာဒေန သမန္နာဂတော ဟောတိ ဣတိပိ သောကာဂတိ၊ အရဟံ၊ သမ္မာသမ္ဗုဒ္ဓါ၊ ဝိဇ္ဇာစရဏသမ္ပန်နော၊ သုဂတော၊ လောကဝိဒူ၊ အနုတ္တရော

ပုရိသဒမ္မသာရထိ၊ သတ္ထာ ဒေဝမနုဿာနံ၊ ဗုဒ္ဓေါ၊ ဘဂဝါတိ။ ဓမ္မေ အဝေစ္ဆပ္ပသာဒေန သမန္နာဂတော ဟောတိ သွာက္ခာတော ဘဂဝတာ ဝမ္မော၊ သန္ဒိဋ္ဌိကော၊ အကာလိကော၊ ဧဟိပဿိကော၊ ဩပနေယျိကော၊ ပစ္စတ္တံဝေဒိတဗ္ဗော ဝိညူဟီတိ။ သံဃေ အဝေစ္ဆပ္ပသာဒေန သမန္နာဂတော ဟောတိ သုပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော။ ဉာယပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော။ သာမီစိပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော။ ယဒိဒံ စတ္တာရိ ပုရိသယုဂါနိ အဋ္ဌပုရိသပုဂ္ဂလာ၊ ဧသ ဘဂဝတော သာဝကသံဃော အာဟုနေယျော၊ ပါဟုနေယျော၊ ဒက္ခိဏေယျော၊ အဉ္ဇလိကရဏီယော၊ အနုတ္တရံ ပုညက္ခေတ္တံ လောကဿာတိ။ အရိယကန္တေဟိ သီလေဟိ သမန္နာဂတော ဟောတိ အက္ခဏ္ဍေဟိ အစ္ဆိဒ္ဒေဟိ အသဗလေဟိ အကမ္မာသေဟိ ဘုဇိဿေဟိ ဝိညူပ္ပသတ္ထေဟိ အပရာမဋ္ဌေဟိ သမာဓိသံဝတ္တနိကေဟိတိ။ "ဤသုတ္တန်တရားကို ဓမ္မာဒါသ တရားကြီးမုံဟူသော အမည်ဖြင့် ဟောပြီး၍။ ဤတရားလေးပါးနှင့် ပြည့်စုံသောအရိယာတပည့်သည်။ ငါသည် အပါယ်လေးပါးကို ဖြစ်ခြင်းကုန်ပြီ။ သောတာပန်ဖြစ်ပြီဟု မိမိသည်ပင်လျှင် မိမိကိုယ်ကိုကြားအပ်၏ဟု မိန့်တော်မူပြီးသော်၊ ထိုနာတိကဂ္ဂါ အခွင့်စရပ်ရှိပင် နေတော်မူလျက်။ ဤတိသိလံ၊ ဤတိသမာဓိ၊ ဤတိပညာအစရှိသောတရားကိုလည်း ရဟန်းတို့ အားများစွာဟောကြားတော်မူ၏။ ။

၅၆။ မြတ်စွာဘုရားသည်၊နာတိကဂ္ဂါမှ၊
ဝေသာလီပြည်၊ထိမှကြွတော်မူ၍၊ဝေဠု၊ဝဂ္ဂါခို ၎၅ ဝါ
မြောက်ဝါကပ်တော်မူသည်ကိုပြရာ။

မြတ်စွာဘုရားသည့် နာတိကဂ္ဂါခို့မှလျှော်သောအတိုင်းနေတော်မူပြီး၍၊ အာနန္ဒာ၊အကြင်အရပ်၌ဝေသာလီသည်ရှိ၏။ ထိုအရပ်သို့ငါတို့သွားကုန်အံ့ဟု ရှင်အာနန္ဒာကို ခေါ်၍၊ များစွာသော ရဟန်းသံဃာနှင့်တံကွ ဝေသာလီပြည်သို့ ကြွတော်မူပြီးလျှင်။ အမ္ဗပါလိကာမည်သော ပြည့်တန်ဆာမ၏သရက်ဥယျာဉ်၌နေတော်မူ၏။ ထိုအခါရဟန်းတို့ကို ခေါ်တော်မူ၍၊ အမ္ဗပါလိကာပြည့်တန်ဆာမကို ပြင်သောအာဟာ သတိ

ကိုဖြစ်စေခြင်းငှါ။ သတော ဘိက္ခဝေ ဘိက္ခု ဝိဟာရေယျ သမ္မစ္စာနော၊ အယံဝေါအမှာကံအနုသာသနီတိ၊ဟူ၍။ချစ်သားရဟန်းတို့။ရဟန်းတို့ မည်သည်ကား။ သတိနှင့်ပြည့်စုံသည်ဖြစ်၍။ အဆင်အခြင်နှင့် ပြည့်စုံသည်ဖြစ်၍ နေရာ၏။ ဤသည်လျှင် သင်တို့အား ငါ၏အစဉ်ဆုံးမခြင်း အနုသာသနီတည်းဟုမိန့်၍၊ဒုဘာယ်သို့ကား ရဟန်းသည်သတိနှင့်ပြည့်စုံသည်ဖြစ်သနည်းဟု ကဏေတုကမျတာပုစ္ဆာဖြင့် မေးတော်မူဦး၍။ ဤဘိက္ခဝေဘိက္ခု၊ကာယေကာယာနုပဿီ၊အစရှိသဖြင့်။သတိပဋ္ဌာန် ဥဒ္ဒေသကို ဟောတော်မူ၍။ အဘယ်သို့ကား အဆင်အခြင်နှင့် ပြည့်စုံသည် ဖြစ်သနည်းဟု။ ကဏေတုကမျတာပုစ္ဆာဖြင့်ငင်း မေးတော်မူ၍။ ဤဝ ဘိက္ခဝေဘိက္ခု၊ အဘိက္ကန္တေ ပဋိက္ကန္တေ သမ္မစ္စာနကာရီ ဟော်တိ၊ စသည်ဖြင့်။ သမ္မစ္စာနပဗ္ဗကို ဟောတော်မူ၏။ ချစ်သား ရဟန်းတို့၊ ဤသည်လျှင်သတိနှင့်ပြည့်စုံသည်မည်၏။အဆင်အခြင်နှင့်ပြည့်စုံသည် မည်၏ဟု မိန့်၍။ ချစ်သားတို့၊ ရဟန်းမည်သည် သတိနှင့်ပြည့်စုံသည် ဖြစ်၍။အဆင်အခြင်နှင့်ပြည့်စုံသည်ဖြစ်၍နေရာ၏။ ဤသည်လျှင်သင်တို့ အား ငါ၏အနုသာသနီတံည်းဟု မိန့်တော်မူ၏။ ။ထိုရောအခါ အမ္မပါလိကာ ပြည့်တန်ဆာမသည်။ မြတ်စွာဘုရားသည် ရဟန်းသံဃာနှင့် တကွ ဝေသာလီသို့ ရောက်တော်မူသည်ဖြစ်၍ ငါ၏သရက်ဥယျာဉ်၌ နေတော်မူ၏ဟု ကြား၍။ ကောင်းကုန်ကောင်းကုန်သော ယာဉ်တို့ကို ကစေ၍၊ ကောင်းသောကောင်းသောယာဉ်ကိုစီး၍ ဝေသာလီမှသည် မိမိသရက်ဥယျာဉ်သို့ နှင်လေ၍။ ယာဉ်ဖြင့် သွားကောင်းသောအရပ်၌ ယာဉ်ဖြင့်သွားပြီးမှ၊ ယာဉ်မှသက်၍ခြေဖြင့်သာလျှင်မြတ်စွာဘုရားရှိရာ အရပ်သို့ကပ်၍ တင့်အပ်သောအရပ်၌ မြတ်စွာဘုရားကိုရှိခိုး၍ နေ၏။ ထိုသို့နေပြီးသော အမ္မပါလိကာမည်သော ပြည့်တန်ဆာမကို မြတ်စွာဘုရားသည် တရားစကားဖြင့်ကောင်းစွာပြပေ၏၊ဆောက်တည်စေ၏၊ ထက်စေ၏၊ ရွှင်စေ၏။ မြတ်စွာဘုရားသည်၊ တရားစကားဖြင့်ကောင်းစွာပြအပ်သော၊ဆောက်တည်စေအပ်သော၊ ရွှင်စေအပ်သောပြည့်တန်ဆာမအမ္မပါလိကာသည်။ မြတ်စွာဘုရားကို။ ဘုန်းတော်ကြီးသောရှင်ပင်ဘုရား၊ နက်ဖြန်အလိုဌာ အာကွန်ပ်၏ဆွမ်းကို သံဃာတော်နှင့်တကွ ခံတော်မူပါဟုလျှောက်၏။ မြတ်စွာဘုရားသည် ဆိတ်ဆိတ်နေတော်မူသဖြင့်ဝန်ခံတော်မူ၏၊ အမ္မပါလိကာသည် မြတ်စွာဘုရား၏ဝန်ခံတော်

မှသော အဖြစ်ကိုသိ၍။ မြတ်စွာဘုရားကိုရှိခိုး၍။ လက်ျာရစ်လည်သည်
ကိုပြု၍ ဖဲလေ၏။ ။ဝေသာလိပြည်၌နေကုန်သောလိဿဝီမင်းတို့သည်
လည်း၊မြတ်စွာဘုရားသည်ဝေသာလိပြည်သို့ရောက်လာ၏။ အမ္မပါလိ
ကာ၏သရက်ဥယျာဉ်၌နေ၏ဟုကြားကုန်၍။ ကောင်းကုန်ကောင်းကုန်
သောယာဉ်တို့ကိုကစေ၍။ ကောင်းသော်ကောင်းသောယာဉ်တို့ကို စီး
ကုန်၍။ ကောင်းကုန်ကောင်းကုန်သော ယာဉ်တို့ဖြင့် ဝေသာလိပြည်မှ
ထွက်လေကုန်၏။ ထိုလိဿဝီမင်းတို့တွင်။အချို့သောလိဿဝီမင်းတို့သည်။
ညီသောနှံ့သာပျော်းတို့ကိုလိမ်းကုန်၏။ ညီသောအဝတ်ကို ဝတ်ကုန်
၏။ ညီသောတန်ဆာကိုဆင်ကုန်၏။ အချို့သောလိဿဝီမင်းတို့သည်။ဖြူ
သောနှံ့သာပျော်းတို့ကိုလိမ်းကုန်၏။ ဖြူသောအဝတ်ပုဆိုးတို့ကိုဝတ်
ကုန်၏။ ဖြူသောတန်ဆာတို့ကိုဆင်ကုန်၏။ အချို့သော လိဿဝီမင်းတို့
သည်။ နီသောနှံ့သာပျော်းတို့ကိုလိမ်းကုန်၏။ နီသောအဝတ်ပုဆိုးတို့
ကိုဝတ်ကုန်၏။ နီသောတန်ဆာတို့ကိုဆင်ကုန်၏။ အချို့သောလိဿဝီမင်း
တို့သည် ပြာသောနှံ့သာပျော်းတို့ကိုလိမ်းကုန်၏။ ပြာသောအဝတ်ပုဆိုး
တို့ကိုဝတ်ကုန်၏။ပြာသောတန်ဆာတို့ကိုဆင်ကုန်၏။ ထိုအခါအမ္မပါလိ
ကာပြည့်တန်ဆာမသည် လိဿဝီမင်းသားငယ်တို့၏ လှည်းဝင်ရိုးစွန်းကို
မိမိလှည်းဝင်ရိုးစွန်းဖြင့်တိုက်မိစေ၏။လှည်းဘီးကို လှည်းဘီးဖြင့်ခိုက်မိ
စေ၏။ ထမ်းပိုးကိုထမ်းပိုးဖြင့်ခိုက်မိစေ၏။ ထိုအခါလိဿဝီမင်းတို့သည်
ဟာယ်အမ္မပါလိ၊ အဘယ့်ကြောင့် သင်သည် မင်းသားငယ်တို့၏ဝင်ရိုး
စွန်းကို မိမိ၏ဝင်ရိုးစွန်းဖြင့်။ လှည်းဘီးကိုမိမိလှည်းဘီးဖြင့်။ ထမ်းပိုးကို
မိမိ၏ထမ်းပိုးဖြင့် တိုက်ခိုက်စေ၍ သွားသနည်းဟု မေးကုန်၏။ အရှင်
သား၊တို့၊ အကျွန်ုပ်သည်နှက်ဖြန်အလို၌ မြတ်စွာဘုရားကိုသံဃာတော်
နှင့်တကွ ဆွမ်းဘိုတ်မန်အပ်ပြီ၊ ထို့ကြောင့်ကား အကျွန်ုပ်သည် တိုက်
ခိုက်၍သွား၏ဟုဆို၏။ အမှယ်အမ္မပါလိ၊ မြတ်စွာဘုရားအား တကြိမ်
လျှရုန်ဆွမ်းကို အသပြာတသိန်းအဘိုးဖြင့်ငါတို့အား ပေးပါဟု တောင်း
ကုန်၏။ အရှင်သား၊တို့၊ ဓနုပဒနှင့်တကွသော ဝေသာလိပြည်ကိုပင်ပေး
သော်လည်း ကြိုးမြတ်သော အကျိုးရှိသောဆွမ်းကို မပေးအံ့ဟုဆို၏။
ထိုးရာအခါ လိဿဝီမင်းတို့သည်၊အချင်းတို့၊အမ္မပါလိကာသည် ငါတို့
ကိုအောင်အပ်ခဲ့ပြီ။အချင်းတို့၊စင်စစ်အားဖြင့် အမ္မပါလိကာသည်ငါတို့
ကိုအောင်ပါဖြိတကားဟု လက်ခါကုန်၏။ ထိုလိဿဝီမင်းတို့သည် အမ္မ

ပါလိကာ၏သခင်ဥယျာဉ်သို့သွားလေကုန်၏။ ထိုအခါ မြတ်စွာဘုရားသည် ထိုလိစ္ဆဝိဝင်းသားတို့ကို အာဒေးမှပင် လာကုန်သည်တို့ကို မြင်တော်မူ၍၊ ရဟန်းတို့ကိုဤသို့မိန့်တော်မူ၏။ ချစ်သားရဟန်းတို့၊ အကြင် ရဟန်းတို့သည် တာဝတိံသာနတ်တို့ကို မမြင်ဘူးကုန်။ ထိုရဟန်းတို့သည် ဤလိစ္ဆဝိပရိသတ်ကိုရှုကြကုန်လော့။ တာဝတိံသာနတ်တို့သည် အညိုအရွှေ အစရှိသည်တို့ဖြင့် အဆင်းလှကုန်သကဲ့သို့၊ လိစ္ဆဝိဝင်းတို့လည်းအဆင်းလှကုန်၏ဟူ၍ တာဝတိံသာနတ်တို့နှင့်အမျှပြု၍ရှုပါကုန်လော့။ အဘန်တလဲလဲရှုကုန်လော့။နှလုံးဥဿဒ်ဆားကုန်လော့ဟူ၍ ပိန့်တော်မူ၏။အဘယ်ကြောင့်ကား မြတ်စွာဘုရားသည် အရာမကမျှားစွာဖေသော တပည့်သားတော်တို့အား။ တပါးဖေသောရူပါဂုံ အစရှိသည်ကို့၌ မျက်စိအစရှိသည်တို့ဖြင့် ရှုခြင်းကို မြစ်တော်မူပြီးလျက်။ လိစ္ဆဝိ မင်းသားတို့တွင်သာ ကြည့်ကုန်လော့၊ မှတ်ကုန်လော့ဟု အဘယ်ကြောင့်အာဂုံကို ယူခြင်း၌ တိုက်တွန်းတော်မူဖေလသနည်း ဟူတုံအံ့။ ရဟန်းတို့အား အကျိုးစီးပွါးကို အလိုတော်ရှိသောကြောင့်၎င်း၊ အနိစ္စလက္ခဏာကို ထင်ရှားဖြစ်စေခြင်းငှါ၎င်း၊ တိုက်တွန်းတော်မူ၏။ ထိုရဟန်းတို့တွင် အချို့သောရဟန်းတို့သည် ချို့သောလုံ့လရှိသည်ဖြစ်၍မေ့လျော့ကုန်၏။ ထိုရဟန်းတို့ကို တာဝတိံသာနတ်နှင့်တူသော ဝေသာလီမင်းတို့၏ စည်းစိမ်ချမ်းသာဖြင့် ဖြားယောင်း၍။ မမေ့မလျော့ ရဟန်းတရားကိုပြုကုန်သောသူတို့အား ဤသို့သောစည်းစိမ်ကို ရလွယ်၏ဟု ရဟန်းတရားခွဲ့အားထုတ်စေခြင်းငှါတိုက်တွန်းတော်မူ၏။ ဆိုဘွယ်ရှိသေး၏။ အလုံးစုံကုန်သော ဤလိစ္ဆဝိ မင်းတို့ဿည် မကြာမြင့်မီပင် အဇာတသတ် မင်းကြောင့် ပျက်စီးခြင်းသို့ရောက်လတ္တံ့။ ထိုအခါ လိစ္ဆဝိမင်းတို့၏စည်းစိမ်ချမ်းသာကိုမြင်လိုက်ကုန်ပြီး၍ တည်ကုန်သောရဟန်းတို့အား။ ထိုလိစ္ဆဝိမင်းတို့ကဲ့သို့ သဘောရှိကုန်သောမင်းဘို့၏ စည်းစိမ်ချမ်းသာတို့လျက်လည်း ပျက်စီးခြင်းသည်ထင်ဘို့၏တကားဟု သခ်ါရတရားတို့ခွဲ့အနိစ္စလက္ခဏာကို ပွါးစေ၍။ ပဒိုသန္တိဒါလေးပါးနှင့် တကွ ရဟန္တာအဖြစ်သို့ ရောက်ကုန်လတ္တံ့ဟု နှလုံးသွင်းတော်မူ၍လည်း ကြည့်လိုက်ကုန်၊ရှုလိုက်ကုန်၊ တံာဝတိံသာနတ်တို့နှင့်အတူ လူဖြစ်သောလိစ္ဆဝိမင်းတို့သည် လှပတင့်တယ်ကုန်၏။ သင်တို့မှတ်လိုက်ကုန်ဟူ၍ တိုက်ထွန်းတော်မူလတည်း။ ။

ထိုရောအခါလိစ္ဆဝိမင်းတို့သည် ယံသဉ်ဖြင့်သွားကောင်းသောအရပ်ကိုယာဉ်ဖြင့်သွား၍၊ ယာဉ်မှသက်၍ ခြေဖြင့်သာလျှင် သရက်ဥယျာဉ်သို့ဝင်၍ မြတ်စွာဘုရားသို့ကပ်၍ တင့်အပ်လျောက်ပတ်သော အရပ်၌မြတ်စွာဘုရားကို ရိုသေစွာခိုးလျက်နေကုန်၏။ထိုအခါ မြတ်စွာဘုရားသည် လိစ္ဆဝိမင်းတို့ကို တရားစကားဖြင့် ဆောင်းစွာပြပေ၏။ နှစ်သိမ့်စေ၏၊ ထက်စေ၏။ ရွှင်စေ၏။ မြတ်စွာဘုရားသည် တရားစကားဖြင့် ဆောင်းစွာ ပြအပ်သည်၊ ထက်စေအပ်သည်၊ ရွှင်စေအပ်သည်ဖြစ်၍။ ဘုန်းတော်ကြီးသောရှင်ပင်ဘုရား၊ရှင်ပင်ဘုရားသည် သံဃာတော်နှင့်တကွ နက်ဖြန်အလိုငှါ အကျွန်ုပ်တို့၏ဆွမ်းကိုခံတော်မူပါဟု လျှောက်ထား၏။မြတ်စွာဘုရားသည်၌သိမြဲတည်း။ လိစ္ဆဝိမင်းများတို့၊ ငါသည်နက်ဖြန်အလိုငှါ အမ္ဗပါဝိကင်၏ဆွမ်းကို ဝန်ခံခဲ့ပြီဟုမိန့်၏။ထိုအခါ လိစ္ဆဝိမင်းတို့သည် အချင်းတို့၊ငါတို့ကိုအမ္ဗပါလိကာသည်ဩဝါဒအပ်ပြု၊ ဩဝါဒအပ်ပြီဟူ၍လက်ကိုခါကုန်၏။ထိုရောအခါ လိစ္ဆဝိမင်းတို့သည် မြတ်စွာဘုရား၏တရားစကားကိုနှစ်လိုဝမ်းမြောက်ကုန်လျက် မြတ်စွာဘုရားကိုရှိခိုးပြီးမှ လက်ျာရစ်လည်သည်ကိုပြု၍ ဗဲလေကုန်၏။ ။ထိုရောအခါအမ္ဗပါလိကာသည် ထိုညဉ့်လွန်သဖြင့်မိမိအရောင်မွန်မွန်မြတ်သောဘောဇဉ်တို့ကိုစီရင်၍၊ မြတ်စွာဘုရားအား ဆွမ်းဘဉ်းပေးအံ့သောအခါတန်ပါပြီ။ဆွမ်းသည်ဖြင်ဆင်၍ပြီးပါပြီဟူ၍ အခါကိုကြားလျှော်စေ၏။ မြတ်စွာဘုရားသည် နံနက်အခါ၌ သင်းဝိုင်ကိုဖြင်ဝတ်၍။သင်္ကန်းကိုယူ၍ ရဟန်းသင်္ဃာတော်အပေါင်းနှင့်တကွ အမ္ဗပါလိကာ၏အရာမ်သို့ကပ်တော်မူ၍ ခင်းအပ်သောနေရာ၌နေတော်မူ၏။ အမ္ဗပါလိကာသည် ဘုရားအမှူးရှိသောသင်္ဃာကို မွန်မြတ်သောခဲဘွယ်ဘောဇဉ်ဖြင့် ကိုယ်တိုင်လုပ်ကျွေးနှစ်သိမ့်စေသဖြင့်။ တန်ပြီဟူမြစ်စေ၏။ ထိုအခါအမ္ဗပါလိကာသည်။ မြတ်စွာဘုရား ဆွမ်းစား ပြီးသော်။ သင်္ဃာတော်မှ လက်တော်ချပြီးသော်။အမှတ်မဲ့တံချသောနိမ့်သောနေရာကိုယူ၍၊တင့်အပ်သောအရပ်၌ နေပြီးသော်။ မြတ်စွာဘုရားကို။ ဘုန်းတော်ကြီးလှသော ရှင်ပင်ဘုရား၊၌အာရာမ်ကို ဘုရားအမှူးရှိသောသင်္ဃာတော်အားလှူပါ၏ဟု လျှောက်၏။ မြတ်စွာဘုရားသည်သရက်ဥယျာဉ်ကိုခံတော်မူ၍၊ အမ္ဗပါလိကာကဲ့တရားစကားဖြင့် ကောင်းစွာဟောပြဆောက်တည်စေ၍၊ နေရာတော်မှထ၍ကြွတော်မူလေ၏၊ ။ထိုဖေဿာလီပြည်၌အမ္ဗပါလိ

လူးလဲခြင်းကို မပြုမူ၍။ မနှိပ်စက်ဇစမူ၍ သည်းခံတော်မူ၏။ မြတ်စွာဘုရားအား၌သို့သော့အကြံတော်သည်ဖြစ်၏။အကြင်ငါသည်အလုပ်အကျွေးဒါယကာတို့ကိုမကြွားမူ၍၊ ရဟန်းသင်္ဃာတို့ကိုမပန်မူ၍၊ ပရိနိဗ္ဗာန်ပြုအံ့။ ဤသို့ပြုခြင်းသည် ငါ့အားမလျော်ပတ်။ သို့ဖြစ်၍ကား ငါသည် ဤပြင်းစွာသောအနှာကို အရဟတ္တဖိုလ်သမာပတ်ဝိရိယဖြင့် ခွါ၍။ အရဟတ္တဖိုလ်သမာပတ်ဖြင့် ဇီဝိတသင်္ခါရကိုဆောက်တည်၍ နေအံ့ဟုကြံတော်မူ၍။အသက်ကိုထားခြင်းငှါစွမ်းနိုင်သော အရဟတ္တဖိုလ်သမာပတ်ကိုဝင်စားတော်မူ၏။ထိုအခါ၌မြတ်စွာဘုရားအားအနာသည် ငြိမ်း၏။ ။အသို့နည်း၊ မြတ်စွာဘုရားသည် ဤဖလသမာပတ်ကို ရှေးဦးဝင်စားတော်မမူဘူးလော ဟူတုံအံ့၊ ဝင်စားတော်မူ၏။ ထိုသမာပတ်သည်ကားခဏိကသမာပတ်သာတည်း။ ထိုခဏိကသမာပတ်သည်လည်း သမာပတ်၏အတွင်းဌသာဝေဒနာကိုခွါနိုင်၏။ သစ်သားဖြင့်ရင်း၊အိုးခြမ်းဖြင့်ရင်း၊ ပိုင်းဖြတ်အပ်သောမှော်သည် ရေကိုဖုံးလွှမ်းလွယ်သကဲ့သို့။ ခဏိကသမာပတ်မှ ထကာမှဦးပင် ဝေဒနာ လွှမ်းဖိုးလွယ်၏။ရူပဿတ္တကံအရူပဿတ္တကတို့ကိုအထုံးအဖွဲ့မရှိသည်ကိုပြု၍။ မဟာဝိပဿနာ၏အစွမ်းဖြင့် ဝင်စားအပ်သော သမာပတ်သည်ကား၊ ကြာမြင့်စွာဝေဒနာကုခွါ၏။အားကြိုးသောယောဂကျွမ်းသည်လက်ဖြေတို့ဖြင့်ယက်၍တွန်းဖယ်အပ်သောမှော်သည် ကြာမြင့်မှဖုံးလွှမ်းသကဲ့သို့၊ထိုအတူကြာမြင့်မှဝေဒနာသည်ဖြစ်၏။ ။ထိုနောက်ဖြစ်သောဘုရားသည် မဟာဇောဓိပလ္လင်၌ အသစ်ဖြစ်သောဝိပဿနာကုဖြစ်စေသကဲ့သို့၊ရူပဿတ္တကအရူပဿတ္တကတို့ကိုအထုံးအဖွဲ့မရှိသည်ကိုပြု၍။တဆဲ့လေးပါးသောအခြင်းအရာတို့ဖြင့်ဆောင်၍ မဟာဝိပဿနာဖြင့် ဝေဒနာကိုခွါ၍၊ ဆယ်လတိုင်တိုင်မဖြစ်စေသတည်းဟု ဓိဋ္ဌာန်တော်မူ၍ဝင်စားတော်မူ၏။ ။

ထိုရောအခါမြတ်စွာဘုရားသည်အနာမှသက်သာပြီးသည်ဖြစ်၍ကျောင်းတော်မှထွက်ပြီးလျှင်၊ကျောင်းရိပ်၌ခင်းအပ်သောနေရာ၌နေတော်မူ၏။ ရှင်အာနန္ဒာလည်း မြတ်စွာဘုရားသို့ကပ်၍။ ရှိသေစွာရှိခိုး၍ တင့်အပ်သောအရပ်၌နေပြီးလျှင် မြတ်စွာဘုရားကိုဤသို့လျှောက်၏။ ဘုန်းတော်ကြီးသောရှင်ပင်ဘုရား၊ ကိုယ်တော်ခန့်ကျန်းသာယာသောအဖြစ်ကိုအကျွန်ုပ်သည်မြင်အပ်ပြီ။ ဈာန်စသော်ကား၊အာရုံဘုရားသို့ကပ်၍။ ရှိသေစွာရှိခိုး၍ တင့်အပ်သောအရပ်၌နေပြီးလျှင် မြတ်စွာဘုရားကိုဤသို့လျှောက်၏။ ဘုန်းတော်ကြီးသောရှင်ပင်ဘုရား၊ ကိုယ်တော်ခန့်ကျန်းသာယာသောအဖြစ်ကိုအကျွန်ုပ်သည်မြင်အပ်ပြီ။ ဈာန်စသော်ကား၊အာရုံဘုရားသို့ကပ်၍

ကိုယ်သည်၊ ကြမ်းခက်ထေရဝါဒီသည်ဖြစ်၏။ အရှေ့အနောက်တောင်မြောက်ကို မဆိုနိုင်ပြီ။ မြတ်စွာဘုရားကိုယ်တော်မကျန်းသောကြောင့် လွလွန်တိုက် ဆောင်ရွက်အပ်သော တရားတို့သည် အကျွန်ုပ်၏ နားလုံးခွံမထင်ပြီ။စင်စစ်သော်ကား၊အရှင်ဘုရား၊အကြင်မျှလောက်သော ကာလပတ်လုံး မြတ်စွာဘုရားသည်၊ ရဟန်းသင်္ဃာကို တစုံတခုကိုမျှ မမှာထားသေး။ထိုမျှလောက်သောလပတ်လုံး မြတ်စွာဘုရားသည်ပရိနိဗ္ဗာန်မပြုလတ္တံ့. အောက်မေ့၍၊ အကျွန်ုပ်အား ထွက်သက်ဝင်သက်မျှလာသည်ဖြစ်၏ဟုလျောက်၏။ထိုအခါမြတ်စွာဘုရားသည်၊အသိုနည်း အာနန္ဒာ၊ ရဟန်းသင်္ဃာသည် အာဘယ်ကြောင့် ငါ၌တောင့်တအပ်သနည်း။ငါသည်အလုံးစုံသောတရားကိုပြောအပ်ပြီ။ အာနန္ဒာ၊ငါဘုရား အား၊ တစုံတခုသောအတတ်ပညာကိုဟို့ရှိယ်စဉ်ကာလမဟာကြားမှ၍၊ သရာညောင်ခစောင်းခွ လျှောင်းသောအခါမှ ချစ်ခင် လေးမြတ်သော တပည့်အား သင်ကြားခဲ့အံ့ဟု တရားလက်ဆုပ်ထားသကဲ့သို့။ ဤသူအားတရားမဟောသေးဟု၊ ပုဂ္ဂိုလ်ကိုအပပြု၍ငင်း၊ ဤတရားကို မဟောသေးဘူးဟု၊ တရားကို အပပြု၍ငင်း။ အသက်အရွယ်ကြီးရင့်စွာ၍ သေခါနီးမှဟောအံ့ဟူ၍၊ လက်ဆုပ်ထားသောတရားမည်သည် မရှိပြီ။အာနန္ဒာ၊ငါသည်သင်္ဃလျင်ရဟန်းသင်္ဃာကိုဆောင်အံ့။ငါ့ကိုသာလျင် ရဟန်းသင်္ဃာသည်ရည်မှတ်၍ တောင့်တသည်ဖြစ်စေသတည်းဟူ၍ ငါဘုရား၏စိတ်တော်သည်မရှိ။ အာနန္ဒာ၊ ထိုမြတ်စွာဘုရားသည် ရဟန်းသင်္ဃာကိုအကြောင်းပြု၍တစုံတခုသောစကားကိုအဘယ်မှာ ဆိုတော့အံ့နည်း။ ဤသို့မဖြစ်ရာဟု မိန့်တော်မူ၏။ ယခုအခါ အာနန္ဒာ ငါဘုရားသည်အိုမင်းခဲ့ပြီ။အရွယ်ကြီးခဲ့ပြီ။မင်းနှစ်ဆက်သုံးဆက်လည်လေပြီ။ အသက် ရှစ်ဆယ်ရှိခဲ့ပြီ။ ဥပမာကား။ အာနန္ဒာ၊ လှည်းပေါင်လှည်းဘီးတို့ကိုဖွဲချည်နှောင်၍ ပြင်ဆင်ခြင်းနှင့်ရောသော လှည်းအိုကဲ့သို့။ထို့အတူငါဘုရား၏ကိုယ်ကိုလည်း အရုဟတ္တဖိုလ်တည်းဟူသော အဖွဲ့ဖြင့် ဆုရိယာပုထိုလေးပါးတို့ကိုဖြစ်စေရခဲ့ပြီ။ အာနန္ဒာ၊ အကြင်အခါ၌ ငါဘုရားသည် အလုံးစုံသောအာရုံတို့ကိုနှုလုံးမသွင်းခြင်းကြောင့် အချို့သော လောကီဝေဒနာတို့၏ချုပ်ခြင်းကြောင့် အနိမိတ္တသမာဓိသို့ကပ်၍နေ၏။ထိုအခါ၌ငါဘုရား၏ကိုယ်သည် ချမ်းသာဖြတ်သည်ဖြစ်၏။ ထို့ကြောင့်ရကား။ အာနန္ဒာ၊သင်တို့သည် မိမိကိုယ်သာ

လျင်မှိရိရာကျွန်းသဘွယ်ဖြစ်၍၊ ဒိမိကိုယ်သာလျှင် လည်းလျောင်းရာရှိသည်ဖြစ်၍၊ ကိုယ်မှတပါး လည်းလျောင်းရာ မရှိသည်ဖြစ်၍။ တရားသာလျှင် ကိုးကွယ်ရာမှိရိရာကျွန်းရှိသည်ဖြစ်၍၊ တရားသာလျှင်လည်းလျောင်းရာရှိသည်ဖြစ်၍၊ တရားမှတပါး လည်းလျောင်းရာ မရှိသည်ဖြစ်၍နေကုန်ရာ၏။ အဘယ်သို့နေသည်ရှိသော် ဒိမိကိုယ်သာ မှိရိရာကျွန်းသဘွယ်ဖြစ်၍ တရားသာ မှိရိရာကျွန်းကြီးသဘွယ်ရှိသည်ဖြစ်၍နေသည်ဖြစ်ရာသနည်းဟု ကထေတုကမျတာပုစ္ဆာဖြင့်မေးတော်မူဦး၏။ ဣဓဘိက္ခဝေဘိက္ခု ကာယေကာယာနုပဿီ ဝိဟာရတိ အာတာပီသမ္ပဇာနော သတိမာဝိနေယျလောကေ အဘိဇ္ဈာဒေါမနဿံ၊ စသည်ဖြင့်ဖြေတော်မူ၏။ အာနန္ဒာ၊ ဤသို့ဒိမိကိုယ်၌ကာယ၏အစုကိုအာဒိန်တလဲလဲအောက်မေ့၍၊ ကိလေသာကိုပူပန်စေတတ်သောလုံ့လရှိသည်ဖြစ်၍၊ အဆင်အခြင်နှင့်ပြည့်စုံသည်ဖြစ်၍၊ အာရုံခြောက်ပါးနှိတပ်ခြင်းအမျက်ထွက်ခြင်းကိုဖျောက်၍ နေခြင်းစသည်လျှင် ဒိမိကိုယ်သာမှိရိရာကျွန်းကြီးသဘွယ်ရှိသည်ဖြစ်၍ တရားသာ မှိရိကိုးကွယ်ရာ ကျွန်းကြီးသဘွယ်ရှိသည် ဖြစ်၍ နေသည်မည်၏ဟု ဟောတော်မူ၏။ ။

ဤသို့ မြတ်စွာဘုရားသည် အနာမတဂြောက်ပြီးသောအခါ၌၊ ရဟန်းတို့သည် စကားကိုဖြစ်စေကုန်၏။ ငါ့ရှင်တို့၊ သိကြားမင်း၏ မြတ်စွာဘုရားနှိုးချစ်မြတ်နိုးခြင်းသည် အံ့ဘွယ်ရှိစွ။ ဤသို့သဘောရှိသောစည်းစိမ်ကိုစွန့်၍ မျက်နှာတွန့်ခြင်းကိုမျှ မပြုမူ၍ နံ့သာအိုးကို ဦးခေါင်းဖြင့် ဆောင်ရွက်သကဲ့သို့။ မြတ်စွာဘုရားကိုယ်တော်၏အညစ်အကြေးဖြင့် သုံးဆောင်သောအိုးကို ဦးခေါင်းဖြင့် ရွက်ဆောင်၍ လုပ်ကျွေးခြင်းကိုပြု၏ဟုစကားကိုဖြစ်စေကုန်၏။ မြတ်စွာဘုရားသည် ထိုစကားကိုကြားတော်မူ၍။ အသို့ဆိုကုန်သနည်း ချစ်သားရဟန်းတို့၊ သိကြားနှတ်မင်းသည် ငါ၌ အကြင်ကြောင့်ချစ်ခြင်းကိုပြု၏။ ထိုချစ်ခြင်းသည် အံ့ဘွယ်မရှိ။ ဤသိကြားမင်းသည် ငါ့ကိုမှီ၍ အိုသောသိကြား၏အဖြစ်ကိုစွန့်၍ သောတာပန်ဖြစ်၍ ယျိသော သိကြား၏အဖြစ်သို့ရောက်၏။ သေခြင်းဘေးမှကြောက်သည်ဖြစ်၍ ပဉ္စသိခအမည်ရှိသော ဂန္ဓဗ္ဗနှတ်သားကို ရှေ့တည်ပြု၍လာသောသိကြားအား၊ ဇာန္ဓသဒ္ဒလဂ္ဂလိဏ်၌နှတ်ပရိသတ်၏အလယ်၌ငါဘုရားသည်၊ ဖုန္ဆော ဝါသဝ မံ ပဋိ၊ အစရှိသောဂါထာဖြင့် ဆို၍။ ထိုသိကြား၏ယုံမှားသင်္ကာကိုဖျောက်၍တရားဟော၏။ ဒေသ

နာတော်အဆုံးဒွ် နှစ်ဆဲ့လေးကုဋေသော နတ်ဘီလူးဗြဟ္မာသတ္တဝါတို့ အား မဂ်ဖိုလ်တရားရခြင်းသည်ဖြစ်၏။သိကြားမင်းသည်လည်း ထိုနေ ရာ၌ပင်သောတာပတ္တိဖိုလ်သို့ရောက်၍ သိကြားပျိုဖြစ်၏။ဤသို့ငါသည် သိကြားအား မျှားစွာကျေးဇူးရှိ၏။ထို့ကြောင့် ငါ၌ သိကြား၏ချစ်ခြင်း သည် အံ့ဘွယ်မရှိ။ ချစ်သားရဟန်းတို့၊ အရိယာသူတော်ကောင်းတို့ အားမြင်ရခြင်းသည်လည်း ချမ်းသာ၏။ ထိုအရိယာတို့နှင့်တကွ တရ တည်းသောအဖျပ်၌အတူနေရခြင်းသည်လည်းချမ်းသာ၏။သူရိုက်တို့ နှင့်ကား ထိုအလုံးစုံသည်ဆင်းရဲ၏ဟုမိန့်တော်မူ၍။ ။သာဟုဒဿန မရိယာနံ၊သန္ဓိဝါသော သဒါ သုခေါ။ အဒဿနေန ဗာလာနံ၊ နိစ္စမေဝ သုခီ သိယာ။ ။အစရှိသောတရားကိုဟောတော်မူ၏။ ။

၅၈။ အရှင်သာရိပုတြာမထေရ် မယ်တော်ရူပသာရိပုဏ္ဏားမအိမ်၊ ဘွားရာတိုက်ခန်းဒွ် ပရိနိဗ္ဗာန်ယူတော်မူခြင်း။

မြတ်စွာဘုရားသည် ဝေဠုဝဂ္ဂါဒွ် ဝါကျွတ်တော်မူလျှင် အလုပ်အ ကျွေးဒါယကာတို့အား တရားဟောတော်မူထိုသဖြင့်သာဝတ္ထိမြို့သို့ပြန် အံ့ဟုလာခဲ့တိုင်းသောခရီးဖြင့်ပြန်ကြွတော်မူ၍သာဝတ္ထိပြည့်သို့ရောက် တော်မူသောအခါ။ ဇေတဝန်ကျောင်းတော်သို့ဝင်၍နေတော်မူ၏။ ထို အခါတရားစစ်သူကြီးဖြစ်သောအရှင်သာရိပုတြာသည်မြတ်စွာဘုရား အားပြုအပ်သောဝတ်ကိုပြု၍ နေ့နေရာသို့ကြွတော်မူလေ၏။ ထိုနေ့နေ ရာ၌ ရှင်သာရိပုတြာကိုတပည့်တို့သည် ဝတ်ပြု၍ဖဲလေကုန်ပြီးသော်။ နေ့နေရာကိုတံမြက်လှည်း၍၊ စမ္မက္ခဏ်နေရာကိုခင်း၍၊ခြေတို့ကိုဆေး ၍၊ထက်ဝယ်ပလ္လင်ကိုဖွဲ့၍ဖဲလသမာပတ်ကိုဝင်စားတော်မူ၏။ထိုအခါ ဒွ် ပိုင်းခြားတိုင်းသောကာလဖြင့် ထိုသမာပတ်မှထသော အရှင်သာရိ ပုတြာအား ဤသို့သောအကြံသည်ဖြစ်၏။ မြတ်စွာဘုရားတို့သည်တည်း ရှေးဦးစွာပရိနိဗ္ဗာန်ပြုတော်မူကုန်မည်လော။ သို့တည်းမဟုတ်၊လက်ျာ ရံလက်ဝဲရံအဂ္ဂသာဝကတို့သည်တည်းရှေးဦးစွာပရိနိဗ္ဗာန်ပြုကုန်မည် လောဟုကြံတော်မူသော်၊လက်ျာရံလက်ဝဲရံအဂ္ဂသာဝကတို့သည်ရှေး ဦးစွာပရိနိဗ္ဗာန်ပြုကုန်၏ဟုသိတော်မူ၍။ မိမိ၏အာယုသင်္ခါရကိုကြည့်

တော်မူသော်ချုပ်ရက်မျှသာငါ၏အာယုသင်္ခါရသည်ဖြစ်လတ္တံ့ဟုထိ
တော်မူ၏။ အဘယ်အရပ်၌ပရိနိဗ္ဗာန်ပြုရအံ့နည်းဟုကြံတော်မူပြန်၏။
အရှင်ရာဟုလာသည် တာဝတိံသာ၌ပရိနိဗ္ဗာန်ပြုလေပြီ။အရှင်အညာ
သိကောဏ္ဍညသည် ဆဒ္ဒန္တာဠဝိ၌ပရိနိဗ္ဗာန်ပြုလေပြီ။ ငါသည် အဘယ်
အရပ်၌ပြုရအံ့နည်းဟု အဘန်တလဲလဲကြံပြန်သော်။ မယ်တော်ကို အာ
ကြောင်းပြု၍သတိကိုဖြစ်စေ၏။ ငါ၏မယ်တော်သည်၊ချုပ်ငြိမ်းရာနိဗ္ဗာန်
သောရဟန္တာတို့၏မယ်တော်ဖြစ်၍လည်း။ဘုရား၊တရား၊သင်္ဃာတို့၌
မကြည်ညိုသူ။ထိုမယ်တော်အားမင်္ဂလိတ္ထိဉပနိဿယရှိ၏လော၊မရှိလော
ဟုဆင်ခြင်ပြန်သော်။သောတာပတ္တိမဂ်၏ဉပနိဿယကိုမြင်တော်မူ၍။
အဘယ်သူ၏တရားဒေသနာဖြင့်တရားရခြင်းသည်ဖြစ်လတ္တံ့နည်းဟု
ကြည့်တော်မူပြန်သော်။ငါ၏တရားဒေသနာဖြင့်သာလျှင်ရလတ္တံ့။ သူ
တပါး၏တရားဒေသနာဖြင့်မရလတ္တံ့။အဓိကယ်၍ငါသည်ကြောင့်ကြမဲ့
နေချေအံ့။ငါ့အား သူတပါးတို့ဆိုကုန်သည်ဖြစ်လတ္တံ့။ ရှင်သာရိပုတြော
မထေရ်သည်မဟာဟော်မှကြွင်းသောလူအပေါင်းတို့၏ကားကိုးကွယ်
ရာဖြစ်၏။ထိုစကားသည် မှန်၏။ထိုရှင်သာရိပုတြောသမစိတ္တသုတ္တန်ဒေ
သနာကိုဟောတော်မူသောနေ့၌ကုဋေဒူတသိန်းကုန်သောနတ်တို့သည်
ရဟန္တာအဖြစ်သို့ရောက်ကုန်၏။ အောက်မဂ်သုံးပါးတို့သို့ရောက်ကုန်
သောနတ်တို့၏အရေအတွက်ကားမရေတွက်နိုင်သလျှင်ကတည်း။ဤ
သုတ္တန်မှ တပါးသောအရာတို့၌လည်း မင်္ဂလိရကုန်သောသူတို့သည်
များစွာသင်ထင်ကုန်၏။ အရှင်သာရိပုတြောမထေရ်၌စိတ်ကိုကြည်ညိုစေ၍
နတ်ပြည်၌ဖြစ်ကုန်သော အမျိုးတို့သည် ရှစ်သောင်း အရေအတွက်ရှိ
ကုန်၏။ ထိုသို့လျက် ထိုအရှင်သည် မိမိမယ်တော်၏ မိန္ဓာအယုကိုမျှ
လည်း မပယ်နိုင်ပါတကားဟူ၍ ဆိုကုန်လတ္တံ့။ထိုကြောင့် မယ်တော်
ကိုမိန္ဓာအယုမှလွတ်စေ၍။ဘွားရာတိုက်ခန်း၌ပင်လျှင် ပဂ်ိနိဗ္ဗာန်ပြုအံ့
ဟုစိတ်ကိုဆုံးဖြတ်တော်မူ၍၊ ယနေ့ပင်လျှင်မြတ်စွာဘုရားကိုခွင့်ပြုစေ
၍ထွက်တော့အံ့ဟုကြံ၍။ညီတော်စုန္ဒမထေရ်ကိုခေါ်၍။ငါ့ရှင်စုန္ဒ၊ငါတို့
နာဠာဂရွာသို့ သွားကုန်အံ့။ ငါးရှာကုန်သော ရဟန်းပရိသတ်စုံ့အား။
အရှင်တို့၊ တရားစစ်သူကြီးဖြစ်သောမထေရ်သည် နာဠာဂရွာသို့သွား
တော်မူလို၏။ သင်တို့သက်နှံးကို ယူကုန်လေ့ဟု အမှတ်ပေးချေ မိန့်
တော်မူသော်။အရှင်စုန္ဒဃသည်းအမှတ်ပေး၏။ ငါးရာကုန်သောရဟန်း

တို့သည်အိပ်ရာနေရာကိုသိမြှုံး၍သိတိတ်သက်နှံးကိုပယ်ကုန်၍မထေရ်၏ အထံသို့လာကုန်၏။ အရှင်သာရိပုတြားမထေရ်သည် အိပ်ရာနေရာကို သိမြှုံး၍။ နေ့နေရာကို တံမြက်လှည်း၍၊ နေ့နေရာသင်္ဃိမ်းတံခါးဝ၌ ရပ်လျက်၊ ထိုနေ့နေရာကိုရှုတေဝ်မူပြီးလျှင်၊ ဤယခုရှုခြင်းသည်ကား အဆုံးစွန်သောရှုခြင်းတည်း။ တဘန်ရှုရခြင်းမည်သည်မရှိပြီဟုမိန့်၍။ ငါးရာသောရဟန်းတို့ဖြင့်ခြံရံလျက်မြတ်စွာဘုရားသို့ကပ်၍ရိုသေစွာရှိခိုး၍။ ဤ၊ဆိန္နောဒါနိဘဝိဿာမိ အစရှိသောဂါထာဖြင့်။ လူသုံးပါးတို့၏ကိုးကွယ်ရာဖြစ်တေဝ်မူသောဘုရား၊ ယခုအခါ၌အကျွန်ုပ်သည်ပြတ်သည်ဖြစ်သတ္တံ့။ အကျွန်ုပ်အား သွားခြင်းလာခြင်းသည် မရှိပြီ၊ ဤအကျွန်ုပ်၏ ရှိခိုးခြင်းသည် အဆုံးစွန်တည်း။ ထင်ရှားရှိသော အကျွန်ုပ်၏အသက်သည် နည်းပြီ။ ချုနစ်ရက်အလွန်တွင် အကျွန်ုပ်၏ခန္ဓာကိုယ်ကို မြေ၌ချရတော့အံ့၊ ဘုန်းတော်ကြီးသောရှင်ပင်ဘုရားသည် ခွင့်ပြုတေဝ်မူပါလော့။ အကျွန်ုပ်အား ပရိနိဗ္ဗာန်ပြုရအံ့သောအခါရောက်ပြီ၊ အကျွန်ုပ်သည် အာယုသင်္ခါရကိုလွှတ်အပ်ပြီ။ ဤသို့လျှောက်၏။ ။ဘုရားတို့သည်၊ ပရိနိဗ္ဗာန်ပြုလေတော့ဆိုလျှင် သေခြင်း၏ကျေးဇူးကို ဆိုသည်မည်၏။ ပရိနိဗ္ဗာန်မပြုလင့်ဦးဟူ၍ဆိုလျှင် ဝန်၏ကျေးဇူးကို ဆိုသည်မည်၏ဟု။မိန္ဆာဒိဋ္ဌိပုဂ္ဂိုလ်ဆိုသည်အပြစ်တင်ကုန်လတ္တံ့ဟူ၍လုံးသွင်းတေဝ်မူကုန်၍။ ထိုစကားနှုတ်ခွန်းကိုပင် မဆိုကုန်၊ ထိုကြောင့် ချစ်သားသာရိပုတြား၊အဘယ်အရပ်၌ပရိနိဗ္ဗာန်ပြုလေအံ့နည်းဟုမေးတေဝ်မူ၏။ ဘုန်းတော်ကြီးသောရှင်ပင်ဘုရား၊ မဂဓရာဇ်တိုင်း၊ နာဠကဂ္ဂါမ်၊ ဘွားရာတိုက်ခန်းသည်ရှိ၏၊ ထိုဘွားရာတိုက်ခန်း၌ ပရိနိဗ္ဗာန်လွန်ပေအံ့ဟုလျှောက်လေသေဝ်။ချစ်သားသာရိပုတြား၊ယခုအခါ၌သွားခြင်း၏အခါကိုသိလေ့။ ချစ်သားသာရိပုတြား၊ယွမ်းမှနောက်၌ သင်၏နောင်ကြီးညီငယ်တို့အား သင်ချစ်သားကဲ့သို့ သဘောရှိသော ရဟန်းကို မြင်ရခဲသည်ဖြစ်သတ္တံ့။ထို့ကြောင့် နောင်ကြီးညီငယ်တို့အား တရားဟောပါဦးလေ့ဟုမိန့်ထေဝ်မူ၏။ အရှင်သာရိပုတြားသည် ငါ့အား၀တန်းခိုးဘန်းဆင်းခြင်းလျှင်ရှေးသွားရှိသောဟရားဟောခြင်းကဲ့သို့မြတ်စွာဘုရားသည် တော်တော့တဝေတေဝ်မူ၏ဟုဆို၍ မြတ်စွာဘုရားကိုရှိခိုးပြီးလျှင်။ထန်းတဖျားမျှကောင်းကင်သို့ပျံတက်ပြီးမှ တဘန်သက်၍ရှိခိုး၏။ ဤသို့သောနည်းဖြင့်အဆင့်ဆင့် ထန်းချုနစ်ဖျားတိုင်အောင်ပျံတက်၍၊သက်၍ ရှိခိုးပြီးမှ

ထန်းခုနစ်ဖျားပမာဏာဖြင့်သော ဧကာင်းကင်ပြင်၌ ရပ်လျက် တန်းခိုး ဘန်ဆင်းခြင်းကိုပြု၍ တရားဟောတော်မူ၏။ သာဝတ္ထိတမြို့လုံး၌ နေ သောလူတို့သည်စည်းဝေးကုန်၏။ မထေရ်သည် ကောင်းကင်မှသက် ၍။ မြတ်စွာဘုရားအား ဂိုဒိုးလျက်။ အကျွန်ုပ်သွားအံ့သောအခါတန်ဖြီ အဂ္ဂဝင်ဘုရားဟုလျှောက်၏။ မြတ်စွာဘုရားသည် တရားစစ်သူကြီးကို တဘန်ဂိုဒိုးစေအံ့ဟုကြိုတော်မူ၍။ နေရာတော်မှထလျက်။ဂန္ဓကုဋိရတ် ဝသို့ ဂြိုးဏ္ဍကြွတော်မူ၍။ ပတ္တမြားပျဉ်၌ရပ်တော်မူ၏။ မထေရ်လည်း မြတ်စွာဘုရားအားသုံးကြိမ်တိုင်လက်ျာရစ်လည်၍။ဂြှေ၊နောက်၊လက် ဝဲ၊လက်ျာ၊ လေးမျက်နှာတို့၌ ဂိုဒိုး၍။ ဂ္ဂဝင်ပင်ဘုရား၊ ဤကမ္ဘာမှ ကမ္ဘာ တသိန်းအလွန်ဂိုသော အသင်္ချိယကပ်၏ အထက်၌၊ အနောမဒဿီ ဘုရားမြတ်၏ခြေတော်ရင်း၌ဝပ်၍။ ဂ္ဂဝင်ပင်ဘုရားအား ဖူးမြင်ရခြင်းကို တောင့်တခဲ့၏။ထိုတောင့်တခြင်းသည် အကျွန်ုပ်အားပြည့်စုံပြီ။ အဂ္ဂဝင် ဘုရားကိုမြင်ရပြီ။ထိုမြင်ရခြင်းသည် ဂြိုးဦးစွာသောမြင်ရခြင်းတည်း။ ဤယခုအခါမြင်ရခြင်းသည်အဆုံးစွန်သောမြင်ရခြင်းတည်း။တဘန်ဂ္ဂဝင် ပင်ဘုရားတို့အားမြင်ရခြင်းမည်သည်မဂိုပြီဟုလျှောဝံ၍။ ဆယ်ခုသော လက်သည်းအပေါင်းတို့၏ ဖြူသောအရောင်ဖြင့်တောက်ပသော လက် အုပ်ကိုချီ၍။ မျက်စိမြင်ဂကောင်းသောအရပ်တိုင်အောင်ဂြိုးဏ္ဍပြုလျက်၊ နောက်ဆုတ်ဆုတ်၍။ ဤအဖြစ်မှစ၍ စုတိပဋိသန္ဓေ၏အစွမ်းအားဖြင့် တစုံတခုသောအရပ်၌သွားခြင်းလာခြင်းမည်သည်မဂိုပြီဟု လျှောဝံခဲ့၍ ကြွလေ၏။ ထိုအခါမဟာပထဝီမြေကြီးသည်ကြည်းဟီးသည်ကိုပြု၍ ကြိုးစွာသောတုန်လှုပ်ခြင်းသည်ဖြစ်၏။ မြတ်စွာဘုရားသည်။ချစ်သား တို့၊ သင်တို့၏နောင်ကြိုးကိုပို့ယိုက်ကုန်လေ့ဟု၊ ခြံရံလျက်တည့်ကုန် သောရဟန်းတို့ကိုမိန့်တော်မူလျှင်။ရဟန်းတို့သည်ဧတဝန်ကျောင်း တော်တံခါးမတ်တိုင်အောင်ပို့လိုက်ကုန်၏။ မထေရ်သည်။ အဂ္ဂဝင်တို့၊ သင်တို့သည် တည်ရစ်ကြကုန်လော့၊ မမေ့မလျော့ဖြစ်ကုန်လော့ဟုမိန့် ၍ရဟန်းတို့ကိုပြန်ပေးပြီးမှ။ဗိမိပရိသတ်နှင့်တကွဖဲလေ၏။ လူတို့သည် ကား။ဂြှေးခ်မထေရ်သည် တဘန်ပြန်လာသောသွားခြင်းကိုသွားတော် မူ၏။ယခုအခါ ဤသွားခြင်းသည်ကား တဘန်မပြန်လာတော့အံ့သော သွားခြင်းဖြင့်ကြွသွားတော်မူခဲ့ပြီဟုထက်ဝန်းကျင်မှငိုကြွေးကုန်လျက် အစည်လိုက်ကြကုန်၏။ ထိုလူတို့ကိုလည်းဒါယကာတို့၊ မမေ့မမလျော့ပြု

ကုန်လေ့၊ သခ်ါဂတရားသည်လည်း ဤသို့ဖြစ်တတ်သောသဘောရှိ ကုန်ဏ၏ဟုမိန့်တော်မူ၍ပြန်စေကုန်ဏ၏။ ။

ထိုအခါမထေရ်သည် ချုပ်ရက်ပတ်လုံး ခရီးအကြွေးခ်ဳ လူတို့အား သင်္ဘောဟ်ုခိုးမြောက်ခြင်းကိုပြုတော်မူလျက်။ ညနေချမ်းအခါ နာဠကဂ္ဂါသို့ ရောက်တော်မူလေ၍။ ဂ္ဂါတံခါး ပညောင်ပင်ရင်းခ်ု နားရပ်တော်မူဏ၏။ထိုအခါ မထေရ်ဏ၏တူဖြစ်သော ရေဝတမည်သော ပုဏ္ဏားလုလင်သည် ဂ္ဂါပသို့သွားသော် မထေရ်ကိုမြင်၍၊အနီးသို့ကပ်လာပြီးမှ ဂ်ါခိုး၍နေဏ၏။ မထေရ်သည် ထိုရေဝတကိုဆို၏။ ရေဝတ၊သင်၏အဘွားကြီးသည် အိမ်ခ်ု ဂ်ါ၏လောဟ မေးတော်မူသော်။ အဂ္ဂဉာဏ်ား၊ ဂ်ါပါ၏ဟု လျောက်သဖြင့်။ သင်သွားချေ၊ ငါတို့၏ ဤနာဠကဂ္ဂါသို့ ရောက်လာသောအဖြစ်ကို ကြားချေလော့။ အဘယ်ကြောင့် လာသနည်းဟု မေးသော်၊ ယနေ့တရက်မျှ ဂ္ဂါတွင်းခ်ု ဖြစ်လတ္တံ့။ ဘွားရာတိုက်ကံလည်း သုတ်သင်ကုန်။ ငါးရာသောရဟန်းတို့၏နေရာကိုလည်းသိလေကုန်ဟု မိန့်တော်မူ၍ စေလိုက်ဏ၏။ ထိုရေဝတလုလင်သွား၍လ၌။ အဘွားကြီး၊ ငါ၏ ဝရိုးတော်လာဏ၏ဟု ဆို၏။ ယခုအခါ အဘယ်ခ်ု ဂ်ါလေသနည်းဟု မေးသဖြင့်၊ဂ္ဂါတံခါး ပဇညောင်ပင်ရင်းခ်ု ဂ်ါသည်ဟု ဆို၏။ တပေယျာက်တည်းလော၊ တပါးသောအဘော်လည်း ပါသေးလောဟု မေးပြန်သော်၊ ငါးရာသောရဟန်းတို့သည် ပါကုန်၏ဟုဆို၍။ အဘယ်ကြောင့်လာသနည်းမေးပြန်သဖြင့်။ထိုရေဝတသည် ထိုလာသောအကြောင်းကိုကြား၏။ မယ်တော်ပုဏ္ဏားမသည်၊ အဘယ့်ကြောင့် ဤမျှလောက်ကုန်သော ရဟန်းတို့အား နေရာဖြင့် စေဘိသနည်း။ ငါ၏သား ဥပတိဿသည် ငယ်သောအခါ ရဟန်းပြုနေပြီး၍။ ကြီးသောအခါမှ လူထွက်ချင်ပြန်လေတော့သလောဟုကြံပြီးမှ။ ဘွားရာတိုက်ကိုသုတ်သင်စေ၍၊ ငါးရာသောရဟန်းတို့အားနေရာကိုပြုပြင်စေ၍၊ ဆီမီးတို့ကိုထွန်းညှိပြီး၍၊ ထိုအကြောင်းကို ဂ္ဂင်သာရိပုတြာမထေရ်၏ အထံသို့ သတင်းစကားစေလိုက်ဏ၏။ မထေရ်လည်း၊ ငါးရာသောရဟန်းတို့နှင့်တကွပြာသာဒ်ထက်သို့တက်၍ဘွားရာတိုက်သို့ဝင်၍နေဏ၏။ ထိုသို့နေပြီးမှလျှင် သင်တို့၏နေရာသို့ သွားလေကုန်ဟု ဗျာဒ်းတို့ကို လွှတ်တော်မူလိုက်ဏ၏။ ထိုရဟန်းတို့၏သွားကာမျှခ်ု သာလျှင် အဂ္ဂဉာသာရိပုတြာမထေရ်အား ကြမ်းထမ်းသောအနာသည်ဖြစ်ဏ၏။သွေးအန်သောအနာဟုဆိုအပ်သော ဇသခြင်း

အနိုးရှိသောဇေဒနာသည် ဖြစ်၏။ သောက်သောဆေးတခွက် ဝင်၏။ တခွက်ပင်ထွက်၏။ မယ်တော်ပုဏ္ဏားမသည် ငါ့သား၏ဖြစ်ခြင်းကို ငါသည်မနှစ်သက်ဟုဆို၍၊ မိမိနေရာတိုက်တံခါးကိုဖိုလျက်ရပ်နေ၏။ စာတုမဟာရာဇာနတ်မင်းကြီးလေးယောက်တို့သည် တရားစစ်သူကြီးဖြစ်သော အရှင်သာရိပုတြ်ာသည် ယခုအဘယ်အရပ်၌ရှိသနည်းဟု နတ်မျက်စိဖြင့်ရှုသော်။ နာဠကရွာ၊ ဘွားရာတိုက်ခန်း၌၊ ပရိနိဗ္ဗာန်လွန်ရာ ညောင်စောင်း၌လျောင်း၏ဟုမြင်ကုန်၍။ယခုအခါမထေရ်ကဲ့အဆုံးစွန်သောမြင်ခြင်းတည်း။ ငါတို့သွားကုန်အံ့ဟုလာကုန်၍ရှိခိုးလျက်ရင်ကုန်၏။မထေရ်သည် သင်တို့အဘယ်သူနည်းဟု မေးတော်မူသော်။ရှင်ပင်ဘုရား၊အကျွန်ုပ်တို့သည်နတ်မင်းကြီးလေးယောက်တို့တည်းဟုလျှောက်ကုန်၏။ အဘယ့်ကြောင့်လာကုန်သနည်း မေးတော်မူ၏။ သူနာအလုပ်အကျွေးဖြစ်ကုန်အံ့ဟူ၍ လာကုန်သည်ဟု လျှောက်သော်။ ရှိစေတော့၊ ငါ့အား သူနာအလုပ်အကျွေးသည်ရှိပြီ။ သင်တို့သွားလေကုန်ဟု လွှတ်တော်မူလိုက်၏။ထိုနတ်တို့သွားလေသောအခါ သိကြားသည်လာ၏။ ထိုသိကြားသွားပြန်သော် သုယာမနတ်အစရှိကုန်သော နတ်တို့သည်လည်းလာကုန်၏။ မဟာဗြဟ္မာသည်လည်းလာ၏။ ထိုနတ်ဗြဟ္မာတို့ကို မထေရ်သည် နတ်မင်းကြီးလေးယောက်ခွဲသို့ဆို၍လွှတ်လိုက်၏။ မယ်တော်ပုဏ္ဏားမသည် ထိုနတ်ဗြဟ္မာတို့၏ လာခြင်း သွားခြင်းကို မြင်၍၊ ငါ၏သား ဥပတိဿကို ရှိခိုး၍သွားလေကုန်သည်ကား အဘယ်သူတို့နည်းဟု မထေရ်ရှိရာတိုက်သို့သွားပြီးလျှင်၊ ချစ်သားစုန္ဒ၊ နောင်တော်အသို့ရှိပါသနည်းဟုမေး၏။စုန္ဒထေရ်သည်မယ်တော်ကိုအကြောင်းပြန်ကြားပြီးလျှင်။ အရှင်သာရိပုတြ်ာအား မယ်တော်ဥပါသိကာမကြီးလာ၏ဟုလျှောက်၏။ မထေရ်သည် ဒါယိကာမကြီး၊ အချိန်မဟုတ်သည်၌ အဘယ်ကြောင့်လာသနည်းဟု မေးတော်မူသော်။ ချစ်သားဥပတိဿ၊ သင်ချစ်သားကို ရှာအံ့သောငှါ အမိလာပါသည်ဟုဆို၍။ ရှေးဦးစွာလာ.ဧသောလေးယောက်တို့သည် အဘယ်သူတို့နည်းဟုမေး၏။ဒါယိကာမကြီး၊နတ်မင်းကြီးလေးယောက်တို့တည်းဟုမိန့်တော်မူသော်။ ချစ်သားဥပတိဿ၊ စာတုမဟာရာဇာနတ်မင်းကြီး-လေးယောက်တို့ထက်သင်သည် လွန်မြတ်ပေသလောဟု မယ်တော်မေးပြန်၍။ ဒါယိကာမကြီး၊ ဩဩ ဟုတ်၏။ စာတုမဟာရာဇာနတ်မင်းကြီး လေးယောက်တို့သည်

အရံစောင့်နှင့်တူကုန်၏။ ငါတို့၏ဆရာဘုရား ပဋိသန္ဓေနေသောအခါမှ စ၍ သန့်လျက်လက်စွဲကုန်သည်ဖြစ်၍ အစောင့်အရှောက်ကိုပြုရကုန်၏ဟုမိန့်၏။ ချစ်သားဥပတိဿ၊ ထိုနတ်မင်းကြီးတို့သွားသောအဆုံးဌာလာပြန်သည်ကား အဘယ်သူနည်းဟုမေး၏။ ဒါယိကာမကြီး၊သိကြားမင်းတည်းဟုမိန့်တော်မူသော်။ ချစ်သားဥပတိဿ၊ သိကြားမင်းထက်ပင်လည်း သင်သည်ဖြတ်လေသလောဟု မယ်တော်မေးပြန်၍။ ဒါယိကာမကြီး၊ ဤသိကြားမင်းသည် ငါတို့ဆရာဘုရား၏ သက်နှံးသပိတ်ကိုယူ၍ နောက်ဌိလိုက်သော သာမဏေနှင့်တူ၏။ ငါတို့ဆရာဖြတ်စွာဘုရား တာဝတိံသာ နတ်ပြည်မှ သက်တော်မူသော အခါဌ သပိတ်သက်နှံးတော်ကိုယူ၍ နောက်တော်မှသက်ရ၏ဟု မိန့်၏။ ထိုသိကြားသွားသောအဆုံးဌ အလုံးစုံသောပြာသာဒ်ကို ထွန်းလင်းစေဘိသကဲ့သို့ လာပြန်သည်ကား အဘယ်သူနည်းဟုမေး၏။ ဒါယိကာမကြီး၊သိကြားမင်းတည်းဟုမိန့်တော်မူသော်။ ချစ်သားဥပတိဿ၊ သိကြားမင်းထက်ပင်လည်း သင်သည်ဖြတ်လေသလောဟု မယ်တော်မေးပြန်၍။ ဒါယိကာမကြီး၊ ဤသိကြားမင်းသည် ငါတို့ဆရာဘုရား၏ သက်နှံးသပိတ်ကိုယူ၍ နောက်ဌိလိုက်သော သာမဏေနှင့်တူ၏။ ငါတို့ဆရာဖြတ်စွာဘုရား တာဝတိံသာ နတ်ပြည်မှ သက်တော်မူသော အခါဌ သပိတ်သက်နှံးတော်ကိုယူ၍ နောက်တော်မှသက်ရ၏ဟု မိန့်၏။ ထိုသိကြားသွားသောအဆုံးဌ အလုံးစုံသောပြာသာဒ်ကို ထွန်းလင်းစေဘိသကဲ့သို့ လာပြန်သည်ကား အဘယ်သူနည်း ချစ်သားဥပတိဿဟု မေးပြန်၏။ ဒါယိကာမကြီး၊ ဤ နောက်လာသောသူကား ဒါယိကာမကြီးတို့ ကိုးကွယ်သော ဘုန်းကြီးသော ဆရာဟုဆိုအပ်သော မဟာဗြဟ္မာတည်းဟုမိန့်တော်မူသော်။ ချစ်သားဥပတိဿ၊ ငါတို့၏ဘုန်းကြီးသောဘုရား ဟုသမိတ်အပ်သောမဟာဗြဟ္မာထက်ပင်လည်းသင်သည်လွန်မြတ်သလောဟုမေး၏၊ ဇော်လွန်မြတ်၏။ ဒါယိကာမကြီး၊ဤသို့သောဗြဟ္မာကြီးသည် ငါတို့ဆရာဘုရား၏ဘွားတော်မူသောနေ့၌၊ဗြဟ္မာကြီးလေးယောက်တို့သည် ရွှေကွန်ရက်ဖြင့် မယ်တော်ဝမ်းမှ ဘွားစဖြစ်သောယောကျ်ားမြတ်ကိုခံရကုန်၏ဟုမိန့်တော်မူသော်။ ဒါဿားဥပတိဿ၏ တန်းခိုးအာနုဘော်သည်လျက် ဤသို့ဖြစ်ဘိ၏။ ငါ့သားဆရာဖြစ်သောဘုရား၏တန်းခိုးအာနုဘော်သော်ကား အဘယ်သို့သဘောရှိသည်ဖြစ်ရာလတ္တံ့နည်းဟု ကြီသောမယ်တော်ပုဏ္ဏားမအား အကြံဖြစ်သည်နှင့်တကွငါးပါးအာပြာဒ်ရှိသောနှစ်သက်ခြင်းသည်ဖြစ်၍တကိုယ်လုံးပြည့်၏။ မဃထေရ်သည် ငါ၏မယ်တော်အား နှလုံးဝမ်းမြောက်ခြင်းဖြစ်ပြီ။ယခုဤအခါသည်တရားဟောအံ့သော့အခါတည်းဟုကြံတော်မူ၍။ဒါယိကာမကြီး၊ အဘယ်သို့ ကြံသနည်းဟု မေးတော်မူ၏။ မယ်တော်သည်လည်း ချစ်သားဥပတိဿ၊အမိကြံသည်ကား။ ငါ့သား၏ဂုဏ်ကျေးဇူးသည်မျှလည်း ဆရာဘုရားမှာရှေးဦးစွာ ဤသို့စင်ဖြာသေး၏။ ငါ့သားဆရာဖြစ်သောဘုရား၏ဂုဏ်ကျေးဇူးသည်ကားအဘယ်သို့သဘောရှိသည်ဖြစ်

လတ္တံ့နည်း။ ဤသို့ကြီသည်ဟုလျှောက်၏။ ဒါယိကာမကြီး၊ငါ၏ဆရာဘုရား၏ အဓိဝမ်းမှဘွားတော်မူသောအခါ၊ တောထွက်တော်မူသောအခါ၊ သစ္စာလေးပါးတရားကိုသိတော်မူသောအခါ၊ ဓမ္မစကြာတရားဟောတော်မူသောအခါတို့၌ တသောင်းသော စကြဝဠာတိုက်၌ မြေကြီးပြင်းစွာ တုန်လှုပ်လေပြီ။ ငါ့ဆရာဘုရား၏၊ သီလနှင့်၊ သမာဓိနှင့်၊ ပညာနှင့်၊ ဝိမုတ္တိနှင့်၊ ဝိမုတ္တိဉာဏ်အမြင်နှင့်တူသောသူသည် လောက၌ မရှိ။ဤသို့သောအကြောင်းကြောင့် ထိုမြတ်စွာဘုရားသည်အရဟံမည်တော်မူ၏။ ဤသို့အစရှိသောနည်းဖြင့် အကျယ်ချဲ့၍ မြတ်စွာဘုရား၏ ဂုဏ်တော်နှင့်စပ်သော တရားဒေသနာတော်ကို ဟောတော်မူ၏။ မယ်တော်ပုဏ္ဏားမ ရူပသာရီသည် သားတော်၏ တရားဒေသနာတော်အဆုံး၌ သောတာပတ္တိမဂ်ဖြင့် မိစ္ဆာဒိဋ္ဌိအယူယုံမှားခြင်းတံဆွဲခြောက်ပါးကိုပယ်ပြီး၍ သောတာပတ္တိဖိုလ်၌တည်၍၊ ချစ်သားဥပတိဿ၊အဘယ်ကြောင့် ဤသို့ပြုဘိသနည်း။ အဘယ်ကြောင့် သင်ချစ်သားသည် ဤသို့သဘောရှိသော အမြိုက်တရားကို ဤမျှလောက်သော ကာလပတ်လုံးအဓိအားမတိုက်နေဘိသနည်းဟုဆို၏။ ။အရှင်သာရိပုတြားမထေရ်သည်။ ယခုအခါ၌ ငါ၏မယ်တော်ရူပသာရိပုဏ္ဏားမအားနှိုးရည်တိုက်ကျွေး၍ မွေးပေသောအစိုးကို ပေးဆပ်အပ်ပြီ။ ဤမျှသောတရားမျှဖြင့် သာသင့်လတ္တံ့ကြို၍၊ သွားလေတော့ ဒါယိကာမကြီးဟု မယ်တော်ကိုလွှတ်လိုက်၍၊ညီတော်စုန္ဒကိုခေါ်၏။ စုန္ဒ၊အဘယ်အခါရောက်ပြီနည်းဟု မေးတော်မူ၍၊ ရှင်ပင်ဘုရား၊ ဓိုးသောက်အားကြီးပြီဟုလျှောက်သော်။ ထိုသို့တပြီးကား။ စုန္ဒ၊ ရဟန်းသင်္ဃာတို့ကို စည်းဝေးစေလော့ဟု မိန့်တော်မူ၏။ စုန္ဒသည် သင်္ဃာတို့စည်းဝေးပါပြီဟုလျှောက်၏။ စုန္ဒ၊ငါ့ကို ချီကြွ၍ ထိုင်စေလော့ဟု မိန့်တော်မူသဖြင့် ချီကြွ၍ထိုင်စေ၏။အရှင်သာရိပုတြားမထေရ်သည် ရဟန်းတို့ကို ခေါ်တော်မူ၍။ ငါ့ရှင်တို့၊ လေးဆဲ့လေးဝါပတ်လုံး ငါနှင့်တကွ ကျင်လည်ကုန်သော သင်တို့အား။ ငါ၏ကိုယ်နှုတ်ဖြင့် လွန်ကျူးခြင်းသည် အကယ်၍ရှိအံ့။ ထိုအလုံးစုံကို သင်တို့သည် ငါ့အားသည်းခံပါကုန်ဟူ၍ မိန့်တော်မူ၏။ ရှင်ပင်ဘုရား၊ဤမျှလောက်သော နှစ်ပတ်လုံး၊ အရိပ်ကဲ့သို့ဖြစ်၍ ရှင်ပင်ဘုရားနှင့် မစွန့်မူ၍ ကျင်လည်ကုန်သော အကျွန်ုပ်တို့အား၊ မကျောက်ပတ်သောအမှုမည်သည်မရှိပါကုန်။ရှင်မင်ဘုရားသည်သာလျှင် အကျွန်ုပ်တို့အား သည်းခံ

တော်မူပါကုန်ဟုလျှောက်ကုန်၏။ ထိုရောအခါ၌ မဇ္ဈိမဒေသ၌ အရှင်တို့၊ ငါ့ကိုအိပ်ရာညောင်စောင်း၌ လှည်းကုန်လော့မိန့်တော်မူ၍။ နေအရဏ်သည် ထင်လာသောအခါ၌၊ နှစ်သိန်းလေးသောင်း အထူယူဇနာရှိသောမြေကြီးကို ပဲ့တင်ထပ်မျှလှပ်စေလျက်။ ကမ္ဘာရပ် အကြွင်းမရှိသောနိဗ္ဗာနဓာတ်ဖြင့် ပရိနိဗ္ဗာန်ပြုတော်မူ၏။ များစွာသောလူတို့သည် မထေရ်၏ ပရိနိဗ္ဗာန်ပြုရာ၌ ကြီးစွာသော ပူဇော်သက္ကာရကို ပြုကုန်၍။ စန္ဒကူးနုံသာ အတိပြီးသော ထင်းဖြင့် အမြင့် အတောင်တရာရှိအောင် စုပုံ၍၊ အလောင်းတော်ကို ရွှေတလားဖြင့်.ထင်းပုံထက်၌ တင်၍ ဗုတ်ကြဉ်း သင်္ကြိုဟ်ကုန်၏။ အရှင် စုန္ဒမထေရ်သည့် အရှင်သာရိပုတြာ၏ ဓာတ်တော်တို့ကို ရေစစ်ပုဝါဖြင့် ထုပ်၍ သဒိတ် သင်္ကန်းတို့ကိုဂုဏ်း၊ ဓာတ်တော်တို့ကိုဂုဏ်း ယူခဲ့ပြီးလျှင်။ ဇေတဝန်ကျောင်းသော်သို့ လာ၍ အရှင် အာနန္ဒာကိုယူ၍ မြတ်စွာဘုရားသို့ ကံပ်လေ၏။ မြတ်စွာဘုရားသည် ဓာတ်တော်ထုပ်ကို ယူ၍။ ဂါထာငါးရာတို့ဖြင့် ရှင်သာရိပုတြာမထေရ်၏ကျေးဇူးကိုဆို၍။ရှင်သာရိပုတြာ၏ဓာတ်တော်တို့ကို ဇေတဝန်ကျောင်းဟော် မြောက်မုတ်တံခါးအနီး၌ မြှုပ်ထားဌာပနာပြီးသော် စေတီတည်စေ၏။ ။

၅၉။ အရှင်မောဂ္ဂလာန်မထေရ်ဈာသိဂိလိတောင်နံရံ၌ ပရိနိဗ္ဗာန်ပြုတော်မူသည်ကိုပြရာ။

ထိုနောင်မှ မြတ်စွာဘုရားသည် များစွာသောရဟန်းအပေါင်းဖြင့် ခြံရံလျက် ရာဇဂြိုဟ်ပြည့်သို့ကြွတော်မူလာ၍။ရာဇဂြိုဟ်ပြည်သို့ရောက်သောအခါ၌။ အရှင်မောဂ္ဂလာန် မထေရ်သည် ရာဇဂြိုဟ်မြို့၏မြောက်၊ ဈာသိဂိလိတောင်နံရံ၊ ကျောက်ညိုလိုဏ်၌။ ပရိနိဗ္ဗာန်ပြုကြောင်းကား။ဤသို့တည်း။ ။မြတ်စွာဘုရားသည် သာဝတ္ထိပြည်မှကြွလာ၍ ဝဝ၌ဝန်ကျောင်းတော်၌နေတော်မူသောအခါအဝတ်မဝတ်အချည်းစည်းကျင့်ကုန်သော ငါးရာသောတိတ္ထိတို့သည် စည်းဝေးကုန်၍ကြံကုန်၏။ငါ့ရှင်တို့၊ အဘယ်သို့သောအကြောင်းကြောင့် ရဟန်းဂေါတမအား လာဘ်သပ္ပကာ များစွာ ဖြစ်သနည်း၊ သင်တို့သည် သိကုန်၏လော့ဟု တိတ္ထိတယောက်ကို တယောက်မေး၏။ ငါတို့သည်မသိကုန်၊သင်သည်သိ၏

လောဟ ပြန်၍မေး်သော်၊ ဩဝါဒါသိ၏။ မဟာမောဂ္ဂလာန်မည်သော ထိုရဟန်းကိုမှီ၍ဖြစ်၏။ထိုစကားသည်မှန်၏။ထိုမောဂ္ဂလာန်သည့် နတ်ပြည်သို့သွား၍ နတ်တို့သည်ပြုအပ်သောကောင်းမှုကို မေး၍ လာခဲ့၏။ ဤမည်သောကောင်းမှုကိုပြု၍ ဤသို့သောနတ်၏စည်းစိမ်ကိုရ၏ ဟူ၍ လူတို့အားကြား၏။ ငရဲပြည်သို့သွား၍ ငရဲခံရသောသူတို့သည်ပြုအပ်သောမကောင်းမှုကို မေး၍ လာခဲ့၏။ ဤမည်သောမကောင်းမှုကိုပြု၍ ဤသို့သောဆင်းရဲခြင်းကိုခံရ၏ဟု လူတို့အားကြား၏။ လူတို့သည် ထိုစကားကိုကြား၍ များစွာသောလာဘ်သပ္ပကာကိုဆောင်ခဲ့၏။အကယ်၍ ထိုမောဂ္ဂလာန်ကို သတ်ခြင်းငှါတတ်နိုင်ကုန်အံ့။ ထိုလာဘ်သပ္ပကာသည် ငါတို့အားဖြစ်လတ္တံ့.ဟုဆို၏။ ဤအကြောင်းသည် ဂိ၏ဟု ကြံ၍၊ အလုံးစုံသောတိတ္ထိတို့သည်တူသောအလိုရှိကုန်ကြသဖြင့် တစုံတခုကို ပြုပြီးလျှင် ငါတို့သည် သတ်စေကုန်အံ့ဟု ကြံကုန်၍။ ဒိဗ္ဗတို့၏အလုပ်အကျွေးဖြစ်ကုန်သောတကာတို့ကို နှိုးဆော်လျှင် အသံပြာတထောင်ကိုရကုန်၏။ထိုအခါ လူကိုသတ်သောအမှုကိုပြု၍ကျင်လည်ကုန်သောခိုးသားငါးရာတို့ကိုခေါ်စေ၍။ ဒါယကာတို့၊ မောဂ္ဂလာန်အမည်ရှိသောမထေရ်သည် ကာဠသိလာကျောက်ညိုလိုဏ်ဌာနေ၏။သင်တို့သည် ထိုကျောက်ညိုလိုဏ်သို့သွား၍ မောဂ္ဂလာန်ကိုသတ်ကုန်လော့ဟု ခိုးသူတို့အား အသပြာတထောင်ကိုပေး၏။ထိုငါးရာသောခိုးသားတို့သည်ဥစ္စာကိုလိုသောကြောင့် ကောင်းပြီဟုဝန်ခံကြပြီးလျှင်။ မောဂ္ဂလာန်ကိုသတ်ကုန်အံ့ဟု သွားကုန်၍ အဂ္ဂင်မောဂ္ဂလာန်၏နေရာအရပ်ကို ခြံရံလေကုန်၏။ ထိုခိုးသူတို့ခြံရံအပ်သောအဖြစ်ကိုမထေရ်သိ၍၊ လိုဏ်ဟံခါးရွက်၌သံကောက်ပေါက်ဖြင့်ထွက်၍ဖဲလေ၏။ခိုးသူတို့သည် မထေရ်ကိုထိုနေရာ၌မမြင်မတွေ့ကုန်သောကြောင့်။ထိုနောက်တဘန် တနေ့၌သွား၍ ထိုကျောက်ညိုလိုဏ်ကိုဝန်းရံပြန်လေကုန်၏။ အဂ္ဂင်မောဂ္ဂလာန်သည်သိ၍ အချက်ဝန်းကိုဘွင့်၍ ကောင်းကင်သို့ပျံလေ၏။ ဤသို့ ထိုခိုးသားငါးရာတို့သည် ပဌမအကြိမ်၌၎င်း၊ ဒုတိယအကြိမ်၌၎င်း၊ မထေရ်ကိုဘမ်းပယူအံ့သောဌါ မတတ်နိုင်ကုန်။ ပဌမဝါဆိုလ၌ဖြင်း၊ အလယ် ဝါခေါင်လ၌ဖြင်း၊ မထေရ်ကို ဘမ်းမိအံ့သောဌါ မတတ်နိုင်ကြကုန်။ ပစ္ဆိမလ၌ကား မထေရ်သည် မိမိပြုအပ်သောမကောင်းမှုကံ၏ရောက်အပ်သောအဖြစ်ကိုသိ၍။ အရပ်တပါး မသွား်ဘဲ နေလေ၏။ ခိုးသူတို့သည် မထေရ်ကို

ဘမ်း၍ ဆန်ခွဲကိုကဲ့သို့ အရိုးအသဲား ထွားထွားကြွေအောင် ရိုက်ပုတ်ကုန်၍ သေလေပြီဟူသောအမှတ်ဖြင့်။ တည်ရှိသောချုံ၏အပေါ်၌ပစ်ထား၍ သွားလေကုန်၏။ မထေရ်သည် အရဟတ္တဖိုလ်ဈာန်သမာပတ်ဖြင့်မြဲမြံစွာရစ်ပတ်၍ ကောင်းကင်ဖြင့် မြတ်စွာဘုရား၏အံ့ထံသို့လာပြီးလျှင်။ မြတ်စွာဘုရားကိုရှိခိုး၍။အရှင်ဘုရား၊အကျွန်ုပ်သည် ပရိနိဗ္ဗာန်ပြုပါအံ့ဟူ၍လျှောက်၏။ချစ်သားမောဂ္ဂလာန်၊ပရိနိဗ္ဗာန်ပြုတော့အံ့လောဟု မြတ်စွာဘုရားမိန့်တော်မူသော်၊ ပြုပါတော့အံ့ ရှင်ပင်ဘုရားဟုလျှောက်သဖြင့်။ ချက်သား၊ အဘယ်အရပ်၌ ပြုလေအံ့နည်းဟု မိန့်တော်မူသော်။ ကျောက်ဂူလိုဏ်၌ပြုပါအံ့ဟုလျှောံ၏။ ထိုသို့တပြီးကား။ချစ်သားမောဂ္ဂလာန်၊ ငါ့အားတရားဟော၍သွားလေလော့၊ သင်ကဲ့သို့သဘောရှိသောတပည့်ကို ယခုအခါ ငါ့အားမြင်ရခြင်းမည်သည်မရှိပြီဟုမိန့်တော်မူ၏။ အရှင်မောဂ္ဂလာန်သည် ကောင်းပြီရှင်ပင်ဘုရားဟုဝန်ခံ၍ ကောင်းကင်သို့ပျံပြီးလျှင် ပရိနိဗ္ဗာန်ပြုအံ့သောနေ့၌ အရှင်သာရိပုတြာကဲ့သို့ အထူးထူးအပြားပြားသော တန်းခိုးပြာဋိဟာကိုပြု၍ တရားဟောပြီးမှ။ မြတ်စွာဘုရားကိုရှိခိုး၍ ကျောက်ညိုလိုဏ်သို့သွားပြီးလျှင် ပရိနိဗ္ဗာန်ပြုတော်မူလေ၏။ ။အရှင်မောဂ္ဂလာန်ကို ခိုးသူတို့သည်သတ်ကုန်၏ ဟူသောစကားသည် ဓမ္မပဒ။ဒိဗ္ဗာကျွန်းအနှံ့ကျော်စောလေ၏။အဓာတသတ်မင်းသည် ခိုးသူတို့ကို ရှာစိမ့်သောဌါ မင်းချင်းယောကျ်ားတို့ကို စေ၏။ ထိုခိုးသူတို့သည် အိမ်ဈေးခွင် သေသောက်ကြူးကုန်သည် ရှိသော်၊ တယောက်သောသူသည် တယောက်သောသူ၏ ကျောက်ကို ခြေနှင့်ကျောက်၍ ထိုသူကိုကြိမ်း၏။ ဟယ်မကောင်းစွာသော်သူ၊နင်သည် အဘယ်ကြောင့် ငါ့၏ကျောကို ပုတ်ခတ်သနည်းဟုဆို၏။ ဟယ်မကောင်းစွာသော ခိုးသူ၊နင်အဘယ်ကြောင့်မဟာမောဂ္ဂလာန်ကို ရှေးဦးစွာရိုက်ခတ်သနည်းဟုဆို၏။အသို့ငါရိုက်ခတ်သောအဖြစ်ကို နင်သိသနည်းဟုဆို၏။ ဤသို့နင်ရိုက်ခတ်၏၊ ငါရိုက်ခတ်၏ ဆိုကုန်ကြသော်၊ ထိုသူတို့၏စကားကို မင်းချင်းယောကျ်ားတို့ကြားကုန်၍ ထိုအလုံးစုံသောခိုးသူတို့ကိုဘိမ်း၍ အဓာတသတ် မင်းအား ပြုံလေကုန်၏။ မင်းကြီးသည် ထိုခိုးသူတို့ကို သင်တို့သည် မထေရ်ကိုသတ်အပ်သလောဟုမေးသော်။ဩဝါဒရှင်မင်းကြီး၊သတ်သည်မှန်၏ဟု လျှောက်သဖြင့်။ အဘယ်သူနှင်တို့ကိုစေအပ်သနည်းဟုမေးပြန်သော်။ အဝတ်မဝတ် အချည်းစည်းနေသော တိတ္ထိ

တို့သည်စေကုန်ဖြစ်ဟု လျောက်ကုန်ဏ်။ မင်းကြီးသည် ထိုငါးရာသော တိဏ္ဍိတို့ကိုခေါ်စေ၍ ဒိုးသူငါးရာတို့နှင့်တကွ ချင်းတော်ကို မင်းရင်ပြင်၌ ချက်မျှအာနက်ရှိသော တွင်းတို့ကို တူးစေပြီးလျှင်။ ထိုတွင်း၌ မြှုပ်ပြီးမှ ကောက်ရိုးဖုံးလွှမ်း၍ မီးတိုက်ကုန်ပြီးသော်။ သေသောအဖြစ်ကိုသိ၍၊ သံထွန်သွားတို့ဖြင့် ထွန်စေ၍ အဝိုင်းအဝိုင်းကိုပြုစေဏ်။ ။ရဟန်းတို့ သည် တရားသဘင်၌ စကားကိုဖြစ်စေကုန်ဏ်။ ငါ့ရှင်တို့၊မဟာမောဂ္ဂလာန်မထေရ်သည် ကိုယ်တော်အား မလျောက်ပတ်သောသေခြင်းသို့ ရောက်ရဏ်ဟုစကားကိုဖြစ်စေကုန်ဏ်။မြတ်စွာဘုရားလာတော်မူ၍။ချစ်သားတို့၊ ယခုအခါ အာဘယ်စကားဖြင့် စည်းဝေးကုန်သနည်းဟုမေးတော်မူ၍။ ဤမည်သောစကားကြောင့်တည်းဟုလျောက်ကုန်သော်။ချစ်သားတို့၊မဟာမောဂ္ဂလာန်သည် ဤကိုယ်၏အဖြစ်အား မလျောက်ပတ်သောသေခြင်း မှန်ဏ်။ ထို၌မောဂ္ဂလာန်သည် ပြုအပ်သောကံအားကား လျောက်ပတ်သည်သာတည်းဟုမိန့်တော်မူဏ်။ ဘုန်းတော်ကြီးသောရှင်ပင်ဘုရား၊ထိုရှင်မောဂ္ဂလာန်အားရှေး၌ပြုဘူးသောကံသည် အာဘယ်သို့နည်းဟုမေးအပ်သော်။ မြတ်စွာဘုရားသည် ရှေးအကြောင်းကိုဆောင်တော်မူဏ်။ ။ချစ်သားတို့၊ လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ အမျိုးသားတယောက်သည်။မိမိကိုယ်တိုင်သဗ္ဗာလျှင် ထောင်းခြင်း ချက်ခြင်းအစရှိသောအမှုတို့ကိုပြုလျက်။မိကာနားဘကာနန်းနှစ်ယောက်တို့ကို မွေးကျွေးဏ်။ ထိုအခါ၌ ထိုအမျိုးသား၏အမိအဘတို့သည်။ ချစ်သား၊ သင်သည်တယောက်အထီးတည်း အိမ်၌ငုင်း၊တောခိုငုင်း၊ အမှုကိုပြု၍ ပင်ပန်းဏ်။သင်ချစ်သားအားငါထို့သည်သတို့သမီးတယောက်ကိုဆောင်ကုန်အံ့ဟုဆိုကုန်သော်။ အိုမိခင်ဘခင်တို့၊ဤသို့သဘောရှိသောအမှုဖြင့် ငါသည် အလိုမရှိ။ငါသည် ကောင်းစွာ သင်တို့ကို အသက်ရှိသောကာလပတ်လုံးမိမိလက်ဖြင့်လုပ်ကျွေးပါအံ့ဟုဆို၍ ထိုအမျိုးသားသည်ပယ်သော်လည်း အဘနှအလဲလဲတောင်းပန်ကုန်၍ သတို့သမီးတယောက်ကိုဆောင်ကုန်ဏ်။ ထိုသဲ့တို့သမီးသည် သုံးလေးရက်မျှသာလျှင် ထိုအမိအဘတို့ကိုလုပ်ကျွေး၍နောက်အခါ၌ထိုအမိအဘတို့ကိုအလိုမရှိသည်ဖြစ်၍။ သင်ဏ်၏ အမိအဲ့ဘတို့နှင့် တကွနေခြင်းငှါ မတတ်နိုင်ဟု ကဲ့ရဲ့ဏ်။ ထိုယောကျ်ားသည် မိမိစကားကိုမယူလိုသည်ရှိသော်။ထိုယောကျ်ားတော်သို့သွားသောအဖိုက်၌။ သင်ပေါင်းဘူးဟင်းဘတ် အစရှိသည်တို့

ကိုရင်း၊ ယာဂုတို့ကိုရင်းယူ၍။ ထိုထို့သောအရပ်၌ ကြဲထားလေ၏။ ထို အမျိုးသားသည် တောမှ လာ၍ ဤသို့ဖြစ်ခြင်းသည် အဘယ့်ကြောင့် နည်းဟုမေးသည်ရှိသော်။ ဤအမှုသည် သူကာန်းအိုတို့၏အမှုတည်း။ အလုံးစုံသောအိမ်ရာကို ညစ်ညူးခြင်းကိုပြု၍ လှည့်လည်ကုန်၏။ ဤသူ ကာန်းအိုတို့နှင့် တခုတည်းသော်အရပ်၌ နေအံ့သောဌါမတတ်နိုင်ဟုဆို ၏။ ဤသို့ ထိုသတို့သမီးအထပ်ထပ်ဆိုသည်ရှိသော်။ ဤသို့စင် ကမ္ဘာ တသိန်းအလွန်ရှိသော အသင်္ချေယျကာလပတ်လုံး ဖြည့်ပြီးသောပါရမီ ရှိသော ယောကျ်ားသည်လျက်လည်း။ အမိအဘတို့နှင့်တကွ ချစ်မြတ် နိုးအပ်သောအဖြစ်ကို ပျက်စေတတ်ဟုကြံ၍။ ထိုသူအိုတို့အား ပြုအပ် သောအမှုကို သိရအံ့ဟုဆိုပြီးလျှင်။ ထိုမိဘသူကာန်းတို့ကို ထမင်းစား စေ၍။ အိုမိခင်ဘခင်တို့၊ ဤမည်သောအရပ်၌ အဆွေအမျိုးတို့သည် သင်တို့၏လာခြင်းကို တောင့်တကုန်၏။ ထိုအရပ်သို့သွားကုန်အံ့ဟု ထို အမိအဘတို့အား ယာဉ်၌တင်၍သွားလေသော်။ တောအလယ်သို့ရောဝံ သောအခါ၌။ ဘခင်၊ ဆွဲကြိုးတို့ကို ကိုင်ကုန်လော့။ နွားတို့သည်ကား အသံအမှတ်ဖြင့်သွားကုန်လတ္တံ့။ ဤအရပ်၌လည်း ခိုးသူတို့သည်ရှိကုန် ၏ဟုဆိုပြီးမှ အဘ၏လက်၌ကြိုးကိုပေး၍သွားသည်ရှိသော်။ အသံကို ဘောက်ပြန်စေ၍ ခိုးသူတို့ဆင်သောအသံကဲ့သို့ပြု၏။ အမိအဘသူအိုနှစ် ယောက်တို့သည် အသံကိုကြား၍ ခိုးသူထ၏ဟုဆင်သောအမှတ်ဖြင့်။ ချစ် သား၊ ငါတို့သည်အိုကုန်ပြီ။ သင်တို့သည်သာလျှင် အသက်ကိုစောင့် လေလော့ဟု ဆိုကုန်၏။ ထိုယောကျ်ားသည် ထိုသို့သောအခြင်းအရာ ဖြင့် မြည်တမ်းသော အမိအဘ တို့အား ခိုးသူအသံကို ပြု၍ ရိုက်ခတ် လျက် အသေသတ်ပြီးမှ တောအုပ်၌ပစ်၍ပြန်လေ၏။ ဤသည်လျှင် ထို မောဂ္ဂလာန်၏ဂြိုးကံတည်းဟု မိန့်တော်မူ၍။ ချစ်သားတို့၊ မောဂ္ဂလာန် သည် ဤမျှသော မကောင်းမှုကို ပြု၍ အနှစ်တထောင်မက များစွာတို့ ပတ်လုံး ငရဲ၌ ခံရပြီးမှ။ အဖြစ်ဘရာ တိုင်တိုင်သော ကိုယ်၏ အဖြစ်၌ ခိုးသူရိုက်ခတ်၍ ·မနှံ့မနှံ့ညက်ညက် ကြေလျက် သေခြင်းသို့ ရောက်၏။ ထိုကြောင့်မောဂ္ဂလာန်သည်မိမိနှင့်လျော်ပတ်သောသေခြင်းကိုရ၏ဟု မိန့်တော်မူ၍။ ချစ်သားတို့၊ခိုးသူငါးရာတို့နှင့်တကွ တိတ္ထိတို့သည်လည်း မပြစ်မှားအပ်သော ငါ၏သားမောဂ္ဂလာန်၌ ပြစ်မှားလေသောကြောင့်။ မလျော်ပတ်သောသေခြင်းကို ရလေကုန်ပြီ။ ထိုစကားသည် မှန်၏။

မပြစ်မှားအပ်သော်သူအား ပြစ်မှားသောသူသည်။ ဆယ်ပါးသော အာ
ကြောင်းတို့ဖြင့် အကျိုးမဲ့ပျက်စီးခြင်းသို့ရောက်သလျင်ကတည်းဟု မိန့်
တော်မူ၍တရားဟောတော်မူ၏။ ။ယော ဒဏ္ဍေန အဒဏ္ဍော်သူ၊ အပ္ပ
ဒုဋ္ဌေသု ဒုဿတိ။ဒသန္နညတရံဌာနံ၊ခိပ္ပမေဝနိဂစ္ဆတိ။ ။ဝေဒနံဖရုသံ
ဇာနိ်ံ၊ သရီရဿစ ဘေဒနံ။ ဂရုကံဝါပိ အာဗာဓံ၊ စိတ္တက္ခေပဉ္စ ပါပု
ဏော။ ။ရာဇတောဝါ ဥပသဂ္ဂံ၊ အဗ္ဘက္ခာနဉ္စ ဒါရုဏံ။ပရိက္ခယဉ္စ ဉာ
တိနံ၊ဘောဂါနဉ္စ ပဘင်္ဂိနံ။ ။အထ စ ဿအဂါရာနိ၊အဂ္ဂိဒုယ္ဟတိ ပါဝ
ကော။ကာယဿ ဘေဒါ ဒုပ္ပညော၊နိရယံ သော ပပဇ္ဇတိတိ။ ။

ယော၊အကြင်သူသည်။ ဒဏ္ဍေန၊ဒဏ်ဖြင့်။ အဒဏ္ဍော်သူ၊ဒဏ်ထား
ခြင်းဌါ မထိုက်ကုန်သော။ အပ္ပဒုဋ္ဌေသု၊ မပြစ်မှားထိုက်သောသူတို့၌။
ဒုဿတိ၊ပြစ်မှား၏။ သော၊ထိုသူသည်။ ဒသန္နံ၊ ဆယ်ပါးကုန်သောအ
ကြောင်းတို့တွင်။ အညတရံ၊တပါးပါးသော။ ဌာနံ၊အကြောင်းသို့။ ခိပ္ပ
မေဝ၊ လျင်စွာသာလျင်။ နိဂစ္ဆတိ၊ ရောက်၏။ ။ဖရုသံ၊ကြမ်းကြုတ်စွာ
သော။ ဝေဒနံဝါ၊ ဒုက္ခဝေဒနာသို့ဂင်း။ ဇာနိ်ံ၊ဥစ္ဆာရှိုးခြင်းသို့ဂင်း။ သရီ
ရဿ၊ကိုယ်၏။ ဘေဒနံ၊ ကျိုးပဲ့ပျက်စီးခြင်းသို့ဂင်း။ ဂရုကံ၊ပေးသော။
အာဗာဓံဝါဒိ၊ အနာနှိပ်စက်ခြင်းသို့ဂင်း။ စိတ္တက္ခေပဉ္စ၊ စိတ်ပျံလွင့်ခြင်း
သို့ဂင်း။ပါပုဏော၊ရောက်၏။ ။ရာဇတောဝါ၊မင်းမှမှလည်း။ ဥပသဂ္ဂံ၊
နှိပ်စက် ညှဉ်းဆဲခြင်းသို့ဂင်း။ ဒါရုဏံ၊ ကြမ်းထမ်းသော။ အဗ္ဘက္ခာနဉ္စ၊
စွပ်စွဲခြင်းသို့ဂင်း။ ဉာတိနံ၊ ဆွေမျိုး တို့၏။ ပရိက္ခယံ၊ ကုန်ခြင်းသို့ဂင်း။
ဘောဂါနံ၊စည်းစိမ်တို့၏။ပဘင်္ဂိနဉ္စ၊ပျက်စီးခြင်းသို့ဂင်း။ပါပုဏော၊ရောက်
၏။ ။အထ၊ထိုမှတပါး။ အဿ၊ထိုသူ၏။ အဂါရာနိ၊အိမ်တို့ကို။ ပါဝ
ကော၊ပါဝကဟုဆိုအပ်သော။ အဂ္ဂိ၊မီးသည်။ ဒုယ္ဟတိ၊လောင်၏။ ကာ
ယဿ၊ခန္ဓာကိုယ်၏။ဘေဒါ၊ပျက်သည်မှ။ပရံ၊နောက်၌။ဒုပ္ပညော၊ပညာ
နည်းသော။ သော၊ထိုသူသည်။ နိရယံ၊ငရဲသို့။ ဥပပဇ္ဇတိ၊ဖြစ်ရ၏။ ။
ဤကားအနက်တည်း။ ။

၄၀။ မြတ်စွာဘုရားဝေဿာလီပြည်၊စာပါလစေတီ၌နေ့သန့်တော်
မူစဉ်အာယုသင်္ခါရလွှတ်တော်မူသည်ကိုပြရာ။

မြတ်စွာဘုရားသည် ထိုအရှင်မောဂ္ဂလာန်၏ဓာတ်တော်တို့ကို ဝေ
ဠုဝန်ကျောင်းတော်မဟတ်ဟံခါး၏အနီး၌ စေတီတည်၍ ဂုဏ်ကြီးဟ်ပြည်

မှထွက်ပြီးလျှင်။ ရဟန်းသဃ်ာများစွာနှင့်တကွ အစဉ်သဖြင့် ဂင်္ဂါသို့ ရောက္ခ ကြွတော်မူသဖြင့်။ ဥက္ကဋ္ဌစလသို့ ကပ်တော်မူ၍။ ထိုဥက္ကဋ္ဌစေလ ဂင်္ဂါနားဦ ရဟန်းသဃ်ာခြံရံလျက်နေတော်မူ၍။ ထိုဂင်္ဂါနားဦ အရှင် သာရိပုတြာအရှင်မောဂ္ဂလာန်တို့၏ ပရိနိဗ္ဗာန်ပြုခြင်းနှင့်စပ်သောသတ္တုန် ကိုပောဒေတော်မူ၏။ ဥက္ကဋ္ဌစေလ်မှထွက်၍ ဝေသာလီပြည်သို့ကြွတော်မူ လေ၏။ ဤသို့ကြွတော်မူ၍ ဝေသာလီပြည်သို့ရောက်တော်မူသော အခါ မြတ်စွာဘုရားသည် နံနက်အခါဦ သင်းဖိုင်တော်ကိုပြင်ဝတ်၍ သပိတ် သင်္ကန်းကိုယူ၍ ဝေသာလီမြို့တွင်းသို့ ဆွမ်းအလှူခံဝင်တော်မူလေ၏။ ဝေသာလီပြည်ဦ ဆွမ်းခံကြွတော်မူ၍၊ ဆွမ်းစားပြီးသော် ဆွမ်းခံရှာမှု ပဲတော်မူ၍။ ရှည်သောအသက်တော်ရှိသေးအာနန္ဒာကို။ အာနန္ဒာ၊စမ္မ ခဏ်နေရာကိုယူခဲ့လော့။ အကြင်အရပ်ဦစာပါလစေတီသည်ရှိ၏။ ထို အရပ်သို့နေခြင်းငှါ ကပ်ကုန်အံ့ဟု မိန့်တော်မူ၏။ အရှင်အာနန္ဒာသည် ကောင်းပြီအရှင်ဘုရားဟုဝန်ခံ၍။ စမ္မခဏ်ကိုယူပြီးလျှင် မြတ်စွာဘုရား ၏နောက်မှ အစဉ်လိုက်၏။ မြတ်စွာဘုရားသည် စာပါလစေတီအရပ် သို့ကပ်၍။ ခင်းအပ်သော နေရာဦ နေတော်မူ၏။ အရှင်အာနန္ဒာသည် လည်း မြတ်စွာဘုရားကိုရှိခိုး၍ တင့်အပ်သောအရပ်ဦ နေ၏။ ထိုအခါ အာနန္ဒာကိုဤသို့မိန့်တော်မူ၏။ အာနန္ဒာ၊ဝေသာလီပြည်သည်မွေလျော်ဘွယ်ရှိ၏။ ဥဒေန်စေတီသည် မွေလျော်ဘွယ်ရှိ၏။ မြို့၏အရှေ့ဥဒေနစေတီသည် မွေလျော်ဘွယ်ရှိ၏။ မြို့တောင် ဂေါတမကစေတီသည် မွေလျော်ဘွယ်ရှိ၏။ မြို့၏အနောက်သတ္တမ္ဗသစေ တီသည် မွေလျော်ဘွယ်ရှိ၏။ မြို့၏မြောက်ဗဟုပုတ္တိကစေတီသည် မွေ လျော်ဘွယ်ရှိ၏။ သာနန္ဒရ စေတီသည်၊ မွေလျော်ဘွယ်ရှိ၏။ စာပါလ စေတီသည် မွေလျော်ဘွယ်ရှိ၏။ အာနန္ဒာ၊ အကြင်အမှတ်မရှိသောသူ အား လေးပါးသောဣဒ္ဓိပါဒ်တို့ကို ပွါးစေအပ်၏။ များစွာအလေ့အလာ ပြုအပ်၏။ ပစာဉ်သဘွယ်ပြုအပ်၏။ ယာခင်းသဘွယ်ပြုအပ်၏။ဆောက် တည်အပ်၏။ ပွါးစီးစေအပ်၏။ ကောင်းစွာ အားထုတ်အပ်၏။ ထိုသူ သည် အလိုရှိသံ့ည်ရှိသေ၏၊ အာယုကပ်ပတ်လုံးငင်း၊ အာယုကပ်ထက် အလွန်ငင်းတည်ရာ၏။အာနန္ဒာ၊ငါဘုရားအားလည်း ထိုဣဒ္ဓိပါဒ်လေးပါး တို့ကို ပွါးစေအပ်ပြီ။ များစွာအလေ့အလာ အစရှိသည်ပြုအပ်ပြီ။ အာ နန္ဒာ၊ ထိုငါဘုရားသည်အလိုတော်ရှိသည့်ရှိသေ၏။ အာယုကပ်ပတ်လုံး ငင်း၊ အာယုကပ်ထက်အလွန်ပင်သေ၏ငင်း တည်နိုင်ရာ၏ဟု မိန့်တော်

မှုဏ်။ ဤသို့ မြတ်စွာဘုရားသည် နိမိတ် ဩဘာသကို ပြတော်မူသော်လည်း။အရှင်အာနန္ဒာသည်ထိုးထွင်း၍သိအံ့သောဌါမတတ်နိုင်။ ။

(၅)အရာ၌ ကပ်ဟူသည် အာယုကပ်တည်း။ အာယုကပ်ဟူသည်လည်း ထိုထိုသို့သောကာလ၌ဖြစ်သောလူတို့၏အသက်ပမာဏတည်း။ တနည်းလည်း။ မြတ်စွာဘုရား တို့သည် အရာမဟုတ် သည်၌ ကြိုးဝါးခြင်းမည်သည်မရှိ။ ဝေဠုဝရွာ၌ဝါဆိုတော်မူသောအခါဖြစ်သောသေခြင်းအနိုးရှိသော ဝေဒနာကို မဟာဝိပဿနာဖလသမာပတ်ဖြင့် ဆယ်လပတ်လုံး ခွါတော်မူသကဲ့သို့။ ထို့အတူ ဆင့်ကာ ဆင့်ကာ ဆယ်လတကြိမ် ဆယ်လတကြိမ် ထိုသမာပတ်ကိုဝင်စားသဖြင့် မာရဇာန္တိကဝေဒနာကိုခွါ၍ ဤဘဒ္ဒကပ်တကမ္ဘာလုံးပင်တည်နိုင်ရာ၏။ ထိုသို့လျှက် အာဘယ်ကြောင့် တည်တော်မမူသနည်းဟူတုံအံ့။ ဥပါဒ်နွံကရုပ်ဟု ဆို အပ်သောကိုယ်မည်သည်ကား ဆံဖြူခြင်းသွားကျိုးခြင်းအစရှိသည်တို့ သည် နိုပ်စက်အပ်၏။ ဘုရားတို့မည်သည်လည်း ဆံဖြူခြင်း သွားကျိုးခြင်းအစရှိသောအဖြစ်သို့ မရောက်မူ၍ အသက်ကို ငါးရာရှစ်၍ လေးရာမြောက်သောအဘို့၌ ခပ်သိမ်းသော သူတို့သည် ချစ်နှစ်လိုဘွယ်သော အခါ၌သာလျှင်ပရိနိဗ္ဗာန်ပြုကုန်၏။ဘုရားသို့အစဉ်လိုက်၍ဘိကုန်သော လက်ျာရံလက်ဝဲရံမဟာဿာဝကတို့သည်လည်း ပရိနိဗ္ဗာန်ပြုကုန်သည်ရှိသော်၊ ကိုယ်တော်ဝယပါးတည်း သစ်ငုတ်သဘွယ်ဖြစ်၍ တည်ရာ၏။ သာမဏေငယ်ပဉ္စင်းငယ်တို့ဖြင့်ခြံရံသော်လည်း၊ ဘုရားတို့၏ပရိသတ်သည်အံ့ဘွယ်ရှိစွဟူရှုတ်ချအပ်သောအဖြစ်သို့ရောက်ရာ၏။ ထို့ကြောင့် ဆယ်လတကြိမ် မာရဇာန္တိကဝေဒနာကို သမာပတ်ဖြင့်ခွါ၍ခွါ၍ ဘဒ္ဒကပ်ကမ္ဘာလုံးတည်ဟော်မမူသတည်း)။ ။ "

မြတ်စွာဘုရားသည် ရုန့်ရင်းသိလွယ်သော နိမိတ်ဩဘာသကို ပြုသော်လည်း။ ရှင်အာနန္ဒာသည် ထိုးထွင်း၍ မသိနိုင်သည်ဖြစ်၍၊ ဘုန်းတော်ကြီးလှသော ရှင်ပင်ဘုရား၊ ရှင်ပင်ဘုရားသည် မျှားစွာသောလူအပေါင်းတို့၏အစီးအပွါးအလိုငှါ ချမ်းသာခြင်းငှါ နတ်လူတို့ကို အစဉ်သနားတော်မူသဖြင့်အာယုကပ်ပတ်လုံးတည့်တော်မူပါဟူ၍မတောင်းပန်လေ။အဘယ့်ကြောင့်ကား သတိမန္တ ဂတိမန္တဖြစ်သော အရှင်အာနန္ဒာသည် ရုန့်ရင်း ကြမ်းထမ်းစွာ သိလွယ်သော နိမိတ်ဩဘာသကို ပြုတော်မူလျက်လျှင်။ မြတ်စွာဘုရားသည် ငါ့ကို တောင်းပန်စေလို၏ဟု

မသိလေသနည်းဟူမူကား။ အရှင်အာနန္ဒာအား လေးပါးသောဝိပလ္လာသ ကိုမပယ်ရသေးဖြစ်၍အရှင်အာနန္ဒာ၏စိတ်ကိုမွေ့လျော်တွေဝေအောင် မာရ်မှုးလေသောကြောင့် မသိသတည်း။ အကြင်သူအား အကြွင်းမဲ့ တဆဲ့နှစ်ပါးသော ဝိပလ္လာသတို့ကို မပယ်သေး။ ထိုသူ၏စိတ်ကို မာရ် နတ်သည် မွေ့လျော်တွေဝေထိတ်လန့်အောင် ပြုသတည်း။ ။ထိုမာရ်နတ်သည် စိတ်ကိုမွေ့လျော်တွေဝေအောင် အဘယ်သို့ပြုသနည်းဟူမူကား။ကြောက်ဘွယ်သောအရုပ်အဆင်းကိုပြု၏။ ကြောက်ဘွယ်သော အသံကိုကြားစေ၏။ သတ္တဝါတို့သည် ထိုအရုပ်ကိုမြင်၍ ထိုအသံကိုကြား၍ သတိကိုလွတ်စေသဖြင့်၊ခံတွင်းကိုဟင်းလင်းပြု၏။ ထိုသူတို့၏ခံတွင်းဖြင့်လက်ကိုသွင်း၍ နှလုံးခွံသားကို နှိပ်နယ်ကုန်၏။ ထိုသို့နှိပ်နယ်သောကြောင့် သတ္တဝါတို့သည် စိတ်မရှိသကဲ့သို့ဖြစ်ကုန်၏။အရှင်အာနန္ဒာအားကား ခံတွင်းဖြင့်လက်ကိုသွင်းအံ့သောဌါနတတ်နိုင်။ ကြောက်မက်ဘွယ်သော အာရုံကိုပြု၏။ ထိုအာရုံကိုမြင်၍ အရှင်အာနန္ဒာသည် ထိုနိမိတ်ဩဘာသကို မသိလေသတည်း။ ။နှစ်ကြိမ်မြောက်ဌင်း။သုံးကြိမ်မြောက်ဌင်း။ မြတ်စွာဘုရားသည် အာနန္ဒာကို။ ချစ်သားအာနန္ဒာ၊ ဝေသာလီပြည်သည် နှလုံးမွေ့လျော်ဘွယ်ရှိ၏။မြို့၏အနီးရှိ ဥဒေနစေတီသည် နှစ်လိုဘွယ်ရှိ၏။ ဤသို့အစရှိသော အောက်၌ ဆိုအပ်ခဲ့ပြီးသော နိမိတ်ဩဘာသစကားကိုပင် မိန့်တော်မူ၏။ အရှင်အာနန္ဒာသည် မသိသည်သာတည်း။ မြတ်စွာဘုရားကို မတောင်းပန်သည်သာတည်း။ ။ ထိုအခါ၌ မြတ်စွာဘုရားသည် အာနန္ဒာကို။အာနန္ဒာ၊သင်သွားလေလော့ဟု မိန့်တော်မူ၏။ ။(အဘယ်ကြောင့်ကား မြတ်စွာဘုရားသည် သိလျက်ကိုပင် သုံးကြိမ်တိုင်အောင် နိမိတ်ဩဘာသစကားကို ဆိုတော်မူသနည်းဟူမူကား။နောက်အဘို့၌။ တိဋ္ဌတုဘာန္တေ၊အစရှိသဖြင့်တောင်းပန်သောအခါ၌။ တုယ္ဟေးဝတံဒုက္ကဋံ၊ အစရှိသည်ဆို၍ အပြစ်တင်သဖြင့်၊ အာနန္ဒာအား သေခကစိုးရိမ်နည်းခြင်းကိုပြုအံ့သောငှါ မိန့်တော်မူသတတည်း)။ ။ထိုသို့သွားလေလော့ဟု၍မိန့်တော်မူသောအခါ၌၊အရှင်အာနန္ဒာသည် မြတ်စွာဘုရားကို ရှိခိုး၍၊ နေရာမှထပြီးလျှင် လက်ျာရစ်လှည့်သည်ကိုပြု၍ ဖဲလေပြီးမှ မနီးမဝေးသောအရပ်ဝယ်၊ တခုသောသစ်ပင်၏အနီးခွေနေလေ၏။ ။

ထိုအခါ ကာမဝစရနတ်ပြည်ခြောက်ထပ်ကို အစိုးရသော မာရ်

နတ်သည် အရှင်အာနန္ဒာဖဲ့၍ မကြာမြင့်မီ မြတ်စွာဘုရားအထံသို့ ကပ်လာ၍။ တင့်အပ်သောအရပ်၌ ရပ်ပြီးလျှင်။ မြတ်စွာဘုရားအား ဤသို့လျှောက်၏။ ဘုန်းတော်ကြီးသောရှင်ပင်ဘုရား၊ရှင်ပင်ဘုရားသည် ယခုအခါ၌ပရိနိဗ္ဗာန်ပြုတော်မူပါလေ၊။လာခြင်းကောင်းသောရှင်ပင်ဘုရား၊ ရှင်ပင်ဘုရားသည် ပရိနိဗ္ဗာန်ပြုတော် မူပါလေ၊။ ဘုန်းတော်ကြီးသော ရှင်ပင်ဘုရား၊ ရှင်ပင်ဘုရားအား ယာခုအခါသည် ပရိနိဗ္ဗာန်ပြုအံ့သောအခါတည်း။ ဘုန်းတော် ကြီးသော ရှင်ပင်ဘုရား၊ ရှင်ပင်ဘုရားသည်။ အကျွန်ုပ်ကို၊ ယုတ်မာသော်၊ဟယ်အလိုဆိုးရှိသောမာရ်နတ်၊ အကြင်မျှလောက်သော ကာလပတ်လုံး ငါ့၏တပည့်သားဖြစ်ကုန်သော ရဟန်းယောကျ်ားတို့သည်၊ တရားခွဲ လိမ္မာကုန်သည်၊ ဆုံးဖြတ်နိုင်ကုန်သည်၊ ရဲရင့်ကုန်သည်။ များသောအကြားအမြင်ရှိကုန်သည်၊ သုတ်အဘိဓမ္မာဝိနည်းကို ဆောင်ကုန်သည်၊ လောကုတ္တရာတရားကိုးပါး အလျော်ဖြစ်သောတရားကိုကျင့်ကုန်သည်၊အရိအသေပြု၍ကျင့်ကုန်သည်၊ကောင်းသော တရားကိုကျင့်ကုန်သည် မဖြစ်ကုန်သေး။ မိမိဆရာ၏ အယူကို တတ်အောင်သင်၍မကြားနိုင်ကုန်သေး။ မပေဟာနိုင်ကုန်သေး။မပညတ်နိုင်ကုန်သေး။ မထားနိုင်ကုန်သေး။ မဖွင့်နိုင်ကုန်သေး။ မခွဲခြမ်းနိုင်ကုန်သေး။ ထင်စွာမပြုနိုင်ကုန်သေး။ ဖြစ်ပေါ်လာသော သူတပါး၏အယူဝါဒကို တရားနှင့်လျော်စွာနှိပ်၍ ပြာဒိုဟာပြခြင်းနှင့်တကွသော တရားကို မပေဟာနိုင်ကုန်သေး။ ထိုမျှလောက်သော ကာလပတ်လုံး ငါသည် ပရိနိဗ္ဗာန်ပြုတော်မမူသေးဟူ၍ အကြင်စကားကိုဆိုတော်မူပြီ။ ဘုန်းတော်ကြီးသော ရှင်ပင်ဘုရား၊ ယခုအခါ၌ ထိုတပည့်သားတော် ဖြစ်သော ရဟန်းယောကျ်ားတို့သည်၊ တရားခွဲ လိမ္မာကုန်ပြီ။ ဆုံးဖြတ်နိုင်ကုန်ပြီ။ ရဲရင့်ကုန်ပြီ၊ အကြားအမြင် များပါကုန်ပြီ။ သုတ် အဘိဓမ္မာ ဝိနည်းကို ဆောင်ကုန်ပြီ။ လောကုတ္တရာတရားကိုးပါး၏အလျော်ဖြစ်သော တရားကိုကျင့်နိုင်ပါကုန်ပြီ။ အရိအသေပြု၍ကျင့်ကုန်ပြီ။ ကောင်းသောတရားကိုကျင့်ကုန်ပြီ။ မိမိဆရာ၏ဥစ္စာဖြစ်သော အယူကို တတ်အောင်သင်ကြားကုန်ပြီ။ ပေဟာကြားကုန်ပြီ။ ပညတ်ကုန်ပြီ။ ထားနိုင်ကုန်ပြီ။ ဖွင့်နိုင်ကုန်ပြီ။ခွဲခြမ်းနိုင်ကုန်ပြီ။ ထင်စွာပြုနိုင်ကုန်ပြီ။ ဖြစ်သောသူတပါး၏ဝါဒကိုတရားနှင့်အညီနှိပ်၍ ပြာဒိုဟာပြခြင်းနှင့်တကွ တရားကို ပေဟာတတ်ကုန်ပြီ။ ဗာဒုန်တော်ကြီးဓသောရှင်ပင်ဘုရား၊ ရှင်ပင်ဘုရားသည် ယခုအ

ခါ၌ ပရိနိဗ္ဗာန်ပြုတော်မူပါလေ၄။ လာခြင်းကောင်းသော ၎င်ပင်ဘုရား၊ ၎င်ပင်ဘုရားသည် ပရိနိဗ္ဗာန် ပြုတော်မူပါလေ၄။ ဘုန်းတော်ကြီးသော ၎င်ပင်ဘုရား၊ယသအခါ ၎င်ပင်ဘုရားအား ပရိနိဗ္ဗာန်ပြုအပ်သော အခါ ရောက်ပါပြီဟူ၍လျှောက်၏။ ။(ရဟန်းမိန်းမ၊ဥပါသကာယောက်ျား၊ ဥပါသိကာမိန်းမတို့ကိုလည်းစွဲ၍ဤဆိုပြီးသောနည်းဖြင့်လျှင်လျှံ၏)။

ဘုန်းတော်ကြီးသော ၎င်ပင်ဘုရား၊ ၎င်ပင်ဘုရားသည်။ ယသအခါ ပရိနိဗ္ဗာန် ပြုတော်မူပါလေ၄။ ၎င်ပင်ဘုရား၊ ယသအခါ၌ ၎င်ပင်ဘုရားအား ပရိနိဗ္ဗာန်ပြုချိန်တန်ပြီ။ ဤစကားကို ၎င်ပင်ဘုရားသည်ဆိုတော်မူဘူး၏။ ။ယုတ်မာသောအလိုဆိုးရှိသော မာရ်နတ်၊ ငါ၏သာသနာအဆုံးအမဖြစ်သော မြတ်သောအကျင့်သည်၊ အကြင်မျှလောက်သော ကာလပတ်လုံး ကောင်းစွာ ပြန့်ပြော စည်ပင်သာယာသည် မဖြစ်သေး။ ပြန့်သည်၊ များစွာသောလူတို့သိအပ်သည်၊ အပြန့်ကျယ်စွာဖြစ်သည်၊နတ်လူတို့သည် ကောင်းစွာ ပြအပ်သည် မဖြစ်သေး။ ထိုမျှလောက်သော ကာလပတ်လုံး ငါသည် ပရိနိဗ္ဗာန်ပြုတော်မမူသေးဟု ဤစကားကိုဆို တော်မူဘူးပြီ။ ဘုန်းတော်ကြီးသော ၎င်ပင်ဘုရား၊ ယသအခါ၌ ၎င်ပင်ဘုရားသည် ဘုရားဖြစ်သော အကြောင်းသည်၊ များစွာသောနာတော်ဟုဆိုအပ်သော မြတ်သောအကျင့်သည် ကောင်းစွာပြန့်ပြော စည်ပင်သာယာသည်ဖြစ်ပါပြီ။အပြန့်ကျယ်သည်၊ များစွာသောသူတို့ သိအပ်သည်၊ များစွာဖြစ်သည်၊ နတ်လူတို့သည်ကောင်းစွာပြအပ်သည်ဖြစ်ပြီ။ ယသအခါ၌ ပရိနိဗ္ဗာန်ပြုတော်မူပါလေ၄။၎င်ပင်ဘုရားအား ယသအခါ၌ပရိနိဗ္ဗာန်ပြုချိန်တန်ပြီဟူ၍လျှောက်သည် ရှိသော်။ မြတ်စွာဘုရားသည် မာရ်နတ်ကို ဤသို့ မိန့်တော်မူ၏။ ယုတ်မာသော အလိုရှိသောမာရ်နတ်၊ သင်သည် ကြောင့်ကြမဲ့နေသည် ဖြစ်လေ၄။မကြာမြင့်မီလျှင် လာခြင်းကောင်းသော ငါဘုရား၏ပရိနိဗ္ဗာန် ပြုခြင်းသည် ဖြစ်လတ္တံ့။ ဤတပို့တွဲလပြည့်မှ သုံးလတို့ကို လွန်သဖြင့်။ ထာခြင်းကောင်းသော ငါဘုရားသည် ပရိနိဗ္ဗာန်ပြုတော်မူလတ္တံ့.ဟုမိန့်တော်မူ၏။ ။ထိုအခါမြတ်စွာဘုရားသည် စာပါလစေတီ၌ သတိနှင့်ပြည့်စုံထော်မူသည်ဖြစ်၍၊ အဆင်အခြင်နှင့်ပြည့်စုံတော်မူသည်ဖြစ်၍။ တပို့တွဲလပြည့်နေ့ အာယုသင်္ခါရတရားကိုလွှတ်တော်မူ၏။ ။(လွှတ်တော်မူ၏ဆိုသည့်ကား။ မြတ်စွာဘုရားဒေသည် လက်ဖြင့်ခဲအုတ်ကိုလွှတ်သကဲ့သို့မဟုတ်။ ဤနေ့မှ စ၍ သုံးလမျှသာလျှင်၊ မဟာဝိပဿနာ သမာ

ပတ်ကိုဝင်စားအံ့။သုံးလမှနောက်၌ ငါသည်သမာပတ်ကိုမဝင်စားပြီဟု စိတ်ဇောကိုဖြစ်စေခြင်းသာတည်း)။ ။

၆၁။ အာယုသင်္ခါရလွတ်ဇောမူသောအခါ မြေလှုပ်ခြင်းနှင့်တကွ၊မြေလှုပ်ကြောင်းရှစ်ပါး၊ပရိသတ်ရှစ်ပါး၊ အဘိဘာယတနရှစ်ပါးတို့ကိုဟောတော်မူခြင်း။ ရှင်အာနန္ဒာတောင်းပန်ခြင်းတို့ကိုပြရာ။

မြတ်စွာဘုုရားသခင် အာယုသင်္ခါရ လွတ်တော်မူသောခဏ၌။ တသောင်းသော စကြဝဠာတိုက်အလုံး၊ ကြွဲခြင်းကိုဖြစ်စေတတ်သော၊ ကြက်သီးမွေးညင်းထစေတတ်သော၊ ပြင်းစွာသောမြေကြီး၏တုန်လှုပ်ခြင်းသည်ဖြစ်၏။ ဓိဃသိးမရွာဘဲ၊အခြောက်ပင်၊ ဓိဃသိးတိမ်မမြင်၊ ကြည်ကြည်စင်လျက်၊ပြင်းစွာထစ်ကြိုး၏။ အခါမဲ့လျှပ်စစ်နွယ်တို့သည်ပြိုးပြိုးပြက်ထွက်ကုန်၏။ ထိုအခါမြတ်စွာဘုရားသည် အကြောင်းကိုသိတော်မူ၍။ ။တုလ မတုလဉ္စ သမ္ဘဝံ၊ဘဝသင်္ခါရ မဝဿဇ္ဈ မုနိ။အဇ္ဈတ္တရတောသမာဟိတော၊အဘိန္ဒိကဝစမိဝတ္တွသမ္ဘဝန္တိ။ ။ဟူ၍ဝမ်းမြောက်ဝမ်းသာ ဥဒါန်းကျူးတော်မူ၏။ ။မုနိ၊မုနိငါပါးတို့အထွတ်ဖြစ်တော်မူသော မြတ်စွာဘုရားသည်။ သမ္ဘဝံ၊သုက်သွေးတို့၏ အကြောင်းဖြစ်ထသော။ ဘဝသင်္ခါရံ၊ခန္ဓာငါးပါးတည်းဟူသော ကာဘနဘဝသစ်ကို ပြုတတ်ထသော။ တုလဉ္စ၊ ကာမာဝစရကုသိုလ်ကံ အကုသိုလ်ကံကိုဆင်း။ အတုလဉ္စ၊ ရူပါဝစရ အရူပါဝစရ ကုသိုလ်ကံကိုဆင်း။ အဝဿဇ္ဈ၊ စွန့်တော်မူလေပြီ။ မဟာရောဓော၊သူရဲကြီးသည်။ သင်္ခါရေ၊စစ်မြေအရပ်၌။ ကဝစံ၊ချပ်ကို။ အဘိနန္ဒိတ္ထ ဝ၊ဖျက်ဆီးသကဲ့သို့။ အဇ္ဈတ္တရတော၊နိယကဇ္ဈတ္တဟုဆိုအပ်သော ဖလသမာပတ်၌ မွေ့လျော်တော်မူထသော။ သမာဟိတော၊ ဥပစာရ သမာဓိဖြင့် တည်ကြည်သော သမာဓိ ရှိထသော။ မုနိ၊ မြတ်စွာဘုရားသည်။ အတ္တသမ္ဘဝံ၊ ကိုယ်တော်၌ဖြစ်ဖွားသော ကိလေသာကို။ အဘိန္ဒိ၊ဖျက်ဆီးတော်မူလေပြီ။ ။မြတ်စွာဘုရားသည် မကြောက်မရွံ့ အာယုသင်္ခါရတရားကို လွတ်တော်မူသော အဖြစ်ကို သိစေခြင်းငှါဤဥဒါန်းကိုကျူးတော်မူသတည်း။ ။

ထိုဆို့မြေလှုပ်သောဇအခါ၌ အရှင်အာနန္ဒာအား ဤသို့သော အကြံ

သည်ဖြစ်၏။ အချင်းတို့၊အံ့ဘွယ်ရှိစွတကား။ အချင်းတို့၊ မဖြစ်ဘူးမြဲတကား။ ဤမြေလှုပ်ခြင်းသည် အလွန်ကြီးစွတကား။ ကြောက်ဘွယ်ရှိ၏။ အမွေး၏ရှုင်ခြင်းကဲ့ဖြစ်စေဘိ၏။မိုးမရွာဘဲ အဝေခြောက်ဖြင့်ပင် တိမ်စင်ကြည်ကြည် ပြင်းစွာထစ်ကြိုး၍မြည်ဘိ၏။ အခါမဲ့ လျှပ်စစ်နယ်တို့သည် ပြိုးပြိုးပြဲက်ထွက်ဘိ၏။တသောင်းသောလောကဓာတ်၌ ဖြစ်ကြီးလှုပ်ခြင်းထင်ရှားဖြစ်၏။အကြောင်းအဘယ်နည်း။အထောက်အပံ့သည် အဘယ်သို့ ဖြစ်သနည်း။ ဤသို့သော အကြံသည် ဖြစ်၏။ ။ထိုအခါ၊ အရှင်အာနန္ဒာသည် မြတ်စွာဘုရားသို့ကပ်၍ ရိုသေစွာရှိခိုး၍ တင့်အပ်သောအရပ်၌ နေပြီးသော် မြတ်စွာဘုရားကို ဤသို့လျှောက်၏။ ရှင်ပင်ဘုရား၊ အံ့ဘွယ်ရှိစွတကား။ မဖြစ်ဘူးမြဲတကား။ ဤဖြစ်လှုပ်ခြင်းသည် ကြီးစွတကား။ကြောက်ခြင်းကဲ့ဖြစ်စေတတ်သော၊အမွေး၏ရှုင်ခြင်းကဲ့ဖြစ်စေတတ်သော ဤဖြစ်လှုပ်ခြင်းသည် အလွန် ကြီးစွတကား။ မိုးမရွာဘဲပြင်းစွာထစ်ကြိုးမြည်ဘိ၏။ အခါမဲ့လျှပ်စစ်တို့သည်ပြိုးပြိုးပြဲက်ထွက်ဘိ၏။ ဘုန်းတော်ကြီးသော ရှင်ပင်ဘုရား၊ ဤဖြစ်ကြီးလှုပ်ခြင်း၏ထင်ရှားဖြစ်ခြင်းဌါအကြောင်းအဘယ်သို့ဖြစ်လေသနည်း။ အထောက်အပံ့အဘယ်သို့ဖြစ်လေသနည်းဟုလျှောံ၏။ ။အာနန္ဒာ၊ကြီးစွာသော ဖြစ်လှုပ်ခြင်း၏ ထင်ရှားဖြစ်ခြင်းဌါ ရှစ်ပါးကုန်သော ဤအကြောင်းတို့သည်ရှိကုန်၏။ရှစ်ပါးတို့ဟူသည်အဘယ်နည်းဟူမူ။ ။(၁)အာနန္ဒာ၊ ဤယူဇနာနှစ်သိန်းလေးသောင်းအထွဏ်ရှိသော မြေကြီးသည် ရေ၌တည်၏။ ထိုရေသည်လေ၌တည်၏၊ ထိုလေသည်ကား ငြိ၍တည်ရာမရှိဘဲ၊ ကောင်းကင်ဖြင့်၌တည်သည်ဖြစ်၏။အာနန္ဒာ၊အကြင်အခါ၌ ဥက္ခေပကမည်သော ကြီးစွာသောလေတို့သည်လာကုန်၏။ ထိုဥက္ခေပကလေတို့သည်လာကုန်သည်ရှိသော် ယူဇနာခြောက်သောင်းအလွန်ရှိသောကိုးသိန်းအထွဏ်ရှိသောရေကိုခံ၍သောလေကိုဖြတ်၏။ ထိုလေဖြတ်ရာကောင်းကင်၌ ရေသည်အောက်သို့ကျ၏။ ထိုရေကျရာ၌၊မြေသည်အောက်သို့ကျ၏။ တဘန်လေသည် ပိပိအစွမ်းအား၊ဖြင့် ဓမ္မကရိယာတွင်း၌ ရေကို ချုပ်သကဲ့သို့ရေကိုဘွဲ့၍ယူ၏။ ထိုသို့ဘွဲ့၍ယူအပ်သောကြောင့် ထိုရေသည်အထက်သို့တက်ပြန်၏။ထိုရေတက်သည်ရှိသော်မြေသည်တက်၏။ဤသို့ရေလှုပ်သည်ရှိသော် မြေကြီးတုန်လှုပ်၏။ ဤသို့တုန်လှုပ်ခြင်းသည် ယခုထက်တိုင်အောင်ဖြစ်၏။ မြေအထုထူသည်၏အဖြစ်ကြောင့်

သက်ခြင်းတက်ခြင်းမထင်သတည်း။ ဤသည်လျှင် ရှေးဦးစွာသောဖြေ
လှုပ်ခြင်း၏ အကြောင်းတည်း။ ။(၂)တန်းခိုးနှင့် ပြည့်စုံသော ဝသိ
ဘော်ငါးပါးသို့ ရောက်သော ရဟန်းသည်ဌင်း၊ ပုဏ္ဏားသည်ဌင်း၊ ဖြေ
ကို အနည်းငယ်ဟူသော အမှတ်ကို ပွါးစေ၍။ ရေကို အတိုင်းမသိဟူ
သောအမှတ်ကိုပွါးစေ၍၊ ဖြေကိုအပြားအားဖြင့် တုန်လှုပ်စေ၏။ ထိုမှ
ဤမှ ပြင်းစွာပြင်းစွာအပြားအားဖြင့် တုန်လှုပ်စေ၏။ အထက်အောက်
တုန်လှုပ်စေ၏။ ဤသို့တုန်လှုပ်ခြင်းသည် နှစ်ခြိုက်သောအကြောင်း
တည်း။ ။(၃)အကြင်အခါ၌ မြတ်စွာဘုရား အလောင်းသည် မယ်
တော်ဝမ်းသို့သက်၏။ထိုအခါ၌ဖြေသည်တုန်လှုပ်၏။ဤသည်လျှင်သုံးခု
မြောက်သောအကြောင်းတည်း။ ။(၄)အကြင်အခါ၌ မြတ်စွာဘုရား
အလောင်းသည် မယ်တော်ဝမ်းမှဘွားတော်မူ၏။ ထိုအခါ၌ဖြေသည်တုန်လှုပ်
၏။ ဤသည်လျှင် လေးခုမြောက်သော အကြောင်းတည်း။ ။(၅)အ
ကြင်အခါ၌မြတ်စွာဘုရားသည်သစ္စာလေးပါးတရားကိုဝိုတော်မူ၏။ထိုအခါ၌
ဖြေကြီးသည် လှုပ်၏။ ဤသည်လျှင် ငါးခု မြောက်သော အကြောင်း
တည်း။ ။(၆)အကြင်အခါ၌မြတ်စွာဘုရားသည်ဓမ္မစကြာတရားကို
ဟော၏။ ထိုအခါ၌ဖြေကြီးတုန်လှုပ်၏။ ဤသည်လျှင်ခြောက်ခုမြောက်
သော အကြောင်းတည်း။ ။(၇)အကြင်အခါ၌ မြတ်စွာဘုရားသည်
အာယုသင်္ခါရကိုလွှတ်တော်၏။ ထိုအခါ၌ ဖြေကြီးသည် လှုပ်၏။ ဤသည်
လျှင် ခုနစ်ခု မြောက်သော အကြောင်းတည်း။ ။(၈)အကြင်အခါ၌
မြတ်စွာဘုရားသည် ပရိနိဗ္ဗာန်ပြု၏။ ထိုအခါ၌ဖြေလှုပ်၏။ ဤသည်လျှင်
ရှစ်ခုမြောက်သောဖြေလှုပ်ခြင်း၏အကြောင်းတည်း။ဤသို့လျှင်အာနန္ဒာ၊
ဖြေကြီးလှုပ်ခြင်း၏ အကြောင်းတို့ကား ရှစ်ပါးတို့တည်း။ ။အာနန္ဒာ၊
ပရိသတ်တို့သည် ရှစ်ပါးအပြားရှိကုန်၏။ ပရိသတ်ရှစ်ပါးဟူသည် အ
ဘယ်နည်း။ အာနန္ဒာ၊ ခတ္တိယပရိသတ်။ ဗြာဟ္မဏပရိသတ်။ ဂဟပတိ
ပရိသတ်။ သမဏပရိသတ်။ စာတုမဟာရာဇိကနတ်ပရိသတ်။ တာဝတိံ
သာနတ်ပရိသတ်။ မာရ်ပရိသတ်။ ဗြဟ္မာပရိသတ်ဟူ၍ ရှစ်ပါးအပြားရှိ
၏။ အာနန္ဒာ၊ငါသည်အရာမကသောမင်းပရိသတ်သို့ကပ်၍ ထိုမင်းပရိ
သတ်၌လည်း အတူတကွ နေဘူး၏။ အတူကကွ စကား ပြောဘူး၏။
တကွဆွေးနွေးခြင်းသို့ရောက်ဘူး၏။ ထိုမင်းပရိသတ်၌ ထိုမင်းတို့၏ အ
ဆင်းသဏ္ဌာန် အသွင်အပြင်အသံသည် အကြင်သို့သဘောရှိ၏။ ငါ၏

အဆင်းသဏ္ဌာန် အသံသည် ထိမိုင်းတို့ကဲ့သို့ သဘောရှိသည်ဖြစ်၏။ ငါသည် ထိမင်းပရိသတ်ကို တရားစကားဖြင့်ကောင်းစွာပြု၏။ ကောင်းစွာဆောက်တည်စေ၏။ ကောင်းစွာ ထက်စေရှင်စေ၏။ တရားဟောသောငါ့ကိုမူကား ထိမင်းပရိသတ်သည်မသိ။ ဤသူသည်စကားဆို၏။ ထိုသူသည် အဘယ်သူနည်း။ နတ်လောလူလောဟုတွေးတော၏။ အကယ်၍ငါဘုရားသည်မင်းနေရာ၌နေလျက် သာယာစွာသောအသံဖြင့် တရားဟောအံ့။ယခုနေ့ငါတို့မင်းသည် သာယာစွာသောအသံဖြင့်စကားပြောဆို၏။ ဤသို့သာလျှင် ထိသူတို့၏စိတ်သည် ဖြစ်၏။ တရားစကားဖြင့် ကောင်းစွာပြု၍။ ကောင်းစွာဆောက်တည်စေ၍။ ကောင်းစွာရှင်စေ၍။ငါဘုရားဖဲတော်မူခဲ့သည်ရှိသော်။ ဤအရပ်၌ ယခုတွင်ပင် မဂဓဘာသာဖြင့် သမိုဆိုလျက် သာယာစွာ စကားပြောဆို၍ ဖဲလေသောသူသည် အဘယ် သူနည်း။ လူဖြစ်လေသလော၊ နတ်ဖြစ်လေသလောဟုတွေးတော ဆင်ခြင်ကုန်၏။ တွေးတောဆင်ခြင်ကုန်သော်လည်း မသိကုန်ဟုမိန့်တော်မူ၏။ ။(မသိကုန်သောသူတို့အား အဘယ်အကျိုးငှါ မြတ်စွာဘုရားသည်တရားဟောတော်မူလေသနည်းဟူတုံအံ့။ ဝါသနာပါစေခြင်း အကျိုးငှါ ဟောတော်မူသတည်း။ ဤသို့ မသိဘဲ ကြားနာသော်လည်း တရားသည် နောင်အခါ၌ အထောက်အပံ့ဖြစ်၏။ ကြွင်းသောပရိသတ်ခုနစ်ပါးတို့၌လည်း ဤနည်းအတူပင်တည်း။ ဤပရိသတ်ရှစ်ပါးတို့ကိုကား၊ ဤမင်း အစရှိသော ပရိသတ်တို့သို့ ကပ်၍ တရားဟောသောငါဘုရားအား ကြောက်ခြင်း၌ရှိခြင်းမည်သည်မရှိသည်သာလျှင်တည်း။ မာရ်နတ်တယောက်တည်းကိုကား ငါဘုရားအဘယ်မှာလျှင်ကြောက်အံ့နည်း။မကြောက်သည်ဖြစ်၍သာလျှင် အာယုသင်္ခါရကို ငါလွှတ်တော်မူ၏ဟုပြခြင်းငှါ ဆောင်တော်မူ၏။ ။ရူပါဝစရ၊ အရူပါဝစရ အားဖြင့်လည်းရှစ်ပါးသောသမာပတ်တို့ကိုကား ဤရှစ်ပါးသော သမာပတ်တို့ကို ပင်စားသော ငါ့အားငင်း။ ထိုသမာပတ်တို့မှ ထသောငါ့အားငင်း၊ ကြောက်ရွံရှာခြင်းမရှိ။ မာရ်နတ်တယောံတည်းကိုကား အဘယ်မှာလျှင်ကြောံအံ့နည်း။မကြောက်သည်ဖြစ်၍သာလျှင် အာယုသင်္ခါရကိုလွှတ်တော်မူ၏ဟုပြခြင်းငှါဆောင်တော်မူ၏)။ ။

ချစ်သား အာနန္ဒာ။ ညှို့သောရေရှိသော နေရပ္ပရာဖြစ်နားခြင်း။ တပါးသောအခါ၌ငါဘုရားသည်။ မဂဓရာဇ်တို့ဝင်းညှုရွာဝယ်သွားတော၊အစပါလ

ညောင်ပင်ရင်းခွ၊ သူတပါးတို့ဏ္ဍိုရေးဦးစွာ သစ္စာလေးပါး တရားတို့ကို သိတော်မူပြီး၍ အဋ္ဌမသတ္တာဟဒွေနေတော်မူ၏။ထိုအခါဒွိယုတ်မာသော အလိုရှိသောမာရ်နတ်သည် ငါရှိရာသို့ကပ်လာ၍။ တင့်အပ်သောအရပ်၌ နေပြီးသော်။ မာရ်နတ်သည် အာနန္ဒာ၊ ငါ့ကို ဤသို့လျှောက်၏။ ရှင်ပင်ဘုရား၊ လာခြင်းကောင်းသော ရှင်ပင်ဘုရားသည် ယခုအခါ၌ပရိနိဗ္ဗာန် ပြုပါလော့'ယခုအခါ၌ ရှင်ပင်ဘုရားအား ပရိနိဗ္ဗာန်ပြုခါတန်ပြီဟု လျှောက်၏။ထိုသို့လျှောက်သောအခါအာနန္ဒာ၊ငါဘုရားသည် မာရ်နတ်ကို ဤသို့ ဆို၏။ ယုတ်မာသောအလိုရှိသော မာရ်နတ်။ အကြင်မျှလောက်သော ကာလပတ်လုံး ငါ၏တပည့်သားရဟန်းယောကျ်ား၊ရဟန်းမိန်းမ၊ဥပါသကာယောကျ်ား၊ ဥပါသိကာမိန်းမတို့၊ သုတ်အဘိဓမ္မာဝိနည်းတရား၌ လိမ္မာကုန်သည် မဖြစ်ကုန်သေး။ ဆုံးမတတ်ကုန်သည်။ အကြားအမြင် များကုန်သည်။ အရိုအသေ ကျင့်ကုန်သည်။ လောကုတ္တရာတရား အလျှော်ကို ကျင့်ကုန်သည်မဖြစ်ကုန်သေး။ မိမိဆရာ၏ အယူကို တတ်အောင်သင်၍ သူတပါးတို့အားမဟောကြားနိုင်ကုန်သေး။မဖွင့်နိုင်ကုန်သေး။ မခွဲခြမ်းနိုင်ကုန်သေး။ ဖြစ်သောကဲ့ရဲ့စပ်စွဲခြင်းကို အကြောင်းနှင့် လျှော်စွာ နှိပ်၍ ပြာဋိဟာ ပြခြင်းနှင့် ကက္ခ တရားကို မဟောနိုင်ကုန်သေး။ ထိုမျှလောက်သော့ကာလပတ်လုံး ငါသည် ပရိနိဗ္ဗာန်မပြုသေး။ ယုတ်မာသောအလိုရှိသော မာရ်နတ်။ အကြင်မျှလောက်သော ကာလပတ်လုံးလည်း၊ ငါ၏ အဆုံးအမဖြစ်သော မဂ်ဖိုလ်တည်းဟူသော အကျင့်သည်ပြန့်ပွါးစည်ပင်သည်မဖြစ်သေး။ အပြန့်ကျယ်သည်၊ထိုထိုသို့သော အရပ်၌ ပြန့်ပွါးသည်၊ များစွာသောသူတို့သိအပ်သည်၊ များစွာဖြစ်သည်၊ လူနတ်တို့သည် ကောင်းစွာထင်ရှားပြအပ်သည်မဖြစ်သေး။ ထိုမျှလောက်သောကာလပတ်လုံး ငါသည် ပရိနိဗ္ဗာန်မပြုသေးဟု မိန့်တော်မူလိုက်၏။ ။ချစ်သား အာနန္ဒာ၊ ယခုအခါ ဤစာပါလစေတီ၌ကား မာရ်နတ်သည်ငါသို့ကပ်လာ၍တင့်အပ်သောအရပ်၌ရပ်ပြီးသော် ဤသို့ငါ့ကိုလျှောက်၏။ ရှင်ပင်ဘုရားသည်ပရိနိဗ္ဗာန်ပြုတော်မူပါလော့။ ယခုအခါ၌ရှင်ပင်ဘုရားအား ပရိနိဗ္ဗာန်ပြုမြဲနိန်တန်ပါပြီ။နတာဝါဟံပါဝိမအစရှိသည်ဖြင့် အကြင်စကားကို ရှင်ပင်ဘုရားသည်ဆိုတော်မူဘူးပြီ။ ယခုအခါ၌ ရှင်ပင်ဘုရား၊ ရှင်ပင်ဘုရား၏ အဆုံးအမတော်ဖြစ်သော မြတ်သောအကျင့်သည် ပြည့်စုံပြီ။ စည်ပင်ပြန့်ပွါးပြီ။ များစွာသောသူ

ကိုသိစေအပ်ပြီ။နှတ်လူတို့သည်ကောင်းစွာထင်ရှားပြအပ်ပြီ။ယသအခါ၌ ရှင်ပင်ဘုရားသည် ပရိနိဗ္ဗာန်ပြုတော်မူပါလေ၊ ယသအခါ၌ ရှင်ပင်ဘုရားအား ပရိနိဗ္ဗာန်ပြုတော်မူအပ်သောအခါတန်ပါပြီဟူ၍ လျောက်တောင်းပန်ဖူ။ ထိုးကြောင့်ရကား။ အာနန္ဒာ၊ ငါဘုရားသည် မာရ်နတ်သားကို ဤသို့သောစကားကိုဆိုအပ်ပြီ၊ ယုတ်မာသော အလိုရှိသောမာရ်နတ်။ သင်သည် အဋ္ဌမသတ္တာဟမ္မစ၍ လာခြင်းကောင်းသောရှင်ပင်ဘုရား၊ပရိနိဗ္ဗာန်ပြုပါလေ့ဟု မြည်တမ်းလှလေပြီ။ယသအခါ၊ ယနေ့မှစ၍ ကင်းသော အားထုတ်ခြင်းရှိသည်ဖြစ်လေ့။ ငါ့အား ပရိနိဗ္ဗာန်ပြုစေခြင်းငှါလုံ့လကိုမပြုလင့်လေ့။မကြာမြင့်မီ ငါဘုရားအား ပရိနိဗ္ဗာန်ပြုခြင်းသည်ဖြစ်လတ္တံ့။ ဤတပို့တွဲလပြည့်မှ သုံးလလွန်သဖြင့် ငါဘုရားသည် ပရိနိဗ္ဗာန်ပြုတော့အံ့ဟု မိန့်တော်မူလိုက်ပြီ။ချစ်သားအာနန္ဒာ၊ယသအခါစာပါလဆေကိုဦးခြင်းကောင်းသောငါဘုရားသည်အာယုသင်္ခါရကိုလွှတ်အပ်ပြီ။ ငါဘုရားသည် အာယုသင်္ခါရကိုလွှတ်တော်မူသောကြောင့်။ဤမြေကြီးသည်ငါ့ဦးသနားသောအားဖြင့်ကြောက်ဘွယ်ဘုန်းကြီးစွာသောတုန်လှုပ်ခြင်းကိုဖြစ်စေသတည်းဟုမိန့်တော်မူဖူ။။ ။

ထိုအခါ ရှည်သောအသက်ရှိသော အရှင်အာနန္ဒာသည် မြတ်စွာဘုရားကို ဤသို့ လျောက်တောင်းပန်ဖူ။။ ဘုန်းတော်ကြီးသော ရှင်ပင်ဘုရား၊ ရှင်ပင်ဘုရားသည် အာယုကပ်ပတ်လုံး တည်တော်မူပါလေ့။ လာခြင်းကောင်းသော ရှင်ပင်ဘုရားသည် များစွာသောလူအပေါင်းဖူ၊ အစီးအပွါးအလိုငှါ ချမ်းသာခြင်းငှါ လောကကို အစဉ်သနားတော်မူသဖြင့် နတ်လူအပေါင်းတို့အား အကျိုးစီးပွါးအလိုငှါ အာယုကပ်ပတ်လုံး တည်တော်မူပါလေ့ဟု လျောက်တောင်းပန်ဖူ။။ ။မြတ်စွာဘုရားသည် အာနန္ဒာ၊ ယသအခါ၌ ငါဘုရားကို မတောင်းပန်လင့်လေ့။ ယသအခါ ငါဘုရားကို တောင်းပန်အံ့သောငှါ အခါမဟုတ်ပြီဟုမိန့်တော်မူဖူ။။ နှစ်ကြိမ်မြောက်ဝင်း၊သုံးကြိမ်မြောက်ဝင်း။ အရှင်အာနန္ဒာသည်တောင်းပန်ဖူ။။ထိုအခါ အာနန္ဒာ၊သင်သည်လာခြင်းကောင်းသောငါဘုရားဖူ၏သဘောလေးပါးတရားကိုသိခြင်းကို ထုံကြည့်ဖူ၏လော့ဟု မေးတော်မူဖူ။။ ဘုန်းတော်ကြီးသောရှင်ပင်ဘုရား၊ ယုံကြည်ပါဖူ၏ဟု လျောက်သော်။ ထိုသို့လျက် အာနန္ဒာ၊အဘယ်ကြောင့်သင်သည်ငါဘုရားဖြစ်ဟူ၍မနှိုင်၊သုံးကြိမ်စေ့အောင် နှိပ်ဘိသနည်းဟု မိန့်တော်မူဖူ။။ ဘုန်းတော်ကြီးသော

ရှင်ပင်ဘုရား၊ရှင်ဗာင်ဘုရား၏မျက်မှောက်မှောက်တော်မှ အကျွန်ုပ်သည် ကြား
ရပါ၏။ နားဖြင့်ခံရပါ၏။ အကြင်အမှတ်မဲ့သောသူအား လေးပါးသော
ဈာန်ဥပါဒါန်တို့ကို ပွါးစေအပ်၏။ အလေ့အလာ များစွာ ပြုအပ်၏။ ယာဉ်
သဘွယ်၊ ယာသဘွယ်ပြုအပ်၏။ ကောင်းစွာ အားထုတ်အပ်၏။ ထိုသူ
သည် အလိုရှိသည်ရှိသော် အာယုကပ်ပတ်လုံးဂင်း၊ အာယုကပ်ထက်
အလွန်သော်ဂင်းတည်နိုင်ရာ၏၊အာနန္ဒာ၊ငါဘုရားသည် ဈာန်ဥပါဒါန်တရား
လေးပါးတို့ကိုပွါးစေပြီ။ အလေ့အလာပြုအပ်ပြီ။ ငါဘုရားအလိုတော်ရှိ
သော် အာယုကပ်ပတ်လုံးဂင်း၊ အာယုကပ်ထက်အလွန်ဂင်း၊ တည်နိုင်
ရာ၏ဟူ၍ ကြားဘူးပါ၏အရှင်ဘုရားဟု လျှောက်၏။ ။အာနန္ဒာ၊သင်
သည် ဤကြားဘူးသောစကားဂိုယုံကြည်၏လောဟုမိန့်တော်မူ၏။ရှင်
ပင်ဘုရား၊အကျွန်ုပ်သည်ယုံကြည်ပါ၏ဟုလျှောက်၏။ထို့ကြောင့်ဂရကား
အာနန္ဒာ၊ ငါဘုရားသည် ဤသို့ ရှုနှုံဂင်းကြမ်းထမ်းသောနိမိတ်ဩဘာ
သကိုပြုလျက် သင်သည် ထိုးထွင်း၍မသိ။ ဘုန်းတော်ကြီးသောရှင်ပင်
ဘုရား၊ရှင်ပင်ဘုရားသည် အာယုကပ်ပတ်လုံး လောကကိုသနားတော်
မူသဖြင့်၊ လောကသုံးပါးတို့၏ အကျိုး စီးပွါး ချမ်းသာအလို့ငှါ တည်
တော်မူပါဟု ငါဘုရားကို မတောင်းပန်။ ဤသို့မတောင်းပန်ခြင်းသည်
သင့်အားမလျောက်ပတ်။ ချစ်သားအာနန္ဒာ၊ငါဘုရားကိုသင်အကယ်၍
တောင်းပန်ပါအံ့။သင်၏နှစ်ခွန်းသောစကားကိုငါဘုရားသည်ပယ်ရာ၏။
ထို့နောက်မှ သုံးခွန်းမြောက် တောင်းပန်သောစကားကို ငါဘုရားသည်
သည်းခံတော်မူရာ၏။ ထို့ကြောင့်ဂရကား။ အာနန္ဒာ၊ဤသို့အကြင်ကြောင့်
မတောင်းပန်၊ ထိုမတောင်းပန်ခြင်းသည် သင်၏သာလျှင်မကောင်းသ
ဖြင့်ပြုခြင်းတည်း။ ဤသို့မတောင်းပန်ခြင်းသည် သင်၏သာလျှင် နှစ်တ်
ယွင်းခြင်းတည်း။ ။အာနန္ဒာ၊ ငါဘုရားသည် တပါးသောအခါ၊ ရာဇ
ဂြိုဟ်ပြည်၊ ဂိဇ္ဈကူဋ်တောင်ကျောင်းဌ၌ နေတော်မူ၏။ ထိုအခါဌိလည်း။
အာနန္ဒာ၊သင့်ကိုငါခေါ်၍ဆို၏။ ချစ်သားအာနန္ဒာ၊ ရာဇဂြိုဟ်ပြည်သည်
မွေ့လျော်ဘွယ်ရှိ၏။ ဂိဇ္ဈကူဋ်တောင် ကျောင်းသည် မွေ့လျော်ဘွယ်
ရှိလှ၏။ အကြင်အမှတ်မဲ့သောသူအား လေးပါးဈာန်လေးပါးကို ပွါးစေအပ်
၏။ အလေ့အလာများစွာပြုအပ်၏။ထိုသူသည် အာယုကပ်ပတ်လုံးဂင်း၊
အာယုကပ်ထက်အလွန်ဂင်း၊ တည်နိုင်ရာ၏။ အာနန္ဒာ၊ ငါဘုရားသည်
လည်း ဈာန်ဥပါဒါန်လေးပါးတို့ကို ပွါးစေအပ်ပြီ။ အလေ့အလာ များစွာပြု

အပ်ဖြို။ ငါဘုရားသည် အလိုဇတ်ရှိသော် အာယုကပ်ပတ်လုံးဂင်း၊အာယုကပ်ထက်အလွန်ဂင်းနေနိုင်ရာ၏။ဤသို့ငါဘုရားသည် ရှုန့်ရင်းသောနိမိတ်ဩဘာသကိုပြုလျက် သင်သည် သိခြင်းဌါမတတ်နိုင်။ ဤအခါ ရှင်ပင်ဘုရား၊ရှင်ပင်ဘုရားသည် အာယုကပ်ပတ်လုံး လူနတ်တို့၏စိုးပွါးချမ်းသာအလိုဌါတည်တော်မူပါဟု မတောင်းပန်လေ။ အကယ်၍ သင်တောင်းပန်ခြားအံ့။ သင်၏ နှစ်ကြိမ်မဲတောင်းပန်သောစကားကိုသာ ငါဘုရားပယ်ရာ၏။သုံးကြိမ်မြောက်တောင်းပန်သောစကားကို ငါဘုရားသည် သည်းခံရာ၏။ ထို့ကြောင့် အာနန္ဒာ၊ သင်၏ထိုမတောင်းပန်ခြင်းသည် မကောင်းသဖြင့်ပြုခြင်းတည်း။ ဤမတောင်းပန်ခြင်းသည်၊ သင့်အားသားလျှင် ချုတ်ယွင်းခြင်းတည်း။ ။အာနန္ဒာ၊အခါတပါး ငါဘုရားသည် ထိုရာဇဂြိုဟ်ပြည် ဂေါတမပညောင်စေတီ၌ နေတော်မူ၏။ ထိုရာဇဂြိုဟ်ပြည်၌ စောရပပါတလိုဏ်၌နေတော်မူ၏။ ထိုရာဇဂြိုဟ်ပြည်၌လျှင် ဝေဘာရတောင်နံရံ၊ စရည်းပင်ချောက်ရာလိုဏ်၌ နေတော်မူ၏။ ထိုရာဇဂြိုဟ်ပြည်၌လျှင် ဇူသိဂိလိတောင် နံရံ ကျောက်ညိုလိုဏ်၌ နေတော်မူ၏။ ထိုရာဇဂြိုဟ်ပြည်၌လျှင်၊ ရင်းတိုက်တော၊ သပြသောဏ္ဍိကလိုဏ်၌နေတော်မူ၏။ ထိုရာဇဂြိုဟ်ပြည်၌လျှင် တေပါဒါမြစ်နား၊တပေါဒါရုံ ကျောင်း၌ နေတော်မူ၏။ ထိုရာဇဂြိုဟ်ပြည်၌လျှင် ဂျဋ္ဌနက်တို့ကို အစာကျွေးရာဖြစ်သော ဝေဠုဝန်ဥယျာဉ် ကျောင်းတော်၌ နေတော်မူ၏။ ထိုရာဇဂြိုဟ်ပြည်၌လျှင် ဇီဝကသရက်ဥယျာဉ်ကျောင်းတော်၌နေတော်မူ၏၊ ထိုရာဇဂြိုဟ်ပြည်၌လျှင် မဒ္ဒကုစ္ဆိမိဂဒါယ်၌ နေတော်မူ၏။ ထိုအရပ်တို့၌လည်း အာနန္ဒာ၊ သင့်ကို ငါခေါ်၍ ဆို၏။ အာနန္ဒာ၊ ရာဇဂြိုဟ်ပြည်သည် မွေလျော်ဘွယ်ရှိ၏။ ဂိဇ္ဈကူဋ်တောင်ကျောင်းတော်သည် မွေလျော်ဘွယ်ရှိ၏။ ဂေါတမပညောင်စေတီသည် မွေလျော်ဘွယ်ရှိ၏။ စောရပပါတလိုဏ် ကျောင်းတော်သည် မွေလျော်ဘွယ်ရှိ၏။ ဝေဘာရတောင်နံရံ စရည်းပင်ချောက်ရာ လိုဏ်ကျောင်းတော်သည် မွေလျော်ဘွယ်ရှိ၏။ ဇူသိဂိလိတောင် ကျောက်ညိုလိုဏ်သည် မွေလျော်ဘွယ် ရှိ၏။ ရင်းတိုက်တော၌ သပြသောဏ္ဍိက လိုဏ်သည် မွေလျော်စွယ် ရှိ၏။ တေပါဒါရုံကျောင်းသည် မွေလျော်ဘွယ် ရှိ၏။ ဝေဠုဝန်ကျောင်းတော်သည်မွေလျော်ဘွယ်ရှိ၏။ ဇီဝကသရက်တော ဥယျာဉ်ကျောင်းတော်သည် မွေလျော်ဘွယ် ရှိ၏။ မဒ္ဒကုစ္ဆိမိဂဒါယ

သည် မွေးလျှင်ဘွယ်ရှိ၏။အကြင်အမှတ်မဲ့သောသူအား ဣဋ္ဌိပါဒ်လေး ပါးတို့ကို ပွါးစေအံ့။ ဤသို့အစရှိသည်ဖြင့် ဤတဆဲ့တပါးသောအရပ် တို့၌ရှုနှုံရင်းသောနိမိတ်ဩဘာသကို ငါပြတော်မူ၏။ ။တပါးသော အခါ၌လည်း။အာနန္ဒာ၊ငါဘုရားသည် ဤဝေသာလိပြည် ဥဒေနစေတိ၌ နေတော်မူ၏။ ဤဝေသာလိပြည် ဂေါတမစေတိ၌နေတော်မူ၏။ ဤဝေ သာလိပြည် သတ္တမ္ဗစေတိ၌နေတော်မူ၏။ ဤဝေသာလိပြည် ဗဟုပုတ္တ ကစေတိ၌နေတော်မူ၏။ ဤဝေသာလိပြည် သာနန္ဒရစေတိ၌နေတော် မူ၏။ ဤဝေသးလိပြည် စာပါလစေတိ၌ နေတော်မူ၏။ ထိုအရပ်တို့၌ လည်း။ အာနန္ဒာ၊ သင့်ကိုငါခေါ်တော်မူ၍ဆို၏။ အာနန္ဒာ၊ ဤဝေသာလိ ပြည်သည်မွေလျှင်ဘွယ်ရှိ၏။ ဥဒေနစေတိသည်မွေလျှင်ဘွယ်ရှိ၏။ ဂေါတမစေတိသည် မွေလျှင်ဘွယ် ရှိ၏။ သတ္တမ္ဗ စေတိသည် မွေ လျှင်ဘွယ်ရှိ၏။ ဗဟုပုတ္တကစေတိသည် မွေလျှင်ဘွယ်ရှိ၏။ သာနန္ဒ ရစေတိသည် မွေလျှင်ဘွယ် ရှိ၏။ စာပါလ စေတိသည် မွေလျှင် ဘွယ်ရှိ၏။ အာနန္ဒာ၊ အကြင်အမှတ်မဲ့တပါးပါးသောသူအား ငါးပါး သော ဣဋ္ဌိပါဒ်တို့ကို ပွါးစေအပ်၏။ ယာဉ်သဖွယ်ဖြစ်စေအပ်၏။ ယာ သဖွယ်ပြုအပ်၏။ လေ့ကျက်အပ်၏။ ထိုသူသည် အလိုရှိသည်ရှိသော် အာယုကပ်ပတ်လုံးနေနိုင်ရာ၏။ အာနန္ဒာ၊ ငါဘုရားအားလည်း ဣဋ္ဌိပါဒ် လေးပါးတို့ကိုပွါးစေအပ်ပြီ။ ငါဘုရားသည် အလိုရှိသည်ရှိသော် အာ ယုကပ်ပတ်လုံးငင်း၊ အာယုကပ်ထက် အလွန်သော်ငင်း တည်နိုင်ရာ၏။ ဤသို့ငါဘုရားသည် ရှုနှုံရင်းသောအနက်ရှိသော သိလွယ်သောနိမိတ် ဩဘာသကိုပြုပါလျက်။ သင်သည် ထိုးထွင်း၍ သိခြင်းငှါ မတတ်နိုင်။ အာယုကပ်ပတ်လုံးတည်တော်မူပါဟု ငါဘုရားကိုသင်သည်မတောင်း ပန်။အာနန္ဒာ၊ငါဘုရားသည် ထိုထို့သို့သောအရပ်တို့၌ နိမိတ်ဩဘာသ ပြုသောအခါ၌ သင်သည် ငါဘုရားကိုတောင်းပန်ပါအံ့။ငါဘုရားသည် သင့်ချစ်သား၏ နှစ်ကြိမ်တောင်းပန်သောစကားကိုသာပယ်ရာ၏။ သုံး ကြိမ်မြောက်တောင်းပန်သောစကားကိုသည်းခံရာ၏။ ထိုကြောင့်ရကား။ အာနန္ဒာ၊ ငါဘုရားသူသည် နိမိတ်ဩဘာသပြုပါလျက် သင် မတောင်း ပန်။ ထိုမတောင်းပန်ခြင်းသည် သင်၏သာလျှင် မကောင်းသောပြုခြင်း တည်း။ သင်၏သာလျှင် ဆွတ်ယွင်းခြင်းတည်း။ ။ချစ်သား အာနန္ဒာ၊ ဤအကြောင်းကို ရှေးဦးစွာက ငါဘုရားသည်ကြားအပ်ပြီးသည်မဟုတ်

တုံလော။ အလုံးစုံသာလျှင်ဖြစ်ကုန်သော ချစ်အပ်နှစ်လိုအပ်သောသူတို့နှင့်။ ပဒိုသန္ဓေအားဖြင့် အသီးအသီး ဖြစ်ခြင်း၊ သေသဖြင့်ကင်း၍ ဖြစ်ခြင်း၊ ဘဝအပြားအားဖြင့် တပါးဖြစ်ခြင်းသည်ရှိ၏။ ချစ်သားအာနန္ဒာ၊ အကြင်သင်္ခါရတရားသည်ဖြစ်၏၊ ထင်ရှားဖြစ်၏၊ ပြုပြင်အပ်၏၊ ပျက်တတ်သောသဘောရှိ၏။ ဤပျက်တတ်သောသင်္ခါရတရားနှင့် ငါဘုရားအား မပျက်စေသတည်းဟု အဘယ်မှာတောင့်တ၍ရမည်နည်း။ အာနန္ဒာ၊ အကြင်အာယုသင်္ခါရသည်ရှိ၏။ ထိုအာယုသင်္ခါရကို ငါဘုရားသည်စွန့်အပ်ပြီ။ အနှစ်အပ်ပြီ။ လွှတ်အပ်ပြီ။ ဖယ်အပ်ပြီ။ အာယုသင်္ခါရတရားကို ငါသည်လွှတ်အပ်ပြီ။ ငါဘုရားအား မကြာမြင့်မီ ပရိနိဗ္ဗာန်ပြုခြင်းသည် ဖြစ်လတ္တံ့။" ဤတပို့တွဲလပြည့်မှ သုံးလလွန်သဖြင့် ငါဘုရားသည်ပရိနိဗ္ဗာန်ပြုတော်မူအံ့ဟူ၍ ဤစကားကို စင်စစ်မှန်သောအားဖြင့် ဆိုအပ်ပြီ။ချစ်သားအာနန္ဒာ၊ငါဘုရားသည်အသက်ဟူသောအကြောင်းကြောင့် တာဘန်လာပြန်လတ္တံ့.သော၊ တာဘန် ပြုပြင်ပြန်လတ္တံ့.သော အကြောင်းသည်မရှိရာဟူ၍ပိန့်တော်မူ၏။ ။

၄၂။ မြတ်စွာဘုရားသည်၊ရဟန်းတို့အားငါဘုရားသည် မကြာမြင့်မီပရိနိဗ္ဗာန်ပြုတော်မူရအံ့၊မေ့မ့မလျော့ဖြစ်ကုန်လော့ဟု ဆုံးမတော်မူခြင်း၊ဝေသာလီပြည်ကိုအဆုံးစွန်နာဂါ ပလောကိတဖြင့်ကြည့်တော်မူခြင်းတို့ကဲ့ပြရာ။

ထိုအခါ မြတ်စွာဘုရားသည်။ အာနန္ဒာ၊ အကြင်အခါ၌ မဟာဝုန်တောဒ၊ကူဋာဂါရသာလာသည်ရှိ၏။ ထိုအရပ်သို့ ငါတို့သွားကုန်အံ့ဟု ခေါ်တော်မူ၏။ အာနန္ဒာလည်း ကောင်းပြီ အရှင်ဘုရားဟု ဝန်ခံ၏။ ထိုရောအခါ မြတ်စွာဘုရားဒေသည် အာနန္ဒာနှင့်တကွမဟာဝုန်တောဒ္ဓရုလစ်မွန်းလွန်ဟပ်သောစရပ်သို့ ကြွတော်မူ၍ ခင်းအပ်သော ဘုရားနေရာ၌ နေပြီးဆံသင်္။ ချစ်သားအာနန္ဒာ၊ သင်သည် သွားချေ၊ အကြင်မျှလောက်ကုန်သောရဟန်းတို့သည် ဝေသာလီပြည်ကို ဆွမ်းမှီ၍နေကုန်၏။ ထိုအလုံးစုံသော ရဟန်းတို့ကို ညီမျှရာစရပ်၌ စည်းဝေးစေလော့ဟု မိန့်တော်မူ၏။အရှင်အာနန္ဒာသည် မြတ်စွာဘုရား၏စကားတော်ကိုဝန်ခံ၍ ဝေသာလီပြည်ကို ဆွမ်းမှီ၍နေကုန်သော အလုံးစုံသော ရဟန်းတို့ကို

ညီမျရာစရပ်၌စည်းဝေးစေပြီးမှ။ မြတ်စွာဘုရားသို့ကပ်လာ၍ ရှိသေစွာ ရှိခိုးလျက်၊ ဘုန်းတော်ကြီးသော ရှင်ပင်ဘုရား၊ ဝေသာလိပြည်ကိုမှီ၍ နေကုန်သော အလုံးစုံသောရဟန်းတို့ကို စည်းဝေးစေပါပြီ။ထိုညီမျရာစရပ်သို့ ရှင်ပင်ဘုရားသည်ကြွတော်မူအံ့သောအခါကိုသိတော်မူပါဟု လျှောက်၏။ ထိုအခါ မြတ်စွာဘုရားသည် ညီမျရာစရပ်သို့ ကပ်တော်မူ၍၊ ခင်းအပ်သော ဘုရားနေရာ၌ နေတော်မူပြီးသော်။ ရဟန်းတို့ကို ခေါ်တော်မူ၍။ ချစ်သားရဟန်းတို့၊ အကြင်တရားတို့ကို ငါဘုရားသည် ကိုယ်တိုင်သိတော်မူ၍ ဟောအပ်လေပြီ။ ထိုတရားတို့ကို သင်တို့သည် ကောင်းစွာ တတ်အောင် သင်ကုန်၍။ အကြင်အခြင်းဖြင့် မှိုဝသည်ရှိသော် ဤမြတ်သောအကျင့်တည်းဟူသောသာသနာတော်သည် မြင့်မြစွာတည်ရာ၏။ ထိုအခြင်းဖြင့် အဘန်တလဲလဲမှိုဝအပ်၏။ ပွါးစေအပ်၏။ အလေ့အလာ များစွာပြုအပ်၏။ ထိုသို့မှိုဝခြင်းသည် လူနတ်တို့အား စီးပွါးချမ်းသာအလိုဌါ ဖြစ်ရာ၏။ ထိုပိုင်းခြား၍သိအပ်သော တရားတို့ဟူသည်အဘယ်နည်းဟူမူကား။ စတ္တာရောသတိပဋ္ဌာနာ၊စတ္တာရောသမ္မပ္ပဓာနာ။ စတ္တာရော ဣဒ္ဓိပါဒါ၊ ပဉ္စိန္ဒြိယာနိ၊ ပဉ္စဗလာနိ၊ သတ္တဗောဇ္ဈင်္ဂါ၊ အရိယော အဋ္ဌင်္ဂိကော မဂ္ဂေါ။ ။ဤတရားတို့ကိုကောင်းစွာသင်၍မှိုဝအပ်ကုန်၏။ ထိုသို့မှိုဝခြင်းသည် သာသနာတော် အဓွန့်မြင့်ရှည် တည်သည်ဖြစ်ရာ၏။လူနတ်တို့အားစီးပွါးချမ်းသာဖြစ်ရာ၏ဟုမိန့်တော်မူ၏။

ထိုရောအခါ မြတ်စွာဘုရားသည် ရဟန်းတို့ကိုခေါ်တော်မူ၍။ ချစ်သားရဟန်းတို့၊သင်တို့အားငါမှာတော်မူခဲ့အံ့။ သခိါရတရားတို့သည် ပျက်တတ်သောသဘောရှိကုန်၏။ သင်တို့ မမေ့မလျော့ခြင်းနှင့်ပြည့်စုံကြစေကုန်လော့။ မကြာမြင့်မီ ငါဘုရားအား ပရိနိဗ္ဗာန်ပြုခြင်းသည်ဖြစ်လတ္တံ့။ ဤတပို့တွဲလပြည့်မှ သုံးလလွန်သဖြင့် ငါဘုရားသည် ပရိနိဗ္ဗာန်ပြုလေအံ့ဟူ၍ မိန့်တော်မူ၏။ မြတ်စွာဘုရားသည် ဤသို့သောစကားကို မိန့်မှာတော်မူပြီး၍။ ထိုမှနောက်၌တဘန်လည်း။ ။ပရိပက္ကော ဝယော မယ္ယံ၊ပရိတ္တံ မမစ္ဆိရံတံ။ပဟာယ ဝေါ ဂဒ္ဓိဿာမိ၊ကတံ မေ သရဏမတ္တနော။ ။အပ္ပမတ္တာ သတိမန္တော၊ သုသီလာ ဟောထ ဘိက္ခဝေါ။ သုသမာဟိတသင်္ကပ္ပါ၊သစိတ္တ မနုရက္ခထ။ ။ယော ဣမသ္မိံ ဓမ္မဝိနယေ၊ အပ္ပမတ္တော ဝိဟာဿတိ။ပဟာယ ဇာတိံသံသာရံ၊ဒုက္ခဿန္တံ ကရိဿတိ။ ။ဟူသော စကားတော်ကို မိန့်တော်မူပြန်၏။ ။ဘိက္ခဝေါ၊

ရဟန်းတို့။ မယ္ပံငါ့အား။ ဝယောအရွယ်သည်။ပရိပက္ကော၊ရင့်ပြီ။ မမ၊ ငါဖ၏။ ဇိဝိတံ၊အသက်သည်။ပရိတ္တံ၊နည်းပြီ။ ဝေါသင်တို့ကို။ ပဟာယ၊ ဝွန့်၍။ ဂမိဿာမိ၊ သွားရလတ္တံ့။ မေ၊ငါသည်။ အတ္တာနော၊မိမိ၏။ သရ ဏံ၊ကိုးကွယ်ရာကို။ ကတံ၊ပြုအပ်ပြီ။ ။ဘိက္ခဝေါတို့။ တုဋမ္မ၊ သင်တို့ သည်။ အပ္ပမတ္တာ၊ မမေ့ မလျော့ကုန်သည်၌။ သတိမန္တော၊ သတိရှိကုန် သည်။ သုသီလာ၊ ကောင်းသော သီလ ရှိကုန်သည်။ သုသမာဟိတာ၊ ကောင်းစွာတည်ကြည်ကုန်သည်။ ဟောထ၊ ဖြစ်ကုန်လော့။ သကိပ္ပါ၊ ကောင်းသော အကြံအစည်ရှိကုန်သည်။ ဟောထ၊ ဖြစ်ကုန်လော့။ သ စိတ္တံ၊မိမိစိတ်ကို။အနုရက္ခထ၊အစဉ်စောင့်ကုန်လော့။ ။ယောဘိက္ခု၊ အကြင်ရဟန်းသည်။ ဤမသို့ဓမ္မဝိနယေ၊ ဤသုတ် အဘိဓမ္မာ ဝိနည်း၌။ အပ္ပမတ္တော၊မေးမှမလျော့။ ဝိဟာသတိ၊နေငြားအံ့။ သောဘိက္ခု၊ သည်။ ဇာတိကန္တာရံ၊ ဇာတိ ဟူသော ခရီးခဲကို။ ပဟာယ၊ ဖွန့်၍။ ဒုက္ခဿ၊ သံသရာတည်းဟူသော ဝဋ်ဆင်းရဲ၏။ အန္တံ၊အဆုံးကို။ ကာရိဿတိ၊ပြု ရလတ္တံ့။ ။ဤသို့ ဥပဒ္ဒါနသာလာ၌ စည်းဝေးကုန်သော ရဟန်းတို့ အား မိန့်တော်မူပြီးသော် ဝေသာလီပြည် မဟာဝုန်တော ကူဋာဂါရ သာလာ၌ ဖွေလျှင်သောအတိုင်းနေ၍၊ ဝေသာလီမှကြွတော်မူအံ့သော နေ့၌။ နံနက်အခါ သင်းပိုင်ကိုပြင်ဝတ်၍၊ ဒုကူန်ကိုယ်ဝတ်ကို အမျှထပ် ပြီးမှရုံတော်မူ၍၊သပိတ်တော်ကိုယူကာပြီးလျှင် ဝေသာလီပြည်သို့ဆွမ်းခံ ဝင်တော်မူ၍ ဆွမ်းစားပြီးသော် ဝေသာလီပြည်မှထွက်တော်မူ၍ ဆင် ဖြောင်ကြီး၏ကြည့်ခြင်းဖြင့် ဝေသာလီပြည်ကို ကြည့်တော်မူ၍။ အာနန္ဒာ ဘုရားကို ခေါ်တော်မူ၏။ အာနန္ဒာ၊ ဝေသာလီပြည်ကို ဤယခုကြည့် ခြင်းသည် ငါဘုရားအား အဆုံးစွန်သော ကြည့်ခြင်းဖြစ်လတ္တံ့ဟု မိန့် တော်မူပြီး၏။ အာနန္ဒာ၊အကြင်အရပ်၌ဘဏ္ဍာဂါရိ၏။ ထိုအရပ်သို့ငါတို့ သွားကုန်အံ့ဟု အာနန္ဒာကိုခေါ်၍ ဘဏ္ဍာဂါရသို့ ကြွတော်မူလေ၏။ ။ (ဆင်ဖြောင်ကြီး၏ ကြည့်ခြင်းဟူသည်ကား။ များစွာသောလူအပေါင်း တို့၏အရိုးတို့သည် အစွန်းဖြင့်အစွန်းကိုထိ၍တည်ကုန်၏။ပစ္စေကဗုဒ္ဓါ တို့၏အရိုးသည် ခွန်းဖြင့် ချိတ်သကဲ့သို့ ချိတ်၍ တည်ကုန်၏။ မြတ်စွာ ဘုရားတို့အားကား ထိုကဲ့သို့မဟုတ်ကုန်။ မြတ်စွာဘုရားတို့၏ လည်ရိုး တော်တို့သည် သံကွင်းဆက်ကဲ့သို့ တစပ်တည်း ဘွဲ့၍ တည်ကုန်၏။ ထို့ကြောင့် နောက်သို့လှည့်၍ ကြည့်တော်မူခဲသောအခါ လည်တော်

ကိုလှည့်အံ့သောဤ မတတ်ကောင်း။ ဥပမာကား။ ဆင်ဖြောင်ကြီးသည် နောက်အဘို့ကို ကြည့်လိုသည်ရှိသော် အလုံးစုံသောကိုယ်ဖြင့်လည်၍ ကြည့်သကဲ့သို့၊ ထို့အတူ ကိုယ်တော်အလုံးကို လှည့်၍ကြည့်အပ်သည်ဖြစ်၏။ ။မြတ်စွာဘုရားအားကား။မြို့တံခါးဦးရပ်၍ ဝေသာလီပြည်ကို ကြည့်တော်မူအံ့ဟု စိတ်ဖြစ်တော်မူကာမျှ၌။ ဘုန်းတော်ကြီးသော ရှင်ပင်ဘုရား၊ အကုဋေအထောင်မက များစွာသောကမ္ဘာတို့ပတ်လုံး ရှင်ပင်ဘုရားတို့သည် ပါရမီကိုဖြည့်တော်မူအပ်သည်ရှိသော်။လည်တော် ကိုလှည့်၍ ကြည့်အပ်သော၊ ကံကို မပြုအပ်ဟူသကဲ့သို့။ မြေကြီးသည် အိုးထိန်းစက်ကဲ့သို့လှည့်၍ မြတ်စွာဘုရားကို ဝေသာလီပြည်သို့ ရှေးရှု ပြုပေ၏။ ။အသို့နည်း။ ဝေသာလိမှသာမဟုတ်။ သာဝတ္ထိပြည်၊ ရာဇဂြိုဟ်ပြည်၊ နာလန္ဒပြည်၊ပါဋလိရွာ၊ ကောဋိရွာ၊ နာတိက်ရွာတို့၌လည်း ထိုပြည်ထိုရွာတို့မှ ထွက်တော်မူသောအခါ၌လည်း ထိုပြည် ထိုရွာတို့ကို အဆုံးစွန်ရှုခြင်းသည်ဖြစ်၏။ထိုသို့လျှက် အဘယ့်ကြောင့် ထိုပြည် ထိုရွာတို့၌ နာဂါပလောကိတကို မကြည့်လေသနည်း ဟူမူ။ အံ့ဘွယ်သဖြစ်၏မဂ္ဂိလေသောကြောင့် မကြည့်သတည်း။ ဝေသာလိမင်းတို့သည်ကား နီးသော ပျက်စီးခြင်းရှိကုန်၏။ သုံးနှစ်တို့၏ အထက်၌ အဇာတသတ်ကြောင့် ထိုမင်းတို့သည်ပျက်စီးခြင်းသို့ရောက်ကုန်လတ္တံ့။ထိုလို့ဆို ဝိမင်းတို့သည်မြို့တံခါးဦးနာဂါပလောကိတမည်သောစေတီကိုတည်၍ ပန်းနုံသာအစရှိသည်တို့ဖြင့် ပူဇော်ကုန်လတ္တံ့။ ထိုသို့ပူဇော်ခြင်းသည် ထိုမင်းတို့အား စီးပွါးချမ်းသာများစွာဖြစ်လတ္တံ့ဟု ထိုမင်းတို့ကို သနားတော်မူသောကြောင့် ဝေသာလီပြည် မြို့တံခါးဦးသာ။ နာဂါပလောကိတကိုပြုတော်မူသတည်း)။ ။

၆၃။ မြတ်စွာဘုရားသည်ဝေသာလိမှဘဏ္ဍာဂွရွာ၊ ဟတ္ထိဂါမ၊အမ္ဗဂါမ၊ဇမ္ဗုဂါမ၊ဘောဂနဂရ၊ထိုမှပါဝါပြည်၊စုန္ဒ ရွေပန်းထိမ်၏ဥယျာဉ်သို့ရောက်တော်မူ၍စုန္ဒ၏သားပြုမ်း ဆွမ်းကိုဘုန်းပေးသည်ကိုင်အခွင့်ပြုရာ။

ထိုရောအခါ မြတ်စွာဘုရားသည် များစွာသောရဟန်းတို့ဖြင့် ခြံရံလျက် ဘဏ္ဍာဂွရွာသို့ကြွတော်မူ၏။ ဘဏ္ဍာဂွရွာ၌ နေတော်မူသောအခါ

ရဟန်းတို့ကို ခေါ်ဝေတော်မူ၍။ ။စတုန္နံ ဘိက္ခဝေ ဓမ္မာနံ အနနုဗောဓာ အပ္ပဋိဝေဓာဇဝေဝမိဒံဒီဃမဒ္ဓါနံ သန္ဓာဝိတံသံသရိတံ မမဉ္စေဝတုမှာကဉ္စ။ ကတမေသံစတုန္နံ။အရိယသဿဘိက္ခဝေ သီလဿ အနနုဗောဓာအပ္ပဋိဝေဓာ ဇဝေဝမိဒံဒီဃမဒ္ဓါနံ သန္ဓာဝိတံသံသရိတံ မမဉ္စေဝတုမှာကဉ္စ။အရိယသဿဘိက္ခဝေသမာဓိဿ။လဲ။ အရိယာယဘိက္ခဝေပညာယ။လ။အရိယာယ ဘိက္ခဝေ ဝိမုတ္တိယာ။လ။ ဤသို့အစရှိသောသုတ္တန်တရားဒေသနာကိုဟောဝေတော်မူ၏။ ။ထိဘဏ္ဍာဂ္ဂါရိကာလည်း မြတ်စွာဘုရားသည်။ ဇာတိသိလံ၊ဇာတိသမာဓိ၊ ဇာတိပညာ။သီလပရိဘာဝိတောသမာဓိ၊ အစရှိသော တရားဒေသနာကို ရဟန်းတို့အား များစွာ အဖန်ဖန်လာပြု၍ ဟောကြားဝေတော်မူ၏။ ။ထိအခါမြတ်စွာဘုရားသည် ဘဏ္ဍာဂ္ဂါရိကမြို့ ကြွလျှောက်ဝေတော်မူတိုင်း ဖနပြီး၍။ အာနန္ဒာ၊အကြင်အရပ်၌ ဟထိဂ္ဂါသည်ရှိ၏။အကြင်အရပ်၌အမ္ဗဂ္ဂါသည်ရှိ၏။အကြင်အရပ်၌ ဇမ္ဗုဂ္ဂါသည်ရှိ၏။ အကြင်အရပ်၌ ဘောဂဂြိုလ်သည်ရှိ၏။ ထိုအရပ်သို့ ငါတို့သွားကုန်အံ့ဟုဝိန့်ဝေတော်မူ၍ များစွာသောရဟန်းတို့နှင့်တကွ ဘောဂဂြိုလ်သို့ ကြွဝေတော်မူ၍ ထိုဘောဂဂြိုလ်၌ သာနန္ဒာရဖစေတီ၌နေဝေတော်မူ၏။ ထိုသာနန္ဒာရဖစေတီ၌လည်း ရဟန်းတို့ကိုခေါ်ဝေတော်မူ၍။စတ္တာရောမေ ဘိက္ခဝေ မဟာပဒေသာ၊အစရှိသည်ဖြင့်မဟာပဒေသဥလေးပါးကို ဟောဝေတော်မူ၏။ ။ထိနေ့ကမှမြတ်စွာဘုရားသည် ထိဘောဂဂြိုလ် သာနန္ဒာရဖစေတီ၌နေဝေတော်မူလျက်။ ဇာတိသိလံ။ဇာတိသမာဓိ။ဇာတိပညာ။ ဤသို့အစရှိသောတရားကို သာလျှင် အဖန်ဖန်လာများစွာပြု၍ ရဟန်းတို့အား ဟောကြားဝေတော်မူ၏။ ။ထိအခါမြတ်စွာဘုရားသည် ဘောဂဂြိုလ်မှေ့လျော်ဝေတော်မူသောအတိုင်းနေတော်မူပြီး၍၊ အဂ္ဂဇ်အာနန္ဒာကို ခေါ်တော်မူ၍။ အာနန္ဒာ၊ အကြင်အရပ်၌ ပါဝါပြည်သည်ရှိ၏။ ထိအရပ်သို့ငါတို့သွားကုန်အံ့ဟုမိန့်တော်မူ၍ များစွာသောရဟန်းအဖေါင်းတို့နှင့်တကွ ပါဝါပြည်သို့ ကြွတော်မူ၍။ထိပါဝါပြည်၌ စုန္ဒဿေပန်းထိမ်၏သရက်ဥယျာဉ်၌ နေတော်မူလေ၏။(ထိုညသည်ကား။ကဆုန်လပြည့်အဘိတ်နေ့ညလျှင်တည်း)။ ။ စုန္ဒအမည်ရှိသော ဿေပန်းထိမ်သည်သည်၊ မြတ်စွာဘုရားသည် များစွာသော ရဟန်းသံဃာအံ့ဖေါင်းနှင့်တကွ ပါဝါမြို့သို့အစဉ်ရောက်လာ၍။ ငါ၏သရက်ဥယျာဉ်၌ ထာည်နေတော်မူ၏ဟု ကြား၍။ အကြင်အရပ်၌ မြတ်စွာဘုရားသည် ရှိ၏။ ထိအရပ်သို့ ကပ်လာ၍၊ မြတ်စွာ ဘုရားကို

ရှိသေစွာရှိခိုးခြင်းအပ်လျောက်ပင်သော အရပ်ဒွိနေပြီးသောပန်းထိမ်သည့်စုန္ဒကို မြတ်စွာဘုရားသည်တရားစကားဖြင့် နှစ်သိမ့်စေ၏။ ရှင်စေ၏။ကောင်းစွာပြုပေ၏။ ထိုအခါဒွိစုန္ဒအမည်ရှိသောပန်းထိမ်သည့်သား သည်။မြတ်စွာဘုရားသည် တရားနှင့်လျော်သောစကားဖြင့် နှစ်သိမ့်စေ အပ်သည်၊ ထက်စေအပ်သည်၊ ရှင်စေအပ်သည်ဖြစ်၍။ မြတ်စွာဘုရား ကိုဤသို့လျောက်၏။ ဘုန်းတော်ကြီးသော ရှင်ပင်ဘုရား၊ ရှင်ပင်ဘုရား သည်ရဟန်းသင်္ဃာတော်နှင့်တကွ နက်ဖြန်အလှူငှါအကျွန်ုပ်၏ဆွမ်းကို ခံတော်မူပါစေသတည်းဟု လျောက်၏။ မြတ်စွာဘုရားသည်ဆိတ်ဆိတ် နေသောအဖြစ်ဖြင့် ဝန်ခံတော်မူ၏။ စုန္ဒသည်မြတ်စွာဘုရားဝန်ခံသော အခြင်းအရာကိုသိ၍ နေရာမှထပြီးလျှင် မြတ်စွာဘုရားကိုရှိခိုး၍ လက္ခဏာ ရစ်လှည့်သည်ကိုပြုပြီးမှအိမ်သို့ပြန်လေ၏။ ။

ထိုရောအခါစုန္ဒမည်သောဿပန်းထိမ်သည်၏သားသည်ထိုညလွန်သဖြင့် ဒိမိအိမ်၌မွန်မြတ်သောခဲဘွယ်ဘောဇဉ်ကိုဂုဏ်း စီရင်၍၊နွားညှံ့သိမ်ငေ့သောအသားရှိသော၊ အလိုလိုဖြစ်သောဝက်ပျို၏အသား၌ ဆန်နှင့်ရော၍ ချက်အပ်သော များစွာသော သားပြွမ်းဆွမ်းကိုဂုဏ်း စီရင်စေ၍။ မြတ်စွာဘုရားအား ဆွမ်းပြင်၍ပြီးပါပြီ။ ဆွမ်းစားအံ့သောအခါ တန်ပါပြီဟုလျောက်စေ၏။ ထိုဝက်သားပြွမ်း၌ကား၊ ကျွန်းငယ် နှစ်ထောင်နှင့်တကွ ကျွန်းကြီးလေးကျွန်းတို့၌ရှိသော ဩဇာအရသာဟူသမျှကို နတ်တို့သည်ဆောင်ယူခဲ့၍ထည့်ကုန်၏။ ထိုအခါမြတ်စွာဘုရားသည် နံနက်အခါ၌သင်းဖိုင်ကိုပြင်ဝတ်၍ သပိတ်သင်္ကန်းကိုယူ၍ ရဟန်းသင်္ဃာနှင့်တကွ စုန္ဒပန်းထိမ်သည်အိမ်သို့ကြွတော်မူ၍ ခင်းအပ်သောနေရာ၌ နေတော်မူ၏။ ထိုအခါမြတ်စွာဘုရားသည် စုန္ဒကိုခေါ်၍မိန့်တော်မူ၏။ စုန္ဒ၊ အကြင်ဝက်သားပြွမ်းသည် သင်အားကြွင်း၏။ ထိုကြွင်းသော ဝက်သားပြွမ်းကို တွင်း၌ မြှုပ်လော့။ နတ်နှင့်တကွ

သောလူ၌ ဤဝက်သားပြွမ်းကိုစား၍ အကြင်သူအားအစာကြေခြင်းသို့ ရောက်ရာ၏။ငါဘုရားမှတပါး ထိုအစာကြေအံ့သောသူကို ငါမမြင်ဟု မိန့်တော်မူ၏။ အဘယ့်ကြောင့်ကား ဤစကားကို ဖြတ်စွာဘုရား မိန့်တော်မူသနည်းဟူအံ့။ ဖြတ်စွာဘုရားသည် ဘဉ်းပေးတော်မူကြင်းကို ရဟန်းတို့အားလုံး၊ လူတို့အားလုံး မပေးစေ။ တွင်းခွဲဖြုပ်စေသည်ဟု အပြစ်တင်ကဲ့ရဲ့စကားဆိုလိုသောသူတို့အား ဆိုးဝင့်မရစိမ့်သောဌါနို့ တော်မူသတည်း။စုန္ဒပန်းထိမ်သည်သည် ဖြတ်စွာဘုရားအား ပဂိုနိဗ္ဗာန် ပြုခြင်းသည်မဖြစ်ရာဟုထိုဝက်သားပြွမ်းကိုစိရင်သတည်း။ ။

၆၄။ စုန္ဒ၏သားပြွမ်းဆွမ်းကိုဘဉ်းပေးပြီးနောက်ဝင်းတော် လားခြင်း၊ပါဝါမှကုသိနာရုံသို့ကြွရာလမ်းခရီးတွင်ပုက္ကုသမလ္လာ မင်းအားစာရားပေါခြင်း၊စုန္ဒ၏သားပြွမ်းဆွမ်း၌သက်ာ ပျောက်ရန်ပေါတော်မူခြင်းတို့ကိုပြရာ။

ထိုရောအခါ စုန္ဒမည်သော ဿပန်းထိမ်သည်၏ ဝက်သားပြွမ်းကို ဘဉ်းပေးသောဖြတ်စွာဘုရားအား၊ကြမ်းထမ်းသောဝမ်းကျသောအနာ သည်ဖြစ်၏။ထိုးကျင့်သော သေခြင်းအနီးဂါသော ဒုက္ခဝေဒနာသည်ဖြစ်၏။ ဖြတ်စွာဘုရားသည် သတိရှိတော်မူသည်ဖြစ်၍ အဆင်အခြင်နှင့်ပြည့်စုံ တော်မူသည်ဖြစ်၍ ထိုဒုက္ခဝေဒနာကို သည်းခံတော်မူ၏။မပင်ပန်းမူ၍ သည်းခံတော်မူ၏။ထိုအခါ ဖြတ်စွာဘုရားသည် အရှင်အာနန္ဒာကိုခေါ် တော်မူ၍။ အာနန္ဒာ၊အကြင်အရပ်၌ကုသိနာရုံပြည်သည်ရှိ၏။ ထိုအရပ် သို့ငါတို့သွားကုန်အံ့ဟုမိန့်တော်မူ၏။အရှင်အာနန္ဒာလည်းကောင်းပြီဟု ဝန်ခံ၏။ ဖြတ်စွာဘုရားသည် ရဟန်းသင်္ဃာနှင့်တကွ ကုသိနာရုံပြည်သို့ ဂျေးရွာကြွတော်မူ၏။ထိုအခါ ဖြတ်စွာဘုရားသည် ခရီးမှသက်တော်မူ၍ အမှတ်မဲ့ တပါးသောသစ်ပင်ရင်းသို့ကပ်ပြီး၍၊ အရှင်အာနန္ဒာကို အာ နန္ဒာ၊ငါတို့ကိုက်တွန်း၏။ ငါ၏ဒုကုဋ်ကို လေးထပ်ခေါက်၍ ခင်းပါလော့။ အာနန္ဒာ၊စေါသည် ပင်ပန်းသည်ဖြစ်၏။ ထိုင်နေပါဦးအံ့ဟုမိန့်တော်မူ၏။ အရှင်အာနန္ဒာသည်ကောင်းပြီဝန်ခံ၍ဒုကုဋ်တော်ကိုလေးထပ်ခေါက်၍ ခင်းပေ၏။ ဖြတ်စွာဘုရားနေတော်မူ၏။ ။ထိုသို့ နေတော်မူပြီးသော ဖြတ်စွာဘုရားသည် အာနန္ဒာကိုခေါ်၍ ချစ်သား အာနန္ဒာ၊ သင့်ကို ငါ

တိုက်တွန်းပါ၏။ သင်သည်သောက်ရေဆောင်ပါဇျ၊ငါရေမွတ်သည်ဖြစ်၏။ငါရေသောက်ပါအုံဟုမိန့်တော်မူ၏။ဤသို့မိန့်တော်မူသော်အာနန္ဒာသည် မြတ်စွာဘုရားကို ဤသို့လျှောက်၏။ဘုန်းတော်ကြီးသော ရှင်ပင်ဘုရား၊ယသုအခါငါးရာသောလှည်းတို့သည် ဤမြစ်ငယ်ကိုကူး၍ သွားလေကုန်၏။ လှည်းဘီးဖြတ်၍ သွားသဖြင့် အနည်းငယ်သောရေသည်ချောက်ချားလျက်နောက်လျက်စီး၏။ ရှေးမနီးမဝေးသောအရပ်၌ ကကုဓချောင်းမြစ်သည်ရှိ၏။ ဤကကုဓချောင်းမြစ်သည် ကြည်သောရေရှိ၏။မြိန်သောရေရှိ၏။ ချမ်းသောရေရှိ၏။ ပြွေသောရေရှိ၏။ နှုလုံးမွေ့လျော်ဘွယ်သော ကောင်းသောဆိပ်ရှိ၏။ ထိုကကုဓချောင်းမြစ်၌ မြတ်စွာဘုရားသည် ရေသောက်တော်မူပါရလတ္တံ့။ ကိုယ်တော်ကိုလည်း ချမ်းဇေးသည်ကို ပြုတော်မူပါရလတ္တံ့ဟု လျှောက်၏။ နှစ်ကြိမ်မြောက်လည်း မြတ်စွာဘုရားသည် အာနန္ဒာကို။ အာနန္ဒာ၊ ငါ တို့က်တွန်း၏။ ဤသို့အစရှိသဖြင့်စေတော်မူ၏။ နှစ်ကြိမ်မြောက်လည်း အာနန္ဒာသည် မြတ်စွာဘုရားကို ရှင်ပင်ဘုရား၊ ယသုအခါ ငါးရာသောလှည်းတို့သည် ဤမြစ်ကိုကူးလေကုန်၏။ ဤသို့အစရှိသောစကားဖြင့် လျှောက်၏။ သုံးကြိမ်မြောက် မြတ်စွာဘုရားသည် ငြားနည်းစေတော်မူပြန်၏။ ထိုအခါအာဇာတော်ကိုမဆန်ပါ၊ပြီအရှင်ဘုရားဟု အရှင်အာနန္ဒာသည် မြတ်စွာဘုရားအားဝန်ခံ၍ မြတ်စွာဘုရား၏ သပိတ်တော်ကိုယူ၍ ထိုလှည်းငါးရာအညာကကူးသွားလေသော မြစ်ငယ်သို့ကပ်၍ ရေခပ်ဆင်းလေ့၏။ လှည်းဘီးဖြတ်၍သွားသဖြင့် အနည်းငယ်သောရေရှိသော၊ချောက်ချားလျက် နောက်လျက်စီးသော ထိုမြစ်ငယ်သည်။ အရှင်အာနန္ဒာ ရေခပ်လာသောခဏ၌ သန့်ရှင်းကြည်စွာ မနောက်ကျုံသည်ဖြစ်၍ စီး၏။ ထိုအခါအာနန္ဒာအား ဤသို့သောအကြံသည်ဖြစ်၏။ အချင်းတို့၊မြတ်စွာဘုရား၏ တန်းခိုးကြီးသောအဖြစ်သည် အံ့ဘွယ်ရှိစွတကား။ မဖြစ်ဘူးမြဟကား။ ငါးရာသောလှည်း၏ လှည်းဘီးတို့သည် ဖြတ်၍ကူးအပ်သဖြင့် အနည်းငယ်သောရေရှိသည်ဖြစ်၍ လှုပ်ချောက်ချား၍ နောက်ကျုံလျက် စီးသော ဤမြစ်ငယ်သည်။ ငါသည် ကပ်လာသည်ရှိသော်လျှင် သန့်ရှင်းကြည်လင်စွာမနောက်သည်ဖြစ်၍စီးဘိ၏ဟုအံ့ဩခြင်းရှိသည်ဖြစ်၍ သပိတ်တော်ဖြင့် သောက်ရေကိုယူ၍။ မြတ်စွာဘုရား ရှိတော်မူရာ ကပ်လာ၍ မြတ်စွာဘုရားကို ဤသို့ လျှောက်၏။ ဘုန်းတော်ကြီး

သောဂျင်ပင်ဘုရား၊ဂျင်ပင်ဘုရား၏တန်းခိုးအာနုဘော်ကြီးသောအဖြစ်သည်အံ့ဘွယ်ရှိစွ။မဖြစ်ဘူးမြဲတကား။ လှည်းဘီးဖြင့်ဖြတ်ကူးအပ်သည်ဖြစ်သောကြောင့် အနည်းငယ်ဖြစ်၍လှပ်ချောက်ချားသဖြင့်နောက်ကျစွာစီးသော ရေသည် အကျွန်ုပ်မြစ်နားသို့ရောက်ကာမျှဖြစ်သာလျှင် သန့်ဂျင်းကြည်လင် စင်ကြယ်စွာ မနောက်ကျသည်ဖြစ်၍ စီးပေ၏။ ဘုန်းတော်ကြီးသောဂျင်ပင်ဘုရားသည် သောက်ရေကို သောက်တော်မူပါလော့၊လာခြင်းကောင်းသောမြတ်စွာဘုရားသည်သောက်ရေကိုသောက်တော်မူပါလော့ဟူ၍အဂျင်အာနန္ဒာသည်ကဲ့၏။မြတ်စွာဘုရားသောက်တော်မူ၏။ ။

ထိုအခါ ကာလာမအမျိုးဖြစ်သော အာဠာဝရဂရသွေ့၏တပည့်၊မလ္လာမင်းသားပုက္ကုသအမည်ရှိသောသူသည်။ ကုသိနာရုံပြည်မှ ပါဝါပြည်သို့ ငါးရာသောလှည်းတို့ဖြင့် ကုန်သွယ်အံ့သောငှါ အဝန့်ရှည်သောခရီးကို သွားသည်ဖြစ်၏။ အဘယ့်ကြောင့် သွားသနည်း။ ထိုမလ္လာမင်းတို့သည်အလှည့်အားဖြင့်မင်းပြုကုန်၏။ထို့ကြောင့်မိမိတို့အလှည့်မရောက်မီအခါ၌ ကုန်သွားကုန်သတည်း။ လှည်းကုန်သည်တို့၏ သဘောကားလှည်းဦးမှလေလာသောအခါ၌ရှေ့ဆုံးလှည်း၌နေ၍သွားမြဲတည်း။နောက်မှလေလာသောအခါလှည်းအပေါင်းကိုရှေ့မှသွားစေ၍၊မိမိသည်နောက်မှလိုက်သတည်း။ထိုအခါနောက်မှလေလာ၍ပုက္ကုသသည်လှည်းတို့၏နောက်မှလိုက်သတည်း။ ပုက္ကုသ၏ဆရာတို့ကား ရှည်သော ကြောင်သော မျက်စိရှိသောကြောင့် အာဠာဝရဟု တွင်သတည်း။ ။ထိုအခါ ပုက္ကုသသည် တရားသောသစ်ပင်ရင်းခြေနေသော မြတ်စွာဘုရားကို မြင်လျှင်ကပ်လာ၍ ရှိသေစွာရှိခိုးပြီးလျှင်ဟင့်အပ်သောအရပ်၌နေပြီးသော် မြတ်စွာဘုရားကို ဤသို့လျှောက်၏။ ဘုန်းတော်ကြီးသောရှင်ပင်ဘုရား၊ အံ့ဘွယ်ရှိစွ၊ မဖြစ်ဘူးမြဲကကား။ ရဟန်းတို့သည် ငြိမ်သက်သောနေခြင်းဖြင့် နေကုန်၏။ ဖြစ်လေဘူးသည်ကား။ ကာလာမအမျိုးဖြစ်သော အာဠဝရသည်အဝန့်ရှည်သောခရီးကိုသွားသည်ရှိသော်ခရီးမှပဲ၍ခရီးနှင့်မနီးမဝေး၊ အမှတ်မဲ့သောသစ်ပင်ရင်းခြေနေ၏။ ထိုအခါ ငါးရာသောလှည်းတို့သည် အာဠာဝရကိုမှီ၍မှီ၍လွန်လေကုန်၏။ ထိုအခါ မထင်ရှားသောယောကျ်ားသည် ထိုငါးရာသောလှည်းတို့၏ နောက်မှနောက်မှလာ၍ အကြင်သစ်ပင်ရင်းခြေ အာဠာဝရသည်ရှိ၏၊ထိုအရပ်သို့ကပ်လာ၍

အာဠာဝရကို ဤသို့ဆို၏။အရှင်အာဠာဝရ၊ငါးရာသော လှည်းတို့သည်လွန်
၍သွားလေကုန်သည်တို့ကိုမြင်ပါ၏လော ဟုမေး၏။ ဒါယကာ၊ငါသည်
မမြင်ဟုဆို၏။အသို့နည်းအရှင်ဘုရား၊လှည်းသံကိုကြားတော်မူ၏လော
မေးပြန်၏။ ဒါယကာ၊ ငါသည် လှည်းသံကိုမကြားပါဟုဆို၏။ အသို့
နည်းအရှင်ဘုရား၊ အိပ်ပျော်သည်ဖြစ်သလောဟုမေးပြန်၏။ ဒါယကာ၊
ငါသည် အိပ်ပျော်သည်လည်းမဖြစ်ဟု ဆို၏။ သညာရှိ၏လောရှင်ပင်
ဘုရားဟုဆိုသော်။ ဒါယကာ၊ ရှိ၏ဟုဆိုသဖြင့်။ ရှင်ပင်ဘုရား၊ ရှင်ပင်
ဘုရားသည် စိတ်ရှိသည်ဖြစ်လျှက် နှီးကြားသည်ဖြစ်လျှက် ငါးရာသော
လှည်းတို့သည်လွန်၍သွားလေသည်ကို မြင်လည်းမမြင်။ အာသံကိုလည်း
မကြား။ ရှင်ပင်ဘုရား၊ စင်စစ်သော်ကား ရှင်ပင်ဘုရား၏ဒုကုဋ်သည်မြို့
ဖြင့်ပွဲမ်း၏ဟုဆိုသော်။ ဒါယကာ၊ ဤမြို့ဖြင့်ပွဲမ်းသည်ဟုတ်၏ဟုဆို၏။
ထိုအခါ၌ ဘုန်းတော်ကြီးသောရှင်ပင်ဘုရား၊ထိုယောကျ်ားအား ဤသို့
သောစိတ်သည်ဖြစ်၏။ အချင်းတို့၊အံ့ဘွယ်ရှိစွ။ အချင်းတို့၊မဖြစ်ဘူးမြဲ
တကား။ အချင်းတို့၊ ရဟန်းတို့သည် ငြိမသက်သောနေခြင်းဖြင့်နေပေ
ကုန်၏။ အကြင်ကြောင့်စိတ်ရှိသည်ဖြစ်လျှက်၊ နှီးကြားသည်ဖြစ်လျှက်၊
ငါးရာသော လှည်းတို့သည် လွန်၍သွားလေသည်ကို မြင်လည်း မမြင်၊
ကြားလည်းမကြားဖြစ်ဘိ၏ဟု ဤသို့သောစ်တ်အကြံရှိသည်ဖြစ်၍၊ အာ
ဠာဝရ၌ ကြည်ညိုခြင်းကို ဖြစ်စေ၍ ထိုယောကျ်ားသည် သွားလေ၏ဟု
လျှောက်၏။ ။ထိုအခါ မြတ်စွာဘုရား ဤသို့မိန့်တော်မူ၏။ ပုက္ကုသ၊
ငါဆိုလတ္တံ့သောစကားကို သင်သည် အဘယ်သို့အောက်မေ့သနည်း။
အကြင်သူသည်စိတ်ရှိသည်ဖြစ်လျှက်၊နှီးကြားလျှက်၊ငါးရာသောလှည်း
တို့ လွန်၍သွားလေကုန်သည်ကိုမျှ မမြင်၊ လှည်းသံကိုမျှလည်း မကြား။
အကြင်သူသည်မူလည်း ဇိဃ်းသည်ရွာသည်ရှိသော်ချစ်ချစ်မြဲည်လျှက်၊
လျှပ်စစ်တို့သည် ပြက်ကုန်လျှက်။ ဇိဃ်းကြီးကျသည်ကိုဖယည်း မမြင်၊
ဇိဃ်းကြီးထစ်သံကိုလူည်းမကြား။ ထိုနှစ်ယောက်သောသူတို့တွင် အ
ဘယ်သူလျှင် ပြုနိုင်ခဲသနည်း မေးတော်မူ၏။ ဘုန်းတော်ကြီးသောရှင်
ပင်ဘုရား၊ ငါးရာကုန်သော လှည်းတို့သည်ရုံင်း၊ ဗခြာက်ရာကုန်သော
လှည်း၊ ခုနစ်ရာကုန်သော လှည်းတို့သည်ရုံင်း။ ရှစ်ရာကုန်သောလှည်း၊
ကိုးရာကုန်သောလှည်းတို့သည်ရုံင်း၊အထောင်ကုန်သောလှည်းတို့သည်
ရုံင်း၊ လှည်းအသောင်းတို့သည်ရုံင်း၊ လှည်းအသိန်းတို့သည်ရုံင်း အသို့

လျှင်ပြုကုန်လတ္တံ့နည်း။စင်စစ်သေဒ်ကား။အကြင်သူဌာနည် စိတ်ရှိသည်ဖြစ်လျက်၊နှိုးကြားလျက်၊ ဖိစီးရွာသောအခါ၌ ဖိစီးသည်ချစ်ချစ်မြည်သည်ရှိသော်၎င်း၊ လျှပ်စစ်တို့သည်ပြက်ကုန်သော်၎င်း၊ ဖိစီးကြိုးပစ်သည်ကိုလည်းမမြင်၊ ဖိစီးကြိုးထစ်မြည်သံကိုလည်းမကြား။ ဤသည်ကိုသာလျှင်ပြုနိုင်ခဲ၏၊ ဤသည်ကိုသာလျှင် ဖြစ်စေနိုင်ခဲ၏ဟု ပုဏ္ဏားသည်ဖြေလျှောက်၏။ ။ဤလောက၌ပုဏ္ဏားသ၊ ငါသည် အခါတပါးသော် အာတုမာမြို့ ကောက်တလင်းတဲ၌ နေတော်မူ၏။ ထိုအခါ၌ ဖိစီးရွာသည်ရှိသော် ဖိစီးသည်ချစ်ချစ်မြည်လျက်၊လျှပ်စစ်တို့သည်ပြက်ကုန်လျက်၊ ဖိစီးကြိုးပစ်သဖြင့်၊ ကောက်တလင်းတဲ၏ မနီးမဝေးသော အရပ်၌ လယ်ထွန်ညီနောင်နှစ်ယောက်တို့သည်၎င်း၊ လေးရသောနွားတို့သည်၎င်း သေကုန်၏။ ထိုအခါ၌ ပုဏ္ဏားသ၊အာတုမာမြို့မှမျှားစွာသော လူတို့သည်ထွက်ကုန်၍ အကြင်အရပ်၌ လယ်ထွန်ညီနောင်နှစ်ယောက်တို့သည်၎င်း၊ လေးရသော နွားတို့သည်၎င်း သေကုန်၏။ ထိုအရပ်သို့ကပ်လာကုန်၏။ ထိုအခါ ငါသည် ထိုတလင်းတဲမှ ထွက်၍ တံခါးဝ၌စင်္ကြံသွား၏။ ထိုအခါပုဏ္ဏားသ၊ မထင်ရှားသောယောက်ျားတယောက်သည် ထိုလူမျှားအပေါင်းမှဖဲ၍ ငါရှိရာသို့ကပ်လာပြီးလျှင် ငါ့ကိုရှိခိုး၍ တင့်အပ်သောအရပ်၌နေ၏။ ပုဏ္ဏားသ၊ထိုအခါငါသည် ထိုယောက်ျားကို ဤသို့ဆို၏။ ဒါယကာ၊ ထိုအရပ်၌ မျှားစွာသောလူအပေါင်းသည် စည်းဝေး၏။ အဘယ့်ကြောင့်စည်းဝေးသနည်းဟု မေးတော်မူသော်။ အရှင်ဘုရား၊ ဖိစီးကြိုးကျ၍ လယ်ထွန် ညီနောင် နှစ်ယောက်နှင့်၊ နွားလေးရတို့သေရာသောကြောင့် စည်းဝေးကြပါသည်။ ဘုန်းတော်ကြီးသောရှင်ပင်ဘုရားသည်ကား အဘယ်အရပ်၌ ဖြစ်တော်မူသနည်းဟု လျှောက်၏။ ဒါယကာ၊ ငါသည် ဤအရပ်၌ပင်ဖြစ်၏မိန့်တော်မူသော်။ ရှင်ပင်ဘုရား၊ အသို့ပါနည်း။ ထိုဖိစီးကြိုး ကျ၍ သေသည်တို့ကို မြင်တော်မူပါ၏လောဟု လျှောက်၏။ ဒါယကာ၊ ငါသည်မမြင်ပါဟုမိန့်၏။ ရှင်ပဉ္စင်ဘုရား၊ အသို့ပါနည်း။ ဖိစီးကြိုးပစ်သောအသံကို ကြားတော်မူပါ၏လော့ဟု လျှောက်၏။ ဒါယကာ၊ ငါမကြားဟုမိန့်၏။ အသို့ပါနည်း ရှင်ဆင်ဘုရား၊အိပ်ပျော်တော်မူသလောဟု မေး၏။ ဒါယကာ၊ငါမအိပ်ဟုမိန့်၏။ အသို့နည်းရှင်ပင်ဆုရား၊ စိတ်ရှိတော်မူ၏လောဟု လျှောက်၏။ ဒါယကာ၊ ထွေ၌ စိတ်ရှိ၏ဟု မိန့်တော်မူ၏။ အသို့နည်းရှင်ပုဏ်ဘုရား၊

ရှင်ပင်ဘုရားသည် စိတ်ရှိသည်ဖြစ်လျက်၊ နှီးကြားပါလျက်၊ ဓိဃိးရှာသောအခါ၌ ဓိဃိးသည် ချစ်ချစ်မြည်လျက်၊ လျှပ်စစ် ပြက်ကုန်လျက်၊ ဓိဃိးကြိုး ပစ်သည်ကိုလည်း မြင်တော်မမူ။ ဓိဃိးထစ်ကြိုးသော အသံကိုလည်း ကြားတော်မမူသဖြော်ဟု လျှောက်၏။ ဒါယကာ၊ ငါသည် မမြင်မကြားပါဟုမိန့်၏။ ထိုသို့မိန့်သောအခါ ပုဏ္ဏားသ၊ ထိုယောက်ျား အားဤသို့စိတ်သည်ဖြစ်၏။ အချင်းတို့၊အံ့ဘွယ်ရှိစွတကား။ အချင်းတို့၊ မဖြစ်ဘူးမြဲတကား။ အချင်းတို့၊ ရဟန်းတို့သည် ငြိမ်သက်စွာ နေခြင်းဖြင့်နေကုန်၏။ အကြင်မြတ်စွာဘုရားသည် စိတ်ရှိပါလျက်၊ နှီးကြားပါလျက်၊ဓိဃိးရှာသော်၊ ချစ်ချစ်မြည်လျက် လျှပ်စစ်ပြက်လျက် ဓိဃိးကြိုးပစ်သည်ကိုလည်းမြင်။ ဓိဃိးကြိုးသံကိုမျှလည်း မကြား။ ထိုမြတ်စွာဘုရားသည် အံ့ဘွယ်ရှိ၏ဟုကြံ၍ ထိုယောက်ျားသည် ငါ၌ ကြည်ညိုခြင်းကိုကြား၍ ရိုသိုးလျက် လက်ျာရစ်လှည့်၍ ဖဲလေ၏။ ဤသို့မိန့်တော်မူသော်။မလွှာမင်း၏သားပုဏ္ဏားသသည် ဤစကားကိုဆို၏။ ဘုန်းတော်ကြီးသောရှင်ပင်ဘုရား၊ကာလာမအမျိုးဖြစ်သောအာဠာရဠဒ္ဓအကျွန်ုပ်၏ အကြင်ကြည်ညိုခြင်းရှိ၏။ ထိုကြည်ညိုခြင်းကို ထိုအကျွန်ုပ်သည် ပြင်းစွာသော လေမုန်တိုင်းခွေ လွင့်လိုက်ပါ၏။ အယဉ်ထန်စွာစီးသော မြစ်ခွေမျှောလိုက်ပါ၏။ ရှင်ပင်ဘုရား၊ အလွန် နှစ်ယှဉ်ဘွယ် ရှိ၏။ ဥပမာကား။ မှောက်၍ထားသောဝတ္ထုကို လှန်သကဲ့သို့။ ဖုံးလွှမ်းသောဝတ္ထုကိုဘွင့်သကဲ့သို့။ ခရီးခွေ တွေဝေသောသူအား ခရီးကိုကြားသကဲ့သို့။ အမှိုက်တိုက်ခွဆီမီးကိုညှိသကဲ့သို့။ မျက်စိအမြင်ရှိသောသူတို့သည် ရူပါရုံတို့ကိုမြင်သကဲ့သို့။ ထိုအတူ ရှင်ပင်ဘုရားသည် များစွာသောအကြောင်းဖြင့် တရားကိုထင်ရှားပြတော်မူ၏။ ထိုအကျွန်ုပ်သည် ရှင်ပင်ဘုရားကိုကိုးကွယ်ခြင်းသို့ရောက်ပါ၏။ တရားတော်ကိုလည်း၊သင်္ဃာတော်ကိုလည်း၊ ကိုးကွယ်ခြင်းသို့ ရောက်ပါ၏။ ရှင်ပင်ဘုရားသည် ယနေ့ကို အစပြု၍ အသက်ရှည်သောကာလပတ်လုံး သရဏဂုံဆောက်တည်သောဒါယကာဟူမှတ်တော်မူပါဟုလျှောက်၏။ ။

ထိုအခါပုဏ္ဏားသသည် မထင်ရှားသေးသောယောက်ျားကို ခေါ်၍ဆို၏။ အချင်း၊ ငါသည်တို့ကိုက်တွန်းပါ၏။ ငါ၏သိဂြိဳလ်အဆင်းနှင့်တူသော အဆင်းရှိသော ပြေပြစ် ချောမောသော သွားရာ လာရာ ငါဆောင်အပ်သော ပုခုံးတစုံကို ဆောင့်ယူချေဟုဆို၏။ ကောင်းပြီ အရှင်သားဟု

ထိုယောက်ျားသည်. ပုက္ကုသအား ဝန်ခံ၍၊ ထိုရွှေအဆင်းနှင့် တူသော အဆင်းရှိသော ရွာမောပြေပြစ်သောပုဆိုးတစုံကို ဆောင်ယူ၍ ပုက္ကုသအားဆောက်နှင်း၏။ ပုက္ကုသသည် သိဂိရွှေအဆင်းနှင့်တူသော အဆင်းရှိသော၊ သွားရာလာရာ ပခုံးတင်၍ ဆောင်အပ်သော ဤပုဆိုး တစုံကို အကျွန်ုပ်သည်အကြားအကြား၌ သဘင်နေ့ကြွမ်သည့်အခါအ ပေါ်ရုံပြု၍ဗုံးလွှမဲးအပ်၏။မြတ်စွာဘုရားသည် အကျွန်ုပ်ကို အစဉ်သနား သည်ကဲ့ပြု၍ ထိုပုဆိုးတစုံကို ခံတော်မူပါဟု လျှောက်၏။ ထိသို့တပြိုး ကား။ ပုက္ကုသ၊ တထည်သောပုဆိုးဖြင့် ငါ့ကိုလွှမဲးလော့။ တထည်ဖြင့် အာနန္ဒာကိုလွှမဲးလော့ဟု မြတ်စွာဘုရားမိန့်တော်မူ၏၊ ကောင်းပြီရှင်ပင် ဘုရားဟု မလွန်မင်း၏သားပုက္ကုသသည် မြတ်စွာဘုရား၏စကားကိုဝန် ခံ၍ တထည်ဖြင့်မြတ်စွာဘုရားကိုလွှမဲး၏။ တထည်ဖြင့် အရှင်အာနန္ဒာ ကိုလွှမဲး၏။ ။(အရှင်အာနန္ဒာသည် ထိုပုဆိုးကိုယူ၏လော၊မယူလော ဟူတုံအံ့။ယူ၏။ အဘယ့်ကြောင့်ယူသနည်းဟူမူကား။ အပြီးသို့ရောက် ပြီးသောလုပ်ကျွေးခြင်းကိစ္စရှိခြင်းကြောင့်တည်း။ မှန်၏။ အရှင်အာနန္ဒာ သည် ဤသို့သဘောရှိသောလောဘကိုပယ်၍ မြတ်စွာဘုရားအား လုပ် ကျွေးသောအရောဂါကျင့်၏၊ ထိုလုပ်ကျွေးခြင်းကိစ္စသည် အရှင်အာနန္ဒာ အားအပြီးသို့ရောက်ပြီ။ထို့ကြောင့်ယူလေသတည်း။ အကြင်သူတို့သည် လည်း အာနန္ဒာသည်နှစ်ဆဲ့ငါးနှစ်ပတ်လုံးလုပ်ကျွေးလျက်မြတ်စွာဘုရား ထံဆည်းကပ်၍နေပါသော်လည်း။တစုံတခုကိုမျှ မြတ်စွာဘုရား၏အထံ တော်မှမရစဘူးပါဟူ၍ ဆိုကုန်ရာ၏။ ထိုသူတို့၏စကားအခွင့်ကိုဖြတ် ခြင်းငှါလည်းယူသဘည်း။မြတ်စွာဘုရားသည်လည်း သိတော်မူ၏။အာ နန္ဒာသည်ယူ၍ ဒိဗ္ဗိသည် မဇ္ဈေဆာင်လတ္တံ့။ ငါ့အားပင်လျှင် ပူဇော်ခြင်း ကိုပြုလတ္တံ့။ ပုက္ကုသသည်ကား။ အာနန္ဒာကို ပူဇော်သဖြင့် သဃ်ာကို ပူဇော်အပ်သည်ဖြစ်လတ္တံ့။ဤသို့ဖြစ်သဖြင့် ပုက္ကုသအား ကြီးစွာသော ကောင်းမှုအစုသည်ဖြစ်လတ္တံ့။ ဤသို့ကြံတော်မူ၍မြတ်စွာဘုရားသည် တထည်သောပုဆိုးကို အာနန္ဒာမထေရ်အား လှူစေသတည်း)။ ။ထို ရောအခါ မြတ်စွာဘုရားသည် မလ္လာမင်း၏သားဖြစ်သော ပုက္ကုသကို ပုဆိုးအနုဇောဒနာ တရားစကားဖြင့် ကောင်းစွာ ပြအပ်သည် ဖြစ်၍၊ ဆောက်တည်စေအပ်ပြီးသည်ဖြစ်၍၊ ရွှင်စေအပ်ပြီးသည်ဖြစ်၍၊နေရာမှ ထ၍ မြတ်စွာဘုရားကိုရှိခိုးပြီးလျှင် လက်ျာဘက်လှည့်၍ ဖဲလေ၏။ ။ထို

အခါ ရှင်အာနန္ဒာသည် ပုက္ကုသမဲ၍ မကြာမြင့်မီ သိဂီရွှေအဆင်းနှင့်တူသောအဆင်းရှိသော ထိုပုဆိုးကို မြတ်စွာဘုရား၏ကိုယ်တော်ကို ဖုံးလွှမ်း၏။ မြတ်စွာဘုရား၏ကိုယ်တော်၌ရုံအပ်သောထိုပုဆိုးသည်၊ ရှားပါးခဲစရာသည် အတွင်း၌သာ အလျှံထွက်၍၊ အပ၌အလျှံမထွက်သကဲ့သို့၊ ဖုံးလွှမ်းသောအတိုင်းထင်၏။ ထိုအခါအာနန္ဒာသည် မြတ်စွာဘုရားကို ဤသို့လျှောက်ကုန်၏။ ဘုန်းတော်ကြီးသော ရှင်ပင်ဘုရား၊ အံ့ဘွယ်ရှိစွ။ ရှင်ပင်ဘုရားအား မဖြစ်ဘူးပါတကား။ ရှင်ပင်ဘုရား၏ အဂရတော်၏ အဆင်းသည် အကြင်မျှလောက်စင်ကြယ်၏။ပြုစင်၏။ ရှင်ပင်ဘုရား၏ ထိုမျှလောက်သန့်ရှင်းစင်ကြယ်သောအရေရှိသောကိုယ်တော်၌ ရုံအပ်သော သိဂီရွှေအဆင်းနှင့်တူသော ဤပုဆိုးသည် မီးကျီးခဲစရာကဲ့သို့ဝင်ဘိ၏ဟုလျှောက်၏။ အာနန္ဒာ၊ဤသို့ဖြစ်ခြင်းသည် သင်ဆိုတိုင်းဟုတ်၏။ နှစ်ပါးသောအခါတို့၌ မြတ်စွာဘုရား၏ကိုယ်တော်သည် အလွန်သန့်ရှင်းစင်ကြယ်သည်ဖြစ်၍ အရေ၏အဆင်းသည်ပြုစင်သည်ဖြစ်၏။ အဘယ်ကာလနှစ်ပါးတို့၌နည်း ဟူမူကား။ အာနန္ဒာ၊ အကြင်ည၌၌လည်း လာခြင်းကောင်းသော ဘုရားသည် သစ္စာလေးပါးကို သိ၏။ အကြင်ည၌၌လည်း ကမ္ဘာရပ် အကြွင်း မရှိသော နိဗ္ဗာန ဓာတ်ဖြင့် လာခြင်းကောင်းသောမြတ်စွာဘုရားသည် ပရိနိဗ္ဗာန်ပြု၏။ ဤနှစ်ပါးသောအခါကာလတို့၌ လာခြင်းကောင်းသော မြတ်စွာဘုရား၏ကိုယ်တော်သည် အလွန်လျှင် သန့်ရှင်းစင်ကြယ်သည်ဖြစ်၏။ အရေအဆင်းသည် ပြုစင်သည်ဖြစ်၏။ အာနန္ဒာ၊ယနေ့ည၌ပစ္ဆိမယာမ်၌ကုသိနာရုံပြည်၏အကွေ့အင်ကြင်းတောဝယ်အစုံသောအင်ကြင်းပင်ပျိုတို့၏အကြားဒွိဓါဘုရား ပရိနိဗ္ဗာန်ပြုခြင်းသည်ဖြစ်လတ္တံ့ဟု ပြန်တော်မူ၍။ အာနန္ဒာ၊ အကြင်အရပ်၌ ကကုဓမြစ်သည်ရှိ၏။ ထိုအရပ်သို့ငါတို့သွားကုန်အံ့ဟု အာနန္ဒာကိုဆို၍။ များစွာသော ရဟန်းသင်္ဃာနှင့်တကွ ကြွတော်မူလေ၏။ ။ (အဘယ်ကြောင့်ကား မြတ်စွာဘုရား၏ ကိုယ်တော် အဂရ အဆင်းသည် ဤအခါနှစ်ပါးတို့၌ အလွန်လျှင်သန့်ရှင်းစင်ကြယ်စွာဖြစ်သနည်းဟူမူကား၊ အာဟာရထူးသောကြောင့်ဝင်း။ ဝမ်းမြောက်ခြင်းအားကြီးသောကြောင့်ဝင်း ဖြစ်သတည်း။ ဤနှစ်ပါးသောကာလတို့၌။ သုစာဟာလျှံသောစနာဆွမ်းခွဝင်း။ စုန္ဒဿရောပန်းထိမ်လျှံသော ဝက်သားဖြမ်းခွဝင်း နတ်တို့သည် စကြဖဋ္ဌေတာတို့က်လုံးခွရှိသော အရသာ ဩဇာဟူသမျှ

ကိုယ်ယူဆောင်၍ထည့်ကုန်၏။ထိုမွန်မြတ်သောဘောဇဉ်သည်ဝမ်းသို့ဝင်၍ ကြည်လင်သောအာဟာရဓာတုရပ်ကိုဖြစ်စေ၏။ အာဟာရဓာတုရပ်ကြည်လင်သောကြောင့်မနုလျှင်ခြောက်ရဂြိုလ်သောဇာနွှေတို့သည်အလွန်လျှင် တင့်တယ်ကုန်၏၊ ဘုရားဖြစ်တော်မူသောနေ့၌လည်း ကမ္ဘာအာကုန်အသိန်းမကသောကာလပတ်လုံး စုဝေးအပ်သော ကိလေသာအစုတို့ကို ငါသည်ယနေ့ပယ်အပ်ပြီဟုဆင်ခြင်တော်မူသောမြတ်စွာဘုရားအား ကြီးစွာသော ဝမ်းမြောက်ခြင်းသည် ဖြစ်၏။ ပရိနိဗ္ဗာန်ပြုတော်မူသောနေ့၌လည်း ယနေ့ညဉ့်အခါ၌ ငါသည် အသိန်းမကများစွာသော ဘုရားတို့သည် ဝင်အပ်သော မြတ်သောနိဗ္ဗာန်ပြည်ကို ဝင်ရလတ္တံ့ဟုဆင်ခြင်တော်မူသောမြတ်စွာဘုရားအား ကြီးစွာသောဝမ်းမြောက်ခြင်းသည်ဖြစ်၏။ ဒိတ်တော်သည် ကြည်၏။ ဒိတ်တော်ကြည်သည်ရှိသော် နှလုံးသွေးသည်ကြည်၏။နှလုံးသွေးကြည်သည်ရှိသော် မနုလျှင်ခြောက်ရဂြိုလ်သော ဇာနွှေတို့သည် အလွန်တင့်တယ်ကုန်၏။ ဤသို့အာဟာရထူးသောကြောင့်ဂုဏ်း။ ဝမ်းမြောက်ခြင်း အားကြီးသောကြောင့်ဂုဏ်း။ ဤအခါနှစ်ပါးတို့၌ မြတ်စွာဘုရား၏ ကိုယ်တော်သည်ဂုဏ်း၊ အရေ၏အဆင်းသည်ဂုဏ်း၊အလွန်သန့်ရှင်းစင်ကြယ်သည်ဖြစ်၏)။ ။

ထိုရောအခါ မြတ်စွာဘုရားသည် မျှားစွာသော ရဟန်းသင်္ဃာနှင့်တကွကကုဓမြစ်သို့ကပ်ပြီးလျှင် ကကုဓမြစ်သို့ဆင်းသက်တော်မူ၍ ရေသုံးသပ်ခြင်း သုံးဆောင်ခြင်းကိုပြုတော်မူပြီးမှ တက်တော်မူ၍၊ အကြင်အရပ်၌သရက်တောသည်ရှိ၏။ထိုသရက်တောသို့ကပ်တော်မူ၍ ရှည်သော အသက်တော်ရှိသောစုန္ဒကိုခေါ်တော်မူ၍။ တိုက်တွန်းပါ၏ စုန္ဒ၊ သင်သည် ငါ၏ဒုကူဋ်ကို လေးထပ်ခေါက်၍ ခင်းပါလော့။ငါသည် ပင်ပန်းလှသည်ဖြစ်၏။ကျိန်းပါအံ့ဟုမိန့်တော်မူ၏။ အရှင်စုန္ဒသည် ကောင်းပြီအရှင်ဘုရားဟု မြတ်စွာဘုရားအားဝန်ခံ၍ ဒုကူဋ်တော်ကို လေးထပ်ခေါက်၍ခင်း၏။ ထိုအခါ မြတ်စွာဘုရားသည် လက်ျာနံပါးဖြင့် ခြင်္သေ့မင်း၏အိပ်ခြင်းနှင့်တူသောအိပ်ခြင်းကိုပြုတော်မူ၏။ လက်ျာခြေတော်၌ လက်ဝဲခြေတော်ကို စဉ်းငယ်အလွန်ထား၍ သတိရှိသည်ဖြစ်၍ အဆင်အခြင်နှင့်ပြည့်စုံသည်ဖြစ်၍ ကျိန်းခြင်းကိုပြုတော်မူ၏။ထိုအခါ၌ အရှင်အာနန္ဒာသည် မြတ်စွာဘုရား၏ ရေသန့်ဇလုံတော်ကိုညွှတ်၍ ကျွန်ုပ်၏

စုန္ဒမထေရ်သည်ံ မြတ်စွာဘုရား၏အနိုးဥ်ရှိ၏။ထို၎ကြောင့် စုန္ဒကိုမြတ်စွာဘုရား၎ခေါ်တော်မူ၏။ ။

ထိုအခါ အရှင်အာနန္ဒာ လာတော်မူလျှင် မြတ်စွာဘုရားသည် အာနန္ဒာကိုခေါ်တော်မူ၍။ အာနန္ဒာ၊သင်သည် ဗြေပန်းထိမ်သည်၏သားဖြစ်သောစုန္ဒအား အကြင် အမှတ်မရှိသောသူသည် နှုလုံးမသာခြင်းကိုဖြစ်စေရာ၏။ထိုနှုလုံးမသာခြင်းကို ချစ်သားအာနန္ဒာသည် ဖျောက်အပ်၏။ ဒါယကာစုန္ဒ၊ အကြင်သင့်၏ဆွမ်းကို လာခြင်းကောင်းသော မြတ်စွာဘုရားသည် နောက်ဆုံးစွန်ဘဉ်းပေးတော်မူ၏။ထိုသင့်အား ရတော်စွ။ ထိုသင့်အား ကောင်းသောရခြင်းတည်း။ ဒါယကာစုန္ဒ၊ငါသည် မြတ်စွာဘုရားသခင်၏ မျက်မှောက်တော်မှ ဤသုတ်ကို ကြားရလိုက်၏။ ငါသည် မြတ်စွာဘုရားသခင်မျက်မှောက်တော်မှ နာခံလိုက်ရ၏။ နှစ်ပါးသောဆွမ်းတို့သည် မျှသောအကျိုးရှိကုန်၏။ မျှသေးအကျိုးရင်းရှိကုန်၏။ တပါးသော ဆွမ်းတို့ထက် အလွန်လျှင် ကြီးမြတ်သော အကျိုးရှိကုန်၏။ ကြီးမြတ်သော အကျိုးဆက်ရှိကုန်၏။ ဆွမ်းနှစ်ပါးတို့ဟူသည် အဘယ်နည်း ဟူမူကား။ အကြင် ဃနာဆွမ်းကို ဘဉ်းပေး၍ လာခြင်းကောင်းသော ငါဘုရားသည် အတုမရှိမြတ်သော သစ္စာလေးပါးကိုသိတော်မူ၏။ အကြင်ဝက်သားပြွမ်းဆွမ်းကိုစား၍ လာခြင်းကောင်းသော ငါဘုရားသည် ကမ္မဇရုပ် အကြွင်းမရှိသော နိဗ္ဗာန်ဓာတ်ဖြင့် ပရိနိဗ္ဗာန်ပြုတော်မူ၏။ ဤဆွမ်းနှစ်ပါးတို့သည် မျှသော အကျိုးပြီးခြင်း ရှိကုန်၏။ မျှသောအကျိုး၏ ရင့်ခြင်းရှိကုန်၏။ တပါးသောဆွမ်းတို့ထက် အလွန်လျှင် အကျိုးကြီးမြတ်ကုန်၏။ ကြီးမြတ်သောအကျိုးဆက်ရှိကုန်၏။ အသက်ရှည်သော ဗြေပန်းထိမ်သည်၏သားဖြစ်သော စုန္ဒသည် အသက်ရှည်ခြင်းကိုဖြစ်စေတတ်သော ကောင်းမှုကို ဆည်းပူးအပ်၏။ အဆင်းလှခြင်း၊ ချမ်းသာကြီးခြင်း၊ အခြံအရံများခြင်း၊ ပညာကြီးခြင်း၊ နှတ်ရှာသိုလားခြင်း၊ အစိုးရခြင်းကို ဖြစ်စေတတ်သော ကုသိုလ်ကောင်းမှုကို ဗြေပန်းထိမ်သည်သားစုန္ဒသည် ဆည်းပူးအပ်၏။ ဤသို့လျှင် အာနန္ဒာ၊ ပန်းထိမ်သည်သားစုန္ဒအား နှုလုံးမသာခြင်းကို သင်သည် ဖျောက်အပ်၏ဟူ၍ မြတ်စွာဘုရား ဟောကြားတော်မူခဲ့၏။ ။သုဇာတာလှူအပ်သောဃနာနို့ဆွမ်းကိုစား၍ မြတ်စွာဘုရားသည်သစ္စာလေးပါးကိုသိ၏။

ထိုစနာဆွမ်းကို ရာဂဒေါသမောဟနှင့်တကွ ဖြစ်သောအခါ၌ စား၏။ စုန္ဒသည် လှူအပ်သောဆွမ်းကို ရာဂ ဒေါသ မောဟ ကင်းစင်တော်မူသောအခါ၌စား၏။ အဘယ်ကြောင့် ထိုဆွမ်းနှစ်ပါးသည် အကျိုးတူမှုလေသနည်းဟူမူကား။ ပရိနိဗ္ဗာန်မှုသောကြောင့်၎င်း။ သမာပတ်မှုသောကြောင့်၎င်း။ အောက်မေ့ခြင်းမှုသောကြောင့်၎င်း၊ အကျိုးတူမှုသတည်း။ မြတ်စွာဘုရားသည် သုဇာတာလှူသော စနာဆွမ်းကိုစား၍ ကမ္မဇရုပ်အကြွင်းရှိသော ကိုလေသပရိနိဗ္ဗာန်ဖြင့်တော်မူ၏။ စုန္ဒဖွေပန်းထိမ်သည် ၏ဆွမ်းကိုစား၍ ကမ္မဇရုပ်အကြွင်းမရှိသော ခန္ဓပရိနိဗ္ဗာန်ဖြင့်တော်မူ၏။ ဤသို့ပရိနိဗ္ဗာန်တူမှုသောကြောင့်လည်း အကျိုးတူမှု၏။ သစ္စာလေးပါးကို သိတော်မူသောနှစ်၌ မြတ်စွာဘုရားသည် အကုန်ဒုက္ခ နှစ်သန့်းလေးသိန်းသောသမာပတ်ကို ဝင်စားတော်မူ၏။ ပရိနိဗ္ဗာန်စံတော်မူအံ့သော နှစ်၌လည်း ထိုအလုံးစုံသောသမာပတ်ကို ဝင်စားတော်မူ၏။ ဤသို့ဝင်စားအပ်သောသမာပတ်၏ တူမှုသောကြောင့်လည်း တူမှုသောအကျိုးရှိ၏။ သုဇာတာသည် နောက်အဘို့၌ဤသို့ကြား၏။ စနာဆွမ်းကိုခံသော သူသည် ရုက္ခဖိုဝ်းနတ်မဟုတ်၊ ဘုရားလောင်းတည်း။ ထိုစနာဆွမ်းကို စား၍ သစ္စာလေးပါးတရားကိုသိ၏။ ခုနစ်ရက်ခုနစ်လ် ထိုမြတ်စွာဘုရားအား ထိုဆွမ်းဖြင့် မွှခြင်းသည်ဖြစ်၏။ ဤသို့ကြား၍၊ ငါသည် ရတော်စွာတကားဟုအောက်မေ့သဖြင့် အားကြိုးစွာသောနှစ်သက်ခြင်းသည်ဖြစ်၏။ ဝမ်းမြောက်ခြင်းသည်ဖြစ်၏။ စုန္ဒအားလည်း နောက်အဘို့၌ ငါသည် အဆုံးစွန်သောဆွမ်းကို လှူရ၏။ တရားတည်းဟူသောအရင်းကိုယူရ၏။ ငါ၏ဆွမ်းကိုစား၍ မြတ်စွာဘုရားသခင်သည် ကမ္မဇရုပ်အကြွင်းမရှိသောနိဗ္ဗာနဓာတ်ဖြင့်ပရိနိဗ္ဗာန်ပြုတော်မူ၏ဟုကြား၍။ ငါသည် ရတော်စွာတကားဟုအောက်မေ့သဖြင့် အားကြိုးစွာသောနှစ်သက်ဝမ်းမြောက်ခြင်းသည်ဖြစ်၏။ ဤသို့အောက်မေ့ခြင်းတူသောအကျိုးရင်းကိုယူသောကြောင့်လည်းတူမှုသောအကျိုးရှိသတည်း။ ။ထိုအခါ မြတ်စွာဘုရားသည်ထိုအကြောင်းကိုသိတော်မူ၏။ ဒဒဒေါဟူသည် ပဝတ္တိ၊ စသည်ဖြင့် ဥဒါန်းကျူးတော်မူ၏။ ။

၆၅။ မြတ်စွာဘုရားကုသိနာရုံပြဉာဏ်သို့
ကြွတော်မူ၍၊အင်ကြင်းဥယျာဉ်ဝယ်၊ပရိနိဗ္ဗာန်ပြုတော်မူရာ
ညောင်စောင်းဒွိလျောင်းတော်မူခြင်း။အာမိသ
ပူဇော၊ဓမ္မပူဇောနှစ်ပါးတို့ကိုပြရာ။

ထိုရောအခါ မြတ်စွာဘုရားသည် အရှင်အာနန္ဒာကိုခေါ်တော်မူ၍။ အာနန္ဒာ၊အကြင်အရပ်၌ ဟိရညဝတီမြစ်၏ထိုမျှာဘက်ကမ်းသည်ရှိ၏။ အကြင်အရပ်၌ ကုသိနာရုံပြဉာဏ်မှ ဥပဝတ္တနဖြစ်သော မလ္လာမင်းတို့၏ အင်ကြင်းတော်သည်ရှိ၏။ ထိုအရပ်သို့ငါတို့သွားကုန်အံ့ဟုမိန့်တော်မူ၍။ မျှားစွာသောရဟန်းအပေါင်းနှင့်ကကွ ကြွတော်မူလေ၏။ ။(မျှားစွာသော ရဟန်းသံဃာအပေါင်းနှင့်ဆိုရာ၌ အဘယ်မျှလောက်ရဟန်းသံဃာ မျှားလေသနည်း ဟူတုံအံ့။ ဝေဇ္ဇဝဂ္ဂါ၌ ဝေဒနာကိုဆွါတော်မူသည်မှစ၍ မကြာမြင့်မီ မြတ်စွာဘုရား ပရိနိဗ္ဗာန် ပြုတော်မူလတ္တံ့ဟုကြား၍ ထိုထိုသောအရပ်တို့မှလာကုန်သော ရဟန်းအပေါင်းတို့တွင် တယောက်သောရဟန်းသည်မျှလည်းဖဲသောမည်သည်မရှိ။ထိုကြောင့် ရေတွက်ခြင်း အစဉ်ကိုလွန်သော ရဟန်းသံဃာသည်ဖြစ်၏)။ ။ထိုမျှားစွာသော ရဟန်းဒ်အပေါင်းနှင့်တကွ ကြွတော်မူ၍။ အကြင်အရပ်၌ ဟိရညဝတီမြစ်၏ထိုမျှာဘက်ကမ်းသည်ရှိ၏။အကြင်အရပ်၌ ကုသိနာရုံပြဉာဏ်မှ ဥပဝတ္တနဖြစ်သောမလ္လာမင်းတို့၏အင်ကြင်းတော်သည် ရှိ၏။ ထိုအရပ်သို့ကပ်တော်မူ၍ အရှင်အာနန္ဒာကို ခေါ်တော်မူ၏။ အာနန္ဒာ၊ငါတို့ကိုတွန်းပါ၏။သင်သည် ငါ့အား အစုံသောအင်ကြင်းပင်ပျိုတို့၏ အကြားဌ မြောက်သို့ ဦးခေါင်းပြု၍ မလ္လာမင်းတို့သည် သုံးဆောင်အပ်သော ညောင်စောင်းကို ခင်းပါလော့။ ငါသည် ပင်ပန်းလှသည်ဖြစ်၏။ အာနန္ဒာ၊ငါသည် ပင်ပန်းလှသည်ဖြစ်၍ လျောင်းပါအံ့ဟုမိန့်တော်မူ၏။ အရှင်အာနန္ဒာသည်လည်း ကောင်းပါပြီအရှင်ဘုရားဟု စကားတော်ကို ဝန်ခံတော်မူ၍၊ အစုံသော အင်ကြင်းပင်ပျိုတို့၏အကြားဌ မြောက်သို့ ဦးခေါင်းပြု၍မလ္လာမင်းတို့၏ညောင်စောင်းကိုခင်းပေ၏။ ။

(ဥပဝတ္တနဖြစ်သော အင်ကြင်းတောဟူသည်ကား။ သဗ်ဗဟိဋ္ဌကျွန်းဌ အနုရာဓပြည်၏ အရှေ့အရပ်၊ ကလမ္ဗနဒီမြစ်နားမှ သက်၍ ရာဇမာတုကျောင်း၏ တံခါးဖြင့် ထူပါရုံသို့ သွားအပ်သကဲ့သို့။ ထိုအတူ ဟိရည

ဝတ်ဖြင်၏ အနောက်ဘက်မှ အင်ကြင်းတော ဥယျာဉ်သို့ သွားအပ်၏။ အနုရာဓပြည်၏တောင်မျက်နှာမှ တောင်တံခါး၏အနောက်ဘက်၌ ထူပါရုံသည်ရှိသကဲ့သို့။ ထိုအတူ ထိုအင်ကြင်းတောသည်ရှိ၏။ ထူပါရုံမှ တောင်တံခါးဖြင့်မြို့သို့ဝင်သောခရီးသည်အရှေ့သို့ရှေးရှုသွား၍မြောက်အရပ်ဖြင့်လည်သကဲ့သို့။ ထိုအရပ်မှအင်ကြင်းတောသည် အရှေ့သို့သွား၍မြောက်သို့လည်၏။ဤသို့ဥပဝတ္တနအရက်သုတ်မဟာဝါအဋ္ဌကထာ မဟာပရိနိဗ္ဗာနသုတ်အဘွင့်၌ ဆို၏။ ဤသို့ဆိုသည့်အလိုသော်ကား။ အင်ကြင်းတောသည် ကုသိနာရုံပြည်၏တောင်မျက်နှာအနောက်အဘို့၌ရှိကဲ့သို့ ဖြစ်၏။ တပါးသောအဋ္ဌကထာ၌ကား။ ကုသိနာရုံပြည်၏အရှေ့မြောက်ထောင့်၌အင်ကြင်းတောသည်ရှိ၏။အင်ကြင်းတောသည် အရှေ့သို့ရှေးရှုသွား၍တောင်သို့လည်၏။ မြောက်သို့ဦးခေါင်းပြု၍ လက်ျာနံပါးဖြင့် လျောင်းတော်မူသော မြတ်စွာဘုရား၏ မျက်နှာတော်ကို မြို့မြောက်တံခါးဖြင့် ထွက်၍လာသောသူတို့သည် အဝေးမှမြင်ကုန်၏ဟူ၍ဆို၏)။ ။အာနန္ဒာ၊ငါပင်ပန်းလှသည်ဖြစ်၏ဟူ၍ဆိုရာ၌။ ဂေါစရိယဆင်။ ကာဠာဝကဆင်။ ဂင်္ဂေယျဆင်။ ဒိဂ်လဆင်။ ပဗ္ဗတေယျကဆင်။ ပေါမဝတဆင်။ တမ္ဗဆင်။ မဉ္ဇာဂိရိဆင်။ ဥပေါသထဆင်။ ဆဒ္ဒန္တဆင်ဟူ၍ ဆယ်ပါးသောဆင်မျိုးတို့တွင်။ဂေါစရိယဟုဆိုအပ်သောပကတိဆင်ဆယ်စီးတို့အား သည်။ တခုသော ကာဠာဝကဆင်၏ အားဖြစ်၏။ ကာဠာဝကဆင်ဆယ်စီးတို့၏အားသည် ဂင်္ဂေယျဆင်တစီး၏ အားဖြစ်၏။ဤသို့ အစရှိသည်ဖြင့် ဆယ်ကြိမ်မြောက်၍ပါးသောအရေအတွက်ဖြင့် ကုဋေတထောင် အရေအတွက်ရှိသော ပကတိဆင်တို့၏အားနှင့်မျှသော ဆဒ္ဒန်ဆင် ဆယ်စီးတို့၏အားသည် မြတ်စွာဘုရားအားတော်ဖြစ်၏။ ထိုအားတော်သည် စုန္ဒပန်းထိမ်သည်၏ဆွမ်းကိုဘုဉ်းပေးတော်မူသည်မှစ၍။ကောသောအရပ်၌ထည့်အပ်သောရေကဲ့သို့ ကုန်ခြင်းသို့ရောက်သည်ဖြစ်၏။ပါဝါမြို့မှသည် ကုသိနာရုံပြည်သို့သုံးဂါဝုတ်မျှခြားဏ်။ထိုမျှလောက်အတွင်း၌နှစ်ဆဲငါးကြိမ်နားနေတော်မူ၍ ကြီးစွာသော အားထုတ်ခြင်းဖြင့် ကြွတော်မူသော မြတ်စွာဘုရားသည် နေဝင်သောအခါ ဆည်းစျာရောင်ဖြင့် အင်ကြင်းတောသို့ဝင်ဖောက်မူရလေ၏။ဤသို့လျှင်အနာဟူသည်ကား အလုံးစုံသောအနာမရှိသောအဖြစ်ကို နှိပ်နင်းလျက်လာသတည်း။ ဤအကြောင်းကိုပြတော်မူသကဲ့သို့။အလုံးစုံသော

လူအပေါင်းတို့အား ထိတ်လန့်ခြင်းကိုဖြစ်စေတတ်သောစကားကိုမြွက်ဆိုတော်မူလျက်။အာနန္ဒာ၊ငါဘုရားပင်ပန်းတော်မူလှ၏။ လျောင်းတော်မူအံ့ဟူသောစကားကိုဆိုတော်မူသတည်း။ ။

အဘယ်ကြောင့်ကား မြတ်စွာဘုရားသည် ဤသို့ကြီးစွာသောအားထုတ်ခြင်းဖြင့် ဤကုသိနာရုံ ပြည်သို့ လာတော်မူသနည်း။ တပါးသော အရပ်တို့၌ ပရိနိဗ္ဗာန်ပြုအံ့သောဌါ မတတ်ကောင်း သလော ဟူတုံအံ့။ တစုံတရာသောအရပ်၌ ပရိနိဗ္ဗာန်ပြုအံ့သောဌါ မကောင်းသည်မဟုတ်။ သုံးပါးသော အကြောင်းတို့ဖြင့်ကား ဤကုသိနာရုံ ပြည်သို့ လာတော်မူသတည်း။ သုံးပါးသောအကြောင်းကို ဤသို့ မြင်တော်မူ၏။ ငါသည် တပါးသောအရပ်၌ ပရိနိဗ္ဗာန် ပြုတော်မူသည်ရှိသော် မဟာသုဒဿနတ်ဖြစ်သော ဘုရားသခင်သည် ပရိဗိုဇ်ရဟန်းပြုသောသုဘဒ္ဒသည် မဖူးမြင်ရလတ္တံ့။ ထိုသုဘဒ္ဒသည်လည်း ဗုဒ္ဓ ဝေနေယျလျင်တည်း။ သာဝက ဝေနေယျမဟုတ်။ထိုသုဘဒ္ဒကို သာဝကတို့သည် မဆုံးမနိုင်ကုန်လတ္တံ့။ကုသိနာရုံ၌ပရိနိဗ္ဗာန်ပြုသော်ကား၊ငါ့ကို ထိုသုဘဒ္ဒသည်ကပ်လာ၍ပြဿနာကို မေးလတ္တံ့။ ပြဿနာကို ဖြေသောအဆုံး၌ သရဏာဂုံတို့၌တည်၍ ငါ၏ အထံ၌ ရဟန်းပဗ္ဗဇ်းအဖြာ်ကိုရ၍ ကမ္မဋ္ဌာန်းကိုယူ၍ ငါထင်ရှားရှိစဉ် ပင်လျင် ရဟန္တာအဖြစ်သို့ရောက်၍ နောက်ဆုံးမျက်မှောက် သာဝကသည်ဖြစ်လတ္တံ့။ ဤသို့လည်းမြင်တော်မူ၏။ တပါးတုံလည်း၊ ငါသည် တဖါးသောအရပ်၌ ပရိနိဗ္ဗာန်ပြုသည်ရှိသော် ဓာတ်တော်ဝေစ္ဆဂြိုဟ်းစွာသော ငြင်းခုံခြင်းသည် ဖြစ်လတ္တံ့။ သွေးသည် မြစ်ကဲ့သို့ စီးလတ္တံ့။ ကုသိနာရုံ၌ ပရိနိဗ္ဗာန်ပြုသော်ကား။ ဒေါဏပုဏ္ဏားသည် ထိုငြင်းခုံခြင်းကိုငြိမ်းစေ၍ ဓာတ်တော်ကိုခွဝေလတ္တံ့။ ဤသို့လည်းမြင်တော်မူ၏။ ဤအကြောင်း သုံးပါးတို့ကြောင့် မြတ်စွာဘုရားသည် ကြီးစွာသောအား

ထုတ်ဝေတော်မူခြင်းဖြင့် သုံးဂါဝုတ်မျှသော ခရီးဌ ဒုစ်ဆဲ့ငါးထောက် နား ဝေတော်မူ၍ကုသိနာရုံပြည်သို့လာဝေတော်မူသတည်း။ ။

အဂ္ဂဉ်အာနန္ဒာ ဥညာဉ်စောင်းခင်းပြီးသော အခါ၌။ မြတ်စွာဘုရား သည်မြောက်သို့ဦးခေါင်းပြုဝေတော်မူ၍လက်ျာနံပါးဖြင့်စောင်း၍။လက်ျာ ဖြေတော်၌ လက်ဝဲဖြေဝေတော်ကို ဖမျက်ရိုးချင်းပုဆစ်ရိုးချင်းမထိစေဘဲ။ စဉ်းငယ်လွန်သဖြင့်တင်၍၊ ကာမဘောဂိသယျ၊ ပေတဝေသယျ၊သိဟ သေယျ၊ တထာဂတသေယျဟူ၍ အိပ်ခြင်းလေးပါးတို့တွင်။ ခြင်္သေ့မင်း ၏အိပ်ခြင်းဟုဆိုအပ်သော သိဟဒသယျကို သတိသမ္ပဇဉ်နှင့် ပြည့်စုံ ဝေတော်မူသည်ဖြစ်၍ ပြုဝေတော်မူ၏။ မထသော အိပ်ခြင်းဖြင့် အိပ်တော်မူ သောကြောင့် ထအံ့ဟူသော အမှတ်ကို ပြု၍ဟု-ဥဋ္ဌာနသညံ့ မနသိက ရိတွာ-ဟူသော်စကားကို ဤနေရာ၌မဆိုသတည်း။ မထဟူသည်လည်း ကိုယ်ဝေတော်ဖြင့်သာမထသတည်း။ အိပ်ခြင်း၏အစွမ်းဖြင့်ကား။ ကညဉ့် ပတ်လုံး မြတ်စွာဘုရားအားဘဝင်စိတ်မျှသော်လည်းမဖြစ်ရ။ ညဦးယံ၌ မလွှာမင်းတို့အား တရားဟောရ၏။ သန်ခေါင်ယံ၌ သုဘဒ္ဒကိုဆုံးမသ ဖြင့်တရားဟောရ၏။ မိုးသောက်ယံ၌ရဟန်းသံဃာကိုဆုံးမတော်မူရ၏။ မိုးသောက် အားကြိုးသောအခါ၌ ပရိနိဗ္ဗာန် ပြုဝေတော်မူရ၏။ ။ထိုသို့ မြတ်စွာဘုရားသခင်သည် လက်ျာနံဝောင်းဖြင့် လျောင်းဝေတော်မူသော အခါ၌။ဖြေဝေတော်ရင်း၌ တပင်ဦးခေါင်းဝေတော်ရင်း၌တပင်အားဖြင့် အစုံ သောအင်ကြင်းပင်ဟိုတို့သည်ပင်လုံးကျွတ်ပွင့်ကုန်၏။ အခါမဲ့အင်ကြင်း ပန်းတို့ဖြင့် မြတ်စွာဘုရား ကိုယ်တော်ကို ကြဲကုန်၏။ လွှမ်းမိုး သဖြင့် ကြဲကုန်၏။ မြတ်စွာ ဘုရားအား ပူဇော်ခြင်းငှါ ဘုမ္မဒေဝီပင်း နတ်တို့သည် ကောင်းစွာလှုပ်အပ်သော ပင်စည်အခက်အဆွဲရှိကုန်သည်ဖြစ်၍၊ မြတ် စွာဘုရားကိုယ်တော်၏ အထက်၌ ဖရိဖရဲကြဲသကဲ့သို့ ကြွေကျကုန်၏။ စင်စစ်သော်ကား ထိုအစုံသော အင်ကြင်းပင်ဟိုတို့သည်သာ မဟုတ် သေး။ထိုဥယျာဉ်၌အလုံးစုံသောသစ်ပင်တို့သည် ပင်လုံးကျွတ်အရင်းမှ အဖျားသို့တိုင်အောင် ပွင့်ကုန်၏။ စင်စစ်သော်ကား ထိုဥယျာဉ်၌သာ မဟုတ်သေး။အလုံးစုံသော ဇာသောင်းသောစကြဝဠာတိုက်၌။ အပွင့် ကိုဆောင်ကုန်သော ဘစ်ဖင်တို့သည် ပင်လုံးကျွတ်ပွင့်ကုန်၏။ အသီး ကိုဆောင်ကုန်သောသစ်ပင်တို့သည် ပင်လုံးကျွတ်သီးကုန်၏။ ခပ်သိမ်း သောသစ်ပင်တို့၏ပင်စည်တို့၌ ပင်စည်ပဒုမာကြဒါတို့သည် ပွင့်ကုန်၏။

အခက်တို့၌ အခက်ပဒုမာကြာတို့သည် ပွင့်ကုန်၏။အနွယ်တို့၌ အနွယ်ပဒုမာကြာတို့သည်ပွင့်၏။ကောင်းကင်တို့၌ ကောင်းကင်ပဒုမာကြာတို့သည်ပွင့်ကုန်၏။မြေအပြင်ကိုခွဲ၍ ဒဏ္ဍာပဒုမာကြာတို့သည် ပွင့်ကုန်၏။ အလုံးစုံသော်သမရဒြာ၌ ငါးပါးသော ကြာမျိုးတို့ဖြင့် ဖုံးလွှမ်းသည်ဖြစ်၏။ ယူဇနာသုံးထောင်အပြန့်ရှိသော ဟိမဝန္တာတောသည် တခဲနက်ဘွဲ့အပ်သော ဥဒေါင်းမြီးစည်းကဲ့သို့။ အခြားမဲ့ဆွဲသောပန်းဆိုင်းကွန်ရက်ကဲ့သို့။ ကောင်းစွာညွတ်၍ဘွဲ့အပ်သော ပန်းဦးဆောက်ကဲ့သို့။ ကောင်းစွာပြည့်စေအပ်သော ပန်းကလင်ကဲ့သို့။ အလွန်နှံလုံးမွေ့လျော်ဘွယ်ရှိသည်ဖြစ်၏။ နတ်ပြည်တွင်နန္ဒာဂေါကန်၌ဖြစ်ကုန်သော၊ ရွှေအဆင်းနှင့်တူသော အဆင်းရှိကုန်သော၊ သစ်ရွက် ထီးဝန်းပမာဏ ရှိကုန်သော တကုဋ္ဌုံမျှလောက်ကုန်သော ဝတ်မုံရှိကုန်သော ထင်ရှားပန်းတို့သည် မြတ်စွာဘုရားအား ပူဇော်ခြင်းငှါ နတ်ပြည်မှ ကျလာကုန်၍ မြတ်စွာဘုရား၏ ကိုယ်တော်အထက်၌ ဖရိုဖရဲကြဲကုန်၏။ မပြတ်လျှင် အဘန်တလဲလဲ အပြားအားဖြင့်ကြဲကုန်၏။ ထင်ရှားပန်းဖြင့်သာ ကြဲကုန်သည်မဟုတ်။ နတ်ပြည်၌ဖြစ်ကုန်သော မဟာလွှကားပန်း၊ ပင်လယ်ကသစ်ပန်းအစရှိသည်တို့ကို ရွှေပန်းတောင်းတို့၌ပြည့်စေ၍ စကြဝဠာအနားရေးခွင်း၊ တာဝတိံသာနတ်ပြည်၌ဖြင်း၊ ဖြာဟွဲ့ပြည်၌ဖြင်း တည်ကုန်သော နတ်ဖြာဟွာအပေါင်းတို့သည် မြတ်စွာဘုရားအား ပူဇော်ချီးမြှောက်အပ်ကုန်သည်ဖြစ်၍ ကောင်းကင်မှ ကျကုန်၍ မြတ်စွာဘုရား၏ ကိုယ်တော်အထက်၌ ဖရိုဖရဲကြဲကုန်၏။ ခရီးအကြားဥမလွှင့်ပါးဘဲလာကုန်၍၊ ပွင့်ချပ်ဝတ်ဆံမုံတို့ဖြင့် မြတ်စွာဘုရား ကိုယ်တော်ကို ကြဲကုန်၏။ နတ်ပြည်၌ဖြစ်သောစန္ဒကူးမှုန့်တို့သည် မြတ်စွာဘုရားအား ပူဇော်ခြင်းငှါနတ်တို့လည် ကြဲမြောက်အပ်ကုန်သည်ဖြစ်၍ ကောင်းကင်မှကျလာပြီးလျှင် မြတ်စွာဘုရား၏ကိုယ်တော်၌ ဖရိုဖရဲကြဲကုန်၏။မပြတ်အဘန်ကလဲလဲအပြားအားဖြင့်ကြဲကုန်၏။ နဂါးဂဠုန်လူတို့သည်လည်း ဓိဓိတို့သုံးငံဆောင်အပ်သော စံန္ဒကူးမှုန့်တို့ကို မြတ်စွာဘုရားအား ပူဇော်ခြင်းငှါကြဲကုန်၏။ အကျော်၊ကရဝိက်၊စန္ဒကူးနို့ အစရှိကုန်သော နတ်တို့၏နံ့သာမျိုးဖြစ်ကုန်သော် အမှုန့်တို့ကိုလည်း။ ဆေးဒန်းမြင်းသိလာ၊မျက်စည်း၊ ရွှေငွေအမှုန့်တို့ကိုလည်း။အလုံးစုံသောနတ်၌ဖြစ်သော နံ့သာအထူးတို့ကိုလည်း ရွှေကလပ်ငွေကလပ်တို့ကိုပြည့်စေ၍၊ စကြဝဠာတောင်အနားရေး

စသည်၌တည်ကုန်သောနတ်တို့သည် မြတ်စွာဘုရားကို ပူဇော်ခြင်းဌါ ကြွပစ်အပ်သည်ဖြစ်၍ ကောင်းကင်မှကျလာကုန်၍၊ ခရီးအကြား၌ ဖရိဖရဲ မလွှင့်မပါးမူ၍ မြတ်စွာဘုရား၏ကိုယ်တော်၌သာ ကြဲဖြန့်ကျလာကုန်၏။ နတ်၌ဖြစ်ကုန်သော စည်စောင်းငြင်းတို့သည် မြတ်စွာဘုရားအားပူဇော်ခြင်းဌါ နတ်တို့သည် တီးမှုတ်အပ်ကုန်သည်ဖြစ်၍ ကောင်းကင်ပြင်၌မြည်ကုန်၏။စင်စစ်သော်ကား။ စည်စောင်းငြင်းစသောပဏ္ဍင်တူရိယာတို့သာမဟုတ်ကုန်သေး။ အညှိုဘွဲ့အပ်ကုန်သော၊ သားရေဖြင့်မြှေးရံအပ်ကုန်သော တခဲနက်သောစည်၊ အခေါင်းရှိသောစည်စသည် အပြားရှိကုန်သော၊စောင်း၊လက်ချပ်၊ ပြွေအစရှိကုန်သော၊ တေသောင်းသောစကြဝဠာ၌နေကုန်သော နတ်နဂါးဂဠုန်တို့၏ စည်မျိုးဟူသမျှတို့သည်။ ဤစကြဝဠာတခုတည်း၌ စည်းဝေးလာကုန်၍ မြတ်စွာဘုရားကို ပူဇော်ခြင်းဌါတီးမှုတ်ကုန်သဖြင့် ကောင်းကင်ပြင်၌မြည်ကုန်၏။ထိုနတ်တို့၏ သိဿုင်းသည်တို့သည်လည်း မြတ်စွာဘုရားသခင်ကို ပူဇော်ခြင်းဌါတသောင်းသောစကြဝဠာမှလာရောက်ကုန်၍ ကောင်းကင်ပြင်၌သိကုန်၏။ ။ဝရုဏနတ်၊ ဝါရုဏနတ်၊ ဤနတ်တို့သည်ကား ရှည်သောအသက်ရှိကုန်၏။ ထိုနတ်တို့သည် ယောကျ်ားမြဲတ်ဖြစ်သော သေတကေတုနတ်သားသည် လူပြည်၌ဖြစ်၍ ဘုရားဖြစ်လတ္တံ့ဟု ကျော်စောသောအသံကို ကြား၍ ပဒိုသန္ဓေယူသောနေ့၌ ပန်းကုံးကိုယူ၍ ပူဇော်လာအံ့ဟု ကြိုပြီးသျှင် ပန်းကုံးအံ့သောဌါ အားထုတ်ကုန်၏။ ထိုနတ်နှစ်ယောက်တို့ ပန်းကုံးစည် ယောကျ်ားမြတ်သည် မယ်တော်ဝမ်း၌ ဖြစ်ပြီကြား၍။အခြားနတ်တို့ကသင်တို့သည် အဘယ်သူအလို့ဌါ ပန်းကုံးကုံးသနည်းဟုဆိုအပ်ကုန်သော်။ထိုနတ်တို့သည် ယခုအခါ၌ ငါတို့ပန်းကုံးသည်မပြီးသေး၍၊ ပဒိုသန္ဓေယူသောအခါ၌ မပူဇော်ရလျှင်ရှိစေ။ မယ်တော်ဝမ်းမှ ဘွားသောအခါ ယူ၍ သွားကုန်အံ့ဟု ဆိုကုန်၏။ တဘန်ဘွားတော်မူပြီဟုကြားပြန်သော် တောထွက်သောနေ့၌ ယူ၍သွားအံ့ဟု ဆိုကုန်၏။ နှစ်ဆဲ့ကိုးနှစ်ပတ်လုံး လူတို့၏ဘောင်၌ နေပြီး၍။ ယခု မြတ်သော တောထွက်ခြင်းကို ထွက်ပြီဟု ကြားပြန်သော်။ သစ္စာလေးပါးတရားကိုသိသောနေ့၌ ယူ၍သွားကုန်အံ့ဟု ဆိုကုန်၏။ ခြောက်နှစ်ပတ်လုံး ဒုက္ကရစရိယာကျင့်ပြီး၍ ယခု ဘုရားဖြစ်ပြီဟု ကြားပြန်သော်။ ဝမ္မစကြာတရားဟောသောအခါ ယူ၍သွားကုန်အံ့ဟု ဆိုကုန်၏။ လေးဆဲ့

ကိုးရက်အလွန် ဗောဓိမဏ္ဍိုလ်အနီးဌ နေ၍။ ဤသိပတန ဒါဂဒါဝုန်သို့ သွား၍ ဓမ္မစကြာတရားကိုဟောတော်မူပြီဟု ကြားပြန်သော်။ ယဓိက်ပြာဋိဟာပြသောနေ့၌ ယူ၍ ပူဇော်ကုန်အံ့ဟု ဆိုကုန်၏။ ခြောက်ဝါဆိုတော်မူပြီး၍၊ ခုနစ်ဝါမြောက် ဝါမဆိုဒဲ၊ ဝါဆိုလပြည့်နေ့ ယဓိက်ပြာဋိဟာပြတော်မူပြီဟု ကြားပြန်သော်။ နတ်ပြည်မှသက်သောအခါ ယူ၍သွားကုန်အံ့ဟုဆိုကုန်၏။ သုံးလတို့ပတ်လုံးဝါဆိုပြီး၍ နတ်ပြည်မှသက်ပြီဟုကြားပြန်သော်။ အာယုသင်္ခါရလွတ်သောအခါ ယူ၍သွားအံ့ဟုဆိုကုန်၏။ယခုအခါအာယုသင်္ခါရလွတ်တော်မူပြီဟု ကြားပြန်သော်။ယခုလည်း မပြီးသေးဖြစ်၍၊ ပဂိုဇ္ဈာန်ပြုသောနေ့၌ ယူ၍သွားကုန်အံ့ဟု ဆိုကုန်၏။ယခုအခါ မြတ်စွာဘုရားသည် အစုံသောအင်ကြွင်းပင်ပျို့တို့၏ အကြွင်းဌ ပဂိုဇ္ဈာန် ပြုတော်မူခြင်းသည် ဖြစ်လတ္တံ့။ သင်တို့သည် အဘယ်သူအား ပူဇော်အံ့သောငှါ ကိုးကုန်သနည်းဟု ဆို့သောစကားကို ကြားပြန်၍။ ဤသို့ဖြစ်ခြင်းသည် အသို့နည်း။ ယနေ့ပင် ပဋိသန္ဓေယူ၍။ ယနေ့ပင်ဘွားတော်မူ၏။ ယနေ့ပင်တောထွက်တော်မူ၏။ ယနေ့ပင်ဒုက္ကရစရိယာကျင့်တော်မူ၏။ ယနေ့ပင်ဘုရားဖြစ်တော်မူ၏။ ယနေ့ပင် ဓမ္မစကြာတရား ဟောတော်မူ၏။ ယနေ့ပင် ယဓိက်ပြာဋိဟာပြတော်မူ၏။ ယနေ့ပင် နတ်ပြည်မှသက်တော်မူ၏။ ယနေ့ပင် အာယုသင်္ခါရ လွတ်တော်မူ၏။ ယနေ့ပင် ပဂိုဇ္ဈာန်ပြုတော်မူလတ္တံ့သတတ်။ငါတို့နတ်ပြည်ဝယ် နှစ်ရက်မြောက်သောနေ့ နံနက်၌ ယာဂုသောက်သောကာလပတ်လုံးမျှလည်း တည်တော်မူကောင်းပါသည် မဟုတ်တုံလော။ ဆယ်ပါးသောပါရမီတို့ကိုဖြည့်၍ ဘုရားအဖြစ်သို့ရောက်တော်မူသော မြတ်စွာဘုရားအား ဤသို့သောဖြစ်ခြင်းသည် မလျောက်ပတ်လေတကားဟုဆိုကုန်၍။ မပြီးသေးသော်ပန်းကုံးကိုပင်ယူ၍ လာခဲ့ကုန်သော်။ စကြဝဠာတိုက်ထဲ၌ နေရာကိုမရကုန်သောကြောင့်။ စကြဝဠာမျက်နှာဝ အနားရေး၌ ပန်းကုံးကိုဆွဲ၍ စကြဝဠာအနားရေး၌သာလျှင် ပြီးကုန်လျက်။ လက်ဖြင့်လက်ကိုကိုင်၍ လည်ဖြင့်လည်ကိုဖက်၍ ရဟန္တာသုံးပါးတို့ကို အာရုံပြု၍။ သုံးဆဲ့နှစ်ပုံးသော ယောကျ်ားမြတ်၏လက္ခဏာ။ ပျောင်ခြည့်တော်ခြောက်သွယ်။ ပါရမီတော် ဆယ်ပါး။ အခွဲနှင့်တကွ ခြောက်ရာသောဇာတ်တော်။ တဆဲ့လေးမျိုးသောဗုဒ္ဓဂဏ်တော်ဝန်ကိုအကြောင်းပြု၍ သိချင်းဘွဲ့ပြီးလျှင် ထိုထိုသို့သောသိချင်း၏အဆုံးဌ မဟာယသော

မဟာယသောဟု ဆိုကုန်၏။ ထိုသို့ သိကုန်သောနတ်၏ သိချင်းသံတို့ သည့်ကောင်းကင်ပြင်၌ဖြစ်ကုန်၏။ ။

ထိုရောအခါ မြတ်စွာဘုရားသည် အင်္ဂါအာနန္ဒာကိုခေါ်၍ မိန့်တော် မူ၏။ အာနန္ဒာ၊အင်ကြင်းပင်ပျိုအစုံတို့သည်အခါမဲ့ပင်လုံးကျွတ်ပွင့်ကုန် သဖြင့် ငါဘုရားအားပူဇော်ခြင်းငှါ ငါဘုရား၏ကိုယ်တော်ကို ပန်းပွင့် တို့ဖြင့် ကြဲကုန်၏။ နတ်ပြည်၌ဖြစ်သောထင်ရှားပန်းတို့သည် ငါဘုရား အား ပူဇော်ခြင်းငှါ ကောင်းကင်မှကျ၍ ငါဘုရားကိုယ်တော်ကိုကြဲလာ ကုန်၏။နတ်၌ဖြစ်သောစန္ဒကူးမှုန့်တို့သည်ငါ့အားပူဇော်ခြင်းငှါကောင်း ကင်မှကျကုန်၍ ငါဘုရားကိုလွှမ်းမိုး၍ကြဲကုန်၏။ နတ်၌ဖြစ်သောစည် ဆောင်းခြင်း အစရှိသော တူရိယာငါးပါးတို့သည် ငါ့ကို ပူဇော်ခြင်းငှါ ကောင်းကင်ပြင်၌တီးမှုတ်ကုန်၏။နတ်၌ဖြစ်သောသိချင်းတို့သည်ငါ့ကို ပူဇော်ခြင်းငှါ ကောင်းကင်ပြင်၌ ဖြစ်ကုန်၏ဟူ၍။ မြတ်စွာဘုရား အင် ကြင်းပင်စုံကြား၌ လက်ျာနံပါးဖြင့် လျောင်းတော်မူသောအခါ၌လည်း၊ မြေမှစ၍ စကြဝဠာ မျက်နှာဝအာနားမှ ပြဟ္မာ့ပြည်တိုင်အောင် စည်း ဝေးကုန်သော နတ်ပရိသတ်တို့၏ မြတ်စွာဘုရားအား ပူဇော်ခြင်းငှါ ကြီးစွာသောအားထုတ်ခြင်းကိုမြင်တော်မူ၍ အင်္ဂါအာနန္ဒာအား ကြား တော်မူပြီး၍။ ချစ်သားအာနန္ဒာ၊ ဤမျှအတိုင်းအဝှာသည်ရှိသော ပူဇော်ခြင်း ဖြင့်လည်း။ ငါဘုရားကိုအရိအသေပြုအပ်သည်၊အလေးအမြတ်ပြုအပ် သည်၊မြတ်နိုးအပ်သည်၊ကျေးဇူးအပ်သည်မဖြစ်သေး။ အာနန္ဒာ၊ ငါဘုရား သည် ဒီပင်္ကရာမြတ်စွာဘုရားခြေတော်ရင်း၌ဗျာဒိတ်ရခြင်းအကြောင်း တရားရှစ်ပါးကို ပေါင်း၍ ဆုတောင်းခြင်းကိုပြုသော်။ ပန်းနံ့သာ၊ စည် စောင်းခြင်း၊ သီချင်းတို့ကို ရခြင်း၏အကျိုးငှါ ဆုတောင်းခြင်းကို ငါမပြု အပ်။ ထိုပူဇော်သက္ကာရအလိုငှါ၊ ပါရဒီကိုမဖြည့်။ ထို့ကြောင့် ငါ့အား ပူဇော်သည်မဖြစ်ဟူ၍မိန့်တော်မူ၏။ ။အဘယ်ကြောင့်ကား။မြတ်စွာ ဘုရားသည် တပါးသောအရာ၌။ အောက်မည်းညိုပွင့်တပွင့်မျှကိုလည်း ဘုရားဂုဏ်ကိုဆင်ခြင်၍ ပူဇော်ခြင်း၏အကျိုးကို ဘုရားဉာဏ်တော် ဖြင့်လည်း မပိုင်းခြားနိုင်ဟု ချီးမွမ်းတော်မူပြီးလျက်။ ဤအခါ၌ ကြီးစွာ သောပူဇော်ခြင်းတို့ကိုပယ်တော်မူလေသနည်း ဟူတုံအံ့။ ပရိသတ်ကို ချီးမြှောက်လိုသဖြင့်၎င်း၊ သာသနာတော်မြတ်၏ အရှည်တည်ခြင်းကို အလိုရှိသဖြင့်၎င်း ပယ်တော်မူသတည်း။အဂၢယ်၌မြတ်စွာဘုရားသည်

ပယ်တော် မမူအံ့။ နောက်အခါ သိလအရာ၌ သီလကို မပြည့်စေကုန်လတ္တံ့။သမာဓိအရာ၌ သမာဓိကိုမပြည့်စေကုန်လတ္တံ့။ဝိပဿနာအရာ၌ ဝိပဿနာတို့က်ကိုမပွါးစေလတ္တံ့။အလုပ်အကျွေးဒါယကာတို့ကို အာမိသပူဇာအရာ၌သာ ဆောက်တည်စေ၍၊ ပူဇော်ခြင်းကိုသာ ပြုစေကုန်လတ္တံ့။ ဤအာမိသပူဇာမည်သည်လည်း။ သာသနာတော်ကို တရက်မျှ ရင်း၊ ယာဂုတက်ျိုက်သောက်မျှရင်းတည်စေခြင်းငှါမတတ်နိုင်။ သိဟိုဠ်ကျွန်းဠ၌မဟာဝိဟာရကျောင်းကဲ့သို့ တထောင်သောကျောင်းသည်ရင်း။ မဟာစေတီကဲ့သို့ တထောင်သော စေတီသည်ရင်း။ သာသနာတော်ကိုတည်စေခြင်းငှါမတတ်နိုင်။ အကြင်သူသည် ကောင်းမှုကိုပြု၏။ ထိုသူအားသာလျှင်အကျိုးရ၏။ ကောင်းသောအကျင့်သည်သာလျှင် မြတ်စွာဘုရားအား လျောက်ပတ်သော ပူဇော်ခြင်းမည်၏။ ထိုဓမ္မပူဇာသည်ကား ထိုမြတ်စွာဘုရားသည်လည်း တော်မူ၏။ သာသနာတော်ကိုလည်း တည်စေနိုင်၏။ ထို့ကြောင့် ထိုဓမ္မာနုဓမ္မပဋိပတ်ကိုပြုတော်မူခြင်းငှါ၊ အာနန္ဒာ၊ အကြင်ရဟန်းယောကျ်ားသည်ရင်း။ အကြင်ရဟန်းမိန်းမသည်ရင်း။အကြင်ဒါယကာယောကျ်ားသည်ရင်း။အကြင်ဒါယိကာမိန်းမသည်ရင်း။ လောကုတ္တရာတရားကိုးပါး၏ အလျော်ဖြစ်သော မဂ်ဉာဏ်ဖိုလ်ဉာဏ်၏ ရှေ့အဘို့၌ဖြစ်သောအကျင့်ကို ကျင့်၏။ ထိုရဟန်းယောကျ်ား၊ ရဟန်းမိန်းမ၊ ဥပါသကာယောကျ်ား၊ဥပါသိကာမိန်းမတို့သည်သာ ငါဘုရားကိုအရိုအသေအလေးအမြတ်ပြုသည်မည်၏။ ပူဇော်သည်မည်၏။ မြတ်သောပူဇော်ခြင်းဖြင့် ပူဇော်သည်မည်၏။ ထို့ကြောင့်ရကား။ အာနန္ဒာ၊ ရဟန်းယောကျ်ား၊ ရဟန်းမိန်းမ၊ ဥပါသကာယောကျ်ား၊ ဥပါသိကာမိန်းမတို့သည် ငါတို့ လောကုတ္တရာတရားကိုးပါး၏အလျော်ဖြစ်သော မဂ်ဉာဏ် ဖိုလ်ဉာဏ်၏ ရှေ့အဘို့၌ ဖြစ်သောအကျင့်ကိုကျင့်ကုန်ရာ၏။ အရိုအသေကျင့်ကုန်ရာ၏။အစဉ်ကျင့်ကုန်ရာ၏။ ဤသို့ကျင့်၍ မြတ်သောအကျင့်ဖြင့် ပူဇော်ခြင်းသည် နိရောဓိသပူဇာမည်၏။ ဤနိရောဓိသပူဇာသည်သာလျှင် ငါဘုရား၏ သာသနာတော်ကိုတည်စေခြင်းငှါ ကတ်နိုင်၏ဟု မိန့်ကြောင်မူ၏။ ။ဤနိရောဓိသပူဇာဟု ဆိုအပ်သော လောကုတ္တရာတရားကိုးပါး၏အလျော်ဖြစ်သောအကျင့်မည်သည်ကား။ ရဟန်းတို့အား သိလအာစာရပညတ်ဟု ဆိုအပ်သော ဝိနည်းသိက္ခာပုဒ်ကို ကျင့်ခြင်း။ ဓုတင်တရားကို ဆောင်

ခြင်းမှ ဂေါတြဘူတိုင်အောင် ဓမ္မာနုဓမ္မပုဗ္ဗဘာဂပဋိပဒါဟုသိအပ်၏။ ထို့ကြောင့် အကြင်ရဟန်းယောကျ်ားသည်၊ အဂါရဝခြောက်ပါးတို့၌ တည်၍ သိက္ခာပုဒ်ကိုလွန်ကျူးဖူး၏။ အနေသန မရှာမှီးအပ်သောရှာမှီးခြင်း နှစ်ဆဲ့တပါးဖြင့်အသက်မွေးဖူး၏။ ထိုရဟန်းယောကျ်ားသည် ဓမ္မာနုဓမ္မ လောကုတ္တရာတရားကိုးပါး၏ အလျှော်ဖြစ်သော ပုဗ္ဗဘာဂပဋိပဒါဟုဆိုအပ်သောအကျင့်ကို မကျင့်။ ရဟန်းမိန်းမ၌လည်း ဤနည်းအတူတည်း။ အကြင်ရဟန်းယောကျ်ား ရဟန်းမိန်းမသည်ကား။ မြတ်စွာဘုရားသည် ပညတ်အပ်သော အလုံးစုံသောသိက္ခာပုဒ်တော်တို့ကို မလွန်ကျူးမူ၍ကျင့်ဖူး၏။ ထိုရဟန်းယောကျ်ား ရဟန်းမိန်းမသည်၊ဓမ္မာနုဓမ္မဖြစ်သော ပုဗ္ဗဘာဂပဋိပဒါဟုဆိုအပ်သောအကျင့်ကို ကျင့်သည်မည်၏။ ဥပါသကာယောကျ်ား။ ဥပါသိကာမိန်းမတို့သည်လည်း။ ပဉ္စသိက္ခာပါးပါးတို့ကိုမဆောက်တည်၊မကျင့်။ အကုသလကမ္မပထတရားဆယ်ပါးတို့ကိုဆောက်တည်၍ကျင့်ဖူး၏။ ထိုယောကျ်ားမိန်းမတို့သည် ဓမ္မာနုဓမ္မပုဗ္ဗဘာဂပဋိပဒါဟုဆိုအပ်သော အကျင့်ကို ကျင့်သည်မမည်။ အကြင်ယောကျ်ားမိန်းမသည်ကား။သရဏဂုံသုံးပါးကိုကိုးကွယ်၏။ ပဉ္စသိက္ခာပါး၊ ဒသသိက္ခာပါးကိုဖြည့်ကျင့်၏။ တလတလ၌ရှစ်ကြိမ်ဥပုသ်သီလကိုဆောက်တည်၍ကျင့်၏။ အလှူပေး၏။ ပန်းနံ့သာပူဇော်ခြင်းကိုပြု၏။ အဓိအဘာကို အရိအသေအလေးအမြတ်လုပ်ကျွေး၏။ တရားနှင့်လျော်သောရဟန်းပုဏ္ဏားကို အရိအသေလုပ်ကျွေး၏။ ထိုယောကျ်ားမိန်းမတို့သည်။ ပုဗ္ဗဘာဂပဋိပဒါ အကျင့်ကို ကျင့်သည်မည်၏။ ဤအကျင့်ကိုကျင့်သောသူသည်မြတ်စွာဘုရားအားအလွန်မြတ်သောပူဇော်ခြင်းဖြင့်ပူဇော်သည်မည်၏ဟူလိုသော်။ ။

၆၆။ ပဓိနိဗ္ဗာန်ပြုထော်မူရာညောင်စောင်းခွဲလျောင်းလျက်၊
နတ်တို့၏အလိုကိုသိ၍ရှင်ဥပဝါဏာထေရ်ကိုဖယ်ရှားစေတော်မူခြင်း။နတ်တို့ငိုကြွေးခြင်းတို့ကိုပြရာ။

ထိုရောအခါ၌အရှင်ဥပဝါဏာသည်မြတ်စွာဘုရား၏ရှေ့တော်မှမြတ်စွာဘုရားကိုယပ်လေခပ်လျက်နေ၏။ ထိုအရှင်ဥပဝါဏာသည် ပကတိအားဖြင့် ဆင်ငယ်၏ကိုယ်အတိုင်းအရှည်မျှလောက်ကြီးသော ကိုယ်ရှိ

ဏ်။ပံသုကူသကာ်နန်းကိုရုံလိုက်ပြန်သဖြင့် အလွန်ကြီးသကဲ့သို့ဖြစ်ဏ်။ ထို ရောအခါမြတ်စွာဘုရားသည် အင်္ဂဉ်ဥပဝါဏာကို၊ ရဟန်း၊ဖဲလော့။ သင် သည် ငါ့ရှေ့၌မတည့်လင့်ဟု မောင်းမဲဏ်။မထေရ်သည် တန္ဓနိုးခြင်းဖြင့် ယပ်ကိုချ၍ ပါဒ်အပ်ရာ၌နေလေဏ်။ ထိုအခါ အင်္ဂဉ်အာနန္ဒာအား ဤသို့ သောအကြံသည် ဖြစ်ဏ်။ ဤအင်္ဂဉ်ဥပဝါဏာသည် မြတ်စွာဘုရားပဌမ ဗောဓိ၌မမြဲသောအလုပ်အကျွေးရှိသောအခါ၌ မြတ်စွာဘုရားကို လုပ် ကျွေးဘူးဏ်။ မြတ်စွာဘုရားဏ်အနီး၌ကျင်လည်ဘူးဏ်။ထိုသို့လျက် မြတ် စွာဘုရားသည် အဆုံးစွန်သောဤကာလ၌၊ ရဟန်း၊ဖဲလော့။ သင်သည် ငါဏ်ရှေ့မမတည့်လင့်ဟု အင်္ဂဉ်ဥပဝါဏာကို မောင်းမဲတော်မူဘိဏ်။ အ ဘယ်အကြောင်းရှိ၍ဥပဝါဏာကိုဖဲလော့၊ ငါ့ရှေ့တွင်မနေလင့်ဟုမောင်း မဲလေသနည်းဟုအကြံဖြစ်ဏ်။ ထိုရောအခါအင်္ဂဉ်အာနန္ဒာသည်မြတ်စွာ ဘုရားကို၊ ဘုန်းတော်ကြီးသော ရှင်ပင်ဘုရား၊ ဤအင်္ဂဉ်ဥပဝါဏာသည် ရှင်ပင်ဘုရားအား ရှည်စွာသော နေ့ညဉ့် ပတ်လုံး လုပ်ကျွေးဘူးပါဏ်။ အနီး၌ကျင်လည်ဘူးပါဏ်။ထိုသို့လျက် ရှင်ပင်ဘုရားသည် ဤအဆုံးစွန် သောကာလ၌ အင်္ဂဉ်ဥပဝါဏာကို၊ ဖဲလော့ရဟန်း၊ငါ့ရှေ့တွင် မနေလင့် ဟု မောင်းမဲတော်မူဏ်။ ဘုန်းတော်ကြီးသောရှင်ပင်ဘုရား၊ အကြောင်း အဘယ်သို့ရှိ၍ ရှင်ပင်ဇဘုရားသည် ဥပဝါဏာကိုဖဲလော့ရဟန်း၊ ငါ့ရှေ့ တွင်မနေလင့်ဟု မောင်းမဲတော်မူသနည်းဟုလျှောက်ဏ်။ အာနန္ဒာ၊ယေ ဘုယျအားဖြင့်၊ အသည်းသတ်ဖြာဟွာ၊ အရူပါဝစရဖြာဟွာတို့ကိုထား၍ တဇသောင်းသောဝေလာကဓာတ်၌ နေကုန်သော နတ်တို့သည် ငါဘုရား ကိုဖူးမြင်အံ့သောငှါ စည်းဝေးလာကုန်ဏ်။ ချစ်သားအာနန္ဒာ၊ကုသိနာရုံ ပြည် မလ္လာမင်းတို့ဏ်၊ ဥပဝတ္တနမည်သောအင်ကြင်းတောမှ ထက်ဝန်း ကျင် တဆဲ့နှစ်ယူဇနာရှိသောအရပ်တိုင်တိုင် သားမြီးဖျားဖြင့်ထိုးလော် ရုံမျှ လွတ်သော အရပ်မည်သည် မရှိ။ တန်းခိုးကြီးသော နတ်တို့ဖြင့် ပြည့်ဏ်။ ရှေးဦးစွာ ငါဘုရားနှင့် နီးသော သားမြီးဖျားမျှလောက်သော အရပ်၌ သိမ်မွေ့ယဖ်စွာသော ကိုယ်ကို ဘန်ဆင်း၍။ တကျိပ်တကျိပ် သောတန်းခိုးကြီးသောနတ်တို့သည် ရပ်ကုန်ဏ်။ ထိုနတ်တို့ဏ်၊နောက်၌ နှစ်ကျိပ်နှစ်ကျိပ်သော တန်းခိုးကြီးသော နတ်တို့သည် ရပ်ကုန်ဏ်။ ထို့ နောက်၌သုံးကျိပ်သုံးကျိပ်။ထို့နောက်၌လေးဆယ်လေးဆယ်။ထို့နောက်၌ ငါးကျိပ်၊ ငါးကျိပ်။ ထို့နောက်၌ ခြောက်ကျိပ် ခြောက်ကျိပ် ကုန်သော

တန်းခိုးကြီးသောနတ်တို့သည်ရပ်ကုန်၏။ ထိုနတ်တို့သည် အချင်းချင်း လက်ဖြင့်ရင်း၊ ခြေဖြင့်ရင်း၊အဝတ်ဖြင့်ရင်း၊ ထိပါးခြင်းမရှိကုန်။ ဗဲလော့၊ ငါ့ကိုမထိစေလင့်ဟု ဆိုရသောမည်သည်မရှိ။ အာနန္ဒာ၊ နတ်တို့သည် ကဲ့ရဲ့ကုန်၏။ အဘယ်သို့ ကဲ့ရဲ့ကုန်သနည်းဟူမူ။ ငါတို့သည် မြတ်စွာဘုရားကိုဖူးမြင်အံ့သောငှါ ဝေးသောအရပ်မှ လာရကုန်၏။ လောကဋ္ဌပစ္စည်းလေးပါး ပူဇော်အထူးကို ခံထိုက်သော ဘုရားတို့သည်လည်း တရံတခါဋ္ဌသာဖြစ်တော်မူကုန်၏။ ယခုညဉ့်ဋ္ဌပင်လျှင်လည်း ပစ္ဆိမယံဋ္ဌ ထိုမြတ်စွာဘုရားအား ပရိနိဗ္ဗာန်ပြုခြင်းသည် ဖြစ်လတ္တံ့။ တန်းခိုးကြီးသော ဤအရှင်ဥပဝါဏာထေရ်သည်လည်း မြတ်စွာဘုရား၏ရှေ့တော်၌ ဆီးကာလျက် တည်ဘိ၏။ အဆုံးစွန်သောအခါ၌ ငါတို့သည် မြတ်စွာဘုရားကိုဖူးမြင်ခြင်းငှါမရပါကုန်ဟူ၍ နတ်တို့သည် ဥပဝါဏာကိုကဲ့ရဲ့ကုန်၏။ ထို့ကြောင့်ရကား၊ ငါဘုရားသည် မောင်းမဲပေသတည်းဟုမိန့်တော်မူ၏။ ။(နတ်တို့သည် နတ်မျက်စိဖြင့် တိုက်နှံရံ စသည်တို့ကို ထွင်းဘောက်၍မြင်စွမ်းနိုင်ပါကုန်လျက် အဘယ့်ကြောင့် ရှင်ဥပဝါဏာထေရ်၏ကိုယ်ကို ထွင်းဘောက်၍ မမြင်နိုင်လေသနည်းဟူတုံ့အံ့။ ပုထုဇဉ်ရဟန်းတို့၏ ကိုယ်ကိုသော်ကား ထွင်းဘောက်၍ မြင်ခြင်းငှါတတ်နိုင်ကုန်၏။ ရဟန္တာတို့၏ကိုယ်ကိုမူ ထွင်းဘောက်၍မြင်ခြင်းငှါမတတ်နိုင်ကုန်။ အရှင် ဥပဝါဏာအားမူကား။ ရဟန္တာ ဖြစ်သောကြောင့်ရင်း။ ထက်သော တန်းခိုးရှိသောကြောင့်ရင်း။ အနိုးသို့ကပ်၍နေအံ့သောငှါမျှ မဝံ့ကုန်။အဘယ့်ကြောင့်ကား အရှင်ဥပဝါဏာသည်ထက်သောတန်းခိုးရှိသနည်းဟူမူကား။ ကသိုပမြတ်စွာဘုရားစေတီတော်စေ့စောင့်နတ်ဖြစ်ခဲ့ဘူးသောကြောင့်တည်း)။ ။

အရှင်အာနန္ဒာသည် မေးလျှောက်ပြန်၏။ ဘုန်းတော်ကြီးသောရှင်ပင်ဘုရား၊နတ်တို့သည်ခဲ့ရဲ့ကုန်၏ဟု ရှင်ပင်ဘုရားတို့သည် ဆိုကုန်၏။ ရှင်ပင်ဘုရားတို့၏ပရိနိဗ္ဗာန်ပြုခြင်းကို ထိုနတ်တို့သည် အဘယ်သို့နှလုံးသွင်း၍ သည်းခံနိုင်ကုန်သနည်းဟု မေးလျှောက်၏။ ချစ်သားအာနန္ဒာ၊ ရာဂမကင်းသေးလေသနတ်တို့သည်ရှိကုန်၏။ ထိုနတ်တို့သည် ကောင်းကင်၌ မြဲမြံနှင်ဆင်းကုန်၍၊ ပကတိမြေ၌ပင် မြဲမြံနှင်ဆင်းကုန်၍။ ထိုမှန်ဆင်းသောမြေ၌ဆံတို့ကို ဖရိဖရဲကြဲလျက် ငိုကြွေးကုန်၏။ လက်မောင်းတို့ကိုမြှောက်၍ ငိုကြွေးကုန်၏။ ကမ်းပါးပြတ်သို့ကျသကဲ့သို့ ထိုမှ၍မှ

ကျကုန်၏။ ခြေပစ်လျက်လက်ပစ်လျက် လူးလည်းကုန်၏။ ထိုမှဤမှလူး လည်းကုန်၏။ အလွန်လျင်စွာ ဘုန်းတော်ကြီးသောမြတ်စွာဘုရားသည် ပရိနိဗ္ဗာန်ပြုလတ္တံ့.သတတ်။ အလွန်လျင်စွာ လာခြင်းကောင်းသောမြတ် စွာဘုရားသည် ပရိနိဗ္ဗာန် ပြုလတ္တံ့.သတတ်။ မျက်စိအမြင်ကို ပြုတတ် သောမြတ်စွာဘုရားသည် အလွန်လျင်စွာသောကဋ္ဌကွယ်ပျောက်တော့ လတ္တံ့.ဟု ငိုကြွေးကုန်၏။ ရာဂဒေါသကင်းပြီးသော အနာဂါမ်ရဟန္တာ ဖြစ်သော နတ်တို့သည်ကား။ သခ်ၤါရ တရားတို့သည် အမြဲ မရှိကုန်။ ဤသခ်ၤါရတရားတို့၌ မြဲသော့အဖြစ်ကို အဘယ်မှာရအံ့နည်းဟု သတိ အဆင်အခြင်နှင့်ပြည့်စုံသည်ဖြစ်၍ သည်းခံနိုင်ကုန်၏ဟုမိန့်တော်မူ၏။

၎၇။ ဂျင်အာနန္ဒာမေးလျှောက်၍၊ပရိနိဗ္ဗာန်ပြုပြီး နောက်၊မနောဘာဝနိယရဟန်းတို့ကိုဖူးမြင်ရရာဖြစ်သော သံဝေဂနိယဌာနလေးပါးကိုဟောတော်မူရာ။

ဘုန်းတော် အလွန်ကြီးမြတ်တော်မူသော ဂျင်ပင်ဘုရား၊ ဂေါ်းအခါ အရပ်လေးမျက်နှာ၌ဝါဆိုကုန်သော အကြင်ရဟန်းတို့သည်။ဝါကျွတ် သောအခါ၌ မြတ်စွာဘုရားကို ဖူးမြင်အံ့သောငှါလာကုန်၏။ အကျွန်ုပ် တို့သည် နှလုံးကိုပွါးစေတတ်ကုန်သော ထိုရဟန်းတို့ကို ဖူးမြင်ခြင်းငှါ ရပါကုန်၏။ဆည်းကပ်ခြင်းငှါရပါကုန်၏။ ဘုန်းတော်ကြီးသောဂျင်ပင် ဘုရား၊ ဂျင်ပင်ဘုရား လွန်တော်မူသဖြင့်ကား။ အကျွန်ုပ်တို့သည် နှလုံး ကို ပွါးစေတတ်ကုန်သော ရဟန်းတို့ကို ဖူးမြင်ခြင်းငှါ မရကုန်လတ္တံ့.၊ ဆည်းကပ်ခြင်းငှါ မရကုန်လတ္တံ့.ဟူ၍ အဂျင် အာနန္ဒာသည် မြတ်စွာ ဘုရားကို လျှောက်သည်ရှိသော်။ ချစ်သား အာနန္ဒာ၊ သဒ္ဓါခြင်းရှိသော အမျိုးသားတို့အား။ လေးပါးကုန်သောဂျခြင်းငှါထိုက်ကုန်သော၊သံဝေ ဂကိုဖြစ်စေတတ်ကုန်သော အကြောင်းတို့သည် ရှိကုန်၏။ လေးပါးဟူ သည်ံအဘယ်နည်းဟူမူကား။ အာနန္ဒာ၊အကြင်အရပ်၌ မြတ်စွာဘုရား သည်ဘွားတော်မူ၏ဟု ဘွားတော်မူရာ အံ့ဖွယ်သည် သဒ္ဓါသောအမျိုး သားတို့အား ဂျခြင်းငှါထိုက်သော သံဝေဂရစေကြောင်းဖြစ်သော အရပ် တည်း။ ဤအရပ်၌ လာခြင်းကောင်းသောမြတ်စွာဘုရားသည် အတုမရှိ မြတ်သောသစ္စာလေးပါးကိုသိ၏ဟု။ သစ္စာလေးပါးကိုသိရာ ဗောဓိပင်

သည် သဒ္ဓါသော အမျိုးသားတို့အား ရှုခြင်းဌါထိုက်သော သံဝေဂရ
ကြောင်းဖြစ်သောအရပ်တည်း။ဤအရပ်၌ ဓမ္မစကြာတရားကိုဟော၏
ဟု။ ဓမ္မစကြာတရား ဟောရာ ဇာသိပတနမိဂဒါဝုန်သည် သဒ္ဓါသော
အမျိုးသားတို့အား ရှုခြင်းဌါထိုက်သော သံဝေဂ ရကြောင်းဖြစ်သော
အရပ်တည်း။ ဤအရပ်၌ မြတ်စွာဘုရားသည် ပရိနိဗ္ဗာန်ပြုတော်မူ၏ဟု
ငါဘုရားပရိနိဗ္ဗာန်ပြုရာ ကုသိနာရုံပြည်၌ အင်ကြင်းတောအရပ်သည်၊
သဒ္ဓါသောအမျိုးသားအား ရှုမြင်ခြင်းဌါထိုက်သောသံဝေဂရကြောင်း
ဖြစ်သော အရပ်တည်း။ အာနန္ဒာ၊ ဤ လေးပါးသော အရပ်တို့သည်။
သဒ္ဓါသောအမျိုးသားတို့အား ရှုမြင်ခြင်းဌါထိုက်သော သံဝေဂကိုဖြစ်
စေတတ်ကုန်သောအရပ်တို့တည်း။ အာနန္ဒာ၊သဒ္ဓါခြင်းရှိသောရဟန်း
ယောကျ်ား၊ ရဟန်းမိန်းမ၊ ဥပါသကာယောကျ်ား၊ ဥပါသိကာမိန်းမတို့
သည်။လာခြင်း၊ကောင်းသောမြတ်စွာဘုရားသခင်သည် ဤအရပ်၌ဘွား
၏။ ဤအရပ်၌ ဘုရားဖြစ်၏။ ဤအရပ်၌ ဓမ္မစကြာတရားကို ဟော၏။
ဤအရပ်၌ပရိနိဗ္ဗာန်ပြု၏ဟု ထိုထိုအရပ်တို့သို့ဖူးမြင်အံ့သောဌါလာကုန်
လတ္တံ့။ အာနန္ဒာ၊အကြင်အမှတ်မရှိသောသူတို့သည်။ထိုစေတီလေးပါး
ကို ဖူးမြင်အံ့သောဌါ ဒေသစာရီလှည့်ကုန်စဉ်။ ကြည်ညိုဖွယ်သော စိတ်ရှိ
ကုန်သည်ဖြစ်၍ အကြားဌ်သေခြင်းကိုပြုကုန်ငြားအံ့။ စုတိစိတ်၏အခြား
မဲ့၌လျှင် ထိုအလုံးစုံသောသူတို့သည် နတ်ပြည်သို့ ဖြစ်ကုန်လတ္တံ့။ အာ
နန္ဒာ၊အကြင်သူသည်ထိုသို့သောကျောင်း၌ စေတီပြင်ကိုတံမြက်လှည်း
၏။နေရာတို့ကိုရေဆေးကုန်၏။ ဗောဓိကိုရေသွန်းလောင်း၏။ ထိုသူတို့
၌ ဆိုဘွယ်မရှိသလျှင်ကတည်း။ ။ဤမည်သောကျောင်း၌ စေတီကို
ရှိခိုးအံ့ဟု ထွက်ကုန်၍ ကြည်ညိုဖွယ်သော စိတ်ရှိကုန်လျက် ခရီးအကြား၌
သေသော်လည်း အန္တရာယ်မရှိသဖြင့် နတ်ပြည်သို့သာဖြစ်လတ္တံ့ဟု၍
ဘိန့်တော်မူ၏။ ။

၆၈။ ရှင်အာနန္ဒာဖေးလျှောက်သဖြင့်။မာကုဂါမတို့၌
ကျင့်ရာသောတရားကိုဟောတော်မူရာ။

ထိုနောက် အာနန္ဒာသည်။ ဘုန်းတော်ကြီးသော ရှင်ပင်ဘုရား၊ အ
ကျွန်ုပ်တို့သည် မာတုဂါမ၌အဆာယ်သို့ကျင့်ပါရအံ့နည်းဟုလျှောက်၏။

အာနန္ဒာ၊ မာတုဂါမကို မမြင်အောင်ကျင့်ရာ၏ဟု မိန့်တော်မူ၏။ မြင်ခဲ့သည်ရှိသော် ရှင်ပင်ဘုရား၊ အဘယ်သို့ကျင့်အပ်သနည်းဟု လျှောက်ပြန်၏။ အာနန္ဒာ၊စကားမပြောအပ်ဟုမိန့်တော်မူ၏။ စကားပြောမိသော် ကား ရှင်ပင်ဘုရား အဘယ်သို့ကျင့်အပ်သနည်းဟုလျှောက်ပြန်၏။အာနန္ဒာ၊ အဓိအရွယ်ရှိသော မာတုဂါမတို့၌၊ အဓိဟူသောအမှတ်ကို ဖြစ်စေခြင်း။ နှမအရွယ်ရှိသောမာတုဂါမတို့၌၊ နှမဟူသောအမှတ်ကို ဖြစ်စေခြင်း။ သမီးအရွယ်ရှိသောမာတုဂါမတို့၌၊သို့ဟူသောအမှတ်ကိုဖြစ်စေခြင်းတို့ဖြင့်သတိကိုဖြစ်စေအပ်၏ဟုမိန့်တော်မူ၏။ ။

(မာတုဂါမကို မမြင်အောင်ကျင့်အပ်၏ ဆိုရာ၌။ ကျောင်း၌ တံခါးပိတ်၍နေသောရဟန်းသည် တံခါး၌ရပ်လာသောမာတုဂါမကိုအကြင်မျှလောက်မမြင်သေး၊ ထိုမျှလောက်တပ်ခြင်းသည်မဖြစ်သေး၊ စိတ်တုန်လှုပ်ခြင်းသည် မဖြစ်သေး။ မြင်ရမူကား ထိုနှစ်ပါးစုံသည် ဖြစ်၏။ ထို့ကြောင့်မိန်းမကိုမမြင်ရခြင်းသည်မြတ်သောအကျင့်မည်၏။ထို့ကြောင့် မမြင်အောင် ကျင့်အပ်၏ဟု မိန့်သတည်း။ ။ဆွမ်းကိုယူ၍ ကပ်လာသော မာတုဂါမစသည်ကို မြင်ခဲ့သော် အဘယ်သို့ ကျင့်ရအံ့နည်းဟု လျှောံရာ၏။ အကြင်ကြောင့် အာနန္ဒာ၊သန့်လျက်ကိုချိုမိုးလျက်၊အကယ်၍သင်သည် ငါနှင့်တကွစကားဆိုအံ့။ဤအရပ်၌ပင်လျှင်သင်၏ဦးခေါင်းကိုဖြတ်အံ့ဟု ခုပ်သော ဃောက်ျားနှင့် စကားပြောခြင်းသည် ဖြတ်၏။ သင်သည် အကယ်၍ငါနှင့်တကွစကားဆိုအံ့။ဤအရပ်၌သာလျှင် သင်၏အသားကို အမြွှင်းအမြွှင်းပြု၍စားအံ့ဟုရပ်သော ဘီလူးမနှင့်စကားပြောခြင်းသည်မြတ်၏။ ထိုသူတို့နှင့် စကားပြောခြင်းကြောင့် တာဝတိသောကိုယ်၏သာလျှင် ပျက်စီးခြင်းသည်ဖြစ်၏။ အပါယ်လေးပါးငရဲ၌ ဆင်းရဲကြီးစွာ ခံရခြင်းသည် မဖြစ်။ မာတုဂါမနှင့် စကားပြောဟောသည်ရှိသော်အကျွမ်းဝင်သည်ဖြစ်၏။အကျွမ်းဝင်သည်ရှိယေသ်ရာဂသို့သက်သည် ဖြစ်ရာ၏။ ရာဂသို့ သက်သော စိတ်ရှိသည်ရှိသော် သိလပျက်စီးခြင်းသို့ရောက်၍ အပါယ်လေးပါးကို ဖြစ်စေ၏။ ထို့ကြောင့် မြင်သော်လည်း စကားမပြောအပ်ဟု မိန့်တော်မူသတည်း။ ။စကားပြောဟောရသော် အဘယ်သို့ကျင့်ရအံ့နည်းဟုရာ၌။ အဟာယ်၍မာတုဂါမသည် နေ့ကိုမူလည်းမေးအံ့။ သိလကိုမူလည်းယူလိုအံ့။ တရားကိုမူလည်းနာလိုအံ့။ ပြဿနာကိုသော်လည်းမေးအံ့။ ဤသို့ သဘောရှိသော

အမှုရှိသော်ကား ထိုပိန်းမအား ရဟန်းတို့သည် စင်စစ် ပြောဆိုအပ်သောအမှုမည်၏။မပြောဆိုသော် ဤရဟန်းသည် အဇ္ဈိနားပင်း၏။ စား၍သာဒိတ်ဘွဲ့သောခံတွင်းရှိသည်ဖြစ်၍နေ၏ဟုဆိုရာ၏။ထို့ကြောင့် စကားပြောဆိုအပ်၏။ စကား ပြောဆိုသော်လည်း။ အဓိန္ဒ္ရင့် မှသော ပိန်းမ၌ အဓိ၏စိတ်ကို။ ဒုမန္ဒ္ရင့်မှသောပိန်းမ၌ ဒုမ၏စိတ်ကို။ သဓိးန္ဒ္ရင့်မှသောပိန်းမ၌သို့း၏စိတ်ကိုဖြစ်စေကုန်ရာ၏ဟု ဆုံးမတော်မူလိုသည်ဖြစ်၍။ မာတုဂါမန္ဒ္ရင့်စကားပြောဟောသောရဟန်းသည် သတိကို ဖြစ်စေအပ်၏ဟုမိန့်တော်မူသတည်း)။ ။

၆၉။ အရှင်အာနန္ဒာမေးလျှောက်သဖြင့်
မြတ်စွာဘုရားအလောင်းတော်၌ကျင့်ရာသောတရား၊
ထူမှါရဟာလေးပါးတို့ကိုဟောတော်မူရာ။

အရှင်အာနန္ဒာသည်၊ ဘုန်းတော်ကြီးသော ရှင်ပင်ဘုရား၊ အကျွန်ုပ်တို့သည် ရှင်ပင်ဘုရား၏ကိုယ်တော်၌ အဘယ်သို့ကျင့်ရပါကုန်အံ့နည်းဟုလျှောက်၏။ချစ်သားအာနန္ဒာ၊ငါဘုရား၏ကိုယ်တော်ကိုပူဇော်သက္ကာရပြုခြင်းငှါ သင်တို့သည် ကြောင့်ကြမဲ့ဖြစ်ကုန်လော့။ အာနန္ဒာ၊သင်တို့သည် မြတ်သောတရား၌သာစေ့ဆော်ကုန်။ မြတ်သောရဟန်းတရား၌သာယှဉ်ကုန်။ မြတ်သောတရား၌ မေ့မေ့မော်လျော့ကုန်သည်ဖြစ်၍။ ကြိုးခြံသောလုံ့လရှိကုန်သည်ဖြစ်၍။နိဗ္ဗာန်သို့လွှတ်သောစိတ်ရှိကုန်သည်ဖြစ်၍နေကုန်လော့။ ချစ်သားအာနန္ဒာ၊ငါဘုရား၌အလွန်ကြည်ညိုကုန်သော ပညာရှိကုန်သော မင်း ပုဏ္ဏား သူကြွယ်တို့သည် ရှိပါကုန်၏။ ထိုမင်း ပုဏ္ဏား သူကြွယ်တို့သည် ငါဘုရား၏ကိုယ်တော်ကို ပူဇော်ခြင်းကိုပြုပေကုန်လတ္တံ့။ ဤသို့ မိန့်တော်မူ၏။ ။ဘုန်းတော်ကြီးသော ရှင်ပင်ဘုရား၊ရှင်ပင်ဘုရား၏ကိုယ်တော်၌ အဘယ်သို့ကျင့်အပ်ပါသနည်းဟုလျှောက်၏။ ချစ်သားအာနန္ဒာ၊ အကြင်အခြင်းဖြင့် စကြဝတေးမင်း၏ကိုယ်၌ကျင့်၏။ ထိုအခြင်းဖြင့် မြတ်စွာဘုရား၏ကိုယ်တော်၌ ကျင့်အပ်၏ဟုမိန့်တော်မူ၏။ ဘုန်းတော်ကြီးသောရှင်ပင်ဘုရား၊ စကြဝတေးမင်း၏ကိုယ်၌အဘယ်သို့ကျင့်လေသနည်းမေးလျှောက်ပြန်သော်။အာနန္ဒာ၊ စကြဝတေးမင်း၏ ကိုယ်ကို အစာမကျေသော ဇရာဆိုးဖြင့် ရစ်ကုန်၏။

ရစ်ပြီး၍ ကောင်းစွာဖပ်အပ်ပြီးသော ဝါဂွမ်းဖြင့် ရစ်ကုန်၏။ ဝါဂွမ်းဖြင့် ရစ်ပြီး၍။ အစာမကျေသောပုဆိုးဖြင့်ရစ်ပြန်၏။ ဤသို့သောနည်းအားဖြင့် ငါးရာကုန်သောပုဆိုးအစုံတို့ဖြင့် စကြဝဇေးမင်း၏ကိုယ်ကို ရစ်ပြီးသော်။ တခုသောသံဖြင့်ပြီးသော ဆီဖြင့်ပြည့်သောတလားဦးထည့်၍၊ သံဖြင့်ပြီးသော တလားဖုံးဖြင့် မှောက်၍။ အလုံးစုံ နံ့သာဖြင့် ပြီးသော ထင်းပုံဦးတင်၍ စကြဝဇေးမင်း၏ကိုယ်ကိုမီးဖုတ်ကုန်၏။ ခရီးလေးဆုံဦး စကြဝဇေးမင်း၏ဓာတ်တို့ကို စေတီတည်ကုန်၏။ ချစ်သား အာနန္ဒာ၊ ဤသို့လျှင် စကြဝဇေးမင်း၏ကိုယ်ဦး ကျင့်ကုန်၏။ အကြင်အခြင်းဖြင့် စကြဝဇေးမင်း၏ကိုယ်ဦးကျင့်ကုန်၏။ထိုအခြင်းဖြင့် ငါဘုရား၏ကိုယ်တော်ဦးကျင့်အပ်၏။ ငါဘုရား၏ဓာတ်တော်တို့ကို ခရီးလေးဆုံဦးစေတီကိုပြုအပ်၏။ ထိုစေတီဦး အကြင်သူတို့သည်၊ ပန်းကိုၿငိုး၊ နံ့သာကိုၿငိုး၊ အခိုး အထုံ အမှုံကိုၿငိုး၊ တင်ကုန်လတ္တံ့။ ရှိသေစွာမူလည်း ဂါရိုးကုန်လတ္တံ့။စိတ်ကိုမူသည်းကြည်စေကုန်လတ္တံ့။ ထိုသူတို့အားထိုသို့စိတ်ကို ကြည်စေခြင်း၊ဂါရိုးခြင်း၊ပန်းနံ့သာစသည်တင်ခြင်းသည်။ ဂုဏ်စွာသော နေ့ညဥ့်ပတ်လုံးစီးပွါးချင်းသာအလို၌ဖြစ်လတ္တံ့ဟုမိန့်တော်မူ၏။ ။

ထို့နောင်မှ ချစ်သား အာနန္ဒာ၊ စေတီယိုက်သော ပုဂ္ဂိုလ်တို့သည် လေးပါးတို့တည်း။လေးပါးတို့ဟူသည်အဘယ်နည်း။ မြတ်စွာဘုရား၏ ဓာတ်တော်ကို စေတီပြု၍ ကိုးကွယ် ထိုက်၏။ ပစ္စေကဗုဒ္ဓါ ဘုရား၏ ဓာတ်ကို။ ဘုရားတပည့်သားရဟန္တာတို့၏ဓာတ်ကို။ စကြဝဇေးမင်း၏ဓာတ်ကိုလည်းစေတီတည်၍ ကိုးကွယ်ထိုက်၏။ ။အဘယ်အကျိုးထူးကိုစွဲ၍ စေတီတည်ထိုက်သနည်း ဟူတုံ့အံ့။ ဤသည်ကား မြတ်စွာဘုရား၏စေတီတည်းဟု အများသောသူတို့သည်စိတ်ကိုကြည်စေကုန်လတ္တံ့။ထိုသူတို့သည် သေသည်၏အခြားမဲ့ဒုနှတ်ပြည့်ခြင်းဖြစ်ကုန်လတ္တံ့။ ဤသည်ကား ပစ္စေကဗုဒ္ဓါ တို့၏ စေတီတည်း။ ဤသည်ကား ဘုရားတပည့်သား ရဟန္တာတို့၏ စေတီတည်း။ ဤသည်ကား တရားစောင့်သောစကြဝဇေးမင်း၏စေတီတည်းဟု များစွာသောလူတို့သည်စိတ်ကိုကြည်စေကုန်လတ္တံ့။ ထိုသူတို့သည် သေသည်၏အခြားမဲ့ဒုနှတ်ပြည့်ခြင်းသို့ဖြစ်ရကုန်လတ္တံ့။ ဤအကျိုးထူးကိုစွဲ၍ လေးပါးသောဓာတ်တို့ကိုစေတီတည်ထိုက်သတည်းဟုထူပါရဟလေးပါးကိုဟောတော်မူ၏။ ။

ထို့နောင်မှ ချစ်သား အာနန္ဒာ၊ စေတီယိုက်သော ပုဂ္ဂိုလ်တို့သည် လေးပါးတို့တည်း။လေးပါးတို့ဟူသည်အဘယ်နည်း။ မြတ်စွာဘုရား၏ ဓာတ်တော်ကို စေတီပြု၍ ကိုးကွယ် ထိုက်၏။ ပစ္စေကဗုဒ္ဓါ ဘုရား၏ ဓာတ်ကို။ ဘုရားတပည့်သားရဟန္တာတို့၏ဓာတ်ကို။ စကြဝဇေးမင်း၏ဓာတ်ကိုလည်းစေတီတည်၍ ကိုးကွယ်ထိုက်၏။ ။အဘယ်အကျိုးထူးကိုစွဲ၍ စေတီတည်ထိုက်သနည်း ဟူတုံ့အံ့။ ဤသည်ကား မြတ်စွာဘုရား၏စေတီတည်းဟု အများသောသူတို့သည်စိတ်ကိုကြည်စေကုန်လတ္တံ့။ထိုသူတို့သည် သေသည်၏အခြားမဲ့ဒုနှတ်ပြည့်ခြင်းသို့ဖြစ်ရကုန်လတ္တံ့။ ဤသည်ကား ပစ္စေကဗုဒ္ဓါ တို့၏ စေတီတည်း။ ဤသည်ကား ဘုရားတပည့်သား ရဟန္တာတို့၏ စေတီတည်း။ ဤသည်ကား တရားစောင့်သောစကြဝဇေးမင်း၏စေတီတည်းဟု များစွာသောလူတို့သည်စိတ်ကိုကြည်စေကုန်လတ္တံ့။ ထိုသူတို့သည် သေသည်၏အခြားမဲ့ဒုနှတ်ပြည့်ခြင်းသို့ဖြစ်ရကုန်လတ္တံ့။ ဤအကျိုးထူးကိုစွဲ၍ လေးပါးသောဓာတ်တို့ကိုစေတီတည်ထိုက်သတည်းဟုထူပါရဟလေးပါးကိုဟောတော်မူ၏။ ။

မြတ်စွာဘုရားသည် အဘယ့်ကြောင့် လူဖြစ်သော အိမ်၏အလယ်၌ နေပြီး၍ သေလေသောစကြဝတေးမင်းအား စေတီတည်ထိုက်သော အဖြစ်ကို ခွင့်ပြု၍ သိလရှိသောပုထုဇဉ်ရဟန်းအား စေတီတည်ထိုက် သောအဖြစ်ကို ခွင့်ပြုတော်မမူပါလေသနည်းဟူတုံ့အံ့။ အံ့ဘွယ်မရှိရာ သည်၏အဖြစ်ကြောင့်တည်း။အကယ်၍ သိလဝန္တပုထုဇဉ်ရဟန်းအား စေတီတည်ထိုက်၏ဟု ခွင့်ပြုခဲ့အံ့။ ဇမ္ဗူ။ ဒီပါကျွန်းဌဝင်း။သိဟိုဠ်ကျွန်းဌဝင်း။ စေတီတည်ရာအရပ်သည်ပင် မရှိနိုင်ရော။ ထိုသို့ ဖြစ်ခဲ့သော် ထို စေတီတို့သည်လည်း အံ့ဘွယ်ရှိသည်မဖြစ်လတ္တံ့.ဟု၊ပုထုဇဉ်သိလဝန္တ တို့၏အရိုးဓာတ်ကို စေတီတည်ခြင်းငှါ ခွင့်ပြုတော်မမူသတည်း။ စကြ ဝတေးမင်းသည်ကား တယောက်တည်းသာဖြစ်၏။ထို့ကြောင့်အံ့ဘွယ် ဖြစ်၏။ သိလဝန္တပုထုဇဉ်ရဟန်းအားကား ပရိနိဗ္ဗာန်ပြုသော ရဟန်း ကဲ့သို့ကြီးစွာသောပူဇော်သက္ကာရကိုပြုအပ်၏။ ။

၇၀။ မြတ်စွာဘုရားပရိနိဗ္ဗာန်ပြုတော့အံ့ ဖြစ်၍ရှင်အာနန္ဒာငိုကြွေးသည်ကိုအလံအာနန္ဒ၊စသောစကားဖြင့် သက်သာရာရစေ၍။ရှင်အာနန္ဒာ၏အစွဲရှိယအာသွဝ်တဝမ္မ ကျေးဇူးတရားလေးပါးတို့ကိုဟောတော်မူရာ။

ထိုသို့မြတ်စွာဘုရားသည် ထူပါရဟာလေးပါးကို ဟောတော်မူပြီး သောအခါ၌။ အရှင်အာနန္ဒာသည် ကျောင်းတွင်းသို့ဝင်ပြီးလျှင် တံခါး မျောက်လက်အရင်းကိုကိုင်ဆွဲ၍ ငိုလျက်ရပ်၏။ ငါသည် သေကွဲသာ တည်း။ မဂ်ကိစ္စပြုဘွယ်ရှိသေး၏၊ အကြင်မြတ်စွာဘုရားသည် ငါ့အား အစဉ်သနားတော်မူ၏။ ငါ၏ ဆရာ ဖြစ်သော ထိုမြတ်စွာဘုရားသည် လည်း ပရိနိဗ္ဗာန်ပြုခြင်းသည် ယခုအခါ ဖြစ်တော့လတ္တံ့။ ဤသို့ ဆို၍ ငိုမြည်တမ်း၏။ ထိုရောအခါ မြတ်စွာဘုရားသည် ရဟန်းတို့ကို ခေါ် တော်မူ၍။ ချစ်သားရဟန်းတို့၊ အာနန္ဒာသည် အဘယ်အရပ်၌ နေလေ သနည်းဟုမေးတော်မူ၏။ ဘုန်းတော်ကြီးသောရှင်ပင်ဘုရား၊ရှည်သော အသက်ရှိသော ထိုအာနန္ဒာသည် ကျောင်းတွင်းသို့ဝင်ပြီးလျှင် တံခါး မျောက်လက်ကိုဆွဲ၍ငိုလျက်ရပ်၏။ စင်စစ်ငါသည်သေကွဲသာတည်း။ မဂ်ကိစ္စပြုဘွယ်ရှိသေး၏။ အကြင် မြတ်စွာဘုရားသည် ငါ့ကို အစဉ်

သနားတော်မူ၏။ ထိုမြတ်စွာဘုရားသည်လည်း ပရိနိဗ္ဗာန်ပြုခြင်း ဖြစ်တော့လတ္တံ့.ဟုဆို၍လည်း ငိုမြည်တမ်း၏ဟု ရဟန်းတို့ကျော်ကုန်၏။ ထိုသို့လျှောက်သော် မြတ်စွာဘုရားသည် မထင်ရှားသော ရဟန်းကို ခေါ်၍။ ရဟန်း၊ သင်သည်လာလတ္တံ့။ ငါ၏စကားဖြင့် အာနန္ဒာကိုခေါ်ချေ။ ငါ့ရှင်အာနန္ဒာ၊မြတ်စွာဘုရားသည် ငါ့ရှင်ကိုခေါ်တော်မူ၏ဟုဆို၍ ခေါ်ချေဟု စေတော်မူ၏။ ထိုရဟန်းသည် ကောင်းပြီ အရှင်ဘုရားဟု မြတ်စွာဘုရား၏စကားတော်ကိုဝန်ခံ၍။ အာနန္ဒာရှိရာသို့သွား၍။ ငါ့ရှင်အာနန္ဒာ၊သင့်ကိုမြတ်စွာဘုရားသည် ခေါ်တော်မူ၏ဟုဆို၏။ ကောင်းပြီအရှင်ဟု အရှင်အာနန္ဒာသည် ထိုရဟန်းအား စကားတုံ့ပေး၍။အကြင်အရပ်၌ မြတ်စွာဘုရားရှိတော်မူ၏။ ထိုအရပ်သို့ ကပ်လေ၍၊ မြတ်စွာဘုရားကို ရိုသေစွာရှိခိုး၍ တင့်အပ်သောအရပ်၌နေ၏။ တင့်အပ်သောအရပ်၌နေပြီးသောအရှင်အာနန္ဒာကို မြတ်စွာဘုရားဤသို့မိန့်တော်မူ၏။ ချစ်သားအာနန္ဒာ၊ သင်ချစ်သား၏ ငိုကြွေးမြည်တမ်းခြင်းသည် မသင့်။ မစိုးရိမ်လင့်၊ မငိုကြွေးလင့်။ ချစ်သား အာနန္ဒာ၊ ငါလည်း ဤသို့သောစကားကို ရှေးဦးကပင်ကြားအပ်ပြီမဟုတ်တုံလော။ အလုံးစုံသာလျှင် ဖြစ်ကုန်သော ချစ်နှစ်လိုအပ်ကုန်သောသူတို့နှင့် အထူးထူးဖြစ်၍ ကွေကွင်းရခြင်း၊ သေသဖြင့်ကွေကွင်းရခြင်း၊ ဟပါးအပြားဖြင့် ကွေကွင်းရခြင်းသည်ရှိ၏။ဤသခ်ါရတရားတို့၌ ထိုသို့အထူးထူးဖြစ်၍ကွေကွင်းရခြင်း၊ သေသဖြင့်ကွေကွင်းရခြင်း၊ တပါးအပြားအားဖြင့် ကွေကွင်းရခြင်းသည် မဖြစ်ပါစေသတည်းဟု အဘယ်မှာလျှင် ငြားတင့်တ၍ရအံ့နည်း။ အာနန္ဒာ၊ အကြင်သခ်ါရတရားသည် ဖြစ်တတ်၏။ ထင်ရှားဖြစ်တတ်၏။ ပြုပြင်တတ်၏။ ပျက်တတ်သော သဘော ရှိ၏။ ထိုသခ်ါရတရားသည် မြတ်စွာဘုရားကိုယ်တော်ကိုမမျှော်ဆီးရာ။ ထိုအကြောင်းသည် မရှိသည်သာလျှင်တည်း။ ။ချစ်သား အာနန္ဒာ၊ ရှည်စွာသော ကာလပတ်လုံး သင်ချစ်သားသည် ငါဘုရားကို အစီးအပွါးရှိသော၊ချမ်းသာသော၊နှစ်သွမဖြစ်သော၊အတိုင်းအရှည်မရှိသော မေတ္တာကာယကံဖြင့်၊ မေတ္တာဝစီကံဖြင့်၊ မေတ္တာမနောကံဖြင့် လုပ်ကျွေးအပ်ပြီ။ ချစ်သား အာနန္ဒာ၊ သင်သည်ပြုအပ်ပြီးသော ကောင်းမှုရှိသည်ဖြစ်၏။ ကမ္မဋ္ဌာန်းစီးဖြန်း၍ လျင်စွာလျှင် အာသဝေတရားလေးပါးကင်းသည်ဖြစ်လတ္တံ့.ဟုမိန့်တော်မူ၏။ ။

ထိုဆွမ်းမိန့်တော်မူပြီးသောအခါ၌ မြတ်စွာဘုရားသည် ရဟန်းတို့ကို ခေါ်တော်မူ၍ ဤသို့မိန့်တော်မူ၏။ ချစ်သားရဟန်းတို့၊ လွန်လေပြီးသော အခါ၌လည်း မြတ်စွာဘုရားတို့သည်ဖြစ်ကုန်ပြီ။နောက်လာလတ္တံ့သော အခါ၌လည်း မြတ်စွာဘုရားတို့သည်ဖြစ်ကုန်လတ္တံ့။ထိုအခါ နှစ်ပါးတို့၌ ဖြစ်ကုန်သော ဘုရားတို့အားလည်း။ ယခုအခါ၌ ငါ့အား အာနန္ဒာ အလုပ်အကျွေးဖြစ်သကဲ့သို့။ အာနန္ဒာ အတိုင်းအရှည်ရှိသော အလုပ် အကျွေးတို့သည်ဖြစ်ကုန်ပြီ၊ဖြစ်ကုန်လတ္တံ့။ ။ချစ်သားရဟန်းတို့၊အာနန္ဒာသည်ပညာရှိ၏။ အဘယ်သို့ရှိသနည်း။ ဤအခါသည်ကား မြတ်စွာဘုရားကို ရဟန်းတို့သည်ဖူးမြင်ခြင်းဌာနကပ်အပ်သောအခါတည်းဟူ၍သိ၏။ဤအခါသည်ကား ရဟန်းမိန်းမတို့သည်၊ဥပါသကာယောကျ်ားတို့သည်၊ ဥပါသိကာမိန်းမတို့သည်၊ မင်းတို့သည်၊ မင်း၏ အမတ်တို့သည်၊ တိတ္ထိတို့သည်၊ တိတ္ထိတို့၏ တပည့်တို့သည် ဖူးမြင်ခြင်းဌာနကပ်အပ်သောအခါတည်းဟုသိ၏။ ။ချစ်သားရဟန်းတို့၊ အာနန္ဒာ၌ လေးပါးကုန်သော အံ့ဘွယ်သရဲမဖြစ်ဘူးမြဲသောကျေးဇူးတို့သည်ရှိကုန်၏။ လေးပါးတို့ဟူသည် အဘယ်တို့နည်း။ ချစ်သားရဟန်းတို့၊ အကယ်၍ ရဟန်းပရိသတ်သည် အာနန္ဒာကို ဖူးမြင်ခြင်းဌာနကပ်အံ့။ ဖူးမြင်ခြင်းဖြင့်လည်းထိုရဟန်းပရိသတ်သည် နှစ်လိုဖွယ်သာနှစ်သိမ့်ဖွယ်ရှိသည်ဖြစ်၏။မရောင့်ရဲသည်ဖြစ်၏။ အကယ်၍ အာနန္ဒာသည် ထိုရဟန်းပရိသတ်တို့၌ တရားဟောအံ့။ အရှင်အာနန္ဒာ ဟောသော စကားဖြင့်လည်း ထိုရဟန်းပရိသတ်တို့သည် နှစ်လိုဖွယ်သာနှလုံးရှိသည်၊မရောင့်ရဲသည်ဖြစ်၏။ ဘိက္ခုနီပရိသတ်၊ ဥပါသကာပရိသတ်၊ ဥပါသိကာပရိသတ်တို့၌လည်း ဤနည်းလျှင်တည်း။ ထိုတရားဟောပြီးအဆုံး၌ အရှင်အာနန္ဒာသည် ဆိတ်ဆိတ်နေ၏။ ဤသို့လျှင် ချစ်သားရဟန်းတို့၊ အာနန္ဒာ၌ လေးပါးကုန်သောအံ့ဘွယ်သရဲ မဖြစ်ဘူးမြဲကုန်သော ကျေးဇူးတရားတို့သည် ဖြစ်ကုန်၏။ ချစ်သား ရဟန်းတို့၊ စကြဝဠတေးမင်း၌လည်း အံ့ဘွယ်သရဲလေးပါးတို့သည်ဖြစ်ကုန်၏။စကြဝဠတေးမင်းကိုဖူးမြင်ခြင်းဌာန မင်းပရိသတ်၊ပုဏ္ဏားပရိသတ်၊ သူကြွယ်ပရိသတ်၊ ရဟန်းပရိသတ်သည်ကပ်လာ၏။ ထိုပရိသတ်တို့သည် စကြဝဠတေးမင်းကိုမြင်သဖြင့် နှစ်လိုဖွယ်သာနှလုံးရှိသည်၊ မရောင့်ရဲသည်ဖြစ်၏။ စကြဝဠတေးမင်းသည် ထိုပရိသတ်၌စကားပြောဆိုအံ့။ ထိုစကားဖြင့်လည်း နှစ်လိုဖွယ်သာနှလုံးရှိသည်၊ မရောင့်ရဲသည်ဖြစ်

ဏ်။ ဤသို့ပရိသတ်လေးပါးအား စကြာမင်းဦးဖြစ်သကဲ့သို့ အာနန္ဒာစ္ဆရိယာလည်း ဖြစ်ဏ်ဟုမိန့်တော်မူဏ်။ ။

၇၁။ ဤကုသိနာရုံပြည့်ငယ်၌ပရိနိဗ္ဗာန်ပြုပလေသည်ဟု ဉာဏ်အာနန္ဒာလျှောက်၍ငါမဟာသုဒဿနစကြာမင်းဖြစ်စဉ်က။ ဤကုသိနာရုံပြည်သည်ကုသဝတီရာဇဓာနီကြီးဖြစ်ဘူး ပြီဟုမဟာသုဒဿနသုတ်ကိုဟောတော်မူရာ။

ဤသို့ မြတ်စွာဘုရားမိန့်တော်မူသည်ရှိသော်။ အဉာဏ်အာနန္ဒာသည် မြတ်စွာဘုရားကို ဤသို့လျှောက်ဏ်။ ဘုန်းတော်ကြီးသော ဉာဏ်ပင်ဘုရား၊ ဉာဏ်ပင်ဘုရားသည် ဤငယ်စွာသော သစ်ခက်သဘွယ် ဖြစ်သော မြို့၌ ပရိနိဗ္ဗာန်ပြုတော်မမူပါလင့်။ စမ္ပာနဂိုရ်၊ ရာဇဂြိုဟ်၊ သာဝတ္ထိ၊ သာကေတ၊ ကောသမ္ဗီ၊ ဗာရာဏသီအစရှိသော မြို့ကြီးတို့သည် ရှိပါကုန်ဏ်။ ထိုမြို့ကြီးတို့၌ဉာဏ်ပင်ဘုရားသည်ပရိနိဗ္ဗာန်ပြုတော်မူပါလော့။ထိုမြို့တို့၌ များစွာကုန်သောခတ္တိယမဟာသာလ၊ ဗြာဟ္မဏမဟာသာလ၊ဂဟပတိမဟာသာလအမျိုးတို့သည် မြတ်စွာဘုရား၌ အလွန်ကြည်ညိုကုန်ဏ်။ ထိုအမျိုးတို့သည် မြတ်စွာဘုရားဏ်ကိုယ်တော်ကို ကြီးစွာသောပူဇော်သက္ကာရကိုပြု၍ ဗုတ်ကြဉ်းသင်္ကြိုဟ်ကုန်လတ္တံ့ ဟူ၍ လျှောက်ဏ်၊ ။ ထိုသို့ လျှောက်သောအခါ၌။ ချစ်သား အာနန္ဒာ၊ ဤကုသိနာရုံပြည်ကို မြို့ကြီးတို့ဏ် အတုအပသာ၊ ငယ်လွယ်စွာသောမြို့၊ ကျတ်တီးကုန်းခင်ဖြေ ပြင်မညီမညွတ်သောမြို့။ သစ်ပင်၌ သစ်ခက်သဘွယ် ငယ်စွာသောမြို့ ဟူ၍မဆိုလင့်။ အာနန္ဒာ၊ဤသို့မဆိုပါလင့်။ ဖြစ်ဘူးလေသည်ကား။ အာနန္ဒာ၊ ငါဘုရားအလောင်း သူတော်ကောင်းသည့် စကြာကို လည်စေတတ်သော၊ တရားနှင့်ညီစွာ ကျင့်သော၊ တရားမင်းဖြစ်သော၊ လေးကျွန်းလုံးကိုအစိုးရသော၊ အောင်အပ်ပြီးသောစစ်မြေရှိသော၊ ဇနပုဒ်ဏ်၌ မြဲမြံခိုင်ခံ့ခြင်းသို့ ရောက်သော၊ စကြာရတနာ၊ ဆင်ရတနာ၊ မြင်းမုတနာ၊ မိဘုရားရတနာ၊ သားကြီးရတနာ၊ ပဏ္ဍုမြားရတနာ၊ သူဌေးကြီးရတနာ။ ဤရတနာခုနစ်ပါးနှင့် ပြည့်စုံသော မဟာသုဒဿန အမည်ရှိသော စကြာမင်းသည်ဖြစ်ဏ်။ ချစ်သားအာနန္ဒာ၊ မဟာသုဒဿနစကြာမင်းအား ဤကုသိနာရုံပြည်ဟူသည် ကုသဝတီအမည်ရှိသောမင်းနေပြည်

ကြီးသည်ဖြစ်၏။ အရှေ့အနောက်အားဖြင့် အလျား တဆဲ့နှစ်ယူဇနာရှိ၏။ တောင်မြောက်အားဖြင့် အနံခုနစ်ယူဇနာရှိ၏။ အာနန္ဒာ၊ ကုသဝတီမည်သော မင်းနေပြည်သည် ခပ်သိမ်းသော ကာမဂုဏ်နှင့်ပြည့်စုံ၏။ စည်ပင်ပွင့်လန်း၏။ များစွာသောလူရှိ၏။ တရော့တပါးသော လူမျိုးတို့ဖြင့်ပြွမ်း၏။ ဝေပြာသာယာ၏။ ဥပမာကား။ အာနန္ဒာ၊ကုဝေရနတ်မင်းကြီးတို့အား အာဠဝကမန္ဒာမည်သောမင်းနေပြည်သည်ပြည့်စုံသကဲ့သို့။ ပွင့်လန်း စည်ပင်သကဲ့သို့။ များသော လူရှိသကဲ့သို့။ ဘိလူးမျိုးတို့ဖြင့် ပြွမ်းသကဲ့သို့။ ကုသဝတီပြည်ကြီးသည် ပြည့်စုံပွင့်လန်း စည်ပင် သာယာဝေပြာ၏။ များစွာသောလူရှိ၏။ လူမျိုးတို့ဖြင့်ပြွမ်း၏။ ချစ်သားအာနန္ဒာ၊ ကုသဝတီရာဇဓာနိသည်၊ ညဉ့်ခွဲဂုဏ်း၊ နေ့ခွဲဂုဏ်း၊ ဆင်သံ၊ မြင်းသံ၊ ဘုန်းရှိသောသူတို့၏ သွားလာလှည့်ပတ်ရာစီးသော ရထားတို့၏ အသံ၊ စည်ကြိုးသံ၊ မုရိုးစည်သံ၊စောင်းသံ၊သိုင်ချင်းသံ၊ ကြေ ဖြင့်ပြိုးသောခွက်ခွင်းသံ၊မောင်းကြေးနင်းအသံ၊ခရာသင်းသံ၊စားလှည့်ကုန်သောက်လှည့်ကုန်ခေါ်သောအသံ။ ဤဆယ်ပါးသော အသံတို့ဖြင့် မဆိတ်သည်ဖြစ်၏။ အာနန္ဒာ၊ကုသဝတီမင်းနေပြည်ကြီးသည်၊ ရွှေတံတိုင်း၊ ငွေတံတိုင်း၊ ကြောင်မျက်ရွဲ့ တံတိုင်း၊ ဖလ် တံတိုင်း၊ ပတ္တမြားနီ တံတိုင်း၊ ပတ္တမြားပြောက်တံတိုင်း၊အလုံးစုံသောရတနာဖြင့်ပြွမ်းသောတံတိုင်း။ ဤတံတိုင်းခုနစ်ထပ်တို့ဖြင့် ရံအပ်၏။ အာနန္ဒာ၊ ကုသဝတီပြည်ကြီး၌၊ ရွှေတံခါး၊ ငွေတံခါး၊ ကြောင်မျက်ရွဲ့ တံခါး၊ ဖလ်တံခါး။ ဤသို့အားဖြင့် အဆင်းလေးပါးရှိသောတံခါးတို့သည်ဖြစ်ကုန်၏။တရတရသောတံခါးခွ ခုနစ်ခုခုနစ်ခုကုန်သော တံခါးတုရိုက်ကားတို့ဝိုင်းမိုသည် စိုက်ကုန်၏။ အရပ်သုံးသွယ်သုံးသူစီ မြေခွဝင်ကုန်၏။ အတောင်အားဖြင့် တဆဲ့ငါးတောင်မြေခွဝင်၏။ အစောက်အားဖြင့် တဆဲ့နှစ်သူမြင့်၏။ အတောင်ပေါင်းခြောက်ဆယ်မြင့်၏။ တုရိုက်ားထိုင့်တခုသည် ရွှေဖြင့်ပြီး၏။ တခုသည်ငွေ၊ တခုသည် ကြောင်မျက်ရွဲ့၊ တခုသည်ဖလ်၊ တခုသည်ပတ္တမြားနီ၊ တခုသည် ပတ္တမြားပြောက်၊ တုရိုက်ားဟိုင်တခုသည် အလုံးစုံသောရတနာတို့ဖြင့် ပြီး၏။ အာနန္ဒာ၊ ကုသဝတီပြည်သည်၊ ရွှေထန်းပင်အစည်။ ငွေထန်းပင်အစည်။ ကြောင်မျက်ရွဲ့ဖြင့် ပြီးသော ထန်းပင်အစည်။ ဖလ်ဖြင့်ပြီးသော ထန်းပင်အစည်။ ပတ္တမြားနီဖြင့်ပြီးသောထန်းပင်အစည်။ပတ္တမြားပြောက်ဖြင့်ပြီးသောထန်းပင်အစည်။ အလုံးစုံသောရတနာဖြင့်ပြီးသောထန်းပင်

အစဉ်အားဖြင့်။ ထန်းရုနစ်စဉ်တို့ဖြင့် ရုံအပ်ဏ်။ တံတိုင်း ခုနစ်ထပ်တို့ဏ်
အတွင်း၌ တစဉ်စိတည်း။ ဖွေဖြင့်ပြီးသောထန်းပင်၌ ဖွေဖြင့်ပြီးသောပင်
စည်။ငွေသိုးငွေရွက်တို့သည်ဖြစ်ကုန်ဏ်။ငွေဖြင့်ပြီးသောထန်းပင်၌ငွေ
ဖြင့်ပြီးသောပင်စည်။ ဖွေသိုးဖွေရွက်။ ကြောင်မျက်ရွဲထန်းပင်၌ ကြောင်
မျက်ရွဲဖြင့်ပြီးသော ပင်စည်။ ဖလ်သိုးဖလ်ရွက်။ ဖလ်ဖြင့်ပြီးသောထန်း
ပင်၌ ဖလ်ဖြင့်ပြီးသောပင်စည်။ကြောင်မျက်ရွဲအသိုးအရွက်။ ပတ္တမြားနီ
ဖြင့်ပြီးသောထန်းပင်၌ ပတ္တမြားနီဖြင့်ပြီးသောပင်စည်။ပတ္တမြားပြာက်
အသိုးအရွက်။ပတ္တမြားပြောက်ထန်းပင်၌ပတ္တမြားပြာက်ပင်စည်။ပတ္တ
မြားနီ အသိုးအရွက်။ အလုံးစုံ ရတနာဖြင့်ပြီးသောထန်းပင်၌ အလုံးစုံ
ရတနာဖြင့်ပြီးသောပင်စည်။ အလုံးစုံသောရတနာဖြင့်ပြီးသော အသိုး
အရွက်တို့သည်ဖြစ်ကုန်ဏ်။လေဖြင့်ခတ်ကုန်သော် ထိုထန်းပင်စည်တို့
ဏ်အသံသည် သာယာသည်၊တပ်ဘွယ်ရှိသည်၊နာခြင်းငှါခန့်သည်၊နှလုံး
မွေ့လျော်ဘွယ်ရှိသည် ဖြစ်ဏ်။ ဥပမာကား။ အာနန္ဒာ၊ ကောင်းစွာတိုး
မှုတ်အပ်သော အသံနှင့်ပြည့်စုံသော အင်္ဂါငါးပါးနှင့်ပြည့်စုံသော စည်
စောင်းငြင်းဏ်အသံသည် သာယာသည်၊ တပ်ဘွယ်ရှိသည်၊ နာခြင်းငှါ
ခန့်သည်၊ နှလုံးမွေ့လျော်ဘွယ် ရှိသည် ဖြစ်သကဲ့သို့။ ညင်းညင်းသော
လေသည်ခတ်အပ်သောဇဏ်းခက်ထန်းရွက်တို့ဏ်အသံသည် သာယာ
နာပျော်ဘွယ်နှလုံးမွေ့လျော်ဘွယ်ရှိလတ်ဏ်။ ထိုရောအခါ။ အာနန္ဒာ၊ကုသ
ဝတီပြည်ကြီး၌ သေသောက်ကြွေး၊ ကြွေအန် လောင်းကြွေး၊ ပိန်းမကြွေး
သောသူတို့သည် ညင်းညင်းသာသောလေသည် ခတ်အပ်ကုန်သည်ရှိ
သော်။ ထိုထန်းပင် ထန်းလက် ထန်းရွက်တို့ဏ်အသံကိုနာခံလျက် သာ
ယာပျော်မြွေးကုန် စံစားကုန်ဏ်။ ချစ်သားအာနန္ဒာ၊ မဟာသုဒဿနမည်
သော စကြာမင်းသည် ရတနာ ခုနစ်ပါးနှင့်ပြည့်စုံဏ်။ တန်းခိုးလေးပါး
နှင့် ပြည့်စုံဏ်။ ။ရတနာ ခုနစ်ပါးဟူသည် အဘယ်နည်း ဟူမူကား။
(၁)အာနန္ဒာ၊တဆဲ့ငါးရက်ဥပုသ်နေ့၌ ဦးခေါင်းလျော်ပြီးသော် ဥပုသ်
သီလဆောက်တည်၍ မြတ်သော ပြာသာဒ်ထက်၌ နေသော မဟာသု
ဒဿနမင်းအား တထောင်သော အကနှိုးရှိသော၊ အကွပ်နှင့်တကွဖြစ်
သော၊ ပုံတောင်းနှင့်တကွဖြစ်သော အလုံးစုံသောအခြင်းအရာနှင့်ပြည့်
စုံသော၊ နတ်၌ ဖြစ်သော စကြာရတနာသည် အဂ္ဂေ့လောကဓာတ်မှ
သမုဒ္ဒါက ပေါ်၍လာသကဲ့သို့ ဖြစ်လာဏ်။ ထိုစကြာရတနာကို မြင်၍

မဟာသုဒဿနမင်းအံ့ဘွယ် ဤသို့သော စိတ်အကြီသည် ဖြစ်၏။ ငါကြားဘူးသည်ကား။ ဦးထိပ်၌သွန်းအပ်ပြီးသော အဘိသိက်ရှိသော၊ ဥပုသ်နေ့၌ဥပုသ်သုံးပြီး၍၊ ပြာသာဒ်ထက်၌နေသောအကြင်မင်းအား နတ်၌ဖြစ်သောစကြာရတနာသည်ထင်ရှားဖြစ်၏။ ထိုမင်းသည်စကြဝတေးမင်းဖြစ်၏ဟု ဆို၏။ ငါသည်လည်း စကြဝတေးမင်းဖြစ်၏ဟု ကြံ၏။ ဤသို့ ကြံပြီးသောအခါ၌ မဟာသုဒဿနမင်းသည် နေရာမှထ၍၊ ပခုံးတဘက်၌ ကိုယ်ဝတ် တဘက်ရုံတင်၍၊ လက်ဝဲလက်ဖြင့် ရွှေကရားကို ကိုင်ပြီးလျှင်၊ လက်ျာလက်ဖြင့် စကြာရတနာကို အရှင်စကြာ ရတနာသည် လည်စေသတည်း၊ အရှင်စကြာရတနာသည် ရန်အပေါင်းကို အောင်စေသတည်းဟု ဆို၍ ရေစင် ဖျန်း၏။ ထိုအခါ စံကြာရတနာသည် အရှေ့အရပ်မျက်နှာ ပြုဗွဝိဒေဟာကျွန်းသို့လည်လေ၏။ စစ်အင်္ဂါလေးပါးသည်လည်း မဟာသုဒဿနစကြာမင်းနှင့် တကွ အနီးရှိကပ်၍ ပါလေ၏။ အကြင် အရပ်၌ စကြာသည် ရပ်၏၊ ထိုအရပ်၌ မင်းကြီးသည် စစ်အင်္ဂါလေးပါးနှင့်တကွ နေခြင်းကဲ့ပြု၏။ ထိုအရှေ့ကျွန်းရှိ မင်းတို့သည် စကြာမင်းသို့ကပ်လာကုန်၍။ မြတ်သောမင်းကြီး၊လာတော်မူလော့။ အရှင်မင်းကြီး၏ လာခြင်းသည် ကောင်းသောလာခြင်းတည်း။ အရှင်မင်းကြီး၏ ဥစ္စာဖြစ်သောတံခွန်ပြည့်ကို ဆုံးမတော်မူလော့ဟုဆိုကုန်၏။ မဟာသုဒဿနမင်းသည်ဤသို့ဆို၏။ သတ္တဝါကိုမသတ်အပ်။ အရှင်မပေးသောဥစ္စာကိုမယူအပ်။ ကာမေသုမိစ္ဆာစာရကိုမကျင့်အပ်။ မုသားမဆိုအပ်။ သေအရက်ကိုမသောက်အပ်ဟူ၍ ပဉ္စသီလဖြင့်ဆုံးမ၏။တိုင်းပြည်ကို အစိုးရမြဲတိုင်းလည်း အစိုးရလေ့လော့ဟု မိန့်တော်မူ၏။ထိုကျွန်းမင်းတို့သည်စကြဝတေးမင်းသို့အစဉ်လိုက်၍ ကျင့်ကုန်၏။ ထိုအခါ စကြာရတနာသည်အရှေ့သမုဒ္ဒါသို့သက်၍ သမုဒ္ဒါမှကာက်၍ တောင်ကျွန်းသို့လည်၏။ တောင်သမုဒ္ဒါသို့ သက်၍ တဘန်တက်၍ အနောံအပရဂေါယာဉ်ကျွန်းသို့လည်၏။ အနောက်သမုဒ္ဒါသို့ သက်၍ တဘန်ဟက်၍ မြောက်ဥတ္တရကုရုကျွန်းသို့လည်၏။ ထိုကျွန်းတို့၌ရှိ မင်းတို့သည်လည်းလာ၍ အဆုံးအမခံကုန်သဖြင့် အရှေ့ကျွန်းရှိကဲ့သို့ဆုံးမပြီး၍။ မြောက်သမုဒ္ဒါသို့သက်၍ တဘန်တက်၍ ဇမ္ဗူ။ ဒိဉ်ကျွန်းသို့ လာ၍၊ မဟာသုဒဿနမင်း၏ နန်းတော်တံခါး ဇွန်းလွတ်တော်ဦးရှိ မင်းအိမ်တော်ကို တင့်တယ်စေလျက်။ ဝင်ရိုးဖြင့်ခိုက်သကဲ့သို့ တည်၏။ ဤသို့

သဘောရှိသောစကြာရတနာသည်ဖြစ်၏။ ။(၂)တပါးလည်း၊အာနန္ဒာ၊ မဟာသုဒဿနမင်းအား အလုံးစုံဖြူသော၊ ဖြဴဖွံ့ခုနစ်ပါးသောထိခြင်းရှိသော၊ တန်းခိုးကြီးသော၊ ကောင်းကင်သွားတတ်သောဥပေါသထအမည်ရှိသော ဆင်ရတနာသည်ဖြစ်၏။ ထိုဆင်ရတနာကိုဖြင်သောသုဒဿနမင်းကြီးအား။ အချင်းဆင်သည် ကောင်းစွာအုပ်ကယ်၍ ငါ့ကိုလုပ်ကျွေးအံ့။ ကောင်းစွပ်ကူ၍စိတ်သည်ကြည်လင်၏။ ထိုအခါ ထိုဥပေါသထဆင်ရတနာသည် ဥပမာကား နေ့ည၌ရှည်စွာဆုံးမပြီးသော ဂန္ဓဟတ္ထိ ဆင်အာဇာနေယျကဲ့သို့။ ထို့အတူ ယဉ်ကျေးခြင်းသို့ ရောက်၏။ ဖြစ်ဘူးသည်ကား။ အာနန္ဒာ၊ မဟာသုဒဿနစကြာမင်းကြီးသည် ထိုဥပေါသထဆင်ရတနာကိုစုံစမ်းလို၍ နံနက်အခါ၌တက်စီး၍၊ သမုဒ္ဒါအဆုံးရှိသော လေးကျွန်းလုံးကိုလှည့်ခဲ့ပြီး၍ ကုသဝတီပြည်ကြီးသို့ ပြန်၍ နံနက်စာစား၏။ ဤသို့သဘောရှိသောဆင်ရတနာသည်ဖြစ်၏။ ။ (၃)တပါးလည်း။ အာနန္ဒာ၊အလုံးစုံဖြူသောကိုယ်ရှိသော၊ မည်းသောမင်ဆံ ရှိသော၊ ဖြူဆံ မြက်ကဲ့သို့ ထိပ်ဆံရှိသော။ တန်းခိုး ကြီးသော၊ ကောင်းကင်သို့ ပျံတတ်သော၊ ဝလာဟကမြင်းရတနာသည် မဟာသုဒဿနမင်းအား ဖြစ်လာ၏။ ထိုမြင်းကိုမြင်၍ ဆင်ခွကဲ့သို့စိတ်ဖြစ်သည်ရှိသော် ထိုမြင်းရတနာသည် ရှည်စွာသောညဉ့်ပတ်လုံး ဆုံးမပြီးသောကောင်းသော မြင်းအာဇာနည်ကဲ့သို့ ယဉ်ခြင်းသို့ ရောက်၏။ မဟာသုဒဿနစကြာမင်းကြီးသည် ထိုမြင်းရတနာကိုစုံစမ်းလို၍၊နံနက်အခါ၌ မြင်းရတနာကိုတက်စီး၍၊ သမုဒ္ဒါအဆုံးရှိသောလေးကျွန်းကို လှည့်၍ ကုသဝတီမြို့သို့ပြန်၍နံနက်စာစား၏။ဤသို့သဘောရှိသောမြင်းရတနာဖြစ်လာ၏။ ။(၄)အာနန္ဒာ၊ မဟာသုဒဿနမင်းအား ဝါး၏အဆင်းကဲ့သို့ အဆင်းရှိသော၊ ကောင်းသော အမျိုးရှိသော၊ စင်ကြယ်သော၊ မနောက်သောအရောင်ရှိသော၊ ရှစ်မြောင့်ရှိသော၊ အပြအပြစ်ပြုအပ်သော၊ လှည်းပုံတောင်းမျှ ပမာဏရှိသော၊ တယုဓနာအရပ်ကို ထွန်းလင်းစေနိုင်သော ပတ္တမြားရတနာသည် ဖြစ်၏။ ထိုပတ္တမြားရတနာကိုစုံစမ်းလိုသဖြင့်။ တန်းခွန်ဗျာဒိုင်ထား၍။ဗစ်အင်္ဂါလေးပါးနှင့်တကွ ဖိုက်လှစွာသောညဉ့်အခါ၌ မင်းကြီးသွားသော် ထက်ဝန်းကျင် တယုဓနာအတွင်း၌ရှိသော ရွာတို့သည် ပတ္တမြား၏အရောင်ဖြင့် ခပ်သိမ်းသောအမှတ်ရှိကိုပြုနိုင်ကုန်၏။ ဤသို့သဘောရှိသောပတ္တမြားသည်ဖြစ်၏။ ။

(၅)အာနန္ဒာ၊မဟာသုဒဿနမင်းအား အလွန်အဆင်းလှသော၊ ရွှေချင်ဘွယ်ရှိသော၊ ကြည်ညိုဘွယ်ရှိသော၊ ဖြတ်သောအဆင်းရှိသောကဲ့သို့ နှင့်ပြည့်စုံသော၊မဖြင့် မနိမ့် မကြီ မဆူ မပြူ မမည်းလွန်းသော။ လူတို့၏ အဆင်းကဲ့လွန်သော၊ တဆဲ့နှစ်တောင်တိုက်တွင်း၌ ထွန်းလင်းသောအရောင်ရှိသော၊နတ်တို့၏အဆင်းသို့မရောက်သော မိဘုရားရတနာသည်ဖြစ်၏။ထိုမိန်းမရတနာအားကိုယ်၏အတွေ့သည်လဝါစုဝါငွမ်းစုကဲ့သို့ဖြစ်၏။ ထိုမိန်းမ ရတနာအား ချမ်းသောအခါ၌ ပူ၏။ ပူသော အခါ၌ ချမ်း၏။ ကိုယ်မှစွန့်ကူးနှံ့သာအနံ့ကဲ့သို့၊ ခံတွင်းမှကြာညိုနှံ့ကဲ့သို့ လိုင်စွာ ငမွှး၏။ ထိုမိန်းမရတနာသည် မဟာသုဒဿနမင်း၏ရှေးဦးစွာထဝင်လွှ ရှိ၏။ နောက်မှအိပ်လွှရှိ၏။ အဘယ်အမှုကိုပြုရအံ့နည်းဟု မင်းကြီး၏ အဆုံး အဖြတ်ကို ခံလွှရှိ၏။ နှစ်လိုဘွယ်ကဲ့ ကျင့်လွှရှိ၏။ ချစ်ဘွယ်သောစကားကိုဆိုတတ်၏။ ထိုမိန်းမရတနာသည် မင်းကြီးအား နှလုံးဖြင့်မျှလည်း လွန်ကျူး၍ မကျင့်။ ကိုယ်ဖြင့်သော်ကား ဆိုရာမရှိသည်သာလျှင်တည်း။ ဤသို့သဘောရှိသော မိန်းမရတနာသည်ဖြစ်၏။ ။

(၆)အာနန္ဒာ၊ တပါးတံလည်း မဟာသုဒဿနမင်းအား သူကြွယ်ရတနာသည်ဖြစ်၏။ ထိုသူကြွယ်ရတနာအား ကံအကျိုးကြောင့် ဖြစ်သောနတ်မျက်စိသည်ဖြစ်၏။ထိုနတ်မျက်စိဖြင့်မြေအိုးအထဲ၌မြှုပ်ထားသောအရှင်ရှိသောဥစ္စာ၊အရှင်မရှိသောဥစ္စာကိုမြင်နိုင်၏။ ထိုသူကြွယ်ရတနာသည့် မင်းသို့ကပ်လာ၍။ အရှင်မင်းမြတ်သည် ကြောင့်ကြမဲ့ဖြစ်တော်မူ။ အကျွန်ုပ်သည် ဥစ္စာဖြင့်ပြုအပ်သောအမှုကိုပြုပါအံ့ဟု လျှောက်၏။ ဖြစ်ဘူးလေသည်ကား အာနန္ဒာ၊ ထိုသူကြွယ်ရတနာကို အလိုစမ်းလို၍ မဟာသုဒဿန စကြာမင်းကြီးသည် လွှသို့ တက်၍။ ဂင်္ဂါမြစ်လယ်ရေအယဉ်သို့သက်၍၊ သူကြွယ်၊ ငါ့အားရွှေငွေဖြင့်အလိုရှိ၏။ ငါ့အားပေးလော့ဟူ၍ ဆို၏။ မြတ်သောမင်းကြီး၊ ထိုသို့တပြီးကား ကမ်းနားတဘက်သို့ လွှကိုကပ်တော်မူပါစေဟုလျှောက်၏။ ဤမြစ်လယ်၌သာငါ ရွှေငွေဖြင့်အလိုရှိ၏ဟုဆိုသော်။ ထိုအခါ အာနန္ဒာ၊သူကြွယ်ရတနာသည် လက်နှစ်ဘက်တို့ဖြင့် ဇရကိုသုံးသပ်၍၊ ရွှေငွေဖြင့်ပြည့်သောဒိုးကိုဇုတ်ဆယ်၍ ဤမျှသောဥစ္စာဖြင့်တန်ပြီလော။ အရှင်မင်းကြီး၊ ဤမျှဖြင့်အမှုပြုလောက်ပြီလောဟုလျှောက်၏။ သူကြွယ်တန်ပြီ၊ ဤမျှဖြင့်အမှုပြုလောက်ပြီဟု မင်းကြီးဆို၏။ ဤသို့သဘောရှိသော သူကြွယ်ရတနာ

သည် မဟာသုဒဿနမင်းကြီးအဖြစ်၏။ ။(၇)တပါးလည်း အာနန္ဒာ၊ မဟာသုဒဿနစကြာမင်းကြီးအား။ ပညာရှိသော၊ လိမ္မာသော၊ အကြောင်းအကျိုးကိုမြင်သော၊ ပညာရှိသော။ မင်းကြီးကိုကပ်စေအပ်သောသူကို ကပ်စေခြင်းငှါ၊ ဖဲစေအပ်သောသူကို ဖဲစေခြင်းငှါ၊ ထားအပ်သောသူကို ထားခြင်းငှါစွမ်းနိုင်သော သားကြီးရတနာသည်ဖြစ်၏။ ထိုသားကြီးရတနာသည် မင်းကြီးသို့ ကပ်၍ အနှောင်မင်းမြတ်သည် ကြောင့်ကြမဲ့ဖြစ်တော်မူ။ အကျွန်ုပ်သည် ဆုံးမအံ့ဟုလျှောက်၏။ ဤသို့သော သားကြီးရတနာသည် မဟာသုဒဿနမင်းအား ထင်ရှားဖြစ်လာ၏။ ချစ်သားအာနန္ဒာ၊ မဟာသုဒဿနမင်းသည် ဤရတနာခုနစ်ပါးနှင့် ပြည့်စုံ၏။ ။

အာနန္ဒာ၊ မဟာသုဒဿနမင်းသည် တန်းခိုးလေးဟူးနှင့် ပြည့်စုံ၏။ လေးပါးကား အဘယ်နည်း။ ။(၁)အာနန္ဒာ၊ မဟာသုဒဿန မင်းသည်၊ အဆင်းလှသည်၊ ကြည်ညိုဘွယ်ရှိသည်၊ ဖြူတ်သောအဆင်းရှိသောကိုယ်နှင့်ပြည့်စုံသည်၊တပါးသောသူတို့ထက် လွန်မြတ်သောအဆင်းရှိသည်ဖြစ်၏။ အာနန္ဒာ၊မဟာသုဒဿနစကြာမင်းအား ဤရှေးဦးစွာသောတန်းခိုးနှင့်ပြည့်စုံ၏။ ။(၂)အာနန္ဒာ၊ မဟာသုဒဿနစကြာမင်းသည်အသက်ရှည်လှသည်။ တပါးသောသူတို့ထက်ကြာမြင့်စွာတည်သည်ဖြစ်၏။ဤနှစ်ကြိမ်မြောက်သောတန်းခိုးနှင့်ပြည့်စုံ၏။ ။(၃)အာနန္ဒာ၊မဟာသုဒဿနမင်းသည် အနာနည်းသည်၊ကြောင့်ကြနည်းသည်၊ အမျှ ကျက်စေတတ်သော ဝမ်းမြီးနှင့် ပြည့်စုံသည်၊ မချမ်းလွန်းသော် ဝမ်းမြီး၊ မပူလွန်းသောဝမ်းမြီးနှင့်ပြည့်စုံသည်ဖြစ်၏။ ဤသုံးခမြောက်သော တန်းခိုးနှင့်ပြည့်စုံ၏။ ။(၄)အာနန္ဒာ၊ အဘသည် သားကို ချစ်နှစ်လို့ အပ်သကဲ့သို့။ မဟာသုဒဿနမင်းသည် ပုဏ္ဏားသူကြွယ်တို့ကို ချစ်နှစ်လို့အပ်သည်ဖြစ်၏။ သားသည် အဘကိုချစ်နှစ်လို့အပ်သကဲ့သို့။ ပုဏ္ဏားသူကြွယ်တို့သည် မဟာသုဒဿနမင်းအား ချစ်နှစ်လို့အပ်သည်ဖြစ်၏။ ဖြစ်ဘူးသည်ကား အံ့ဖွယ်နန္ဒာ၊ မဟာသုဒဿနမင်းသည် စစ်အင်္ဂါလေးပါးနှင့်တကွ ဥယျာဉ်မြေသို့သွား၏။ ထိုဒေဝီ ပုဏ္ဏားသူကြွယ်တို့သည် မဟာသုဒဿနမင်းသို့ ကပ်လာကုန်၍။ အနှောင်မင်းကြီး၊ အကြင်အခြင်းဖြင့်အနှောင်မင်းကြီးသွားတော်မူသည်ရှိသော် အနှောင်မင်းကြီးကိုအကျွန်ုပ်တို့သည်ကြာမြင့်စွာမှုးမြင်ရကုန်၏။ ထိုအခြင်းဖြင့် ဖြည်းညင်းစွာသွား

တော်မူပါ၎လေ့ဟု၎လျောက်၏။ မဟာဝဒသနမင်းသည်လည်း။ အချင်းရထားထိန်း၊ အကြင်အခြင်းဖြင့်ရထားကို နှင်သည်ရှိသော် ပုဏ္ဏားသူကြွယ်တို့ကို ငါသည် ကြာမြင့်စွာဖူးမြင်ရ၏။ ထိုအခြင်းဖြင့် ဖြည်းညင်းစွာ သင်သည် ရထားကိုနှင်လေ့ဟုဆို၏။ အာနန္ဒာ၊ မဟာသုဒဿနစကြာမင်းသည်ဤသို့သဘော်ရှိသောတန်းခိုးလေးပါးနှင့်ပြည့်စုံ၏။

ထိုအခါအာနန္ဒာ၊မဟာသုဒဿနစကြာမင်းသည် ထိုထန်းပင်ကြားတို့၌။ လေးအပြန်တရာ တရာရှိသော လေးထောင့်ရေကန်တို့ကို ဘန်ဆင်း၏။ ထိုရေကန်တို့ကို ရွှေအုတ်၊ငွေအုတ်၊ ကြောင်မျက်ရွဲအုတ်၊ဖလိအုတ်အားဖြင့်၊ လေးပါးသော အမျိုးရှိသောအုတ်တို့ဖြင့် စီအပ်ကုန်၏။ ထိုရေကန်တို့၌ ရွှေစောင်းတန်း၊ငွေစောင်းတန်း၊ ကြောင့်မျက်ရွဲစောင်းတန်း၊ ဖလိစောင်းတန်းအားဖြင့် လေးပါးသောအဆင်းရှိသော စောင်းတန်းတို့သည်ဖြစ်ကုန်၏။ ရွှေစောင်းတန်း၌ရွှေဖြင့်ပြီးသောတိုင်။ ငွေဖြင့်ပြီးသောအခြင်းအထွတ်တို့သည်ဖြစ်ကုန်၏။ ငွေစောင်းတန်း၌ ငွေတိုင်၊ ရွှေခြင်ရွှေထွတ်။ ကြောင်မျက်ရွဲစောင်းတန်း၌ ကြောင်မျက်ရွဲတိုင်။ ဖလိခြင်ဖလိထွတ်။ဖလိစောင်းတန်း၌ ဖလိဖြင့်ပြီးသောတိုင်။ ကြောင်မျက်ရွဲအခြင်အထွတ်တို့သည် ဖြစ်ကုန်၏၊ ထိုရေကန်တို့ကို နှစ်စဉ်သောပွတ်တိုင်တို့ဖြင့်ရံအပ်ကုန်၏။ စာစဉ်သည်ရွှေဖြင့်မြို၏။ တစဉ်သည် ငွေဖြင့်ပြီး၏။ ရွှေဖြင့်ပြီးသောပွတ်တိုင်စဉ်၌ ရွှေတိုင်၊ ငွေခြင်ငွေထွတ်။ ငွေဖြင့်ပြီးသောပွတ်တိုင်စဉ်၌ ငွေတိုင်၊ ရွှေခြင်ရွှေထွတ်တို့ဖြင့် ပြီးကုန်၏။ ။ ထိုရောအခါ အာနန္ဒာ၊မဟာသုဒဿန စကြာမင်းသည်။ စင်စစ်သော်ကား။ ဤရေကန်တို့တွင်၊ဥတုသုံးပါးတို့နွံပွင့်သောကြာညို၊ကြာဖြူ၊ကြာနီ၊ကြာပဒုမာ၊ ကုမုဒြာကြာ၊ ကြာပုဏ္ဍရိက်တို့ကို ခပ်သိမ်းသောသူတို့အားဆီးတားပိတ်ပင်ခြင်းမရှိသည်ကဲ့ပြု၍စိုက်စေ၏။ ။ထိုအခါ အာနန္ဒာ၊မဟာသုဒဿနစကြာမင်းသည် ထိုးရေကန်တို့၏ကမ်းနားဌာနရေချိုးတတ်သောယောကျ်ားတို့ကိုအစောင့်ထား၏။ ထိုအစောင့်ယောကျ်ားတို့သည် လာတိုင်းလာတိုင်းသောသူတို့ကို ရေချိုးစေကုန်၏။ ။ထိုရောအခါ အာနန္ဒာ၊ မဟာသုဒဿနစကြာမင်းသည် ထိုရေကန်တို့၏ကမ်းနားဌာန ဤသို့သဘောရှိသောအလှူကိုဖြစ်စေ၏။ ထမင်းကိုလိုသောသူအား ထမင်းကိုဖြစ်စေ၏။ အဖျော်ကိုအလိုရှိသောသူအား အဖျော်ကို။ အဝတ် ပုဆိုးကို အလိုရှိသောသူအား အဝတ်ပုဆိုးကို။ ယာဉ်ကို

အလိုရှိသော သူတို့အား ယာဉ်ကို။ အိပ်ရာကိုအလိုရှိသော သူကို့အား အိပ်ရာကို။ မိန်းမကို အလိုရှိသော သူတို့အား မိန်းမကို။ ငွေကိုအလိုရှိသောသူတို့အားငွေကို။ ရွှေကိုအလိုရှိသောသူတို့အား ရွှေကိုဖြစ်စေ၏။ ဤသို့အလှူပေးခြင်းကိုဖြစ်စေ၏။ ။

ထိုအခါ အာနန္ဒာ၊ များစွာသော ပုဏ္ဏားသူကြွယ်တို့သည် များစွာသော ရွှေ၊ငွေ၊နီလာ၊သန်္ခာ၊ ကြောင်မျက်ရွဲ့ အစရှိသော ဥစ္စာနှစ်တို့ကို ယူခဲ့ကုန်၍မင်းကြီးသို့ကပ်လာကုန်၍။ အရှင်မင်းကြီး၊ ဤဥစ္စာနှစ်တို့ကို အရှင်မင်းကြီးအားရည်၍ဆောင်ခဲ့ကုန်၏။အရှင်မင်းကြီးသည်ယူတော်မူလော့ဟုလျှောက်ကုန်၏။ အဖောင်တို့၊ ငါ့အားအလိုမရှိ။ ငါ့အားများစွာသောဥစ္စာနှစ်ရှိ၏၊ တရားနှင့်လျှော်စွာသော အခွန်ဖြင့် စီရင်အပ်၏။ သင်တို့ဆောင်ခဲ့အပ်သော ထိုဥစ္စာသည် သင်တို့အားပင်ဖြစ်စေတော့။ ဤငါ၏ နန်းတော်မှလည်း။ သင်တို့ဆောင်ယူခဲ့သည့်ဥစ္စာထက် အလွန်ဆောင်ယူ ပါလေကုန်ဟု မဟာသုဒဿန စကြာမင်းကြီး ဆို၏။ ထိုပုဏ္ဏားသူကြွယ်တို့သည်၊ မင်းကြီးသည် ပယ်တော်မူအပ်သည်ရှိသော် တင့်အပ်သောအရပ်သို့ဖဲပြီးလျှင် ကြံကြကုန်၏။ ဤဥစ္စာနှစ်တို့ကို ငါတို့သည်တဘန်လျှင်မိမိတို့၏အိမ်သို့ဆောင်ကုန်အံ့။ဤသို့ဆောင်ခြင်းသည် ငါတို့အားမလျောက်ပတ်။အကယ်၍ကား ငါ့ဘို့သည်ဤဥစ္စာနှစ်တို့ဖြင့် မင်းကြီး၏နန်းတော်ကို ဆောက်အံ့ဟု ကြံကုန်၍ မင်းကြီးသို့ ကပ်လာကုန်၍။အကျွန်ုပ်တို့သည် ရှင်မင်းကြီးအား နန်းတော်ဆောက်ပါကုန်အံ့ဟုလျှောက်ကုန်၏။ မဟာသုဒဿန စကြာမင်းသည် ဆိတ်ဆိတ်နေသဖြင့်ဝန်ခံ၏။ ထိုရောအခါ အာနန္ဒာ၊ သိကြားမင်းသည် မဟာသုဒဿန စကြာမင်း၏စိတ်အကြံကို သိ၍။ ဝိသုကြံနတ်သားကို။ အချင်းဝိသုကြံ၊ လာလတ္တံ့၊ မဟာသုဒဿနစကြာမင်း၏နေရာတော်အလို့ငှါ ဓမ္မအာမည်ရှိသောပြာသာဒ်ကိုသင်ဘန်ဆင်းချေလော့ဟုဆို၏။ အရှင်သိကြားမင်း၊ ကောင်းပါဖြိုဟုဝန်ခံ၍။ ဥပမာကား။ အားရှိစွာသော ယောကျ်ားသည် ကွေးသောလက်ကို ဆန့်လိုက်သကဲ့သို့။ ဝိသုကြံနတ်သားသည် တာဝတိံသာနတ်ရွာ၌ကွယ်၍။ ကုသဝတီပြည်ကြီး၌ မဟာသုဒဿနစကြာမင်း၏ ရှေ့တော်၌ ထင်ရှားဖြစ်လာ၏။ ထိုရောအခါ အာနန္ဒာ၊ ဝိသုကြံနတ်သားသည် မဟာသုဒဿနမင်းကြီးကို။ အရှင်မင်းကြီး၊ အရှင်မင်းကြီး၏နန်းတော်ကို အကျွန်ုပ်သည်ဘန်ဆင်းအံ့။ ဓမ္မမည်သောပြာသာဒ်

ကိုဘန်ဆင်းအံ့ဟူ၍လျှောက်၏။ ထို၎ရောအခါ အာနန္ဒာ၊မဟာသုဒဿန စကြာမင်းသည် တုဏ္ဍိဘာဝဖြင့်ဝန်ခံ၏။ထိုအခါ အာနန္ဒာ၊ဝိသုကြိုနတ် သားသည် ဓမ္မအာမည်ရှိ၏သော ပြာသာဒ်ကို ဘန်ဆင်း၏။ အာနန္ဒာ၊ ဓမ္မ အာမည်ရှိ၏သော ပြာသာဒ်သည် အရှေ့အနောက် အလျားအားဖြင့် တယူ ဇနာရှိ၏။တောင်မြောက်အနုအားဖြင့် ပဉ္စဇနာခွရှိ၏။ပြာသာဒ်အောက်၌ အခင်းအကျည်ကား ယောက်ျားသုံးသူမြင့်၏၊ အတောင်အားဖြင့်တဆဲ့ ငါးတောင်ရှိ၏ ဟူလိုသည်။ ဒုတ် အခင်း၌၊ ရွှေ၊ ငွေ၊ ကြောင်မျက်ရွဲ၊ ဖလ်အားဖြင့် လေးပါးသော အဆင်းရှိသောဒုတ်တို့ဖြင့် စီအပ်၏။ ထို ပြာသာဒ်၏ သည်တိုင်တို့သည် ရှစ်ဆယ်သောင်း လေးထောင်တို့သည် ဖြစ် ကုန်၏။ ရွှေဖြင့်ပြီးသောတိုင်၊ ငွေဖြင့်ပြီးသောတိုင်၊ ကြောင်မျက်ရွဲဖြင့်ပြီး သောတိုင်၊ဖလ်ဖြင့်ပြီးသောတိုင်အားဖြင့် လေးပါးအဆင်းရှိသော တိုင် တို့သည်ဖြစ်ကုန်၏။အာနန္ဒာ၊ဓမ္မအာမည်ရှိသောပြာသာဒ်သည်။ ရွှေ၊ငွေ၊ ကြောင်မျက်ရွဲ၊ဖလ်ဖြင့်ပြီးသောအားဖြင့် လေးပါးအဆင်းရှိသော ပျဉ်တို့ဖြင့်ခင်းအပ်၏။ အာနန္ဒာ၊ဓမ္မမည်သောပြာသာဒ်အား နှစ်ဆဲ့ငါးသောခေါင်းတန်းတို့သည် ဖြစ်ကုန်၏။ ရွှေဖြင့်ပြီးသော ခေါင်းတန်း၊ ငွေဖြင့်ပြီးသော ခေါင်းတန်း၊ ကြောင်မျက်ရွဲဖြင့်ပြီးသော ခေါင်းတန်း၊ ဖလ်ဖြင့်ပြီးသော ခေါင်းတန်းအားဖြင့် လေးပါးအဆင်းရှိသည်ဖြစ်ကုန် ၏။ အာနန္ဒာ၊ ရွှေခေါင်းတန်း၌ ရွှေတိုင်တို့သည်ဖြစ်ကုန်၏။ ငွေခြင် ငွေ ထွတ်တို့သည် တပ်ကုန်၏။ ငွေခေါင်းတန်း၌ ငွေသည်တိုင်တို့သည် ဖြစ်ကုန်၏။ ရွှေခြင်ရွှေထွတ်တို့သည် တပ်ကုန်၏။ ကြောင်မျက်ရွဲခေါင်း တန်း၌ ကြောင်မျက်ရွဲတိုင်တို့သည်ဖြစ်ကုန်၏။ ဖလ်ဖြင့်ပြီးသောအခြင် အထွတ်တို့သည် တပ်ကုန်၏။ ဖလ်ခေါင်းတန်းတို့၌ ဖလ်သည်တိုင်တို့ သည်ဖြစ်ကုန်၏။ ကြောင်မျက်ရွဲ အခြင်အထွတ်တို့သည် တပ်ကုန်၏။ အာနန္ဒာ၊ ဓမ္မမည်သော ပြာသာဒ်၌ ရှစ်သောင်းလေးထောင် ကုန်သော ရုလစ်အထွတ်ရှိသောခန်းတိုက်တို့သည် ဖြစ်ကုန်၏။ ရွှေ၊ ငွေ၊ ကြောင် မျက်ရွဲ၊ ဖလ်အားဖြင့် လေးပါးသောအဆင်းတို့ဖြင့် ပြီးကုန်၏။ အာနန္ဒာ၊ ရွှေဖြင့်ပြီးသောခန်းတိုက်၌ ငွေပလ္လင်ကို ခင်း၏။ ငွေဖြင့်ပြီးသော ခန်း တိုက်၌ ရွှေပလ္လင်ကိုခင်း၏။ကြောင်မျက်ရွဲဖြင့်ပြီးသောခန်းတိုက်၌ ဆင် စွယ်ပလ္လင်ကိုခင်း၏။ဖလ်ဖြင့်ပြီးသောခန်းတိုက်၌ပတ္တမြားပြောက်ပလ္လင် ကိုခင်း၏။ရွှေဖြင့်ပြီးသောတိုက်ခန်းတံခါးဝ၌ ငွေဖြင့်ပြီးသောထန်းပင်

တို့သည်ဖြစ်ကုန်၏။ ငွေဖြင့်ပြီးသောပင်စည်၊ ရွှေဖြင့်ပြီးသော အရွက် အသီးတို့သည်ဖြစ်ကုန်၏။ ငွေဖြင့်ပြီးသော တိုက်ခန်းတံခါးဝ၌ ရွှေဖြင့် ပြီးသောထန်းပင်တို့သည် ဖြစ်ကုန်၏။ ရွှေဖြင့်ပြီးသောပင်စည်၊ ငွေဖြင့် ပြီးသောအသီးအရွက်တို့သည်ဖြစ်ကုန်၏။ ကြောင်မျက်ရွဲတိုက်ခန်းတံ ခါးဝ၌ ဗလ်ဖြင့်ပြီးသော ထန်းပင်တို့သည်ဖြစ်ကုန်၏။ ဗလ်ဖြင့်ပြီးသော ပင်စည်၊ ကြောင်မျက်ရွဲဖြင့်ပြီးသောအသီးအရွက်တို့သည် ဖြစ်ကုန်၏။ ဗလ်တိုက်ခန်းတံခါးဝ၌ ကြောင်မျက်ရွဲဖြင့် ပြီးသော ထန်းပင်တို့သည် ဖြစ်ကုန်၏။ ကြောင်မျက်ရွဲဖြင့်ပြီးသောပင်စည်၊ဗလ်ဖြင့်ပြီးသောအသီး အရွက်တို့သည်ဖြစ်ကုန်၏။ ။ထိုရောအခါ အာနန္ဒာ၊ မဟာသုဒဿန စကြာမင်းသည် မဟာဝိယူဟအမည်ရှိသော ငွေဖြင့်ပြီးသော တိုက်၏ တံခါးဝ၌၊ ရွှေဖြင့်ပြီးသော ထန်းတောကို ငါသည် ဘန်ဆင်းအံ့။ ဤရွှေ ထန်းတောဌ ဒေနေအံ့ဟုကြံ၍ ဘန်ဆင်း၏။ အာနန္ဒာ၊ မဟာသုဒဿန စကြာမင်းသည် မဟာဝိယူဟမည်သောငွေဖြင့်ပြီးသောတိုက်၏တံခါး ဝ ရွှေထန်းတောဌ နေ့နေခြင်းကိုပြု၏။ အာနန္ဒာ၊ ဓမ္မမည်သောပြာသာဒ် ကို ရွှေပွတ်တိုင် ငွေပွတ်တိုင်စည်အားဖြင့် ၃၅်စည်သော ပွတ်တိုင်တို့ဖြင့် ရံအပ်၏။ ရွှေပွတ်တိုင်တို့ဌ ငွေခြင် ငွေထွတ်။ ငွေပွတ်တိုင်တို့ဌ ရွှေခြင် ရွှေထွတ်တို့သည် ဖြစ်ကုန်၏။ အာနန္ဒာ၊ ဓမ္မပြာသာဒ်ကို ၃၅်ထပ်သော ရွှေဿာကွန်ရက်တို့ဖြင့်ခြဲရကုန်၏။ ရွှေကွန်ရက်တို့ဌ ငွေဿာတို့သည်ခြဲ ကုန်၏။ ငွေကွန်ရက်တို့ဌ ရွှေဿာတို့သည်ခြဲကုန်။ အာနန္ဒာ၊ လေသည် ခတ်အပ်ကုန်သော ထိုကွန်ရက်တို့၏ အသံသည် ကောင်းစွာသင်အပ် ပြီးသော အတတ်ရှိသော လိမ္မာတတ်လွန်စွာသောသူသည် ကောင်းစွာ တီးမှုတ်အပ်သော ပဉ္စင်တူရိယာ၏အသံသည် သာယာနာဘွယ် တပ် မက်ဘွယ်ရှိသကဲ့သို့ သာယာနာဘွယ်တပ်ချင်ဘွယ်ရှိ၏။ ထိုရောအခါ အာနန္ဒာ၊ ကုသဝတီပြည်၌ အကြင်သေသော်ကြွေးသောသူတို့သည်၊ ဓိန်းမကြွေးသော သူတို့သည်၊ ကြွေအန်လောင်းကြွေးသောသူတို့သည် ရှိ ကုန်၏။ ထိုသူတို့သည် ရွှေဿာကွန်ရက် ငွေဿာကွန်ရက်တို့၏ အသံဖြင့် ပျော်ပါး မြူးရွှန် စံစားကုန်၏။ ချစ်သား အာနန္ဒာ၊ ကောင်းစွာပြီးသော ဓမ္မပြာသာဒ်သည် မကြည့်ဝံ့သည်ဖြစ်၏။ မျက်စိမှူးဝေသိမ့်မှိ၏" ဥပမာ ကား အာနန္ဒာ၊ဓိဿဝါးလတို့၏နောက်၌ ဓိဿဝါးစပြီးသော် ကန်ဆောင်မုန်း လ၌ ဓိဿဝါးသည် ကင်းဖယာ တိမ်တိုက်ရှိသော အခါ၊ ကောင်းကင်သို့

တက်၍ထွန်းသော နေဝန်းကို မကြည့်ဝံ့သကဲ့သို့။ မျက်စိမှုးသိ၊ ရိုင်ဝ မျောင်ရှိသကဲ့သို့။ ဓမ္မပြာသာဒ်ကို မကြည့်ဝံ့သည်။ မျက်စိမှုးသိ၊ ရိုင်ဝ မျောင်ရှိသည်ဖြစ်၏။ ။ထိုရောအခါအာနန္ဒာ၊မဟာသုဒဿနမင်းကြီး သည် ဓမ္မပြာသာဒ်၏အရှေ့မျက်နှာမှဓမ္မမည်သောရေကန်ကိုဘန်ဆင်း အံ့ဟုကြံ၍။ အလျားအားဖြင့် အရှေ့အနောက်တယူဇနာ၊ အနံအားဖြင့် တောင်မြောက် ယူဇနာခွဲရှိသော ဓမ္မမည်သော ရေကန်ကို ဘန်ဆင်း၏။ အာနန္ဒာ၊ဓမ္မမည်သောရေကန်ကို ရွှေအုတ်၊ငွေအုတ်၊ကြောင်မျက်ရွဲ အုတ်၊ ဖလ်အုတ်အားဖြင့်လေးပါးသောအုတ်တို့ဖြင့်စီ၏။ အာနန္ဒာ၊ ဓမ္မ မည်သောရေကန်၌၊ ရွှေစောင်းတန်း၊ ငွေစောင်းတန်း၊ ကြောင်မျက်ရွဲ စောင်းတန်း၊ ဖလ်စောင်းတန်း အားဖြင့် စောင်းတန်း ၎းပါး။ တပါး တပါးလျှင် ခြောက်သွယ်စီ၊နှစ်ဆဲ့လေးသွယ်သောစောင်းတန်းလေကား တို့သည် ဖြစ်ကုန်၏။ ရွှေစောင်းတန်း၌ ရွှေတိုင် ငွေခြင် ငွေထွတ်။ ငွေ စောင်းတန်း၌ ငွေတိုင် ရွှေခြင် ရွှေထွတ်။ ကြောင်မျက်ရွဲစောင်းတန်း၌ ကြောင်မျက်ရွဲတိုင် ဖလ်ခြင် ဖလ်ထွတ်။ ဖလ်စောင်းတန်း၌ ဖလ်တိုင် ကြောင်မျက်ရွဲအခြင်အထွတ်တို့သည်ဖြစ်ကုန်၏။ အာနန္ဒာ၊ဓမ္မရေကန် ကို၊ ရွှေပွတ်တိုင်စည်၊ ငွေပွတ်တိုင်စည်အားဖြင့် နှစ်စည်သောပွတ်တိုင်စည် ဖြင့်ရံအပ်ကုန်၏။ရွှေပွတ်တိုင်၌ ငွေခြင် ငွေထွ၏။ငွေပွတ်တိုင်၌ရွှေခြင် ရွှေထွတ်တို့သည် ဖြစ်ကုန်၏။ အာနန္ဒာ၊ ဓမ္မရေကန်ကို ရွှေထန်းပင်စည်၊ ငွေထန်းပင်စည်၊ ကြောင်မျက်ရွဲထန်းပင်စည်၊ဖလ်ထန်းပင်စည်၊ပတ္တမြားနီ ထန်းပင်စည်၊ ပတ္တမြားပြာက်ထန်းပင်စည်။ အလုံးစုံရတနာဖြင့်ပြီးသော ထန်းပင်စည်အားဖြင့် ခုနစ်ပါးသောထန်းပင်စည်တို့ဖြင့်ရံအပ်ကုန်၏။ ရွှေ ပင်၌ ငွေသီးငွေရွက်။ ငွေပင်၌ ရွှေသီးရွှေရွက်။ ကြောင်မျက်ရွဲအပင်၌ ဖလ်သီး ဖလ်ရွက်။ ဖလ်ပင်၌ ကြောင်မျက်ရွဲအသီးအရွက်။ ပတ္တမြားနီ ပင်၌ပတ္တမြားပြာက်အသီးအရွက်။ပတ္တမြားပြာက်အပင်၌ပတ္တမြားနီ အသီးအရွက်။ အလုံးစုံသောရတနာဖြင့်ပြီးသောအပင်၌ အလုံးစုံသော ရတနာဖြင့်ပြီးသော အသီး အရွက် အခက်တို့သည် ဖြစ်ကုန်၏။ အာ နန္ဒာ၊ လေသည်ခတ်အပ်သော် ထန်းပင်တို့၏ အခက်အရွက်အသံတို့ သည်သာယာနာပျော်ဘွယ်ဖြစ်ကုန်၏။ ဥပမာကား။ အာနန္ဒာ၊လိမ္မာစွာ တီးမှုတ်တတ်သောအငြိမ့်သည်တို့ ကောင်းစွာတီးမှုတ်သော ပဉ္စင်တူရိ ယာ၏ အသံသည် သာယာနာပျော်ဘွယ် တပ်ဘွယ်ရှိသကဲ့သို့။ သာ

ယာနာဘွယ် တပ်ဘွယ် နှစ်လိုဘွယ်ရှိသည် ဖြစ်၏။ ကုသဏတိုပြည်၌။ အာနန္ဒာ၊ အကြင်သေသော်ကြား၊ကြွေအန်လောင်းကြွေးသောသူတို့သည် ရှိကုန်၏။ ထိုသူတို့သည် ထိုထန်းပင်တို့၏အသံဖြင့်ပျော်မွေ့ကခုန်စံစားကုန်၏။ ။အာနန္ဒာ၊ဓမ္မပြာသာဒ်ပြိုးသည်ရှိသော်၊ ဓမ္မရေကန်ပြိုးသည်ရှိသော်၊ မဟာသုဒဿနမင်းသည်။ အကြင် ရဟန်း ပုဏ္ဏား တို့သည် ကုသဝတိပြည်၌ရှိကုန်၏။ ထိုရဟန်းပုဏ္ဏားတို့ကို ခပ်သိမ်းသောအထိုတို့ဖြင့်နှစ်သက်ရောင့်ရဲစေ၍ဓမ္မပြာသာဒ်သို့တက်၏။ ။

ထိုရောအခါ။ အာနန္ဒာ၊ မဟာသုဒဿနမင်းအား ဤသို့ ကြံ၏။ ဤအကျိုးသည် အဘယ်ကောင်းမှု၏ အကျိုးပေနည်း။ အကြင်ကောင်းမှုကြောင့် ယခုအခါ ငါသည် ဤသို့တန်းခိုးအာနုဘော်ကြီးသည်ဖြစ်၏။ ထိုကောင်းမှုသည်အဘယ်နည်းဟုကြံ၏။ ထိုရောအခါ အာနန္ဒာ၊မဟာသုဒဿနမင်းအား ဤသို့ကြံ၏။ အလှူပေးခြင်း၊ ကိုယ်နှုတ်နှလုံး သုံးပါးကိုစောင့်ခြင်း၊ စကျွတ်အစရှိသော ဇာန်နှိုက်ကို ဆုံးမခြင်း၊ ဤသုံးပါးသောကောင်းမှုကံ၏အကျိုးအားဖြင့် ယခုအခါ ငါသည် ဤသို့တန်းခိုးအာနုဘော်ကြီးသည်ဖြစ်၏ဟုကြံ၏။ ထိုရောအခါ အာနန္ဒာ၊မဟာသုဒဿနမင်းသည် မဟာဝိယူဟမည်သောငွေဖြင့်ပြီးသောအခန်းတိုက်သို့ကပ်၍။ တိုက်၏တံခါးဝ၌နေ့လျှက် ဤသို့သောစကားကိုဆွဲက်၏။ ရပ်လော့ကာမဝိတက်။ရပ်လော့ဗျာပါဒဝိတက်။ ရပ်လော့ဝိဟိံသာဝိတက်။ ဤမျှဖြင့် ကာမဝိတက်နှစ်လော့။ ဤမျှဖြင့် ဗျာပါဒဝိတက်နှစ်လော့။ ဤမျှဖြင့် ဝိဟိံသာဝိတက် နှစ်လော့ဟု ဥဒါန်းစကား ကြား၏။ ။ထိုရောအခါ အာနန္ဒာ၊ မဟာသုဒဿန မင်းသည် မဟာဝိယူဟတိုက်ခန်းသို့ ဝင်၍။ ရွှေဖြင့်ပြီးသောပလ္လင်၌ ထက်ဝယ်ဘွဲ့ခွေနေလျက်။ ကာမတရား အကုသိုလ်တရားတို့မှ ဆိတ်၍။ ဝိတက်ဝိစာရတို့နှင့်တကွ ဖြစ်သော၊ ဆိတ်ငြိမ်ခြင်းကြောင့်ဖြစ်သော ဝိတိသုခရှိသော ပဌမဈာန်သို့ကပ်၍ နေ၏။ ဒုတိယဈာန်သို့၊ တတိယဈာန်သို့၊ စတုတ္ထဈာန်သို့ကပ်၍နေ၏။ ထိုရောအခါ အာနန္ဒာ၊ မဟာသုဒဿန မင်းသည် မဟာဝိယူဟ တိုက်ခန်းမှထွက်၍၊ ရွှေဖြင့်ပြီးသောခန်းတိုက်သို့ဝင်၍၊ ငွေပလ္လင်ထက်၌နေလျက်၊ မေတ္တာနှင့်တကွ ဖြစ်သော စိတ်ဖြင့် ဆယ်ပါးသော အရပ်မျက်နှာကို နှံ့စေ၍။ အလုံးစုံသောအရပ်မျက်နှာအတို့၌ အလုံးစုံသော လောကကို မေတ္တာနှင့်တကွဖြစ်သော၊ ပြန့်ပြောသော၊ အတိုင်းအရှည် မရှိသော၊

ရနိမဂ္ဂိသော၊ ကြောင့်ကြမဂ္ဂိသောစိတ်ဖြင့် နှံ့စေ၍နေ၏။ ကရဏာနှင့် တကွဖြစ်သော၊ ဝမ်းမြောက်ခြင်းနှင့်တကွဖြစ်သော၊ဥပေက္ခာနှင့်တကွ ဖြစ်သောစိတ်ဖြင့် ဆယ်ပါးသောအရပ်ကို နှံ့စေ၍နေ၏။ ။အာနန္ဒာ၊ မဟာသုဒဿနမင်းအား ကုသဝတီရာဇဓာနီအမှူးရှိသော ရှစ်သောင်း လေးထောင်သောမြို့တို့သည် ဖြစ်ကုန်၏။ မဟာဝိယူဟပြာသာဒ်အမှူး ရှိသောရှစ်သောင်းလေးထောင်သောပြာသာဒ်တို့သည်ရှိကုန်၏။ဤဖြင့် ပြီးသော ပလ္လင်။ ငွေဖြင့်ပြီးသော ပလ္လင်။ ဆင်စွယ်ဖြင့်ပြီးသော ပလ္လင်။ သစ်နှစ်ဖြင့်ပြီးသောပလ္လင်အား ဖြင့်။ ကော်ဇောတို့သည် ခင်းကုန်သော။ အလုံးစုံဖြူသော သိုးမွေးဖြင့်ပြီးသော အခင်းတို့သည် ခင်းကုန်သော။ တခဲနက် ပန်းပွင့်ကဲ့သို့ အရုပ်ရှိသော ဖြူသော သိုးမွေးအခင်းတို့သည် ခင်းအပ်ကုန်သော်။ ဝံပိုင့်ရေဖြင့်ပြီးသော အခင်းအပေါ်လွှမ်းတို့သည် ခင်းကုန်သော။ အထက်၌ ဗိတာန်နှင့်တကွသောအခင်းတို့သည် ခင်းကုန်သော။ခြေရင်းခေါင်းရင်း၌ ဒိသောအုံးရှိသောအခင်းတို့သည် ခင်းကုန်သော။ ရှစ်သောင်း လေးထောင်သော ပလ္လင် တို့သည် ရှိကုန်၏။ ရွှေကြိုးရွှေကကန်းဆာဆင်ကုန်သော၊ ရွှေဖြင့်ပြီးသောတန်းခွန်ဆောက် ကုန်သော၊ ရွှေကွန်ရက်တို့ဖြင့်ဖုံးလွှမ်းအပ်ကုန်သော ဥပေါသထဆင် အမှူးရှိကုန်သော ရှစ်သောင်း လေးထောင်ကုန်သောဆင်တို့သည် ရှိကုန်၏။ ရွှေဖြင့်ပြီးသော တန်းဆာဆင်ကုန်သော ရွှေတန်းခွန် ဆောက် ကုန်သော ရွှေချိုးကွန်ရက်ဖုံးလွှမ်းကုန်သော ဝလာဟကမြင်း အမှူးရှိ ကုန်သော ရှစ်သောင်းလေးထောင်သောမြင်းတို့သည်ရှိကုန်၏။ ခြသေ့ ရေ"ကျားရေ။ သစ်ရေတို့ဖြင့်ရံအပ်ကုန်သော၊ ဖြောင့်တောင့်သော ကမ္မ လာဖြင့်ရံအပ်ကုန်သော၊ရွှေတန်းခွန်ဆောက်ကုန်သော၊ရွှေချိုးကွန်ရက် ဖုံးလွှမ်းအပ်ကုန်သောဝေဇယန္တာရထားအမှူးရှိကုန်သော ရှစ်သောင်း လေးထောင်ကုန်သောရထားတို့သည် ဖြစ်ကုန်၏။ အလျားလေးတောင် မကိုရတနာအမှူးရှိသော ရှစ်သောင်းလေးထောင်ကုန်သော မျက်မြတ် ရတနာတို့သည် ရှိကုန်၏။ သုဘဒ္ဒါဒေဝီအမှူးရှိကုန်သော ရှစ်သောင်း လေးထောင်ကုန်သောဓိဘုရားတို့သည် ဖြစ်ကုန်၏။ သူဌေးကြီးရတနာ အမှူးရှိကုန်သော ရှစ်သောင်းလေးထောင် ကုန်သော သူဌေးတို့သည် ဖြစ်ကုန်၏။ သားကြီးရတနာအမှူးရှိကုန်သော ရှစ်သောင်းလေးထောင် သောသားတို့သည် ဖြစ်ကုန်၏။ နှီခံရွှေခွက်နှင့်စာကွဖြစ်ကုန်သော ရှစ်

သောင်းလေးဆယ်ကုန်သောနိုဉ်စွမ်နားမတို့သည်ဖြစ်ကုန်၏။ သိမဲမွေ
နေးညံ့ကုန်သော ဇရာမတိုင်းဌ ဖြစ်သော ပုဆိုး၊ ဝါချည်ပုဆိုး၊ ပိုးချည်
ပုဆိုး၊ ကမ္ဗလာတို့ဖြင့် ပြည့်ကုန်သော ကျိုက္ခစ်သောင်းလေးထောင်တို့
သည် ဖြစ်ကုန်၏။ ၎စ်သောင်းလေးထောင်ကုန်သော သလေးဆန်ဖြင့်
ချက်အပ်သော ထမင်းချက်အိုးတို့ကို ညှဉ်နက်ဆောင်ခဲ့ကုန်၏။ ထိုရော
အခါ အာနန္ဒာ၊မင်းကြီးအား ၎စ်သောင်းလေးထောင်ကုန်သောဆင်တို့
သည်ညှဉ်နက်ခစားလာကုန်၏။ ထိုအခါ စကြာမင်းသည် အနှစ်တရာ
တရာလွန်မှ လေးသောင်းနှစ်ထောင် လေးသောင်းနှစ်ထောင်ကုန်သော
ဆင်တို့သည် တကြိမ် ခစားကုန်ရာ၏ ဟူ၍ အကြိုဂိုသဖြင့်၊ မင်းကြီး
သည် သားကြီးရတနာကိုခေါ်၍။ သားကြီးရတနာ၊ အနှစ်တရာတရာ
လွန်မှ လေးသောင်းနှစ်ထောင် လေးသောင်းနှစ်ထောင်ကုန်သော ဆင်
တို့ကို တကြိမ်သာ ခစားရာသို့လာစေကုန်ဟု ဆို၏။ ဗျာဒိတ်တော်အ
တိုင်း အဂ္ဂမင်းကြီးဟု သားကြီးရတနာသည်မင်းကြီး၏စကားကိုဝန်
ခံ၍၊ မင်းကြီးဆိုတိုင်း အနှစ်တရာတရာလွန်မှ တဝက်သောဆင်တို့ကို
တကြိမ်သာခစားရာသို့လာစေ၏။ ။

ထိုရောအခါ အံ့ဖွယ်အာနန္ဒာ၊ သုတဒ္ဒါဒေဝီအား များစွာသော နှစ်အရာတို့
၏။ များစွာသောနှစ်အဖထောင်တို့၏လွန်သဖြင့် ဤသို့သောအကြံသည်
ဖြစ်၏။မဟာသုဒဿနမင်းကြီးကို မဖူးမြင်ရသည်ကြာမြင့်ပြီ။ ငါသည်
မဟာသုဒဿန မင်းသို့ ကပ်အံ့ဟု ကြံ၍။ အာနန္ဒာ၊ မဟာသုဘဒ္ဒါဒေဝီ
သည် မောင်းမအပေါင်းကို ခေါ်၍၊ သင်တို့သည် လာကုန်ဦး။ ခေါင်း
လျှော်လေကုန်။ ရွှေသောအဝတ်ပုဆိုးတို့ကို ဝတ်လေကုန်၊ ရုံလေကုန်။
မင်းကြီးကို မဖူးမြင်ရသည်ကြာပြီ။ မင်းကြီးကိုဖူးမြင်အံ့သောဌါ ကပ်
ကုန်အံ့ဟုဆို၏။ မောင်းမတို့သည် ကောင်းပြီဝန်ခံ၍။ မောင်းမအပေါင်း
တို့သည်ဦးခေါင်းလျှော်၍၊ ရွှေသောအဝတ်တို့ကိုဝတ်ကုန်၍၊ သုဘဒ္ဒါ
ဒေဝီသို့ကပ်လာကုန်၏။ထိုအခါ အာနန္ဒာ၊သုဘဒ္ဒါဒေဝီသည် သားကြီး
ရဖာနာကို ဆို၏။ ချစ်သား၊ အင်္ဂါလေးပါးရှိသော စစ်သည်ကို စီရင်
လော့။ မင်းကြီးကိုမဖူးမြင်ရသည်ကြာပြီ။ မင်းကြီးကိုဖူးမြင်ခြင်းငှါကပ်
အံ့ဟုဆို၏။ သားကြီးရတနာလည်း ကောင်းပြီဝန်ခံ၍ အင်္ဂါလေးပါးရှိ
သောစစ်သည်ကိုပြင်ဆင်စေ၍ မိဘုရားအားကြားလျှောက်၏။ ထိုရော
အခါ အာနန္ဒာ၊ သုဘဒ္ဒါဒေဝီသည် မောင်းမအပေါင်းနှင့်တကွ၊ အင်္ဂါ

လေးပါးရှိသောစစ်သည်ဖြင့် ဓမ္မပြာသာဒသို့ကပ်၍ ပြာသာဒထက်သို့တက်ပြီးလျှင်။ မဟာဝိယူဟတိုက်သို့ကပ်၍။ တိုက်၏တံခါးပေါင်ကိုဆွဲ၍ရပ်၏။ ထိုအခါ အာနန္ဒာ၊မင်းကြီးသည် မျှားစွာသောလူအပေါင်း၏ အသံကဲ့သို့ တကားဟူ။ မဟာဝိယူဟတိုက်မှ ထွက်သည်ရှိသော်။တံခါးပေါင်ကိုဆွဲ၍ ရပ်သော 'မဟာသုဘဒ္ဒါဒေဝီကို မြင်လျှင်။ မိတ္တရား၊ ဤအရပ်၌ပင်ရပ်လော့။ မဝင်လင့်ဟုဆို၍။ မင်းကြီးသည်မင်းချင်းယောံကျား တယောက်ကို။ အချင်းယောက်ကျား၊ လာလတ္တံ့။ မဟာဝိယူဟတိုက်မှရွှေပလ္လင်ကိုထုတ်၍။ ရွှေထန်းတောဒဋ္ဌခင်းလော့ဟုဆို၏။ ကောင်းပြီအရှင်မင်းကြီးဟု၊ ရွှေပလ္လင်ကိုထုတ်၍ ရွှေထန်းတောဒဋ္ဌခင်းလေ၏။ ထိုရောအခါအာနန္ဒာ၊မဟာသုဒဿနစကြာမင်းသည် ထိုရွှေပလ္လင်၌ခြေသို့မင်း၏အိပ်ခြင်းကိုပြု၏။ လက်ဝဲခြေဖြင့် လက်ျာခြေ၌ စဉ်းငယ် အလွန်အားဖြင့်တင်၍အိပ်ခြင်းကိုပြု၏။ ။ထိုရောအခါအာနန္ဒာ၊သုဘဒ္ဒါအားဤသို့ကြို၏။ ယခုအခါ၌ မင်းကြီး၏မျက်စိအစရှိသော ဇာတ်နွေးတို့သည် အထူးသဖြင့် ကြည်ညိုဘွယ်ရှိကုန်၏။ အရေအဆင်းသည် ထက်ဝန်းကျင်မှ စင်ကြယ်ဖြူစင်၏။ မဟာသုဒဿနမင်းကြီးသည် သေခြင်းကို မပြုပါစေသတည်းဟုကြိုပြီး၍။ မြတ်သောမင်းကြီး၊ ကုသဝတီပြည်ကြီးအမှုးရှိသော ရှစ်သောင်းလေးထောင်ကုန်သောပြည်တို့၌ တပ်ခြင်းကိုဖြစ်စေလော့။ အသက်တော်၌ ငဲ့ကွက်ခြင်းကိုပြုပါလော့။ ဓမ္မပြာသာဒ်အမှုးရှိသော ရှစ်သောင်းလေးထောင်သော ပြာသာဒ်တို့၌ တပ်ခြင်းကို ဖြစ်စေလော့။ အသက်တော်၌ ငဲ့ကွက်ခြင်းကိုပြုပါလော့။ မဟာဝိယူဟတိုက် အမှုးရှိသော ရှစ်သောင်းလေးထောင်ကုန်သော တိုက်တို့၌ပင်။ ကောင်းစောခင်းနှီး အစရှိသည် ခင်းကုန်သော ရှစ်သောင်းလေးထောင်ကုန်သောပလ္လင်တို့၌ပင်း။ဥပါသထဆင်အမှုးရှိသောရှစ်သောင်းလေးထောင်ကုန်သော ဆင်တို့၌ပင်း။ ဝလာဟက မြင်း အမှုးရှိသော ရှစ်သောင်းလေးထောင်ကုန်သော မြင်းတို့၌ပင်း။ ဝေဓယန္တာရထားအမှုးရှိသော ရှစ်သောင်း လေးထောင်ကုန်သော ရထားတို့၌ပင်း။ ပတ္တုမြားရတနာအမှုးရှိသော ရှစ်သောင်း လေးထောင်ကုန်သော ပတ္တုမြားတို့၌ပင်း။ သုဘဒ္ဒါ မိတ္တရားရတနာ အမှုးရှိသော ရှစ်သောင်းလေးထောင်ကုန်သော မိန်းမရတနာတို့၌ပင်း။ သူဌေးကြီးရတနာအမှုးရှိသော ရှစ်သောင်းလေးထောင်ကုန်သော သူဌေးတို့၌ပင်း။ သားကြီးရတနာအမှုး

ရှိသော ရှစ်သောင်းလေးထောင်ကုန်ဖသော သားတို့ဦးရင်း တပ်ခြင်းကို ဖြစ်စေလော့။ အသက်တော်၌ ငဲ့ကွက်ခြင်းကို ပြုတော်မူပါလော့။ နို့ခံ ရွေးခွက်တို့နှင့်တကွဖြစ်သော ရှစ်သောင်းလေးထောင်ကုန်သော နို့ညှစ် နားမတို့ဦးရင်း။ ကောင်းမွန်သိမ်မွေ့သော ခေါမတိုင်းဦဖြစ်သော ပုဆိုး အစရှိသည်တို့ဖြင့် ပြည့်ကုန်ပေသော ပုဆိုး ဂံကြီ ရှစ်သောင်းလေးထောင် တို့ဦးရင်း။ ညနံနက် ဆောင်အပ်တုန်သော သလေးထမင်းချက်အိုး ရှစ် သောင်းလေးထောင်တို့ဦးရင်း တပ်ခြင်းကိုဖြစ်တော်မူစေလော့။အသက် တော်၌ ငဲ့ကွက်ခြင်းကိုပြုတော်မူပါလော့ ဟူ၍ လျှောက်ဏှ်။ ။ထိုသို့ လျှောက်သည်ရှိသော်မဟာသုဒဿနစကြာမင်းသည်။အာနန္ဒာ၊သုဘဒ္ဒါ ဒေဝီကို၌စကားကိုဆို၏။ သုဘဒ္ဒါဒေဝီ၊သင်သည် ငါ့ကိုရှည်စွာသော နေ့ညဉ့်ပတ်လုံး ချစ်နှစ်လိုဘွယ်သောစကားတို့ဖြင့်ပြောဆိုပြီး၍။ အဆုံး စွန်သော၌ကာလ၌ ငါ့ကိုသင်သည် မချစ်မနှစ်လိုဘွယ်သောစကားကို ဆိုပေ၏တကားဟု မင်းကြီးဆိုသော်။ အရှင်မင်းကြီး၊ အဘယ်သို့လျှင် အကျိုးစီးပွါးရှိသော ချစ်နှစ်လိုဘွယ်သောစကားကို ပြောဆိုရအံ့နည်း ဟုမိဘုရားလျှောက်ဏှ်။ မိဘုရား၊ သင်သည် ငါ့ကို၌သို့ပြောဆိုလော့။ အရှင်မင်းကြီး၊အလုံးစုံကုန်သောချစ်နှစ်လိုအပ်သောဝတ္ထုတို့နှင့်အထူး ထူး အသီးသီးဖြစ်ခြင်းသည်၊ ကွေကွင်း၍ဖြစ်ပြင်းသည်၊ တပါးအပြား ဖြင့်ဖြစ်ခြင်းသည် ဓမ္မတာသဘောတည်း။အရှင်မင်းကြီးသည် ခပ်သိမ်း ကုန်သောဝတ္ထုပစ္စည်းတို့ဦ ငဲ့ကွက်ခြင်းနှင့်တကွ သေခြင်းကိုမပြုသင့်။ ငဲ့ကွက်ခြင်းနှင့်တကွ သေခြင်းသည် ဆင်းရဲခြင်းဏှ် အကြောင်းတည်း။ ငဲ့ကွက်ခြင်းနှင့် တကွ သေရခြင်းသည် ကဲ့ရဲ့အပ်ဏှ်။ အရှင် မင်းကြီး၊ ကုသဝတီပြည်ကြီး အမှုးရှိသော ရှစ်သောင်း လေးထောင်ကုန်သော ပြည်ကြီးတို့ဦ တပ်ခြင်းကို စွန့်လော့။ အသက်တော်၌ ငဲ့ကွက်ခြင်းကို မပြုလင့်။ ဝမ္မပြာသာဒ် အမှုးရှိကုန်သော ရှစ်သောင်းလေးထောင်ကုန် သောပြာသာဒ်အစရှိကုန်သော ဆိုအပ်ပြီးသောစည်းစိမ်တို့ဦ တပ်ခြင်း ကိုစွန့်လော့။ အသက်တော်၌ ငဲ့ကွက်ခြင်း မပြုလင့်။ ဤသို့ပြောဆိုအပ် ဏှ်ဟု မင်းကြီးဆိုသည်ရှိသော်။ ချစ်သား အာနန္ဒာ၊ သုဘဒ္ဒါဒေဝီသည် ငိုဏှ်။ မျက်ရည်တို့ကို "ဖြစ်စေဏှ်။ ထိုရောအခါ၊ အာနန္ဒာ၊ သုဘဒ္ဒါဒေဝီ သည်မျက်ရည်တို့ကိုသုတ်၍။မဟာသုဒဿနမင်းကြီးကို၌သို့လျှောက် ဏှ်။ အရှင်မင်းကြီး၊အလုံးစုံသောနှစ်လိုအပ်ကုန်သော စည်းစိမ်ချမ်းသာ

တို့နှင့်။ အထူးထူး အပြားပြားဖြင့် ဖြစ်ခြင်းသည် သခ်ါရ၏ သဘော တည်း။ အာရုဏ်မင်းကြီး၊ အာရုဏ်မင်းကြီးသည် စည်းစိမ်ချမ်းသာတို့ကို ငဲ့ကွက်ခြင်းနှင့်တကွ ဖသခြင်းကိုမပြုပါလင့်။ ငဲ့ကွက်ခြင်းရှိသည်ဖြစ်၍ သေခြင်းကိုပြုခြင်းသည် အပါယ်၌ဆင်းရဲခံရခြင်း၏အကြောင်းတည်း။ အာရုဏ်မင်းကြီး၊ ကုသဝတီပြည်ကြီးအမှူးရှိကုန်သော ရှစ်သောင်းလေး ထောင်ကုန်သော မြို့အစရှိသော ဆိုအပ်ပြီးသော အလုံးစုံသောစည်း စိမ်ချမ်းသာတို့၌ တပ်ခြင်းဆန္ဒကို စွန့်တော်မူပါလော့။ အသက်တော်၌ ငဲ့ကွက်ခြင်းကိုမပြုလင့်ဟူ၍ သုဘဒ္ဒါပြောဆို၏။ ထိုရောအခါ အာနန္ဒာ၊ မဟာသုဒဿနမင်းကြီးသည် မကြာမြင့်မီသေခြင်းကိုပြုလေ၏။ ဥပမာ ကား။ ချစ်သားအာနန္ဒာ၊ ကောင်းသော ထမင်းကိုစား သော သူကြွယ် အား။ ထမင်း၏ ယစ်ခြင်းသည် ဖြစ်သကဲ့သို့ သေခြင်း အဆုံးရှိသော ဝေဒနာသည်ဖြစ်၏။ ချစ်သားအာနန္ဒာ၊ သေခြင်းကိုပြုသော မဟာသု ဒဿနမင်းသည် သုဂတိဗြဟ္မာ့ပြည်သို့ဖြစ်လေ၏။ ။အာနန္ဒာ၊ မဟာ သုဒဿနမင်းသည် အနှစ်ရှစ်သောင်းလေးထောင်ကာလပတ်လုံးသတို့ သားငယ်၏ ကစားခြင်းကို ကစား၏။ အနှစ် ရှစ်သောင်းလေးထောင် ပတ်လုံး အိမ်ရှေမင်းပြု၏။အနှစ်ရှစ်သောင်းလေးထောင်ပတ်လုံး စကြာ မင်း၏အဖြစ်ကိုပြု၏။အနှစ်ရှစ်သောင်းလေးထောင်ပတ်လုံး လုံဖြစ်သည် ဖြစ်လျက် ဓမ္မပြာသာဒထက်၌ မြတ်သောအကျင့်ကိုကျင့်၏။ ထိုစကြာ မင်းသည် ဗြဟ္မဝိဟာရတရားလေးပါးတို့ကို ပွါးစေ၍ ခန္ဓာကိုယ်ပျက် သည်မှ စုတိစိတ်၏အထက်၌ ဗြဟ္မာ့ပြည်သို့ကပ်လေ၏။ ။အာနန္ဒာ၊ ထိုရောအခါ၌ မဟာသုဒဿနမင်းသည်တပါးသော သူဟုသင်ချစ်သား မှတ်တန်ရာ၏။ အာနန္ဒာ၊မဟာသုဒဿနမင်းကို ဤသို့တပါးသော သူဟု မမှတ်အပ်။ အာနန္ဒာ၊ ထိုရောအခါ ငါဘုရားသည် မဟာသုဒဿနမင်း ဖြစ်၏။ ။အာနန္ဒာ၊ ကုသဝတီမင်းနေပြည်အမှူးရှိသော ရှစ်သောင်း လေးထောင်ကုန်သောမြို့တို့သည် ငါ၏မြို့ဖြစ်ကုန်၏။ဓမ္မပြာသာဒအမှူး ရှိသော ပြာသာဒ ရှစ်သောင်း လေးထောင်တို့သည် ငါ၏ပြာသာဒ်ဖြစ် ကုန်၏။ မဟာဝိယူဟာတိုက်အမှူးရှိသော ရှစ်သောင်းလေးထောင်ကုန် သောတိုက်တို့သည် ငါဘုရား၏တိုက်ဖြစ်ကုန်၏။ ဇွန်း၊ ငွေ၊ ဆင်စွယ်၊ သစ်နှစ်တို့ဖြင့်မြှီးကုန်သောပလ္လင် ရှစ်သောင်းလေးထောင်တို့သည် ငါ ဘုရား၏ပလ္လင်တို့တည်း။ ဥပေါသထဆင်မြှီရတနာအမှူးရှိသော၊ ဇွန်းဖြင့်

ပြီးသော တန်းဆာဆင်ကုန်သော၊ ရွှေတန်းခွန်စိုက်ကုန်သော၊ ရွှေကွန်ရက်ဖုံးလွှမ်းကုန်သောဆင်ရှစ်သောင်းလေးထောင်တို့သည် ငါ၏ဆင်။ ဝလာဟကမြင်းရတနာ အမှူးရှိသော ရွှေတန်းဆာဆင်ကုန်သော၊ ရွှေတန်းခွန်ဆောက်ကုန်သော၊ ရွှေကွန်ရက် ဖုံးလွှမ်းကုန်သော မြင်း ရှစ်သောင်းလေးထောင်တို့သည် ငါ၏မြင်း။ ဝေဓယန္တာရထားအမှူးရှိကုန်သော၊ ခြင်္သေ့ရေ၊ ကျားရေ၊ သစ်ရေရုံကုန်သော ရထား ရှစ်သောင်းလေးထောင်တို့သည် ငါ၏ရထား။ ပတ္တာမြားရတနာ အမှူးရှိကုန်သော ပတ္တာမြားရှစ်သောင်းလေးထောင်တို့သည် ငါ၏ပတ္တာမြား။ သုဘဒ္ဒါအမှူးရှိသော ရှစ်သောင်းလေးထောင်ကုန်သော မိန်းမတို့သည် ငါ၏မိန်းမ။ သားကြီးရတနာအမှူးရှိသော ရှစ်သောင်းလေးထောင်ကုန်သော သားတို့သည် ငါ၏သား။ သူဌေးကြီးရတနာအမှူးရှိသော ရှစ်သောင်းလေးထောင်ကုန်သော သူဌေးတို့သည် ငါ၏သူဌေး။ ပုဆိုးကျီ ရှစ်သောင်းလေးထောင်တို့သည် ငါ၏ပုဆိုးကျီ။ ရှစ်သောင်းလေးထောင်ကုန်သော ထမင်းချက်အိုးတို့ကိုငါ့အားထမင်းအလိုငှါဆောင်ခဲ့ကုန်ပြီ။ ။

ထိုဧရာအခါ ရှစ်သောင်းလေးထောင်ကုန်သောမြို့တို့တွင်ကုသဝတီပြည်ကြီးတခုသာ ငါနေ၏။ ပြာသာဒ်ရှစ်သောင်းလေးထောင်တို့တွင် ဓမ္မပြာသာဒ်တခုသာ ငါနေ၏။ တိုက်ရှစ်သောင်းလေးထောင်တို့တွင် မဟာဝိယူဟတိုက်တခုသာ ငါနေ၏။ ပလ္လင် ရှစ်သောင်းလေးထောင်တို့တွင် တခုသောပလ္လင်ခွသာငါနေ၏။ ရွှေပလ္လင်ခွသော်၎င်း၊ ငွေပလ္လင်ခွသော်၎င်း၊ဆင်စွယ်ပလ္လင်ခွသော်၎င်း၊သစ်နှစ်ပလ္လင်ခွသော်၎င်းနေတော်မူ၏။ ဆင် ရှစ်သောင်းလေးထောင်တို့တွင် ဥပေါသထဆင်ရတနာကိုသာငါသိုးဆောင်၏။ မိဘုရား ရှစ်သောင်းလေးထောင်တို့တွင် သုဘဒ္ဒါဒေဝီမိဘုရား တယောက်သည်သာလျှင် ငါ့ကို လုပ်ကျွေး၏။ ပုဆိုးကျီ ရှစ်သောင်းလေးထောင်တို့တွင် တထည်သောပုဆိုးကိုသာ ဝတ်၏။ ခေါမတိုင်းခွ ဖြစ်သော ပုဆိုးကိုသော်၎င်း၊ ဝါချည်ပုဆိုးကိုသော်၎င်း၊ ပိုးချည်ပုဆိုးကိုသော်၎င်း၊ ကမ္ဗလာကောင်းကိုသော်၎င်း၊ငါဝတ်ဝံ့သမျှ၏။ ထမင်းချက်အိုးရှစ်သောင်းလေးထောင်တို့တွင် တလုံးသောအိုးမှတကွမိန်းစားချက်မျှသောထမင်းကိုဂျင်း။ထိုထမင်းနှင့်လျော်ပတ်သောဟင်းကိုဂျင်း။ ငါသိုးဆောင်စား၏သောက်၏။ အာနန္ဒာ၊ တိုအလုံးစုံသော သခါရတရားတို့သည် လွန်လေကုန်ပြီ။ ချုပ်လေကုန်ပြီ။ ဘောက်ပြန်

လေကုန်ပြီ။ ဤသို့ဖြစ်သဖြင့် အာနန္ဒာ၊သင်္ခါရတရားတို့သည် မမြဲကုန်၊ ဤသို့ဖြစ်သဖြင့်သင်္ခါရတရားတို့ကိုမသာယာအပ်ကုန်။အာနန္ဒာ၊သင်္ခါရတရားတို့၌တပ်ခြင်းကင်းအံ့သောဌာ၊ ငြီးငွေ့အံ့သောဌာ၊လွတ်အံ့သောဌာ လျောက်ပတ်သည်သာလျှင်တည်း။ ။အာနန္ဒာ၊ ဤကုသိနာရုံပြည် အရပ်၌ ခြောက်ကြိမ်ငါ၏ခန္ဓာကိုယ်အကောင်ကိုစွန့်ပစ်ခြင်းကဲ့သို့၏။ ထိုသို့စွန့်ပစ်ခြင်းသည်လည်း လေးကျွန်းလုံးကိုအစိုးရသောစကြဝတေးမင်းဖြစ်၍သာလျှင်တည်း။ဤယသအခါ ငါဘုရား၏ကိုယ်ကိုစွန့်ပစ်ခြင်းသည်ကား ဆုနစ်ကြိမ်မဲမြောက်ဖြစ်လတ္တံ့။ အာနန္ဒာ၊ အကြင်အရပ်၌ ငါဘုရားသည်ရှစ်ကြိမ်မဲမြောက်အောင်ခန္ဓာကိုယ်ကိုစွန့်ပစ်၏။ထိုအရပ်ကိုနတ်နှင့်တကွသောလူ၌။ မာရ်နှင့်တကွသော၊ ဗြဟ္မာနှင့်တကွသော လောက၌။ နတ်လူနှင့်တကွသော သတ္တဝါ၌။ ရဟန်းပုဏ္ဏားနှင့် တကွသောသတ္တဝါ၌။ ငါဘုရားသည် ဖြင်တော်မမူဟုမိန့်တော်မူ၍ ဤမဟာသုဒဿနသုတ်ကိုဟောတော်မူ၍။ ။အနိစ္စာဝတသင်္ခါရာ၊ဥပ္ပါဒဝယဓမ္မိနော။ဥပ္ပဇ္ဇိတ္ဝာ နိရုဇ္ဈန္တိ၊တေသံဝူပသမောသုခေါ။ ။ဟူ၍ အဆုံးဌ ဟောတော်မူ၏။ ။အာနန္ဒ၊အာနန္ဒာ။သင်္ခါရာ၊သင်္ခါရတရားတို့သည်။ အနိစ္စာဝတာ၊အမြဲမရှိကုန်တကား။ ဥပ္ပါဒ၊ဖြစ်တတ်သောသဘောရှိကုန်၏။ဝယဓမ္မိနော၊ပျက်ဟတ်သောသဘောရှိကုန်၏။ ဥပ္ပဇ္ဇိတ္ဝာ၊ဖြစ်ပြီး၍။ နိရုဇ္ဈန္တိ၊ချုပ်တတ်ကုန်၏။ တေသံ၊ထိုသင်္ခါရတရားတို့၏။ ဝူပသမော၊ ပြိမ်းခြင်းသည်။သုခေါ၊ချမ်းသာ၏။ ။

၇၂။ မြတ်စွာဘုရားသည်ရှင်အာနန္ဒာကို စေ၍ကုသိနာရုံပြည်မလ္လာမင်းတို့အားအကြောင်း ကြားစေတော်မူသည်ကိုပြရာ။

ဤမဟာသုဒဿနသုတ်ကို ဟောတော်မူပြီးသော အဆုံးဌ အရှင် အာနန္ဒာကိုခေါ်တော်မူ၍။ အာနန္ဒာ၊သင်သွားချေ။ ကုသိနာရုံမြို့သို့ဝင်၍ ကုသိနာရုံပြည်၌နေကုန်သော မလ္လာမင်းတို့အားကြားချေ။ဝါသိဋ္ဌအမျိုးဌ ဖြစ်သော မလ္လိာမင်းတို့၊ လေးညဉ့်မိုးသောက်ယံ၌ လာခြင်းကောင်းသောမြတ်စွာဘုရား၏ ပရိနိဗ္ဗာန်ပြုတော်မူခြင်းသည်ဖြစ်လတ္တံ့။ ဝါသိဋ္ဌအမျိုးဌဖြစ်သောမင်းမြတ်တို့၊ မြတ်စွာဘုရားသို့ ရှေးရှုပြု၍ ထွက်ကုန်

လေ့။ ငါတို့ရှေ့ခေတ်၌ မြတ်စွာဘုရား၏ပရိနိဗ္ဗာန်ပြုခြင်းသည်ဖြစ်ပြီ။ အဆုံးစွန်ဖြစ်သောကာလ၌ မြတ်စွာဘုရားကို ဖူးမြင်ခြင်းငှါ မရလိုက်ပါကုန်ဟူ၍ နောက်မှနှလုံးမသာခြင်းသည် သင်တို့အား မဖြစ်စေကုန်လင့်။ လျင်စွာ ဘုရားကိုဖူးမြင်ခြင်းငှါ လာကုန်လော့ဟု ကြားပါ၍ချေဟူ၍ စေတော်မူ၏။ အရှင်အာနန္ဒာလည်း ကောင်းပြီအရှင်ဘုရားဟု မြတ်စွာဘုရား၏စကားကိုဝန်ခံ၍သင်းပိုင်ကိုယ်ဝတ်ကိုဝတ်၍။သဒိတ်သက်နှံးကိုယူ၍၊ အဘော်မပါဘဲ ကုသိနာရုံပြည်တွင်းသို့ ဝင်လေ၏။ ထိုရောအခါ မလ္လာမင်းတို့သည် တစုံတခုသောပြုဘွယ်အမှုကြောင့် မင်းကွန်းစရပ်၌ စည်းဝေးကုန်၏။ အရှင်အာနန္ဒာသည် မင်းကွန်းဂိုဏ်သို့ကပ်၍ မလ္လာမင်းတို့အားကြား၏။ ဝါသိဋ္ဌအမျိုးဖြစ်သော မလ္လာမင်းတို့၊ ယနေ့ည၌၏ ဗိုးသောက်ယံ၌ မြတ်စွာဘုရား၏ ပရိနိဗ္ဗာန်ပြုခြင်းသည် ဖြစ်လတ္တံ့။ ဘုရားသို့ရှေးရှုလျင်စွာထွက်ကုန်လော့။ ဝါသိဋ္ဌအမျိုး၌ဖြစ်ကုန်သော မလ္လာမင်းတို့၊ လျင်စွာ ဘုရားကို ဖူးမြင်ခြင်းငှါ သွားကုန်လော့။ နောက်အခါ၌နှလုံးမသာယာခြင်းကိုမဖြစ်စေကုန်လင့်။ငါတို့ရှေ့ခေတ်၌ မြတ်စွာဘုရား၏ပရိနိဗ္ဗာန်ပြုခြင်းသည် ဖြစ်လေပြီ။ အဆုံးစွန်ဖြစ်သောကာလ၌ ငါတို့သည် ဘုရားကိုဖူးမြင်ခြင်းငှါမရလိုက်ပါကုန်ဟု နောက်အခါ၌ နှလုံးမသာမယာမဖြစ်စေကုန်လင့်။ လျင်စွာထွက်ကုန်လော့ဟု ကြားဏ်။ ထိုရောအခါ အရှင်အာနန္ဒာ၏စကားကိုကြား၍။ မလ္လာမင်းတို့သည်ဂုင်း။ မလ္လာမင်း၏ သားတို့သည်ဂုင်း။ မလ္လာမင်း၏ ချွေးမတို့သည်ဂုင်း။ မလ္လာမင်း၏ မယားတို့သည်ဂုင်း။ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် အလွန်လျင်စွာ ပရိနိဗ္ဗာန်ပြုတော့လတ္တံ့။ လာခြင်းကောင်းသော မြတ်စွာဘုရားသည် အလွန် လျင်စွာ ပရိနိဗ္ဗာန် ပြုတော့လတ္တံ့။ မျက်စိအမြင်ကိုပြုတော်မူတတ်သော မြတ်စွာဘုရားသည် အလွန်လျင်စွာ လောကဋ္ဌကွယ်တော့လတ္တံ့ဟု နှလုံးမသာကုန်သည်ဖြစ်၍ စိတ်၏ဆင်းရဲခြင်းဖြင့်နှိပ်စက်ကုန်သည်ဖြစ်၍၊ အချို့သောသူတို့သည် ဆံတို့ကို ဖရိဖရဲကြဲ၍ ငိုကုန်၏။ အချို့သောသူတို့သည် လက်မောင်းတို့ကို မြှောက်၍ငိုကုန်၏။ အချို့သောသူတို့သည် ကမ်းပါးပြတ်ဋ္ဌသကဲ့သို့ လူးလဲလဲကုန်၏။ ထိုအခါ မလ္လာမင်းတို့သည်ဂုင်း။ မလ္လာမင်း၏ သားတို့သည်ဂုင်း။ မလ္လာမင်း၏ ချွေးမတို့သည်ဂုင်း။ မလ္လာမင်း၏ မယားတို့သည်ဂုင်း။ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် အလွန်လျင်စွာ ပရိနိဗ္ဗာန်ပြုတော့လတ္တံ့။ လာခြင်းကောင်းသော မြတ်စွာဘုရားသည် အလွန် လျင်စွာ ပရိနိဗ္ဗာန် ပြုတော့လတ္တံ့။ မျက်စိအမြင်ကိုပြုတော်မူတတ်သော မြတ်စွာဘုရားသည် အလွန်လျင်စွာ လောကဋ္ဌကွယ်တော့လတ္တံ့ဟု နှလုံးမသာကုန်သည်ဖြစ်၍ စိတ်၏ဆင်းရဲခြင်းဖြင့်နှိပ်စက်ကုန်သည်ဖြစ်၍၊ အချို့သောသူတို့သည် ဆံတို့ကို ဖရိဖရဲကြဲ၍ ငိုကုန်၏။ အချို့သောသူတို့သည် လက်မောင်းတို့ကို မြှောက်၍ငိုကုန်၏။ အချို့သောသူတို့သည် ကမ်းပါးပြတ်ဋ္ဌသကဲ့သို့ လူးလဲလဲကုန်၏။ ထိုအခါ မလ္လာမင်းတို့သည်ဂုင်း။ မလ္လာမင်း၏သားတို့သည်ဂုင်း။ မလ္လာမင်း၏ချွေးမတို့သည်ဂုင်း။ မလ္လာမင်း၏ မယားတို့သည်ဂုင်း။ အကြင်အရပ်၌ ဥပဝတ္တန အင်ကြင်းတောသည် ရှိ၏။

အကြင်အရပ်၌ အဂ္ဂင်အာနန္ဒာသည်ရှိ၏။ ထိုအရပ်သို့ကပ်လာကုန်၏။ ထိုရောအခါ အဂ္ဂင်အာနန္ဒာအား ဤသို့သောအကြံသည်ဖြစ်၏။ငါသည် အကယ်၍ မလ္လာမင်းတို့ကို တယောက်တယောက်စီမြတ်စွာဘုရားကို ရှိခိုးစေသည်ဖြစ်အံ့။ အလုံးစုံသောမလ္လာမင်းတို့သည် မြတ်စွာဘုရားကို ရှိမခိုးရသည်သာလျှင်ဖြစ်လတ္တံ့။ ထို့သို့ စေ့စုံအောင်ရှိခိုး၍ မပြီးမီပင် လျှင် ဤညဉ့်သည် လင်းလတ္တံ့။ သို့ဖြစ်၍ မလ္လာမင်းတို့ကို တယ်ကြီးတစု တယ်ကြီးတစုအလှည့်ထား၍ မြတ်စွာဘုရားကိုရှိခိုးစေအံ့။ ဘုန်းတော်ကြီး သောရှင်ပင်ဘုရား၊ ဤမည်သောမလ္လာမင်းသည် သားနှင့်တကွ၊ ချွေးမနှင့်တကွ၊ အဇ္ဈေအရံနှင့်တကွ၊ အမတ်နှင့်တကွ၊ မြတ်စွာဘုရား၏ ခြေတော်တို့ကိုရှိခိုး၏ဟု လျှောက်၍ ရှိခိုးစေအံ့ကြောင်းပြီးလျှင်။ အဂ္ဂင်အာနန္ဒာသည် မလ္လာမင်းတို့ကိုတယ်ကြီးတစုတယ်ကြီးတစုစီနေစေ၍ အလှည့်အားဖြင့် မြတ်စွာဘုရားကိုရှိခိုးစေ၏။ ဘုန်းတော်ကြီးသောရှင်ပင်ဘုရား၊ ဤမည်သော မလ္လာမင်းသည် သားမယားအဇ္ဈေအရံအမတ်နှင့်တကွ မြတ်စွာဘုရား၏ခြေတော်တို့ကို ရှိခိုးပါ၏ဟုလျှောက်၍။ ဤသို့သောနည်းဖြင့် အဂ္ဂင်အာနန္ဒာသည်ပဌမယံဖြင့်သာလျှင်မလ္လာမင်းတို့ကိုရှိခိုးစေ၏။ ။

၇၃။ ပဗ္ဗဇိတာဥပသမ္ပဒါအရဟတ္တဝတ္တာသုံးချက်လုံးဖြင့် မြတ်စွာဘုရားမျက်မှောက်ပန္ဆိမိကသက္ခိသာဝကဖြစ်သော သုဘဒ္ဒဌေရ်၏အကြောင်းကဲ့ပြရာ။

ထိုရောအခါ ဥဒိစ္စပုဏ္ဏားမျိုးမှ အဝတ်ဖြုံဝတ်လျက် ပရိဗိုဇ်ရဟန်းပြုသော သုဘဒ္ဒမည်သောပရိဗိုဇ်ရဟန်းသည် ကုသိနာရုံပြည်၌နေ၏။ ထိုသုဘဒ္ဒပရိဗိုဇ်သည် ယနေ့ည၌ မိုးသောက်ယံ၌ ရဟန်းဂေါတမ၏ ပရိနိဗ္ဗာန်ပြုခြင်းသည် ဖြစ်လတ္တံ့ဟု ကြား၏။ ထိုသို့ကြားသောအခါ၌ သုဘဒ္ဒပရိဗိုဇ်အား ဤသို့အကြံသည်ဖြစ်၏။ လောက၌ ပစ္စည်းလေးပါး ပူဇော်အထူးကို ခံတော်မူထိုက်သော သစ္စာလေးပါးကို သိကုန်သော မြတ်စွာဘုရားတို့သည် တရံတခါ၌သာ ဖြစ်ကုန်၏ဟူ၍ ထိုစကားကို အရှယ်ကြီးကုန်သော အဇ္ဈက်ကြီးကုန်သော ဆရာအဆက်ဆက်ဖြစ်ကုန်သောပရိဗိုဇ်တို့၏အထံမှကြားဘူး၏။ ယနေ့ည၌၏မိုးသောက်ယံ၌ ပင်လျှင်လည်း ရဟန်းဂေါတမ၏ ပရိနိဗ္ဗာန်ပြုခြင်းသည်ဖြစ်လတ္တံ့။ ငါ့

အားလည်း၍ယုံမှားခြင်းသည်ရှိ၏။ ဘိသည်လည်းထိုရဟန်းဂေါတမ၌ ယုံကြည်ခြင်းသည်ရှိ၏။ အကြင်အခြင်းဖြင့် တရားဟောသည်ရှိသော် ငါ၏ယုံမှားခြင်းသည်ပျောက်ရာ၏။ထိုအခြင်းဖြင့်ရဟန်းဂေါတမသည် ငါ့အား တရားဟောခြင်းငှါ စွမ်းနိုင်ရာ၏ဟု ငါသည်လည်း ရဟန်း ဂေါတမ၌ ယုံကြည်၏ဟု ကြံ၍။ သုဘဒ္ဒပရိဗိုဇ်သည် အကြင်အရပ်၌ ညပဝတ္တန အင်ကြင်းဟောသည် ရှိ၏။ အကြင်အရပ်၌ အရှင်အာနန္ဒာသည်ရှိ၏။ထိုအရပ်သို့ကပ်လေ၍။အရှင်အာနန္ဒာကို ဤသို့သောစကားကိုဆို၏။ အိုအရှင်အာနန္ဒာ၊ သစ္စာလေးပါးတရားကိုသိကုန်သော မြတ်စွာဘုရားတို့သည် လောက၌ တရံတခါ၌သာ တစုံတရာသောအရပ်၌ ဖြစ်ကုန်၏ဟူ၍ အသက်အရွယ်ကြီးကုန်သောဆရာအဆက်ဆက်ဖြစ်ကုန်သောပရိဗိုဇ်တို့၏ အထံမှ ထိုစကားကိုကြားဘူး၏။ ယနေ့ည၌၏ မိုးသောက်ယံ၌သာလျှင် ရဟန်းဂေါတမ၏ပရိနိဗ္ဗာန်ပြုခြင်းသည် ဖြစ်လတ္တံ့။ ငါ့အား လည်း ဖြစ်သောယုံမှားခြင်းသဘောသည်ရှိ၏။ အကြင်အခြင်းဖြင့်ငါသည်ယုံမှားသကာကိုစွန့်နိုင်ရာ၏။ ထိုအခြင်းဖြင့် ရဟန်းဂေါတမသည် တရားဟောခြင်းငှါ စွမ်းနိုင်အံ့။ ဤသို့ စွမ်းနိုင်သည်ရှိသော် ငါသည် ရဟန်းဂေါတမ၌ ကြည်ညိုပါအံ့။ အိုအရှင်အာနန္ဒာ၊ အကျွန်ုပ်သည် ရဟန်းဂေါတမကိုဖူးမြင်လိုပါ၏ဟုဆို၏။ဤသို့ဆိုသည်ရှိသော်၊ ငါ့အရှင်သုဘဒ္ဒ၊ မသင့်။ မြတ်စွာဘုရားကို သင်မည္သည္းဆဲပါလင့်။ မြတ်စွာဘုရားသည် ပင်ပန်းတော်မူလတ္တံ့ဟု၍ အရှင်အာနန္ဒာဆိုဖို့၏။မပင်ပန်းပါစေလင့်ဟု အရှင်အာနန္ဒာ အဘယ့်ကြောင့်ဆိုသနည်းဟူမူကား။တိတ္ထိတို့မည်သည် ဒိဒိတို့၏အယူကိုသာလျှင် မြစွာယူကုန်၏။ ထိုအယူကိုစွန့်စေခြင်းငှါ များစွာပြောဆိုတော်မူသော မြတ်စွာဘုရားအား ပင်ပန်းခြင်းသည်ဖြစ်လတ္တံ့။ ပကတိအားဖြင့်ပင်လည်း မြတ်စွာဘုရားသည် ပင်ပန်း၏ဟုမှတ်၍ ဆိုသတည်း။ ။သုဘဒ္ဒပရိဗိုဇ်သည် ဤအာနန္ဒာကား ငါ့အားခွင့်မပြု။အလိုရှိသောသူသည်ကား သူ့အလိုကို လိုက်၍ကျင့်အပ်၏ဟု အကြံရှိ၍ နှစ်ကြိမ်မြောက်ဂုဏ်း။ သုံးကြိမ်မြောက်ဂုဏ်း။ အရှင်အာနန္ဒာ၊ မြတ်စွာဘုရားတို့သည် လောက၌တရံတခါ၌သာ တစုံတရာသောအရပ်၌ ဖြစ်ကုန်၏ဟူ၍ အသက်အရွယ်ကြီးကုန်သော ဆရာအဆက်ဆက်ဖြစ်ကုန်သော ပရိဗိုဇ်တို့၏အထံမှ အကျွန်ုပ်သည် ကြားဘူး၏၊ ယနေ့ည၌ မိုးသောက်ယံ၌ပင်လည်း ရဟန်းဂေါတမ၏

ပရိနိဗ္ဗာန်ပြုခြင်းသည် ဖြစ်လတ္တံ့။ အက္ခန်ပ်အားဖြစ်သော ယုံမှားခြင်း တရားသည်ရှိ၏။ အကြင်အခြင်းဖြင့် ယုံမှားခြင်းကို အက္ခန်သည် စွန့်ရာ၏။ ထိုအခြင်းဖြင့်ရဟန်းဂေါတမသည် အက္ခန်ပ်အား တရားကိုဟော ခြင်းငှါ စွမ်းနိုင်အံ့။ ဤသို့ စွမ်းနိုင်ပါသည် ရှိသော် ရဟန်းဂေါတမ၌ အက္ခန်ပ်သည်ကြည်ညိုရာ၏။ဘော်ဘင်းပန်ဖါ၏။ အရှင်အာနန္ဒာ၊အက္ခန်ပ် သည် မြတ်စွာဘုရားကို ဗူးမြင်ခြင်းငှါ ရလိုပါ၏ဟု အရှင် အာနန္ဒာကို ဆို၏။ အရှင်အာနန္ဒာလည်း သုံးကြိမ်မြောက်။ငါ့ရှင်သုဘဒ္ဒ၊မသင့်။ မြတ် စွာဘုရားကို သင်မညှဉ်းဆဲပါလင့်။ မြတ်စွာဘုရားသည် ပင်ပန်းတော် မူလတ္တံ့ဟူ၍ဆို၏။ မြတ်စွာဘုရားလျောင်းတော်မူရာဦးအပ်သော တင်း ထိမ်တံခါးဝ၌ ရင့်လျက် သုဘဒ္ဒပရိဗိုဇ်နှင့်တကွ ပြောဆိုသော အရှင် အာနန္ဒာ၏စကားကို မြတ်စွာဘုရားသခင်သည် ပကတိနားဖြင့် ကြား တော်မူ၍ မြတ်စွာဘုရားသည် သုဘဒ္ဒပရိဗိုဇ်၏အလိုဥာဏ်သာလျှင် ကြိုး စွာသော အားထုတ်ခြင်းဖြင့် ကွ်လာတော်မူသည် ဖြစ်သောကြောင့်။ အာနန္ဒာ၊ သုဘဒ္ဒကိုမြစ်ခြင်းသည်မသင့်။ အာနန္ဒာ၊ သုဘဒ္ဒကို မမြစ်ပါ လင့်။ အာနန္ဒာ၊ သုဘဒ္ဒသည် ငါဘုရားကိုဖူးမြင်ခြင်းဥာဏ်ရပါစေ။ သုဘဒ္ဒ သည် ငါ့ကို အကြင်ပြဿနာကိုမေးလတ္တံ့။ ထိုအလုံးစုံကိုသိလို၍သာ မေးလတ္တံ့။ ညှဉ်းဆဲလိုသည်ဖြစ်၍ မမေးလတ္တံ့။ဤသုဘဒ္ဒအား အကြင် အဖြေကို ငါသည် ဖြေလတ္တံ့။ထိုအဖြေကိုသုဘဒ္ဒသည် လျင်စွာသိပေ လတ္တံ့။သုဘဒ္ဒကိုဝင်ပါစေ။ အာနန္ဒာ၊ မမြစ်ပါလင့်ဟု မြတ်စွာဘုရားမိန့် ဆိတော်မူသော်။ အရှင်အာနန္ဒာသည်။ သုဘဒ္ဒကို။ငါ့အရှင်သုဘဒ္ဒ၊မြတ်စွာ ဘုရားနှင့်ပြုတော်မူ၏။ သင်သည် တင်းထိမ်တွင်းသို့ဝင်တော့ဟုဆို၏။ ထိုအခါ သုဘဒ္ဒပရိဗိုဇ်သည် အကြင်အရပ်၌ မြတ်စွာဘုရားရှိ၏။ ထို အရပ်သို့ ကပ်လေ၍။ မြတ်စွာဘုရားနှင့် ဝမ်းမြောက်ဝမ်းသာပြော၏။ ဝမ်းမြောက်ခြင်းကိုဖြစ်စေတတ်သော။အောက်မေ့အပ်သောစကားကို ဆုံးစေပြီး၍။တင့်အပ်သောအရပ်၌နေပြီးသော် မြတ်စွာဘုရားကိုဤသို့ လျှောက်၏။ဘုန်းတော်ကြီးသောရှင်ဂေါတမ၊အပေါင်းအဘော်ကိုဆောင် ကုန်သော်။ ဂိုဏ်းကိုဆောင်ကုန်သော။ဂိုဏ်းဆရာဖြစ်ကုန်သော ထင် ရှားကုန်သော။ အခြံအရံ များကုန်သော။ အယူကို ပြုတတ်ကုန်သော။ များစွာသောသူအပေါင်းကိုသည် သူတော်ကောင်းဟူ၍ သမုတ်အပ် ကုန်သော အကြင်ရဟန်းပုဏ္ဏားတို့သည် ရှိကုန်၏။ ထိုရဟန်းပုဏ္ဏား

တို့သည့်အဘယ်နည်းဟူမူကား။ ၎ကသပအမျိုးဖြစ်သောဟူရကာ။ ‘ဂေါသာလအမျိုးဖြစ်သောမက္ခလိ။ ဆံအမွေးကမ္မလာကိုဆောင်သောအဓိတ။ ကစ္စာယနအမျိုးဖြစ်သောပကုဓ။ အဝတ်ဖြူဝတ် ပရိဗိုဇ်ဇေလဋ္ဌ၏သားဖြစ်သောသဉ္စယ။ နာဋပုတ္တ၏သားဖြစ်သော နိဂဏ္ဌ။ ဤသူတို့တည်း။ ဤအလုံးစုံသော သူတို့သည် ငါမိတို့၏ဝန်ခံတိုင်းဖြင့် သိကုန်သလော။ ဤအလုံးစုံသောသူတို့သည် ဝန်ခံတိုင်းမသိကုန်သလော။ ထိုသို့မဟုတ်မူ၍၊ အချို့သောသူတို့ဿည်သာဝန်ခံတိုင်းသိ၍။ အချို့သောသူတို့ကား မသိကုန်သလော၊ ဤသို့ပြောက်၏။ ။မြတ်စွာဘုရားသည် ဤသို့မိန့်တော်မူ၏။ သုဘဒ္ဒ၊ ဤသို့မေးခြင်းသည်မသင့်။ အလုံးစုံသောထိုသူတို့သည် ငါမိတို့ဝန်ခံတိုင်းသိကုန်သလော။ ဤသို့အစရှိသော ပြဿနာကိုထားဘိဦး။ သုဘဒ္ဒ၊ သင့်အားငါသည် တရားကိုဟောအံ့။ ထိုတရားကိုသင်သည်နာလော့။ ကောင်းစွာနှလုံးပြုလော့။ ငါသည် ဟောအံ့ဟု မိန့်တော်မူသော်။ကောင်းပြီအရှင်ဘုရားဟု၊သုဘဒ္ဒသည် မြတ်စွာဘုရား၏စကားတော်ကိုဝန်ခံ၏။မြတ်စွာဘုရားသည် ဤသို့မိန့်တော်မူ၏။သုဘဒ္ဒ၊ အကြင်တရားဝိနည်းဌာ၊အင်္ဂါရှစ်ပါးနှင့်ပြည့်စုံသော၊ မြတ်သောအကျင့်ဟုဆိုအပ်သော မဂ္ဂင်ရှစ်ပါးကိုမရအပ်။ ထိုတရားဝိနည်းဌာပဌမရဟန်းကိုလည်းမရအပ်။ ဒုတိယာဓြောက်ဖြစ်သော ရဟန်းကိုလည်း မရအပ်။ တတိယဓြောက်ဖြစ်သော ရဟန်းကိုလည်းမရအပ်။ စတုတ္ထဖြစ်သောရဟန်းကိုလည်း မရအပ်။ သုဘဒ္ဒ၊ အကြင်သုတ်အဘိဓမ္မာဝိနည်းဌာ ဖြစ်သောအင်္ဂါရှစ်ပါးနှင့်ပြည့်စုံသော မဂ္ဂင်ရှစ်ပါးကိုရအပ်၏။ ထိုသုတ် အဘိဓမ္မာ ဝိနည်းဌာ ပဌမဖြစ်သောရဟန်းကိုလည်းရအပ်၏။ဒုတိယဖြစ်သော ရဟန်းကိုလည်း ရအပ်၏။ တတိယဖြစ်သော ရဟန်းကိုလည်းရအပ်၏။ စတုတ္ထဖြစ်သောရဟန်းကိုလည်းရအပ်၏။ သုဘဒ္ဒ၊ဤငါဟောတော်မူသောသုတ်အဘိဓမ္မာဝိနည်းဌာ။ ဖြတ်သောအင်္ဂါရှစ်ပါးနှင့်ပြည့်စုံသော အရိယမဂ်ကိုရအပ်၏။ သုဘဒ္ဒ၊ဤငါဟောတော်မူအပ်သော သုတ် အဘိဓမ္မာ ဝိနည်းဌာသာလျှင်။ ပဌမသော်တာပန်ဖြစ်သော ရဟန်းကိုလည်းရအပ်၏။ ဒုတိယသကဒါဂံဖြစ်သောရဟန်းကို။ တတိယအနာဂံဖြစ်သော ရဟန်းကို။ စတုတ္ထ ရဟန္တာဖြစ်သော ရဟန်းကိုလည်းရအပ်၏။ သုဘဒ္ဒ၊ တပါးသောဆရာခြောက်ယောက်တို့၏အယူသည် ရဟန်းလေးပါးကို့မှ ဆိတ်ကုန်၏။ သုဘဒ္ဒ၊ ဤရဟန်းအပေါင်း

သည် ဇကာင်းစွာအကျင့်ဖြင့်နေကုန်အံ့။ လောကသည် ရဟန္တာတို့ဖြင့် မဆိတ်သည်ဖြစ်ရာ၏။ ။သုဘဒ္ဒါငါသည် အရွယ်အားဖြင့် နှစ်ဆဲ့ကိုး နှစ် အရွယ်ရှိသည်ဖြစ်၍ အကြင်ရဟန်းပြုခြင်းသည် ရှိ၏။ ထိုရဟန်း ပြုသောအခါမှစ၍ သဗ္ဗညုတညာဏ်တည်းဟူသော အကြင်ကုသိုလ် သည်ရှိ၏။ထိုကုသိုလ်ကိုအစဉ်ရှာလျက်။အလွန်နှင့်တကွအနှစ်ငါးဆယ် တို့သည်ဖြစ်ကုန်၏။ ထိုအခါပတ်လုံး အရိယမဂ်တရား၏ အကြောင်း ဝိပဿနာအစဉ်ကိုကျင့်၏။ဤငါ၏သာသနာမှ အပ၌ အရိယမဂ်တရား ၏ အကြောင်းဖြစ်သော ဝိပဿနာအစဉ်ကဲ့ကျင့်သော ရဟန်းသည်မျှ လည်းမရှိ။ပဋိသေတာပန်ရဟန်းသည်မရှိ။ဒုတိယသကဒါဂံရဟန်း သည်မရှိ။ တတိယအနာဂံရဟန်းသည်မရှိ။ စတုတ္ထ ရဟန္တာရဟန်း သည်မရှိ။ သုဘဒ္ဒ၊တိတ္ထိဆရာခြောက်ယောက်တို့၏အယူ၌။မင်္ဂလေးပါး တို့၏အလိုဠာကျင်သောအားထုတ်အပ်သောဝိပဿနာရှိသောအာရဒ္ဓ ဝိပဿကရဟန်းလေးယောက်။မဂ္ဂင်္ဂါန်ရဟန်းလေးယောက်။ဖလင်္ဂါန် ရဟန်းလေးယောက်အားဖြင့်။ ဤတကျိပ်နှစ်ယောက်သောရဟန်းတို့မှ ဆိတ်၏။ သုဘဒ္ဒ၊ ဤတကျိပ်နှစ်ယောက်သောရဟန်းတို့သည် ကောင်း စွာကျင့်၍ နေကုန်အံ့။ လောကသည် ကျ။တောက့ဲသို့ ရဟန္တာတို့ဖြင့် မဆိတ်သည်ဖြစ်ရာ၏ဟုဟော၏တော်မူ၏။ ။ဤသို့ဟော၏တော်မူသည် ရှိသော် သုဘဒ္ဒပရိဗိုဇ်သည် မြတ်စွာဘုရားကို ဤသို့လျှောက်၏။ ဘုန်း တော်ကြီးသော ရှင်ပင်ဘုရား၊ နှစ်လိုဘွယ်ရှိစွ။ ဥပမာကား။ မြောက်၍ ထားသောဝတ္ထုကို လှန်သကဲ့သို့။ ပိတ်၍ထားသောဝတ္ထုကို ဖွင့်သကဲ့ သို့။ ခရီးမှားသော သူအား ခရီးကို ကြားသကဲ့သို့။ မိုက်လွဲစွာသော အာခနိုးတို့က်၌ ဆီမီးကို ထွန်းဘိသကဲ့သို့။ မျက်စိအမြင်ရှိသောသူတို့ သည်အရုပ်တို့ကိုမြင်သကဲ့သို့။ ထို့အတူ မြတ်စွာဘုရားသည် များစွာ သောအကြောင်းဖြင့် တရားကို ထင်ရှားပြပေ၏။ ဘုန်းတော်ကြီးသော ရှင်ပင်ဘုရား၊ထိုအကျွန်ုပ်သည် မြတ်စွာဘုရားကိုကိုးကွယ်ပါ၏။တရား တော်ကိုကိုးကွယ်ပါ၏။ သံဃာတော်ကိုကိုးကွယ်ပါ၏။ ရှင်ပင်ဘုရား၊ ရှင်ပင်ဘုရား၏အဆုံး၌ အကျွန်ုပ်သည် သာမဏေရဟန်းအဖြစ်ကိုရလို ပါ၏။ပဉ္စင်းရဟန်းအဖြစ်ကိုရလိုပါ၏ဟူ၍ လျှောက်၏။ ။(၀မ္မပဒကို ဆောင်ကုန်သောမထေရ်တို့သည်ကား။ငါသည် သုံးပါးသောပြဿနာ တို့၌ယုံမှားခြင်းကို အသက်အရွယ်ကြီးကုန်သောပရိဗိုဇ်တို့အား မေး

၍။ငါ၏ယုံမှားခြင်းသည်မပြေ။ရဟန်းဂေါတမကိုလည်းငါ့အား၀က်ငယ်၏ဟူသောအမှတ်ဖြင့် မမေးမိ။ ယခုလည်း ထိုရဟန်းဂေါတမ၏ ပရိနိဗ္ဗာန်ပြုအံ့သောအခါတည်း။နောင်အခါရဟန်းဂေါတမကို၍ပြဿနာသုံးပါးတို့ဖြင့် ယုံမှားသက်၀ါကို မမေးရသောကြောင့် နှလုံးမသာသည်ဖြစ်ရာ၏။ ထိုနှလုံးမသာခြင်းသည် မဖြစ်စေသတည်းဟုကြံ၍။ မြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုတော်မူရာညောင်စောင်းဌိ လျောင်းသောညဉ့်၊ သန်ခေါင်ယံ၀င်သောအခါမှလာ၍။ အရှင်အာနန္ဒာမြစ်သည်ရှိသော်။ အာနန္ဒာ၊သုဘဒ္ဒကို မမြစ်ပေလင့်၊၀င်၍ ပြဿနာမေးပါစေဟု ခွင့်ပြုတော်မူသောကြောင့်၊ တင်းထိမ်တွင်းသို့၀င်၍ ညောင်စောင်းအောက်၌ နေ၍။ အရှင်ရဟန်း၊ ဘာသို့နည်း၊ ကောင်းကင်ပြင်၌ ရှင်ရဟန်းတို့၏ခြေရာမရှိလော။ ရှင်ရဟန်းတို့၏ သာသနာတော်အပ၌ ရဟန်းသည်မရှိလော။ သတ္တ၀ါအပေါင်းတို့သည် တဏှာမာနဒိဋ္ဌိဟူသော ပပဉ္စတရား၌ မွေလျော်ကုန်၏။လောခြင်းကောင်းသောဘုရားတို့သည် ပပဉ္စတရား၌ မမွေလျော်ကုန်လော။ ဤသို့သောပြဿနာကို ဘုရားအား သုဘဒ္ဒမေးသောကြောင့်။ ။အာကာသေ၀ံပဒံနတ္ထိ၊သမဏော်နတ္ထိဗာဟိရေ။ သင်္ခါရာသဿတာ နတ္ထိ၊နတ္ထိ ဗုဒ္ဓါနမိဇ္ဈိတံ။ ။ဟူသော သုဘဒ္ဒအမေးသုံးပါးတွင်။ အဖြေတပါးစွက်၍၊ အဖြေလေးပါးဂါထာကိုဟောတော်မူသော အဆုံးဌ သုဘဒ္ဒသည် အနာဂါမိဖိုလ်ဌတည်လေ၏ဟူ၍ဆိုကုန်၏)။ ။ ဤသုဘဒ္ဒသည် ရဟန်းပဉ္စင်းအဖြစ်ကို တောင်းသောအခါဌ၊ မြတ်စွာဘုရား ဤသို့မိန့်တော်မူ၏။ သုဘဒ္ဒ၊ တိတ္ထိဖြစ်ဘူးသော အကြင်သူသည် ဤသုတ် အဘိဓမ္မာ ၀ိနည်းဌ၊ မဟာနိပဉ္စင်းအဖြစ်ကိုအလိုရှိ၏။ထိုတိတ္ထိဖြစ်ဘူးသောသူသည် လေးလပတ်လုံးပရိ၀ါသ်နေရ၏။ လေးလလွန်သဖြင့်နှစ်သက်သောစိတ်ရှိကုန်သောရဟန်းတို့သည် ထိုတိတ္ထိကိုရဟန်းဖြစ်စေခြင်းငှါ သာမဏေရဟန်းပြုကုန်၏။ပဉ္စင်းခံကုန်၏။စပ်စပ်သော်ကား သင်၏ ပုဂ္ဂိုလ်ထူးအဖြစ်ကို ငါသိတော်မူ၏ဟု မြတ်စွာဘုရားမိန့်တော်မူ၏။ ။(အနာဂါမိဖိုလ်ဌ တည်လေပြီးဖြစ်သောကြောင့်ပင် ပုဂ္ဂိုလ်ထူး၏အဖြစ်ကိုငါသိ၏ဟုမိန့်သတည်း)။ ။

ထိုအခါသုဘဒ္ဒသည်ဤသို့လျောက်၏။ ဘုန်းတော်ကြီးသောရှင်ပင် ဘုရား၊တိတ္ထိဖြစ်ဘူးဘော်သူသည်ဘုရားသာသနာတော်၌ရဟန်းပဉ္စင်းအဖြစ်ကို အလိုရှိ၍ လေးလ ပရိ၀ါသ်နေရသော်ကား။ အကျွန်ုပ်သည်

လေးနှစ်ပရိဝါသ်နေပါအံ့။လေးနှစ်လွန်သဖြင့် အကျွန်ုပ်သည် နှစ်သက်စေအပ်ပြီးသောစိတ်ရှိကုန်သောရဟန်းတို့သည် အကျွန်ုပ်ကို ရဟန်းဖြစ်စေခြင်းငှါ သာမဏေပြုပါစေကုန်။ ပဉ္စင်းခံပါစေကုန်သတည်းဟု လျှောက်၏။ ထိုရောအခါ မြတ်စွာဘုရားသည် အရှင်အာနန္ဒာကို ခေါ်တော်မူ၍။ အာနန္ဒာ၊ သုဘဒ္ဒ ရဟန်းပြုပါလိုသည် ဟူရကား၊ သင်တို့သည် သုဘဒ္ဒကို ရဟန်းပြုကုန်ဟု မိန့်တော်မူ၏။ အရှင်အာနန္ဒာသည် လည်း ကောင်းပါပြီ အရှင်ဘုရားဟု မြတ်စွာဘုရား၏စကားတော်ကို ဝန်ခံ၏။ထိုရောအခါ သုဘဒ္ဒပရိဗိုဇ်သည် အရှင်အာနန္ဒာကို ဤသို့ဆို၏။ ငါ့ရှင် အာနန္ဒာ၊ အကြင် အရှင်တို့သည် ဤသာသနာတော်၌ မြတ်စွာဘုရားမျက်မှောက်တော်မှ အခွေ့ဝါသိက အာသိသိက်ဖြင့် အာသိသိက်သွန်းခြင်းကိုရအပ်ကုန်၏။ ထိုအရှင်တို့သည် ရတော်စွ။ သင်တို့အားကောင်းသောရခြင်းတည်းဟုဆို၏။ ထိုရောအခါ အရှင်အာနန္ဒာသည် မိမိ၏ ကလျာမှ ရေဖြင့် သုဘဒ္ဒ၏ ဦးခေါင်းကို ဆွတ်၍။ တစပဉ္စကကမ္မဋ္ဌာန်းကို ကြား၍၊ ဆံမုတ်ဆိတ်တို့ကို ပယ်၍၊ ဖနရည်ဆိုးသောသင်္ကန်းတို့ကို ဝတ်စေ၍။ သရဏာဂုံကိုပေး၍ မြတ်စွာဘုရား၏ အထံတော်သို့ဆောင်ခဲ့၏။ မြတ်စွာဘုရားသည် သုဘဒ္ဒကို ပဉ္စင်းပြုစေတော်မူ၍ ကမ္မဋ္ဌာန်းကိုကြားတော်မူ၏။ သုဘဒ္ဒပရိဗိုဇ်သည် မြတ်စွာဘုရားအထံ၌ သာမဏေရဟန်းအဖြစ်၊ ပဉ္စင်းအဖြစ်ကိုရလေပြီ။ ပဉ္စင်းအဖြစ်သို့ရောက်၍ မကြာမြင့်မီ အရှင်သုဘဒ္ဒသည် အင်ကြင်းဥယျာဉ်၏တရုတော်အစွန်း၌ ဆိတ်ငြိမ်ရာသို့ကပ်၍ စင်္ကြံသွားလျက်၊ စေ့ဆော်လျက်၊ လုံ့လပြုလျက်၊ မမေ့မလျော့ ကြိုးခြံသော ထုံ့လရှိသည်ဖြစ်၍ နိဗ္ဗာန်သို့စေလွှတ်သော စိတ်ရှိသည်ဖြစ်၍၊ ဝိပဿနာကို ပွါးစေ၍၊ ပဒိုသန္တိဒါလေးပါးတို့နှင့်တကွရဟန္တာအဖြစ်သို့ရောက်လေ၏။ရဟန္တာအဖြစ်သို့ရောက်ပြီးသော် မြတ်စွာဘုရားအထံသို့လာ၍ရှိသေစွာရှိခိုးလျက်နေ၏။ ဤအရှင်သုဘဒ္ဒသည် မြတ်စွာဘုရား သက်တော်ထင်ရှား ရှိစဉ်ကာလ အဆုံးစွန်သော မျက်မှောက်ဖြစ်သော တပည့်ရဟန္တာတည်း။ မြတ်စွာဘုရားသည်ညဦးယံ၌မလွှာမင်းတို့အားတရားဟောတော်မူ၍၊သန်ခေါင်ယံ၌သုဘဒ္ဒပရိဗိုဇ်ကိုဆုံးမဟော်မူ၍တရားဟောခွတ်ကယ်ချုတ်တော်မူသတည်း။ ။

ဤသို့သော ဥပနိဿယနှင့်ပြည့်စုံသော ဆရာဒန်းသည် မြတ်စွာဘုရား

ကို၊ ပဌမဇော်ဓိ၊ ဒုတိယဇော်ဓိ၊ တတိယဇော်ဓိအားဖြင့် သုံးပါးသော ဇော်ဓိပတ်လုံး ဖူးမြင်ခြင်းငှါမရောက်ပါမူ၍။ တတိယဇော်ဓိ၏ အဆုံး ဖြစ်သော၊ဥပဝတ္တနအင်ကြင်းတော၌ပရိနိဗ္ဗာန်ပြုတော့အံ့ဟု၊ပရိနိဗ္ဗာန် ပြုရာ ညောင်စောင်း၌ လျောင်းသောအခါမှသာလျှင် အာဘယ့်ကြောင့် ရောက်ရလေသနည်း ဟူတုံအံ့။ ဤအရပ်၌ သုဘဒ္ဒအလောင်းနှင့် ပဉ္စဝဂ္ဂိ ငါးယောက်တို့တွင် အကြီး ရှင်ကောဏ္ဍညအလောင်းသည် ကောင်းမှုပြုကြသောအခါ၌ ညီနောင်ဖြစ်ကုန်၏။ ထိုညီနောင်တို့သည် တပေါင်း တည်းလယ်လုပ်ကြကုန်၏။ ထိုညီနောင်တို့တွင်၊ကောဏ္ဍညအလောင်း အစ်ကိုယ်သည် တခုသောကောက်၌ ကိုးကြိမ်အဦးအလှူကို ငါသည် ပေးအပ်၏ဟု,ကြံ၏။ ထိုအစ်ကိုယ်သည် မျိုးကြဲသောအခါ၌ ဗီဇင္ဂဟူသောအလှူကိုပေးပြီး၍။ ဖုံးသောအခါ၌ ညီကိုတိုင်ပင်၏။ ညီငယ်သည် ကောက်ပင်ဖုံးလွှမ်းသောအခါ၌အဖုံးကိုခွဲ၍လှူအံ့ဟူ၍နှသောကောက်ကို ဖျက်ဆီးလိုသဖြောဟုဆို၏။ အစ်ကိုယ်မဟာဂ၁ာလသည် ညီစူဠဋ္ဌကာလ၏ ဒိဒိအလိုသို့မလိုက်သောအဖြစ်ကို သိ၍၊ လယ်ကို ခွဲဝေပြီးလျှင်၊ ဒိဒိအဘို့မှကောက်ဖုံးကိုခွဲ၍ နို့ရည်ကိုထုတ်၍ ထောပတ်ဆီဦးနှင့်ယှဉ်၍လှူ၏။ မနုဿနိးစားကောင်းသောအခါ၌ မနုဿနိးလုပ်၍လှူ၏။ ရိတ်သောအခါ လာယနဂ္ဂဟူ၍လှူ၏။ကောဏ္ဍညအလောင်းစည်းသောအခါ ဝေဏဂ္ဂဟူ၍လှူ၏။ ဤသို့စသည်ဖြင့် ကလာပဂ္ဂ၊ ခလဂ္ဂ၊ ဘဏ္ဍဂ္ဂ၊ ကောဋ္ဌဂ္ဂ၊ အားဖြင့် တခုသောကောက်၌ ကိုးကြိမ်အဂ္ဂဒါနကိုလှူ၏။ညီစူဠဋ္ဌကာလမှကား။ တလင်းမှထုတ်၍ လှူ၏။ ထိုညီနောင်နှစ်ယောက်တို့တွင် အစ်ကိုယ်အကြီးသည်။ ငါတို့ဘုရားလက်ထက်တော်၌ ကောဏ္ဍညထေရ်ဖြစ်လာ၏။မြတ်စွာဘုရားသည် အာဘယ်သူအား တရားဦးကိုငါဟောရအံ့နည်းဟုကြည့်တော်မူသော်။ ဤကောဏ္ဍညသည် တရားဦးကိုနာလိုသောကြောင့် တခုသောကောက်၌ကိုးကြိမ်အဦးပေးလှူ၏။ကောဏ္ဍညအား တရားဦးကိုဟောအံ့ဟု ကြံတော်မူ၍ ဟောတော်မူ၏။ ကောဏ္ဍညထေရ်သည် တဆဲ့ရှစ်ကုဋေသော ဗြဟ္မာတို့နှင့်တကွ၊ သောတာပတ္တိဖိုလ်၌ တည်၏။ ညီစူဠဋ္ဌကာလသည်ကား နောက်မှ အလှူကိုပေးသောကြောင့် ကျန်ရစ်၍ မြတ်စွာဘုရားပရိနိဗ္ဗာန်ပြုအံ့သောအခါ၌။ မြတ်စွာဘုရားအားဖူးမြင်လိုသည်ဖြစ်၍ ရောက်၏။ ဤသန်ခေါင်ယံ၌ သုဘဒ္ဒကို တရားဟောတော်မူ၏။ ။

၇၄။ မြတ်စွာဘုရားသခင်သည်သာဝကတို့အား ယောဝေါအာနန္ဒစသောစကားဖြင့်မှာကြားတော်မူခြင်း၊ဟန္ဒဒါနိ ဘိက္ခဝေစသောပဆိုမဝစနကိုမိန့်တော်မူခြင်း။ကုဋေ ၂ သန်း ၄ သိန်းသောသမာပတ်တို့ကိုဝင်စားတော်မူပြီးအဆုံး၌ ပရိနိဗ္ဗာန်ပြုတော်မူခြင်းတို့ကိုပြုရာ။

အရှင်သုဘဒ္ဒအကျွတ်တရားရပြီးသောအခါ၌။ မြတ်စွာဘုရားသည် အရှင်အာနန္ဒာကိုခေါ်၍ဆိုတော်မူ။ ချစ်သားအာနန္ဒာ၊ သင်တို့အား မြတ်စွာဘုရား၏စကားတော်သည်လွန်ပြီ။ ငါတို့အားဆရာသည်မရှိပြီဟု စိတ်သည် ဖြစ်ရာ၏။ စင်စစ်သော်ကား။ အာနန္ဒာ၊ ဤအကြောင်းကို ဤသို့မမှတ်အပ်။ ချစ်သားအာနန္ဒာ၊ သင်တို့အား အကြင်သုတ်အဘိဓမ္မာကို ငါဟောအပ်ပြီ။အကြင်ဝိနည်းတရားကိုငါပညတ်အပ်ပြီ။ ထိုသုတ်အဘိဓမ္မာဝိနည်းသည် ငါလွန်သဖြင့် သင်တို့၏ ဆရာတည်း။ ချစ်သားအာနန္ဒာ၊ သစ္စာလေးပါး တရားကို သိသည်မှစ၍ ပရိနိဗ္ဗာန် ပြုသည်တိုင်အောင် လေးဆဲ့ငါးဝါတို့ပတ်လုံး ငါဟောပြောအပ်သောတရားတော်သည် ဝိဒူကတ်အားဖြင့် သုတ္တန်ဝိဒူကတ်။ဝိနည်းဝိဒူကတ်။ အဘိဓမ္မာဝိဒူကတ်ဟူ၍သုံးပါး။ နိကာယ်အားဖြင့် ဒီဃနိကာယ်။ မဇ္ဈိမနိကာယ်။ သံယုတ္တ နိကာယ်။ အင်္ဂုတ္တရ နိကာယ်။ ခုဒ္ဒကနိကာယ် ဟူ၍ ငါးပါး။ အင်္ဂါအားဖြင့် သုတ္တ။ ဂေယျ။ဂါထာ။ဝေယျာကရဏ။ဥဒါန။ဣတိဝုတ္တက။ ဇာတက။အဗ္ဘုတ။ဝေဒလ္လဟူ၍ကိုးပါး။ ဓမ္မက္ခန္ဓာအားဖြင့် ရှစ်သောင်း လေးထောင်တို့သည် ရှိကုန်၏။ ဧါတဂေယျာဂ်တည်းသာလျှင် ပရိနိဗ္ဗာန်ပြုလေအံ့။ယခုအခါ ငါတယောဂ်တည်းသာလျှင် သင်တို့ကို ဆုံးမ၏။ ငါပရိနိဗ္ဗာန်ပြုသည်ရှိသော် ဓမ္မက္ခန္ဓာပေါင်း၊ရှစ်သောင်းလေးထောင်ဟုဆိုအပ်သော ဘုရား ရှစ်သောင်းလေးထောင်တို့သည် သင်တို့ကိုဆုံးမရစ်လတ္တံ့ဟု မိန့်တော်မူပြီး၍။ ချစ်သားအာနန္ဒာ၊ယခုအခါ၌ ရဟန်းတို့သည် တယောဂ်သူ့တည်တယောဂ်ကို ငါ့အရှင်ဟုခေါ်ဝေါ်ပြောဆိုကုန်သကဲ့သို့။ ထိုအဖျာ ငါလွန်သဖြင့် သင်တို့သည် မပြောဆိုအပ်။ ချစ်သားအာနန္ဒာ၊ သီတင်းကြီးဖြစ်သော ရဟန်းသည် သီတင်းငယ်ရဟန်းကို၊ တိဿ၊ ဒတ္တ၊ စသောအမည်ဖြင့်သော်၎င်း။ ကဿပ၊ ကစ္စာယနစသော အနွယ်ဖြင့်သော်၎င်း။ ငါ့အရှင်ဟူသော အာဝုသော

ဝါဒဖြင့်သော်၎င်း ပြောဆိုခေါ်ဝေါ်အပ်၏။ သိတင်းငယ်ရဟန်းသည် သိတင်းကြီးရဟန်းကဲ့ ဘန္တေ ဟူ၍သော်၎င်း။ အာယသ္မာ ဟူ၍သော်၎င်း၊ ခေါ်ဝေါ်ပြောဆိုအပ်၏။ ။အာနန္ဒာ၊ငါလွန်သဖြင့် သံဃာသည် အလိုရှိသည်ရှိသော် ငယ်သောသိက္ခာပုဒ်တို့ကိုနုတ်စေရာ၏။ ချစ်သား အာနန္ဒာ၊ ငါလွန်သဖြင့် သံဃာသည် ဆန္နအမည်ရှိသော ရဟန်းအား ဗြဟ္မဒဏ်ကိုပေးအပ်၏ဟု မိန့်တော်မူ၏။ ဘုန်းတော်ကြီးသောရှင်ပင် ဘုရား၊ဗြဟ္မဒဏ်ဟူသည် အဘယ်သို့နည်းဟု အရှင်အာနန္ဒာလျှောက်သော်။ အာနန္ဒာ၊ဆန္နရဟန်းသည်အကြင်စကားကိုဆိုခြင်းငှါအလိုရှိ၏။ ထိုစကားကိုဆိုစေရာ၏။ ထိုဆန္နရဟန်းကို ရဟန်းတို့သည်မဆိုအပ်၊ မဆုံးမအပ်၊ အဘန်တလဲလဲမဆုံးမအပ်ဟု မိန့်တော်မူ၏။ ။ဤသို့မိန့်တော်မူပြီးသောအခါ ဖြတ်စွာဘုရားသည် ရဟန်းတို့ကိုခေါ်တော်မူ၍ ဆို၏။ ချစ်သားရဟန်းတို့။ ဘုရားဠ္ဍင်း၊တရားဠ္ဍင်း၊သံဃာဠ္ဍင်း၊မဂ်ဠ္ဍင်း၊ မဂ်ရကြောင်းအကျင့်ဠ္ဍင်း၊တယောက်သောရဟန်းအားမျှလည်း ယုံမှားခြင်းသည်ဖြစ်အံ့။သင်တို့သည် မေးလိုက်ကုန်။ချစ်သားရဟန်းတို့၊ သင်တို့အား နောင်သောအခါဠ္ဌနလုံးမသာမဖြစ်ပါစေကုန်လင့်။ဖြတ်စွာဘုရားသည် ငါတို့မျက်မှောက်ဖြစ်ပါလေ၏။ ငါတို့သည်ဖြတ်စွာဘုရားကို မျက်မှောက်ဠ္ဍ မေးပိုက်အံ့သောဌါ မတတ်နိုင်ချေ ကုန်ဟု နောင်အခါ ဠနလုံးမသာမဖြစ်ပါစေကုန်လင့်ဟုမိန့်တော်မူ၏။ ဤသို့မိန့်တော်မူသော် ရဟန်းတို့သည်ဆိတ်ဆိတ်နေကုန်၏။ ဠစ်ကြိမ်မြောက်၎င်း။ သုံးကြိမ်မြောက်၎င်း ဖြတ်စွာဘုရားသည်။ ချစ်သားရဟန်းတို့၊တယောက်သောရဟန်းအားမျှလည်း။ ‘ဘုရားဠ္ဍ၊ တရားဠ္ဍ၊ သံဃာဠ္ဍ၊ မဂ်ဠ္ဍ၊အကျင့်ဠ္ဍ ယုံမှားသကာဝရှိသည်ဖြစ်အံ့။ ချစ်သားရဟန်းတို့၊ငါဘုရားကိုမေးမြန်းပါကုန်။ငါမရှိပြီးသောနောင်အခါဠ္ဍ။ ငါတို့အား ဖြတ်စွာဘုရားကိုမျက်မှောက်မှိုလိုက်ပါ၏။ ငါတို့သည် ဖြတ်စွာဘုရားကို မေးမြန်းလိုက်အံ့သောဌါမတတ်နိုင်ကုန်ဟူ၍ ဠနလုံးမသာမဖြစ်ရစ်စေကုန်လင့်ဟု မိန့်တော်မူ၏။ ဤသို့မိန့်တော်မူသော် သုံးကြိမ်မြောက်ရင်းရဟန်းတို့သည် ဆိတ်ဆိတ်သာလျှင်နေကုန်၏။ထိုကျောအခါဖြတ်စွာဘုရားသည်ရဟန်းတို့ကို ခေါ်တော်မူ၍ဆို၏။ ချစ်သား ရဟန်းတို့၊ ငါဘုရားအား ရှိသေသဖြင့်မမေးကုန်သည်ဖြစ်ငြားအံ့။ ချစ်သားရဟန်းတို့၊ အဆွေခင်ပွန်းရဟန်းကယောက်သည် အဆွေခင်ပွန်းရဟန်းတယောက်အား ကြား

လေ့။ဧ့ါသည် ထိုရဟန်းအား ကြားအံ့။ ထိုရဟန်း၏စကားကို ကြား၍ အလုံးစုံသော ရဟန်းတို့သည် ယုံမှားမရှိကုန်သည် ဖြစ်လတ္တံ့.ဟု မိန့်တော်မူ၏။ ထိုသို့ မိန့်တော်မူသော်လည်း ရဟန်းတို့သည် ဆိတ်ဆိတ်သာနေကုန်၏၊ ။ထိုရောအခါ အရှင်အာနန္ဒာသည် မြတ်စွာဘုရားကို ဤသို့လျှောက်၏။ ဘုန်းတော်ကြီးဘောရှင်ပင်ဘုရား၊အံ့ဘွယ်ရှိစွ။ မဖြစ်ဘူးမြဲတကား။ ဘုန်းတော် ကြီးသော ရှင်ပင်ဘုရား၊ ဤရဟန်းသဃ်ာ၌ အကျွန်ုပ်သည် ဤသို့ကြည်ညို၏။ ဤရဟန်းသဃ်ာ၌ တယောက်သော ရဟန်းအားမျှလည်း၊ ဘုရား၌၊တရား၌၊သဃ်ာ၌၊ မဂ်၌၊အကျင့်၌ ယုံမှားခြင်းသည်မရှိပေဟူ၍ ကြည်ညို၏ဟု လျှောက်၏။ မြတ်စွာဘုရားသခင်သည် ဤသို့ မိန့်တော်မူ၏။ ချစ်သားအာနန္ဒာ၊ သင်သည်ယုံမှား ကင်းသော မျက်မှောက်ပြုတတ်သော ဉာဏ်ရှိ၍သာလျှင်ကြည်ညို၏။ ဤသို့ကြည်ညိုခြင်း၌ ငါဘုရားအား ယုံကြည် ကာမျှသာ မဟုတ်။ အာနန္ဒာ၊ ဤရဟန်းသဃ်ာ၌ တဒယောက်သောရဟန်းအားမျှလည်း။ ဘုရားတရားသဃ်ာ မဂ် အကျင့်တို့၌။ ဘုရား ဟုတ်သဒလော မဟုတ်လော။ တရားဟုတ်သလော မဟုတ်လော။ သဃ်ာ ဟုတ်သလော မဟုတ်လော။ မဂ်ဟုတ်သလော မဟုတ်လော။အကျင့်ဟုတ်သလော မဟုတ်လောဟု ယုံမှားခြင်းသည် မရှိ။ ချစ်သားအာနန္ဒာ၊ ဤတောင်းထိမ်တွင်း၌ ရှိကုန်သော ရဟန်းတို့တွင် အကြင် ရဟန်းသည် ကျေးဇူးဂုဏ်အားဖြင့် အလုံးစုံအောက် ငယ်၏။ ထိုရဟန်းသည် သောတာပန်လျှင်တည်း။ မပျက်စီးသောသဘောရှိ၏။ မြဲသောဂတိရှိ၏။ သမ္ဗောဓိလေးပါးတရားလျှင် လည်းလျောင်းရောရှိ၏ဟု အရှင်အာနန္ဒာကို ဂရုစိုက်၍ မိန့်တော်မူ၏။ ။ထိုရောအခါ မြတ်စွာဘုရားသည် ရဟန်းတို့ကိုခေါ်၍ မိန့်တော်မူ၏။ ။ဟန္ဒဒါနိ ဘိက္ခဝေ အာမန္တယာမိ ဝေါဝယဓမ္မာသင်္ခါရာအပ္ပမာဒေနသမ္ပာဒေထ။ ။ဟူ၍ မိန့်ဆော်မူ၏။ ဤစကားတော်သည်ကား အဆုံးစွန်ရဟန်းတို့အားအဆုံးအမပေးသောစကားတော်တည်း။ ။ဘိက္ခဝေ၊ တို့။ ဟန္ဒဒါနိ၊ယသုအခါ၌။ ဧေါ၊သင်တို့ကို။အဟံ၊သည်။အာမန္တယာမိ၊ ကြားမှာတော်မူခဲ့၏။ သင်္ခါရာ၊သင်္ခါရတရားတို့သည်။ ဝယဓမ္မာ၊ပျက်တတ်သော ဓမ္မတာရှိကုန်၏။ ဝေါ၊သင်တို့သည်။ အပ္ပမာဒေန၊ မမေ့မလျော့ခြင်းနှင့်။သမ္ပာဒေထ၊ပြည့်စုံရစ်ကုန်လော့။ ။

ဤသို့ရဟန်းတို့အား ကြားမှာတော်မူပြီးလျှင် ဆိတ်ဆိတ်နေတော်

မူ၍။ နှောင်သာသနာတော် တည်မည့်အရပ်ကို ဆင်ခြင်တော်မူသော်။ လာလတ္တိုင်း သိဟပူရပြည့်မှ သိဟဗာဟုမင်း၏သား ဝိဇယဗာဟုသည် အသည်ကျွန် ခုနစ်ရာတို့နှင့်တကွ ယခုည လက်ာဒီပကျွန်းသို့ရောက်ပြီ။ သိဟိုဠ်ကျွန်းဠ လူနေတည်ထောင်ပြီ။ ငါပရိနိဗ္ဗာန်လွန်သောနောက်။နှစ် ရာ့သုံးဆဲ့ခြောက်နှစ် ဂိုသောအခါ ပါဋလိပုတ်ပြည်ဠ ဓမ္မာသောကမင်း၏သား အရှင်မဟိန္ဒသည် သာသနာတော်ကို ပြုသောအခါဠ် ငါ့မဟာဗောဓိဒကို့ဏာသာခါနှင့် လက်ျာမြှေပ်ရိုးတော်၊ တစရွတ်မျှသော ဓာတ်တော်တို့ကိုဆောင်၍ သိဟိုဠ်ကျွန်းဠ်ပူပနာလတ္တံ့ဟု မြင်တော်မူသဖြင့် ငါးပါးသော ဓိဋ္ဌာန်ခြင်းတို့ကို ဓိဋ္ဌာန်တော်မူ၏။ ငါးပါးဟူသော်ကား။ လက်ာဒီပကျွန်းမှ် ငါ၏မဟာဗောဓိ တည်စေခြင်းငှါ ဓမ္မာသောကမင်း ကြီးသည် မဟာဗောဓိကို ဆောင်အံ့သောငှါလာလတ္တံ့။ ထိုရောအခါ မဟာဗောဓိ၏ဒကို့ဏာသာခါသည် အလိုလိုကျ၍ ရွှေဖျဉ်းဠ်တည်စေသတည်း။ဤသည်းတပါး။ ထိုရွှေဖျဉ်းဠ်တည်သောအခါ၊ မဟာဗောဓိခက်သည် ရွှေဖျဉ်းနှင့်တကွ ဆီးနှင်းတိမ်တိုက်သို့ ဝင်၍ တည်စေလတည်း။ ဤသည်လျှင် နှစ်ခုမြောက်။ ဆီးနှင်းတိမ်တိုက်မှသက်၍ ရွှေဖျဉ်းဠ်တည်လျက် အရွက်တို့မှ၎င်း၊ အရိုးတို့မှ၎င်း၊ ရောင်ခြည်တော်ခြောက်သွယ်လွှတ်စေသတည်းဟု ဓိဋ္ဌာန်တော်မူ၏။ ဤသည်လျှင်သုံးခုမြောက်။ ထူပါရုံဠ် လက်ျာမြှေပ်ရိုးတော်ကို ဌပနာသောနေ့ဠ် ယဓိုက်ပြာဒိုဟာ ပြုစေသတည်းဟု ဓိဋ္ဌာန်တော်မူ၏။ ဤသည်လျှင်လေးခုမြောက်။ တစရွတ်မျှသောဓာတ်တော်တို့ကို မဟာစေတီဠ်ဌပနာသောနေ့ဠ် ဘုရား၏အသွင်ကိုယူ၍ ကောင်းကင်သို့ပျံတက်၍ ယဓိုက်ပြာဒိုဟာ ပြုစေသတည်းဟု ဓိဋ္ဌာန်တော်မူ၏။ ဤသည်လျှင်ငါးခုမြောက်။ ဤငါးပါးသောဓိဋ္ဌာန်ခြင်းတို့ကိုဓိဋ္ဌာန်တော်မူ၍ ပဌမစျာန်ကိုဝင်စားတော်မူ၏။ ပဌမစျာန်မှထ၍ ဒုတိယစျာန်ကို ဝင်စားတော်မူ၏။ ဒုတိယစျာန်မှထ၍ တတိယစျာန်ကို ဝင်စားတော်မူ၏။ တတိယစျာန်မှထ၍ စတုတ္ထစျာန်ကို ဝင်စားတော်မူ၏။ စတုတ္ထစျာန်မှထ၍ အာကာသာနဉ္စာယတနစျာန်ကို ဝင်စားတော်မူ၏။ အာကာသာနဉ္စာယတနစျာန်မှထ၍ ဝိညာဏဉ္စာယတနစျာန်ကိုဝင်စားတော်မူ၏။ ဝိညာဏဉ္စာယတနစျာန်မှထ၍ အာကိဉ္စညာယတနစျာန်ကို ဝင်စားတော်မူ၏။ အာကိဉ္စညာယတနစျာန်မှထ၍ နေဝသညာနာသညာယတနစျာန်ကို ဝင်စားတော်မူ၏။ နေဝသညာ နာသညာယတန

ဈာန်မှဆ၍ သညာဝေဒယိတနိရောဓသမာပတ်ကို ဝင်းစားတော်မူ၏။ ထိုကိုးခုမြောက်သမာပတ်ကိုဝင်စားတော်မူသောအခါ၌အရှင်အာနန္ဒာသည်အရှင်အနုရုဒ္ဓါကိုဤသို့လျှောက်၏။ အရှင်ဘုရားအနုရုဒ္ဓါ၊မြတ်စွာဘုရားသည် ပရိနိဗ္ဗာန် ပြုချေတော်မူပြီလောဟု လျှောက်၏။ ငါ့ရှင်အာနန္ဒာ၊မြတ်စွာဘုရားသည်ပရိနိဗ္ဗာန်ပြုတော်မမူသေး။ သညာဝေဒယိတနိရောဓသမာပတ်ကို ဝင်စားတော်မူသည်ဟု ဒိန့်တော်မူ၏။ ထိုရောအခါမြတ်စွာဘုရားသည် သညာဝေဒယိတနိရောဓသမာပတ်မှထ၍ နေဝသညာနာသညာယတနသမာပတ်ကို ဝင်စား၏။ နေဝသညာနာသညာယတနသမာပတ်မှထ၍အာကိဉ္စညာယတနသမာပတ်ကိုဝင်စားတော်မူ၏။ အာကိဉ္စညာယတန သမာပတ်မှထ၍ ဝိညာဏဉ္စာယတန သမာပတ်ကို ဝင်စားတော်မူ၏။ ဝိညာဏဉ္စာယတန သမာပတ်မှထ၍ အာကာသာနဉ္စာယတန သမာပတ်ကို ဝင်စားတော်မူ၏။ အာကာသာနဉ္စာယတနသမာပတ်မှထ၍ စတုတ္ထဈာန်ကိုဝင်စားတော်မူ၏။စတုတ္ထဈာန်မှထ၍ တတိယဈာန်ကိုဝင်စားတော်မူ၏။ တတိယဈာန်မှထ၍ ဒုတိယဈာန်ကိုဝင်စားတော်မူ၏။ဒုတိယဈာန်မှထ၍ ပဌမဈာန်ကိုဝင်စားတော်မူ၏။ ပဌမဈာန်မှထ၍ ဒုတိယဈာန်ကို ဝင်စားတော်မူ၏။ ဒုတိယဈာန်မှထ၍ တတိယဈာန်ကို ဝင်စားတော်မူ၏။ တတိယဈာန်မှထ၍ စတုတ္ထဈာန်ကို ဝင်စားတော်မူ၏။ စတုတ္ထဈာန်မှ ထ၍ စတုတ္ထဈာန်၌ရှိသော အင်္ဂါကို ဆင်ခြင်တော်မူသော ပစ္စဝေက္ခဏာဇောဇ်၏အခြားမဲ့၌ မဟာဝိပါက်၊သောမနဿသဟဂုတ်၊ ဉာဏသမ္ပယုတ် ဘဝင်စိတ်ဟုဆိုအပ်သောအဗျာကတဖြစ်သောဒုက္ခသစ္စာဖြင့်စုတေခြင်းကိုပြုတော်မူ၏။

ဤသို့ ဈာန်ဝင်စားတော်မူရာ၌၊ အသုဘဆယ်ပါး၊ ဒွတ္တိံသာကာရ၊ အောက်ကသိဏ်းရှစ်ပါး။ မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ အာနာပါနဿတိ၊ ပရိဿွေဒါကာသ။ ဤနှစ်ဆဲ့လေးပါးသော တရားတို့၌ ပဌမဈာန်ကို ဝင်စားတော်မူ၏။ ဤနှစ်ဆဲ့လေးပါးတို့တွင် အသုဘဆယ်ပါး၊ ဒွတ္တိံသာကာရ၌ထား၍ ကြွင်းသောတဆဲ့သုံးပါးသော အရာတို့၌ ဒုတိယဈာန်ကိုဝင်စား၏။ထို့အတူ တတိယဈာန်ကိုတဆဲ့သုံးပါးသောအရာတို့၌ပင် ဝင်စား၏။ ကသိဏ်းရှစ်ပါး။ဥပေက္ခာဗြဟ္မဝိဟာရ။အာနာပါန။ ပရိဿွေဒါကာသ။ ဤတဆဲ့တပါးသော အရာတို့၌ စတုတ္ထဈာန်ကို ဝင်စား၏။ ဤသို့ အစရှိသောအားဖြင့် တရား၏အရှင် ဖြစ်တော်မူသော မြတ်စွာ

ဘုရားသည်။ အရပ်တပါးသို့ သွားလိုသောသူသည် ဆွေမျိုး သားချင်း အပေါင်းကို လည်ခွံဘက်၍သွားလေသကဲ့သို့။ ကုဋေတသိန်းနှင့် နှစ်ဆဲ့ လေးကုဋေ့ အရေအတွက်ရှိသော အလုံးစုံသောသမာပတ်တို့ကို ဝင် စား၍ သမာပတ်ချမ်းသာကို အာဘန်တလဲလဲခံစား၍။ ဘိုးတော် အဋ္ဌန မင်းနှင့် ဒေဝိသရှင်ရသေ့တို့ တိုင်တပင်ပြု၍ထားအပ်သော သက္ကရာဇ် ၁၄၀ ခု။ ကဆုန်လပြည့် အင်္ဂါနေ့ ညဉ့်မိုးသောက်ယံအခါ ရောင်ပြာ မလာဒီတွင်ပရိနိဗ္ဗာန်ပြုတော်မူ၏။ ။

၇၅။ ပရိနိဗ္ဗာန်စံယူတော်မူသည်နှင့်တပြိုင်နက်။သံဃဝဂ ဓမ္မဂါထာရွတ်တော်မူကြခြင်းတို့ကိုပြရာ။

ပရိနိဗ္ဗာန်ပြုတော်မူသောအခါ စကြဝဠာတသောင်းတိုက်အပေါင်း ၌ ကြောက်မက်ဘွယ်ရှိသော ပြင်းစွာမြေကြီးတုန်လှုပ်ခြင်းသည်ဖြစ်၏။ ကြက်သီးမွေးညှင်းထခြင်းတို့သည်ဖြစ်ကုန်၏။ ဗိုလ်မန်းမရွာဘဲ စင်ကြယ် ကောင်းကင် တိမ်မှောင်စင်လျက်နှင့် ပြင်းစွာထစ်ကြိုးမြည်၏။ လျှပ်စစ် နွယ်တို့သည်ပြိုးပြိုးပြက်ထွက်ကုန်၏။ မြတ်စွာဘုရားပရိနိဗ္ဗာန်ပြုတော် မူပြီးသည်ရှိသော် ပရိနိဗ္ဗာန်ပြုတော်မူသည်နှင့် တပြိုင်နက်။ သဟံပတိ ဗြဟ္မာဤဂါထာကိုရွတ်၏။ ။သဗ္ဗေ၀ နိက္ခိဒိသန္တိဘူတာ လောကေ သမုဿယံ။ယထာဧတာဒိသော သတ္ထာ၊လောကေအပ္ပဋိပုဂ္ဂလော။ ။ တထာဂတော ဗလပတ္တော၊သမ္ဗုဒ္ဓေါ ပရိနိဗ္ဗုတောတိ။ ။လောကေ၊ လောကသုံးပါးနှိ။ အပ္ပဋိပုဂ္ဂလော၊ တုဘက်ကင်းသောပုဂ္ဂိုလ်ဖြစ်ပေထ သော။ တထာဂတော၊ကောင်းသောလာခြင်းရှိထ၏သော။ ဗလပတ္တော၊ ဒသဗလဉာဏ်တည်းဟူသောအားနှင့်ပြည့်စုံတော်မူထ၏သော။ သတ္ထာ၊ လူနတ်တို့ဆရာဖြစ်တော်မူထသော။ သမ္ဗုဒ္ဓေါ၊သစ္စာလေးပါးတရားတို့ ကို သိတော်မူပြီးထသော့။ ပရိနိဗ္ဗုတော၊ ပရိနိဗ္ဗာန်ပြုတော်မူရသော။ ဧတာဒိသောယထာ၊ ဤသို့ဆိုအပ်ပြီးသော ဂုဏ်တော်နှင့်ပြည့်စုံသော သဘောရှိသောရှင်ဥကိတမဘုရားကဲ့သို့။လောကေ၊လောကဒွိ။သဗ္ဗေ၀၊ အလုံးစုံသာလျှင်ဖြစ်ကုန်သော။ ဘူတာ၊သတ္တ၀ါတို့သည်။ သမုဿယံ၊ သုံးရာသောအရိုးတို့ဖြင့်ဆောက်အပ်သောခန္ဓာကိုယ်ကို။နိက္ခိဒိသန္တိ၊ မြေဒွိပစ်ချရကုန်လတ္တံ့။ ။ပရိနိဗ္ဗာန်ပြုတော်မူသည်နှင့်တကွ သိကြား

မင်းသည်။ ။အနိစ္စာဝတ သင်္ခါရာ၊ ဥပ္ပါဒ ဝယဓမ္မိနော။ ဥပ္ပဇ္ဇိတ္ဝာ နိရုဇ္ဈန္တိတော သံ ဂုပသမော သုခေါ။ဟူသောဂါထာကိုရွတ်ဖတ်၏။ ။ပရိနိဗ္ဗာန်ယူတော်မူသည်နှင့်တကွအခ်ာင်အနုရုဒ္ဓါဤဂါထာကိုရွတ်ဖတ်၏။ ။နာဟု အသသာသပသသာသော၊ဌိတစိတ္တာသ တာဒိနော။အနေဓာသန္တိ မာရက္ခာ၊ယံကာလ မကာရိ မုနိ။ ။အသလ္လီနေန စိတ္တေန၊ဝေဒနံအစ္ဆဝါသယိ။ ပဇ္ဇောတသေဝ နိဗ္ဗာနံ၊ ဝိမောက္ခော စေတသော အဟု။ ။အနေဓော၊ဇောဟုဆိုအပ်သော တဏှာကင်းပြီးထသော။ ယောမုနိ၊အကြင်မြတ်စွာဘုရားသည်။ သန္တိ၊နိဗ္ဗာန်ကို။အာရက္ခာ၊ရည်၍။ ယံကာလံ၊အကြင်သေခြင်းကို။ အကရိ၊ပြုတော်မူပြီ။ သောမုနိ၊ ထိုမြတ်စွာဘုရားသည်။ အသလ္လီနေန၊တွန့်တိုခြင်းမရှိသော။စိတ္တေန၊စိတ်ဖြင့်။ ဝေဒနံ၊ဝေဒနာကို။ အစ္ဆဝါသယိ၊ သည်းခံတော်မူပြီ၊ ဌိတစိတ္တာသ၊ တည်ကြည်သော စိတ်ရှိသော။ တာဒိနော၊ သည်းခံခြင်းနှင့် ပြည့်စုံတော်မူသော။ တသ၊ထိုမြတ်စွာဘုရားအား။ အသသာသပသသာသော၊ ထွက်သက်ဝင်သက်သည်။နာဟု၊မရှိတော်ပြီ။ ပဇ္ဇောတသ၊ဆိမိုး၏။ နိဗ္ဗာနံဣဝ၊ငြိမ်းခြင်းကဲ့သို့။ စေတသော၊စိတ်၏။ ဝိမောက္ခော၊လွတ်ခြင်းသည်။ အဟု၊ ဖြစ်ပြီ။ ။ပရိနိဗ္ဗာန် ပြုသည်နှင့် တကွ အခ်ာင်အာနန္ဒာ ဤဂါထာကို ရွတ်၏။ ။တဒါသိ ယံဘိံသနကံ၊တဒါသိ လောမဟံသနံ။ သဗ္ဗာကာရဝရူပေတော၊ သမ္ဗုဒ္ဓေ ပရိနိဗ္ဗုတေ။ ။သဗ္ဗာကာရဝရူပေတော၊ အလုံးစုံသောဂုဏ်တော်အရာနှင့်ပြည့်စုံတော်မူထသော။ သမ္ဗုဒ္ဓေ၊ ဗုဒ္ဓါစွာဘုရားသည်။ ပရိနိဗ္ဗုတေ၊ပရိနိဗ္ဗာန်ပြုတော်မူသည်ရှိသော်။ တဒါ၊ ထိုအခါ၌။ ယံဘိံသနကံ၊အကြင်ကြောင့်မက်ဘွယ်သောဖြစ်ကြောင်း၏ တုန်လှုပ်ခြင်းသည်။အာသိ၊ဖြစ်၏၊ တဒါ၊၌။ ယံလောမဟံသနံ၊အကြင်ကြောင့် သိမ်းကွေ့ညှင်းထခြင်းသည်။ အာသိ၊ဖြစ်၏။ ။မြတ်စွာဘုရား ပရိနိဗ္ဗာန် ပြုတော်မူပြီးသည်ရှိသော်၊ ထိုပရိနိဗ္ဗာန် ပြုတော်မူရာအရပ်၌။ အကြင် ပုထုဇဉ်၊သောတာပန်၊သကဒါဂံရဟန်းတို့သည်ရှိကုန်၏။ထိုရဟန်းတို့ သည့် လက်မောင်းတို့ကိုခြောက်ကုန်၍။ အလွန်လျင်စွာမြတ်စွာဘုရား သည် ပရိနိဗ္ဗာန်ပြုခဲ့ပြီ။ အလွန်လျင်စွာ လာခြင်းကောင်းသောမြတ်စွာ ဘုရားသည် ပရိနိဗ္ဗာန်ပြုခဲ့ပြီ။ အလွန်လျင်စွာ မျက်စိငါးပါး ရှိတော်မူ သောမြတ်စွာဘုရားသည့်လောကဋ္ဌကွယ်ခဲ့ပြီဟု မြည်တမ်းဆို၍ငိုကုန် ၏။ပြတ်သောခြေရှိကုန်သကဲ့သို့ လည်းကုန်၏။ထိုလည်းရာ၌ လူးလည်း

ကုန်၏။ ထိုမှဤမှ ပြောင်းပြီးပြောင်းပြန်လှန်၍ လူးလည်းကုန်၏။ အကြင် ရဟန်းတို့သည် အနာဂံဖြစ်ကုန်၏။ ရဟန္တာဖြစ်ကုန်၏။ ထိုရဟန်းတို့သည် သတိရှိကုန်သည်ဖြစ်၍၊ အဆင်အခြင်နှင့်ပြည့်စုံကုန်သည်ဖြစ်၍၊ သခ်ါဂရတရားတို့သည် စင်စစ်အားဖြင့် အမြဲမရှိကုန်။ဤသခ်ါဂရတရား တို့၌အမြဲတည်ခြင်းကိုအဘယ်မှာရကုန်အံ့နည်းဟုနှလုံးသွင်း၍သည်းခံ ကုန်၏။ ။ထိုအခါ အရှင်အနုရုဒ္ဓါသည် ရဟန်းတို့ကိုခေါ်၍ဆိုတော်မူ၏။ ငါ့အရှင်တို့၊မသင့်မလျော်ပတ်။ မထိုးရိမ်ကုန်လင့်။မငိုကြွေးကုန်လင့်။ ဤသို့ သခ်ါဂရတရားတို့၏ အမြဲမရှိသောအကြောင်းကို မြတ်စွာဘုရားသခင်သည်ရှေးဦးစွာကပင်ကြားတော်မူအပ်ပြီ။အလုံးစုံသာလျှင် ဖြစ်ကုန်သော ချစ်အပ်ကုန်သောသူတို့နှင့် နှစ်လိုအပ်ကုန်သောသူတို့နှင့် အထူးဖြစ်တတ်သောသဘောရှိ၏။ ကွေကွင်းတတ်သောသဘောရှိ၏။ တပါးအပြားဖြင့်ဖြစ်တတ်၏။ ငါ့အရှင်တို့၊ အကြင်သခ်ါဂရတရားသည် ဖြစ်တတ်၏။ ထင်ရှား ဖြစ်တတ်၏။ ပြုပြင်အပ်၏။ ပျက်စီး တတ်သော သဘောရှိ၏။ ဤသခ်ါဂရတရားတို့၌ မပျက်မစီး အမြဲတည်သောအဖြစ် ကိုအဘယ်မှာရအံ့နည်း။အကြင်အကြောင်းဖြင့်ထိုသခ်ါဂရတရားသည် မြတ်စွာဘုရားအား မပျက်မစီးတည်ကုန်ရာ၏။ ထိုအကြောင်းသည်မရှိ။ ငါ့အရှင်တို့၊ နတ်တို့သည် အရှင်ကောင်းတို့သည်လျက်လည်း မြတ်စွာဘုရား ၎လွန်ခြင်း၌ သည်းမခံနိုင် ကုန်ပါမူ။ သူတပါးတို့ကို အဘယ်သို့ သက်သာစေနိုင်ကုန်လတ္တံ့.နည်းဟုကဲ့ရဲ့ကုန်၏ဟုမိန့်တော်မူ၏။ ။

ရှင်ပင်ဘုရား အနုရုဒ္ဓါ၊ မြတ်စွာဘုရား လွန်တော်မူသော်။ နတ်တို့သည်အဘယ်သို့ဖြစ်၍နှလုံးသွင်းကုန်သနည်းဟု အရှင်အာနန္ဒာလျှောက်သော်။ ငါ့အရှင်အာနန္ဒာ၊ ကောင်းကင်၌မြေအမှတ်ရှိသောနတ်တို့သည် ကောင်းကင်၌ပင် ဆံတို့ကို ဖရိဖရဲကြဲကုန်၏။ လက်မောင်းကိုမြှောက်ကုန်၏။ အလွန် လျင်စွာ မြတ်စွာဘုရားသည် ပရိနိဗ္ဗာန် စံတော်မူခဲ့ပြီ။ အလွန်လျင်စွာ လာခြင်းကောင်းသောမြတ်စွာဘုရားသည် ပရိနိဗ္ဗာန်စံတော်မူခဲ့ပြီ။ အလွန်လျင်စွာ ငါးပါးသောမျက်စိရှိတော်မူသော မြတ်စွာဘုရားသည် လောကဋ္ဌကွယ်ခဲ့ပြီဟု မြည်တမ်းဆို၍ငိုကုန်၏။ ခြေပြတ်သကဲ့သို့လူးလည်းဝေ့ကုန်၏၊ ခြေကျောက်လက်တွန့်လူးလည်းကုန်၏။ မြေဋ္ဌသာ မြေအမှတ်ရှိသောနတ်တို့သည်။ မြေဋ္ဌဆံတို့ကိုဖရိဖရဲကြဲကုန်၏။ လက်မောင်းတို့ကို မြှောက်၍ အလွန်လျင်စွာ မြတ်စွာဘုရား လွန်ခဲ့ပြီ။

အလွန်လျင်စွာ လာခြင်းကောင်းသောဘုရားသည် ပရိနိဗ္ဗာန်စံခဲ့ပြီ။မျက်စိငါးပါး အမြင်ရှိတော်မူသော မြတ်စွာဘုရား ကွယ်ခဲ့ပြီဟု မြည်တမ်းကုန်၏။ ခြေပြတ်သကဲ့သို့ လူးလည်းကုန်၏။ ပက်လက်ပြောင်းပြန် လူးလည်းကုန်၏။ ထိုမှဤမှ လူးလည်းကုန်၏။ ရာဂကင်းကုန်ပြီးသော နတ်တို့သည်ကား။ ငါ့အရှင်အာနန္ဒာ၊သတိရှိကုန်သည်ဖြစ်၍။အဆင်အခြင်နှင့်ပြည့်စုံသည်ဖြစ်၍။ သခင်ဂရတရားတို့သည်အမြဲမရှိကုန်။ ဤသခင်ဂရတရားတို့၌ အမြဲတည်သောသဘောကို အတိမ်းအယိုင်ရနိုင်အံ့နည်းဟုသည်းခံကုန်၏ဟုမိန့်တော်မူ၏။ ။

၇၆။ မြတ်စွာဘုရားအလောင်းတော်ကို
ပရိနိဗ္ဗာန်ပြုရာအင်ကြင်းဥယျာဉ်၌၊ဆုနစ်ရက်ပတ်လုံးပူဇော်ခြင်း
ပရိနိဗ္ဗာနဆိတ္တာဟာ၊မြို့ရှေ့မကုဋဗန္ဓုနတောင်သို့ဆောင်
ယူ၍သင်္ကြံဟ်အံ့သောအစီအရင်ဖြင့်စီရင်ခြင်း
စိတကသင်္ဂြာဟာတို့ကိုပြရာ။

ထိုရောအခါ အရှင် အနုရုဒ္ဓါသည်ဂုဏ်း။ အရှင် အာနန္ဒာသည်ဂုဏ်း။ ရဟန်းတို့အား ငါ့အရှင်တို့။ လောကသုံးပါး၌ အတုမရှိသော မြတ်စွာဘုရားအားလျက်လည်း ဤသေမင်းသည် မရှက်။ ဘုရားမှကြွင်းသော ဇါတိတို့သူငါ၊ များစွာသောလူအပေါင်းအား၊ကား။ အဘယ်မျှလျင် ရှက်ပေလတ္တံ့နည်း။ ဤသို့ အစရှိသော သေခြင်းနှင့်စပ်သော တရားစကားဖြင့် ထိုညဉ့်အကြွင်းကိုလွန်စေကုန်၏။ တရဟုတ်မျှဖြင့် အရက်တက်၏။ထိုအရက်ကိုမြင်၍ အရှင်အနုရုဒ္ဓါသည် အရှင်အာနန္ဒာကို ဤသို့ဆို၏။ ငါ့အရှင်အာနန္ဒာ၊သင်သွားချေ။ကုသိနာရုံမြို့တွင်းသို့ဝင်၍ မလ္လာမင်းတို့အား ပြောပါချေ။ ဝါသိဋ္ဌအနွယ်ဖြစ်သောမလ္လာမင်းတို့၊မြတ်စွာဘုရားပရိနိဗ္ဗာန်လွန်တော်မူချေပြီ။ မြတ်စွာဘုရားသခင်သို့ ရှေးရှု လာခြင်း၏အခါကို သင်တို့သည် သိပါကုန်ဟု ကြားချေဟုစေ၏။ အရှင်အာနန္ဒာသည် အရှင်အနုရုဒ္ဓါ၏စကားကိုကောင်းပြီဟုဝန်ခံ၍။နံနက်အခါ သင်းထိုင်ကိုဝတ်၍ သင်္ကန်းသကိန်းကိုယူ၍။ ကိုယ်တော်ထိုးသာ မြို့တွင်းသို့ဝင်လေ၏။ထိုရောအခါ မလ္လာမင်းတို့သည် ပရိနိဗ္ဗာန်ပြုရာ၌အဘယ်ကဲ့သို့သော ပန်းနံ့သာ။ အဘယ်ကဲ့သို့သော နေမျာထိုင်ခင်း။အဘယ်ကဲ့သို့

သောဆွမ်းဟောဇဉ်ဖြစ်ပါအံ့နည်းဟု တိုင်ပင်ခြင်းကိစ္စပြုဘွယ်ကြောင့်
ပင် မင်းကွန်းဦစည်းဝေးကုန်၏။ အဂ္ဂဉ်အာနန္ဒာသည် မလ္လာမင်းတို့စည်း
ဝေးရာမင်းကွန်းသို့ကပ်၍။ မလ္လာမင်းတို့အား ဤသို့ကြား၏။ အိုဝါသိဋ္ဌ
အာမျိုးဖြစ်သော မင်းအများတို့၊ မြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုချေပြီ။ သင်
မင်းမျာ်းတို့သည် မြတ်စွာဘုရားဂိုရာသို့ လာခြင်း၏အခါကို သိပါကုန်
လော့ဟူ၍ ကြားတော်မူ၏။ ထိုဇရောအခါ အဂ္ဂဉ်အာနန္ဒာ၏ စကားကို
ကြား၍။ မလ္လာမင်းတို့သည်ၜင်း။ မလ္လာမင်း၏ သားတို့သည်ၜင်း။ မလ္လာ
မင်း၏ ချွေးမတို့သည်ၜင်း။ မလ္လာမင်း၏ မယားတို့သည်ၜင်း။ မလ္လာမင်း
၏သိုးတို့သည်ၜင်း။ မြတ်စွာဘုရားသို့ ရှေးရှု ပြေးလာကုန်လျက်။ နှလုံး
မသာကုန်သည်ဖြစ်၍။ စိတ်၏ဆင်းရဲခြင်းဖြင့် နှိပ်စက်ကုန်သည်ဖြစ်၍။
အဋ္ဌုပ္ပတ္တိဟောသူတို့သည် ဆံတို့ကို ဖရိဖရဲကြဲကုန်၍။ လက်မောင်းတို့ကို
မြှောက်၍ငိုကုန်၏။ပြတ်သောခြေရိသကဲ့သို့ လည်းကုန်၏။ ခြေပစ်လက်
ပစ်လူးလည်းကုန်၏။အလွန်လျင်စွာမြတ်စွာဘုရားသခင်သည် ပရိနိဗ္ဗာန်
စံတော်မူခဲ့ပြီ။ လာခြင်းကောင်းသော မြတ်စွာဘုရားသည် လျင်စွာ ပရိ
နိဗ္ဗာန်စံတော်မူခဲ့ပြီ။ ငါးပါးသော မျက်စိရှိတော်မူသော မြတ်စွာဘုရား
သည် လောကဌ် ကွယ်တော်မူခဲ့ပြီဟုမြည်တမ်းကြကုန်၏။ထိုဇရောအခါ
မလ္လာမင်းတို့သည် မင်းချင်း ယောကျ်ားတို့ကို စေကုန်၏။ အချင်းတို့၊
ထိုသို့တပြီးကား။ ကုသိနာရုံပြည်၌ နံ့သာပန်းတို့ကိုၜင်း။ အလုံးစုံသော
မောင်းကြေးနင်းတို့ကိုၜင်း။ပုဆိုးအစုံတို့ကိုၜင်း။ စည်းဝေးစေကုန်ဟူ၍
စေကုန်၏။ထိုဇရောအခါ မလ္လာမင်းတို့သည် ပန်းနံ့သာတို့ကိုၜင်း။အလုံးစုံ
သောမောင်းကြေးနင်းတို့ကိုၜင်း။ ငါးရာသောပုဆိုးအစုံတို့ကိုၜင်းယူ၍။
အကြင်အရပ်၌ဥပဝတ္တနအင်ကြင်းကောသည်ရှိ၏။အကြင်အရပ်၌မြတ်
စွာဘုရားသခင်၏ကိုယ်တော်သည်ရှိ၏။ ထိုအရပ်သို့ ကပ်လာကြကုန်
၍။ မြတ်စွာဘုရား၏ကိုယ်တော်ကို၊ ကခြင်း၊ သီခြင်း၊ တီးမှုတ်ခြင်း၊ ပန်း
နံ့သာတို့ဖြင့် အရိအဆေ ပြုကုန်လျက်။ ပုဆိုးဗိတာန်တို့ကို ကြက်ကုန်
လျက်။ ရဟန်းတို့ ဒိဗ္ဗိရာ ပုဆိုးမဏ္ဍပ် ကန္ဒားဗျင်းကို မိုးကာစီရင်ကုန်
လျက်။ ရဟန်းသံဃာတို့အား ခဲဘွယ်ဘောဇဉ်စီရင်လှူဒါန်းကုန်လျက်
တနေ့ပတ်လုံးလွန်စေကုန်၏။ ။ထိုဇရောအခါ မလ္လာမင်းတို့အား ဤသို့
သောအကြံသည်ဖြစ်၏။ ယနေ့ဦပင်လျင် မြတ်စွာဘုရား၏ကိုယ်တော်
ကို မိုးဗုဒ်အံ့သောဌါ အခါမဟုတ်သေး။ ဤသို့ အကြံဖြစ်၏။ ထိုဇရော

အခါ မင္လွာမင်းတို့သည် မြတ်စွာဘုရား၏ အလောင်းတော်ကို ပုဆိုး ဗိတာန်ဖိုးကာကုန်လျက်၊ နံ့သာပန်း၊ ကခြင်း၊ သီခြင်း၊ တီးမှုတ်ခြင်းတို့ ဖြင့် အရိအသေပြုကုန် ပူဇော်ကုန်လျက်။ သံဃာတို့မှိရိရာ ပုဆိုးမဏ္ဍပ် ကန္နားဖျင်းဖိုးကာစီရင်ကုန်လျက်။ ဆွမ်းခဲဘွယ်ဘောဇဉ် ကပ်လှူစီရင် ကုန်လျက်။ နှာရက်ဖြောက်သောနေ့ကိုလင်း။ သုံးရက်ဖြောက်သော နေ့ ကိုလင်း။ လေးရက်ဖြောက်သောနေ့ကိုလင်း။ ငါးရက်ဖြောက်သောနေ့ကို လင်း။ ခြောက်ရက်ဖြောက်သော နေ့ကိုလင်း လွန်စေကုန်၏၊ ခုနစ်ရက် ဖြောက်သောနေ့ဌကား မလ္လာမင်းတို့အား ဤသို့အကြံသည်ဖြစ်၏။ ငါ တို့သည် မြတ်စွာဘုရား၏အလောင်းတော်ကို ပနိုးဖြင့်လင်း။ နံ့သာဖြင့် လင်း။ ကခြင်း၊ သီခြင်း၊တီးမှုတ်ခြင်းတို့ဖြင့်လင်း အရိအသေပြုကုန်လျက် မြို့၏တောင်မျက်နှာအတိုင်းဖြင့် တောင်အတိုင်းသို့ မြို့သို့မဝင်မူ၍။ မြို့၏အပ ဖြင့် မြို့၏အပသို့ဆောင်၍။ အနုရာဓပြည်၏ တောင်တံခါးအရပ်နှင့်တူ သောအရပ်၌ထား၍ အလောင်းတော်ကို ပူဇော်သက္ကာရပြုကုန်လျက်။ သာဝတ္ထိပြည်၌ဇေတဝန်အရပ်နှင့်တူသောအရပ်၌ သင်္ဂြိဟ်ဟုတ်ကြည်း ကုန်အံ့ဟုကြံကုန်၏။ထိုရောအခါ ဦးဆောင်းလျှောက်ကုန်ပြီးသော၊ ခွန်အားနှင့်ပြည့်စုံသော၊ အလတ်သော အရွယ်၌ တည်ကုန်သော၊ မလ္လာမင်း အကြီး ၇စ်ယောက်တို့သည် မြတ်စွာဘုရား၏အလောင်းတော်ကုထမ်း ကုန်အံ့ဟုအားထုတ်ကုန်သော် ကြွမိုင့်သောဌါမတတ်နိုင်ကုန်။ ထိုရော အခါမလ္လာမင်းတို့သည် အဂ္ဂဉ်အနုရုဒ္ဓါကား နှတ်မျက်စိကိုရ၏။ ငါတို့ အား အလောင်းကိုထင်စွာကြားလတ္တံ့ဟုကြံကုန်၍။ အဂ္ဂဉ်ဘုရား အနုရုဒ္ဓါ၊ ဦးဆောင်း လျှောက်ကုန်ပြီးသော၊ အစဉ်မဆွေသောပုဆိုးကိုဝတ်ကုန်သော ခွန်အားနှင့် ပြည့်စုံကုန်သော မလ္လာမင်းအကြီး ၇စ်ယောက်တို့သည် မြတ်စွာဘုရားအလောင်းတော် ကိုထမ်းပါကုန်၏။ အကြင်အကြောင်းကြောင့် ထိုအလောင်းတော်ကို ကြွေစေခြင်းငှါ မတတ်နိုင်ကုန်။ ထိုအကြောင်းသည် အဘယ်နည်း။ ထို အထောက်အပံ့သည် အဘယ်နည်းဟု လျှောက်ကုန်၏။ ဝါသိဋ္ဌအမျိုး ဖြစ်သော မလ္လာမင်းတို့။ သင်တို့၏အလိုသည် တပါးအပြားဖြင့်ဖြစ်၏။ နှတ်တို့၏အလိုသည်လည်း တပါးအပြားဖြင့်ဖြစ်၏။ ထိုကြောင့် မထမ်း နိုင်ကုန်ဟု အဂ္ဂဉ်အနုရုဒ္ဓါပိန့်၍။ အဂ္ဂဉ်ဘုရားအနုရုဒ္ဓါ၊ နှတ်တို့၏အလို သည် အဘယ်သို့တပါးအပြားဖြင့်ဖြစ်သနည်းဟု မေးလျှောက်ပြန်ကုန်

သော်။ အိုဝါသိဋ္ဌအမျိုးဖြစ်သော မင်းအများတို့၊ နတ်တို့၏အဇပိကား။ ငါတို့သည် မြတ်စွာဘုရား၏အလောင်းတော်ကို နတ်၌ဖြစ်သော ပန်း နုံသာတို့ဖြင့်ဂုဏ်း။ နတ်၌ဖြစ်သော ကခြင်း၊ သီခြင်း၊တီးမှုတ်ခြင်းတို့ဖြင့် ဂုဏ်း။ အရိုအသေအလေးအမြတ်ပူဇော်ကုန်လျက်။ မြို့၏မြောက်မျက်နှာ အဘို့ဖြင့် မြောက်မျက်နှာအဘို့ကို ဆောင်၍။ မြို့၏ မြောက်တံခါးဖြင့် မြို့တွင်းသို့ဝင်၍။ မြို့၏အလယ်ခရီးဖြင့် ဆောင်၍။ မြို့၏အရှေ့တံခါးဖြင့် ထုတ်၍။ မြို့၏အရှေ့အရပ်၌ မလ္လာမင်းတို့၏မင်္ကုန်ဘွဲ့ရာ၊ ဥယျာဉ်ထုံး မင်္ဂလာပြုရာ။အာဆန်းအကြယ်ပြုအပ်သောအရပ်သည်ရှိ၏။ ထိုအရပ်၌ သင်္ကြိုဟ်ဗုတ်ကြဉ်းကုန်အံ့ဟု နတ်တို့၏အလိုသည်ဖြစ်၏ဟု အာရှင်အနု ရုဒ္ဓါမိန့်တော်မူ၏။ ထိုရောအခါ။အာရှင်ဘုရား၊နတ်တို့၏အလိုအတိုင်းပင် ဖြစ်ပါစေတော့ဟု။ မလ္လာမင်း တို့သည် အကြင်မျှလောက်သော အိမ် ခြံစပ်။ မစင်စုထုတ်ရာပြန်ဝ။ တံမြက်ချေးစွန့်ရာအရပ်တို့သည် ရှိကုန် ၏။ ထိုမျှလောက်သောအရပ်တို့၌ ပုဆစ်ဒူးနစ်အောင်ထင်ရှားပန်းအတိ ခင်းကုန်၏။ ထိုရောအခါနတ်တို့သည်ဂုဏ်း။ မလ္လာမင်းတို့သည်ဂုဏ်း။မြတ် စွာဘုရား၏အလောင်းတော်ကို နတ်၌ဖြစ်ကုန်သော၊ လူ၌ဖြစ်ကုန်သော ကခြင်း၊ သီခြင်း၊ တီးမှုတ်ခြင်းတို့ဖြင့်ဂုဏ်း။ ပန်း၊ နုံသာ၊ နုံသာပျောင်း၊ အခိုး၊အထုံအမှုံတို့ဖြင့်ဂုဏ်း အရိုအသေပြုကုန်လျက်။မြတ်နိုးကုန်လျက်။ ပူဇော်ကုန်လျက်။ မြို့၏မြောက်အဘို့ဖြင့်မြောက်အဘို့သို့ဆောင်၍။မြို့၏ မြောက်တံခါးဖြင့် မြို့တွင်းသို့ဝင်၍။ မြို့၏အလယ်ခရီးဖြင့် ဆောင်လေ ၏။ ထိုရောအခါ ဗန္ဓုလစစ်သူကြီး၏ မယားမလ္လိကာသည် မြတ်စွာ ဘုရားပရိနိဗ္ဗာန်ပြုတော်မူလေဖြိုဟုကြား၍။မိမိခင်ပွန်းဗန္ဓုလစစ်သူကြီး လွန်သည်မှစ၍ မသုံးမဆောင်ထားအပ်သော၊ ဝိသာခါဒါယိကာမ၏ တန်ဆာနှင့်တူသော မဟာလွတာ တန်ဆာကို။ ဤတန်ဆာဖြင့် မြတ်စွာ ဘုရားကိုပူဇော်အံ့ဟု၍ ရေနုံသာဖြင့်ဆေးပြီးလျှင် ရပ်နှင့်ဝေ၏။ မြတ် စွာဘုရား၏အလောင်းတော်ကို ဆောင်ခဲ့ကုန်၍ မိမိအိမ်တံခါးအနီးသို့ ရောက်သောအခါ၌။ အမောင်တို့၊အာရှင်တို့၊မြတ်စွာဘုရား၏အလောင်း တော်ကိုချပါကုန်ဦးဟုဆို၍။ထိုတန်ဆာကိုမြတ်စွာဘုရားကိုယ်တော်၌ စွပ်၏။ ဦးခေါင်းတော်မှစ၍စွပ်အပ်သောထိုတန်ဆာသည် ခြေဘဝါး တိုင်အောင်ရောက်၏။ နတ်တို့၏ သိကြီရွှေအဆင်းနှင့်တူသော အဆင်းရှိ သော မြတ်စွာဘုရား၏ ကိုယ်တော်သည် ရတနာခုနစ်ပါးတို့ဖြင့် ဖြိုး

သောတန်ဆာဖြင့် ဆင်သည်ရှိသော်။ အတိုင်းထက်အလွန် တင့်တယ်ခြင်းသို့ရောက်၏။ ထိုသို့ဆင်ပြီးသောအခါ မြတ်စွာဘုရား၏အလောင်းတော်ကို မြို့လယ်ချက်ဖြင့်မြို့၏အလယ်ကိုဆောင်၍။ မြို့၏အရှေ့တံခါးဖြင့်ထွက်၍။ အရှေ့အရပ်၌မလ္လာမင်းတို့၏ဦးရစ်မကိုင်ဘွဲ့ရှာ၊ အဆန်းအကြယ် ပြုရာအရပ်၌ မြတ်စွာဘုရား၏ ကိုယ်တော်ကိုချ၍ ထားကုန်၏။ ။ထိုအခါ မလ္လာမင်းတို့သည် အရှင်အာနန္ဒာကို လျှောက်ကုန်၏။ ဘုန်းတော်ကြီးသောအရှင်အာနန္ဒာ၊ အကျွန်ုပ်တို့သည် မြတ်စွာဘုရား၏ကိုယ်တော်၌ အဘယ်သို့ကျင့်ရကုန်အံ့နည်းဟု လျှောက်ကုန်၏။ ဝါသိဋ္ဌအမျိုး၌ ဖြစ်သော မလ္လာ မင်းတို့။ စကြဝတေးမင်း၏ အလောင်း၌ ကျင့်သကဲ့သို့။ မြတ်စွာဘုရား၏အလောင်းတော်၌ သင်မင်းများတို့သည် ကျင့်အပ်၏ဟု အရှင်အာနန္ဒာပိန့်၏။ ဘုန်းတော်ကြီးသော အရှင်အာနန္ဒာ၊ စကြဝတေးမင်း၏အလောင်း၌ အဘယ်သို့ကျင့်လေကုန်သနည်းဟုလျှောက်ကုန်သော်။ ဝါသိဋ္ဌအမျိုး၌ဖြစ်သော မလ္လာမင်းတို့၊ စကြဝတေးမင်း၏အလောင်းတော်ကို ဆေးကြောသုတ်သင်ပြီးလျှင် ရတနာပြာသာဒ်သို့ တင်ဆောင်ကုန်၏။ ရတနာပြာသာဒ်၌ ရတနာပလ္လင်ကို ပြုလုပ်ကုန်၏။ ရတနာပလ္လင်ပေါ်၌ ရတနာမြောက်သောအိပ်ယာကို ခင်းကုန်၏။ ရတနာမြောက်သောအိပ်ယာပေါ်၌ စကြဝတေးမင်း၏အလောင်းတော်ကို ပြုစုကုန်၏။ ရတနာမြောက်သောအိပ်ယာပေါ်၌ စကြဝတေးမင်း၏အလောင်းတော်ကို ပြုစုကုန်သော်။ ဝါသိဋ္ဌအမျိုး၌ဖြစ်သော မလ္လာမင်းတို့၊ စကြဝတေးမင်း၏အလောင်းတော်ကို ရတနာပြာသာဒ်၌ ရတနာပလ္လင်ပေါ်၌ ရတနာမြောက်သောအိပ်ယာပေါ်၌

တော်ကို အစာမဖျော်သောပုဆိုးဖြင့်ရစ်၍ ဝါဂွမ်းတို့ဖြင့်ရစ်ကုန်၏။ ဝါဂွမ်းဖြင့်ရစ်ပြီး၍ အစာမဖျော်သောပုဆိုးဖြင့်ရစ်ကုန်၏။ ဤသို့သောနည်းဖြင့် ငါးရာသောအစုံတို့ဖြင့် ပုဆိုးတထပ်၊ ဝါဂွမ်းတထပ်၊ ချပ်ကာချပ်ကာရစ်၍။ ထိုသို့ရစ်ပြီးသော် ဆီပြည့်သော ရွှေတလားဒွိထည့်၍။ ရွှေတလားဖုံးဖြင့်အုပ်၍။ အလုံးစုံ နံ့သာဖြင့်ပြီးသောထင်းဖြင့်ထင်းပုံကိုပြု၍ မြတ်စွာဘုရား၏အလောင်းတော်ကိုထင်းပုံထက်သို့တင်ကုန်၏။ ။

၇၇။ အရှင်မဟာကဿပမထေရ်၊ပါဝါမှ
ကုသိနာရုံပြည်၊မကုဋဗန္ဓုနတောင်၊အလောင်းတော်ရှိရာသို့
ရောက်၍ပူဇော်တော်မူပြီးအဆုံးဌာအလောင်းတော်ကို
တဆောတ်လောင်သည်ကိုပြုရာ။

ထိုရောအခါ အရှင်မဟာကဿပမထေရ်သည် အခြံအရံ ရဟန်းငါးရာတို့နှင့်တကွ ပါဝါပြည်၌ဆွမ်းခံ၍ ဆွမ်းစားပြီးသော် ကုသိနာရုံပြည်သို့ သွားအံ့ဟု အစွန့်ရှည်စွာ သုံးဂါဝုတ်မျှသော ခရီးကို သွား၏။ မထေရ်၏အခြံအရံဖြစ်ကုန်သော အလုံးစုံသော ရဟန်းတို့သည် ချမ်းသာသဖြင့် ကြွီးကုန်၏။ ကြွီးသော ဘုန်း ရှိကုန်၏။ ထိုအလုံးစုံသော ရဟန်းတို့သည် မွန်းတည့်အခါ၌ ပူသောဒဏ်ဖျားနှင့်တူသောမြေ၌ ခြေဖြင့်သွားကုန်သည်ဖြစ်၍ ပင်ပန်းကုန်၏။မထေရ်သည် ထို့ရဟန်းတို့ကိုမြင်၍၊ ရဟန်းတို့သည် ပင်ပန်းကုန်၏။ သွားအပ်သောအရပ်သည်လည်း မဝေးလွန်းသည်ဖြစ်၏။ အဘန်ငယ်နားလျက် အပူကိုငြိမ်းစေ၍ ညချမ်းသောအခါမှ ကုသိနာရုံသို့သွားပြီးလျှင်၊ မြတ်စွာဘုရားကိုဖူးမြင်အံ့ဟုကြံတော်မူ၍။ခရီးမှသက်၍ တရသောသစ်ပင်ရင်းခြံ ဒုကူန်တော်ကို လေးခေါက်ခင်း၍ ကလျာမွေ့ရေဖြင့် လက်ခြေတို့ကို အချမ်းကိုယူစေ၍ထိုင်နေတော်မူ၏။ အခြံအရံဖြစ်ကုန်သော ရဟန်းတို့သည်လည်း သစ်ပင်ရင်းခြံထိုင်နေကုန်၍ အသင့်အားဖြင့်နှုလုံးသွင်းကုန်လျက် ရတနာသုံးပါးတို့၏ ဂုဏ်ကျေးဇူးကိုဆိုကုန်လျက် နေကုန်၏။ ထိုရောအခါ မထင်ရှားသောအာဇီဝကတက္ကတွန်းသည်၊ ကုသိနာရုံပြည်၌ မြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုတော်မူရာမှ ထင်ရှားပန်းကို ယူ၍ အရိုးတပါးတပါးလျက် ထီးကဲ့သို့ပြု၍ ကုသိနာရုံပြည်မှ ပါဝါပြည်သို့ သွားအံ့ဟု အစွန့်

ရှည်သေးခရီးကိုလဲ၏။ အရှင်မဟာကဿပသည် ထိုအာဇီဝကကို အဝေးမှလာသည်ကို မြင်တော်မူလျှင်၊ ထိုအာဇီဝကလက်၌ ထင်ရှားပန်းသည် ထင်၏။ ဤထင်ရှားပန်းသည် လူပြည်၌ အခါခပ်သိမ်း မရှိ။ အကြင်အခါ၌ တစုံတယောက်သော တန်းခိုးနှင့်ပြည့်စုံသောသူသည် တန်းခိုးဘန်ဆင်း၏။ ထိုအခါ၌ငုံင်း။ ဘုရားလောင်း၏ မယ်ကောင်ဝမ်း၌ ပဋိသန္ဓေစွဲယူလာသောအခါစသည်တို့၌ငုင်း ထင်ရှားဖြစ်၏။ ယခုအခါ၌ တစုံတယောက်သောသူသည် တန်းခိုးဘန်ဆင်းခြင်းကို မပြု။ ငါ၏ဆရာဘုရားသည် မယ်တော်ဝမ်းသို့ သက်သဖြည်လည်း မဟုတ်။ ဘွားတော်မူသည်လည်းမဟုတ်။ ဘုရားဖြစ်သည်လည်းမဟုတ်။ ဓမ္မစကြာတရား ဟောသည်လည်း မဟုတ်။ ယမိုက်ပြာဒိုဟာ ပြတော်မူသည်လည်း မဟုတ်။ နတ်ပြည်မှ သက်တော်မူသည်လည်း မဟုတ်။ အာယုသင်္ခါရကိုလွှတ်သည်လည်းမဟုတ်။ အသက်တော်ကြီးပြီးသော ငါ၏ဆရာ မြတ်စွာဘုရားသည် မသွတ်လျှင် ပရိနိဗ္ဗာန်ပြုတော်မူသည် ဖြစ်လတ္တံ့။ ဤအာဇီဝကသည်သိခဲ့ရာ၏။ ထို့ကြောင့် ထိုသူကို မေးအံ့ဟုကြံတော်မူ၍၊ အကယ်၍ငါသည်ထိုင်လျက်ပင်မေးခွေအံ့၊ မြတ်စွာဘုရား၌ ရှိသေခြင်း မရှိသည်ဖြစ်လတ္တံ့.ဟု ကြံ၍ ထတော်မူလျက် နေရာမှဘဲ၍၊ ဆဒ္ဒန်ဆင်မင်းသည် ပတ္တမြိုးညှိအရေကို ရုံသကဲ့သို့။ မြတ်စွာဘုရားသည် ပေးတော်မူသော ဇိစ်းတိဝ်အဆင်းနှင့်တူသော ပံသုကူသက်နှံးကို ရုံတော်မူ၍။ ဆယ်ချောင်းသောလက်သည်းတို့၏ ပြုသောအရောင်ဖြင့် တောက်ပသောလက်အုပ်ကိုထိပ်၌တင်၍ မြတ်စွာဘုရား၌ ပြုအပ်သောရိုသေခြင်းဖြင့်အာဇီဝကသို့ငှေးကျရပ်တော်မူ၍။ ငါ့အရှင်၊ ငါတို့၏ဆရာ မြတ်စွာဘုရားကို သိခဲ့ပါ၏လော၊ဟု မေးတော်မူ၏။ ။(အရှင်မဟာကဿပသည် မြတ်စွာဘုရား၏ ပရိနိဗ္ဗာန်ပြုတော်မူကြောင်းကို သိလျက်ပင်မေးသလော။မသိ၍ပင်တည်းမေးသလောဟူတုံအံ့။ရဟန္တာတို့၏ သိခြင်းမည်သည်ကား ဆင်ခြင်ခြင်းနှင့်စပ်၏။ ဆင်ခြင်တော်မမူသော့ကြောင့် မထေရ်သည်မသိမူ၍ပင်မေးသည်ဟု အဿိုဆရာတို့ဆိုကုန်၏။အသို့စပ်သနည်းဆိုသော်။မထေရ်သည် သမာပတ်ဝင်စားခြင်းမျာ၏။ညဉ့်နေရာ နေ့နေရာစသည်တို့၌ အမြဲလျှင် သမာပတ်ဖြင့်မျှ၏။ အမျိုး၏ ဥစ္စာဖြစ်သော ရွှာ၌ ဆွမ်းခံဝင်တော်မူ၍လည်း တံခါးတိုင်းတံခါးတိုင်း၌ မေတ္တာစျာန်သမာပတ်ဝင်စား၍သမာပတ်မှထ၍သာလျှင်

ဆွမ်းကိုခံ၏။ မထေရ်သည် ဤအမှုဆုံးစွန်သောကိုယ်ဖြင့် မျှားစွာသော လူအပေါင်းအား၌းမြောက်ခြင်းကိုပြု၏။အကြင်သူတို့သည်ငါ့အားဆွမ်း ကိုသေလည်းလှူကုန်၏။ ပန်းနှံသာစသည်တို့ဖြင့်မူလည်း ပူဇော်ကုန် ၏။ ထိုသို့လှူဒါန်းပူဇော်ခြင်းသည် ထိုသူတို့အား အကျိုးကြီးသည်ဖြစ် စေသတည်းဟု ဤသို့ပြု၏။"ထိုသို့သမာပတ်ဝင်စားခြင်းမျှားသည်ဖြစ်၍ မသိသောကြောင့်ပင်မေးတော်မူသည်ဟုဆိုကုန်၏။ ထိုစကားကိုမယူ အပ်။ မြတ်စွာဘုရားလွန်ရာဠိမသိခြင်း၏အကြောင်းမည်သည်မရှိ။မြတ် စွာဘုရား၏ ပရိနိဗ္ဗာန်ပြုတော်မူခြင်းကို တသောင်းသောလောကဓာတ် ၌ မြေတုန်လှုပ်ခြင်းအစရှိသောနိမိတ်တို့ဖြင့်မှတ်အပ်ပြီးသည်သာလျှင် တည်း။စင်စစ်သော်ကား။မထေရ်၏ပရိသတ်၌ကား။အချို့သောရဟန်း တို့သည် မြတ်စွာဘုရားကိုမြင်ဘူး၏။ အချို့သောရဟန်းတို့သည် မြတ် စွာဘုရားကို မမြင်ဘူးကုန်။ အကြင်ရဟန်းတို့သည် မြင်ဘူးကုန်၏။ ထို ရဟန်းတို့သည် ဖူးမြင်လိုကုန်သည်သာလျှင်တည်း။ အကြင်ရဟန်းတို့ သည်ကား မမြင်ဘူးကုန်။ ထိုရဟန်းတို့သည်ကား အလွန်လျှင်ဖူးမြင် ခြင်းငှါအလိုရှိလှကုန်သလျှင်ကတည်း။ ထိုရဟန်းတို့တွင် မမြင်ဘူးကုန် သောရဟန်းတို့သည် မြတ်စွာဘုရားကို ဖူးမြင်ရလတ္တံ့ဟု သွားကုန်ပြီး မှ၊ ကုသိနာရုံသို့ရောက်၌သော်။ မြတ်စွာဘုရားအဘယ်အရပ်၌ရှိလေသ နည်းဟုမေးကုန်လျှင်။ ပရိနိဗ္ဗာန်ပြုတော်မူပြီဟုပြောဆိုသည်ကိုကြားရ က။ မိမိတို့ကိုယ်ကိုတည်စေခြင်းငှါ မတတ်နိုင်ကုန်လတ္တံ့။ သင်္ကန်းကို ၎င်း။ သပိတ်ကိုဂင်းစွန့်ပစ်၍။ အဝတ်တထည်သာကပ်ကုန်သည်ဖြစ်၍ ၎င်း။ မထောင်းသောအဝတ်အစားကပ်ကုန်သည်ဖြစ်၍၎င်း။ ရင်တို့ကို ခတ်တီးကုန်လျက်ပြင်းစွာဟစ်ကြွေးငိုကုန်လတ္တံ့။ထိုအခါဠှလူတို့သည် အရှင်မဟာကဿပနှင့်အတူတကွလာသောပံသုကူရုတင်ဆောင်သော အရှင်ကောင်းတို့သည်လျက်လည်း။ မိန်းမတို့ကဲ့သို့ ရင်တီး လက်ခတ် ငိုကုန်သည်။ ထိုအရှင်ကောင်းတို့သည် ငါတို့ကိုအဘယ်သို့သက်သာ စေနိုင်လတ္တံ့နည်းဟု၊ ငါတို့အား အပြစ်ကိုပြုကုန်လတ္တံ့။ ၎င်းတောကြီး အရပ်သည်ကား ဆိတ်ညံ၏။ ၎င်းတောဠှ အကြင်အခြင်းအရာဖြင့်၎င်း။ ထိုအခြင်းအရာဖြင့်၎င်း ငိုကုန်သော်လည်း အပြစ်တင်မည့်သူမရှိ။ဧရှေး ဦးစွာကြားနှင့်ရ၍လည်း စိုးရိမ်ခြင်းသည် ၎ခါင်းပါးသည် ဖြစ်ရာ၏ဟု ကြံ၍ တပည့်တို့အား သတိကို ဖြစ်စေခြင်းငှါ။ သိလျက်ပင် မေးတော်

မှုသတည်း)။ ။ဤသို့မေးတော်မူသောအခါ၌။ ဩဩသိုက်ရှင်ကဿပ၊ ငါဆိုခဲ့ပါ၏။ယခုနေ့သည်ရဟန်းဂေါတမလွန်၍ခုနစ်ရက်ရှိပြီ။ထိုရဟန်းဂေါတမလွန်တော်မူရာကပင် ဤထင်ရှားပန်းကုံ ဆောင်ယူခဲ့ပေသည်ဟု ထိုအာဇီဝကဆို၏။ ထိုအခါ အရှင်မဟာကဿပ၏ အဇ္ဈတ္တိကရဟန်းအပေါင်း၌ ပုထုဇဉ်သောတာပန်သကဒါဂံရဟန်းတို့သည် အာဇီဝကစကားကို ကြားသောအခါ၌။ အနျုိသောရဟန်းတို့သည် လက်ကိုမြှောက်၍ငိုကုန်၏။ခြေပြတ်သကဲ့သို့လည်း၍ငိုကုန်၏။ ထိုလည်းရာ၌ လူးလည်းကုန်၏။ ခြေကျောက်လက်ကန်လူးလည်းကုန်၏။ အလွန်လျင်စွာ ဆရာဘုရားပရိနိဗ္ဗာန်စံခဲ့ပြီ။ အလွန်လျင်စွာ လာခြင်းကောင်းသောဘုရားသည် ပရိနိဗ္ဗာန် စံဟော်မူခဲ့ပြီဟု မြည်တမ်းဟစ်ကြွေး၍ ငိုကြကုန်၏။အနုရုဒ်ရဟန်းတို့သည်ကား သခ်ါရတရားတို့မမြဲသည် အမြဲမရှိကုန်။ ဤသခ်ါရဟူသောရဟန်းဦးမြတ်သောသဘောကို အတိမှာလျင်ရကုန်အံ့နည်းဟု သတိရှိကုန်သည်ဖြစ်၍ အဆင်အခြင်နှင့်ပြည့်စုံကုန်သည်ဖြစ်၍ သည်းခံကုန်၏။ ။ထိုရောအခါ၊ ကြံ့မှရဟန်းပြု၍သော သုဘဒ်မည်သောရဟန်းသည် ထိုပရိသတ်၌ ရှိသည်ဖြစ်၏။ ထိုရဟန်းကြီးသုဘဒ်သည် ထိုငိုကြွေးကုန်သောရဟန်းတို့ကဲ့သို့ဤသို့ဆို၏။အို အရှင်တို့၊မသင့်တကား။မစိုးရိမ်ကုန်လင့်၊ မငိုကြွေးကုန်လင့်။ ထိုရဟန် ကြီးဂေါတမမှာ ငါတို့လွတ်ကုန်ပြီ ထိုရဟန်းကြီးဂေါတမသည် ဤအမှုသည် သင်တို့အား အပ်၏။ ဤအမှုသည် သင်တို့အားမအပ်ဟူ၍ ငါတို့အား နှိပ်စက်အပ်သည်ဖြစ်ကုန်ပြီ။ယခုအခါ၌ငါတို့သည် အကြင်အမှုကိုအလိုရှိကုန်၏။ထိုအမှုကိုပြုရကုန်လတ္တံ့။ အကြင်အမှုကိုငါတို့သည် အလိုမရှိကုန်။ ထိုအမှုကို မပြုရကုန်လတ္တံ့။ မငိုကြွေးကြကုန်သင့်ဟု ဆို၏။ ဤသို့ဆိုခြင်းသည် မြတ်စွာဘုရား၌ သုဘဒ်ရဟန်းကြီးသည် ရန်ငြိုး ဒွေးသဖြင့် ဆိုသတည်း။ အဘယ့်ကြောင့်ကား ရန်ငြိုးထားလေသနည်း ဟူတုံအံ့။ ဤသုဘဒ်သည် ဆေတ္တာသည်ဖြစ်ဘူး၏။ ကြီးမှရဟန်းပြု၏။ အာတုမာမြို၌နေ၏။ ထိုရောအခါ မြတ်စွာဘုရားသည် ကုသိနာရုံပြည်မှ ထွက်၍ ခုနစ်ရာ့ငါးကျိပ်သော ရဟန်းတို့နှင့်တကွ အာတုမာမြို့သို့ ကြွတော်မူသည်ရှိသော်။ ထိုသုဘဒ်သည် မြတ်စွာဘုရားကြွလာသောအကြောင်းကို ကြား၍။ မြတ်စွာဘုရားရောက်သောအခါ ယာဂုလှူအံ့ဟုကြံ၍။ သာမဏေ၏ဘုံ၌ တည်ကုန်သော သားငယ်နှစ်ယောက်တို့ကို ဤသို့ဆို၏။

ချစ်သားတို့၊ ခုနစ်ရာ့ငါးကျိပ်သော်ရဟန်းတို့နှင့် မြတ်စွာဘုရား အာတု
မာမြို့သို့ကြွလာ၏။ သင်တို့သည်သွားကြကုန်။ ချစ်သားတို့၊ သင်းတုန်း
ဘဏ္ဍာကိုယူ၍ ဆိပ်ကျည် ခွက်ငယ်နှင့်တကွ အိမ်စဉ်အတိုင်း လှည့်ချေ
ကုန်။ ဆား၊ကိုဂုဏ်း။ ဆီ၊ကိုဂုဏ်း။ ဆန်၊ကိုဂုဏ်း။ ခဲဘွယ်၊ကိုဂုဏ်း ရုံးစုကုန်။
ရောက်တော်မူလာသော မြတ်စွာဘုရားအား ယာဂုအလှူကိုပြုအံ့ဟုစေ
၏။ ထိုသားငယ်သာမဏေနှစ်ယောက်တို့သည် အာဘဆိုတိုင်း ပြုကုန်
၏။ လူတို့သည် သာယာသောအသံရှိကုန်သော မိမိတို့၏ အတတ်ကို
ထင်စွာပြုတတ်ကုန်သော ထိုသူငယ်နှစ်ယောက်ကိုမြင်၍။ ဆေတွာမှ
ပြုစေလိုသောသူတို့သည်ဂုဏ်း။ မပြုစေလိုသောသူတို့သည်ဂုဏ်း။ဆံမုတ်
ဆိတ်ပြုပြင်ခြင်းတို့ကို ပြုစေကုန်၏။ သွားအံ့သောအခါ၌။ ချစ်သား်တို့၊
အာဘယ်ကိုယူကုန်လတ္တံ့နည်းဟု မေးကုန်၏။ ငါတို့အား တပါးသော
ဝတ္ထုကိုအလိုမရှိ၊ ငါတို့၏အာဘမူကား ဘုရားမြတ်စွာလာရောက်သော
အခါ ယာဂုအလှူကိုပေးလို၏ဟုဆိုကုန်၏။ ထိုစကားကိုကြား၍ လူတို့
သည် မရေတွက်မူ၍ အကြင်ဝတ္ထုကို ထိုသူငယ်တို့ဆောင်နိုင်ကုန်၏။
ထိုဝတ္ထုတို့ကို ထိုသူငယ်တို့တွင်ပေးလိုက်ကုန်၏။ အကြင်ဝတ္ထုတို့ကို
မဆောင်နိုင်ကုန်။ထိုဝတ္ထုတို့ကိုလူတို့ကိုပို့စေကုန်၏။ ထိုရောအခါမြတ်
စွာဘုရားသည်အာတုမာမြို့သို့ရောက်၍ ဂေါကာန်ယတ်တလင်းတဲသို့ဝင်
တော်မူ၍နေတော်မူသောအခါ။သုဘဒ္ဒရဟန်းသည် ညချမ်းသောအခါ
၌ ရွာတွင်းသို့သွား၍ လူတို့ကိုဆို၏။အိုဒါယကာတို့၊ငါသည် သင်တို့၏
အထံမှ တစုံတခုကို မတောင့်တကုန်။ ငါ၏သားငယ်တို့သည် ဆောင်
အပ်သော၊ဆန်၊ဆေး၊အစရှိသည်ဖြင့်သာလျှင် သဃီသားအားလောက်ကုန်
၏။လက်အမှုကိုသာ ငါ့အားပေးပါကုန်ဟုတောင်း၏။တောင်းသည်အ
တိုင်းဝန်ခံလာရောက်ပြီးလျှင်။ ရှင်ပင်ဘုရား၊ အာဘယ်ကိုပြုရအံ့နည်းဟု
မေးကုန်သော်။ဤကိုယူကုန်လော့စသည်ဖြင့်အလုံးစုံသောအဆောက်
အဦတို့ကိုယူစေပြီးမှ ကျောင်းခွံခုံလောက်တို့ကိုပြုစေ၍။သင်းဝိုင်မည်း
နက်တထည်ကိုဝတ်၍။ သင်္ကန်းတထည်ကိုရုံ၍။ ဤသို့ပြုလော့ ဤသို့ပြု
လော့ဟု တည့်ငြိုပတ်လုံး စီရင်၍။ အသပြာတသိန်းထိုက်သောဝတ္ထုကို
စွန့်၍၊ လက်ကော်ကောင်းသော ထပ်ထပ်သောယာဂုကိုဂုဏ်း။ ပျားမွေနှံ
ဆုပ်ကိုဂုဏ်း စီရင်စေ၏။ ထိုယာဂုခွက်၊ ထောပတ်၊ပျား၊ တင်လဲ၊ ဆီဥ၊ဆီ၊
ငါး၊အမဲ့၊သစ်ပွင့်၊သစ်ဘီး။ အရသာအစရှိသောအလုံးစုံကိုလည်းထည့်

၏။ ထိုယာဂုသည် ပြက်ရယ်မှုပြုလိုသောသူတို့အား ဦးခေါင်းခွံ လိမ်းကောင်းသည်နှင့်ယှဉ်၏၊ ဇီယာ၊ကရဝေး၊ငရုတ်၊ချင်း၊ စသောကောင်းသောအနုံတို့ဖြင့်ထုံအပ်၏။ထိုညဉ့်ဓိုးသောက်သောအခါမြတ်စွာဘုရားသည် ဧစာဧစာကလျှင် ကိုယ်လက်သုတ်သင်၍ ရဟန်းအဂေါင်း ခြံရံလျက် ဆွမ်းခံကြွအံ့သောငှါ အာတုမာမြို့သို့ဝင်တော်မူ၏၊ လူတို့သည် သုဘဒ္ဒအားကြားကုန်၏။ မြတ်စွာဘုရားဆွမ်းအလို့ငှါရွာတွင်းသို့ဝင်ပြီ။ သင်သည် အဘယ်သူအားရည်၍ ယာဂုကိုကျိုချက်သနည်းဟုဆိုကုန်၏။ သုဘဒ္ဒသည် ဝတ်ရုံတိုင်းဧသောသင်းပိုင်နက်သက်နှံးနက်တို့ဖြင့်ပင်လက်တဘက်ဖြင့်ယောက်မကိုက်ဝင်၍။ပြဟ္မာကြီးကဲ့သို့လက်ျာပုဆစ်ဒူးကိုမြေ၌ထောက်၍။ ဘုန်းတော်ကြီးဧသောရှင်ပင်ဘုရားသည် အကျွန်ုပ်၏ယာဂုကိုခံဧတော်မူပါဟုဧလျှောက်၏။မြတ်စွာဘုရားသည် သိလျက်ပင်သင် အဘယ်သို့ရာဒေသ၍ရသောယာဂုနည်းဟု မေး၏။ အဝေါင်းအာလုံးစုံကိုကြားလျှောက်သော်၊ ထိုဂုဏ်ပဋိဘာသုဘဒ္ဒကို ကဲ့ရဲ့တော်မူ၍။ သိက္ခာပုဒ်နှစ်ပါးကို ပညတ်ဧတော်မူ၏။ ချစ်သားရဟန်းတို့၊ ကမ္ဘာအကုဧဋ္ဌမက များစွာဧသောကာလတို့ပတ်လုံး ဧဘာဧဉ့်ကဲ့ရှာမှီး သုံးဆောင်လျက်လွန်စေကုန်၏။ဤယာဂုသည် သင်တို့အားမအပ်။မတရားသဖြင့်ဖြစ်သော ဧဘာဧဉ်တည်း။ ဤယာဂုကို စားကုန်သောသင်တို့အား အဆေးမက များစွာဧသောဘဝတို့ပတ်လုံး အပါယ်တို့၌သာလျှင်ဖြစ်ဧစေကုန်လတ္တံ့။ ဖဲကုန်ဧလဲ့၊မခံကုန်လင့်ဟုဖြစ်ဧတော်မူ၍၊ ဆွမ်းခံရွာသို့ဧရှားရှုကြွတော်မူ၏။ ဟဲယောက်သောရဟန်းမျှ တစုံတခုကိုမပယူပြီ။ သုဘဒ္ဒသည် နှလုံးမသာပြင်စွာဖြစ်၍၊ဤဧဂါတမသည် ငါအလုံးစုံကိုသိ၏ဆို၍လွှဲလည့်လည်၏။ အကယ်၍ အလှူမခံလိုသည်ဖြစ်အံ့။ သူတပါးကိုစေ၍ပင်ကြားဧစေအပ်၏။ဤကျက်ပြီးသောအာပာဒရမည်သည်ကြာစွအဆုံးခုနစ်ရက်မျှတည်ရာ၏။ ဤအလုံးစုံသော ဝတ္ထုသည် ငါ့အား တသက်ပတ်လုံးမျှလောက်သည်ဖြစ်၏။ ထိုဧဂါတမသည် ဥစ္စာအလုံးစုံကိုဖျက်ဆီး၏။ဤဧဂါတမသည်ငါ့အားအကျိုးမဲ့ကိုအလိုရှိ၏ဟုမြတ်စွာဘုရားနှင့်ရဟန်ပြုးဘွဲ့၏။ မြတ်စွာဘုရားကိုယ်တော်ထင်ရှားရှိစဉ်၌ တစုံတခုသောစကားတိုမျှမဆိုဝံ့ချေ။ ဤသို့ ထိုသုဘဒ္ဒအားစိတ်ရှိသည်ဖြစ်၏။ ဤဧဂါတမသည် မြတ်သောအမျိုးမှ ရဟန်းပြု၏။ မြတ်သော ဘုန်းကြီးသောယောကျ်ားတည်း။အကယ်၍တစုံတခုကိုငါဆိုဧချအံ့။ ငါ့အားသာလျှင်

ဖြမ်းလတ္တံ့ဟု ကြောက်၍၊ ရန်ပြုဝံ့ခဲ့၍နေရာ။ ယခု ထိုဂေါတမသည် လွန်ပြီကြား၍၊ ရအာပ်သေသက်သာရာရှိသကဲ့သို့။ နှစ်လို့ရွှင်လန်းဝမ်း မြောက်၍ ထိုစကားကိုသုဘဒ္ဒရဟန်းကြီးဆိုသတည်း။ ။

အရှင်မဟာကဿပသည်ထိုသုဘဒ္ဒ၏စကားကိုကြား၍ရင်၌လှုံ့ဖြင့် ထိုးဘိသကဲ့သို့။ ဓိုးကြိုးစက်သည် ထိပ်ထက်၌ကျဘိသကဲ့သို့ အမှတ် တော်ဖြစ်၏။ တရားနှင့်လျော်စွာ ထိတ်လန့်ခြင်းသည် ဖြစ်၏။ မြတ်စွာ ဘုရားသည် ပဂိုနိုဗ္ဗာန်ပြုတော်မူ၍ ရာနှစ်ရက်မျှသာရှိပါသေးသည်။ယခု အခါ မြတ်စွာဘုရား၏ ဣန္ဒြေအဆင်းနှင့်တူသော အဆင်းရှိသော ကိုယ် တော်သည်ပင်လျှင် ထင်ရှားရှိပါသေး၏။ ဆင်းရဲပြုခြင်သဖြင့် မြတ်စွာ ဘုရားသည် နှစ်ဆယ်စေအပ်သောသာသနာတော်၌၊ ဤသို့လျင်စွာကြီး စွာသော သူယုတ်တည်းဟူသော အမှိုက်ဆုးငြောင့်သည်ဖြစ်ဘိ၏။ ဤ သူယုတ်သည် ကြီးပွါးလတ်သည်ရှိသော် ဤယုတ်မာသော သဘောရှိ သော တပါးသောအပေါင်းအဘော်တို့ကိုရ၍။ သာသနာတော်ကိုဧရွ စေအံ့သောငှါ တတ်နိုင်ချေရာ၏ဟု ကြံပြီးမှ။ အကယ်၍ကား ငါသည် ဤရဟန်းကြီးကို ဤအရပ်၌ ပုဆိုးဖြူ ဝတ်စေ၍ ဦးခေါင်း၌ ပြာပက်၍ နှင်ထုတ်အံ့။ ရဟန်းဂေါတမ၏တပည့်တို့သည် ရဟန်းဂေါတမ၏ အ လောင်းထင်ရှားရှိစဉ်ပင် ဖြိုင်းခံကြကုန်၏ဟုဆို၍ ငါတို့အား အပြစ်ကို ပြကုန်လတ္တံ့။ထို့ကြောင့် ရှေးဦးစွာငါသည် သည်းခံဦးအံ့။မြတ်စွာဘုရား ဟောတော်မူအပ်သော သုတ် အဘိဓမ္မာ ဝိနည်းသည် မသိအပ်သေး သောပန်းအစုနှင့်တူ၏။ ဥပမာကား။လေသည်ခတ်အပ်သောထိုပန်းပွင့် တို့သည် ထိုမှဤမှလွင့်ပါးကုန်သကဲ့သို့။ ထို့အတူ ဤသုဘဒ္ဒရဟန်းကြီး ကဲ့သို့ ယုတ်မာသောသဘောရှိကုန်သောပုဂ္ဂိုလ်တို့၏ အစွမ်းအားဖြင့်။ နောင်အခါ ဓရောက်တိုင်းရောက်တိုင်းသော အရပ်တို့၌။ သုတ်အဘိဓမ္မာ ဝိနည်းတို့ဝယ်။ဝိနည်း၌ တခုနှစ်ခုသောသိက္ခာပုဒ်တို့သည် ပျောက်ကုန် လတ္တံ့။ သုတ်၌ တခုနှစ်ခုသောပဉ္စာဝါရတို့သည်၊အဘိဓမ္မာ၌ တခုနှစ်ခု သောဘူမန္တရတို့သည် ပျောက်ကုန်လတ္တံ့။ ဤသို့အစဉ်သဖြင့် အပင် ပျက်စီးသည်ရှိသော် နောက် အခက် အရွက်တို့သည် ပျက်စီးလွယ်ကုန်သကဲ့ သို့ဖြစ်လတ္တံ့။ ထို့ကြောင့် သုတ် အဘိဓမ္မာ ဝိနည်းကို သင်္ဂါယနာတင် ခြင်းကိုပြုရလတ္တံ့။ ဤသို့ သင်္ဂါယနာတင်ခြင်းကိုပြုသည်ရှိသော် ခိုင်ခံ့ သောကြိုးဖြင့် သိအပ်ဓသော ဖန်းပွင့်ကဲ့သို့ သုတ် အဘိဓမ္မာ ဝိနည်းတို့

သံညှ့ မတုန်မလှုပ်ကညှ့ကြညှ့ကုန်သညှ့ဖြစ်လတ္တံ့။ ဤသို့သင်္ဂါယနာတင်စေခြင်းအကျိုးငါသာလျှင်။ ငါရဟန်းပြု၍လာသောအခါ မြတ်စွာဘုရားသည် သုံးဂါဝုတ်တိုင်အောင် ခရီးဦးကြို့ဆိုခြင်းကိုပြုတော်မူပြီ။ သုံးပါးသော အဆုံးအမတို့ဖြင့် ပဋိဉာဉ်းအဖြစ်ကို ပေးတော်မူပြီ။ ကိုယ်တော်မှသင်္ကန်းကို ငါ၏ကိုယ်၌ ငါ၏ယင်္ကန်းကို ကိုယ်တော်၌ဝတ်ရုံသဖြင့် သင်္ကန်းဖလှယ်ခြင်းကိုပြုပြီ။ ကောင်းကင်၌ လက်ဝါးကိုလှုပ်၍ လ၏ဥပမာရှိသောအကျင့်ကို ဟောတော်မူသော ဘုရားမြတ်စွာသည် ငါ့ကို သက်သေတည်၍ ကသဃပသည် လနှင့်တူသောအကျင့်ရှိ၏ဟု ဟောတော်မူပြီ။ သုံးကြိမ် သာသနာတော်၌ အမွေခံ၏အဖြစ်ကိုဝန်ခံစေပြီ။ငါသို့သောရှိသော ရဟန်းသည်ရှိလျက် ဤသူယုတ်သည် သာသနာတော်၌ စည်ပင်ပြန့်ပွါးခြင်းကိုမရစေသသည်း။ သူတော်မဟုတ်သူယုတ်တို့၏ တရားသည် မထွန်းပဒိ။ သူတော်ကောင်းတို့၏ တရားသည်မတိမ်မြုပ်ဒိ။ ဝိနည်းမဟုတ်သောတရားသည် မထွန်းပဒိ။ ဝိနည်းတရားတော်သည် မတိမ်မြုပ်ဒိ။ တရားကိုမယူသော ပုဂ္ဂိုလ်တို့သည် အားမကြိုးကုန်ဒိ။တရားကိုယူသောပုဂ္ဂိုလ်တို့သည်အားမနည်းကုန်ဒိ။ ဝိနည်းကိုမယူသော ပုဂ္ဂိုလ်တို့သည် အားမကြိုးကုန်ဒိ။ ဝိနည်းကိုယူသောပုဂ္ဂိုလ်တို့သည် အားမနည်းကုန်ဒိ။ ဆုတ် အဘိဓမ္မာ ဝိနည်းကို သင်္ဂါယနာတင်အံ့။ ထို့နောင်မှ ရဟန်းတို့သည် ဗိဗိဗိဗိတို့၏စွမ်းနိုင်ရုံကိုတတ်အောင်သင်ကုန်၍ အပ်မအပ်ကိုဆိုကုန်လတ္တံ့။ ထိုအခါ ဤသူယုတ်သည်နှိပ်ခြင်းသို့ရောက်လတ္တံ့။ ဦးခေါင်းကိုမမျှနိုင်လတ္တံ့။ သာသနာတော်သည် စည်ပင်ပြန့်ပွါးသည် ဖြစ်လတ္တံ့.ဟု ကြံပြီး၍။ ထိုအရှင်မဟာကဿပသည်ငါ့အား၌သို့အကြံသည်ဖြစ်၏ဟု တစုံတယောက်သောသူအားမျှမကြား၍၊ရဟန်းသင်္ဃာကိုသာသက်သာစိမ့်သောငှါ။ ငါ့ရှင်တို့၊ မစိုးရိမ်ကုန်လင့်။ မငိုကြွေးကုန်လင့်။ ဤသခင်ဂါရတရားတို့၏ အမြဲမတည်သောအဖြစ်ကို ဖြတ်စွာဘုရားသည် ဖြေးဦးစွာကပင်ကြားအပ်ပြီ။ ချစ်သားရဟန်းတို့၊ အလုံးစုံကုန်သော ချစ်နှစ်လိုအပ်ကုန်သော သူတို့နှင့် အထူးထူးဖြစ်ခြင်း၊ ကွေကွင်းရခြင်း၊ တပါးအပြားဖြင့် ဖြစ်ခြင်းကို ဖြေးဦးစွာကပင်ကြားအပ်ပြီ။ အကြင်သခင်ဂါရတရားသည် ဖြစ်တတ်၏။ ထင်ရှားဖြစ်တတ်၏။ ပြုပြင်အပ်၏။ ပျက်တတ်သောသဘောရှိ၏။ အကြင်သခင်ဂါရတရား၌ ထိုမပျက်မစီးအမြဲစာညှ့ခြင်းကို အဘယ်

မှာရအံ့နည်း။အကြင်အကြောင်းဖြင့် ပျက်စီးတတ်သောသခါရတရား ဟုဆိုအပ်သော မြတ်စွာဘုရား၏ကိုယ်တော်သည့် မပျက်မစီးတည်ရာ၏။ထိုအကြောင်းမရှိသည်သာလျှင်တည်း။ထို့ကြောင့် အနှင်တို့၊မစိုးရိမ်ကုန်လင့်။မငိုကြွေးကုန်လင့်ဟုသက်သာစေ၏။ ။

ထိုသို့မြတ်စွာဘုရား၏ကိုယ်တော်ကို ကုသိနာရုံပြည်၏ အရှေ့အရပ်၌ မလ္လာမင်းတို့၏ မကိုန့်ဘွဲ့ရာအဆန်းအကြယ်ပြုအပ်သောအရပ်၏ အနီး၌ချ၍၊ ပုဆိုးတဆပ်၊ဝါဂွမ်းတထပ်၊ချပ်ကာချပ်ကာပုဆိုးအစုံငါးရာတို့ဖြင့်ရစ်ပြီး၍ ဆီပြည့်သောရွှေတလား၌ ထည့်၍ အဝေးတရဲ့နှစ်ဆယ်မြင့်သောနံ့သာထင်းပုံထက်သို့တင်ပြီးလျှင်။ ကဆုန်လပြည့်ကျော်ခြောက်ရက်နေ့လွဲအခါမလ္လာမင်းအကြီးလေးယောက်တို့သည်ဦးခေါင်းလျှော်ကုန်ပြီးသော် အစာမကျေသောပုဆိုးကိုဝတ်ကုန်၍ ငါတို့သည်မြတ်စွာဘုရား၏ထင်းပုံကိုမီးတိုက်ကုန်အံ့ဟု လေးမျက်နှာဆိုင်၍တိုက်သော်။ မီးတို့သည်မစွဲနိုင်ကုန်သည်နှင့်။အရှင်အနုရုဒ္ဓါကိုမေးလျှောက်ကုန်၏။အရှင်ဘုရားအနုရုဒ္ဓါ၊အကျွန်ုပ်တို့သည် မြတ်စွာဘုရား၏ထင်းပုံကိုမီးတိုက်ကုန်အံ့ဟု ဦးခေါင်းလျှော်ကုန်ပြီးသော်။ အစာမကျေသောပုဆိုးတို့ကိုဝတ်ကုန်ပြီးသော်။ မလ္လာမင်းအကြီးလေးယောက်တို့သည် မီးတိုက်ပါကုန်၏။ အကြင်အကြောင်းကြောင့် မြတ်စွာဘုရား၏ထင်းပုံကို မီးလောင်စေခြင်းငှါ မတတ်နိုင်ကုန်။ ထိုအကြောင်းသည် အဘယ်နည်းဟုမေးလျှောက်ကုန်၏။ဝါသိဋ္ဌအမျိုးဖြစ်သောမလ္လာမင်းတို့၊နတ်တို့၏အလိုသည်တပါးအပြားဖြင့်ရှိသည်ဖြစ်၍ မီးမလောင်နိုင်သတည်းဟု ပိန့်တော်မူ၏။ ထိုအခါ မလ္လာမင်းတို့သည်။ အရှင်ဘုရား၊အကြင်အခြင်းဖြင့် နတ်တို့၏အလိုသည်ဖြစ်၏။ ထိုအခြင်းဖြင့်ဖြစ်ပါစေလေ့ဆိုကုန်၍ ထင်းပုံထက်၌ ချနစ်ရက်ပင်ကြာပြန်လေသတည်း။ ။နတ်တို့၏တပါးအပြားဖြင့် အလိုသည် အဘယ်သို့ဖြစ်သနည်းဟူမူကား။ ဇာပည့်သားတော် မဟာသာဝကရှစ်ကျိပ်တို့၌ စိတ်ကိုကြည်ညိုစေ၍၊ ထိုရှစ်ကျိပ်တို့၏ အလုပ်အကျွေးဖြစ်ကုန်သော ရှစ်သောင်းသော အမျိုးတို့သည် နတ်ပြည်၌ ဖြစ်ကုန်၏။ ထိုနတ်ရှစ်သောင်းတို့တွင် ရှင်မဟာကဿပ၏အလုပ်အကျွေးနတ်တဝေထောင်တို့သည်ထိုအစည်းအဝေး၌အရှင်မဟာကဿပမထေရ်ကိုမမြင်ကုန်သောကြောင့်။ ငါတို့ကုလုပကဖြစ်သော အရှင်မဟာကဿပသည်၊အဘယ်မှာရှိလေသနည်းဟု နတ်မျက်စိဖြင့်

ကြည့်ကုန့်သော်။ ဒေသစာရိလှည့်ခြင်းဖြင့် အဓွန့်ရှည်သောခရီးသို့ကြွ တော်မူသည်ကိုဖြင်၍။ ငါတို့ကုလုပကဖြစ်သော အရှင်မဟာကဿပ သည်မြတ်စွာဘုရားခြေတော်ကဲ့ရိုးအံ့သောဌါအဝေးမှတပည့်သဖီ၀ တို့နှင့်တကွ လာတော်မူသေး၏။ ငါတို့အရှင် ရှိမခိုးဘဲ ထင်းပုံသည် မီးမတောက်စေသကဲ့သို့ပင် နတ်တာဝထောင်တို့သည် ဓိဋ္ဌာန် လေကုန်၏။ ထိုကြောင့် မလွှမ်းမင်းလေးယောက်တို့သည်၊ ရှစ်ယောက်တို့သည်၊ တကျိပ်ခြောက်ယောက်တို့သည်၊ သုံးကျိပ်နှစ်ယောက်တို့သည်၊ထင်းပုံ၌ မီးစွဲတောက်စိမ့်သောဌါ အစုံသောဗိုက္ခင့်တို့ဖြင့် ထိုးကုန်သော်၎င်း။ ပြောင်းတို့ဖြင့် မှုတ်ကုန်လျက်၊ထန်းရွက်ယင်တို့ဖြင့် ယပ်ကုန်လျက်၊ထို ထိုသို့သောအာဇ်ကြောင်းကိုပြုကုန်သော်၎င်း။ ထင်းပုံကိုမီးစွဲတောက်စေ ခြင်းဌါ မတတ်နိုင်ကုန်မူ၍ ထင်းပုံထက်၌ခုနစ်ရက်ကြာသတည်း။ဤသို့ အရှင်မဟာကဿပမရောက်သေးသောကြောင့် နတ်တို့ဓိဋ္ဌာန်သဖြင့် မီးမတောက်နိုင်သည်ဟုမိန့်သော အရှင်အနုရုဒ္ဓါ၏စကားကိုကြားကြ ကုန်၍။အချင်းတို့၊ အရှင်မဟာကဿပမည်သောရဟန်းသည် မြတ်စွာ ဘုရား၏ခြေတော်တို့ကို တပည့်သံဃာနှင့်တကွ ဂိုရိုးအံ့ဟုလာသေး၏။ ထိုရဟန်းမရောက်သမျှ ထင်းပုံသည် မီးမတောက်လတ္တံ့သတည်း။ ထို ရဟန်းသည်။မည်းသောအဆင်းရှိလေသလော၊ဖြူသောအဆင်းရှိလေ သလော၊ နီမဲ့လေသလော၊ မြင့်လေသလော၊ အဘယ်ကဲ့သို့ အဆင်း သဏ္ဌာန်ရှိလေသနည်း။ ဤသို့ တန်းခိုးကြီးသောရဟန်းသည် မြတ်စွာ ဘုရား၏အပါးတွင်ရှိပါလေမူ မြတ်စွာဘုရား၏ ပရိနိဗ္ဗာန်ပြုတော်မူခြင်း သည် မဖြစ်တန်လေသေးဘူးဟူ၍ ဆိုကုန်၏။ အရှင်ဘုရားအနုရုဒ္ဓါ၊ ဤ အရှင်ကောင်းသည် အဘယ်အရပ်မှလာလတ္တံ့နည်းဟု မေးကုန်၍။ ပါ ဝါရှိမှလာလတ္တံ့ဟူသောစကားကိုကြားကုန်သဖြင့်၊ အချို့သောသူတို့ သည်ပန်းနံ့သာလက်စွဲလျက်ကြို့ဆိုကုန်၏။အချို့သောသူတို့သည်ခရီးကို ဆန်းကြယ်စွာတန်ဆာဆင်၍မျှော်လျက်နေကုန်၏။ ။

ထိုရောအခါ အရှင်မဟာကဿပသည် တပည့်ရဟန်းသံဃာတို့ နှင့်တကွပါစိမ့်ခရီးမှလာလတ်၍ အကြင်အရပ်၌ကုသိနာရုံပြည်သည် ရှိ၏။ မကုဋေနန္ဒနေတိသည် ရှိ၏။ မြတ်စွာဘုရား၏ အလောင်းတော် တင်ချာထင်းပုံသည်ရှိ၏။ ထိုအရပ်သို့ကပ်လာ၍ ပဒုံးတဘက်၌ ကိုယ် ဝတ်စံပယ်ထင်သည်ကိုပြု၍၊ မြတ်စွာဘုရားထင်းပုံ၌ တပည့်သံဃာနှင့်

တကွ လက်ျာရစ်သုံးပတ်လှည့်၍။ဤအရပ်၌ဦးခေါင်းတော်၊ဤအရပ်၌ ခြေတော်ဟု မှတ်ပြီးသော်။ ခြေရင်း၌ ရပ်၍ အာဘိညာဉ်၏ အခြေဖြစ် သော ရူပါဝစရကြိယာစတုတ္ထဈာန်ကိုဝင်စား၍ ဈာန်မှထ၍။ အကန့် တထောင်တို့ဖြင့်တန်ဆာဆင်အပ်သော၊ တရုတ်ရစ်ပါးသောစက်လက္ခ ဏာတော်တို့၏တည်ရာဖြစ်သော မြတ်စွာဘုရား၏ ခြေတော်အစုံတို့ သည် ဝါဂွမ်းအထပ်အလွှာတို့နှင့်တကွ၊ ပုဆိုးအစုံငါးရာအထပ်တို့ကို ၎င်း၊ ဖျော့တလားကိုဂင်း၊ နုံသာထင်းကိုဂင်း၊ နှစ်ဖြာခွဲ၍၊ ဤငါး၏ဦးခေါင်း ဟုဆိုအပ်သောအင်္ဂါ၌ တည်စေသတည်းဟု ဗိဒ္ဓာန်တော်မူ၏။ဗိဒ္ဓာန် တော်မူသောစိတ်နှင့်တကွ၊ ထင်းပုံ၊ ဖျော့တလား၊ ငါးရောသောပုဆိုးအစုံ တို့ကိုနှစ်ဖြာခွဲ၍ တိမ်တိုက်ကြားမှလပြည့်ဝန်းကဲ့သို့ ခြေတော်တို့သည် ထွက်လာကုန်၏။ အရှင်မဟာကဿပမထေရ်သည် ပွင့်သစ်သောပဒု မာကြာနီနှင့်တူသော လက်တော်တို့ကို ဆန့်၍။ ဖျော့အဆင်းနှင့်တူသော မြတ်စွာဘုရား၏ ခြေတော်တို့ကို ဖမျက်တိုင်အောင် ကြပ်ကြပ် ကိုင် တော်မူ၍၊ ဒိဒိ၏ မြတ်သောဦးခေါင်း၌တည်စေ၍ ဂိုဏိုး၏။ ထိုအခံတွယ် သရဲကို လူမျှားအပေါင်းမြင်၍ တပြိုင်နက်တည်းလျှင် သည်းစွာသော အသံဖြင့်ကောင်းကျိုးဟစ်ကုန်၏။ ပန်းနုံသာစသည်တို့ဖြင့် ပူဇော်ကုန်၍ လူမျှားအပေါင်းသည်လည်း ဂိုဏိုး၏။ ငါးရာသော သံဃာသည်လည်း ဂိုဏိုး၏။ဤသို့လျှင် အရှင်မဟာကဿပစသောအလုံးစုံသောသူတို့သည် ဂိုဏိုးအပ်ပြီးသည်ဂိုသော်။ တဘန် ဗိဒ္ဓာန်ရခြင်းကိစ္စမည်သည် မဂိုပြီ။ ဖွားဗိဒ္ဓာန်တော်မူသည်၏ အစွမ်းအားဖြင့်ပင် အရှင်ကဿပ၏ လက် တော်မှလွတ်ကာမျှ၌ပင်လျှင်။ချိပ်ရည်ကဲ့သို့သောအဆင်းဂိုသော မြတ် စွာဘုရား၏ခြေတော်သည် စန္ဒကူးထင်းအစဂိုသည်တို့၌ တစုံတ်ခုကို မလှုပ်ဂျားစေမူ၍ တည်မြဲတိုင်း၌ တည်လေကုန်၏။မြတ်စွာဘုရားသခင် ၏ ခြေတော်တို့သည် ထွက်ကုန်သော်၎င်း။ ။ဝင်ကုန်သော်၎င်း။ ဝါဂွမ်း ပွေးသည်၎င်း။ ပိုးချည်မျှင် စသည်တို့သည်၎င်း၊ ဆီပေါက်သည်၎င်း၊ ထင်းစုသည်၎င်း။ အရာမှ ဇေ့ရသောမည်သည် မဂို။ အလုံးစုံ တည်မြဲ တိုင်း၌ပင်တည်လေ၏။မြတ်စွာဘုရား၏ ခြေကော်တို့သည် ဒနလထွက် သကဲ့သို့ထွက်လာကုန်၍ ဝင်ပြန်သည်ဂိုလော်။ လူမျှားအပေါင်းသည် ပြင်းစွာသော ငိုမြည်တမ်းခြင်းကို ငိုမြည်တမ်းကုန်၏။ ပဂိုနိဗ္ဗာန်လွန် တော်မူသောအခါထက် ယွန်မြတ်သော သနားဘွယ်သဉ်ဖြစ်၏။ ထို

ရောအခါ မြတ်စွာဘုရား၏အလောင်းတော်ထင်းပုံကိုတစုံတယောက် သောသူသည်မီးတိုက်ညှိရသည်မရှိ။ နတ်တို့၏အာနုဘော်ဖြင့် ထက်ဝင်းကျင်မှတပြိုင်နက်တည်းလျှင် မီးတောက်၏။ ဤထင်းပုံကိုမီးလောင်ရာ၌ ဝန်းရံ၍တည်ကုန်သောအင်ကြင်းပင်တို့၏ အခွကြားအခက်ကြားအရွက်ကြားတို့မှ မီးလျှံသည်ထွက်၏။ အခက်အရွက် အသီးအပွင့်ကို မီးစွဲလောင်သော မည်သည် မရှိ။ ခြ ပိုးရွ ပင့်ကူတို့သည် မီးလျှံတို့၏ အကြား အကြားဖြင့် သွားလာကုန်၏။ ဘိုးတော်အဋ္ဌနမင်း ထားသော သင်္ကြာဇ် ၁၄၀ ချကဆုန်လပြည့်ကျော် ၁၂ ရက်၊တနင်္ဂနွေနေ့၊ညချမ်း အခါထင်းပုံသည်မီးလောင်၏။ ။

မီးလောင်သော ကိုယ်တော် မြတ်စွာဘုရား၏ အကြင် အပေါ်ရေသည်ဂင်း။ အတွင်းရေသည်ဂင်း။အသားသည်ဂင်း။အကြောသည်ဂင်း။ အစေးသည်ဂင်းရှိ၏။ ထိုအရေ၊အသား၊အကြော၊အစေးတို့၏ ပြာတို့သည်ဂင်း မထင်ကုန်။ မင်တို့သည်ဂင်း မထင်ကုန်။ဓာတ်တော်တို့သည် သာလျှင်ကြွင်းကုန်၏။ဥပမာကား။ထောပတ်ဆီကို မီးညှိသည်ရှိသော်။ ပြာတို့သည်ဂင်း၊ မင်တို့သည်ဂင်း၊ မထင်မမြင်ကုန်သကဲ့သို့။ ထို့အတူ။ အရေ၊အသား၊အကြော၊အစေးတို့၏ပြာမင်တို့သည်မထင်ကုန်။ ဓာတ်တော်တို့သည်သာလျှင် ကြွင်းကုန်၏။ မြတ်ဧလေးပန်းဂုံ အဆင်းနှင့် တူသောဓာတ်တော်၊ပွတ်သစ်သောပုလဲအဆင်းနှင့်တူသောဓာတ်တော်၊ ရွှေအဆင်းနှင့်တူသောဓာတ်တော်တို့သည်သာလျှင် ကြွင်းကုန်၏။ ထိုပုထိုးအစုံ ငါးရာအားဖြင့် အထပ်ငါးရာတို့တွင်။ အလုံးစုံ၏အတွင်းဖြစ်သောအထပ်။ အလုံးစုံ၏ပြင်ဖြစ်သောအထပ်။ ဤနှစ်ထပ်တို့ကိုသာ မီးလေငင်ကုန်၏။ ထိုမှကြွင်းသောအလုံးစုံသောအထပ်တို့ကို မီးမလောင်ကုန်။ ပဌမဝါဂမ်းထပ်၌ ဓာတ်တော်တို့သည်တည်ကုန်၏။ ။ဗြတ်စွာဘုရား၏ ထိုဓာတ်တော်တို့သည်ကား။ အစိတ်အစိတ်ကွဲပြား၍ တည်သော သအိုန္နဓာတ်။မကွဲမပြားတည်သောအသအိုန္နဓာတ်၊ဟူ၍ နှစ်ပါးရှိကုန်၏။အသက်ရှည်ကြာသောဘုရားရှင်တို့၏ဓာတ်တော်ကား။ မကွဲမပြား ရွှေတုံးကဲ့သို့ တခဲနက်သာတည်၏။ ငါတို့ ဗြတ်စွာဘုရားသည်ကား။ ငါသည် မြင့်စွာမတည်မူ၍ ပရိနိဗ္ဗာန်လွန်ရ၏။ ငါ၏သာသနာတော်သည်မျှားစွာမပြန့်သေး။ ပရိနိဗ္ဗာန်ပြုပြီးသော ငါ၏မုန်ညင်းစေ့မျှလောက်သော ဓာတ်တော်တို့ကိုယူ၍ မိမိနေရာ၌ စေတီပြု၍ကိုးကွယ်

သော ခပ်သိမ်းသောသူအပေါင်းသံ့ည် နတ်ရွာလားရသည် ဖြစ်စေသ
တည်းဟု ဓာတ်တော်တို့၏ ဖရိဖရဲကွဲပြားသဖြင့် တည်ခြင်းကို မိဠာန်
တော်မူသတည်း။ စွယ်တော်လေးချောင်း။ မြှပ်ရိုးတော်နှစ်ချောင်း။ နဖူး
သကျိုစ်တော်။ ဤသုနစ်ပါးသော ဓာတ်တော်တို့သည် မကွဲမပြားတည်
ကုန်သောကြောင့် အသန္တိန္နံဓာတ်မည်ကုန်၏။ ဤမှကြွင်းသော ဓာတ်
တို့သည် ကွဲပြားး၍တည်ကုန်သောကြောင့် သန္တိန္နဓာတ် မည်ကုန်၏။
ထိုကွဲပြားသောဓာတ်တို့ကွင်။ အလုံးစုံအောက် ငယ်သောဓာတ်တော်
တို့သည်မုန်ညင်းစေ့ပမာဏာရှိကုန်၏။ ဤအဆင်းနှင့်တူကုန်၏။အလတ်
ဖြစ်သော ဓာတ်တော်တို့သည် ဆန်ကျိုးပမာဏာရှိကုန်၏။ ပုလဲအဆင်း
နှင့်တူကုန်၏။ ကြီးသောဓာတ်တော်တို့သည် အလယ်ဠိကွဲသောပဲနှံ
ခြမ်းပမာဏာရှိ၍ မြတ်လေးငုံအဆင်း ရှိကုန်၏။ ဤဓာတ်တော်တို့သည်
သာလျှင် ကြွင်းကုန်၏။ မြတ်စွာဘုရား၏ ကိုယ်တော်ကို မီးလောင်ပြီး
သော်။ လက်မောင်းမျှ၊ မြင်းခေါင်းမျှ၊ထွန်တုံးမျှ၊ ထန်းလုံးမျှရအယဉ်
တို့သည် ကောင်းကင်မှ ကျစီးလာ၍။ မြတ်စွာဘုရား၏ထင်းပုံကို ငြိမ်း
စေကုန်၏။ ထင်းပုံကိုရုံ၍တည်ကုန်သောအင်ကြင်းပင်တို့၏ အခွကြား
အခက်ကြားအရွက်ဖျားတို့မှလည်း ရေအယဉ်တို့သည်ကျလာ၍ ငြိမ်း
စေကုန်၏။ မြတ်စွာဘုရား၏ ကြီးစွာသော ထင်းပုံပတ်လည်ထက်ဝန်း
ကျင်မှ မြေကိုခွဲ၍။ ထွန်တုံးမျှ ရေအယဉ်အလုံးတို့သည်။ ဖလ်ဖြင့် ပြီး
သော ဦးဆောက်ပန်းကဲ့သို့ ထင်းပုံကို ဝှေးရှုကိုင်းညွတ်လျက် သက်
ကုန်၍ထင်းပုံကိုငြိမ်းစေကုန်၏။မလ္လာမင်းတို့သည် ဒေါဒိုးငွေအိုးတို့ကို
ပြည့်စေ၍ဆောင်ခဲ့အပ်သော။အထူးထူးသောနံ့သာရေတို့ဖြင့် ထင်းပုံ
ကိုငြိမ်းစေကုန်၏။ဤရေငွေတို့ဖြင့်ပြီးကုန်သော ဂူစ်ချောင်းသောတံရှူးဝါး
တို့ဖြင့်ဖြန့်ခြိ၍ငြိမ်းစေကုန်၏။ ။

၇၀။ မလ္လာမင်းတို့သည်ဓာတ်တော်တို့ကိုမြို့တွင်းမင်းကွန်း
စရပ်ဠိအစောင့်အရှောက်မြဲမြံစွာထား၍သာရကိဋ္ဌနလဘင်ပျော်ရွှင်
ကြခြင်း၊ချနစ်ပြည်ထောင်မင်းတို့ဓာတ်တော်တောင်းစစ်တာက်
ကြခြင်း၊ဖဒါဏာပုဏ္ဏားဓာတ်တော်ဝေခြင်းတို့ကိုပြုရာ။

ထိုသို့မီးကိုငြိမ်းစေပြီးသောအခါ၌။ မလ္လာမင်းတို့သည် မီးမလောင်
ကြွင်းသော မြတ်စွာဘုရား၏ ကိုယ်တော်ကို ထုပ်ရစ်အပ်သော လေး

ရဟန်းဆဲ့ရှစ်စုံသောပုဆိုးအထပ်တို့ကိုဖြေ၍။ပဌမဝါဂွမ်းလွှာအထပ်၌ တည်သောဓာတ်တော်တို့ကို ရွေးကောက်ယူ၍။ ရွှေဖြင့်ပြီးသော အင်္ဂနှက်၌ထည့်၍။ ရွှေဖြင့်ပြီးသော အင်္ဂနှက်တခုဖြင့် အုပ်ထား၍။ မြို့တွင်းမင်းကွန်းစရပ်၌ လေးပါးသောအမျိုးရှိသောနံ့သာတို့ဖြင့် အဝေြအပြစ်ထုံသည်ကဲ့ပြု၍။ ပေါက်ပေါက်လျှင်ငါးခရေမြောက်သော ပန်းနံ့သာတို့ကို ကျဲ၍။ အထက်၌ ပုဆိုးဖြင့် ဗိတာန်ဖိုးကြက်ကာ၍၊ ရွှေကြယ်ငွေကြယ် အစရှိသည်တို့ဖြင့်စီ၍၊ နံ့သာဆိုင်း ပန်းဆိုင်း ရတနာဆိုင်းတို့ကို ဆွဲ၍။ မင်းကွန်းစရပ်မှသည် မကိုင်ဒွဲရာဟု ဆိုအပ်သော ဦးခေါင်းတန်ဆာဆင်ရာ ဆန်းကြယ်စွာပြုအပ်သောစရပ်တိုင်အောင်။ ခရီးနံပါးနှစ်ဘက်တို့၌ ဖျာတင်းထိမ်တို့ဖြင့်ကာရံသည်ကဲ့ပြု၍။အထက်၌ ပုဆိုးဗိတာန်ဒွဲကြက်စေ၍။ ရွှေကြယ်ငွေကြယ်အစရှိသည်တို့ဖြင့်စီ၍။နံ့သာဆိုင်း ပန်းဆိုင်း ရတနာဆိုင်းတို့ကိုဆွဲ၍။ ပတ္တမြားရိုးနှင့်တူကုန်သောဝါးရိုးတို့ဖြင့် ငါးပါးသောအဆင်းရှိသောတန်းခွန်တို့ကိုအစဉ်အားဖြင့်စိုက်၍။ ထက်ဝန်းကျင်မှ ရတနာဖြင့် ပြီးသော ကုက္ကားတို့ကို ရံစေ၍။ ကောင်းစွာညီညွတ်သောအပြင်ရှိသောခရီးတို့၌။ဌက်ပျော်ပင်အစဉ်တို့ကိုဂင်း၊ ရေပြည့်သော ကြာသွတ်မြို့တာတို့ကိုဂင်း စိုက်ထားစေ၍။ အရိုးတပ်သော ဆီမီးတိုင်တို့ကိုညှိထွန်းစေပြီးလျှင်။တန်ဆာဆင်သောဆင်ဇာ်ကျောက်ကုန်းအထက်၌ ဓာတ်တော်နှင့်တကွဖြစ်သော ရွှေဖျဉ်းကိုတင်၍။ ပန်းနံ့သာတို့ဖြင့် ပူဇော်ကုန်လျက်။ ကခြင်းသီခြင်းတီးမှုတ်ခြင်းတို့နှင့်တကွ မြို့တွင်းသို့ ကဆုန်လပြည့်ကျော် ၁၂ ရက်နေ့ ညဉ့်အခါ၌သွင်း၍ မင်းကွန်းစရပ် ရတနာပလ္လင်ထက်၌ ထားပြီးမှ။ အထက်၌ ရတနာဖြင့်ပြီးသောထီးဖြူကိုဆောင်း၍ ထားကုန်ဏ်။ ထိုရောအခါ မလွှာမင်းတို့အား ဤသို့သောအကြံသည်ဖြစ်ဏ်။ မြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုရာ ပရိနိဗ္ဗာန်သတ္တာဟာ၌ဂင်း။ မကုဋုဗန္ဓနထင်းပုံထက်၌တင်ပြီးသော် စိတကသတ္တာဟာ၌ဂင်း၊ ငါတို့သည် ရဟန်း သံဃာတော်တို့ဏ် နေရာထိုင်ခင်းတို့ကိုဂင်း။ ခဲဘွယ်ဘောဇဉ်တို့ကိုဂင်း။ လုပ်ဆောင် စီရင်ရကုန်သည်ဖြစ်၍။ ကောင်းချီးပေးသဖြင့်ကစား ခြင်းကိုမပြုရကုန်သေး။ဤမင်းကွန်းစရပ်၌ မြတ်စွာဘုရား၏ ဓာတ်တော်တို့ကို ပူဇော်သက္ကာရပြုကုန်လျက်။ ခုနစ်ရက်ပတ်လုံး ကောင်းချီးပေးသောကစား ခြင်းကို ကစားကုန်အံ့ဟု ကြံကုန်ပြီး၍။ ဤသို့ ငါတို့ကစားကြသောအခါ၌ ငါတို့၏ မွေးလျှဉ်ပျော်

လွန်သောအဖြစ်ကိုသိ၍။တစုံတယောက်သောသူသည် အကြင်ကြောင့် ဓာတ်တော်တို့ကိုယူရော့၏။ ထို့ကြောင့် အစောင့်အရှောက်တို့ကို လုံခြုံစွာထားကုန်အံ့ဟုကြံကုန်ပြီးလျှင်။ ဓာတ်တော်ကိန်းဝပ်သော မင်းကွန်းစရပ်ကို ရှေးဦးစွာဆင်ကိုဦးကင်းဖြင့်ဦးကင်းကိုထိစေလျက် ရံစေကုန်၏။ထို့နောင် မြင်းတို့ကို လည်ဖြင့်လည်ကို ခတ်မိစေလျက်ရံစေကုန်၏။ ထို့နောင်မှ ရထားတို့ကို နပန်းစွန်းတခုဖြင့်နပန်းစွန်းတခုကို ခတ်မိစေလျက်ရံစေကုန်၏။ထို့နောင်မှ သူရဲတို့ကို လက်မောင်းဖြင့် လက်မောင်းကို ထိစေလျက် ရံစေကုန်၏။ ထိုသူရဲတို့အဆုံး၌ လေးတခုအစွန်းဖြင့် လေးတခုအစွန်းကိုခတ်မိစေလျက် ရံစေကုန်၏။ ဤသို့လျှင် ထက်ဝန်းကျင်မှ တပယူဇနာရှိသောအရပ်ကို ခုနစ်ရက်ပတ်လုံးကောင်းစွာဖွဲ့အပ်သောနွားခြံကဲ့သို့ အစောင့်အရှောက်ကို လုံခြုံစွာပြု၍ မလွှာမင်းတို့သည် သာရကိုဋ္ဌနဟုဆိုအပ်သော ကောင်းချီးပေးသောကစားခြင်းကို ကစားကုန်၏။ ။ဤခုနစ်ရက်ကားသာရကိုဋ္ဌနသတ္တာဟာတည်း။ ။

ထိုရောအခါရာဇဂြိုဟ်ပြည်၌ အဇာတသတ်မင်း၏အမတ်တို့သည်။ မြတ်စွာဘုရားသည် ကုသိနာရုံပြည်၌ ပရိနိဗ္ဗာန် ပြုတော်မူအပ်ပြီဟူ၍ ကြားရ၏။ ထိုသို့ ကြားပြီး၍ အမတ်တို့သည် ကြံကုန်၏။ မြတ်စွာဘုရားသည်ကား ပရိနိဗ္ဗာန် ပြုဇာတ်မူအပ်ပြီ။ ထိုမြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုတော်မူခြင်းကို တဘန်ဆောင်ပြန်အံ့သောငှါ မတတ်နိုင်ပြီ။ ပုထုဇဉ်၌ဖြစ်သော သဒ္ဓါခြင်းဖြင့်ကား ငါတို့မင်းနှင့်တူသောသူ မည်သည် မရှိ။ အကယ်၍ ဤငါတို့သခင် မင်းကြီးသည် ဤသို့သောအမှတ်ဖြင့် ကြားကြားအံ့။ ထိုမင်းကြီး၏ နှလုံးသဘော်သည် ကဲ့လတ္တံ့။ ငါတို့မင်းကို ငါတို့သည် စောင့်အပ်၏ဟု။ ထိုအမတ်တို့သ်ည် သုံးခကုန်သော ရွှေဖြင့် ပြီးသော ကျင်းတို့ကိုဆောင်စေ၍။ နို့ရည်၊ထောပတ်၊ပျား၊သကာဟူသော စတုမဓုဖြင့်ပြည့်စေပြီးမှ မင်းကြီး၏အထံသို့ သွား၍ ဤသို့လျှောက်ကုန်၏။ အရှင်မင်းကြီး၊ အကျွန်ုပ်တို့သည် အိပ်မက်ငယ်တခုကို မြင်မက်ပါ၏။ ထိုအိပ်မက်ကို ဖျောက်ပယ်ခြင်းငှါ အရှင်မင်းကြီးသည် ဘွဲ့ဖြူပုဆိုးနှစ်ထည်ကို ရစ်ပတ်ကုန်လျက် နှာခေါင်းမျှ ပေါ်ရုံ ဦးခေါင်းကို ဘေဝ်၍။ စတုမဓုကျင်း၌ အိပ်အံ့သောငှါအပ်၏ဟု လျောက်ကြကုန်၏။ အဇာတသတ်မင်းသည် အကျိုးစီးပွါးကို ကျင့်ကုန်သောအမတ်တို့၏စကားကို ကြား၍။ သင်တို့ဆိုတိုင်း ဖြစ်စေတော့ဟု ဝန်ခံလျှင် ဆိုတိုင်းပြု၏။ ထို

ရောအခါ၌ တဖေယျာက်သောအမတ်သည် ဆင်သောတန်ဆာကိုချွတ်ပြီး မှ ဆံပင်တို့ကိုဖရိဖရဲကြဲ၍။ အကြင်အရပ်၌ မြတ်စွာဘုရားသည် ပရိနိဗ္ဗာန်ပြုတော်မူ၏။ ထိုအရပ်သို့ရှေးရှုလက်အုပ်ချီ၍ မင်းကြီးကဲ့ ဤသို့ လျှောက်၏။ အရှင်မင်းကြီး၊ ခပ်သိမ်းသောသတ္တဝါတို့မည်သည် သေခြင်းမှ လွတ်နိုင်သော မည်သည်မရှိ။ လောကသုံးပါးတို့၏ ဆရာဖြစ်တော်မူသော၊ အရှင်မင်းကြီးတို့၏အသက်တော်ကိုပွါးစေတတ်သော၊ ကိုးကွယ်အပ်သော ဆရာဖြစ်သော၊ ကောင်းမှုဟူသောမျိုးစေ့၏စိုက်ပျိုးရာ လယ်မြေကောင်းသဘွယ် ဖြစ်သော၊ အမြိုက် နိဗ္ဗာန်တည်းဟူသော အဘိသိက်ဖြင့် သွန်းတတ်သော သာကီဝင်မင်းမျိုး ဖြစ်တော်မူသော မြတ်စွာဘုရားသည် ကုသိနာရုံပြည်၌ ပရိနိဗ္ဗာန်ပြုတော်မူချေပြီဟု လျှောက်၏။ ထိုစကားကိုကြားလျှင် မင်းကြီးသည် စတုမဂ္ဂင်ကျင်း၌ ပူသောအင်္ဃကို လွတ်လျက် စိတ်မရှိသကဲ့သို့ဖြစ်၍ သေငယ် သေ၏။ ထိုအခါ မင်းကြီးကိုပွေ့၍ နှစ်ခရမြောက်သောကျင်း၌အိပ်စေကုန်၏။မင်းကြီးသည် အနမ္ဂတ်ကိုရ၍ ချစ်သားတို့၊ အဘယ်သို့ ဆိုကုန်သနည်းဟုမေး၏။ မြတ်သောမင်းကြီး၏ ဆရာ မြတ်စွာဘုရားသည် ပရိနိဗ္ဗာန်ပြုတော်မူချေပြီဟု လျှောက်၏။တဘန်ဂင်းမင်းသည်စိတ်မရှိသကဲ့သို့ဖြစ်၍ စတုမဂ္ဂင်ကျင်း၌ အင်္ဃကိုလွှတ်၏။ ထိုရောအခါ မင်းကြီးကို အမတ်တို့သည် ပွေ့ချီ၍ သုံးခရမြောက်သောစတုမဂ္ဂင်ကျင်း၌ အိပ်စေကုန်၏။ မင်းကြီးသည် တဘန်သတိရပြန်၍။ အမတ်တို့၊သင်တို့အဘယ်သို့ဆိုကုန်သနည်းဟုမေးပြန်၏။ မြတ်သောမင်းကြီး၊ ဆရာတော်ဘုရားသည် ပရိနိဗ္ဗာန် စံယူတော်မူချေပြီဟု လျှောက်၏။ အဓာတသတ်မင်းကြီးသည် တဘန်ဂင်း စိတ်မရှိသေငယ်သေ၍ စတုမဂ္ဂင်ကျင်း၌ အင်္ဃလွှတ်၏။ ထိုရောအခါ ထိုကျင်းမှမင်းကြီးကိုပွေ့ချီ၍ ရေချိုးကုန်၍ ထိပ်ထက်၌ အိုးတို့ဖြင့်ရေသွန်းကုန်၏။မင်းကြီးသည် အမှတ်ကိုရ၍ နေရာမှထပြီးလျှင်။ နှင်းဆီနုံသာကရမက်အကျော်တို့ဖြင့်ထုံအပ်သော ပတ္တမြားညှိအဆင်းနှင့်တူသောဆံတို့ကို။ ဖွေဖျင်းနှင့်တူသောကျဝံ၌ဖရိဖရဲကြ၍ လက်တို့ဖြင့်ရင်ကိုခတ်၍ ဘန်္ဓာဥည့်နှိုးနှင့်တူသော အဆင်းရှိကုန်သော ကောင်းစွာလုံးဝေသာလက်ချောင်းတို့ဖြင့် ရင်ကိုကောင်းစွာချုပ်သကဲ့သို့ ကိုင်၍ ပြင်းစွာငိုဖြည်တာမ်းလျက်။ သူရဲ့၏အသွင်ဖြင့်ခရီးမသို့သက်၍ တန်ဆာဆင်အပ်သော ကချေသည်အပေါင်းတို့ဖြင့်ခြံရံလျက် မြို့မှထွက်၍ ဇီဝ

ကသရက်ဥယျာဉ်တောသို့သွားပြီးလျှင် အကြင်အရပ်၌ထိုင်၍ မြတ်စွာဘုရားသည်တရားဟောတော်မူ၏။ ထိုအရပ်ကိုကြည့်၍၊ခပ်သိမ်းသောတရားတို့ကို သိတော်မူသော ရှင်ပင်ဘုရား၊ ရှင်ပင်ဘုရားတို့သည် ၅၂ အရပ်၌ ထိုင်နေတော်မူ၍ အကျွန်ုပ်အား တရားဟောတော်မူကုန်သည် မဟုတ်တုံလော။အကျွန်ုပ်အား ထိုးဂိမ်ခြင်းဟူသောငြောင့်ကို ခွါပျောက်တော်မူသည် မဟုတ်တုံလော။ ရှင်ပင်ဘုရားတို့သည် အကျွန်ုပ်အားသောကတည်း ဟူသော ငြောင့်ကို နုတ်တော်မူကုန်သည် မဟုတ်တုံလော။ အကျွန်ုပ်သည် ရှင်ပင်ဘုရားတို့အား ကိုးကွယ်ခြင်းသို့ရောက်ပါပြီ။ ယခုအခါ မြတ်စွာဘုရားသည် စကားတုံကိုမျှ အကျွန်ုပ်အား မဟေးပါပြီဟု အဘန်တလဲလဲငိုကြွေး၍။ ဘုန်းတော်ကြီးသော ရှင်ပင်ဘုရား၊ တပါးသောအခါ ဤသို့သဘောရှိသောကာလ၌။ ရှင်ပင်ဘုရားတို့သည် များစွာသောရဟန်းသံဃာအပေါင်းတို့ဖြင့် ခြံရံလျက်။ ဇမ္ဗူဒီပါကျွန်းအပြင်၌ ဒေသစာရီ ကြွတော်မူကုန်၏ဟု ကြားပါသည်။ ယခုအခါ၌မူကား။ ရှင်ပင်ဘုရားတို့အား မလျောက်ပတ်သော သတင်းစကားကို အကျွန်ုပ်ကြားရဘိ၏။ ဤသို့စသောစကားတို့ကိုဆို၍ ခြောက်ဆယ်မျှလောက်ကုန်သောဂါထာတို့ဖြင့် မြတ်စွာဘုရား၏ကျေးဇူးတို့ကို အော်မွေတဆို ယူတဝို၍ ဤသို့ဇာဘန်ကြိုပြန်၏။ ငါ့အား ဘုရားမြတ်ကိုတ၍ မြည်တမ်းငိုကြွေးကာဖြင့် အမှုသည်မပြီးသေး။ မြတ်စွာဘုရား၏ဓာတ်တော်တို့ကိုဆောင်စေဦးအံ့ဟုကြံပြီး၍၊ အဓာတသတ်မင်းသည် ကုသိနာရုံပြည်၌နေကုန်သော မင်းတို့အား မှာလိုက်သည်ကား။ အိုမင်္ဂလာမင်းတို့၊ မြတ်စွာဘုရားသခင်သည် သာကိဝင်မင်းတည်း၊ ငါသည်လည်းမင်းတည်း။ ငါသည်လည်း မြတ်စွာဘုရား၏ဓာတ်တော်တို့ကိုအာဘို့ရထိုက်၏။ ငါသည်လည်း မြတ်စွာဘုရား၏ဓာတ်တော်ကို စေတီတည်ခြင်းကို ပြုအံ့၊ပူဇော်ခြင်းကိုပြုအံ့ဟူ၍ကမ္ဘည်းမှာစာကိုသည်းပေးလိုက်၏။ တမန်လည်း စေလိုက်၏။ တမန်စေပြီး၍လည်း တဘန် အကယ်၍ အဘို့ကို ငါတို့အားပေးကုန်မူကောင်း၏။ မပေးကုန်မူကား လုယူဆောင်အံ့သောအကြောင်းဖြင့်ဆောင့်ယူအံ့ဟုကြံ၍ စစ်အင်္ဂါလေးပါးစီဆင်လျက် မင်းကြီးသည်ကိုယ်တိုင်ပင်လည်းစစ်ထွက်သွား၏။ ။

ထိုအဓာတသတ်မင်းကဲ့သို့ဇနင်း။ဝသာလ်ပြည်၌လိစ္ဆဝီမင်းတို့သည်လည်း။ မြတ်စွာဘုရားသည် ကုသိနာရုံပြည်၌ ပရိနိဗ္ဗာန် ပြုတော်မူလေ

ပြီဟုကြားကုန်၍။ မလ္လာမင်းတို့၊ မြတ်စွာဘုရားသည်လည်း မင်းတည်း။ ငါတို့သည်လည်း မင်းတည်း။ မြတ်စွာဘုရားသခင်၏ ဓာတ်တော်အဘို့ကို ငါတို့သည်လည်း ထိုက်ကုန်၏။ငါတို့သည်လည်း မြတ်စွာဘုရား၏ ဓာတ်တော်တို့ကို စေတီတည်ကုန်အံ့။ ပူဇော်ကုန်အံ့ဟု မှာစာကမ္မည်း ပေးလိုက်၏။ တမန်စေလိုက်၏။ ထိုသို့ တမန် မှာစာစေ၍၊ ပေးသော်ကောင်း၏။မပေးသော်ရအောင်ယူကုန်အံ့ဟုလိမ္မာဝိမင်းတို့ကိုယ်တိုင်ပင် စစ်အင်္ဂါလေးပါးဆင်၍ထွက်၏။ ။ကပိလဝတ်ပြည်၌နေသောသက္ကဝင်မင်းတို့သည်လည်း မြတ်စွာဘုရားသည် ကုသိနာရုံပြည်၌ပရိနိဗ္ဗာန်ပြုလေပြီဟုကြားကုန်၍။ မလ္လာမင်းတို့၊ မြတ်စွာဘုရားသည် ငါတို့၏အာဆေးမြတ်တည်း။ ငါတို့သည်လည်း မြတ်စွာဘုရား၏ဓာတ်တော်အဘို့ကိုရထိုက်၏။ ငါတို့သည်လည်း ဓာတ်တော်တို့ကိုစေတီတည်ကုန်အံ့။ ပူဇော်ကုန်အံ့ဟု မှာစာပေးလိုက်၏။ တမန် စေလိုက်၏။ မှာစာ တမန်စေသည်နှင့် ရသော် ကောင်း၏။ မရသော် ရအောင်ယူအံ့ဟု၊ ပိမိတို့ကိုယ်တိုင်ပင်လည်း စစ်အင်္ဂါလေးပါးဆင်၍ ထွက်၏။ ဤကဲ့သို့ အလွန်ကပ္ပတိုင်း ဗုလောမင်းတို့သည်ထင်း။ ရာမဂ္ဂါဒ္ဓိ နေကုန်သော ကောဋိယမင်းတို့သည်ထင်း။ ဝေဌဒီပကတိုင်းဒ္ဓိ ပဏ္ဏားတို့သည်ထင်း။ ပါဝါပြည်ဒ္ဓိ နေသော မလ္လာမင်းတို့သည်ထင်း။ ကုသိနာရုံပြည်ဒ္ဓိ မြတ်စွာဘုရားသည် ပရိနိဗ္ဗာန်လွန်တော်မူလေပြီကြားကုန်၍။ အဇာတသတ်စသော မင်းတို့သည်စေကုန်သကဲ့သို့စေကုန်၍။ ပိမိတို့ကိုယ်တိုင်ပင်လည်း စစ်အင်္ဂါလေးပါးစီရင်၍ ချီလာကုန်၏။ ကုသိနာရုံပြည်ကို ဝန်းရံတပ်ချ၍နေကြကုန်၏။ ထိုသို့စစ်မက်ဆင်၍ ရံလာကုန်သော ဆုနစ်ပြည်ထောင်မင်းတို့တွင်။ပါဝါပြည်မလ္လာမင်းတို့သည် နောက်မှရောက်လာကုန်၏။ အလုံးစုံသောမင်းတို့ထက် ပါဝါပြည် မလ္လာမင်းတို့သည် နိုးစွာ၏။ ကုသိနာရုံမှ ပါဝါမြို့သည်ဘဲ့ သုံးဂါဝုတ်မျှသော ခြားဏ်။ မြတ်စွာဘုရား ကြွတော်မူလာသောအခါဒ္ဓလည်း ပါဝါပြည်တွင် တည်ဒဋ္ဌ ကိန်း၍ပင် လာတော်မူ၏။ ထိုသို့လျက် ရှေးဦးစွာ မရောက်မူ၍ အဘယ့်ကြောင့် နောက်မှရောက်လာလေသနည်းဟူတုံ့အံ့။ထိုပါဝါမြို့နေမလ္လာမင်းတို့သည် မျှားစွာသော အခြံအရံရှိကုန်၏။ ထို့ကြောင့် ထိုအခြံအရံကိုစီဆင်၍နေသောကြောင့် နောက်မှရောက်လာကုန်သတည်း။ ။

ဤသို့ထိုဆုနစ်ပြည်ထောင်သောမင်းတို့အစည်ကုသိနာရုံပြည်ကိုဝန်း

ရံကုန်လျက်။ မြတ်စွာဘုရား၏ဓာတ်တော်ရှိကိုမူလည်း ငါတို့အားပေး
ကုန်အံ့လော။ စစ်မူလည်း ထိုးကုန်အံ့လောဟု သံစေကုန်သော်။ ကုသိ
နာရုံမြို့နေ မလ္လာမင်းတို့သည် ဤသို့ စကားတုံ့ပြန်ကုန်၏။ ငါတို့သည်
ပရိနိဗ္ဗာန်စံတော်မူခါနီးဖြစ်သောမြတ်စွာဘုရားအား အကျွန်ုပ်တို့မြို့သို့
ကြွတော်မူပါဟူ၍ သတင်းစကား မစေကုန်။ ငါတို့ကိုယ်တိုင် သွား၍
လည်း မကျန်းမမာသောမြတ်စွာဘုရားကိုမဆောင်ကုန်။မြတ်စွာဘုရား
ကိုယ်တော်သည်ပင် အလိုလိုကြွတော်မူလာပြီးလျှင် အရှင်အာနန္ဒာကို
စေတော်မူ၍ ငါတို့ကို ခေါ်တော်မူစေသည်။ စင်စစ်သဖြင့်ကား။ သင်
တို့၏ မြို့ရွာခေတ်၌ အကြင်ရတနာသည် ဖြစ်၏။ ထိုရတနာကို ငါတို့
အား သင်တို့သည် မဝေကုန်ရာ။ နတ်နှင့်တကွသော လောက၌ ဘုရား
ရတနာနှင့်တူသော ရတနာမည်သည်လည်းမရှိ။ ဤသို့သဘောရှိသော
မြတ်သောရတနာကိုရကုံန်၍။ ငါတို့သည် သင်တို့အား မပေးကုန်အံ့။
စင်စစ်သော်ကား။သင်တို့သာလျှင် အမိသားမြတ်မှ နို့ရည်ကိုသောက်
သည်မဟုတ်။ငါတို့သည်လည်း အမိသားမြတ်မှနို့ရည်ကိုသောက်ကုန်
၏။ သင်တို့သည်သာလျှင် ယောကျ်ားမဟုတ်ကုန်။ ငါတို့သည်လည်း
ယောကျ်ားဖြစ်ကုန်၏။ အမိနို့ရည်ကိုသောက်သော ယောကျ်ားချင်းကို
ဖြစ်လိုရာရာဖြစ်စေတော့ဟု။ အချင်းချင်း ငါငါဟူသောစကားကိုဆို၍။
သတင်းစကားအလှည့်အတုံ့ပေး၍မာနဖြင့်ကြိမ်းဝါးကုန်၏။ စစ်ထိုးကြ
သည်ဖြစ်မူကား ကုသိနာရုံမင်းတို့အားသာလျှင် အောင်ခြင်းသည်ဖြစ်
ရာ၏။ အဘယ့်ကြောင့်နည်းဟူတုံအံ့။ ဓာတ်တော်ကိုစောင့်အံ့ဟူ၍လာ
ကုန်သောနတ်တို့သည် ကုသိနာရုံမင်းတို့၏ အပင်းအသင်းဖြစ်ကုန်၏။
ထို့ကြောင့်နတ်တို့သည်ပင်အလျှင်ထွက်၍ထိုခုနစ်ပြည်ထောင်စစ်သဲည်
တို့ကိုတိုက်ဖျက်လေအံ့သတည်း။ ။ဤခုနစ်ပြည်ထောင်မင်းတို့သည်
စစ်ပြု၍ လုယူအံ့ကြံကုန်၍ ကုသိနာရုံမင်းတို့နှင့် ပေးရမည်မပေးဘူးဆို
ဘန်များသဖြင့်။ စကားအငြင်းအခုံကြီး၍စစ်ဖြစ်ကြခါနီးကာလ၌။ သာ
ကီဝင်စစ်သည်တို့၏အတွင်း၌ပါသောကဝိလဝတ်မြို့၏အနောက်မဝေး
လွန်းသောအရပ်၌။ ဒုဏ္ဏဝတ္ထုပုဏ္ဏားရှာ၌ ဒိသာဓါဓောက္ခ အမည်ရှိ
သော ဒေါဏပုဏ္ဏားသည် ထိုခုနစ်ပြည်ထောင်မင်းတို့၏ ငြင်းခုံခြင်းကို
ကြား၍၊ ဤမင်းတို့သည် မြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုရာ၌ ငြင်းခုံခြင်းကို
ပြုကုန်၏။ဤသို့ပြုကြမြင်းသည် မလျောက်ပတ်ကုန်။ ထိုမင်းကို့၏ငြင်းခုံ

ခြင်းခိုက်ရန်ကို ငါသည် ငြိမ်းစေအံ့ဟုကြံ၍။ တရားသောကုန်းမြင့်ရာအ
ထက်၌ ရပ်၍ နှစ်ဘာဏာဝါရအတိုင်းအရှည်ရှိသော ဒေါဏဖွဲတအ
မည်ရှိသောဂါထာအပေါင်းတို့ဖြင့်ဟစ်၍ဆို၏။ ထိုဂါထာအပေါင်းတို့
တွင်။ပဌမဘာဏဝါရဂါထာအပေါင်း၌ တပုဒ်တပါဒမျှကို ထိုသူအလုံး
စုံတို့သည် မကြားမသိကုန်သေး။ဒုတိယဘာဏဝါရအဆုံး၌ အသံကိုမျှ
ကြားကုန်၍၊ အချင်းတို့၊ဆရာ၏အသံကဲ့သို့တကား။ အချင်းတို့၊ဆရာ၏
အသံကဲ့သို့တကားဆိုကုန်၍အလုံးစုံသောသူတို့သည်အသံဆိတ်သည်
ဖြစ်ကုန်၏။ ဇမ္ဗူ။ ဒီပါကျွန်း၌အမျိုး၏အိမ်၌ဖြစ်သောသူသည် မျှားသော
အားဖြင့် ထိုဒေါဏပုဏ္ဏားဖြစ်သော သူမည်သည် မရှိ။
ထိုအခါ ထိုဒေါဏပုဏ္ဏားသည် ထိုအလုံးစုံသောသူတို့ ဒိဒိ၏အသံကို
ကြားကြကုန်၍ ဆိတ်ဆိတ်နေကုန်သောအဖြစ်ကို သိသဖြင့်။ သုဏာန်၊
ဘောဇ္ဈောအစရှိသောနှစ်ဂါထာကိုဆို၏။ ထိုဂါထာ၌ အဓိပ္ပါယ်သေ
ကား။ အိုရှစ်ပြည်ဖောင်သောမင်းမျှားအပေါင်းတို့၊ငါ၏စကားကိုသင်
တို့သည် နာကုန်လော့။ ငါတို့၏ မြတ်စွာဘုရားသည် ဘုရားအဖြစ်သို့
မရောက်သေးမူ၍လည်း။ ပါရမီသုံးဆယ်တို့ကို ဖြည့်တော်မူသည် ရှိ
သော်။ ခန္တီဝါဒိရသော့၊ ဓမ္မပါလမင်းသား၊ဆဒ္ဒန်ဆင်မင်း၊ ဘူရိဒတ်နဂါး
မင်း၊စမ္ပေယျနဂါးမင်း၊ သခ်ပါလနဂါးမင်း၊ မျောက်မင်းဖြစ်တော်မူသော
အခါတို့၌လျှင်း။ ထိုမှတပါးသောဓာတ်တို့၌လျှင်း။ သူတပါးတို့၌ အမျက်
ထွက်ခြင်းကိုမပြုမူ၍ သည်းခံခြင်းကိုသာ ပြုတော်မူပြီ။ သည်းခံခြင်းကို
သာ ချီးမွမ်းတော်မူပြီ။ ယခုအခါ ကောင်းသောအာရုံ မကောင်းသော
အာရုံတို့၌ သည်းခံခြင်းသို့ရောက်တော်မူပြီးသော မြတ်စွာဘုရားသခင်
သည်။ခပ်သိမ်းသောအရာတို့၌လည်းငါတို့အားသည်းခံခြင်းကိုသာဆို
တော်မူသည်ဖြစ်၏။ ဤသို့သဘောရှိသော မြတ်သောပုဂ္ဂိုလ်၏ ဓာတ်
တော်ကိုခွဲဝေလိုခြင်းဟူသေစအကြောင်းကြောင့်ထားလက်နက်တို့ဖြင့်
ထိုးခုတ်၍လုယက်ခြင်းသည် မကောင်းသော အပါယ်သို့ လားအံ့သော
အကြောင်းတည်း။ အလုံးစုံသောအရှင်တို့သည် သည်းခံပါကုန်လော့။
မကဲ့ပြားပါကုန်လင့်။ ကိုယ်ဖြင့်ရှင်း၊နှုတ်ဖြင့်ရှင်း၊ အညီအညွတ်သာဖြစ်
ပါကုန်လော့။အညီအညွတ်တဝေပါင်းတည်းသာစည်းဝေးပါကုန်လော့။
ငါ၏စကားတခွန်းဖြင့် အညီအညွတ် ဝမ်းမြောက်ဝမ်းသာသည်ဖြစ်ပါ
ကုန်။မျက်စိအမြင်ငါးပါးနှင့်ပြည့်စုံတော်မူသောမြတ်စွာဘုရား၏ဓာတ်

တော်တို့ကို အညီအမျှရှစ်ရှစ်ပုံခွဲ၍ သင်တို့အားပေးပါအံ့။ စင်စစ်ကား မြတ်စွာဘုရား၏ဓာတ်ဖြစ်တော်တို့ကိုသင်တို့သာကြည်ညို"ကုန်သည်မဟုတ်။ အလုံးစုံသောသူအပေါင်းတို့သည်ပင်ကြည်ညို၏။ ထိုအလုံးစုံသောသူတို့တွင်တယောက်သောသူသည်မျှမရှိသင့်သောသူမည်သည်မရှိဟု မျှားစွာသောအကြောင်းတို့ကိုဆို၍၊ ထိုလူမျှားအပေါင်းကို မှတ်သိစေ၏။ ။ထိုဒေါဏပုဏ္ဏားအား ထိုရှစ်ပြည်ထောင်သောမင်းတို့ကကောင်းပါပြီဆရာ။ ဓာတ်တော်တို့ကိုရှစ်စုရှစ်ပုံခွဲဝေပါတော့ဟုစကားတို့ပေးပြီးသော်။ ဓာတ်တော်ထည့်သောရွှေကျင်းကိုဘွင့်စေ၏။ ရှစ်ပြည်ထောင်သောမင်းတို့သည် လာကုန်၍ ရွှေကျင်းကို ရံပြီးလျှင် တည်လာကုန်၍။ ရွှေအုတ်ဆင်းနှင့်တူသောအဆင်းရှိသောဓာတ်တော်တို့ကို မြင်၍။ ဘုန်းတော်ကြီးသောရှင်ပင်ဘုရား၊ အကျွန်ုပ်တို့သည်၊ ရှေးအခါ၌ ရှင်ပင်ဘုရား၏ သုံးဆဲ့နှစ်ပါးသောယောက်ျားမြတ်တို့၏ လက္ခဏာတော်တို့ဖြင့်တန်ဆာဆင်အပ်သော၊ ခြောက်ပါးသောအဆင်းရှိသော ရောင်ခြည်တော်တို့ဖြင့် စိခြယ်အပ်သော၊ ရှစ်ဆယ်သောလက္ခဏာငယ်တို့ဖြင့်ဝတာက်ပတင့်တယ်သော၊ ရွှေအဆင်းနှင့်တူသော အဆင်းရှိသောကိုယ်တော်ကိုမြင်ပါရကုန်၏။ ယခုအခါ၌ကား။ရွှေအဆင်းနှင့်တူသော အဆင်းရှိသော ဓာတ်ဟော်သည် သာလျှင် ကြွင်းခဲ့ပြီတကား။ ရှင်ပင်ဘုရား၊ ဤသို့ဖြစ်ခြင်းသည် မသင့်ပါတကားဟု ဖြည့်တမ်းဆို၍ ငိုကြကုန်၏။ ထိုအခါ၌ ထိုဒေါဏပုဏ္ဏားသည် ထိုရှစ်ပြည်ထောင်မင်းတို့၏ မေ့လျော့သော အဖြစ်ကို သိ၍။ လက်ျာစွယ်တော်ကိုယူ၍ မိမိဦးရစ်ကြားခွင်ထား၏။ထိုသို့ထားပြီးသောနောက်မှ၊ ရှစ်စုရှစ်ပုံခွဲဝေ၏။ထိုအလုံးစုံသော ဓာတ်တော်တို့သည် ပကတိပြည်ဖြင့် တဆဲ့ခြောက်ပြည်တို့သည်ဖြစ်ကုန်၏။ တပြည်တပြည်၌နေသော မင်းတို့သည် နှစ်ပြည် နှစ်ပြည်စီသောဓာတ်တော်တို့ကိုရကုန်၏။ ထိုဒေါဏပုဏ္ဏား ဓာတ်တော်တို့ကိုခွဲဝေစဉ်လျှင်၊ သိကြားမင်းသည် နတ်နှင့်တကွသောလူ၏ ယုံမှားသင်္ကာကိုဖြတ်ခြင်းငှါ။ သစ္စာလေးပါးကို ဟောခြင်း၏ အကြောင်းဖြစ်သောလက်ျာစွယ်တော်ကို အဘယ်သူသခင်သည် ယူရသနည်းဟု ကြည့်သော်။ ဒေါဏပုဏ္ဏား ယူသည်ကို မြင်၍။ ဒေါဏပုဏ္ဏားသည် စွယ်တော်အား လျော်ကပ်တော်သောပူဇော်သက္ကာရကို ပြုခြင်းငှါမတတ်နိုင်လတ္တံ့။ ထိုစွယ်တော်ကို ဧ၀ံယူအံ့ဟုကြံ၍။ ဦးရစ်ကြားမှယူပြီးလျှင် ရွှေ

ပန်းတောင်းခွ ထား၍။ နတ်ပြည်သို့ဆောင်၍ စူဠဒွာမကိုစေတီတော်ခွ
ဌပနာလေ၏။ ဒေါဏပုဏ္ဏားသည် ဓာတ်တော်ခွဲဝေပြီး၍ ဦးရစ်ကြားခွ
စွယ်တော်ကိုမမြင်သေး။ ခိုးသောအားဖြင့်ယူသောကြောင့် အဘယ်
သူသည် ငါ့၏စွယ်တော်ကိုယူသနည်းဟု မေးအံ့သောငှါ မတတ်နိုင်။
ငါ့အားအဘိုးလိုသေး၏ဆိုလျှင်လည်း။ သင်သည်ပင် ဓာတ်တော်တို့ကို
ခွဲဝေအပ်သည်မဟုတ်တုံလော။အဘယ့်ကြောင့် သင်သည် ရှေးဦးစွာ
သင့်အားဓာတ်တော်၏အဘိုးရှိသောအဖြစ်ကို မသိသနည်းဟု ပိဓိခွဲအ
ဖြစ်တင်လတ္တံ့သည်ကိုမြင်၍ ငါ့အား အဘို့ဝေပါကုန်ဦးဟူ၍လည်းဆို
ခြင်းငှါမတတ်နိုင်ပြီ။ ထိုနောင်မှ။ ဤဓာတ်တော်တို့ကို အကြင်နွယ်ဖြင့်
ချင့်၏။ဤရွှေအိုးသည်လည်း ဓာတ်တော်နှင့်အလားတူ၏။ဤဓာတ်တော်
ချင့်သောတပြည်ဝင်ရွှေမြို့တာအိုးကိုစေတီတည်အံ့ဟုကြံပြီး၍။ အိုမင်း
များတို့၊ ဤဓာတ်ချင့်သော ရွှေမြို့တာအိုးကို ငါ့အားပေးကုန်လော့ဟူ၍
ဆို၏။ဆရာပုဏ္ဏား၊ဤဓာတ်တော်ချင့်သောရွှေမြို့တာအိုးသည်သင့်အား
ဖြစ်စေတော့ဟု ပေးလေကုန်၏။ ။ပိတ်ချင်းတော်ခွဲ။ လက်ပံတောခွဲ
မောရိယမင်းတို့သည်လည်း ကုသိနာရုံပြည်ခွဲ မြတ်စွာဘုရားပရိနိဗ္ဗာန်
ပြုပြီဟုကြား၍။အဓာတသတ်အစရှိသောမင်းတို့ကဲ့သို့တမန်စေပြီးလျှင်
စစ်မက်ဆင်ကာ လာကုန်၍။ ဓာတ်တော်အားတို့ကို တောင်းကုန်သော်
လည်း ဓာတ်တော်ဝေပြီးမှ ရောက်ကုန်သောကြောင့်။ မြတ်စွာဘုရား
ကိုယ်တော်ကိုဖုတ်ကြည်းသောမီးသွေးကိုသာပေးရကုန်၏။ ။

၇၉။ မြတ်စွာဘုရားပရိနိဗ္ဗာန်ပြုတော်မူပြီးနောက်၊ မဖြင့်မဖြစ်ထွန်းသော၊သာဓိုရိကစေတီ၊ပါရိဘောဂိက စေတီတော်တို့ကိုပြုရာ။

ထိုသို့ ဓာတ်တော်တို့ကိုဝေပြီးသော် လိမ္ဘဝိမင်း အစရှိကုန်သော
ကုသိနာရုံမင်းတို့နှင့်တကွ ခုနစ်ပြည်ထောင်သောမင်းတို့သည်။ မိမိတို့
အရပ်၌ . မိမိတို့အားနှင့်လျော်စွာ ဓာတ်တော်တို့ကိုစေတီတည်၍ ကိုး
ကွယ်လေကုန်၏။ဒေါဏပုဏ္ဏားသည်လည်းဒုဏ္ဏဝတ္ထုပုဏ္ဏားရွာ၌ဓာတ်
တော်ချင့်သောရွှေမြို့တာအိုးကိုစေတီကည်၍ ကိုးကွယ်လေ၏။ မောရိ
ယပြည်သားမင်းတို့သည်လည်း မီးသွေးကို စေတီတည်၍ ကိုးကွယ်

လေကုန်၏။ အဇာတသတ်မင်းသည် ကုသိနာရုံပြည်မှ ရာဇဂြိုဟ်ပြည် တိုင် နှစ်ဆဲ့ငါးယူဇနာရှိသော ခရီးအကြားဌ ရှစ်ဥသဘအပြန့်ရှိသော ညီညွတ်စွာသော ခရီးကို ပြုစေ၍။ မလ္လာမင်းတို့သည် မြတ်စွာဘုရား သခ်ိုဟ်ရာ မကုဋဗန္ဓုနစေတီမှ မြို့လယ်မင်းကွန်းတိုင်ရုံ ခရီးအကြားဌ အကြင်သို့သဘောရှိသော ပူဇော်ခြင်းကိုပြု၏။ ထိုသို့သဘောရှိသော ပူဇော်ခြင်းကို နှစ်ဆဲ့ငါးယူဇနာရှိသောခရီးဌ အဇာတသတ်မင်းသည် ပြု၏။ လူအပေါင်းကိုမဆန့်ကျင်စေခြင်းငှါ ခပ်သိမ်းသောအရပ်ဌ အိမ်ဈေးတို့ကို ကျင်းပစေ၏။ ဣေကျင်းဌထားအပ်သောဓာတ်တော်တို့ကို လှံချိုင့်ဖြင့်ရံစေ၍ ယူဇနာငါးရာအဝန်းရှိသောဓိဓိနိုင်ငံဌ လူတို့ကိုစည်းဝေးစေ၏။ ထိုအဇာတသတ်မင်းစသောရာဇဂြိုဟ်ပြည်သားတို့သည်။ ဓာတ်တော်တို့ကိုယူ၍ကောင်းချီးပေးသဖြင့်။ကစားခြင်းကိုကစားကုန်လျက် ကုသိနာရုံပြည်မှထွက်ကုန်၏။ အကြင်အကြင်သို့သောအရပ်ဌ ဣေအဆင်းနှင့်တူသောပန်းတို့ကို မြင်၏။ ထိုထိုသို့သောအရပ်ဌ ဓာတ်တော်တို့ကိုလှံချိုင့်တွင်းဌထား၍ ပူဇော်ကုန်၏။ ထိုပန်းတို့၏ကုန်သောအခါဌ သွားကုန်၏။ လှည်းဦးချရာသို့ နောက်ညောင်းဖျားရောက်သောအခါဌ လှည်းရထားကိုရွှတ်၍ ချနစ်ရက်ပတ်လုံး ကောင်းသောကစားခြင်းကိုကစားကုန်၏။ ထိုအဇာတသတ်မင်းစသောရာဇဂြိုဟ်ပြည်သားတို့သည်။ ဓာတ်တော်တို့ကိုယူ၍သွားကုန်သော ထိုပြည်သားတို့အား။ ချနစ်နှစ်၊ချနစ်လ၊ချနစ်ရက်တို့သည် လွန်ကုန်သောဟူ၏။ ဓိဿာဒီဋ္ဌိအယူရှိသောသူတို့သည်။ ရဟန်းဂေါတမပရိနိဗ္ဗာန်ပြုသောအခါမှစ၍ အနိုင်အထက်လုယက်ကုန်လျက် ကောင်းချီး ကစားခြင်းဖြင့်နှိပ်စက်အပ်ကုန်ပြီ။လူအပေါင်းတို့သည် အမှုအလုပ်အဆောင်ပျက်စီးကုန်ပြီဟုကဲ့ခဲ့ကုန်၍စိတ်ကပြစ်မှား၍ရှစ်သောင်းခြောက်ထောင်သော ဓိဿာဒီဋ္ဌိတို့သည် အပါယ်သို့လားဂလကုန်၏။ ရဟန္တာတို့သည် ဆင်ခြင်ကုန်၍စိတ်ကပြစ်မှားကုန်သောလူများအဂေါင်းသည်ကဲ့အပါယ်ဌ ဖြစ်ခဲ့ပြီဟု မြင်ကုန်၍၊ သိကြားမင်းအား ဓာတ်တော်တို့ကို လျင်စွာဆောင်အံ့သောအကြောင်းကိုပြုစေအံ့ဟု သိကြားမင်း၏အထံသို့ သွား၍။ ထိုအကြောင်းအလုံးစုံကိုကြား၍။ သိကြားမင်းကြီး၊ ဓာတ်တော်တို့ကို လျင်စွာဆောင်အံ့သောအကြောင်းကို သင်နတ်မင်းပြုပါလော့ဟူ၍ ဆိုကုန်၏။ သိကြားမင်းသည်။ အရှင်ဘုရားတို့၊ပုထုဇဉ်မည်သည်ကား။ အဇာတသတ်မင်းနှင့်တူသော သဒ္ဓါခြင်းရှိသောသူမည်သည် မရှိ။ ထို

အဇာထသတ်မင်းသည် အကျွန်ုပ်၏စကားကို မလိုက်နာလတ္တံ့။ စင်စစ်သော်ကား။ ကြောက်မက်ဘွယ်ရှိသောအရုပ်ကိုပြရလတ္တံ့။ ကြောက်မက်ဘွယ်ရှိသောအသံကို ကြားစေရလတ္တံ့။ ဘီလူးဘမ်းခြင်းကဲ့၊ ချေဆတ်စေခြင်းကို၊ အော့အန်စေခြင်းကိုပြုရလတ္တံ့။ ဘီလူးတို့သည် အာမျက်ထွက်ကုန်ပြီ။မြတ်သောမင်းကြီး၊သင်မင်းကြီးတို့သည်ဓာတ်တော်တို့ကိုလျင်စွာဆောင်စေကုန်လော့ဟူ၍ အရှင်ဘုရားတို့သည်မိန့်တော်မူလေကုန်။ ဤသို့မိန့်တော်မူကုန်သော် ထိုမင်းသည် လျင်စွာ ဆောင်လတ္တံ့ဟုမှာဆိုလိုက်၍။သိကြားမင်းသည်ထိုအလုံးစုံကိုပြု၏။မထေရ်တို့သည့် မင်းသို့ကပ်၍ ဘီလူးတို့သည် အမျက်ထွက်ကုန်ပြီ။ ဓာတ်တော်တို့ကိုလျင်စွာဆောင်စေကုန်လော့ဟူ၍ဆိုကုန်၏။မင်းကြီးသည်ဆို၏။ အရှင်ဘုရားတို့၊ အကျွန်ုပ်၏ စိတ်သည် မနှစ်သက်ပါသေး။ သို့သော်လည်းဘီလူးတို့အမျက်ထွက်သော်ဆောင်စေကုန်တော့ဟူ၍ဆိုသဖြင့်။ ခနစ်ရက်ဖြင့် ဓာတ်တော်တို့ကို ရာဇဂြိုဟ်ပြည်သို့ အဓေါက်ဆောင်လေကုန်၏။ဤသို့ဆောင်၍လာခဲ့သောဓာတ်တော်တို့ကိုရာဇဂြိုဟ်ပြည်၌စေတီတည်၍ကိုးကွယ်ပူဇော်ခြင်းကိုပြုလေ၏။ ။ဤသို့လျင်မြတ်စွာဘုရား၏ဓာတ်တော်တို့ကိုခွဲဝေ၍ ရှစ်ပြည်ကောင်မင်းတို့သည် ဗိမိတို့နေရာပြည်၌စေတီတည်၍ကိုးကွယ်ပူဇော်ကုန်သဖြင့်။ ကုသိနာရုံပြည်၌စေတီတဆူ။ ရာဇဂြိုဟ်ပြည်၌တဆူ။ ဝေသာလီ၌တဆူ။ကပိလဝတ်၌တဆူ။ အလကပ္ပတိုင်း၌တဆူ။ ဝေဋ္ဌဒီပကတိုင်းပုဏ္ဏားတို့၌တဆူ။ ရာမဂ္ဂါမ်၌တဆူ။ ပါဝါပြည်၌တဆူ။ ဒုဏ္ဏာဝင်္ကူပုဏ္ဏားရွာ၌ ဓာတ်တော်ချင့်အိုးစေတီတဆူ။ ကပိလဝနမောရိယဖြည်၌ မီးသွေးတော်စေတီတဆူ အားဖြင့်မြတ်စွာဘုရားပရိနိဗ္ဗာန်စံတော်မူသည့်နောက်မမြင့်ခင်ကာလ၌ ဆယ်ဆူသောစေတီတို့သည်ဖြစ်ကုန်၏။ဤဆယ်ဆူတို့တွင်။ဓာတ်တော်စေတီကားရှစ်ဆူသာတည်း။ ။

မျက်စိငါးပါးရှိတော်မူသော မြတ်စွာဘုရား၏ ကိုယ်တော်အလုံးမှ ဖြစ်သောဓာတ်တော်သည်ရှစ်စင်္ကြတ်ရှိ၏။ ခနစ်စင်္ကြတ်သောဓာတ်တော်တို့ကို ဇမ္ဗူ။ဒီပါကျွန်း၌ ပူဇော်လေကုန်၏။ ရာမဂ္ဂါ၌ ဓာတ်တော်တစင်္ကြတ်ကို နဂါးတို့သည် စောင့်ရှောက်၍ပူဇော်လေကုန်၏။ ။အထက်လက်ျာစွယ်တော်ကို တာဝတိံသာ၌နတ်တို့ပူဇော်ကုန်၏။ဂန္ဓာလရာဇ်တိုင်း၌ အောက်လက်ျာစွယ်တော်ကို ပူဇော်ကုန်၏။ကလိင်္ဂတိုင်း၌ အ

ထက်လက်ဝဲစွယ်ဆတ်ကိုပူဇော်ကုန်၏။ နဂါးပြည်၌ ဆောက်လက်ဝဲစွယ်တော်ကို ပူဇော်လေကုန်၏။ ။လေးဆယ်ကုန်သော သွားတော်တို့ကိုရင်း။ သုံးကုဋေ့ခြောက်သန်းသောဆံတော်တို့ကိုရင်း။ကိုးကုဋေသော အမွေးတော်တို့ကိုရင်း။ အလုံးစုံသောစကြဝဠာတိုက်တို့မှ နတ်တို့သည် စကြဝဠာအဆင့်ဆင့်တဆျောင်းစီဆောင်ယူ၍ ကိုးကွယ်လေကုန်၏။ ။သုံးဆောင်ကော်မူသောပရိက္ခရာကိုစေတီတည်၍ကိုးကွယ်ကြသည်ကား။ စာတုမဟာရာဇ်နတ်မင်းကြီးလေးယောက်တို့ လူအာပဏသော ပဲနောက်အဆင်းရှိသောကျောက်ညိုသဒိတ်၊တောင်ဝှေးတော်၊ သင်းထိုင်တော်၊ ဤသည်တို့ကိုဌပနာ၍ ကုရုတိုင်း၌ စေတီတည်၍ ကိုးကွယ်၏။ ပဲခွပ်၊ဒခပ်၊အပ်ကျည်၊ ဤသည်တို့ကိုဌပနာ၍၊ ဇာန္ဒုပတ္တုနဂိုရ်ပြည်၌စေတီတည်၍ကိုးကွယ်၏။ အပေါ်လွှမဲးခင်းနှီးကို ကဝိလဝတ်၌ စေတီတည်၍ ကိုးကွယ်၏။ ဓမ္မကရိဏ်၊ရေစစ်၊ခါးပန်း၊ဤသည်တို့ကိုဌပနာ၍ ပါဋလိပုတ်ပြည်၌ စေတီတည်၍ကိုးကွယ်၏။ ရေသနုပ်တော်ကိုဌပနာ၍စမ္မာပြည်၌ စေတီတည်၍ကိုးကွယ်၏။ဥဏ္ဏာလုံမွေးရှင်တော်ကို ဌပနာ၍ ကောသလတိုင်း၊ သာဝတ္ထိ၌ စေတီတည်၍ ကိုးကွယ်၏။ ကိုယ်ဝတ်ဒုကူန်တော်ကိုဌပနာ၍ ဗြဟ္မာ့ပြည်၌စေတီတည်၍ကိုးကွယ်၏။ တောထွက်တော်မူစ ပါသည့် အဝတ်တန်ဆာတို့ကိုလည်း ဗြဟ္မာ့ပြည်၌ ဒုဿစေတီတည်၍ကိုးကွယ်၏။ဦးရေစ်တော်ကို တာဝတိံသာ၌ စူဠာမဏိ စေတီတော်၌ ဌပနာ၍ ကိုးကွယ်၏။ ဆံတော်ကို ဌပနာ၍၊ တာဝတိံသာ၌ စူဠာမဏိပုထိုးတော်ဟူ၍တည်၏။ နိသိဒိုန်ကိုဌပနာ၍ အဝန္တိတိုင်း ဥဇ္ဈေနီပြည်၌ စေတီတည်လျက် ကိုးကွယ်၏။ အာယေဝကပတ်ကိုဌပနာ၍ ဒေဝတိုင်း၌ စေတီတည်လျက် ကိုးကွယ်၏။ ပွတ်ခုံ၊ပွတ်ကျော၊ ရေစစ်၊ ဤသည်တို့ကိုဌပနာ၍၊ ဝိဒေဟာတိုင်း မိထိလာပြည်၌ စေတီတည်လျက်ကိုးကွယ်၏။ ထိုမှကြွင်းသောပရိက္ခရာဝတ်ရုံကို ထိုထိုသို့သောဇနပုဒ်တို့၌ ကိုးကွယ်လေကုန်၏။ သင်္ကန်းသပြည်၌ကား။ နတ်ပြည်မှ သင်္ကတော်မူသောအခါ ချဿေး လက်ျာခြေတော်ရာကို ကိုးကွယ်ရ၏။ ။သုနာပရန္တတိုင်း၌ကား။ စူဠုပဏ်ဆောက်သော နံ့သာကျောင်းသို့ သာဝတ္ထိမှကောင်းကင်ခရီးဖြင့်ကြွတော်မူသောအခါ။ ကောင်းကင်မှ သင်္ကာ။ နမန္တာမြစ်နားဦး။ နမန္တာနဂါး တောင်းပန်၍ ချသည့်လက်ဝဲခြေတော်ရာ။ သစ္စဗန္ဓမူဆိုးတောင်းပန်၍ မြစ်ဒုံးတောင်

ထိပ်၌ ချဲ့သည့် လက်ဝဲ ခြေတော်ရာ။ ဤသည်တို့ကို ကိုးကွယ်ရကုန်၏။ ။ဤသို့လျှင် မြတ်စွာဘုရား၏ကိုယ်တော်မှဖြစ်သောဓာတ်တော်ရှစ်စင်္ကြတ်တို့ကို ရှစ်ပြည်ထောင်မင်းတို့အား ဒေါဏပုဏ္ဏားတစင်္ကြတ်စိခွဲဝေ၍ မိမိတို့အရပ်၌ ဇေတီအသီးအသီးတည်၍ကိုးကွယ်သောသရီရဓာတ် စေတီရှစ်ဆူ။ ဒေါဏပုဏ္ဏားကိုးကွယ်သော တုမ္ဗစေတီ။ ကပိလဝန္ထ မောရိယပြည်သားတို့ ကိုးကွယ်သော အင်္ဂါရစေတီအားဖြင့်။ ဆယ်ဆူသော စေတီတို့သည်ဂုဏ်း။ ဆိုခဲ့ပြီးသော ပရိဘောဂစေတီတို့သည်ဂုဏ်း။ ဤသို့အားဖြင့် များစွာသော စေတီတို့သည် မြတ်စွာဘုရားလွန်တော်မူသောနောက်၌ဖြစ်ကုန်၏။ ။

၈၀။ အရှင်မဟာကဿပထေရ်နှင့်အဇာတသတ်မင်းတို့တိုင်ဖက်၍။ပျံနှံ့တည်ရှိသောဓာတ်တော်တို့ကိုရုံးစုပြီးလျှင်၊ရာဇဂြိုဟ်ပြည်၏အရှေ့တောင်အရပ်၌တပေါင်းတည်းဌပနာသည်ကိုပြရာ။

ဤသို့ဓာတ်တော်တို့သည် အရပ်ရှစ်ပါးတို့၌ခွဲကွဲပြား၍ တည်ကုန်ပြီးသည်ရှိသော်။ အရှင်မဟာကဿပမထေရ်သည်။ ဓာတ်တော်တို့အားအနန္တရာယ်ဖြစ်လတ္တံ့သော အကြောင်းကိုမြင်၍။ အဇာတသတ်မင်းသို့ဏာပ်၍။ မြတ်သောမင်းကြီး၊အရပ်ရှစ်ပါးဌတည်ရှိသော ဓာတ်တော်တို့ကိုပင့်ယူ၍ တပေါင်းတည်းဌပနာအံ့သောဌါ သင့်၏ဟုဆို၏။ ကောင်းပြီရှင်ပင်ဘုရား၊ ရှင်ပင်ဘုရားတို့သည် ဓာတ်တော်တို့ကိုဆောင်တော်မူပါကုန်။အကျွန်ုပ်သည်ဓာတ်တော်တို့ကို ဌပနာချအရပ်ကိုပြုပါအံ့ဟု လျှောက်သဖြင့်။ အရှင်မဟာကဿပမထေရ်သည်။ ဝေသာလီ၊ ပါဝါ၊ ကုသိနာရုံ၊ ကပိလဝတ်၊ အလ္လကပ္ပတိုင်း၊ ဝေဌဒီပကတိုင်းတို့၌ ဓာတ်တော်တို့ကို။ ထိုထိုသို့သောမင်းတို့၏ အလုပ်အကျွေး ပူဇော်သက္ကာရကိုခံရုံမျှထားခဲ့၍။ အလုံးစုံသောဓာတ်တော်တို့ကို တန်းခိုး ဇကွဋိပါဒ်ဖြင့်ဆောင်ယူတော်မူ၏။ ရာဇဂါမဋ္ဌ ဓာတ်တော်တို့ကိုကား နဂါးတို့သည်သိမ်းဆည်းစောင့်ရှောက်ရလေကုန်၏။ထိုဓာတ်တော်တို့အားအနန္တရာယ်သည်မရှိရာ။ ဘုရားပရိနိဗ္ဗာန်လွန်တော်မူသည်မှ အနှစ် ၂၃၆ နှစ်လွန်သော်။ လင်္ကာဒီပကျွန်းမဟာဝိဟာရကျောင်း၌မဟာစေတိဝတ်၌ဌပနာ

အံ့ဟူ၍ မြင်တော်မူ၏။ ထို့ကြောင့် ထို ဓာတ်တော်တို့ကို မဇ္ဈေသောင်ပြင်။ ကြွင်းသောခုနစ်ပြည်ထောင်တို့မှ ဓာတ်တော်တို့ကိုဆောင်၍ မင်းကြီး အဇာတသတ်အား အပ်ပြီးသော်။ ရာဇဂြိုဟ် ပြည်၏ အရှေ့ တောင် ထောင့်အရပ်၌ရပ်ပြီး၍။ ဤအရပ်၌ အကြင်ကျောက်ဖျာသည်ရှိ၏။ ထို ကျောက်ဖျာသည် ကွယ်စေသတည်း။ မြေမုန့်သည် ကောင်းစွာ သန့် ရှင်းစင်ကြယ်သည် ဖြစ်စေသကဲ့သို့။ ရေသည်မထွက်စေသတည်းဟု ဗိဇ္ဈာန်တော်မူ၏။ အဇာတသတ်မင်းသည် ထိုအရပ်ကိုတူးစေ၍ထွက် သောမြေမုန့်ဖြင့် အုင်္ဂတိုကိုပြုစေ၍။ ရှစ်ကျိပ်သောမဟာသာဝကတို့၏ စေတီကိုပြု၏။ ဤအရပ်၌မင်းကြီးသည် အဘယ်ပြုသနည်းဟု မေးကုန် သောသူတို့အား မဟာသာဝက ရှစ်ကျိပ်တို့၏ စေတီကို ပြုသည်ဟု ပြောရ၏။ တစုံတယောက်သောသူသည်မျှ ဓာတ်တော်မြှုပ်ထားသော အဖြစ်ကို မသိ။ ထိုတွင်းသည် အတောင်ရှစ်ဆယ် နက်သော အခါ၌။ အောက်ဆုံး၌ သံပြားအခင်းကိုခင်းစေ၍။ ထိုအခင်းပေါ်ဝယ် သိဟိုဠ်ကျွန်း ထူပါရာမစေတီ၌။ စေတီအိမ် ပမာဏ အတိုင်းအရှည် ရှိသော ကြေးနီစင်အတိဖြင့် ပြီးသော စေတီအိမ်ကို ပြုစေ၍။ ရှစ်ခုရှစ်ခုစီကုန် သော၊ စန္ဒကူးနုံ့သာပြု ကြုတ်။ စန္ဒကူးနုံ့သာပြု စေတီ။ စန္ဒကူးနုံ့သာနီ ကြုတ်။ စန္ဒကူးနုံ့သာနီစေတီ။ ဆင်စွယ်ကြုတ်။ဆင်စွယ်စေတီ။ အလုံးစုံ ရတနာဖြင့်ပြီးသော ကြုတ်။ စေတီ။ ရွှေကြုတ်။ ရွှေစေတီ။ ငွေကြုတ်။ ငွေစေတီ။ မြကြုတ်။ မြစေတီ။ ပတ္တမြားနီကြုတ်။ ပတ္တမြားနီစေတီ။ ပတ္တ မြားပြောက်ကြုတ်။ ပတ္တမြားပြောက်စေတီ။ ဖလ်ကြုတ်။ ဖလ်စေတီတို့ ကို။ ရှစ်ခုရှစ်ခုစီ ပြုစေ၍။ ခဲနစ်စရွတ်သော ဓာတ်တော်တို့ကို နုံ့သာပြု ကြုတ်တခုခု၌ထည့်၍။ ထိုဓာတ်တော်ထည့်သောကြုတ်ကို နုံ့သာပြုကြုတ် တခုခု၌ထည့်ပြန်၍။ ထိုကြုတ်ကိုလည်း တခုသောကြုတ်၌ထည့်၍။ ဤသို့ သောနည်းဖြင့် စန္ဒကူးနုံ့သာပြုကြုတ်ရှစ်လုံးတို့ကို တပေါင်းတည်းပြုပြီး သော်။ စန္ဒကူးနုံ့သာပြုစေတီတခုခု၌ထည့်၍။ ထိုစေတီကို နုံ့သာပြုစေတီ တခုခု၌ထည့်၍။ ဤသို့သောနည်းဖြင့် စန္ဒကူးနုံ့သာပြုစေတီ ရှစ်ဆူတို့ကို တဆူတည်း ပြုပြီးသော်။ စန္ဒကူးနုံ့သာနီကြုတ်၌ ထည့်၍။ ထိုကြုတ်ကို နုံ့သာနီကြုတ် တခုခု ထည့်ပြန်၍။ ဤသို့သော နည်းဖြင့် စန္ဒကူးနုံ့သာနီ ကြုတ်ရှစ်ခုတို့ကို တခုတည်းပြုပြီးသော်။ စန္ဒကူးနုံ့သာနီစေတီ၌ ထည့်၍။ ထိုစေတီကို နုံ့သာနီပေတီတဆူ၌ထည့်ပြန်၍။ စန္ဒကူးနုံ့သာနီစေတီ

ရှစ်ဆူကိုတဆူတည်းပြု၍။ ထိုစေတီကို ဆင်စွယ်ကြွတ်တခွန်ထည့်ပြန်၍။ ထိုကြွတ်ကို ဆင်စွယ်ကြွတ်တခွန် ထည့်ပြန်၍။ ဤသို့ဆိုခဲ့ပြီးသော နည်းဖြင့် အဆင့်ဆင့် ဆင်စွယ်ကြွတ်ရှစ်ခုတို့ကို ဆင်စွယ်စေတီ ရှစ်ဆူတို့ခွန်ထည့်၍။ ဆင်စွယ်စေတီ အဆင့်ဆွင့် ရှစ်ဆူတို့ကို။ ရှစ်လုံးကုန်သော ရတနာခုနစ်ပါးဖြင့်ပြီးသော ကြွတ်တို့ခွန် အဆင့်ဆင့်ထည့်၍။ ထိုရှစ်လုံးသော ရတနာခုနစ်ပါးကြွတ်အဆင့်ဆင့်တို့ကို။ ရတနာခုနစ်ပါးအတိုပြီးသော စေတီရှစ်ဆူတို့ခွန် အဆင့်ဆင့် ထည့်၍။ ထိုစေတီတို့ကို ရွှေကြွတ်ရှစ်လုံးတို့ခွန် အဆင့်ဆင့်ထည့်၍။ ထိုရွှေကြွတ်အဆင့်ဆင့် ရှစ်လုံးတို့ကို။ ရွှေစေတီရှစ်ဆူတို့ခွန်အဆင့်ဆင့်ထည့်၍။ ထိုရွှေစေတီတို့ကို ငွေကြွတ် ရှစ်လုံးတို့ခွန် အဆင့်ဆင့် ထည့်၍။ ထိုငွေကြွတ် ရှစ်လုံးတို့ကို ငွေစေတီရှစ်ဆူတို့ခွန် ထည့်၍။ ထိုငွေစေတီတို့ကို မြကြွတ်ရှစ်လုံးတို့ခွန် ထည့်၍။ ထိုမြကြွတ်ရှစ်လုံးတို့ကို မြစေတီရှစ်ဆူတို့ခွန်ထည့်၍။ မြစေတီတို့ကို ပတ္တမြားနီကြွတ်ရှစ်လုံးတို့ခွန်ထည့်၍။ ပတ္တမြားနီကြွတ် ရှစ်လုံးတို့ကို ပတ္တမြားနီစေတီရှစ်ဆူတို့ခွန်ထည့်၍။ ထိုပတ္တမြားနီစေတီတို့ကို ပတ္တမြားပြောက်ကြွတ် ရှစ်လုံးတို့ခွန်ထည့်၍။ ထိုကြွတ်ရှစ်လုံးတို့ကို ပတ္တမြားပြောက်စေတီရှစ်ဆူတို့ခွန်ထည့်၍။ထိုပတ္တမြားပြောက်စေတီရှစ်ဆူတို့ကို ဖလ်ကြွတ်ရှစ်လုံးတို့ခွန် အဆင့်ဆင့်ထည့်၍။ ထိုဖလ်ကြွတ် ရှစ်လုံးတို့ကို ဖလ်စေတီရှစ်ဆူတို့ခွန်ထည့်ဏ်။ အလုံးစုံတို့ဏ်အထက်ဖြစ်သော ဖလ်စေထိသည်၊ သိဟိုဠ်ကျွန်းခွန် ထူပါရာမစေတီနှင့်အမျှဂိုဏ်။ ထိုဖလ်စေတီဏ်အထက်ခွန် အလုံးစုံသောရတနာဖြင့်ပြီးသောစေတီအိမ်ကဲ့ပြုဏ်။ ထိုအိမ်ဏ်အထက်ခွန်ရွှေဖြင့်ပြီးသောအိမ်ကဲ့ပြုဏ်။ထိုရွှေအိမ်ဏ်အထက်ခွန် ငွေဖြင့်ပြီးသောအိမ်ကဲ့ပြုဏ်။ထိုငွေစေတီအိမ်ဏ်အထက်ခွန်ကား။ ရှေးဦးစွာပြု၍ ထားနှင့်သောကြေးနီအိမ်သည်ဖြစ်ဏ်။ ထိုကြေးနီအိမ်အတွင်းခွန် အလုံးစုံသောရတနာဖြင့်ပြီးသောစေတီကိုကြ၍။ ရေခွန်ဖြစ်သောပန်းပွင့်။ ကြည်းခွန်ဖြစ်သော ပန်းပွင့်တို့ကို အထောင်မက မျှားစွာကြဲ၍။ ငါးရဲ့ငါးဆယ်သော ဇာတ်တော်အရပ်တို့ကိုဇင်း။ ရှစ်ကျိပ်သော ဇာတဒဂ်ရ မထေရ်ကြီးတို့ဏ်ဇင်း။ သုဒ္ဓါဝနမင်းကြီး။ မဟာမာယာ မဖေါ်တော် မိဘုရား။ ဘွားဘက်ဇာတ်ခုနစ်ပါး။ ဤအလုံးစုံသော အရပ်တို့ကို ရွှေဖြင့်သွန်း၍ ထားဏ်။ ရေဖြင့်ပြည့်သော ရွှေဖြင့်ပြီးသော ကြာသွတ်မြို့တာငါးရာ။ ငွေဖြင့်ပြီးသော ကြာသွတ်မြို့တာငါးရာတို့ကိုထား၍။ ရွှေတန်းမှန်ငါးရာ

စိုက်စေဏ်။ ငွေတန်းခွန်ငါးရာစိုက်စေဏ်။ ရွှေဖြင့်ပြီးသောဆီမီးခွက်ငါးရာ။ငွေဖြင့်ပြီးသော ဆီမီးခွက်ငါးရာတို့ကိုပြုစေ၍၊ ကောင်းသောနံ့သာမျိုးတို့ဖြင့် ထုံအပ်သော ဆီမီးဖြင့် ပြည့်စေ၍။ ထိုဆီမီးခွက်တို့၌ ဘွဲ့ဖြူပုဆိုးဖြင့်ကျစ်သောဆီမီးစာတို့ကိုထည့်၍ ညှိစေ၍ထား၏။ ထိုသို့ထားပြီးသောအခါ၌ အရှင် မဟာကဿပ မထေရ်သည်။ ဤပန်းတို့သည် မည်သို့စေကုန်သတည်း။ဤနံ့သာတို့သည် အနံ့မပြယ်စေကုန်သတည်း။ ဤဆီမီးတို့သည် မငြိမ်းစေကုန်သတည်းဟု မိဋ္ဌာန်တော်မူ၍။ ရွှေပြားခွေအာကွာရာတို့ကိုကုံရေးစေဏ်။ နောင်သောအခါ၌ ပိယဒါသအမည်ရှိသော မင်းသားသည် ထီးဖြူဆောင်း၍ အသောကဓမ္မရာဇာ မည်သော မင်းသည်ဖြစ်လတ္တံ့။" ထိုမင်းသည် ခုနစ်စရွတ်သောဓာတ်တော်တို့ကိုယူ၍ ဓမ္မာ။ဒိပါကျွန်းတွင် ရှစ်သောင်း လေးထောင်သော မြို့တို့၌ စေတီ ရှစ်သောင်းလေးထောင်တို့၌ဌပနာသဖြင့်ပျံနှံ့သည်ကဲ့ပြုလတ္တံ့ဟု ကမ္ဘည်းရေးထားပြီးသော်။ အဇာတသတ်မင်းကြီးသည် အလုံးစုံကိုယ်၌ ဆင်သော တန်ဆာတို့ကို ပူဇော်၍။ ရတနာခုနစ်ပါးဖြင့်ပြီးသော အိမ်မှစ၍ တံခါးကိုဒိတ်၍ထွက်ဏ်။ ထိုမင်းကြီးသည် ငကြေးနီအိမ်တံခါးကိုဒိတ်ပြီးသော်။ တံခါးဝင်သောကြိုး၌ သံကောက်ကိုထင်း။ မင်းတုံးကိုထင်း ဖွဲ့၍၊ ထိုတံခါးဏ်ပြင်၌ ကြီးစွာသောပတ္တမြားတုံးကိုထားစေ၍။ နောင်အခါ၌ မင်းဆင်းရဲသည် ဤပတ္တမြားကိုယူ၍ ဓာတ်တော်တို့အားပူဇော်သကဲ့သာ ရက်ပြုစေသတည်းဟု အာကွာရာရေးစေဏ်။ သိကြားမင်းသည် ဝိသုကြံ့နတ်သားကိုခေါ်၍။ အမောင်ဗိသုကာနတ်သား၊အဇာတသတ်မင်းသည် မြတ်စွာဘုရား၏ဓာတ်တော်တို့ကိုမြှုပ်ထားခြင်းကိုပြုပြီ။ထိုဓာတ်တော်တို့၏မြှုပ်ထားရာ၌ အစောင့်ကို သင်နတ်သား ထားဆေလော့ဟု စေဏ်။ ထိုဝိသုကြံ့နတ်သားသည် သားရဲ စက်ယန္တရားကို ပြု၏။ သစ်ဖြင့် ပြီးသော ဘီလူးနတ်ရုပ်တို့ကို ထိုဓာတ်တော်တိုက်၌ ဖလအံ့ဆင်းနှင့် တူသောအဆင်းရှိသောသနလျက်တို့ကိုကုံ၍စေ၍။ လေ၏လျင်ခြင်းနှင့်တူသောလျင်ခြင်းဖြင့် အစဉ်မပြတ် တပတ်ပတ်လည်သော စက်ယန္တရားကိုယ၌ဥ၍၊ တခုသောမယ်နဖြင့်ဖွဲ့၍၊ ထက်ဝန်းကျင်မှ အဝှဲတိုက်အခြင်းအရာဖြင့်ကျောက်ဖျာတို့ကိုရံစေ၍။ အထက်၌ တခုသောကျောက်ဖျာဖြင့်ဝိတ်၍၊ မြေမုန့်တို့ကိုဖို၍ ဖြကြီးအပြင်နှင့်ညီစွာပြု၍။ ထိုမြ၏အထက်၌ ကျောက်စေတီကဲ့သဲ့ပေါ်စေဏ်။ ဤသို့ဆိုအပ်ပြီးသော နည်းဖြင့်

အဇာတသတ်မင်းသည် မြတ်စွာဘုရား၏ ဓာတ်တော်တို့ကို မြှုပ်ထားဌပနာ၏။ ။

၈၁။ ဒေါဏပုဏ္ဏားဓာတ်တော်ဝေဘန်သောနှစ်
ကာလမှ။အဇာတသတ်မင်းဓာတ်တော်တို့ကိုမြှုပ်ထားဌပနာသော
နှစ်ကာလတိုင်အဝွန့်အကွာစသည်ကိုတွက်စစ်၍ပြဆိုရာ။

ဒေါဏပုဏ္ဏားသည် မြတ်စွာဘုရား၏ ဓာတ်တော်တို့ကို ရှစ်ပြည်ထောင်သားတို့အားခွဲဝေသောအခါကား။ ဒေဝဒဟပြည်၌ မယ်ကော်မာယာ၏ခမည်းတော်ဖြစ်သော၊ ဘုရားဘိုးတော် အဇ္ဇနမင်းနှင့် ဆရာဒေဝိလရသေတို့သည် ရှေးရှိနှင့်သော သင်္ကြာစက်ဟောင်း ရှစ်ထောင့်ခြောံရဲ့လေးဆယ်ငါးခသင်္ကြာစက်ကို။ တဒေါင်းလက္ခယ် စနေနေ့တွင်။ ဏာဝစန္ဒကိန်းဖြင့်ချေ၍၊ တန်းခူးလဆန်း ၁ ရက်၊ တနင်္ဂနွေနေ့ကို စ၍။ သင်္ကြာစက် တခုဟု ထားသောနှစ်မှသည်။ သင်္ကြာစက် ၁၄၀ ခု၊ ကဆုန်လပြည့်၊အင်္ဂါနေ့ညဉ့်မကုန်မီ၊မိုးသောင်းယံတွင် ဘုရားပရိနိဗ္ဗာန်ပြုတော်မူသည့်နောက်၊တမရဟုတ္တကာလလွန်သော် အရဏ်တက်သည်။အရဏ်တက်သဖြင့်လပြည့်အင်္ဂါနေ့ကုန်လေသည်။အင်္ဂါနေ့ကုန်လျှင် တရက်ဟူ၍ ရေတွက်ရလေသည်။ အဘယ်ကြောင့် ရေတွက်ရလေသနည်းဟူတုံ့အံ့။ ဗေဒင်၌ရက်ကို သန်ခေါင်ဖြင့်ပိုင်းခြားသကဲ့သို့မဟုတ်။ သာသနာတော်၌ ရက်ကို အရဏ်ဖြင့်ပိုင်းခြားလေသောကြောင့်တည်း။ထိုကြောင့် လပြည့်ကျော် ၄ ရက်တိုင်သည် ပရိနိဗ္ဗာန်သတ္တာဟာဖြစ်၏။ထို ၄ ရက်နေ့ပင် ဥပဝတ္တနအင်ကြင်းတောမှပြောင်း၍ မကုဋဗန္ဓနထင်းပုံထက်သို့တင်၏။ ၄ ရက်နေ့ ထင်းပုံထက်သို့ရောက်သည်မှစ၍ ရက်ကို ရေတွက်ပြီနှသဖြင့်။လဖြည့်ကျော် ၁၂ ရက်တနင်္ဂနွေနေ့သည် စိတကသတ္တာဟာဖြစ်၏။ထို ၁၂ ရက်နေ့ညဉ့်ပင် ဓာတ်တော်တို့ကိုကောက်၍ ညဉ့်ကိုပင်ဆီမီးတန်းဆောင်ဖြင့် မြို့တွင်းမင်းကွန်းသို့ပြောင်းလေသောကြောင့်။• ထိုညဉ့်မှစ၍ ရက်ကိုရေတွက်သဖြင့်။ နယုန်လဆန်း ၄ ရက် စနေနေ့တိုင်အသည်၊သာဂရကိဋ္ဌနသတ္တာဟာမည်၏။ ။ဤသတ္တာဟာသုံးပါးကိုသာဆိုသော်ကြောင့်၊မာတ်တော်ဂေါသောအခါသည်။နယုန်လဆန်း ၅ ရက်တွင်ပင် ဖြစ်သည်။ ။အဇာတသတ်မင်းသည် အစ္စိုရသော

ဓာတ်တော်တို့ကို ကုသိနာရုံမှ ဆောင်ခဲ့၍။ ချုနစ်နှစ်နှင့်၊ ချုနစ်လ၊ ချုနစ်ရက်မှ ရာဇဂြိုဟ်ပြည်သို့ရောက်ဇ၏ဆိုသည်ကို ထောက်သော်။ အဂ္ဂဝင်မဟာကဿပသည် အလုံးစုံသောဓာတ်တော်တို့ကို ရုံးစု၍ အဇာတသတ်မင်းနှင့် တိုင်ပင်၍ ဖြူပ်ထားသော ကာလကား။ ဘုရားပရိနိဗ္ဗာန်ပြုတော်မူသည့်နောက်။အနှစ်နှစ်ဆယ်ကျော်တွင်ဖြစ်ဇ၏။ ။

၍ တထာဂတဥဒါနမည်သော ကျမ်းခွ ၍မှလောက်သော စကားအစည်သည်ကား။ မြတ်စွာဘုရားသည် သာဝတ္ထိပြည်၌ နှစ်ဆယ်ပြည့်ဝါကို ဆိုတော်မူသည်မှ စ၍ ပရိနိဗ္ဗာန် ပြုတော်မူသည် တိုင်အောင် ဥဒါန်း ပြောဆိုကြောင်းဖြစ်သော စကားအစည်တည်း။ ။လောကသုံးပါးကို တရားသာဖြင့် အစိုးရတော်မူသည်၏အဖြစ်ကြောင့်၊ ဓမ္မသာမိ၊ ဓမ္မရာဇာဖြစ်တော်မူသော၊ ဗောဇ္ဈင်ခုနစ်ပါးတည်းဟူသော စကြာရတနာသခင်၊ သကျဝင်မင်းတို့၏အထွတ်ဖြစ်တော်မူသော စကြာမင်းအား။ ၍ည်လျှားနောင်လာ။ သာသနာငါးထောင်မက၊ ကာလပတ်လုံး။ နှလုံးကြည်ညို။ ပြောဆိုရာဥဒါန်းစကားဟု။ညွှန်ကြားပြသ။ဂန္ဆဗ္ဗဲသည်ကား။ ဘုရားနှင့်စပ်သောဝတ္ထု၊တရားအစုသည်၊ ၍ိမ့်မဟုတ်ပေ။ လေးထွေ ပင်လယ်။ မြစ်ထက် ကျယ်သည်။ သုံးသွယ် ဝိဇ္ဇုကတ်။ ငါးထပ်နိကာယ်။ ကိုးသွယ်အင်္ဂါတ်ရှိခွ၊ လာသော ဥဒါန်းဝတ္ထု။ တရားစုကား၊ မရေတွက်နိုင်မျှားပေသေး၏။ ဂရွေးကောက်စီဆင်။ သိမြင်လွယ်ကူ။ယူနိုင်ပါသမျှ။ ဥာဏသတ္တိရှိသည်နှင့်အညီ။ ၍ိမ့်ကိုသာပြောဆိုရာဥဒါန်းစကားဟုရေးထားမှတ်စုပြုခဲ့ပေသတည်း။ ။

၈၂။ ဓမ္မတာ ၃၀။အနန္တရာယိကဓမ္မ ၄ ပါး။
အဝိဇ္ဇာဘိတဏှာန ၄ ပါး။ဘွားဘက်တော်ချုနစ်ယောက်။
နက္ခတ္တယောဂ။ဝေမတ္တရှစ်ပါးတို့ကိုပြဆိုရာ။

၍ိသို့ဥဒါန်းကြား။ ဥဒါန်းစကားနှင့်ပြည့်စုံတော်မူသောမြတ်စွာဘုရားသည်။ ဘုရားတကာ့တို့၏ ဓမ္မတာ အပြား သုံးဆယ်နှင့်လည်း ပြည့်စုံတော်မူ၏။ အနန္တရာယိကဓမ္မလေးပါးနှင့်လည်း ပြည့်စုံတော်မူ၏။ ။ ဓမ္မတာအပြားသုံးဆယ်ဟူသည်ကား။ ။(၁)အဆုံးပွန်သောဘုရားလောင်းသည်။ သတိအဲဆင်အခြင်နှင့် ပြည့်စုံတော်မူသည်ဖြစ်၍။ မယ်

တော်ဗမ်းခ် ပဋိသန္ဓေစွဲယူခြင်း။(၂)မယ်တော်ဝမ်းခ် ရှေသို့ မျက်နှာ ငြှု၍ ထက်ဝယ် ဖွံ့ဆွေ နေသဖြင့် အပသို့ မျက်နှာပြုခြင်း။ (၃)ဘုရား လောင်းအားမယ်တော်သည်မတ်တတ်ရပ်သဖြင့်ဘွားခြင်း။(၄)ဘုရား လောင်းသည် တောခ္ဒသာလျှင် မယ်တော်ဝမ်းမှ ဘွားခြင်း။ (၅)ရွှေ ပြားတို့ခ္ဒတည်သောအခြေရှိကုန်သော ဘုရားလောင်းတို့၏ မြောက်သို့ မျက်နှာပြု၍ကြည့်ခြင်း။ (၆)မြောက်မျက်နှာ အရပ်သို့ ခြေတော် ဖြန့် သွား ခုနစ်ဘဝါး လှမ်းခြင်း။ (၇)ခုနစ်ဘဝါး လှမ်းသွားတော်မူသော အဆုံးခ္ဒအရပ်လေးမျက်နှာကိုကြည့်၍။ အဟံအဂ္ဂေါလောကသို့ံ၊အဟံ သေ့ဋ္ဌောလောကသို့ံ၊ အဟံဇေ့ဋ္ဌောလောကသို့ံ။ ဟူ၍ သီဟနာဒကို မြွက်ခြင်း။ (၈)နိမိတ် လေးပါးကို မြင်ပြီး၍။ သားတော် တယောက် ဘွားကုန်ပြီးသော ဘုရားလောင်းတို့အား တောထွက်ခြင်း။ (၉)အရ ဟတ္ထဖိလ်၏တန်းခွန်ဖြစ်သောသက်နိုးကိုယူ၍ ရဟန်းပြုပြီး၍ အလုံးစုံ အောက် ယုတ်သောအထိုင်းအခြားဖြင့် ခုနစ်ရက်ပတ်လုံးသော်လည်း ဒုက္ခရစရိယာ ကျင့်ခြင်း။ (၁၀)ဘုရား အဖြစ်သို့ ရောက်တော် မူအံ့ သောနေ့ခ္ဒ ရွှေခွက်နှင့်တကွ နွားမနာကိုခံ၍ ဘဉ်းပေးတော်မူခြင်း။ ။ (၁၁)မြက်ပလွင်ခ္ဒ နေ၍ သဗ္ဗညုတညာဏ်ကို ရခြင်း။ (၁၂)ထွက် သက်ဝင်သက်ကို အောက်မေ့ခြင်းသတိုနှင့်ယှဉ်သော ကမ္မဋ္ဌာန်းသည် သာလျှင် သဗ္ဗညုတညာဏ်တော်၏ပရိကံဖြစ်ခြင်း။(၁၃)လက်ဝဲတဆဲ့ နှစ်ယူဇနာ။ လက်ျာတဆဲ့နှစ်ယူဇနာ။ အထက်တဆဲ့နှစ်ယူဇနာ။ နောက် ခ္ဒ စကြဝဠာတံတိုင်းဆိုက် ပါသော စစ်သည်နှင့်တကွ ကပ်လာသော မာရ်နတ်စစ်ကို နေမဝင်မီအခါခ္ဒ ဖျက်ဆီးခြင်း။(၁၄)ဗောဓိပင်ခ္ဒသာ လျှင်၊ ဝိဇ္ဇာသုံးပါး၊ ပဋိသန္ဓိဒါလေးပါး၊ အာကာရဉ်ဖြောက်ပါး၊ ဒသ ဗလညာဏ်၊ ဆအသာဓာရဏညာဏ် အစရှိသော ဘုရားကျေးဇူးတို့ကို ရခြင်း။(၁၅)သတ္တသတ္တာဟခုနစ်ရက်ခုန်လိုတို့ကို ဗောဓိပင်၏အနီး ခ္ဒသာလျှင် လွန်စေခြင်း။ (၁၆)မဟာဗြဟ္မာကြီးသည် တရားကို့ဟော တော်မူစိမ့်သောဌါတောင်းမန်ခြင်း။(၁၇)ဇာသိပတနမိဂဒါဝုန်တော်ခ္ဒ သာလျှင် ဓမ္မစကြာတရားတော်ကို ရှေးဦးစွာဟောခြင်း။(၁၈)တပို့တွဲ လပြည့်နေ့၊ အာဂ်ါလေးပါးနှင့်ယှဉ်သောဘိက္ခုပရိသတ်အစည်းအဝေး ခ္ဒ ပါတိမောက်ပြတော်မူခြင်း။(၁၉)ဓေတဝန်ကျောင်းတော်ရာခ္ဒ နှိဗ္ဗဒ္ဓ ဝါကိုဆိုတော်မူခြင်း။ (၂၀)သာဝတ္ထိပြည်ခ္ဒသား ယဓိက်မြာဒိဟာကို

ပြတော်မူခြင်း။ ။(၂၁)တာဝတိံသာဌိသာအာဘိဓမ္မာတရားဂဠိဟောခြင်း။(၂၂)သင်္ကိဿနဂိုရ်ပြည့်သို့ နှတ်ပြည်မှသက်ခြင်း။(၂၃)အမြဲလျှင် ဖလသမာပတ်ကိုဝင်စားခြင်း။(၂၄)နံနက်ဖိုးသောက်အခါ၊ ညဉ့်အခါအခါဖြင့် ကာလနှစ်ပါးတို့ဌိ ဝေနေယျတို့ကို ကြည့်တော်မူခြင်း။(၂၅)အကြောင်းဝတ္ထု၊ ဖြစ်မှသာလျှင် သိက္ခာပုဒ်ကို ပညတ်တော်မူခြင်း။(၂၆)အဋ္ဌုပ္ပတ္တိ ဖြစ်သည်ရှိသော် ဇာတ်တော်တို့ကိုဟောခြင်း။(၂၇)ဆွတော်မျိုးတော်တို့ အစည်းအဝေးဌိ. ဇုဋ္ဌဝင်ကို ဟောခြင်း။(၂၈) ဇေတ္တဝနာရုံတော်နှင့်တကွ ပဒိုသန္ဓေါရပြုခြင်း။(၂၉)ဘိတ်မနှအပ်သည် ဖြစ်၍ ဝါဆိုတော်မူကုန်သော ဘုရားတို့အား ဝါကျွတ်သောအခါ ဘိတ်,မနှသောဒါယကာတို့အား မပန်ကြားမူ၍ မသွားခြင်း။(၃၀)နေ့တိုင်းနေ့တိုင်း၊ ပုဇေဘက္တာကိစ္စ၊ ပစ္ဆာဘက္တာကိစ္စ၊ ပုရိမယာမကိစ္စ၊ မဇ္ဈိမယာမကိစ္စ၊ ပစ္ဆိမယာမကိစ္စ၊ဟူ၍ ကိစ္စငါးပါးကိုပြုတော်မူခြင်း။ ။ဤသည်လျှင် ခပ်သိမ်းသောဘုရားရှင်တို့၏ ဓမ္မတာအပြားသုံးဆယ်တည်း။ ။

အနန္တရာယိက လေးပါးဟူသော်ကား။ ။(၁)ဘုရားမြတ်တို့ကို ရည်မှတ်၍ ဆောင်အပ်သော ပစ္စည်းလေးပါးတို့ကို တစုံတယောက်သောသူသည် အနန္တရာယ်ပြုခြင်းငါးမတတ်နိုင်ခြင်း။(၂)ခပ်သိမ်းသော ဘုရားတို့၏ အသက်တော်အား တစုံတယောက်သော သူသည် အနန္တရာယ်ပြုခြင်းငါ မတတ်နိုင်ခြင်း။(၃)မြတ်စွာဘုရား၏ကိုယ်တော်၌ သုံးဆဲ့နှစ်ပါးသော လက္ခဏာတော်ကြီး၊ ရှစ်ဆယ်သော လက္ခဏာတော်ငယ်တို့အား တစုံတယောက်သော သူတို့သည် အနန္တရာယ် ပြုခြင်းငါ မတတ်နိုင်ခြင်း။ (၄)ဘုရားတို့၏ ကိုယ်တော်မှ ထွက်သော ခြောက်သွယ်သောရောင်ခြည်တော်တို့ကိုတစုံတယောက်သောသူသည်အနန္တရာယ်ပြုခြင်းငါမတတ်နိုင်ခြင်း။ ။ဤသည်လျှင် ခပ်သိမ်းသော ဘုရားတို့အားအနန္တရာယိကဓမ္မလေးပါးတည်း။ ။

ခပ်သိမ်းသော ဘုရားတို့သည် မစွန့်အပ်သောအရပ်ကား ငလေးပါးတည်း။ လေးပါးဟူသည်ကား။ ။(၁)ခပ်သိမ်းသော ဘုရားတို့အား ဗောဓိပလ္လင်သည် မစွန့်အပ်သောအရပ်တည်း။ တရားသောအရပ်ဖြစ်သည်ဖြစ်၏။(၂)ဓမ္မစက္ကာတရားဟောရာ ဣသိပတနမိဂဒါဝုန်တောသည်လည်း မစွန့်အပ်သောအရပ်တည်း။ တရားသောအရပ်ဖြစ်သော

ဖြစ်၏၊ (၃)နတ်ဖြည့်မှသက်သေအခါ သက်သနဂိုဂ်ဖြည့်တံခါးဦးလက်ျာဖြေတော်ချရာအရပ်သည်လည်း မစွန့်အပ်သောအရပ်တည်း။ (၄)ဗောဓိနှင်ကျောင်းတော်၌ ဂန္ဓကုဋိညောင်စောင်းဖြေလေးချရာအရပ်သည်လည်း။ ခပ်သိမ်းသောဘုရားတို့အား မစွန့်အပ်သောအရပ်တည်း။ အဂ္ဂဉ်ဂေါတမမြတ်စွာဘုရား ညောင်စောင်းဖြေချရာဦးသာဖြစ်၏။ ကျောင်းတော်မူကား ကြီးငယ်ဖြစ်၏။ကျောင်းတော်ရာသည်လည်း ဤအရပ်တွင်သာဖြစ်၏။ မြို့ရာမူကား၊ကျောင်းတော်မှတောင်မျက်နှာ၌ ရှိသောအခါရှိ၏။ အနောက်မျက်နှာ၊ မြောက်မျက်နှာ၊ အရှေ့မျက်နှာ၌ ရှိသောအခါရှိ၏။ အရာကိုစွန့်၏။ ဤသည်လျှင် မစွန့်အပ်သောအရပ်လေးပါးတည်း။ ။

ငါတို့ မြတ်စွာဘုရား၏ ဘွားဘက်တော်ကား။(၁)ရဟုလာမယ်တော်။ (၂)အာနန္ဒာမထေရ်။ (၃)ဆန္နအာမတ်။ (၄)ကဏ္ဍကမြင်း။ (၅)ရွှေအိုးကြီးငါးလေးလုံး။(၆)ဗောဓိပင်။(၇)ကာဠုဒါယိအမတ်ဟူ၍ ချန်စ်ပါးတည်း။ ။

ငါတို့ ဘုရားလောင်းတော် ဖြစ်သော ယောက်ျားမြတ်သည် ဘိုးတော်အဇ္ဈနမင်းထားသောသက္ကရာဇ်-၆၇-ခု။ ဝါဆိုလပြည့်၊ကြာသပတေးနေ့၊ဥတ္တရာသင်္ဃနက္ခတ်နှင့်ယှဉ်၍ မယ်တော်ဘဝမ်းဦး ပဋိသန္ဓေနေ့၏။ ထိုသက္ကရာဇ်-၆၀-ခု။ ကဆုန်လပြည့် သောကြာနေ့၊ဝိသာခါနက္ခတ်နှင့်ယှဉ်၍ ဘွားတော်မူ၏။ ထိုသက္ကရာဇ်-၆၆-ခု၊ ဝါဆိုလပြည့်တနလ်ာနေ့ ဥတ္တရာသင်္ဃ နက္ခတ်နှင့် ယှဉ်၍ တောထွက်တော်မူ၏။ ထိုသက္ကရာဇ်-၁၀၁-ခု၊ ကဆုန်လပြည့် ဗုဒ္ဓဟူးနေ့၊ ဝိသာခါနက္ခတ်နှင့်ယှဉ်၍ ဘုရားဖြစ်တော်မူ၏။ ထိုသက္ကရာဇ်တွင်လည်းကောင်း။ ဝါဆိုလပြည့်စနေနေ့၊ ဥတ္တရာသင်္ဃနက္ခတ်နှင့် ယှဉ်၍ ဓမ္မစကြာတရားကိုဟောတော်မူ၏။ ထိုသက္ကရာဇ်-၁၀၇-ခု၊ ဝါဆိုလပြည့်၊ ဥတ္တရာသင်္ဃနက္ခတ်နှင့် ယှဉ်လျက်၊ ယဇိုက်ပြာဒိုဟ်ဘုရားကိုပြုတော်မူ၏။ ထိုသက္ကရာဇ်တွင်လည်းကောင်း။ သီတင်းကျွတ်လပြည့်နေ့၊ အသုဝကီ နက္ခတ်နှင့် ယှဉ်လျက် နတ်ပြည်မှသက်တော်မူ၏။ ထိုသက္ကရာဇ်-၁၄၇-ခု၊တပို့တွဲလပြည့် သောကြာနေ့၊ မာဃနက္ခတ်နှင့် ယှဉ်လျက် အာယုသင်္ခါရကိုလွှတ်တော်မူ၏။ ထိုသက္ကရာဇ်-၁၄၈-ခု၊ ဘဒ္ဒကနလပြည့်၊ အင်္ဂါနေ့၊ဝိသာခါနက္ခတ်နှင့်ယှဉ်လျက် ပရိနိဗ္ဗာန်ပြုတော်မူ၏။ဤကဆုန်လပြည့်တွေ့၌-၁၂၂-ရက် တာနဂ်နွေနေ့

တွင် ဖေဖောဝါတ် လောင်တော်မူ၏။ ။ဤကား နက္ခတ္တ ဇာရိဖွေဒဒ တည်း။ ။

ခပ်သိမ်းသောဘုရားရှင်တို့အားထူးပြားခြင်းကား။ အာယုဝေမတ္တ၊ ပမာဏဝေမတ္တ၊ ကုလဝေမတ္တ၊ ပဓာနဝေမတ္တ၊ ရဿိဝေမတ္တ၊ ယာန ဝေမတ္တ၊ဗောဓိဝေမတ္တ၊ပလ္လင်ဝေမတ္တ။ ဤသို့အားဖြင့်ထူးပြားခြင်းရှစ် ပါးတည်း။ ။

၈၃။ မြတ်စွာဘုရားပရိနိဗ္ဗာန်ပြုတော်မူရာစည်းဝေး ရောက်လာကုန်သောရဟန်းသင်္ဃာတို့တိုင်ပင်၍တော်မူကြပြီးလျှင်။ ရာဇဂြိုဟ်ပြည်၊ဝေဘာရတောင်၊စရည်းပင်ရောက်ရာလိုဏ် ဝန်ရှင်မဟာကဿပအမှူးရှိသောရဟန္တာငါးရာတို့ပဌမ သင်္ဂါယနာတင်တော်မူကြသည်ကိုပြုရာ။

သင်္ကာရာဇ်-၁၄၈-ခု၊ကဆုန်လပြည့်နေ့၊ကုသိနာမုံပြည်၏အနောက် တောင်ထောင့်အရပ်၌။ ဥပဝတ္တနမည်သောအင်ကြင်းတော်၌ မြတ်စွာ ဘုရားသည်ပရိနိဗ္ဗာန်စံယူတော်မူရာစည်းဝေးရောက်လာသောရဟန်း သင်္ဃာအပေါင်းကား ချုပ်ငြိမ်းအရေအတွက်ရှိကုန်၏။ ထိုရဟန်းတို့ သည် မြတ်စွာဘုရား၏ ပရိနိဗ္ဗာနသတ္တာဟာ၊စိတကသတ္တာဟာ၊သာဂုတ် ဥနသတ္တာဟာအားဖြင့် သုံးပါးသော သတ္တာဟာတို့သည် လွန်ကုန်သည် ရှိသော်။ ယခုအခါ၌ နွေလတို့၏အခွဲနှင့်တကွနှစ်လသည်ကြွင်းသေး၏။ ဝါဆိုနေ့တို့သည်နီးကုန်ပြီဟုသိကုန်၍၊သွားကုန်အံ့ဟုတိုင်ပင်ကုန်သော်၊ ထိုချုပ်ငြိမ်းသောသင်္ဃာတို့၏ အကြီးဖြစ်သော အရှင်မဟာကဿပ မထေရ်သည် မြတ်စွာဘုရားပရိနိဗ္ဗာန်ပြု၍ ချုပ်ရက်ရှိသောအခါ၌ ဝုဏ္ဏ ပဇ္ဇဓိတဖြစ်သောသုဘဒ္ဒသည်၊ငါ့ရှင်တို့၊မသင့်၊မစိုးရိမ်ကြစုန်လင့်၊မငို ကြွေးကြော်ကုန်လင့်။ငါတို့သည် ရဟန်းဂါတမမှကောင်းစွာလွတ်ကုန် ပြီ။ဤအမှုသည် သင်တို့အားအပ်၏။ဤဒုမှုသည် သင်တို့အားမအပ်ဟူ၍ ရဟန်းဂါတမသည် ငါတို့ကိုနှိပ်စက်အပ်ကုန်ပြီ။ ယခုအခါ၌ငါတို့ သည်အကြင်အမှုကိုပြုခြင်းငှါအလိုရှိကုန်၏။ ထိုအမှုကိုပြုရကုန်လတ္တံ့။ အကြင်အမှုကိုပြုခြင်းငှါအလိုမရှိကုန်၊ထိုအမှုကိုမပြုရကုန်လတ္တံ့။ ဟူ၍ ဆိုအပ်သောစကားကိုဖေးဆက်မေ့၍၊ အကြင်အကြောင်းဖြင့် ယုတ်မာ

သော်ဆုလိုဆိုးရှိကုန်သောရဟန်းတို့သည်။ မြတ်စွာဘုရားစကားတော်သည် ထံဝင်ရှားရှိသေးလျက် ဘုရားလွန်ပြီဟု မှတ်ကုန်သဖြင့်။ အပင်းအသင်းကိုရကုန်၍၊ မကြာမြင့်မီလျှင် ဝိဒူကတ်သုံးပုံတဲ့ည်းဟူသောသူတော်ကောင်းစကားတို့ကို ကွယ်စေကုန်ရာ၏။ ထိုအကြောင်းသည်ရှိ၏။အကြင်မျှလောံကာလပတ်လုံး သုတ် အဘိဓမ္မာ ဝိနည်းသည် တည်၏။ ထိုမျှလောက်သုတ်အဘိဓမ္မာဝိနည်းတည်သမျှကာလပတ်လုံး၊ မြတ်စွာဘုရားမလွန်သေးသည်ဖြစ်၏။ မြတ်စွာဘုရားသည်လည်း။အာနန္ဒာ၊ အကြင် သုတ်အဘိဓမ္မာကိုဟောအပ်ပြီ။ ဝိနည်းကိုပညတ်အပ်ပြီ။ ထိုသုတ်အဘိဓမ္မာဝိနည်းသည် ငါလွန်သဖြင့် သင်တို့၏ဆရာတည်းဟူ၍ ဟောတော်မူခဲ့ပြီ။ငါကြွေအောက်မေ့သည်ကား။အကြင်အခြင်းဖြင့်သုတ်အဘိဓမ္မာဝိနည်းတို့ကို သင်္ဂါယနာတင်သည်ရှိသော် သာသနာတော်သည် အဓွန့်ရှည်မြင့်စွာတည်သည်ဖြစ်ရာ၏။ထိုအခြင်းဖြင့် သုတ်အဘိဓမ္မာကိုဂင်း၊ ဝိနည်းကိုဂင်း သင်္ဂါယနာတင်ရာ၏။ ကသဟ၊ပြိုးပြိုးသော သုံးဆောင်ခြင်းရှိကုန်သော ဗိုက်ဆန်လျှော်မျှင်ဖြင့် ပြီးကုန်သော ငါ၏ ပံသုကူသက်နှံးတို့ကို သင်သည် ဆောင်နှိုင်လတ္တံ့လောဟု မိန့်တော်မူ၍၊ မြတ်စွာဘုရားသည် သက်နှံးခွ ကိုယ်တော်နှင့် ဆက်ဆံသော သုံးဆောင်ခြင်းဖြင့် အကြင်ငဲ့ကိုရှိုးမြောက်အမ်းပြီ။ ချစ်သားရဟန်းတို့၊ ငါသည်အကြင်မျှလောက်အလိုရှိ၏။ထိုမျှလောက်ကာမတရားတို့မှဆိတ်၍ ပဌမဈာန်သို့ကပ်၍ နေ၏။ ကသဟလည်း ထိုမျှလောက်ကပ်၍ နေ၏။ ဤသို့အစရှိသောနည်းဖြင့် အစဉ်အတိုင်းဝင်စားအပ်သော သမာပတ်ကိုးပါး၊ အဘိညာဉ်ခြောက်ပါး အစရှိသော ဥတ္တရိမနုဿဓမ္မ၌ ကိုယ်တော်နှင့်ထပ်တူထပ်မျှထားသဖြင့် ရှိုးမြောက်တော်မူအပ်ပြီ။ ထိုသို့ ရှိုးမြောက်တော်မူသဖြင့် ငါ၌မြို့ဖြစ်ခဲ့၏။ သင်္ဂါယနာတင်သည်မှ တပါးသောအကြောင်းဖြင့် ထို့မြို့မှ အဘယ်မှာလွတ်ပေလတ္တံ့နည်း။ စကြဝတေးမင်းသည် ချပ်တန်ဆာအစိုးရခြင်းစည်းစိမ်ချမ်းသာကိုပေးသဖြင့် ဒိဝိဓ၏ အမျိုးအနွယ်ကို တည့်စေတတ်သော သားကို ရှိုးမြောက်သကဲ့သို့၊ ဤကသဟဿည် သူတော်ကောင်းတရားတည့်းဟူသော ငါ၏အနွယ်ကို တည့်စေတတ်သည်ဖြစ်သတ္တံ့ဟု သိတော်မူ၍။ ကိုယ်တော်၏သက်နှံးနှင့် ငါ၏သက်နှံးကို ဖလှယ်သဖြင့် သူတပါးတို့နှင့် မဆက်ဆံသောရှိုးမြောက်ခြင်းဖြင့် ငါ့ကို ရှိုးမြောက်နောက်အမ်းပြီးသည်မဟုတ်

ပေတဲ့လောဟုကြောင့်လျက်။ သုတ် အဘိမဓမ္မာ ဝိနည်းတရားကို သင်္ဂါယနာ တင်အံ့သောငှါ ရဟန်းတို့အား အားထုတ်ခြင်းကိုဖြစ်စေတော်မူ၏။ အာဘယ်သို့ဖြစ်စေသနည်းဟူမူကား။ သဗ္ဗညုတဉာဏ်တော်အား ဝုဏ္ဏပဗ္ဗဇိတသုဘဒ္ဒဆိုသောစကားကိုကြား၍၊ ငါ့ရှင်တို့၊ယခုအခါ၌ငါတို့သည်သူယုတ်တို့၏တရားမထွန်းပဒီ၊သူတော်ကောင်းတရားမတိမ်မြုပ်ဒီ၊ ဝိနည်းမဟုတ်သောတရားမထွန်းပဒီ။ ဝိနည်းတရားမတိမ်မြုပ်ဒီ။ တရားကိုမယူသောသူတို့သည် အားမကြိုးကုန်ဒီ။ တရားကိုယူသောသူတို့ အားမနည်းဒီ။ ဝိနည်းကိုမယူသောသူတို့သံ့သည် အားမကြိုးကုန်ဒီ။ ဝိနည်းကိုယူသောသူတို့သည်အားမနည်းကုန်ဒီ။ သုတ်အဘိဓမ္မာဝိနည်းကိုငါတို့ပေါင်း၍ရွတ်ကုန်အံ့ဟု, ပိန့်တော်မူ၏။ ရဟန်းတို့သည် ဆိုကုန်၏။ ထိုသို့တပြီးကား။ အရှင်မဟာကဿပသည် ရဟန်းတို့ကိုရွေးကောက်တော်မူပါလော့ဟူ၍ဆိုကုန်၏။ အရှင်မဟာကဿပမထေရ်သည် အလုံးစုံသောအင်္ဂါကိုးပါးဟုဆိုအပ်သောမြတ်စွာဘုရား၏ပရိယတ္တိသာသနာတော်ကိုဆောင်ကုန်သော၊အရာမကအထောင်မကမျှားကုန်သော၊ ပုထုဇန်၊ သောတာပန်၊ သကဒါဂံ၊ အနာဂံ၊ သုက္ခဝိပဿကရဟန္တာတို့တို့ကြဉ်၍၊ ဒိဋ္ဌကတ်သုံးပုံဟု ဆိုအပ်သော အလုံးစုံသော ပရိယတ္တိအပြားကိုဆောင်ကုန်သော၊ ပဋိသမ္ဘိဒါလေးပါးသို့ ဇရောက်ကုန်ပြီးသော၊ ကြီးသောအာနုဘော်ရှိကုန်သော၊ များသောအားဖြင့် ဘုရားမြတ်စွာသည်ဇေတဝန်အရာ၌ထားအပ်ကုန်သော၊ ဝိဇ္ဇာသုံးပါး၊အာဘိညာဉ်ခြောက်ပါး၊ သမာပတ်ရှစ်ပါးတို့သို့ရောက်ကုန်သော ရဟန္တာတရေယံယုတ်ငါးရာတို့ကို ရွေးကောက်တော်မူ၏။ အဘယ့်ကြောင့်ကား တရေယာက်ဖြင့် ယုတ်သည်ကိုပြုလေသနည်းဟူတုံအံ့။ အရှင်အာနန္ဒာ၏အခွင့်ကိုပြုခြင်းငှါတည်း။ ထိုအခါ၌ အရှင်အာနန္ဒာနှင့်တကွလည်း သင်္ဂါယနာတင်အံ့သောငှါ မတတ်ကောင်း။ အရှင်အာနန္ဒာနှင့်ကင်း၍ သင်္ဂါယနာတင်အံ့သောငှါလည်း မတတ်ကောင်း။ ထိုအရှင်အာနန္ဒာသည် သောတာပန်သေကွသာတည်း။ အထက် မဂ်သုံးခုအလို၌ပြုဘွယ်ရှိသေး၏။ ထိုကြောင့် တကွလည်း မတတ်ကောင်း။ အကြင်ကြောင့် မြတ်စွာဘုရားသည် ဟောတော်မူအပ်သော သုတ္တ၊ဂေယျ၊အစရှိသော တစုံတခုကိုမြတ်စွာဘုရား၏ မျက်မှောက်တော်မှ မသင်အပ်သေးမည်သည် မရှိ။ ထိုကြောင့် ကင်း၍လည်း မတတ်ကောင်း။ ဤသို့မတတ်ကောင်းသော်၊

သေက္ခသာဖြစ်သော်လည်း သင်္ဂါလနာတင်ခြင်း၏ ကျေးဇူးမျှားသည်
၏အဖြစ်ကြောင့် အရှင်အာနန္ဒာကို ရွေးကောက်တော်မူအပ်၏။ အဘယ့်
ကြောင့် ရွေးကောံတော်မမူသနည်း။ အရှင်မဟာကဿပသည် အရှင်
အာနန္ဒာ၌ အလွန်အကျွံးဝင်၏၊ ဦးခေါင်း၌ ဆံဖြူရှိရောံသော်လည်း ဤသ
တို့သားသည်အတိုင်းအရှည်ကိုမသိဟု။ ကုံမာရကဝါဒဖြင့် ရှင်အာနန္ဒာ
ကိုဆုံးမ၏။ အရှင်အာနန္ဒာသည် သကျဝင်မင်းမျိုးဟူ၍ ကျော်စော၏။
မြတ်စွာဘုရားဘဝထွေးတော်၏သားတည်း။ ထိုအရှင်အာနန္ဒာ၌ မလိုက်
အပ်သောဆန္ဒာဂတိသို့လိုက်သကဲ့သို့ထင်ကုန်လျက် များစွာကုန်သော
အသေက္ခပဋိသန္ဓိဒါပတ္တ ရဟန်းတို့ကို ထား၍ သေက္ခသာဖြစ်သော
အရှင်အာနန္ဒာကိုအရှင်မဟာကဿပသည်ရွေးကောက်၏ဟူ၍ရဟန်း
တို့သည် ကဲ့ရဲ့ကုန်ရာ၏။ ထိုကဲ့ရဲ့ခြင်းကို ကြဉ်တော်မူလိုသည် ဖြစ်၍၊
အရှင်အာနန္ဒာကို ကင်းစေ၍ သင်္ဂါယနာဆောင်ခြင်းငှါ မတတ်ကောင်း။
ရဟန်းတို့၏အလိုအားဖြင့်သာလျှင် ရွေးကောက်စေအံ့ဟုကြံတော်မူ၍
မရွေးကောက်သတည်း။ ထိုရောအခါ ရဟန်းတို့သည် မိမိတို့အလိုလို
ပင်အရှင်အာနန္ဒာကိုရွေးကောက်စိမ့်သေးငှါ။ အရှင်မဟာကဿပကို။
ဘုန်းတော်ကြီးလှသော အရှင် မဟာကဿပ၊ ဤအရှင်အာနန္ဒာသည်
အကယ်၍ သေက္ခသာဖြစ်၏။ အဂတိလေးပါးသို့လိုက်ခြင်းငှါ မထိုက်။
အရှင်အာနန္ဒာသည် မြတ်စွာဘုရား၏အထံ၌ သုတ်အဘိဓမ္မာဝိနည်းကို
သင်ပေ၏။ထိုကြောင့်အရှင်မဟာကဿပသည် အရှင်အာနန္ဒာကိုရွေး
ကောက်တော်မူပါဟုတောင်းပန်ကုန်၏။ထိုအခါအရှင်အာနန္ဒာကိုရွေး
ကောက်တော်မူ၏။ ရဟန်းတို့ အလိုအားဖြင့် ရွေးကောက်အပ်သော
အရှင်အာနန္ဒာနှင့်တကွ ငါးရာသောမထေရ်တို့သည်ဖြစ်ကုန်၏။ထိုရော
အခါ မထေရ်တို့အား အဘယ်အရပ်၌ သုတ် အဘိဓမ္မာ ဝိနည်းတို့ကို
သင်္ဂါယနာတင်ရကုန်အံ့နည်းဟု ကြံကုန်၏။ ထိုအခါ မထေရ်တို့အား
ရာဇဂြိုဟ်ပြည်သည် ကျယ်သောဆွမ်းခံရွာရှိ၏။ များသောကျောင်းရှိ
၏။အကယ်၍ကား ငါတို့သည်ရာဇဂြိုဟ်ပြည်၌ဝါဆိုကုန်လျက် သံဂါ
ယနာတင်ကုန်အံ့။ တပါးသောရဟန်းတို့သည် ရာဇဂြိုဟ်ပြည်၌ဝါမဆို
ကုန်ရော။အဘယ့်ကြောင့်နည်းဟူအံ့။ငါတို့၏၌အမှုသည် မြဲမြံစွာပြုအပ်
သောအမှုတည်း။ တစုံတရာယေဝံသော သဘောမတူသောရဟန်းသည်
သစ်ဘောင်သို့ဝင်၍မြစ်ရာ၏။ ထိုကြောင့် ဤငါးရာမှ တပါးသော

ရဟန်းတို့သည် ရာဇဂြိုဟ်ပြည်၌ဝါမဆိုကုန်ရာဟုကိုင်ပင်ကုန်ဖြီးဖေသော် အရှင်မဟာကဿပသည် ဥတ္တိဒုတိယကမ္မဝါစာဖြင့် ထိုင်းရာဖေသော ရဟန်းတို့ကိုချနစ်သိန်းသောသဃီတို့၏အလယ်၌။ သုဏာတုဖေမေ အစ ဂိုသည်ကို ဂျုတ်၍။ မြတ်စွာဘုရား လွန်တော်မူသည်မှ နှစ်ဆဲ့ တရက် ဖြောက်သေနေ့၌သဓတ်၏။ သဓတ်သောအခြင်းအရာကား။အရှင်တို့၊ သဃီသည် ငါ၏စကားကိုနာစေသတည်း။ သဃီအားလျော်ပတ်သောအခါသည်ဖြစ်အံ့။ သဃီသည် ငါတို့ငါးရာသော ရဟန်းတို့ကို ရာဇဂြိုဟ်ပြည်၌ဝါဆိုကုန်လျက် သုတ်အဘိဓမ္မာဝိနည်းကိုသင်္ဂါယနာတင်ခြင်းငှါသဓတ်ရာ၏။ တပါးသောရဟန်းတို့သည် ရာဇဂြိုဟ်ပြည်၌ဝါမဆိုအပ်။ ဤသို့သဓတ်ခြင်းကို အကြင်ပုဂ္ဂိုလ်သည် မနှစ်သက်။ ထိုပုဂ္ဂိုလ်သည်ဆိုရာ၏။ အကြင်ပုဂ္ဂိုလ်အားနှစ်သက်၏။ ထိုပုဂ္ဂိုလ်သည် ဆိတ်ဆိတ်နေသည်ဖြစ်ရာ၏။ ဤသို့ဆိတ်ဆိတ်နေသဖြင့် နှစ်သက်သော အဖြစ်ကိုသိရာ၏ဟူလိုသည်။ ။ဤသို့သဓတ်ပြီးဖေသော်။ နယုန်လဆန်း ၅-ရက်နေ့ဓာတ်တော်တို့ကိုခွဲဝေပြီးနောက်။အရှင်မဟာကဿပသည် ငါးရာသောရဟန်းတို့ကိုခေါ်၍ ငါ့ရှင်တို့၊ယခုအခါသင်တို့အားအရက် လေးဆယ်တို့ကိုခွင့်ပြု၏။ထိုရက်လေးဆယ်နောက်၌ဤမည်သောပလိဖေဝဓသည်ဂိုဏ်ဟုဆိုခြင်းငှါမရအပ်။ ထိုကြောင့် ဤအရက်လေးဆယ် တွင်းခွအကြင်ရဟန်းအားအနာနှင့်စပ်သောကြောင့်ကြ။ဆရာဥပဇ္ဈာယ် နှင့်စပ်သော ကြောင့်ကြ။ အဓိအဘနှင့်စပ်သောကြောင့်ကြသည် ဂိုအံ့။ သဓိတ်ဖုတ်ခြင်းကိစ္စ၊ သင်္ကန်းချုပ်ခြင်းကိစ္စသည်ဂိုအံ့။ ထိုအလုံးစုံကို ဖြီးစေ၍ သင်္ဂါယနာတင်ခြင်းကိုပြုစေသတည်းဟုမိန့်ဆို၍။ ဓမ္မဓ၏အခြံ အရံရဟန်းငါးရာကိုယူ၍ ရာဇဂြိုဟ်ပြည်သို့ သွားလေ၏။ တပါးသော မထေရ်တို့သည်လည်း ဓမ္မဓမ္မဓိတို့၏အခြံအရံကိုယူ၍ သောကတည်း ဟူသောငြောင့်ဖြင့် နှိပ်စက်သောလူအပေါင်းကို သက်သာခြင်းကိုပြုအံ့ သောဘျိ ထိုထိုသောအရပ်သို့ ဘဲလေကုန်၏။ အရှင်ပုဏ္ဏမထေရ်ကား။ ချနစ်ရာသော ရဟန်းတို့နှင့်တကွ မြတ်စွာဘုရား လွန်တော်မူရာသို့လာသောလူအပေါင်းကို သက်သာစေအံ့ဟု ကုသိနာရုံ၌ နေရစ်၏။ ဝိနည်း အဋ္ဌကထာ၌ကား။ အရှင်မဟာကဿပသည် ထက်ဝက်သောသဃီကိုယူ၍ ရာဇဂြိုဟ်ပြည်သို့ကြွလေ၏။ အရှင်အာနန္ဒာရဟန္တာသည်လည်း ထက်ဝက်သောသံဃာကိုယူ၍ခရီးတဝေကြောင်းဖြင့်ကြွလေ၏ဟူ၍ဆို၏။

အာရုဏ်အာနန္ဒာမူကားဃး။ ပရိနိဗ္ဗာန်ပြုတော်မမူမီ ရှေးအဘို့၌ မြတ်စွာဘုရား၏သပိတ်သင်္ကန်းကိုယူသကဲ့သို့။ မိမိကိုယ်တိုင် မြတ်စွာဘုရား၏သပိတ်သင်္ကန်းကိုယူ၍ ငါးရာသောရဟန်းတို့နှင့်တကွအကြင်အရပ်၌သာဝတ္ထိပြည်သည်ရှိ၏။ ထိုအရပ်သို့ကြွတော်မူလေ၏။ ကြွတော်မူပြီးသော် အာရုဏ်အာနန္ဒာအား အခြံအရံဖြစ်ကုန်သောရဟန်းတို့သည် ရေတွက်ခြင်းကိုလွန်ကုန်၏။ ထိုအာရုဏ်အာနန္ဒာရောက်ရာရောက်ရာအရပ်၌ ကြီးစွာသောငိုကြွေးခြင်းသည်ဖြစ်၏။ အစဉ်သဖြင့် အာရုဏ်အာနန္ဒာသည် သာဝတ္ထိပြည်သို့ ရောက်သည် ရှိသော်။ သာဝတ္ထိပြည်၌ နေကုန်သောသူတို့သည် အာရုဏ်အာနန္ဒာရောက်လာပြီဟု ကြား၍။ ပန်း နုံသာ အစရှိသည်တို့ကို လက်စွဲကုန်လျက် ခရီးဦးကြို ပြု၍၊ ဘုန်းတော်ကြီးသော အာရုဏ်အာနန္ဒာ၊ ရှေးအခါ၌မြတ်စွာဘုရားနှင့်တကွကြွတော်မူလာကုန်ပြီ၊ ယခုအခါ၌မြတ်စွာဘုရားကိုအဘယ်အရပ်၌ထား၍လာတော်မူသနည်းဟုဆိုကုန်လျက်ငိုကြွေးကုန်၏။ ပရိနိဗ္ဗာန်ပြုတော်မူသောနေ့ကဲ့သို့ ကြီးစွာသောငိုကြွေးခြင်းသည်ဖြစ်၏။ ထိုသို့ငိုကြွေးသောပရိသတ်၌ အာရုဏ်အာနန္ဒာသည် အမြဲမရှိသောသဘောနှင့် စပ်သောတရားစကားဖြင့် လူများအပေါင်းကိုမှတ်သိစေ၍။ ဇေတဝန်ကျောင်းတော်တွင်းသို့ဝင်၍၊ မြတ်စွာဘုရားနေတော်မူအပ်သော ဂန္ဓကုဋိကိုရှိခိုး၍၊ တိုက်တံခါးကိုဖွင့်၍၊ ညောင်စောင်းအင်းပျဉ်ကိုထုတ်၍။ ဂန္ဓကုဋိကိုတံမြက်လှည်း၍၊ ညှိုးပြီးသောပန်းအိုက်တို့ကိုစွန့်၍၊ ညောင်စောင်းအင်းပျဉ်ကိုခင်း၍ သွင်းမြှတိုင်း သွင်းပြန်၍။ မြတ်စွာဘုရား၏ ရှေးထင်ရှားရှိသောအခါ၌ ပြုအပ်သော ဝတ်ကို ပြု၏။ ပြုတော်မူသော်လည်း။ ရေချိုးအိုး၌ ရေလောင်းသောအခါ၊ တံမြက်လှည်းသောအခါစသည်တို့၌ ဂန္ဓကုဋိကိုရှိခိုးပြီး၍၊ ဘုန်းတော်ကြီးသောရှင်ပင်ဘုရား၊ ယခုအခါ၌ ရှင်ပင်ဘုရားတို့၏ရေချိုးသောအခါ မဟုတ်တုံလော။ ဤအခါသည် တရားဟောသောအခါ မဟုတ်တုံလော။ ရှင်ပင်ဘုရား၊ ဤအခါသည်ကား ရှင်ပင်ဘုရားတို့၏ ရဟန်းတို့အား အဆုံးအမ ပေးသောအခါ မဟုတ်တုံလော။ ဤအခါသည်ကား ခြသေ့မင်း၏အိပ်ခြင်းကဲ့သို့အိပ်ခြင်းကိုပြုတော်မူသောအခါ မဟုတ်တုံလော။ ဤအခါသည်ကား ရှင်ပင်ဘုရားတို့၏ မျက်နှာသစ်သောအခါမဟုတ်တုံလော။ ဤစသို့အစရှိသည်ဖြင့်ငိုကြွေးလျက်ပြု၏။ အကြင်အခြင်းဖြင့် ထိုအာရုဏ်အာနန္ဒာအား။ မြတ်စွာဘုရား၏ ကျေးဇူးအပေါင်း

တည်းဟူသော အဖြိုက်အရသာကိုသိသည်၏အဖြစ်ကြောင့်၎င်း။ မြတ်စွာဘုရား၌ တရသောချစ်ခြင်းရှိ၍၎င်း။ရဟန္တာမဟုတ်သေးသည်ဖြစ်၍၎င်း။များစွာသောအနှစ်အသိနိမ့ကသောကာလတို့၌။တယောက်သည် တယောက်အား ကျေးဇူးကိုဖြစ်စေအပ်သဖြင့်စိတ်၏နူးညံ့ခြင်းရှိသည်ဖြစ်၍၎င်း။ ငိုကြွေးခြင်းကို ပြုသတည်း။ ။ထိုအခါ အာရှင်အာနန္ဒာကို မထင်ရှားသောနတ်သားတယောက်သည်။ဘုန်းတော်ကြီးသောအာရှင် အာနန္ဒာ၊ အာရှင်ဘုရားတို့သည် ဤသို့ ငိုကြွေးကုန်သည်ရှိသော် တပါး သောသူကိုကို အာရှင်ဘုရားတို့သည် အဘယ်သို့ သက်သာစေနိုင်ကုန် လတ္တံ့နည်းဟုထိတ်လန့်စေ၏။အာရှင်အာနန္ဒာသည် ထိုနတ်တို့၏စကား ဖြင့် ထိတ်လန့်သောနှလုံးရှိ၍ မိမိကိုယ်ကို ခိုင်စေ၍။ မြတ်စွာဘုရားပရိ နိဗ္ဗာန်ယူတော်မူသည်မှစ၍ ရပ်ခြင်းထိုင်ခြင်းများသောကြောင့်။ပထဝီ ဓာတ်ပြောသောကိုယ်ကို ဖျတ်လေးပါးမျှစိမ့်သောဌာ။သာဝတ္ထိပြည်သို့ ရောက်၍ နှစ်ရက်မြောက်သောနေ့၌ နို့ရည်နှင့်ရောသော ဝမ်းကျဆေး ကိုသောက်၍ကျောင်းတွင်း၌နေ၏။ထိုရောအခါ တောဒေယျပုဏ္ဏားဇာ၏ သားဖြစ်သော သုဘလုလင်သည် အိမ်သို့ ကြွတော်မူပါ ပင့်စေသော်။ လုလင်ကို၊ လုလင်၊အခါမဟုတ်သေး။ ယနေ့ ငါအား အနည်းငယ်သော သောက်အပ်သောဆေးဟာည်ရှိ၏။နောက်ဖြန်မနေ့မှကပ်လာရအံ့လည်းမသိ ဟုမိန့်လိုက်၍၊နောက်ဖြန်ဖိုးသောက်သောအခါ၌စေတကထေရ်နောက်ပါ ရဟန်းရှိသည်ဖြစ်၍သုဘလုလင်အိမ်သို့ကပ်၍သုဘလုလင်မေးလျှောက် အပ်သောအာရှင်အာနန္ဒာသည်။ ဒီဃနိကာယ် သိလက္ခန္ဓဝဂ်၌၊ ဆယ်ရာ မြောက်ဖြစ်သော သုဘသုတ်မည်သည်ကို ဟောတော်မူ၏။ အာရှင်အာ နန္ဒာသည် ဇေတဝန်ကျောင်းဝံတော်၌ ကျိုးသည် ပွင့်သည်ကို ဖြင်ဆင် တော်မူ၍။ ဝါဆိုနိုးသည်ရှိသော် ရဟန်းသင်္ဃာကိုစွန့်၍ ရာဇဂြိုဟ်ပြည် သို့ ကြွတော်မူလေ၏။ ။ထိုအာရှင်အာနန္ဒာ အတူလည်းဇကောင်းလျှင်။ သင်္ဂါယနာတင်အံ့သောငှါ သမုတ်အပ်သောမဇ္ဈိမထေရ်ကြီးတို့သည် ထို ထိုအရပ်တို့မှ ရာဇဂြိုဟ်ပြည်သို့လာကုန်၏။ ထိုမထေရ်ငါးရာတို့သည်။ ဝါဆိုလပြည့်နေ့၌တပေါင်းတည်းဥပုသ်ပြုကုန်၍။ အထွက်ကရက်နေ့၌ ဝါသို့ ကပ်ကုန်၏။ ။ထိုအခါ ရာဇဂြိုဟ်ပြည်ကိုရံ၍ တည်ကုန်သော တဆဲ့ရှစ်ဆောင်သော ကျောင်းကြီးတို့သည့် ရဟန်းတို့ စွန့်ပစ်၍သွား ကုန်သဖြင့်။ကျသောများဇသောအမှိုက်ရှိကုန်သည်ဖြစ်ကုန်၏။ မြတ်စွာ

ဘုရားပရိနိဗ္ဗာန်ပြုခြင်းကြောင့် အလုံးစုံသော ရဟန်းတို့သည် ပဓမဓမ္မ တို့၏သပိတ်သင်္ကန်းကိုယူကုန်၍။ ကျောင်းပရိဝုဏ်တို့ကို စွန့်ခဲ့ကုန်၍။ ကုသိနာရုံသို့ချည်း လာကုန်သောကြောင့် ကျောင်းဌကျိုးသည်ပွင့်သည် မျှားကုန်၏။ထိုမထေရ်ကြီးတို့သည် ဝါသို့ကပ်ကုန်ပြီးသော်၊ငါ့ရှင်တို့၊ မြတ်စွာဘုရားသည် ကျောင်းဌကျိုးသည်ပွင့်သည်ကဲ့ဖြင်ဆင်သည်ကို ချီးမွမ်းတော်မူ၏။ ထိုကြောင့် မြတ်စွာဘုရား၏စကားတော်ကို ပူဇော်ခြင်းငှါငင်း။ တိတ္ထိတို့ ကဲ့ရဲ့ခြင်းမှ လွတ်စိမ့်သောငှါငင်း။ ပဌမဝါဆိုလပတ်လုံး ကျိုးသည် ပွင့်သည်ကို ဖြင်ဆင်ကုန်အံ့။ဝါခေါင်လမှသင်္ဂါယနာတင်ကုန်အံ့။တိတ္ထိတို့သည်လည်း ရဟန်းဂေါတမ၏တပည့်တို့သည် ဘုရားထင်ရှားရှိသောအခါ၌ ကျောင်းတို့ကို သုတ်သင်ဖြင်ဆင်ကုန်၏။ ဘုရားပရိနိဗ္ဗာန်ပြုတော်မူသော် စွန့်ကုန်၏။ ဒါယကာတို့ မျှားစွာသော ဥစ္စာကိုစွန့်ကြဲး၍ပြုသောကောင်းမှုသည် ပျက်စီးခြင်းသို့ ရောက်ခဲ့ပြီဟု ကဲ့ရဲ့ကုန်ရာ၏။ထိုကြောင့်ပဌမဝါဆိုလပတ်လုံး ကျောင်းတို့၌ဌကျိုးသည် ပွင့်သည်ကို ဖြင်ဆင်ကုန်ပြီးမှ ဝါခေါင်လ၌ သင်္ဂါယနာတင်ကုန်အံ့ဟု တိုင်ပင်ကုန်၍။ဝါဆိုလပြည့်ကျော်နှစ်ရက်နေ့ အဓာတသတ်မင်း၏နန်း တော်သို့ မထေရ်ကြီးတို့သည်ကပ်လေကုန်၍၊ မင်းအိမ်တံခါးဦးရုပ်လေ ကုန်၏။ အဓာတသတ်မင်းကြီးသည် လာ၍ဖိုးဖိုး၍၊ အရှင်ဘုရားတို့၊ အ ဘယ်ကြောင့် ကြွတော်မူလာကုန်သနည်းဟု မိမိ၏ပြဿဒယ်ကိစ္စကိုမေး လျှောက်၏။မထေရ်ကြီးတို့သည် တဆဲ့ရှစ်ဆောင်သော ကျောင်းတို့ကို ပြုပြင်ခြင်းငှါ လက်အမှုကိုကြားကုန်၏။ မင်းကြီးသည် လက်အမှုကိုပြု တတ်ကုန်သောလူတို့ကိုပေး၏။ မထေရ်တို့သည် ပဌမဝါဆိုလပတ်လုံး ကျောင်းတို့ကိုပြုပြင်၍။ မြတ်သောမင်းကြီး၊ ကျောင်းပြင်ခြင်းကိစ္စပြီးပြီ။ ယသအခါ၌ သုတ်အတိဓမ္မာဝိနည်းကိုသင်္ဂါယနာတင်ကုန်အံ့ဟူ၍ မင်း ကြီးအား ကြားကုန်၏။ ယင်းကြီးလည်း ကောင်း၏ အရှင်ဘုရားတို့၊ ပြု တော်မူပါကုန်။ လွတ်လွတ်ပြုတော်မူပါကုန်။ အရှင်ကျွန်ုပ်၏အာဏာစွမ်း လည်းဖြစ်ပါစေမည်။ အရှင်ဘုရားတို့၏ဓမ္မစက်ကိုလည်းဖြစ်စေတော် မူပါကုန်။ အဘယ်အမှုကို ပြုရအံ့နည်းဟု လျှောက်၏။ မြတ်သောမင်း ကြီး၊ သင်္ဂါယနာတင်ကုန်သော ရဟန်းတို့၏နေရာကို ပြုအပ်၏ဟုမိန့် တော်မူကုန်သော်။ အရှင်ဘုရားတို့၊အဘယ်အရပ်၌ ပြုရကုန်အံ့နည်းဟု မေးလျှောက်၍။ မြတ်သောမင်းကြီး၊ ဝေဘာရဂေဟာင်နံရံ၊ စရဏ်းပင်

ရောက်ရာလိုဏ်ဝ၌ ပြုအပ်ဖူ၏ဟု မိန့်ကုန်သော်။ ကောင်းလှပါဖြို့ အရှင် ဘုရားတို့ဟု ဝန်ခံ၍၊ အဓာတသတ်မင်းကြီးသည် ဝိသုကြိုနတ်သားဖန် ဆင်းသည်နှင့်တူသော၊ ကောင်းစွာ ဝေဘန်အပ်သော နံရံ သည်တိုင် စောင်းတန်းရှိသော၊ အထူးထူးအပြားပြားသော ခြုံးပန်း ခြုံးနွယ် အမှုတို့ဖြင့် ဆန်းကြယ်သော။ မင်းအိမ်ဖေတော်ဖူ၏ တင့်တယ်ခြင်းကို နှိပ်စက်ဘိသကဲ့သို့။ နတ်ဗိမာန်ဖူ၏တင့်တယ်ခြင်းကို ပြက်ရယ်မှုပြုသကဲ့သို့။ အသရေဖြင့် တောက်ပသကဲ့သို့။ နတ် အာသုရာ ဂဠုန် နဂါး ဂန္ဓဗ္ဗနတ်တို့ ဖူ၏မျက်စိတည်းဟူသော ဌက်အပေါင်းတို့ဖူ၏ တခဲနက်ကျရောဆိပ်ကဲ့သို့။ လူတို့ဖူ၏မွေ့လျော်ဘွယ်ဟူသမျှကို တပေါင်းတည်းပြုသကဲ့သို့။ ရှုဘွယ် ဘနန်းရှိသော မဏ္ဍပ်ကို ပြုစေ၍။ အထူးထူး အပြားပြားရှိသော ပန်း ဆိုင်းတို့ဖြင့် တွဲရဖို ခွဲလျက်။ ပြိုးပြိုးပြက် တောက်ပသော ရွှေဗိသာန် ကြက်ထသော၊ ရတနာတို့ဖြင့်ဆန်းကြယ်သော၊ ပတ္တမြားကျောက်တို့ ဖြင့်စိအပ်သောအပြင်ကဲ့သို့။ အထူးထူးသော ပုံဖော်ခြင်းတို့ဖြင့် ဆန်းကြယ်သော ကောင်းစွာပြိုးပြိုးသော မြေအမှုရှိသော မဏ္ဍပ်ကို ပြုပဖွာမင်းဖူ၏ ဗိမာန်ကဲ့သို့ တန်ဆာဆင်၍၊ ထိုဗိမာန်၌ ငါးရာသော ရဟန်းတို့အား အာဘိုးအတိုင်းမသိထိုက်ကုန်သော ငါးရာသော ခင်းနှီးတို့ကိုခင်း စေ၍။ တောင်အာဘို့ကိုမှီ၍ ဖြောက်မျက်နှာသို့ ရှေးရှုမထေရ်ကြီးဖူ၏နေရာ ကိုခင်း၍။ မဏ္ဍပ်ဖူ၏အလယ်၌ အရှေ့မျက်နှာသို့ ရှေးရှု မြတ်စွာဘုရားဖူ၏ နေတော်မူခြင်းငှါ ထိုက်သော တရားဟောနေရာကို ခင်း၍၊ ဤတရား ဟောနေရာ၌ ဆင်စွယ်ဖြင့်စိအပ်သောယပ်ကိုထား၍။ အရှင်ဘုရားတို့၊ အာကျွန်ုပ်ဖူ၏ပြုဘွယ်ကိစ္စသည် ပြီးပြီဟူ၍ ကြားလျှောက်စေဖူ၏။ ။ထို အခါ အရှင်အာနန္ဒာကိုရည်မှတ်၍ ရဟန်းတို့သည်။ဤရဟန်းသံဃာ၌ တယောက်သောရဟန်းသည် အဆိပ်နှံကိုလိုင်စေလျက် သွားလတ္တံ့ဟု ဆိုကုန်ဖူ၏။အရှင်အာနန္ဒာသည်ထိုစကားကိုကြား၍၊ငါမှတစပါး၌ရဟန်း သံဃာ၌ အဆိပ်နှံလိုင့်စေ၍ သွားတတ်သောရဟန်းမည်သည်မရှိ။ ဤ ရဟန်းတို့သည် မချွတ်စင်စစ်ငါ့ကိုရည်၍ဆိုကုန်ဖူ၏ဟုကြံ၍ ထိတ်လန့် ခြင်းသို့ရောက်ဖူ၏။ အချို့သောရဟန်းတို့ဖြစ်သည် အရှင်အာနန္ဒာကို ဤသို့ ဆိုကုန်ဖူ၏။ ငါ့ရှင်အာနန္ဒာ၊ နက်ဖြန်နေ့၌ သံဃာ အစည်းအဝေးသည် ဖြစ်လတ္တံ့။ သင်သည်လည်း သောတာပန်ဖေကွသာဘည်း။ အထက် မဂ်သုံးပါးအထိုဌာ ပြုဟူဖွယ်ကိစ္စရှိသေးဖူ၏။ထိုကြောင့် သင်သည် သံဃာ

အစည်းအဝေးသို့ဝင်ခြင်းငှါမသင့်။ မမေ့မမလျော့ဖြစ်ပါလေ့ဟု ဆိုကုန်၏။ ။ထိုရောအခါ အာနန္ဒာသည် နက်ဖြန်နေ့၌ သံဃာအစည်းအဝေးသည်ဖြစ်လတ္တံ့။ အကြင်ငါသည် သေကွသာဖြစ်လျက် သံဃာအစည်းအဝေးသို့အကြင်အကြောင်းဖြင့်ဝင်ရာ၏။ထိုအကြောင်းသည် ငါအားမလျောက်ပတ်။ ဤသို့နှလုံးပြု၍၊ များစွာသောညဉ့်ပတ်လုံး ကာယ၏အစုဒ္ဓ အောက်မေ့ခြင်းသတိနှင့်ယှဉ်လျက် လွန်စေ၏။ ညဉ့်၏မိုးသောက်ယံအခါ၌ စင်္ကြံမှသက်၍ ကျောင်းတွင်းသို့ဝင်၍ အိပ်ဦးတော့အံ့ဟု ညောင်စောင်း၌ထိုင်၍ ကိုယ်ကိုစောင်း၏။ ခြေနှစ်ဘက်တို့သည် မြေမှလွတ်ကုန်ပြီ။ ဦးခေါင်းသည်ခေါင်းအုံးသို့မရောက်မီ၊ ဤအကြား၌ တဏှာဒိဋ္ဌိတို့သည် မစွဲလမ်းမူ၍ အာသဝေါတရား လေးပါးတို့မှ စိတ်သည်လွတ်၏။ ရဟန္တာဖြစ်၏ဟူလိုသည်။ ။ဤအရှင်အာနန္ဒာသည် စင်္ကြံသွားခြင်းဖြင့် များစွာသောညဉ့်ပတ်လုံး အပဒ္ဒလွန်စေ၍ ဈာန်မဂ်ဖိုလ်အထူးကို ဖြစ်စေခြင်းငှါမတတ်နိုင်သည်ရှိသော် ဤသို့ကြံ၏။မြတ်စွာဘုရားသည် ဤသို့မိန့်တော်မူ၏။အာနန္ဒာ၊သင်သည် ပြုအပ်ပြီးသောဘုန်းရှိ၏။ ကမ္မဋ္ဌာန်းကို စီးဖြန်းလော့။ လျင်စွာ အာသဝေါကင်းသည်ဖြစ်လတ္တံ့ဟု မိန့်၏။ မြတ်စွာဘုရားတို့၏ စကားမည်သည် ပျက်ယွင်းခြင်းမရှိ။ ငါ့အား အလွန်အားထုတ်လွန်းသော လုံ့လရှိ၏။ ထိုကြောင့် ငါ၏စိတ်သည် ပျံ့လွင့်ခြင်းငှါ ဖြစ်၏။ ယခုအခါ၌ ငါသည် ဝိရိယနှင့်သမာဓိကိုယှဉ်စေအံ့ဟု စင်္ကြံမှသက်၍ ခြေတို့ကိုဆေး၍ကျောင်းတွင်းသို့ဝင်၍ညောင်စောင်း၌ထိုင်၍အတန်ငယ်စက်ဦးအံ့ဟု ညောင်စောင်း၌ကိုယ်တော်ကို ညွှတ်၏။ ခြေနှစ်ဘက်တို့သစည်း မြေမှလွတ်ကုန်ပြီ။ ဦးခေါင်းသည် ခေါင်းအုံးသို့ မရောက်မီ၊ ဤအကြား၌ ရဟန္တာအဖြစ်သို့ ရောက်၏။အရှင်အာနန္ဒာ၏ရဟန္တာအဖြစ်သည်|ဈာန်ဝိယာပုထုဇ်လေးပါးမှလွတ်၏။ ထိုကြောင့် ဤသာသနာတော်၌၊မလျောင်းဘဲ၊မထိုင်ဘဲ၊မရပ်ဘဲ၊ စင်္ကြံ မသွားဘဲ၊ ရဟန္တာအဖြစ်သို့ ရောက်သည် အဘယ်ရဟန်းနည်းဟုဆိုသော် အရှင်အာနန္ဒာတည်းဟုဖြေရာ၏။ ။ထိုအခါမထေရ်ကြီးတို့သည် နောက်တရက်၌ ဆွမ်းစားခြင်းကိစ္စပြီးပြီးသော် သဒိတ်သကာ်နန်းတို့ကို သိမ်းဆည်း၍ သင်္ကာယနာတင်ရာ မဏ္ဍပ်၌ စည်းဝေးကုန်၏။ အရှင်အာနန္ဒာသည်လည်း ရဟန္တာ အဖြစ်သို့ ရောက်ပြီးသည် ဖြစ်၍ အစည်းအဝေးသို့ သွားလေ၏။ အဘယ်သို့သွားလေသနည်းဟူသော်။

၍အခါသည် ငါ့အား သံဃာ့အစည်းအဝေးသို့ဝင်အံ့သောအခါတည်း ဟု ရှင်သောဗိတ်ရှိသည်ဖြစ်၍၊ ပဓုံးတဘက်၌ ကိုယ်ဝတ် စပယ်တင်သည်ကိုပြု၍၊ အညာမှကြွလွတ်သောထန်းသီးမျည့်ကဲ့သို့။ ဖြာ့တော့သော အဆင်းရှိသော ကမ္မလာ၌ ကောင်းစွာထားအပ်သော ပတ္တမြားစစ်ကဲ့သို့။ ကင်းသော တိမ်တိုက် ရှိသော ကောင်းကင်၌ ကောင်းစွာတက်သောလပြည့်ဝန်းကဲ့သို့။ နေလုလင်၏အရောင်နှင့် တွေ့သည်ဖြစ်၍ ကောင်းစွာပွင့်သော ဝတ်မုံတိုက်ရှိသောပဒုမာကြာကဲ့သို့။ ကောင်းစွာ စင်ကြယ်ဖြူစင်သော အရောင်နှင့်တကွသော မျက်နှာတော်ဖြင့် ဗိမိ၏ ရဟန္တာ၏ အဖြစ်ကို သံဃာတော်အား ကြားသကဲ့သို့။ ကောင်းကင်ခရီးဖြင့် ကြွတော်မူလေ၏။ အရှင်အာနန္ဒာသည် ဗိမိ၏ရဟန္တာအဖြစ်ကိုသိစေလို၍ ရဟန်းတို့နှင့်အတူမသွား။ ရဟန်းတို့သည် သိတင်းကြိုးအစည်အတိုင်း ဗိမိတို့အား ဖူးရောက်သောနေရာ၌ နေကုန်သော်။ အရှင်အာနန္ဒာ၏နေရာကို လွတ်၍နေကုန်၏။ ထိုသို့နေရာ၌ အခြို့သောရဟန်းတို့သည် ၍နေရာသည် အဘယ်သူ၏နေရာနည်းဟု ဆိုကုန်၏။ အရှင်အာနန္ဒာ၏ နေရာတည်းဟု ဆိုကုန်သော်။ အာနန္ဒာသည် အဘယ်မှာနည်းဟုမေးမြန်းကုန်၏။ ထိုအခါ၌ အရှင်အာနန္ဒာသည် ၍အခါငါသွားအံ့သောအခါတည်းဟု ဗိမိ၏အာနုဘော်ကို ပြုလျက် မြေ၌ ထုပ်၍ ဗိမိအား ဖူးရောက်သောနေရာ၌လျင်ကိုယ်ကိုပြ၏ဟူ၍လည်းဆိုကုန်၏။ ၍သို့နေ့ပြီးသော် အရှင်မဟာကဿပသည် အရှင်အာနန္ဒာကိုမြင်တော်မူ၍။ မြတ်စွာဘုရားသည် အကယ်၍ထင်ရှားရှိတော်မူအံ့။ ယခုအခါ မလျှတ်လျင် အာနန္ဒာအား ကောင်းချီးပေးရာ၏။ မြတ်စွာဘုရား ပေးတော်မူအံ့သောကောင်းချီးကိုငါသည်ပင်ပေးအံ့ဟု သုံးကြိမ်မြောက်အောင်ကောင်းချီးပေးတော်မူ၏။ ။

ထိုရောအခါ အရှင်မဟာကဿပသည် ရဟန်းတို့ကို။ ငါ့ရှင်တို့၊ သူတော် အဘိဓမ္မာကိုသော်တည်း ရွှေဦးစွာ သင်္ဂါယနာ တင်အံ့လော။ ဝိနည်းကိုသော်တည်းရွှေးဦးစွာသင်္ဂါယနာတင်အံ့လောဟုမေးတော်မူသော်၊ဘုန်းတော်ကြီးသောအရှင်မဟာကဿပ၊ဝိနည်းသည် မြတ်စွာဘုရားသာသနာတော်၏ အသက်တည်း။ ဝိနည်းဝိဒူကတ်တည်သည် ရှိသော် သာသနာတော်သည် တည်သည်မည်၏။ထို့ကြောင့်ဝိနည်းကို ရွှေးဦးစွာ သင်္ဂါယနာ ထပ်ကုန်အံ့ဟု လျှောက်ကုန်၏။ အဘယ်သူကို

အကြီးပြု၍သင်္ဂါယနာတင်ရအံ့နည်းဟု မေးတော်မူသော်။ အရှင်ဥပါလိကို အဆံကြီးပြု၍တင်ကုန်အံ့ဟု လျောက်ကုန်၏။ အရှင်အာနန္ဒာသည် မစွမ်းနိုင်သလောဟူတုံအံ့။ မစွမ်းနိုင်သည်မဟုတ်၊ စွမ်းနိုင်၏။ စင်စစ်သော်ကား ဘုရားဖြတ်စွာကိုယ်တော် ထင်ရှားရှိစဉ်ကပင် ဝိနည်းပရိယတ်ကိုမှီ၍၊ ချစ်သားရဟန်းတို့၊ ဝိနည်းကိုဆောင်ကုန်သော တပည့်သားတို့တွင်ဥပါလိသည်ဖြတ်၏ဟု အရှင်ဥပါလိကိုတင်ခေါ်အာရုဠ်ထားတော်မူ၏။ ထိုကြောင့်ဥပါလိကိုမေး၍ဝိနည်းကိုသင်္ဂါယနာတင်ကုန်အံ့ဟုလျောက်ကုန်၏။ ။ထိုနောက်မှ အရှင်မဟာကဿပသည်။ အရှင်ဥပါလိကို ဝိနည်းကိုမေးအံ့သောငှါ၊ ငါ့ရှင်တို့၊သံဃာသည်ငါ၏စကားကို နာစေသတည်း။ အကယ်၍ သံဃာအား လျောက်ပတ်သောအခါသည်ဖြစ်အံ့။ ငါသည် ဥပါလိကို ဝိနည်းကိုမေးအံ့ဟု မိမိသည်ပင် မိမိကိုယ်ကိုသမုတ်၍သံဃာကိုသိစေ၏။ အရှင်ဥပါလိသည်လည်း ဝိနည်းကိုဖြေအံ့သောငှါ အရှင်တို့၊သံဃာသည် အကျွန်ုပ်၏စကားကို နာစေသတည်း။ အကယ်၍ သံဃာအား လျောက်ပတ်သောအခါသည်ဖြစ်အံ့။ အရှင်မဟာကဿပသည် ဝိနည်းကိုမေးအပ်သော အကျွန်ုပ်သည်ဖြေအံ့ဟု မိမိသည်ပင်မိမိကိုယ်ကိုသမုတ်၍ သံဃာကိုသိစေ၏။ ဤသို့သမုတ်ပြီး၍ အရှင်ဥပါလိသည်နေရာမှထ၍ ပခုံးတဘက်၌ ကိုယ်ဝတ်စပယ်တင်သည်ကို ပြု၍၊ မဇ္ဈိမရကြီးဖြစ်သော ရဟန်းတို့ကို ရှိခိုး၍၊ တရားဟောပလွင်သို့တက်၍ ဆင်စွယ်ယပ်ကိုကိုင်၍နေ၏။ ။အရှင်မဟာကဿပသည် မဇ္ဈိမရဏ်နေရာ၌နေ၍ အရှင်ဥပါလိကို ဝိနည်းကိုမေး၏။ ငါ့ရှင်ဥပါလိ၊ ပဌမပါရာဇိကကို မြတ်စွာဘုရားသည် အဘယ်အရပ်၌ ပညတ်တော်မူသနည်းဟု မေး၏။ ဘုန်းတော်ကြီးသော အရှင်မဟာကဿပ၊ ဝေသာလိပြည်၌ပညတ်တော်မူ၏ဟူ၍ဖြေ၏။ အဘယ်ပုဂ္ဂိုလ်ကို အကြောင်းပြု၍ ပညတ်တော်မူသနည်းဟု မေး၏။ ကလန္ဒပုတ္တားဏ်းသားဖြစ်သော အရှင်သုဒိန်ကိုအကြောင်းပြု၍ ပညတ်တော်မူ၏ဟုဖြေ၏။ အဘယ်ဝတ္ထုကြောင့် ပညတ်သနည်းဟု မေး၏။ မေထုန်လွန်ကျူးခြင်းဝတ္ထုကြောင့် ပညတ်တော်မူ၏ဟုဖြေ၏။ထိုအခါ အရှင်မဟာကဿပသည် အရှင်ဥပါလိကိုပဌမပါရာဇိက၏နိဒါန်းကိုမေး၏။ ပုဂ္ဂိုလ်ကိုမေး၏။ ဝတ္ထုကိုမေး၏။ပညတ်ကိုမေး၏။ အာပတ်ကိုမေး၏။ အနာပတ္တိကို မေး၏။ မေးတိုင်း မေးတိုင်း အရှင်ဥပါလိဖြေတော်မူ၏။

ဤသို့မေးဖြေပြီးသော်။ဤသည်ကား ၂၃မပါရာဇိကတည်းဟုထွားကုန်၏။ ဤပဌမပါရာဇိကကိုသင်္ဂါယနာတင်ပြီးသော်။ ငါးရာသောရဟန္တာတို့သည် သင်္ဂါယနာတင်ပြီးသောနည်းဖြင့် တပေါင်းတည်း ရွတ်ဘတ်သရဇ္ဈာယ်ခြင်းကို ပြုကုန်၏။ တပေါင်းတည်းရွတ်ခြင်းကို အားထုတ်သောအခါ၌ နှစ်သိန်းလေးသောင်းယူဇနာ အထူရှိသော မြေကြီးသည် ရေအဆုံးရှိသည်ကို ပြု၍ ပြင်းစွာတုန်လှုပ်၏။ ။ဤသို့သောနည်းဖြင့် ကြွင်းသော ပါရာဇိကလေးပါးတို့ကို သင်္ဂါယနာတင်၍ ဤသည်ကား ပါရာဇိကကဏ္ဍတည်းဟုထားကုန်၏။တဆဲ့သုံးပါးသောသံဃာဒိသိသ်တို့ကို တေရသကကဏ္ဍဟု ထားကုန်၏။ နှစ်ပါးသောသိက္ခာပုဒ်တို့ကို အနိယတမည်၏ဟုထားကုန်၏။သုံးဆယ်သောသိက္ခာပုဒ်တို့ကိုနိဿဂ္ဂိယပါစိတ်ဟုထံုးကုန်၏။ ကိုးဆဲ့နှစ်ပါးသော သိက္ခာပုဒ်တို့ကို ပါစိတ်ဟု၍ထားကုန်၏။ လေးပါးသောသိက္ခာပုဒ်တို့ကို ပါဋိဒေသနီဟု၍ထားကုန်၏။ခုနစ်ဆဲ့ငါးပါးသောသိက္ခာပုဒ်တို့ကို သေခိယဟု၍ထားကုန်၏။ ခုနစ်ပါးသော တရားတို့ကို အဓိကရဏသမထမည်၏ဟု၍ ထားကုန်၏။ ဤသို့ နှစ်ရာ့နှစ်ဆဲ့ခုနစ်ပါးသော သိက္ခာပုဒ်တို့ကို မဟာဝိဘင်းဟုကြား၍ထားကုန်၏။ မဟာဝိဘင်းကို သင်္ဂါယနာတင်ပြီးသောအဆုံး၌ မြေကြီးသည်တုန်လှုပ်၏။ ။ထိုနောင်မှ ရှစ်ပါးသော သိက္ခာပုဒ်တို့ကို ပါရာဇိကကဏ္ဍဟု ထားကုန်၏။ တဆဲ့ခုနစ်ပါးသော သိက္ခာပုဒ်တို့ကို သတ္တရသက ကဏ္ဍဟု ထားကုန်၏။ သုံးဆယ်သော သိက္ခာပုဒ်တို့ကို နိဿဂ္ဂိယပါစိတ်ဟု၍ထားကုန်၏။ တရာ့ခြောက်ဆဲ့ ခြောက်ပါးသော သိက္ခာပုဒ်တို့ကို ပါစိတ်ဟု ထားကုန်၏။ ရှစ်ပါးသောသိက္ခာပုဒ်တို့ကို ပါဋိဒေသနီဟုထား၍ကုန်၏။ခုနစ်ဆဲ့ငါးပါးသောသိက္ခာပုဒ်တို့ကို သေခိယဟု၍ ထားကုန်၏။ ခုနစ်ပါးသော တရားတို့ကို အဓိကရဏသမထဟု၍ ထားကုန်၏။ ဤသုံးရာ့ လေးပါးသော သိက္ခာပုဒ်တို့ကို၊ ဘိက္ခုနီဝိဘင်းဟု၍ကြား၍ထားကုန်၏။ ဤသည်လျှင်ဥဘတောဝိဘင်းမည်၏။ခြောက်ဆဲ့လေးဘာဏဝါရ ရှိ၏။ ဥဘတောဝိဘင်းကို သင်္ဂါယနာတင်သောအဆုံး၌ဆိုအပ်ပြီးသောနည်းဖြင့် မြေကြီးတုန်လှုပ်၏။ ။ဤသို့ဆိုအပ်ပြီးသောနည်းဖြင့် ရှစ်ဆယ်သော ဘာဏဝါရ ရှိသော ခန္ဓကကိုဂုဏ်း။ နှစ်ဆဲ့ငါး ဘာဏဝါရ ရှိသော ပရိဝါရကိုဂုဏ်း။ သင်္ဂါယနာတင်ပြီး၍။ ဤသည်သျှင် ဝိနည်းပိဋကတ်မည်၏ဟုထား၍ကုန်၏။ဝိနည်းပိဋကတ်ကို

သင်္ဂါယနာ တင်ပြီးသော အဆုံးဦ ဖြေကြီးသည် ပြင်းစွာတုန်လှုပ်၏။ ဝိနည်းပိဋကတ်ကိုသင်္ဂါယနာတင်ပြီးသောအဆုံးဦ အရှင်ဥပါလိသည် ဆင်စွယ်ယပ်ကို ချ၍ တရားဟောနေရာမှ သက်၍ မဏ္ဍရကြီးတို့ကို ရှိခိုး၍၊မိမိအားရောက်သောနေရာဦနေ၏။ ။

ဝိနည်းပိဋကတ်ကို သင်္ဂါယနာတင်ပြီး၍၊ သုတ်အဘိဓမ္မာကိုသင်္ဂါယနာတင်လိုသော အရှင် မဟာကဿပသည်။ သုတ် အဘိဓမ္မာတို့ကို သင်္ဂါယနာတင်သဖြင့် အဘယ်သူကိုအကြီးပြု၍ သင်္ဂါယနာတင်ရအံ့နည်းဟု ရဟန်းတို့ကို မေး၏။ အရှင်အာနန္ဒာကို အကြီးပြု၍ တင်ကုန်အံ့ဟု ရဟန်းတို့သည် ဆိုကုန်၏။ ထိုအခါ အရှင်မဟာကဿပသည် သံဃာကို သိစေ၏။ ငါ့ရှင်တို့၊ သံဃာသည် ငါ၏စကားကို နာစေသတည်း။ အကယ်၍လျော်ပတ်သောအခါသည်သံဃာအားဖြစ်အံ့။ငါသည် အာနန္ဒာကိုသုတ်အဘိဓမ္မာကို မေးအံ့ဟုသိစေ၏။အရှင်အာနန္ဒာသည်လည်းဘုန်းတေဝင်ကြီးသောအရှင်ဘုရားတို့၊သံဃာသည်အကျွန်ုပ်၏စကားကိုနာစေသဟုညည်း။သံဃာအားလျော်ပတ်သောအခါသည် အကယ်၍ ဖြစ်အံ့။ အရှင်မဟာကဿပသည် သုတ်အဘိဓမ္မာကို မေးအပ်သောအကျွန်ုပ်သည်ဖြေအံ့ဟုသိစေ၍။ အရှင်အာနန္ဒာသည် နေရာမှထ၍ ပခုံးတဘက်ခွ ကိုယ်ဝတ်စပယ်တင်သည်ကိုပြု၍ မဏ္ဍရကြီးတို့ကိုရှိခိုး၍ ဆင်စွယ်ယပ်ကိုကိုင်၍ တရားဟောနေရာဦနေ၏။ ။အရှင်မဟာကဿပသည် ရဟန်းတို့ကို၊ ငါ့ရှင်တို့၊ အဘယ်ဝိဋကတ်ကို ဧရှေးဦးစွာသင်္ဂါယနာတင်ရအံ့နည်းဟုမေး၏။ သုတ္တန်ကိုဧရှေးဦးစွာတင်ကုန်အံ့ဟုဆိုကုန်၏။ သုတ္တန်ဝိဋကတ်ခွ လေးပါးသောသဂီတိတို့သည် ရှိကုန်၏။ အဘယ်သဂီတိကို ရှေးဦးစွာတင်ရအံ့နည်းဟု မေး၏။ ဒီဃသဂီတိဟုဆိုကုန်၏။ ဒီဃသဂီတိသည် ဝဂ်အားဖြင့်သုံးပါး။ သုတ်အားဖြင့် သုံးဆဲ့လေးပါးရှိ၏။ အံဘယ်ဝဂ်ကိုရှေးဦးစွာသင်္ဂါယနာတင်ရအံ့နည်းဟု မေး၏။ သီလက္ခန္ဓဝဂ်ကိုတင်အံ့ဟု ဆိုကုန်၏။ သီလက္ခန္ဓဝဂ်ခွ တဆဲ့သုံးပါးသောသုတ်တို့သည် ဖြစ်ကုန်၏။ အဘယ်သုတ်ကို ရှေးဦးစွာသင်္ဂါယနာတင်ရအံ့နည်းဟု မေး၏။ ဗြဟ္မဇာလသုတ်ကို ရှေးဦးစွာတင်အပ်၏ ဟူ၍. ရဟန်းတို့ ဆိုကုန်သော် အရှင်မဟာကဿပသည် အရှင်အာနန္ဒာကို။ ငါ့ရှင်အာနန္ဒာ၊ ဗြဟ္မဇာလသုတ်ကို မြတ်စွာဘုရားသည် အဘယ်အရပ်၌ဟောတော်မူသနည်းဟု မေး၏။ ရာဇဂြိုဟ်ပြည်

ဏ်ဂုင်း၊ နာဠန္ဒဏ်ဂုင်း အကြားဒ္ဒါ၊ အဇ္ဈလဒ္ဒိကသရက်တောဒ္ဒါ၊ ပင်းကွန်း စရပ်ဒ္ဒ ဟောတော်မူဏ်ဟုဖြေဏ်။ အဘယ်သူကိုအကြောင်းပြု၍ ဟော တော်မူသနည်းဟု မေးသော်။ သုပ္ပိယ အမည်ရှိသော ပရိဗိုဇ်ကိုဂုင်း၊ ဗြဟ္မဒတ်အမည်ရှိသောလုလင်ကိုဂုင်း ရည်၍ ဟောတော်မူဏ်ဟု ဖြေ ဏ်။ အဘယ်ဝတ္ထုကြောင့်ဟောတော်မူသနည်းဟုမေးဏ်။ သုပ္ပိယသည် မြတ်စွာဘုရား၏ကျေးဇူးမဲ့ကို၊ ဗြဟ္မဒတ်လုလင်သည် မြတ်စွာဘုရား၏ ကျေးဇူးတော်ကို၊ ဤသို့ဆရာတပည့်သည်ဖြောင့်ဖြောင့်ဆန့်ကျင်သော အယူဖြင့် ကျေးဇူးရှိမဲ့ကိုဆိုသောဝတ္ထုကြောင့်ဟောတော်မူဏ်ဟု ဖြေ ဏ်။ ဤသို့လျှင် အရှင်မဟာကဿပသည် ဗြဟ္မဇာလသုတ်၏နိဒါန်းကို မေးဏ်။ ပုဂ္ဂိုလ်ကိုမေးဏ်။ ဝတ္ထုကိုလည်းမေးဏ်။ အရှင်အာနန္ဒာသည် မေးတိုင်းကို ဖြေဏ်။ မေးဖြေပြီးသောအဆုံးဒ္ဒ ငါးရာသော ရဟန်းတို့ သည် တဲပေါင်းတည်းရွတ်ကုန်ဏ်။ ။ထိုနောင်မှ သာမညဖလသုတ် အစရှိသော တဆဲ့နှစ်သုတ်တို့ကိုလည်း၊ နိဒါန်း၊ ပုဂ္ဂိုလ်၊ ဝတ္ထုတို့ကို မေး၍ ဖြေ၍ တဲပေါင်းတည်းငါးရာသောရဟန်းတို့သည်ရွတ်ပြီးသော အဆုံးဒ္ဒ ဤသည်ကား သိလက္ခန္ဓဝဂ်မည်ဏ်ဟုထားကုန်ဏ်။ ။ထိုဝဂ် ဏ်အခြားမဲ့ဒ္ဒ မဟာဝဂ်ကို။ ထိုမဟာဝဂ်ဏ်၏ နောက်ဒ္ဒ ပါထေယျဝဂ်ကို သင်္ဂါယနာတင်ကုန်ဏ်။ ဤသို့လျှင် သုံးပါးသောဝဂ်တို့ဖြင့်သင်္ဂြိဟ်အပ် သော၊ သုံးဆဲ့လေးပါးသောသုတ္တန်တို့ဖြင့်တန်ဆာဆင်အပ်သော၊ ခြောံ ဆဲ့လေးဘာဏဝါရအတိုင်းအရှည်ရှိသော ပါဋိအစဉ်ကို သင်္ဂါယနာ တင်ကုန်၍။ ဤသည်ကား ရှည်စွာသော သုတ်ဏ်၏ အပေါင်း ဖြစ်သော ကြောင့် ဒီဃနိကာယ်မည်ဏ်ဟု ကြားကုန်၍။ ငါ့ရှင် အာနန္ဒာ၊ ဤဒီဃ နိကာယ်ကို ငါ့ရှင်ဏ်၏တပည့်တို့ကိုဆောင်စေကုန်ဟုဆို၍ ဝန်ခံစေကုန် ဏ်။ ။ထိုနောက်မှ မူလပရိယာယဝဂ်အစရှိသော တဆဲ့ငါးပါးသော ဝဂ်တို့ဖြင့် သင်္ဂြိဟ်အပ်သော၊ မူလပရိယာယဉာတ်အစရှိသော တရဲ့ ငါးဆဲ့နှစ်သုတ်တို့ဖြင့် တန်ဆာဆင်အပ်သော၊ ရှစ်ဆယ်သော ဘာဏ ဝါရ အတိုင်းအရှည်ရှိသော ပါဋိအစဉ်ကို သင်္ဂါယနာတင်ကုန်၍။ ဤ နိကာယ်သည် အလတ်သောပမာဏရှိကုန်သော သုတ်တို့ဏ်၏ အပေါင်း ဏ်၏ တည်ရာ ဖြစ်သောကြောင့် မဇ္ဈိမနိကာယ်မည်ဏ်ဟု ကြားကုန်၍။ တရားစစ်သူကြီးဖြစ်သော အရှင်သာရိပုတြာဏ်၏တပည့်တို့ကို။ သင်တို့ သည် ဤမဇ္ဈိမနိကာယ်ကို သင်ကုန်ဆောင်ကုန်ဟုအပ်နှင်း၍ ဝန်ခံစေ

ကုန်၏။ ။ထိုမဇ္ဈိမနိကာယ်၏ အာခြားမဲ့၌။ ဒေဝတာသံယုတ် အစရှိသည်တို့၏အစွမ်းအားဖြင့်ဆိုအပ်ကုန်သော၊ ဩဃတရဏာသုတ်အစရှိသော ချနစ်ထောင့်ချနစ်ရာ ခြောက်ဆဲ့ နှစ်သုတ်တို့ဖြင့် တန်ဆာဆင်အပ်ကုန်သော၊ ဘာဏဝါရအတိုင်းအရှည်ရှိသောသံယုတ္တနိကာယ်ကို သင်္ဂါယနာတင်ကုန်၍။ ဤနိကာယ်ကား ဝံသံယုတ်အပေါင်းတို့၏တည်ရာဖြစ်သောကြောင့် သံယုတ္တနိကာယ်မည်ကုန်၏ဟု အမည်ကို ကြားကုန်၍ အရှင်မဟာကဿပမထေရ်ကိုဝန်ခံစေကုန်၏။ ဘုန်းတော်ကြီးသော အရှင်မဟာကဿပ၊ ဤသံယုတ္တနိကာယ်ကို အရှင်ဘုရားတို့၏တပည့်တို့ကိုသင်ပါစေကုန်ဆောင်ပါစေကုန်ဟူ၍အပ်နှင်းကုန်၏။ ။ထိုသံယုတ္တနိကာယ်၏အခြားမဲ့၌ တရတရသောအင်္ဂါလွန်သည်၏ အစွမ်းအားဖြင့်ဆိုအပ်ကုန်သော၊ စိတ္တပရိယာဒါနသုတ်အစရှိကုန်သော၊ ကိုးထောင့် ငါးရာ့ ငါးဆဲ့ ချနစ်သုတ်တို့ဖြင့်.တန်ဆာ ဆင်အပ်သော၊ တရာ့နှစ်ဆယ်ဘာဏဝါရ အတိုင်းအရှည်ရှိသော အင်္ဂုတ္တရနိကာယ်ကိုသင်္ဂါယနာတင်ကုန်၍၊ ဤနိကာယ်သည်ကား တရတရသောအင်္ဂါလွန်ကုန်သောသုတ်တို့၏အပေါင်းတို့၏တည်ရာဖြစ်ကုန်သောကြောင့်။ အင်္ဂုတ္တရနိကာယ်မည်ကုန်၏ဟုကြားကုန်၍။ အရှင်အနုရုဒ္ဓါမထေရ်ကို ဝန်ခံစေကုန်၍။ ဤနိကာယ်ကို အရှင်ဘုရားတို့၏တပည့်တို့ကို သင်ပါစေကုန်ဆောင်ပါစေကုန်ဟူ၍ ဆောံနှင်းဝန်ခံစေကုန်၏။ ။ထိုနောင် မှ၊ ဓမ္မသင်္ဂဏီ၊ ဝိဘင်း၊ ဓာတုကထာ၊ ပုဂ္ဂလပညတ်၊ ကထာဝတ္ထု၊ ယမကိ၊ပဋ္ဌာန်းဟူ၍ ပကရဏပရိယာယ်ဒေသနာအားဖြင့် ချနစ်ပါးအပြားရှိသော၊ သိမ်မွေ့သောဉာဏ်၏ကျက်စားရာဖြစ်သောပါဠိတော်အစဉ်ကို သင်္ဂါယနာတင်ကုန်၍၊ ဤသည်ကား အဘိဓမ္မာပိဋကတ်မည်၏ဟုဆိုကုန်၍။ ငါးရာသော ရဟန္တာ တို့သည် တပေါင်းတည်း ရွတ်ကုန်၏။ ရွတ်ပြီးသောအဆုံး၌ ယူဇနာနှစ်သိန်းလေးသောင်းအထိရှိသော မြေကြီးသည် ကောင်းချီးပေးသောအားဖြင့် ပြင်းစွာတုန်လှုပ်ကုန်၏။ ။ထိုနောင်မှ၊ ဇာတ်။ နိဒ္ဒေသ။ ပဋိသမ္ဘိဒါမဂ်။ အပဒါန်။ ဇုဒ္ဓဝံသ။ စရိယာပိဋကဟူသမျှ နိပါတ်။ ဝဲဒူကပါဋ္ဌ။ ဓမ္မပဒ။ ဥဒါန်။ ဣတိဝုတ္တက။ ဝိမာနဝတ္ထု၊။ ပေတဝတ္ထု၊။ထေရဂါထာ။ထေရီဂါထာ။ဤအလုံးစုံကိုသင်္ဂါယနာတင်ကုန်၍ ဤအလုံးစုံသည်ဌင်း။ ဝိနည်းဝိဘင်္ဂကတ်၊ အဘိဓမ္မာ ပိဋကတ်သည်ဌင်း။ ခုဒ္ဒကနိကာယ်မည်ကုန်၏ဟူ၍ကြားကုန်၏။ ။

ဂဒ္။ ထိုသင်္ဂါယနာတင်သောဖြတ်စွာဘုရား စကားတော်တို့ကို၊ ငကေရသ၊ခမ္မ-ဝိနယ- ၂-ရပ်။စသည်ဖြင့် ခွဲဝေကောက်ယူပုံပိဋကတ်ခွဲကိုပြရာ။

၅၂။ ဤသို့ ဆိုပြီးသော နည်းဖြင့် အလုံးစုံသော ဖြတ်စွာဘုရား စကားတော်သည်။ ရသအားဖြင့်တပါးသာရှိ၏။ ဓမ္မဝိနယအားဖြင့် နှစ်ပါးအပြားရှိ၏။ ပဌမဇ္ဈာနဝစန၊မဇ္ဈိမဇ္ဈာနဝစန၊ပစ္ဆိမဇ္ဈာနဝစန၊အားဖြင့် သုံးပါးအပြားရှိ၏။ ပိဋကတ်အားဖြင့်လည်း သုံးပါးအပြားရှိ၏။ နိကာယ်အားဖြင့် ငါးပါးအပြားရှိ၏။အင်္ဂါအားဖြင့် ကိုးပါးအပြားရှိ၏။ဓမ္မက္ခန္ဓာအားဖြင့် ရှစ်သောင်းလေးထောင်အပြားရှိ၏။ ။ရသအားဖြင့် အဘယ်ကဲ့သို့ တပါးသာရှိစသနည်းဟူမူကား။ သဗ္ဗညုဖြတ်စွာဘုရားသည်။ သစ္စာလေးပါးတရားတို့ကို သိတော်မူပြီး၍။ အကြင်မျှလောက်သောကာလ၌ ပရိနိဗ္ဗာန်ပြုတော်မမူသေး။ ထိုမျှလောက်သောအကြားခွဲ လေးဆဲ့ငါးဝါတို့ပတ်လုံး။ လူနတ်နဂါးဘီလူးအစရှိသည့်တို့ကိုဆုံးမတော်မူလိုသဖြင့်ဂုဏ်း။ ဆင်ခြင်တော်မူသဖြင့်ဂုဏ်း။ ဟောတော်မူအပ်သောတရားအလုံးစုံသည် တူသောရသရှိ၏။ ကိုလေသာမှ အရဟတ္တဖိုလ်ဖြင့် လွတ်ခြင်းကိစ္စရှိသည်သာ ဖြစ်ကုန်၏။ ဤသို့လျှင် တူပါးသာရှိ၏။ ။ဓမ္မဝိနယအားဖြင့်ကား။ ဝိနည်းပိဋကသည် ဝိနယမည်၏။ ဝိနည်းမှကြွင်းသောအလုံးစုံသော တရားတော်သည် ဓမ္မမည်၏။ ဤသို့လျှင် နှစ်ပါးဖြစ်သတည်း။ ။အလုံးစုံသောတရားတော်သည်။ ပဌမဇ္ဈာနဝစန၊ မဇ္ဈိမဇ္ဈာနဝစန၊ပစ္ဆိမဇ္ဈာနဝစန၊ဟူ၍သုံးပါးအပြားရှိ၏။ ။အနေကဓာတိသံသာရံ၊သန္ဓာဝိဿံ အနိဗ္ဗိသံ။ ဂဟကာရံ ဂဝေသန္တော၊ ဒုက္ခာဓာတိပုနပ္ပုနံ။ ။ဂဟကာရကဒိဋ္ဌောသိ၊ပုန ဂေဟံ နကာဟသိ။သဗ္ဗာတေဖာသုကာဘဂ္ဂါ၊ဂဟကူဋံ ဝိသင်္ခိတံ။ဝိသင်္ခါရဂတံ စိတ္တံ၊တဏှာနံ ခယ မဇ္ဈဂါ။ ။ဟူသော ဤတရားတော်သည်။ ပဌမဇ္ဈာနဝစန့မည်၏။ ။ပရိနိဗ္ဗာန်ပြုတော်မူခါနီးဦး။ဟန္ဒ ဒါနိ ဘိက္ခဝေ အာမန္တယာမိ ဝေါဝယဓမ္မာသင်္ခါရာအပ္ပမာဒေနသမ္ပာဒေထ။ဟူ၍ တပည့်သား ရဟန်းတို့ကိုမှာခဲ့သောစကားတော်သည် ပဌမဇ္ဈာနဝစန့မည်၏။ ထိုစကားနှစ်ပါးတို့၏ အကြားခွဲ ဟောတော်မူသော တရားအလုံးစုံသည် မဇ္ဈိမဇ္ဈာနဝစန့မည်၏။ ဤသို့လျှင် သုံးပါးအပြားရှိ၏။ ။အလုံးစုံသောတရားတော်သည်

ဝိနည်းပိဋကတ်၊ သုတ္တန်ပိဋကတ်၊ အဘိဓမ္မာပိဋကဟူ၍ သုံးပါးအပြားရှိ၏။ ဘိက္ခုပါတိမောက်၊ ဘိက္ခုနီ ပါတိမောက်၊ ဘိက္ခုဝိဘင်း၊ ဘိက္ခုနီဝိဘင်း၊ နှစ်ဆဲ့နှစ်ပါးသောခန္ဓက၊ တဆဲ့ခြောက်ပါးသောပရိဝါရ၊ ဤအလုံးစုံသည် ဝိနည်းပိဋကမည်၏။ ဒီဃနိကာယ်၊ မဇ္ဈိမနိကာယ်၊ သံယုတ္တနိကာယ်၊ အင်္ဂုတ္တရနိကာယ်၊ ခုဒ္ဒကပါဋ္ဌ၊ ဓမ္မပဒ၊ဥဒါန်း၊ဣတိဝုတ္တက၊ သုတ္တနိပါတ်၊ ဝိမာန်ဝတ္ထု၊ ပေတဝတ္ထု၊ ထေရဂါထာ၊ ထေရီဂါထာ၊ဇာတက၊နိဒ္ဒေသ၊ပဋိသမ္ဘိဒါမဂ်၊အပဒါန်း၊ ဗုဒ္ဓဝံသ၊ စရိယပိဋကဟူ၍ ဤသို့အားဖြင့်။ တဆဲ့ငါးပါးအပြားရှိသော ခုဒ္ဒကနိကာယ်။ ဤအလုံးစုံသည့် သုတ္တန်ပိဋကမည်၏။ ဓမ္မသင်္ဂဏီ၊ ဝိဘင်း၊ ဓာတုကထာ၊ ပုဂ္ဂလပညတ်၊ကထာဘဏ္ဍ၊ယမကိ၊ပဋ္ဌာန်း၊ ဤခုနစ်ပါးသည့် အဘိဓမ္မာပိဋကမည်၏။ ဤသည်လျှင် သုံးပါးအပြားရှိ၏။ ။နိကာယ်အားဖြင့် ငါးပါးအဘယ်သို့ဖြစ်သနည်းဟူမူကား။ ဒီဃနိကာယ်၊ မဇ္ဈိမနိကာယ်၊ သံယုတ္တနိကာယ်၊ အင်္ဂုတ္တရနိကာယ်၊ ခုဒ္ဒကနိကာယ်၊ဟူ၍ ငါးပါးတည်း။ ဝဂ်သုံးပါးတို့ဖြင့် သင်္ဂြိဟ်အပ်သော ဗြဟ္မဇာလသုတ်အစရှိသော သုံးဆဲ့လေးပါးသောသုတ်တို့သည် ဒီဃနိကာယ်မည်ကုန်၏။တဆဲ့ငါးပါးသောဝဂ်တို့ဖြင့် သင်္ဂြိဟ်အပ်သော မူလပရိယာယသုတ် အစရှိသော တရာ့ ငါးဆဲ့ နှစ်သုတ်သည် မဇ္ဈိမနိကာယ်မည်၏။ ဒေဝတာသံယုတ် အစရှိသည်တို့ဖြင့်ဆိုအပ်သော ဩဃတရဏသုတ်အစရှိသော ခုနစ်ထောင့်ခုနစ်ရာ့ခြောက်ဆဲ့နှစ်သုတ်သည် သံယုတ္တနိကာယ်မည်၏။တရတရသော အင်္ဂါလွန်သည်၏အစွမ်းအားဖြင့်ဖြစ်သောစိတ္တပရိယာဒါနသုတ်အစရှိကုန်သော။ ကိုးထောင့် ငါးရာ့ ငါးဆဲ့ ခုနစ်သုတ်တို့သည် အင်္ဂုတ္တရနိကာယ်မည်ကုန်၏။ အလုံးစုံသော ဝိနည်းပိဋကသည်ဂုဏ်း။ အဘိဓမ္မာ ပိဋကသည်ဂုဏ်း။ ခုဒ္ဒကပါဋ္ဌ အစရှိသော ဆိုအပ်ပြီးသော တဆဲ့ငါးပါးအပြားကိုသည်ဂုဏ်း။ ခုဒ္ဒကနိကာယ်မည်၏။ ဤသို့အားဖြင့် နိကာယ်ငါးပါးဖြစ်သတည်း။ ။အင်္ဂါအားဖြင့် ကိုးပါးအဘယ်ကဲ့သို့ဖြစ်သနည်းဟူမူကား။ အလုံးစုံသော မြတ်စွာဘုရားစကားတော်သည်။ သုတ္တံ၊ ဂေယျာ၊ ဝေယျာကရဏံ၊ ဂါထာ၊ ဥဒါန်၊ ဣတိဝုတ္တက၊ ဇာတက၊ အဗ္ဘုတဓမ္မ၊ ဝေဒလ္လ၊ဟူ၍ ကိုးပါးဖြစ်သတည်း။ထိုကိုးပါးတို့တွင်။ဥဘတောဝိဘင်း၊ ခန္ဓက်၊ ပရိဝါရ၊ သုတ္တနိပါတ်၌ မင်္ဂလသုတ်၊ ရတနသုတ်၊ နာလကသုတ်၊ တုဝဋ္ဋကသုတ်သည်ဂုဏ်း။ ဆိုအပ်ပြီးသည်မှတပါးသော

သုတ်ဟူ၍ အမည်ရသော မြတ်စွာဘုရားစကားတော်သည်၎င်း သုတ်မည်၏။ အလုံးစုံသောဂါထာနှင့်တကွဖြစ်သောသုတ်ကို ဂေယျာဟူ၍သိအပ်၏။ အဓိုးအားဖြင့် သံယုတ္တနိကာယ်၌ အလုံးစုံသောသဂါထာဝဂ်သည်၎င်း။ အလုံးစုံသော အဘိဓမ္မာပိဋကသည်၎င်း။ ဂါထာ မရှိသောသုတ်သည်၎င်း။ဆိုအပ်ပြီးသည်မှတပါး သောအဂ်ါ၅စ်ပါးတို့ဖြင့် မသင်္ကြိတ်အပ်သော မြတ်စွာဘုရားစကားတော်သည်၎င်း ၅ါ၏။ ထိုအလုံးစုံသည် ဝေယျာကရဏ်ာမည်၏။ဓမ္မပဒ၊ထေရဂါထာ၊ထေရီဂါထာ၊ သုတ္တနိပါတ်၌ သုတ်ဟူ၍ အမည်မရသော သက်သက်သော ဂါထာ၊ ဤအလုံးစုံသည် ဂါထာမည်၏။သောမနဿညာဏ်ဖြင့်ပြီးသောဂါထာနှင့်စပ်သောဖွဲ့စ်ဆဲ့နှစ်ပါးသောသုတ်သည် ဥဒါနမည်၏။ဝုတ္တ မိဒံဘဂဝတာ၊ အစရှိသောနည်းဖြင့်ဖြစ်သော တရဲ့တဆယ်သော သုတ်သည် ဣတိဝုတ္တကမည်၏။အပဏ္ဏကဇာတ်အစရှိကုန်သော ငါးရဲ့ငါးဆယ်သောဇာတ်တို့သည်ဇာတကမည်ကုန်၏။စတ္တာရောမေဘိက္ခဝေအစ္ဆရိယာအစ္ဆုတဓမ္မာ အာနန္ဒ၊အစရှိသောနည်းဖြင့်ဖြစ်သောအံ့ဘွယ်သရဲသောဂုဏ်ကျေးဇူးတရားနှင့်စပ်သောအလုံးစုံသောသုတ်သည်အစ္ဆုတဓမ္မမည်၏၊ စူဠဝေဒလ္လ၊ မဟာဝေဒလ္လ၊ သမ္မာဒိဋ္ဌိသုတ်၊ သက္ကပဉ္ဉသုတ်၊ သခိါရဘာဇနိယသုတ်၊ မဟာပုဏ္ဏမသုတ်, အစရှိကုန်သော အလုံးစုံသော ဝမ်းမြောက်ခြင်း နှစ်သက်ခြင်းကို ရတိုင်းရတိုင်းမေးအပ်သောသုတ်တို့သည် ဝေဒလ္လမည်ကုန်၏။ဤသို့လျှင်အဂ်ါအားဖြင့်ကိုးပါးဖြစ်သတည်း။ ။ဓမ္မကွန္ဓာအားဖြင့် ၅စ်သောင်းလေးထောင် အာဘယ်သို့ဖြစ်သနည်း။ ။ဒွါသိတိဂုဠတောဂဏ်ိ၊နွေသဟဿာနိ ဘိက္ခုတော။ စတုရာသီတိ သဟဿာနိ၊ယေမေ ဓမ္မာ ပဝတ္တိနော။ ။ဟူ၍ အ၅ှင်အာနန္ဒာသည်ပြအပ်သောဓမ္မကွန္ဓာ၏အစွမ်းအားဖြင့် ၅စ်သောင်းလေးထောင်အပြားရှိ၏။ ။ဘောဗြာဟ္မဏာ၊ဒေ့ိပုဏ္ဏော။ ဂုဠေတော၊ မြတ်စွာဘုရားမှ။ဒွါသိတိသဟဿာနိ၊၅စ်သောင်းနှစ်ထောင်နှင့်သောဓမ္မကွန္ဓာတို့ကို။ အဟံ၊ငါသည်။ဂဏ်ိ၊သင်ပြီ။ ဘိက္ခုတော၊အ၅ှင်သာရိပုတြ်ာထံမှ။ နွေသဟဿာနိ၊နှစ်ထောင်သောဓမ္မကွန္ဓာတို့ကို။ ဂဏ်ိ၊သင်ပြီ။ ဤတိ၊ သို့။စတုရာသီတိသဟဿာနိ၊၅စ်သောင်းလေးထောင်ကုန်သော။ ယေ ဓမ္မာ၊အကြင်တရားတို့သည်။ သန္တိ၊ရှိကုန်၏။ တေဓမ္မာ၊ထိုတရားတို့ကို။ မေမယ၊ငါသည်။ ပဝတ္တိနော၊နှလုံး၌ ဖြစ်စေအပ်ပြီ။ ။ထိုဓမ္မကွန္ဓာ

အပြားဦး၌၊ တရုသောအနုသန္ဓေဂ္ဂါသောသုတ်သည်၊ တရုသောဓမ္မက္ခန္ဓာမည်၏။ တပါးမက မျှားသော အနုသန္ဓေဂ္ဂါသော သုတ်၌။ အနုသန္ဓေအရေအတွက်၏အစွမ်းအားဖြင့် ဓမ္မက္ခန္ဓာအရေအတွက်ကိုသိအပ်၏။ ဂါထာဗန္ဓတို့၌၊ တရုသော ဖြဿနာအဖေးသည် တရုသော ဓမ္မက္ခန္ဓာမည်၏။တရုသောအဖြေသည် တရုသောဓမ္မက္ခန္ဓာမည်၏။အဘိဓမ္မာ၌ တရုတရုသော တိုက် ဒုက်ကို ခွဲဝေခြင်းသည်ဂုဏ်း။တရုတရုသောစိတ် အကြွမ်ကိုခွဲဝေခြင်းသည်ဂုဏ်း။တရုတရုသောဓမ္မက္ခန္ဓာမည်၏။ ဝိနည်း၌ ဝတ္ထုသည်ဂ္ဂါ၏။ မာတိကာသည်ဂ္ဂါ၏။ ပဒဘာဇနီသည်ဂ္ဂါ၏။ အနုက္ကမပတ္တိသည်ဂ္ဂါ၏။အာပတ္တိဝါရသည်ဂ္ဂါ၏။အနာပတ္တိဝါရသည်ဂ္ဂါ၏။ တိက ပရိစ္ဆေဒသည်ဂ္ဂါ၏။ ထိုအလုံးစုံတို့တွင် တရုတရုသောအစုသည် တရုတရုသောဓမ္မက္ခန္ဓာမည်၏။ ဤသို့လျှင် ဓမ္မက္ခန္ဓာအားဖြင့် ဂုဏ်သောင်းလေးထောင်အပြားဂ္ဂါ၏။ ။ဤသို့လျှင်။ ရသအားဖြင့် တပါး။ဓမ္မဝိနယအစဂ္ဂါသောအားဖြင့် နှစ်ပါး။ပဌမဇ္ဈာနစသောအားဖြင့်သုံးပါး အစဂ္ဂါသည် အပြားဂ္ဂါကုန်သော မြတ်စွာဘုရား၏စကားတော်တို့ကို၊သင်္ဂါယနာတင်ကုန်သောအခ္ခင်မဟာကဿပအမျှးဂ္ဂါကုန်သောငါးရာသော ရဟန္တာတို့သည်။ ဤသည်ဓမ္မ။ဤသည်ဝိနယမည်၏။ ဤသည်ပဌမဇ္ဈာနစသော။ ဤသည်မဇ္ဈိမဇ္ဈာနစသော။ ဤသည်ပစ္ဆိမဇ္ဈာနစသော။ ဤသည်ဝိနည်းပိဋကတ်။ ဤသည်သုတ္တန်ပိဋကတ်။ ဤသည်အဘိဓမ္မာပိဋကတ်။ ဤသည်ဒီဃနိကာယ်။ပ။ ဤသည် ခုဒ္ဒကနိကာယ်မည်၏။ ဤသည်တို့သည် အင်္ဂါအားဖြင့်ကိုးပါးမည်ကုန်၏။ ဤသည်တို့သည် ဂုဏ်သောင်းလေးထောင်သောဓမ္မက္ခန္ဓာမည်ကုန်၏ဟု၊ ဤအလုံးစုံသောအပြားကိုမှတ်၍ သင်္ဂါယနာတင်ကုန်၏။ ဤဆိုအပ်ပြီးသောအပြားကိုသာမဟုတ်သေး။ဥဒါန သင်္ဂဟ၊ဝဂ္ဂသင်္ဂဟ၊ပေယျာလသင်္ဂဟ၊ဧကနိပါတ ဒုကနိပါတာဒိ နိပါတသင်္ဂဟ၊ သံယုတ္တသင်္ဂဟ၊ ပဏ္ဏာသသင်္ဂဟ၊ အစဂ္ဂါသော မျှားသော အပြားဂ္ဂါသော ပိဋကတ်သုံးပုံ၌ကောင်းစွာထင်ရှားသောသင်္ဂဟအပြားကိုလည်း.မှတ်၍သာလျှင် ခုနစ်လတို့ဖြင့် သင်္ဂါယနာတင်၏။ ဝါခေါင်လပြည့်ကျော်ငါးရက်နေ့မှစ၍ သင်္ဂါယနာတင်သည်။ တပေါင်းလပြည့်ကျော်မှပြီး၏။ ဤပဌမသင်္ဂါယနာတင်ခြင်းကို ငါးရာသောရဟန်းတို့သည် ပြုအပ်သောကြောင့်။ ပဌမသင်္ဂါယနာဟု ဆိုအပ်၏။ မထေရ်ကြီး တို့သည်သာလျှင် ပြုအပ်သောကြောင့်။ ထေရိက ဟူ၍

လည်း ဆိုအပ်၏။ ။သင်္ဂါယနာ တင်ပြီးသောအဆုံး၌ အရှင်မဟာကဿပမထေရ်သည်။ မြတ်စွာဘုရား၏ သာသနာတော်ကို အနှစ်ငါးထောင်ပတ်လုံးတည်ခြင်းငှါစွမ်းနိုင်သည်ကိုပြု၏ဟု ပြင်းစွာဖြစ်သောဝမ်းမြောက်ခြင်းရှိသည်ဖြစ်၍။ ဤမြေကြီးသည်ရေအဆုံးရှိသည်ကိုပြု၍ အကြိမ်မျှားစွာအထက်သို့ တက်၍ တက်၍ လွှပ်၏။ ဒေါက်သို့သက်၍ သက်၍ပြင်းစွာလွှပ်၏။ အဝှေ့၊ အနောက်၊ တောင်၊ မြောက်အားဖြင့် လေးပါးသောအရပ်တို့သည်ထို့နည်းမှပြေးသွား၍ပြင်းစွာလွှပ်၏။ ။

ဤသာသနာတော်ကို၊ မြတ်စွာဘုရားသည်။ ဝေသာလီပြည်၌ ငါးဝါမြောက်ဆိုတော်မူပြီး၍။ ဝါကျွတ်ပြီးသောအခါ၌ မိဇ္ဈိမတော်ဂေါကမိသည်။ သုတ် အဘိဓမ္မာ ဝိနည်း၌ ရဟန်းပြုလိုပါသည်ဟု ခွင့်တောင်းရာတွင်။ ဂရုမဋ္ဌတရားရှစ်ပါးကို မိဇ္ဈိမတော်အား အလျင်ဝန်မခံစေဘဲ။ မာတုဂါမတို့အား ရဟန်း၏အဖြစ်ကိုခွင့်ပြုချေမူ။ ပဒုံသမ္ဘိဒါပတ္တာဆဋ္ဌဘိညရဟန္တာဧခေတ် သာသနာသည် အနှစ်ငါးရာသာ တည်လတ္တံ့ဟု မိန့်တော်မူ၍။ မိဇ္ဈိမတော်အား အဋ္ဌဂရုမဋ္ဌကို အလျင်ဝန်ခံစေပြီးမှ။ မာတုဂါမတို့အား ရဟန်း၏ အဖြစ်ကို ခွင့်ပေးတော်မူသောကြောင့်။ ပဒုံသမ္ဘိဒါပတ္တာ ဆဋ္ဌဘိညရဟန္တာဧခေတ် အနှစ် တထောင်။ သုက္ခဝိပဿက ရဟန္တာဧခေတ် ဒသနှစ်တထောင်။ အနာဂါမ် ဧခေတ် အနှစ်တထောင်။ သကဒါဂါမ်ဧခေတ်အနှစ်တထောင်။ သောတာပန်ဧခေတ်အနှစ်တထောင်အားဖြင့် အနှစ်ငါးဆယ် ငါ၏ သာသနာတည်လတ္တံ့ဟူ၍ မြတ်စွာဘုရားမိန့်တော်မူ၏။ ။

၈၅။ သင်္ဂါယနာတင်ပြီးသောအခါဘုရားရှင်
ပညတ်တော်မူသောသိက္ခာပုဒ်တို့ကိုမနှုတ်မပယ်မူ၍
ပညတ်တော်မူတိုင်းကျင့်ဆောင်ကြရန်ဥဿို
ဒုတိယကမ္မဝါစာဖြင့်ရှင်မဟာကဿပကြားတော်မူခြင်း။

သင်္ဂါယနာတင်ပြီးသောအခါ၌ အရှင်အာနန္ဒာသည် ရဟန်းတို့ကို ဆို၏။အရှင်ဘုရားတို့၊မြတ်စွာဘုရားသည် ပရိနိဗ္ဗာန်ပြုခါနီး၌ အကျွန်ုပ်ကို ဤသို့မှာခဲ့၏။ အာနန္ဒာ၊ သံဃာသည် အလိုရှိသော်။ ငါလွန်သဖြင့် ငယ်သော ဆိက္ခာပုဒ်၊ ငယ်သောအောက် ငယ်သော သိက္ခာဖုဒ်တို့ကို

နဲ့တော်ရောဏ်ဟုမှာတော်မူခဲ့ဏ်ဟူ၍ပေါနိုးတို့ကိုလျှောက်သော်။ ရဟန်းတို့သည် ငါ့ရှင်အာနန္ဒာ၊သင်သည်မြတ်စွာဘုရားကို ဘုန်းတော်ကြီးသော အရှင်ဘုရား၊ အဘယ်သိက္ခာပုဒ်တို့သည် ငယ်သော သိက္ခာပုဒ်၊ ငယ်သောအောက် ငယ်သော သိက္ခာပုဒ်ဖြစ်ကုန်သနည်းဟု မေးလျှောက်လိုက်ပါဏ်လောဟူ၍ အရှင်အာနန္ဒာကိုမေးဆိုကုန်ဏ်။ အရှင်ဘုရားတို့၊ အကျွန်ုပ်သည် မြတ်စွာဘုရားကိုမမေးလိုက်မိချေဟု အရှင်အာနန္ဒာဆိုသော်။ အချို့သောရဟန်းတို့သည် ပါရာဇိကလေးပါးကိုထား၍ ကြွင်းသော သိက္ခာပုဒ်တို့သည် ခုဒ္ဒါနုခုဒ္ဒကသိက္ခာပုဒ် မည်ဏ်ဟု ဆိုကုန်ဏ်။ အချို့သော ရဟန်းတို့သည်။ ပါရာဇိကလေးပါး၊ သံဃာဒိသိသ် တဆဲ့သုံးပါးကိုထား၍ ကြွင်းသောသိက္ခာပုဒ်တို့သည်။ အချို့သောရဟန်းတို့သည်၊ ပါရာဇိကလေးပါး၊သံဃာဒိသိသ်တဆဲ့သုံးပါး၊ အနိယတဒွစ်ပါးကိုထား၍။ အချို့သောရဟန်းတို့သည်၊ ပါရာဇိက၊ သံဃာဒိသိသ်၊ အနိယတ၊ နိဿဂ္ဂိယပါစိတ်သုံးဆယ်ကိုထား၍ ကြွင်းသော သိက္ခာပုဒ်တို့သည်ခုဒ္ဒါနုခုဒ္ဒကသိက္ခာပုဒ်မည်ကုန်ဏ်ဟုဆိုကုန်ဏ်။ အချို့သောရဟန်းတို့သည်၊ ပါရာဇိက၊သံဃာဒိသိသ်၊တိ ံသနိဿဂ္ဂိယပါစိတ်၊ ဒွေနဝုတိပါစိတ်ကိုထား၍ ကြွင်းသောသိက္ခာပုဒ်တို့သည် ခုဒ္ဒါနုခုဒ္ဒကသိက္ခာပုဒ်မည်ကုန်ဏ်ဟုဆိုကုန်ဏ်။ အချို့သောရဟန်းတို့သည်၊ပါရာဇိက၊သံဃာဒိသိသ်၊ အနိယတဒွစ်ပါး၊ တိ ံသနိဿဂ္ဂိယပါစိတ်၊ ဒွေနဝုတိပါစိတ်၊ ပါဋိဒေသနီလေးပါးကိုထား၍ ကြွင်းသောသိက္ခာပုဒ်တို့သည် ခုဒ္ဒါနုခုဒ္ဒကသိက္ခာပုဒ်မည်ကုန်ဏ်ဟု ဆိုကုန်ဏ်။ ထိုသို့ဆိုကြသောအခါ၌ အရှင်မဟာကဿပသည် သံဃာကိုသိစေဏ်။ ငါ့ရှင်တို့၊ သံဃာသည် ငါ၏စကားကို နာစေသတည်း။ ငါတို့အား လူတို့၌ဖြစ်သော သိက္ခာပုဒ်တို့သည်ရှိကုန်ဏ်။ ဤအမှုသည် သကျဝင်မင်းသားရဟန်းတို့အားအပ်ဏ်။ ဤအမှုသည်မအပ်ဟူ၍ လူတို့သည် သိကုန်ဏ်။ အကယ်၍ငါတို့သည် ခုဒ္ဒါနုခုဒ္ဒကသိက္ခာပုဒ်တို့ကိုနုတ်ကုန်အံ့။ရဟန်းဂေါတမသည် ထင်းပုံ၌ မီးခိုးထသော ကာလတိုင်ရုံသာ တပည့်တို့အား သိက္ခာပုဒ်ကို ပညတ်သည်။ ဤတပည့်ရဟန်းတို့ဏ်ဆရာသည် အကြင်မျှလောက် ထင်ရှားရှိဏ်။ ထိုမျှလောက်သာဤရဟန်းတို့သည်ကျင့်ကုန်ဏ်။ အကြင်အခါ၌ ဤရဟန်းတို့ဏ်ဆရာဘုရားသည် ပရိနိဗ္ဗာန်ပြုဏ်။ ထိုအခါမှစ၍ သိက္ခာပုဒ်တို့၌မကျင့်ကုန်ဟူ၍လူတို့သည်ဆိုကုန်လတ္တံ့။ ထို့ကြောင့်သံဃာသည်

မြတ်စွာဘုရား မပညတ်သည့် ကိုလည်း မပညတ်ရာ။ ဘုရား ပညတ်ထောမ္ဂသော သိက္ခာပုဒ်ကိုလည်း မနှုတ်ရာ။ ပညတ်တောမ္ဂဝိုင်း ဖြစ်ကုန်သော သိက္ခာပုဒ်တို့၌ ကောင်းစွာ ဆောက်တည်၍ သံဃာ သည် ကျင့်ရာ၏။ ဤစကားကို အကြင်ရဟန်းသည် မနှစ်သက်။ ထိုရဟန်း သည်ဆိုရာ၏။ အကြင်ရဟန်းသည် နှစ်သက်၏။ ထိုရဟန်းသည်ဆိတ် ဆိတ်နေရာ၏ဟု ဥဒ္ဒေသ တ်ထား၍။ အကြင်ကြောင့်သံဃာသည် နှစ်သက်၏။ ထိုကြောင့် ဆိတ်ဆိတ်နေ၏။ ဤသို့ဆိတ်ဆိတ်နေသဖြင့် နှစ်သက်သော အဖြစ်ကို သိရ၏ဟု အရှင်မဟာကဿပ မိန့်တော်မူ၏။ သံဃာသည် ပညတ်တောမ္ဂတိုင်းဖြစ်သောသိက္ခာပုဒ်တို့၌ ကောင်းစွာဆောက်တည် ၍ကျင့်၏။ ။

၈၆။ သင်္ဂါယနာတင်မထေရ်ကြီးတို့သည်၊
မည်သည့်သိက္ခာပုဒ်သည် ခုဒ္ဒါနုခုဒ္ဒကမည်ပါသနည်းဟု
မြတ်စွာဘုရားအားမမေးလျှောက်လိုက်ခြင်း
စသော ၅ ပါးသောအရာဌာနတို့၌
ရှင်အာနန္ဒာအားဒုက္ကဋ်အာပတ်သို့တင်၍ဒေသနာ
ကြားစေခြင်းတို့ကိုပြရာ။

ထိုရောအခါ မထေရ်ဖြစ်ကုန်သောရဟန်းတို့သည် အရှင်အာနန္ဒာ ကိုဆိုကုန်၏။ ငါ့ရှင်အာနန္ဒာ၊သင်သည် မြတ်စွာဘုရားကို အဘယ်မည် သော သိက္ခာပုဒ်တို့သည် ခုဒ္ဒါနုခုဒ္ဒကသိက္ခာပုဒ် မည်ကုန်သနည်းဟူ၍ ဤသို့မမေးခြင်းသည်မကောင်းသဖြင့်ပြုသည်မည်၏။ ဒုက္ကဋ်သင့်၏။ထို ဒုက္ကဋ်ကိုဒေသနာကြားလော့ဟုဆို၏။ အရှင်ဘုရား၊ အကျွန်ုပ်သည် မေ့လျော့သဖြင့် မမေးဘဲနေမိ၏။ ထိုဒုက္ကဋ်ကို မမြင်။ စင်စစ်သော်ကား အရှင် ကောင်းတို့အား သင်္ခါ ယုံကြည်သဖြင့် ဒေသနာ ကြားပါအံ့ဟု ကြား၏။ ။အာနန္ဒာ၊ မြတ်စွာဘုရား၏ရေသနုပ်တော်ကို သင်သည် ခြေဖြင့်နင်း၍ချုပ်၏။ ဒုက္ကဋ်သင့်၏။ ဒေသနာကြားလော့ဟု ဆို၏။ အရှင်ဘုရား၊ အကျွန်ုပ်သည် မရိုသေသဖြင့် ရေသနုပ်တော်ကို နင်း၍ ချုပ်သည် မဟုတ်။ ထိုကြောင့် ဒုက္ကဋ်အာပတ်ကို မမြင်။ စင်စစ်သော် ကားအရှင်ကောင်းတို့အား ယုံကြည်သဖြင့်ကြားပါအံ့ဟုဒေသနာကြား

၏။ ။အာနန္ဒာ၊သင်သည် မာတုဂါမတို့ကို မြတ်စွာဘုရားကိုယ်တော်ကို ရှေးဦးစွာရှိခိုးစေ၍။ ငိကုန်သောမိန်းမတို့၏မျက်ရည်ဖြင့် မြတ်စွာဘုရား ကိုယ်တော်ကို လူး၏။ ထိုကြောင့် ဒုက္ကဋ်သင့်၏။ ထိုဒုက္ကဋ်ကို ဒေသနာကြားလော့ဟူ၍ ဆိုကုန်၏။ အာရုင်ဘုရားတို့၊ ဤမာတုဂါမတို့သည် ညဉ့်နက်သည် မဖြစ်စေကုန်သတည်းဟု ရှေးဦးစွာ ရှိခိုးစေ၏။ ထိုကြောင့် ဒုက္ကဋ်ကို မမြင်။ စင်စစ်သော်ကား အာရုင်ကောင်းတို့အား ယုံကြည်သဖြင့် ကြားပါအံ့ဟု ဒေသနာကိုကြား၏။ ။အာနန္ဒာ၊ မြတ်စွာဘုရားသည် တောင်းပန်စေလိုသောနိမိတ်ဩဘာသကို ပြုပါလျက်။ ဘုန်းတော်ကြီးသော ရှင်ပင်ဘုရား၊ များစွာသော သူတို့၏ စီးပွါးချမ်းသာခြင်းအလိုငှါ၊ လူကိုအစဉ်သနားခြင်းငှါ၊ နတ်လူတို့၏ အကျိုးစီးပွါးအလိုငှါရှင်ပင်ဘုရားသည် အာယုကပ်ပတ်လုံးတည်တော်မူပါဟု မြတ်စွာဘုရားကို မတောင်းပန်။ ထိုကြောင့် ဒုက္ကဋ်သင့်၏။ ဒေသနာကြားလော့ဟုဆိုကုန်၏။ အာရုင်တို့၊အကျွန်ုပ်သည် မာရ်ထိုးကျင့်သောစိတ်ရှိသည်ဖြစ်၍ မတောင်းပန်မိ။ ထိုကြောင့်အာပတ်ကိုမမြင်။ စင်စစ်သော်ကား အာရုင်ဘုရားတို့အားယုံကြည်သဖြင့်ကြားပါအံ့ဟု ဒေသနာကို ကြား၏။ ။အာနန္ဒာ၊ သင်သည် မြတ်စွာဘုရား ဟောအပ်သောသုတ် အဘိဓမ္မာ ဝိနည်းဌ၊မာတုဂါမ၏ရဟန်းအဖြစ်ကိုလုံ့လပြု၏။ ထိုကြောင့်ဒုက္ကဋ်သင့်၏။ ဒေသနာကြားလော့ဟုဆိုကုန်၏။ အာရုင်တို့၊ပဓာပတိဂေါတမီသည် မြတ်စွာဘုရားမိဆွေးတော်တည်း။ မယ်တော်လွန်သည်ရှိသော် နို့ရည်ပေး၍ မွေးပေသောသူတည်းဟု သာသနာတော်၌ မာတုဂါမ၏ရဟန်းအဖြစ်ကို အကျွန်ုပ်လုံ့လပြု၏။ ဒုက္ကဋ်ကိုမမြင်။ စင်စစ်သော်ကား အာရုင်ဘုရားတို့ကို သဒ္ဓါသဖြင့် ဒေသနာ ကြားပါအံ့ဟု ဒေသနာကိုကြား၏။ ။

ထိုရောအခါအာရုင်ပုရာဏာသည်များစွာသောငါးရာမျှသောရဟန်းသံဃာနှင့်တကွဒက္ခိဏာဂိရိဇနပုဒ်၌နေ၏။ မထေရ်ကြီးတို့သည် သင်္ကာယနာတင်ပြီးသည်ရှိသော် အာရုင်ပုရာဏာသည် ရာဇဂြိုဟ်ပြည်သို့လာ၍၊ ဝေဠုဝန်ကျောင်းတော်၌ မထေရ်ကြီးတို့ကို ကပ်၍ ရှိသမျှာ ရှိခိုးပြီးသော် မထေရ်ကြီးတို့နှင့်တကွ ဝမ်းမြောက်ဝမ်းသာ ပြောဆိုပြီး၍ နေ၏။ အာရုင်ပုရာဏာကို မထေရ်ကြီးတို့သည် ပြောဆိုကုန်၏။ အာရုင်ပုရာဏာ၊ မထေရ်ကြီးတို့သည် သုတ် အဘိဓမ္မာ ဝိနည်းကို သင်္ကာယနာတင်

အပါဖြို။ ထိုသင်္ဂါယနာသို့ ကပ်လော့တုဆိုကုန်၏။ အရှင်ပုရာဏာသည် အရှင်တို့၊ မထေရ်ကြီးတို့သည် သင်္ဂါယနာကို ကောင်းစွာတင်အပ်၏။ သင်္ဂါယနာသည် ပြည့်စုံ၏။ စင်စစ်သော်ကား။ မြတ်စွာဘုရား၏မျက်မှောက်တော်မှ အကြင်အခြင်းဖြင့်ငါသည်ကြား၏။ အကြင်အခြင်းဖြင့် နာခံ၏။ထိုအခြင်းဖြင့်မှတ်ရာ၏ဟုဆို၏။ ။

၈၇။ သံဃာ့အာဏာဖြင့်ဆန္နထေရ်အား ပြဟ္မဒဏ်ထားရန်ရှင်အာနန္ဒာများစွာကြိုဟ်မှကောသမ္ဗိသို့ကြွခြင်း၊ ဥတေနမင်းနှင့်မောင်းမငါးရာတို့ရှင်အာနန္ဒာအားပုဆိုး တဆောင်လှူခြင်း၊ဆန္နထေရ်အားပြဟ္မဒဏ်ကြားခြင်း၊ပြဟ္မဒဏ်ငြိမ်းခြင်းတို့ကိုပြရာ။

ထိုအခါ အရှင်အာနန္ဒာသည် မထေရ်ကြီးတို့ကိုဝေလျာက်၏။မြတ်စွာဘုရားသည် ပဂိုနိဗ္ဗာန် ပြုသောအခါ၌ အကျွန်ုပ်ကို ဤသို့မှာခဲ့၏။ အာနန္ဒာ၊ ဆန္နသည် ရဟန်းသံဃာတို့ကို အဝိုအသေ အလေးအမြတ်မပြု။ အဆုံးအမ အဆိုအမြည်ကို မခံသောကြောင့်ကား။ သံဃာသည် ငါလွန်သဖြင့် ဆန္နရဟန်းအား ပြဟ္မဒဏ်ကို ထားစေ သတည်းဟု မှာတော်မူခဲ့သည်ဟု လျှောက်၏။ မထေရ်ကြီးတို့သည်မေးကုန်၏။ ငါ့ရှင်အာနန္ဒာ၊ သင်သည် မြတ်စွာဘုရားကို ပြဟ္မဒဏ်ဟူသည် အဘယ်ကဲ့သို့နည်းမေးလိုက်၏လောဟု ဆိုကုန်၏။ အရှင်ဘုရားတို့၊ အကျွန်ုပ်မေးလိုက်ပါ၏။ အာနန္ဒာ၊ ဆန္နရဟန်းသည် အကြင်စကားကိုဆိုလို၏။ ထိုစကားကိုဆိုစေ။ ရဟန်းတို့သည် ဆန္နကိုမဆုံးမအပ်။ တစုံတခုသော စကားကို မဆိုအပ်။ ဤသို့ နေခြင်းသည် ပြဟ္မဒဏ်တည်းဟု မြတ်စွာဘုရား မိန့်တော်မူခဲ့၏ဟု အရှင်အာနန္ဒာဆို၏။ ထိုသို့တပြီးကား ငါ့ရှင် အာနန္ဒာ၊ရှင်ပင်သည်ပင် ဆန္နရဟန်းအား ပြဟ္မဒဏ်ထားခြေလော့ဟု မထေရ်ကြီးတို့ဆိုကုန်သော်။ အရှင်ဘုရားတို့၊ထိုအရှင်ဆန္နသည်ကြွမ်းထမ်းရှုန့်ရင်းလှ၏။ အကျွန်ုပ်သည် အဘယ်ကဲ့သို့ ပြဟ္မဒဏ်ကို ထားရအုံးနည်းဟုဆိုလျှင်။ သင်္ဃာများစွာနှင့်ကကွသွားခြင်းဖြင့်ဟု ဆိုသဖြင့် အရှင်အာနန္ဒာသည် ငါးရာသော့သင်္ဃာတို့ကိုဝယူ၍ လှေဖြင့် ရာဇဂြိုဟ်ပြည်မှ ကောသမ္ဗိသို့ဆန်းလေ၍။ ကောသမ္ဗိသို့ရောက်လေသော် လှေမှ

သက်၍၊ ဥတေနမင်းဥယျာဉ်၏အနီးဌိတဓသေသသစ်ပင်ရင်းဌိနေ၏။ ။
ထိုအခါ ဥတေနမင်းသည် မောင်းမငါးရာတို့နှင့်တကွဥယျာဉ်သို့ကစား
လာသဖြင့်။မောင်းမငါးရာတို့သည်အရှင်အာနန္ဒာရောက်လာ၏ဟုကြား
၍။ အကျွန်ုပ်တို့၏ဆရာဖြစ်သော အရှင်အာနန္ဒာကို ဖူးမြင်ရပါစေဟု
မင်းကြီးကိုခွင့်တောင်း၍။ ခွင့်ရသဖြင့်၊ မောင်းမငါးရာတို့သည် အရှင်
အာနန္ဒာသို့ကပ်လာ၍ ရိုသေစွာရှိခိုး၍ ဝမ်းမြောက် ဝမ်းသာပြောဆို၍
နေသောမောင်းမတို့ကို အရှင်အာနန္ဒာသည် တရားစကားဖြင့်ကောင်း
စွာပြပေ၏။ ထက်စေ၏။ ရွှင်စေ၏။မောင်းမငါးရာတို့သည် ကိုယ်ဝတ်
ငါးရာ အရှင်အာနန္ဒာအားလှူခဲ့၍ပြန်လေကုန်သော်။သင်တို့သည်အရှင်
အာနန္ဒာကို ဖူးမြင်ရပါကုန်၏လော်ဟု မင်းကြီးမေးသဖြင့်။ ဖူးမြင်ရပါ
ကုန်၏အရှင်မင်းကြီးဟုလျှောက်ကုန်၏။ တစုံတခုကို သင်တို့သည်လှူ
ခဲ့ပါ၏လော်ဟုမေး၍ ကိုယ်ဝတ်ငါးရာတို့ကိုလှူခဲ့ပါ၏ဟုလျှောက်သော်
အလုံးစုံကိုပင် အရှင်အာနန္ဒာအလှူခံ၏လော်ဟုမေးပြန်၍။ခံပေ၏အရှင်
မင်းကြီးဟု လျှောက်ကုန်သော်။ အဘယ့်ကြောင့် အရှင်အာနန္ဒာသည်
ဤမျှလောက်ကိုပင်အလှူခံဘိသနည်း။ကုန်သွယ်ခြင်းကိုပင်သော်လည်း
ပြုလတ္တံ့လော။ ပုဆိုးစျေးပင်သော်လည်းကျင်းပလတ္တံ့လောဟုကဲ့ရဲ့၍။
မင်းကြီးသည် အရှင်အာနန္ဒာသို့ကပ်လာ၍ရှိသေစွာရှိခိုး၍ ဝမ်းမြောက်
ဝမ်းသာ ပြောဟောပြီးသော်။ အရှင်ဘုရား၊ မောင်းမတို့သည် လာ၏
လောဟုမေး၍၊ လာ၏မင်းကြီးဟုဖိန့်သော်။ တစုံတခုလှူခဲ့ကုန်၏လော
ဟုမေးပြန်၍။ ကိုယ်ဝတ် ငါးရာလှူခဲ့ကုန်၏ဟု ဖိန့်သော်။ ဤမျှလောက်
များစွာကိုအရှင်အာနန္ဒာအသို့ပြုလတ္တံ့နည်းဟုလျှောက်၍။သက်နှံးအား
နှည်းသော ရဟန်းတို့အားခွဲဝေ၍ သုံးဆောင်အံ့ဟုဖိန့်သော်။ သက်နှံး
ဟောင်းတို့ကို အသို့ပြုအံ့နည်းဟုမေး၍။ အပေါ်လွှမ်းခင်းနှီးပြုအံ့ဟုဖိန့်
သော်။ အပေါ်လွှမ်းခင်းနှီးဟောင်းကိုအသို့ပြုအံ့နည်းဟုမေး၍။ ဘုံလျှိုပြု
အံ့ဟုဆိုသော်။ ဘုံလျှိုဟောင်းကိုအသို့ပြုအံ့နည်းမေး၍။မြေအခင်းပြုအံ့
ဟုဆိုသော်။ မြေအခင်းဟောင်းကိုအသို့ပြုအံ့နည်းဟု မေးပြန်၍၊ ခြေ
သုတ်ပြုအံ့ဟုဆိုသော်။ ခြေသုတ်ဟောင်းကိုအသို့ပြုအံ့နည်းဟု မေးပြန်
၍။ မြှုသုတ်ပြုအံ့ဟုဆိုသော်။ မြှုသုတ်ဟောင်းကို အသို့ပြုအံ့နည်းမေး၍။
မြှုသုတ်ဟောင်းကို နုပ်နှုပ်စဉ်း၍မြေညှန်နှင့်နယ်၍ အကျည်ကိုလိမ်းကျံ
အံ့ဆိုသဖြင့်။ သကျဝင်မင်းသားရဟန်းတို့သည် အသင့်အားဖြင့် သုံး

ဆောင်ကုန်သည်။ ကုသိုလ်ကိုပျက်စီးခြင်းသို့မရောက်စေဟု ကြည်ညိုပြီး၍ အရှင်အာနန္ဒာအားငါးရာသော ပုဆိုးတို့ကို ဥတေနမင်းသည်လှူပြန်၏။ ။ထိုအခါ အရှင်အာနန္ဒာသည် သံဃာငါးရာနှင့်တကွ ဃောသိတာရုံသို့ကပ်၍ ခင်းအပ်သောနေရာ၌နေ၏။ ရှင်ဆန္နသည် အရှင်အာနန္ဒာသို့ကပ်လာ၍ ဂိုဂိုးလျက်ဝန်းအပ်သောနေရာ၌နေ၏။ အရှင်အာနန္ဒာသည် ရှင်ဆန္နကို။ အရှင်ဆန္န၊ သံဃာသည် အရှင့်အား ပြုဟ္မဒဏ်ကို ထားစေ၏ဟူ၍ဆို၏။ အရှင်အာနန္ဒာ၊ ပြုဟ္မဒဏ်ဟူသည် အဘယ်သို့နည်းဟုမေး၏။ ငါ့ရှင်ဆန္န၊ သင်သည်ဆိုလိုတိုင်းဆိုရာ၏။ ပြုလိုတိုင်းပြုရာ၏။ သံဃာသည် တစုံတခုသောစကားကို သင့်အားမဆိုမဆုံးမပြီ။ ဤသည်လျှင် ပြုဟ္မဒဏ်တည်းဟူ၍ အရှင်အာနန္ဒာဆိုသော်။ အရှင်အာနန္ဒာ၊ယခုအခါဤအံ့ကျွန်ုပ်ကို ဤမျှလောံဖြင့်အကြင်ကြောင့်သံဃာသည် တစုံတခုသောစကားကိုမဆိုပြီ၊မဆုံးမပြီ။ထိုမျှလောက်ဖြင့်အကျွန်ုပ်ကို သတ်အပ်သည်မမည်ပါသေးလော ဟု ထိုအရပ်၌ပင် မိန်းမော၍လည်း၏။ ထိုအခါ ရှင်ဆန္နသည်ပြုဟ္မဒဏ်ဖြင့် နှိပ်စက်အပ်သည့်ငြီးငွေ့သည်စက်ဆုပ်ရွံရှာသည်ဖြစ်၍၊ တယောက်တည်း ဆိတ်ငြိမ်ရာ၌နေ၍ ဖြိုးဖြီသောအကျင့်ရှိသည်ဖြစ်၍၊ နိဗ္ဗာန်သို့လွတ်သောစိတ်ရှိသည်ဖြစ်၍ နေလျက်၊အကြင်မင်္ဂလိအလိုငှါ အမျိုးသားသည် အိမ်မှထွက်၍ကျောင်းဒ္ဓရဟန်းပြု၏။ ထိုမင်္ဂလိကိုမျက်မှောက်၌ အလိုလိုကိုယ်တိုင်သိ၍မျက်မှောက်ပြု၏။ ငါသည် ပဒုိသန္ဓေကုန်ပြီ။ မင်္ဂတည်းဟူသောအကျင့်ကိုသုံးအပ်ပြီ။မင်္ဂကိစ္စအလိုငှါ ငါ့အားပြုဘွယ်ကိစ္စမရှိပြီဟုသိ၍။ တယောံသောရဟန္တာဖြစ်လေ၏။ ထိုအခါ ပြုဟ္မဒဏ်ကို ငြိမ်းပါစေဟု အရှင်အာနန္ဒာကိုလျှောက်သော်၊ အကြင်အခါမှစ၍ သင်သည်ရဟန္တာဖြစ်၏။ထိုအခါမှစ၍ပြုဟ္မဒဏ်ငြိမ်းပြီဟုမိန့်တော်မူ၏။ ။ရှင်ဆန္နဟူသည်ကား ဘွားဘက်တော် မြင်းမြိုးဆွဲပင်တည်း။ နောက်အဘို့၌ ရဟန်းပြုသော်။ ဥာဏ်မရင့်သေးသဖြင့်၎င်း။ မြတ်စွာဘုရား၌ ဂဟသိတပေမဖြင့်။ ဘုရားလည်း ငါ့အရှင်သာဖြစ်သည်။ တရားလည်း ငါအရှင်သာဟောသောတရားဖြစ်သည်ဟုယူ၍၊ သံဃာကိုအရိုအသေမပြု၊ အဆုံးအမ မခံနေ၍၊မင်္ဂလိမရ ကျန်ရစ်၍၊ပြုဟ္မဒဏ်ကိုဘုရားထားတော်မူခဲ့ရသည်။ ။

၈၀။ သာသနာတော်အမှာလွယ်စိမ့်သောဌါ။တိုးတော်အဋ္ဌနမင်းကြီးထားခဲ့သောသက္ကရာဇ် ၁၄၀ ခုကုံအဇာတသတ်မင်းဖြိုခြင်းနှင့်တကွ-ဒုတိယသင်္ဂါယနာတင်၊ကာလာသောကမင်းတို့၊ရာဇဂြိုဟ်မင်းဆက်၊ဝေသာလီမင်းဆက်ရာဇဝင်အစဉ်အဆက်တို့ကိုပြုရာ။

ပဌမသင်္ဂါယနာတင်ပြီးလျှင် အဇာတသတ်မင်းသည်၊ အရှင်မဟာကဿပသို့ ကပ်၍ အရှင်ဘုရား၊ မြတ်စွာဘုရား သာသနာ အနှစ်ငါး ထောင်ထားသည်ကို ရေတွက်လွယ်စိမ့်သောဌါ၊ဂိုနှင့်သည့်သက္ကရာဇ်ဟောင်းကိုချ၍။ အကျွန်ုပ်တွင်အစပြု၍ သာသနာတော်သက္ကရာဇ်အသစ်ထားလိုပါသည်ဟုလျှောက်သော်၊ ကောင်းပြီမင်းကြီး၊ ထားလော့ဟုအရှင်မဟာကဿပမိန့်တော်မူ၍။ အရှင်ဒေဝိလရဿေနှင့် မြတ်စွာဘုရားဘိုးတော်အဇာတသတ်မင်း ထားသော သက္ကရာဇ်ဟောင်းသည်။ မြတ်စွာဘုရားပရိနိဗ္ဗာန်ပြုတော်မူသည့်နှစ်၌ ၁၄၀ ခုဂိုသည့်ကိုတပေါင်းလကွယ်တနင်္ဂနွေတွင်စုထား၍။ထို ၁၄၀ ခုကိုမပျောက်ရအောင် ပရမတ္ထဇိန္ဒုသချိုးနည်း၊ အဋ္ဌ ဇဒ သတ ကိန်းဟုထား၍။ သုဇိဓာတ် ဗျည္ဇတားအစဂိုသည်တို့ကိုလည်း ပြင်ဆင်၍၊ ဘိုးတော်အဇာတသတ်မင်း၏ သက္ကရာဇ် ၁၄၉ ခု။တနိုးခုးလွန်းတရက်၊ တနလ်ာနေ့ကိုအစပြု၍။သာသနာတော်သက္ကရာဇ်တခုဟူ၍အဇာတသတ်မင်းထားသတည်း။ ။

အဇာတသတ်မင်းထားသောသာသနာတော်သက္ကရာဇ် ၃ ခုရောက်သောနှစ်တွင် ဝေသာလီပြည်ကို အဇာတသတ်မင်းတိုက်ဖျက်၍ လူသူတို့ကိုသိမ်းယူ၏။ အဇာတသတ်မင်း ၃၂ နှစ်မင်းပြု၏။ သာသနာတော်သက္ကရာဇ် ၂၅ ခုတွင်။ အဇာတသတ်မင်းကို သားဥဒယဘဒ္ဒ သတ်၍ ၂၅ ခုကပင်စ၍ ဥဒယဘဒ္ဒမင်းပြုသဖြင့်။ ၁၆ နှစ်မြောက်၊ သာသနာတော်သက္ကရာဇ် ၄၀ ပြည့်တွင်။ ထိုဥဒယဘဒ္ဒမင်းကို သားအနုရုဒ္ဓကသတ်၍၊ဌင်းသက္ကရာဇ် ၄၁ ခုမှစ၍အနုရုဒ္ဓကမင်းပြု၏။ ထိုအနုရုဒ္ဓက ၄ နှစ်မင်းပြုပြီးသော်။ သာသနာတော်သက္ကရာဇ် ၄၅ ခုရောက်သော အခါ၌။ အနုရုဒ္ဓကကို သား မဏ္ဍာကသတ်၍မင်းပြု၏။ မဏ္ဍာကမင်းပြု၍ ၄ နှစ်ရှိပြီးသော်။သာသနာတော်သက္ကရာဇ် ၄၉ ခုနှစ်ရောက်သောအခါ၌မဏ္ဍာကကိုသားနာဂဒါသကသတ်၍။ဌင်းသက္ကရာဇ် ၄၉ ခုကပင်စ၍

မင်းပြုဏ်။ နာဂဒါသကမင်းပြု၍ ၁၄ နှစ် ဇိဂြိုးသေဘ်။ သာသနာ၄တဘ်သက္ကရာဇ် ၆၃ ခုနှောက်သည့်အခါ၌။ ဤမင်းမျိုးသည်အဘဘ်သတ်ပိတုဃာတကအမျိုးဖြစ်သည်ဟု ပြည်သူတို့ ညှိ၍။ ထိုနာဂဒါသကမင်းကို မင်းအဖြစ်မှချ၍သုသုနာဂကိုမင်းမြှောက်ကြ၏။ သုသုနာဂဟူသည်၊အဓာတသတ်မင်း ဝေသာလိပြည်ကို တိုက်ဖျက်၍ လူသူတို့ကိုသိမ်းယူရာတွင်ပါသော၊ဝေသာလိအမတ်ကြီးတယောက်၏သိုးကိုရာဇဂြိုဟ်ပြည်၌ပြည်တန်ဆာမ၏အရာ၌ထား၍။ထိုပြည်တန်ဆာမတွင်သားယောကျ်ားဘွားမြင်သဖြင့်။ ထိုသူငယ်ကို အိုးဒ္ဒါထည့်၍ ရာဇဂြိုဟ်ပြည်၏အပဖြစ်သော တံမြက်ဆေးစွန့်ရာအရပ်၌ ပစ်ထားလေသေဘ်။ နဂါးတရုသည် လာလျက်စောင့်နေ၍။ အဓာတသတ်မင်း ပြည်လှည့်လည်သောအခါ၌ ထိုမင်းကိုမြင်စေလျက်၊ ထိုနဂါးသည်-သုသု-ဟူ၍ မြည်ပြီးလျင် အိုးမှဘဲလေ၏။ထိုအိုးဒ္ဒါကြည့်သေဘ် သူငယ်ကိုမြင်၍၊အမတ်တို့ကိုမွေးစေ၏။ နဂါး-သုသု-ဟူမြည်သည်ကို အဓြောင်းပြု၍။ သုဿုနာဂ-ဟူသောအမည်ကိုမှည့်၍၊အမတ်အရာ၌ထားသောသူတည်း။ ထိုသုသုနာဂအမတ်ကိုပြည်သူတို့မင်းမြှောက်၍။သုသုနာဂသည် သာသနာတော်သက္ကရာဇ်၏ ၆၃ ခုကပင်စ၍မင်းပြု၏။သုသုနာဂမင်းအဖြစ်သို့ရောက်လျင်ဝေသာလိပြည်ကိုပြုစုတည်ထောင်ပြန်၍။ဝေသာလိမြည်၌နေ၏။ ရာဇဂြိုဟ်ပြည်သည် သုသုနာဂမင်းလက်ထက်ကပင် မင်းနေပြတ်၏။သုသုနာဂအမတ်သည် ၁၈ နှစ်မင်းပြု၏။ သာသနာတော်သက္ကရာဇ် ၈၀ ပြည့်တွင် သုသုနာဂမင်းလွန်၍။ သား ကာလာသောကသည် ၎င်းသက္ကရာဇ် ၈၁ ခုမှစ၍မင်းပြု၏။ကာလာသောက ၂၈ နှစ်မင်းပြု၏။ ။

၈၉။ မြတ်စွာဘုရားလက်ထက်ဇေတဒဂ်ရှင်ဥပါလိက စ၍၊ဒါသက၊သောဏက၊သိဂ္ဂဝ၊စဏ္ဍဇဋ္ဌိထေရ်ဟူကုန်သော သာဝသနာဝင်အစဉ်အဆက်ကိုပြုရာ။

ဘုရားကိုယ်တော်ထင်ရှားရှိသော ကာလမှစ၍ တတိယ သင်္ဂါယနာတင်သည့် တိုင်အောင် ဓမ္မ။ဒိပါကျွန်းဒ္ဒီ ပဒူကတ်သုံးပုံကို ဆရာအဆက်ဆက်တို့သည် ဆောင်ကုန်၏။ ဝိနည်းပဒူကတ်ကို အရှင်ဥပါလိသည် မြတ်စွာဘုရား အာသုံတော်မှ သင်၍ ဆောင်၏။ အရှင်ဒါသက

မထေရ်သည် အရှင်ဥပါလိထံမှသင်၍ဆောင်၏။ အရှင်ဒါသကမထေရ်၏ တပည့်ဖြစ်သော အရှင်သောဏက မထေရ်သည် အရှင်ဒါသကမထေရ်၏အထံမှသင်၍ဆောင်၏။ အရှင်သောဏကမထေရ်၏တပည့်ဖြစ်သော အရှင်သိင်္ဂဝမထေရ်သည် အရှင်သောဏက၏အထံမှဝိနည်းကိုသင်၍ဆောင်၏။အရှင်သိင်္ဂဝ၏တပည့်ဖြစ်သော အရှင်မောဂ္ဂလိပုတ္တတိဿထေရ်သည် အရှင်သိင်္ဂဝ၏အထံမှ သင်၍ ဆောင်၏။ ဤဆရာတပည့် အဆက်ဆက် တို့သည် တတိယသင်္ဂါယနာ တင်သည်တိုင်အောင် မပြတ်စေမူ၍ဆောင်ကုန်၏။ ဒီဋ္ဌကတ်သုံးပုံကိုပင်ဆောင်ကုန်၏။ ။ထိုအဆက်ဆက်တို့တွင် အရှင်ဒါသကမထေရ်သည်။ ဝေသာလိပြည်၌ ပုဏ္ဏားမျိုး၌ဖြစ်၍ ဒါသကဟူသောအမည်ရှိ၏။ ထိုဒါသကလုလင်သည်။သုံးရာကုန်သောပုဏ္ဏားလုလင်အပေါင်းတို့နှင့်တကွဆရာ၏အထံ၌ ဗေဒင်သင်သည်ရှိသော်။ အသက် ၁၂ နှစ်ပြည့်သောအခါ၌ ဗေဒင်သုံးပုံအပြီးသို့ရောက်၏။ ထိုဒါသကလုလင်သည် တနေ့သ၌ သုံးရာသော ပုဏ္ဏားလုလင်နှင့်တကွ။ ပဌမသင်္ဂါယနာ တင်ပြီး၍ ဝါလိကာရာမ၌နေသော အရှင်ဥပါလိသို့ကပ်၍ မိမိ၏ဗေဒင်တို့၌ အလုံးစုံသော ခဲခက်သော အရာတို့ကိုမေး၏။ အရှင်ဥပါလိမထေရ်သည် ပုဏ္ဏားမေးတိုင်းဖြေ၍။ လုလင်၊ငါ့ကိုသင်သည်များစွာမေးအပ်ပြီ။ ငါသည်သင့်ကို တရားသောပြဿနာကိုမေးပါအံ့ဟု၊ ထိုလုလင်၏ ဒါသကဟူသောနာမ မည်တော်ကိုရည်၍။ လုလင်၊တရားသောတရားသည် များစွာသောတရား၌ကျ၏။ များစွာသောတရားအပေါင်းသည် တရားသောတရား၌ စုဝေး၍တည်၏။ ထိုတရားသောတရားသည် အဘယ်တရားနည်းဟု မေးသော်။ ထိုဒါသကလုလင်သည် ပြဿနာ၏အနက်ကို မမြင်နိုင်သည်ဖြစ်၍။ အရှင်ရဟန်း၊ ဤဗေဒင်သည် အဘယ်ဗေဒင်နည်းဟု မေး၍။ လုလင်၊ဗုဒ္ဓဗေဒင်တည်းဟုမထေရ်ဆို၏။ ဤဗေဒင်ကိုအကျွန်ုပ်တို့အား ပေးအံ့သောငှါ တတ်ကျောင်းပါအံ့လောဟု ဆို၍။ ငါတို့သည် ယူအပ်သော ရဟန်းအဖြစ်ကိုယူသောသူအား ပေးအံ့သောငှါတတ်နိုင်၏ ဆိုသော်။ အရှင်ရဟန်း၊ ကောင်းပြီဟုဝန်ခံ၍။ အိမ်သို့သွား၍၊ အမိအဘတို့ကိုနှင့် ပြုစေ၍။ အဝေဘဝ်မုဏ္ဏားလုလင်သုံးရာတို့နှင့်တကွ အရှင်ဥပါလိ၏အထံ၌ရဟန်းပြု၍၊ အသက်နှစ်ဆယ်ပြည့်၍ ပဉ္စင်းအဖြစ်ကိုရ၏။ ရဟန္တာအဖြစ်သို့ရောက်၏။ အရှင်ဥပါလိသည် ထိုဒါသကမထေရ်ကိုအကြိုးပြု

၍ တထောင်သောရဟန္တာတို့အား ပဒုကတ်သုံးပုံကို သင်ပေစ့၏။ ။ အရှင်သောဏကမထေရ်ကား။ ကာသိတိုင်းဌ ကုန်သည်ကြီး၏ သား တည်း။ ထို့သောဏကလုလင်သည် တဆဲ့ငါးနှစ်ရှိသော အခါ၌။ အမိ အဘတို့နှင့် တကွ ဝေဠုဝန ကျောင်းတော်သို့ သွား၍၊ ထိုဝေဠုဝန ကျောင်းတော်၌ အရှင်ဒါသကမထေရ်ကို ပရိသတ်နှင့်တကွမြင်၍။ အ လွန်သဒ္ဓါကြည်ညိုသဖြင့် ရဟန်းအဖြစ်ကိုတောင်းပန်၏။ အမိအဘတို့ ခွင့်မလွှတ်သောသူကို ငါတို့ရဟန်းမပြုကုန်ဟုဆိုသော်။ အမိအဘတို့ သို့သွား၍ ခွင့်တောင်းလျှင် ခွင့်မပေးလိုကုန်၍၊ အာဟာရကိုဖြတ်သဖြင့် အမိအဘတို့ကို ခွင့်ပြုစေ၍။ ထိုသောဏက လုလင်သည် ငါးကိုးပါငါး ယောက်သော သူတို့သားတို့နှင့် တကွ မထေရ်၏အထံ၌ ရဟန်းပြု၍ ပဉ္စင်းအဖြစ်ကိုရပြီးသော် ရဟန္တာအဖြစ်သို့ ရောက်၏။ အရှင်ဒါသက မထေရ်သည် ထိုသောဏကမထေရ်ကိုပဒုကတ်သုံးပုံအလုံးစုံကိုသင် စေ၏။ထိုသောဏကမထေရ်သည် ဂိုဏ်း၏အကြီးဖြစ်၍ များစွာသော သူတို့အား။ သုတ်၊ အဘိဓမ္မာ၊ ဝိနည်းကိုသင်စေ၏။ ။အရှင်သိဂ္ဂဝ မထေရ်ကား။ပါဒုလိပုတ်ပြည်၌ သိဂ္ဂဝမည်သောအမတ်ဖြစ်၍။ ဥတုသုံး ပါးတို့အား သျှောံပတ်သောပြာသာဒ်သုံးဆောင်တို့၌ စည်းစိမ်ခံစား၏။ ထိုသိဂ္ဂဝအမတ်သည် တနေ့သ၌ မိမိ၏အဆွေခင်ပွန်းဖြစ်သော စဏ္ဍ ဝဇ္ဇိအမည်ရှိသော သူဋ္ဌေးသားနှင့်တကွ များစွာသောအခြံအရံဖြင့်ခြံရံ လျက်။ ကုက္ကုဋဥယျာဉ်သို့ သွား၍။ ထိုကျောင်း၌ သမာပတ်ဝင် စားသောအရှင်သောဏကမထေရ်ကိုမြင်၍၊ရှိခိုး၍၊ မိမိနှင့်တကွစကား မပြောဆိုသည်ကိုသိ၍၊ ရဟန်းတို့ကို ဤအရှင်သည် အဘယ့်ကြောင့် စကားမပြောပါသနည်းဟု မေး၍။ သမာပတ်ဝင်စားသော ရဟန်းတို့ သည် စကားမပြောကုန်ဟုဆိုသော်။ အဘယ်သို့လျှင် သမာပတ်မှထ ကုန်သနည်းဟု မေးပြန်၍။ မြတ်စွာဘုရား ဆော်တော်မူသဖြင့်။ သံဃာ ခေါ်သဖြင့်၊ ဗိုင်းခြားသောကာလဖြင့်၊ အာယုသင်္ခါရကုန်သဖြင့် ထင်၏ ဟုဆိုကုန်၍။ ထိုသိဂ္ဂဝအမတ်၏ အခြံအရံနှင့်တကွ ဥပနိဿယကိုမြင် သဖြင့်။သံဃာ၏စကားဖြင့် အရှင်သောဏကလည် သမာပတ်မှထ၏။ သမာပတ်မှ ထပြီးသော် သောဏကမထေရ်ကို သိဂ္ဂဝ အမတ်သည် အဘယ်ကြောင့် စကားမပြောတော်မူပါသနည်းဟု မေး၏။ မင်းသား၊ စားအပ်သည်နှင့်ယှဉ်သည်ကို စားကုန်၏ဟုဆိုသော်။ အရှင်ဘုရားတို့

ဘောဇဉ်ကို အကျွန်ုပ်တို့အားလည်းစားစေခြင်းငှါ တတ်နိုင်ပါအံ့လော ဟုလျှောက်သော်။ သတို့သား၊ ငါတို့ကဲ့သို့ရဟန်းပြုလျှင် စားစေခြင်းငှါတတ်နိုင်ဏ်ဟူ၍ မထေရ်မိန့်သော်။ ထိုအကြောင်းကို အမိအဘတို့အားကြား၍။ ထိုအမိအဘတို့သည် ခွင့်ပြုအပ်သည်ဖြစ်၍၊ မိမိအဆွေခင်ပွန်း စဏ္ဍာဝဇ္ဇီသူဌေးသားနှင့်ငင်း၊ ငါးရာသောမင်းချင်း ယောကျ်ားတို့နှင့်ငင်း တကွ အရှင်သောဏကမထေရ်၏အထံ၌ ရဟန်းပြုသဖြင့် ပဉ္စင်းဖြစ်ဏ်။ ထိုငါးရာ့ နှစ်ယောက်တို့တွင်၊ သိဂ္ဂဝမထေရ်၊ စဏ္ဍာဝဇ္ဇီမထေရ်၊ဤနှစ်ယောက်တို့သည်ဥပဏ္ဍာယ်အရှင်သောဏကအထံ၌ပိဋကတ်သုံးပုံကိုတတ်အောင်သင်၍ နောက်အဘို့၌ ဆဋ္ဌဘိညရဟန္တာဖြစ်ကြကုန်ဏ်။ထိုနှစ်ပါးတို့တွင် အရှင်သိဂ္ဂဝမထေရ်၏အထံ၌ပိဋကတ်သုံးပုံကိုသင်၍တတ်ကုန်သောသူတို့ကား။ရဟန္တာခုနစ်ယောက်တည်း တထောင်အရေအတွက်ရှိ၏။ ပုထုဇဉ်၊ သောတာပန်၊ သကဒါဂါမ်၊ အနာဂါဒ်တို့ကား အရာ အထောင် အသောင်း အသိန်းဟူ၍ ပိုင်းခြားနိုင်သောမည်သည် မရှိ။ ရေတွက်ခြင်းအစဉ်ကိုလွန်စေကုန်ဏ်။ အရှင်သိဂ္ဂဝ ကျမ်းပို့သောအခါ ဇမ္ဗူ။ဒီပါကျွန်းဌ၌ရဟန်းအတိုင်းမသိမျှားသည်ဖြစ်၏။ ။

၉၀။ သာသနာတော်အနှစ်တရာကျော်တွင်၊ ဝဇ္ဇီ
တိုင်းသားရဟန်းတို့အဓမ္မဝဇ္ဇိုဆယ်ပါးကိုပြခြင်းကိုအကြောင်း
ပြု၍၊ ရှင်ယသထေရ်အစရှိသောရဟန္တာခုနစ်ရာတို့
ဒုတိယသင်္ဂါယနာတင်သည်ကိုပြရာ။

ဘိုးတော်အဇ္ဇနမင်းကြီးထားသော သက္ကရာဇ် ၁၄၁ ခုတွင်။ အဇာတသတ်မင်းပြုဏ်။ မြတ်စွာဘုရားကို မင်းအဖြစ်ဖြင့် ရှစ်နှစ်လုပ်ကျွေးရဏ်။ဘုရားမရှိသည့်နောက် ၂၄ နှစ်။ပေါင်း ၃၂ နှစ်မင်းပြုဏ်။ သားဥဒယဘဒ္ဒ ၁၆ နှစ်။ သား အနုရုဒ္ဓက ၈ နှစ်။ သားမုဏ္ဍက ၈ နှစ်။ နာဂဒါသက ၂၄ နှစ်။ သုသုနာဂမင်း ၁၈ နှစ်မင်းပြုဏ်။ သုသုနာဂမင်းလွန်သော်။ သား ကာဠာသောကသည် ၂၈ နှစ်မင်းပြုရဏ်။ ကာလာသောက မင်းပြု၍ အနှစ် ၂၀ မြည့်တွင် မြတ်စွာဘုရားသာသနာတော် အနှစ် ၁၀၀ ပြည့်ဏ်။မြတ်စွာဘုရားပရိနိဗ္ဗာန်ပြု၍ အနှစ် ၁၀၀ ၄်ပြီးသည်မှနောက်၌။ ကာလာသောကမင်း လက်ထက်တွင် ဝေသာလီပြည်၌ နေကုန်သော

ဝဇ္ဇီတိုင်းသားရဟန်းတို့သည် ဆယ်ပါးသောဝတ္ထုကို ထင်ရှားပြုကုန်၏။ ဆယ်ပါးသော ဝတ္ထုဟူသည်ကား။ ကပ္ပတိသိင်္ဂီလောဏကပ္ပါ၊ ကပ္ပတိဒွင်္ဂုလကပ္ပါ၊ အစရှိသည် တို့တည်း။ ထိုအခါ၌ ကာကဏ္ဍက ပုဏ္ဏားဏ၏ သားဖြစ်သော အရှင်ယသသည် ဝဇ္ဇီတိုင်းမှ ဒေသစာရီကြွသည်ရှိသော် ဝေသာလီပြည်သို့ရောက်၍၊မဟာဝုန်တောဝယ် ကူဋာဂါရသာလာ၌ နေ၏။ ထိုအခါ ဝေသာလီ၌ ဝဇ္ဇီတိုင်းသား ရဟန်းတို့သည် ဥပုသ်နေ့၌ လင်ပန်းကို ရေဖြင့်ပြည့်စေလျက် ရဟန်းသံဃာ၏ အလယ်၌ထား၍။ လာတိုင်းလာတိုင်းသော ဝေသာလီပြည်သား ဒါယကာတို့ကို။ ဒါယကာတို့၊ သံဃာ့အား တသပြာကိုလှူကုန်လော့။ ငါးမူးကို လှူကုန်၎လော့။ တမတ်ကို လှူကုန်လော့။ ပဲယုတ်ကို လှူကုန်လော့။ သံဃာ့အား ပရိက္ခရာဖြင့်ပြုဘွယ်ကိစ္စဖြစ်လတ္တံ့သည်ဟူ၍ ဆိုကုန်၏။ ထိုသို့ ပြုသည်ကိုမြင်၍ အရှင်ယသသည် ဒါယကာတို့ကို ဤသို့ဆို၏။ ဒါယကာတို့၊ သံဃာအား တသပြာကိုလည်း၊ ငါးမူးကိုလည်း၊ တမတ်ကို လည်း၊ ပဲယုတ်ကိုလည်း မလှူကုန်လင့်။ သကျဝင်မင်းသား ရဟန်းတို့အား ရွှေငွေသည်မအပ်။ သကျဝင်မင်းသားရဟန်းတို့သည် မသာယာအပ်ကုန်။ သကျဝင်မင်းသားရဟန်းတို့သည် ရွှေငွေကို အလှူမခံအပ်ကုန်ဟူ၍ဆို၏။ ဤသို့ အရှင်ယာသဆိုသော်လည်း။ ဝေသာလီပြည်သား ဒါယကာတို့သည် သံဃာအား တသပြာကိုလည်း၊ ငါးမူးကိုလည်း၊ တမတ်ကို လည်း၊ ပဲယုတ်ကိုလည်း လှူကုန်၏။ ထိုညဉ့်လွန်သဖြင့် ဝေသာလီပြည်သား ရဟန်းတို့သည် ရဟန်းအစဉ်ဖြင့်အတို့ကိုထား၍ဝေကုန်၏။ ဝဇ္ဇီတိုင်းသားရဟန်းတို့သည် အရှင်ယသကို။ ငါ့ရှင်ယသ၊ဤအစုသည် သင်၏အတွက်ဟူ၍ ဆိုကုန်၏။ ငါ့ရှင်တို့၊ ငါ့အားအတွက်မရှိ။ ငါသည် ရွှေငွေကို မသာယာဟူ၍ အရှင်ယသဆိုသော်။ ဝဇ္ဇီတိုင်းသား ရဟန်းတို့သည်။ ငါ့ရှင်တို့၊ ကာကဏ္ဍက ပုဏ္ဏားဏ၏သား ဤယသသည် သာဓုခေါ်ကြည်ညိုကုန်သော ဒါယကာတို့ကို ဆဲရေး၏။ ငါတို့အား မကြည်ညိုအောင်ပြု၏။ထိုယသအား ငါတို့သည် ပဒိုသာရဏီယကံကိုပြုကုန်အံ့ဟု ထိုဝဇ္ဇီရဟန်းတို့သည် အရှင်ယသအား ပဒိုသာရဏီယကံကိုပြုကုန်၏။ ထိုအခါ အရှင်ယသသည် ဤသို့ဆို၏။ အရှင်တို့၊ ပဒိုသာရဏီယကံကိုပြုအပ်သောရဟန်းအား တမန်အဆင့်ကိုပေးအပ်၏ဟုဆို၏။ ထိုအခါ၊ ဝဇ္ဇီရဟန်းတို့သည်ရဟန်းတစ်ယောက်ကိုသမုတ်၍ အရှင်ယသအားတမန်

အဆင့်ကိုပေးကုန်၏။အဂ္ဂဉ်ယသာရသည် ထိုရဟန်းနှင့်တကွ ဝေသာလိ ပြည်သို့ဝင်၍ ဒါယကာတို့ကိုဤသို့ဆို၏။ဒါယကာတို့၊အကြင်ငါသည် တရား မဟုတ်သည်ကို တရားမဟုတ်ဟု ဆို၏။ တရားဟုတ်သည်ကို တရားဟုဆို၏။ ဝိနည်းမဟုတ်သည်ကို ဝိနည်းမဟုတ်ဟုဆို၏။ ဝိနည်း ဟုတ်သည်ကိုဝိနည်းဟုဆို၏။ထိုငါသည် သန္ဓါကြည်ညိုကုန်သောသင် ဒါယကာတို့ကို ဆဲရေးသတတ်။ မကြည်ညိုသည်ကို ပြုသတတ်။ ဒါ ယကာတို့၊ မြတ်စွာဘုရားသည် သာဝတ္ထိပြည်၌ နေတော်မူသောအခါ ရဟန်းတို့ကို ဤသို့ဟောတော်မူ၏။ ချစ်သားရဟန်းတို့၊ တိမ်းဆိုးနှင်း၊ မိုးခိုး၊မြူ၊ရာဟု၊ ဤလေးပါးတို့သည် အညစ်အကြေးတို့တည်း။ ဤလေး ပါးတို့ကြောင့်။ လ၊နေတို့သည်မတောံပကုန်။ မလင်းကုန်။ မတင့်တယ် ကုန်။ ထို့အတူရင်း။ သေအရက်သောက်ခြင်း၊ မေထုန်မှိုဝပ်ခြင်း၊ ဖွေငွေ တို့ကိုအလှူခံခြင်း၊အနေသနနှစ်ဆဲ့တပါးစသောမတရားသဖြင့်ရသော ပစ္စည်းတို့ဖြင့် အဖက်မွေးခြင်း၊ ဤလေးပါးသောအကြောင်းတို့သည် ရဟန်းတို့အား အရောင်အဝါမရှိခြင်း၏အကြောင်းတို့တည်း။ ဤလေး ပါးတို့ကြောင့်ရဟန်းတို့သည်မတောက်ပကုန်။မထွန်းလင်းကုန်။မတင့် တယ်ကုန်။ ဤသို့ မြတ်စွာဘုရားဟောတော်မူသောကြောင့်။ သကျဝင် မင်းသား ရဟန်းတို့အား ဖွေငွေတို့ကို အလှူမခံအပ်ဟု အယူရှိသည် ဖြစ်၍။ အကြင် ငါသည် တရားမဟုတ်သည်ကိုလည်း တရားမဟုတ်။ ဝိနည်းမဟုတ်သည်ကိုလည်း ဝိနည်းမဟုတ်ဟုဆို၏။တရားဟုတ်သည် ကိုလည်းတရားဟုတ်၏။ဝိနည်းဟုတ်သည်ကိုလည်း ဝိနည်းဟုတ်၏ဟု ဆို၏။ ထိုငါသည် ဒါယကာတို့အားဆဲရေးသတတ်၊ရေရွတ်သတတ်၊ မကြည်ညိုသည်ကို ပြုသတတ်။ ဤသို့ အစရှိသည်ဖြင့် အရှင်ယသမိန့် ကော်မူသည် ရှိသော်။ ဝေသာလိပြည်သား ဒါယကာတို့သည် အရှင် ယသကို ဤသို့ဆိုကုန်၏။ ဘုန်းတော်ကြီးသောအရှင်ယသ၊အရှင်ယသ တပါးသည်သာလျှင် သကျဝင်မင်းသား ရဟန်းဟုတ်၏။ ဤဝန္ဒိတိုင်း သား ရဟန်းအလုံးစုံတို့သည် သကျဝင်မင်းသား ရဟန်းမဟုတ်ကုန်။ ဘုန်းတော်ကြီးသော အရှင်ယသ၊ အရှင်ယသသည် အကျွန်ုပ်တို့ ဝေ သာလိပြည်၌ အမြဲနေတော်မူပါ။ အကျွန်ုပ်တို့သည် အရှင်ဘုရားယသ အား။သက်နှံး၊ဆွမ်း၊ကျောင်းအိပ်ရာ၊ဆေး၊ပစ္စည်းလေးပါးတို့ဖြင့်လုံ့လ ပြုပါကုန်အံ့ဟု ဖျောက်ကုန်၏။ ထိုအခါ အရှင်ယသသည် ဝေသာလိ

ပြည်သား ဒါယကာတို့အား တရားကိုသိစေ၍ အဆင့် တမန်နှင့်တကွ ကူဋဂါဂါရသာလသို့ သွားဏ်။ ။ထိုဇောအခါ ဝဇ္ဇီတိုင်းသား ရဟန်း တို့သည် အဆင့်တမန်ကိုမေးကုန်ဏ်။ ငါ့ရှင်၊ ဝေသာလီပြည်သားဒါယကာကို၊ ကာကဏ္ဍကပုဏ္ဏား၏ သား ယသသည် ကနဦးအပ်ပြီလောဟုမေးကုန်ဏ်။ ငါ့ရှင်တို့၊ ငါတို့ကို ဥပါသကာတို့သည်အယုတ်ကို ပြုအပ်ပြီ။ ယသရဟန်းတယောက်ကိုသာ သကျဝင်မင်းသား ရဟန်း ပြုအပ်ပြီ။ ငါတို့အလုံးစုံကို သကျဝင်မင်းသားရဟန်းမဟုတ်သည်ကို ပြုအပ်ပြီဟူ၍ တမန်ရဟန်းကကြားသော်၊ ဝေသာလီနေ ဝဇ္ဇီတိုင်းသား ရဟန်းတို့သည်။ ငါ့ရှင်တို့၊ ငါတို့မသမုတ်အပ်ဘဲ ယသသည် လူတို့ အား ရဟန်းတို့အကျင့်ကိုထင်ရှားပြဏ်။ ငါတို့သည် ယခု ယသအား နှင်ထုတ်အပ်ဆသဉ်ကျွေပနိယကံကိုပြုကုန်အံ့ဟုတိုင်ပင်ကုန်၍ ဝေသာ လီနေ ဝဇ္ဇီတိုင်းသားရဟန်းတို့သည်။အရှင်ယသအား နှင်ထုတ်သော ကံကို ပြုကုန်အံ့သောငှါ စည်းဝေးကုန်ဏ်။ ထိုအခါ အရှင်ယသသည် ကောင်းကင်သို့ ပျံတက်၍ ကောသမ္ဗီပြည်၌ တည်လေဏ်။ ။ထိုအခါ အရှင်ယသသည် ပါဝေယျကတိုင်းသားရဟန်းတို့ဏ်ဌင်း၊ အဝန္တိဒက္ခိ ဏာပထတိုင်းသားရဟန်းတို့ဏ်ဌင်းအထံသို့တမန်စေဏ်။ငါ့ရှင်တို့သည် လာကုန်လော့။ သူတော်ကောင်း မဟုတ်သော်သူတို့ဏ်၏ တရား၊ ဝိနည်း မဟုတ်သော တရားတို့သည် မထွန်းပ ကုန်ဓိ။ သူတော်ကောင်းတို့ဏ်၏ တရား၊ ဝိနည်းတရားတို့သည် မတိမ်မြုပ်ကုန်ဓိ။ သူတော်မဟုတ်သော သူတို့သည်ဌင်း၊ ဝိနည်းကိုမယူသော သူတို့သည်ဌင်း အားမကြိုးကုန်ဓိ။ သူတော်ကောင်း တို့သည်ဌင်း၊ ဝိနည်းဟုတ်သည်ကို ယူသော သူတို့ သည်ဌင်း အားမနှည်းကုန်ဓိ။ ဤဂဇ္ဇိတိုင်းသားတို့ပြုအပ်သော အဓိက ရဏ်းကို ငါတို့စိစစ်ကုန်အံ့ဟုမျှာစောနှင့်တကွ တမန်စေဏ်။ ။ထိုအခါ သာဏဝါသိဖြစ်သောအရှင်သမ္ဘူတသည် အာပေါဂဂ်ါတောင်၌နေ ဏ်။အရှင်ယသသည် ဂဂ်ါတောင်၌ အရှင်သမ္ဘူတ၏ရှိရာသို့ကပ် ၍ မထေရ်ကိုရိုသေစွာဖူးခိုး၍ တင့်အပ်သောအရပ်၌နေပြီးသော် အရှင် ယသသည် အရှင်သမ္ဘူတ၏ထေရ်ကို ဤသို့ လျှောက်ဏ်။ ဘုန်းတော် ကြီးသောအရှင်ဘုရား၊ ဤဝဇ္ဇီတိုင်းသားဝေဒေဟဿလိနေရဟန်းတို့သည်၊ ကပ္ပတိသိဂီဒေလာဏကပ္ပေါ၊ အစရှိသော ဆယ်ပါးသော ဝတ္ထုတို့ကို ပြုကုန်ဏ်။အကျွန်ုပ်တို့သည်ဤအဓိကရဏ်းကိုစိစစ်ပါကုန်အံ့ဟု၊အောံ၌

ဆိုခဲ့ပြီးသောသူတော်မဟုတ်သောသူကို၎င်တရားမထွန်းပကုန်မီ၊ ဤသို့အစရှိသော စကားကိုဆို၍ လျှောက်၏။ အရှင်သမ္မာ။တမထေရ်သည်လည်း အရှင်ယသအား ကောင်းပြီဟု ဝန်ခံ၏။ ထိုအခါ ပါဝေယျကတိုင်းသားဖြစ်ကုန်သော အလုံးစုံသော အာရညကင်ရတင်၊ပိဏ္ဍပါတ်ရတင်၊ ပံသုကူရတင်ဆောက်တည်ကုန်သော ဧခြောက်ကျိပ်ကုန်သော ရဟန္တာ မထေရ်တို့သည် အဟောဂင်္ဂါတောင်၌ စည်းဝေးလာကုန်၏။ အဝန္တိဒက္ခိဏာပထတိုင်းသား ဖြစ်ကုန်သော၊ အ၍ုိအာရညကင်ရတင်၊ အ၍ုိ ပိဏ္ဍပါတ်ရတင်၊ အ၍ုိ ပံသုကူရတင်၊ အ၍ုိ တိစီဝရိက်ရတင် ဆောက်တည်ကုန်သော အလုံးစုံသော ရဟန္တာဖြစ်ကုန်သော ၅စ်ကျိပ်သောမထေရ်တို့သည်လည်း အဟောဂင်္ဂါတောင်၌စည်းဝေးလာကုန်၏။ ထိုအခါ အလုံးစုံသော မထေရ်တို့အား ဤသို့တိုင်ပင်ခြင်းသည်ဖြစ်၏၊ဤအဓိကရဏ်းသည်ကြမ်းထမ်းရဲရင့်၏။ အကြင်အပေါင်းအဘော်ဖြင့် ငါတို့သည်ဤအဓိကရဏ်း၌အားကြိုးကုန်သည်ဖြစ်ရာ၏။ ထိုအပေါင်းအဘော်ကို ငါတို့သည် အဘယ်သို့လျှင် ရကုန်အံ့နည်းဟု တိုင်ပင်ကုန်၏။ ထိုအခါများစွာသောအကြားအမြင်ရှိသော၊ရောက်ပြီးသောမဂ်ဖိုလ်ရှိသော၊ သုတ် အဘိဓမ္မာ ဝိနည်းကိုဆောင်သော၊ မာတိကာကိုဆောင်သော၊ ပဉ္စာရှိသော၊ လိမ္မာသော၊ ဓိဃနိကာယ်ကိုအလိုရှိသော အရှင်ရေဝတသည် သောရေယျမြို့၌နေ၏။ ထိုအခါ မထေရ်ကြီးတို့အား ဤသို့အကြံသည် ဖြစ်၏။ အကြားအမြင်များသော၊ ရောက်အပ်ပြီးသော မဂ်ဖိုလ်ရှိသော၊ သုတ် အဘိဓမ္မာ ဝိနည်းကို ဆောင်သော၊ ပဉ္စာရှိသော အရှင်ရေဝတသည် သောရေယျမြို့၌နေ၏။ အကယ်၍ ငါတို့သည် အရှင်ရေဝတကို အပေါင်းအဘော် ပြုကုန်သည်ရှိသော် ငါတို့သည် ဤအဓိကရဏ်း၌အားကြိုးသည်ဖြစ်အံ့ဟု တိုင်ပင်ပြောဆိုကုန်၏။ ထိုမထေရ်ကြီးတို့၏ တိုင်ပင်သော စကားကို အရှင်ရေဝတသည် အထူးသဖြင့်စင်ကြယ်သော လူတို့၏အကြားကိုလွန်သော နတ်နားဖြင့်ကြားတော်မူ၍ ဤသို့ကြံ၏။ ဤအဓိကရဏ်းသည်ကြမ်းထမ်း၏၊ ရဲရင့်၏။ ဤသို့သဘောရှိသောအဓိကရဏ်း၌ အကြင်ငါသည် နောက်သို့ဆုတ်ငြားအံ့။ ထိုသို့ နောက်သို့ဆုတ်ခြင်းသည် ငါ့အား မလျောက်ပတ်။ ယခုအခါ၌ ထိုရဟန်းတို့သည် ငါ့ထံသာကုန်လတ္တံ့။ငါသည် ထို

ရဟန်းတို့နှင့်ပြိမ်းလျက် မချမ်းသာသည်ဖြစ်လတ္တံ့။ အကယ်၍ငါသည် ဂေါးဦးစွာသွားနှင့်ရာဇ၏ဟုကြံ၍။ထိုအခွင့်ရေဝတသည်သော ရေယျမြို့မှ သင်္ကဿပြည်သို့ ကြွတော်မူလေ၏။ အခွင့်ယသအစရှိသော မထေရ်တို့သည် သောရေယျမြို့သို့သွားကုန်၍။ အခွင့်ရေဝတသည် အဘယ်အရပ်၌နေတော်မူသနည်းဟုမေးကုန်၏။ထိုသောရေယျမြို့သားရဟန်းတို့သည် အခွင့်ရေဝတသည် သင်္ကဿပြည်သို့ ကြွတော်မူလေ၏ဟု ဆိုကုန်၏။ အခွင့်ရေဝတသည် တဘန် သင်္ကဿမှ ကဏ္ဍကုဋ္ဌမြို့သို့ ကြွတော်မူပြန်လေ၏။ထိုအခွင့်ယသစသောမထေရ်တို့သည် သင်္ကဿပြည်သို့ထိုက်၍ အခွင့်ရေဝတသည်အဘယ်အရပ်၌နေတော်မူသနည်းဟုမေးကုန်၏။ ထိုသင်္ကဿမြို့နေရဟန်းတို့သည် အခွင့်ရေဝတသည် ကဏ္ဍကုဋ္ဌမြို့သို့ ကြွတော်မူလေပြီဟူ၍ဆိုကုန်၏။ အခွင့်ရေဝတသည် ကဏ္ဍကုဋ္ဌမှ ဥဒုမ္ဗရမြို့သို့ ကြွတော်မူလေ၏။ မထေရ်တို့သည် ကဏ္ဍကုဋ္ဌသို့ထိုက်၍ မေးကုန်သော် ကဏ္ဍကုဋ္ဌသားရဟန်းတို့သည် အခွင့်ရေဝတသည် ဥဒုမ္ဗရမြို့သို့ကြွတော်မူလေပြီဟူ၍ ဆိုကုန်၏။ ထိုအခါအခွင့်ရေဝတသည် ဥဒုမ္ဗရမှ အဂ္ဂဠပုရပြည်သို့ကြွတော်မူလေ၏။ ထိုမထေရ်ကြီးတို့သည် ဥဒုမ္ဗရမြို့သို့ထိုက်၍မေးပြန်ကုန်၏။ဥဒုမ္ဗရမြို့သားရဟန်းတို့သည် ထိုအခွင့်ရေဝတသည် အဂ္ဂဠပုရသို့ ကြွတော်မူလေပြီဟူ၍ဆိုကုန်၏။ထိုအခါအခွင့်ရေဝတသည် အဂ္ဂဠပုရမှသဟံဇာတိသို့ ကြွတော်မူလေ၏။ အခွင့်ယသစသော မထေရ်တို့သည် အဂ္ဂဠပုရသို့ထိုက်၍မေးပြန်သော် အဂ္ဂဠပုရပြည်သား ရဟန်းတို့သည် အခွင့်ရေဝတသည် သဟံဇာတိသို့ကြွတော်မူလေပြီဟုဆိုကုန်၏။ထိုမထေရ်ကြီးတို့သည်အဂ္ဂဠပုရမှသဟံဇာတိသို့လိုက်လေကုန်သော်။ထိုသဟံဇာတိဥ္ဒ အခွင့်ရေဝတကို ဖိလေကုန်၏။ ။ထိုသို့ဖိသောအခါဥ္ဒ သာဏဝါသီ အခွင့်သမ္ဘူတသည် အခွင့်ယသကို ဤသို့ ဆို၏။ ငါ့ခွင့်ယသ၊ အခွင့်ရေဝတသည် မျှားသောအကြားအမြင်ရှိ၏။ ရောက်အပ်ပြီးသော မဂ်ဖိုလ်ရှိ၏။သုတ် အဘိဓမ္မာ ဝိနည်းကိုဆောင်၏။မာတိကာကိုဆောင်၏။ ပညာရှိ၏။ လိမ္မာ၏။ အကြောင်းဟုတ်သည် မဟုတ်သည်ကို သိသော ပညာရှိ၏။ အလိုလိုသိတတ်၏။သိက္ခာပုဒ်ကိုအလိုရှိ၏။ အကယ်၍ငါတို့သည်အခွင့်ရေဝတကိုပြဿနာမေးကုန်အံ့။ တရားသောပြဿနာဖြင့်ပင် အခွင့်ရေဝတသည် တည့်ဖွဲ့လုံးကိုကုန်စေခြင်းငှါစွမ်းနိုင်၏။ ယခုအခါ၌

အခွင့်ရေဝတသည် တပည့်ကို သရဏာယ်ခြင်းကို တိုက်တွန်းလတ္တံ့။ ငါ့ရှင်ယသသည် ထိုတပည့်သရဏာယ်သေးအဆုံးဌိအခွင့်ရေဝတသို့ ကပ်၍။ ဤဆယ်ပါးသော ဝတ္ထုကိုမေးခွေလေ့ဟူ၍ဆို၏။ အခွင့်ယသသည် ကောင်းပြီအခွင့်ဘုရားဟု အခွင့်သမ္မာ။ တအားဝန်ခံ၍ အခွင့်ရေဝတသို့ကပ်လေ၍ ဂိုဒိုး၍ တင့်အပ်သောအရပ်ဌ ၄နေ၏။ အခွင့်ရေဝတသည် တပည့်ကို သရဏာယ်ခြင်းကို တိုက်တွန်း၍ သရဏာယ်သော အဆုံးဌိအခွင့်ယသဤသို့လျှောက်၏။ဘုန်းတော်ကြီးသောအခွင့်ဘုရား၊ သိဂီလောဏကပ္ပကို သုံးဆောင်ခြင်းသည် အပ်ပါ၏လောဟု လျှောက်၏။ ငါ့ရှင်၊ထိုသိဂီလောဏကပ္ပကိုသုံးဆောင်ခြင်းဟူသည် အဘယ်သို့သုံးဆောင်ခြင်းနည်းဟု မေးတော်မူသော်။ အခွင့်ဘုရား၊အကြင်အရပ်ဌ ဆားမရှိသောဆွမ်းသည်ဖြစ်လတ္တံ့။ ထိုအရပ်ဌ သုံးဆောင်ရလတ္တံ့ ဟု ဆားကို သားချိုဌထည့်၍ သုံးဆောင်ခြင်းသည် အပ်ပါ၏လောဟု လျှောက်၏။ ငါ့ရှင်၊မအပ်ဟူ၍မိန့်၏။ အခွင့်ဘုရား၊ဒွဂိုလကပ္ပသည်အပ်ပါ၏လောဟု လျှောက်၏။ ငါ့ရှင်၊ ဒွဂိုလကပ္ပဟူသည် အဘယ်နည်းဟု မေးသော်။ အခွင့်ဘုရား၊ လက်နှစ်သစ်အရိပ်မွန်းလွဲသောအခါဌ ဘောဇဉ်ငါးပါးကိုစားခြင်းသည် အပ်ပါ၏လောဟု လျှောက်၏။ငါ့ရှင်၊မအပ်ဟုမိန့်၏။ အခွင့်ဘုရား၊ ဂါမန္တရကပ္ပသည် အပ်ပါ၏လောဟုလျှောက်၏။ ငါ့ရှင်၊ဂါမန္တရကပ္ပဟူသည် အဘယ်နည်းဟုမေး၏။ အခွင့်ဘုရား၊ ယခုအခါဌ ရွာတပါးသို့ သွားအံ့ဟု ဆွမ်းစားဆဲ ပဝါရိတ်သင့်သော ရဟန်းသည် အတိရိက်ဝိနည်းကံမပြုသော ဘောဇဉ်ကိုစားခြင်းဌါအပ်ပါ၏လောဟုလျှောက်၏။ ငါ့ရှင်၊မအပ်ဟုမိန့်၏။ အခွင့်ဘုရား၊အာဝါသကပ္ပသည်အပ်ပါ၏လောဟုလျှောက်၏။ ငါ့ရှင်၊အာဝါသကပ္ပဟူသည် အဘယ်နည်းဟုမေး၏။ အခွင့်ဘုရား၊ တသိမ်တည်းဌိနေကုန်သော တူသော ပေါင်းဘော်ခြင်း ရှိကုန်သေ ရဟန်းတို့သည် အထူးထူးသော ဥပုသ်ကိုပြုခြင်းဌါအပ်ပါ၏လောဟု လျှောက်သော်။ ငါ့ရှင်၊ မအပ်ဟုမိန့်၏။ အခွင့်ဘုရား၊အနုမတိုကပ္ပသည် အပ်ပါ၏လောဟုလျှောက်၏။ ငါ့ရှင်၊ အနုမတိကပ္ပ ဟူသည် အဘယ်နည်းဟု မေး၏။ အခွင့်ဘုရား၊ ဖလာသေးသော ရဟန်းတို့ကို လာသောအခါဌ အနုမတိကိုဆောင်အံ့ဟုဝင်ဖြစ်သောသံဃာဒိသည် ကံကိုပြုခြင်းဌါအပ်ပါ၏လောဟုလျှောက်၏။ ငါ့ရှင်၊ မအပ်ဟုမိန့်၏။ အခွင့်ဘုရား၊ အာဒိဏ္ဏကပ္ပသည် အပ်ပါ၏

လောဟုလ္လောက်၏။ ငါ့ရှင်၊အာစိဏ္ဏကပ္ပဟူသည် အဲဘယ်နည်းဟုမေး
၏။ အရှင်ဘုရား၊ ဤအလေ့အကျက်သည် ငါ၏ဥပဇ္ဈာယ်၏ အလေ့အ
ကျက်အကျင့်။ ဤသည်ကား ငါ၏ဆရာ၏ အလေ့အကျက်အကျင့်ဟု
အတုကိုလိုက်၍အလေ့အကျက်ပြုအံ့သောဤအပ်ပါ၏လောဟုလ္လောက်
သော်။ ငါ့ရှင်၊ အချို့သော ဥပဇ္ဈာယ် ဆရာတို့၏ အလေ့အကျင့်သည်
အပ်၏။ အချို့သောအလေ့အကျင့်သည် မအပ်ဟုမိန့်၏။ အရှင်ဘုရား၊
အမထိဝကပ္ပသည် အပ်ပါ၏လောဟု လ္လောက်၏။ ငါ့ရှင်၊ အမထိတ
ကပ္ပဟူသည်အဲဘယ်နည်းဟုမေး၏။ အရှင်ဘုရား၊ နိုရည်အဖြစ်ကိုစွန့်
ပြီး၍ နိုဝမ်းအဖြစ်သို့မရောက်သေးသော နိုရည်ကိုသုံးစားစဉ် ပဝါရိတ်
သင့်သောရဟန်းသည် အတိရိုက်ဝိနည်းကံမပြုဘဲသောက်ခြင်းငှါအပ်
ပါ၏လောဟုလ္လောက်၏။ ငါ့ရှင်၊ မအပ်ဟုမိန့်၏။ အရှင်ဘုရား၊ ဓဉ္ဇောဂိ
ကို သောက်ခြင်းငှါ အပ်ပါ၏လောဟု လ္လောက်၏။ ငါ့ရှင်၊ ဓဉ္ဇောဂိဟု
သည် အဲဘယ်နည်းဟုမေး၏။ အရှင်ဘုရား၊သေအဖြစ်အရက်အဖြစ်သို့
မရောက်သေးသော စိမ်ပင်ရည်ကို သောက်ခြင်းငှါ အပ်ပါ၏လောဟု
လ္လောက်၏။ ငါ့ရှင်၊မအပ်ဟုအရှင်ရေဝတမိန့်၏။ အရှင်ဘုရား၊အမြှိတ်
မရှိသောနိသိဒိုနသည် အပ်ပါ၏လောဟုလ္လောက်၏။ငါ့ရှင်ယသ၊မအပ်
ဟု မိန့်၏။ အရှင်ဘုရား၊ ဖွေးငွေ့တို့ကို အလှူခံခြင်းငှါအပ်ပါ၏လောဟု
အရှင်ယသလ္လောက်၏။ ငါ့ရှင်၊မဲအပ်ဟု၍ အရှင်ရေဝတမိန့်တော်မူ၏။
ဘုန်းတော်ကြီးသော အရှင်ဘုရား၊ ဝေသာလိဠ္ဍနေကုန်သော ဝဇ္ဇီတိုင်း
သားရဟန်းတို့သည် ဤဆယ်ပါးသောဝတ္ထုတို့ကိုဝေသာလိဠ္ဍထင်ရှား
ပြုကုန်၏။ ယခုအခါ၌ အကျွန်ုပ်တို့သည် ဤအဓိကရဏ်းကိုယူပါကုန်
အံ့။ သူတော်မဟုတ်သောသူတို့၏ကရားသည် မထွန်းပခဲ့။ ဤသို့အစရှိ
သော အောက်၌ဆိုခဲ့ပြီးသောနည်းဖြင့် အရှင်ယသလ္လောက်၏။ အရှင်
ရေဝတသည်ကောင်းပြီဟုအရှင်ယသအားဝန်ခံတော်မူ၏။ ။

ဝေသာလိဠ္ဍနေကုန်သော ဝဇ္ဇီတိုင်းသား ရဟန်းတို့သည်။ အရှင်ယ
သသည် ဤအဓိကရဏ်းကိုယူအံ့သောငှါ အပင်းအသင်းကို ရှာသည်။
အပင်းအသင်းကိုရပြီဟုကြားလေကုန်၍။ ဤအဓိကရဏ်းသည် ကြမ်း
ထမ်း၏။ ရဲရင့်၏။ အကြင်အပင်းအသင်းဖြင့် ဤအဓိကရဏ်းဌ ငါတို့
သည် အားကြိုးမြတ်ကုန်သည် ဖြစ်ရာ၏။ ထိုအပင်းအသင်းကို ငါတို့
သည် အဲဘယ်ကဲ့သို့ရပါအံ့ကုန်အံ့နည်းဟု တိုင်ပင်ကုန်၏။ ထိုကျောအခါ

ဝဇ္ဇီတိုင်းသား ရဟာန်းတို့အား။ ငါ့ရှင်တို့၊ ရှည့်သော အသက်တော်ရှိသော အရှင်ရေဝတသည် အကြားအမြင်မျှားဏ်။ ရောက်အပ်ပြီးသော မဂ်ဖိုလ်ရှိဏ်။ ပဒူကတ်သုံးပုံကိုဆောင်နိုင်ဏ်။ ပဉ္စာရှိဏ်။ အရှင်ရေဝတာကို အပေါင်းအဘော်ပြုရသော ဤအဓိကရဏ်းဌ အားကြိုးမြတ်ကုန်သည် ဖြစ်ကုန်ရာဏ်ဟု တိုင်ပင်ကုန်၍ များစွာသောရဟန်းပရိက္ခရာတို့ကိုစီရင်ကုန်ဏ်။ သပိတ်၊ သင်္ကန်း၊ ခါးပန်း၊ ဇရစ်၊ ဓမကရိဏ်း၊ အပ်ကျည်တို့ကိုစီရင်ကုန်၍။ ဝေသာလိမှ လွှဲဖြင့် သဟံဓာတိသို့ဆန်လေကုန်ဏ်။ဆန်လေကုန်၍ သဟံဓာတိသို့ရောက်ကုန်သော် လွှမှသက်၍ တဆုံသော သစ်ပင်ရင်းဌ ဆွမ်းစားခြင်းကို ပြုကုန်ဏ်။ ။ထိုရောအခါ ဆိတ်ကွယ်ရာဌ၌ နေ၍ ကိန်းအောင်းသော ရှည့်သော အသက်တော်ရှိသော အရှင်သာဋ္ဌအား ဤသို့သော စိတ်အကြံသည် ဖြစ်ဏ်။ အဘယ်ရဟန်းတို့သည် တရားကိုယူကုန်သနည်း၊အရှေ့မျက်နှာ ဝေသာလိနေဝဇ္ဇီတိုင်းသား ရဟန်းတို့သည် တရားကို ယူကုန်သလော။ အနောက်မျက်နှာ ပါဝေယျကတိုင်းသား ရဟန်းတို့သည် တရားကို ယူကုန်သလောဟူ၍ကြံဆင်ခြင်သော်၊ သုတ် အဘိဓမ္မာ ဝိနည်းကို ဆင်ခြင်သော အရှင် သာဋ္ဌအား ငါတို့ အရှေ့မျက်နှာ ဝေသာလိနေ ဝဇ္ဇီတိုင်းသား ရဟန်းတို့သည် တရားကို မယူကုန်။ အနောက်မျက်နှာ ပါဝေယျကတိုင်းသားရဟန်းတို့သည် တရားကိုယူကုန်ဏ်ဟုအကြံဖြစ်ဏ်။ ထိုအခါ သုဒ္ဓါဝါသဘုံ၌နေသောဗြဟ္မာမင်းတယောက်သည် ဝိဝိစိတ်ဖြင့် အရှင်သာဋ္ဌ၏အကြံကို သိ၍။ ဥပမာကား၊ အားရှိစွာသော ယောကျ်ားသည် ကွေးသောလက်ကို ဆန့်ဘိသကဲ့သို့။ သုဒ္ဓါဝါသဗြဟ္မာ့ဘုံ၌ ကွယ်ခဲ့၍၊ အရှင်သာဋ္ဌ၏ရှေ့၌ထင်ရှားဖြစ်လာ၏။ထိုဗြဟ္မာသည် အရှင်သာဋ္ဌအား ဤသို့ လျှောက်ဏ်။ ဘုန်းတော်ကြီးသော အရှင်ဘုရားသာဋ္ဌ၊ ကောင်းစွကောင်းစွ။ အရှင်ဘုရားတို့ အရှေ့မျက်နှာ ဝေသာလိနေ ဝဇ္ဇီတိုင်းသား ရဟန်းတို့သည် တရားကို မယူကုန်။ အနောက်မျက်နှာ ပါဝေယျကတိုင်းသားရဟန်းတို့သည် တရားကိုယူကုန်ဏ်ဟုအကြံဖြစ်ဏ်။ ထိုအခါ သုဒ္ဓါဝါသဘုံ၌နေသောဗြဟ္မာမင်းတယောက်သည် ဝိဝိစိတ်ဖြင့် အရှင်သာဋ္ဌ၏အကြံကို သိ၍။ ဥပမာကား၊ အားရှိစွာသော ယောကျ်ားသည် ကွေးသောလက်ကို ဆန့်ဘိသကဲ့သို့။ သုဒ္ဓါဝါသဗြဟ္မာ့ဘုံ၌ ကွယ်ခဲ့၍၊ အရှင်သာဋ္ဌ၏ရှေ့၌ထင်ရှားဖြစ်လာ၏။ထိုဗြဟ္မာသည် အရှင်သာဋ္ဌအား ဤသို့ လျှောက်ဏ်။ ဘုန်းတော်ကြီးသော အရှင်ဘုရားသာဋ္ဌ၊ ကောင်းစွ ကောင်းစွ။ အရှင်ဘုရားတို့ အရှေ့မျက်နှာ ဝေသာလိနေ ဝဇ္ဇီတိုင်းသား ရဟန်းတို့သည် တရားကို မယူကုန်။ အနောက်မျက်နှာ ပါဝေယျကတိုင်းသား အရှင်ယသစသော ရဟန်းတို့သည် တရားကို ယူပေကုန်သည်။ ဘုန်းတော်ကြီးသော အရှင်ဘုရား သာဋ္ဌသည် တရား ရှိတိုင်းတည်ဝေဒင်္သမှုပါမောက္ခ၍ ဗြဟ္မာမင်းသည်အရှင်သာဋ္ဌကိုလျှောက်ဏ်။ဗြဟ္မာကြီး၊အကြင်အခြင်းဖြင့်တရားရှိဏ်။ ထိုအခြင်းဖြင့် ငါသည် ရှေးဌလည်းတည်ဖြို။ ယခုလည်းတည်ပါဏ်။ စင်စစ်ဧသင်္ကာဟု ဗြဟ္မာကြီး၊ငါသည်

အယူကိုရှေးဦးကထင်စွာမပြုအပ်။ ဤဒိဋ္ဌဓိကရဏ်းဒွ် ငါ့ကိုသမုတ်ငြားအံ့လည်းမသိဟုအရှင်သာဋ္ဌမိန့်တော်မူ၏။ ။ထိုရောအခါ ဝေသာလိဒွ်နေသောဝဇ္ဇီတိုင်းသားရဟန်းတို့သည် များစွာသောရဟန်းပရိက္ခရာတို့ကိုယူ၍ အကြင်အရပ်၌ အရှင်ရေဝတသည်ရှိ၏။ ထိုအရပ်သို့ကပ်လေကုန်၍ အရှင်ရေဝတကို ဤသို့ဆိုလေကုန်၏။ အရှင်ရေဝတသည် ရဟန်းတို့၏ အသုံးအဆောင် ပရိက္ခရာ၊ သပိတ်၊ သင်္ကန်း၊ခါးပန်း၊ ရေစစ်၊ ဓမကရိဏ်၊ အပ်ကျည်တို့ကို အလှူခံတော်မူပါဟုဆို၏။ ငါ့ရှင်တို့၊ ငါအလိုမရှိ၊ ငါ၌ သပိတ် သင်္ကန်း ပြည့်စုံပြီဟူ၍ အရှင်ရေဝတဆို၏။ ထိုရောအခါ အဝါနှစ်ဆယ်ရှိပြီးသော ဥတ္တရ အမည်ရှိသော ရဟန်းသည် အရှင်ရေဝတမထေရ်၏အလုပ်အကျွေးဖြစ်၏။ ထို့ဝေသာလိနေဝဇ္ဇီတိုင်းသားရဟန်းတို့သည် အရှင်ဥတ္တရသို့ ကပ်လေကုန်၍ အရှင်ဥတ္တရကိုဤသို့ဆို၏။ အသင်္ဂရှည်သောအရှင်ဥတ္တရသည်ရဟန်းတို့၏ ပရိက္ခရာ။ သပိတ်၊သင်္ကန်း၊ ခါးပန်း၊ရေစစ်၊ ဓမကရိဏ်၊ အပ်ကျည်ကို အလှူခံတော်မူပါဟုဆိုကုန်၏။ ငါ့ရှင်တို့၊ ငါအလိုမရှိ။ ငါ့အား သပိတ် သင်္ကန်းပြည့်စုံပြီဆို၍ အလှူမခံလိုရှိ၏။ ငါ့ရှင်ဥတ္တရ၊ လူတို့သည်လည်း မြတ်စွာဘုရားအား ရဟန်းပရိက္ခရာကို ကပ်လှူကုန်၏။ အကယ်၍မြတ်စွာဘုရားအလှူခံအံ့။ ထိုသို့မြတ်စွာဘုရားအလှူခံတော်မူသဖြင့် ထိုလူတို့သည် နှစ်သက်ကုန်၏။ အကယ်၍ မြတ်စွာဘုရား အလှူခံတော်မမူအံ့။ အရှင်အာနန္ဒာအားကပ်လှူကုန်၏။ အရှင်ဘုရားသည် ရဟန်းပရိက္ခရာ၊ ကို အလှူခံတော်မူပါလော့။ အရှင်ဘုရားအလှူခံသည်ရှိသော် မြတ်စွာဘုရားအလှူခံသကဲ့သို့ဖြစ်ပါလတ္တံ့ဟုဆို၍ ကပ်လှူကုန်၏။ အရှင်ဥတ္တရသည် ရဟန်းပရိက္ခရာကိုအလှူခံတော်မူပါ။ အရှင်ဥတ္တရသည် အလှူခံပါသည်ရှိသော် ဤအလှူသည် အရှင်ရေဝတ အလှူခံတော်မူသကဲ့သို့ဖြစ်ပါလတ္တံ့ဟုဆို၍ ကပ်လှူကုန်၏။ ဤသို့ဝေသာလိနေ ဝဇ္ဇီတိုင်းသားရဟန်းတို့သည် အထပ်ထပ် ဆိုဘန်များသဖြင့်။ သင်္ဃိန်းတထည်ကို အရှင်ဥတ္တရယူ၍။ ငါ့ရှင်တို့၊ အကြင်အမှုဖြင့် အလိုရှိ၏။ ထိုအမှုကိုဆိုကုန်လော့ဟု အရှင်ဥတ္တရဆို၏။ အရှင်ဥတ္တရ၊ အရှင်သည် ဤမျှသော စကားကို ရှည်သော သင်္ကတော်ရှိသော အရှင်ရေစောကို လျှောက်တော်မူပါ။အရှင်ရေဝတမထေရ်သည် သံဃဝံအလယ်၌ အရွေ့မျက်နှာအရပ်၌ ဘုန်းကြီးကုန်ပေးဟုရားတို့သည် ဖြစ်တော်မူကုန်၏။ အရွေ့

မျက်နှာ ဝေသာလိုနေ ဝဇ္ဇီတိုင်းသား ရဟန်းတို့သည် တရားကိုအယူရှိကုန်၏။အနောက်မျက်နှာပါဝေယျကတိုင်းသားရဟန်းတို့သည် တရားကိုအယူမရှိကုန်။ဤမျှကိုဆိုတော်မူပါစေသတည်းဟု ရှင်ဥတ္တရကိုဝေသာလိနေဝဇ္ဇီတိုင်းသားရဟန်းတို့ဆိုကုန်၏။အရှင်ဥတ္တရသည်ကောင်းပြီဟု ဝေသာလိနေ ဝဇ္ဇီတိုင်းသားရဟန်းတို့အားဝန်ခံ၍၊အရှင်ရေဝတရှိရာသို့ကပ်၍၊ ရှိခိုး၍၊ ဘုန်းတော်ကြီးသောရှင်ပင်ဘုရားသည် သံဃာ့အလယ်၌ အရှေ့မျက်နှာ အရပ်၌ ဘုန်းကြီးကုန်သော ဘုရားတို့သည် ဖြစ်ကုန်၏။ အရှေ့မျက်နှာ ဝေသလိနေ ဝဇ္ဇီကိုင်းသား ရဟန်းတို့သည် တရားကိုယူကုန်၏။အနောက်မျက်နှာပါဝေယျကတိုင်းသားရဟန်းတို့သည် တရားကိုမယူကုန်။ဤမျှသောစကားကိုမိန့်တော်မူပါဟုလျှောက်၏။ ထိုသို့လျှောက်သော် အရှင်ရေဝတသည် အရှင်ဥတ္တရကို။ ရဟန်း၊ သင်သည် ငါ့ကိုတရားမဟုတ်သည်ဖြယ်ရှည်စေဘိ၏။ သင်သွားလေဟုနှင်ထုတ်၏။ထိုရောအခါ ဝေသာလိနေ ဝဇ္ဇီတိုင်းသားရဟန်းတို့သည် လာကုန်၍ အရှင်ဥတ္တရကိုမေးကုန်၏။ ငါ့ရှင်ဥတ္တရ၊ အရှင်ရေဝတမထေရ်သည်အဘယ်သို့ဆိုအပ်သနည်းဟုမေးကုန်၏။ငါ့ရှင်တို့၊အရှင်ရေဝတသည် ငါတို့အားသူယုတ်ကိုပြုအပ်ကုန်ပြီ။ သင်သည် အဘယ့်ကြောင့် မတရားသောအမှုဖြစ် ယှဉ်စေဘိသနည်းဟုဆို၍ မထေရ်သည် ငါ့ကိုနှင်ထုတ်၏ဟု အရှင်ဥတ္တရဆိုသော်။ အရှင်ဥတ္တရ၊သင်သည်ကြီးပြီ။ အဝါနှစ်ဆယ်ရှိပြီမဟုတ်လောဟု ဝဇ္ဇီတိုင်းသားရဟန်းတို့ဆိုကုန်၏။ ငါ့ရှင်တို့၊ကြီးပြီးသည်မှန်၏။စင်စစ်သော်ကား ငါတို့သည် မထေရ်ဖြစ်အလေးအမြတ်နိုသဖြည်းကိုယူကုန်၏ဟုဆို၏။ ။

ထိုရောအခါ အရှင်ရေဝတ စသော မထေရ်တို့သည် ထိုအဓိကရဏ်းကိုဆုံးဖြတ်လိုကုန်၍စည်းဝေးကုန်၏။ထိုအခါအရှင်ရေဝတသည် သံဃာကိုဆိုစေ၏။ အရှင်ဘုရား၊သံဃာသည် အကျွန်ုပ်၏စကားကိုနာစေသတည်း။အဓိကရဏ်းကို ဤအရပ်၌ အကျွန်ုပ်တို့သည်အကယ်၍ပြီမြောက်စေကုန်အံ့။အဓိကရဏ်းပြုသောရဟန်းတို့သည် တဘန်လှန်ပြန်ကုန်ရာ၏။ သံဃာတော်အားလျော်ပတ်သောအခါသည်ဖြစ်အံ့။အကြင်အရပ်၌အဓိကရဏ်းဖြစ်၏။ ထိုအရပ်၌သာလျှင်ပြီမြောက်စေရာ၏ဟုသံဃာကိုသိစေ၍။ အရှင်ရေဝတာ စသော အလုံးစုံသော မထေရ်ရဟန်းတို့သည်ထိုအဓိကရဏ်းကိုဆုံးဖြတ်အံ့သောငှါ ဖေသာလိပြည့်သို့ကြွလေ

ကုန်၏။ ။ထိုအခါ အရှင်သဗ္ဗကာမိမဟာထေရ်သည် ဖြေအပြင်၌သံဃာ့ ထေရ်တည်း။ပဉ္စင်းခံသည်မှ အနှစ်တရာ့နှစ်ဆယ်ရှိ၏။ အရှင်အာနန္ဒာ၏ သဒ္ဓိဝိဟာရိကတပည့်တည်း။ဝေသာလီပြည်၌နေ၏။ထိုအခါ အရှင်ရေဝတသည် သာဏဝါသိအရှင်သမ္ဘူတကို့စေ၏။ငါ့ရှင်၊အကြင်ကျောင်း၌ အရှင်သဗ္ဗကာမိမထေရ်နေ၏။ ထိုကျောင်းကို ငါသည် ကပ်လေအံ့။ သင်သည် နံနက်စောစော အရှင်သဗ္ဗကာမိသို့ ကပ်၍ ဆယ်ပါးသော ဝတ္ထုတို့ကိုမေးလော့ဟု စေ၏။ ကောင်းပြီအရှင်ဘုရားဟု အရှင်သမ္ဘူတသည် အရှင်ရေဝတမထေရ်အားဝန်ခံ၏။အရှင်ရေဝတသည်အရှင်သဗ္ဗကာမိနေသောကျောင်းသို့ ကပ်လေ၏။ အရှင်သဗ္ဗကာမိ၏အိပ်ရာကို တိုက်တွင်းဒွါခင်း၏။ တိုက်မုတ်ဦးဒွါ အရှင်ရေဝတ၏အိပ်ရာကိုခင်း၏။ထိုအခါအရှင်ရေဝတသည် ဤအရှင်သဗ္ဗကာမိသည် အသက်ကြီးရင့်သည်ဖြစ်၍ မအိပ်ဟုကြံ၍ အိပ်ခြင်းကို မပြုနေ၏။ အရှင်သဗ္ဗကာမိသည်လည်း ဤအာဂန္တုကရဟန်းသည် ပင်ပန်းသဖြင့် မအိပ်ဟု အိပ်ခြင်းကိုမပြုနေ၏။ အရှင်သဗ္ဗကာမိသည် ဌိးသောက်သောအခါ၌ စောစောထ၍ အရှင်ရေဝတကိုဆို၏။ ငါ့ရှင်၊သင်သည်ယခုအခါ၌အဘယ်သို့သောနေခြင်းဖြင့်မျှားစွာနေသနည်းဟုမေး၏။ အရှင်ဘုရား၊အကျွန်ုပ်သည် ယခုအခါ၌ မေတ္တာဈာန်ဖြင့်မျှားစွာနေပါ၏ဟုလျှောက်၏။ငါ့ရှင်၊ သင်သည် ယခုအခါ၌ ကုလ္လကဝိဟာရဖြင့် မျှားစွာနေသတတ်။ ငါ့ရှင်၊ အကြင်မေတ္တာသည်ရှိ၏။ ထိုမေတ္တာသည် ကုလ္လကဝိဟာရမည်၏ဟု အရှင်သဗ္ဗကာမိဆို၏။ အရှင်ဘုရား၊ အကျွန်ုပ်သည် ရှေးလူဖြစ်သော အခါ၌လည်း မေတ္တာကို လေ့ကျက်၏။ ထိုကြောင့် ယခုအခါ၌လည်း မေတ္တာဟူသောနေခြင်းဖြင့် မျှားစွာနေ၏။ စင်စစ်သော်ကား၊ အကျွန်ုပ်သည်ရဟန္တာအဖြစ်သို့ရောက်ပြီးသည်ကြာပြီ။ အရှင်ဘုရားသည်ကား ယခုအခါ၌အဘယ်မည်သောနေခြင်းဖြင့် မျှားစွာနေတော်မူပါသနည်းဟု အရှင်သဗ္ဗကာမိအား အရှင်ရေဝတသည်လျှောက်၏။ ငါ့ရှင်၊ယခုအခါ၌ ငါသည် သုညတဝိဟာရဖြင့်မျှားစွာနေ၏ဟု အရှင်သဗ္ဗကာမိမိန့်၏။ မဟာပုရိသဝိဟာရဖြင့် ယခုအခါ၌ အရှင်ဘုရားသည် မျှားစွာသောနေခြင်းကိုပြုတော်မူသတတ်။ အရှင်ဘုရား၊သုညတဝိဟာရသည် မဟာပုရိသဝိဟာရတည်းဟု အရှင်ရေဝတ လျှောက်သော်။ ငါ့ရှင်၊ လူဖြစ်သော အခါ၌လည်း သုညတကို လေ့ကျက်၏။ထိုကြောင့် သုညတ

ဝိဟာဝံရဖြင့်မျှားစွာနေ၏။ စင်စစ်ဂဃသံကား။ ငါသည် ရဟန္တာအဖြစ်သို့ရောက်ံသည်ကြာပြီ။ဤသို့အခ္ခဉ်သဗ္ဗညုတဉာဏ်ပိန့်၏။ဤသို့မဏ္ဍ ကြိုးနှစ်ပါးတို့စကားပြောစဉ်၊ သာဏဝါသီအခ္ခဉ်သမ္မာ။တသည်ရောက်လာ၏။ အခ္ခဉ်သမ္မာ။တသည်အခ္ခဉ်သဗ္ဗညုတဉာဏ်သို့ကပ်၍ဂုဏ်ရိုး၍၊ တင့်အပ်ရာဌဖြစ်နေပြီးသော်။ အခ္ခဉ်သဗ္ဗညုတဉာဏ်ကိုဤသို့လျှောက်၏။ အခ္ခဉ်ဘုရား၊ဤဝေသာလီပြည်၌ ဝန္ဒိတိုင်းသားရဟန်းတို့သည်။ ကပ္ပတိသိဂီလောဏကပ္ပေါ်၊ အစရှိသောဆယ်ပါးသောဝတ္ထုတို့ကိုပြုကုန်၏။ အခ္ခဉ်ဘုရားသည် ဥပစ္ဆာယ်ဆရာ၏အထံ၌ မျှားစွာသော သုတ်၊အဘိဓမ္မာ၊ဝိနည်းကို သင်တော်မူ၏။ သုတ်၊ အဘိဓမ္မာ၊ ဝိနည်းကို ဆင်ခြင်တော်မူသော အခ္ခဉ်ဘုရားအား အဘယ်သို့အယူတော်ရှိသည်ဖြစ်သနည်း။ အဘယ်ရဟန်းတို့သည်ဓမ္မဝါဒီဖြစ်ကုန်သနည်း။ အဓ္ဓရှိမျက်နှာဝေသာလိသားရဟန်းတို့သည်ဓမ္မဝါဒီဖြစ်ကုန်သဖြစ်လော။ အနောက်မျက်နှာပါဝေယျကတိုင်းသား ရဟန်းတို့သည်ဓမ္မဝါဒီဖြစ်ကုန်သဖြစ်လော။အနောက်မျက်နှာပါဝေယျကတိုင်းသား ရဟန်းတို့သည် ဓမ္မဝါဒီဖြစ်ကုန်သလော်ဟု အခ္ခဉ်သမ္မာ။တလျှောက်၏၊အခ္ခဉ်သဗ္ဗညုတဉာဏ်ဆိုပြန်၏။ ငါ့ခ္ခဉ်သမ္မာ။တ၊သင်သည်လည်း ဥပစ္ဆာယ်တို့၏အထံ၌ သုတ်၊အဘိဓမ္မာ၊ဝိနည်းကိုမျှားစွာသင်၏။သုတ်၊ အဘိဓမ္မာ၊ ဝိနည်းကိုဆင်ခြင်သော ငါ့ခ္ခဉ်အား အဘယ်သို့ အယူရှိသနည်း။အဘယ်ရဟန်းတို့သည် ဓမ္မဝါဒီဖြစ်ကုန်သနည်း။ အဓ္ဓရှိမျက်နှာဝေသာလိသား ရဟန်းတို့သည် ဓမ္မဝါဒီ ဖြစ်ကုန်သလော။ အနောက်မျက်နှာ ပါဝေယျကတိုင်းသား ရဟန်းတို့သည် ဓမ္မဝါဒီ ဖြစ်ကုန်သလောဟု အခ္ခဉ်သမ္မာ။တကိုမေးသော်။ အခ္ခဉ်ဘုရား၊ သုတ်၊အဘိဓမ္မာ၊ ဝိနည်းကိုဆင်ခြင်သော အကျွန်ုပ်အား အဓ္ဓရှိမျက်နှာ ဝေသာလိသား ရဟန်းတို့သည် အဓမ္မဝါဒီဖြစ်ကုန်၏။အနောက်မျက်နှာပါဝေယျကတိုင်းသားရဟန်းတို့သည် ဓမ္မဝါဒီဖြစ်ကုန်၏ဟု ဤသို့အယူရှိ၏။ ထိုသို့အယူရှိသော်လည်း ဤအဓိကရဏ်း၌ ငါ့ကိုတည်းအကယ်၍သမုတ်ရာ၏ဟု ကြံ၍။ထိုအယူကိုထင်စွာမပြုဟု အခ္ခဉ်သမ္မာ။တသည် အခ္ခဉ်သဗ္ဗညုတဉာဏ်ကိုလျှောက်သော်။ သုတ်၊ အဘိဓမ္မာ၊ ဝိနည်းကို ဆင်ခြင်သောငါ့အားလည်း အဓ္ဓရှိမျက်နှာဝေသာလိသားရဟန်းတို့သည်အဓမ္မဝါဒီဖြစ်ကုန်၏။အနောက်မျက်နှာပါဝေယျကတိုင်းသားရဟန်းတို့သည် ဓမ္မဝါဒီဖြစ်ကုန်၏ဟုအယူရှိ၏။ ထိုသို့အယူရှိသော်လည်း ဤအဓိကရဏ်း၌ ငါ့ကိုတည်း သမုတ်ချေငြားအံ့မသိဟု ထိုအယူကိုထင်စွာငါမပြုဟူ၍ အခ္ခဉ်

သဗ္ဗကာမိဆိုဏ်။ ။ထိုအခါသံဃာသည် ထိုအဓိကရဏ်းကိုဆုံးဖြတ်အံ့သောငှါစည်းဝေးခြင်း၊ ထိုအဓိကရဏ်းကိုဆုံးဖြတ်သည်ရှိသော်။ များစွာကုန်သောစကားတို့သည်ဖြစ်ကုန်ဏ်။ ဆိုအပ်သောတခုသောစကား၏အနက်ကိုမျှမသိအပ်။ ထိုအခါ အရှင်ရေဝတသည် သံဃာကိုသိစေဏ်၊ အရှင်ဘုရားတို့၊ သံဃာသည် အကျွန်ုပ်၏စကားကိုနာစေသတည်း။ ဤအဓိကရဏ်းကိုဆုံးဖြတ်သည်ရှိသော် များစွာသောစကားတို့သည်ဖြစ်ကုန်ဏ်၊ တခုသောစကား၏အနက်ကိုမျှ မသိအပ်ကုန်။ သံဃာအားလျော်ပတ်သောအခါသည်ဖြစ်အံ့။ သံဃာသည် ဤအဓိကရဏ်းကိုဥဗ္ဘာဟိကကမ္မဝါစာဖြင့် ငြိမ်းစေရာ၏ဟု သိစေ၍။ အခွေ့မျက်နှာဝေသာလိသားရဟန်းတို့တွင်။ အရှင်သဗ္ဗကာမိ၊ အရှင်သာဠ္ဟ၊ အရှင်ချဒ္ဒသောဘိတ၊အရှင်ဝါသဘဂါမိ၊ အခေနုံမျက်နှာ ပါဝေယျကတို့ဉီးသားရဟန်းတို့တွင်။ အရှင်ရေဝတ၊ သာဏဝါသိ အရှင် သမ္ဘူတ၊ အရှင်ယသ၊အရှင်သုမန၊ ဤသို့အားဖြင့်ရှစ်ပါးသောမဏ္ဍိကြီးတို့ကိုရွေး၍၊ အရှင်ရေဝတသည် သံဃာကိုသိစေဏ်။ အရှင်ဘုရားတို့၊သံဃာသည် အကျွန်ုပ်၏စကားကို နာစေသတည်း။ သံဃာအား ထျောက်ပတ်သောအခါသည် အကယ်၍ဖြစ်ပါအံ့။ ပါစိနကရဟန်းလေးယောက်။ ပါဝေယျကရဟန်းလေးယောက်တို့ကိုအဓိကရဏ်းကိုငြိမ်းစေခြင်းငှါသံဃာသည်သမုတ်ရာဏ်၊ ဤသို့သမုတ်ခြင်းကိုအကြင်ပုဂ္ဂိုလ်အားမနှစ်သက်။ ထိုပုဂ္ဂိုလ်သည် ဆိုရာဏ်၊ အကြင်ပုဂ္ဂိုလ်သည် နှစ်သက်အံ့။ ထိုပုဂ္ဂိုလ်သည် ဆိတ်ဆိတ်နေရာဏ်။ ဤသို့ ဆိတ်ဆိတ်နေသဖြင့် နှစ်သက်သောအဖြစ်ကို မှတ်ရာဏ်၏ဟူ၍ သမုတ်ဏ်။ ထိုကျောအခါ ဆယ်ဝါရှိပြီးသောအရှင်အဓိတသည် သံဃာအား ပါတိမောက်ကိုပြောသောရဟန်းတည်း။ ထိုအရှင်အဓိဘကိုသည်း မဏ္ဍိကြီးတို့အား နေရာ ခင်းစိမ့်သောငှါသံဃာသည် သမုတ်ဏ်။ထိုအခါ၌ထိုရှစ်ပါးသောမဏ္ဍိကြီးတို့အား။ အဘယ်အရပ်၌ ဤအဓိကရဏ်းကို ငြိမ်းစေ ကုန်ရအံ့နည်းဟု အကြံဖြစ်ဏ်။ ထိုအခါ ဤဝါလိကာရာမကျောင်းသည် နှုလုံး မွေ့လျော်ဘွယ်ရှိဏ်။ လူတို့ဏ်အသံသည်းနည်းဏ်။ မြို့ဏ်ကြွေးကြော်သံလည်း ကင်းဏ်။ ဝါလိကာရာမကျောင်း၌ ဤအဓိကရဏ်းကို ငြိမ်းစေကုန်အံ့ဟုကြံကုန်၍၊ ဝါလိကာရာမကျောင်းသို့မဏ္ဍိကြီးဖြစ်ကုန်သောရဟန်းတို့သည် ကြွလေကုန်၍၊ စည်းဝေးပြီးသော်၊ အရှင်ဘုရားတို့၊သံဃာသည် အကျွန်ုပ်

ဏ်စကားကိုနာစေသ်တည်း။ အကယ်၍သံဃာအားလျောက်ပတ်သော အခါသည်ဖြစ်အံ့။အကျွန်ုသည် အရှင်သဗ္ဗကာမိကို ဝိနည်းကိုမေးအံ့ဟု အရှင်ဧရဝတသည် သံဃာကို သိစေဏ်။ အရှင်သဗ္ဗကာမိသည်လည်း သံဃာကို သိစေဏ်။ ငါ့ရှင်တို့၊ သံဃာသည် ငါဏ်စကားကို နာစေသတည်း။ အကယ်၍ လျောက်ပတ်သောအခါသည် သံဃာအားဖြစ်အံ့။ အရှင်ဧရဝတသည် ငါ့ကိုဝိနည်းကိုမေးသည်ရှိသော်။ ငါသည် အရှင်ဧရဝတကိုဝိနည်းကို ဖြေအံ့ဟု၍သို့သိစေဏ်။ ။

ထိုရောအခါအရှင်ဧရဝတသည်။အရှင်သဗ္ဗကာမိကို၊အရှင်ဘုရား၊ သိဂိုလောဏကပ္ပကို သုံးဆောင်ခြင်းငှါ အင်ပါဏ်လောဟုမေးလျှောက်ဏ်၊ ငါ့ရှင်ဧရဝတ၊ သိဂိုလောဏကပ္ပဟူသည် အဘယ်နည်းဟု အရှင်သဗ္ဗကာမိမေးသော်။ အရှင်ဘုရား၊ ဆားမရှိသောဆွမ်းနှင့် ရောချိစားအံ့ဟု ဆားကို သားချိုဒွိဆည့်၍ သွားရာလာရာ ဆောင်အံ့သောဌါအင်ပါဏ်လောဟု လျှောက်ဏ်။ ငါ့ရှင်၊မအင်ဟု အရှင်သဗ္ဗကာမိဖြေဏ်။ အဘယ်၌ပယ်သနည်းဟုမေးပြန်သော်။သာဝတ္ထိပြည်၌သတ္တုဝိဘင်း၌ပယ်ဏ်ဟုဖြေဏ်။ အဘယ်အာပတ်သို့ရောက်သနည်းဟုမေးပြန်သော်။သိမ်ခြင်းကိုပြုသောကြောင့်သင့်သော ပါစိတ်သို့ရောက်ဏ်ဟုဖြေဏ်။ ဖြေပြီးသော်၊ အရှင်ဘုရားတို့၊ သံဃာသည် အကျွန်ုပ်ဏ်စကားကို နာဇစေသတည်း။ ဤဂြိုဟ်ဦးစွာ သိဂိုလောဏဝတ္ထုကို သံဃာသည် ဆုံးဖြတ်အပ်ပြီ။ဤဝတ္ထုသည် တရားမှလွဲဏ်။ဝိနည်းမှလွဲဏ်။ မြတ်စွာဘုရားသာသနာဇေတဝန်မှအပဖြစ်ဏ်။ ဂြိုဟ်ဦးစွာ ဤစာဇရေးတံကိုချဏ်ဟု ကမ္မဝါစာရွတ်ဏ်။ ။ဤသို့စသည်ဖြင့် အောက်၌အရှင်ယသသည် အရှင်ဧရဝတကို မေး၍အရှင်ဧရဝတဇဖြသကဲ့သို့၊ ကြွင်းသောဝတ္ထုကိုးပါးတို့ကိုလည်း အရှင်ဧရဝတသည်အရှင်သဗ္ဗကာမိကိုမေး၍မအပ်ဟူ၍ဇဖြပြီးဇသော်။ အဘယ်၌ပယ်သနည်း။အဘယ်အာပတ်သို့ရောက်သနည်းဟုမေးပြန်၍။ ဒုတိယဒွိဂုံလဝဇ္ဇဒုဋ္ဌ၊ ရာဇဂြိုဟ်ပြည်၌ သုတ္တဝိဘင်း၌ပယ်သည်။ ဝိကာလဘောဇနပါစိတ်သို့ရောက်ဏ်။တတိယဂါမန္တရဝတ္ထုဒုဋ္ဌ၊သာဝတ္ထိပြည်၌ သုတ္တဝိဘင်း၌ပယ်ဏ်။ အဓိဋ္ဌိုကဝိနည်းကံမပြုသေဇဘောဇဉီကိုစား သေဇကြောင့် ပါစိတ်သို့ရောက်ဏ်၏ စတုတ္ထအာဝါသဝတ္ထုဒုဋ္ဌ၊ ရာဇဂြိုဟ်ပြည်၌ ဥပေါသထဝဟိယုတ်၌ပယ်ဏ်၊ ဝိနယဓာတိသာရဒုက္ကဋ်သို့ ရောက်ဏ်။ ပဌမအာနန္ဒမတိဝတ္ထုဒုဋ္ဌ၊ စဇမ္ပယျကဝိနယဝတ္ထုဒုဋ္ဌ၊ ပယ်ဏ်။ ဂိနယာတိ

သာရဒုက္ကဋ်သို့ ရောက်၏။ ဆဋ္ဌအာဓိဏ္ဏာဝဏ္ဏဥ်၊ အချို့သော်ဥပဇ္ဈာယ် ဆရာတို့၏ အာစိဏ္ဏသည့် အပ်၏။ အချို့သော အာစိဏ္ဏသည့် မအပ်။ သတ္တမအမယိတဝဏ္ဏဥ်၊သာဝတ္ထိပြည်၌ သတ္တဝိဘင်းခ်ပယ်၏။ အနုတိရိတ္တဘောဇနပါစိတ်သို့ ရောက်၏။ အဋ္ဌမဇတုဂ္ဂါဝဏ္ဏဥ်၊ ကောသမ္ဗိပြည်၌သတ္တဝိဘင်းခ်ပယ်၏။သေအရက်သောက်ခြင်းကြောင့်သင့်သော ပါစိတ်သို့ရောက်၏။ နဝမအဒသကနိသိဒနဝဏ္ဏဥ်၊ သတ္တဝိဘင်းခ်ပယ်၏။ ဆေဒနကပါစိတ်သို့ရောက်၏။ ဆယ်ခုမြောက်သောဇာတရူပရဇတဝဏ္ဏဥ်၊ ရာဇဂြိုဟ်ပြည်၌ သတ္တဝိဘင်းခ်ပယ်၏။ ဤရွှေငွေတို့ကိုအလှူခံခြင်းကြောင့် သင့်သောပါစိတ်သို့ရောက်၏ဟု ဖြေ၏။ ။ဤဆယ်ပါးသောဝဏ္ဏတို့၌လည်း ဧအာက်ပဌမဝဏ္ဏကိုဖြေပြီး ဆုံးဖြတ်ပြီးသော အဆုံးခ် ကမ္မဝါစာကဲ့သို့၊ ပဌမအရာတွင် ဒုတိယ။ ဒုတိယ အရာတွင် တတိယ။အစရှိသည်ထည့်၍၊ အရှင်ဘုရားတို့၊သံဃာသည် အကျွန်ုပ်၏ စကားကိုနာစေသတည်း။ ဤဒသမဆယ်ခုမြောက်သောဝဏ္ဏကို သံဃာသည် ဆုံးဖြတ်အပ်ပြီ။ ဤဝဏ္ဏသည် တရား၌လွဲ၏။ ဝိနည်း၌လွဲ၏။ မြတ်စွာဘုရားသာသနာတော်မှအပဖြစ်၏။ဤဆယ်ခုမြောက်ဖြစ်သော စာရေးတံကိုချ၏ဟု အရှင်ရေဝတသည် ကမ္မဝါစာကိုရွတ်၏။ ။ထိုနောင်မှ အရှင် သဇ္ဇကာဓိသည်။ သုဏာတု မေ အာဝုသော သံဃော။ ဣမာနိဒသဝဏ္ဏ။ နိသံဃနဝိန္ဓိတာနိ၊ ဣတိဣမာနိဒသဝဏ္ဏ။ နိဉ္ဇမ္ဗမာနိ ဉဗ္ဗိနယာနိ အပဂတသဏ္ဌသာသနာနိ။ နိဟာတမေတံ အာဝုသော အဓိကရဏံ၊သန္ဓံ ဂူပသန္ဓံ။ဟူ၍ ကမ္မဝါစာရွတ်၏။ ။ဤပါဠိဠ္ဍ အဓိပ္ပါယ်ကား။ ငါ့ရှင်တို့၊သံဃာသည် ငါ၏စကားကိုနာစေသဘည်း။ ဤဆယ်ပါးသောဝဏ္ဏတို့ကိုသံဃာသည်ဆုံးဖြတ်အပ်ပြီ။ ဤသို့ဆုံးဖြတ်သဖြင့် ဤဆယ်ပါးသောဝဏ္ဏတို့သည်။ သုတ်၊ အဘိဓမ္မာ၊ ဝိနည်းနှင့်ဆန့်ကျင်ကုန်၏။ မြတ်စွာဘုရားသာသနာတော်မှအပဖြစ်ကုန်၏။ ငါ့ရှင်တို့၊ဤအဓိကရဏ်းငြိမ်းပြီ။ ကောင်းစွာငြိမ်းပြီဟူလိုသည်။ ။ထိုနောင်မှအရှင်သဇ္ဇကာဓိသည်အရှင်ရေဝတကိုဤသို့ဆို၏။ စင်စစ်သော်ကား။ အရှင်ရေဝတ၊သင်သည်ဤဆယ်ပါးသောဝဏ္ဏတို့ကို ကိုရဟန်းတို့အားသိစေခြင်းငှါ ငါ့ကို သံဃာ့အလယ်၌ မေးဦးလော့ဟုဆို၍။ ချန်ရစ်ရာသော သံဃာသည်စည်းဝေးသောအခါ၌။သံဃာ့အလယ်၌ဤဆယ်ပါးသော ဝဏ္ဏတို့ကို အရှင်သဇ္ဇကာဓိကို အရှင်ရေဝတသည် မေးပြန်၏။ အရှင်

သဗ္ဗကာမိဖြေတေဉိမ္ဂါ။ ။ထိုရောအခါ။ သုတ် အဘိဓမ္မာ ဝိနည်းကို သင်္ဂါယနာတင်ကုန်အံ့ဟူ၍။ အရှင်သဗ္ဗကာမိ၊ အရှင်သာဒ္ဓ၊ အရှင်ခုဇ္ဇသောဘိတ၊ အရှင်ဝါသဘဂါမိ၊ အရှင်ရေဝတ၊အရှင်သမ္ဘူတ၊အရှင်ယသ၊ အရှင်သုမန၊ဤမထေရ်ရှစ်ပါးတို့သည် ပဋိသန္ဓိဒါပတ္တရဟန္တာ ချည်းဖြစ်ကုန်သော ခုနစ်ရာသောရဟန်းတို့ကိုခွေး၍။ ဝေသာလီပြည် ဝါလိကာရာမကျောင်းဒွိ စည်းဝေးကုန်၍။ အရှင်မဟာကဿပအမှူးရှိ သောငါးရာကုန်သောရဟန္တာကြီးတို့သည် သင်္ဂါယနာတင်အပ်သည် နှင့်အတူလျှင် အလုံးစုံသောသာသနာတော်၏အညစ်အကြေးကို သုတ် သင်၍၊ ဝိဒူကတ်၏အစွမ်းအားဖြင့်၊နိကာယ်၏အစွမ်းအားဖြင့်၊အင်္ဂါ၏ အစွမ်းအားဖြင့်၊ဤအလုံးစုံသော သုတ်၊ အဘိဓမ္မာ၊ ဝိနည်းကို သင်္ဂါ ယနာတင်ကုန်၏။ဒုတိယသင်္ဂါယနာသည် ရှစ်လတို့ဖြင့်ပြီး၏။ဤသင်္ဂါ ယနာကို ခုနစ်ရာသောရဟန္တာတို့သည်ပြုအပ်သောကြောင့်။ သင်္ဂဟသ တိကဟူ၍လည်းဆိုအပ်၏။ ရှေးပြုအပ်သောသင်္ဂါယနာကိုစွဲ၍ ဒုတိယ သင်္ဂါယနာဟူ၍လည်း ဆိုအပ်၏။ ။ဤဒုတိယသင်္ဂါယနာတင်ကုန် သော မထေရ်အပေါင်းတို့တွင်။ အရှင်သဗ္ဗကာမိ၊ အရှင်သာဒ္ဓ၊ အရှင် ခုဇ္ဇသောဘိတ၊ အရှင်ရေဝတ၊ အရှင်ယသ၊အရှင်သာဏာသမ္ဘူတ၊ ဤ မထေရ်ကြီးခြောက်ပါးတို့သည်အရှင်အာနန္ဒာ၏သဒ္ဓိဝိဟာရိကတပည့် တို့တည်း။ မြတ်စွာဘုရားကိုမြင်ဘူးလိုက်ကုန်၏။ အရှင်သုမန၊အရှင်ဝါ သဘဂါမိ၊ ဤနှစ်ပါးတို့သည် အရှင်အနုရုဒ္ဓါ၏ သဒ္ဓိဝိဟာရိကတပည့် တို့တည်း။မြတ်စွာဘုရားကိုမြင်ဘူးလိုက်ကုန်၏။ ။ဒုတိယသင်္ဂါယနာ ဖြစ်သည်ကား။ မြတ်စွာဘုရား ပရိနိဗ္ဗာန်လွန်သည်မှ နောက်၌။ အနှစ် တရာ့နှစ်နှစ်တွင် ကာလာသောကမင်းကြီး လက်ထက်တော်၌ ဖြစ်သ တည်း။ ကာလာသောကမင်းကား။ ဆယ်ပါးသောဝတ္ထုတို့ကိုထင်ရှား ပြကုန်သော့ဝဇ္ဇီတိုင်းသားရဟန်းတို့၏အပင်းအသင်းတည်း။ ။

၄၁။ ဒုတိယသင်္ဂါယနာတင်ပြီးနောက်။

တတိယသင်္ဂါယနာမတင်မီအနှစ်တရာအတွင်း၌။

၁၈ ဂိုဏ်းကွဲပြားသည်ကိုပြရာ

ဒုတိယသင်္ဂါယနာတင်ခြင်းကဲ့ ပြုကုန်သော ခုနစ်ရာသောမထေရ် ကြီးတို့သည် နှင့်ထုတ်အပ်ကုန်သော ဝိနည်းသားရဟန်းတို့သည်။

အပင်းအသင်းကိုရှာကုန်သည်ရှိသော် ဖိဖိတို့အားလျော်ပတ်ဧသော အားနည်းသော အပင်းအသင်းကိုရ၍၊ အသီးအခြား မဟာဃဂိကဟူသောဆရာန္ယယ်ကို ပြုကုန်၏။ မဟာသဂိကဆရာန္ယယ်မှကဲ့ပြား၍။ ဂေါကုလိကဆရာန္ယယ်။ ဇကေဇ္ဇောဟာရိကဆရာန္ယယ်ဟူ၍ နှစ်ပါးသောဆရာန္ယယ်တို့သည် ဖြစ်ကုန်၏။ ဂေါကုလိကဆရာန္ယယ်မှ ကဲ့ပြန်၍။ ပဏ္ဏာတို့ဝါဒ ဆရာန္ယယ်။ ဇဟုလိကဆရာန္ယယ် ဟူ၍ နှစ်ပါးသော ဆရာန္ယယ်တို့သည်ဖြစ်ကုန်၏။ ထိုဆရာန္ယယ်နှစ်ပါးတို့၏ အကြားဒွ် စေတိယဝါဒအမည်ရှိသော တပါးသောဆရာန္ယယ်သည်ဖြစ်၏။ ဤသို့လျှင် မဟာသဂိက ဆရာန္ယယ်မှ အနှစ် ၁၀၀ အတွင်းဒွ် ငါးပါးသော ဆရာအန္ယယ်တို့သည်ဖြစ်ကုန်၏။ မူလရင်းမဟာသဂိကနှင့်သော် ခြောံပါးသောဆရာန္ယယ်တို့သည်ဖြစ်ကုန်၏။ ။ထိုအနှစ် ၁၀၀ အတွင်းဒွ်သာလျှင်။ဒုတိယသင်္ဂါယနာကို ပြုကုန်သော ထေရဝါဒဂိုဏ်းမှ ကဲ့၍။ မဟိသာသကဆရာန္ယယ်၊ ဝဇ္ဇိပုတ္တကဆရာန္ယယ်ဟူ၍ နှစ်ပါးသော ဆရာန္ယယ်တို့သည် ဖြစ်ကုန်၏။ ထိုနှစ်ပါးတို့တွင်၊ ဝဇ္ဇိပုတ္တကဆရာန္ယယ်မှကဲ့၍ ဓမ္မုတ္တရိယဆရာန္ယယ်။ ဘဒ္ဒြယာနိက ဆရာန္ယယ်။ ဆန္နာဂါရိကဆရာန္ယယ်။ သမ္မိတိဆရာန္ယယ်ဟူ၍ လေးပါးကုန်သော ဆရာန္ယယ်တို့သည် ဖြစ်ကုန်၏။ ။ထိုအနှစ် ၁၀၀ တွင်းဒွ်သာလျှင်မဟိသာသကဆရာန္ယယ်မှကဲ့၍။သဗ္ဗတ္ထိဝါဒိ ဆရာန္ယယ်။ ဓမ္မဂုတ္တိကဆရာန္ယယ် ဟူ၍ နှစ်ပါးသော ဆရာန္ယယ်တို့သည် ဖြစ်ကုန်၏။ ။သဗ္ဗတ္ထိဝါဒိ ဆရာန္ယယ်မှ ကဲ့ပြန်၍။ ကဿပိယဆရာန္ယယ်တပါးဖြစ်၏။ ကဿပိယဆရာန္ယယ်မှ ကဲ့၍။ သက်္ကိုကဆရာန္ယယ်တပါးဖြစ်၏။ သက်္ကိုကဆရာန္ယယ်မှ ကဲ့ပြီးသောနောက်ဒွ်။ သဗ္ဗတ္ထိဝါဒဆရာန္ယယ်မှပင်ကဲ့ပြန်၍။ သုဂ္ဂတဝါဒဟူသောဆရာန္ယယ်သည်ဖြစ်၏။ ဒုတိယသင်္ဂါယနာကိုပြုကုန်သော မထေရ်တို့၏ ဝါဒဟုဆိုအပ်သော ထေရဝါဒဂိုဏ်းမှ ကဲ့ပြားကုန်၍။ မဟိသာသကအစရှိသော ဤတဆဲ့တပါးသောအာစရိယဝါဒတို့သည်ဖြစ်ကုန်၏။ ထိုတဆဲ့တပါးတို့သည် ထေရဝါဒဂိုဏ်းနှင့်တကွ ၁၂ ပါးတို့သည်ဖြစ်ကုန်၏။ ဤထေရဝါဒမှ ကဲ့ပြားသောဂိုဏ်း ၁၂ ပါး။ မဟာသဂိကမှကဲ့ပြားသောဂိုဏ်း ၆ ပါး အားဖြင့် ၁၈ ပါးသောဂိုဏ်းဆရာန္ယယ်တို့ပင်ည်။အနှစ် ၁၀၀ အတွင်းဒွ် ဖြစ်ကုန်၏။ ထိုတဆဲ့ ၇စ်ပါးသော ဂိုဏ်းဆရာ ဝါဒ့တို့တွင် ၁၇ ပါးသောဂိုဏ်းဆရာဝါဒတို့သည် ကဲ့ပြားကုန်၏။ ထေရဝါဒဂိုဏ်းတပါး

သည်လျှင် မကွဲမပြားမူ၍တည်ဏ္ဍိ။ ။ထို ၁၇ ပါးသောဂိဏ်းဆရာတို့သည်၊ အမည်၊ အသွင်အပြင်၊ အသုံးအဆောင်ပရိက္ခရာ၊ အပြုအမူအလုံးစုံတို့ကို။ ပကတိမကွဲပြားမီကာလ၌ သဘောကိုစွန့်၍၊ တပါးသောအခြင်းအရာတို့ကိုပြုကုန်၏။ ထို ၁၇ ပါးသော ဂိဏ်းဆရာဝါဒတို့သည်။ သစ်ပင်၌ ဆူးငြောင့်တို့ကဲ့သို့ သာသနာတော်၌ ဆူးငြောင့်ဖြစ်ကုန်၏။ သစ်ပင်တကာတို့တွင် ပညောင်ပင်ကြီးသည် မြတ်သကဲ့သို့၊ ၁၈ ပါးသောဂိဏ်းဆရာဝါဒတို့တွင် ထေရဝါဒဂိဏ်းသည်သာမြတ်၏။ သာသနာတော်သည်ကား ၅၀၀စ်ပါးသော ဂိဏ်းဆရာတို့၏ အစွမ်းအားဖြင့် ဓမ္မာသောကမင်းကြီး လက်ထက်တိုင်အောင်လာ၏။ အဆင့်ဆင့် အားဖြင့်ကား။ ဟာမဝတိကာ၊ ရာဇ ဂိရိယာ၊ ဆိန္ဒတ္ထိကာ၊ ပုဗ္ဗသေလိယာ၊အပရသေလိယာ၊ဝါဇိရိယာ၊ဟူ၍ ဆရာနွယ်တို့သည် ဖြစ်ကုန်၏။ ။မဟာသဂီကဂိဏ်းရင်းဖြစ်သော်၊တဿသင်းသောရဟန်းတို့သည်ကား။ အညီအညွတ်စည်းဝေးကုန်၍၊ တရားကို သင်္ဂါယနာတင်ခြင်းကို ပြုကုန်၏။ ၅၀၀တဿသင်းသောရဟန်းတို့ တင်သောသင်္ဂါယနာကို မဟာသဂီတိဟူ၍ ဆိုအပ်၏။ မဟာသဂီတိကိုပြုကုန်သော တဿသင်းသောရဟန်းတို့သည်သာသနာ၌မညီမညွတ်ပြုကုန်၏။ မူလသင်္ဂါယနာကိုဖျက်၍တပါးသောသင်္ဂါယနာကိုပြုကုန်၏။ တပါးသောပဒူကတ်၌သင်္ဂါယနာတင်သောသူတ်ကို တပါး၌တင်ကုန်၏။ ထိုမဟာသဂီက ရဟန်းတို့သည်၊ အနက်ကိုဂဝင်း၊ ပါဋိကိုဂဝင်း၊ ဖျက်ဆီးကုန်၏။ ဝိနည်းတို့၌၌ဂဝင်း၊ နိကာယ်ငါးပါးတို့၌၌ဂဝင်း၊ အနက်ပါဋိတို့ကိုဖျက်ကုန်၏။ ထိုမဟာသဂီက ရဟန်းတို့သည် မသိုကုန်၍။ ပဂိုယာယ် ဒေသနာကို မရွေ့ဒေသနာ၊နိဟာထွေသူတ်ကို နေယျထွေသူတ်ပြုကုန်၏။ တပါးကိုရည်၍ ဆိုသောအနက်ကို တပါးကိုပြု၍ထားကုန်၏။ထိုရဟန်းတို့သည် သဒ္ဒါအရိပ်ဖြင့် မျဉ်းစွာသော အနက်ကို ဖျက်ကုန်၏။ ဝိနည်း၌ နက်နဲသောတစိတ်တဒေသကိုစွန့်၍၊ မိမိတို့အလိုနှင့်လျော်သော သူတ်ကို ပြုကုန်၏။ ပဂိုဝါရကိုဂဝင်း။ အဏုဗ္ဗိုဂရကိုဂဝင်း။အာဘိဓမ္မာဆြောက်ကျမ်းကိုဂဝင်း။ ပဋိသန္ဓိဒါ၊ နိဒ္ဒေသကိုဂဝင်း။ အနုဗျိုဿောဇာတ်ကိုဂဝင်း။ ဤမျှကို ခွဲဝေ၍ တပါးကိုစွန့်ကုန်၏။ ။

၉၂။ ဒုတိယသင်္ဂါယနာဇင်မထေရ်ကြီးတို့သည်။ သာသနာတော်၌ဖြစ်ပေါ်လတ္တံ့သောကြီးစွာသောဘေးရန်ကို နှိပ်နှင်းစို့မ့်သောဌာ၊ တိသဖြဟ္မာကြီးကိုတောင်းပန်ခြင်း၊ သိဂ္ဂဝ၊ စတ္တာဝင်္ဆီထေရ်ငယ်နှစ်ပါးကိုဒဏ်ထားခြင်းတို့ကိုပြုရာ။

အရှင်မဟာကဿပ အမှူးရှိသော ငါးရာသော ရဟန္တာတို့သည် ပြုအပ်သော ပဌမသင်္ဂါယနာနှင့်လျော်စွာသော ဒုတိယသင်္ဂါယနာကို တင်ကြကုန်သော။ အရှင်သဗ္ဗကာမီ အစရှိသောမထေရ်ကြီးတို့သည်၊ နောက်အခါ၌လည်း သာသနာတော်အား ဤသို့သဘောရှိသော ဘေးရန်သည်ဖြစ်လတ္တံ့လောဟု ကြည့်ကုန်သည်ရှိသော်။ ဤနှစ်မှ ၁၁၀ နှစ်အထက်၌ ပါဋလိပုတ်ပြည်၌ ဓမ္မာသောကမင်း ဖြစ်၍။[1] အလုံးစုံသော ဓမ္မ။ ဒီပါကျွန်းခွံမင်းအဖြစ်ကိုပြုလတ္တံ့။ ထိုမင်းသည် သာသနာတော်၌ ကြည်ညိုလျှက် ကြီးစွာသော လာဘ်သပ္ပကာကို ဖြစ်စေလတ္တံ့။ ထိုသို့ဖြစ်စေသောကြောင့် တိတ္ထိတို့သည် လာဘ်ပူဇော်သက္ကာရကို တောင့်တကုန်သည်ဖြစ်၍ သာသနာတော်၌ မိမိတို့အလိုလိုရဟန်းပြုကုန်၍၊ မိမိမိမိတို့၏အယူကို ပြကုန်လတ္တံ့။ ဤသို့ ပြကုန်သဖြင့် သာသနာတော်၌ ကြီးစွာသောဘေးရန်တို့ကို ဖြစ်စေလတ္တံ့။ ကုန်၍ ဤအကြောင်းကို မြင်ကုန်၏။ ။ထိုရောအခါထိုမထေရ်ကြီးတို့အား ဤသို့ကြံကုန်၏။ အသို့နည်း၊ ဤဘေးရန်ဖြစ်သောအခါ၌ငါတို့သည်မျက်မှောက်ဖြစ်ကုန်လတ္တံ့လော၊ မျက်ကွယ် ဖြစ်ကုန်လတ္တံ့လောဟု ကြံကုန်သော်၊ ထိုအလုံးစုံသောမထေရ်ကြီးတို့သည် ထိုဘေးရန်ဖြစ်သောအခါ၌ မိမိတို့၏မျက်မှောက်မဖြစ်လတ္တံ့သောအဖြစ်ကိုသိကုန်၍။ အဘယ်သူသည် ထိုဘေးရန်ကို ငြိမ်းစေခြင်းငှါစွမ်းနိုင်လတ္တံ့နည်းဟု အလုံးစုံသော လူပြည်ကိုဂင်း၊ ကာမာဝစရနတ်ပြည်ခြောက်ထပ်ကိုဂင်း ကြည့်ကုန်သော်။ တစုံတယောက်သောသူကို မမြင်ကုန်သောကြောင့်။ ဗြဟ္မာ့ပြည်ကို ကြည့်သည်ရှိသော်၊ နည်းသောအသက်ကြွင်းရှိသော၊ အထက်ဗြဟ္မာ့ပြည်သို့ ဖြစ်စေခြင်းငှါ ပွါးစေအပ်သော အကြောင်းရှိသော်၊ တိသဟမည်ရှိသောဗြဟ္မာကိုမြင်၏။ မြင်ပြီး၍ ထိုမထေရ်ကြီးတို့အား ဤသို့သောအကြံသည်ဖြစ်၏။ အကယ်၍ငါတို့သည် ထိုဗြဟ္မာမင်းအားလူပြည်၌ဖြစ်ခြင်းငှါ တိုက်တွန်းခြင်းကို ပြုကုန်အံ့။ စင်စစ်လျှင် ဤဗြဟ္မာကြီးသည်

မောဂ္ဂလိပုဏ္ဏားဏ်အိမ်၌ ပဋိသန္ဓေယူလတ္တံ့။ ထိုနောက်မှ ဗေဒင်တို့ဖြင့် ဖြားယောင်းအပ်သည်ဖြစ်၍ တောထွက်၍ရဟန်းပြုလတ္တံ့။ ထိုတိသဿသည် ဤသို့ရဟန်းပြုပြီး၍၊ အလုံးစုံသော မြတ်စွာဘုရားစကားတော်ကို သင်၍၊ ရအပ်ပြီးသောပဋိသမ္ဘိဒါလေးပါးရှိသည်ဖြစ်၍၊ တိတ္ထိတို့ကို နှိပ်နင်း၍၊ ထိုအဓိကရဏ်းကို ဆုံးဖြတ်၍၊ သာသနာတော်ကို ချီးမြှောက်လတ္တံ့.ဟုဖြင်ကုန်၍။ ထိုသဗ္ဗကာမိအစရှိသောမထေရ်တို့သည် ဗြဟ္မဒ္ဒုဗြည်သို့ သွားကုန်၍။ တိသဗြဟ္မာကို ဤသို့ဆိုကုန်၏။ ဗြဟ္မာမင်း၊ဤနှစ်မှသည် အနှစ် ၁၁၈ နှစ်အထက်၌ သာသနာတော်၌ ကြီးစွာသောဘေးရန်သည်ဖြစ်လတ္တံ့။ ငါတို့ဃည် အလုံးစုံသော လူပြည်ကိုဂင်း၊ ကာမာဝစရနတ်ပြည်ခြောက်ထပ်ကိုဂင်း၊ ကြည့်ကုန်သော်၊ တစုံတယောက်သောသူကိုမျှသာသနာတော်ကိုချီးမြှောက်ခြင်းငှါစွမ်းနိုင်အံ့သည်ကိုမမြင်။ ဗြဟ္မဒ္ဒုဗြည်ကိုကြည့်ကုန်သည်ရှိသော် အရှင်ဗြဟ္မာကို မြင်ပါကုန်သည်။ ငါတို့သည် တောင်းပန်ပါ၏။ သူတော်ကောင်း၊ လူပြည်၌ ဖြစ်လာ၍ မြတ်စွာဘုရားသာသနာတော်ကို ချီးမြှောက်ခြင်းငှါ ဝန်ခံခြင်းကို အရှင်ဗြဟ္မာမင်းသည် ပေးပါဟု ဆိုကုန်၏။ ဤသို့ဆိုကုန်သော် တိသဗြဟ္မမင်းသည်။ငါသည် သာသနာတော်၌ဖြစ်သောဘေးရန်ကိုသုတ်သင်၍၊ သာသနာတော်ကိုချီးမြှောက်ခြင်းငှါစွမ်းနိုင်သည်ဖြစ်လတ္တံ့.ဟု၍ ဝမ်းမြောက်သည်ဖြစ်၍။ အရှင်ဘုရားတို့၊ ကောင်းပါဖြိုဟုဝန်ခံ၍ အဆုံးအဖြတ်ကိုပေး၏။ မထေရ်ကြီးတို့သည် ဗြဟ္မဒ္ဒုဗြည်၌ပြုအပ်သည်ကိုပြီးစေ၍ တဘန်သာကုန်၏။ ။ထိုအခါ အရှင်သိဂ္ဂဝ၊ အရှင်စဏ္ဍဝဇ္ဇိ နှစ်ပါးတို့သည် ရဟန်းငယ်ဖြစ်ကုန်၏။ ပဉ္စင်းငယ်ဖြစ်ကုန်၏။ ဒီဌကတ်သုံးပုံကိုဆောင်ကုန်၏။ ပဋိသမ္ဘိဒါလေးပါးသို့ရောက်ကုန်၏။ ကုန်ပြီးသော အာသဝေါရှိကုန်၏။ ထိုမထေရ်နှစ်ပါးတို့သည် ဒုတိယသင်္ဂါယနာအဓိကရဏ်းကို မမှိကုန်။ မထေရ်ကြီးတို့သည် ဆိုကုန်၏။ငါ့ရှင်တို့၊သင်တို့သည် ဤအဓိကရဏ်းဌာန အဖောဝ်မဖြစ်ပါကုန်။ ထိုဇံကြောင့် သင်တို့အား ဤဒဏ်အမှုသည်ဖြစ်စေ။ တိသဗြဟ္မာသည် မောဂ္ဂလိပုဏ္ဏားအိမ်၌ ပဋိသန္ဓေယူလတ္တံ့။ သင်တို့နှစ်ယောက်တွင် တယောက်သည်၊ ထိုတိသကို အိမ်မှထုတ်၍ ရဟန်းပြု။တယောက်သည် မြတ်စွာဘုရားစကားတော်ကို သင်စေသတည်းဟု ဒဏ်ထားခဲ့၍ ထိုအရှင်မြတ်တို့သည်ပရိနိဗ္ဗာန်စံတော်မူလေကုန်၏။ ။

၉၃။ ဒုတိယသင်္ဂါယနာဝင်၊ကာလာသောက
မင်းကစ၍၊စန္ဒဂုတ္တမင်းတိုင်၊ဝေသာလီမင်းဆက်၊ပါဋလိပုတ်
မင်းဆက်ရာဇဝင်အစဉ်ကိုပြဆိုရာ။

အဇာတသတ်မင်းနှင့် အရှင်မဟာကဿပထေးသော သာသနာ တော်သက္ကရာဇ် ၈၁ ခုနှစ်ကစ၍ ကာလာသောကမင်း မင်းပြု၍၊ သာသနာတော်သက္ကရာဇ် ၁၀၀ ခုနှစ်တွင်။ ကာလာသောကမင်း ၂၀ နှစ် ပြည့်၍လွန်သော်။ ကာလာသောကမင်း၏သား။ ဘဒ္ဒသေန၊ ကောရဏ္ဍဝဏ္ဏ၊ မကုရ၊ သဗ္ဗဇဟ၊ ဇာလိက၊ ဥပဂ၊ သဉ္ဇယ၊ ကောရဗျ၊နန္ဒိဝဓ္ဓန၊ ပဉ္စမကဟူ၍ ညီနောင် တကျိပ်တို့ အစဉ်အတိုင်း မင်းပြု၍ သာသနာတော်ကို ရွက်ဆောင်သည့်ကာလကား ၂၂ နှစ်မျှကြာ၏။ ထိုမင်း ညီနောင်တကျိပ်တွင်။အဆုံးစွန်သော ပဉ္စမကမင်းသည် ပါဋလိပုတ်ပြည့် ၌ မင်းပြုသောအခါ ခိုးမှုးဥဂ္ဂသေနနန္ဒသည် ပြည်ကိုလုံ၍ မင်းပြုလေ၏။ အကြောင်းကား ဤသို့လျှင်တည်း။ထိုမင်းညီနောင်တို့လက်ထက် မဂဓတိုင်း၌ ခိုးသားငါးရာတို့သည် အညီအညွတ်ဖြစ်ကုန်၍။ ပြည်ရွာတို့ကို လုယက်ဖျက်ဆီး၍ရသော ဥစ္စာတို့ကို ဥစ္စာရှင်ကိုပင် ဆောင်ရွက်ထမ်းယူခဲ့စေ၍။ ချင်းတို့နေရာသို့ဇရောက်မှ ဆောင်ရွက်သူတို့ကို လွှတ်လိုက်ကုန်၏။တရံသောအခါ၌ အလုံးအရင်းခွန်အားနှင့်ပြည့်စုံသောဥဂ္ဂသေနနန္ဒမည်သောခိုးသူကို ဘမ်း၍ ရသောဥစ္စာကိုထမ်း၍ ပို့စေ၏။ ထိုဥဂ္ဂသေနနန္ဒသည် ခိုးသူတို့ကိုမေး၏။ အချင်းတို့၊ သင်တို့သည်အဘယ်သို့ပြု၍ အသက်မွေးကုန်သနည်းဟူ၍ မေးသော်။ ငါတို့သည် လယ်လုပ်ကုန်သွယ်အမှုကိုမပြုကုန်။ ပြည်ရွာကိုလုယက်ဖျက်ဆီး၍ရသောဥစ္စာကိုသာစားသောက်၍ နေထိုင်ကြတော့သည်ဟုဆိုသော် ဥဂ္ဂသေနနန္ဒသည်း ထိုအမှုကိုနှစ်သက်၍၊ခိုးသူတို့နှင့်အပေါင်းအဘော်ပြုလေ၏။ထိုဥဂ္ဂသေနနန္ဒအားကား။ ပဉ္စာဂ္ဂနန္ဒ၊ ပဉ္စာဂတိနန္ဒ၊ ဘူတပါလနန္ဒ၊ ရဋ္ဌပါလနန္ဒ၊ ဂေါဝိသာဏိကနန္ဒ၊ သဝိဋ္ဌိကနန္ဒ၊ ကာဝဋ္ဋကနန္ဒ၊ ဓနနန္ဒ ဟူ၍ ခုစ်ယောက်သောညီတို့သည်ဖြစ်ကုန်၏။ထိုခုစ်ပေါက်တို့သည်လည်း အစ်ကိုယ်သို့ လိုက်၍ ခိုးသူချည်း ပြုလေကုန်၏။ တရံရောအခါ ပြည်တပြည်ကို လုယက်ဖျက်ဆီးရာတွင် ထိုပြည်သားတို့အ ထောဝံအထောဝံဆီး၍ တိုက်သောကြောင့် ခိုးမှုးအကြီးကို ဘမ်းမိ၍ သတ်လေကုန်၏။

ခိုးမှုးအကြိုးသေဃေသော် ခိုးသားငယ်တို့သည် ပရမ်းပတာပြေးလေ
ကုန်၍ ငါတို့ခိုးမှုးသေခဲ့ပြီ။ငါတို့သည် အဘယ်သို့အသက်မွေးပါရကုန်
အံ့နည်းဟုခိုးမှုးကိုရှာကာ၍ငိုကုန်၏။ထိုအခါဥဂ္ဂသေနနန္ဒသည်
သင်တို့ခိုးမှုးသာလျှင် ရဲစွမ်းခွန်အားရှိသည်မဟုတ်။ ငါလည်း ရဲစွမ်း
ခွန်အားရှိ၏။ သင်တို့ခိုးမှုးနှင့်တူအောင်ဖြစ်စေမည်။ သင်တို့ယနေ့မှစ၍
မစိုးရိမ်ကုန်လင့်ဟုဆိုသော်ခိုးသူတို့ဝမ်းမြောက်၍ခိုးမှုးအရာကိုပေးကုန်
၏။ဥဂ္ဂသေနနန္ဒသည်ခိုးမှုးအရာကိုရလျှင်။ညှစ်ယောက်တို့သည်လည်း
ခိုးမှုးလက်အောက်အမှုထမ်းဖြစ်၏။ ထိုရော်အခါ အညီအညွတ်စည်း
ဝေး၍ ခိုးမှုးသည်ဆို၏။ အချင်းတို့၊ ရွာသိမ်ပြည်သိမ်ကို လုယက်ခြင်း
သည် ရဲစွမ်းခွန်အားရှိသောသူတို့၏အမှုမဟုတ်။ပြည်ကြီးကိုလုပ်ကြံ၍
အလှည့်အလှည့်မင်းပြုကုန်အံ့ဟုဆိုသော် စိတ်ညှိကုန်၍။ အပေါင်းအ
ဘော်များအောင်ပြု၍။ ပါဠုလိပုတ်ပြည်ကိုတိုက်လေကုန်၏။ ပဉ္စမက
မင်းသည် ပြည်တံခေါင်းခွံ မွေ့လျော့ချေသောကြောင့်။ ပဉ္စမကမင်းကို
ခိုးမှုးဥဂ္ဂသေနနန္ဒဘမ်း၍ သတ်ပြီးလျှင် ပါဠုလိပုတ်ပြည်ကို ခိုးမှုးမင်းပြု
၏။ ဥဂ္ဂသေနနန္ဒဟူသောအမည်ကိုခံ၏။ ထိုမင်းနောက်၌ ဂှစ်ယောက်
သော ညီတို့သည်လည်း အစဉ်အတိုင်းမင်းပြု၏။ ထိုခိုးမှုးဥဂ္ဂသေနနန္ဒ
တို့ညီနောင်ကိုးယောက် အစဉ်အားဖြင့် မင့်းပြု၍ အုပ်စိုးသောကာလ
ကား ၂၂ နှစ်မျှရှင်းကြာ၏။ အဆုံးစွန်ကား ဓနနန္ဒမင်းလျှင်တည်း။ ။
ထိုဓနနန္ဒမင်းသည် စဉ်းလဲဝန်တိုသဖြင့် အကုဋ္ဌေဂှစ်ဆယ်သောအသ
ပြာဥစ္စာတို့ကိုသူတပါးတို့မရနိုင်စိမ့်သော၌ ဂင်္ဂါဖြစ်တွင်းခွဲ ကျောက်
ဆောင်ကို ထွင်း၍။ အကုဋ္ဌေဂှစ်ဆယ်သော ဥစ္စာကို ထည့်ပြီးသော်။
ကျောက်ဖျာတခုဖြင့်ပိတ်၍ရေမဝင်ရအောင်အစပ်ကိုခဲမရည်ဖြင့်သွင်း
၍ဆည်ကိုဖြတ်၍ရေကိုစီးစေ၏။ဂြားမင်းတို့အစဉ်ကိုမူကားမပျက်စေမူ
၍။ နန်းယင်ပြင်၌ မဏ္ဍပ်ကြီးစွာဆောက်၍။ ပုဏ္ဏားကြီးတို့အား တသိန်း
တန်။ ပုဏ္ဏားငယ်တို့အား လေးထောင်တန်။ အလှူဝတ္ထုကိုစီရင်၍ လှူ
၏။ ။ထိုဓနနန္ဒမင်းကို ဓာနဉ္ဇကပုဏ္ဏားသည် သေကြောင်းကြံလေ၏။
ကြံဟန်အကြောင်းကား။တဇ္ဇသိုလ်ပြည်၌ ဓာနဉ္ဇကပုဏ္ဏားသည် ဗေဒင်
သုံးပုံကို သင်သဖြင့် တတ်၏။ ယတြာကျမ်း၊ ဆေးကျမ်းတို့ကိုလည်း
အပြီးတိုင် အကြွင်းမဲ့တတ်၏။ အထူးထူးသောနိမိတ်ကျမ်းတို့ကိုလည်း
တတ်၏။ ဥပါယ်တမျှဉ်၌လည်း လိမ္မာ၏။ ထိုပြင်ဆောင်းမင်းဖြစ်ထိုက်

သောဘုန်းရှိသောသူဟူ၍လည်းကျွန်စောဇ၏။ အဘလွန်၍အမိုက်ယုပ်ကွေးသောသူဟူ၍လည်း အများကြည်ညိုဇ၏။ အခါတပါးသော် အမိုပုဏ္ဏေးမသည်မိမိသားမင်းဖြစ်လတ္တံ့သည်ဟုကျော်စောသည်ကိုကြား၍၊ငါ့သားသည် မင်းဖြစ်ခဲ့မူကား၊မင်းတို့စည်းစိမ်ကြီးသဖြင့် မွေ့လျော်၍ ငါ့အား ချစ်ခြင်းကင်းရာ၏။ အဘယ်သူသည် ငါ့အား မွေးပါလတ္တံ့နည်းဟု ငိုယိုမြည်တမ်း၏။ အမိငိုယိုမြည်တမ်းကြောင်းကိုကြား၍ မေးသော်အာချင်းခပ်သိမ်းကိုပြန်ပေဇ၏။အမိစိုးရိမ်ခြင်းဖြစ်တပြီးကား ငါမင်းဖြစ်ရသော်လည်း အဘယ်အကျိုးရှိအံ့နည်း။ငါ၏ကိုယ်၌မင်းဖြစ်ထိုက်သောအင်္ဂါကိုဖျက်ဆီး၍ မင်းမဖြစ်စေဘဲအမိကိုသာလုပ်ကျွေးရသော်မြတ်၏ဟုကြံ၍။ ငါ့အား မင်းဖြစ်ထိုက်သောအင်္ဂါသည် အဘယ်နည်းဟုအမိကိုမေး၍သိပြီးသော် မိမိအစွယ်ကိုချိုး၍၊ အင်္ဂါကိုဆိုတဲ့စေ၍၊ မင်းအဖြစ်ကိုစွန့်၍ အမိကိုလုပ်ကျွေးသတည်း။ အခါတပါးသော် ထိုဇာနက္ကပုဏ္ဏားသည် အထူးထူးအပြားပြားသော အဓမ္မပုဏ္ဏာကိုရှာသဖြင့် ပဇ္ဇပုရသို့ရောက်လာ၏။ ပဇ္ဇပုရဟူသည်ကား ပါဠလိပုတ်ပင်လျှင်တည်း။ထိုအခါဓနနန္ဒမင်းအလှူပေးခိုက်ကြို့သဖြင့်။ဇာနက္ကပုဏ္ဏားသည် မိမိကျေးဇူးဂုဏ်ကိုယုံကြည်သူဖြစ်၍ အလှူမဏ္ဍပ်သို့ဝင်၍ ပုဏ္ဏားကြီးတို့၏ အညာ၌ နေလေ၏။ ဓနနန္ဒမင်းသည်-ဇာနက္ကပုဏ္ဏားကဲ့မြင်လျှင်မကြည်ညို၍ ပုဏ္ဏားကြီးတို့၏အထက်၌နေသောထိုပုဏ္ဏားကိုနှင်ထုတ်လေဟု မင်းချင်းတပေသောက်ကိုစေ၏။ အလှူကိုစိရင်သောသူတို့သည် လည်းအလှူခံကိုမနှင်ထုတ်ရာဟုလျှောက်ကုန်၏။မင်းလည်း မကြည်ညိုလှသောကြောင့် နှင်ထုတ်လေဟု စေပြန်၏။ မင်းကြီးစေသောသူသည် မင်း၏အာဏာဖြင့် လာပြီးလျှင် ဆရာသည် မဏ္ဍပ်၌နေခြင်းငှါမရဟူ၍ မဆိုဝံ့။အလှူဝတ္ထုကိုလိုချင်တပ်မက်သောတဏှာကား စက်ဆုပ်ဘွယ်ရှိလှ၏။ ပေးမည့်သူ မနှစ်သက်ဘဲလျက် တပ်မက်၍ နေရခြင်းသည် မကောင်းဟု တပ်တတ်သော တဏှာကိုသာ အပြစ်တင်၏။ ဇာနက္ကပုဏ္ဏားသည် မင်းချင်းတို့၏စကားကို ကြားလျှင်၊ မင်းတို့မည့်သည်ကို ဆန့်ကျင်ဘက်မပြုအပ်ဟု ရှက်ကြောက်အားကျထ၍ မင်းကို အမျက်ထွက်သဖြင့် သွားလေ၍၊ လည်၌ဝတ်သော ချည်မျှင်ကို အထုံးအလုံးဖြတ်၍၊ကရားကို တံခါးတိုင်၌ပုတ်ခွဲ၍။ မြေမြှုပ်အလုံး၌ ဓနနန္ဒမင်း၏ အကျိုးမဲ့သာဖြစ်စေသဟူ၍ဟု ကျိန်ဆဲ၍ ထွက်ခဲ့၏။ မင်းလည်း ကျိန်ဆဲ

သေသာအလံကိုကြားလျှင် ပုဏ္ဏားဟိုရအောင်ဘမ်းလေဟုစေ၏။ဝေနက္ကပုဏ္ဏားလည်း မင်းချင်းတို့လိုက်ကြောင်းကို သိလျှင်။ အဝတ်မဝတ်ဘဲတက္ကတွန်းအသွင်ဖြင့်သွား၍ လွတ်ရာပုန်းရှောင်လေ၏။ ထို့အခါမှစ၍ဓနနန္ဒမင်းကိုပျက်စီးစိမ့်ဟုကြံ၍ ရန်ပြုုးမဲ့လျက်။ ထိုမင်း၏သား ပဇ္ဇုတအမည်ရှိသော သတို့သားငယ်ကို ဥပါယ် တမျှဉ်ဖြင့် ရအောင် ခိုး၍တောနက်စွာသို့ဝင်၍နေလေ၏။ ထိုပဇ္ဇုတမင်းသား၌ မင်းဖြစ်အံ့သောကြန်အင်လက္ခဏာကို စူးစမ်းသော် မဖြင်၍။ မင်းဖြစ်အံ့သောကြန်အင်လက္ခဏာနှင့် ပြည့်စုံသောသူကို ရှာပြန်၏။ ။ထိုရောအခါ မြတ်စွာဘုရားရှိစဉ်ကာလ။ ဝိဒူဒူ။ပဘေးကြောင့် အသက်လွတ်ရာ ပုန်းရှောင်ထွက်ပြေးရသော သာကီဝင်မင်းမျိုးတို့သည်။ ဥဒေါင်းကြိုးကြာတို့ဖြင့် ဧမွေလျော်ပျော်ဘွယ်ရှိသော အရပ်၌ မြို့တည်၍ မောရိယဟူသော အမည်ကို သမုတ်၍ နေကုန်၏။ ထိုသာကီဝင် မင်းမျိုးတို့ကို အရိုင်းတို့သည်တိုက်ဖျက်သဖြင့် တဘန်ပျက်စီးခြင်းသို့ရောက်ပြန်၍ ပြေးသွားရကုန်သဖြင့်၊မောရိယမင်း၏မယားသည် ကိုယ်ဝန်အရင့်အမာနှင့်တကွ ပုဇ္ဇပုရသို့ရောက်လာ၍။ မကြာမြင့်မီဘွားသော သတို့သားကို အိုးသစ်တွင်ထည့်၍ နွားနင်း၍သေလေစမ်ဟု နွားခြံတခုခု ထားလေသော်။ ထိုသတို့သား၏ဘုန်းကံကြောင့် နတ်တို့ဆောင်မသဖြင့်။ စန္ဒမည်သောနွားဥသဘသည် တပါးသောနွားတို့မနင်းသွားရ အောင်လေးဘက်ခြေခွ၍ ၄စောင့်ပေသဖြင့်။ အန္တရာယ်ကင်းသော သတို့သားကို အိုးဦး နွားထိန်းယောကျ်ားမြင်လျှင်။ သား၏ ချစ်ခြင်းဖြင့် ချစ်သည်ဖြစ်၍ ကောင်းစွာမွေးမြူလေ၏။ စန္ဒမည်သောနွားစောင့်မသည်ကိုအကြောင်းပြု၍ သတို့သား၏အမည်ကိုစန္ဒကုတ္တာဟူ၍မှည့်ပေ၏။ထိုသတို့သား နွားကျောင်းနိုင်သောအရွယ်သို့ရောက်လျှင် နွားထိန်းယောကျ်ားသည် နွားကိုကျောင်းစေသဖြင့်။ နွားကျောင်းသော စန္ဒကုတ္တာသည် နွားကျောင်း တစုဦး မင်းအဟာန်ပြု၍၊ တယောက်ကိုလည်း အိမ်ရှေ့မင်းအဟာန်ပြုစေ၍။ အမတ်၊ တရားသူကြီး၊ မင်းစေယောကျ်ားတို့၏အဟာန်ကိုလည်း ပြုစေ၍။ ခိုးသူဆက်လာဟန်၊ အပြစ်ကြီးငယ်ကို တရားသူကြီးကို စစ်ကြောစေဟန် ပြုစေ၍။စင့်ကြောပြီးသော် အပြစ်အလျောက် ခြေလက်ကိုဖြတ်လေဟုစေ၍။ဖြတ်စရာပုဆိန်မရှိလျှောက်သော် ဓိုတ်ချိုကိုအရိုးတပ်၍၊စန္ဒကုတ္တာမင်းကြီးအာဏာဟုဆို၍ ဖြတ်စေ၏။ ခြေလက်ပြတ်ဟန် ပြုပြီးသော်။

စန္ဒဂုတ္တမင်းအာဏာ ဖြစ်မြဲတိုင်းဖြစ်ပြန်စေဟုဆို၍ ဖြစ်မြဲတိုင်းဖြစ်ပါနှင့် ပြုရဏ်။ ထိုသို့ပြု၍ ကစားကြစဉ်အခိုက် ဇာနက္ကပုဏ္ဏားနှင့် ကြိမ်သဖြင့် မြင်လေသော် အံ့ဘွယ်သရဲဖြစ်၍။အသပြာတထောင်ပေးလျက်စန္ဒဂုတ္တ ကိုယူ၍၊ ကြန်အင်လက္ခဏာကိုကြည့်ရသော် မင်းဖြစ်အံ့သော ကြန်အင်လက္ခဏာနှင့်ပြည့်စုံသည်ကိုမြင်၍၊ ဖဒင်သုံးပုံကိုလည်း တတ်အောင်သင်ပြီးလျှင်၊ အသပြာတထောင် အဘိုးထိုက်သော ရွှေလည်ရံကို တမုတ်ကြိုးတပ်၍ လည်ဆွဲဆင်စေ၏။ပဇ္ဇတသတို့သားအားလည်းထိုအတူဆင်စေ၏။ ထိုသူငယ်နှစ်ယောက်သည် ပုဏ္ဏားလက်တွင် ကြီး၏။ ထိုသတို့သားတို့ အိပ်မက်မြင်သည်ကိုကြားလျှင် ဆရာသည် ခတ်မဆိတ်နေ၏။ဇာနက္ကပုဏ္ဏားကား မိမိကျေးဇူးပညာအစွမ်းဖြင့် တသပြာထိုက်သောဥစ္စာကို တထောင်ထိုက်အောင်ပြု၍၊ ရဲမက်တို့ကို ဖြည့်တင်းစရာဥစ္စာကံကျွေးဆည်းပူးသည်ကား အကုဒ္ဒေ့ဂစ်ဆယ်ဖြစ်၏။ ထိုဥစ္စာကိုကောင်းစွာ ဖြတ်ပိုင်းထား၍၊ အခါတပါးသော် တောခရီးတွင်းဌ အိပ်နေကြလေ၏။ဆရာလည်းပဇ္ဇတကိုနှိုး၍ အိမ်မှထုတ်သောသန်လျက်ကိုအပ်၍ စန္ဒဂုတ္တအိပ်ပျော်စဉ်၊ကြိုးကိုလည်း မဖြတ်နှင့်၊ဖြေလည်း မဖြေနှင့်၊လည်ရွဲကို ရအောင်ယူခဲ့ဟု စေ၏။ သန်လျက်ကို ကိုင်၍ ပဇ္ဇတသွားလေသော်။မဖြေဘဲမဖြတ်ဘဲ လည်ရွဲကိုမရသော်၍ မရနိုင်ဟုပြန်ခဲ့၏။ ဆရာလည်းတိတ်တိတ်နေ၏။ အခါတပါး ဤသို့ဂုဏ်းနေပြန်ရာ။စန္ဒဂုတ္တကိုနှိုး၍ သန်လျက်ကိုအပ်၍။ ပဇ္ဇတအိပ်ပျော်စဉ်။ ကြိုးကိုမဖြတ်မဖြေဘဲ လည်ဝတ်တန်ဆာကိုရအောင်ယူခဲ့ဟု စေ၏။ စန္ဒဂုတ္တသည် သန်လျက်ကိုကိုင်၍သွားလေ၍၊ ကြိုးကိုမဖြတ်မဖြေနှင့်ဟူသော်။ ဦးခေါင်းကိုမဖြတ်ဘဲမရသောဟူ၍ ဦးခေါင်းကိုဖြတ်၍ လည်ဝတ်တန်ဆာကိုယူခဲ့၏။ဆရာပုဏ္ဏားလည်း လည်ဝတ်တန်ဆာကိုမြင်လျှင် တိတ်တိတ်နေ၏။ စန္ဒဂုတ္တသည် ဖဒင်သုံးပုံလုံးကိုလည်း တတ်၏။ ကြီးမြင့်လတ်သော် အကြားအမြင် အတတ် အလိမ္မာနှင့်လည်း ပြည့်စုံ၏။ လုပ်ရည် ကြံရည်လည်း တတ်လှပြီးသော်။ မြို့ပါ၍ထားသော အကုဒ္ဒေ့ဂစ်ဆယ်သော ဥစ္စာကိုကံကျွေးပြုလေ့ရှိသော် ဆောက်နှင်း၍။ ဓနဓန္ဓမင်းကိုကိုက်ဖျက်ဆီး၍ ပြည်ကိုရအောင်ယူ၍ မင်းပြုလေ။ မင်းဖြစ်သော်ကား ငါ့ကိုမမေ့လင့်ဟုဆို၍။ ပြည်ထဲရေးကိုလုပ်ကြံခြင်းဌာန အပေါင်းအဖော်ပြုခြင်းသည် အရေးမလွသော်ခဲ့ခက်စွာဏ်ဟုဝှေ့ဝှေ့၍ဂုဏ္ဏဂုတ္တမှစ၍အရပ်တပါးသို့သွားလေ၏။

စန္ဒဂုတ္တာလည်း အတတ်အလိမ္မာ အပြောအဖြင့်နှင့် ပြည့်စုံပြီးသည် ဖြစ်သောကြောင့် ဆရာပေးသောဥစ္စာနှင့် ရဲမက်ဗိုလ်ပါရုအောင်ဖြည့် တင်း၍။ များစွာသောရဲမက်ဗိုလ်ပါနှင့် မင်းနေပြည်သို့ဝင်၍ တိုက်လေ ၏။ မင်းနေပြည်သို့ ဆိုက်အောင်ဝင်၍ တိုက်ချေသောကြောင့်။ အစွန် လက်နားနေသော သူတို့သည် အထောက်အထောက် တိုက်နှင့်ကြလေ သဖြင့်ပျက်ချေ၏။ ဆုတ်၍နေရာမှ သူလျှိုလွှတ်၍ သတင်းသံကို နာစေ သော်။ ရွာငယ်တခွဲ ရေမုံသည်မသည် ရေမုံလုပ်သောအခါ။ သား ငယ်အား စားစိမ့်သောဌါ ပေး၏။ သားငယ်သည် မလိမ္မာသောအား ဖြင့် အနားမှစ၍မစားမူ၍၊ အလယ်မှစ၍ စားချေသောကြောင့်။ ပူလှ၍ လက်မှလွှတ်၍ကျသဖြင့် အဓိကိုတောင်းပြန်၏။ အဓိလည်းပေးပြန်၏။ ထိုသို့ရင်းစား၍ကျပြန်သော် မဝသေးဟုတောင်းပြန်၏။ ပေးရဘန်များ သဖြင့် အဓိသည်။ငါ့သားမုံစားသည်မှာ စန္ဒဂုတ္တစစ်ထိုးသည်နှင့် တူ၏ ဟုဆိုသော် သားငယ်သည်။ အဓိ၊ ငါကား အဘယ်သို့ပြုသနည်း။ စန္ဒ ဂုတ္တကား အဘယ်သို့ပြုသနည်းဟုမေး၍။ နင်မုံစားသည်ကား အနားမှ စ၍စားသော်ကား စားရတော့မည်။ အလယ်မှစ၍ စားသောကြောင့် ပူလှ၍ လွှတ်ရသည်၊ မဝနိုင်။ စန္ဒဂုတ္တာသည်လည်း အစွန်အနားကိုစ၍ မသိမ်းမူ၍ အလယ်ပြည်ကြီးကို လာ၍ တိုက်သည်၊ မရနိုင်။ နင်မုံစား သည်နှင့်တူ၏ဟု ဆိုသော်။ စကားနာခံသောသူလျှိုသည် ထိုမုံသည်မ စ့ကားကို ကြားသည့်အတိုင်း စန္ဒဂုတ္တာအားပြန်ကြား၏။ စန္ဒဂုတ္တာလည်း ဤမုံသည်မစကားသည် အရေးစင်စစ်မှန်၏ဟု နည်းကိုယူ၍ ကျေးစွန် ပြည်နားကိုစ၍ လုပ်ကြံသဖြင့် ရွာငယ်ရွာကြီးရသမျှကို လက်နက်ကိုင် ပြု၍ ပါဠလိပုတ်ပြည်ကိုလုပ်ကြံလျှင် ဖောင်၍ ဝန်နန္ဒမင်းကို သတ်ပြီး လျှင်မင်းပြုလေ၏။ ဇာနက္ကပုဏ္ဏားသည်း မင်းဖြစ်ပြီဟု ကြားလျှင် ဂါ၏ အကြံသည်အပြီးရောက်ပြီဟု စန္ဒဂုတ္တာမင်းကိုပေါင်းပြန်၍ အစီအရင်ပြု ၍။ စန္ဒဂုတ္တာမင်းကို အဘိသိက်မသွန်းဦးဘဲ ဝန်နန္ဒမင်း မြှုပ်၍ထားသော ဥစ္စာကို တံငါတယောက်သားသိသည်ဖြစ်၍။ ဥစ္စာကိုရလိုသဖြင့် တံငါ ကိုမင်းပြုဟု ထီးဖြူဆောင်းစေ၏။တံငါလည်း ငါမင်းဖြစ်ပြီမှတ်၍ ဥစ္စာ ကိုဘော်၍ ယူစေ၏၊ ဥစ္စာအကုန်ရပြီးသော် တံငါကိုသတ်၍ စန္ဒဂုတ္တာ မင်းကို အဘိသိက်သွန်း၏။ အဇာတသတ်မင်းနှင့် အရှင်မဟာကဿပ ထားသော သာသနာတော်သက္ကရာဇ် ၁၆၃ ခုထွင်၏။ စန္ဒဂုတ္တာမင်း အဘို

သိက်သွန်းသဖြင့် မင်းပြု၏။ နန်းထက် ၂၄ နှစ်စံရ၏။စန္ဒဂုတ္တမင်း လွန်သောနှစ်သည် သာသနာတော်သက္ကရာဇ် ၁၈၄ နှစ်ဂို၏။ ။

စန္ဒဂုတ္တမင်းဖြစ်ပြီး၁သင်္ဘ။ မလိုသောသူတို့ ၁သဆေးထည့်၍ မဖြစ်စိမ့်သော်ငါ စားသောအစာဟူသမျှ အဆိပ်နှင့် တဆိတ်တဆိတ်ရောရ၍ စားစေ၏။စန္ဒဂုတ္တမင်း၏မယား၊မိဘုရားကား၊မောရိယပြည်၌မင်းသမီးတည်း။ ထိုမိဘုရားသည် ရင့်ပြီး၁သော ကိုယ်ဝန်နှင့်တကွ မင်းကြီးစားတော်ခွက်တွင် အဆိပ်နှင့် ရောသော ထမင်းကို တလုပ်မျှယူ၍ နှံ့မိ၏။ ထွေး၁စသော်လည်း။ မိဘုရားမှာအသက်မရှင်ချေပြီ၊ ဝမ်းထဲ၌ရှိသော သူငယ်မှအသက်ရှင်စေတော့ဟု မိဘုရားလည်ကိုဖြတ်၍ဝမ်းထဲမှသားငယ်ကိုထုတ်၍။ ဆိတ်မဝမ်းကို၁ဖေါက်၍ထည့်ထား၏။ အလှည့်အလှည့် ဆိတ်မဝမ်းကို၁ဖေါက်၍ ထည့်ထား၏။ ၃နစ်ရက်ပတ်လုံးထားပြီးမှဘွား၁စေ၏။ ဆိတ်မ ဝမ်းတွင် ဒဘန်များစွာ သွတ်သော၁ကြောင့် အ၁ရတို့သည် အဝိမ့်ဖြစ်သည်ကိုအ၁ကြောင်းပြု၍ ထိုသူငယ်အား ဗိန္ဒုသာရဟူသော၁အမည်ကို မှည့်၏။ ထိုဗိန္ဒုသာရမင်းသား တဆဲ့၁ခြောက်နှစ်ရွယ်ရှိသော၁အခါ၌။ စန္ဒဂုတ္တမင်းစည်းစိမ် ၂၄ နှစ်ပြည့်၍လွန်လေ၏။သာသနာ၁တော် သက္ကရာဇ် ၁၈၄ နှစ်တွင် သားဗိန္ဒုသာရ မင်းပြု၏။ စန္ဒဂုတ္တမင်း၏အသေကောင်၌ ဇော၀က္ကာဘီလူး၀င်၍ မင်းကို အရှင်ကဲ့သို့ဖြစ်စေ၏။ သားစိမ်း ငါးစိမ်းစားလှ၍သာ၁ကြောင့် ပုဏ္ဏားတို့ အခြင်းအရာကို စုံစမ်း၁သင် ဘီလူး၀င်၍၁နသည်ကိုသိ၍။ ဗိန္ဒုသာရမင်းသားအား ခမည်း၁တော် မရှိပြီ။ ဘီလူး၀င်၍ ခမည်း၁တော် အ၁ယောင် ပြုသည်ဟု ကြား၁လျှောက်ကုန်၏။ ဗိန္ဒု၁သာရမင်းသား သိပြီးလျှင် ဘီလူးကိုသတ်ရ၁အောင်ကြံ၍။ဥပါယ်တမျှဉာဖြင့်ကျွန်နှစ်ယောက်ကိုနှုတ်ထည့်၍သန်လျက်ထားကို လု၁စေ၏။ ဆီးတား၀နိုင် မင်း၁ရှေသို့ ရောက်လေ၏။ ဗိန္ဒုသာရမင်းသားလည်း ဘီလူး၏အနီး၌ခစား၍၁နနှင့်၏။ ဘီလူးလည်း မင်းကဲ့သို့ပင် သင်းတို့နှစ်ယောက်ရန်ကို ငြိမ်း၁အောင်ပြု၁ချ၊ ဗိန္ဒုသာရမင်းသားကိုယောက်ခ၁စေ၏။ သားစိမ်း ငါးစိမ်းစားလှ၍သာ၁ကြောင့် ပုဏ္ဏားတို့ အခြင်းအရာကို စုံစမ်း၁လ၁သော် ဘီလူး၀င်၍၁နသည်ကိုသိ၍။ ဗိန္ဒုသာရမင်းသားအား ခမည်း၁တော် မရှိပြီ။ ဘီလူး၀င်၍ ခမည်း၁တော် အ၁ယောင် ပြုသည်ဟု ကြား၁လျှောက်ကုန်၏။ ဗိန္ဒု၁သာရမင်းသား သိပြီးလျှင် ဘီလူးကိုသတ်ရ၁အောင်ကြံ၍။ဥပါယ်တမျှဉာဖြင့်ကျွန်နှစ်ယောက်ကိုနှုတ်ထည့်၍သန်လျက်ထားကို လု၁စေ၏။ ဆီးတား၀နိုင် မင်း၁ရှေသို့ ရောက်လေ၏။ ဗိန္ဒုသာရမင်းသားလည်း ဘီလူး၏အနီး၌ခစား၍၁နနှင့်၏။ ဘီလူးလည်း မင်းကဲ့သို့ပင် သင်းတို့နှစ်ယောက်ရန်ကို ငြိမ်း၁အောင်ပြု၁ချ၊ ဗိန္ဒုသာရမင်းသားကိုယောက်ခ၁စေ၏။ ဗိန္ဒုသာရမင်းသားလည်း သွား၍ဆိုပါသည်ကိုမနှိုင်ဟု ပြန်၍လျှောက်၏၊ဆို၍မနှိုင်၁သော် သင်းတို့ကို သည်သို့၁ခေါ် ခဲ့ဟူ၍ ဘီလူးဆို၏၊ သင်းတို့လက်ခ၁ လက်နက်ရှိသည်၊ မင်းပါးသို့မချဉ်း၀စကောင်းဟူ၍ လျှောက်၏။ ချဉ်းလာ၁စေဟု ဆို၁သော၁ကြောင့် ချဉ်းလာ၁စေမှ၊ သင်းတို့လက်ခ၁ထွားကိုယူ၍။ ဤသန့်လျက်ထား၁ကြောင့် သင်းတို့နှစ်ယောက်အ

ချင်းမျှားကြသည်ဟူ၍ သန့်လျှော်ထားကိုဘိလူးအားပြုလိုသောအဟန် အပါးသို့ကပ်လာ၍ လည်ကိုလှိုးဖြတ်၏။ လည်ပြတ်၍ဘိလူးသေလေ၏။ ဘိလူးသေလေလျှင်။ စန္ဒဂုတ္တမင်း၏အကောင်ကိုဗုတ်ကြည်းသင်္ဂိုဟ်ရ၏။ ထိုနောင်မှ ဗိန္ဓုသာရမင်္ဂုံးအာဘိသိက်ခံ၍မင်းပြု၏။ မင်းပြုသောနှစ်ကား သက္ကရာဇ်၏ ၁၈၄ ခုတည်း။ ။

သာသနာတော်သက္ကရာဇ်၏ ၁၀၈ ခုတွင် ကာလာသောကမင်းလွန်၏။ အဘလွန်လျှင် ဘဒ္ဒသေနအစရှိသောညီနောင်တကျိပ်တို့ အစဉ်အတိုင်းမင်းပြုသည် ၂၂ နှစ်ကြာ၏။ သက္ကရာဇ်၏ ၁၃၀ ပြည့်တွင် ပဉ္စမကမင်းလွန်၏။နောက်ဥဂ္ဂသေနနန္ဒစသော နန္ဒကိုးယောံတို့ အစဉ်အတိုင်းမင်းပြုကြသည် ၂၂ နှစ်ကြာ၏။ ကိုးယောက်တွင်အခဲ့ဆုံးဖြစ်သောဓနနန္ဒမင်းကား။ သာသနာတော်သက္ကရာဇ်၏ ၁၄၂ ခုတွင် လွန်၏။ သက္ကရာဇ်၏ ၁၄၃ ခုမှစ၍စန္ဒဂုတ္တမင်းပြု၏။စန္ဒဂုတ္တသည် ဓာနက်ပုဏ္ဏားကြောင့်မင်းအဖြစ်ကိုရသဖြင့် ပုဏ္ဏားတို့ကိုကြည်ညိုလေရကား ခြောက်သောင်းမျှသောပုဏ္ဏားတို့အား နန်းတွင်းဥမင်္ဂလပ်ကြီးစွာဆောက်၍မပြတ်လျှင်ထမင်းကျွေးသတည်း။စန္ဒဂုတ္တ ၂၄ နှစ်နန်းထက်နေ၍။သက္ကရာဇ်၏ ၁၆၄ ခုတွင်လွန်၏။စန္ဒဂုတ္တသား၊ဗိန္ဓုသာရကား။၁၆၄ ခုမှစ၍မင်းပြု၏။ ။

၉၄။ ဒုတိယသင်္ဂါယနာတင်ရဟန္တာမထေရ်ကြီး တို့မှဆင်းသက်၍၊ဂှင်မဟာမောဂ္ဂလိပုတ္တတိဿထေရ်တို့၊ သာသနာဝင်အစဉ်အဆက်ကိုပြရာ။

စန္ဒဂုတ္တမင်းပြု၍ ၂ နှစ်မြောံသော သက္ကရာဇ်၏ ၁၄၄ ခုတွင်။ တိဿဖြဟ္မာသည်ဖြဟ္မာ့ပြည်မှစုတော့ခဲ့၍ ပါဋလိပုတ်ပြည်၌မောဂ္ဂလိပုဏ္ဏားမဏ္ဍိဝမ်း၌ ပဋိသန္ဓေယူ၏။ ဆယ်လစေ့လျှင် ဘွားဖြ်။ ထိုသူငယ်အားတိဿဟူ၍အမည်မှည့်ကုန်၏။ပဋိသန္ဓေယူသည့်နေ့မှစ၍။အဂ္ဂင်သိဂ္ဂဝမထေရ်သည် ပုဏ္ဏားဖြ်အိမ်ဆို ဆွမ်းရပ်ကြွတော်မူ၏။ တနေ့မျှလည်းတဟင်းချိုသော ယာဂုကိုဒင်း။ တယောက်မမျှသောဆွမ်းကိုဒင်း မရမူ၍ ချနစ်နှစ်ကြာ၏။ချနစ်နှစ်လွန်သဖြင့် တနေ့သ၌ ကန်တော့ပါ၏အဂ္ဂင်ဘုရားဟု ပုဏ္ဏားမဆိုသောစကားမျှကိုရ၏။ ထိုနေ့၌ ပုဏ္ဏားသည် အရပ်တပါးတွင် တစုံတခုသောကိစ္စကိုပြု၍ ဖြန်လာသော် အဂ္ဂင်သိဂ္ဂဝ

ကို ခရီးရင်ဆိုင်တွေ့၍။ အခွင့်ရဟန်း၊ ထိုတို့အိမ်သို့ရောက်ခဲ့ဖူးလော ဟု မေး၍။ ပုဏ္ဏား၊ ရောက်ခဲ့ဖူးဟုဆိုသော်။ တစုံတခုကိုရခဲ့ဖူးလော ဟုမေး ပြန်၍၊ ရခဲ့ဖူးပုဏ္ဏားဟူ၍ဆိုဖူး။ ပုဏ္ဏားသည်အိမ်သို့သွား၍ ရဟန်းအား တစုံတခုကိုလှူလိုက်ဖူးလော ဟုမေး၍ မလှူလိုက်ဟု ပုဏ္ဏားမဆိုသော်။ ပုဏ္ဏားသည် နှစ်ရက်မြောက်သောနေ့၌၊ မထေရ်ကို မုသာဝါဒဖြင့်နှိပ် အံ့ဟုကြံ၍ အိမ်တံခါးဝ၌နေနှင့်ဖူး။ မထေရ်သည် ဆွမ်းခံကြွ၍ ပုဏ္ဏား အိမ်သို့ရောက်သော်။ ပုဏ္ဏားသည် မထေရ်ကို၊သင်သည် ယမန်နေ့က ငါတို့အိမ်၌ တစုံတခုမျှ မရဘဲလျက် ရဖူးဟူ၍ ဆိုဘိဖူး။ သင်တို့အား မုသာဝါဒသည် အပ်သလော ဟူ၍ဆိုဖူး။ ပုဏ္ဏား၊ ငါသည်သင်တို့အိမ်၌ ဆွမ်းရပ်သည် မှန်စင်္ကာပြီ။ကန်တော့ပါဖူး ဟူသောစကားကိုမျှမရဘူး ပါ။ ယမန်နေ့တွင် ကန်တော့ပါဖူးဟူသောစကားမျှကိုရဖူး။ ထိုကြောင့် ငါတို့သည် ပဒိုသန္ဓေါရကိုစွဲ၍ရဖူးဆိုသည်ဟုမထေရ်မိန့်တော်မူသော်။ ဤရဟန်းတို့သည် ပဒိုသန္ဓေါရမျှကိုရ၍လည်း ရဖူးဟုမှားမြင်းကုန်သေး ဖူး။ တစုံတခုသောခဲဘွယ်ဘောဇဉ်ကိုရမူကား အဘယ့်ကြောင့် မမြင်းကုန်လတ္တံ့နည်းဟု ကြည်ညိုပြီ။ မိမိဖူးအလိုဌာစိရင်အပ်သောအိုးမှ တယောက်မမျှသောဆွမ်းကိုထင်း၊ ထိုဆွမ်းနှင့်လျော်ရုံသော ဟင်းလျာ ကိုထင်းလှူစေ၍။ ဤမျှသောဆွမ်းကို အခါခပ်သိမ်း သင်တို့သည်ရကုန် လတ္တံ့ဟု လျှောက်ဖူး။ ပုဏ္ဏားသ်ည် ထိုညဉ့် မိုးသောက်သောနေ့မှစ၍ ကပ်လာသောမထေရ်အားငြိမ်သက်ခြင်းကိုမြင်၍၊အတိုင်းထက်အလွန် ကြည်ညိုပြီ၍၊ အခါခပ်သိမ်း အိမ်တွင်း၌ ဆွမ်းစားခြင်းကိုပြုစမ့်သောဌါ မထေရ်အား တောင်းပန်ဖူး။ မထေရ်သည် ဝန်ခံ၍ နေ့တိုင်း နေ့တိုင်း ဆွမ်းစားခြင်းကို ပြု၍၊ သွားဆဲ့သောအခါ မထေရ်သည် အနည်းငယ် အနည်းငယ်သော ဘုရားစကားကို ဟော၍ သွားဖူး။ ။ထိုတိသဟလ လင်္ကာသည်း ၁၆ နှစ်ရွယ်ရှိသောအခါ၌သာလျှင် ၄၈၀၀၀သုံးပုံတို့၌ အပြီး ရောက်ဖူး။ ဗြဟ္မဒုပြည်မှလာသော စင်ကြယ်သောသူဖြစ်သောကြောင့် ထိုတိသဖူး နေရာ၌ရင်း အိပ်ရာ၌ရင်း နေရုံသောသူမည်သည်မရှိ။ ထို လုလင်သည် အကြင့်အခါ၌ ဆရာ့အိမ်သို့သွားဖူး။ ထိုအခါ၌ လုလင်ဖူး ညောင်စောင်းအင်းပျဉ်ကိုဖြူသောပုဆိုးဖြင့်ဖုံးလွှမ်း၍ ခွေ့ထားရုံကုန်ဖူး။ မထေရ်သည် ယခုအခါ၌ လုလင်ကို သာမဏေရဟန်းပြုခါတန်ပြီ။ဤ အိမ်သို့ကပ်ရုံသောငါ့အားလည်း ကြာမြင့်ပြီ။တရံတခါမျှလည်း လုလင်

နှင့် စကားပြောပေဟာခြင်းသည် မဖြစ်။ ယသုအခါ၌ ဤအကြောင်းဖြင့် ပလ္လင်ကုံမှီ၍စကားသည်ဖြစ်လတ္တံ့ဟုကြံ၍။ အကြင်အခြင်းဖြင့် ထိုအိမ် ၌ လုလင်၏နေရာပလ္လင်ကိုထား၍ တပါးသောနေရာကိုမမြင်။ထိုအခြင်း ဖြင့်ဓိဋ္ဌာန်၍ဆွမ်းခံကြွလေ၏။ ဓိဋ္ဌာန်တိုင်းဖြစ်ရကား။ပုဏ္ဏား၏အိမ်၌အ လုပ်အကျွေးဖြစ်သောသူတို့သည်မထေရ်ကုံမြင်လေလျှင် တိဿလုလင် ၏နေရာအင်းပျဉ်ကိုထား၍ တပါးသောနေရာကိုမမြင်သဖြင့် လုလင်၏ ပလ္လင်ကိုခင်း၍ပေး၏။မထေရ်သည်ပလ္လင်၌နေဘိ၏။တိဿလုလင်သည် လည်း ထိုခဏ၌လျှင် ဆရာ့အိမ်မှလာ၍ ဒီဃိပလ္လင်၌နေသောမထေရ်ကို မြင်လျှင် အမျက်ထွက်သဖြင့်၊ ငါ၏ပလ္လင်ကိုအဘယ်သူခင်းသနည်းဟု ဆို၏။ မထေရ်လည်းဆွမ်းစားခြင်းကိုပြုပြီး၍လုလင်၏ကြွမ်းထင်းသော အဖြစ်ကိုငြိမ်းစေပြီးသော်။ အသို့နည်းလုလင်၊သင်သည်တစုံတခုသော ဗေဒင်ကိုတတ်ပါပြီလောဟုမေး၏။ အိုရဟန်း၊ယသုအခါ၌ဗေဒင်ကိုငါ မတတ်သည်ရှိသော် ငါမှတပါး အဘယ်သူသည် တတ်လတ္တံ့နည်းဟု လုလင်ဆို၍။ အခြင်ရဟန်းတို့သည်ကား ဗေဒင်ကိုဝတ်ကုန်၏လောဟု မထေရ်ကိုမေးပြန်၏။ လုလင်၊မေး၍စမ်းမူ သိအံ့သောဌါတတ်ကောင်း ၏ဟုမထေရ်ဆို၏။ လုလင်သည် နိဃဏ္ဍုကျမ်း၊ ကေဋုဘကျမ်း၊သဒ္ဒါ ကျမ်းတို့နှင့်တကွ ဣတိဟာသကျမ်းလျှင် ငါးခြောက်ကုန်သော ဗေ ဒင်သုံးပုံတို့၌၊ မိမိသည်ငင်း၊ မိမိ၏ဆရာသည်ငင်း၊ မသိမမြင်နိုင်သော ခဲခက်သောအရာတို့ကိုမထေရ်အားမေး၏။မထေရ်သည် ပြကတော့သ ဘောအားဖြင့်လည်း ဗေဒင်သုံးပုံကိုကမ်းတဘက်ရောက်တတ်မြောက် ၏။ယသုအခါ၌ကား ပဒီသမ္ပိဒါပတ္တရဟန္တာတည်း။ထိုကြောင့်မထေရ် အား ထိုပြဿနာကိုဖြေဆိုခြင်းငှါဝန်မလေးသဖြင့်။ထိုမေးသောခဏ၌ လျှင် မေးတိုင်းမေးတိုင်းဖြေ၍၊ လုလင်ကို။ လုလင်၊သင်သည် ငါ့ကိုမျှား စွာမေးအပ်ပြီ။ ယသုအခါ၊ ငါသည် တခုသောပြဿနာကို သင့်အားမေး ပါအံ့။ ဖြေနိုင်လတ္တံ့လောဟု မထေရ်သည်ဆို၏။ အိုရဟန်း၊ မေးလော့၊ ငါဖြေအံ့ဟု၍လုလင်ဆိုသော်။အရှင်သိဂ္ဂဝမထေရ်သည်။စိတ္တယမိုက်၌၊ ရဟန္တာ၏စုတိစိတ် ဥပ္ပါဒက္ခဏကိုရည်၍ မြတ်စွာဘုရား ဟောတော် မူသော။ ။(၃)သစိတ္တံ ဥပ္ပဇ္ဇတိ နနိရုဇ္ဈတိ၊ တသစိတ္တံ နိရုဇ္ဈတိ နပ္ပဇ္ဇတိသတိ နုပ္ပဇ္ဇိသတိတိ၊ဟူသော်အနုလောမပုဏ္ဏာကိုဂုဏ်း။ ။ယသဝါပနစိတ္တံ နိရုဇ္ဈတိ နပ္ပဇ္ဇိသတိ၊ တသစိတ္တံ.ဥပ္ပဇ္ဇတိ နနိရုဇ္ဈတိတိ။ ။ဟူ

သော ပဒိုးလောမပုစ္ဆာကိုဂုဏ်း။ ယူ၍၊ ဇာလင်၊အကြင်ပုဂ္ဂိုလ်အာဒီး စိတ်သည် ဖြစ်ဆဲဟုတ်၏။ ချုပ်ဆဲမဟုတ်။ ထိုပုဂ္ဂိုလ်အား စိတ်သည် ချုပ်လတ္တံ့လော။ မဖြစ်လတ္တံ့လော။ အနုလုံအမေး။ ။အကြင်ပုဂ္ဂိုလ်အား စိတ်သည် ချုပ်လတ္တံ့။ မဖြစ်လတ္တံ့။ ထိုပုဂ္ဂိုလ်အား စိတ်သည် ဖြစ်ဆဲလော။ချုပ်ဆဲမဟုတ်လော။ပဒိုလုံအမေး။ ။ဤအမေးနှစ်ပါးကဲ့မထေရ်ကမေးသော်။ လုလင်သည်အထက်ကိုဂုဏ်း၊အောက်ကိုဂုဏ်း၊အောက်မေ့ခြင်းငှါ မတတ်နိုင်သည်ဖြစ်၍။ အရှင်ရဟန်း၊ ဤဗေဒင်သည် အဘယ်မည်သော ဗေဒင်နည်းဟုမေး၏။ ဗုဒ္ဓမန္တ၊ ဘုရဉ်းဗေဒင်မည်၏ လုလင်ဟူ၍မထေရ်ကဆို၏။ အရှင်ရဟန်း၊ငါ့အား၊လည်း ဤဗေဒင်ကိုပေးအံ့သောငှါ တော်နိုင်ပါအံ့လောဟူ၍ မေး၏။ ငါတို့သည် ယူအပ်သော ရဟန်း၏အဖြစ်ကို ယူသောသူအား ပေးခြင်းငှါ တတ်နိုင်၏ဟူ၍ ဝိန့်တော်မူ၏။ထိုနောင်မှလုလင်သည် အဓိအဘတို့သို့ကပ်၍။အိုအဓိအဘတို့၊ဤရဟန်းသည် ဗုဒ္ဓဗေဒင်ကုတတ်၏။ဓိဓိအထံ၌ ဓရဟန်းမပြုသော သူတို့အားလည်းမပေး။ငါသည် ထိုရဟန်း၏အထံ၌ရဟန်းပြု၍ ဗေဒင်ကိုသင်အံ့ဟူ၍ခွင့်တောင်း၏။ထိုအခါ၌အဓိအဘတို့သည်ငါတို့၏သားသည် ရဟန်းပြု၍သင်စေတော့၊ သင်ပြီးလျှင် တဘန်လာပြန်လတ္တံ့ဟုမှတ်၍ သင်ချေတော့ချစ်သံ့းဟုခွင့်လွှတ်ကုန်၏။ မထေရ်သည် တိသဟလုလင်ကို ရဟန်းပြု၍။ ဒုတိယတိသမဟာဗုဒ္ဓဗေဒင်ကျမ်းကို ဖြေးညှီးစွာသင်၏။ ထိုတိသသာမဏေသည်ဒုတိယတိသမဟာဗုဒ္ဓဗေဒင်ကျမ်းဌပရိကံကိုပြုသော် မကြာမြင့်မီသောတာပတ္တိဖိုလ်ဌာနသို့ရောက်၏။ ။

ထိုနောင်မှမထေရ်သည်ဂုဏ်ပြုနှုတ်ဆက်ပြန်၏။ သာမဏေသည် သောတာပတ္တိဖိုလ်ဌာနသို့ရောက်ပြီ။ သာသနာတော်မှ ပြုန်နစ်အံ့သောငှါမထိုက်ပြီ။ အကယ်၍ကား ငါသည် သာမဏေအား ကမ္မဋ္ဌာန်းကို ပွါးစေလော့ဟု ဆိုအံ့။ ရဟန္တာအဖြစ်သို့ရောက်သဖြင့် ဖြတ်စွာဘုရားဧကာဒေတော်ကိုသင်ခြင်းငှါလုံ့လမပြုသည်ဖြစ်ရာ၏။ယခုအခါ၌ သာမဏေကို စတ္တာဝင်္ဆိမထေရ်၏အထံသို့ စေလွှတ်အံ့သောငှါ အခါတန်ပြီဟုကြံ၍။ သာမဏေ၊ သင်လာလတ္တံ့။ မထေရ်၏အထံသို့သွား၍ ဘုရားစကားဓမ္မာသင်ချေ၊ ငါ၏စကားဖြင့် အနာမဂ္ဂိသောအဖြစ်ကိုမေးလော။ အရှင်ဘုရား၊ အကျွန်ုပ်ကိုဥပဇ္ဈာယ်ဆရာသည် အရှင်ဘုရား၏အထံသို့စေလွှတ်လိုက်၏။ဤသို့လည်းဆိုလေဟု မှာ၍။ သင်၏ဥပဇ္ဈာယ်ဆရာသည် အဘယ်အမည်ရှိ

သနဉ်းဟုမေးသော်။အဂ္ဂဉ်ဘုရား၊သိဂ္ဂဝမထေရ်အမည်ရှိ၏ဟုလျှောက်ရာ၏။ငါသည် အဘယ်အမည်ရှိသနည်းဟူ၍ မထေရ်မေးသော်။အဂ္ဂဉ်ဘုရား၊ အဂ္ဂဉ်ဘုရားတို့၏အမည်ကို အကျွန်ုပ်၏ ဥပဇ္ဈာယ်ဆရာသည် သိပါ၏ဟုဆိုလေဟုမိန့်တော်မူသော်။ ကောင်းပြီအဂ္ဂဉ်ဘုရားဟု ဝန်ခံ၍။ မထေရ်ကိုရှိခိုး၍ လက်ျာရစ်လှည့်၍သွားလေ၏။အစဉ်သဖြင့် စဏ္ဍာဝဇ္ဇိမထေရ်၏အထံသို့ရောက်၍မထေရ်ကိုရှိခိုး၍တင့်အပ်ရာ၌နေ၏။မထေရ်သည် သာမဏေကို။ သင်သည် အဘယ်အရပ်မှလာသနည်းဟုမေး၏။ ဥပဇ္ဈာယ်ဆရာသည် အဂ္ဂဉ်ဘုရားတို့အထံသို့ စေလိုက်၏ဟုလျှောက်သော်။သင်၏ဥပဇ္ဈာယ်သည် အဘယ်အမည်ရှိသနည်းစသည်ကိုမေးသဖြင့်။ ဆရာမှာလိုက်တိုင်းသောအခြင်းအရာဖြင့် လျှောက်၍။ သပိတ်သင်္ကန်းကိုသိုမှီးလော့ဟု မိန့်တော်မူသော်။ ကောင်းပြီအဂ္ဂဉ်ဘုရားဟု သိုမှီး၍။ ထိုးသောက်သောနေ့၌ ပရိဝုဏ်ကိုတံမြက်လှည်း၍၊ မျက်သစ်ရေဒန်ပူကိုကပ်ဖို့။ မထေရ်သည် သာမဏေတံမြက်လှည်းရာသို့ထပ်၍လှည်း၏။မျက်သစ်ရေဒန်ပူကိုစွန့်၍ တပါးသောရေဒန်ပူကိုယူ၏။ဤသို့ ခုနစ်ရက်ပတ်လုံးပြု၍။ ခုနစ်ရက်မြောက်သောနေ့၌ တဘန်မေးပြန်၏။ သာမဏေလည်း ရှေးကလျှောက်မြဲတိုင်းကိုလျှောက်၏။ မထေရ်သည် ဤသာမဏေသည် ငါတို့၏ တောင်းပန်သော တိသဿဗြဟ္မာပင်တည်းဟု သိ၍။ အဘယ်အလို့ငှါလာသနည်းဟုမေးသော်။ ဘုရားသခင်၏စကားတော်ကိုသင်ခြင်းငှါ လာပါသည်ဟုလျှောက်၍။ သင်လော့သာမဏေဟု မထေရ်သည်ခွင့်ပေး၍။ ထိုးသောက်သောနေ့မှစ၍ မြတ်စွာဘုရားစကားတော်ကိုသင်စေ၏။ တိသဿသည်.သာမဏေအဖြစ်ဖြင့် ဝိနည်းပိဋကတ်ကိုထား၍ အလုံးစုံသော မြတ်စွာဘုရားစကားတော်ကို သုံးနှစ်သင်၍ တတ်၏။ အဋ္ဌကထာနှင့်တကွသင်၏။ အသက်နှစ်ဆယ်ပြည့်၍ ပဉ္စင်းခံသောအခါ၌ ကံဝါမျှမရမီ ဒီဃကတ်သုံးပုံကိုဆောင်သည်ဖြစ်၏။ ပဉ္စင်းဖြစ်သောအခါ၌ မောဂ္ဂလိပုဏ္ဏားမ၏ သားဖြစ်သည်ကဲ့သို့၍။ မောဂ္ဂလိပုတ္တတိဿဟူ၍ အမည်ကိုသမုတ်၏။အဂ္ဂဉ်သိဂ္ဂဝ၊အဂ္ဂဉ်စဏ္ဍာဝဇ္ဇိမထေရ်တို့သည်. အဂ္ဂဉ်မောဂ္ဂလိပုတ္တတိဿ မထေရ်၏ နှလုံးတည်းဟူသောလက်၌ အလုံးစုံသော မြတ်စွာဘုရားစကားတော်ကို ထား၍။ အသက်အတိုင်း တည်၍ ပရိနိဗ္ဗာန်စံလေကုန်၏။ အဂ္ဂဉ်မောဂ္ဂလိပုတ္တတိဿမထေရ်သည်လည်းနောက်အဘို့၌ကမ္ဘည်စနိုးကိုပွါးစေ၍၊ရဟန္တာ

အဖြစ်သို့ရောက်၍၊များစွာသောရဟန်းတို့အား၊သုတ်၊အဘိဓမ္မာ၊ဝိနည်း ကိုသင်စေ၏။ ။သာသနာတော်သက္ကရာဇ် ၁၀၄ ခုတွင်ပရိနိဗ္ဗာန်ဖြစ်၏။

၉၅။ စန္ဒဂုတ္တမင်းမှသိရိဓမ္မာသောကမင်းတိုင်၊ပါဠလိ ပုတ်ပြည်ရာဇဝင်အစဉ်အဆက်ကိုပြရာ။

၁၀၆ ခုတွင်စန္ဒဂုတ္တမင်းလွန်၍။ထိုသက္ကရာဇ်တွင်ပင်စန္ဒဂုတ္တမင်း၏ သား၊ဗိန္ဒုသာရမင်း မင်းပြု၏။ ဗိန္ဒုသာရမင်းသည် အဘာစန္ဒဂုတ္တမင်း၏ ပုဏ္ဏားခြောက်သောင်းတို့အား ထမင်းကျွေးသောအစဉ်ကိုမဖျက်မူ၍ ထမင်းကျွေး၏။ ဗိန္ဒုသာရမင်း၏ မိဘုရားကား၊ မောရိယပြည်၌ သက္ကဝင်မင်း၏သမီးတည်း။ဓမ္မာအမည်ရှိ၏။ထိုဗိန္ဒုသာရမင်းကြီးအားတရော့ တယောက်သောသားတို့သည်ဖြစ်ကုန်၏။ထိုသားတို့တွင် အသောကမင်းသားနှင့် တိဿမင်းသားကား ဓမ္မာမိဘုရား၏ သားတည်း။ ထိုနှစ်ယောက်တို့တွင်အကြီးဖြစ်သောအသောကမင်းသားပဋိသန္ဓေနေသောအခါ၌ ဓမ္မာမိဘုရားအား ငါးပါးသောချင်ခြင်းတို့သည်ဖြစ်ကုန်၏။ ငါးပါးတို့ဟူသည်ကား။(၁)နေကိုခြေတဘက်၊လကိုခြေဝဘက်နင်းချင်သည်။ (၂)ကောင်းကင်၌ ကြယ်များကိုစားချင်သည်။ (၃)ကောင်းကင်၌ တိမ်တိုက်တို့ကိုစားချင်သည်။ (၄)မြေကြီး၌ တိကျစ်စာတို့ကို စားချင်သည်။ (၅)သစ်ပင်ဖျား၌ သစ်ရွက် သစ်သီးတို့ကို စားချင်သည်။၍သည်လျှင် ချင်ခြင်းငါးပါးတို့တည်း။၍သို့သောချင်ခြင်းငါးပါးဖြစ်သည်ကို မိဘုရားသည် မင်းကြီးအား ကြားပေ၏။ မင်းကြီးလည်း မိဘုရားအား ချင်ခြင်းကို ငြိမ်းစေပြီး၍။ ချင်ခြင်းငါးပါးကို ဆရာဇရဏာဇိဝကအားကြား၏။ ဇရဏာဇိဝကလည်း ပညာအဆင်အခြင်နှင့်ပြည့်စုံသဖြင့် ထိုအကြောင်းကို နိမိတ်ဘတ်၍ မင်းကြီးအား ၍သို့ကြား၏။ မိဘုရား၌ရှိသော ပဋိသန္ဓေသည် သားယောကျ်ားဘွားလတ္တံ့။ နေကိုခြေတဘက်၊ လကိုခြေတဘက်နင်းချင်သည့်အလိုကား။ ဓမ္မာ။။ဒီပါကျွန်းအလုံးကို အစိုးရသော မင်းဖြစ်လတ္တံ့။ ကြယ်ကို စားချင်သည့် အလိုကား။ တဘသားချင်း မင်းသားညီနောင် အပေါင်းတို့ကို သက်လတ္တံ့။ တိမ်တိုက်တို့ကို စားချင်သည့်အလိုကား။ သာသနာတော်၏ အညစ်အကြေးဖြစ်သောမိစ္ဆာဒိဋ္ဌိအယူကို ပယ်ဖျောက်နိုင်လတ္တံ့။ တိကျစ်စာတို့

ကိုစားချင်သည့်အလိုကား မင်းဖြစ်သောအခါ အောက်ကို တယူဇနာ ထိုင်လတ္တံ့။ သစ်ပင်ဖျားခွ သစ်ရွက် သစ်သီးတို့ကို စားချင်သည့်အလို ကား။ ကောင်းကင်ထက်သို့လည်း တယူဇနာထိုင်လတ္တံ့။ ဤသို့ နိဗိတ် စကားကိုကြားပေ၏။ ထိုစကားကိုမိဘုရားကြားလျှင် ဖွေပေဠိအက္ခရာ ရေး၍ထား၏။ ဆရာဆိုတိုင်း မင်းဖြစ်သောအခါ။ ဆရာဂိုရာဂ္ဂာ၍ ဖွေ ထမ်းစင်ဖြင့်ဆရော့ကိုထမ်းလာစေအံ့။ မျှားစွာသောပူဇော်သက္ကာရကို ပြုအံ့ဟု ဆို၏။ ။သက္ကရာဇ် ၁၀၀ ခုတွင်။ အသောကမင်းသားဆယ် လပဒိုသန္ဓေနေ၍ဘွားဖြစ်၏။ ဘွား၍တလဂိုပြီးသော် အသောကမင်းသား ကို။ ဗိန္ဒုသာရမင်းကြီးသည် တင်ပြင်ထက်၌ တင်ထား၍ အမတ် အ ပေါင်းခြံရံလျက်နေ၏။ထိုရောအခါသတို့သားသည်ခမည်းတော်လက်၌ ဂိုသော ခရုသင်းလက်ျာရစ်ထက် ကျင်ငယ်စွန့်၏။ ခမည်းတော်သည် ခရုသင်း၌ဂိုသောကျင်ငယ်ရည်ကို သတို့သား၏ဦးထိပ်၌သွန်း၏။ ထို အကြောင်းကို ဇရုဏာဇိဝကတက္ကတွန်းဆရာမြင်လျှင်၊ သားတော်ကို ယသုအခါ၌ပင်အဘိသိက်သွန်းသည်မည်၏။မသွတ်လျှင် ဇမ္ဗူဒီပါကျွန်း အလုံးကိုအစိုးရသော မင်း၏ အဘိသိက်ကိုခံလတ္တံ့ဟုဆို၏။ ဇရုဏာ ဇိဝကသည်လည်း ဤမျှသောစကားကိုဆို၍၊ ငါဆိုတိုင်း ဤမင်းသား မင်းဖြစ်သောအခါ ငါ့ဂိုရောဂ္ဂာ၍ ထမ်းစင်ဖြင့် ထမ်းလာလတ်မည်ဟု ပါဠိလိပုတ်မြို့မှ ယူဇနာ တရာခြားသောအရပ်သို့ သွား၍ နေလေ၏။ ဓမ္မာဒိဘုရားလည်း၊နောက်သားတော်တယောက်ဘွားပြန်၏။ထိုသတို့ သားအား တိဿဟူသောအမည်ကိုမှည့်ကုန်၏။ အသောကမင်းသား တဆဲ့ခြောက်နှစ် အရွယ်ဂိုသောအခါ၌ သက္ကရာဇ် ၂၀၃ ခုတွင်။ ဗိန္ဒု သာရမင်းကြီးသည် အသောကမင်းသားအား ဥစ္စေနီပြည်ကိုစားကြေး ပေး၏။အမြင့်မြို့ကိုပင် ဥစ္စေနီဟူ၏။အသောကမင်းသားသည် ဗိဒိစား ရသောမြို့သို့တက်လေသောအခါ၌။ ဘုရားကိုယ်တော် ထင်ရှားဂိုစဉ် ဝိဒူဒူ။ပဘေးကြောင့် ကဝိလဝတ်ပြည်မှထွက်၍ အသက်လွတ်ရာရှာ ကုန်လျက် ပါဠလိပုတ်ပြည်မှ ယူဇနာ ၅၀ ခြားသော၊ အရှေ့အရပ်၊ ဝေဒိယကတောင်ကိုမှီလျက်၊သစ်ခက်မြို့တည်၍ နေကုန်သော သာကီ ဇင်မင်းတို့၏ ဝေဒိယကမြို့သို့ရောက်၍၊ ထိုမြို့၌ ဒေဝသူဌေးအိမ်၌တဲနေ သော်၊ထိုသူဌေးသမီး၊အဲ့သန္ဓိမိတ္တာ၏အဂ်ါကြီးငယ်လက္ခဏာနှင့်ပြည့် စုံခြင်းကို မြင်၍။ ကြည်ညိုလေးမြတ်သဖြင့် မိဘတို့အား ခွင့်တောင်း

လျက်။ ဥစ္စနိုပြည်သို့ဆောင်ယူ၍ မိဘုရားဖြောက်ပြီးလျှင်၊ ဥစ္စနိုပြည်ကို ပိုင်စားမင်းပြု၍ နေ၏။ ထိုဥစ္စနိုသို့ ရောက်သောနှစ်။ သင်္ကာရာဇ် ၂၀၃ ခုတွင်ပင်၊ သားယောကျ်ားဘွားဖြစ်။ မဟိန္ဒဟူသော အမည်ကို မှည့်ဖြစ်။သင်္ကာရာဇ် ၂၀၅ ခုရောက်သောအခါ သမီးသင်္ဃမိတ္တာကိုဘွားဖြစ်။ အသောကမင်းသား ဥစ္စနိုပြည်ကိုမင်းပြု၍ ကိုးနှစ်ဆယ်နှစ်မျှကြာသောအခါ၌။ ခမည်းတော် ဗိန္ဒုသာရမင်း မကျန်းမာကြောင်းကိုကြား၍၊ ဥစ္စနိုမြို့ကိုစွန့်ခဲ့၍။ မိဘုရားသားသမီးတို့နှင့်တကွလာခဲ့သော် ဝေဒိယကမြို့သို့ရောက်၍။မိဘတို့၏အထံ၌သားသမီးတို့နှင့်တကွမိဘုရားကိုထားခဲ့၍၊ လျင်မြန်စွာလာ၍။ ပါဋလိပုတ်ပြည်သို့ ရောက်လျှင် ခမည်းတော်အားလုပ်ကျွေးစောင်မ၏။ ဗိန္ဒုသာရမင်းသည် ထိုအနာမှမထွက်မြောက်နိုင်ဖြစ်၍။ သာသနာတော်သင်္ကာရာဇ် ၂၁၄ ခုတွင်လွန်၏။ ဗိန္ဒုသာရမင်း ၁၀၆ ခုမှစ၍ မင်းပြုသည်။ နန်းထက် ၂၀ နှစ်နေ၍ ၂၁၄ ခုနှစ်တွင်လွန်၏။အသောကမင်းသားသည် အဘလွန်သျှင် လွန်သည့်နှစ် ၂၁၄ ခုနှစ်တွင်မင်းပြု၏။အသောကမင်းသားပါဋလိပုတ်ပြည်ကိုမင်းပြုသည်ကြားလျှင်၊ တမိဘွား၊ နောင်တော်အကြီး သုမနမင်းသားသည်၊ အသောကမင်း၏ ညီရင်း တိသမှတပါး၊ ကိုးကျိပ်ရှစ်ယောက်သော ညီတို့ဖြင့်ခြံရံလျက်။အသောကမင်းကိုစစ်ပြု၏။ အသောကမင်းထွက်၍ တိုက်သော် အောင်၍ နောင်တော်သုမနမင်းကို ဘမ်း၍ သတ်လေ၏။ ထိုသုမနမင်းသားကို ဘမ်းမိ၍ သတ်လေလျှင်၊ ညီတော် ကိုးကျိပ်ရှစ်ယောက်တို့သည် ထွက်ပြေးလေကုန်၏။ ။အသောကမင်းသည် ထိုမင်းပြုသည့်နှစ်မှစ၍၊ ညီရင်းတိသမင်းသားကို ထား၍၊ ညီနောင်မင်းသား ကိုးကျိပ် ကိုးယောက်တို့ကို လိုက်လံ ရှာဘွေ သတ်ဖြတ်လျက် လေးနှစ်တိုင်တိုင်အာဘိသိက်မသွန်းဘဲမင်းပြု၏။ မင်းပြု၍ ငါးနှစ်မြောက်သော်၊ သာသနာတော်သင်္ကာရာဇ် ၂၁၈ နှစ်၊ ဂုဆုန်လတွင်၊ ဇမ္ဗူ။ဒီပါကျွန်းခွဲ ဧကရာဇ်အဖြစ်ဖြင့် အာဘိသိက်သွန်း၏။ ဓမ္မာဝိဘုရား၏သားဖြစ်သည်ကို အကြောင်းပြု၍၊ ဓမ္မာသောကဟူသော အမည်ကိုလည်းခံ၏။ ဇမ္ဗူ။ဒီပါကျွန်းအလုံးကို အစိုးရသောမင်းဖြစ်၏။ မြေအောက်သို့လည်း တယူဇနာတိုင်တိုင်ပိုင်၏။ ကောင်းကင်ထက်သို့လည်း တယူဇနာတိုင်တိုင်ပိုင်၏။ အနဝတတ်အိုင်မှရေတို့ကို ၁၆ ဘုံးသောအိုးတို့၌ ပြည့်စေ၍၊ ရှစ်စင်းသောထမ်းပိုးတို့ဖြင့် နေ့တိုင်းနေ့တိုင်း နတ်တို့သည်ဆောင်ခဲ့

ကုန်၏။ထိုမင်းသည်သာသနာကော်ဠာကြည်ညိုသောအခါ။ထို ၁၆ လုံး သောအိုးတို့မှ နှစ်လုံးသောအိုးတို့ကို ခြောက်သောင်းသော တိဒ္ဓုက ဓရရဟန်းတို့အား လှူ၏။ နှစ်လုံးသောရေအိုးတို့ကို အဂ္ဂမဟာသိ အသဒ္ဓိမိတ္တာအား ပေး၏။ ၅စ်လုံးသောရေအိုးတို့ကို ရဟန်းသံဃာအား လှူ၏။လေးလုံးသောရေအိုးတို့ကိုမိမိသုံးဆောင်၏။ ဟိမဝန္တာဠ္ဝ၌ရှိသော သိမ်မွေ့နူးညံ့သော၊ ကောင်းသော အရသာရှိသော ကောင်းကင်နွယ် ဒန်ပူတို့ကို နတ်တို့သည် နေ့တိုင်း နေ့တိုင်း ဆက်လာကုန်၏။ ထိုဒန်ပူဖြင့်။ မင်းကြီး၊ ပိဘုရား၊ ၁၆၀၀၀ ကုန်သောမောင်းမ။ ၆၀၀၀၀ ကုန်သောရဟန်းတို့အား ဒန်ပူသုံးဆောင်ခြင်း ကိစ္စသည် ပြီး၏။ ဆေးဖြစ်သော ၅ာ၅်ာားသီး၊ သဖန်းခါးသီး တို့ကိုဂင်း။ ဤ အဆင်းနှင့် တူသော ကောင်းသောအနံ့အရသာရှိသော သရက်သီးမျည့်ကိုဂင်း။ နေ့တိုင်းနေ့ တိုင်း နတ်တို့သည် ဆက်လာကုန်၏။ ဆဒ္ဒန်အိုင်မှ ငါးပါးသောအဆင်း ရှိသော အဝတ်အရုံပုဆိုးတို့ကိုဂင်း။ ဤအဆင်းနှင့်တူသောလက်သုတ် ပုဝါကိုဂင်း၊ နတ်ဠ္ဝဖြစ်သောအဖျော်ကိုဂင်း၊ နတ်တို့သည် နေ့တိုင်း နေ့ တိုင်း ဆက်လာကုန်၏။ အထူးထူးသော အနံ့ရှိသော နံ့သာပျော်းကို ဂင်း၊ မင်းကြီး၏အပေါ်ရုံအလိုဠ္ဂါ၊ ချည်ဖြင့်မယက်သော မြတ်လေးပန်း ပုဆိုးကိုဂင်း၊ မြတ်သောဿူတို့သော သုံးဆောင်ထိုက်သော မျက်စည်းကို ဂင်း၊ နဂါးပြည်မှ နဂါးမင်းတို့သည် နေ့တိုင်းနေ့တိုင်း ဆက်လာကုန်၏။ ဆဒ္ဒန်အိုင်ဠ္ဌအလိုလိုပေါက်ရောက်သောသလေးစပါးတို့ကို ကျေးသား တို့သည် နေ့တိုင်းနေ့တိုင်း ဝါဟာကိုးထောင်အတိုင်းအရှည်ဖြင့် ဆက် လာကုန်၏။ အတင်းလေးဆယ် လှည်းနှစ်စီးဝန်သည် တဝါဟာမည်၏။ ထဝါဟသည် အတင်းလေးဆယ်ရှိ၏။ တနေ့လျှင်ရေဝံလာသည့်စပါး တင်းပေါင်း ၃၆၀၀၀၀ ရှိ၏။ ထိုစပါးတို့ကို ကြွက်တို့သည် အနွံ့မရှိ သည်ကိုမြွေရကုန်၏။ မင်းမိဘုရားတို့သည် ဤအစာကိုသာ သုံးဆောင် ကုန်၏။ယင်ပျားတို့သည် နှန်းတော်ပတ်လည်ထက်ဝန်းကျင်ဠ္ဌပျားအုံတို့ ကိုပြုလာရကုန်၏။ပန်းပဲဇိဠ္ဌ ဝံတို့သည် တူခတ်လာရကုန်၏။ကာရဝိက် ဠကုံတို့သည် နေ့တိုင်းနေ့တိုင်းလာ၍ သာယာစွာသောအသံဖြင့် ကျူးရင့် တွန်မြည်ကုန်လျက် မင်းကြီးအား အနွန်ဆက်လာရကုန်၏။ ဤမျှ သောတန်ခိုးနှင့်ပြည့်စုံခြင်းသည် အဘိသိက်သွန်းသောအခါမှစ၍ ဖြစ် သတည်း။ ။

ဓမ္မာသောကမင်းသည် ဤသို့ဆိုအပ်ပြီးသောအခြင်းအရာဖြင့် ဘုန်းတန်းခိုးကြီးသော အခါ၌။ ငါ့ကို ဤသို့ ဖြစ်လတ္တံ့. ဟူ၍ နိမိတ်ထြဘာထင်ဖြင့်၍ ကြားဆိုဘူးသောသူရှိသလောဟု အဓိကို မေးသော်။ ဇရာဇိဝကအမည်ရှိသော အဝတ်မဝတ်သော တက္ကတွန်းဆရာဆိုဘူးဏ်ဟု ရေးမှတ်၍ထားသော ရွှေပေစာကို ပြပေ၏။ မင်းကြီးလည်း ထိုရွှေပေ၌စာကိုဖြင်လျှင်။ ဤသို့ ကောင်းသော နိမိတ်ကိုဆိုသောသူအားပူဇော်သက္ကာရပြုအံ့ဟု ရွှေထမ်းစင်ဖြင့် ဇရာဇိဝကရှိရာရှာ၍ ထမ်းစေ၏။ ဇရာဇိဝကသည် ရွှေထမ်းစင်စိုး၍လာသော် ခရီးအကြား၌။ အရှင်အသဂုတ္တရဟန္တာ၏ ကျောင်းသို့ ရောက်လေသောအခါ၌၊ ရေသောက်လိုသဖြင့်ထမ်းစင်မှသက်၍ ကျောင်းတွင်းသို့ဝင်၍ တရေသောအစွန်၌ခြေနေလေ၏။ ထိုအခါအရှင်အသဂုတ္တသည် ဤဇရာဇိဝကသည် အရှက်အကြောင့်၌တည်၏ဟု သိ၍ ရေသနုပ်တော်ကို ကမ်း၏။ ဇရာလည်း ရေသနုပ်တော်ကို လှမ်းယူဝတ်ဆင်၍၊ အရှင်ကောင်း၏အနီးသို့ကပ်၍ အကျွန်ုပ်ကိုရဟန်းပြုပါဟု တောင်းပန်၏။ အရှင်ရဟန္တာလည်း ဇရာကို သာမဏေရဟန်းပြု၍ ဒုတိ်သာကာရကမ္မဋ္ဌာန်းကို ပေးတော်မူ၏။ ဇရာသည် စိုးဖြန်း၍ ရဟန္တာဖြစ်လေ၏။ ရဟန္တာဖြစ်သျှင် မင်း၏ ပူဇော်သက္ကာရကို မငဲ့မူ၍ အရှင်အသဂုတ္တ၏အထံ၌ နေလေ၏။ မင်းကစေလိုက်သောသူလေးယောက်တို့သည် ထမ်းစင်ချည်းဖြင့်ပြန်၍ မင်းကြီးအားကြားလျှောက်ရုံလေသတည်း။ ။

၉၆။ သိရိဓမ္မာသောကမင်းကြီးသည်၊တူတော်
နိဂြောဓသာမဏေကာကိုအမှီပြု၍။သာသနာတော်၌မနစ်မဆုတ်သော
သဒ္ဓါကြည်ညိုခြင်းဖြင့်သင်္ဃကြည်ညိုသည်ကိုပြရာ။

ထိုဓမ္မာသောကမင်းကြီးသည်၊ အဘဒိန္နသာရမင်းကြီး အလှူပေး
သောအစဉ်ဖြင့် ၆၀၀၀၀ ကုန်သောပုဏ္ဏားတို့အား နေ့တိုင်း နေ့တိုင်း
ထမင်းကျွေး၏။ထိုပုဏ္ဏားတို့၏စကားကိုယူ၍ အဘိသိက်ခံသည်မှစ၍။
သုံးနှစ်ပတ်လုံး မိန္ဆာဒီဋ္ဌိအယူကိုယူ၏။ အဘိသိက်ခံသည့်နှစ်မှ နောက်
လေးနှစ်မြောက်။ သာသနာတော်သက်တော်ရောဂ် ၂၁၀ နှစ်တိုင်ရောက်သော
အခါမှလျှင်။ မြတ်စွာဘုရားသာသနာတော်၌၊ သဒ္ဓါရှင်ရှင်၊ သင်္ဃာ
ကြည်ညိုခြင်းဖြစ်၏။ ထိုဓမ္မာသောကမင်းကြီးသည် ခမည်းတော် ဗိန္ဒု
သာရမင်း ပုဏ္ဏားတို့ကို လုပ်ကျွေးသောအစဉ်ဖြင့် ပုဏ္ဏားတို့အားထင်း၊
ပုဏ္ဏားမျိုး ဖြစ်ကုန်သော ပါသဏ္ဍ အယူရှိသော အဝတ်ဖြူ ဝတ်ကုန်
သော ပရိဗိုဇ်အစရှိကုန်သော ၆၀၀၀၀ သော တိတ္ထိတို့အားထင်း၊ နှန်း
တွင်း၌ နေ့တိုင်းနေ့တိုင်း အလှူပေးသည် ရှိသော်။ တနေ့သ၌ ခြင်္သေ့ခံ
သော လေသာတံခါး၌ရပ်လျက် ရှုကြည့်နေစဉ်၊ ကိုယ်စိတ်တို့၏ ငြိမ
သက်ခြင်းမရှိ၊ မျက်စိအစရှိသော မငြိမ်သက်သော ဇာန်ဈာန်ရှိကြသဖြင့်
မဆုံးမအပ်သော ထိုင်ခြင်းရပ်ခြင်းအစရှိသော ဣရိယာပုထ်နှင့်ပြည့်၍
ထမင်းစားကြကုန်သော တိတ္ထိတို့ကိုမြင်၍။ ဤသို့လျှင်၊ စိရင်ဘန်တီး၊
ကြီးစွာသော အလှူအတန်းကို၊ စူးစမ်းဆင်ခြင်၊ ဉာဏ်လျှင် ရှေ့ပြေး၊
ထောက်တွေးမြော်ချင့်၊ သင့်တင့်လျောက်ပတ်သော အရပ်၌ ပေးခြင်း
ဌါသင့်၏ဟုကြံလျက်။ အိုအမတ်တို့၊လာကုန်လော့၊ သင်တို့သည် မိမိ
တို့အမြင်၊ သူတော်စင် သူတော်ကောင်းဟူ၍ သမုတ်စွဲလမ်းအပ်သော
မြတ်သောဇရပ်နှံပုဏ္ဏား ဂိုဏ်းသားအသင်းတို့ကို နှန်းတွင်းသို့ဆောင်
ခဲ့ကုန်။ ကြည်ယုံမြတ်လေး၊ ငါအလှူပေးအံ့ဟူ၍ဆို၏။ အမတ်တို့သည်
ကောင်းပြီအရှင်မင်းကြီးဟု ဝန်ခံ၍။ ထိုထိုသို့သော အဝတ်ဖြူဝတ်သော
ပရိဗိုဇ်။ အဝတ်မဝတ်သော့အာဇီဝက၊နိဂဏ္ဌတဂ္ဂတွန်း အစရှိသော
သုံတို့ကိုဆောင်ခဲ့ကုန်၍၊ မြတ်သောမင်းကြီး၊ ဤသူတို့သည် အကျွန်ုပ်
တို့၏ရဟန္တာတည်းဟုဆိုကုန်၏။ ထိုစောအခါ မင်းကြီးသည်၊ ဤနှန်း
တွင်း၌ အမြတ်အယုတ်ဖြစ်သောနေရာတို့ကို မင်း၍။ ထိုရဟန္တာတို့ကို

လာစေကုန်ဟု ဆို၍ လာတိုင်း လာတိုင်းသော သူတို့ကို သင်တို့အား ငါလျောက်ပတ်သောနေရာ၌ နေလေကုန်ဟု ဆိုတော်မူ၏။ ထိုသူတို့တွင် အချို့သောသူတို့သည် ထမင်းစားသောအင်းပျဉ်ငယ်၌နေကုန်၏။အချို့သောသူတို့သည် အင်းပျဉ်ကြီးတို့၌ နေကုန်၏။ ထိုသို့နေသည်ကို မြင်တော်မူသည့် အင်းပျဉ်ကြီးတို့၏ကိုယ်တွင်း၌၊အင့်ငးအနှစ်မရှိဟု၊သိလျက်ပင်မူ၊ ထိုသူတို့အား၊ လေးစားပြော်တော်၊ ဘော်သင့်ရုံ ဆုံးဖြတ်၍၊ လျောက်ပတ်သော ခဲတွယ်ဘောဇဉ်တို့ကို ပေး၍ လွှတ်လိုက်၏။ ။ဤသို့အားဖြင့် ကာလလွန်သည်ရှိသော်။တနေ့သောနေ့၌ မင်းကြီးသည် ခြံသို့ခံသောလေသာတံခါး၌ ရပ်လျက်ကြည့်စဉ်။ မင်းယင်ပြင်ဖြင့်သွားသော၊ ယဉ်ကျေးပြိန်သက်သော၊ စောင့်ရှောက်အပ်သောဇာတိရှိသော၊ ကွေးခြင်းဆန့်ခြင်းအစရှိသော ဇာရိယာပုထ်နှင့် ပြည့်စုံသော နိဂြောဓသာမဏေကို မြင်လေ၏။ မြင်သည်နှင့်တကွလျှင်၊ထိုသာမဏေအား ပြင်းစွာသော ချစ်ခြင်းသည်ဖြစ်၏။နိဂြောဓသာမဏေဟူသည် အံ့ဘယ်သူသားရဲညီးဟူတုံအံ့။ ဗိန္ဓုသာရမင်း၏သား၊ တရုတ်တယောက်တို့တွင်။ အကြီးဆုံးဖြစ်သော သုမနမင်းသား၏ သားတည်း။ ။ထိုနိဂြောဓသာမဏော၏ စကားအစဉ်ကား။ ဗိန္ဓုသာရမင်း အားနည်းသောအခါ၌။ အသောကမင်းသားသည် ဒိဗိစားယောဥ္စနီပြည်ကိုစွန့်၍၊ အဆောတလျင်လာ၍၊ ပါဋလိပုတ်ပြည်ကိုလက်ရောက်ပြု၍၊သုမနမင်းသားကိုဘဝ်း၏။ ထို နေ့၌ သုမနမင်းသား၏ မိဘုရား သုမနဒေဝီသည်၊ ရင့်သောကိုယ်ဝန်ရှိသည်ဖြစ်၍၊ ကိုယ်ဝန်ကိုဂုဏ်း၊ အသက်ကိုဂုဏ်းစောင့်လိုသဖြင့်၊ မထင်ရှားသော အသွင်ဖြင့် ထွက်၍ မြို့အရှေ့ မနီးမဝေးသော အရပ်၌ ဧနိန်းစတ္တားရှာသို့ သွားလေရာ။ ဧနိန်းစတ္တားအကြီး ဘိမ်မှ မနီးမဝေးဖဲသော အရပ်၌ ပဉ္စောင်ပင်ကြီးသို့ ရောက်လေလျှင်။ ပဉ္စောင်ပင်စောင့်နတ်သည် သုမနဒေဝီကို ဤသို့လာလတ္တံ့ဟုခေါ်၍၊ ပဉ္စောင်ဗောင်ရင်းသို့ချဉ်းလေသော်၊ နတ်တို့၏အာနုဘော်ဖြင့် စရပ်တရာဘန်ဆင်း၍၊ ဤစရပ်၌ နေလေ့ဟု ပေးသဖြင့်။ စရပ်တွင်းသို့ဝင်၍ သုမနဒေဝီသည်နေလေ၏။ ထိုနေ့၌ပင်သတို့ဖသားကိုဘွားလေ၏။ပဉ္စောင်ပင်စောင့်နတ်လည်းသိမ်းဆည်းသောကြောင့်၊သုမနဒေဝီသည် ထိုသူငယ်အားနိဂြောဓဟူသော အမည်ကို မှည့်၏။ ဧနိန်းစတ္တား အကြီးသည်လည်း သုမနဒေဝီကို မြင်သောအခါမှစ၍၊ မိမိဒေရှင့်လမီးဟူသောအမှတ်ဖြင့် အမြဲငါးဝတ်ကြီး

ဝတ်ငယ်ပြု၏။မင်းသမိုးသည် ကိုစရပ်၌ ချနစ်နှစ်ပတ်လုံးနေ၏။ထိုအခါ မဟာဝရဏ မည်သော ရဟန္တာသည် ထိုနိဂြောဓ သတို့သား၏ မင်္ဂလိ၏ ဥပနိဿယနှင့်ပြည့်စုံခြင်းကို မြင်၍ ထိုအရပ်၌ပင် စောင့်၍နေလေ၏။ သတို့သားသည် ချနစ်နှစ်ရှိပြီးသော်။ ယခုအခါ၌ သတို့သားကို ရဟန်းပြုချိန်တန်ပြီဟု မှတ်၍၊ မင်းသမိုးအား ကြားစေ၍ ရဟန်းပြု၏။ သတို့သားအားတစပဉ္စကကမ္မဋ္ဌာန်းကိုပေး၍ ခေါင်းရိတ်သောအဆုံး၌ ရဟန္တာဖြစ်လေ၏။ အရှင်မဟာဝရဏ၏ ဂုဏ်ကျေးဇူးကား၊ ပါဠိုလိပုတ်မြို၏ တောင်အရပ်မျက်နှာ၌ ဖြစ်သတည်း။ ထိုနိဂြောဓသာမဏေသည် တနေ့သ၌ နံနက်ကလျင်ကိုယ်လက်သုတ်သင်ခြင်းကိုပြု၍။ ဆရာအား ဝတ်ကြီးဝတ်ငယ်ကိုပြု၍၊ သဒိတ်သက်နှံးကိုယူ၍၊ အဝီ၏အိမ်သို့သွားအံ့ဟု မြို၏တောင်တံခါးဖြင့်ဝင်၍၊အရှေ့တံခါးဖြင့်သက်အံ့ဟု နှုန်းတော်၏အရှေ့ နှုန်းယင်ပြင်ဖြင့်သွား၏။ ထိုအံခါ ဓမ္မာသောကမင်းကြီးသည် အရှေ့မျက်နှာသို့ ရှေးရှုပြုလျက် ခြေသွေ့ခံသော လေသာတံခါးဦးစကြီသွား၍ နေစဉ် ဖြစ်သဖြင့်။ နှုန်းယင်ပြင်သို့ ရောက်လာသော။ ငြိမ်သက်သောဇာန်ဓိရှိသည်ဖြစ်၍၊ ငြိမ်သက်သောနှလုံးရှိသည် ဖြစ်လျက်၊ ရထားထမ်းဗိုးတပြုန်မျှ ကြည့်လျက် သွားသော နိဂြောဓသာမဏေကို မြင်လေသတည်း။ ထိုသို့မြင်ပြီး၍ ဤသို့ကြံ၏။ အလုံးစုံကုန်သော ဤလူများအပေါင်းသည် ပျုံလွှင့်သော စိတ်ရှိ၏။ တုန်လှုပ်သော သဘောနှင့်တူသောအကျိုရှိ၏။ ဤသတို့သားသည်ကား ပျုံလွှင့်သောစိတ်မရှိ။ အလွန်လျင် ဤသတို့သား၏ တုရုတ်ကြည့်ခြင်း၊ တစောင်းကြည့်ခြင်း၊ ကွေးခြင်း၊ ဆန့်ခြင်းသည်တင့်တယ်၏။ မသွတ်လျင် ဤသတို့သားငယ်၏ကိုယ်တွင်းဌာန၌ ဇလာကုတ္တရာတရားရှိသည်ဖြစ်လတ္တံ့ဟု အကြံဖြစ်၍၊ သာမဏေကို မြင်ခြင်းနှင့်တကွလျင်။ မင်းကြီးသည် စိတ်ဒုက္ခသည်ဟု၏။ ချစ်ခြင်းသည် ပြင်းစွာ တည်၏။ အဘယ်ကြောင့်ကား မြင်ကာမျှဖြင့် ချစ်ခြင်းပြင်းစွာဖြစ်လေသနည်းဟူမူကား။ ရှေးကောင်းမှုပြုသော အခါ ညီးနှောင်ဖြစ်ဘူးသောကြောင့်တည်း။ ။ဖြစ်ကြောင်းကား။ ဓမ္မာသောကမင်း၊ သိပ္ပိဋ္ဌကျွန်းဌ ဇဒဝါနံပိယတိဿမင်း၊ နိဂြောဓသာမဏော၊ ဤသုံးယောက်တို့သည် ရှေးအခါ၊ ဗာရာဏသီပြည်ဌပျားကုန်သည်အမျိုးညီနှောင်တဝမ်းပေါက်ဖြစ်၍။ ပျားကုန်သွယ်သောအမှုကိုပြုကုန်၏။ထိုအခါ အရှင်ပစ္စေကဗုဒ္ဓါတဦး ကိုယ်မကျန်းရှိ၍။အရှင်ပစ္စေကဗုဒ္ဓါတဦးသည် အစ်ကိုယ်

အကြီးနှစ်ယောက် တောသို့သွားခိုက်ထွင် ပျားအလှူခံလာ၏။ ဓမ္မာသောကမင်းကြီး၏အလောင်း ညီအငယ်သည်။ အရှင်ပစ္စေကဗုဒ္ဓါအား ပျားရည်တသိတ် အပြည့်အလျှံယိုစီးဘိတ်အောင်လှူ၍။ အရှင်ဘုရား၊ ဤကောင်းမှုကြောင့် တကျွန်းလုံးကိုအစိုးရသောမင်းသည် ဖြစ်ရပါလို၏။ အထက်သို့ တယူဇနာ၊အောက်သို့ တယူဇနာပိုင်ရလို၏ဟု ဆုတောင်း၏၊ ရှင်ပစ္စေကဗုဒ္ဓါလည်း၊ ဒါယကာ၊ တောင်းသည့်ဆုအတိုင်းပြည့်စေသောဟု အနုမောဒနာပြု၍လာခဲ့သော်၊ အသွားက ပျားကုန်သည်အိမ် ဤသည်တွင်ဟုညွှန်လိုက်သောသတို့သမီးငယ်နှင့်တွေ့ပြန်၍။ သပိတ်မှ ပျားရည်လျှံ၍ ဘိတ်သည်ကို သုတ်သင်စိမ့်သောဌါ ပုဆိုးကဘက်ကို လှူ၍၊ ပျားကုန်သူည် အဘယ်သို့ဆုတောင်းသနည်းဟုမေး၍၊ ဓမ္မ။။ဒီပါကျွန်းကိုအစိုးရသောမင်းဖြစ်လို၏ဟု ဆုတောင်း၏ကြားလျှင်၊ အကျွန်ုပ်သည်လည်း ဤပုဆိုး လှူရသောကြောင့် ပျားကုန်သည် မင်းဖြစ်သော အခါ ထိုမင်း၏မိဘုရားဖြစ်ရလို၏ဟု ဆုတောင်းလေ၏။ ပစ္စေကဗုဒ္ဓါဘုရားလည်း တောင်းသည့်ဆုအတိုင်း ပြည့်စေသောဟု အနုမောဒနာခေါ်၍ကြွတော်မူလေ၏။ပျားကုန်သည်ညီငယ်လည်း ရောက်လာသော အစ်ကိုယ်တို့အား အကြောင်းကို ကြားလေသော်၊ မောင်မင်းလှူလိုက်သော ပစ္စေကဗုဒ္ဓါသည် ဒွန်းစဏ္ဍား ဖြစ်ပေလလတ္တံ့ဟု အစ်ကိုယ်တိုယောက်ဆို၏။ တယောက်လည်း ပစ္စေကဗုဒ္ဓါကို သမုဒ္ဒါတဘက်သို့ မပစ်လိုက်ရလေဟု ဆို၏။ ညီငယ်လည်း အလှူ၏အကျိုးကြီးသောအဖြစ်ကို အစ်ကိုယ်တို့အားပြောဆို၍ ကြည်ညိုစေ၏။ ဒွန်းစဏ္ဍားဖြစ်လေလတ္တံ့ဆိုမိသော အစ်ကိုယ်အကြီးသည် နိဂြောဓသာမဏေဖြစ်လာ၏။ သမုဒ္ဒါတဘက်သို့မပစ်လိုက်ရဆိုသောအစ်ကိုယ်လတ်သည် သိဟိုဠ်ကျွန်းဒွီ ဒေဝါနုံပိယတိဿမင်း ဖြစ်လာ၏။ ပျားလှူသော ညီငယ်ကား၊ ဓမ္မာသောကမင်း ဖြစ်လာ၏။ တဘက်လှူသောသတို့သမီးငယ်ကား အသန္ဓိမိတ္တာဘုရားဖြစ်လာ၏။ ဤသို့လျှင် ရှေးဒွီအတူဘကွေနှဘူးသော ကြောင့် မြင်ကာမျှဒွီသာလျှင် သာမဏေဒွီ မင်းကြီးအား ပြင်းစွာသော ချစ်ခြင်းသည် ဖြစ်သတည်း။ ဤသို့ ချစ်ခြင်းပြင်းစွဲဖြစ်သဖြင့် ဒဓမတ်တယောက်ကို စေ၍ပင့်ရလေ၏။ ထိုသို့ပင့်လေသော်အုမတ်တယောက်သည်ကြာနီးသဖြင့်တယောက်ထပ်ဆင့်ပြန်၏။နောက်လည်းတယောက်ထပ်ဆင့်ပင့်ပြန်ရ၏။သဒ္ဓမဇဏလည်း ပကတိကြွမြသောသဏ္ဌာဖြင့်

ကြွ၍ ပြာဿဒဓထက်သို့ တက်လေသော် မင်းကြီးသည် လျှောက်ပတ်သောနေရာကိုကြည့်၍နေလော့ဟုဆိုသဖြင့်။ ငါမှတစ်ခြား ရဟန်းတပါးရှိသလောဟု ထိုမျှမျှမှ သာမဏေကြည့်သော် မဖြင်၍၊ ဆောက်အပ်သောထီးဖြူရှိသောရာဇပလ္လင်သို့ကပ်လေ၍ သပိတ်ကိုလှမ်းစိမ့်သော်ငါ့အခြင်းအရာကို မင်းကြီးအားပြုပေ၏။မင်းကြီးသည် သပိတ်ကိုလှမ်း၍ ပလ္လင်သို့တက်သော သာမဏေကို မြင်၍။ ယခုအခါ ယနေ့ဤသာလျှင် ဤသာမဏေသည် ဤမင်းအိမ်၏အရှင်ဖြစ်လတ္တံ့ဟု ကြံ၏။ သာမဏေသည် ပလ္လင်ထက်သို့တက်၍နေ၏။မင်းကြီးသည် မိမိအလိုငါပြည့်စုံစေအပ်သော အလုံးစုံသောယာဂုခဲဘွယ် ထမင်းအထူးထူးကို သာမဏေအားကပ်လှူ၏။သာမဏေသည်မိမိအားမျှလောက်ရုံသော့ယာဂုခဲဘွယ်ကိုအလှူခံ၍ဘုဉ်းပေးပြီးသော်။ မင်းကြီးသည်သာမဏေကိုလျှောက်၏။ အရှင်ဘုရားတို့ဆရာသည် ပေးအပ်သော အဆုံးအမကို ရှင်ပင်ဘုရားတို့သည် သိပါကုန်၏လောဟုလျှောက်၏။ မြတ်သောမင်းကြီး၊တစိတ်တဒေသအားဖြင့်သိ၏ဟု နိဂြောဓသာမဏေမိန့်၏။ ချစ်သား၊ အကျွန်ုပ်အားလည်း ပေါဓေဝ်မူပါဟု မင်းကြီးလျှောက်သော်၊ကောင်းပြီမြတ်သောမင်းကြီးဟုဝန်ခံ၍။ မင်းကြီးသည် လေးနှစ်ပတ်လုံး၊ညီနောင်သားချင်းကိုးကျိပ်ကိုးယောက်တို့ကိုသတ်သဖြင့် ကုသိုလ်ဓမ္မ၌ မေ့လျော့၏။ ကုသိုလ်တရား၌မမေ့မလျော့ကျင့်စဉ်ဝေလာငါအပ္ပမာဒတရားကိုပေါခြင်းငှါလျှောက်ပတ်၏ဟုကြံ၍။ ။အပ္ပမာဒေါအမတံပဒံ၊ပမာဒေါမစ္စုနော ပဒံ။ အပ္ပမတ္တာ နမိယန္တိ၊ယေ ပမတ္တာ မတာယထာ။ ။ဟူသောတရားကို ပေါ၏၊ ။မဟာရာဇ၊ မြတ်သောမင်းကြီး။ အပ္ပမာဒေါ၊ ကုသိုလ်ကောင်းမှု၌ မမေ့မလျော့ကျင့်သောသူသည်။ အမတံ၊သေခြင်းမရှိသော။ ပဒံ၊ နိဗ္ဗာန်သို့ ရောက်အံ့သော အကြောင်းတည်း။ ပမာဒေါ၊ ကုသိုလ်ကောင်းမှု၌ မေ့လျော့သောသူသည်။ မစ္စု၊ နော၊ သေခြင်း၏။ပဒံ၊ အကြောင်းတည်း။ အပ္ပမတ္တာ၊ကုသိုလ်ကောင်းမှု၌မမေ့မလျော့ပြုသောသူတို့သည်။ နမိယန္တိ၊သေရသည်မမည့်ကုန်။ ယေ၊အကြင်လူတို့သည်။ ပမတ္တာ၊ ကုသိုလ်ကောင်းမှု၌ မေ့လျော့ကုန်၏။ တေ၊ ထိုသူတို့သည်။ ဧတာ ယထာ၊ သေသောသူတို့ကဲ့သို့တည်း။ ။ဤတရားတော်၌ ဤနှစ်ပါဒဂေါပြီးလျှင်။ မင်းကြီးသည် ချစ်သား၊ အကျွန်ုပ်သိအပ်ပြီ။ ဆုံးစေလော့ဟု လျှောက်၏။ တရားဟောတော်မူသော အဆုံး၌။ ချစ်သား၊

ရှစ်လုံးသောဆွမ်းကျက်ဝတ်တို့ကို အကျွန်ုပ်သည် သင့်အားလှူပါ၏ဟု လျောက်၏။ မြတ်သောမင်းကြီး၊ ဤရှစ်လုံးသောဆွမ်းဝတ်တို့ကဲ့သို့ပါသည် ဥပစ္ဆာယ်အားလှူ၏ဟုသာမက်ဏာဆို၏။ ချစ်သား၊ ဥပစ္ဆာယ်ဟူသည် အဘယ်သူနည်းဟု မေးလျောက်သဖြင့်။ မြတ်သောမင်းကြီး၊ ဥပစ္ဆာယ်ဟူသည်ကား အပြစ်ကြီးငယ်ကိုမြင်၍ဆုံးမပေကတ်သောဆရာတည်းဟုသာမက်ဏာဆို၏။ ချစ်သား၊ တပါးကုန်သောဆွမ်းကျက်ဝတ်ရှစ်လုံးတို့ကို သင့်အားလှူပြုနိုပါ၏ဟုမင်းကြီးလျောက်၏။ မြတ်သောမင်းကြီး၊ ဤဆွမ်းဝတ်ရှစ်လုံးတို့ကိုလည်း ဆရာ့အား ငါလှူ၏ဟု ဆို၏သတ်။ ချစ်သား၊ဆရာဟူသည် အဘယ်သူနည်းဟုမေးပြန်၍။ မြတ်သောမင်းကြီး၊ ဆရာ ဟူသည်ကား ဤသာသနာတော်၌ ကျင့်အပ်သော တရားတို့၌ တည်ဆောတတ်သော သူတည်းဟု သာမက်ဏော ဆို၏။ ချစ်သား၊ တပါးလည်းဖြစ်ကုန်သော ရှစ်လုံးသောဆွမ်းကျက်ဒိုးတို့ကို သင့်အား လှူပါ၏ဟု မင်းကြီးလျောက်ပြန်သတ်။ မြတ်သောမင်းကြီး၊ ဤရှစ်လုံးသော ဆွမ်းဒိုးတို့ကို ရဟန်း သံဃာအား လှူ၏ဟု သာမက်ဏော ဆို၏သတ်။ ချစ်သား၊ ရဟန်းသံဃာဟူသည် အဘယ်သူပေနည်းဟု မင်းကြီးမေးပြန်သဖြင့်။ မြတ်သော မင်းကြီး၊ အကြင်သူကို အမှီပြု၍ ငါ၏ဆရာ ဥပစ္ဆာယ်တို့ အားထင်း၊ငါ့အားထင်း၊ ပဗ္ဗဇ္ဇာကံ၊ဥပသမ္ပဒကံသာညီဖြစ်၏။ ထိုသူတို့သည် ရဟန်းသံဃာမည်၏ဟု ဆို၏သတ်။ မင်းကြီးသည် အတိုင်းထက်အလွန် ကြည်ညိုး၍၊ ချစ်သား၊ တပါးလည်းဖြစ်ကုန်သော ဆွမ်းကျက်ဒိုးတို့ကို သင့်အားလှူ၏ဟုလှူပြန်၏။ ဤသို့သာမက်ဏောရှင်နိုင်ငြားဓသည် တနေ့ခြင်းဖြင့် မင်းကြီးဓမ္မာသောကအထံမှ သုံးဆဲ့နှစ်လုံးသောဆွမ်းကျက်ဒိုးတို့ကိုရ၍၊ တဓိုးသောက်သောနေ့၌ သုံးကျိပ်နှစ်ပါးသောရဟန်းတို့ကိုယူ၍မင်းနန်းတော်သို့ဝင်၍။ဆွမ်းစားခြင်းကိစ္စကိုကိုပြု၏။ ချစ်သား၊တပါးလည်းဖြစ်ကုန်သော သုံးကျိပ်နှစ်ပါးသောရဟန်းတို့သည် အရှင်ဘုရားတို့နှင့်အတူတကွ နက်ဖြန်နေ့၌ အကျွန်ုပ်၏ဆွမ်းကို ခံစေကုန်သတည်းဟုမင်းကြီးလျောက်၏။ ဤသို့သောနည်းဖြင့် နေ့တိုင်းနေ့တိုင်း၊ ထမံးပိုး ထမံးပိုးသောရဟန်းသံဃာကိုပွါးစေလျက်။ ခြောက်သောင်းကုန်သော ပုဏ္ဏားပရိဗိုဇ်စသော သူတို့အား ထမင်းကျွေးမြဲသော ဝတ်ကို ဖြတ်၍ မင်းကြီးဓမ္မာသောကနန်းတွင်း၌၊ ခြောက်သောင်းကုန်သော ရဟန်းတို့အား အမြဲဆွမ်းကျွေးဝတ်ကိုဖြစီစေ၏။ နိဂြောဓသာမက်ဏော၌ဖြစ်သော

ကြည်ညိုခြင်းဖြင့် ၎ကျွးသတည်း။ နိဂြောဓမဏေထေရ်သည် ပရိသတ်နှင့်တကွ မင်းကြီးကို သရဏဂုံသုံးပါးတို်ဆ်ဦးဒုင်း၊ ပဉ္စသိက္ခာတင်းတို်ဆ်ဦးဒုင်းတည်စေ၍။ဘုရားရှင်သာသနာ၀တ်ဦးပုထုဇဉ်ဦးဖြစ်၀ေသာကြည်ညိုခြင်းဖြင့်မတုန်မလှုပ်ကြည်ညိုခြင်းကိုဖြစ်စေ၏။ ။

၉၇။ သိရိဓမ္မာသောကမင်းကြီးသည်ကာလနုဂါးမင်း ဖန်ဆင်း၍ပြအပ်သောမြတ်စွာဘုရားရုပ်ပုံတော်ကိုခုနစ်ရက် ပတ်လုံးမျက်စိဖြင့်ပူဇော်သည်ကိုပြရာ။

ဓမ္မာသောကမင်းကြီးသည် အဘိသိက်သွင်းခြင်းသို့ရောက်ပြီး၍သုံးနှစ်ပတ်လုံးမိစ္ဆာဒိဋ္ဌိအယူကိုယူ၏။ အဘိသိက်သွန်း၍ လေးနှစ်မြောက်၌ နိဂြောဓသာမဏေကို အဓိပ္ပါ၍ ဘုရားသာသနာတော်၌ ကြည်ညို၏။ သာသနာတော်၌ ကြည်ညိုပြီးသော်၊ မင်းကြီးသည် ဘုရားမြတ်စွာကို ကြားကာသာလျှင်၊ မမြင်ရသည်ဖြစ်၍၊ ဖူးမြင်လိုသော စိတ်ရှိသဖြင့်၊ တနေ့သ၌ ရွှေသံခြေကျဉ်းအမှဲကိုစေ၍၊ ကကုသန်၊ကောဏဂုံ၊ကဿပ၊ ၀ေါတမ၊ ဘုရားလေးဆူတို့၏ အရုပ်တော်ကို မြင်ဘူးလိုက်သော၊ တကယ်ပတ်လုံးအသက်ရှည်သော၊ မြေကြီး၊အောက်တယူဇနာအရပ်၌ တည်သော၊ နဂါးပြည်ကိုအစိုးရသော ကာလနဂါးမင်းကိုဆောင်ချေစေ၍၊ထီးဖြူဆောက်အပ်သောရာဇပလ္လင်ထက်နေစေ၍။ရေ၌ဖြစ်သော ပန်း၊ ကြည်းဒ်ဖြစ်သောပန်း၊ ရွှေပန်း၌ငွေပန်းတို့ဖြင့် ပူဇော်ခြင်းကိုပြု၍၊ ခပ်သိမ်းသော တန်ဆာတို့ဖြင့် တန်ဆာဆင်အပ်ကုန်သော၊ ၁၆၀၀၀ ကုန်သော မောင်းမကဆွေသည်တို့ဖြင့် ခြံရံ၍။ အဆုံးမရှိသောဥာဏ်တော်ရှိသော မြတ်သောဓမ္မစကြာတရားကို ဟောတော်မူတတ်သော မြတ်စွာဘုရား၏ အရုပ်၄တော်ကို ဤမျက်စိအပေါင်း သုံးသောင်း နှစ်ထောင် နှစ်လုံးတို့အား ထင်ခြင်းကို ပြုလေ့ဟုဆို၍။ ထိုကာလနဂါးမင်းသည် ဖန်ဆင်းအပ်သော၊ အလုံးစုံသောကိုယ်တော်၌ ဖရိုဖရဲကြဿကဲ့သို့ ပြယ်းသော ရှစ်ဆယ်သောလက္ခဏာတော်ငယ်တို့ဖြင့် တန်ဆာဆင်အပ်သော၊ သုံးဆဲနှစ်ပါးသော ဃောက်ျားမြတ်တို့၏ လက္ခဏာတော်အသရေ၏တင့်တယ်ခြင်းတို့ဖြင့်။ ပွင့်သစ်စဖြစ်သော ကြာပဒုမာ၊ ကြာပုဏ္ဍရိက်တို့ဖြင့်တန်ဆာဆင်အပ်သောရေ အပြည့်ကဲ့သို့၊ကြယ်အပေါင်း

တို့၏ရောင်ခြည်ကွန်ရက်ဖြင့် သန့်ရှင်းစွာပြည့်ကုန်ယျက် တင့်ကယ်စွာ တောက်ပသော ကောင်းကင်ပြင်ကဲ့သို့၊ အညို အရွှေ အနီ စသောအား ဖြင့်ပြားသော အထူးသဖြင့်ဆန်းကြယ်သောအဆင်းရှိသော အရောင် တို့ဖြင့်မွေးအပ်သော၊ ကလံမျှလောက်သော ရောင်ခြည်တော်အဝန်း၊ တောက်ထွန်းတင့်တယ်၊ ဆန်းကြယ်ဝင်းပြောင်၊ ဆည်းစျာရောင်ဖြင့် ဆိုးထားအပ်သော သိကြားမင်း၏ လင်းလေး၊ သက်တင်ရေးသဘွယ်၊ လျှပ်စစ်နွယ်တို့ဖြင့်၊ ချယ်လှယ်ခြံရံအပ်သော ရွှေတောင်ထွတ်ဦးကဲ့သို့။ အထူးထူးသောအဆင်းတို့ဖြင့်ဆိုးအပ်သည်ဖြစ်၍ အညစ်အကြေးရှင်း လင်းသော မှန်ကင်းပန်းဟုဆိုအပ်သော ရောင်ခြည်တော်အထွေထွေ ဖြင့် တဝေဝေစီးယိုဘိတ်မတတ် ထိပ်တော်မြတ်၏တောက်ပခြင်းရှိထ သော၊ ဗြဟ္မာ၊နတ်လူ၊သူရာအပြား၊နဂါးဂဠုန်၊ကုမ္ဘဏ်ယက္ခ၊ဂန္ဓဗ္ဗနတ် တို့၊ လေးမြတ်ကြည်ရွှ၊ စဂ္ဂါအရသာတို့၏တည်ရာဖြစ်သော မြတ်စွာ ဘုရား၏ရုပ်ပုံတော်ကို မြတ်သောမင်းကြီးသည် ခန့်စစ်ရက်တို့ပတ်လုံး မျက်စိတို့ဖြင့်ပူဇော်ခြင်းမည်သည်ကိုပြု၏။ ။

၉၈။ သိရိဓမ္မာသောကမင်းကြီးသည့်အဇာတသတ်မင်း ဌပနာခဲ့သောဓာတ်တော်တို့ကိုယူ၍၊ဓမ္မ။ဒိပ်ကျွန်းအပြင်၌စေတီ ရှစ်သောင်းလေးထောင်၊ကျောင်းရှစ်သောင်းလေးထောင် တည်ထားဌပနာသည်ကိုပြရာ။

တနေ့သ၌ ဓမ္မာသောကမင်းကြီးသည် နန်းတွင်း၌ဆွမ်းကျွေးမြဖြစ် သော ခြောက်သောင်းသောသံဃာတော်တို့အား အသောကာရာမအာ မည်ရှိသောအာရာမ်ကိုလှူ၏။ ထိုအာရာမ်၌ သံဃာတော်ခြေသောင်း အား ပရိက္ခရာစုံရှစ်ပါးနှင့်တကွ အလှူကြီးကိုဆင်ပေး၍ ဆွမ်းဆုပ်ကျွေးပြီး သော်၊ရဟန်းသံဃာ၏အလယ်၌နေလျက်။ သံဃာတို့အားပစ္စည်းလေး ပါးဖြင့်ဘိတ်မနှဲ၍။ အခြင်ဘုရားတို့၊ မြတ်စွာဘုရား ဟောတော်မူအပ် သောတရားတော်သုည် အဘယ်မျှရှိသနည်းဟုမေး၏။ မြတ်သောမင်း ကြီး၊ မြတ်စွာဘုရားဟောတော်မူအပ်သောတရားတော်သည်။ အင်္ဂါ အားဖြင့် ကိုးပါးဖြစ်ကုန်၏။ ဓမ္မက္ခန္ဓာအားဖြင့် ရှစ်သောင်းလေးထောင် တို့သည်ဖြစ်ကုန်၏ဟု ရဟန်းသံဃာတို့သည်ကြားကုန်၏။ ဓမ္မာသော

ကမင်းကြီးသည်တရားတော်ဦးကြည်ညိုပြီး၍ တပါးတပါးသောဓမ္မကျွန်ုပ်
ကိုတဆောင်တဆောင်သောကျောင်းဖြင့်ပူဇော်အံ့ဟုကြံ၍၊ တနေ့ချင်းဦး
သာလျှင် ကိုးဆဲ့ခြောက်ကုဋေသောအသပြာဥစ္စာကိုစွန့်၍။ အမတ်တို့
ကိုစေခိုင်း။ အမတ်တို့၊ သင်တို့သည်၊ ဤအသပြာတို့ဖြင့် တခုတခုသော
မြို့ဦး တဆောင်တဆောင်သောကျောင်းကို ပြုကုန်လျက်၊ ရှစ်သောင်း
လေးထောင်သောမြို့တို့ဦး ရှစ်သောင်းလေးထောင်သောကျောင်းတို့ကို
ဆောက်လေကုန်ဟူ၍အမတ်တို့ကိုစေခိုင်း။ မိမိသည်လည်းအသောကာ
ရာမဥယျာဉ်ဦး အသောကာရာမကျောင်းအမှုကို ဖြစ်စေခိုင်း။ သာသနာ
တော် သက္ကရာဇ် ၂၀၀ ပြည့်နှစ်မှစ၍ ရှစ်သောင်း လေးထောင်သော
ကျောင်းတို့ကိုဆောက်စေခိုင်း။ သံဃာတို့သည် တနိုးဆိုးအာနဿောဘ်ကြီး
သော ရဟန္တာဖြစ်သော အရှင်ဣန္ဒဂုတ္တမထေရ်ကို စီရင်စိမ့်သောဌာ
မင်းကြီးအားပေးခိုင်း။ မထေရ်သည်အကြင်အကြင်အမှုသည်မပြီး၊ ထိုထို
သောအမှုကို ဒိဗ္ဗစက္ခုတန်းခိုးအာနုဘော်ဖြင့် ပန်ဆင်း၍ပြီးစေခိုင်း။ ဤသို့
အားဖြင့် သုံးနှစ်တို့ဖြင့် ကျောင်းဆောက်သောအမှုကိုမင်းကြီးပြီးစေ၍
တနေ့ချင်းဦး သာလျှင် ရှစ်သောင်း လေးထောင်သော မြို့တို့မှ ကမ္ဘည်း
လျှောက်စာတို့သည် ရောက်ကုန်၏။ အမတ်တို့သည်၊ အရှင်မင်းကြီး၊
ရှစ်သောင်း လေးထောင်သော မြို့တို့ဦး ရှစ်သောင်း လေးထောင်သော
ကျောင်းတို့သည်ပြီးကုန်ပြီဟူ၍မင်းကြီးအားကြားလျှောက်ကုန်၏၊ ။
ထိုအခါကြောင်းကိုကြားပြီးသော် မင်းကြီးသည် ရဟန်းသံဃာကို မေး
လျှောက်၏။ အရှင်ဘုရားတို့၊ အကျွန်ုပ်သည် ရှစ်သောင်းလေးထောင်
သောမြို့တို့ဦး ရှစ်သောင်းလေးထောင်သော်ကျောင်းတို့ကို ဆောက်၍
ပြီးပါပြီ။ ထိုကျောင်းတို့ဦးစေတီတည်ပါဦးအံ့။ဓာတ်တော်သည်အဘယ်
မှာရပါအံ့နည်းဟု လျှောက်၏။ မြတ်သောမင်းကြီး၊ ဖြူပ်၍ ထားသော
ဓာတ်တော်သည်ရှိ၏ဟူ၍ ငါတို့ကြားဘူးကုန်၏။ အဘယ်အရပ်ဦးဟူ၍
မထင်ရှားပါကုန်ဟူ၍ ရဟန်းတို့ဆိုကုန်၏။ ထိုစကားကို ကြားသော်
မင်းကြီးသည် ရာဇဂြိုဟ်ပြည်ဦး ဂိဂိသမျှသောစေတီတို့ကိုဖျက်၍ဓာတ်
တော်တို့ကိုမမြင်သော်ပကတိပြုစေ၍။ ရဟန်းပေါစကျိုး၊ရဟန်းမိန်း
မ၊ ဥပါသကာ ဥယျာကျိုး၊ ဥပါသကိမိန်းမတည်းဟူသော ပရိသတ်
လေးပါးတို့ကိုယူ၍ဝေသာလီပြည်သို့သွားလေ၏။ ထိုဝေသာလီပြည်ဦး
လည်း မရှာ၍ ကပိလဝတ်ပြည်သို့ သွားလေ၏။ ထိုကပိလဝတ်ပြည်ဦး

လည်းမရ၍ ရာမရွာသို့သွားလေရာ၊ တိုရာမရွာ၌ စေတီတို့ကိုဖျက်အံ့သောဘုန်ကြီးတို့သည်မပေးကုန်။ စေတီ၌ကျသောပေါက်တူးတို့သည် အဖိုင်းအဖိုင်းပြတ်သည်ဖြစ်ကုန်၏။ ဤသို့ဖြစ်သဖြင့် ထိုရာမရွာ၌လည်းမရ၍။ အလွန်ကပ္ပတိုင်း၊ ဝေဠဒီပကတိုင်း၊ ပါဝါပြည်၊ ကုသိနာရုံပြည်တို့၌လည်း စေတီတို့ကိုဖျက်၍ ဓာတ်တော်တို့ကိုမရသဖြင့်၊ တဘန်အလုံးစုံသော စေတီတို့ကို ပကတိပြုလုပ်ခဲ့၍ ရာဇဂြိုဟ်ပြည်သို့သွား၍။ လေးပါးသောပရိသတ်တို့ကို စည်းဝေးစေ၍၊ ဤမည်သောအရပ်၌ ဓာတ်တော်တို့ကိုမြှုပ်ထားဖူးဟု တစုံတယောက်သောသူသည် ကြားဘူးဖူး၊ လောဟုမေးသော်။ ထိုပရိသတ်တို့တွင် အသက် ၁၂၀ ရှိပြီးသောတယောက်သော်မကြေရိုးသည်ဤမည်သောအရပ်၌ဓာတ်တော်တို့ကို မြှုပ်ထားဖူးဟု ငါမသိ။ အဘဖြစ်သော မဟာထေရ်သည် ငါအသက်ရှန်စွန်စွရှိသောအခါ၌။ ငါ့ကိုပန်းကလပ်ကိုကိုင်စေ၍။ သာမဏော၊ လာလှည့်၊ ဤမည်သောချုံ၏အကြားဌ၌ ကျောက်စေတီသည်ရှိ၏၊ ထိုစေတီသို့သွားကုန်အံ့ဟုသွား၍၊ ပန်းပူဇော်၍၊ နှောက်သောအခါ ဤအရပ်ကိုစူးစမ်းရှာဖွေအပ်၏ သာမဏောဟုမထေရ်ကြီးသည် ငါ့ကိုပြောဘူး၏။ ငါသည်ဤမျှကိုသိ၏မင်းကြီးဟူ၍အသက် ၁၂၀ ရှိပြီးသောထိုမထေရ်ဆိုသော်။ ထိုကျောက်စေတီတည်ရာအရပ်ဟူသည်ဓာတ်တော်မြှုပ်ထားရာစင်စစ်မှန်လှတော့သည်ဟု မင်းကြီးဆို၍၊ ရာဇဂြိုဟ်ပြည်၏ အဖွေ့တော်ထောင့်အရပ်ဌတော်ချုံတို့ကိုခုတ်ထွင်ပယ်ရှားသော် ကျောက်စေတီကို တွေ့၍။ ကျောက်ပုံ အစုကိုဌင်း၊ မြေမှုန့်တို့ကိုဌင်း၊ ပယ်၍။ အောက်၌ အင်္ဂတေတို့ဖြင့် အပြေအပြစ်ပြုအပ်သောမြေကိုမြင်၍။ ထိုနောင်မှ အင်္ဂတေတို့ကိုဌင်း၊ အုင်္ဂတို့ကိုဌင်း၊ ပယ်၍။ ပရိဝုဏ်သို့သက်၍။ ရတနာအတိုဖြူးသောသည်တိုင်တို့ကိုဌင်း၊ လေ၏လျင်ခြင်းဖြင့် အစဉ်မပြတ်တပတ်ပတ်လည်သော၊ လက်၌ ထက်ဖွာသောသန့်ရှင်းစွာကုန်သေဒဘိလူးနတ်ရုပ်တို့ကိုဌင်းမြင်၍၊ ဇရုံစိုးခန့်ညားသည်ဖြစ်၍၊ နတ်ဝင်နတ်ထိန်းကိုခေါ်ချ၍၊ ပသကိုးကွယ်ပူဇော်သက္ကာရဖြင့်တောင်းပန်မေသော်လည်း အဆုံးကိုမမြင်၊ အစကိုမမြင်ဖြစ်၍၊ မင်းကြီးသည်းစွဲ၊ ပရိဝိသွား၊ မဟာဝိနည်းအစရှိသောနတ်တို့ကို ရှိခိုးလျှက်။ ငါသည် ဤဓာတ်တော်တို့ကိုယူ၍ ရှစ်သောင်းကြားထောင်သောကျောင်းတို့၌စေတီဌပနာ၍ ပူဇော်သက္ကာရပြုပါအံ့။ ငါ့အား အန္တရာယ်တစုံတခုကိုမပြုကုန်

လင့်ဟု ဟောင်းပန်းသောအခါ။ သိကြားမင်းသည် ဝိသုကြံ့နတ်သားကို ခေါ်၍။ အချင်း ဝိသုကြံ့၊ အသောကဓမ္မရာဇာသည် ဓာတ်တော်တို့ကို ထုတ်ဆောင်အံ့ဟူ၍ ပရိဝုဏ်သို့သက်ပြီ။ စက်ယန္တရားနှင့် ထားသော သစ်သားနတ်ရုပ်တို့ကို ကြောက်၍ အရောက်မချဉ်းဝံ့ရှိသည်။ အသင်သွား၍ သစ်သားနတ်ရုပ်တို့ကို ပယ်ချေဟု ဆို၏။ ထိုဝိသုကြံ့နတ်သားသည် ဦးစွန်းအစုငါးစုစည်းသော ရွာသူသားငယ်၏အသွင်ဖြင့် လက်ငင်းလေးကုံကိုင်လျက်၊ မြားနှင့်တကွလာလတ်၍ မင်း၏ရှေ့၌ ရပ်လျက်၊ နတ်ရုပ်တို့ကို ပယ်ရအံ့လောမင်းကြီးဟု ဆိုသော်။ ချစ်သား၊ ပယ်ပါလေ့ဟုဆိုသဖြင့်။ ဝိသုကြံ့နတ်သားသည် မြားကို လင်းလေးဖြင့်ငင်၍၊ ဆင်ထားသော ယန္တရားစက်ကြိုး အဆက်၌ တချက်လွှတ်ပစ်လေ၏။ ထိုအခါယန္တရားစက်ကြိုးပြတ်၍ နတ်ရုပ်ထိုထိုတို့သည်ဖရိုဖရဲကျလေကုန်၏။ ထိုဟောအခါ မင်းကြီးလည်း တံခါးရွက်ငင်သည့်ကြိုးခွံ့ဖွဲ့အပ်သောမင်းတုံးကိုယူပြီးနောက်၊သံကောက်ကိုလည်းယူပြန်၏။ ပတ္တမြားတုံးကိုမြင်ရာ၊ နောင်အခါကား၊ မင်းဆင်းရဲစေဖျားသည်၊ ဤပတ္တမြားတုံးကို ယူ၍၊ အဆူဆူသော ဓာတ်တော်တို့အား ပူဇော်သက္ကာရကိုပြုစေသတည်းဟူသော အကျွှာရာမှာစာတို့ကိုမြင်ပြန်က၊ အခံရခက်၊ အမျက်ထွက်၍၊ လက်ျာကျွန်းမြိုင်၊ငါသို့စင်ကဲ့၊ အထင်မှတ်လွဲ၊မင်းဆင်းရဲဟူ၍ ဆိုခြင်းငှါ၊ အရာမသင့်လေတကားဟု ဆိုလျက်။ အဘာန်တလဲလဲစေ့ဆော်၍ အတွင်းတံခါးကိုဖွင့်ပြီးလျှင် ဓာတ်တော်အိမ်တွင်းသို့ဝင်၍၊ ဤဓာတ်တော်ဖေါ်သောနှစ်မှ ပြန်၍ရေသော်။ ၂၁၀ နှစ်တို့၏အထက်၌ ထွန်းအပ်သော ဆီမီးတို့သည်၊ ညီးညီးမစဲ၊ ထွန်းမြဲတိုင်းသာ၊ ကြာညှိုအရာရှိသောပန်းတို့သည်လည်း၊ လန်းလန်းပျပျ၊ ထိုခဏ၌ဆောင်၍တင်အပ်သောပန်းကဲ့သို့ မယွင်း။ ပန်းအခင်းတို့သည်လည်း ထိုခဏ၌ ခင်းအပ်သကဲ့သို့။ သင်းသင်းပျံ့ပျံ့၊ ရနံ့ထောင်းထောင်း၊နံ့သာပျောင်းနံ့သာမုန့်ဟူသမျှလည်း ထိုခဏ၌ကြိတ်ဖွဲ့ပြီးလျှင်ထားအပ်သော အမုန့်အရုည်ကဲ့သို့ဖြင်တပြိုးကား။ မင်းကြီးသည် ရွှေပေကုံကိုင်၍ နောင်အခါ၌ ဒီယဒါသအုပ်မည်ရှိသော မင်းသားသည် ထီးဖြူဆောင်း၍ ဓမ္မာသောကဟူသော အမည်ဖြင့် မင်းပြုလိမ့်မည်၊ ထိုဓမ္မာသောက မင်းသည် ဤဓာတ်တော်တို့ကိုပျံနှံ့သံ့ညံကဲ့ ဖြစ်လိမ့်မည်ဟု မှာစာကိုဘတ်၍။ အချင်းတို့၊ငါ့ကို အာရှင်မဟာကဿပမထေရ်သည် ဖြင်အပ်မေ့စေကားဟုဆို၍၊လက်ပဲ

လက်မောင်းကိုဆွဲ၍ လက်ျာလက်ဖြင့်လက်ပန်းပေါက်ခတ်ဏ္ဍီ။ထိုအခါ ဓမ္မာသောကမင်းကြီးသည် အလုံးစုံသောစေတီကြွတ်တို့ကို ပွင့်လှစ်၍ အလုံးစုံသောဝတ်တော်တို့ကိုယူပြီးသော် ထိုအရပ်၌ပူဇော်သက္ကာရ ခံရုံမျှ ထား၍။ ကြွတ်စေတီတို့ကို ပကတိထားခဲ့၍။ ဓာတ်တော်အိုင်ကို လည်း ရှေးပိတ်မြတိုင်းပိတ်၍ အင်္ဂတေတို့ဖြင့် ပကတိပြု၍။ အပေါ်၌ ကျောက်ပုံစေတီကိုဖြစ်စေ၍။ ဂဂ၀၀၀ သောကျောင်းတို့၌ သန္တာတောင် ၅ တောင်။ထီး ၅ ဆင့်ရှိသော စေတီ ဂဂ၀၀၀ တည်စေပြီးသော်။ ထိုစေတီတို့၌ ထိုဝတ်တော်တို့ကို ဌပနာ၍။ သက္ကရာဇ် ၂၂၃ ခု နှစ်၌ ကျောင်းပူဇော်ခြင်းကိုပြုအံ့ဟု ပါဠိလိပုတ်မြို၌၊ ဤနေ့မှစ၍ရက်မြောက်သောနေ့၌ ၄ကျောင်းပူဇော်ခြင်းသည် ဖြစ်လတ္တံ့။ ခပ်သိမ်းသောမြို့သူမြို့သားတို့အား ဂျစ်ပါးသောသိလတို့ကိုဆောက်တည်စေ။ မြို့တွင်း၌၎င်း၊ မြို့ပြင်၌၎င်း၊ ကျောင်းပူဇော်ဦးရန် လှူဘွယ်တန်းခင်းတို့ကိုစီရင်စေဟု စည်လည်စေ၍။ ခုနစ်ရက်လွန်သဖြင့်၊ ခပ်သိမ်းသော ဂန်ဆာတို့ဖြင့် တင့်တယ်သော၊အာသိန်းမက၊သော အင်္ဂါလေးပါးရှိသောစစ်သည်ဖြင့်ခြံရံလျက်။ တာဝတိံသာနတ်ပြည်၏ အသရေထက် လွန်မြတ်သောအာသရေကဲ့သို့၊ တမြို့လုံးကို ပြုစေသဖြင့်၊ အာထုတ်ခြင်းနှင့် တကွဖြစ်သော လူများအပေါင်းဖြင့်၊ တန်ဆာဆင်ခြင်းနှင့်စပ်သောမြို့ကိုပတ်ပတ်လည် လျက် ကျောင်းသို့သွား၍၊ ရဟန်းသံဃာ၏အလယ်၌ရပ်၏။ ထိုခဏ၌ အလှူခံစည်းဝေးကုန်သော ရဟန်းတို့သည် အကုဋေ့ရှစ်ဆယ်အရေအတွက်ရှိကုန်၏။ ရဟန်းမိန်းမတို့သည် ကိုးသန်းခြောက်သိန်း အရေအတွက်ရှိကုန်၏။ ထိုအစည်းအဝေး၌ ရဟန္တာချည်း တသိန်း အရေအတွက်ရှိ၏။ထိုရဟန်းတို့အား အကယ်၍တည်း ဤမင်းကြီးသည် မိမိကောင်းမှုဖြစ်သော ကျောင်း ဂဂ၀၀၀ တို့ကဲ့ အကြွင်းမဲ့ မြင်ငြားအံ့။ အလွန်လျင် မြတ်စွာဘုရားသာသနာတော်၌ ကြည့်ညိုရာ၌ဟု အကြံရှိသည်ဖြစ်၍ လောကဝဝရဏာပြာဒိုဟာကိုပြုကုန်၏။ မင်းကြီးသည် အသေကာရာမကျောင်း၌တည်၍ အရပ်လေးမျက်နှာကို ကြည့်သည်ရှိသော် ရေအဆုံးရှိသော ဇမ္ဗူဒီပါကျွန်းကိုမြင်၍၊ ပြန့်ပြောစွာစေတီနှင့်တကွ ကျောင်းပူဇော်ခြင်းဖြင့် တင့်တယ်ဂုနသော။ ဂဂ၀၀၀ သော မြို့တို့၌ ဂဂ၀၀၀ သောကျောင်းတို့ကိုဖြင့်ကုန်၏။ ။

၉၉။ သိရိဓမ္မာသောကမင်းကြီးသည်၊သားတော်
မဟိန္ဒါသမီးတော်သင်္ဃမိတ္တာတို့ကိုသာသနာတော်သို့သွင်း၍
သာသနာ့အမွေခံတော်မူသည်ကိုပြရာ။

ထိုမင်းသည် ထိုတင့်တယ်ခြင်းကိုရှုလျက်။ များစွာသော နှစ်သက်ဝမ်းမြောက်ခြင်းနှင့် ပြည့်စုံသည် ဖြစ်၍။ ငါမှတပါး တစုံတယောက်သောသူအားလည်း ဤသို့သဘောရှိသောနှစ်သက်ဝမ်းမြောက်ခြင်းသည် ဖြစ်ဘူးသောမည်သည်ရှိသလော ဟု ကြံလျက်။ အရှင်ဘုရားတို့၊လူသုံးပါးတို့ ကိုးကွယ်ရာ ဖြစ်သော မြတ်စွာဘုရား၏ သာသနာတော်၌ အာဘယ်သူသည် ကြီးစွာသောစွန့်ကြဲခြင်းကိုစွန့်ကြဲဘူးသနည်း။ အဘယ်သူ၏ စွန့်ကြဲခြင်းသည် ကြီးမြတ်သနည်းဟု ရဟန်းသံဃာတို့ကို မေး၏။ရဟန်းသံဃာတို့သည် မောဂ္ဂလိပုတ္တတိဿမထေရ်အား ထိုမင်း၏ ပြဿနာကိုဖြေစေခြင်းငှါဝန်ပြု၏။ မထေရ်သည်ဆို၏။ မြတ်သောမင်းကြီး၊ မြတ်စွာဘုရား၏သာသနာတော်၌ ပစ္စည်းလေးပါးကို လှူသောသူမည်သည်ကား သင်မင်းကြီးနှင့် တူသောသူမည်သည် မြတ်စွာဘုရားကိုယ်တော် ထင်ရှားရှိသောအခါ၌လည်း မရှိ။ သင်မင်းကြီး၏ စွန့်ကြဲခြင်းသည်သာလျှင် မြတ်၏ဟူ၍ဆို၏။ မင်းကြီးသည် မထေရ်၏စကားကိုကြား၍ များမြတ်သောနှစ်သက်ဝမ်းမြောက်ခြင်းနှင့်ဝတ္ထုသောကိုယ်ရှိသည်ဖြစ်၍၊ ငါနှင့်တူသော ပစ္စည်းလေးပါးဒါယကာမည်သည် မရှိ။ ငါ၏စွန့်ကြဲခြင်းသည်သာလျှင် ကြီးမြတ်၏။ ငါသည် ပစ္စည်းလေးပါးဖြင့် သာသနာတော်ကိုချီးမြှောက်၏။ အသို့နည်း၊ငါသည်ဤသို့ချီးမြှောက်ပါသည်ရှိသော် သာသနာတော်၏အမွေခံသည်ဖြစ်ရအံ့သလော၊ မဖြစ်ရလောဟုကြံလျက်၊ အရှင်ဘုရားတို့၊ အာကျွန်ုပ်သည် သာသနာတော်၏ အမွေခံသည်ဖြစ်ရပါအံ့သလောဟု ရဟန်းသံဃာကိုမေး၏။ အရှင်မောဂ္ဂလိပုတ္တတိဿမထေရ်သည် မင်းကြီး၏စကားကို ကြား၍၊ သားတော် မဟိန္ဒ၏ ဥပနိဿယနှင့် ပြည့်စုံသော အဖြစ်ကို ရှုလျက်။ ဤမင်းသားသည် သာသနာတော်၌အကယ်၍ရဟန်းပြုအံ့။သာသနာတော်အလွန် ပြန့်ပွါးခြင်းသည်ဖြစ်လတ္တံ့ဟု ကြံ၍ ဤသို့မိန့်တော်မူ၏။ မြတ်သောမင်းကြီး၊ ဤသို့လှူဒါန်းကာမျှဖြင့် သာသနာ့ဒါယကာ မဖြစ်ရသေး။ စင်စစ်ကား၊ ပစ္စည်းဒါယကာဟူ၍သော်ငင်း၊ အလုပ်အကျွေး ဒါယကာဟူ၍

သော်၎င်း ဆိုအပ်၏။ မြတ်သောမင်းကြီး၊ အကြင်သူသည် ဤမြေကြီးမှ ဖြတ်ပြုပြည့်တိုင်အောင်ပစ္စည်းလေးပါးကိုစုပုံ၍လှူအံ့။ ထိုသူသည် သာသနာတော်၌ အမွေခံဟူသောအဓိပ္ပါယ်သို့ မရောက်ဟူ၍ မိန့်တော်မူသော်။ထိုသို့မူကား အရှင်ဘုရား၊အဘယ်သူသည်လျှင် သာသနာတော်၏အမွေခံဖြစ်ရအံ့နည်းဟူ၍ လျှောက်၏။ မြတ်သောမင်းကြီး၊ အကြင်အမှတ်မရှိသောသူသည် မိမိရင်၌ဖြစ်သော သားကို သာသနာတော်၌ ရဟန်းပြု၏။ ဤသူကိုသာလျှင် သာသနာတော်၏အမွေခံဟူ၍ဆိုအပ်၏ဟု မိန့်တော်မူသော်။ မင်းကြီးသည် ငါသည် ဤသို့ သဘောရှိသော ကိုးဆဲ့ခြောက်ကုဋေမျှသော အသပြာတို့ကို စွန့်၍ အလှူကြီးစွာပေးပါသော်လည်း သာသနာတော်၏ အမွေခံအဖြစ်သို့ မရောက်ပါသေးဟု သာသနာတော်၌ အမွေခံ၏အဖြစ်ကို တောင့်တလျက် ထိုမှဤမှကြည့်သော်၊အနိုးဥတည်သော သားတော်မဟိန္ဒမင်းသားကိုဖြင်၍၊ ငါသည် စင်စစ်သဖြင့် ဤမင်းသားကို ငါ၏ညီတော်တိဿမင်းသား ရဟန်းပြုသောအခါမှစ၍ အိမ်ရှေအရာ၌ ထားလို၏။ အိမ်ရှေမင်း၏အဖြစ်ထက်လည်း ရဟန်း၏အဖြစ်သည်သာလျှင်လွန်မြတ်၏ဟုကြံ၍ မင်းသားကို။ ချစ်သားမဟိန္ဒ၊ သင်သည် ရဟန်းပြုခြင်းဌာ တတ်နိုင်ပါလတ္တံ့လောဟူ၍ ဆို၏။ မဟိန္ဒမင်းသား သည်လည်း၊ မိဖုရားဖြင့် ဘဏ္ဍုတော်တိဿမင်းသား ရဟန်းပြုသောကာလမှ စ၍ ရဟန်းပြုလိုသည်ဖြစ်၍လျှင် ခမည်းတော် မင်းကြီး၏ စကားကို ကြား၍ အတိုင်းထက်အလွန်ဝမ်းမြောက်သည်ဖြစ်၍။ အရှင်မင်းကြီး၊အကျွန်ုပ်သည် ရဟန်းပြုပါအံ့။အကျွန်ုပ်ကိုရဟန်းပြု၍ အရှင်မင်းကြီးသည် သာသနာတော်၏ အမွေခံဖြစ်တော်မူလော့ဟူ၍မဟိန္ဒမင်းသားလျှောက်၏။ထိုအခါ သမီးတော်သဃ်မိတ္တာသည်လည်း မင်းကြီး၏အနိုးဥတည်း၏။ထိုသဃ်မိတ္တာ၏လင်ဖြစ်သော အဂ္ဂိဗြဟ္မာမင်းသား သည်လည်း အိမ်ရှေအရာ ထားသောညီတော်တိဿမင်းသားနှင့်အတူတကွရဟန်းပြုလေ၏။ချစ်သမီး၊ သင်သည်လည်း ရဟန်းပြုနိုင်ပါလတ္တံ့လောဟူ၍ မင်းကြီး မေးသော်။ ခမည်းတော်မင်းကြီး၊ကောင်းပြီ၊တတ်နိုင်ပါ၏ဟုလျှောက်သဖြင့်၊ မင်းကြီးသည် သားတော်သမီးတော်တို့၏ဗိတ်ကိုရ၍၊ ရွှင်လန်းဝမ်းမြောက်သောစိတ်ရှိသည်ဖြစ်၍ ရဟန်းသံဃာကို။ အရှင်ဘုရားတို့၊ ဤသူငယ်တို့ကိုရဟန်းပြု၍ အကျွန်ုပ်ကိုသာသနာတော်၌ အမွေခံကိုပြုတော်မူပါ

ကုန်ဟူ၍ရဟန်းသံဃာကိုလျှောက်၏။ ရဟန်းသံဃာလည်း ကောင်းပြီ ဟုဝန်ခံ၍။ အာဂုင်မောဂ္ဂလိပုတ္တတိဿကိုဥပဇ္ဈာယ်ဆရာပြု၍စေ၍။ မဟာဒေဝမဟာထေရ်ကို. သိက္ခာပကဆရာ ပြု၍စေ၍။ မဟိန္ဒမင်းသားကို သာမဏေရောပြု၏။ ထိုအခါ၌ မဟိန္ဒမင်းသားသည် အသက်နှစ်ဆယ်ပြည့်သည် ဖြစ်၍ သာမဏေရော ပြုပြီးလျှင်ပင် မဇ္ဈန္တိကမဟာထေရ် ကမ္မဝါစာ ဆရာဖြင့် ပဉ္စင်းခံပြန်၏။ အာဂုင်မဟိန္ဒမဟာထေရ်သည် ခမည်းတော်မင်းကြီး အာဘိသိက်ခံ၍ ခြောက်နှစ်မြောက်၊ အဇာတသတ်မင်းထားသော သာသနာတော်သက္ကရာဇ် ၂၂၃ ခုနှစ်၌ ပဉ္စင်းခံ၏။ ထိုအာဂုင်မဟိန္ဒမထေရ်သည် ပဉ္စင်းခံသောသိမ်အပြင်၌ပင် ပဒိုသန်ဘိဒါတို့နှင့်တကွ ရဟန္တာအဖြစ်သို့ ရောက်၏။သဃိမိတ္တာအားလည်း သိက္ခာပကဆရာအာယုပါလိထေရိမ ဖြင့်၊ဥပဇ္ဈာယ်ဆရာ ဓမ္မပါလိထေရိမဖြင့် သာမဏေရောပြု၏။ ပဉ္စင်းလည်းခံ၏။ ထိုအခါသဃိမိတ္တာကား ၁၈ နှစ်သာရှိ၏။ သာမဏေရိကရဟန်းပြု၍ပြီးကာမှဖြစ်သောသဃိမိတ္တာကို ထိုသိမ်အပြင်၌ပင် ပဉ္စင်းသိက္ခာ၌ တည်စေကုန်၏။ အိမ်ရာကျပြီးသောမင်းသို့ဖြစ်သောကြောင့်။ အာသက်နှစ်ဆယ်ပြည့်သည် မပြည့်သည်ဟူ၍ မစိစစ်ရုံပြီ။ ထိုမောင်နှမရဟန်းပြုသောနှစ်သည် ခမည်းတော်ဓမ္မာသောကမင်းကြီး အဘိသိက်သွန်း၍ ၉ နှစ်မြောက်သောနှစ်တည်း။ ။အာဂုင်မဟိန္ဒမထေရ်သည် ပဉ္စင်းအဖြစ် သို့ရောက်သည်မှစ၍ ဥပဇ္ဈာယ်ဆရာအာဂုင်မောဂ္ဂလိပုတ္တတိဿမထေရ်၏အထံ၌၊ သုတ်၊ အဘိဓမ္မာ၊ ဝိနည်းကိုသင်သော်။ သင်္ဂါယနာနှစ်တန်တင်အပ်သော၊ ဝိဇ္ဇာကတ်သုံးပုံဖြင့် သင်ကြားပို့ပ်အပ်သော၊ အဋ္ဌကထာနှင့်တကွဖြစ်သောအလုံးစုံသောထေရဝါဒကို သုံးနှစ်တို့၏အတွင်း၌တတ်အောင် သင်၍ ဥပဇ္ဈာယ်ဆရာ၏ ဟာပည့် ဖြစ်ကုန်သော တထောင်မျှလောက်ကုန်သောရဟန်းတို့၏အကြီးဖြစ်၏။ ။

၁၀၀။ သာသနာတော်၌တိတ္ထိတို့ကြောင့်အဓိကရဏ်း ကြီးစွာဖြစ်ခြင်း၊ထိုအဓိကရဏ်းကိုနှိပ်သျှင်း၍မဟာဒေမောဂ္ဂလိ ပုတ္တတိဿထေရ်စသောရဟန္တာတထောင်တို့၊တတိယ သင်္ဂါယနာတင်တော်မူကြခြင်းတို့ကိုပြရာ။

ဓမ္မာသောဇာမင်းကြီး အဘိသိက်သွန်း၍ ၅စ်နှစ်မြောက်သောနှစ်၌။ ကောဏ္ဍပုတ္တတိဿထေရ်သည် အနာဂါမိဖလသမာပတ်ရအံ့သောငှါ။ ညီတော်

သုမိတ္တာမထေရ်ကို ပါဠိုလိပုတ်မြို့တွင်းသို့ဝင်၍ ဆွမ်းခံဝတ်ဖြင့်ဟုလက်ဘက်မျှသောထောပတ်ကို ရှာစေသည်ရှိသော် မရ၍၊ အနာအားကြီးသဖြင့် အာယုသခါရ ကုန်သည် ဖြစ်၍၊ ရဟန်းသံဃာကို အပ္ပမာဒတရားဖြင့် ဆုံးမ၍၊ အာဘိညာဉ်၏ အခြေဖြစ်သော ရူပါဝစရကြိုယာပဉ္စမစျာန်ကို ဝင်စား၍၊ ကောင်းကင်ထက်သို့ ပျံတက်၍။ ထက်ဝယ်ပလ္လင်ဖြင့်နေ၍၊ တေဇောကသိုဏ်းလျှင် အာရုံရှိသောစျာန်ကိုဝင်စား၍ ပရိနိဗ္ဗာန်ပြု၏။ ထိုအကြောင်းကိုမင်းကြီးကြား၍။ မထေရ်၏အလောင်းတော်ကို ကြီးစွာသောပူဇော်သက္ကာရဖြင့် သင်္ကြိုဟ်၍။ ငါသို့သောသူသည် မင်းအဖြစ်ကိုပြုပါလျက် အရှင်ကောင်းကို့အား ပစ္စည်းရခဲခြင်းသည်ဖြစ်လေဘို့၏ဟုကြံ၍၊ မြို့တံခါးလေးပေါက်တို့၌ လေးထောင့်ရေကန်တို့ကိုတူးစေ၍၊ဆေးဖြစ်သော ထောပတ် ပျား တင်လဲတို့ဖြင့် ပြည့်စေ၍ စတုဒိသာ သံဃာအား,လှူ၏။ ထိုရောအခါ ပါဠိုလိပုတ် မြို့တွင် တံခါးလေးပေါက်တို့၌ လေးသိန်းသောအသပြာတို့သည်အဆုန်အလိုဌာတက်ကုန်၏။ မြို့လယ်သာဝင်၌ တသိန်းသောအသပြာတို့သည် တက်ကုန်၏။ ဤသို့အားဖြင့် နေ့တိုင်း နေ့တိုင်း ငါးသိန်း ငါးသိန်းကုန်သော အသပြာတို့သည် အဆုန်တက်ကုန်၏။ ထိုအသပြာ ဥစ္စာတို့မှ တသိန်းသောအသပြာကို နိဂြောဓမထေရ်အား စွန့်၏။ မြတ်စွာဘုရား၏စေတီတော်၌ ပန်းနံ့သာစသည်တို့ဖြင့် ပူဇော်စေခြင်းငှါ တသိန်းသောအသပြာကို စွန့်၏။ တရားတော်အား တသိန်းသောအသပြာကို စွန့်၏။ ထိုအသပြာကို တရားတော်ကို ဆောင်ကုန်သော အကြားအမြင်များကုန်သော ရဟန်းတို့အား ပစ္စည်းဥလုံးပါးအလိုဌာ ဆောင်အပ်၏။ သံဃာတော်အား အသပြာတသိန်းကိုစွန့်၏။ မြို့တံခါးလေးပေါက်တို့၌ အသပြာတသိန်းကိုစွန့်၏။ ဤသို့လျှင် သာသနာတော်၌ပြန့်ပြောသောလာဘ်သပွကာပူဇော်သက္ကာရသည် ဖြစ်၏။ ။ထိုရောအခါ တိတ္ထိုကိုသည် ယုတ်သောလာဘ်သပွကာဂိုကုန်သည်ဖြစ်၍ အယုတ်သဖြင့် ဝမ်းဝရုံမျှကိုသည်း မရကုန်သည် ဖြစ်ရကား။ လာဘ်သပွကာကို တောင့်တကြကုန်သဖြင့် သာသနာတော်၌ရဟန်းပြုကြကုန်လျက်။ ပဝိပဝိတို့၏တိုထွိအယူတို့ကို ဤသည်ကား သုတ် အဘိဓမ္မာ၊ဤသည်ကား ဝိနည်းဟူ၍ ပြကုန်၏။ ရဟန်းအဖြစ်ကိုမရကုန်သောတိတ္ထိတို့သည် ပဝိတို့အလိုလို ဦးပြည်း ရိတ်ကုန်လျက် ဖန်ရည်စွန်းသော အဝတ်တို့ကို ဝတ်ကုန်၍

ကျောင်းတို့ဦးသွားလာကုန်လျက်။ ဥပုသ်ကံပြုရာသို့ရင်း၊ ပဝါရဏာကံ ပြုရာသို့ရင်း ဝင်ကုန်၏။ ရဟန်းကောင်းတို့သည် ထိုတိုင်ဆိုတို့နှင့် အတူ တကွ ဥပုသ်မပြုကုန်ဘဲ၊ ပဝါရဏာမပြုကုန်ဘဲ၊ သံဃကံမပြုကုန်ဘဲ နေကြကုန်၏။အဂ္ဂင်မောဂ္ဂလိပုတ္တတိသမဏထေရ်သည် ယခုအခါ၌အဓိ ကရဏ်းဖြစ်ပြီ။ ဤအဓိကရဏ်းသည် မကြာမြင့်မီပင်လျှင် ကြမ်းထမ်း သည်ဖြစ်လတ္တံ့။စင်စစ် ဤအဓိကရဏ်းကို ဤသူတို့၏အလယ်၌နေသ ဖြင့် ငြိမ်းစိမ့်သောဌါ မတတ်ကောင်းဟုကြံ၍။ အဂ္ဂင်မဟိန္ဒမထေရ်အား ဂိုဏ်းကိုနှင်းခဲ့၍။မိမိသည် ချမ်းသာစွာနေခြင်းဖြင့်နေထိုသည်ဖြစ်၍ အ ဟောဂင်္ဂါမည်သော တောင်ဆို့ကြွေလေ၏။ တိတ္ထိတို့သည်လည်းရဟန်း သံဃာတို့သည် တရားဖြင့်၊ ဝိနည်းဖြင့်၊ မြတ်စွာဘုရား၏ အဆုံး အမ ဖေတ်ဖြင့်နှိမ်ကုန်သော်လည်း။ သုတ်၊ အဘိဓမ္မာ၊ဝိနည်းနှင့်လျော်သော အာကျင့်ဒွမတည်ကုန်မူ၍၊ တပါးမကမျှားသောသဘောရှိသော သာသ နာတော်၏ဘေးရန်ကိုရင်း၊ အာညစ်အကြေးကိုရင်း၊ အဆူးကိုရင်း၊ ဖြစ် စေကြကုန်၏။ အချို့သောတိတ္ထိတို့သည် မီးကိုလုပ်ကျွေးကုန်၏။ အချို့ သောတိတ္ထိတို့သည် ငါးပါးသော အပူခံခြင်း အကျင့်ကို ကျင့်ကုန်၏။ အချို့သောတိတ္ထိတို့သည် နေကို အစဉ်လိုက်ကုန်၏။ အချို့သောတိတ္ထိ တို့သည် သင်တို့၏သုတ်အဘိဓမ္မာဝိနည်းတို့ကို ဖျက်ကုန်အံ့ဟု၍ ခြိမ်း ချောက်ကုန်၏။ ထိုအခါ ရဟန်းသံဃာသည် တိတ္ထိတို့နှင့် အတူတကွ ဥပုသ်ကိုရင်း၊ ပဝါရဏာကိုရင်း၊မပြုကုန်ပြီ။ ဒုံသောကာရောမဏကျောင်း ၌ ချုနစ်နှစ်ပတ်လုံး ဥပုသ်ပြတ်၏။ထိုအကြောင်းကို မင်းကြီးအား ကုန်၏။ မင်းကြီးသည် အမတ်တယောက်ကို ခေါ်ပြီးလျှင် ကျောင်းသို့ သွားချေ။ ထိုအဓိကရဏ်းကို ငြိမ်းစေ၍ ဥပုသ်ကိုပြုစေလော့ဟု၍ စေ ၏။အမတ်သည် မင်းကို တဘန်မေးခဲ့သောဌါမဝံသည်ဖြစ်၍။ အမတ် တယောက်သို့ကပ်၍၊ အချင်း၊ မင်းကြီးသည် ငါ့ကို ကျောင်းသို့သွား၍ အဓိကရဏ်းကို ငြိမ်းစေသဖြင့် ဥပုသ်ပြုစေလော့ဟု၍စေ၏။ အဘယ် သို့ငြိမ်းစေရအံ့နည်းဟု၍ မေး၏။ ထိုမေးအပ်သောအမတ်သည် ဤသို့ ဆို၏။ ဥပမာသော်ကား။ ပစ္စန္တရစ်ကုန်ငြိမ်းစေသည့်ရှိသော် ခိုးသူတို့ကို သတ်၍ငြိမ်းစေသကဲ့သို့။ ထိုအတူ အကြင်ရဟန်းတို့သည် ဥပုသ်မပြု ကုန်၊ ထိုရဟန်းတို့ကိုမင်းကြီးသည်သတ်စေလိုသည်ဖြစ်လတ္တံ့။ ဤသို့ ငါတို့သည် မှတ်ထင်ကုန်၏ဟုဆို၏။ထိုအခါ ဆိုအမတ်သည် ကျောင်း

သို့သွားပြီးလျှင် ရဟန်းသံဃာကို စည်းဝေးစေ၍။ငါ့ကို မင်းကြီးသည် ဥပသထ်ပြုစေလော့ဟူ၍စေ၏။ ယခုအခါ၌ အခွင့်ဘုရားတို့သည် ဥပသထ်ကိုပြုကုန်လော့ဟူ၍ဆို၏။တိုထို့နှင့်တကွ ငါတို့သည် ဥပသထ်မပြုကုန်ဟုရဟန်းတို့ဆိုကုန်၏။အမတ်သည်မင်းထံ၌ကြိုးနေရာမှစ၍ သန်လျက်ဖြင့် ဦးခေါင်းကို ဖြတ်ကာဖြတ်ကာလာသဖြင့် ဖြတ်အံ့သောဌါ တဘန်အားထုတ်ပြန်၏။ ထိုရောအခါ၌ တိသမဏ်ထံ၌သည် ချွတ်ယွင်းသော အကျင့်ရှိသော ထိုအမတ်ကိုမြင်၍။ မင်းကြီးသည် မထေရ်တို့ကိုသတ်စေခြင်းငှါ မစေရာ။ စင်စစ်မချွတ် အမတ်၏သာလျှင် မကောင်းသော အယူသည်ဖြစ်လတ္တံ့ဟုကြံ၍။နေရာမှထ၍သွား၍ ထိုအမတ်၏အနီးဖြစ်သောနေရာ၌နေ၏။ထိုအမတ်သည်အရှင်တိသမထေရ်ကိုသိ၍ထားကိုချအံ့သောဌါ မဝံ့သည်ဖြစ်၍သွား၍မင်းကြီးအား လျှောက်လေ၏။ ။

တိသမဏထေရ်ဟူသည်ကား ဟူဟူညားညားသောသူမဟုတ်။ဓမ္မာသောကမင်း၏ တဝိတည်းဘွားဖြစ်သော ညီတော်တည်း။ အဘိသိက်သွန်းပြီးသော မင်းကြီးသည် ထိုညီတော် တိသမင်းသားကို အိမ်ရှေ့မင်းအာဏာ၌ထား၏။ ထိုအိမ်ရှေ့မင်းသည် တနေ့သ၌ တောလည်သည်ရှိသော် စိတ်လိုလက်လွန် တောမြို့ဦးဝယ်မြူးတူးကစားကြကုန်သော များစွာသော သမဏအပေါင်းတို့ကို မြင်၍၊ မြက်ကိုစားသော သမဏတို့စင်လျက်လည်း ဤသို့ကစားကုန်သေး၏။ ဤရဟန်းတို့သည်ကား မင်းအိမ်တော်၌ မြှိန်မြတ်သောဘောဇဉ်တို့ကိုစားကုန်၍၊ နွားညှဉ်သောအိပ်ရာတို့၌အိပ်ကုန်လျက် အဘယ်ကြောင့်လျှင် ကစားမြူးတူးခြင်းကိုမပြုကုန်လတ္တံ့နည်းဟုကြံ၏။ထိုမင်းသားသည်တောမှပြန်လာ၍ မိမိ၏အကြံကို မင်းကြီးအား ကြားလျှောက်လေ၏။ မင်းကြီးလည်း ဤတိသမင်းသားသည်အရာမဟုတ်သည်၌ အလိုလိုကိုပြုဘိ၏။ယခုထိုတိသကိုသိစေအံ့ဟုကြံ၍။တနေ့သ၌ တစုံတရာသောအကြောင်းဖြင့် အမျက်ထွက်သကဲ့သို့ပြု၍။ တိသ၊လာလှည့်၊သင်သည်ခုနစ်ရက်ပတ်လုံးမင်းပြုလော့။ခုနစ်ရက်လွန်ပြီးသည်မှနောင်၌ သင့်ကိုသတ်အံ့ဟု သဘောဖြင့်ပြုမိုးချောက်၍ ထိုအကြောင်းကို သိစေ၏။ ထိုမင်းသားသည်ကား ခုနစ်ရက်လုံးသည်သောအခါငါ့ကိုသတ်လတ္တံ့ဟုစိတ်ရှိသည်နှင့်လျှော်စွာမစားမသောက်မအိပ်သဖြင့် အလွန်လျှင် ခေါင်းပါးသောကိုယ်ရှိသည်ဖြစ်၏။ ထိုအခါမင်းသားကို တိသ၊အဆယ့်ငြောင့် သင်သည် ဤကဲ့သို့ဖြစ်သနည်းဟု

မင်းကြီးမေးသော်။ အရှင်မင်းကြီး၊ သခြင်းမှ ကြောက်သောကြောင့်ဟု လျှောက်၏။ ထိုသို့ လျှောက်သောအခါ အချင်းတိသည်၊ သင်သည် လျက်လည်း ဝိုင်းခြားခြင်းနှင့်တကွ ဖြစ်သော သဘောကို မြင်သဖြင့် စိတ်ရှိသည်နှင့်လျော်စွာ လွတ်လွတ်မကစား။ ဤရဟန်းတို့သည်ကား ထွက်သက် ဝင်သက်နှင့် စပ်သော သခြင်းကို ရှုကုန်လျက် အဘယ့်ကြောင့်လျင် ကစားကုန်လတ္တံ့နည်းဟုဆို၍ အကြောင်းကိုသိစေ၏။ထို နေ့မှစ၍ အိမ်ရှေမင်းတိသည် သာသနာတော်၌ကြည်ညို၏။ ။ထို အိမ်ရှေမင်းသည် တနေ့သ၌ သမင်တောဝယ် လှည့်ပတ်ပျော်ပါးသွားလာသည်ရှိသော်။ ဆင်ပြောင်တခုသည် အင်ကြင်းခက်ကို နာမောင်းဖြင့် ကိုင်၍ ယပ်လေခပ်လျက် နေသော ယောနက မဟာဓမ္မရက္ခိတမထေရ်ကိုမြင်၍၊ ဝမ်းမြောက်ဝမ်းသာသဒ္ဓါခြင်းရှိသည်ဖြစ်၍၊ အဘယ်အခါ၌လျင် ဤမထေရ်ကဲ့သို့ ငါသည်လည်းဇရာဟန်းပြုပါရအံ့နည်းဟုကြံဖို၏။ ထိုအိမ်ရှေမင်း၏အလိုကိုမထေရ်သိ၍ ဤမင်းသားသည် ဤအရပ်မှ ပင်မြင်စေသတည်းဟုဓိဋ္ဌာန်တော်မူ၍ မင်းသားမြင်စဉ် ကောင်းကင်သို့ပျံ၍၊ အသောကာရာမကျောင်း ရေကန်၌ ရေအပြင်၌ရပ်လျက်။ သင်းဝိုင်ကိုရင်း၊ကိုယ်ဝတ်ကိုရင်း၊ကောင်းကင်၌ဆွဲ၍ ရေချိုးတော်မူ၏။ အိမ်ရှေမင်းသည် မထေရ်၏အနေနှင့်ဘော်ကိုမြင်၍ အလွန်လျင် ကြည်ညို၍၊ ယနေ့ပင် ရဟန်းပြုအံ့ဟု အိမ်သို့ ပြန်၍ မင်းကြီးအား။ အရှင်မင်းကြီး၊ အကျွန်ုပ်ရဟန်းပြုပါတော့အံ့ဟူ၍ လျှောက်၏။ မင်းကြီးသည် များစွာသော အကြောင်းတို့ဖြင့် တောင်းပန်တားမြစ်သော်လည်း ထိုညတော်မင်းသားကို ဆုတ်နစ်စိမ့်သောဌါ မတတ်နိုင်ရကား အသောကာရာမကျောင်းသို့သွားသော ခရီးကို တန်ဆာဆင်စေ၍၊ မင်းသားကို ကချေသည်၏အသွင်ကိုယူစေလျက်၊ တန်ဆာဆင်အပ်သော စစ်အင်္ဂါလေးပါးဖြင့်ခြံရံ၍ အသောကာရာမကျောင်းသို့ ဝိုလေ၏။ မင်းသားပျိုသည် ရဟန်းပြုလတ္တံ့ဟုကြား၍။ များစွာသောရဟန်းတို့သည် များစွာသော သဒိတ် သင်္ကန်းတို့ကို စီရင်ကုန်၏။ မင်းသားသည် ကမ္မဋ္ဌာန်းအိမ်သို့သွား၍၊ ယောနကတိုင်းသား မဟာဓမ္မရက္ခိတမထေရ်၏ အထံ၌လျင် မင်းချင်းယောကျ်ားတသိန်းနှင့်တကွ ရဟန်းပြု၏။ အိမ်ရှေမင်း ရဟန်းပြုသည်ကိုအစဉ်စိုက်၍ရဟန်းပြုကြကုန်သောသူတို့သည်ကားအဆုိင်းအခြားမရှိသည်သာလျင်တည်း။ ညီတော်တိဿအိမ်ရှေမင်းသည် စမ္မာ

သောကမင်းကြီးအာဘိသိက်သွန်း၍ လေးနှစ်မြောက်၌ရဟန်းပြု၏။ မင်းကြီး တူတော်ဖြစ်သော၊ သို့တော် သဃ်မိတ္တာ၏ လင်ဖြစ်သော အဂ္ဂိဗြဟ္မာမင်းသားသည်လည်း သဃ်မိတ္တာအား သားတော်သာဘွားကာမျှ၌ အိမ်ရှေ့မင်းရဟန်းပြုပြီဟုကြားလျှင် မင်းကြီးကို နွှင့်တောင်း၍ အနွှင့်ရသဖြင့် ထိုနေ့၌ပင် ရဟန်းပြုလေ၏။ ဤသို့ မင်းချင်းယောကျ်ားတသိန်းနှင့်တကွရဟန်းပြုသောညီတော်တိဿမထေရ်တည်း။ ။

ထိုအမတ်သည်လာ၍ အဂ္ဂဉ်မင်းကြီး၊ ဥပုသ်မပြုထိုသော်မျှသော ရဟန်းတို့၏ ဦးခေါင်းကို ချအပ်ပြီ။ ယခု ညီတော်တိဿမထေရ်၏အလှည့်သို့ ရောက်ပြီ။ အသို့ပြုရအံ့နည်းဟု ကြားလျောက်၏။ ထိုသို့ကြားလျောက်သော စကားကိုမင်းကြီးကြားလျင် ဟယ်အချင်းနှင့်ကိုငါသည် ရဟန်းတို့ကိုသတ်စိမ့်သော့ဂါ စေအပ်သလောဟုဆိုလျက်။ ထိုခဏ၌ သာလျှင် မင်းကြီး၏ကိုယ်၌ ပြင်းစွာဖြစ်သောဟူလွောင်ခြင်းရှိသည်ဖြစ်သောကြောင့်။ ကျောင်းသို့သွား၍၊ အရှင်ဘုရားတို့၊ အကျွန်ုပ်သည် သတ်ချေဟူ၍မစေပါဘဲလျက် အမတ်ဖိုက်သည် ဤသို့ပြုဘိ၏။ ဤမကောင်းမှုသည် အဘယ်သူအားဖြစ်ရာသနည်းဟုမထေရ်ကြီးတို့ကိုမေး၏။ အချို့သောမထေရ်တို့သည် ဤအမတ်သည် သင်္ဃမင်းကြီး၏စကားကြောင့်ပြု၏။ ဤမကောင်းမှုသည် သင်္ဃမင်းကြီး၏အပေါ်၌ဖြစ်၏ဟု ဆိုကုန်၏။ အချို့သောမထေရ်တို့သည်ကား ဤမကောင်းမှုသည် နှစ်ယောက်ကုန်သောသူတို့၏အပေါ်၌ဖြစ်၏ဟုဆိုကုန်၏။ အချို့သောမထေရ်တို့သည် ကားမင်းကြီး၊ကျောင်းသို့သွား၍ရဟန်းတို့ကိုသတ်စေခြင်းငှါဤအမတ်ကို သင်္ဃမင်းကြီးသည် စေသလော။ သင်္ဃမင်းကြီး၌ သတ်စေလိုသောစိတ်ရှိသလောဟု မေးကုန်၏။ ထိုသို့ မေးသော အခါ၊ မင်းကြီးသည် အရှင်ဘုရားတို့၊ အကျွန်ုပ်သည် ရဟန်းတို့ကို သတ်စေထို သေစေလိုသောစိတ်ရှိ၍ စေသည်မဟုတ်၊ အကျွန်ုပ်သည် ကောင်းမှုကိုအလိုရှိ၍သာစေပါ၏။ အညီအညွတ်သံဃာသည်ဥပုသ်ကိုပြုပါစေသတည်းဟုစေပါ၏ဟုလျောက်သော်။ အကယ်၍ သင်္ဃမင်းကြီးသည် ကောင်းမှုကိုသာ အလိုရှိ၍ စေသည်ဖြစ်ပါအံ့။ ဤမကောင်းမှုသည် သင်္ဃမင်းကြီး၏အပေါ်၌မဖြစ်။အမတ်၏အပေါ်၌သာလျှင်ဤမကောင်းမှုသည်ဖြစ်၏ဟုဆိုကုန်၏။ မင်းကြီးသည် မှုလုံးနှစ်ခုဖြစ်၍။ အရှင်ဘုရားတို့၊အကျွန်ုပ်၏

ဤနှလုံးနှစ်ခွကိုဖျောက်၍ သာသနာတော်ကိုချီးမြှောက်ခြင်းငှါစွမ်းနိုင်သောတစုံတယောက်သောရဟန်းသည်ရှိပါအံ့လောဟု မေးလျှောက်၏။ မင်းကြီး၊ အခွင့်မျောင်္ကလိပုတ္တာတိသအမည်ရှိသော မထေရ်သည်ရှိ၏။ထိုမထေရ်ကြီးသည် ဒါယကာမင်းကြီး၏ ဤနှလုံးနှစ်ခွကိုဆုံးဖြတ်၍ သာသနာတော်ကိုချီးမြှောက်ခြင်းငှါစွမ်းနိုင်၏ဟု ရဟန်းတို့ဆိုကုန်၏။ မထေရ်သည် အဘယ်အရပ်၌ရှိလေသနည်းဟု မေးလျှောက်ပြန်သဖြင့်။ ဂင်္ဂါ၏အညာ၌ ရှိတော်မူ၏ဟုဆိုကုန်သော်။ မင်းကြီးသည် ထိုနေ့၌ပင်လျှင် တထောင်တထောင်စီ အခြံအရံရှိကုန်သော လေးပါးကုန်သော ဓမ္မကထိကရဟန်းတို့ကိုဆင်း၊ မင်းကြီးသည် ထိုနေ့၌ပင်လျှင် တထောင်တထောင်စီ အခြံအရံရှိကုန်သော လေးပါးကုန်သော ဓမ္မကထိကရဟန်းတို့ကိုဆင်း၊ မင်းချင်းယောက်ျားအခြံအရံရှိကုန်သော လေးယောက်ကုန်သော အမတ်တို့ကိုဆင်း၊မဖယ်ရှိကိုယူ၍လာကုန်ဟုစေ၏။ ထိုရှစ်ထောင်ရှစ်ယောက်တို့သည်သွားကုန်၍ မင်းသည်ခေါ်၏ဟုဆို့ကုန်၏။ မထေရ်သည်လိုက်တော်မမူ။ နှစ်ကြိမ်မြောက်လည်း မင်းသည် တထောင်တထောင်အခြံအရံ ရှိကုန်သော ရှစ်ပါးကုန်သော ဓမ္မကထိကရဟန်းတို့ကိုဆင်း။ တထောင်တထောင် အခြံအရံရှိကုန်သော အမတ်ရှစ်ယောက်တို့ကိုဆင်းစေပြန်၏။ ထိုတသောင်း ခြောက်ထောင် တကျိပ်ခြောက်ယောက်တို့သည် သွားကုန်၍ မင်းကြီးသည်ခေါ်၏ဟု ဆိုပြန်ကုန်သော် မထေရ်သည်မလိုက်နေပြန်၏။မင်းသည်ရဟန်းတို့ကိုအရှင်ဘုရားတို့၊အကျွန်ုပ်သည် နှစ်ကြိမ်စေအပ်ပါပြီ။အဘယ့်ကြောင့် မထေရ်သည် မလိုက်နေလေသနည်းဟုဆင်း၏။ မင်းသည်ခေါ်၏ဆိုသောကြောင့် မလိုက်သည်။ ရှင်ပင် ဘုရား၊ သာသနာတော်သည် နစ်ခဲ့ပြီ။ သာသနာတော်ကို ချီးမြှောက်ခြင်းငှါ အကျွန်ုပ်တို့အား အခွင့်ပေးတော်မူပါလော့။ ဤသို့လျှောက်သော် မထေရ်သည် ကြွတော်မူရာ၏ဟု ရဟန်းတို့ဆိုကုန်၏။ ထိုအခါမင်းကြီးသည် ရဟန်းတို့ဆိုတိုင်းမှာ၍။ တထောင်တထောင်စီ အခြံအရံရှိကုန်သော တကျိပ်ခြောက်ယောက်သောရဟန်းတို့ကိုဆင်း။ တထောင်တထောင်စီ အခြံအရံရှိကုန်သော တကျိပ်ခြောက်ယောက်သော အမတ်တို့ကိုဆင်းစေပြန်၍။ အရှင်ဘုရားတို့၊မထေရ်သည်ကြိုးရင့်တော်မူပြီလော။ ပဉ္စင်းပျိုပင်ဖြစ်လေသလောဟု ရဟန်းတို့ကိုမေး၏။ အာသက်အရွယ်ကြီးတော်မူပြီဟု ရဟန်းတို့ဆိုကုန်သော်။အရှင်ဘုရားတို့။ ရထားပေါင်းချုပ်ကိုဆင်း၊ထမင်းစင်ကိုဆင်းမိုးတော်မူပါလတ္တံ့လော

ဟုမေးဏ်။ မင်းကြီး၊မစိုးလတ်တံ့ဟူ၍ ဆိုကုန်သော်။ အရှင်ဘုရားတို့၊အာဘယ်အရပ်၌နေသနည်းဟုမေး၍။ မင်းကြီး၊ဂင်္ဂါဏ်အညာ၌နေတော်မူဏ်ဟုဆိုကုန်သော်။အချင်းတို့၊လွေဖေါင်တို့ကိုဘွဲ့၍ ထိုဖေါင်၌မထေရ်ကိုနေစေ၍ကံမနားနှစ်ဘက်တို့၌အဝေစာင့်အရှောက်ကိုစီရင်၍မထေရ်ကိုဆောင်ခဲ့ကုန်လေ့ဟုဆဏ်။ထိုသုံးသောင်း နှစ်ထောင့် သုံးကျိပ် နှစ်ယောက်ကုန်သောတမန်တို့သည် သွားလေကုန်၍။ မင်းကြီးဏ်သတင်းစကားကိုကြားလျှောက်ကုန်ဏ်။အရှင်မောဂ္ဂလိပုတ္တတိဿမထေရ်သည် ထိုသတင်းစကားကိုကြား၍။အကြင်ငါသည် ရှေးဦးကလျှင် သာသနာတော်ကိုချီးမြှောက်အံ့သောငှါသာရဟန်းပြုဏ်။ထိုငါ့အား ယခုသာသနာတော်ကို ချီးမြှောက်ရအံ့သောအခါ ရောက်ပြီဟူ၍ စမ္မခဏ်နေရာထိုင်ကိုယူ၍ထဏ်။ထိုရောအခါ မထေရ်သည် ပါဠလိပုဟ်ပြည်သို့နက်ဖြန်မိုးသောက်၊ ရောက်လတ်တံ့သောညဉ့်၌ အလုံးစုံပြုသောဆင်ပြောင်ကြီးသည်လာ၍ မင်းကြီးဦးခေါင်းမှစ၍ သုံးသပ်၍ လက်ျာလက်၌ကိုင်သည်ဟု မင်းကြီးအိပ်မက်မြင်နှင့်၍။ နက်ဖြန်မိုးသောက်ထ၌ အိပ်မက်ဘတ်တတ်ကုန်သော ပုရောဟိတ်တို့အားကြားသော်။ အရှင်မင်းကြီး၊ရဟန်းတည်းဟူသောဆင်ပြူသည် ရှင်မင်းကြီးဏ်၏ လက်ျာလက်တော်ကို ကိုင်လတ်တံ့ဟူ၍ အိပ်မက်ကိုဘတ်ကုန်ဏ်။ ထိုခဏာ၌လျှင် မထေရ်ရောက်လာပြီဟု ကြား၍၊ ဂင်္ဂါနဒီသွားပြီးလျှင် ရေသို့သက်၍ မင်းကြီး ခရီးဦးကြို့သော် ပုဆစ်ဒူးမျှလောက်သောရေ၌ မထေရ်ကို မြို၍၊ လွေမှသက်သောမထေရ်အားကိုင်စိမ့်သောဌါ လက်ျာလက်ကိုပေးဏ်။ မထေရ်သည်လည်း ဤမင်းသည် ငါ့ကို ပြုသနာပေးလတ်တံ့သည်ဖြစ်သောကြောင့် အနွေ့ဝါသိကပဒ်ဖြစ်လတ်တံ့ဟု နှုလုံးသွင်းတော်မူ၍ မင်းကြီးဏ်၏လက်ကိုကိုင်တော်မူဏ်။ မင်းကြီးဏ်၏ ထားထမ်းသောယောကျ်ားတို့သည်လည်း။ မင်းဏ်၏လက်ကို သုံးသပ်သောသူဏ်၏ ဦးခေါင်းကို ထားဖြင့်ချမြှဘ်အလေ့အကျက်ဖြစ်သောကြောင့်။ မထေရ်ဏ်၏ဦးခေါင်းကို ချအံ့ဟုကြို၍ အဘိမမှသန်လျက်ကိုနှတ်ဏ်။ ထိုသို့နှတ်သောအရိပ်ကို ရှေ့၌မင်းကြီးဖြင့်၍ ငါသည် ရှေးအခါဝယ် ရဟန်းတို့၌ဥစ္စာတ်ယွင်းသောအမှုကြောင့်သက်သာရာကိုမျှမရ။ယခုအခါလည်း မထေရ်၌မစွတ်ယွင်းဟိုစေကုန်လင့်ဟုမင်းကြီးဆို၍။ မင်းကြီးသည် မထေရ်ဘုံပိမိဥယျာဉ်သို့ဆောင်၍ ဥယျာဉ်အပမှသုံးဆပ်ရံစေလျက်အစောင့်အရှောက်ကိုထား

၍ မင်းကြီးကိုယ်တိုင်ပင်မထေရ်၏ခြေတို့ကိုဆေးပြီးလျှင် ဆီဖြင့်လိမ်း သုတ်၍ မထေရ်၏အာထံ၌ နေ၍။ မထေရ်သည် ငါ၏ယုံမှားသော်ကာကို ဖြတ်လျက်၊ ဖြစ်သောအဓိကရဏ်းကိုပြိမ်းစေ၍ သာသနာတော်ကိုဝိုး မြောက်အံ့သောငှါ စွမ်းနိုင်လတ္တံ့လောဟု အလိုစမ်းလိုသဖြင့်။ ဤပင် ဘုရား၊အာကျွန်ုပ်သည် တခုသောပြောဒိုဟာကိုမြင်လိုပါ၏ဟုလျှောက်၏။ မင်းကြီး၊အဘယ်သို့သောပြောဒိုဟာကိုမြင်လိုသနည်းဟုမေး၍။ မြေလှုပ် ခြင်းကို မြင်လိုပါ၏ဟု လျှောက်သော်။ မင်းကြီး၊ အလုံးစုံသောမြေ၏ လှုပ်ခြင်းကိုတည်း မြင်လိုသလော။ တစိတ်သော မြေ၏ လှုပ်ခြင်းကို တည်းမြင်လိုသလောဟု မေးတော်မူ၍။ ဤပင်ဘုရား၊ အဘယ်မြေလှုပ် ခြင်းကိုပြုနိုင်ခဲမည်နည်းဟုလျှောက်သော်။ မင်းကြီး၊ဧရေဖြင့်ပြည့်သော လင်ပန်း၌ အလုံးစုံသောရေ၏လှုပ်ခြင်းကိုပြုနိုင်ခဲသလော။ ထက်ဝက် သောရေ၏လှုပ်ခြင်းကို ပြုနိုင်ခဲသလောဟု မေးတော်မူ၍၊ ထက်ဝက် သောရေ၏လှုပ်ခြင်းကိုပြုနိုင်ခဲ၏ဟု လျှောက်သော်။ ထိုကဲ့သို့ဂုဏ်း မင်း ကြီး၊ တစိတ်သောမြေ၏လှုပ်ခြင်းကိုပြုနိုင်ခဲ၏ဟု ပိန့်တော်မူသဖြင့်။ ထို သို့တပြီးကား ဤပင်ဘုရား၊ တစိတ်သောမြေ၏ လှုပ်ခြင်းကိုမြင်လိုပါ၏ ဟုလျှောက်၏။ ထိုသို့တပြီးကား၊ မင်းကြီး၊ ထက်ဝန်းကျင်မှတယူဇနာ ရှိသောအရပ်၌။ အရှေ့မျက်နှာ၌ လှည်းဘီး‌တဘီးဖြင့် အဝိုင်းအခြားကို နင်း၍ ရထားကိုတည်စေ။ တောင်မျက်နှာ၌ခြေနှစ်ချောင်းတို့ဖြင့်အဝိုင်း အခြားကိုနင်း၍ မြင်းကိုတည်စေ။ အနောက်မျက်နှာ၌ ခြေတဘက်ဖြင့် အဝိုင်းအခြားကိုနင်း၍ လူကိုရပ်စေ။ မြောက်မျက်နှာ၌ ထက်ဝက်သော အဘို့ဖြင့် အဝိုင်းအခြားကိုနင်း၍ ရေပြည့်သောလင်ပန်းကိုတည်စေဟု ပိန့်တော်မူ၏။ ထိုသို့ ပိန့်တော်မူတိုင်း မင်းကြီးသည်ပြုစေ၏။ မထေရ် သည် အဘိညာဉ်၏အခြေဖြစ်သော၊ စတုက္ကနည်းအားဖြင့် ရူပါဝစရ ကြိုယာစတုတ္ထဈာန်ကိုဝင်စား၍ ထိုဈာန်မှထ၍၊ မင်းသည် မြင်စေသ တည်းဟုဓိဋ္ဌာန်တော်မူ၍တစိတ်သောမြေ၏လှုပ်ခြင်းကိုဆောက်တည် တော်မူ၏။ အရှေ့မျက်နှာ၌အဝိုင်းအခြား၏အတွင်း၌တည်သောရထား လှည်းဘီးသည်သာလှုပ်၏။ကာဘက်သောလှည်းဘီးသည်မလှုပ်။တောင် မျက်နှာ၌၊ အနောက်မျက်နှာ၌၊ မြင်းလူတို့၏ အဝိုင်းအခြား အတွင်း၌ တည်ကုန်သော်ခြေတို့ဃာ လှုပ်ကုန်၏။ ပြင်၌တည်ကုန်သော ခြေတို့ သည်မလှုပ်ကုန်။ မြောက်မျက်နှာအရပ်၌ဟူသော်သာလင်ပန်း၌ အဝိုင်း

အခြားဇ၏အတွင်းဠီတည်သော ထက်ဝက်သောရေသည်သာတုန်လှုပ်
ဇ၏။ ကြွင်းသောရေသည် မတုန်မလှုပ်သည်ဖြစ်ဇ၏။ မင်းကြီးသဲည် ထို
ပြာဒိုဟာကိုဖြင့်၍ မထေရ်သည် သာသနာတော်ကို ချီးမြှောက်ခြင်းဌါ
တတ်နိုင်လတ္တံ့.ဟူ၍ဆုံးဖြတ်ခြင်းသို့ရောက်၍မိမိအလိုလိုကိုမေးဇ၏။အရှင်
ဘုရား၊ အကျွန်ုပ်သည် အမတ်တယောက်ကို ကျောင်းသို့သွား၍ အဓိ
ကရဏ်းကိုငြိမ်းစေ၍ ဥပုသ်ပြုစေလေ့ဟူ၍ စေပါဇ၏။ ထိုအမတ်ဖိုက်
သည်ကျောင်းသို့သွား၍ ဤမျှလောက်သောရဟန်းတို့ကိုအသက်မွေ့ခဲ့
ဇ၏။ ဤမကောင်းမှုသည်အဘယ်သူအားဖြစ်အံ့နည်းဟုလျှောက်ဇ၏။ မင်း
ကြီး၊ဤအမတ်သည်ကျောင်းသို့သွား၍ရဟန်းတို့ကိုသတ်စေသတည်း
ဟုစိတ်ရှိသဖြေဟုမေးတော်မူ၍။မရှိပါအရှင်ဘုရားဟုလျှောက်သော်။
မြတ်သောမင်းကြီး၊ သင်မင်းကြီးအား ဤသို့စိတ်သည်မရှိအံ့။ သင်မင်း
ကြီးအား မကောင်းမှုသည်မရှိဟုမိန့်တော်မူ၍။ စေတနာဟံဘိက္ခဝေ
ကမ္မံဝဒါမိ။ အစရှိသောသုတ္တန်ပါဠိဖြင့် မင်းကြီးကိုသိစေဇ၏။ အဓိပ္ပါယ်
ကား။ချစ်သားရဟန်းတို့၊စေတနာကိုကံဟူ၍ငါဟောတော်မူဇ၏။ကိုယ်
ဖြင့်ရင်း၊ နှုတ်ဖြင့်ရင်း၊ စိတ်ဖြင့်ရင်း၊ စေ့ဆော်၍ ကောင်းမှု မကောင်းမှု
ကံကိုပြုဇ၏ ဟူလိုသည်။ ထိုနောင်မှ ထိုစိတ်မရှိသော် အပြစ်မရှိသော
အကြောင်းကို ထင်ရှားပြအံ့သောငှါ။ တိတ္တိရဇာတ်ကိုဆောင်တော်မူ
ဇ၏။ မြတ်သောမင်းကြီး၊ လွန်လေပြီးသောအခါ၌ ဒီပကအမည်ရှိသော
ခါသည်။ ငါတို့ဘုရားလောင်းရှင်ရသေ့ကိုမေးဇ၏။ ရှင်ရသေ့၊အကျွန်ုပ်
ရှိသည်ဟု များစွာကုန်သော အကျွန်ုပ်၏အဆွေအမျိုးဖြစ်သော ခါတို့
သည် လာကုန်သော်။ အကျွန်ုပ်၏ အဆွေအမျိုးဖြစ်ကုန်သော ခါများ
သည် သေခြင်းသို့ရောက်ဇ၏။ ထိုသို့သေရာ၌ အကျွန်ုပ်သည်၊ ငါ့အား
ဤမကောင်းမှုသည် ဖြစ်မည်လောမဖြစ်မည်လောဟု ယုံမှားသင်္ကာရှိ
ဇ၏ဟုလျှောက်သော်။ ဘုရားလောင်းရှင်ရသေ့မိန့်ကြားတော်မူဇ၏။ အိုခါ၊သင်
အားငါ၏အသံကိုကြားသဖြင့်၊ငါ၏အဆင်းကိုမြင်သဖြင့်၊ ငါ၏အဆွေ
အမျိုးခါတို့သည် လာကုန်၍ သွတ်၌မိစေကုန်သတည်း၊ သေစေကုန်
သတည်းဟူ၍ စိတ်ရှိသလောဟု မေးဇ၏။ မရှိပါဘုရားလျှောက်ထားလေ၏။ အ
ကယ်၍သင့်အားစိတ်မရှိအံ့၊ မကောင်းမှုသည်သင့်အားမရှိဟုဆိုတော်
မူဇ၏။ ထိုကြောင့် သင်မင်းကြီးအား ရဟန်းတို့ကိုသတ်စေလိုသောစိတ်
မရှိသော် မကောင်းမှုသည် သင်မင်းကြီးအား မရှိဟူ၍ မိန့်တော်မူပြီး

လျှင် ဖဇေထရိသည်ထိုဥယျာဉ်နှင့်ပင် ချနစ်ရက်ပတ်လုံးနေတော်မူ၍ မင်း ကြီးအားအယူကိုသင်စေ၏။ ။

မင်းကြီးသည် ချနစ်ရက်မြောက်သောနေ့၌၊ ပါဒုလိုပုတ်ပြည်၌ ရှိ သည့်ရဟန်းသံဃာတို့ကိုစည်းဝေးစေ၍၊ တင်းထိမ်ကာရံစေ၍၊ ဘင်း ထိမ်တွင်း၌နေလျက်၊တူသောအယူရှိကုန်သောရဟန်းတို့ကို တပေါင်း ကည်း တပေါင်းတည်းပြု၍။ တစုတစုသော ရဟန်းအပေါင်းကို ခေါ် စေ၍။မြတ်စွာဘုရားသည်အဘယ်သို့အယူရှိသနည်းဟုမေး၏။ သဿ တဝါဒီအယူရှိကုန်သောတိတ္ထိတို့သည် သဿတအယူရှိ၏ဟု ဆိုကုန် ၏။အချို့သောသတ္တဝါသာမြဲ၏ဟုအယူရှိကုန်သောတိတ္ထိတို့ကား မြတ် စွာဘုရားသည် ငကွေ့သဿတဝါဒီ အယူရှိ၏ဟုဆိုကုန်၏။ အနှာနန္တိ ကစသော ထိုထိုသို့သောအယူရှိကုန်သောတိတ္ထိတို့သည် ပဒပဒပဒိတို့၏ အယူသို့လိုက်၍၊ မြတ်စွာဘုရားသည် အနှာနန္တိက အယူရှိ၏။ အမရာ ဝိက္ခေပိက အယူရှိ၏။ အဓိစ္စသမုပ္ပန္နိက အယူရှိ၏။ ဤသို့အစရှိသည် ဖြင့်ဆိုကုန်၏။ မင်းကြီးသည် ဂျုံးဦးစွာ အယူကိုသင်အပ်ပြီးသည်ဖြစ် သောကြောင့်။ ဤသူတို့သည် ရဟန်း မဟုတ်ကုန်။ သာသနာတော်မှ အပဖြစ်ကုန်သောအညတိတ္ထိတ်တည်းဟုသိ၍ ထိုတိတ္ထိတို့ကို အဝတ် ဖြူတို့ကိုပေး၍လူထွက်စေကုန်၏။ထိုအလုံးစုံတို့သည် ခြောက်သောင်း မျှရှိသည်ဖြစ်ကုန်၏။ ထိုနောက်မှ တပါးသောရဟန်းတို့ကိုခေါ်စေ၍။ အခွင့်ဘုရားတို့၊ မြတ်စွာဘုရားသည် အဘယ်အယူ ရှိတော်မူသနည်း ဟုမေးတော်မူ၏။ မြတ်သောမင်းကြီး၊ ဝိဘဇ္ဇဝါဒီအယူရှိ၏ဟု ဆိုကုန် ၏။ ဤသို့ဆိုသော်မင်းကြီးသည် အခွင့်မောဂ္ဂလိပုတ္တတိဿမထေရ်ကို မေး၏။ အခွင့်ဘုရား၊မြတ်စွာဘုရားသည် ဝိဘဇ္ဇဝါဒီအယူရှိသလောဟု မေး၏။မြတ်သောမင်းကြီး၊ထြေဟုတ်၏ဟုဖိန့်တော်မူ၏။ ထိုနောက်မှ မင်းကြီးသည် အခွင့်ဘုရားတို့၊ ယခုအခါ၌ သာသနာတော်သည် စင် ကြယ်ပါပြီ။ ရဟန်းသံဃာသည် ဥပုသ်ကိုပြုကောင်မူပါစေသတည်းဟု လျှောက်၍ အစောင့်အရှောက်ကိုပေး၍ မြို့သို့ဝင်လေ၏။ သံဃာသည် အညီအညွတ် စည်းဝေး၍ ဥပုသ်ပြု၏။ ထိုအစည်းအဝေး၌ တသိန့်း ခြောက်သောင်းကုန်သောရဟန်းတို့သည်ဖြစ်ကုန်၏။ ထိုအစည်းအဝေး၌ အခွင့်မောဂ္ဂလိပုတ္တတိဿမထေရ်သည် ပရပ္ပဝါဒကိုနှိပ်နင်း၍ ကထာ ဝတ္ထုကျမ်းကို ဟောတော်မူ၏။ ထိုနောက်မှ တသိန့်းခြောက်သောင်း

ကုန်သောရဟန်းတို့တွင် ရွေးချယ်၍၊ ပိဋကတ်သုံးပုံဟု ဆိုအပ်သော ပရိယတ္တိကိုဆောင်ကုန်သော၊ အပြားနှင့်ကပ္ပ ပဋိသန္ဓေဒါလေးပါးသို့ ရောက်ကုန်သော၊ ဝိဇ္ဇာသုံးပါးအစရှိသော အပြားရှိကုန်သောရဟန်း တထောင်ကို ယူ၍၊ အရှင်မဟာကဿပသည်ရင်း၊ အရှင်မဟာယသသည်ရင်း၊ သုတ်အဘိဓမ္မာကိုရင်း၊ ဝိနည်းကိုရင်း၊ သင်္ဂါယနာတင်ကုန်သကဲ့သို့။ ထိုအတူ သုတ်အဘိဓမ္မာကိုရင်း၊ ဝိနည်းကိုရင်း သင်္ဂါယနာတင်ကုန်၏။ အလုံးစုံသောသာသနာတော်၏ အညစ်အကြေးကို သုတ်သင်၍ တတိယသင်္ဂါယနာကို ပြုတော်မူ၏။ သင်္ဂါယနာတင်ပြီးသော အဆုံး၌ ဤမြေကြီးသည် ရေအဆုံး ရှိသည်ကို ပြု၍ အကြိမ် များစွာ ကောင်းချီးပေးသောအခြင်းအရာဖြင့် ပြင်းစွာလှုပ်၏။ ဤတတိယသင်္ဂါယနာတင်ခြင်းသည် ကိုးလတို့ဖြင့်ပြီး၏၊ ဝါဆိုလပြည့် ပြီးသည်ဟူ၏။ ဤတတိယသင်္ဂါယနာ တင်သောနှစ်ကား မြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုတော်မူသည်မှ အနှစ် ၂၃၅ နှစ်တွင်စ၍ တင်သည်။ ၂၃၆ နှစ်တွင်ပြီး၏။ ဤတတိယ သင်္ဂါယနာ တင်သောနှစ်၌ အရှင်မဟာမောဂ္ဂလိပုတ္တတိဿမထေရ်အသက်တော် ၇၂ နှစ်ရှိတော်မူ၏။ ။

၁၀၁။ တတိယသင်္ဂါယနာတင်ပြီးနောက်၊ ရှင်မောဂ္ဂလိပုတ္တတိဿထေရ်သည်မဇ္ဈန္တိကထေရ်စသောမထေရ်တို့ကို၊ ကိုးတိုင်း ကိုးဌာနသို့သာသနာပြုစေလွှတ်တော်မူသည်ကိုပြုရာ။

ဤသို့တတိယသင်္ဂါယနာတင်ပြီးသောအခါ၌ အရှင်မဟာမောဂ္ဂလိပုတ္တတိဿ မထေရ်အား ဤသို့သော အကြံသည် ဖြစ်၏။ နောင်အခါ အဘယ်အရပ်၌ သာသနာတော်သည် ကောင်းစွာ တည်ပါလတ္တံ့နည်း ဟုအကြံတော်ဖြစ်၏။ ထိုသို့အကြံတော်ဖြစ်သဖြင့် အာကာသလွန်ခြင်းတော်မူသောမထေရ်အား မဇ္ဈိမဒေသမှ ပြင်ဖြစ်သော ဓနပုဒ်တို့၌ သာသနာတော် ကောင်းစွာ တည်သည် ဖြစ်လတ္တံ့ဟု မြင်တော် မူ၍၊ ထိုထိုသို့သောရဟန်းတို့အားဝန်ကိုပြု၍။ ထိုထိုရဟန်းတို့ကို ထိုထိုသို့သောအရပ်တို့သို့ ငါးပါးငါးပါးစီစေလွှတ်တော်မူ၏။ မဇ္ဈန္တိကမထေရ်ကို ကသ္မီရဂန္ဓာရရဋ္ဌသို့စေတော်မူ၏။ သင်ဿည် ထိုတိုင်းသို့သွား၍ ထိုတိုင်း၌ သာသနာတော်ကို တည်စေလော့ဟု၍ စေ၏။ မဟာရေဝ

မထေရ်ကို ထိုအတူဆို၍ မဟိံသကမဏ္ဍလသို့စေတော်မူ၏။ ရက္ခိတ မထေရ်ကို ဝနဝါသိသို့စေတော်မူ၏။ ယောနကမဓမ္မရက္ခိတမထေရ်ကို အပရန္တကတိုင်းသို့ စေတော်မူ၏။ မဟာဓမ္မရက္ခိတမထေရ်ကို မဟာရဋ္ဌသို့ စေတော်မူ၏။ မဟာဓရက္ခိတ မထေရ်ကို ယောနကလောကသို့ စေတော်မူ၏။ (ယောနကလောကဟူသည်ကား ပန်းသေးတို့ပြည်ဟူ၏)။ မဇ္ဈိမထေရ်ကို ဟိမဝန္တာဒေရပ်အဘို့သို့ စေတော်မူ၏။ သောဏ မထေရ်၊ ဥတ္တရမထေရ်တို့ကို သုဝဏ္ဏဘူမိသို့စေတော်မူ၏။ မိမိ၏သဒ္ဓိ ဝိဟာရိကဖြစ်သော အရှင်မဟိန္ဒ မထေရ်ကို၊ ဣဋ္ဌိယမထေရ်၊ ဥတ္တိယ မထေရ်၊ သမ္ဗလမထေရ်၊ ဘဒ္ဒသာလ မထေရ်တို့နှင့် တကွ တမ္ဗပဏ္ဏိ သိဟိုဠ်ကျွန်းသို့စေတော်မူ၏။ သင်တို့သည် သိဟိုဠ်ကျွန်းသို့သွား၍ ထို သိဟိုဠ်ကျွန်းဒွီ သာသနာတော်ကို တည်စေလော့ဟူ၍ စေတော်မူ၏။ ထိုအလုံးစုံသော မထေရ်တို့သည် ထိုထိုသို့သော အရပ်တို့သို့ သွားကုန်သည်ရှိသော်၊ ပစ္စန္တဇနပုဒ်တို့ဒွီ ငါးယောက်ရှိသော ဂိုဏ်းသည် ဥပသမ္ပဒကံအား လျော်ပတ်ဖို့ဟူ၍ မှတ်ကုန်လျက် မိမိကိုယ်လျှင် ငါးယောက်မြောက်ဖြစ်ကုန်၍သွားလေကုန်၏။ ။

(၁) ထိုအခါ ကဿပရဂန္ဓာရတိုင်းဒွီ ကောက်မှည့်သော အခါဒွီ။ အရဝါဠမည်သောနဂါးမင်းသည်ရှောက်ရှာဖိုလမ်းကိုရှာစေ၍။ကောက် ကိုဖိုလမ်းရသည်အပေါဉ်ဖြင့်ဆောင်စေ၍ သမုဒ္ဒါသို့ရောက်စေ၏။ မရှိမီ ကမထေရ်သည် မိမိကိုယ်လျှင် ငါးယောက်မြောက်ဖြစ်၍ ပါဠလိပုတ် ပြည်မှ ကောင်းကင်သို့ပျံတက်၍၊ဟိမဝန္တာ အရဝါဠအိုင်၏အထက်ဒွီ သက်၍၊ ရေအပြင်ဒွီစက်ဘီသွား၏။ ရပ်၏၊ ထိုင်၏၊ အိပ်ခြင်းလျောင်းခြင်း ကိုပြု၏။ နဂါးလုလင်တို့သည်မထေရ်ကိုမြင်၍ အရဝါဠနဂါးမင်းအား ကြားကုန်၏။ မြတ်သောမင်းကြီး၊ပြတ်သောပျက်သောပုဆိုးကိုဆောင် သော၊ဖြေ့တော့သောအင်္ကျီဆင်းရှိသောအဝတ်ကိုဝတ်သော၊တယောက် သော်သူသည်။ ငါတို့၏ရေကို ဗျက်ဆီး၏ဟု ကြား၏။ နဂါးမင်းသည် ထိုခဏ ချင်းလျှင် အမျက်ဖြင့် နှိပ်စက်သည် ဖြစ်၍၊ ဇနပုမှ ထွက်၍၊ မဇ္ဈိမထေရ်ကိုမြင်၍၊ ဇနပုဂိုဏ်းသည်းမခံနိုင်သည်ဖြစ်၍၊ ကောင်းကင်ပြင် ဒွီ ကြောက်မက်ဖွယ်များစွာတို့ကို ဘန်ဆင်း၏။ ထိုထိုသို့သော အရပ် တို့မှ ပြင်းစွာသောလေတို့သည်လာကုန်၏။ သစ်ပင်တို့သည် ကျိုးကုန် ၏။ တောင်ကွတ်တို့သည်ကျကုန်၏။ ရိပသ်းတို့သည်ကြိုးကုန်၏။ လျှပ်စစ်

တို့သည် ပြိုးပြိုးပြက်ထွက်ကုန်၏။ ဗိုလ်းကြိုးစက်တို့သည် ကဲ့ကုန်၏။ ကောင်းကင်ကွဲသကဲ့သို့ ရေအယဉ်စီး၏။ ကြောက်မက်ဖွယ်သော အာရုပ်ဂိုကုန်သော နဂါးလုလင်တို့သည် စည်းဝေးကုန်၏။ မိမိလည်းအခိုးလွှတ်၏။ အလျှံတောက်၏။ လက်နက်ဗိုလ်းတို့ကို လွှတ်၏။ ပြတ်သော ပျက်သောပုဆိုးကိုဆောင်သော ဤဦးခေါင်းပြည်းသည် အသူနည်းဟု ဤသို့အစရှိသောကြမ်းကြုတ်စွာသောစကားတို့ဖြင့် မထေရ်တို့ကိုခြိမ်းခြောက်၏။ အချင်းတို့၊ လာကုန်လော့၊ ဤရဟန်းကိုဘမ်းကုန်လော့၊ သတ်ကုန်လော့၊နှင်ထုတ်ကုန်လော့ဟု နဂါးဗိုလ်ပါတို့ကို စေ၏။ မဏ္ဍိန်ကမထေရ်သည် အလုံးစုံသောထိုကြောက်မက်ဖွယ်ကို ဗိမိ၏တန်းခိုးဖြင့်တားမြစ်၍နဂါးမင်းကိုဆို၏။ နဂါးမင်း၊ နတ်နှင့်တကွသောလူသည် လာ၍ငါ့ကို ချောက်ငြားအံ့။ ငါ့အား ကြောက်ခြင်းကိုဖြစ်စေခြင်းငှါ မစွမ်းနိုင်သည်သာဖြစ်၏။ အလုံးစုံသောမြွေတို့ကို အစိုးရသောနဂါးမင်း၊ အကယ်၍လည်း သင်သည် သမုဒ္ဒရာနှင့်တကွ၊ တောင်နှင့်တကွဖြစ်သော အလုံးစုံသောမြေကို ငါ၏အထက်၌ချငြားအံ့။ ငါ့အား ကြောက်ခြင်းကိုဖြစ်စေခြင်းငှါမကတ်နိုင်ရာ။ စင်စစ်ကား သင့်အားသာလျှင် ပင်ပန်းခြင်းသည်ဖြစ်ရာ၏ဟုဆို၏။ဤသို့မထေရ်ဆိုတော်မူသည်ရှိသော်။ နဂါးမင်းသည် ကြောင်သော အာနုဘော်ရှိသည်ဖြစ်၍၊ အကျိုးမဲ့လုံ့လပြုခြင်းရှိသည်ဖြစ်၍၊ နှလုံးမသာယာသည်ဖြစ်၏။ ထိုနဂါးမင်းကို မထေရ်သည် ထိုခဏ၌ လျော်ကန်သော တရားစကားဖြင့် ကောင်းစွာပြ၍၊ ဆောက်တည်စေ၍၊ထက်စေ၍၊ ရွှင်စေ၍၊သရဏာကုံသုံးပါးတို့၌ဌိတ်စေခြင်း၊ ပဉ္စသီလခြင်းတည်စေ၏။ ရှစ်သောင်းလေးထောင်သော နဂါးတို့နှင့်တကွဖြစ်သော နဂါးမင်းကို သရဏာကုံပဉ္စသီတို့၌ တည်စေပြီး၍။ ဟိမဝန္တာဒ္ဒေ နေကုန်သော နဂါးတို့မှ တပါးကုန်သော၊ ဘိလူး၊ ကုမ္ဘဏ္ဍ၊ ဂန္ဓဗ္ဗနတ်၊ ရက္ခိုသ်တို့သည်လည်း မထေရ်၏ တရားစကားကို ကြား၍၊ သရဏာကုံ ပဉ္စသီတို့၌ တည်ကုန်၏။ ပဉ္စကအမည်ရှိသော်ဘိလူးသည်လည်း မယားဖြစ်သော ဘိလူးမနှင့်၎င်း၊ငါးရာကုန်သောသားယောကျ်ားဘိလူးတို့နှင့်၎င်း တကွသောတာပတ္တိဖိုလ်၌တည်လေ၏။ အခါဝင်မဏ္ဍိန်ကမထေရ်လည်း အလုံးစုံကုန်သော နဂါး၊ ဘိလူး၊ ရက္ခိုသ်၊ ကုမ္ဘဏ်တို့ကို ခေါ်၍။ ဤအခါမှ အထံတ်၌၊ခြေး၌ကဲ့သို့ အမျက်ထွေက်ခြင်းကို သင်တို့သည်မဖြစ်စေကုန်လင့်။ကောက်ကိုဖျက်ခြင်းကိုလည်းမပြုကုန်လင့်။ခပ်သိမ်းသောသတ္တဝါ

တို့သည် ချမ်းသာခြင်းကိုအလိုရှိကုန်၏။ သတ္တဝါတို့၌ ချစ်ခြင်းမေတ္တာကံပြုကုန်လော့။ လူတို့သည် ချမ်းသာစွာနေပါစေကုန်ဟူ၍ မထေရ်ဆိုတော်မူ၏။ ထိုအလုံးစုံသောသူတို့သည်လည်း ကောင်းပြီဝန်ခံ၍ ဆုံးမတော်မူတိုင်းကျင့်ကုန်၏။ ထိုနေ့၌ပင်လျှင် နဂါးမင်းအား ပူဇော်သောအခါသည်ဖြစ်၏။နဂါးမင်းသည်ရတနာဖြင့်ပြီးသောမိမိနေရာပလ္လင်ကိုဆောင်စေ၍မထေရ်အားခင်း၏။ မထေရ်လည်းနေတော်မူ၏။ နဂါးမင်းသည် မထေရ်ကိုယပ်ခပ်လျက်အနီးဒ္ဌိတည်၏။ထိုခဏ၌ကသို့ရဂန္ဓာရတိုင်းဒ္ဌနေကုန်သောသူတို့သည်လာကုန်သော် မထေရ်ကိုမြင်၍၊ ငါတို့နဂါးမင်းထက်လည်း မထေရ်သည် တန်းခိုးကြီးတော်မူ၏ဟု မထေရ်ကိုရိုသေ၍နေကုန်၏။မထေရ်သည်ထိုသူတို့အား အာသီဝိသောပမသုတ်ကိုဟောတော်မူ၏။ သူတို့နှင့်ကိုဟောတော်မူသောအဆုံး၌ ရှစ်သောင်းသော ဝေနေယျတို့သည် သစ္စာလေးပါး တရားကို သိသည်ဖြစ်၍ အကျွတ်တရားရကြကုန်၏။ တသိန်းသော အမျိုးသားတို့သည် ရဟန်းပြုကုန်၏။ ထိုနေ့မှစ၍ ယနေ့ထက်တိုင်အောင် ကသို့ရဂန္ဓာရတိုင်းသည် သင်္ကန်းရောင်ဖြင့်တောက်ပ၏။ရဟန်းတို့၏ဟန်ပန်လေဖြင့် ထက်ဝန်းကျင်မှ လာ၏။ ။(j)မဟာရေဝမထေရ်သည်လည်း မဟိံသကမဏ္ဍလသို့သွား၍ ဒေဝဒူတသုတ်ကိုဟောတော်မူ၏။ လေးသောင်းကုန်သော သတ္တဝါတို့သည် သောတာပတ္တိမဂ်ဉာဏ် တည်းဟူသော ဓမ္မစက္ခုကိုရကုန်၏။ လေးသောင်းသော အမျိုးသားတို့သည် ရဟန်းပြုကုန်၏။ ။(၃)ရက္ခိတမထေရ်သည် ဝနဝါသီသို့ကြွ၍၊ကောင်းကင်ပြင်၌ရပ်တော်မူ၍။ အနမတဂ္ဂသုတ္တန်ဒေသနာတော်ဖြင့် ဝနဝါသီ၌နေကုန်သောသူတို့ကို ကြည်ညိုစေ၏။ ဒေသနာတော်၏အဆုံး၌ ခြောက်သောင်းကုန်သော သူတို့အား အမြိုက်တရားရခြင်းသည်ဖြစ်၏။ ချန်စ်သောင်းမျှလောက်သောသူတို့သည်လည်း ရဟန်းပြုကုန်၏။ဤသို့လျှင် ထိုအရှင်ရက္ခိတမထေရ်သည် ဝနဝါသီအရပ်၌သာသနာတော်ကိုတည်စေ၏။ ။(၄)ယောနကမဇ္ဈရက္ခိတ မထေရ်သည် အပရန္တတိုင်းသို့သွား၍၊အဂ္ဂိက္ခန္ဓောပမသုတ္တန်တရားဒေသနာတော်ဖြင့် အပရန္တတိုင်းဒ္ဌိနေကုန်သော သူတို့ကို ကြည်ညိုစေ၍။ ချန်စ်သောင်းသော ဝေနေယျတို့အား တရားအမြိုက်တိုက်ကျွေးတော်မူ၏။ မင်းမျိုးမှပင် ယောကျ်ားမာထောင်တို့သည်ရဟန်းပြုကုန်၏။ အမျှမလွန်ကုန်သောခြံထောင်

သောဓိန်းမတို့သည်လည်း ရဟန်းပြုကုန်၏။ ဤသို့လျှင် ယောနကဓမ္မ ရက္ခိတ မထေရ်သည် အပရန္တတိုင်းဥစ္စီ သာသနာတော်ကို တည်စေ၏။ ။(၅)မဟာဓမ္မရက္ခိတမထေရ်သည်မဟာရဋ္ဌတိုင်းကြီးသို့သွား၍။ မဟာနာရဒကဿပဇာတ်ကို ဟောတော်မူသဖြင့် မဟာရဋ္ဌတိုင်းသားတို့ကို ကြည်ညိုစေ၍။ ဂုစ်သောင်းဂဠုန်းထောင်ကုန်သော ဝေနေယျတို့အား မဂ်ဖိုလ်တို့၌ တည်စေ၏။ တသောင်းသုံးထောင်ကုန်သော အမျိုးသားတို့သည် ရဟန်းပြုကုန်၏။ ဤသို့ မဟာဓမ္မရက္ခိတမထေရ်သည်ထိုမဟာရဋ္ဌတိုင်း၌သာသနာတော်ကိုတည်စေ၏။ ။(၆)မဟာရက္ခိတမထေရ်သည် ယောနကတိုင်းသို့ သွား၍။ ကာဠကာရာမသုတ်ကိုဟောတော်မူသဖြင့် ယောနကတိုင်းသားတို့ကို ကြည်ညိုစေ၍။ တသိန်းခုနစ်သောင်းကုန်သော ဝေနေယျတို့အား မဂ်ဖိုလ်တည်းဟူသောတန်ဆာကို ပေးတော်မူ၏။ ထိုမဟာရက္ခိတမထေရ်၏ အထံ၌လည်း တဂဂသောင်းကုန်သော အမျိုးသားတို့သည် ရဟန်းပြုကုန်၏။ ဤသို့လျှင် ထိုမဟာရက္ခိတမထေရ်သည် ထိုယောနကတိုင်း၌ သာသနာတော်ကို တည်စေ၏။ ။(၇)မဇ္ဈိမမထေရ်သည်။ ကဿပဂေါတ္တ မထေရ်၊ အဠကဒေဝမထေရ်၊ ဒုဒ္ဒဘိယမထေရ်၊ မဟာဒေဝမထေရ်၊ ဤမထေရ်လေးပါးတို့နှင့်တကွ ဟိမဝန္တာအရပ်အဘို့သို့သွား၍ဓမ္မစကြာသုတ်ကိုဟောသဖြင့်။ ထိုအရပ်သားတို့ကို ကြည်ညိုစေ၍၊ အကုဋ္ဌရှစ်ဆယ်သောဝေနေယျတို့အားမဂ်ဖိုလ်တရားကိုရစေ၏။ ထိုမထေရ်ငါးပါးတို့သည် ထိုဟိမဝန္တာအရပ်အဘို့၌ တိုင်းငါးတိုင်းသားတို့ကိုကြည်ညိုစေသည် ထိုဟိမဝန္တာအရပ်အဘို့၌ တပါးတပါးသောမထေရ်၏အထံ၌ တသိန်းမျှကုန်သောအမျိုးသားတို့သည်ရဟန်းပြုကုန်၏။ဤသို့လျှင် ထိုမထေရ်ငါးပါးတို့သည် ထိုဟိမဝန္တာအရပ်အဘို့၌ သာသနာတော်ကိုတည်စေကုန်၏။ ။(၈)အရှင်သောဏမထေရ်၊ ဥတ္တရမထေရ်တို့သည် သုဝဏ္ဏဘူမိအရပ်သို့သွား၍သ.သနာတော်ကိုပြုကုန်၏။ ထိုအခါ၌ ထိုသုဝဏ္ဏဘူမိတွင်တံယောက်သော ရက္ခိုသ်ဘီလူးမသည် သမုဒ္ဒရာမှထွက်လတ်၍၊ မင်းမျိုး၌ ဘွားတိုင်းဘွားတိုင်းသော သူငယ်တို့ကို စား၏။ ထိုအရှင်သောဏ၊ အရှင်ဥတ္တရတို့သုဝဏ္ဏဘူမိသို့ချောက်သောနေ့၌လည်း မင်းအိမ်ဝယ်တဂေယျသံသောသူငယ်ဘွား၏။ လူတို့သည် မထေရ်တို့ကိုမြင်၍၊ ဤဦးဖြည်းတို့သည် ရက္ခိုသ်တို့၏အခေတ်တို့ဟုဆိုးဟု မှတ်ကုန်၍၊ လံ့ကန်တို့ကို

ယူကုန်လျက် ပုတ်ခတ်ကုန်အံ့ဟု မထေရ်တို့သို့ ဂြိုးရွှာလာကုန်၏။အရှင်သောဇမထေရ်သည်၊ အဘယ်ကြောင့်သင်တို့သည် လက်နက်စွဲကာလာကုန်သနည်းဟုမေးတော်မူ၏။ ထိုလူတို့သည် ဤသို့ဆိုကုန်၏။ မင်းအိမ်၌ ဘွားတိုင်းဘွားတိုင်းကုန်သောသူငယ်တို့ကို ရက္ခိုသ်ဘီလူးတို့သည် စားကုန်၏။ သင်တို့၁စည် ထိုရက္ခိုသ်ဘီလူးတို့၏ အဘော်တို့တည်းဟုဆိုကုန်၏။ ငါတို့သည် ရက္ခိုသ်ဘီလူးတို့၏ အဘော်မဟုတ်ကုန်။ ငါတို့သည်ရဟန်းမည်ကုန်၏။ ငါတို့သည်သူ၏အသက်ကိုသတ်ခြင်းမှကြဉ်ကုန်၏။ အရှင်မပေးသောသူဥစ္စာကို ယူခြင်းမှကြဉ်ကုန်၏။ သူသားသူမယားကို ပြစ်မှားခြင်းမှကြဉ်ကုန်၏။ မုသားဆိုခြင်းမှ ကြဉ်ကုန်၏။ သေအရက်သောက်ခြင်းမှကြဉ်ကုန်၏။ ထမင်းတထပ်သာစားကုန်၏။သိလရှိကုန်၏၊ ကောင်းသောတရားရှိကုန်၏ဟူ၍ အရှင်သောဇကဆိုတော်မူ၏။ထိုခဏ၌ပင်လျှင် ရက္ခိုသ်ဘီလူးမသည် မိမိအခြံအရံနှင့်တကွ သမုဒ္ဒရာမှထွက်လတ်၍မင်းအိမ်၌သူငယ်ဘွားပြီ၊ထိုသူငယ်ကိုစားအံ့ဟူ၍လာ၏။လူတို့သည်ထိုရေစောင့်ဘီလူးမကိုမြင်ကုန်၍။ အရှင်ဘုရားတို့၊ဤရက္ခိုသ်ဘီလူးသည်လာလတ်ပြီတကားဟု ကြောက်ထိတ်လန့်၍ မြည်တမ်းကြကုန်၏။ အရှင်သောဇမထေရ်သည် ရက္ခိုသ်တို့ထက် နှစ်ဆတက်သောရဟန်း၊နှစ်ဆတက်သောကိုယ်တို့ကိုဘန်ဆင်း၍။ ထိုကိုယ်တို့ဖြင့် အခြံအရံနှင့်တကွဖြစ်သော ရက္ခိုသ်ဘီလူးမကိုအာလယ်၌ပြု၍ နံပါးနှစ်ဘက်တို့၌ရံ၏။အခြံအရံနှင့်တကွဖြစ်သောရက္ခိုသ်ဘီလူးမအား ဤသို့သောအကြံသည်ဖြစ်၏။ စင်စစ်လျှင် ဤသူတို့သည် ဤအရပ်ကိုရသည်ဖြစ်လတ္တံ့။ ငါတို့သည်ဤသူတို့၏အစာဖြစ်ချေကုန်လတ္တံ့ဟုကြံ၍။ ခပ်သိမ်းသောရက္ခိုသ်ဘီလူးတို့သည် ကြောဟကုန်သည်ဖြစ်၍လျှင်စွာပြေးလေကုန်၏။အရှင်သောဇမထေရ်သည် ထိုရက္ခိုသ်တို့ကို မျက်စိမမြင်ကောင်းသောအရပ်တိုင်အောင်ပြေးစေ၍။ ကျွန်း၏ထက်ဝန်းကျင်မှအမစောင့်အရှောက်ကိုထား၏။ ထိုအခါ စည်းဝေးလာကုန်သော လူများအပေါင်းတို့အား၊ ဗြဟ္မစာလာဇတ်တော်ကို ဟောသဖြင့် ကြည်ညိုစေ၍။ သရဏဂုံသုံးပါးတို့ဖြစ်ကုန်၏၊ ပဉ္စသီလပါးတို့ဖြစ်ကုန်၏ တည်စေ၏။ ခြောက်သောင်းကုန်သောဝေနေယျတို့သည် သစ္စာလေးပါးကိုသိ၍ အကျွတ်တရားရသည်ဖြစ်ကုန်၏။ အခွဲနှင့်တကွလေးထောင်ကုန်သောအမျိုးသတို့သားငယ်တို့သည် ရဟန်းပြုကုန်၏။ တထောင့်ငါးရာ

သောအမျိုးသမီးတို့သည်လည်း ရဟန်းပြုကုန်၏။ ဤသို့လျှင် ထိုအရှင်သောဏမဇ္ဈထေရ်သည် ထိုသဝဏ္ဏဘူမိဒေဝရပ်၌သာသနာတော်ကိုတည်စေ၏၊ (သထုံပြည်ကို သုဝဏ္ဏဘူမိဟူ၍ ဆရာတို့ဆိုကုန်၏။ ဓင်းမယ်ပြည်ကိုသုဝဏ္ဏဘူမိဟူ၍လည်းအချို့ဆရာတို့ဆိုကုန်၏)။ ။(၉)ခမ္မာသောကမင်းကြီး၏သား၊ အရှင်မဟိန္ဒမထေရ်သည်ကား။ ဆရာအရှင်မောဂ္ဂလိပုတ္တတိဿ မထေရ်သည်ၛင်း၊ ရဟန်းသံဃာသည်ၛင်း၊ သင်္ဃသည် တမ္ဗပဏ္ဏိသီဟိုဠ်ကျွန်းသို့ သွား၍ သာသနာတော်ကဲ့ ဟည်စေလော့ဟူ၍ တိုက်တွန်းအပ်သည်ရှိသော် တမ္ဗပဏ္ဏိသီဟိုဠ်ကျွန်းသို့သွားအံ့သောအခါတန်ပြီလောမတန်သေးဟုလောဟု အကြံဩသည်ဖြစ်၏။ ထိုသို့အကြံဖြစ်သောအခါ စူးစမ်းဆင်ခြင်သောမထေရ်အား။ ယခုတမ္ဗပဏ္ဏိသီဟိုဠ်ကျွန်းသို့သွားအံ့သောဌါ အခါမတန်သေးဟု အကြံဩသည်ဖြစ်၏။ အဘယ်သို့သောအကြောင်းကိုဖြင့်၍ ဤသို့သောအကြံဖြစ်လေသနည်းဟူမူကား။ မဇ္ဈသိဝမင်းကြီး၏ အသက်အရွယ် ကြီးရင့် အိုမင်းသောအဖြစ်ကိုဖြင်၍ အကြံဖြစ်သတည်း။ထိုနောင်ဤသို့ကြံပြန်၏။ ဤမဇ္ဈသိဝမင်းသည် အသက် ကြီးရင့်ပြီ။ ဤမင်းကိုယူ၍ သာသနာတော်ကို ချီးမြှောက်ခြင်းဌါမတတ်နိုင်ရာ။ ယခုအခါ၌ ဤမဇ္ဈသိဝမင်း၏သားဖြစ်သော ဒေဝါနံပိယတိဿမင်းသည် မင်း၏အဖြစ်ကဲ့ပြုလတ္တံ့။ ထိုမင်းကိုယူ၍ သာသနာတော်ကိုချီးမြှောက်ခြင်းဌါ တတ်နိုင်သည်ဖြစ်လတ္တံ့။ အကြင်မျှလောက် ထိုဒေဝါနံပိယတိဿမင်းသည်မင်းအဖြစ်သို့မရောက်သေး။ ထိုမျှလောက်သောကာလပတ်လုံး အဆွေအမျိုးတို့ကိုကြည့်ဦးအံ့။ယခုအခါ၌ ငါတို့သည် ဤဇနပုဒ်သို့ပြန်ရအံ့မည်ကိုလည်း မသိ၊ မပြန်ရအံ့မည်ကိုလည်းမသိဟု ကြံ၏။ ထိုသို့ကြံပြီး၍။ ဥပဇ္ဈာယ်ကိုၛင်း၊ ရဟန်းသံဃာတော်ကိုၛင်းဂိုဠိ၍။ပါဠလိပုတ်ပြည်အသောကာရာမကျောင်းမှထွက်၍၊ ဇာဋ္ဌိယ၊ ဥတ္တိယ၊ သမ္ဗလ၊ ဘဒ္ဒသာလ၊ဤမထေရ်လေးယောက်တို့နှင့်ၛင်း။ နှမတော်သဃ်မိတ္တာ၏သား သုမနသာမဏေနှင့်ၛင်း၊ဘဏ္ဍာဂါရိကဥပါသကာနှင့်ၛင်းတကွ၊ ရာဇဂြိုဟ်မြို့၏အကွေ့ဖြင့် ဒက္ခိဏာဂိရိဇနပုဒ်၌ဒေသစာရီကြွ၍၊ အဆွေအမျိုးတို့ကိုကြည့်လျက် ၉ လတို့ကို လွန်စေ၏။ ၉ လဟူသည်ကား။တနင်္ဂဆောင်မနှီးလပြည့်ကျော်တရက်မှစ၍၊ ကဆုန်လပြည့်တိုင်တည်း။ ထိုအခါ၊ ပါဠလိပုတ်မှအရှေ့အရပ်၊ယူဇနာငါးဆယ်ကွာ၊ မယ်တော်အသင်္ဃမိတ္တာ၏ဘွားရာဖြစ်သော ဝေဒိသကာ

မြို့သို့ရောက်လေ၏။ထိုရောအခါမယ်တော်လည်း ထိုမြို့၌ရှိသဖြင့် သား တော်မထေရ်ကို မြင်၍ ရိုသေစွာ ဖိုးခိုး၍၊ ဆွမ်းလုပ်ကျွေးပြီးလျှင်၊ မိမိ ဆောက်အပ်သော ဝေဒိသကဂိရိအမည်ရှိသောကျောင်းကြီးကိုတင် လှူ၏။ထိုကျောင်း၌ကဆုန်လပြည့်နေ့မှစ၍ နှယုန်လပြည့်တိုင် တလနေ တော်မူ၏။ ထိုဝေဒိသကဂိရိကျောင်း၌ နေတော်မူသောအခါ မထေရ် သည်ဤသို့ကြံတော်မူ၏။ငါတို့အား ဤအရပ်၌ပြုဘွယ်ကိစ္စသည်ပြီးပြီ။ လက်ဝဲဒီပကျွန်းသို့ သွားအံ့သောအခါ တန်ပြီလော၊ မတန်သေးလော ဟူ၍ကြံပြီးသော်၊ တဘန်ဤသို့ကြံပြန်၏။ ဒေဝါနုံပိယတိဿမင်းသည် ဒွေးဦးစွာ ငါ့ခမည်းတော်မင်းကြီးက ပို့စေအပ်သော အာဘိဆိက်ကို လည်းခံစေဦး။ ရတနာသုံးပါး၏ကျေးဇူးကိုလည်း ဝန်ခြားစေဦး။ သမင် တောကစားအံ့သောဌါန်မြို့မှထွက်၍ မိသကတောင်သို့လည်းတက်စေ ဦး။ထိုအခါ ထိုမိသကတောင်၌ ထိုမင်းကြီးကို ငါတို့မြင်ကုန်အံ့ဟုကြံ တော်မူ၍။ ထိုကျောင်း၌ နှယုန်လပြည့်တိုင် တလနေတော်မူသတည်း။ တလလွန်သဖြင့် နှယုန်လပြည့်ဥပုသ်နေ့၌ အရှင်မဟိန္ဒစသော အလုံးစုံ သော ချုနစ်ယောက်တို့သည် စည်းဝေး၍၊ ငါတို့အား တမ္ဗပဏ္ဏိကျွန်း သို့သွားအံ့သောအခါ တန်ပြီလော မတန်သေးလောဟူ၍ တိုင်ပင်ကုန် ၏။ ။ထိုအခါ သိကြားမင်းသည် မဟိန္ဒမထေရ်သို့ကပ်လာ၍ ဤသို့ လျှောက်၏။ အရှင်ဘုရား၊ မရဒုသိဝမင်းသည် သေလွန်ပြီ။ ယခုအခါ ဒေဝါနုံပိယတိဿမင်းသည် မင်းပြု၏။ မြတ်စွာဘုရားသည်လည်း အ ရှင်ဘုရားတို့ကို ဗျာဒိတ်ကြားတော်မူခဲ့၏။ နောင်အခါ၌ မဟိန္ဒအမည် ရှိသောရဟန်းသည် တမ္ဗပဏ္ဏိကျွန်းကို ကြည့်ညှိစေလွှတ်.ဟူ၍ ကြား တော်မူခဲ့၏။ထိုကြောင့် အရှင်ဘုရားသည် ယခုကျွန်းမြတ်သို့ကြွတော် မူအံ့သောအခါတန်ပြီ။အကျွန်ုပ်သည်လည်း အရှင်ဘုရားတို့၏အတော် သည် ဖြစ်ပါအံ့ဟူ၍ ဖန်လျှောက်၏။ အဘယ့်ကြောင့်ကား သိကြားမင်း သည် ဤသို့ဆိုသနည်းဟူငြားအံ့။ မြတ်စွာဘုရားသည် ဗောဓိပင်ရင်းခွ ဧနတော်မူသော အခါ၌လျှင် ဗုဒ္ဓစက္ခုဖြင့် လောကကို ကြည့်တော်မူ သော်။ဧနောင်အခါ၌ ဤကျွန်း၏ပြည့်စုံခြင်းကိုမြင်တော်မူ၍ သိကြားအား ထိုအခါ၌ သစ်သိကြားသည်လည်း အသော်ဖြစ်လေလေ့ဟူ၍ စေလွှာ တော်မူ၏။ထိုကြောင့်မထေရ်အားကြားလျှောက်လာသတည်း။မထေရ် သည် သိကြားမင်း၏စကားကိုဝန်ခံ၍၊ ကိုယ်တော်လျှင် ချုနစ်ယောက်

မြောက်ဖြစ်သဖြင့် ဝေဒိသကတောင်ထိပ်မှ ကောင်းကင်သို့ပျံတက်၍၊ သိဟိုဠ်ကျွန်း၊ အနုရာပြည်၏အရှေ့အရပ်၊ ဓိသကတောင်ထိပ်၌တည့် တော်မူလေ၏။ ။မြတ်စွာဘုရားပရိနိဗ္ဗာန်ပြုတော်မူသည်မှ ၂၃၆ နှစ်၊ နယုန်လပြည့်နေ့၌။အဂ္ဂဗောဓိမဟာမထေရ်သည် သိဟိုဠ်ကျွန်းသို့ရောက်၍ ဓိသကတောင်၌တည်တော်မူ၏။ (အဂ္ဂဗောဓိမဟာမထေရ်ကို ထိုတောင်၌ ဝါဆိုကျောင်းဆောက်၍ ကိုးကွယ်သည့်နှစ်မှစ၍ကား။ ထိုဓိသကတောင်သည် စေတိယတောင်ဟုတွင်သတည်း)။ ။

၁၀၂။ သာသနာပြုကိုးဌာနအဝင်သိဟိုဠ်ကျွန်းကိုအစစွာ လူနေတည့်ထောင်သောဝိဇယဗာဟုမင်းကစ၍၊ ဒေဝါနံပိယတိဿ မင်းတိုင်၊ သိဟိုဠ်ကျွန်းအဋ္ဌုပ္ပတ်ရာဇဝင်အစဉ်ကိုပြဆိုရာ။

အဇာတသတ်မင်းမင်းဖြစ်၍ဂုစ်နှစ်မြောက်သောနှစ်၌မြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုတော်မူ၏။ထိုပရိနိဗ္ဗာန်ပြုသောနေ့၌၊လာသတိုင်း၊သိဟာပုရပြည်၊ သိဟာဗာဟုမင်း၏သား၊ ဝိဇယဗာဟုသည်၊ ကျွန်ခုနစ်ရာနှင့်တကွ သိဟိုဠ်ကျွန်းသို့ရောက်၍လူနေတည့်ထောင်စပြုသဟည်း။ ။ဤဝိဇယဗာဟု သိဟိုဠ်ကျွန်းသို့ရောက်ကြောင်းကား။ ဝင်္ဂတိုင်း၊ ဝင်္ဂပုရပြည်၌၊ ဝင်္ဂရာဇ်မင်း၏ သားနှင့်၊ ကာလိင်္ဂရာဇ်မင်း၏ သမီး၊ မင်းပြုသောအခါ၊ သုပတိဒေဝီဟူသောသမီးတယောက်ကိုဘွားမြင်၏။ထိုမင်းသမီးသည် ကာမရာဂကြီးသောကြောင့် အဓိအဘတို့သည်စက်ဆုပ်၍ စွန့်ပစ်နှင်ထုတ်လေသော်။သာဝတ္ထိပြည်မှကုန်ရောင်းလာ၍ပြန်သော လှည်းကုန်သည်ငါးရာတို့နှင့်လိုက်လေ၏။ လာလမည်သောတောအရပ်သို့ရောက်လေသော်ခြင်္သေ့တရှာင့်တွေ့၍၊လှည်းကုန်သည်တို့ကြောက်လန့်၍ထိုမှဤမှပြေးလေကုန်၏။ထိုသတို့သမီးကား ခြင်္သေ့အဘမ်းကိုခံ၍ခြင်္သေ့၏အင်္ဂါဇာတ်ကိုအဘနှစ်လလဲသုံးသပ်သဖြင့်။ခြင်္သေ့သည်မာတုဂါမ၏အတွေ့၌ သာယာ၍ ချစ်ခင်လေးမြတ်သဖြင့် ပိပိနေရာ ကျောက်ဂူသို့ဆောင်၍ခင်ပွန်းပြုလေ၏။သားယောကျ်ားဇာနယောက်ဘွားမြင်သည်ကို သိဟာဗာဟုဟုမှည့်၏။နောက်သမီးမိန်းမဘွားမြင်သည်ကိုသိဟာသိဝလိဟုမှည့်၏။သိဟာဗာဟုသိကြားလိမ္မာ၍ ခွန်အားနှင့်ပြည့်စုံသောအရွယ်သို့ရောက်လေသော်ဇာတ်မတူသောခြင်္သေ့နှင့်အတူနေရ ကြောင်းကိုမေး၍

သိပြီးလျှင်။ အဘသည် အစာ ကျက်စားအံ့သောငှါ သွားခိုက်။ အဘ ဝိတ်၍ထားခဲ့သော ကျောက်ဖျာကို တယူဇနာ ကွာဝေးသောအရပ် တိုင်အောင်ပို့ပြီးမှ။ ပြန်၍အဓိဋ္ဌာန်မကိုထမ်း၍ပြေးခဲ့သော်၊ ဝက်ကိုင်းဦး ဝိမိဉ်းရိုးစားသောဇနပုဒ်သို့ ရောက်လေ၍။ အကြောင်းကို ရွာစားမင်း ဦးရိုးသိလျှင် ငါ၏အမပင်ဖြစ်သည်ဟု သိမ်းပိုက်၍ တူဖောင်အမကိုပေးမြဲ ဓံ။ ခြင်္သေ့သည် သားမယားတို့ကိုရှာအံ့သောငှါလိုက်လာ၍ ဝက်တိုင်း သို့ ရောက်လာသောအကြောင်းကို ဝက်ရာဇာမင်းကြီး ကြားလေလျှင်။ ဝက်ရာဇာမင်းကြီးက ခြင်္သေ့ကိုခွင်းအံ့သောသူကို ရွှေသုံးထောင်နှင့်လည် ၍ရာစေသည်ကို သိဟာဗာဟုတွေ့၍ အဓိသည် မြစ်တားသော်လည်း မနိုင်၊ ရွှေကိုသိမ်းယူ၍၊ လေးတစင်းနှင့်သွားပြီးလျှင် အဘခြင်္သေ့ကိုပစ် သတ်၍ ဦးခေါင်းကိုယူ၍လာခဲ့သော် ဝက်ရာဇာမင်းကြီးသနှင့်၍၊ ပြည် သူတို့သည် ဓိမိတို့မင်း၏ အမျိုးအနွယ်ဖြစ်သောအကြောင်းကို သိသ ဖြင့်။ သိဟာဗာဟုကို ဝက်ပုရပြည်၌မင်းခြောက်လေ၏။ ထိုသိဟာဗာဟု မင်းဖြစ်ပြီးသော် အဓိနှင့်ဝရိုးအား ဝက်ပုရပြည်ကိုအပ်ခဲ့၍။ နှမသိဟ သိဝလိနှင့်တကွဖိုလ်ပါမျှားစွာယူ၍ဓိမိတို့ဘွားရာဒေကျောက်ဂူသို့သွား၍ ပြည်တည်၍၊ လာလတ်ိုင်း၊ သိဟပုရပြည်ဟုသမုတ်၍၊ နှမကိုဓိဘုရား ခြောဲ၍ သိဟာဗာဟုမင်းပြု၏။သားယောကျ်ားခြည်းအစုံအစုံ ၁၆ ကြိမ် ဘွား၏။ ရှေးဦးစွာဘွားသော သားနှစ်ယောက်တွင်။ အကြီးကို ဝိဇယ ဗာဟုဟုမှည့်၏။ အငယ်ကို သုမိတ္တဟု မှည့်၏။ ဝိဇယဗာဟုမင်းသား ကို အိမ်ရှေအရာပေး၏။ ကျွန်ခုနစ်ရာလက်ဝဲ့၏။ ထိုအိမ်ရှေမင်းသည် အကျင့်အာစာရမဂ္ဂိ။ ကြမ်းထမ်းရုန့်ရင်း၏။ ကျွန်တို့ကိုခိုးဝှက်လုယက် ဖျက်စားပြုစေ၏။ထိုကြောင့်ပြည်သူတို့ဝန်းညီ၍မင်းကိုလျောက်သဖြင့် နှစ်ကြိမ်သုံးကြိမ်မြစ်တားသော်လည်းမနိုင်။ အမျက်ထွက်သဖြင့် ကျွန် ခုနစ်ရာနှင့်ကာကွ မင်းသားကိုဦးပြည်းဂိတ်၍ လှေတွင်တင်၍ သမုဒ္ဒါဒ္ဒ ရေပျောထိုက်၏။ ထိုသူတို့၏မယားတို့ကိုလည်း လှေတစင်းနှင့်တင်၍ ရေပျော ထိုက်၏။ သားငယ်တို့ကိုလည်း လှေတစင်းနှင့် တင်၍ ရေပျောထိုက်၏။ သားငယ်တို့၏ လှေဆိုက်ရာကျွန်းသည် အချည်းစည်း အဝတ်မဝတ် သောသူငယ်တို့ နေရာဖြစ်လေသောကြောင့်၊ နဂ္ဂဒီပဟု တွင်လေ၏။ မမောင်းတို့လှေဆိုက်ရာကျွန်းသည်မိန်းမတို့ပယူအပ်သောကျွန်းဖြစ်သော ကြောင့်၊ မဟိလာဒီပဟုတွင်လေ၏။ ဝိဇယဗာဟုမင်းသားတို့လှေကား

လက်ာကျွန်းဦးဆိုက်ဖေ့။ ထိုသို့လှေဆိုက်သောအခါသည်လျှင်။မြို့တော်စွာဘုရားပရိနိဗ္ဗာန်ပြုအံ့ဟု မလွဲမမှားတို့၏ အင်ကြင်းဥယျာဉ် ညောင်စောင်းဦး လျှောင်းတော်မူသောအခါဖြစ်၍၊ လောကကံဆင်ခြင်တော်မူသော်၊ထိုမင်းတို့လက်ာကျွန်းသို့ဆိုက်သည်ကိုမြင်တော်မူသဖြင့်၊ ထိုအခါ သိကြားမင်းလည်း ခစားလာသဖြင့် သိကြားမင်းကိုခေါ်တော်မူ၍၊ သိကြားမင်း၊ယသအခါ၊ လာလတိုင်း၊သိဟပုရပြည်မှ ဝိဇယဗာဟုမင်းသားသည် ကျွန်ုသုနစ်ရာနှင့်တကွ လက်ာကျွန်းသို့ဆိုက်လေပြီ။ လက်ာကျွန်းဦး နောင်သောအခါ ငါ၏ သာသနာတော်တည်လမည်ဖြစ်သောကြောင့်။ မင်းသားတို့ကို ဘေးအန္တရာယ်ကင်းလွတ်အောင်စောင့်မတိုဟုမိန့်တော်မူ၏။ မင်းသားတို့ လှေမှတက်၍ အစဉ်သဖြင့်သွားလေကုန်သော်။ပင်ပန်း၍နားကြရာတွင်မြေဦးလက်ဝါးထောက်မိသဖြင့်လက်ဝါးဦး ကြေးနီအဆင်းနှင့်တူသောမြေမနုတို့သည် စွဲကုန်သောကြောင့်။ ဤကျွန်းသည် တမ္ဗပဏ္ဏိဒီပ တွင်စေသတည်းဟု သမုတ်၏။ ထိုနောင်မှ အစဉ်သဖြင့်သွားလေကုန်သော် ကုဝဏ္ဏာမည်သောဘီလူးမနှင့်တွေ့၍၊ ထိုဘီလူးမနှင့် အိမ်ထောင်ပြု၍၊ သားယောကျ်ားတယောက် မြင်သည်ကို ဝိဇိတဟုမှည့်ဖေ့။ သားမိန်းမမြင်ပြန်သည်ကို ဒီပလဟုမှည့်ဖေ့။ကုဝဏ္ဏာနှင့်ညီ၍ လက်ာဒီပဒ္ဒ ဘီလူးတို့ကိုသတ်ပြီးပေသော်။ ဘီလူးတို့၏ အဝတ်တန်ဆာတို့ကိုဆင်ကုန်လျက်။ ''ဝိဇယဗာဟုမင်းပြု၏။ အနုရာဓနက္ခတ်နှင့်ယှဉ်၍ အနုရာဓပြည်တည်ဖေ့။ကုဝဏ္ဏာဘီလူးမကိုလည်း သားသမီးတို့ကိုယူ၍သွားလေဟုနှင်လိုက်ဖေ့။ဥပတိဿပုရောဟိတ်သည်ဥပတိဿရွာကိုတည်ဖေ့။အမတ်တယောက်ဥစ္စေနိကိုတည်ဖေ့။အမတ်တယောက်ဥရုဝေဠကိုတည်ဖေ့။ အမတ်တဝေဓာက်ဝိဇိတာဝီကိုတည်ဖေ့။ ။ဤသို့အရပ်စည်ပင်မှ၊ ဇမ္ဗု။ဒီပါ၊မဒ္ဒတိုင်း၊ဥတ္တရပဉ္စနဂိုရ်ပြည်၌ သမီးကညာတော်ငယ်စေဖေ့။ မဒ္ဒရာဇ်မင်းက သမီးတော်ကို၊အမှုးအမတ် သူငယ်း သူကြွယ်တို့သမီးတရာအခြံအရံနှင့်တကွပို့လေစေသော်။ ဝိဇယဗာဟုမင်းသည် မဒ္ဒရာဇ်မင်း၏သမီးတော်နှင့်တကွအဘိသိက်ခံ၍အနုရာဓပြည်၌ထီးနန်းတည်လျက် သီဟိုဠ်ကျွန်းဦး မင်းမြို့ဖေ့။ ထိုမင်းသည် ၊အသက် ၃၀ နှစ်နေ၍ လွန်ဖေ့။ ထိုမင်းလွန်ခါနီးကာလ နဲနဲဆင်ခြင်သားမရှိသောကြောင့် ဇမ္ဗု။ဒီပါကျွန်းဦး ညီသုမိတ္တာကိုမင်းပြုစိမ့်ဟုခေါ်လေစေဖေ့။ ။ခေါ်မည့်သွားသူ သမုဒ္ဒါနားဆိုရောက်ကာမျှလျှင် ဝိဇယဗာဟုမင်း လွန်ပြီ

ဟုကြဉ်း၍၊ပုဗ္ဗဒီပ၌ တနှစ်နေလေ၏။ ထိုတနှစ်သည် မင်းမရှိ။အမတ်တို့သည် ညီညာ၍ အနုဇာဝပြည်ကို စောင့်ရှောက်အုပ်ချုပ်ကြရ၏။တနှစ်လည်မှ သိဟပုရပြည်သို့သွားလေသော် ခမည်းတော်သီဟဗာဟုမင်းလွန်သဖြင့် ညီတော်သုမိတ္တမင်းပြုနှင့်ပြီဖြစ်၍။ ညီတော်ကိုမရ။ညီတော်တွင် သားသုံးယောက် ရှိသည်တွင်။ အငယ်ဆုံး ပဏ္ဍုဝါသုဒေဝ ကို အမတ်သား သုံးကျိပ်တို့နှင့်တကွ သိဟိုဠ်ကျွန်းသို့ကူးလေစေ၏။ သိဟဗာဟုမင်း၏ ဖြေး ပဏ္ဍုဝါသုဒေဝသည်။ ဘုရား လွန်တော် မူသည်မှ အနှစ် ၄၀ ပြည့်နှစ်အဝင်တွင်စ၍ သိဟိုဠ်ကျွန်း၌ မင်းပြု၏။ ။မြတ်စွာဘုရားရှိတော်မူစဉ်။ ဝိဒူဒူ။ဘကြောင့် ပျက်စီးလေသော ဆွေတော်မျိုးတော်တို့တွင်။ အဓိပ္ပာဒနသာကီဝင်မင်း၏ အဆက်ဖြစ်သော မင်းသားသည်။မြစ်ပင်လယ်နားခြံမြို့တည်၍ ပဏ္ဍုသက္ကာရဟူသောအမည်ဖြင့်မင်းပြု၏။ထိုပြည်သည် ရက္ခဏာမတုအမည်တွင်၏။ရက္ခိုဏ်လည်းဟူ၏။ ထိုပဏ္ဍုသက္ကာရမင်းခြံ သားယောကျ်ား ရှစ်ယောက်ရှိ၏။ သို့ဖြစ်ကား ဓနုယကညာဟူသောအမည်ရှိ၏။ သိဟိုဠ်ကျွန်းက ပဏ္ဍုဝါသုဒေဝမင်းသည်။ ရွှေငွေလက်ဆောင် များစွာနှင့် ပဏ္ဍုသက္ကာရမင်းထံ ဘဒ္ဒိယကညာသမီးတော်ကိုတောင်းလေစေ၏။သိဟိုဠ်မှတပါး ဇမ္ဗူ။ဒီပါမှ ချန်၍ဖြည့်ထောင်သော မင်းတို့သည်လည်း ပဏ္ဍာလက်ဆောင်များစွာယူခဲ့၍ စစ်အင်္ဂါနှင့်တကွ သမီးတောင်းလာကုန်၏။ ပဏ္ဍုသက္ကာရမင်းသည် တစုံတယောက်သောသူကိုမျှမျက်နှာမကြည့်မူ၍၊ရသောသူယူစေတော့ဟု သမီးတော်ကိုတန်ဆာဆင်သောအမတ်သမီးသုံးကျိပ်နှစ်ယောက်နှင့်တကွ လွှဲနှင့်စာင်၍ မြစ်ဠိမ္ဗာလေ၏။ ရှစ်ယောက်သောမင်းတို့ လိုက်ကြကုန်သော် ပဏ္ဍုဝါသုဒေဝမင်း ရလေ၏။ပဏ္ဍုဝါသုဒေဝမင်းသည် ပဏ္ဍုသက္ကာရမင်း၏သမီးတော်နှင့်တကွ အာဘိသိက်စံ၏။ အခြံအရံပါသောအမတ်သမီး သုံးကျိပ်နှစ်ယောက်တို့ကိုလည်း ဇမ္ဗူ။ဒီပါကပါသော ကျွန်ရင်းသုံးကျိပ်နှစ်ယောက်တို့နှင့်ပေးစား၏။ ထိုပဏ္ဍုဝါသုဒေဝမင်း၏သားကား တကျိပ်တည်း။သားအကြီးသည်အဘယမည်၏။သမီးကားကယောက်သာရှိ၏။ စိတ္တာအမည်တွင်၏။ ။ပဏ္ဍုသက္ကာရမင်းသည် သိဟိုဠ်၌ သမီးတော်ဘဒ္ဒိယကညာ၏အကြောင်းကိုသိလို၍။ သားတော်အငယ်ကို နေစေပြီးနောက် ခြောက်ယောက်သောသားတို့ကိုသိဟိုဠ်သို့ကူးစေပြန်သော်။ ထိုခြောက်ယောက်

တို့ဝတ္ထင်၊ ဒီဃာဝုမင်းတို့သား ဒီဃဂါမဏိနှင့်၊ ပဏ္ဍုဝါသုဒေဝ မင်းတို့သမီး၊စိတ္တာနှင့် အိမ်သင့်လေ၏။ ပဏ္ဍုဝါသုဒေဝမင်းသည် သားတော် အကြီး အဘယကုမ္မာကို အိမ်ရှေ့ပေးလေ၏။ နှမတော်စိတ္တာမှာလည်း သား ယောကျ်ားတယောက်ဘွားတို့။ ထိုသားအား ပဏ္ဍုကာဘယဟူသောအမည်ကိုမှည့်တို့။ ပဏ္ဍုဝါသုဒေဝမင်းသည် နန်းထက်အနှစ်သုံးဆယ်နေ၍ လွန်၏။ သားတော် အဘယကုမ္မာသည် သာသနာတော် သက္ကရာဇ် ၇၀ ပြည့်နှစ်တွင်စ၍မင်းပြု၏။ အဘယကုမ္မာမင်းပြု၍ အနှစ် ၂၀ ပြည့်လျှင်။ အဘယကုမ္မာကို နှမတော်စိတ္တာသား စစ်ပြု၍ ပြည်ကိုလု၏။ အဘယကုမ္မာမင်းကို သတ်လေ၏။ သာသနာတော် သက္ကရာဇ် ၉၀ ပြည့်နှစ်ဝင်စ၍ လုသတည်း။ ထိုနှစ်မှစ၍ ၁၇ နှစ်တိုင် ပဏ္ဍုကာဘယသည် မိမိ၏ဝရိုးတော် ၉ ယောက်တို့ကို။ ထိုထိုသောအရပ်၌စစ်ပြု၍သတ်လေ၏။ သာသနာတော်သက္ကရာဇ်တရာပြည့်နှစ်မှစ၍ ၁၇ နှစ် ပတ်လုံးပဏ္ဍုကာဘယသည်အဘိသိက်မသွန်းမူ၍မင်းပြု၏။ အဘိသိက်သွန်းပြီးလည်းအနှစ် ၇၀ မင်းပြု၏။ သာသနာတော်သက္ကရာဇ် ၁၇၉ နှစ်တွင် ပဏ္ဍုကာဘယလွန်၍၊ သားမဋ္ဌသိဝမင်းပြု၏။မဋ္ဌသိဝအနှစ် ၆၀ မင်းပြု၍ သာသနာတော်သက္ကရာဇ် ၂၃၅ နှစ်တွင်လွန်၏။ သားဒေဝါနံပိယတိဿသည် သာသနာတော်သက္ကရာဇ်၂၃၅ နှစ် နတ်တော်လွန်းတရက်နေ့တွင် သိဟိုဠ် အဘိသိက်သွန်း၍ မင်းပြု၏။ အဘိသိက်သွန်းသည်မှစ၍ခြောက်သင်္ဃောက်၊သာသနာတော်သက္ကရာဇ် ၂၃၆ နှစ်၊ကဆုန်လပြည့်နေ့၌ဇာဘာန်ထပ်၍စမ္ဘူ။ဒီပကအဘိသိက်ဖြင့်သွန်းပြန်၏။ ။

၁၀၃။ စမ္ဘူ။ဒီပကျွန်းခမ္မာသောကမင်းနှင့်၊
သိဟိုဠ်ကျွန်းဒေဝါနံပိယတိဿမင်းတို့အဒ်္ဓသဟာယဖြစ်၍
လက်ဆောင်ပဏ္ဏာအတုံအလှည့်ပို့ကြခြင်း၊ခမ္မာသောကမင်းပို့သော
အဆောင်အရွက်ဖြင့်ဒေဝါနံပိယတိဿမင်းအဘိသိက်
ခံခြင်းနှင့်တကွ၊အဘိသိက်အစီအရင်ကိုပြရာ။

စမ္ဘူ။ဒီပါ၌ ခမ္မာသောကမင်းနှင့်သိဟိုဠ်ကျွန်းဒေဝါနံပိယတိဿမင်းကား မဖြင်ဘူးသောအဆွေခင်ပွန်းတည်း။စမ္ဘူ။ဒီပါ၌ ခမ္မာသောကမင်း အဘိသိက်သွန်း၍ ၁၇ နှစ်မြောက်၌၊သိဟိုဠ်ကျွန်းတွင်မဋ္ဌသိဝမင်းလွန်

၍၊ဇဒဏိနံပိယတိသမင်း မင်းအဖြစ်သို့ရောက်၏။ ဒေဝါနံပိယတိသမင်း မင်းအဖြစ်သို့ရောက်လျှင် ထိုမင်း၏ဘုန်းကြောင့် အနုရာဓပြည်မှ အရှေ့တောင်၊ သုံးယူဇနာကွာအရပ်၌၊ ဆာတအမည်ရှိသော တောင်ခြေရင်း၌ တခုသောဝါးရုံ၌ရထားထမ်းပိုးလုံးမျှပမာဏာရှိသော လတာယဉ်၊ပုပ္ပယဉ်၊သကုဏယဉ်၊ဟူ၍သုံးချောင်းသောတောင်ဝှေးတို့သည် ဖြစ်ကုန်၏။လတာယဉ်သည်ငွေအဆင်းနှင့်တူ၏။ ထိုတောင်ဝှေးကိုရစ်ပတ်၍ ဟန်ဆာဆင်သောရွှေယပ်တို့သည် ရွှေအဆင်းနှင့်တူသည်ဖြစ်၍ ထင်ကုန်၏။ ပုပ္ပယဉ်တောင်ဝှေး၌ ညိုသောအဆင်း၊ ရွှေသောအဆင်း၊ နီသောအဆင်း၊ ဖြူသောအဆင်း၊ မည်းသောအဆင်းရှိကုန်သော ပန်းပွင့်တို့သည် ကောင်းစွာဝေဘန်အပ်သော အညှာ၊ပွင့်ချပ်၊ ဝတ်ဆံဝတ်မှုံရှိကုန်သည်ဖြစ်၍ထင်ကုန်၏။သကုဏယဉ်တောင်ဝှေး၌ဟာသိ၁၊ဝမ်းဘဲ၊ ကရဝိက်၊ ရေကြက်၊ ဇိဝဇိုဝ်း အစရှိသောဋကာ၏အရုပ်တို့သည် ၎င်း။ ဆင်ရုပ်၊ မြင်းရုပ်၊ အစရှိကုန်သော အထူးထူး အပြားပြားဖြစ်သော အခြေလေးခုသတ္တဝါရုပ်တို့သည်၎င်း အသက်ရှိသကဲ့သို့ ထင်ကုန်၏။ ထိုမှတပါးလည်း သမုဒ္ဒါမှ၊ပုလဲ၊ပတ္တမြား၊ကြောင်မျက်ရွဲ၊အစရှိသော အထူးထူးသောရတနာတို့သည် ဖြစ်ကုန်၏။ မြင်းမှဖြစ်သောပုလဲ၊ ဆင်မှဖြစ်သောပုလဲ၊ ရထားမှဖြစ်သောပုလဲ၊ နွားစ်ရားသိုးမှဖြစ်သော ပုလဲ၊ လက်ကောက်မှ ဖြစ်သောပုလဲ၊ လက်စွပ်မှဖြစ်သောပုလဲ၊ ခေခံတက်သိုးမှဖြစ်သောပုလဲ၊ ပကတိသောပုလဲဟူ၍ ၇စ်ပါးသောပုလဲတို့သည် သိဟိုဠ်ကျွန်းဠဖြစ်ကုန်၏။ ဒေဝါနံပိယတိသမင်းကြီးသည် ထိုတောင်ဝှေးသုံးချောင်းကိုလည်း၊ ၇စ်ပါးအပြားရှိသောပုလဲတို့ကိုလည်း၊ ထိုမှတပါးဒဓမုဒ္ဒါမှဖြစ်သော ပုလဲ၊ ပတ္တမြား၊ ကြောင်မျက်ရွဲစသော ရတနာတို့ကိုလည်း။ ဓမ္မာသောကမင်းကြီးအား ပဋ္ဌာလက်ဆောင်အလို့ငှါ ပို့လေစေ၏။ ဓမ္မာသောကမင်းကြီးသည်ကြည်ညို၍၊ ဒေဝါနံပိယတိသမင်းအား၊ ထီးဖြူ၊သားမြီးယပ်၊ သန်လျက်၊ သင်းကျပ်၊ရွှေခြေနင်း၊ ဤငါးပါးပါသော မင်းပြောက်တန်ဆာတို့ကိုလည်း။ ထိုမှတပါး အာဘိသိက်အခြံအရံဖြစ်သော သမုဒ္ဒါမှဖြစ်သော လက်ျာရစ်ခရုသင်း၊အနဝတတ်အိုင်ရေ၊ ပျက်နှာရေ၊ ထုံသင်းမုန့်။ နားဠဆင်သော ဦးဆောက်ပန်းတန်ဆာ၊ ရွှေကျာ၊ မဂီလာအလို့ငှါ ကျီးခြေသဏ္ဌာန်ဖြင့် ပြုအပ်သော ရွှေတန်ဆာအထူး။ထမ်းစင်၊မင်းသမီး၊ ညစ်နွမ်းသောအမှုခံ မီးဠဆည့်ကာမျှဖြင့်သန့်

ရှင်းပြီစင်ခြင်းသို့ရောက်သော၊ မဖွပ်လျှဉ်ရသောပုဆိုးတစုံ။ ဖြူသော အဆင်းရှိသော အဘိုးထိုက်သောလက်သုတ်ပုဝါ။ ဆေးဒန်းအဆင်းနှင့် တူသောစန္ဒကူး၊ နဂါးပြည်မှဖြစ်သော အရုဏာဝတီမြေ၊ လျင်စွာကိုယ် လက်အညစ်အကြေးကို သုတ်သင်တတ်သော ဆေးဖြစ်သော သဖန်း ခါးရှစ်ရှား။ ဆေးဖြစ်သော နဂါးပြည်မှဆောင်ခဲ့သောမျက်စဉ်း။ ဆဒ္ဒန် အိုင်မှ ကျေးတို့သည် ဆောင်ခဲ့အပ်သော ကောင်းသောအနံ့ရှိထသော ဝါဟာ ၆၀၀၀၀ အတိုင်းအရှည်ရှိသော သလေးစပါး တို့ကိုဂုဏ်း။ မင်း မျိုးသတို့သမီးရှစ်ယောက်။ပုဏ္ဏားမျိုးသတို့သမီးရှစ်ယောဝံ။သူကြွယ်မျိုး သတို့သမီးရှစ်ယောက်တို့ကိုဂုဏ်း။ရွှေမြို့တာရှစ်လုံး။ငွေမြို့တာရှစ်လုံး။မြေ ဖြင့်ပြီးသော ဇမြေမြို့တာရှစ်လုံးတို့ကိုဂုဏ်း။ သေနိအမျိုးရှစ်ယောက်တို့နှင့် တကွ၊ အမတ်မျိုးရှစ်ယောက်တို့ကိုဂုဏ်း။ အဘိသိက်အဆောင်အရွက် အလိုဌာပိုဖြစ်၏။ ထိုသို့ပိုစေဖြင်းကား၊ ဒေဝါနုဒါယတိသမင်းက ပို့လာ သော ပဏ္ဏာလက်ဆောင်တို့ကိုမြင်သဖြင့် နှစ်သက်၍။ ဤပဏ္ဏာလက် ဆောင်တို့ထက်လွန်မြတ်စွာ ပဏ္ဏာလက်ဆောင်ကို အဘယ်သို့ပို့ရအံ့ နည်းဟု အမတ်တို့နှင့် တိုင်ပင်၍၊ သိဟိုဠ်ကျွန်း အဘိသိက် အဆောင် အရွက်သည် ဤသို့သဘောရှိ၏ဟု ကြား၍၊ ငါအဆွေအား သမုဒ္ဒရာမှ ဖြစ်သောခရုသင်းအစရှိသော့ဆိုအပ်ပြီးသောအလုံးစုံအဆောင်အရွက် တို့ဖြင့် တဘန်အဘိသိက်သွန်းခြင်းကိုပြုစေသတည်းဟုမှာ၍ပို့စေ၏။ဤ အာမိသပဏ္ဏာကာရကိုသာမဟုတ်၊ ဓမ္မပဏ္ဏာကာရကိုလည်းပို့စေ၏။ အဘယ်သို့ပို့စေသနည်းဟူမူကား။အဆွေသိဟိုဠ်မင်း၊ငါသည် သာကီ ဝင်မင်းမျိုးဖြစ်သောဘုရား၏သာသနာတော်၌ကြည်ညို၍ ဘုရားကိုကိုး ကွယ်၏။တရားကိုဂုဏ်း၊သံဃာကိုဂုဏ်းကိုးကွယ်၏ဟု သရဏာဂုံဆောက် တည်သောဒါယကာ၏အဖြစ်ကို ကြားရောက်၍။ သင်အဆွေမင်းဖြတ် သည်လည်း ဖြတ်စွာဘုရားသာသနာတော်၌ ကြည်ညိုခြင်းငှါ ဖြစ်စေ လော့။ ကြည်ညိုပြီးသော် ဘုရား တရား သံဃာ ရတနာသုံးပါးကို ကိုး ကွယ်လော့ဟု ဓမ္မပဏ္ဏာကာရလက်ဆောင်ကိုလည်းပို့စေ၏။ဓမ္မာသောကမင်းပို့စေသော ဤအာမိသပဏ္ဏာကာရ ဓမ္မပဏ္ဏာကာရတို့သည်။ကဆုန်လဆန်း ၁၂ ရက်နေ့သိဟိုဠ်ကျွန်းသို့ရောက်လေသဖြင့်။ နတ်တော်လဆန်းတရက်နေ့က သိဟိုဠ်အဘိသိက်ဖြင့် ဒဗ္ဗအဘိသိက်ခံပြီးသော ဒေဝါနုဒါယတိသမင်းသည် ထိုအဘိသိက်ခံသည်မှ ငါးလခွဲခန့်ကြာ၌။သာ

သနာစောဘ သက္ကရာဇ် ၂၃၉ နှစ်ရောက်၊ ကဆုန်လပြည့်နေ့၊ နေတက်နံနက်အခါတွင်။ ဇမ္ဗူဒိပါကပါသော အာဘိသိက်အဆောင်အရွက်တို့ဖြင့်တဘန်ထပ်၍အာဘိသိက်သွန်းပြန်၏။ ။

အာဘိသိက်သွန်းသော အခြင်းအရာကား ဤသို့တည်း။ အာဘိသိက်မင်္ဂလာအလို့ငှါတန်ဆာဆင်ခြင်းနှင့်စပ်သောမဏ္ဍပ်ကိုပြု၍၊ထိုမဏ္ဍပ်၏အတွင်း၌ ရေသဖန်းသား အင်းပျဉ်ထက်၌ အာဘိသိက်သွန်းအပ်သော မင်းသားကို နေစေ၍၊ မင်္ဂလာတန်ဆာဖြင့်ဆင်အပ်ပြီးသော၊ အမျိုးနှင့်ပြည့်စုံသောမင်းသမီးသည် အနဝတတ်အိုင်ရေဖြင့်ပြည့်သော လက်ျာရစ်ခရုသင်းကို လက်နှစ်ဘက်တို့ဖြင့် ရိုသေစွာကိုင်၍၊ မင်းသား၏ဦးထိပ်ပေါ်သို့ဆောင်၍ ထိုမင်း၏ဦးထိပ်၌ ထိုရေဖြင့်သွန်း၍။ အဓိရင်မင်းမြတ်၊ ခပ်သိမ်းသောမင်းတို့သည် မိမိတို့ကို စောင်မအုပ်ချုပ်စိမ့်သောငှါ ဤရေစင်ဖြင့်သွန်း၍ အဓိရင်မင်းသားကိုမင်းပြုကုန်၏။ သင်မင်းမြတ်သည် မင်းကျင့်တရား၌တည်လျက် တရားနှင့်ညီသဖြင့်မင်းပြုလေ၄။ မင်းသား အပေါင်းတို့၌ သား၏ချစ်ခြင်း သနားခြင်းရှိသည် ဖြစ်၍ အကျိုးစီးပွါးကို အလိုရှိသောစိတ်ရှိသည် ဖြစ်စေလေ၄။ လုံခြုံစွာ စောင့်ရှောက်စေခြင်းဖြင့် ထိုမင်းသားတို့ကို စောင့်ရှောက်သည်ဖြစ်စေလေ၄ဟူ၍ နှုတ်ဖြင့်ဆို၏။ ထိုနောင်မှ ပုဏ္ဏားသည် ပုဏ္ဏားနှင့်လျော်သော တန်ဆာကိုဆင်၍မင်းသမီးကဲ့သို့သွန်း၍။ အဓိရင်မင်းမြတ်၊ပုဏ္ဏားတို့သည် မိမိတို့ကို လုံခြုံစွာစောင့်ရှောက်စေခြင်း၌ အဓိရင်မင်းသားကိုထိပ်၌ရေစင်သွန်း၍ မြတ်သောမင်းကိုပြုကုန်၏။ ဤသို့စသည်ဖြင့် မင်းသမီးဆိုသကဲ့သို့ဆို၏။ ထိုနောင်မှသူဌေးသည် သူဌေးနှင့်ထိုက်တန်သောတန်ဆာကိုဆင်၍၊ မင်းသမီးကဲ့သို့ သွန်း၍။ အဓိရင်မင်းမြတ်၊ သူဌေးသူကြွယ် အပေါင်းတို့သည်မိမိတို့ကိုစောင့်ရှောက်စိမ့်သောငှါ အဓိရင်မင်းမြတ်ကိုရေစင်သွန်း၍ မင်းအဖြစ်ကိုပြုကုန်၏။ ဤသို့စသည်တို့ဖြင့် မင်းသမီးဆိုသကဲ့သို့ဆို၏။ ထိုသူတို့သည် ဤသို့ဆိုကုန်သဖြင့်၊ မြတ်သော, မင်းကြီး၊ သင်မင်းကြီး သည်။ အကယ်၍ ငါတို့ဆိုအပ်သော စကားနှင့်ညီစွာ မင်းအဖြစ်ကိုပြုအံ့။ ဤသို့ပြုသည်ရှိသော် ဆုန်းတော်ကြီး၍ သက်တော်ရှည်ပါစေသတည်း။ အကယ်၍ ငါတို့ဆိုအပ်သောစကားနှင့်ညီစွာမင်းမပြုအံ့။ သင်မျင်းကြီး၏ဦးခေါင်းသည် ခုနစ်စိတ်ကွဲစေသတည်းဟု ကျိန်ဆဲသကဲ့သို့ဖြစ်၏။ ။ကဆုန်လပြည့်နေ့၌ ဒေဝါနုံပိယထိ,သမင်း အာဘိသိက်သွန်း

သည်ကို အကြောင်းပြု၍။ ယခုတိုင် မင်းတို့သည် ဟသဆုန်လပြည့်နေ့၌ အာဘိသိက်သွန်းကုန်၏။ ဒေဝါနုံပိယတိဿမင်းကား မရဒုသိဝမင်း၏သား တကျိပ်တွင်အာကြိုးတည်း။ ထိုမင်း၌သမီးလည်းနှစ်ယောက်ရှိ၏။ ။

၁၀၄။ အရှင်မဟိန္ဒထေရ်သိဟုဠ်ကျွန်းသို့
သာသနာပြုကြွတော်မူ၍မိဿကတောင်၌ဒေဝါနုံပိယ
တိဿမင်းအားစူဠဟတ္ထိပဒေါပမသုတ္တန်ဒေသနာဖြင့်မင်းချင်း
ယောကျ်ားလေးသောင်းနှင့်တကွသံရဏာဂုံ၌တည်စေခြင်း၊
သမစိတ္တာသုတ္တန်ဒေသနာဖြင့်အသင်္ချမျှလောံသော
နတ်တို့အားမဂ်ဖိုလ်ရစေခြင်းကိုပြရာ။

ထိုဒေဝါနုံပိယတိဿမင်းသည်ကဆုန်လပြည့်နေ့အာဘိသိက်သွန်း၍ ပြီးသည်မှတလွဲမြောက်ဖြစ်သောနယုန်လပြည့်နေ့၌ ဝေဿကာရားနက္ခတ်သဘင်ထွက်မည်ဖြစ်၍၊ မြို့၌ကြွေးကြော်ဆော်ဟစ်စေ၍၊ အမတ်တို့ကိုတောကစား သဘင် ပြုကုန်အံ့ဟု ဆို၍။ လေးသောင်းသော မင်းချင်းယောကျ်ားတို့ဖြင့်ခြံရံလျက်မြို့မှထွက်၍။ မြို့၏အရှေ့၌ မိဿကတောင်ရှိသောတောအရပ်သို့သွားလေ၏။ ထိုအခါ၌အရှင်မဟိန္ဒမထေရ်သည် မိမိကိုယ်လျှင် ခုနစ်ယောက်မြောက်ဖြစ်၍ ဇမ္ဗူ။ ဒီပါမှကောင်းကင်ခရီးဖြင့်လာခဲ့၍။ မိဿကတောင်ထိပ်၌တည်လေ၏။ ထိုရောအခါ မိဿကတောင်၌စောင့်သောနတ်သည် မထေရ်တို့ကို မင်းကြီးအားပြအံ့ဟု ကြံ၍ စိုင်၏အရပ်ကိုဘန်ဆင်းလျက် မင်းမှမမြင်းမဝေးသောအရပ်၌ မျက်သစ်ရွက်တို့ကိုစား၍သွား၏။ မင်းကြီးသည်ထိုစိုင်ကိုမြင်၍၊ ယခုအခါမွေလျော့၏။ ပစ်အံ့သောဌါမသင့်သေးဟုလေးညှိုကိုဖြန်း၏။ စိုင်သည်သရက်ကုန်းခရီးကိုယူ၍ပြေးအံ့သောဌါအားထုတ်၏။ မင်းသည် နေ့မွန်းနောက်မှ အစဉ်လိုက်လေသဖြင့် သရက်ပင်ကုန်းသို့လျှင် တက်လေ၏။ စိုင်သည်လည်း မထေရ်တို့၏အနီး၌ကွယ်လေ၏။ အရှင်မဟိန္ဒမထေရ်သည် မနီးမဝေးမှလာသောမင်းကြီးကို မြင်၍၊ ငါ့ကိုသာ မင်းကြီးမြင်စေသတည်း။ ငါမှတပါးသောခြောက်ယောက်တို့ကို မမြင်စေဘတည်းဟုဓိဋ္ဌာန်၍။ တိဿတိဿ၊ ဤသို့လာခဲ့လော့ဟုပိန့်တော်မူ၏။ မင်းကြီးသည် ထိုစကားကိုကြား၍ ဤသီဟိုဠ်ကျွန်း၌ဘွားသောသူသည် ငါ့ကို

တိဉ္ဆတိုသဟု အံ့မည်ကိုယူ၍ခေါ်ခြင်းငှါ စွမ်းနိုင်သောသူမည်သည် မရှိ။ ပြိုက်သောပျက်သော ပုဆိုးကိုဆောင်သော ဖြေ့တော့သောအာဝတ်ကိုဝတ်သော့ ဤသူသည်ကား ငါ့ကို အမည်ဖြင့်ခေါ်ဘိ၏။ ဤသူသည်အဘယ်သူနည်း၊လူဖြစ်သလော၊နတ်ဖြစ်သလောဟု်ကြို၏။မထေရ်သည် ထိုအကြိုကို သိ၍။ မြတ်သောမင်းကြီး၊ ငါတို့သည် တရားမင်းဘုရား၏တပည့်ဖြစ်သောရဟန်းတို့တည်း။သင့်အားသနားသဖြင့် ဇမ္ဗု။ ဒီပါကျွန်းမှ ဤကျွန်းသို့လာကုန်သည်ဟုမိန့်တော်မူ၏။ ထိုစောအခါ၊ဒေဝါနုံပိယတိဿမင်းသည် ဓမ္မာသောကမင်းပေးမှာလိုက်သော၊ ဘုရား၊တရား၊သံဃာဟူသော သတင်းစကားကို ဩဘာက်မ့ေ၍။ ငါတို့သည် ရဟံန်းတို့တည်း၊ တရားမင်းဘုရား၏တပည့်တို့တည်း ဟူသောစကားကိုကြား၍၊အဓိပ္ပာယ်မြတ်တို့သည်လာကုန်သလောဟုဩဘာက်မ့ေ၍။ လေးလံလှံလက်နက်တို့ကိုချ၍။ဝမ်းမြောက်ဝမ်းသာသောစကားကို ပြောပောာလျက် တင့်အပ်ဌသောအရပ်၌ နေ၏။ ထိုမင်းစကားပြော၍နေစဉ်။ ထိုလေးသောင်းသောမင်းချင်းယောကျ်ားတို့သည်ဖိလာ၍ခြံရံကုန်၏။ ထိုအခါမထေရ်သည် ကိုယ်တော်မှတပါးခြောက်ယောက်သောသူတို့ကိုလည်းမင်းအားဖြင်စေကုန်၏။ မင်းသည် ဤသူတို့သည် အဘယ်အခါ၌လာကုန်သနည်းဟုမေး၏။ မြတ်သောမင်းကြီး၊ ငါနှင့်အတူပင်လာ၏ဟုမိန့်တော်မူ၏။ယခုအခါ ဇမ္ဗု။ဒီပါကျွန်း၌ အရှင်ဘုရားတို့မှတပါး အရှင်ဘုရားတို့ကဲ့သို့သဘောရှိသော ရဟန်းတို့သည် ရှိကုန်သေး၏လောဟု မေးကြား၍၊အရှင်မြတ်တို့သည်လာကုန်သလောဟုဩဘာက်မ့ေ၍။ လေးမင်းကြီးမေး၏။မြတ်သောမင်းကြီး၊ရှိကုန်၏။ ယခုအခါ ဇမ္ဗု။ဒီပါကျွန်းသည် သက်နေးရောင်ဖြင့်တောံပ၏။ ရဟန်းတို့၏ဟန်ပန်လေဖြင့် ထက်ဝန်းကျင်မှ လာ၏။ ငိုစွာသုံးပါးနှင့် ဖြည့်စုံကုန်သော၊ တန်းခိုးကြီးကုန်သော၊ သူတပါးတို့၏စိတ်ကို သိတတ်ကုန်သော၊ ကုန်ပြီးသောအာသဝေါရှိကုန်သောဘုရားတပည့်ရဟန္တာတို့သည် များစွာရှိကုန်၏ဟု ဖိန့်တော်မူ၏။ အရှင်ဘုရားတို့သည် အဘယ်ခရီးဖြင့် လာကုန်သနည်းဟုမေး၍။ မင်းကြီး၊ ငရုခရီးဖြင့်လည်းမလာ၊ ကြည်းခရီးဖြင့်လည်း မလာဟူ၍ဖိန့်တော်မူသေ၏။ ကောင်းကင်ဖြင့်လာသည်ဟု မင်းကြီးသိတော်မူ၏။မထေရ်သည်မင်းကြီးအား ပညာအဆင်အခြင်သည်ရှိ၏လောမရှိလောဟု စုံစမ်းအံ့သောဒှါ အနိုးဒ္ဓါရှိသောသရက်ပင်ကိုဒဉ်ကြောင်းပြု၍ ပြီသနာမေး၏။ မင်းကြီး၊ဤသစ်ပင်သည် အဘယ်အမည်ရှိသနည်းဟု

မေးဖို့။ အရှင်ဘုရား၊ သရက်ပင်အမည်ရှိဖို့ဟု ဘယ်သူက ဆို့သနည်း။ မင်းကြီး၊ ဤသရက်ပင်ကို လွှတ်၍ တပါးသောသရက်ပင်သည် ရှိသလော မရှိသလောဟု မထေရ်မေးသော်။ အရှင်ဘုရား၊တပါးသောသရက်ပင်တို့သည် များစွာရှိကုန်ဖို့ဟုလျှောက်ဖို့။ မင်းကြီး၊ဤသရက်ပင်ကိုထင်း၊တပါးသောသရက်ပင်တို့ကိုထင်းလွှတ်၍၊ တပါးသောသစ်ပင်တို့သည်ရှိကုန်ဖို့လောဟုမေးတော်မူဖို့။ အရှင်ဘုရား၊ရှိကုန်ဖို့။ရှိသော်လည်း ထိုသစ်ပင်တို့သည် သရက်ပင်မဟုတ်ကုန်ဟုလျှောက်ဖို့။ မင်းကြီး၊တပါးကုန်သောသရက်ပင်တို့ကိုထင်း၊ သရက်ပင်မဟုတ်ကုန်သောသစ်ပင်တို့ကိုထင်း လွှတ်၍ တပါးသော သစ်ပင်သည် ရှိသလောဟု မေးတော်မူပြန်သော်။ ရှိပါဖို့အရှင်ဘုရား၊ဤသရက်ပင်ပင်တည်းဟု လျှောက်သဖြင့်။ မင်းကြီး၊ ကောင်းဖို့။ သင် မင်းကြီးသည် ပညာရှိဖို့ဟု ဘိန့်တော်မူ၍။ မင်းကြီး၊သင်မင်းကြီးအား အဆွေအမျိုးရှိဖို့လောဟုမေးတော်မူပြန်ဖို့။ များစွာသောအဆွေအမျိုးတို့သည်ရှိကုန်ဖို့။ အရှင်ဘုရား၊ရှိကုန်ဖို့။ အဆွေအမျိုးမတော်သော သူတို့သည် အဆွေအမျိုးတော်သောသူတို့ထက် များစွာကုန်ဖို့ဟုလျှောက်သော်။ မင်းကြီး၊သင်ဖို့အဆွေအမျိုးတို့ကိုထင်း၊ အဆွေအမျိုးမတော်သော သူတို့ကိုထင်း လွှတ်၍ တပါးသော တစုံတယောက်သောသူသည် ရှိဖို့လောဟု မထေရ်မေးတော်မူသော်။ အရှင်ဘုရား၊ အကျွန်ုပ်ပင်တည်းဟု လျှောက်ဖို့။ မြတ်သော မင်းကြီး၊ ကောင်းဖို့။ ဒီဒိကိုယ် မည်သည် ဒီဒိဖို့ အဆွေအမျိုးလည်း မဟုတ်။ အဆွေအမျိုးမဟုတ်သောလူလည်း မဟုတ်ဟု ဘိန့်တော်မူဖို့။ ထိုအခါ မထေရ်သည်၊ ဤမင်းကြီးသည်ပညာရှိဖို့။ တရားကိုသိခြင်းဌါတတ်နိုင်လတ္တံ့ဟု နှလုံးသွင်းတော်မူ၍ စူဠဟတ္ထိပဒေါပမသုတ်ကို ဟောတော်မူဖို့။ဟောတော်မူသောအဆုံးဌ မင်းသည် လေးသောင်းသောမင်းချင်းယောဂကျားတို့နှင့်တကွ သရဏဂုံသုံးပါးတို့ဌတည်လေဖို့။ ။ထိုခဏဌသာလျှင် မင်းကြီးအား စားဝေါ်ထမင်း ဆောင်ခဲ့ကုန်ဖို့။ မင်းကြီးသည် သုတ္တန်တရားကိုနာစဉ်ကပင် ဤအရှင်တို့အား၌အခါဌဘောဇဉ်သည်မအပ်ဟူ၍သိဖို့။ မပန်မူ၍စားအံ့သောဌါကား မဲလျှောက်ပတ်ဟုကြံ၍။ အရှင်ဘုရား၊ စားဒေကဝိမူလတ္တံ့လောဟုမေးဖို့။ မင်းကြီး၊ ငါတို့

အဝေးဤအခါ၌ဘောဇဉ်သည်မအပ်ဟုမိန့်တော်မူ၏သော်။အဘယ်အခါ၌
အပ်သနည်းဟုမေး၏။ ဖြတ်သောမင်းကြီး၊ အရဏ်တက်သောအခါမှ
စ၍ မွန်းတည့်သောအခါတိုင်အောင် အပ်၏ဟု မိန့်တော်မူ၏။ အရှင်
ဘုရား၊မြို့သို့သွားကုန်အံ့ဟုမင်းကြီးပင့်လျှောက်၏။ မင်းကြီး၊ဤအရပ်၌
ပင်လျှင်ငါတို့နေကုန်အံ့ဟုမိန့်တော်မူ၏။အရှင်ဘုရား၊အကယ်၍ အရှင်
ဘုရားတို့သည် နေတော်မူကုန်။ ဤသူငယ်ကို လိုက်ပါစေသတည်းဟု
လျှောက်၏။ မင်းကြီး၊ဤသူငယ်သည် သေရာတာပတ္တိဖိုလ်သို့ရောက်ပြီ။
မြတ်စွာဘုရား အဆုံးအမတော်ကို သိပြီ။ ရဟန်းအဖြစ်ကိုငဲ့သောသူ
တည်း။ ယခုအခါ၌ ရဟန်းပြုလတ္တံ့ဟုမိန့်တော်မူ၏။ ထိုသို့တပြီးကား
အရှင်ဘုရားထံသို့ နက်ဖြန်ရထားစေလိုက်အံ့။ ထိုရထားကိုစီး၍ အရှင်
ဘုရားတို့သည်လာကုန်လော့ဟုဆို၍ဂိုဏ်း၍ပဲလေ၏။ ။

အရှင်မဟိန္ဒမထေရ်သည် မင်းကြီးဗဲပြီးသည့်နောက် မမြင့်မီ သုမန
သာမဏေကို၊ လာလတ္တည့်၊ သင်သည် တရားနာအံ့သောအခါကို ကြွေး
ကြော်လော့ဟုစေ၏။ အရှင်ဘုရား၊ အဘယ်မျှလောက်သောအရပ်ကို
ကြားစေရအံ့နည်းဟု သာမဏေမေးသော်။ အလုံးစုံသောကျွန်းသူတို့
ကိုကြားစေဟုမိန့်၏။ သာမဏေသည်ကောင်းပြီအရှင်ဘုရားဟုဝန်ခံ၍
အာဘိညာဉ်၏အခြေဖြစ်သော စတုတ္ထဈာန်ကို ဝင်စား၍၊ ဈာန်မှထ၍၊
အဓိဋ္ဌာန်၍၊တည်ကြည်သောစိတ်ဖြင့် အလုံးစုံသောတမ္ဗပဏ္ဏိကျွန်းသူ
တို့ကိုကြားစေလျက် သုံးကြိမ်တရားနာလတ္တည့်ကုန်ဟူ၍ ဟစ်၏။ ဒေဝါနံ
ပိယတိဿမင်းသည် ထိုအသံကိုကြား၍ တစုံတရာသောဘေးရန်သည်
ဖြစ်သလောဟု မထေရ်၏ အထံသို့ စေလိုက်၏။ ငါတို့အား တစုံတရာ
သောဘေးရန်မရှိ။ တရားနာလတ္တည့်ကုန်ဟု ကြွေးကြော်စေ၏။ မြတ်စွာ
ဘုရားစကားတော်ကို ငါတို့သည်ဟောလိုကုန်၏ဟု မိန့်တော်မူလိုက်
၏။ ထိုသာမဏော ကြွေးကြော်သော အသံကို ဘုမ္မဒေဝနတ်တို့သည်
ကြားကုန်၏။ ဤသို့သောနည်းဖြင့် ဗြဟ္မာပြည်တိုင်အောင် အသံနှံ့၍
တက်၏။ ထိုအသံဖြင့်စေတီယတောင်၌မျှားစွာသောနတ်တို့၏အစည်း
အဝေးသည်ဖြစ်၏။ မထေရ်သည် မျှားစွာသောနတ်အစည်းအဝေးကို
မြင်၍ သမစိတ္တာသုတ်ကိုဟော၏။ သုတ္တန်၏အဆုံး၌ အသင်္ချေကုန်သော
နတ်တို့အား မဂ်ဖိုလ်ရကုန်၏။ မျှားစွာသောနဂါးဂဠုန်တို့သည်လည်း
သရဏဂုံ၌ တည်ကုန်၏။ အရှင်သာရိပုတြား သမစိတ္တာသုတ်ကိုဟော

ဝေဘ်မူသောအခါ နတ်တို့၏အစည်းအဝေးနှင့်အတူ အရှင်မဟိန္ဒဟော ဝေဘ်မူသောအခါဒွဲဖြစ်၏။ ။

၁၀၅။ အရှင်မဟိန္ဒထေရ်သိဟိုဠ်ကျွန်းသို့သာသနာပြု ရောက်၍ ၂ ရက်မြောက်သောနေ့၌နှစ်ထောင့်ငါးရာမျှသော လူတို့မင်္ဂလိတရားရကြသည်ကိုပြရာ။

ထိုညဉ့်လွန်သဖြင့် မင်းသည် ရထားကိုမထေရ်တို့၏အထံသို့ စေလိုက်၏။ရထားထိန်းသည်တရားသောအစွန်၌ရထားကိုထား၍ မထေရ်တို့အား။ အရှင်ဘုရားတို့၊ရထားရောက်ပါပြီ၊တက်ကုန်လော့၊သွားကုန်အံ့ဟုလျှောက်သော်။ မထေရ်တို့သည် ငါတို့ရထားမစီးကုန်၊ သင်သွားလေ၊ငါတို့ နောက်မှလာကုန်အံ့ဟုဆို၍၊ ကောင်းကင်သို့ပျံတက်၍၊အနုရာဓပြည်၏အရှေ့အရပ်၌ ပဌမကစေတီ တည်ရာအရပ်၌ သက်လေကုန်၏။ (ထိုစေတီကိုမထေရ်တို့ရှေးဦးစွာသက်ရာအရပ်၌တည်သောကြောင့်ပဌမကစေတီဟူ၍သမုတ်၏)။ ။မင်းကြီးသည်လည်းရထားထိန်းကိုစေပြီး၍၊နန်းတွင်း၌ မဏ္ဍပ်ဆောက်ကုန်လော့ဟုအမတ်တို့ကိုစေ၏။ ထိုခဏ၌ အလုံးစုံသောသူတို့သည် ဝမ်းမြောက် ဝမ်းသာ ဖြစ်ကုန်လျက် ကြည်ညိုဘွယ်ရှိသောမဏ္ဍပ်ကိုပြုကုန်၏။ တဘန်မင်းသည် ကြံ၏။ ယမန်နေ့ သိလအစုကို မထေရ်ဟောတော်မူသော် ဖြတ်သောမြင့်သောနေရာသည် မအုပ်ဟုဆို၏။ ဤနေရာတို့၌ အရှင်တို့သည် နေလတ္တံ့လော မနေလတ္တံ့လောဟုကြံ၏။ထိုခဏ၌ရထားထိန်းသည်မြို့တံခါးသို့ရောက်လျှင်၊ မိမိ၏ရှေးဦးစွာရောက်နှင့်ကုန်၍၊ သင်းပိုင်သက်နှံးဝတ်ရုံကုန်သောမထေရ်တို့ကိုမြင်သဖြင့်၊ အလွန်ကြည်ညိုသောစိတ်ရှိသည်ဖြစ်၍ နန်းတော်သို့လာ၍ မင်းကြီးအား မထေရ်တို့ရောက်ပြီဟုကြားလျှောက်၏။ ရထားစီးကုန်၏ လောဟု မင်းကြီး မေးသော်။ မစီးကုန်၊စင်စစ်ကားအကျွန်ုပ်၏နောက်မှထွက်ကုန်လျက်ရှေးဦးစွာရောက်ကုန်၍ မြို့ရှေ့တံခါးဦးရှိနှင့်ကုန်၏ဟုလျှောက်၏။ မင်းကြီးသည် ရထားမစီးကုန်ဟုကြား၍။ ယခုအခါ အရှင်ကောင်းတို့သည် မြင့်သောနေရာကို မသာယာကုန်လတ္တံ့ဟုကြံ၍။ အမတ်တို့၊ထိုသို့တပြိုးကား မထေရ်တို့အား မြေအခင်း၏ အသွင်ဖြင့် နေရာတို့ကို ခင်းကုန်လေ့ဟု ဆို၍

ခရိုးဦးကြို့လေ၏။အမတ်တို့သည် မြေ၌ကပ်စိပ်တို့ကိုခင်း၍ အထက်၌ ကော်ဇော အစရှိသော ဆန်းကြယ်သော အခင်းတို့ကို ခင်းကုန်၏။ နှမိတ်ဘတ်တတ်ကုန်သောသူတို့သည်မြင်ကုန်၍ ယခုအခါ၌ ဤအရှင် တို့သည် ဤကျွန်းမြေကိုယူအပ်ကုန်ပြီ၊ ဤအရှင်တို့သည် သိဟိုဠ်ကျွန်း၏အရှင်တို့သည်ဖြစ်ကုန်လတ္တံ့.ဟု ကြားကုန်၏။ မင်းကြီးသည်သွား၍၊ မထေရ်တို့ကို ရှိခိုး၍၊ အရှင်မဟိန္ဒမထေရ်၏ လက်မှ သပိတ်ကိုယူ၍၊ များမြတ်သောပူဇော်သက္ကာရဖြင့် မထေရ်တို့ကို မြို့တွင်းသို့ ဝင်စေ၍ နန်းတွင်းသို့သွင်း၏။ အရှင်မဟိန္ဒထေရ်သည် နေရာ၏ အခြင်းအရာကို မြင်၍ ငါတို့၏ အဆုံးအမသည် အလုံးစုံသောသိဟိုဠ်ကျွန်း၌ ဖြေကြိုးကဲ့သို့ပြန့်လျက် မတုန်လှုပ်သည်ဖြစ်၍တည်လတ္တံ့.ဟု ကြံ၍နေ၏။ မင်းကြီးသည် မထေရ်တို့ကို မွန်မြတ်သော ခဲဘွယ်ဘောဇဉ်ဖြင့် ပဓိုလက် ဖြင့်လုပ်ကျွေး၍၊ အနုဇ္ဇာဒေဝီအမျိုးရှိသော ငါးရာသောမိန်းမတို့သည် မထေရ်တို့အား ပူဇော်သက္ကာရကိုပြုလည့်ကုန်ဟု ခေါ်စေ၍ တင့်အပ်သောအရပ်၌နေ၏။မထေရ်သည် ဆွမ်းစားပြီးသော် အလုပ်အကျွေးနှင့် တကွသော မင်းကြီးအား။ ပေတဝတ္ထု၊ ဝိမာနဝတ္ထု၊ သစ္စသံယုတ်ကို ဟော၏။ ထိုတရားကိုကြား၍ ထိုငါးရာသောမိန်းမတို့သည် သောတာပန်ဖြစ်ကုန်၏။ ။အကြင်လူတို့သည် ယမန်နှေးညှဉ် မိသကဟောင်၌ မထေရ်တို့ကို မြင်ကုန်၏။ ထိုသူတို့သည် ထိုထိုသို့သော အရပ်တို့၌ မထေရ်တို့၏ကျေးဇူးစကားကိုဆိုကုန်၏။ ထိုစကားကိုကြား၍ လူများ အပေါင်းသည်မင်းယင်ဖြင့်၌စည်းဝေး၍ သည်းစွာသောအသံကိုပြု၏။ ဤသည်းစွာသော အသံသည် အဘယ်အသံနည်းဟု မင်းကြီးမေး၍။ အရှင်မင်းကြီး၊ပြည်သူတို့သည် အရှင်ကောင်းတို့ကိုငါတို့မဖူးမြင်ရပါကုန်ဟုမြည်တမ်းကုန်၏ဟုလျှောက်ကုန်သော်။အကယ်၍ ဤအရပ်သို့ ဝင်စေငြားအံ့။ဤအရပ်သည်မဆံ့သည်ဖြစ်လတ္တံ့.ဟုမင်းကြီးသည်ကြံ၍။ အချင်းတို့၊ သွားချေကုန်။ ဆင်တင်းကုပ်ကို သုတ်သင်၍၊ သဲတို့ကိုကြဲ၍။ ငါးပါးသောအဆင်းရှိကုန်သောပန်းတို့ကို ကြဲ၍။ ပုဆိုးဗိတာန်တို့ကိုဖွဲ့၍၊ မင်္ဂလာဆင်၏နေရာ၌ မထေရ်တို့၏နေရာကိုခင်းကုန်လော့ဟု ဆို၏။ အမတ်ကိုသည် မင်းဆိုတိုင်းပြုကုန်၏။ အရှင်မဟိန္ဒထေရ်သည် ထိုအရပ်သို့သွား၍ ဒေဝဒူတသုတ်ကို့ဟော၏။ ဟောပြီးသောအဆုံး၌ ဘထောင်မျှလောက်ကုန်သော တရားနာပရိသတ်တို့သည် သောတာ

ပန်ဖြစ်ကုန်၏။ ။ထိုနောက် ဆင်တင်းကုပ်သည် ကျဉ်းသေး၏ဟု မြို့တောင်တံခါးအနီး နန္ဒဝန်ဥယျာဉ်၌ နေရာကိုခင်းကုန်၏။ မထေရ်သည် ထိုနန္ဒဝန်ဥယျာဉ်၌နေ၍ အာသိဝိသောပမသုတ်ကို ဟော၏။ ထိုသူတွန်ကိုကြား၍ တထောင်မျှလောက်သော ပရိသတ်တို့သည် သောတာပန်ဖြစ်ကုန်၏။ဤသို့လျှင်သိဟိုဠ်ကျွန်းသို့ရောက်သောနေ့မှာစ၍ရက်ပြောက်သောနေ့၌။ နှစ်ထောင်ငါးရာကုန်သောပရိသတ်တို့အား မဂ်ဖိုလ်ရခြင်းသည်ဖြစ်၏။ ။

၁၀၄။ အရှင်မဟိန္ဒထေရ်သိဟိုဠ်ကျွန်းသို့ သာသနာပြုရောက်၍၊ဒုတိယခုနစ်ရက်အတွင်းအနမတဂ္ဂိယ သုတ္တန်ဒေသနာစသည်ကိုဟောတော်မူလျက်။ ရှစ်ထောင်ငါးရာမျှသောလူတို့အားမဂ်ဖိုလ် တရားရစေသည်ကိုပြရာ။

မထေရ်အား နန္ဒဝန် ဥယျာဉ်သို့ လာတိုင်း လာတိုင်းသော အမျိုးမိန်းမ၊ အမျိုးချွေးမ၊ အမျိုးသတို့သမီးတို့နှင့် ဝမ်းမြောက်ဝမ်းသာ ပြောဟောနေစဉ်။ ဖိုးချုပ်သေးအခါသည် ဖြစ်၏။ မထေရ်သည် အခါကိုမှတ်၍ ယခုအခါငါတို့သည် မိဿကတောင်သို့သွားကုန်အံ့ဟု နေရာမှထ၏။ အရှင်ဘုရားတို့၊အဘယ်သို့သွားကုန်အံ့နည်းဟုအမတ်တို့မေး၍။ ငါတို့နေရာအရပ်သို့သွားကုန်အံ့ဟုဆိုသော်။ ထိုအမတ်တို့သည် မင်းကြီးအား ကြားလျှောက်သည်ကိုပြု၍ မင်းကြီး၏ အလိုအားဖြင့်။ အရှင်ဘုရားတို့၊ ယခု ထိုအရပ်သို့ သွားအံ့သောငှါ အခါမဟုတ်။ ဤနန္ဒဝန်ဥယျာဉ်သည်ပင် အရှင်ဘုရားတို့၏ နေရာဖြစ်စေလော့ဟု အမတ်တို့လျှောက်ကုန်သော်။ မလျှောက်ပတ်၊ ငါတို့သွားအံ့ဟုဆိုသဖြင့်၊ တဘန်အမတ်တို့သည်မင်းကြီး၏စကားဖြင့်ဤသို့လျှောက်ကုန်၏။အရှင်ဘုရားတို့၊ မင်းကြီးသည် ဤသို့ဆိုပါ၏။ ဤမေဃဝန်ဥယျာဉ်သည် ငါ့အဘဇနပဒသိဝမင်း၏ ဥယျာဉ်တည်း။ မြို့မှ ဝေးလည်း မဝေးလွန်း၊ နီးလည်း မနီးလွန်း၊အသွားအလာနှင့်ပြည့်စုံ၏။ ဤမေဃဝန်ဥယျာဉ်၌ မထေရ်တို့နေတော်မူပါစေလော့ဆိုပါသည့်ဟုလျှောက်ကုန်၏။ မထေရ်တို့ငယ်သည် ထိုဥယျာဉ်၌နေကုန်၏။ထိုဥယျာဉ်လွန်သဖြင့် မင်းသည်မထေရ်၏အထံသို့

သွားး၍။ချမ်းသာစွဲအိပ်ရဲသောအဖြစ်ကိုမေး၍၊အရှင်ဘုရားတို့၊ရဟန်း သံဃာဆား အရံဥယျာဉ်သည်ဖြို အပ်ပါ၏လော ဟု မေး၏။ မြတ်သော မင်းကြီး၊အပ်ပါ၏ဟု အရှင်မဟိန္ဒမထေရ်မိန့်၍။ အနုဇာနာမိ ဘိက္ခဝေ အာရာမံ၊ ဟူသော၌သတ်ကိုရွတ်၏။ ။ဘိက္ခဝေ၊ရဟန်းတို့။ တုမှာ ကံ၊သင်တို့အား။ အာရာမံ၊အရံဥယျာဉ်ကို။ အနုဇာနာမိ၊ ခွင့်ပြု၏။ ။ ဤကားအနက်တည်း။ ။မင်းသည် နှစ်သက်၍၊ ဿကရားဖြင့် မထေရ်၏လက်၌ ရေစက်ချ၍၊မဟာမေဃဝန်ဥယျာဉ်ကိုလှူ၏။ မြေသို့ရေစက် ကျသည်နှင့်တပြိုင်နက် မြေကြီးပြင်းစွာတုန်လှုပ်၏။ ဤမြေကြီးပြင်းစွာ တုန်လှုပ်ခြင်းသည်မဟာဝိဟာရဝါသီကျောင်းကြီးဆောက်ရာအရပ်၌ ရှေးဦးစွာသော တုန်လှုပ်ခြင်းတည်း။မင်းကြီးသည် ကြွေက်သည်ဖြစ်၍။အရှင်ဘုရား၊မြေကြီးအဘယ့်ကြောင့်တုန်လှုပ်သနည်းဟု မေးသော်၊ မင်းကြီး၊ မကြောက်လင့်။ ဤကျွန်းခွဲ မြတ်စွာဘုရား၏ သာသနာတော်တည်လတ္တံ့။ ဤအရပ်သည် ရှေးဦးစွာသော ကျောင်းကြီး၏ တည်ရာဖြစ်လတ္တံ့။"ဤမြေတုန်လှုပ်ခြင်းသည် ထိုကျောင်းကြီး၏ပဋိဇုနိမိတ်တည်း ဟုမိန့်တော်မူ၏။မင်းသည် အတိုင်းထက်အလွန်ကြည်ညိုး၏။ ။တနေ့ ရှိးသောက်၌ မထေရ်သည် မင်းအိမ်၌ဆွမ်းစား၍ နန္ဒဝန်ဥယျာဉ်၌ အာနမတဂ္ဂသုတ်ကို ဟော၏။ တနေ့ရှိးသောက်၌ အင်္ဂါကွန်းပမ သုတ်ကို ဟော၏။ဤသို့သောနည်းဖြင့် ခုနစ်ရက်မတ်လုံးဟောတော်မူ၏။ ဒေသ နာတော်အဆုံး၌ ဂှစ်ထောင့်ငါးရာကုန်သော ပရိသတ်တို့အား မဂ်ဖိုလ် ရခြင်းသည်ဖြစ်၏။ ထိုနေ့မှစ၍နန္ဒဝန်ဥယျာဉ်သည် သာသနာတော်၏ ထင်ရှား ထွန်းပရာ ဖြစ်သည်ကို အဇေကြောင်းပြု၍ ဓောတိဝန ဟူသော အမည်ကိုရ၏။ ။

၁၀၇။ ။အရှင်မဟိန္ဒထေရ်သိဟိုဠ်ကျွန်းသို့သာသနာ ပြုဇရောက်တော်မူသောပဌမဝါဠိပင်၊သိဟိုဠ်ကျွန်းသားရဟန္တာ ငါးကျိပ်ငါးပါးတို့နှင့်တကွ။ရဟန္တာခြောက်ကျိပ်နှစ်ပါး၊ စေတိယတောင်၌ဝါဆိုတော်မူကြသည်ကိုပြရာ။

ခုနစ်ရက်မြောက်ဝေဿာခေါ်၌ မထေရ်သည် နန်းတွင်း၌ဆွမ်းစားပြီး သော်။မင်းကြီးအား အပ္ပမာဒသုတ်ကိုဟော၍ မိသကတောင်သို့သွား

လေကုန်၏။ ထိုအခါမင်းကြီးသည် အမတ်တို့ကိုမေး၏။ မထေရ်သည် ငါတို့ကို ပြင်းစွာသောအဆုံးအမဖြင့် ဆုံးမ၏။ ဇမ္ဗု။ ဒီပါသို့သွားလေ့ရှိ လေဟု မေး၏။ အမတ်တို့သည်။ အရှင်မင်းကြီး၊ အရှင် မင်းကြီးတို့ သည် မထေရ်ကိုမတောင်းပန်ဘဲ မိမိအလိုလိုကြွလာ၏။ထိုကြောင့် ထို မထေရ်တို့သည် မင်းကြီးအားမပန်ကြားမူ၍ သွားခြင်းသည် ဖြစ်ချေ၏ ဟုဆို၏။ မင်းကြီးသည်ရထားစီး၍ မိဘုရားနှစ်ယောက်တို့ကိုရထားဦး ကင်၍ စေတိယတောင်သို့သွားလေ၏။ ရောက်သောအခါ မိဘုရားတို့ ကိုတင့်အပ်ချ၍ နေရစ်စေ၍ မိမိသည် မထေရ်တို့၏အထံသို့ အလွန် ပင်ပန်းသောသဘောဖြင့် ကပ်လေ၏။ မင်းကိုမြင်၍ မထေရ်သည် မိန့် တော်မူ၏။ မင်းကြီး၊ အဘယ့်ကြောင့် ပင်ပန်းစွာ လာသနည်းဟု မေး တော်မူ၏။အရှင်ဘုရား၊အရှင်ဘုရားတို့သည် အကျွန်ုပ်ကိုပြင်းစွာဆုံးမ ခဲ့၍ဇမ္ဗု။ဒီပါကျွန်းသို့သွားလိုကုန်သလောဟုသိခြင်းငှါလာ၏ဟုလျှောက် သော်။ မင်းကြီး၊ ငါတို့သွားလို၍မဟုတ်။ စင်စစ်သော်ကား မင်းကြီး၊ ဤအခါသည် ဝါသို့ကပ်အံ့သောအခါမည်၏။ ဤအခါ၌ရဟန်းတို့အား ဝါဆိုရာ အရပ်ကို သိအံ့သောငှါ အပ်၏ဟု မိန့်တော်မူ၏။ ထိုနေ့၌ပင် အရိဋ္ဌအမည်ရှိသောအမတ်သည် ငါးကျိပ်ငါးယောက်ကုန်သောနောင် ကြီးညီငယ်တို့နှင့်တကွ မင်းကြီး၏အနားနီးတည်လျက်။ အရှင်မင်းကြီး၊ အကျွန်ုပ်တို့သည် အရှင်ကောင်းတို့၏အထံ၌ ရဟန်းပြုလိုပါကုန်၏ဟု လျှောက်၏။ အမတ်၊ကောင်းပြီ၊ သင်တို့ရဟန်းပြုလေလော့ဟု ခွင့်ပြု၍ မထေရ်ကိုဝန်ခံစေ၏။ မထေရ်လည်း ထိုနေ့၌ပင် ငါးကျိပ်ငါးယောက် ကုန်သောအမတ်ညီနောင်တို့ကိုရဟန်းပြု၏။ အလုံးစုံသောသူတို့သည် သင်တုန်းတင်သောအဆုံး၌ ရဟန္တာအဖြစ်သို့ရောက်ကုန်၏။ မင်းကြီး သည် ထိုခဏ၌ပင် ဆူးခက်တို့ဖြင့် စေတိယတောင်အပြင်ကိုရံစေ၍။ ၆၂ ပါးသောလိုဏ်တို့၌ အမှုကိုဖြစ်စေ၍ မြို့သို့ဝင်လေ၏။ ထိုမထေရ် တို့သည် ညီနောင်တကျိပ်တို့ဖြင့်ပွဲမိုးသောမင်းမျိုးကို ကြည်ညိုစေ၍။ လူများအပေါင်းတို့ကို ဆုံးမလျက် စေတိယဂိရိတောင်၌ ဝါဆိုကုန်၏။ ထိုအခါ စေတိယဂိရိတောင်၌ ပဌမဝါဆိုကုန်သော ရဟန္တာတို့သည် ၆၂ ယောက်ဖြစ်ကုန်၏။ ။

၁၀၈။ သိဟိုဠ်ကျွန်းဒေဝါနုံပိယတိဿမင်းကြီးသည် တာဝတိံသာနတ်ပြည်မှသုမနသာမဏေပင့်ဆောင်ခဲ့သော လက်ျာမြုပ်ရိုးတော်ဓာတ်ကိုဠပနာ၍ထူပါရုံစေတီ တည်ထားကိုးကွယ်သည်ကိုပြရာ။

ဝါကျွတ်သောအခါအာရှင်မဟိန္ဒမထေရ်သည် သီတင်းကျွတ်လပြည့် ပဝါရဏာပြုပြီးသော် ဒေဝါနုံပိယတိဿမင်းကြီးကို ဤသို့ဆို၏။ မြတ်သောမင်းကြီး၊ ငါတို့သည် မြတ်စွာဘုရားကို မဖူးမမြင်ရသည်ကြာပြီ။ ကိုးကွယ်ရာမရှိနေခြင်းကဲ့ နေရကုန်ပြီ။ ဗမ္ဗ။။ဒီပါကျွန်းသို့ သွားခြင်းငှါ အလိုရှိကုန်၏ဟု မိန့်တော်မူသော်။ အရှင်ဘုရား၊ အကျွန်ုပ်တို့သည် အရှင်ဘုရားတို့ကို ပစ္စည်းလေးပါးတို့ဖြင့် လုပ်ကျွေးပါကုန်၏။ ဤလူမျှား အပေါင်းသည်လည်း အရှင်ဘုရားတို့ကဲ့ဗို့၍ သရဏဂုံတို့၌ တည်ကုန်၏။ အဘယ့်ကြောင့် ဆန့်ကျင် ကုန်သနည်းဟု လျှောက်၏။ မင်းကြီး၊ ငါတို့သည် မြတ်စွာဘုရားကို မဖူးမြင်ရသည်ကြာပြီ။ ဂိုဒိုးခြင်း၊ခရီးဦးကြို့ဆိုခြင်း၊ လက်အုပ် ချီခြင်း၊ ရိုသေခြင်း အမှုတို့ကို ပြုရာဌာန သည် ဤသီဟိုဠ်ကျွန်းဒွိမရှိ။ ထို့ကြောင့်ဆန့်ကျင်ကုန်၏ဟုမထေရ်မိန့်၏။ မင်းကြီးသည်၊အရှင်ဘုရား၊ အရှင်ဘုရားတို့သည်၊ မြတ်စွာဘုရားပရိနိဗ္ဗာန်ပြုတော်မူပြီဟု မိန့်တော်မူသည် မဟုတ်တုံလောဟု လျှောက်၏။ မြတ်သော မင်းကြီး၊ အကယ်၍ကား၊ မြတ်စွာဘုရား ပရိနိဗ္ဗာန် ပြုတော်မူသည်မှန်၏။ ထိုသို့မှန်သော်လည်း၊ထိုမြတ်စွာဘုရား၏ ဓာတ်တော်တို့သည် တည်ကုန်သေး၏ဟု မိန့်တော်မူလျှင်။ သိပြီအရှင်ဘုရား၊ စေတီတော်ခြင်းကို အရှင်ဘုရားတို့သည် အလိုရှိကုန်၏။ စေတီကို ပြုပါအံ့။ စေတီတည်ရာမြေကိုသာ ရွေးစမဲးတော်မူပါကုန်။ စင်စစ်သဖြင့် ဓာတ်တော်တို့ကို အဘယ်မှာရကုန်အံ့နည်းဟုလျှောက်သော်။မင်းကြီး၊သုမနသာမဏေနှင့် တိုင်ပင်လေ့ဟု မိန့်တော်မူ၏။ မင်းကြီးလည်း ကောင်းပြီဟု ဘုံမနသာမဏေသို့ကပ်၍၊ မောင်ရှင်သုမန၊ ယခု ဓာတ်တော်တို့ကို အဘယ်မှာရပါကုန်အံ့နည်းဟု မေး၏။ မြတ်သော မင်းကြီး၊ သင်မင်းကြီးတို့သည် ဓာတ်တော်ရမှ၌ ကြောင့်ကြမရှိမူ၍၊ ခရီးတို့ကိုသုတ်သင်၍၊ တမ်းခွန်ကုက္ကားအိုက်ခြင်း၊ ရေမြုတ်ခြင်း အစရှိသည်တို့ဖြင့် တန်ဆာဆင်၍၊အခြံအရံနှင့်တကွ ဥပုသ်ဆောက်တည်၍၊ အလုံးစုံ

သော မောင်းကြေးနင်းတို့ကိုတီးမှုတ်စေ၍။မင်္ဂလာဂိုသောဆင်ကို ,အ
လုံးစုံဝန်ဆောဆင်ခြင်းကိုပြု၍ အထက်၌ ထီးဖြူစိုက်၍၊ညနေချမ်းသော
အခါ၌ မဟာနာဂဝန်ဥယျာဉ်သို့ ရှေးရှုသွားလော့။ စင်စစ် ထိုအရပ်၌
ဓာတ်ဖတ်တို့ကိုရလတ္တံ့.ဟု သုမနသာမဏေဆိုး၏။ မင်းလည်းကောင်း
ပြီဟုဝန်ခံ၏။ မထေရ်တို့သည် စေတိယဂိရိသို့သာလျှင် သွားလေကုန်
၏။ ထိုစေတိယတောင်၌ အရှင်မဟိန္ဒသည် သုမနသာမဏေကို၊ သုမန၊
သင်သွားချေ၊ ဓမ္မ။ဒိပါ၌ သင်၏ဘိုးတော်ဖြစ်သော အသောကဂရား
မင်းသို့ကပ်၍ ငါ၏စကားဖြင့် ဤသို့ဆိုလော။ မြတ်သောမင်းကြီး၊ သင်
မင်းကြီးတို့၏အဆွေဖြစ်သောဒေဝါနံပိယတိဿမင်းသည် သာသနာ၌
ကြည်ညိုပြီ။ ဤစေတီ တည်လိုက်၏။ သင်မင်းကြီးတို့၏လက်၌ ဓာတ်တော်
ရှိ၏။ ထိုဓာတ်တော်ကို ငါတို့အားပေးလော့ဟုဆိုလော။ ထိုဓာတ်တော်
တို့ကိုယူ၍ သိကြားမင်းသို့ ကပ်လေ၍။ သိကြားမင်း၊ သင်သိကြားမင်း
ကြီးတို့၏လက်၌ လက်ျာစွယ်တော်၊လက်ျာမြှောင်ရိုးတော်အားဖြင့် ဓာတ်
တော်နှစ်ဆူတို့သည် ရှိကုန်၏။ ထိုနှစ်ဆူမှ၊ လက်ျာစွယ်တော်ကို သင်
နတ်မင်းတို့ ကိုးကွယ်ရစ်။ လက်ျာမြှောင်ရိုးတော်ကို ငါတို့အားပေးလိုက်
ဟူ၍ဆိုလော။ သင်နတ်မင်းတို့သည် ငါတို့ကို သိဟိုဠ်သို့စေလိုက်ပြီး၍။
အဘယ့်ကြောင့်မေ့လျော့ကုန်သနည်း၊ ဤသို့လည်းဆိုလေဟု မှာ၍စေ
၏။ သုမနသာမဏေလည်း မထေရ်၏စကားကို ကောင်းပြီဟု ဝန်ခံ၍၊
ထိုခဏ၌လျှင် သဒိတ်သက်နိုးကိုယူ၍၊ ကောင်းကင်ခရီးဖြင့်သွားလေ၍၊
ပါဠလိပုတ်ပြည်၏ အရှေ့တံခါးဦးသက်၍၊ ဘိုးတော်မင်းကြီးသို့ကပ်၍
ထိုအကြောင်းကို မင်းကြီးအားကြား၏။မင်းကြီးသည် နှစ်သက်စွာဖြစ်
၍၊ သာမဏေ၏လက်မှ သဒိတ်ကိုယူ၍၊ နံ့သာတို့ဖြင့်လိမ်းကျံ၍၊ ပုလဲ
အဆင်းနှင့်တူကုန်သော မြတ်သောဓာတ်တော်တို့ကိုပြည့်စေ၍ပေး၏။
သာမဏေသည် ထိုဓာတ်တော်တို့ကိုယူ၍ သိကြားမင်းသို့ကပ်လေ၏။
သိကြားမင်းသည် သာမဏေကိုမြင်၍။မောင်ရှင်သုမန၊အဘယ့်ကြောင့်
လှည့်ပတ်သနည်းဟု ဆို၏သော်။ နတ်မင်းကြီး၊ သင်တို့သည် ငါ၊တို့ကို
သိဟိုဠ်ကျွန်းသို့ စေလိုက်ပြီး၍ အဘယ့်ကြောင့် မေ့လျော့ သနည်းဟု
သာမဏေဆို၏။ အရှင်ဘုရား၊မဂဓမဟာလျော့ပါ၏၊အဘယ်သို့ပြုရအံ့နည်း၊
အလိုရှိရာ မိန့်တော်မူပါဟု ဆိုသော်။ သင် နက်မင်းကြီးတို့၏ လက်၌
လက်ျာစွယ်တော်၊ လက်ျာမြှောင်ရိုးတော်အားဖြင့် ဓာတ်တော် နှစ်ဆူတို့

သည်ဖြစ်ကုန်၏။ ထိုနှစ်ဆူတို့တွင်။လက်ျာစွယ်တော်ကို သင်နတ်မင်းတို့ ပူဇော်လေကုန်။ လက်ျာမြှုပ်ရိုးတော်ကို ငါ့အားပေးကုန်လော့ဟုဆို၏။ သိကြားမင်းသည် ကောင်းပြီဟု ဝန်ခံ၍။ တပယူဇနာ အတိုင်းအရှည်ရှိသော မြေစေတီကိုနွှါ၍ လက်ျာမြှုပ်ရိုးတော်ဓာတ်ကို ထုတ်ယူ၍ သာမဏေအားပေး၏။ သာမဏေသည် ထိုဓာတ်တော်တို့ကိုယူ၍ စေတီယဂိရိန္ဒတည်လေ၏။ ။

ထိုအခါ အရှင်မဟိန္ဒထေရ်အမှူးရှိသော ထိုရဟန္တာတို့သည်။ အသေကဓမ္မရာဇာပေးအပ်သော ဓာတ်တော်တို့ကို စေတီယဂိရိန္ဒထားခဲ့၍၊ လက်ျာမြှုပ်ရိုးဓာတ်ကိုယူ၍ မွန်းယိမ်းသောအခါ၌ မဟာနာဂဝန်ဥယျာဉ်သို့ သွားလေကုန်၏။ ဒေဝါနုံပိယတိဿမင်းသည်လည်း သုမနသာမဏေဆိုတိုင်းသောပူဇော်သက္ကာရကိုပြု၍။ မြတ်သောဆင်ကျော်ကုန်းထက်စီးလျက် ပဒိသည် မင်္ဂလာဆင်စာရဏ်၌ဦးကင်းထက်၌ ထီးဖြူဆောင်းလျက် မဟာနာဂဝန်ဥယျာဉ်သို့ရောက်လာ၏။ထိုရောအခါမင်းကြီးအား ဤသို့ဖြစ်ခြာန်၏။ အကယ်၍ ဤဓာတ်တော်သည် မြတ်စွာဘုရားဓာတ်တော်စစ်ဖြစ်အံ့။ထီးဖြူသည်လွှတ်စေသတည်း။မင်္ဂလာဆင်တော်သည် ပုဆစ်ဖြင့်မြေ၌တုပ်ဝပ်စေသတည်း။ဓာတ်တော်ခံစရာရွှေကလပ်သည် ငါ၏ထိပ်၌တည်စေသတည်းဟုဖြစ်ခြာန်၏။ ဖြာခြာန်သည်နှင့်တပြိုင်နက်ထီးဖြူသည်ဓာတ်တော်သို့လွှတ်၏။ ဆင်သည်ပုဆစ်တုပ်၏။ ဓာတ်တော်ရွှေကလပ်သည် မင်းကြီးထိပ်၌တည်၏။ မင်းကြီးသည် အမြဲကာရေစင်ဖြင့် သွန်းဘိသက်ခဲ့သို့ အလွန်နှစ်သက်ဝမ်းမြောက်ခြင်းဖြစ်၍။ အရှင်ဘုရားတို့၊ဓာတ်တော်ကိုအသို့ပြုရကုန်အံ့နည်းဟုမေး၏။ မြတ်သောမင်းကြီး၊ဓာတ်ကော်တို့ကို ဆင်၏ဦးကင်းထက်၌သာလျှင် ထိုရွှေလေံတည်စေဦးဟု မထေရ်ပိန့်သဖြင့်။ ပဒိဦးခေါင်းထက် တည်လာသော ဓာတ်တော်ကလပ်ကိုပယူ၍ဆင်၏ဦးကင်းထက်၌ထားပေ၏။ ဆင်သည် ဝမ်းမြောက်၍ ကြိုးကြာသံကဲ့သို့မြည်၏။ ဗိဇယကြီးတက်လတ်၍ ပေါက္ခရဏသဗိဇယကြီးရွာ၏။ ရေအဆုံးအရှိသည်ကိုပြု၍ ပြင်းစွာ မြေလှုပ်ခြင်းသည် ဖြစ်၏။ ပစ္စန္တရစ်၌လည်း မြတ်စွာဘုရား၏ဓာတ်ကော်သည် တည်လာပေ၏ဟု နတ်ကိုသည် ဝမ်းမြောက်ကုန်၏။ ဤသို့သောတန်းခိုးအာနုဘော်အာသရေဖြင့် နတ်လူတို့၏ ဝမ်းမြောက်ခြင်းကို ဖြစ်စေလျက်။ မြတ်စွာဘုရား၏ဓာတ်တော်သည် တန်ဆောင်မုန်းလပြည့်နေ့၌ ဤသီဟိုဠ်ကျွန်း

သို့လာ၍ ဆင်ဂျိုးကင်းဒ္ဒတည်တော်မူ၏။ ။ထိုအခါဓာတ်တော်တံခွန်တင်သော ဆင်သည် များစွာသောမောင်းကြွေးနင်းတို့ဖြင့်ခြံရံအပ်သည်ဖြစ်၍၊ အလွန်မြတ်သောပူဇော်သက္ကာရဖြင့် အရိုအသေပြုအပ်သည်ဖြစ်၍၊ နောက်ဆုတ်သာလျှင် အနောက်အရပ်သို့သွား၍၊ ဖဲခွဲလျက်။ အကြင်မျှလေ့ကာအနုရာဓမြို့၏အနီးတံခါ သည်ရှိ၏။ထိုမှလေဝံသွား၍ အနုရာဓမြို့အနီးတံခါးဖြင့် မြို့တွင်းသို့ဝင်၍၊ အလုံးစုံသောမြို့သူမြို့သားတို့သည် ပူဇော်သက္ကာရပြုပြီးသော် ,တောင်တံခါးဖြင့်မြို့မှထွက်၍။ထူပါရုံစေတီတည်ရာအရပ်၏အနောက်အတိုင်မဟာဗောဓိအမည်ရှိသောဘီလူးမ၏နေရာအရပ်သည်ရှိသတတ်။ ထိုမဟာဗောဓိဝယ်သို့ သွား၍၊ တဘန် ထူပါရုံစေတီတည်ရာအရပ်သို့သာလျှင် နှစ်ခွဲပြန်၏။ ။ထိုအခါထူပါရုံစေတီတည်ရာအရပ်၌ကား။ ကကုသန်၊ ကောဏာဂုံ၊ကဿပ၊ဘုရားသုံးဆူတို့၏ပရိဘောဂစေတီတည်ရာဖြစ်၏။ ထိုစေတီတို့သည် သာသနာတော်ကွယ်သဖြင့် ပျက်စီးကုန်သော်။ အာရာမ္မဏာကြွင်းရစ်၏။ မစင်တီးပြင်၊ စားကြွင်းအဖတ်၊ တံမြက်စေ့ချေးအစရှိသည့် အညစ်အကြေးတို့ဖြင့် တစုံတယောင်းသောသူသည်မဖျက်ဆီးစေသတည်းဟု နှတ်တို့၏အာနုဘော်ဖြင့် အဆူးရှိသောချုံနွယ်တို့ဖြင့်ဖုံးလွှမ်း၍တည်၏။ ထိုရောအခါမင်းချင်းတို့သည် ဆင်၏ရှေ့မှရှေ့မသွားကုန်၍၊ ချုံနွယ်ကိုကိုသုတ်သင်ခုတ်ထွင်၍၊ထိုထူပါရုံတည်ရာမြေအတိုင်းလက်ဝါးပြင်ကဲ့သို့ညီညွတ်စွာပြုကုန်၏။ဓာတ်တော်တင်သောဆင်သည် သွား၍ ထိုစေတီတည်မြဲဖြစ်သောအရပ်ကိုရှေ့ပြု၍ ထိုအရပ်၏ အနောက်အတိုင်ဒ္ဒ ဗောဓိပင် စိုက်မြဲဖြစ်သောအရပ်၌တည်၏။ ထိုသို့ကည့်နေသောအခါဒ္ဒ ဆင်၏ထိပ်မှ ဓာတ်တော်တို့ကို ချအံ့သောဌါ အားထုတ်ကုန်၏။ ဆင်သည် ချအံ့သောဌါမပေး။မင်းသည် မထေရ်ကိုမေး၏။ အရှင်ဘုရား၊အဘယ့်ကြောင့်ဆင်သည် ဓာတ်တော်ကို ချအံ့သောဌါမပေးသနည်းဟု ၎မေး၏။ မင်းကြီး၊ တက်သောဓာတ်တော်ကိုချအံ့သောဌါမအပ်ဟုမိန့်တော်မူ၏။ ထိုအခါအဘယဝါဒီဓရဇိုင်သည် ရဲခန်းသည်ဖြစ်၍ ထက်ဝန်းကျင် ကွပ်ပါသောမြေရှိသဖြင့်မြေစိုင်တို့ကိုထုတ်လွှယ်၏။လူမျှားသည် ထိုရေဇိုင်မှမြေစိုင်တို့ကို လျင်စွာလျင်စွာ ထုတ်ဆောင်၍ ဆင်ဦးကျင်းနှင့်မျှအောင်အကျည်ပြု၏။ထိုခဏဒ္ဒပင် စေတီတည်အံ့သော်ဌါ အရှင်တို့ကိုလုပ်ကုန်၏။အရှင်လုပ်၍မပြီးမီကာလပတ်လုံး ဆင်သည် နေ့အခါ ဗောဓိစိုက်မည့်

နေရာ ဆင်တင်းကုပ်၌ တည့်ဏ်။ ညဉ့်အခါ စေတီတည်မည့်အရပ်ကို လှည့်လည်၍ နေဏ်။ အရှင်လုပ်ပြီးသော် အကျည်စိပြီး၍။ အဘယ်ကဲ့သို့ သဣဇ္ဇာနိဂ္ဂါသော စေတီကဲ့ပြုရမည်နည်း အရှင်ဘုရားဟု မင်းကြီးသည် အရှင်မဟိန္ဒကို မေးသော်။ စပါးစုနှင့် အတူပြုအပ်ဏ်ဟု မိန့်တော်မူသဖြင့်။ကောင်းပြီဟုမင်းကြီးဝန်ခံ၍၊ပန်းတင်ပမာဏစေတီတည်ပြီးသော်။ ဓာတ်တော်ကို ဌပနာအံ့သောဌါ ကြီးစွာသောပူဇော်သက္ကာရကိုပြုဏ်။ တမြို့လုံးခွ နေသောသူသည်ဌင်း၊ ဓနပုဒ်ခွနေသောသူသည်ဌင်း၊ ဓာတ်တော်တို့ကို ပူဇော်ခြင်းကိုကြည့်အံ့သောဌါ စည်းဝေးဏ်။ လူများစည်းဝေးပြီးသော် ဓာတ်တော်သည်ဆင်ဦးကင်းထက်မှထန်းခုနစ်ဆင့်မျှမြင့်သောကောင်းကင်သို့ပျံတက်၍ယမကိုက်ပြာဋိဟာကိုပြတော်မူဏ်။ ထိုထိုသို့သော ဓာတ်တော် အရပ်မှ ရောင်ခြည်တော် ခြောက်ပါးတို့သည် ထွက်ကုန်ဏ်။ ဒီးရေ အစုံအစုံတို့သည် ထွက်ကုန်ဏ်။ သာဝတ္ထိပြည်၌ ကဏ္ဍာမ္ဗသရက်ပင်ရင်းခွ မြတ်စွာဘုရားပြအပ်သော ပြာဋိဟာနှင့်အတူ ဖြစ်ဏ်။ ထိုပြာဋိဟာသည် မထေရ်တို့ဏ်အာနုဘော်အားဖြင့်ဌင်း၊ နတ်တို့ဏ်အာနုဘော်အားဖြင့်ဌင်းဖြစ်သည်မဟုတ်။ စင်စစ်သဖြင့်ကား မြတ်စွာဘုရားဏ်အာနုဘော်အားဖြင့်သာ ဖြစ်သတည်း။ မြတ်စွာဘုရားသည် အသက်တော် ရှိစဉ် ကာလခွ်လျင် နောင်ဌသော အခါ သိပ်ဟိုဠ်ကျန်းဏ် တောင်မျက်နှာအတို့ခွ ရှေးဘုရားသုံးဆူတို့ဏ်ပရိဘောဂစေတီတည်ရာ အရပ်၌ ငါဏ်လက်ျာမြှပ်ရိုးတော်ဌပနာသောအခါ၌ ယမကိုက်ပြာဋိဟာ ပြီစေသတည်းဟုဓိဌာန်တော်မူဏ်။ ။

မြတ်စွာဘုရားသည် သက်တော်ထင်ရှားရှိတော်မူသောအခါ၌ ဤသိပ်ဟိုဠ်ကျန်းသို့ သုံးကြိမ်ကြွတော်မူဏ်။ ရှေးဦးစွာ ဘိလူးတို့ကို ဆုံးမအံ့သောဌါကိုယ်တော်တပါးတည်းကြွ၍ဘိလူးတို့ကိုဆုံးမ၍။ နောင်သော အခါ ဤကျွန်းခွငါ့ဏ်သာသနာတည်လတ္တံ့ဟု ကျွန်းကိုစောင့်ရှောက်လိုသဖြင့် သုံးကြိမ်ကျွန်းကိုလှည့်ဏ်။ နှစ်ကြိမ်မြောက်ခွ နဂါး တုဦးရိုးတို့ကို ဆုံးမလို့သဖြင့် ကိုယ်တော်တပါးတည်း ကြွလာ၍ ထိုနဂါး တုဦးရိုးတို့ကိုဆုံးမ၍ပြန်တော်မူဏ်။သုံးကြိမ်မြောက်ခွကား ရဟန္တာငါးရာနှင့်တကွ ကြွ၍။ မဟာဇေတိ၊ ထူပါရုံစေတိ၊ မဟာဗောဓိ၊ မဟိယင်္ဂဏစေတိ၊ မွေဒုင်္ဂဏစေတိ၊ ဒီဃဝါပိစေတိ၊ ကလျာဏိယစေတိ၊ ဤအလုံးစုံတည်း မည့်အရပ်တို့ခွ နိရောဓသမာပတ်ဝင်စားဖြင့်နေ့ဟာ်မူဏ်။ဤဓာတ်တော်

ရောက်ခြင်းသည်ကား မြတ်စွာဘုရား၏ လေးကြိမ်မြောက်ရောက်ခြင်း တည်း။ဓာတ်တော်မှထွက်သောရေပေါက်တို့ဖြင့် သိဟိုဠ်ကျွန်းအပြင်၌ တစုံတခုသော မတွေ့သောအရပ်မည်သည် မရှိ။ ထိုမြို့ပိုရိုးတော်ဓာတ် သည်ရေပေါက်တို့ဖြင့် သိဟိုဠ်ကျွန်းအပြင်၌နေသောသူအပေါင်းတို့၏ ပူပန်ခြင်းကိုငြိမ်းစေ၍ လူအပေါင်းအားပြာဒိုဟာကိုပြု၍ ကောင်းကင်မှ သက်၍၊ မင်းကြီး၏ဦးထိပ်၌တည်လေ၏။ ဒေဝါနုံပိယတိဿမင်းသည် လူအဖြစ်ကိုရခြင်းသည်အကျိုးရှိလှ၏ဟုအောက်မေ့လျက် ဓာတ်တော် ကို ပူဇော်သက္ကာရပြု၍ဌပနာ၏။ ဓာတ်ဘော်ကိုဌပနာသည်နှင့် တပြိုင် နက် ကြီးစွာသော မြေ၏တုန်လှုပ်ခြင်းသည် ဖြစ်၏။ ထိုဓာတ်တော်၏ ပြာဒိုဟာ၌ ကြည်ညိုး၍ မင်းကြီး၏ ညီတော် အဘယတိဿ မင်းသား သည် မင်းချင်းယောကျ်ားတထောင်နှင့်တကွရဟန်းပြု၏။စေတရဏုဂါ မမှထွက်၍ ငါးရာသောသူငယ်တို့သည်ရဟန်းပြုကုန်၏။ထို့အတူ ဒွါရ မဏ္ဍလအစရှိကုန်သော ရွာငယ်တို့မှ ထွက်၍လည်း ငါးရာ ငါးရာကုန် သောသူငယ်တို့သည် ရဟန်းပြုကုန်၏။မြို့တွင်းမြို့ပမှထွက်၍ ရဟန်းပြု ကုန်သဖြင့် အလုံးစုံသောရဟန်းတို့သည် သုံးသောင်းဖြစ်ကုန်၏။စေတီ ပြုပြီးသော်။မင်း၊မင်း၏ညီ သားချင်း၊မိဘုရားတို့သည်။ နတ်နဂါးဘီလူး တို့အားလည်း အုံဘွယ်သဇင်္ကာကိုဖြစ်စေလျက်အာသီးအသီးပူဇော်ကုန်၏။ ဓာတ်တော်ပူဇော်ပွဲပြီးပြီးသော်အမှင်မဟိန္ဒမထေရ်သည်တပည့်သံဃာ နှင့်တကွမေဃဝန၌ဉယျာဉ်သို့ကြွ၍နေတော်မူ၏။ ။

၁၀၉။ ဓမ္မာသောကမင်းကြီးပေးအပ်သဖြင့်
သဃ်မိတ္တာထေရီပင့်ဆောင်ခဲ့သောဒက္ခိဏာသာခါမဟာဗောဓိ
ပင်မနှင့်တကွ၊ဗောဓိပင်ပွါး ၎၀ သိဟိုဠ်ကျွန်း၌
စိုက်ပျိုးတည်ထွန်းသည်ကိုပြုရာ။

ထိုသို့ဓာတ်တော်ပူဇော်ပွဲပြီးသောအခါ၌ အနုဠာဒေဝီသည်ရဟန်း ပြုလိုသည် ဖြစ်၍ မင်းကြီးအား ကြားဖူး၏။ မင်းကြီးသည် ထိုမိဘုရား၏ စကားကို ကြား၍ အရှင်မဟိန္ဒမထေရ်ကို။ အရှင်ဘုရား၊ အနုဠာဒေဝီ သည် ရဟန်းပြုလို၏။ရဟန်းပြုတော်မူပါဟုလျှောက်၏။မင်းကြီး၊မဘတု ဂါမကို ငါတို့ရဟန်းမပြုအပ်၊ ပါဠုလိပုတ်၌ကား ငါ၏နှမသဃ်မိတ္တာ

ဝေနရိသည်ရှိ၏။ ထိုဝေနရိကိုပင်စေလွှ။ ဤကွန်းဦးရှေးဘုရားသုံးဆူ တို့၏ဗောဓိသည်တည်တော်မူ၏။ ငါတို့မြတ်စွာဘုရား၏ ဗောဓိသည် လည်းတည်တော်မူရာ၏။ထိုကြောင့် အကြင်အခြင်းဖြင့်မှာသော် သဃ်မိတ္တာသည်ဗောဓိကိုယူဆောင်၍လာရာ၏။ထိုအခြင်းဖြင့်သတင်းစကား ကြားမှာလိုက်ဟူ၍ မထေရ်မိန့်တော်မူ၏။ မင်းကြီးလည်း ကောင်းပြီ အရှင်ဘုရားဟုဝန်ခံ၍။ အမတ်တို့နှင့်တိုင်ပင်၍၊ ဗိမိတူဖြစ်သောအရိဋ္ဌ မင်းသားကို။ ချစ်သား၊ သင်သည် ပါဋလိပုတ်သို့သွား၍ မဟာဗောဓိ ပင်နှင့်တကွသဃ်မိတ္တာထေရိကိုဆောင်နိုင်ပါအံ့လောဟုမေး၏။အရိဋ္ဌ မင်းသားလည်း၊ ငါ့အား ရဟန်းအဖြစ်ကို ခွင့်ပြုသော် တော်နိုင်၏ဟု ဆို၏။ ချစ်သား၊သွားလော၊သဃ်မိတ္တာထေရိကိုဆောင်ပြီးလျှင် ရဟန်း ပြုလေတော့ဟုဆို၏။ ထိုအရိဋ္ဌသည် အရှင်မဟိန္ဒမထေရ်၏ဂုဏ်၊ မင်း ကြီး၏ဂုဏ် သတင်းစကားကိုယူ၍၊ မထေရ်၏အဓိဋ္ဌာန်အာနုဘော်ဖြင့် အနုရာဓပြည်မှထွက်၍ တနေ့ချင်းဖြင့် ဇမ္ဗုကောလပဋ္ဋနသို့ဘော်ဆိပ်သို့ ရောက်၍၊သဘော်ဖြင့်သမုဒ္ဒရာသို့ကူး၍ ပါဋလိပုတ်ပြည်သို့ရောက်လေ ၏။ ။အနုဋ္ဌာဒေဝီသည်ငါးရာသောမင်းသမီး၊ငါးရာသောနန်းတွင်းသူ၊ ပေါင်းတထောင်သောပိန်းမတို့နှင့်တကွဆယ်ပါးသောသိလကိုဆောက် တည်၍၊ ဖန်ရည်ဆိုးသော အဝတ်ကိုဝတ်၍၊ မြို၏အထောင့် တစိတ် သောအရပ်၌ကျောင်းကိုဆောက်လုပ်စေ၍နေနှင့်၏။ ။အရိဋ္ဌမင်းသား သည်ပါဋလိပုတ်သို့ရောက်သောနေ့၌ပင် မင်းကြီးအားသတင်းစကား ကိုဆက်၍ ဤသို့လည်းလျှောက်၏။ အရှင်မင်းကြီး၏သားတော်အရှင် မဟိန္ဒမထေရ်သည် အဓေဆွတော် ဒေဝါနုံပိယတိဿမင်း၏ညီတော်၏ မိဘုရားအနုဋ္ဌာဒေဝီသည် ရဟန်းပြုလို၏။ ထိုမိဘုရားကို ရဟန်းပြုစိမ့် သောငှါ၊ သဃ်မိတ္တာထေရိမကိုဗောဓိပင်နှင့်တကွစေလိုက်ပါဟူ၍မှာ လိုက်၏ဟုမထေရ်၏စကားကိုကြားလျှောက်၍။ သဃ်မိတ္တာထေရိမသို့ ကပ်၍။ အရှင်မ၊သင်တို့မောင်တော်အရှင်မဟိန္ဒထေရ်သည် အရှင်မ၏ အထံသို့ အကျွန်ုပ်ကိုစေလိုက်၏။ ဒေဝါနုံပိယတိဿမင်းကြီးညီတော် ၏မယား အနုဋ္ဌာဒေဝီသည် ငါးရာသောမင်းသမီး၊ငါးရာသောနန်းတွင်း သူတို့နှင့်တကွ ရဟန်းပြုလို၏။ အရှင်မသည်လော၍ ထိုအနုဋ္ဌာဒေဝီကို ရဟန်းပြုလတ္တံ့ပါဟု အရှင်မ၏မောင်တော်သည် စေလိုက်၏ဟု ကြား လျှောက်၏။ထိုစကားကိုကြားသောခဏ၌မင်းလျှင် သဃ်မိတ္တာထေရိမ

သည် အဆောတလျင် ခမည်းတော် ဝမ္မာသောကမင်း၏အထံသို့ဖွား
၍။ ဘခင်မင်းကြီး၊ အကျွန်ုပ်၏မောင်ကြီး အရှင်မဟိန္ဒသည် ဤသို့စေ
လိုက်၏။ ဒေဝါနံပိယတိဿမင်းကြီး ညီတော်၏မယား အနုဠာဒေဝီ
သည် မင်းသမီးငါးရာ၊ နန်းတွင်းသူငါးရာတို့နှင့်တကွ ရဟန်းပြုလို၍ အ
ကျွန်ုပ်၏လာခြင်းကို မျှော်၏ဟုစေလိုက်၏။အကျွန်ုပ်သည် သီဟိုဠ်ကျွန်း
သို့သွားပါအံ့ဟု ဆို၏။ ဝမ္မာသောကမင်းကြီးဆို၏။ အမိ၊ သားတော်
အရှင်မဟိန္ဒသည်၎င်း၊ မြေးတော် မောင်ရှင်သုမနသည်၎င်း၊ အဘကို
လက်ပြတ်သကဲ့သို့ပြု၍ သီဟိုဠ်သို့သွားချေပြီ။ထိုသူတို့ကဲ့သို့မမြင်ရသော
အဘအားဖြစ်သောစိုးရိမ်ခြင်းသည် အမိ၏မျက်နှာကိုမြင်ရသဖြင့်ငြိမ်း
၏။ မသင့်၊အမိ၊မသွားလင့်ဟုဆို၏။ မြတ်သောမင်းကြီး၊မော်တော်၏
စကားသည်ဝန်လေး၏။ အနုဠာဒေဝီသည်လည်း မင်းမိန်းမပေါင်းတည်း။
မိန်းမတထောင် အခြံအရံနှင့်တကွ ရဟန်းအဖြစ်ကို ခံ၍ အကျွန်ုပ်ကို
တောင့်တ၏။အကျွန်ုပ်သွားချေအံ့ဟုဆို၏။ထိုသို့တပြီးကား။အမိ၊မဟာ
ဗောဓိကိုယူ၍သွားလေဟုဆို၏။ ။

မင်းကြီးအားမဟာဗောဓိအဘယ်မှာရသနည်းဟူမူကား။ မင်းကြီး
သည် ထိုသဃ်မိတ္တာကိုအခေါ်မလာမီ၊ သုမနသာမဏေခေတ်တော်ယူ
မလာမီကပင်၊မဟာဗောဓိကို လက်ာဒီပကျွန်းသို့ပို့လို၍။ထားဖြင့်ဖြတ်
ခြင်းငှါမထိုက်သောဗောဓိကို အဘယ်သို့လျှင်ရ၍ လက်ာဒီပကျွန်းသို့
ပို့ရပါအံ့နည်းဟုကြံသော် အကြောင်းကိုမဖြင့်၍၊မဟာဒေဝအမတ်ကို
မေး၏။ မဟာဒေဝအမတ်သည် အရှင်မင်းမြတ်၊ ပဉ္စာရှိသောရဟန်း
များစွာရှိပါ၏တကားဟု ဆို၏။ ထိုစကားကို ကြား၍ မင်းကြီးသည်
ရဟန်းသံဃာအားဆွမ်းလုပ်ကျွေး၍၊ဆွမ်းစားပြီးသောအခါ၌။ အရှင်
ဘုရားတို့၊ မြတ်စွာဘုရား၏ဗောဓိသည် လက်ာကျွန်းသို့ကြွရာသဖော
မကြွရာသလောဟု ရဟန်းသံဃာတို့ကို မေး၏။ သံဃာသည် အရှင်
မောဂ္ဂလိပုတ္တတိဿမထေရ်အားဝန်ကိုပြု၏။ မထေရ်သည် မြတ်သော
မင်းကြီး၊ မဟာဗောဓိသည် လက်ာကျွန်းသို့ကြွရာ၏ဟုဆို၍၊ မြတ်စွာ
ဘုရား၏အဓိဋ္ဌာန်ငါးပါးကဲ့ကြား၏။ အဓိဋ္ဌာန်ငါးပါးဟူသည် အဘယ်
သည်တို့နည်းဟူမူကား။(၁)မြတ်စွာဘုရားသည် ပရိနိဗ္ဗာန်ပြုတော်မူ
ရာညောင်စောင်းခွ လျောင်းတော်မူလျက်၊ သီဟိုဠ်ကျွန်းခွ မဟာဗောဓိ
ကိုတည်စိမ့်သောငှါ အလောကမင်းသည် မဟာဗောဓိဒက္ခိဏာသာခါ

ကဒိယူအံ့ဟူ၍လာလတ္တံ့။ ထိုအခါ မဟာဗောဓိ၏ဒက္ခိဏာသာခါလက်ျာတောင်ခက်သည်အလိုလိုပြတ်၍ရွှေဖျဉ်းခွံတည်စေသတည်းဟု ဓိဋ္ဌာန်တော်မူ၏။ ဤကားဂရုဠီးစွာသောအဓိဋ္ဌာန်။ (၂)ရွှေဖျဉ်းခွံ တည်ပြီးသောကာလ မဟာဗောဓိသည် ဆီးနှင်းတိမ်တိုက်တွင်းသို့ဝင်၍ ချုနစ်ရက်တည်စေသတည်းဟု ဓိဋ္ဌာန်တော်မူ၏။ ဤကားဒုတိယအဓိဋ္ဌာန်။ (၃)ချုနစ်ရက်လည်ပြီးသောအခါ ဆီးနှင်းတိမ်တိုက်မှသက်၍ ရွှေဖျဉ်းခွံ တည်လျက်။ အရွက်အသီးတို့မှရောင်ခြည်တော်ခြောက်သွယ်လွှတ်စေသတည်းဟုဓိဋ္ဌာန်တော်မူ၏။ဤကားတတိယ။ (၄)မြွေပါရိုးတော်ကို ထူပါရုံစေတီခွံ ဌပနာသောအခါ ယဇိုက်ပြာဒိုဟာ ပြစေသတည်းဟု ဓိဋ္ဌာန်တော်မူ၏။ဤကား စတုတ္ထ။ (၅)တစ္ဆုတ်မျှသေစ ဓာတ်တော်တို့ကို မဟာစေတီခွံ ဌပနာသောအခါ။ ငါဘုရား၏ အသွင်ကို ယူ၍ကောင်းကင်ထက်ခွံ ပြာဒိုဟာပြစေသတည်းဟု ဓိဋ္ဌာန်တော်မူ၏။ ဤကား ငါးကြိမ်မြောက်အဓိဋ္ဌာန်တည်းဟုမင်းကြီးအားကြားပေ၏။ ။ ဤငါးပါးသောဓိဋ္ဌာန်ခြင်းတို့ကိုမင်းကြီးကြားလျင် ကြည်ညိုသောစိတ်ရှိသည်ဖြစ်၍။မဟာဗောဓိမှသည် ပါဒုလိပုတ်တိုင်ချုနစ်ယူဇနာရှိသောခရီးကိုသုတ်သင်စေ၍။ ရွှေဖျဉ်းလုပ်စိမ့်သောဌါ များစွာသောရွှေတို့ကိုထုတ်ဖို့။ထိုခဏ၌မင်းကြီး၏စိတ်ကိုသိ၍ဝိဆုံကြိုနတ်သားသည်ရွှေပန်းထိမသည်၏အသွင်ကိုဘန်ဆင်း၍ရှေ့၌ရပ်လေ၏။မင်းကြီးသည်ရွှေပန်းထိမကိုမြင်၍အံ့မောင်ရွှေပန်းထိမဲ၊ဤရွှေကိုယူ၍ရွှေဖျဉ်းလုပ်ပါဟုဆို၏။ အရှင်မင်းကြီး၊ အတိုင်းအရှည်ကိုဆိုပါလော့ဟူ၍ ဆိုသော်။ ချစ်သား၊ သင်သည်သာ အတိုင်းအရှည်ကိုသိ၍လုပ်ပါဟုဆိုသဖြင့်။ကောင်းပြီအရှင်မင်းကြီး၊ပြုအံ့ဟုရွှေကိုယူ၍ဝိမိ၏အာနုဘော်အားဖြင့် လက်ဖြင့်ဆုပ်နယ်၍။အဝန်းလုံးပတ်ကိုးတောင်၊အစေ့ဝဲငါးတောင်၊အပြန့်သုံးတောင်၊ အထူလက်ရှစ်သစ်။ ဆင်နွှာမောင်းအတိုင်းအရှည်အနားလုံးရှိသောရွှေဖျဉ်းကိုဘန်ဆင်း၏။ ထိုရောအခါ မင်းကြီးသည် ချုနစ်ယူဇနာအလျား၊ သုံးယူဇနာအနံရှိသော များစွာသောစစ်သည်ဖြင့် ပါဒုလိပုတ်မှထွက်၍။ အရှိယာသံဃာအပေါင်းကိုယူ၍၊ မဟာဗောဓိအနီးသို့သွားလေ၏။ စစ်သည်တို့သည်ဆောက်အပ်သော ကမ်းခွန်ကုက္ကားရှိသည်ဖြစ်၍။ အထူးထူးသောရဟန္တာတို့ဖြင့် ဆန်းကြယ်သောတန်ဆာတို့ဖြင့် တန်ဆာဆင်အပ်သည်ဖြစ်၍။ အထူးထူးသောပန်းဆိုင်းတို့ဖြင့်ပြုမံသည်ဖြစ်၍။

တပါးမကမျှားစွာသော စည် ခေါင်းလောင်း မောင်းကြေးနင်းတို့ဖြင့် ချောက်ချားသည်ဖြစ်၍ ဗောဓိပင်ကိုဝန်းရံ၏။ မင်းကြီးသည်တထောင်မျှလောက်ကုန်သော ဂိုဏ်းဆရာ အကြီးဖြစ်ကုန်သော မထေရ်တို့ကို ယူ၍။ အလုံးစုံသောဇမ္ဗူ။ဒီပါကျွန်းဌအဘိသိက်သွန်းခြင်းသို့ရောက်ကုန်သောမင်းတို့၏ဘထောင်ကို၊ ပိဓိကိုဂုင်း၊ မဟာဗောဓိကိုဂုင်းဝန်းရံစေ၍၊ ဗောဓိပင်ရင်းဌရပ်လျက် မဟာဗောဓိကိုမော်၍ ကြည့်သော်။ အတောင်ငါးဆယ်မြင့်သောပုဂ်စည်ကိုဂုင်း။လက္ခဏာတောင်ခက်မဌ် လေးတောင်ပမာဏရှိသောအရပ်ကိုဂုင်းထား၍ အလုံးစုံသောမဟာဗောဓိအခက်အရွက်တို့သည် မမြင်ခြင်းသို့ ရောက်ကုန်၏။ အသောကမင်းကြီးသည် ဤအံ့ဘွယ်သရဲရှိသောယဇ်ကပြာဒိုဟာကိုမြင်၍၊ နှစ်လို၀မ်းမြောက်ခြင်းဖြစ်၍။ အရှင်ဘုရားတို့၊ အကျွန်ုပ်သည် ဤပြာဒိုဟာကဲ့မြင်၍၊နှစ်သက်သည်ဖြစ်၍၊အလုံးစုံသောဇမ္ဗူ။ဒီပါကျွန်းဌ မင်း၏အဖြစ်ဖြင့် မဟာဗောဓိကိုပူဇော်ပါ၏ဟု ရဟန်းသံဃာအားဆို၍ အဘိသိက်ကိုပေး၏။ ။ထိုနောက်မှပန်းနုံသာစသည်တို့ဖြင့်ပူဇော်၍သုံးကြိမ်လက္ခဏာရစ်လှည့်၍၊ဂုစ်ပါးသောအရပ်တို့ဌ ဂိုဂိုးပြီးသော်ထ၍၊လက်အုပ်ချီလျှက်ရပ်၍၊ သစ္စာစကားဖြင့် မဟာဗောဓိကိုပယူလိုသည်ဖြစ်၍။ မြေမှသည် မဟာဗောဓိ၏ ဒက္ခိဏာသဒၵါတိုင်အောင် အာဖြင့်အကျည်ပြု၍၊ ထိုအကျည်အထက်ဌထားအပ်သော အလုံးစုံရတနာဖြင့်ပြီးသော အင်းပျဉ်အထက်ဌ ရွှေပျဉ်းကိုတင်စေ၍၊ ရတနာအင်းပျဉ်ထက်သို့တက်၍၊ ရွှေစုတ်ကိုကိုင်၍၊ မြင်းသိလာဖြင့် အရေးကိုပြု၍၊ အကယ်၍ မဟာဗောဓိသည် လက်ာကျွန်းဌတည်အပ်သည်ဖြစ်အံ့။ အကယ်၍ ငါသည်လည်းမြတ်စွာဘုရား သာသနာတော်ဌ ယုံမှားခြင်း ကင်းသည်ဖြစ်အံ့။ မဟာဗောဓိသည် အလိုလို၌ရွှေပျဉ်းဌတည်စေသတည်းဟု သစ္စာစကားကိုပြု၏။သစ္စာပြုသည်နှင့်တကွ မဟာဗောဓိသည်မြင်းဘီလာဖြင့်ဝိုင်းခြားရာဌုပြုတ်၍။ နုံသာညွှန်ဖြင့်ပြည့်သော ရွှေပျဉ်း၏အထက်ဌတည့်၏။ ထိုခက်မသည် ပင်စည်အစောက်အားဖြင့် ဆယ်တောင် ရှိ၏။ ထိုဆယ်တောင်အထက်ဌခွ၍၊လေးတောင် လေးတောင် အလျားရှိသော ခက်မငါးဖြာရှိ၏။ အသီးတလုံး တလုံးစီဖြင့် တန်ဆာဆင်အပ်၏။ ခက်မတခုတခုဌ ခက်ငယ်နှစ်ရာစီဖြစ်၍ ခက်ငယ်တထောင်ရှိ၏။ ထိုအခါဌ မင်းကြီးသည် ဂုဏ်ဦးစွာသော်အရေး၏အထက် လက်သုံးသစ်ခြားဌ တခု

သော အရေးကိုရေးသားပြန်၏။ထိုခဏာ၌ ထိုရေးသားရာအရပ်မှ အ
မြစ်အညောက်တို့သည် ထွက်ကုန်သည်ဖြစ်၍ ဆယ်ချကုန်သော မြစ်မ
တို့အသစ်ထွက်ကုန်၏။ တခဏအတွင်း သုံးသစ်ခြား သုံးသစ်ခြားစီ၊
တပါးကုန်သော ကိုးချကုန်သောအရေးတို့ကို ရေးသားပြန်၏။ ထိုအ
ရေးကိုးချတို့မှလည်း၊ ဆယ်ချ ဆယ်ချသော မြစ်ညောက်တို့သည် ဖြစ်
ကုန်၍ ကိုးဆယ်သောမြစ်သေးတို့သည်ထွက်ကုန်၏။ ရှေးဦးစွာထွက်
ကုန်သော တဆယ်သောမြစ်မတို့သည် လက်လေးသစ်မျှထွက်ကုန်၏။
ကိုးဆယ်သော မြစ်သေးတို့သည်ကား နွားနှာရုပ် ကွန်ရက်နှင့် အတူ
အထပ်ထပ်ချုပ်ကုန်လျက် ထွက်ကုန်၏။ ဤမျှသော ပြာဋိဟာကို မင်း
သည် ရတနာအင်းပျဉ်ထက်၌ရပ်လျက်မြင်၍။ လက်ဆုပ်ချီ၍ သည်းခံ
သောအသံဖြင့် ဟစ်၏။ အထောင်မက မျှားစွာကုန်သော ရဟန်းတို့
သည် ကောင်းချီးပေးခြင်းကိုပြုကုန်၏။ မင်း၏အလုံးစုံသောစစ်သည်တို့
သည် ပဲ့တင်ထပ်ခြင်း အစရှိသည်တို့ကို ဖြစ်စေကုန်၏။ ဦးရစ် ပုဆိုး
မြောက်ခြင်းအသောင်းတို့ကိုဖြစ်စေကုန်၏။ဘုမ္မဇိုဝ်းနတ်တို့ကိုအစပြု၍
ဗြဟ္မာ့ပြည်တိုင်အောင် ကောင်းချီးပေးခြင်းကိုဖြစ်စေကုန်၏။ မင်းကြီး
အား ဤပြာဋိဟာကိုမြင်၍ နှစ်သက်ခြင်းဖြင့် တွေသော ကိုယ်ရှိသည်
ဖြစ်၍ လက်ဆုပ်ချီလျက်တည်စဉ်ပင်။ မဟာဇောဓိသည် အမြစ်တရာ
ဖြင့်ရွှေဖျဉ်းခွံတည်ခဲ့လေ၏။ ဆယ်ချသော မြစ်မတို့သည် ရွှေဖျဉ်းအပြင်
ကိုထိ၍ တည်ကုန်၏။ ကိုးဆယ်သော မြစ်သေးတို့သည်ကား အစဉ်
သဖြင့်ရှည်ကုန်သည်ဖြစ်၍ နံ့သာညွှန့်ခွဲသက်၍ တည်ကုန်၏။ ။ဤသို့
မဟာဇောဓိသည် ရွှေဖျဉ်းခွံ တည်ကာမျှဖြင့်လျှင် မြေကြီးသည်တုန်လှုပ်
၏။ ကောင်းကင်၌ နတ်စက်ဗိုလ်းကြီးတို့သည် ကွဲကုန်၏။ တောင်တို့၏
တောင်ယိမ်းမြောက်ယိမ်းကခြင်းတို့ဖြင့်။ နတ်တို့၏ကောင်းချီးပေးခြင်း
တို့ဖြင့်။ ဘီလူးတို့၏ ဟိန်းလေးတွက်ခြင်းတို့ဖြင့်။ အသုရာတို့၏ ချီးမွမ်း
ဟစ်ကြွေးခြင်းတို့ဖြင့်။ ဗြဟ္မာတို့၏ လက်ပန်းဝှေ့ကာ ခတ်ခြင်းတို့ဖြင့်။
ဗိုလ်းတို့၏ ကြိုးခြင်းတို့ဖြင့်။ အခြခြေလေးရ သတ္တဝါတို့၏ မြည်ခြင်းတို့
ဖြင့်။ ငှက်တို့၏ တွန်မြွေးခြင်းတို့ဖြင့်။ အလုံးစုံကုန်သော စည်၊ စောင်း၊
ခြင်း၊ကြေးနင်း၊ မောင်း၊ခေါင်းလောင်းတို့၏ အသံအသံ မြည်ခြင်းတို့
ဖြင့်။ မြေအပြင်မှ ဗြဟ္မာ့ပြည်တိုင်အောင် တပြိုင်နက် အုတ်အုတ်ကျက်
ကျက်ပဲ့တင်ထပ်ခြင်းသည်ဖြစ်၏။ခက်မငါးဖြာတို့၌အသီးတို့မှခြောက်

သွယ်သော ရောင်ခြည်တော်တို့သည် ထွက်ကုန်၍ အလုံးစုံစက္ကြဝဠာကို အွေးမိုး အွေးခြင်တို့ဖြင့် ပမ်းနှာက်ဘိသကဲ့သို့ပြုလျက် ပြာဇွာဖြည်တိုင် အောင်တက်လေ၏။ထိုခဏမှစ၍ ချုနစ်ရက်ပတ်လုံး မဟာဗောဓိသည် ဆိုးနှင်းတိမ်တိုက်သို့ဝင်၍ တည်လေ၏။ တစုံတယောက်သောသူသည် မဟာဗောဓိကိုမမြင်ပြီ။မင်းကြီးသည် ရတနာအင်းပျဉ်မှသက်၍ ချုနစ်ရက်ပတ်လုံးမဟာဗောဓိကိုပူဇော်ခြင်းကိုပြု၏။ ချုန်ရက်ကြာသော နေ့၌ ခပ်သိမ်းသောအရပ်တို့မှဆိုးနှင်းတို့သည်ငင်း။ ခြောက်သွယ်သော ရောင်ခြည်တို့သည်ငင်း၊ လဲ့၍ မဟာဗောဓိသို့သာလျင် ဝင်လေကုန်၏။ ဆိုးနှင်းတိမ်တိုက် ကင်းပြီးသည်ဖြစ်၍ စကြဝဠာတိုက် ကြည်လင်ဖွေသည်ရှိသော်။မဟာဗောဓိသည် ပြည့်စုံသောပင်စည်ခက်မခက်သေးရှိသည်ဖြစ်၍၊ ငါးလုံးသောအသီးတို့ဖြင့် တန်ဆာဆင်လျက် အွေဖျဉ်းခြင်တည်လျက်သာလျင် မြင်ကုန်၏။ မင်းကြီးသည် မဟာဗောဓိကိုမြင်၍။ ထိုတန်းခိုး ပြာဋိဟာတို့သည် ဖြစ်စေအပ်သော နှစ်သက် ဝမ်းမြောက်ခြင်းရှိသည်ဖြစ်၍။အလုံးစုံသောဇမ္ဗူ။ဒီပါကျွန်းခြင် မင်း၏အဖြစ်ဖြင့်ဗောဓိပင်ပျိုကို ပူဇော်အံ့ဟု အဘိသိက်သွန်းခြင်းကိုပေး၍။ ချုနစ်ရက်ပတ်လုံး မဟာဗောဓိအနီးခြင်သာလျင် တည်၏။ ။မဟာဗောဓိပင်ပျိုသည် သိတင်းကျွတ်လပြည့် ပဝါရဏာနေ့ ညချမ်းအခါခြင်း၊ ရှေးဦးစွာ အွေဖျဉ်းခြင်တည်၏။ ထိုနောင်၊ဆိုးနှင်းတိမ်တိုက်တွင်းသို့ဝင်၍နေသည် ချုနစ်ရက်၊ အဘိသိက်ပေးသည် ချုနစ်ရက်တို့ကိုလွန်စေ၍ သိတင်းကျွတ်လကွယ်ဥပုသ်နေ့၌မင်းကြီးသည် တရက်ခြင်းဖြင့်လျင် ပါဒုလိပုတ်မြို့သို့သွင်း၍ တန်ဆောင်မုန်းလဆန်းတရက်နေ့ နံနက်နေတက်အခါခြင်း။ မဟာဗောဓိကို မြို့၏အရှေ့ အင်ကြင်းပင်ကြီးအနီးခြင် အရိပ်ကိုမှီ၍ထား၏။အွေဖျဉ်းခြင်တည်သောနေ့မှ တဆဲ့ချုနစ်ရက်မြောက်ဖြစ်သောတန်ဆောင်မုန်းလဆန်းနှစ်ရက်နေ့၌မဟာဗောဓိပင်ပျိုအားအညွှန့်သစ်တို့သည် ပေါက်ကုန်၏။ ထိုသို့ပေါက်ကုန်သည်ကိုမြင်၍ မင်းကြီးသည် ကြည်ညိုသဖြင့် တဘန်မဟာဗောဓိပင်ပျိုကို မဲင်း၏အဖြစ်ဖြင့်ပူဇော်၍ အလုံးစုံသောဇမ္ဗူ။ဒီပါကျွန်းခြ မင်း၏အဘိသိက်ကိုပေး၏။ အရှင်မဟိန္ဒ မထေရ်စေအပ်သော သုမနသာမဏေသည်တန်ဆောင်မုန်းလပြည့်နေ့ဓာတ်တော်ယူအံ့သော ဌါပါဒုလိပုတ်သို့ရောက်လာသည်ရှိသော်။မဟာဗောဓိအားတန်ဆောင်မုန်းလပြည့်နေ့ပူဇော်သောနက္ခတ်သဘင်ကို မြင်လေ၏။ထိုအကြောင်း

ကို့အာရှင်မဟိန္ဒအား သုမနသာမဏေ လျှောက်ကြား၍ သိနှင့်၏။ ။ ဤမဟာဗောဓိမဏ္ဍိုင်မှဆောင်၍ ပါဠိလိပုတ်၌ထားသော မဟာဗောဓိဒက္ခိဏာသာခါကိုရည်၍၊ ထိုသို့လက်ာကျွန်းသို့ ကူးလိုတပြီးကား။ အဓိ၊ ဗောဓိပင်ကိုယူ၍ကူးပါ၊လေဟုမင်းကြီးဆိုသတည်း။ ။

သဃ်မိတ္တာထေရီမသည်လည်း ကောင်းပြီဟုဝန်ခံ၏။ မင်းကြီးသည် မဟာဗောဓိကို စောင့်ရှောက်စိမ့်သောဌါ တဆဲ့ရှစ်ပါးသော နှတ်မျိုးတို့ကိုရင်း၊ ရှစ်ယောက်သော အားတ်မျိုးတို့ကိုရင်း၊ ရှစ်ယောက်သော ပုဏ္ဏားမျိုး တို့ကိုရင်း၊ သူကြွယ် ရှစ်အိမ်ထောင်တို့ကိုရင်း၊ ဂေါပကမျိုး ရှစ်ဆိမ်ထောင်တို့ကိုရင်း၊ တရစ္ဆမျိုးရှစ်အိမ်ထောင်တို့ကိုရင်း၊ ကာလိင်အမျိုးရှစ်ဆိမ်ထောင်တို့ကိုရင်း ပေးလိုက်၏။ ရေသွန်းစိမ့်သောဌါ၊ ဇွန်အိုးရှစ်လုံး၊ ဇွင်းအိုးရှစ်လုံးတို့ကိုရင်း ပေးလိုက်၏။ ဤသို့သောအခြံအရံနှင့်တကွ မဟာဗောဓိကို ဂင်္ဂါမြစ်၌လွှတ်ပြီတင်၍၊ မိမိသည်လည်း မြို့မှထွက်၍၊ ဝိစ္ဆာဒ္ဒဂ္ဂိတောအုပ်ကို လွန်၍၊ အစဉ်သဖြင့် ခုနစ်ရက်တို့ဖြင့် တာမလိတ္တိသတော်ဆိပ်သို့ ရောက်လေ၏။ ခရီးအကြား၌ နဂါးနတ်လူတို့သည် မဟာဗောဓိကို မွန်မြတ်သောပူဇော်ခြင်းကို ပြုကုန်၏။ မင်းကြီးသည် သမုဒ္ဒြာကမ်းနား၌ခုနစ်ရက်တို့ပတ်လုံး မဟာဗောဓိကိုထား၍ အလုံးစုံသောဇမ္ဗူ။ ဒီပါကျွန်း၌ မြတ်သောမင်း၏အဖြစ်ကိုပေး၏။ ဤအကြိမ်သည်ကား ထိုမဟာဗောဓိအား သုံးကြိမ်မြောက် ဇမ္ဗူ။ ဒီပါမင်းအဖြစ်၏ ပြည့်စုံခြင်းသည် ဖြစ်၏။ ဤသို့ မြတ်သောမင်း၏ အဖြစ်ဖြင့် ပူဇော်၍၊ နှတ်တော်လဆန်းတရက်နေ့၌အသောကမင်းသည်မဟာဗောဓိကိုရွက်ချီ၍ လည်ပမာဏရှိသော ရေသို့သက်၍ သင်္ဘော၌တည်စေ၍။ သဃ်မိတ္တာထေရီမကိုလည်း အခြံအရံနှင့်တကွ သင်္ဘော၌ တင်၍ အရှင်ဌအမတ်ကိုဤသို့ဆို၏။ အမောင်အရှင်၊ ငါသည် မဟာဗောဓိကို ဇမ္ဗူ။ ဒီပါ၌ မင်း၏အဖြစ်ဖြင့် သုံးကြိမ်ပူဇော်၍၊ လည်တိုင်အောင်သော ရေသို့သက်၍ ငါ၏အဆွေခင်ပွန်းအား ပို့စေလိုက်၏။ ထိုငါ၏အဆွေသည်စေသည်း ငါ၏အတူ မဟာဗောဓိကိုပူဇော်စေသတည်းဟု အဆွေလက်ာဒီပမင်းအား သတင်းစကားမှာလိုက်၍။ အချင်းတို့၊ အားဆယ်ပါးနှင့်ပြည့်စုံတော်မူသော ဖြတ်စွာဘုရား၏ ရောင်ခြည်ကွန်ရက်ကို လွှတ်တတ်သော မဟာဗောဓိသည် စွားခဲ့ပြီတကားဟု ဂုဏ်ပြု၍ လက်အုပ်ချီလျက်မျက်ရည်ကိုဖြစ်စေလျက်ရပ်၏။ မဟာဗောဓိတင်အပ်သော ထို

သဧကော်သည်လည်း မင်းကြီး၏မြင်စဉ်ပင် သမုဒြာ၏အပြင်၌ပြေးလေ၏။မဟာသမုဒြာ၌လည်း ထက်ဝန်းကျင်မှ တယူဇနာ အတိုင်းအရှည် ရှိသောအရပ်တိုင်တိုင် လှိုင်းတံပိုးတို့သည် ငြိမ်ကုန်၏။ အဆင်းငါးပါး ရှိသောပဒုမာကြာတို့သည် မဟာသမုဒြာအပြင်၌ပွင့်ကုန်၏။ ကောင်းကင်ပြင်၌ နတ်၌ဖြစ်သော စည် စောင်း ငြင်း ကြေးနင်း မောင်း ခေါင်း လောင်းတို့သည် တီးမြည်ကုန်၏။ကောင်းကင်၌ရေကြည်းသစ်ပင်အစရှိသည်တို့ကိုမှီ၍နေကုန်သော နတ်တို့သည်ဖြစ်စေအပ်သော အလွန်လျင် မွန်မြတ်သော ပူဇော်ခြင်းသည်ဖြစ်၏။ သဃ်မိတ္တာထေရိမသည် ဂဠုန်၏အသွင်ဖြင့် မဟာသမုဒြာ၌နေသော နဂါးမျိုးတို့ကို ထိတ်လန့်စေ၏။ ပြင်းစွာထိတ်လန့်ခြင်းသဘောရှိကုန်သောထိုနဂါးတို့သည်လာကုန်၍။ ထိုဆို့သေဒ တင့်တယ်ခြင်းကိုရှုကုန်၍။ သဃ်မိတ္တာထေရိမကို တောင်းပန်ကုန်၍။ မဟာဇောဓိကို နဂါးပြည်သို့ ဆောင်၍၊ ခုနစ်ရက်ပတ်လုံး နဂါးပြည်ဖြင့်ပူဇော်၍။ တဘန်သဧကော်၌ တည်စေကုန်၏။ ထို နဂါးပြည်မှထွက်သောနေ့၌ ပင်လျင် သဧကော်လေသည် ဇမ္ဗု၊ကောလပဉ္စဆိပ်သို့ဆိုက်လေ၏။ အသေကမင်းကြီးသည်လည်း မဟာဇောဓိနှင့်ကွေကွင်းရသဖြင့် ဆင်းရဲသည်ဖြစ်၍ ငိုမြည်တမ်းလျက်မျက်စိမြင်ကောင်းသောအရပ်တိုင်အောင်မြှောက်လိုက်၍ပြန်လေ၏။ ။

ဒေဝါနုံပိယတိဿမင်းသည်လည်း သုမနံသာမဏေ၏ စကားဖြင့် နတ်တော်လဆန်း တရက်နေ့မှစ၍ အနုရာဓမြို့၏မြောက်တံခါးမှ ဇမ္ဗု၊ကောလပဉ္စဆိပ်တိုင်အောင် ခရီးကို သုတ်သင်လျက်၊ တန်ဆာဆင်၍၊ မြို့မှထွက်သော နေ့၌ မြောက်တံခါး၏ အနီး၌ သမုဒ္ဒသာလာ အရပ်၌ တည်လျက်။ ထိုဆို့သော တင့်တယ်ခြင်းဖြင့်လာသော မဟာဇောဓိကို့ မထေရ်၏အာနုဘော်ဖြင့် မြင်လျင်။ နှစ်သက်သော နှလုံးရှိသည်ဖြစ်၍။ ထွက်၍၊ အလုံးစုံသောခရီးကို ငါးပါးသောအဆင်းရှိသော ပန်းတို့ဖြင့် ကြဲစေလျက်။ အကြား အကြား၌ ပန်းဖြင့်ပြီးသော သည်တိုင်ဖူးရပ်တို့ကိုထား၍။ တရက်ခြင်းဖြင့်လျင် ဇမ္ဗု၊ကောလပဉ္စဆိပ်သို့သွား၍၊ အလုံးစုံသောကြေးနင်း မောင်း ခေါင်းလောင်းတို့ဖြင့်ခြံရံလျက်။ ပန်းနုံသာအစရှိသည်တို့ဖြင့် ပူဇော်လျက်။ လည်ပင်းပမာဏရှိသောရေသို့ သက်၍။ အချင်းတို့၊ အဝန်းဆယ်ပါး ရှိသော မြင်းစွာဘုရား၏ ဓရောင်ခြည်ငေတာ်ကွန်ရက်ကိုလွှတ်တတ်သောမဟာဇောဓိသည်ရောက်လာပြီတကားဟု

ကြည်ညိုသော်လည်း စိတ်ရှိသဖြင့်၊ မဟာဗောဓိကိုချီ၍။ မြတ်သော ဦးခေါင်းထက်၌ တင်၍။ မဟာဗောဓိဂိုဠ် ခြံရံကာလာကုန်သော တဆဲ့ခြောက် ဦးကုန်သော အမျိုးနှင့်ပြည့်စုံကုန်သော သူတို့နှင့်တကွ သမဂြာမှတင်၍။ သမဂြာနားဌ မဟာဗောဓိကိုထား၍၊ သုံးရက်တို့ပတ်လုံး အလုံးစုံသောလက်ာဒီပကျွန်းဌ မင်းအဖြစ်ဖြင့် ပူဇော်ရ၏။ တဆဲ့ခြောက်ဦးကုန်သော ဇာတ်နှင့် ပြည့်စုံကုန်သော အမျိုးတို့အား ပြည်ကို စီရင်စေရ၏။ ထိုနောက်လေးရက်မြောက်သောနေ့ဌ မဟာဗောဓိကိုယူ၍မြတ်သော ပူဇော်ခြင်းကိုပြုလျက် အစဉ်သဖြင့်သွား၍ အနုရာဓပြည်သို့ရောက်လေ၏။ အနုရာဓပြည်ဌလည်း ကြီးစွာသော ပူဇော်သက္ကာရကို ပြု၍။ နတ်တော်လက္ခဏနေ့မွန်းလွဲသောအခါဌ၊ မြောက်တံခါးဖြင့် မဟာဗောဓိကို မြို့သို့သွင်း၍၊ မြို့လယ်ဖြင့်ဆောင်၍၊ တောင်တံခါးဖြင့်ထွက်၍၊ တောင်တံခါးမှ လေးအပြန်ငါးရာကွာ၊ အကြင်အရပ်ဌ ငါတို့ မြတ်စွာဘုရားသခင်သည် နိဂြောဓသမာပတ်ကိုဝင်စား၍နေတော်မူဘူး၏။ကကုသန်၊ ကောဏာဂုံ၊ ကဿပ ဟူကုန်သော ဖူးဘုရား သုံးဆူတို့ သည်လည်း နိဂြောဓသမာပတ်ဝင်စား၍နေတော်မူဘူးကုန်၏။အကြင်အရပ်ဌ ကကုသန်မြတ်စွာဘုရား၏ကုက္ကိုဠ်ဗောဓိ၊ ကောဏာဂုံမြတ်စွာဘုရား၏ ရေသဖန်းဗောဓိ၊ကဿပမြတ်စွာဘုရား၏ပညောင်ဗောဓိသည်တည်ဘူးကုန်၏။ မဟာမေဃဝန်ဥယျာဉ်၏မှန်ကူသစ်ပွယ်လည်းဖြစ်ထသော၊ သုမနသာမဏေ၏စကားဖြင့် ဖူးမဆွကပင် အပြေအပြစ်ပြုအပ်သောဘုရားသခင်သည် နိဂြောဓသမာပတ်ကိုဝင်စား၍နေတော်မူဘူး၏။ အဘယ်သို့တည်ထားသနည်းဟူမူကား။ မဟာဗောဓိကိုခြံရံ၍လာကုန်သော၊ တဆဲ့ခြောက်ဦးကုန်သော ဇာတ်နှင့် ပြည့်စုံကုန်သော အမျိုးတို့သည် မင်း၏အသွင်ကိုယူကုန်၏။ဒေဝါနုံပိယတိဿမင်းသည်ကား တံခါးစောင့်အသွင်ကို ယူ၏။ တဆဲ့ခြောက်ပါးသော အမျိုးတို့သည် မဟာဗောဓိကိုကိုင်၍ ချကုန်၏။ မဟာဗောဓိသည် ထိုသူတို့၏လက်မှလွတ်ကာမျှဌလျှင် အတောင်ရှစ်ဆယ်မျှလောက်သော ကောင်းကင်သို့မျော်တက်၍ ခြောက်သွယ်သောရောင်ခြည်တို့ကို လွှတ်၏။ ရောင်ခြည်တို့သည်အလုံးစုံသောလက်ာကျွန်းကိုပြန့်၍ အထက်ဌဖြာဝှာပြည့်သိုဆိုက်၍ တည်ကုန်၏။ မဟာဗောဓိ၏တန်းခိုးပြာဋိဟာကိုမြင်၍ ဖြစ်သော ကြည်ညိုခြင်းရှိကုန်သော၊ တထောင်ယော ယောက်ျားတို့သည်

အစဉ်အတိုင်း ဝိပဿနာကိုပွါးစေ၍ အရဟတ္တဖိုလ်သို့ ရောက်ကုန်၍ ရဟန်းပြုကုန်၏။ နေဝင်သည်တိုင်အောင် မဟာဗောဓိသည် ကောင်းကင်၌ တည်၏။ နေဝင်ပြီးသော် ရောဟိဏီနက္ခတ်နှင့်ယှဉ်လျက် ဖြစ်၌ တည်၏။ မဟာဗောဓိပင် ဖြစ်၌ တည်သည်နှင့် တပြိုင်နက် ရေအဆုံးရှိသည်ကိုပြု၍ ဖြစ်ကြီးသည်ပြင်းစွာတုန်လှုပ်၏။ ဖြစ်၌တည်ပြီး၍ မဟာဗောဓိသည် ရာနှစ်ရက်ပတ်လုံး ဆီးနှင်းတိမ်တိုက်၌ ကောင်းစွာနေပြန်လေ၏။လူအပေါင်းအား မမြင်ခြင်းသို့ရောက်၏။ရာနှစ်ရက်မြောက်သော နေ့၌ တိမ်တိုက်ကင်းသောကောင်းကင်သည်ဖြစ်၏။ခြောက်သွယ်သော ရောင်ခြည်တို့သည်တော်ပကုန်သျှက် ပြိုးပြိုးပြက်တက်ကုန်၏။ မဟာဗောဓိ၏ ပင်စည်သည်ရင်း၊ ခက်မဇ်ငါးဖြာသည်ရင်း၊ အသီး ငါးလုံးတို့သည်ရင်းထင်ကုန်၏။ အရှင်မဟိန္ဒမထေရ်သည်ရင်း၊ သဃ်မိတ္တာထေရီသည်ရင်း၊မင်းကြီးသည်ရင်း၊အခြံအရံနှင့်တကွ မဟာဗောဓိတည်ရာသို့သာလျှင် လာကုန်၏။ များစွာသောအားဖြင့် အလုံးစုံကျွန်းခွံ နေကုန်သောသူတို့သည်စည်းဝေးကုန်၏။ ။

ထိုအလုံးစုံသောသူတို့၏ မြင်စဉ်သာလျှင် မြောက်အခက်မှ တလုံးသောအသီးသည် ရင့်၍ အညှာမှ လွတ်၏။ အရှင်မဟိန္ဒမထေရ်သည် လက်ကိုညွှတ်၍ခံ၏။ အသီးသည်မထေရ်၏လက်၌တည်၏။ ထိုအသီးကိုစိုက်လေ့မင်းကြီးဟုဆို၍မင်းအားပေး၏။ မင်းသည်ယူ၍ ရွှေဖျဉ်း၌ ကောင်းမြတ်သော မြေမုန့်ကိုကြဲ၍ နံ့သာညွန့်ကိုပြည့်စေ၍စိုက်၍ မြင့်မြတ်သဲ့သဲ့နေရာ၌ထား၏။ ခပ်သိမ်းသောသူတို့၏ မြင်ကုန်စဉ်သာလျှင် လေးတောင် ပမာဏ အမြင့် ဒိုးတော၊ ရှစ်ပင်သော ဗောဓိပင်ငယ်တို့သည်ပေါက်ကုန်၏။ မင်းကြီးသည် ထိုအံ့ဘွယ်သဲရဲကိုမြင်၍ ဗောဓိပင်ငယ်ရှစ်ပင်တို့ကိုထိုးဖြူဖြင့်ပူဇော်၍ အဘိသိက်သွန်းခြင်းကိုပေး၏။ ထိုဗောဓိပင်ငယ်ရှစ်ပင်အနက်၊ တပင်ကို မဟာဗောဓိဒုက္ခိဏသောခါလာသောအခါ ရှေးဦးစွာတုည်ရာဖြစ်သော ဇမ္ဗုဂေါလပဉ္စဆိပ်၌စိုက်ဆေး၏။တပ်ပင်ကိုတဝက္ကပုဏ္ဏားရွာတံခါး၌စိုက်၏။တပင်ကိုထူပါရုံ၌စိုက်၏။ တပင်ကို ဇာသရဒိုမ္မာနဂကျောင်း၌ စိုက်၏။ တပင်ကို မြို့ရှေ့တံခါးအနီး ပဌမကစေတိယအရပ်၌ စိုက်၏။ တပင်ကို စေတိယတောင်ကျောင်း၌ စိုက်၏။တပင်ကို ရောဟဏဇနပုဒ်၊ဗောဓနဂျာ၌စိုက်၏။ တပင်ကို ထို ရောဟဏဇနပုဒ်၌ပင် စန္ဒနဂျာ၌စိုက်၏။ ဤမြောက်ခက်အသီးမှ တပါး

လေးကိုင်းမှ လေးလုံးကုန်သော အသိုးတို့၏ မျိုးစေ့တို့မှ ရောက်ကုန်သောသုံးဆဲ့နှစ်ပင်ကုန်သောဗောဓိပင်ငယ်တို့ကိုလည်း တယူဇနာကွာတယူဇနာကွာအဓုပ်တို့ဦ့ စိုက်စေကုန်၏။ "ဤသို့လျှင် သားဖြေးမြစ်အဆက်ဆက်အားဖြင့် ထက်ဝန်းကျင် အလုံးစုံသော လက်ာကျွန်းသူတို့၏ စီးပွါးခြင်းငှါ ချမ်းသာခြင်းငှါ မြတ်စွာဘုရား၏ တရားတည်းဟူသော တမ်းခွန်သဖွယ်ဖြစ်သော မဟာဗောဓိ တည်ပြီးသည်ရှိသော်။ မင်းကြီး၏ ညီတော်-မင်းချင်းယောကျ်ား တထောင်နှင့်တကွ ရဟန်းပြုသော အာဘယမင်းသား၏မိဘုရား၊အနုဠာဒေဝီသည်၊မင်းသွီးငါးရာ၊ နန်းတွင်းသူ ငါးရာအား ဖြင့်၊ တထောင်သော မိန်းမတော်နှင့်တကွ သဃီမိတ္တာထေရီ၏အထံ၌ရဟန်းပြု၍မကြာမြင့်မိပင်လျှင်အဂြိအရံနှင့်ပယ်ကွ ရဟန္တာအဖြစ်၌တည်လေ၏။မင်းကြီး၏တူဖြစ်သောအရိဋ္ဌသည်လည်း ငါးရာသော ယောကျ်ားတို့နှင့် တကွ အဂ္ဂဓ်မဟိန္ဒအထံ၌ ရဟန်းပြု၍၊ မကြာမြင့်မိပင်လျှင် အဂြိအရံနှင့်တကွရဟန္တာအဖြစ်၌တည်လေ၏။

၁၁၀။ သီဟိုဠ်သာသနာပြုအဂ္ဂင်မဟိန္ဒထေရ်၊ တပည့်အရိဋ္ဌထေရ်စသောဆရာစဉ်ဆက်အားဖြင့်သာသနာ အဖြေအံ့ဖြစ်တည်တွန်းခြင်းနှင့်တကွ၊အဂ္ဂင်သိဝထေရ် တိုင်၊သီဟိုဠ်သာသနာဝင်အစဉ်အဆက်ကိုပြရာ။

ထိုရောအခါတနေ့သ၌မင်းကြီးသည်မဟာဗောဓိကိုရှိခိုး၍ မထေရ်နှင့်တကွ ထူပါရုံ စေတီသို့ သွား၏။ လောဟပါသာဒ ကြေးပြာသာဒ်တည်ရာသို့ရောက်သောထိုမင်းအား မင်းချင်းယောကျ်ားတို့သည် ပန်းပွင့်တို့ကိုဆောင်ခဲ့ကုန်၍ပေးဆက်ဖူ။မင်းကြီးသည် မထေရ်အားလျှဖူ။ မထေရ်သည် ပန်းပွင့်တို့ကို လောဟပါသာဒတည်ရာအရပ်၌ ပူဇော်ဖူ။ ပန်းပွင့်မြေသို့ရောက်ကာမျှ၌ မြေသည် တုန်လှုပ်ဖူ။ မင်းကြီးသည် အင်္ဂဓ်ဘုရား၊အာဘယ့်ကြောင့် မြေကြီးတုန်လှုပ်သနည်းဟုမေးဖူ။ မြတ်သောမင်းကြီး၊ နောင်သောအခါ ဤအရပ်၌ သံဃာ၏ဥပုသ်အိမ်ကြေးပြာသာဒ် ဖြစ်လတ္တံ့။ ထိုကြေးပြာသာဒ် ဖြစ်လတ္တံ့ သည်၏ ပုဇ္ဇနိမိတ်တည်းဟူ၍ မိန့်တော်မူဖူ။ မင်းကြီးသည် မထေရ်နှင့် တကွ သွားပြန်သော်အမျှင်္ဂတာအရပ်သို့ရောက်ဖူ။ထိုအရပ်၌အဆင်းအနံ့အရသာနှင့်

ပြည့်စုံသောသရက်သီးမျည့်တလုံးကို မင်းအားဆက်လာကုန်၏။ ဓင်းကြီးသည် မထေရ်အားဘုဉ်းပေးစိမ့်သောငှါလျှ၏။မထေရ်သည် ထိုနေရာ၌ပင် ဘုဉ်းပေး၍၊ ဤအရပ်၌ ဤသရက်ဝေ့ကိုစိုက်လော့ဟု ဆို၏။ မင်းကြီးသည် ထိုသရက်စေ့ကိုယူ၍ ထိုအရပ်၌ စိုက်၍ ရေသွန်း၏။ သရက်စေ့ မြေကြီးထို ရောက်သည်နှင့် တပြိုင်နက် မြေကြီးတုန်လှုပ်၏။ မင်းကြီးသည် အဂ္ဂဉ်ဘုရား၊ အဘယ့်ကြောင့် မြေကြီးလှုပ်သနည်းဟုမေး၏။ မင်းကြီး၊နောင်သောအခါ ဤအရပ်၌ သံဃာ၏စည်းဝေးရာအမှတ်ဏ အမည်ရှိသော အရပ်သည် ဖြစ်လတ္တံ့။ ဤမြေကြီးလှုပ်ခြင်းသည် ထိုသို့ဖြစ်လတ္တံ့,သည်၏ပုဗ္ဗနိမိတ်တည်းဟုကြား၍မင်းကြီးသည် ထိုအရပ်၌ရှစ်ဆုပ်သောပန်းတို့ဖြင့်ပူဇော်၍ မထေရ်နှင့်တကွ သွားပြန်သော် မဟာစေတီကြီး တည်ရာအရပ်သို့ ရောက်လေ၏။ ထိုအရပ်၌ စံကားပန်းတို့ကိုမင်းကြီးအားဆက်လာကုန်၏။မင်းသည် ထိုပန်းတို့ကို မထေရ်အားလှူ၏။ မထေရ်သည် ထိုအရပ်ကို ထိုပန်းတို့ဖြင့် ပူဇော်၍ ရှိခိုး၏။ ထိုခဏ၌ မြေကြီးတုန်လှုပ်၏။ မင်းသည် အဘယ့်ကြောင့် မြေကြီးလှုပ်သနည်းဟု မေးပြန်၏။ မင်းကြီး၊ နောင်သောအခါ ဤအရပ်၌ မြတ်စွာဘုရား၏ ဓာတ်တော်၌ပနာရာ၊ အတုမရှိ ကြီးစွာသော လေတိုဖြစ်လတ္တံ့။ ဤမြေလှုပ်ခြင်းသည် ထိုစေတီကြီး ဖြစ်လတ္တံ့,သည်၏ ပုဗ္ဗနိမိတ်တည်းဟု မထေရ်မိန့်တော်မူ၏။ အဂ္ဂဉ်ဘုရား၊ အကျွန်ုပ်သည်ပင် ပြုအံ့ဟုလျှောက်၏။ မင်းကြီး၊မသင့်၊ သင်မင်းကြီးအား အမှုတပါးမျှား စွာရှိသေး၏။ သင်မင်းကြီး၏မြေးတော်၊ ဒုဋ္ဌဂါမဏိအဘယမင်းသည် စေတီကြီးစွာ ပြုလတ္တံ့ဟု ဒိန့်တော်မူသော်။ အဂ္ဂဉ်ဘုရား၊ အကယ်၍ အကျွန်ုပ်၏မြေးသည်ပြုငြားအံ့။ အိမ်ကျွန်ုပ်ပြုသည်ပင်မည်၏ဟု လျှောက်၍။ တဆဲ့နှစ်တောင်ရှိသော ကျောက်သည်တိုင်ကို ဆောင်စေ၍၊ ဒေဝါနံပိယတိဿမင်း၏ မြေးတော် ဒုဋ္ဌဂါမဏိအဘယမင်းသည်၊ ဤအရပ်၌ မြတ်စွာဘုရား၏ ဓာတ်တော် တစ္ဆရှတ်မျှလောက်ကို ဌပနာ၍ ကြီးစွာသောစေတီကိုပြုစေသတည်းဟု ကမ္မည်းမှာစာ အက္ခရာရေး၍ စိုက်ထားစေ ပြီးသော်။ မင်းကြီး၊ အဂ္ဂဉ်ဘုရား၊ ဤဝတ္ထုပဋ္ဌိ ကျွန်းခြမြတ်စွာဘုရား၏ သာသနာတော်တည်ပါပြီလောဟု လျှောက်၏။ မြင်ပသောမင်းကြီး၊ သာသနာတော်ကားတည်ပြီး သာသနာတော်၏အမြစ်တို့သည်ကား ယခုဒမ္မဓိ မသက်ကုန်သေး ဟူ၍ မိန့်တော်မူ၏။ အဂ္ဂဉ်

ဘုရား၊ အဘယ်အရဟန္တာ သာသနာ၏ အမြစ်တို့သည် သက်သည်မည် ကုန်သည် ဖြစ်ကုန်လတ္တံ့နည်းဟု မင်းကြီး လျောက်သော်။ မင်းကြီး၊ အကြင်အခါ၊ တမ္ဗပဏ္ဏိကျွန်းဌာနေကုန်သော အမိအဘတို့၏ တမ္ဗပဏ္ဏိကျွန်းဌာနေသား သတို့သားတို့သည် တမ္ဗပဏ္ဏိကျွန်းဌာ ရဟန်းပြု၍၊ တမ္ဗပဏ္ဏိကျွန်းဌာသာလျှင် ဝိနံညီးဝိဒူကတ်ကိုတတ်အောင်သင်၍။ တမ္ဗပဏ္ဏိကျွန်းသား ရဟန်းတို့ကို ပို့ချလတ္တံ့။ ထိုအခါ သာသနာတော်၏ အမြစ်တို့သည်သက်သည်မည်ကုန်သည်ဖြစ်ကုန်လတ္တံ့ဟုအရှင်မဟိန္ဒမထေရ်မိန့်တော်မူ၏။ အရှင်ဘုရား၊ ဤသို့ဇံသာအမှုကိုပြုခြင်းဌာ စွမ်းနိုင်သော တမ္ဗပဏ္ဏိကျွန်းသား ရဟန်းရှိပါ၏လောဟု မင်းကြီးလျောက်သော်။ မင်းကြီး၊ ငါတို့လာစဉ်းက စေတိယတောင်၌ ငါးကျိန်း ယောက်သော မင်းချင်းယောကျ်ားတို့နှင့်တကွ ရဟန်းပြုသော မဟာအရိဋ္ဌမည်သော ရဟန်းသည် ထိုအမှုကိုပြုခြင်းဌာ စွမ်းနိုင်၏ဟု မိန့်တော်မူ၏။ ဤအမှု၌ အကျွန်ုပ်သည် အဘယ်သို့ပြုရအံ့နည်းဟု မင်းကြီးလျောက်သော်။ မြတ်သောမင်းကြီး၊ မဏ္ဍပ်ကြီးစွာပြုအံ့သောဌာသင့်၏ဟု မိန့်တော်မူ၍။ ကောင်းပြီအရှင်ဘုရားဟုဝန်ခံ၍၊ မေဃဝဏ္ဏာဘယအမတ်၏ ပရိဝုဏ်အရာ၌၊ ပဌမသင်္ဂါယနာတင်သောအခါ အဇာတသတ်မင်းသည် ပြုအပ်သောမဏ္ဍပ်နှင့်တူသော အပြားရှိသော မဏ္ဍပ်ကိုမင်း၏အာနုဘော်ဖြင့်ပြီစေ၍။အလုံးစုံသော မောင်း ၆ကြိုးနှင်း ခွက်ခွင်းနှဲ့ပြွေအတတ်သည်တို့ကိုမိမိမိမိတို့၏အတတ်ဌယဉ်စေ၍။ သာသနာတော်၏အမြစ်သက်ကုန်သည်တို့ကို မြင်ရကုန်လတ္တံ့ဟု အားထောင်မကသောမင်းချင်းယောကျ်ားတို့ဖြင့်ခြံရုံလျက် ထူပါရုံစေတီသို့လာ၏။ ထိုရောအခါ ထူပါရုံ၌ ခြောက်သောင်း ရှစ်ထောင်သော ရဟန်းတို့သည်စည်းဝေးကုန်၏။အရှင်မဟာမဟိန္ဒမထေရ်၏နေရာကို တောင်သို့မျက်နှာပြု၍ခင်း၏။ မဟာအရိဋ္ဌမထေရ်၏နေရာကို မြောက်သို့မျက်နှာပြု၍ခင်း၏။ထိုရောအခါ မဟာအရိဋ္ဌမထေရ်သည် အရှင်မဟိန္ဒမထေရ်တို့ကဲ့သို့နှိမ်းအပ်သည် ဖြစ်၍။ မိမိအား လျောက်ပတ်သော အစဉ်ဖြင့် တရားဟောနေရာ၌ခေနာ၏။ အရှင်မဟိန္ဒထေရ်အမှူးရှိသော ခြောက်ကျိပ်ရှစ်ယောက်သောမထေရ်ကြီးတို့သည် တရားဟောနေရာကိုခြံရုံ၍နေကုန်၏။ထိုအခါမင်းကြီး၏ညီတော်ဖြစ်သော မတ္တာဘယမထေရ်သည် အဦးကိုယူသည်ဖြစ်၍ဝိနည်းပိဋကတ်ကိုသင်အံ့ဟုငါးရာသောရဟန်း

တို့နှင့်တကွ မဟာအရိဋ္ဌမထေရ်၏ တရားဟောနေရာကိုခြံရံ၍, နေကုန်၏။ ထိုမထေရ်တို့မှကြွင်းကုန်သော ငါးထောင့်ကိုးရာလေးဆဲ့သုံးကျိပ်သော ရဟန်းတို့သည်ရင်း၊ မင်းနှင့်တကွဖြစ်သော ပရိသတ်တို့သည်ရင်း၊ ဗိမ္မိဗိမ္မိဗိမ်တို့အားရောက်သောနေရာ၌နေကုန်၏။ ထိုအခါ ရှည်သော အသက်တော်ရှိသော အရှင်အရိဋ္ဌမထေရ်သည်။ တေန ခေါ် ပန သမယေန ဇန္ဓိဘဂဝါ ဝေရဉ္ဇာယံ ဝိဟရတိ နဠေရုပုစိမန္ဒမူလေ။ အစရှိသောနိဒါန်းကို အစတည်၍ ဝိနည်းဝိဒူကတ်ကိုပေါ်၏။ ဤသို့မဟာအရိဋ္ဌမထေရ်ဝိနည်းနိဒါန်းကိုပေါသည်ရှိသော်။ ကြိုးစွာသောအသံသည် ကောင်းကင်သို့မြည်၍ တက်၏။ အခါမဲ့လျှပ်စစ်တို့သည်ပြိုးပြိုးပြက်ထွက်ကုန်၏။ နတ်တို့သည်ကောင်းချီးပေးကုန်၏။ ဝေအဆုံးရှိသည်ကိုပြု၍ မြေကြီးသံည်တုန်လှုပ်၏။ ဤသို့တပါးမက များစွာသောပြာဋိဟာတို့သည်ဖြစ်ကုန်စဉ်ပင် မဟာအရိဋ္ဌမထေရ်သည် မဟာမဟိန္ဒမထေရ်အမှူးရှိသော အသီးအသီးသောဂိဏ်းကို ဆောင်ဇုန်သော ခြောက်ကျိပ်ရှစ်ယောက်သော ရဟန္တာတို့သည်ရင်း၊ ထိုမှ တပါးကုန်သော ခြောက်သောင်း ရှစ်ထောင် မျှလောက်ကုန်သော ရဟန်းတို့သည်ရင်း ခြံရံအပ်သည်ဖြစ်၍၊ သီတင်းကျွတ်ပဝါရဏာနေ့၌ ထူပါးများမကျောင်း၏ အလယ်၌၊ မြတ်စွာဘုရား၏ကရဏာဂုဏ်တော်ကိုပြတတ်သော၊ မြတ်စွာဘုရားဆုံးမတိုင်း ကျင့်သောသူတို့အား ကာယကံ ဝစီကံတုန်လှုပ်ခြင်းကိုပျောက်တတ်သောဝိနည်းပိဋကတ်ကိုထင်ရှားပြတော်မူ၏။ ဤသို့ထင်ရှားပြပြီး၍ မဟာအရိဋ္ဌမထေရ်သည် အသက်တော်ရှည်သမျှကာလပတ်လုံးတည်လျက် များစွာသောရဟန်းတို့ကို သင်စေ၍။ များစွာသောရဟန်းတို့၏နှလုံး၌ ဝိနည်းဗိမူကတ်ကိုထင်း၏။ ။ဤသို့လျှင်အရှင်မဟိန္ဒမထေရ် အစရှိသော အသီးအသီးသောဂိဏ်းကို ဆောင်ကုန်သော၊ ဝိဇ္ဇာသုံးပါး အဘိညာဉ်ခြောက်ပါးနှင့်ပြည့်စုံကုန်သော၊ တန်းခိုးဘုန်ဆင်းခြင်း၌ လိမ္မာကုန်သော၊ ခြောက်ကျိပ် ရှစ်ယောက်ကုန်သော မထေရ်တို့သည်။ မြတ်သော နိဗ္ဗာန်မဂ်ဖိုလ်ဟူသောအကျိုးကို သိသဖြင့် မင်းကိုဆုံးမကုန်၍။ အလျားအနံလေးဆဲ့ကိုးယူဇနာရှိသောလက်ာကျွန်း၌ အသင်းကိုဖြစ်စေ၍။ လက်ာကျွန်းဒမလုံးကိုထွန်းလင်းစေ၍ ပရိနိဗ္ဗာန်ပြုတော်မူလေကုန်၏။ ။ထိုမထေရ်ကြီးခြောက်ကျိပ်ရှစ်ယောက်တို့ပရိနိဗ္ဗာန်ပြုပြီးသောနေ့ကာလအဘို့၌။ ထိုမထေရ်ကြီးတို့၏ဂုဏ်း၊ မဟာ

အာရိဉ္ဇမထေရ်ဏျင်း၊ တပည့်ဖြစ်ကုန်သော၊ တိဿဒတ္တာမထေရ်၊ ကာဠသုမနမထေရ်၊ ဒီဃသုမနမထေရ်တို့သည်၎င်း။ ထိုမထေရ်တို့ဏျတပည့် အဆင့်ဆင့် ဖြာ်ကုန်သော။ တဘန်လျှင်၊ ကာဠသုမန မထေရ်၊ နာဂမထေရ်၊ ဗုဒ္ဓရက္ခိတမထေရ်၊ တိဿမထေရ်၊ ရေဝမထေရ်။ တဘန် သုမနမထေရ်၊စူဠနာဂမထေရ်၊ရောဟဏဇနပုဒ်၌ သူတော်ကောင်းဟု သမုတ်အပ်သော ဓမ္မပါလမထေရ်။ထိုမထေရ်ဏျတပည့်ဖြစ်ကုန်သော ခေမမထေရ်၊ ဥပတိဿမထေရ်၊ ဗုဿဒေဝမထေရ်။ တဘန် သုမန မထေရ်၊ မဟာသိဝမထေရ်၊ ဥပါလိမထေရ်၊ မဟာနာဂမထေရ်၊ အဘယမထေရ်၊တိဿမထေရ်။ ထိုမထေရ်တို့ဏျတပည့်ဖြစ်ကုန်သော၊စောရနာဂဘေးကြောင့် ဓမ္မ။ဒီပါသို့ကူး၍ သာသနာတော်ကို စောင့်[illegible]ကုန်သော သုမနမထေရ်၊ စူဠာဘယမထေရ်၊ တိဿ မထေရ်၊ စူဠဒေဝမထေရ်၊ သိဝမထေရ်။ ဤသို့လျှင် အာဂင်မဟိန္ဒတို့မှတပည့် အဆင့်ဆင့် ဖြစ်ကုန်သော၊ အာဂင်သိဝမထေရ်မှ ထောက်၍ ဆရာအဆင့်ဆင့်ဖြစ်ကုန်သော၊ ဤနှစ်ကျိပ်ခြောက်ပါးကုန်သော မထေရ်ကြီးတို့သည်။ ပိဋကတ်သုံးပုံကိုဆောင်ကုန်သည်ဖြစ်၍သီဟိုဠ်ကျွန်းဌာသာသနာတော်ကို စည်ပင်ထွန်းလင်းအောင်ဆောင်တော်မူကုန်ဏျ။ ။

ဤသို့လျှင် မြတ်စွာဘုရားသာသနာဌေ့ဝေါ်သည်။ ဘုရားကိုယ်တော်ထင်ရှားရှိတော်မူသောကာလ၌ ဓမ္မ။ဒီပ်ကျွန်းဌာ၊ အဝန်းယူဇနာကိုးရာရှိသော မဇ္ဈိမဒေသအတွင်းဌာသာလျှင် စည်ပင်ပွင့်လင်း ထွန်းဝင်းစွာဖြစ်သတည်း။ဘုရားပရိနိဗ္ဗာန်ပြုတော်မူပြီးသောနောက်၊အနှစ်၂၃၆ နှစ်ရောက်သောအခါ၌။ ပါဋလိပုတ်ပြည်၌ ဓမ္မာသောကမင်းကိုအဓိပြု၍။ အရှင်မောဂ္ဂလိပုတ္တတိဿ မထေရ်သည် တထောင်ဌသာ ရဟန္တာတို့နှင့်တကွ၊ ဘုရားရှင့်မုခပါဋ္ဌ ပိဋကတ်သုံးပုံကိုပေါင်း၍ အညီအညွတ် ရွတ်သဖြင့် တတိယ သင်္ဂါယနာတင်ပြီးသောအခါ၌။ မဟာမောဂ္ဂလိပုတ္တတိဿမထေရ်သည် ပစ္စန္တဒေသတို့၌လည်း ဘုရားသာသနာပြန့်ပွါးစည်ပင်တည်စိမ့်သောငှါ။ မဇ္ဈန္တိကမထေရ်၊ မဟာရေဝမထေရ်၊ ရက္ခိတမထေရ်၊ ယောနကတိုင်းသား ဓမ္မရက္ခိတမထေရ်၊ မဟာဓမ္မရက္ခိတမထေရ်၊ မဟာရက္ခိတမထေရ်၊ မဇ္ဈိမမထေရ်၊ အရှင်သောဏမထေရ်၊ အရှင် ဥတ္တရမထေရ်၊ အရှင် မဟိန္ဒမထေရ်။ ဤတကျိပ်သော မထေရ်တို့ကို အသီးအသီးဝန်ခံစေ၍၊ပစ္စန္တဒေသ၌ သာသနာတော်ကို

ပြုစေသဖြင့်။ ဓမ္မ။ ဒိပါကျွန်းထက်၌ မတ္ထိမဒေသ၏ပြင့်ပ ပစ္စန္တဒေသဖြစ်သော။ ကသ္မီရဂန္ဓာရတိုင်း။ မဟိသကမဏ္ဍလ။ ဝနဝါသီ။ အဓရန္တကတိုင်း။ မဟာရဋ္ဌတိုင်း။ ဃယာနကလောက။ ဟိမဝန္တဒေသဘာဂ။ သုဝဏ္ဏဘူမိအားဖြင့်ရှစ်ပါးသောအရပ်တို့၌ဌင်း။ အရံကျွန်းငယ်ဖြစ်သော သိဟိုဠ်ကျွန်း၌ဌင်း၊ ဤသို့အားဖြင့် ကိုးပါးသောပစ္စန္တဒေသအရပ်တို့၌ ယခုထက်တိုင်အောင် မြတ်စွာဘုရားသာသနာတည် စည်ပင်ပွင့်လင်းထွန်းလင်းတောက်ပစွာတည်သတည်း။ ။

၁၁၁။ သိဟိုဠ်ကျွန်း၌၊ကကုသန်၊ဂောဏာဂုံ၊ကဿပ၊ ဟူသော၎င်းဘုရားသုံးဆူတို့၏သာသနာတော်၊ပရိဘောဂတော်၊ ဗောဓိတော်များလည်းတည်ထွန်းဘူးသည်ကိုပြရာ။

သိဟိုဠ်ကျွန်း၌ကား ငါတို့မြတ်စွာဘုရားသာသနာတော်သာတည်သည်မဟုတ်။ ကကုသန်ဘုရား၊ ဂောဏာဂုံဘုရား၊ ကဿပဘုရား၊ သုံးဆူတို့၏ သာသနာတော်သည်လည်း တည်ဘူးလေ ကုန်သလျှင် ကတည်း။ ။ထိုသုံးဆူတို့တွင်၊ကကုသန်မြတ်စွာဘုရားဖြစ်တော်မူသည့် အခါ၌ ဤသိဟိုဠ်ကျွန်းသည် ဩဇဒိပကျွန်းမည်၏။မင်းသည် အာဘယမည်၏။ စေတိယတောင်သည်၊ဒေဝကူဋတောင် မည်၏။ ထူပါရာမသည် ပဒိုယာရာမမည်၏။ ထိုအခါ ကကုသန်ဘုရားသည် လူတွင်ထင်ရှား ဘုရားဖြစ်တော်မူ၏။ ထိုကကုသန်မြတ်စွာဘုရား၏ တပည့်သာဒုတော်ဖြစ်သော မဟာဒေဝမထေရ်သည်၊ ရဟန်းတထောင်နှင့် တကွ ဓမ္မ။ဒိပါမှ၊ကောင်းကင်ဖြင့်သွား၍၊အရှင်မဟိန္ဒမထေရ်သည် စေတိယတောင်ထိပ်၌ တည့်တော်မူသကဲ့သို့ ဒေဝကူဋတောင်ထိပ်၌ တည်၏။ ထိုအခါ ဩဇဒိကျွန်း၌ သတ္တဝါတို့သည် ယဉ်းအနာဖြင့် အကျိုးမဲ့ပျက်စီးခြင်းသို့ရောက်ကုန်၏။ကကုသန်မြတ်စွာဘုရားသည်ဇနပဒစက္ခုဖြင့်လောကကိုကြည့်တော်မူသော်ထိုအကျိုးမဲ့ပျက်စီးခြင်းသို့ရောက်သော်သတ္တဝါတို့ကိုမြင်၍၊ သနားတော်မူသောအားဖြင့် လေးသောင်းသောရဟန်းတို့ဖြင့်ခြံရံလျက် ထိုကျွန်းသို့ကြွတော်မူ၏၊ ထိုခဏ၌ပင် မြတ်စွာဘုရား၏တန်းခိုးအာနုဘော်ဖြင့် ယဉ်းအနာသည် ကင်းငြိမ်း၏။ဓမ္မာဂါရုံးပြိုးသော် မြတ်စွာဘုရားသည် ဂုဏ်း ဟောတော်မူ၏။ ရှစ်သောင်း လေး

ဆောင်သောသတ္တဝါတို့သည် သစ္စာလေးပါးကိုသိ၍ မင်္ဂလိလရကုန်၏။ ကကုသန်မြတ်စွာဘုရားသည် ဓမကရိဏ်ကို ပေးခဲ့၍ ဓမ္မ။ ဒီပါသို့ ကြွလာ၏။ ထိုဓမကရိဏ်ကိုဌပနာ၍ ထူပါရာမအာရာဒ် ပဒိုယာရာမစေတီတည်၍ ထိုသူတို့သည်ကိုးကွယ်လေကုန်၏။ ဟာဒေဝမထေရ်သည် ကျွန်းကိုစောင့်၍နေတော်မူရစ်၏။ မေဃဝန်ဥယျာဉ်သည် မဟာတိတ္ထဥယျာဉ်တွင်၏။ ကကုသန်မြတ်စွာဘုရားသည် ဇောဓိတည်မည့်အာရာဒ် ဖလသမာပတ် ဝင်စားတော်မူ၍ ရာဇနန္ဒာထေရိမသည် ဇောဓိလက်ျာခက်ကိုဆောင်ခဲ့စေသတည်းဟု ဓိဋ္ဌာန်တော်မူလျှင်။ ထိုထေရိမသည် နတ်နားဖြင့်ကြား၍ ကုက္ကို့ဇောဓိလက်ျာခက်ကိုဆောင်ခဲ့သဖြင့်။ ကကုသန်ဘုရား၏ကုက္ကို့ဇောဓိလက်ျာခက်သည် အနှင်ငါးတမဘုရားသာဓိတည်ရာ၌ပ်တည်၏။ ။

ကောဏာဂုံဘုရား ဖြစ်တော်မူသော အာခါ၌ ဤကျွန်းသည် ဝရဒီပမည်၏။ပြည်သစ်ကား ဝဿမာနမည်၏။မင်းသည် သမေဇ္ဈိမည်၏။စေတီယတောင်သည် သုဝဏ္ဏကူဋမည်၏။ မေဃဝန်ဥယျာဉ်သည် မဟာနာမဥယျာဉ်တွင်၏။ထိုအခါ ဝရဒီပကျွန်း၌ မိစ္ဆာဒိဋ္ဌိသာဖြင့် ရဲခဲသောထမင်းအစာရှိ၏။ ပျက်စီးသော ကောက်စပါးရှိ၏။ သတ္တဝါတို့သည် ငတ်မွတ်သောဘေးဖြင့် အကျိုးမဲ့ သေကြေပျက်စီးခြင်းသို့ရောက်ကုန်၏။ ကောဏာဂုံ မြတ်စွာဘုရားသည် ဈာန်စကျွတ်ဖြင့် လောကကို ကြည့်တော်မူသော်ငတ်မွတ်ခြင်းဘေးဖြင့်အကျိုးမဲ့ပျက်စီးခြင်းသို့ရောက်ကုန်သော်ထိုသတ္တဝါတို့ကိုမြင်တော်မူ၍၊ သနားသဖြင့် ရဟန်းဆုံးသောင်းခြံရုံလျက် ကောင်းကင်ခရီးဖြင့်ကြွတော်မူ၍ သုဝဏ္ဏကူဋတောင်ထိပ်၌ ကည်တော်မူ၏။ မြတ်စွာဘုရား ဟန်းခိုးတော်ဖြင့် ရိပသ်းသည် အလျဉ်ထန်စွာရွာသွန်း၏။ ရဲလွယ်သောထမင်းအစာရှိသည်၊ဝပြောသည်ဖြစ်ကုန်၏။ ကောဏာဂုံမြတ်စွာဘုရားသည် ရောက်လာကုန်သောကျွန်းသူတို့အား တရားဟောတော်မူ၏။ ၅၂စ်သောင်းလေးထောင်ကုန်သော ၄၀နယျတို့သည် တရားရကုန်၏။ မြတ်စွာဘုရားသည် သုမနမထေရ်ကို ရဟန်းဟထောင် အခြံအရံနှင့်တကွ ထားခဲ့၏။ ကိုးကွယ်ရစ်စိမ့်သောဌါ·ခါးပန်းတော်ကိုလည်း ပေးခဲ့၏။ ဇောဓိကည်မည့်အရပ်၌ ဖလသမာပတ်ကို ဝင်စားတော်မူ၍။ ကဏ္ဏကာနန္ဒာ မည်သော် ထေရိမသည် ရဟန္တာမ ငါးရာနှင့်တကွ ငါ၏ဇောဓိဒက္ခိဏာသာခါကို ယူ၍ လာစေ

သတည်းဟုဓိဋ္ဌာန်တော်မူသဖြင့်။ထိုရဟန္တာမလည်း ရေသဖန်းဗောဓိဒကွိဏ်သာခါကိုယူ၍လာ၏။ ခါးပန်းဝတ်ကိုဋ္ဌပနာ၍ထူပါရာမစေတီတည်ရာ၌ စေတီတည်၍ ကိုးကွယ်ကုန်၏။ ရေသဖန်းဗောဓိကိုလည်း အရှင်ဂေါတမဗောဓိရိုက်ရာ၌ရိုက်၍ကိုးကွယ်ကုန်၏။ ။

ကဿပဖြတ်စွာဘုရား ဖြစ်တော်မူသောအခါ၌ ဤကျွန်းသည်မဏ္ဍာဒိပမည်၏။မင်းသည် ဇယန္တမည်၏။ပြည်သည် ဝိသာလမည်၏။စေတိယတောင်သည် သုဘကူဋတောင်မည်၏။မေဃဝန်ဥယျာဉ်သည်မဟာသာလဥယျာဉ်တွင်၏။ ထိုအခါ ထိုမဏ္ဍာဒိပကျွန်း၌ ကြီးစွာသောငြင်းခုံခြင်းသည်ဖြစ်၏။ များစွာသောသတ္တဝါတို့သည် ငြင်းခုံခိုက်ရန်ဖြစ်ကုန်၍ အချင်းချင်းမဲ့ သေကြေပျက်စီးခြင်းသို့ရောက်ကုန်၏။ ထိုအကြောင်းကို ဗုဒ္ဓစက္ခုဖြင့် ဖြင်တော်မူ၍ သနားတော်မူသောအားဖြင့်၊ ကဿပဖြတ်စွာဘုရားသည် ရဟန္တာ နှစ်ဆယ်သောင်း ခြံရံလျက် ကြွလာ၍။ သုဘကူဋတောင်ထိပ်၌တည်တော်မူ၏။ ငြင်းခုံခိုက်ရန်ကိုငြိမ်းစေ၍ တရားဟောတော်မူ၏။ငြင်းခုံခြင်းဘေးရန်သည်လည်း ငြိမ်းလေကုန်၏။ ဤစကျွန်းလေးထောင်သောဝေနေယျတို့သည် အကျွတ်တရားရကုန်၏။ ကဿပဖြတ်စွာဘုရားသည် သဗ္ဗညုဉာဏအမည်ရှိသောမဏိရတနာကိုအခြံအရံရဟန္တာတထောင်နှင့်တကွထိုကျွန်းဌာနေးခဲ့၍၊ ကိုးကွယ်စိမ့်သောဌါလည်း ရေသနုပ်တော်ကိုပေးခဲ့၍ ဗောဓိတရားသည်မြတ်ဌာနီဖလသမာပတ်ဝင်စားတော်မူ၍။ သုဓမ္မာရဟန္တာမသည် ငါ၏ဗောဓိဒကွိဏ်သာခါကိုယူ၍လာစေသတည်းဟုဓိဋ္ဌာန်တော်မူလျှင်။သုဓမ္မာရဟန္တာမသည်ဒိဗ္ဗသောတဖြင့်ကြား၍ ညောင်ကြတ်ဗောဓိဒကွိဏ်သာခါကိုယူ၍။ရဟန္တာမအခြံအရံငါးရာနှင့်တကွ လာ၏။ ထူပါရာမစေတီရာ၌ စေတီတည်၍ ရေသနုပ်တော်ကိုဋ္ဌပနာ၍ ကိုးကွယ်ကုန်၏။ ညောင်ကြတ်ဗောဓိဒကွိဏ်သာခါကိုလည်း အရှင်ဂေါတမ၏ ဗောဓိဒကွိဏ်သာခါစိုက်ရာ၌စိုက်၍ ကိုးကွယ်ကုန်၏။ ။ဤသို့လျှင်၊ ကကုသန်၊ ကောဏာဂုံ၊ ကဿပ၊ ဘုရားသုံးဆူတို့၏ သာသနာတော်၊ ပရိဘောဂစေတီ၊ ဒကွိဏ်သာခါ ဗောဓိတို့သည် ဤလက်ာဒီပကျွန်း၌ တည်ဘူးလေကုန်သတ္တုံတည်း။ထိုမြို့တော်စွာဘုရားတို့၏ သာသနာတော်ကုန်သဖြင့်ကား ထိုသို့သော စေတီရာဗောဓိရာတို့၌ တံစုံတယောက်သော သူသည် ဓားကြွင်း အနှဖတ်-တံမြက်ချေးအစရှိသည့် အညစ်အကြေးတို့ဖြင့် မဖျက်ဆီးနိုင်စိမ့်သောဌါ

နတ်နဲတို့၏အာနုဘော်ဖြင့် အဆူးဂိုသောသစ်ပင်ချုံနွယ်တို့သည်ဖုံးအုပ်လျက်တောဖြစ်၍တည်တို့။ ။

ငါတို့မြတ်စွာဘုရားလက်ထက်တော်၌ကား၊လူနေမဖြစ်မီ ရှေးကာလက ဤကျွန်း၌ ဘီလူးတို့နေရာလက်ာပုရပြည်ရှိသည်ကိုစွဲ၍၊ လဲက်ာဒီပကျွန်းဟု သမုတ်တို့။ ။ဇမ္ဗု။ဒီပ်၌ လာလတိုင်း၊ သီဟပုရပြည်၌၊ ခြင်္သေ့သားဖြစ်သော သီဟဗာဟုမင်းတို့သား ဝိဇယဗာဟု မင်းသည်။ သီဟသ အပစ္စံဂေါတ္တံ့ သီဟော။ဟူသော ဝစနတ္ထနှင့်အညီ၊သီဟမည်တို့။ထိုသီဟအမည်ရှိသောဝိဇယဗာဟုသည် အစတည်ထောင်၍လူနေပြုသဖြင့် ဤကျွန်းကို ယူအပ်သည်ကိုစွဲ၍။သီဟော လာတိ ဂဏ္ဍာတိတိ သီဟံဒ္ဝေါ။ လဿ ဒ္ဝတ္တံ့။ ဟူသော ဝစနတ္ထနှင့် အညီ သီဟဒ္ဝီပ ဟူ၍ သမုတ်တို့။ ။ထိုမင်းသားတို့ လွှမ္မသက်၍အစဉ်သဖြင့်သွားကြသော် ပင်ပန်းသဖြင့် နားရာတွင်၊ မြေ၌လက်ဝါးဖွဲ့ထောက်မိလျှင် ကြေးနီကဲ့သို့ မြေမနှံနီ လက်ဝါး၌ စွဲသည်ကို အကြောင်းပြု၍ တမ္ဗပဏ္ဏိဟူ၍လည်း ဤကျွန်းကို သမုတ်ကုန်တို့။ ထိုကြောင့် ငါတို့ဘုရားလက်ထက်တော် အခါ ဤကျွန်းသည်အမည်သုံးပါးကိုရတို့။ ။ထိုသီဟိုဠ်ကျွန်း၌ ငါတို့မြတ်စွာဘုရား သာသနာတော် တည်သောအခါကား။ ဘုရားမြတ်စွာပရိနိဗ္ဗာန်လွန်တော်မူသည့်မှအနှစ် ၂၃၆ နှစ်ရောက်၊မင်းခြောက်ဆက်မြောက်၌ တည်တို့။ ။ထိုကျွန်း၌ အဓွစွာ လူနေ တည်ထောင်သော ဝိဇယဗာဟုသည် မြတ်စွာဘုရားပရိနိဗ္ဗာန်စံလွန်တော်မူသည့် ကဆုန်လပြည့်နေ့၊သီဟိုဠ်ကျွန်းသို့ရောက်၍၊လူနေအစတည်ထောင်၍ ၃၀ နှစ်မင်းပြုတို့။ ထိုနောက် ထိုမင်းတို့၏ညီတော်ဖြစ်သော သုမိတ္တာမင်းတို့ သား၊ ပဏ္ဍုဝါသုဒေဝသည်၊ ဇမ္ဗု။ဒီပ်ကျွန်း သီဟပုရပြည်မှလာ၍ မင်းပြုတို့။ အနှစ် ၃၀ ကြာတို့။ ပဏ္ဍုဝါသုဒေဝ ဇမ္ဗု။ဒီပါမှ မရောက်မီ တနှစ်၊ သီဟိုဠ်၌မင်းမရှိ။အမတ်တို့သာစီရင်အုပ်ချုပ်ရတို့။ ထိုနောက် ထိုပဏ္ဍုဝါသုဒေဝမင်းတို့သား ကိုးယောက်တွင်။ အကြီး အဘယကုမ္မာမင်းသား အနှစ် ၂၀ မင်းပြုတို့။ ထိုနောက်ထိုမင်းတို့၏နှမစိတ္တာဒေဝီဘုရားတို့၏သား၊ပဏ္ဍုကာဘယ သည် ဦးရီးတော် အကြီး အဘယကုမ္မာ မင်းအား စစ်ပြု၍ မြည်းကို လု၍။ ဦးရီးတော်အငယ် ဂုစ်ယောက်တို့ကိုလည်း တိုက်ခိုက်လုပ်ကြံစည် ၁၇ နှစ်ကြာတို့။ ထို ၁၇ နှစ်မင်းမရှိ။ သီဟိုဠ်ကျွန်း၌လပ်တို့။ ၁၇ နှစ်လွန်မှ ပဏ္ဍုကာဘယအာဘိသိက်ခံ၍အနှစ် ၇၀ မင်းပြုတို့။ မင်း

ဖြစ်မှ အနုရာဓမြို့ကိုတည်ဏ္ဍ။ထိုနောက်သား မဒုသိဒအနှစ် ၄၀ မင်္ဂြိုဏ်။ထိုနောက် သား ဒေဝါနံပိယတိသမင်းပြုဏ္ဍ။ ထိုဒေဝါနံပိယတိသမင်း အဘိသိက် ခံ၍ ချန်လဓြောက်၊ မြတ်စွာဘုရား သာသနာတော် ၂၃၆ နှစ်အဝင်၊ နယုန်လပြည့်နေ့၊ အဂ္ဂဗောဓိဉာဏ်စသောမထေရ်ငါးပါး၊ သုမနသာမဏေစသောဘက္ခုကသိတင်းသည်။ပေါင်း ချန်ယောက်တို့သည် ဇမ္ဗူဒီပါမှကောင်းကင်ခရီးဖြင့်သွား၍၊ သီဟိုဠ်၌ အနုရာဓပြည်မှအရှေ့တယူဇနာခြား၊ မိဿကတောင်ထိပ်၌တည်ဏ္ဍ။ ထိုအခါမှစ၍ သီဟိုဠ်ကျွန်း၌ မြတ်စွာဘုရားသာသနာတော်သည် စည်ပင်ပွင့်လင်းထွန်းလင်းစွာဖြစ်သတည်း။ ။

၁၁၂။ သီဟိုဠ်ကျွန်းအာဒိကမ္မိကပဌမသာသနာပြု၊
ဒေဝါနံပိယတိသမင်းကြီးတည့်ထားပြုစုအပ်သော်ကျောင်း
ကန်စေတီကောင်းမှုတော်အရပ်ရပ်များကိုပြုရာ။

ဒေဝါနံပိယတိသမင်းသည်သာသနာတော်၌စေတီဗောဓိကျောင်း ကန်များစွာပြုဏ္ဍ။ အဂ္ဂဗောဓိမထေရ်တို့ အစပဌမဝါဆိုတော်မူရာစေတိယတောင်၌ပြုအပ်သော်ဘုမင်ကျောင်းတို့သည်။ မဟိန္ဒကုဟာ၊ မဟိန္ဒဝိဟာရ၊ မဟိန္ဒပဗ္ဗာရဟူ၍တွင်ကုန်ဏ္ဍ။ လက်ျာမြှပ်ရိုးတော်ကိုဌပနာ၍ ထူပါရုံစေတီတည်ဏ္ဍ။သုမနသာမဏော ဓမ္မာသောကမင်းကြီးထံမှ ပင့်ဆောင်ခဲ့၍စေတိယတောင်၌ထားခဲ့သော တသဒိတ်ပြည့်မျှသောဓာတ်တော်တို့ကို တယူဇနာခြားကတယူဇနာခြားအရပ်၌ဌပနာ၍ စေတီတည်ဏ္ဍ။ ဓာတ်တော်ဆောင်ခဲ့သော မြတ်စွာဘုရားကျောက်သပိတ်တော်ကို နန်းရှေ့၌ပြာသာဒ်ဆောက်၍ ကိုးကွယ်ဏ္ဍ။ ဒက္ခိဏာသာခါမဟာဗောဓိပင်မကို မေဿဝန်ဥယျာဉ်၌စိုက်ဏ္ဍ။ ဗောဓိပင်ပျိုးငယ်လေးဆယ်တို့ကို ဖာယူဇနာခြား တယူဇနာခြားတို့၌စိုက်ဏ္ဍ။ရှေးဦးစွာမေဿဝန်ဥယျာဉ်၌ကျောင်းကြီးဆောက်၍အဂ္ဂဗောဓိအား လွှတ်ဏ္ဍ။နှစ်ကြိမ်မြောက်စေတိယတောင်၌ကျောင်းဆောက်၍လွှတ်ဏ္ဍ။သုံးကြိမ်မြောက်ထူပါရာမ၌ကျောင်းဆောက်၍လွှတ်ဏ္ဍ။လေးကြိမ်မြောက်မဟာဗောဓိအနီး၌ကျောင်းဆောက်၍လွှတ်ဏ္ဍ။ ငါးကြိမ်မြောက် သုမနသာမဏောအား ကျောင်းဆောက်၍လွှတ်ဏ္ဍ။ ခြောက်ကြိမ်မြောက် တိဿဝါပိ၌ ကျောင်းဆောက်၍လွှတ်ဏ္ဍ။ ချန်စ်

ကြွေမ်ဖြောက် အာဘုယဂိရိဠ်ကျောင်းဆောက်၍လှူ၏။ သဃ်ဓိတ္တာထေရိ အား မဖာဇောဓိအနိုးဠ် ကျောင်းဆောက်၍လှူ၏။ ဟတ္ထိပလ္လကျောင်း ဟုတ္တင်၏။ မဟာပါလိတအမည်ရှိသောသိမ်ကြီးကိုသဓတ်စေ၏။ ဇမ္မု။ ဒိပ်သို့ကူးသောဇမ္မုကောလပဋ္ဌဆိပ်ဠ်ကျောင်းဆောက်၍လှူ၏။ တိသမဟာဝိဟာရဟုသဓတ်၏။နောက်အဓါ ပါစိနဝိဟာရဟုတ္တင်၏။ ဤသို့သောကောင်းမှုတို့ကိုပြု၍နန်းထက်အနှစ် ၄၀ နေ၍အနိစ္စဖြစ်၏။ ။

၁၁၃။ ဒေဝါနုံပိယတိဿမင်းလွန်သည့်နောက်၊သိဟိုဠ်ကျွန်းအနုရာဓပြိုမင်းဆက်ရာဇဝင်အစဉ်၊ကျည်းလှမျိုးတို့အနှောင့်အဖက်ဖြစ်ပုံနှင့်တကွ၊သိဟိုဠ်ကျွန်းတစိတ်၊မဟာဂါမမင်းဆက်ရာဇဝင်အစဉ်တို့ကိုပြရာ။

ဒေဝါနုံပိယတိဿမင်းကြီး အသက်ရှိစဉ်ကာလ ညီမဟာနာဂကိုအိမ်ရှေပေး၏။ ဒေဝါနုံပိယတိဿမင်း၏မိဘုရားသည် မိမိသားကိုမင်းဖြစ်စေလိုသောကြောင့်။ သရက်သီးမျည့်တွင် အဆိပ်ထည့်၍ အိမ်ရှေမင်းသို့ပို့စေ၏။ ထိုသို့ပို့စေရာ မိမိသားပါ၍ သရက်သီးကိုစားသဖြင့် သားသေလေ၏။ ထိုအကြောင်းကို အိမ်ရှေမင်း သိသော် မိဘုရားကိုကြောက်သောကြောင့် မိမိအခြေအရံတို့ကိုယူ၍ရောဟဏဇနပုဒ်သို့သွား၍မဟာဂါမ၌နေ၍၊ထိုဇနပုဒ်၌မင်းပြု၏။ ။

အနုရာဓပြည်၌လည်း၊ ဒေဝါနုံပိယတိဿမင်းလွန်လျှင် ဆိုမင်း၏ဒုတိယညီတော်ဥဋ္ဌိယမင်းပြု၏။စည်းစိမ်ထက် ၁၀ နှစ်နေ၍လွန်၏။ ။ (ဥဋ္ဌိယမင်းပြု၍ ၅နှစ်မြောက်တွင်၊အဂ္ဂဗောဓိန္ဒုထေရ် အသက်တော် ၈၀ ပြည့်သိတင်းကျတ်လဆန်း ၂ ရက်နေ့ပရိနိဗ္ဗာန်ပြုတော်မူ၏။ သဃ်ဓိတ္တာထေရိမသည်လည်း အနှစ် ၇၉ နှစ်နေ၍ဟတ္ထိပလ္လကတောင်၌ပရိနိဗ္ဗာန် ပြု၏။ ။ဇမ္မု။ဒီပါဠ် ခမည်းတော် ဓမ္မာသောကမင်းကြီးသည် အဘိသိက်ခံသည်မှ ၃၇ နှစ်နေ၍ အနိစ္စဖြစ်၏။ မယ်တော်အသန္ဓိမိတ္တာကားမင်းကြီးအဘိသိက်ခံသည်မှ ၁၆ နှစ်မြောက်တွင်အနိစ္စဖြစ်၏)။ ။ ဒေဝါနုံပိယတိဿမင်းကြီးညီ၊အိမ်ရှေမင်း မဟာနာဂအောက်၊ ဥဋ္ဌိယမင်းနန်းထက် ၁၀ နှစ်နေ၍လွန်လျှင် မင်းကြီးညီငယ်းပင်မဟာသိဝမင်းပြု၏။ ထိုမင်းနန်းထက် ၁၀ နှစ်နေ၍ အနိစ္စဖြစ်၏။ ထိုမင်းလွန်လျှင် ထို

မင်းညီ သူရတိသမင်းပြု၏။ ထိုမင်းမင်းဖြစ်၍ ၁၀ နှစ်ရှိလျှင်။ ထိုဇယူရ တိသကို သေနဂုတ္တကျည်းညီနောင်နှစ်၊ယောက်တို့ ဘမ်း၍ အနုရာဓ ပြည်၌ မင်းပြု၏။ ထိုကျည်းညီနောင်မင်းပြု၍ ၁၂ နှစ်ရှိလျှင်။ ထိုကျည်း ညီနောင်တို့ကို သူရတိသမင်းညီ အသေလဘမ်း၍မင်းပြု၏။အသေလ မင်းပြု၍ ၁၀ နှစ်ရှိလျှင် ထိုအသေသကိုဘမ်း၍။ စူဠဒေဝပြမှလာ၍ ဇဋ္ဌာရ ကျည်းသည် အနုရာဓပြည်၌ ၄၄ နှစ်မင်းပြု၏။ ။

မဟာဂါမဋ္ဌလည်း ဒေဝါနုံပိယတိသမင်းညီ မဟာနာဂလွန်လျှင်၊ ထိုမင့်းသား ဃဋီဇာလယကတိသ၊ မဟာဂါမဋ္ဌမင်းပြု၏။ ထိုမင်းလွန် လျှင် ထိုမင့်းသား၊ ဂေါဋဘယ၊ မဟာဂါမဋ္ဌ မင်းပြု၏။ ဂေါဋဘယ ငယ်ဖွန်းချင်း၊ သား ကာကဝဏ္ဏ၊ မဟာဂါမဋ္ဌ မင်းပြု၏။ ထိုမင့်းသားကား၊ ဂါမဏီ၊တိသ၊ ဟူ၍ညီအစ်ကိုယ်ရှိ၏။ အစ်ကိုယ်ဂါမဏီမင်းအဘနှင့် အတူ မဟာဂါမတွင်နေ၏။ ညီတိသကိုကား ဒီဃဝါပိကိုစားစေ၏။ ဂါမဏီလည်း အဘအမျက်ရှိရာတွင် မဟာဂါမမှခွါ၍ မလယဇနပုဒ်၌ နေ၏။အဘအမျက်ထွက်သည်ကိုအစွဲပြု၍ ဒုဋ္ဌဂါမဏီဟုနောက်မှတွင် ၏။ ကာကဝဏ္ဏမင်းတနှစ်တကျောင်း၊၆၄ ကျောင်းဆောက်၏၊ စည်း စိမ်ထက် ၆၄ နှစ်နေ၍ ကာကဝဏ္ဏ လွန်လျှင်။ ဒုဋ္ဌဂါမဏီမဟာဂါမဋ္ဌ မင်းပြု၏။ ။

၁၁၄။ သီဟိုဠ်ကျွန်းတစိတ်မဟာဂါမမင်းဆက် ဒုဋ္ဌဂါမဏီမင်းသည်ကျည်းသုံးဆဲ့သုံးပြည်ထောင်ကိုတိုက်ဖျက် ၍်းလင်း၍သီဟိုဠ်ကျွန်းအလုံးဥမင်းပြုသည်ကိုပြရာ။

အနုရာဓပြည်၌ ဇဋ္ဌာရကျည်းမင်းပြုသော်အခါ ကျည်းမိဿာဒိဋ္ဌိတို့ သည် သီဟိုဠ်ကျွန်းဥ၊စေတီ၊ဗောဓိ၊ကျောင်းရုပ်တို့ကိုဖျက်ဆီး၍။ သာ သနာတော်သည် ပူပန်ဆင်းရဲစွာ ဖြစ်သတည်း။ ဒုဋ္ဌဂါမဏီ မင်းသည် ကျည်းမိဿာဒိဋ္ဌိတို့ကို နှိပ်နင်းလျက် သာသနာတော်ကို ချီးမြှောက်အံ့ဟု ကြံ၍။ သံဃာငါးရာကိုပင့်၍ ခမည်းတော်ကာကဝဏ္ဏမင်း ပေးခဲ့သော ကဏ္ဍုလဆင်ပြုနှင့်၎င်း။ နန္ဒိမိတ္တ။ သူရနိမ္မလ။ မဟာသောဏ။ ကောဋိ တိမ္ဗရု။ ထေရပုတ္တာဘယ။ ဘရဏ။ဝေဠုသုမန။ ခဇ္ဇဖဒေဝ။ဗုဿဒေဝ။ လလိတဝသဘ။ဤသူရဲစာရဏီပြိုတို့နှင့်၎င်းတကွ။ များစွာသောစစ်သည်

ဝန္ခိုဖြင့်မြှိုရံလျက် မဟာဂါမမှထွက်၍၊ ဂင်္ဂါတဘက်သို့ကူး၍၊ မဟိယင်္ဂ
ဏာနှင့်နီးဇသာ မလယဇနပုဒ်ဟိုနေ၍။ သတ္ထုဟူသော ကျည်းတို့ကို နှိပ်
နင်း၍။ မဟိယင်္ဂဏာ၌ အဇောင်ရှစ်ဆယ်အဖြင့်ရှိသော စေတီတည်၍။
ထိုမှသည် အမွှတိထွေသို့လာ၍။အမွှတိထွေကျည်းတို့ကိုလေးလဖြင့်ဘမ်း
၍။ခွန်အားကြီးသောကျည်းခုနစ်ယောက်တို့ကိုတနေ့တည်းဘမ်း၍။ထို
မှသည် အနုရာသောမဋ္ဌမဟာဇသာမကျည်းကို။ဒေါဏဂါမဋ္ဌ ဒေါဏ
ကျည်း၊ တာဠဂေတာလဋ္ဌ မဟိသာရကျည်း၊ နာဝိသောဏဋ္ဌ နာလိက
ကျည်း၊ဒီဃာဘယကျည်းတို့ကိုဘမ်း၏။ ထိုနောင် ကဿပတိထွဋ္ဌ ကပိ
သီသကျည်းကိုလေးလဖြင့်ဘမ်း၏။ဝေတ္တဂြိုဋ္ဌ တာလကျည်း၊ကဏ္ဏကဋ္ဌ
ကဏ္ဏကကျည်း၊တသိဋ္ဌကျည်း၊ ဂါမဏိဋ္ဌ ဂါမဏိကျည်း၊ ကဗိန္ဓ ကပ
ကျည်း၊နန္ဒိဂါမဋ္ဌ နန္ဒိကကျည်း၊ခါဏုဋ္ဌ ခါဏုကျည်း၊တမ္ဗဏ္ဍ တျဉ်းရိုး
ကျည်းနှစ်ယောက်တို့ကိုဘမ်း၏။ ကြွင်းသောကျည်းတို့သည် ဝိဇိတမြို့
သို့ ဝင်လေကုန်၏။ ဝိဇိတမြို့ကို သူရဲတကျိပ်တို့နှင့် ကြိုးအား ထုတ်၍
လများစွာဖျက်ရ၏။ ထိုနောက် ဂိရိလောကဋ္ဌ ဂိရိယကျည်းကိုဘမ်း၏။
ထိုကသည် မဂဓိဟူသောပြည်၊ တလဟာရုမည်သောပြည်၊ ပတိတဟူ
သောပြည်၊ကဏ္ဍာကာမဟူသောပြည်တို့ကိုရ၏။ အနကဟူသောပြည်
ကိုလည်းရ၏။ထိုနောင် ကြခတ်ဝါးအတိဂံသောဝိဇယမြို့၌ မဟောလ
ကျည်းကိုကြိုစည်၍ လေးလဖြင့်ဘမ်းရ၏။ ထိုကမှ အနုရာဓပြည်သို့ဂျို
လာ၍ ဇွေဝရကျည်းကိုဘမ်း၏။ဤသို့လျှင် ဒုဋ္ဌဂါမဏိမင်းသည် သုံးနှစ်
တို့ဖြင့် ကျည်းသုံးဆဲ့သုံးပြည်၌ ကျည်းတို့ကိုကွပ်နှိပ်၍ အနုရာဓပြည်၌
မင်းပြု၏။ ။

၁၁၅။ မင်းအဖြစ်သို့ရောက်ပြီးသောဒုဋ္ဌဂါမဏိ
မင်းကြီးသည်၊မဂဓိစဝင်္ကိုကျောင်း၊လောဟပါသာဒဥပုသ်အိမ
နှင့်တကွ၊ရောဂဂါမဟူသောတော်တစ္ဆုတ်ကိုဋ္ဌပနာ၍
မဟာစေတီတည်ထားသည်ကိုပြုရာ။

ဤသို့လျှင်ဒုဋ္ဌဂါမဏိမင်းသည် ကျည်းမိန္ဓာဒိပ္ပတို့ကိုသုတ်သင်ရှင်း
လင်းပြီး၍အနုရာဓပြည်၌ဖြတ်သောမင်းအဖြစ်သို့ရောက်ပြီးသော်စေတီ
နှင့်တကွ မဂဓိစဝင်္ကိုမည်သောကျောင်းကြီးကို သုံးနှစ်တို့ဖြင့် ဆောက်၍

တသိန်းသော သံဃာတို့အား လှူ၏။ ကာကဝဏ္ဏသား-အဘယဒဋ္ဌကါ မကိသည်။ သံဃာဥပုသ်အိမ် ဘုံကိုးဆင့် ရှိသော လောဟဖါသာဒ၊ အတောင် ၁၀၀ ရှိသော စေတီကဲ့ပြုလတ္တံ့.ဟု ဒေဝါနုံပိယတိဿမင်း ရေးထားမှာခဲ့သော ရွှေပေစာကိုကြား၍ ဝမ်းမြောက်သဖြင့်။တာဝတိံ သာ၌ အတုယူစေသော်။ အစောက်တဆဲ့နှစ်ယူဇနာ၊ အဝန်းလေးဆဲ့ ရှစ်ယူဇနာ၊ အထွတ်တထောင်၊ တိုက်တထောင်၊ ဘုံကိုးဆင့် ရှိသော ဝရဏနတ်သမီး၏ဗိမာန်အတူ။အခြေံအတောင်တရာ၊အဝန်းအတောင် လေးရာ၊ ဘုံကိုးဆင့်၊ အထွတ် ကိုးရာရှိသော ကြေးပြာသာဒ်ကို ပြု၍ သံဃာအား လှူ၏။ ဘုံကိုးဆင့်တွင် တဆင့်တဆင့်၌ အထွတ်တို့သည် တ[illegible]ရှိကုန်၏။ ၎င်းဖြင့်ပြီးကုန်၏။ကြေးနီအတိမြိုးသောကြောင့် လော ဟပါသာဒပဲဟု တွင်သတည်း။ ။လောဟပါသာဒပြီးလျှင် ဒုဋ္ဌဂါမဏိ မင်းသည် ဘိုးတော် ဒေဝါနုံပိယတိဿမင်း တဆဲ့နှစ်တောင် ရှိသော ကျောက်ကိုစိုက်၍ ဤအရပ်၌ဒုဋ္ဌဂါမဏိမင်းစေတီကြီးစွာတည်လတ္တံ့. ဟုမှာထားခဲ့သောအရပ်၌ စေတီကြီးစွာတည်အံ့ဟု။ ကဆုန်လပြည့်နေ့ ကစ၍ ဖြေပရိကံကိုပြု၏။ ပြုဟန်ကား။ ထက်ဝန်းကျင် အစောက်ခုနစ် တောင်၊ အနုံ ဆင်တကန့်ပမာဏရှိသောအရပ်၌ မြေမနုံ့တို့ကို ပယ်၍၊ ဟသ်ပဒါးကျောက်တို့တို့ မှုန့်မှုန့်ညက်ညက်ကြေအောင်တူဖြင့်ခတ်၍၊ ဆင်ဖြင့်သိပ်နင်းစေ၍။ ထိုအထက်၌၊ ကောင်းကင်ဂင်္ဂါမှ ရေပေါက် ကျရာယူဇနာ သုံးဆယ်ရှိသောအရပ်၌ မြေတို့သည် ရေပေါက်တို့ဖြင့် အမြစ်ပွတ်သည်ဖြစ်၍အလွန်သိမ်မွေ့ညံ့သက်သောကြောင့်နဝနီတမည် ၏။ ထိုမြေကို ရဟန္တာတို့ကိုဆောင်ယူစေ၍ခင်း၏။ ထိုအထက်၌ အုဋ္ဌ စိ၍အင်္ဂတေကျဲ၏။ အင်္ဂတေအထက်၌မှတ်ကျောက်မနုံ့။ ထိုအထက်၌ သံကွန်ရက်။ထိုအထက်၌ ရဟန္တာတို့ဆောင်ယူအပ်သောဟိမဝန္တာ၌ ရှိသော ကောင်းသောအနုံရှိသောရွှံ့ကိုကျ၏။ ထိုအထက်၌ ကျောက် စရစ်။ ထိုအထက်၌ ကျောက်ကိုခင်း၏။ ထိုအထက်၌ လက်ချနစ်သစ် အထူရှိသောကြေးနီပြား။ထိုအထက်၌ လက်ချနစ်သစ်အထူရှိသောငွေ ပြားကိုခင်းစေ၏။ဓာတ်တော်တိုက်ကား အတောင်ရှစ်ဆယ်အစောက် နှက်၏။နံပါးလေးဘက်တို့၌ တထောင့်ကသည် တထောင့်တိုင်းအောင် အတောင်ရှစ်ဆယ်စီရှိ၏။ ဓာတ်တော်ဟိုက်၌ ခင်းသော ကျောက်မျာ၊ ဝိတ်သော ကျောက်မျာကိုကား။ အလျားအနုံ အတောင် ရှစ်ဆယ်စီရှိ

၏။ ထိုကျောက်ဖျာတို့ကား ရဟန္တာဖြစ်သောဥတ္တရသာမဏော၊ သုမန
သာမဏေတို့ကိုစေ၍ ဥတ္တရကုရုကျွန်းမှဆောင်အပ်သော ဆိုအာဆင်း
နှင့် တူသော ကျောက်တို့တည်း။ ဝါဆိုလပြည့် ဥပုသ်နေ့၊ မင်္ဂလာအုဒ္ဓ
တည်သတည်း။ ။မင်္ဂလာအုဒ္ဓတည့်အံ့သောဌါ ဝါဆိုလဆန်း ၁၄ ရက်
နေ့သံဃာကိုစည်းဝေးစေ၏။ အဝမင်္ဂလသာမန်မှာ အရှင်ဇုန္ဒဂုတ္တသည်
ရဟန်းရှစ်သောင်းတို့ကိုယူ၍။ ဝေသာလီ၌ ဝါလိကာရာမမှ မဟာဗုဒ္ဓ
ရကျိတမထေရ်သည် ရဟန္တာတသောင်းရှစ်ထောင်တို့ကို။ ကောသမ္ဗီ
၌ ဃောသိတာရုံမှ မဟာဓမ္မရကျိတမထေရ်သည် ရဟန်းသုံးသောင်း
တို့ကို။မဟာရဋ္ဌမှဓမ္မရကျိတမထေရ်သည် ရဟန်းလေးသောင်းတို့ကို။
ပါဋလိပုတ်၌ အသောကာရာမမှ မိတ္တမထေရ်သည် ရဟန်းကိုးသောင်း
ခြောက်ထောင်တို့ကို။ ဂန္ဓာရတိုင်းမှ အနိမိတ္တ မထေရ်သည် ရဟန်း
နှစ်သောင်းရှစ်ထောင်တို့ကို။မဟာပလ္လဝဘောဂမှ မဟာဒေဝမထေရ်
သည် ရဟန်းခြောက်သန်းလေးသိန်းတို့ကို။ ယောနကတိုင်း၊ အလသန္ဒ
မြို့မှ ယောနက ဓမ္မရကျိတ မထေရ်သည် ရဟန်း သုံးသောင်းတို့ကို။
ဝိစ္ဆာဒုဝိ၌ ဝတ္တပိယကျောင်းမှဥတ္တရမထေရ်သည်ရဟန်းရှစ်သောင်း
တို့ကို။ မဟာဗောဓိမဏ္ဍာလဝိဟာရမှ စိတ္တဂုတ္တ မထေရ်သည် ရဟန်း
သုံးထောင်တို့ကို။ စန္ဒဝါသိဘောဂမှ စန္ဒဂုတ္တမထေရ်သည် ရဟန်းရှစ်
သောင်းတို့ကို။ ကလာသ မဟာဝိဟာရမှ သူရိယဂုတ္တ မထေရ်သည်
ရဟန်းကိုးသောင်းတို့ကိုယူ၍ ကောင်းကင်ခရီးဖြင့် ဇမ္ဗူဒီပါမှ လာ၍
စည်းဝေးကုန်၏။ သိဟိုဠ်ကျွန်း၌နေကုန်သောရဟန်းတို့ စည်းဝေးလာ
သည်ကားမရေတွက်နိုင်။ ရဟန္တာချည်းတည်းဆဲ့ခြောက်ကုဋေခန့်ရှိ၏။ ။

မင်းကြီးလည်းဝါဆိုလဆန်း ၁၄ ရက်နေ့ကျောင်းသို့လာ၍သုံးသောင်း
မျှသောရဟန်းတို့ကို စည်းဝေးစေ၍။ အရှင်ဘုရားတို့၊ နက်ဖြန် ဝါဆို
လပြည့် ဆေတ်တော်၌ပနာအံ့သည်၊ ဓာတ်တော် ရတော်မမူကုန်လော
ဟုလျှောက်သဖြင့်၊သံဃာသည် ဆဋ္ဌဘိညရဟန္တာဖြစ်သော သောနုတ္တရ
သာမဏေကိုစေ၏။ သာမဏေ၊ မြတ်စွာဘုရားရှိစဉ် သိကြားကိုခေါ်၍၊
သိကြား၊ ငါ၏ဓာတ်တော် ရှစ်စင်္ကြတ်တို့တွင်။ ကောလိယမင်းတို့ပူဇော်
သောတစင်္ကြတ်သောဓာတ်တော်သည် နောင်သောအခါသိဟိုဠ်ကျွန်း၌
မဟာစေတီ၌ဟုတ်လတ္တံ့။ စောင်မဘိဟု မိန့်တော်မူ၏။ ဒေါဏပုဏ္ဏား
ဝေသောအခါရသောထိုဓာတ်တော်ကိုဌပနာ၍ ရာမဂါမ၌ကောလိယ

မင်းတို့ကိုးကွယ်သော ထိုစေတီသည် သမုဒ္ဒါရေအယဉ်တိုက်၍မျက်သဖြင့်ဓာတ်တော်ကြွတ်ရေခဲမျော၍ ရတနာသဲပြင်ထက်တင်ဖူလာသည်ကိုနဂါးတို့မြင်၍၊ပဏ္ဍာရုနဂါးပြည်၌ ကာလနဂါးမင်းအားကြား၍။ နဂါးမင်းသည် နဂါး ကုဋေ တသောင်းခြံရံလျက်ယူလာ၍။ ကိုးဆဲ့ခြောက်ကုဋေသောဥစ္စာကို ပူဇော်၍၊ အထုံးထူးသောရတနာတို့ဖြင့် ပြီးသောစေတီကိုဘန်ဆင်း၍ကိုးကွယ်ပူဇော်ရ၏။ထိုဓာတ်တော်ကို သင် ဆောင်ယူချေဟုဆို၍စေရ၏။ သာမဏေလည်း ကောင်းပြီအရှင်ဘုရားဟု ဝန်ခံ၍၊ မြေ၌ဝပ်လေ၍၊ နဂါးပြည်သို့ ရောက်လေသော်။ အဘယ်ကြောင့်လာသနည်းဟု နဂါးမင်းမေးသဖြင့်။နဂါးမင်းမှာရှိသောဓာတ်တော်ကို ဆောင်ယူချေဟု ဘုံဃာသည်စေ၍လာရ၏ဟုဆိုလေ၏။ ထိုစကားကိုကြား၍။ ရဟန်းသည် တန်းခိုးကြီး၏။ ငါတို့ကိုပင် နှိပ်စက်၍ယူရာ၏။ ဓာတ်တော်ကိုတပါးသို့ဖဲအပ်၏ဟုကြံ၍။ ဝါသုလဒတ္တမည်သော နဂါးအား အမှတ်ပေးသဖြင့်။ ဝါသုလဒတ္တသည် ဓာတ်တော်ကြွတ်ကိုမျိုး၍၊ မြင်းမိုရ်ခြေရင်းသို့သွား၍ နဂါးများစွာဝန်းရံလျက် သဲပြင်၌နေ၏။ ကာလနဂါးမင်းသည် သေနွတ္တရ သာမဏေအား ငါအထံ၌ ဓာတ်တော်မရှိ၊သံဃာသည် တပါးမှာရှာ၍ ဓာတ်တော်ကို ဆောင်လော့ဟု သင်ကြားချေဆို၏။ သာမဏေလေးသည် အကြောင်းကို သိသဖြင့်၊ မကြာစေလင့်၊ ယခုပေး။ နဂါးမင်းတွင်ပင်ရှိ၏ဟုဆိုသော်။ ရတနာဖြင့်ပြီးသောစေတီအိမ်ကိုပြ၍၊အရှင်သည်ဤစေတီအိမ်၌ ဓါတ်တော် ရှိ မရှိကိုမသိ။ ပေးလော့ ပေးလော့ဟူ၍သာ တောင်း၏။ ဓာတ်တော်ရှိသော် ယူလော့ဟုဆို၏။ကောင်းပြီ နဂါးမင်း၊ယူအံ့ဟုဆို၍၊ဝါသုလဒတ္တနဂါးသွားရာသို့လိုက်၍၊ ဝါသုလဒတ္တကို တွေ့လျှင်၊ သိမ်မွေ့စွာ လက်ကို ဘန်ဆင်း၍၊ ခံတွင်းဖြင့်သွင်း၍၊ဝမ်းထဲ၌ဓာတ်တော်ကြွတ်ကိုယူခဲ့၍ သံဃာအားနှင်း၏။ သိကြားမင်းသည် ဝိသုကြံနတ်သားကို သာမဏေ၏အနီးဌာ၌ ရတနာမဏ္ဍပ်ဘန်ဆင်းစေ၍၊မိမိလည်း ဇွေပန်းတောင်းနှင့်တကွ ရတနာပလ္လင်ကိုယူခဲ့၍။ ထိုမဏ္ဍပ်၌ထား၍။ သာမဏေလက်မှ ဓာတ်တော်ကြွတ်ကိုယူ၍ပလ္လင်၌ထား၍၊လူနတ်တို့သည် ပူဇော်ကုန်၏။ ။ထိုဝါဆိုလပြည့်နေ့ မင်္ဂလာအရုဏ် ဇွေအရုဏ်ရှစ်ချပ်တွင်၊တချပ်တချပ်၌ ငွေအရုဏ်တရုံရှစ်ချပ်စီရံ၍ခင်းတည်ပြီးသော်။ ဓာတ်တော်တိုက်အလယ်၊ ဂူနှုန်းလောမဏ္ဍိမြေ၌။အဖြစ် သန္ဓာ၊ပဋိသန္ဓေ ဇာတဆဲ့ရှစ်တောင်ငွေခက်၊ရင်းများစောက်တဆဲ့

ရှာဂ်တောင်။ ငွေရွက်ရင့်။ မြရွက်နု။ ရွှေအသီး။ အညွှန့်သန္ဓာ။ ဤအလုံးစုံ ရတနာ အာတိပြိုးသော ဗောဓိပင်ကို တည်ထား၍ အထက်၌ ဗိတာန် ကြက်၍၊ ပုလဲဖြင့်ပြိုးသော ခြုံကွန်ရက်၊ ရွှေထီး ရွှေပန်းဆိုင်းဆွဲ၍။ လေး ထောင့်တို၌ ကိုးသိန်းထိုက်သော ပုလဲကုံးကိုဆွဲ၍။ ဗောဓိပင်ဝန်းကျင် ရတနာသုနစ်ပါးအာတိပြိုးသော ပွတ်လုံးဖြင့်ရံ၏။ မဟာဝလာဟာပုလဲကို ခင်း၏။ ပွတ်လုံးတို့၏အကြားအကြား၌ နံ့သာရည်ဖြင့်ပြည့်သော ရတနာသုနစ်ပါးဖြင့်ပြိုးသောအိုးတို့ကိုတည်စေ၍ ရွှေအိုး၌ သန္ဓာပွင့်၊ သန္ဓာအိုး၌ ရွှေပွင့်၊ ဤသို့စသည်ဖြင့် ရတနာသုနစ်ပါးဖြင့်ပြိုးသောပန်းပွင့်တို့ကို စိုက်ကုန်၏။ ဗောဓိပင်၏အရှေ့၌ ရတနာဖြင့်ပြိုးသော တကုဋေအာတိုး ထိုက်သော ပလ္လင်၌ တခဲနက်ရွှေဖြင့်ပြိုးသော ရုပ်တုတော်ကို ထား၍ သဟမ္မတိပြုဟ္မာ ထီးဖိုးဟန်ပြု၏၊ သိကြားမင်း ဝိဇယုတ္တရဖရုသင်းမှုတ်ဟန်ပြု၏။ပဉ္စသိခနတ်သား ဗေလုဝစောင်းကိုတီးဟန်ပြုစေ၏။ နဂါးသို့ခြုံရုံလျက် ကာလုနဂါးမင်း ကောင်းချီး ပေးဟန်ကို ပြု၏။ ဂိရိမေခလာဆင်စီး၍ ဗိုလ်ပါနှင့်တကွ မာရ်နတ်စစ်လာဟန်ကိုပြု၏။အရှေ့မျက်နှာ၌ ပလ္လင်နှင့်တူသော တကုဋေ့ ထိုက်သော အရှဉ်ပလ္လင်ကို ခင်းစေ၍ ဆင်စွယ်ယပ်ကိုထား၏။ အရှေ့မြောက်ထောင့်မှ ဗောဓိပင်ကိုဦးခါင်းပြု၍ အထူးထူးသောရတနာဖြင့် တန်ဆာ ဆင်ယင်သော တကုဋေ့ထိုက်သော ငွေနေရာကို ခင်း၍။ ထိုဇနရာထက်ရပ်လျက်၊ မမှိတ်သော မျက်စိဖြင့် ပလ္လင်ကိုကြည့်ဟန်ပြုစေ၏။အနိမိသနှင့်ပလ္လင်အကြား၌အရှေ့အနောက် အလျား ရတနာစင်္ကြံ၌ စင်္ကြံသွားဟန်ပြု၏။ အနောက်မြောက်ထောင့်၌ ရတနာဃရ၌ အဘိဓမ္မာကို သုံးသပ်ဟန်ပြု၏။ မုစလိန္ဒာနဂါး ခုနစ်ခွေ ရစ်၍နေဟန်။ အဇပါလညောဓပင်ရင်း၌ နေဟန်။ လင်းလွန်းပင်၌ နေဟန်။ သိကြား ကြစုသီးလှူဟန်။တပုဿ ဘလ္လိက ပျားဆွမ်းလှူဟန်။စာတုမဟာရာဇ်နတ်မင်းလေးယောံ သဒိတ်လှူဟန်။ သဒိတ်ဖြင့်ပျားဆုပ်ကိုခံဟန်။ သဟမ္မတိပြုဟ္မာ ထောင်းပန်ဟန်။ တိ သဘဒ္ဒဝဂ္ဂိတို့ကိုဆွတ်ဟန်။ ဥရုဝေလ ကဿပစသော ရဟန္တာတထောင့်သုံးယောက်ကိုဆွတ်ဟန်။လင်္ဂါဝနဒ္ဒ ဗိမ္ဘိသာရမင်း ခရီးဦးကြိုပြုဟန်။ရာဇဂြိုဟ်သို့ ဆွမ်းခံဝင်ဟန်။ ဝေဠုဝန်ကျောင်းကို အလှူခံဟန်ကိုပြုစေ၏။ အသီတိမဟာသာဝကကိုပြုစေ၏။ကဒိလဝတ်သို့ကြွဟန်။ ရတနာစင်္ကြံဘန်ဆင်း၍ ပြာဋိဟာရ်ပြုဟန်။ ရာဟုလာမင်းနံ့တို့ကိုရဟန်းပြုဟန်။ ဇေတဝန်ကျောင်းကို

ခံဟန်။ ကဏ္ဍာမ္ဗသရက်ပင်၌ ပြာဒိုဟာပြဟန်။ နတ်ပြည်၌ အဘိဓမ္မာ တရားဟောဟန်။ နတ်ပြည်မှသက်သေသံ ပြာဒိုဟာကိုပြဟန်။ဣနုပါလ၊ အာဠဝက၊ အင်္ဂုလိမာလတို့ကို ဆုံးမဟန်။ အာယုသင်္ခါရ လွှတ်ဟန်။ ဝက်သားဆွမ်းခံဟန်။ပရိနိဗ္ဗာန်ပြုဟန်။ အင်္ဂရင်မဟာကဿပ ခြေတော်ကိုရိုးဟန်။ဒေါဏပုဏ္ဏား ဓာတ်ဘေဒဝေဟန်။ငါးရေ့ငါးဆယ်ဇာတ်၊ ဝေဿန္တရာဇာတ်၌အခြင်းအရာအလုံးစုံအစရှိသည်တို့ကိုပြုစေ၏။ ။ ဓာတ်တော်တိုက်၌ ကိစ္စပြီးလျှင် သုံးကြိမ် ဓာတ်တော်တို့ကို ပူဇော်၍။ မဏ္ဍပ်၌ဓာတ်တော်ကိုယူ၍ ဦးခေါင်း၌ရွက်၍ ရဟန်းသံဃာခြံရံလျက် မဟာစေတီကို လက်ျာရစ် သုံးကြိမ် လှည့်၍။ အရှေ့တံခါးဖြင့် ဓာတ်တော်ဝင်သွားသိသက်၏။ကိုးဆဲ့ခြောက်ကုဋေသောရဟန်းတို့သည် မဟာစေတီကိုရံ၍ဟည်း၏။မင်းသည် ဦးခေါင်းမှဓာတ်တော်ကြွတော်ကိုချအံ့ဟု ကြံသောခဏ၌။ ထန်းရုနစ်ဆင့်မျှ ကောင်းကင်၌ ဘုရားအသွင်ကိုယူ၍ ဓာတ်တော်တို့သည် ကဏ္ဍာမ္ဗ၌ကဲ့သို့ပြာဒိုဟာပြကုန်၏။ထိုပြာဒိုဟာကို မြင်သဖြင့် ကြည်ညိုး၍ ၉၂ ကုဋေမျှသောနတ်လူတို့သည် ရဟန္တာဖြစ်ကုန်၏။အောက်မင် အောက်ဖိုလ်သို့ ရောက်သည်ကား မဆိုရတော့ကိုနိုင်။ ဓာတ်တော်တို့သည် ဓာတ်တော်ကြုံတ်သို့ဝင်၍တည်သောအခါ နှံ့သာမျိုးလေးပါးတို့ဖြင့် ပက်၍ ဘုရားအိပ်သောအခြင်းအရာဖြင့် အိပ်စေသတည်းဟူ၍ဖြာန်၍၊ မြတ်သောအိပ်ရာ၌ထား၏။ထိုခဏ၌ ဓာတ်တော်တို့သည်ဘုရားအသွင်ဖြင့်ကျိန်းတော်မူ၏။ဝါဆိုလပြည့်နေ့၌ပရိနိဗ္ဗာန်ပြီးသော်။ ဓာတ်တော်ဘိုက်ကိုပိတ်စေ၍။နတ်တို့သည် ဘန်ဆင်း၍ပေးအပ်သော အုင်္ဂတို့ဖြင့်မဟာစေတီကိုလုပ်၍ ပန်းတင်သုံးဆင့်ပြီးသော်။ရဟန္တာတို့ ပြုစုမှုသောဌါ မြေနှင့်အမျှ နစ်စေကုန်၏။ တဘန်ဂီလုပ်၍ ပန်းတင်သုံးဆင့်ပြီးပြီးလည်း နစ်ပြန်စေကုန်၏။တဘန် ပန်းကင်သုံးဆင့်လုပ်ပြန်၍။ မဟာစေတီပြီးအောင်လုပ်၍ အကံတေမပြီးမီ ထိုးမပြီးမီ။ အဘယဒုဋ္ဌ ဂါမဏိမင်းသည် စည်းစိမ်ထက် ၂၄ နှစ်နေ၍ အနိစ္စဖြစ်၏။ မဟာစေတီသည် ဟေမမာလာစေတီမည်၏။ ။ဒုဋ္ဌဂါမဏိမင်းလွန်လျှင် ဒီဃဝါပိမြို့မှလာ၍ ညီသဒ္ဓါတိဿ အနုရာဓပြည်၌ မင်းပြု၏။ဟေမမာလာစေတီကိုထိုးအက်ဝေါတို့ဖြင့်ပြီးစေ၏။ ။

၁၁၆။ ဒုဋ္ဌဂါမဏိမင်းကြီး၊ကျည်းလူမျိုးတို့ကို နှိပ်နင်းစဉ်၊ဆံတော်ဓာတ်၊လည်ရိုးတော်ဓာတ် ၂ ပါးတည့် ရှိသည့်မဟိယင်္ဂဏစေတီကိုအတောင်ရှစ်ဆယ် ထပ်ဖြင့်တည်ထားသည်ကိုပြဆိုရာ။

မဟိယင်္ဂဏစေတီဌာန၊ မြတ်စွာဘုရား ဆံတော် တဆူ၊ လည် ချောင်းရိုးဓာတ်တော်တဆူအားဖြင့်၊ သရီရဓာတ်တော်နှစ်ဆူ ဌပနာ၏။ ထိုမဟိယင်္ဂဏစေတီ၏အကြောင်းကား။ မြတ်စွာဘုရားသည် သီဟိုဠ် ကျွန်းသို့ ၎ဂုဏ်းစွာ ကြွတော်မူ၍ နာဂဝနဉ်ယျာဉ်၏ အထက် ကောင်း ကင်၌ နေတော်မူ၍၊ ဘီလူးတို့အား ကြောက်ထိတ်လန့်စေပြီးမှ တရား ဟောတော်မူသဖြင့်၊ သုမနဂုတ်တောင်၌စောင့်သော မဟာသုမနနတ် သည် သောတာပန် ဖြစ်၏။ ကိုးကွယ်ရန် တောင်းပန်သဖြင့် မြတ်စွာ ဘုရားသခင်ပေးအပ်တော်မူသောဆံတော်ကိုဘုရားကြွတော်မူပြီးသော နောက်၌ဘုရားနေတော်မူရာကောင်းကင်အောက် ကျယ်သောအပြင်၌ ထိုမဟာသုမန နတ်သည် အထူးထူးသော ရတနာတို့ဖြင့် စေတီပြု၍ ဌပနာပြီးသော်။ ဇုန္ဒနီလာ ပတ္တမြားညိုဖြင့် စေတီအထွတ်ကို ပြု၍ ကိုး ကွယ်၏။ ။ဘုရားပရိနိဗ္ဗာန်ပြုတော်မူပြီး၊သော်။လည်ရိုးတော်ဓာတ်ကို အာရှင်သာရိပုတြာ၏ ပယဟည့်၊ သရဘုအမဲည်ရှိသော ရဟန္တာမထေရ် သည် ကန်းခိုးအားဖြင့် ထင်းပုံထက်မှပယူ၍ သုမနနတ်ကိုးကွယ်သော ပတ္တမြားညိုစေတီ၌ဌပနာ၍၊တိမဉ်ညိုအဆင်းရှိသောကျောက်ဖြင့်အစောက် တဆဲ့နှစ်တောင် မြင့်အောင် မျိုမံ၍ စေတီတည်၏။ ဒေဝါနံဒိယတိဿ မင်းပြုသောအခါထိုမင်းညီစူဠာဘယမင်းသားသည် ထိုစေတီတော်ကို မြင်၍ သဒ္ဓါကြည်ညိုသဖြင့်။ထိုစေတီကိုမျိုမံ၍ အတောင်သုံးဆယ်မြင့် အောင် စေတီတည်၏။ ဒုဋ္ဌဂါမဏိမင်းဖြစ်ပြီးသော် ကျည်းကုလားတို့ ကိုနှိပ်နင်းအံ့ဟု မဟာဂါမမှထွက်၍ မဟာဝါလုကဂင်္ဂါကိုကူး၍။ဂင်္ဂါ မြောက်ဘက် မဟိယင်္ဂဏအနီး၌ နေ၍ သတ္တုံကျည်းကုလားပြည်ကို ရံပြီးသော်။ထိုမဟိယင်္ဂဏစေတီကို အတောင်ရှစ်ဆယ်မြင့်အောင်မျိုမံ ၍တည်ပြန်၏။ ။

၁၁၇။ ကာကဝဏ္ဏတိသမင်းကြီးကောင်းမှု
မင်္ဂလာဆောတိဥထည့်သွင်းဌပနာသောနလာဋုဓာတု-နဗုံး
သင်းကျပ်တော်ဓာတ်၏အစုအဆစည်ကိုပြဆိုရာ။

ဤမှကပါး မြတ်စွာဘုရား နဗုဒ္ဓ သင်းကျပ်တော် ဓာတ်သည်လည်း သီဟိုဠ်ကျွန်းဠ တည်၏။ ။အဖကြောင်းကား၊ ဒေါဏပုဏ္ဏား ရှစ်ပြည်ထောင်သောမင်းတို့အား ဓာတ်တော်ခွဲဝေသောအခါ၊ကုသိနာရုံမလ္လာမင်းတို့အစုဠ် ပါလေသော နဗုဒ္ဓသင်းကျပ်တော်ဓာတ်ကို။ အရှင်မဟာကဿပသည်မလ္လာမင်းတို့၊မြတ်စွာဘုရားသခင်သည်နောင်သောအခါသီဟိုဠ်ကျွန်းဠ ငါ၏နဗုဒ္ဓသင်းကျပ်တော်တည်လတ္တံ့ဟု အမိန့်တော်ရှိခဲ့သည်။ ထိုနဗုဒ္ဓသင်းကျပ်တော်ကို ငါ့အားပေးကုန်လော့ဟု တောင်း၍၊ အရှင်မဟာကဿပ ဆောင်ရွက်ကိုးကွယ်၍၊ ပဂိုနိဗ္ဗာန်ပြုခါနီးဠ သီဟိုဠ်ဝိဟာရကြီးဖြစ်သော မဟာနန္ဒမထေရ်အား နဗုဒ္ဓသင်းကျပ်တော်ကိုအပ်၍။ ဤဓာတ်တော်တို့ကို နောင်သောအခါ လင်္ကာဒီပဠ် မဟာဝါလုကဂင်္ဂါ၏တောင်ဘက်၊ မေရုအမည်ရှိသော အင်း၏အဆုံး၊ဝင်္ဆဘိယမည်သောထုံး၏ထိပ်ဠ်။ ကာကဝဏ္ဏမင်းသည် ဌပနာ၍ စေတီကြီးစွာတည်လတ္တံ့။ သံဃာ၏အရံကိုကောင်းစွာပြုလတ္တံ့။ သင်သည်ဤဓာတ်တော်ကိုယူ၍ ဝေသာလိဠ် မဟာဝုန်းကူဋာဂါရသာလာဠ် မြတ်စွာဘုရားနေတော်မူရာဂန္ဓကုဋိဠ်ထား၍ ပူဇော်သက္ကာရပြု၍ နေလော့။ သင်ပဂိုနိဗ္ဗာန်ပြုလိုသော် သင်၏ကပည့်စနှုဂုတ္တအားအစဉ်စကားကိုဆို၍အပ်လေဟု ဗိန့်တော်မူ၍။ နဗုဒ္ဓ သင်းကျပ်တော်ကို မဟာနန္ဒ မထေရ်အား အပ်၏။ မဟာနန္ဒလည်း ဝေသာလိပြည်သို့ဓာတ်တော်ကိုဆောင်၍ ကူဋာဂါရသာလာဠ်ထား၍ ကိုးကွယ်၏။ ပဂိုနိဗ္ဗာန်ပြုခါနီးသော် တပည့်စနှုဂုတ္တ မထေရ်ကိုခေါ်၍၊ ဆရာအရှင်မဟာကဿပဗိန့်ဆိုသည့်အတိုင်း မှာဆို၍။ အရှင်စနှုဂုတ္တအား ဓာတ်တော်ကိုအပ်၍၊ သံဃာဝတ်ပြည့် ဖေတဝန်ကျောင်းဠ်နေလေစေ၏။ အရှင်စနှုဂုတ္တမထေရ် ပဂိုနိဗ္ဗာန်ပြုခါနီးဠ်။ ဗိဗိ၏တပည့် အရှင်ဘဒ္ဒသေနမထေရ်အား ဆရာမဟာနန္ဒမထေရ် မှာဆိုတိုင်းမှာဆို၍ ဓာတ်တော်ကိုပေးအပ်၏။ အရှင်ဘဒ္ဒသေနကို ဗာရာဏသီပြည်ဠ်ဇာသိပတနမိဂဒါဝုန်းကျောင်းဠ်နေလေစေ၏။ အရှင်ဘဒ္ဒသေနမထေရ် ပဂိုနိဗ္ဗာန်ပြုခါနီးဠ်လည်း တပည့်ဖြစ်သော အရှင်ဓေယျသေန

မင်းထင်ရှိအား နဖူးသင်းကျပ်တော်ကိုအပ်၍ ဆရာအရှင်စန္ဒဂုတ္တ မှာဆို တိုင်းမှာ၍။ ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်းတော်၌၊ မြတ်စွာဘုရား နေရာဂန္ဓကုဋိ၌ ဓာတ်တော်ကိုထား၍နေလေစေ၏။ အရှင်ဇေယျသေန လည်း ပရိနိဗ္ဗာန်ပြုခါနီး၍ တပည့်ဖြစ်သော သံဃရက္ခိတမထေရ်အား ဓာတ်တော်ကို အပ်၍ ဆရာ ဘမ္ဘသေနမထေရ်မှာတိုင်း မှာ၍ အရှင် သံဃရက္ခိတမထေရ်ကို ကောသမ္ဗိ၌ဖြစ်သောသိတာရုံကျောင်းဂန္ဓကုဋိ၌ ဓာတ်တော်ကိုထား၍ နေလေစေ၏။ အရှင်သံဃရက္ခိတမထေရ် ပရိ နိဗ္ဗာန်ပြုခါနီး၌လည်း။ကပည့်ဖြစ်သောမဟာဒေဝမထေရ်အား ဓာတ် တော်ကိုအပ်၍။ဤဓာတ်တော်ကို သိဟိုဠ်ကျွန်း၌ ကာကဝဏ္ဏမင်းသည် ဌပနာ၍ စေတီတည်လတ္တံ့။ သံဃာ့အရံကိုပြုလတ္တံ့။ မမွေမငဲ့သူ့စေ နှင့်ဟုမှာဆို၍ ပရိနိဗ္ဗာန်ပြုလေ၏။အရှင်မဟာဒေဝမထေရ်သည် ဆရာ လွန်ပြီးသောနောက်၊ သိဟိုဠ်ကျွန်း၌ ဒေဝါနံပိယတိဿမင်း၏ ညီ၊အဓိမ ဂျမင်း မဟာနာဂသည် အနုရာဓပြည်မှစွါ၍ မဟာဝါလုကဂင်္ဂါ၏ တောင်ဘက်သို့ကူး၍၊ရောဟဏဇနပုဒ်၊မဟာဂါမဋ္ဌ ထိုးဆောင်းမင်းပြု သောအခါကောင်းကင်ခရီးဖြင့်သိဟိုဠ်သို့ကူး၍။ ထိုရောဟဏဇနပုဒ်၌ ကုက္ကုဋဥတောင်ဂမ်း၌ အင်ကြင်းပင်ကြီးအရင်း၌ ကောင်းကင်မှသက် ၍ နေ၏။ ထိုအရပ်၌ မဟာကာလမည်သော ဥပါသကာသည် သား မယား၌တကွ ကြီးစွာသောပူဇော်ခြင်းဖြင့် နဖူးသင်းကျပ်ဓာတ်တော် ကိုပူဇော်လုပ်ကျွေး၍ ဂုဏ်ဖြင့်စွာနေ၏။ ဓာတ်တော်သည် တလလေး သိတင်းတို၌ ရောင်တော်ခြောက်သွယ်လွှတ်၏။ထိုအရပ်အစည် ဘုရား ဖြစ်သောအခါကဲ့သို့ဖြစ်၏။ ထိုအကြောင်းကို မဟာနာဂမင်း ကြား၍ ထိုမဟာကာလကိုခေါ်၍ အကြောင်းကိုမေးသော်။ ဆရာမဟာဒေဝ မထေရ်၏သက်၌ ဂုဏ်ကြောင်းကို သိ၍။ ထိုမဟာကာလအား အသပြာ တသိန်း၊ သိန္ဓေါဖြင်းလေးစီးကသော ရထား၊ ရွှေကြိုး ရွှေက တန်ဆာ ဆင်သောဖြင်းလေးစီး။ ရေသင့် ချောင်းသင့်လယ်၊ ကျွန်မငါးရာ၊ ဆွင် သောတန်ဆာ၊ ဤမျှလောက်သောဝတ္ထုပစ္စည်းတို့ဖြင့် ပူဇော်သက္ကာရ ပြု၍၊ထိုသူကို ခရီးညွှန်ပြုစေ၍။ ထိုနေ့၌ပင် စစ်အင်္ဂါလေးပါးနှင့်တကွ မဟာဂါမမှ ထွက်၍ ရောဟဏဇနပုဒ်။ ကုက္ကုဋဥတောင်ဂမ်း၊ မဟာ ဒေဝမထေရ်၏ အထံဆို လာ၍။ ဓာတ်တော်ကိုရင်း၊ မထေရ်ကိုရင်း၊ ပူဇော်သက္ကာရပြု၍၊ အရှင်ဘုရား၊ ဤဓေတ်တော်ကို အကျွန်ုပ် ပူဇော်

ကိုးကွယ်ပါအံ့ဟုတောင်း၏။ မထေရ်သည်။ မင်းကြီး၊ မြတ်စွာဘုရား သည် သင်မင်းကြီး၏ အနွယ်ဖြစ်သော ကာကဝဏ္ဏမင်းသည် မဟာ ဝါလုကဂင်္ဂါ၏တောင်ဘက်၌၊ မေရုမည်သောအင်း၏အဆုံး၌၊ ဝင်္ဆဘိ ယမည်သောထုံး၏ အထက်၌ ဌပနာ၍ စေတီတည်လတ္တံ့.ဟု ဤဓာတ် တော်အား ဗျာဒိတ်ကြားတော်မူ၏ဟု ဆို၍ မဟာနာဂမင်းအား နဖူး သင်းကျပ်တော်ဓာတ်ကို ပေးအပ်၏။ မြတ်စွာဘုရားသည် သိဟိုဠ်သို့ သုံးကြိမ်မြောက် ကြွတော်မူသောအခါ။ ထိုဝင်္ဆဘိယမည်သော ထုံး၏ အထက်၌ နိရောဓသမာပတ်ဝင်စား၍ ထပြီးသော်။ ဤအရပ်၌ နောင် သောအခါ ငါ၏နဖူးသင်းကျပ်တော်ကိုဌပနာ၍ ကာကဝဏ္ဏမင်းသည် ဖော်ကြာည်လတ္တံ့။ သင်နဂါးမင်းသည် ဤအရပ်ကိုစောင့်ရှောက်လော့ ဟု သုမနနဂါးမင်းကိုအစောင့်ထားခဲ့၏။ ထိုမဟာနာဂမင်းသည် နဖူး သင်းကျပ်ဓာတ်တော်ကို မဟာဂါမဏိဆောင်၍ မင်းအိမ်မှ မနီးမဝေး သောအရပ်၌ ပြာသာဒ်ဆောက်၍ ကိုးကွယ်၏။ မဟာဖုဏဂမင်းဆောက် သောကျောင်းကြီးတို့ကား။ ဒဃလေနကျောင်း၊ သန္ဓဂိရိကျောင်း၊ ကောဋိ ပဗ္ဗတ ကျောင်း၊ စာရဂဏ ကျောင်း၊ သေလက ကျောင်း၊ တာလက ကျောင်းဟူ၍ခြောက်ကျောင်းတည်း။ ။

ထိုမဟာနာဂမင်းသေဇွန်ခါနီး၌ သား ဃဋီဠာလယကတိဿအား ဓာတ်ဧဝေါကို ပူဇော်ကိုးကွယ်ရစ်ဟုမှာထား၍သေလွန်၏။ သားဂေါဠာဘယတိဿမင်းအား ဤဓာတ်တော်ကို ပူဇော်ကိုးကွယ်ရစ်ဟုမှာထား၍သေလွန်၏။သားဂေါဠာဘယတိဿသည်မဟာဂါမဏိ မင်းပြု၍။နလာဋဓာတ်တော်ကို ပူဇော်ကိုးကွယ်၏။ ထိုမင်းကား မဟာ ဂါမဏိ တကျိပ်သောညီတို့ကို သတ်သောကြောင့်။ အပြစ်လွတ်ပါစေ ဟုဂင်္ဂါ၏တောင်ဘက်၌ မတ္တိကလေဏကျောင်း၊ဒီဃသာလကျောင်း၊ နာမမဟာဝိဟာရ ကျောင်း၊ ကပ္ပါသေလ ကျောင်း၊ စေတိယပဗ္ဗတ ကျောင်း၊သာနုပဗ္ဗတကျောင်းကကိုကာရုသေလကျောင်း၊ပဓွကယ္ယ

ကျောင်း၊ ဘိဏ္ဍိကလေဏကျောင်း၊ ကဏ္ဍကကျောင်း၊ ဂေါစရပါလ ကျောင်း၊ ဝါလုကတိတ္ထကျောင်း၊ ဤသို့အစရှိသောအားဖြင့် ဂင်္ဂါဇ္ဈ၏ တောင်ဘက်၌ ငါးရာ၊ မြောက်ဘက်၌ ငါးရာအားဖြင့် တထောင်သော ကျောင်းတို့ကို ဆောက်၍၊ ပိဝိန္ဒင့် အမည်တူသော ဇနပုဒ်၌ နေသော တိဝိဒူကဓရ ဂေါဒူဘာဘယ မထေရ်အား လှူ၏။ ။ထိုမင်းသေခါနီး၌ သား ကာကဝဏ္ဏတိဿကို ခေါ်၍။ဤနလာဒုဓာတ်တော်ကို ငါတို့အမျိုး အဆက်ဆက်ဆောင်၍ ကိုးကွယ်၏။ သင်ချစ်သားအားမူကား ကာက ဝဏ္ဏမင်းသည် မဟာဝါလုကဂင်္ဂါ၏ တောင်ဘက်၌၊ မေရု အင်း၏ အဆုံး၌၊ ဝင်္ဆဘိယထုံး၏ထိပ်၌၊ ဤနဖူးသင်းကျပ်တော်ဓာတ်ကို ဌပနာ၍ စေတီတည်လတ္တံ့။ သံဃာ့အရံကို ပြုလတ္တံ့ဟု မြတ်စွာဘုရား ဗျာ ဒိတ်ကြားတော်မူ၏။ ထို့ကြောင့် သင်သည် ဤဓာတ်တော်ကို စေတီ တည်၍ ကိုးကွယ်ပူဇော်ရစ်ဟုမှာထား၍သွေလွန်၏။ ။ဂေါဒူဘာဘယ လွန်လျှင် သားကာကဝဏ္ဏတိဿသည် မဟာဂါမဋ္ဌမင်းပြု၏။ နဖူးသင်း ကျပ်တော်ဓာတ်ကို မပြုတ် ပူဇော်သက္ကာရပြု၍ ကိုးကွယ်၏။ ရဟန်း သံဃာအားရင်း၊ ခြောက်ကျိပ်မျှကုန်သောတိဝိဒူကဓရမထေရ်မြတ်တို့ အားရင်း၊ ပစ္စည်းလေးပါးဖြင့်လုပ်ကျွေး၏။ ပိဝိန္ဒမင်းယ် သောမဒေဝီကို နှမအကြီးသားအဘယမင်းသားနှင့်ထိမ်းမြား၍ဂိရိဖြို၌နေစေ၏။ဂိရိဖြို နေသောကြောင့် ဂိရိအဘယမင်းဟုတွင်၏။သား ဒုဋ္ဌဂါမဏိမင်းသား ကိုလည်း ဂိရိဖြို့မှာနေလေစေ၏။ ထိုဖြို၌ ဂိရိအဘယမင်းနှင့် ဒုဋ္ဌဂါမဏိ မင်း ငြင်းခုံခြင်းဖြစ်ရာတွင်။ ဂိရိအဘယမင်းသည် မိဘုရားနှင့် ဗိုလ်ပါ များစွာယူ၍ ဖြို့မှထွက်၍ မေရုဖြို၌ အဆွေခင်ပွန်းသိဝမင်း၏အထံသို့ သွား၍ နေလေ၏။ သိဝမင်းသည် အဘယမင်းအား တရုသောအစွန်၌ ဖြို့တည်၍ နေစေ၏။ ဖြို့ကိုလည်း အဘယမင်း၏ မိဘုရားအမည်နှင့် အတူ၊ သောမဖြို့ဟူ၍ သမုတ်၏။ အခွင့်မဟိန္ဒ၏ တပည့်၊ မဟာအရိဋ္ဌ မထေရ်၏ အနှယ်အဆက် ဖြစ်သော မဟိန္ဒမည်သော မထေရ်သည် ခြောက်ကျိပ်မျှသောရဟန်းသံဃာနှင့်တကွ ထိုသောမဖြို့မှ မနီးမဝေး သောအင်ကြင်းတော၌ ထိုအခါ နေ့နေ၏။ ဂိရိအဘယမင်းသည် ထို ဟ်ထေရ်အား ကျောင်းကြီးဆောက်၍ စေတီတည်၍ လှူ၏။ ကျောင်းကို သောဖရိဟာရဟူ၍ သမုတ်၏။ ။ထိုသောမကျောင်း၌ ကာကဝဏ္ဏ မင်း၏မိဘုရားဝိဟာရဒေဝီ၏မောင်ဖြစ်သော ဘူဋ္ဌပိဏ္ဍပါတိကတိဿ

မထေရ်သည်ကား ကာကဝဏ္ဏမင်းအား နိုးသော ဇသခြင်းရှိသည်ကို မြင်၍။ ကာကဝဏ္ဏမင်း၏အထံသို့လာ၍။ မြတ်သောမင်းကြီး၊ မြတ်စွာဘုရားသည် သင်မင်းကြီးတို့အား နောင်အခါ ငါ၏ နဖူးသင်းကျပ်ခတ်တော်ကို မေရုအင်း၏အဆုံးခွံ ပဋိဘိယမည်သောထုံး၏ထိပ်ခွံဌပနာ၍ စေတီ ကြီးစွာတည်လတ္တံ့။ သံဃာ့အရံကို ပြုလတ္တံ့ဟု ဗျာဒိတ်ကြားတော်မူခဲ့၏။ ထိုထုံး၏ထိပ်ခွံမြတ်စွာဘုရားသမာပတ်ဝင်စား၍နေတော်မူရာရှိ၏။ မင်းကြီး၊ ကောင်းမှုပြုလော့ဟုဆို၏။ ကာကဝဏ္ဏမင်းလည်း ကောင်းပြီဟုဝန်ခံ၍၊ ဂိရိမြို့မှ သားဒုဋ္ဌဂါမဏိကို ခေါ်၍ မဟာဂါမဋ္ဌနေစေ၍။ မိဘုရားဝိဟာရဒေဝီကိုဌင်း၊ သဋ္ဌါတိသမင်းကိုဌင်းယူ၍ ဝိဟာရဒေဝီမောင်၊ စူဠပိဏ္ဍပါတိကတိသမထေရ်ကိုလည်း တပည့်သံဃာငါးရာနှင့်တကွ ပင့်၍၊ နန်းဦးပြာသာဒ်မှ နလာဋဓာတ်ကို ရွှေကြွတ်နှင့်တကွ ယူဆောင်၍။ စစ်အင်္ဂါလေးပါးနှင့်တကွ မဟာဂါမမှ ထွက်၍ သွားလေသော်။ဒီဃဝါပိမြို့သို့ရောက်၍။သဋ္ဌါတိသမင်းသားကိုထိုမြို့၌ နေရစ်စေ၍ သွားပြန်လေသော်။သုမနမာလာဝဋ်တွင် စခန်းချ၍။နက်ဖြန်မိုးသောက်၌ ဝဋ်ဘိယထုံးသို့ရောက်၍။ အကုဋေ့ခြောက်ဆယ်မျှသော နဂါးအခြွေအရံရှိသောသုမနနဂါးကိုစောင့်ရှောက်စေအပ်သော၊ဘုရားမြတ်စွာသမာပတ်ဝင်စားရာအရပ်ကို သစ္စာဓိဋ္ဌာန်ဖြင့် နွားမြင်းဆင်တို့ကို သုံးကြိမ်လှည့်သဖြင့် ရှာ၍ရသော်။ ထိုအရပ်၌ သိကြားဝိသုကြံတို့သည် ကုက္ကုဋေ့ပုဏ္ဏားဖ၏လယ်၌ ဘန်ဆင်း၍ပေးအပ်သော အခြင်တို့ဖြင့် စေတီကြီးမွှာတည်၍ နလာဋဓာတ်ကိုဌပနာ၏။ ထိုစေတီအရပ်နှင့် နီးသောမေရုမြို့မှ သိဝမင်း၊ လောကမြို့မှ မဟာနာဂမင်းတို့သည် ပဏ္ဏာကာရများစွာနှင့်လာကုန်၍ စေတီအမှုဌ အဘော်ဖြစ်လာကုန်၏။ သော့မမြို့၌ တူဖြစ်သောဂိရိအဘယမင်းကိုလည်းခေါ်၍ အဘော်ဖြစ်စေ၏။ ကာကဝဏ္ဏမင်း ဓာတ်တော်ကိုယူ၍ စေတီတည်အံ့ဟုလာသောအခါ။ သုမနနဂါးခရီးဦးကြိုပြုသဖြင့် ဆုံရာ၌။ မြတ်လေးပန်းမိုးစဉ်း ချက်ထိနစ်အောက်ရွာစေ၍ ဓာတ်တော်ကိုပူဇော်သောကြောင့် ထိုအရပ်ကိုသုမနဝဋ္ဌဟု သမုတ်သတည်း။ နဖူး သင်းကျပ်တော် ဌပနာသော ထို့မင်းကောင်းမှုစေတီကို မဂ်လာစေတီဟူ၍သမုတ်သတည်း။ ။ထိုစေတီဌ ဆံတော်ဓာတ်ကိုလည်း ဌပနာ၏။ ထိုဆံဌေတသ်၏ အာကြောင်းကား။ ဇေယသေနနဂါးမင်းသည် ကပုသဘလ္လိကတို့လက်မှ ဆံတော်ဓာတ်

နှစ်ဆူ, ခိုးယူလိုက်၍၊ ဘုမ္မန်တရနဂါးဗိမာန်၌ထား၍ကိုးကွယ်ရာ။ ရဟန္တာ ချနစ်ယောင်တို့၏ အကြိုးဖြစ်သော စူဠဒိဏ္ဍပါတိက တိသ မထေရ်သည် တပည့်ဖြစ်သော ဆိုင်္ဂဝမထေရ်ကို ဘုမ္မန်တရ နဂါးဗိမာန်မှ ယူဆောင်စေ၍ဌပနာရသတည်း။ ကာကဝဏ္ဏမင်းသည် တနှစ်တကျောင်းအားဖြင့် ကျောင်းကြိုးချည်းခြောံဆဲ့ဖလေးကျောင်းဆောက်၍ စူဠဒိဏ္ဍပါတိကတိသမထေရ်၏လက်၌ရေစက်ချ၍စတုဒိသာသဃ်အားလှူ၏။

၁၁၈။ သာသနာတော် ၃၇၃ ခုနှုန်းတက်ဒုဋ္ဌဂါမဏိ
မင်းမှာ၈၁၁ ခုမဟာသေနမင်းတိုင်မင်းပေါင်း ၄၉ သိပဆိုဋ္ဌ
ရာဇဝင်အံ့စည်နှင့်တကွ၊ထိုအနှစ် ၄၀၀ ကျော်အတွင်း၊မဟာဝိဟာ
ရ၀ါသီ၊အဘယဂိရိ၀ါသီ၊ဇေတ၀နဝါသီ၊ဂိုဏ်းကွဲပြားခြင်း၊
၀ဋ္ဋဂါမဏိမင်းလက်ထက်-ပိဋကတ်ကိုသင်္ဂြဟဒဘာသာ
ဖြင့်ပေထက်အက္ခရာတင်ခြင်းတို့ကိုပြရာ။

ကာကဝဏ္ဏမင်းသည် ၆၄ နှစ်မင်းပြု၍ လွန်လျှင်။ သား ဒုဋ္ဌဂါမဏိ သည် မဟာဂါမဋ္ဌ မင်း၏အဘိသိက်ကိုခံပြီးမှ။ အနုရာဓပြည်ဋ္ဌ ဇဋ္ဌာရ ကျည်းမင်းနှင့်၀ကွ ကျည်းသုံးဆဲ့သုံးပြည်ကို နှိပ်နင်း၍။ အနုရာဓပြည်ဋ္ဌ မင်းနေပြည်တည်၍ ၂၄ နှစ်မင်းပြု၏။ ထိုဒုဋ္ဌဂါမဏိမင်း လွန်လျှင်၊ ညီ သဒ္ဓါတိသ၊ ဒီဃ၀ါဝိမှလာ၍ အနုရာဓပြည်ဋ္ဌ မင်းပြု၏။ ထိုမင်း ၁၈ နှစ်နေ၍ လွန်၏။ သဒ္ဓါတိသလွန်လျှင် သား ထူလထန တလန့်ငှင့် ဆယ်ရက် မင်းပြု၏။ ထိုမင်းလွန်လျှင် ထိုမင်း အစ်ကိုယ် လဉ္ဇတိသ ၉ နှစ်နှင့်တဆဲ့ငါးရက်မင်းပြု၏။ ထိုမင်းလွန်လျှင် ထိုမင်းညီငယ်ခလွာဠုနာဂ-၆ နှစ်မင်းပြု၏။ခလွာဠုနာဂကိုလု၍အဓမ်မင်းပြု၏။ ထိုအဓမ်ကို ခလွာဠုနာဂ၏ညီ ၀ဋ္ဋဂါမဏိလု၍ မင်းပြု၏။ ၀ဋ္ဋဂါမဏိလု၍ ငါးလရှိလျှင်၊ ချနစ်ပြည်နေ ကျည်းမင်း ချနစ်ယောက်တို့လု၍ ၁၄ နှစ် ချနစ်လ မင်းပြုကုန်၏။ ၀ဋ္ဋဂါမဏိကား အဓမ်ချနစ်ယောက်တို့နှင့်တကွ ပုန်း၍နေရ၏။ ၁၂ နှစ်မြောက်၌ အဓမ်ချနစ်ယောက်တို့နှင့်တိုင်ပင်၍ ဇိုလ်ပါရုံးဗ၍ ကျည်းတို့ကို ကိုက်ပြန်၍ အနုရာဓကိုရသဖြင့် ၁၂ နှစ်မင်းပြုရပြန်၏။ ။ဒေ၀ါနံပိယတိဿမင်းလက်ထက် သာသနာတည်သည်မှ

စ၍၊ ဝဋ္ဋကါမဏိမင်း လက်ထက်တိုင် ၂၁၈ နှစ်ပတ်လုံး သီဟိုဠ်ကျွန်းမှ သာသနာသည် အရှင်မဟိန္ဒ အနွယ်အဆက်ဖြစ်သော၊ ကုလဇနသက အနေသန စသည်တို့မှ ကင်းသော မဟာဗိဟာရဝါသီ သံဃာ၏ အပေါင်းအဖြစ်ဖြင့် တိုးတက်တည်းသာလျှင် သန့်ရှင်း စင်ကြယ်စွာ ဖြစ်၏။ ။ဘုရားပရိနိဗ္ဗာန်ပြုတော်မူသည်မှ ၎၅၄ နှစ်၊ သီဟိုဠ်၌ အစမှစ၍ မင်း ၁၈ ဆက်မြောက်၊ ဝဋ္ဋကါမဏိ လက်ထက်တိုင်၊ ရဟန်း သံဃာ အရိယာတို့သည် ပိဋကတ်သုံးပုံကို အာဂုံ နှုတ်ကျက်သာ ဆောင်သတည်း။ ဝဋ္ဋကါမဏိမင်းလက်ထက်တွင်မှ နောက်နောက်ဝေသာတပည့် သံဃာတို့ ပိဋကတ်ကို အာဂုံနှုတ်ကျက် မဆောင်ရွက်နိုင်လတ္တံ့သည်ကို ရဟန္တာအာရှင်မြတ်တို့ မြင်ကုန်၍။ ငါးရာသော ရဟန္တာတို့သည် မလယဇနပုဒ်၌ နေကုန်၍၊ ပိဋကတ်သုံးပုံကို သင်္ဂါယနာဖြင့် ပေဠိအက္ခရာရေးတင်ကုန်သတည်း။ ။ပိဋကတ်သုံးပုံကို ပေဠိအက္ခရာရေးတင်ပြီးသည့်နောက်၊ လေးနှစ်မြောက်တွင်။ ဝဋ္ဋဂါမဏိမင်းသည် ဆုနှစ်ပြည်ထောင်သော ကျည်းတို့ကြောင့် တဆဲ့လေးနှစ်ပတ်လုံး ပုန်း၍ နေသောအခါ သိမ်းမြန်း အုပ်ချုပ်ပေသော မဟာတိဿ မထေရ်အား ကျောင်းကြီးစွာဆောက်၍လှူ၏။ထိုကျောင်းကိုအာဘယဂိရိဟု၍သမုတ်၏။ ထိုကျောင်းလှူသည်မှစ၍ အာဘယဂိရိဝါသိသံဃာကိုဏ်းဟု၍ ကွဲပြားသဖြင့်။ သာသနာတော်၌ သံဃာသည်၊မဟာဝိဟာရဝါသိကိုဏ်း၊ အာဘယဂိရိ ဂါသိကိုဏ်းဟု နှစ်ကွဲ ဖြစ်လေသတည်း။ ထိုမဟာတိဿ မထေရ်သည်ကား။ မိမိ၏ ကုလဇနသက အနေသန စသောအမှုကြောင့် မဟာဝိဟာရဝါသိသံဃာတို့ နှင်ထုတ်အပ်သော မထေရ်တည်း။ ။ ထိုအာဘယဂိရိကျောင်းကိုဆောက်ပြီးသောနောက်၊ ရောဟဏဇနပုဒ်၌ နေသောပုဏ္ဏားသည်၊ ဝဋ္ဋဂါမဏိမင်း၏ညီဘော်ကို ကုန်းချော၍။ ဝဋ္ဋဂါမဏိနှင့် ညီတော် စစ်မက်ကြီးစွာဖြစ်၍၊ သီဟိုဠ် တကျွန်းလုံး ငတ်မွတ်ခြင်း ပြင်းစွာဖြစ်သဖြင့် လူတို့သည် သေကြေပျက်စီးခြင်းသို့ များစွာရောက်ကုန်၏။ လူဆိုးသူပျက်တို့သည် အရိယာသင်္ဃာတို့၏ဝမ်းကို ပင်ဖေါက်၍ ဝမ်းထဲ၌ရှိသော ထမင်းလုံးကို ဆေးကြော၍ စားကုန်၏။ ထိုအခါ သိကြားမင်းသည် ဖေါင်ကြီးစွာ ဘန်ဆောင်း၍ သီဟိုဠ် ကျွန်းမှ ရဟန်း သံဃာတို့ကိုကင်၍၊ ဇမ္ဗုဒီပါသို့ ကူးစေ၍၊ သာသနာတော်ကို ဆောင်ရွက်စေသတည်း။ ။

ငဋ္ဌဂါမဏိအာဘယမင်း ၁၂ နှစ်နေ၍လွန်လျှင်။အနုဠာဒေဝီဘုရားသည် ဝဋ္ဌဂါမဏိမင်း၏ နောင်တော်ဖြစ်သော မိမိ၏ အထက်ခင်ပွန်း ခလ္လာဋနာဂမင်း၏သား၊ မဟာစူဠိကကိုမင်းပြုစေ၏။ ထိုမင်း ၁၄ နှစ်နေ၍လွန်လျှင်၊ ဝဋ္ဌဂါမဏိမင်း၏သား၊အဘယရိစဉ်က ခိုးသူဖြစ်၍နေသော စောရနာဂ မင်းပြု၏။ စောရနာဂ မင်းဖြစ်လျှင် ခိုးသူပြုစဉ်ကာလ မတဲမအိပ် မနေပါရသော ကျောင်းတို့ကို အငြိုး ဖွဲ့၍ ဖျက်ဆီး လေသည်ကား။ ကျောင်းရပ်ကြီး ၁၀ ရပ်စင်ပျက်လေ၏။စောရနာဂ-၁၂ နှစ်လျှင်လွန်၏။ ထိုမင်းကိုလည်း အနုဠာဆေးထည့်၍ သတ်သတည်း။ စောရနာဂလွန်လျှင်၊ မဟာစူဠိကသား တိဿနှင့်။ အနုဠာမင်းပြု၏။ ၃ နှစ်ရှိလျှင် အနုဠာပင်အဆိပ်ထည့်၍တိဿကိုသတ်ပြန်၍ တံခါးစောင့်သိပက်ိုမင်း ပြောက်၏။တနှစ်နှင့်နှစ်လရှိလျှင် သတ်ပြန်၍ နန်းကဲကျွေးဝဋ္ဌုကကိုမင်း ပြောက်၏။ တနှစ်နှင့်နှစ်လရှိလျှင် သတ်ပြန်၍ ထင်းသည် ဒါရဘတိက တိဿကို မင်းခံပြောက်၏။တနှစ်နှင့်တလရှိလျှင် သတ်ပြန်၍ ပုရောဟိတ် နိလိယကိုမင်းပြောက်၏။ခြောက်လရှိလျှင်နိလိယကိုသတ်ပြန်၍အနုဠာ ချည်း လေးလ မင်းပြု၏။ထိုအနုဠာကို တိဿမင်းညီတော် ကူဋကဏ္ဏ တိဿသတ်၍မင်းပြု၏။ထိုမင်း ၂၂ နှစ်နေ၍လွန်လျှင် သားမဟာဘတ္တိကမင်းပြု၏။ ၁၂ နှစ် စည်းစိမ်ထက်နေ၍ ထိုမင်းလွန်လျှင် ညီ ဂုဠဘတ္တိကာဘယမင်းပြု၏။ ၂၀ နှစ်နေ၍ လွန်၏။ထိုမင်းလွန်လျှင် ညီ မဟာဒါဌိကနာဂ-၁၂ နှစ်မင်းပြု၏။ထိုမင်းလွန်လျှင် သား အာမဏ္ဍဂါမဏိမင်း ပြု၏။ ၉ နှစ်နေ၍လွန်လျှင်၊ ထိုမင်းညီ၊ဂဏိဇလွတိသမင်းပြု၏။ ၃ နှစ် တွင်လွန်လျှင်။ ထိုမင်းညီ ဂုဠဘာဘယမင်းပြု၏။ တနှစ်ရှိလျှင်လွန်၏။ ထို မင်းလွန်လျှင် ထိုမင်းမိဘုရား သိဝလိဒေးလမင်းပြု၏။ သိဝလိကိုလု၍ ဒေမောင်အကြီး ဇုဠနာဂ မင်းပြု၏။ ၉ နှစ်တွင်လွန်၏။ သား စန္ဒမုက္ခမင်း ပြု၏။ ဂ နှစ်နှင့် ၃နှစ်လတွင်လွန်၏။ စန္ဒမုက္ခလွန်လျှင်။ ထိုမင်းညီ ယသ လောလတိသမင်းပြု၏။ ၇ နှစ်နှင့်ရှစ်လတွင် လွန်၏။ ထိုမင်းကို တံခါး စောင့် သုဘသတ်၍မင်းပြု၏။ သုဘ ၉ နှစ်တွင်လွန်၏။ သုဘကိုစစ်သူ ကြီးဃသဘသတ်၍မင်းပြု၏။ ၄၄ နှစ်လျှင်လွန်၏။ထိုမင်းလွန်လျှင် သား ဝင်္ကနာသိကတိဿမင်းပြု၏။မင်းစည်းစိမ် ၃ နှစ်နေ၍လွန်၏။ ဝင်္ကနာ သိကတိဿလွန်လျှင် သားကဋ္ဌဟကကိမဏိမင်းပြု၏။ ၂၂ နှစ်တွင် လွန်၏။ကဋ္ဌဟကကိမဏိလွန်လျှင်။ယောကဉ္စမမဟာလ္လကနာဂ-၉ နှစ်

မင်းပြု၏။ ထိုမင်း လွန်လျှင် ထိုမင်း သား ဘာတိကတိသ မင်းပြု၏။ ၂၄ နှစ်နေ၍လွန်၏။ထိုမင်းလွန်လျှင်ညီကကိဋ္ဌတိသမင်းပြု၏။ ၂၂ နှစ် တွင်လွန်၏။ ထိုမင်းလွန်လျှင် သားခုဇ္ဇနာဂမိင်းပြု၏။ ၂၊နှစ်တွင်လွန်၏။ ထိုမင်းလွန်လျှင် ညီကုဇ္ဇနာဂမင်းပြု၏။ တနှစ်တွင် လွန်၏။ ထိုမင်းလွန်လျှင်ယောက်ဖသိရိနာဂမင်းပြု၏။ ၁၉ နှစ်တွင်လွန်၏။ ထိုမင်းလွန်လျှင် သား ဝေါဟာရတိသမင်းပြု၏။ ၂၂ နှစ်တွင်လွန်၏။ ညီအာဘယမင်းပြု၏။ ၂ နှစ်တွင်လွန်၏။ထိုမင်းလွန်သော် နောင်တော် ဝေါဟာရတိသ သား သိရိနာဂမင်းပြု၏။ ထိုမင်းလွန်လျှင် သား ဝိဇယ မင်းပြု၏။ ၂ နှစ် တွင်လွန်၏။ ထိုဝိဇယမင်းဦးခေသား၊ သံဃတိသ၊သဃ်ဗောဓိ၊ဂေါ ဒူဘဘယဟူသောကျည်းသုံးယောက်တို့တွင်။သံဃတိသသည် ဝိဇယ မင်းကိုသတ်၍ မင်းပြု၏။ ၃ နှစ်လျှင်အာနိစ္စဖြစ်၏။ သံဃတိသ်သကိုသတ် ၍ သံဃဗောဓိမင်းပြု၏။ ၂၂ နှစ်တွင်လွန်၏။သံဃဗောဓိကိုလည်း ဂေါ ဒူဘဘယသတ်၍ မင်းပြု၏။ ၁၃ နှစ်တွင်လွန်၏။ ဂေါဒူဘဘယလွန်လျှင် သား ဇေဋ္ဌတိသမင်းပြု၏။ ၁၀ နှစ်တွင် လွန်၏။ ထိုမင်းလွန်လျှင် ညီ မဟာသေန ၂၇ နှစ်မင်းပြု၏။ ။ဝင်္ဂကမကိုမင်းအာဘယဂိရိကျောင်း ဆောက်သောနှစ်မှစ၍ ၃၅၇ နှစ်ဇေ့ပြီးနောက်တနှစ်၌ မဟာသေနမင်း ပြု၏။ ထို သီဟိုဠ်ကျွန်း၌ သာသနာတော် တည်ပြီးမှ ၁၇၅ နှစ်သည် မဟာသေနမင်းပြုသောနှစ် ဆိုက်ရုံဖြစ်၏။ ဘုရား ပရိနိဗ္ဗာန် ပြုတော်မူ သည်မှကား ၈၁၁ ဖြစ်၏။မဟာသေနမင်းဖြစ်လျှင် ဇေတဝန်ကျောင်း ကိုဆောက်၍ ဒက္ခိဏာဝိဟာရမှ တိသမဟာထေရ်ကိုပင့်၍လျှ၏။ထိုတိသ မဟာထေရ်သည်လည်း၊ကုလဒူသကာ၊အနေသန၊ဂိဟိသံသဋ္ဌကို့ကိုပြုသော ကြောင့်။ မဟာဝိဟာရဝါသီသံဃာ နှင်ထုတ်သော်သူဖြစ်၍၊ ဇေတဝန ဝါသီသံဃာဟူ၍တဂိုဏ်းကွဲပြန်လေ၏။ ။ဤသို့အားဖြင့်သီဟိုဠ်ကျွန်း ၌ သံဃာသည်။ မဟာဝိဟာရဝါသီဂိုဏ်း၊အာဘယဂိရိဝါသီဂိုဏ်း၊ဇေ တဝနဝါသီ ဂိုဏ်းဟူ၍ သုံးဂိုဏ်း ကွဲ၏။ ထိုသုံးဂိုဏ်းတို့တွင် မဟာဂိ ဟာရဝါသီဂိုဏ်းသံဃာသည်သာလျှင် ဘုရားသာသနာနှင့်ညီစွာ သန့် ရှင်းစင်ကြယ်သတည်း။ကြွင်းသောနှစ်ဂိုဏ်းသားတို့၌ သာသနာဒသည် မသန့်ရှင်း မစင်ကြယ်လေကုန်။ ။

၁၁၉။ မဟာသေနမင်း၏သား၊ကိတ္တိသိရိမေဃသမင်း လက်ထက်၊မဇ္ဈိမဒေသဒနွံပုရပြည်မှ၊ဒနွံမင်းသား၊ဟာမမာလာမင်းဘွိုးတို့ပင့်ဆောင်ခဲ့၍။လက်ဝဲစွယ်တော်ဓာတ် သိဟိုဠ်သို့ရောက်သည်ကိုပြရာ။

မဟာသေနမင်းသည် ၂၇ နှစ်မင်းပြု၍လွန်လျှင်။သားကိတ္တိသိရိမေဃသမင်းပြု၏။ ထိုမင်းအာဘိသိက်ခံ၍ ၉ နှစ်မြောက်သောအခါလျှင်။ မြတ်စွာဘုရား သာသနာတော်သည် ဂဂ၇ နှစ်ခံမြောက်ဖြစ်သတည်း။ ထိုအခါလျှင် မြတ်စွာဘုရား အထက်လက်ဝဲစွယ်တော်သည်၊ သိဟိုဠ်ကျွန်း၊ကိတ္တိသိရိမေဃသမင်းလက်သို့ ရောံသတည်း။ ရောက်သောအခါကြောင်းကား ဤသို့ကဲ့သည်း။ မြတ်စွာဘုရားပရိနိဗ္ဗာန်ပြုတော်မူသောအခါ၌ ခေမာ အမည်ရှိသော ရဟန္တာမထေရ်သည်၊ မြတ်စွာဘုရား၏ အထက်လက်ဝဲစွယ်တော်ကို ပိဗိတန်းခိုးအားဖြင့် ထင်းပုံမှယူ၍။ ကလိင်္ဂတိုင်းကိုအစိုးရသော ဒနွံပုရပြည့်ဖြဟ္မဒတ်မင်းအား ကိုးကွယ်စိမ့်သောဌါအပ်တော်မူပေ၏။ ဒနွံပုရပြည်၌ စွယ်တော်စင် ပြာသာဒ်နန်းယင်ပြင်တွင်ဆောက်၍ ဖြဟ္မဒတ်မင်းမှစ၍ ကုဟသိဝမင်း တိုင်အောင်သောမင်းတို့သည် အစဉ်အတိုင်းကိုးကွယ်ကုန်ကုန်၏။ ကုဟသိဝမင်းကား ဂျုံးစွာရတနာသုံးပါး၌မကြည်ညိုပြီ။ မိစ္ဆာဒိဋ္ဌိအယူရှိ၏။ နိဂဏ္ဌဝါဒကွတွန်းတို့ကိုလုပ်ကျွေးကိုးကွယ်၏။ နောက်မှအမတ်ပညာရှိစကားကိုကြား၍၊ မိစ္ဆာအယူကိုစွန့်၍၊ ရတနာသုံးပါးကို ကြည်ညိုသဖြင့်။ မြတ်စွာဘုရား စွယ်တော်ဓာတ်ကို မြတ်နိုးတနာ ပူဇော်သက္ကာရပြု၍။ ထိုနိဂဏ္ဌတကွတွန်းတို့ကိုလည်း မိဗိတိုင်းမှ နှင်ထုတ်လေ၏။ ထိုနိဂဏ္ဌတကွတွန်းတို့သည်လည်း မင်းအာဏာကိုကြောံသဖြင့်။ ကလိင်္ဂတိုင်း၊ဒနွံပုရပြည်မှထွက်ပြေးခဲ့ကုန်၍။ မဇ္ဈိမဒေသ၏ အတွင်းဖြစ်သော မဂဓတိုင်း ပါဋလိပုတ်ပြည်သို့လာကုန်၏။ ထိုအခါ ပါဋလိပုတ်ပြည်၌ ပဏ္ဍုအမည်ရှိသော်မင်းသည် မင်းပြု၏။ ထိုပဏ္ဍုမင်းသည် ဇမ္ဗူ။ဒီပါတကျွန်းလုံးကို အစိုးရသတည်း။ ထိုနိဂဏ္ဌတကွတွန်းတို့သည် ပဏ္ဍုမင်းအား အရှင်မင်းကြီးတို့သည် ပူဇော်သက္ကာရမြတ်နိုးတခဲ့ပြုအပ်သောဗိသနိုးနတ်အစရှိသည်တို့ကိုကုဟသိဝမင်းရှိမရှိး။ သင်းချိုင်းခြံရသောလူရိုးကိုသာရှိရိုးလေသည်ဟုချောပစ်၍။ ပဏ္ဍုမင်းသည် ဆာမန္တရာဇ်မင်းတယောသ

ကို သင်သည်စစ်အင်္ဂါလေးပါးနှင့်တကွသွား၍။ ကုဟာသိဝမင်းကိုဇင်း၊ ထိုမင်းရှိရိုးကိုးကွယ်သောအရိုးကိုဂင်း ဆောင်ချေဟုစေလိုက်၏။ သာမန္တရာဇ်မင်းလည်း ပဏ္ဍုမင်း၏အာဏာဖြင့် ကလိင်္ဂတိုင်း၊ဒန္တပုရပြည်သို့သွားလေ၍ ကုဟာသိဝမင်းနှင့်တကွ မြတ်စွာဘုရား၏အထက်လက်ဝဲစွယ်တော်ဓာတ်မြတ်ကို ဆောင်ခဲ့သဖြင့် ပါဠလိပုတ်ပြည်သို့ရောဝံလျှင်ထိုစွယ်တော်ဓာတ်သည် အထူးထူးသော ပြာဋိဟာကိုပြုလျက် ပဏ္ဍုမင်းကို ကြည်ညိုစေသဖြင့်။ ထိုပဏ္ဍုမင်းသည် စွယ်တော်ဓာတ်အားအထူးထူးသော ပူဇော်ခြင်းဖြင့်ပူဇော်၍ မရောင့်ရဲနိုင်သောကြောင့် အလုံးစုံသော တိုင်းနိုင်ငံဖြင့် ပူဇော်၍၊ ကုဟာသိဝမင်းအားလည်း မြတ်နိုးတန္ဒာ ပူဇော်သက္ကာရကို ကြီးစွာပြုပြီးလျှင်။ တဘန်ဒန္တပုရမြို့သို့ပင် ပို့ဆောင်စေပြီးနောက်၍ ကုဟာသိဝမင်းကိုးကွယ်ပြန်ရ၏။ဒက္ခိဏာပထ အဝန်တိုင်း၊ ဥစ္ဆေနိုပြည်၌၊ ဥဇ္ဈေနိုမင်း၏ သား၊ ဒန္တမင်းသားသည် ဒန္တပုရပြည်၌ စွယ်တော်ဓာတ်ကိုရှိခိုးပူဇော်လာမျှားသဖြင့်ချစ်ခင်လေးမြတ်၍ သမီးဟေမမာလာနှင့်ထိမ်းမြားလေသတည်း။တရံဓောအခါ ကုဟာသိဝမင်း၏တူဖြစ်သော ဒီဃစာရမြို့၌နေသောမင်းသားတို့သည် စွယ်တော်ဓာတ်ကို ငါတို့အားပေးကောင်းသည်ဟု စစ်ပြုလာကုန်၏။ ကုဟာသိဝမင်းလည်း သမက်ဖြစ်သော်ဒန္တမင်းသားကို။ ချစ်သား၊ ဦးရီးသည် ထိုမင်းသားတို့ကို အောင်ခြင်းငှါ မတတ်နိုင် ချေလျှင်။ ချစ်သားတို့သည် စွယ်တော်ဓာတ်ကို ယူ၍ သီဟိုဠ်ကျွန်းဌ ငါ၏အဆွေဖြစ်သော မဟာသေနမင်း၏အထံသို့ကူးပါလေမှာ၍ စစ်ဆိုင်လေသော် ကုဟာသိဝမင်းသည် ရှုံး၍သေခြင်းသို့ရောလေ၏။ ထိုအကြောင်းကိုကြား၍ ဟေမမာလာနှင့်ဒန္တမင်းသားသမီးခင်ပွန်းတို့သည် စွယ်တော်ကိုယူ၍မထင်ရှားသော အသွင်ဖြင့် မြို့မှထွက်ပြေး၍။ တာမလိတ္တိဆိပ်၌ ကုန်ပြုသဘော်တွင်စီး၍ သီဟိုဠ်ကျွန်း မဟာသေနမင်းအထံသို့သွားလေသော် မဟာသေနမင်းလွန်၍၊သား ကိတ္တိသိရိမေဃမင်း အာဘိသိက်ခံ၍ ၉ နှစ်မြောက်။ သာသနာတော်နှစ် ၈၄၇ နှစ်ရှိသောအခါ ကိတ္တိသိရိမေဃမင်း၏လက်သို့ရောက်၍ နန်းယင်ပြင်၌ပြာသာဒ်ဆောက်လျက် ရတနာပလ္လင်ထက်ဝယ် ဖွေကြွေတ်၌စွယ်တော်ကိုထည့်ထား၍ကိုးကွယ်သကဲ့သို့။။

၁၂၀။ ကိတ္တိသိရိမေဃမင်းမှ ၃ ဆက်မြောက်၊ ဗုဒ္ဓဒါသမင်းလက်ထက်၊သင်္ကဒုဘာသာအရေးအသား၌ ဝိဒူကတ်ကိုသီဟဠဘာသာအရေးအသားသို့ ပြောင်းလဲရေးတင်သည်ကိုပြရာ၊။

ထိုကိတ္တိသိရိမေဃမင်း ၁၈ နှစ် နန်းစံ၍ လွန်လျှင်။ ထိုမင်းသား၊ ဇေဋ္ဌတိဿယူ၏။ ထိုမင်းသားနှစ်ယောက်တို့သည် အချင်းများ၍ မင်းမပြုဘဲ ဇေဋ္ဌတိဿသည် ပြည်ကိုဆုံးမကွပ်ညှပ်၍ ၉ နှစ်နေ၏။ ဇေဋ္ဌတိဿလွန်လျှင် ထိုမင်းသား ဗုဒ္ဓဒါသ ၂၉ နှစ်မင်းပြု၏။ ထိုမင်းလက်ထက် ဝိဒူကတ်သုံးပုံကိုတတ်သော မထေရ်ငါးပါးတို့သည် သင်္ကရိုန်ဘာသာဖြင့် ရှိသော ဝိဒူကတ်သုံးပုံကို သီဟဠဘာသာဖြင့် ရေး၍ ထား၏။ ။

၁၂၁။ ဗုဒ္ဓဒါသမင်းမှ ၃ ဆက်မြောက်၊မဟာနာမမင်းလက်ထက်၊သာသနာတော် ၉၄၃ ခုတွင်၊ရှင်ဗုဒ္ဓဃောသ သီဟိုဠ်ကျွန်းသို့ရောက်၍၊သီဟဠဘာသာအရေးအသား၌ ဝိဒူကတ်ကိုမဂဓဘာသာပြန်ဆိုလဲလှယ်၍ သထုံပြည်သို့ဆောင်ယူသည်ကိုပြရာ။

ဗုဒ္ဓဒါသမင်းလွန်လျှင် ထိုမင်းသား ဥပတိဿ ၄၂ နှစ်မင်းပြု၏။ ဥပတိဿမင်း လွန်လျှင် ဥပတိဿည်၊ မဟာနာမ မင်းပြု၏။ ။မြတ်စွာဘုရားပရိနိဗ္ဗာန်စံတော်မူသည့်နှစ်မှသည် ၈၆နှစ် ၉၄၃ နှစ်၊ မင်းဆက် ၆၆ ဆက်မြောက်၊ မဟာနာမမင်းလက်ထက်ရောက်သောအခါ၊ ဇမ္ဗူ။ ဒီပ၌ မဇ္ဈိမဒေသ၏ အရှေ့ဘက်၊ ရာမညတိုင်း၊ မွန်လူမျိုးတို့၏နေရာ၊ သုဝဏ္ဏဘူမိဖြစ်သော သထုံပြည်၌ မြတ်စွာဘုရားသာသနာ ၂၃၆ နှစ် အခါက သာသနာပြုလာသော အရှင်သောဏအရှင်ဥတ္တရမထေရ်တို့၏ အနွယ်အဆက်ဖြစ်သော.အရှင်ဗုဒ္ဓဃောသမထေရ်သည် သုဝဏ္ဏဘူမိဖြစ်သောသထုံပြည်မှ သီဟိုဠ်သို့ သင်္ဘောဖြင့်ကူး၍။ သီဟိုဠ်ဘာသာသံဃာကျွန်းဖြင့်ဒုပဒ္ဒရေးတင်၍ရှိသော ဝိဒူကတ်သုံးပုံကို မြန်မာအက္ခရာဖြင့် မဂဓဘာသာရေးကူး၍။ ရာမညတိုင်း သုဝဏ္ဏဘူမိသို့ဆောင်ခဲ့သတည်း။ ။

ထိုသီဟိုဠ်ဒွီ့ မဟာနာမမင်း လက်ထက်ရောက်သောအခါ ကော်ဇာသက္ကရာဇ်ကား။ မြတ်စွာဘုရား သာသနာတော် ၆၂၄ ခုကို။ ဒေါဒေါရသကိန်းဖြင့်ဖြိုဖြိုးနှံ့ ၃၂၁ ခုတည်း။ ။အဘယဟံကြောင့် ၃၂၁ ခုဟူ၍ သိရသနည်းဟူတုံ့အံ့။ မြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုတော်မူသည်မှ အနှစ် ၆၀ ပြည့်တွင်။ ရကူဇူပြင်၌ရုသေ့ဖြို့တည်၍ တကောင်းမင်းသား မဟာသမ္မာဝ မင်းပြုသည်မှ စ၍။ ရသေ့ဖြို့၌ပင် ၂၃ ယောက်မြောက်။ သုမနန္ဒရီမင်းလက်ထက် ရောက်သောအခါ။ သာသနာတော် နှစ်သည် ၆၂၄ ခုဖြစ်၏။ ထို ၆၂၄ ခုကို သုမနန္ဒရီမင်းသည် ဒေါဒေါရသကိန်းဖြင့်ဖြို၍။ သက္ကရာဇ် ၂ ခုဟု ထား၏။ ထိုထားသော သက္ကရာဇ် ၂ ခု၌ ထိုမင်းလွန်လျှင် သားအဓိတျာ ၃ နှစ်မင်းပြု၏။ထိုနောက် ညီသုပညာ နဂရဆိန္နာ ၁၁ နှစ်မင်းပြု၏။ ထိုမင်းလက်ထက်တွင် ရသေ့ပြည်ပျက်၏။ သုမနန္ဒရီလွန် သက္ကရာဇ် ၂ ခု။ အဓိတျာမင်းပြုနှစ် ၃ နှစ်။ ညီသုပညာ နဂရမင်းပြု ၁၁ နှစ်။ သုံးရပ်ကိုပေါင်း၍ ရသေ့ပြည်မဲ့ပျက်မီသက္ကရာဇ် ၁၆ ခု။ ရသေ့ဖြို့ပျက်ပြီးနှံ့ မင်းမရှိလပ်သည် ၁၂ နှစ်။ပေါင်း ၂၈ နှစ် ဖြစ်၏။ သုမနန္ဒရီမင်းထားသည့် သက္ကရာဇ် ၂၉ ခုတွင် သမုဒ္ဒရာဇ်မင်းသည် ယုန်လွတ်ကျွန်းတွင် ၁၉ ရွာကို တည်ထောင်၍ မင်းပြု၏။ ပုဂံ၌ သမုဒ္ဒရာဇ်မင်းမှ စ၍ မင်းအစဉ်ဆက်မြောက်။ ကြောင်ရူရစ်မင်းပြုသော အခါလျှင်။ သုမနန္ဒရီမင်း ဒေါဒေါရသဖြင့် ဖြိုဖြိုး သက္ကရာဇ် ၃၂၁ ခု ရောက်သတည်း။ ။

၁၂၂။ ပုဂံပြည်အနှံ့နှံ့ရထားမင်းလက်ထက်၊
သုဝဏ္ဏဘူမိသထုံသာသနာတသွယ်၊နှုရပတိစည်သူမင်း
လက်ထက်၊သီဟိုဠ်သာသနာတသွယ်အားဖြင့်၊မြန်မာ့
တိုင်းနိုင်ငံသို့သာသနာနှစ်ကြော်ငြာနှစ်သွယ်
ဆင်းသက်တည်ထွန်းသည်ကိုပြရာ။

ပုဂံ၌အစသမုဒ္ဒရာဇ်မင်းမှသည် ၂၁ ဆက်မြောက် ပုပ္ပါးစောရဟန်း မင်းလက်ထက်ရောက်သောအခါ။ သုမနန္ဒရီမင်းထားသော သက္ကရာဇ်သည် ၅၆၂ ခုဖြစ်သတည်း။ ဤသက္ကရာဇ်ကို ပုပ္ပါးစောရဟန်းသည် ခ ဆ ပဉ္စကိန်းဖြင့် ၅၆၂ ကိုဖြို၍၊အစွန်း ၂ ခုကိုသာ ဂါဓာသက္ကရာဇ်

၂,ခုဟူ၍ထားပြန်သတည်း။ ထိုပုပ္ပါးစောရဟန်းထားသော ၂ ခုသက္ကရာဇ်မှစ၍ ဂေါဇာသက္ကရာဇ်,၄၁၉ ခု။ ဘုရားပရိနိဗ္ဗာန်စံတော်မူသည်မှ ၁၆၀၁ ခုနှစ်တွင်။ပုဂံခွဲမင်း ၄၃ ဆက်မြောက်ဖြစ်သောအနော်ရထာမင်းစောသည်။ပုသိမ် သုံးဆဲ့နှစ်မြို့၊ ဟံသာဝတီ သုံးဆဲ့နှစ်မြို့၊မုတ္တမ သုံးဆဲ့နှစ်မြို့အားဖြင့် ပြည့်သေဒလူနေဂို့သော ရာမညတိုင်းတလိုင်းသုံးရပ်ကို၊ သုဝဏ္ဏဘူမိသထုံပြည်၌ မနူဟာမင်းလက်ထက်အောင်၍၊ မနူဟာမင်းကိုဂင်း၊အင်္ဂဝင်သောဏာအင်္ဂဝင်ဥတ္တရတို့၏ သာသနာအန္တယ်အဆက်ဖြင့် လာသော၊ အင်္ဂဝင်ဗုဒ္ဓဃောသမြန်မာအက္ခရာဖြင့် မဂဓဘာသာရေးကူးအပ်သော ဒီဌကတ်သုံးပုံကိုဂင်း၊ ရဟန်းသံဃာအပေါင်းကိုဂင်း၊ သိမ်းယူခဲ့၍။ ပုဂံခွဲ သက္ကရာဇ် ၄၁၉ ခုတွင် သာသနာတော်တည့်စဖြစ်သတည်း။ ။

ပုဂံခွဲ သာသနာတော်တည့်စနှစ်မှသည့် ၁၀၇ ခုမြောက်။ သီဟိုဠ်ဒေသာသနာနှစ် ၁၄၅၂ နှစ်မြောက်၊ ဘုရားပရိနိဗ္ဗာန်စံတော်မူသော်နှစ်မှ ၁၇၀၈ နှစ်မြောက်။ပုပ္ပါးစောရဟန်းခဆပဉ္စဖြင့်သာသနာကုံဖြို၍ထားသောဂေါဇာသက္ကရာဇ် ၅၂၄ နှစ်မြောက်၊ရောက်သောနှစ်အခါ။သီဟိုဠ်ခွဲသီရိသဃ်ဗောဓိပရက္ကမဗာဟုမင်းပြု၍ ၁၈ နှစ်မြောက်ဖြစ်သတည်း။ထိုနှစ်၌လျှင်။ထိုမင်းသည် သီဟိုဠ်သာသနာ၌၊မဟာဝိဟာရဝါသိကိုဏ်း၊ အဘယဂိရိဝါသိကိုဏ်း၊ ဇေတဝနဝါသိကိုဏ်းဟု သုံးကိုဏ်း ကွဲပြားခြင်းရှိသည်တွင်၊ မဟာဝိဟာရဝါသိကိုဏ်း ဆရာတို့၏ ဝါဒသို့ သက်၍။ သာသနာတော်အညစ်အကြေးဖြစ်သောအဘယဂိရိကျောင်းမှ၊ အနှစ် ၁၂၅၄ နှစ်တိုင်တိုင်စည်ပင်ပြန့်ပွါးသောမဂဓကာင်းသောအကျင့်သိလအာစာရရှိသော အဘယဂိရိဝါသိဂိုဏ်းသံဃာအပေါင်းကိုဂင်း၊ ဇေတဝနကျောင်းမှ အနှစ် ဂဇ၇ နှစ်တိုင်တိုင် စည်ပင်ပြန့်ပွါး၍ လာသောမဂဓကာင်းသော အကျင့်သိလအာစာရရှိသော ဇေတဝနဝါသိကိုဏ်းသံဃာအပေါင်းကိုဂင်း။ ဘုရားနှင့်ညီစွာနှိပ်၍၊စွန့်ပစ်ပယ်ရှား၍၊သာသနာ့ဝံတော်၌ ကောင်းသောအကျင့်သိလရှိသော မဟာဝိဟာရဝါသိကိုဏ်းသံဃာတို့အပေါင်းဖြင့်တကိုဏ်းတည်းသာတည့်စေ၍၊ သာသနာတော်ကို၊ ပွတ်သစ်သောခရုသင်း၊ ထွန်းလင်းစွာသောဖောကဲ့သို့ရှိအောင်သီရိသဃ်ဗောဓိပရက္ကမဗာဟုမင်းသည်သုတ်သင်ဆေးကြော်ပေသတည်း။ ထိုသုတ်သင်သောနှစ်၌ဂေါဇာသက္ကရာဇ်ကား ၅၂၇ ခုဖြစ်၏။ ။

သိဟိုဠ်ဒွီ သိရိသဃ်ဗောဓိပရက္ကမဗာဟုမင်းသာသနာကိုသုတ်သင်သည်မှ ၄ နှစ်မြောက်၊ သာသနာတော် ၁၇၁၄ နှစ်။ ပုပ္ပါးစောရဟန်းထားသောသင်္ကရာဇ် ၅၃၂ ခုရောက်သောအခါ၌။ သထုံနေ လောကီစျာန်ရ ပြာဏဒသိမထေရ် တပည့်။ ကမ္ဗက်မြို့သား မဟာကာလ။ မဟာကာလတပည့် အရိယဝံသ။ အရိယဝံသတပည့် ရာမညတိုင်းသား ဥတ္တရာဇီဝမထေရ်သည် ဆပဒရွာသား သာမဏေအလုပ်အကျွေးနှင့် တကွ ရဟန်းသံဃာများစွာတို့နှင့် သိဟိုဠ်သို့ စေတီဗောဓိတို့ကိုရှိခိုးအံ့ဟုကူးလေ၍၊ ထိုနှစ်ပင်၊ ဗုဂံပါ သံဃာ၊ မဟာဝိဟာရဝါသိဂိုဏ်းသံဃာတို့နှင့်တပေါင်းတည်း ဆပဒသာမဏေကိုပဋ္ဌင်းခံခဲ့၍၊ စေတီဗောဓိကိုရှိခိုး၍ ပုဂံသို့ပြန်ခဲ့ဂျ်။ ဆပဒမထေရ်မူကား ဆရာကို ခွင့်တောင်းလိုက်၍ သိဟိုဠ်ဒွီပုင် ဆယ်ဝါတိုင်တိုင်ပဒုကတ်သုံးပုံကိုကတ်အောင် သင်ပြီးမှ၊ သိဟိုဠ်သံဃာ၊ မဟိန္ဒာ၊ သီဝလီ၊ အာနန္ဒာ၊ ရာဟုလာ။ ဤမထေရ်လေးပါးကိုသဘောညှိ၍ ဇမ္ဗု။ ဒီပ်သို့ကူးခဲ့သော်၊ ဝါလွန်းသဖြင့် ပုသိမ်မြို့တွင်ဝါဆိုခဲ့ပြီး၍၊ ပုဂံဒွီ သထုံသာသနာ ၁၂၄၄ နှစ်။ ဇောရဟန်းသင်္ကရာဇ် ၅၄၃ ခု။ ပုဂံဒွီ မင်းဆက်ငါးဆယ်မြောက်၊ နရပတိစည်သူမင်းပြု၍ ၁၈ နှစ်ရောက်သောအခါတွင် ပုဂံသို့ရောက်လာကုန်၍။ သိဟိုဠ်သာသနာလည်းပုဂံဒွီတည်သတည်း။ ထိုအခါဘုရားသာသနာတော်နှစ်ကား ၁၇၂၅ ဖြစ်သတည်း။ ။

၁၂၃။ ပုဂံပြည်ရောက်၊ သထုံသာသနာ
သိဟိုဠ်သာသနာတို့ဖွဲ့ဆင်းသက်၍၊ ပင်းယ၊ စစ်ကိုင်း၊ အင်းဝ
တိုင်အောင်မြန်မာ့တိုင်းနိုင်ငံ၌အစဉ်မပြတ်သာသနာ
တော်ထွန်းလင်းသည်ကိုဖြစ်စေ။

၍သို့၊ သုဝဏ္ဏဘူမိ၌ အရှင်သောဏအရှင်ဥတ္တရတို့ပြုသောသာသနာ၊ သိဟိုဠ်၌ အရှင်မဟိန္ဒပြုသော သာသနာအားဖြင့် သုဒ္ဓသနာနှစ်ပါးပြန့်ပွါးစည်ပင်သောပုဂံပြည်၌၊ နရပတိစည်သူမှ ၄ ဆက်မြောက်ဖြစ်သောနန်းကျကျော်စွာသည်စောရဟန်းထေးသောသင်္ကရာဇ် ၆၄၀ ခု့တွင်မင်းပြု၏။ ထိုမင်းမင်းပြု၍ ၁၄ နှစ်၊ သင်္ကရာဇ် ၆၆၂ ခုတွင်၊ ရာဇသင်္ကြီ၊ အာသခီယာ၊ သိဟသူ၊ ဤအမတ်သုံးယောက်တို့ ဖြင့်ဖိုင်းခွ မြို

တည်၍၊ ကျော်စွာမင်းကိုပင့်ခေါ်၍ရောက်လျှင် ဘမ်း၍၊ ထိုအမတ်သုံးယောက်မင်းပြု၍၊ရာဇသက်ငြိမြင့်စိုင်းဦးနေ၏။ အသင်္ခယာ မကျွေရာဦးနေ၏။သိဟာသူ ပင်လယ်ဦးနေ၏။ ထိုအကြောင်းကိုကြား၍ ကျော်စွာသားစောနစ်သည် ပုဂံဦး နန်းတက်၍ မင်းပြု၏။ မင်းပြု၍ ၂၂ နှစ်နေ၍ လွန်လျှင်။ စောနစ်ညီ မွန်နစ်သည် သက္ကရာဇ် ၉၀၄ ခုတွင် ပုဂံဦး မင်းပြု၍ စည်းစိမ် ၎၅ နှစ်နေ၍ လွန်၏။ ထိုမွန်နစ်တွင် ပုဂံဦး မင်းဆက်ပြတ်၏။ ပုဂံဦး နန်းဆက်ပြတ်သော သက္ကရာဇ်ကား ၇၂၉ တည်း။ ဘုရားလွန်တော်မူသည်မှ ၁၉၁၁ နှစ်တွင် ပုဂံနန်းဆက်ပြတ်သတည်း။ ပုဂံဦး အာနေဝ်ရထာစောလက်ထက်မှစ၍ မွန်နစ်တိုင်၊ သာသနာတည်သောနှစ်ပေါင်းကား ၃၀၀ နှစ်တည်း။ ။ရာမညတိုင်း သုဝဏ္ဏဘူမိဖြစ်သော သထုံဦး သာသနာတည်သော နှစ်ပေါင်းကား အရှင်သောဏုတ္တရတို့ သာသနာပြု၍၊ မဟာသိရိမာသောကမင်းမှသည် သထုံနန်းဆက်ပြတ် မနူဟာမင်းတိုင်အောင် ၁၃၆၅ နှစ်တည်း။ ။

သိဟာသူသည်ပင်လယ်ဦး ၁၂ နှစ်နေ၍စောရဟန်းသက္ကရာဇ် ၆၇၄ ခုတွင် ပင်းယဦး မြို့နန်းတည်၍ မင်းပြု၏။ သိဟာသူမှစ၍ ပင်းယဦး မင်းဆက်ကား ၅၂ နှစ်တည်း။ ထိုဆက်မင်းတို့ကို စိုးအုပ်သော နှစ်ပေါင်းကား ၅၂ နှစ်တည်း။ ။

ပင်းယမြို့တည် သိဟာသူသား သင်္ခယာစောယွမ်းသည် သာသနာတော်နှစ် ၁၈၆၆ နှစ်။ စောရဟန်း သက္ကရာဇ် ၆၈၄ ခုတွင် စစ်ကိုင်းအရပ်ဦးမြို့နန်းတည်၍မင်းပြု၏။ စစ်ကိုင်းဦး အာသင်္ခယာစောယွမ်းမှစ၍ ၇ ဆက်မင်းပြု၏။ ထို ၇ ဆက်မင်းတို့မင်းပြု၍ အုပ်စိုးသည့် နှစ်ပေါင်းကား ၎၁ နှစ်တည်း။သာသနာတော်နှစ် ၁၉၀၇ နှစ်၊သက္ကရာဇ် ၇၂၅ ခုတွင်စစ်ကိုင်းမင်းနေပြတ်၏။ ။

စစ်ကိုင်းမြို့တည် အာသင်္ခယာစောယွမ်းမြေး၊ သတိုးမင်းဖျားသည် သာသနာတော်သက္ကရာဇ် ၁၉၀၈ နှစ်၊ ပုပ္ပါးစောရဟန်း ထားသည်သက္ကရာဇ် ၇၂၉ နှစ်အခါ၊ ဗာပေါင်းလဆန်း ၉ ရက်၊ အင်္ဂါနေ့၊ ပုဏ္ဏာဗုသျှူနက္ခတ်မွန်းတည့်အခါတွင်ရတနာပုရပြည်ကြီးကိုတည်၍ ရွှေထီးရွှေနန်းကိုဆောက်၍ မင်းပြုသတည်း။ ရတနာပုရပြည်ကြီးတည်သည့် နှစ်မှနောက် ၃ နှစ်။ သက္ကရာဇ် ၇၂၉ ခုရောက်သောအခါ၊ ပုဂံဦး မွန်နစ်စည်းစိမ် ၎၅။အသက် ၆၎ နှစ်ပြည့်၍ ဇေယျနန်သဖြင့် မင်းဆက်ပြတ်

သတည်း။ သာသနာတော်သည် ရတနာပုရပြည်ကြီးသို့ရောက်သဖြင့် သက္ကရာဇ် ၇၂၄ ခု။ သာသနာတော်နှစ် ၁၉၀၈ နှစ်၌ ရတနာပုရပြည် တည်ထောင်သော သတိုးမင်းဗျားမှစ၍ သုံးကျိပ်သုံးယောက်သောမင်း ဆက်ရောက်ပြီးသည်တိုင်အောင် ဆောင်ရွက်စောင်မ အုပ်ချုပ်ထိန်း သိမ်းသဖြင့် ရတနာပုရပြည်ကြီး၌ မြတ်စွာဘုရားသာသနာတော်စည် ပင်ပွင့်လင်းထွန်းပသောအခါသဘ်သနာတော်နှစ် ၂၃၁၆ နှစ်၊သက္ကရာဇ် ဂေါဇာ ၁၁၃၄ နှစ်တွင်၌ကာကျမ်းသစ်ဖြစ်သတည်း။ ။

၁၂၄။ သုဝဏ္ဏဘူမိသထုံပြည်၊မဟာသိရိမာ
သောကမင်းလက်ထက်၊အရှင်ဂဝမ္ပတိထေရ်ပင့်ဆောင်
ခဲ့သောသွားတော်ဓာတ် ၃၃ ဆူတို့ကိုဌပနာ၍ဇူနှစ်နှုတောင်၌၊
ကျောက်စေတီ ၃၃ ဆူတည်ခြင်း။နောက်ဘိရိမာ
သောကမင်းလက်ထက်ရာမညတိုင်း ၃ ရပ်၌
ပျံနှံ့တည်ထားခြင်းတို့ကိုပြရာ။

ရာမညတိုင်း၊သုဝဏ္ဏဘူမိဖြစ်သောသထုံပြည်၌ကားသာသနာတော် သာတည့်သည်မဟုတ်။ မြတ်စွာဘုရား၏ သုံးဆဲ့သုံးချောင်းသောသွား တော်ဓာတ်တို့သည်လည်းကည်ကုန်၏။ အကြောင်းကား ဤသို့တည်း။ မြတ်စွာဘုရားသည်ဘုရားအဖြစ်သို့ရောက်၍ရှစ်ဝါမြောက်ဝါဆိုတော် မှ၍ ဒေသစာရီကြွတော်မူသဖြင့်၊ ဒီဃလာပြည်သို့ရောက်တော်မူသော အခါ၊ ပဌမဝါ၌ ရဟန်းပြုသော ဂဝမ္ပတိမထေရ်သည်၊ ရာမညတိုင်း သထုံပြည်၌ ရှေးဘဝက ဆွေမျိုးဖြစ်ဘူးသောသူတို့ကို ဒိဗ္ဗစက္ခုဖြင့် မြင်တော်မူ၍ သနားသဖြင့် ဒီဃလာမှ ကောင်းကင်ခရီးဖြင့် သထုံမြို့သို့ ကြွတော်မူလေ၏။ ထိုအခါ သထုံပြည်၌ မဟာ သိရိမာသောကမင်း သည် မှင်းပြု၏။ဂဝမ္ပတိမထေရ်သည် မင်းစသောပရိသတ်အား တရား ဟောသဖြင့်မင်းသည်ရတနာသုံးပါး၌ကြည်ညိုသဒ္ဓါဖြစ်၍မထေရ်အားလျှောက် ၏။ အရှင်ဘုရား၊ အဋ္ဌကွန်ပ်တို့သည် တရားဘော်ကိုလည်း နာရကုန်ပြီ။ သံဃာတော်ကိုလည်း ဖူးမြင်ရ ကုန်ပြီ။ မြတ်စွာ ဘုရား[illegible] ဖူးမြင်ရ ကြောင်းကို ကြံတော်မူပါဟု လျှောက်သဖြင့် ဂဝမ္ပတိ မထေရ်သည် ကောင်းပြီဟုဂုန်ခံ၍ ပြန်ခဲ့သဖြင့် မိဓိလာသို့ရောက်သော်။ ဘုန်းတော်

ကြီးသော မြတ်စွာဘုရား။ ကိုယ်တော်မြတ်ဘုရားသည် သထုံပြည်သို့ ကြွတော်မူပါဟု လျှောက်တောင်းပန်လျှင်။ မြတ်စွာ ဘုရားသည် နှစ်သောင်းမျှလောက်သော သံဃာအံ့ခြံအရံနှင့်တကွ ကောင်းကင်ခရီးဖြင့် ဒဂဒိလာမှ ကြွတော်မူ၍။ သထုံမြို့မှ အရှေ့အရပ်၊ ဇုန္ဒဝနုတောင်ထိပ်၌ ကောင်းကင်မှ သက်၍ နေတော်မူ၏။ ထိုအခါ မဟာသိရိမာသောကမင်းမှစ၍ ပြည်သူ ပြည်သားတို့သည် ဖူးမြင် ဆည်းကပ် လာကုန်၏။ မြတ်စွာဘုရားတရားဟောတော်မူသဖြင့် မင်းစသောပရိသတ်တို့သည် သရဏာဂုံပဉ္စသီတည်ကုန်၏။ မြတ်စွာဘုရား အမှုးရှိသော သံဃာအား လုပ်ကျွေးလှူဒါန်းပူဇော်ကုန်၏။ ထိုအခါ ထိုအရပ်၌ရှိကုန်သော ရဿေ့ခြောက်ယောက်တို့သည် ဘုရားကို ကြည်ညိုသဒ္ဓါသဖြင့် နောက်အခါ ကိုယ်တော်စား ကိုးကွယ်ရန် တောင်းပန်ကုန်လျှင် ဦးခေါင်းတော်ကို လက်ဖြင့်သုံးသပ်၍ ဆံတော်ခြောက်ချောင်းကို တဆူစီရဿေ့တို့အား ပေးအပ်တော်မူ၏။မဟာသိရိမာသောကမင်းကဆံတော်ပေးတော်မူပါဟုလျှောက်တောင်းပန်သည်ရှိသော်။ ဒါယကာမင်းကြီးအား ဆံတော်ကိုမအပ်သင့်။ဤနှစ်မှ ၃၇ နှစ်မြောက်၏အထက်၌ငါ၏သွားတော်ခတ် ၃၃ ဆူကို ဒါယကာမင်းကြီးကိုးကွယ်ရလတ္တံ့ဟု မိန့်တော်မူ၍။ရာမညတိုင်းဒေသသည်းသမျှ၊ဂန်ပြု၍ထားခဲ့သဖြင့်။ ဘုရားပရိနိဗ္ဗာန်စံဝင်သည့်အခါ။ မှာတော်မူခဲ့သော ဗျာဒိတ်တော် မပျက်စေဘဲ။ ထင်းပုံထက်မှ။ သွားတော်ခြောက် ၃၃ ဆူကို အရှင် ဂဝမ္ပတိမထေရ်ယူ၍ သထုံပြည်၌ မဟာသိရိမာသောက မင်းကြီးအား အပ်ပေးတော်မူလေ၏။ မင်းကြီးလည်းသွားတော်ခြောက် ၃၃ ဆူတို့ကိုရတနာပလ္လင်ဝမ်းဗြောက်ဝမ်းသာဖြစ်၍ သန့်ရှင်းစင်ကြယ်စွာ ရေဖြင့် ဆေး၍။ ထိုဇုန္ဒဝနုတောင်ဝယ် မြတ်စွာဘုရား ဗလသမာပတ်ဖြင့် ထိုင်နေရာ ဖြစ်သော ၃၃ ဌာန အရပ်တို့၌

ဂဝမ္ဗတိမဏ္ဍရဂြေဥ္ဇနိပြုသဖြင့် ဌပနာ၍၊ကျောက်စေတီငယ် ၃၃ ဆူ တည်လျက်။ မင်းမှစ၍ အလုံးစုံသော ပြည်သူပြည်သားတို့သည် ဂိုဂိုး ကိုးကွယ် ပူဇော်သက္ကာရ နိစ္စမပြတ်ပြုကုန်၏။ ထိုမဟာသီရိမာဃသာ ကမင်းမှစ၍ သထုံပြည်၌ ထီးဆောင်းမင်း အဆက်ဆက်တို့သည်၎င်း။ ရာမညတိုင်းသူတို့သည်၎င်း။ကိုးကွယ်ကုန်၏။ ။

မြတ်စွာဘုရား လွန်တော်မူသည်မှ ၂၃၆ နှစ်အခါ၊ တတိယသင်္ဂါယနာတင်ပြီးနောက်။ အဂ္ဂင် ဇမောဂ္ဂလိပုတ္တတိဿမထေရ် သာသနာပြုစေအပ်သောအဂ္ဂင်သော်ကာ၊အဂ္ဂင်ဥတ္တရထေရ်နှစ်ပါးတို့သည် မိမိတို့နှင့်တကွ ပဋ္ဌဝင်္သံဃာကိုယူ၍ ဓာမညတိုင်း သုဝဏ္ဏဘူမိသို့ ကြွတော်မူလာကုန်၏။ ထိုရောအခါ သုဝဏ္ဏဘူမိ၌ သီရိမာသောက အမည် ရှိသောမင်းသည်မင်းပြု၏။သထုံပြည်သည် ထိုအခါ သမုဒ္ဒြာနှင့်နီးသည်ဖြစ်ရကား မင်း၏နန်းတော်၌ ဈေးတိုင်းဘွားတိုင်းသော သူငယ်တို့ကို သမုဒ္ဒြာရေစောင့်ဘီလူးမသည် မိမိအခြံအရံနှင့်တကွ လာ၍လာ၍စားလေ၏။ ထိုမထေရ်တို့ရောက်လာတော်မူစဉ်အခါလည်း မင်းအိမ်၌သားဘွားခိုက်ကြိမ်သဖြင့်။ အလုံးစုံသော ပြည်သားတို့သည် မထေရ်တို့ကို မြင်ကုန်သော်။ ရေစောင့်ဘီလူးဟု ထင်မှတ်ကြကုန်၍။ ထားလုံစသည် လက်စွဲကုန်လျက် ဟစ်အော် ကြွေးကြော်ကြကုန်၏။ ထိုသို့ဟစ်အော် ကြွေးကြော်ကြသည်ကိုမြင်လျှင်။ မထေရ်တို့က သင်တို့သည် အဘယ့်ကြောင့် ဤကဲ့သို့ပြုကြကုန်သနည်းဟု မေးကုန်၏။ ထိုအခါ ဟစ်အော် ကြွေးကြော် "ကြကုန်သော ပြည်သားတို့က၊ သင်တို့သည် ရေစောင့်ဘီလူးဖြစ်ကြကုန်၏။ထိုကြောင့်ငါတို့သည် ဆီးတားကွယ်ကာခဲ့သော ဌါ ဟစ်အော်ကြွေးကြော်ကြကုန်သည်ဟု ဆိုကုန်၏။ ထိုအခါမထေရ်တို့က၊ငါတို့သည် ရေစောင့်ဘီလူးမဟုတ်ကုန်၊ ဓုဟန်းတို့တည်းဟုဆိုကုန်၏။ထိုစကားကိုကြားလျှင် ပြည်သားတို့သည်ထားလုံစဒေခါလက်နက်တို့ကိုချကြကုန်ပြီး၍ မထေရ်တို့ကိုရိုသေစွာရှိခိုးလျက် ထိုင်နေကြကုန်၏။ ထိုခဏ၌ပင်လျှင် အဘော်အဖေါင်းငါးရာနှင့်တကွ ရေစောင့်ဘီလူးမလာသည်ကို မြင်ကြကုန်သဖြင့်၊ပြည်သားတို့သည် အလွန်လျှင်ထိတ်လန့် ကြောက်ရွံခြင်းဖြစ်ကြကုန်၍ ဟစ်အော် ကြွေးကြော်ကြပြန်ကုန်၏။ ထိုအခါမထေရ်တို့သည် ဘီလူးမတို့ထက် ကိုယ်နှစ်ဆတက်၊ အရေအတွက်နှစ်ဆတက်။ကြောက်မက်ဘွယ်ကောင်းလှသောမနုဿဓိ

ဟုအသွင်ဘန်ဆင်း၍ ဝန်းရံကြသည်ကို ဘိလူးမတို့မြင်လျှင်။ယခုအခါ ငါတို့သည် ဤသူတို့၏အစာဖြစ်ချေကုန်ပြီဟု ကြောက်ခြင်းပြင်းစွာဖြစ်၍ ပြေးလေကုန်၏။ မထေရ်တို့လည်း နောက်ထပ်လိုက်ကုန်၍ ဝေးစွာပြေးလေစေကုန်၏။နောက်ကိုတဘန်ပြန်၍မလာဝံ့စေခြင်းငှါ၊ ထိုကျွန်းအနှံ့လှည့်လည်ကြွလျက် ဗြဟ္မစာလသုတ်ကို ရွတ်၍ အရန်း အတားပြုကုန်၍ ပြန်ခဲ့ကြကုန်ပြီးလျှင် ထိုဖြည်သူဖြည်သား အစည်း အဝေးခွဲလည်း ဗြဟ္မစာလသုတ်ကိုပင် ဟောတော်မူ၏။ ဟောတော်မူသောအဆုံးခွဲ ခြောက်သောင်းသော ပရိသတ်တို့သည် အကျွတ်တရားရကုန်၏။ ၃၅၀၀ ကုန်သောမင်းချင်းယောကျ်ားတို့သည်၎င်း၊ ၁၅၀၀ သောမိန်းမတို့သည်၎င်း၊ ရဟန်းယောကျ်ား ရဟန်းမိန်းမ ပြုကြကုန်၏။ ထိုအခါမှစ၍ သထုံပြည်တွင် မင်း၏အိမ်ခွဲ ဘွားဒေသာ သူငယ်ကို သောဏကုတ္တရဟူသောအမည်ကိုမှည့်ကုန်၏။ ထိုအရှင်သောဏကုတ္တရမထေရ်တို့ဘန်ဆင်းသော မနုဿီဟာအရပ်ကိုလည်း ကျောက်ဖြင့် လုပ်၍။ ထိုသထုံမြို့၏ အရှေ့မြောက်ယွန်း၊ ဇာန္ဒဝနုတောင်ထိပ်ခွဲ ထားကုန်၏။ ထွေပြားငွေပြားတို့ခွဲလည်း ထိုအရပ်ကိုရေးထု၍ ရာမညတိုင်းခွဲ ဘွားသောသူငယ်တို့၏လည်ခွဲ၎င်း၊ ထိပ်ခွဲ၎င်းဆင်စေ၍ ကိုးကွယ်ကုန်၏။ ။ထိုအခါသိရိမာသောကမင်းသည်မထေရ်တို့ကို၊အရှင်ဘုရားတို့၊အကျွန်ုပ်တို့သည် မြတ်စွာဘုရားတရားတော်ကိုလည်းနာရကုန်ပြီ။သံဃာဇေဋ္ဌာတို့ကိုလည်း ကိုးကွယ်ရကုန်ပြီ။ မြတ်စွာဘုရား၏သရီရဓာတ်ကို မကိုးကွယ်ရကုန်သေးဟူ၍ လျှောက်လျှင်။ မြတ်စွာဘုရားပရိနိဗ္ဗာန်ပြုတော်မူစက ၈၀မွတိမထေရ် ၃၃ ချောင်းသောဘွားတော်ကို ထင်းပုံထက်မှ ယူ၍ မဟာသိရိမာသောက မင်းကြီးအား ပေးအပ်သဖြင့်၊ ထို ဓာတ်တော်တို့ကိုဌပနာ၍ စေတီတည်၍ ကိုးကွယ်အပ်သော။ ၂၃၆ နှစ်တိုင်ကာလရှည်မြင့်သဖြင့် တောချုံ အုပ်ဖုံး၍ တိမ်မြုပ်လေပြီးသော စေတီ ၃၃ ဆူတို့ကို အရှင်ဇေသောဏကုတ္တရ မထေရ်တို့ ညွှန်ပြသဖြင့်။ ထိုသွားတော် ဓာတ်တို့ကို သိရိမာသောကမင်းကြီး ဘဝ်ထုတ်၍၊ ရွှေကြုတ် ၃၃ လုံးတို့ကို လုပ်စေ၍၊ သွားတော်တို့ကို ရွှေကြုတ်တို့ခွဲ တဆူစီသွင်း၍။ ထိုရွှေကြုတ်တို့ကို ရွှေဖျဉ်းတို့ခွဲ တလုံးစီထည့်၍။ သထုံမြို့၏အရှေ့မြောက်ယွန်း ဇာန္ဒဝနုတောင်ဝှမ်းခွဲ ဌပနာတိုက် ၃၃ တိုက်လုပ်ပြီးသော်။ ထိုရွှေဖျဉ်းတို့ကို ထိုတိုက်တို့ခွဲသွင်းထားပြီးသောအခါ သိရိမာသောက

မင်းကြီးသည် ဤသို့သစ္စာဓိဋ္ဌာန်ကိုပြု၏။ အကယ်၍တည်း သင့္ဇသူဖြက်စွာဘုရားသည် ခပ်သိမ်းကုန်သောသတ္တဝါတို့၏ အကျိုးစီးပွါးအလိုဌာဘုရား ဖြစ်တော်မူပါသည်ဖြစ်အံ့။ ဤသွားတော်ဓာတ်တို့ သည်လည်းမြတ်စွာဘုရားသွားတော်စင်စစ်မှန်သည်ဖြစ်အံ့။ ဤသွားတော်ဓာတ်တို့သည် ဆွေကြွေတ် ဆွေဖျဉ်းနှင့်တကွ ဌပနာတိုက်မှ ပျံထွက်၍ ကိုးကွယ်ထိုက်သောဝေနေယျဂိုရာအရပ်၌ သက်၍ ကိန်းဝပ်တော်မူပါစေကုန်သတည်းဟု သစ္စာဓိဋ္ဌာန်ပြု၏။ ထိုမင်းသစ္စာဓိဋ္ဌာန်ပြုသည်၏အခြားမဲ့၌ ပင် ၃၃ ခသောတိုက်တို့မှထွက်၍ထိုရာမညတိုင်းဌဟံသာဝတီ ၁၁မြို့၊ ပုသိမ ၁၁ မြို့၊ မုတ္တမ ၁၁ မြို့အားဖြင့် ၃၃ ပါးသော အရပ်တို့၌ ကိန်းဝပ်တော်မူလေကုန်၏။ ထိုအကြောင်းကို ထိုထိုသို့သောအရပ်သားတို့ ကြားလျှောက်လာကုန်သဖြင့်ဂင်း၊ မဆေရံတို့ နတ်မျက်စိဖြင့် မြင်သိ၍ကြားသဖြင့်ဂင်း၊ သိရိမာဒေသာကမင်းကြီးသိ၍၊ ထိုထိုသို့သော အရပ်သားတို့ကိုစေကိတည်၍ကိုးကွယ်ပူဇော်သက္ကာရပြုလေစေ၏။ ။

ထိုစေတီ ၃၃ ဆူတို့တွင်ဟံသာတိမြို့အနောက်တောင်နားအတွင်း၌တည်ရှိသော ရွှေမော်ဝေစေတီသည် ကဆူပင်တည်း။ ထိုစေတီကို ရှေးဦး မဝေဝါစေတီဟူ၍ သမုတ်၏။ ။ရာမညတိုင်း သထုံမြို့၌၊သာသနာတည်စဖြစ်သော သိရိမာဒေသာကမင်းမှသည် မန္တဟာမင်းတိုင်၊အနှစ် ၁၃၆၅ နှစ်ပတ်လုံး သာသနာတော်တည်ပြီးမှ၊ မန္တဟာမင်းလက်ထက်။ ပုဂံပြည် အနော်ရထာစော စစ်ပြု၍ ရာမညတိုင်းကို အောင်လျှင်။ မန္တဟာမင်းနှင့်တကွ ရဟန်းသံဃာ ပိဋကတ်စာပေတို့ကို သိမ်းယူခဲ့သဖြင့်သထုံပြည်၌မင်းနေပြီးကာပြီးသော်၊သထုံ၌မင်းမျိုးမင်းနွယ်ဖြစ်သောမင်းသည် ဟံသာဝတီမြို့၌နေ၍။ ရာမညတိုင်းကို တဘန်အသိုးစိုးအုပ်၍မင်းပြုပြန်၏။ ထိုမင်းမှ ဂဖ ဓမ္မစေတီမင်းသည် မဂဂါစေတီကိုမျိုမံ၍တည်ပြန်၏။ ပုပ္ပါး စောရဟန်း ပြုပြီးနောက်၊ သက္ကရာဇ် ၇၁၀ တွင်မျိုမံ၍တည်သတည်း။ သာသနာတော် နှစ်ကား ၁၈၄၂ ခုတည်း။ ထိုမင်း ၃၅ နှစ်မင်းပြု၏။ ။ထိုမင့်းသား သုတသောမလည်း သက္ကရာဇ် ၇၄၅ ခုတွင် မင်းပြု၍ တဘန် မျိုး၍ တည်ပြန်၏။ ထိုအခါ၊ သာသနာ ၁၉၂၇ နှစ်ဖြစ်၏။သုံတသောမသည် ၃၀ နှစ်မင်းပြု၏။ ။ထိုမင်းနှံ ဖ ဆက်မြောက်ဖြစ်သောမင်းသည် သာသနာဇကာ ၂၀၀၂ နှစ်။သက္ကရာဇ် ဂ၂၀ ပြည့်တွင် သားတော် ရာမာဓိပတိမင်းအား ရာမညတိုင်း၌

မင်းအာဖြစ်ကိုယေးဓ်မုဓဝါစေတီကိုတဘန်မျိုမံ၍တည်ဖြန်စေသတည်း။ ၅ နှစ်မှပြီး၏။ထိုအခါ သာသနာ ၂၀၀၇ ဖြစ်၏။ ပုပ္ပါးစောရဟန်းထား သောသက္ကရာဇ်၏ ဂ၂၅ ခုဖြစ်သတည်း။ ။

၁၂၅။ တပုသဘလွိကတို့ပင့်ဆောင်၍ဥက္ကလ ဇနပုဒ်၊သိဂိုတ္တရတောင်၌တည်ရှိသောဆံတော်ရှင်စေတီ ကဆူ။ရှင်အနုရုဒ္ဓါစသောရဟန္တာ ၆ ပါးတို့ပင့်ဆောင်၍မတ္ထိမ ဒေသမှအနောက်တောင်၊ပစ္စန္တဒေသ၌တည်ရှိသော ဆံတော်ရှင်စေတီ ၆ ဆူတို့၏အဋ္ဌုပ္ပတ်ကဲ့ပြုရာ။

မြတ်စွာဘုရား၏ ဆံတော်ဓာတ်သည် ရာမညတိုင်း ဥက္ကလဇနပုဒ်၌ တပုသ ဘလွိက ညီနောင်တို့အား ကိုးကွယ်စိမ့်သော၌ ၃ ဆူစီအပ် ပေးသဖြင့် ထိုဇနပုဒ်၏ အရှေ့တောင်၊ သိဂိုတ္တရကုန်း၌ တည်တော်မူ၏။ ။မတ္ထိမဒေသ၏ အနောက်တောင် အရပ်၊ ပစ္စန္တဒေသ၌လည်း၊ ၆ ဆူသောဆံတော်ဓါတ်တို့သည်တည်ကုန်၏။တည်သောအကြောင်းကား။ မြတ်စွာဘုရား ဝေဠုဝန်ကျောင်း၌ နေတော်မူသောအခါ။ အနုရုဒ္ဓါ။ သောဘိတ။ ပဒုမ္မုတ္တရ။ ဂဏာသာဇ်ရ။ ဥာဏပဏ္ဍိစ္စာ။ ရေဝတ။ ဤရဟန္တာ ၆ ပါးတို့သည်မြတ်စွာဘုရားမှဝေးသောအရပ်၌စေနေထိုင် တို့အားသနားသဖြင့် ကိုယ်စားတော်ကိုးကွယ်ရန်တောင်းပန်လျောက် ထားသဖြင့်။ ထိုမထေရ် ၆ ပါးတို့အား ဆံတော်ဓာတ်တဆူစီပေးအပ် တော်မူသည်ရှိသော်။ မထေရ်တို့သည် ကောင်းကင်ခရီးဖြင့် သွား၍၊ ထိုပစ္စန္တဒေသ၌ ကောင်းကင်မှသက်၍။ ထိုပစ္စန္တဒေသ၏တောင်မျက် နှာအဘို့၌။ အရပ်၏အဆင်းနှင့်တူသော မွေလျော်ဘွယ်ရှိသော မြေ အရပ်၌။အရှင်အနုရုဒ္ဓါမှ ဆံတော်တဆူကိုဌပနာ၍။ သိကြားမင်းကိုဒါ ယကာခံစေ၍ စေတီတည်စေ၏။ ။ထိုအရပ်မှ သုံးဂါဝုတ်ကွာသော တောင်မျက်နှာ အရပ်ဝယ် အထူးထူးသောသဲတို့ဖြင့် ပြွမ်းသော၊ မွေ့ လျော်ဘွယ်ရှိသောအရပ်၌၊အရှင်သောဘိတမှဆံတော်ဓာတ်တဆူကို ဌပနာ၍။ ပစ္စန္တပြုန်နတ်ကိုကို ဒါယကာခံစေ၍ စေတီ တည်စေ၏။ ။ ထိုမထေရ်တို့သည် ထိုအရပ်မှ နစ်ခဲ့၍၊ သမုဒ္ဒြာကမ်းနား၌၊ အရှင်ပဒုမုတ္တရမှဆံတော်ဓာတ်တဆူကိုဌပနာ၍၊ ထိုဒေသမုဒ္ဒြာ၌စောင့်သောမကြီ

မေခလာနတ်သမီးကို စေတီဒါယိကာမခံစေ၍ စေတီတည်၏။ ။ထို စေတီမှမြောက်အရပ်၌၊ ချမ်းမြေ့သောအရိပ်ရှိသော ပညောင်ပင်ကြီး၏အနီး၌၊ထိုခဏာရောက်လာသော သင်္ခါတရားနှင့်ပြည့်စုံသောသင်္ဃာသူကြီးကို ဒါယကာခံစေ၍ အရှင်ဂုဏာသာဂရမှ ဆံတော်တဆူကိုဌပနာ၍စေတီတည်စေ၏။ ။ထိုအရပ်မှအရှေ့မျက်နှာအဘို့၌၊ဂင်္ဂါအနီးမှေ့လျော်ဘွယ်ရှိသော အရပ်၌၊ အရှင်ဥာဏာပဏ္ဍိတမှ ဆံတော်ဓာတ်တဆူကိုဌပနာ၍ ဝရဏာမည်ဖြသောနဂါးမင်းကို ဒါယကာခံစေ၍ စေတီတည်စေ၏။ ။ထိုစေတီမှ မြောက်အရပ်၌၊ ထိုပစ္စန္တဒေသမှဖူးမြင်လိုကုန်သော သူတို့အား အလားအလာနှင့် ပြည့်စုံသော မွေ့လျော်ဘွယ်ရှိသောအရပ်၌၊ ထိုခဏာ၌ ရောက်လာကြကုန်သော လေ့ရှုနှစ်စင်းသားကျည်းလူမျိုးဖြစ်သောကုန်သည်တို့ကို ဒါယကာခံစေ၍ အရှင်ရေဝတမှ ဆံတော်ဓာတ်တဆူကို ဌပနာ၍ စေတီ တည်စေ၏။ ။ဤစေတီ ၄ ဆူတို့သည် သာသနာတော် အနှစ်ငါးထောင်တိုင်တည်လုံးလျင် တည်ကုန်လတ္တံ့။ သာသနာတော် နှစ်ထောင့်ငါးရာအတွင်း၌ကား ထိုအရပ်သည် လူနေနည်းပါးသည်ဖြစ်၍ ပူဇော်သက္ကာရနည်းပါးလတ္တံ့။သာသနာတော် နှစ်ထောင့်ငါးရာ လွန်သည်မှ နောက်၌ကား ထိုအရပ်သည် စည်ပင်ပြုနှံပွါးလူသူများသဖြင့် ပူဇော်သက္ကာရ ထူထပြောစွာဖြစ်လတ္တံ့။ စေတီ ၄ ဆူလုံးကို ချနှစ်ကြိမ်စီထပ်ပွါးမျိုမံ၍ စေတီတည်လတ္တံ့။တန်းခိုးရှိနိုင်စေ၌ အာနုဘော်ထွန်းပစွာဖြစ်လတ္တံ့ဟူ၍။ ထိုမထေရ် ၄ ပါးတို့သည် မြတ်စွာဘုရားမှ ဆံတော်ဓာတ်တို့ကိုရ၍ သွားလေကုန်ပြီးသောနောက်၌ အရှင်အာနန္ဒာမြတ်စွာဘုရားအားပေးလျှောက်သဖြင့်မြတ်စွာဘုရားဗျာဒိတ်ကြားတော်မူခဲ့သတည်း။ ။

၁၂၄။ ကေတမမြတ်စွာဘုရား၏ကိလေသ ပရိနိဗ္ဗာန်၊ခန္ဓပရိနိဗ္ဗာန်၊ဓာတုပရိနိဗ္ဗာန်ဟူသော ပရိနိဗ္ဗာန် ၃ ပါးတို့ကိုပြရာ။

၅၂၆။ ဤဓမ္မပုံအဖိုကား၌ သာသနာတော်၏ အရှင်ဖြစ်သော တရားမင်းဘုရား၏ ပရိနိဗ္ဗာန်ကား။ (၁)ကိလေသ ပရိနိဗ္ဗာန်။ (၂)ခန္ဓပရိနိဗ္ဗာန်။(၃)ဓာတုပရိနိဗ္ဗာန်-ဟူ၍ သုံးပါးအပြားရှိ၏။ ။ထိုသုံးပါးတို့

တွင်။ (၁)ကိလေသပရိနိဗ္ဗာန်သည်ကား။ ဘိုးတော် အဋ္ဌနမင်းထား သော သက္ကရာဇ် ၁၀၃ ခု။ ကဆုန်လပြည့်၊ ဗုဒ္ဓဟူးနေ့။ ဗောဓိပင်ရင်း ရွှေပလ္လင်၌။ အရဟတ္တမဂ်ဉာဏ်ကိုရသဖြင့် အလုံးစုံသော ကိလေသာ တို့သည် ကုန်ခြင်းသို့ရောက်ကုန်သောကြောင့် ကိလေသပရိနိဗ္ဗာန်ဖြစ် သတည်း။ ။(၂)ခန္ဓပရိနိဗ္ဗာန်ဆည်ကား။ ဘိုးတော် အဋ္ဌနမင်းထား သော သက္ကရာဇ် ၁၄၀ ခု။ ကဆုန်လပြည့် အင်္ဂါနေ့၊ ပန်ဆိုမယံအခါ။ ရောင်ဖြူမလာမီ။ ဗောဓိပင်မှ အနောက်တောင်ထောင့်။ ၂၅ ယူဇနာ အဝေးနှုန်းကွာသော ကုသိနာရုံပြည်၌။ မလ္လာမင်းတို့၏ဥယျာဉ်တော်၌။ ဘုရား ဟူသောသတ္တသန္တာန်ပညတ်၌ အလုံးစုံသော ရုပ်နံခန္ဓာသခ်ၤါရတရား တို့သည် တဘန်အသစ်မဖြစ်ပြန်သောအားဖြင့် ချုပ်လေကုန်ပြီးသော ကြောင့် ဓာတုပရိနိဗ္ဗာန် ဖြစ်သတည်း။ ။(၃)ဓာတု ပရိနိဗ္ဗာန်သည်ကား။ မြတ်စွာဘုရား ပရိနိဗ္ဗာန် စံတော်မူသော နှစ်မှသည် အနှစ် ငါးထောင်စေ့သောအခါ။အလုံးစုံသောဓာတ်တော်တို့သည် သီဟိုဠ် ဟေ မမာလာစေတီ၌ စုဝေးလတ္တံ့။ ထိုဟေမမာလာစေတီမှသည် နာဂဒီပ ကျွန်း၊ ရာဇာယတနစေတီ၌ စုဝေးလတ္တံ့။ ရာဇာယတနစေတီမှသည် ဇမ္ဗူ။ဒီပါ၌ ဗောဓိပင်ဝယ်စုဝေးလတ္တံ့။ဤဇမ္ဗူ။ဒီပါ၌ရှိကုန်သော သင်္ဃိန္နဓာတ် အသင်္ဃိန္နဓာတ် အလုံးစုံတို့သည်ဖြင်း။ နဂါးပြည်၌ရှိသောဓာတ် တို့သည်ဂင်း။ နတ်ပြည်၌ ရှိသော ဓာတ်တို့သည်ဂင်း။ ထိုထို[illegible]သော စကြဝဠာတိုက်တို့သို့ နတ်တို့ ဆောင်ယူလေသော၊ ဆံဓောဝ်၊ အမွေး တော်၊လက်သည်းခြေသည်းတော်ဓာတ်တို့သည်ဂင်း။ ဤအလုံးစုံသော ဓာတ်တော်တို့သည် အကြွင်း၌ တစုံတခု မုန်ညင်းစေ့ တခုလောက်မျှ ပျောက်ပျက်ခြင်းသို့မရောက်မူ၍။ဗောဓိပင်သို့သာလျှင် ရွှေပလ္လင်ထက်၌ တပေါင်းတည်းစုဝေးလျက်။ သုံးဆဲ့နှစ်ပါးသော ယောက်ျားမြတ်တို့၏ လဏ္ဍဇာဝ တော်ကြီး။ ရှစ်ဆယ်သော လက္ခဏာ တော်ငယ်။ ခြောက် သွယ်သော ရောင်ခြည်တော်တို့နှင့် ပြည့်စုံသော မြတ်စွာဘုရား၏ ချုပ် သွင်ဟောက်ကိုယူကုန်၍။ ပလ္လင်ထက်၌ ထက်ဝန်းထိုင်နေတော်မူလျက်။ အတ္တိုင်းမသိသော မြတ်စွာဘုရားကိုယ်တော်၏ တင့်တယ်ခြင်း အဆာ ရေကိုပြကုန်လတ္တံ့။ ထို့ထို့ပြုပြီးသောနောက်မှ၊ သာဝတ္ထိပြည်၊ ကဏ္ဍမ္ဗ သရက်ပင်၏အနီး၊ ဇေတဝနာစကြံထက်၌ ပြတော်မူအပ်သော ပြာဋိဟာ ကဲ့သို့ မီးရေအစုံအစုံသောပြာဋိဟာတို့ကိုပြကုန်လတ္တံ့။ထိုသို့ပြတော်

မှုသောအခါ။ ထိုအရပ်သို့ရောက်လာသော တစုံတယောက်သော် ဟူ
မည်သည်မရှိ။ ထိုအခါ အသည်သတ်ဖြတ်ဟွာ၊အရှုပဖြတ်ဟွာတို့ကို"ထား၍
အလုံးစုံကုန်သော တသောင်းသောစကြဝဠာကိုက်တို့မှ နတ်ဖြတ်ဟွာတို့
သည် ထိုအရပ်သို့ စုဝေးလာကုန်၍၊ ဓာတုံနိမ္မိတဘုရားသည် ပြအပ်
သောပြာဋိဟာကိုရှုကုန်လျက်၊ နတ်၌ဖြစ်သော ထီးတင်းခွန်၊ပန်းနှံသော
အခိုးအထုံအမှုံတို့ဖြင့် ကြီးစွာသော ပူဇော်သက္ကာရကို ပြုကုန်လတ္တံ့။
ထိုအခါ သရီရဓာတ်ဘန်ဆင့်းအပ်သောကိုယ်တော်မှ တဖော်ဓာတ်
သည် ထွက်လတ်၍၊ သရီရဓာတ်ဘန်ဆင်းအပ်သောကိုယ်တော်သည်
မီးပုံကြီးကဲ့သို့တောက်၍။ ပညတ်မဟုတ်သောအဖြစ်သို့ရောက်လတ္တံ့။
ထိုသို့ရောက်သောအခါသည်လျှင်ဓာတုပရိနိဗ္ဗာန်သည်ဖြစ်၏။ထိုအခါ
စည်းဝေးလာကုန်သော နတ်အပေါင်းတို့သည်၊ ယခုအခါ အားဆယ်
ပါးနှင့်ပြည့်စုံတော်မူသောဖြတ်စွာဘုရားသည် ပရိနိဗ္ဗာန်စံတော်မူခဲ့ပြီ။
လောကသုံးပါးသည် ကြီးစွာသောအဓိက်တိုက်ဖြစ်ခဲ့ပြီဟူ၍ဟစ်ကြွေး
မြည်တမ်းကြ ကုန်လျက်၊ ကောင်းကင် တော်လည်း မြေကြီးကြည်းမျှ
ပြင်းစွာသောငိုကြွေးခြင်းတို့သည်ဖြစ်ကုန်လတ္တံ့.သလျှင်ကတည်း။ ။
၅၏အခါသည်လျှင် ဓာတုပရိနိဗ္ဗာန်ဖြစ်၏။မြတ်စွာဘုရားသာသနာတော်
သည် ကွယ်ခြင်းသို့ရောက်၏။ ။

၁၂၇။ ဂေါတမမြတ်စွာဘုရားသည် ၄၅ ဝါအတွင်း၊
ပဉ္စဝဂ္ဂိအစ၊သုဘဒ္ဒပရိဗိုဇ်အဆုံး။ ၂၄ သရဲမျိုးနှင့်ကုဋေခြောက်
ဆယ်၊ဗိုလ်ခြေဘသိန်းမျှ၊သော ဝေနေယျတို့အားတရား
ဟောကြား၊ကယ်ချွတ်တော်မူသည်ကိုပြရာ။

၅၏သို့ဆိုအပ်ပြီးသောအခြင်းအရာအားဖြင့် သုံးပါးသောဇြမ်းခြင်းရှိ
တော်မူသောဖြတ်စွာဘုရားသည် သုံးပါးသောလောကဓာတ်ဝေနေယျတို့
အား တရား အမြိုက် တိုက်ကျွေးတော်မူသောအားဖြင့် သံသရာဝဋ်မှ
ကယ်ချွတ်တော်မူသည်ကား၊ ဘုရားဖြစ်တော်မူသည်မှာ၊ နှစ်လဖြောက်။
ဝါဆိုလပြည့်နေ့၌။ ရှေးဦးစွာ တရားဓမ္မစကြာဟောတော်မူသောအဆုံး
၌ အရှင်ကောဏ္ဍညမထေရ်နှင့်တကွ တဆဲ့ရှစ်ကုဋေ့ အရေအတွက်
ရှိသော နတ်ဖြာဟွာတို့သည် အကျွတ်တရားကိုရကုန်၏။ ဝါဆိုလပြည့်

ကျေးသိ ၅ ရက်နေ့၊အာနတ္တလက္ခဏသုတ္တန်ကိုဟောတော်မူသောအခါ၌ ပဉ္စဝဂ္ဂိငါးယောက်တို့သည်အာရဟတ္တဖိုလ်၌တည်ကုန်၏။ ထိုဝါတွင်းဒုတိယ ဒုတ်ဆင်ယသမဏေ၏နှင့် တကွ ၅၄ ကျိပ် ၅ ယောက်သော သူငြားတို့သည် အရဟတ္တဖိုလ်၌ တည်ကုန်၏။ ဝါကျွတ်တော်မူသော အခါကပ္ပါသိက ဝနသဏ္ဍ၌ ဘဒ္ဒဝဂ္ဂိမင်းသား သုံးကျိပ် သုံးယောက် တို့ကို အောက်မဂ်အောက်ဖိုလ်သုံးပါးတို့သို့ ရောက်စေကုန်၏။ ဂယာသီသ၌ အာဒိတ္တပရိယာယသုတ်ကိုဟောတော်မူသောအဆုံး၌ဥရုဝေလကဿပစသော ညီနောင်ရဿသုံးယောက်အမှူးရှိသော ရဿတထောင်ကို ရဟန္တာအဖြစ်၌တည်စေတော်မူ၏။ရာဇဂြိုဟ်ပြည်မှ သုံးဂါဝုတ်အဝေးနှီးကွာသော ထနိုးဇတာဥယျာဉ်၌ ဗိမ္ဗိသာရမင်းအမှူးရှိသော မင်းမှုထမ်းသူငြား သူကြွယ်တို့ကို တရားဒေသနာတော်ဖြင့် ဖသောတာပတ္တိဖိုလ်၌ တည်စေ၏။ တဆောင်သော မင်း ပုဏ္ဏားသူကြွယ်တို့ကို သရဏဂုံ၌ တည်စေ၏။ တိဇောကုဋ္ဌ အနုမောဒနာ၏ အဆုံး၌ ရှစ်သောင်း လေးထောင်ကုန်သောဝေနေယျတို့သည်အကျွတ်တရားရကုန်၏။ သုမနပန်းသည် အစည်းအဝေး၌ ရှစ်သောင်းကုန်သော ဝေနေယျတို့သည် အကျွတ်တရားရကုန်၏။ ဓနပါလဆင် အစည်းအဝေး၌ ရှစ်သောင်းလေးထောင်ကုန်သောဝေနေယျတို့သည် အကျွတ်တရားရကုန်၏။ခဒိရဝဂါရဒ္ဓါဇဂါတ်ကို ဟောတော်မူသော အဆုံး၌ ရှစ်သောင်း လေးထောင်ကုန်သောဝေနေယျတို့သည် အကျွတ်တရားရကုန်၏။ အာနန္ဒာသူငြား အစည်းအဝေး၌တဆဲ့တကုဋေသောဝေနေယျတို့သည်အကျွတ်တရားရကုန်၏။ ပါသာဏကစေတီ၌ ပါရာယနဝဂ္ဂတ်ကိုဟောတော်မူသော အဆုံး၌ တဆဲ့လေးကုဋေသော ဗေနေယျတို့သည် အကျွတ်တရားရကုန်၏။ ယမကပြာဋိဟာ ပြတော်မူသော အဆုံး၌ အကုဋေ နှစ်ဆယ်သောဝေနေယျတို့သည် အကျွတ်တရားရကုန်၏။ တာဝတိံသာ နတ်ပြည်၌ အဘိဓမ္မာတရားကို ဟောတော်မူသော အဆုံး၌ အကုဋေ့ရှစ်ဆယ်သောနတ်တို့သည် အကျွတ်တရားရကုန်၏။ တာဝတိံသာနတ်ပြည်မှ သက်ကော်မူသော အစည်းအဝေး၌ အကုဋေ့ရှစ်ဆယ်သော ဝေနေယျတို့သည် အကျွတ်တရားရကုန်၏။ ဆင်ကျပဉ္စသုတ္တန်ကိုဟောတော်မူသောအဆုံး၌ ရှစ်သောင်းသောနတ်တို့သည် အကျွတ်တရားရကုန်၏။သာကေတပြည်၌ ဇဋိလမဟာဒိဘဒ္ဒဟုဆိုသမျှတို့အပ်သော ပုဏ္ဏား

အိုသြီးခင်ပွန်းတို့၏အစည်းအဝေးခွ ရာဇသုတ်ကို ဟောတော်မူသော အဆုံးခွဂစ်သောင်းလေးထောင်ကုန်သောဝေနေယျတို့သည် အကျွတ်တရားရကုန်၏။ မဂ်လသုတ်ကို ဟောတော်မူသောအဆုံးခွဝင်း၊ မဟာသမယသုတ်ကို ဟောတော်မူသော အဆုံးခွဝင်း၊ စူဠဋ္ဌ ရာဟုလောဝါဒသုတ်ကို ဟောတော်မူသော အဆုံးခွဝင်း၊ သမစိတ္တပဒီပဒါကို ဟောတော်မူသော အဆုံးခွဝင်း၊ ဤလေးပါးသော သုတ္တန်ကို ဟောတော်မူသောအဆုံးခွ အကျွတ်တရားကို ရကုန်သော ဝေနေယျတို့၏ အဝိုင်းအခြားသည် မရှိသည်သာလျှင်တည်း။ ။ဗာရာဏသီပြည်၏ အနီးအပါး၊ဂင်္ဂါနဒီခွ၊ ကုက္ကိုဠနုစ်ပင်၊ ပင်စည်၏အရင်းခွ၊ ဇရကပတ္တနဂါးမင်းကို အကြောင်းပြု၍ ဟောတော်မူအပ်သော။ကိုဏ္ဍာမနုဿပဒီလာဘော၊အစရှိသောဂါထာ၏အဆုံးခွ ရှစ်သောင်းလေးထောင်ကုန်သော ဝေနေယျတို့သည် အကျွတ်တရားရကုန်၏။ ဤသို့ရေတွက်ခဲ့ပြီးသော အကျွတ်တရားကိုရကုန်သော ဝေနေယျတို့၏ အဆေအတွက် သချိုကား။ တပေါင်းတည်း တစုတည်း၊ များစွာသောအရေအတွက်တို့ဖြင့် အကျွတ်တရားရကုန်သော ဝေနေယျတို့ကို ထိုထိုသို့သောကျမ်းတို့ခွ လာသည်ကိုတွေ့မြင်မှတ်သိပါသမျှရေတွက်သောသချိုတည်း။ဘုရားမြတ်စွာဒေသနာဟောရွတ်ဆျုတ်တော်မူသော ဝေနေယျကား ဤမျှသာဖြာ၍ ရေတွက်သည်မဟုတ်ပေ။ ဓမ္မပဒကျမ်းခွဟောအပ်သော တရားဒေသနာဂါထာပုဒ်တို့၏ အဆုံးအဆုံးခွ အကျွတ်တရားကိုရကုန်သော ဝေနေယျတို့သည်များစွာရှိကုန်၏။ ငါးရာငါးဆယ်ဇာတ်တို့တွင် တခုတခုသော ဇာတ်တော်ကို ဟောတော်မူသောအဆုံးခွ အကျွတ်တရားရကုန်သော ဝေနေယျတို့ကို ထိုထိုသို့သောကျမ်းတို့ခွ လာသည်ကိုတွေ့မြင်မှတ်သိပါသမျှရေတွက်သောသချိုတည်း။ဘုရားမြတ်စွာဒေသနာဟောရွတ်ဆျုတ်တော်မူသော ဝေနေယျကား ဤမျှသာဖြာ၍ ရေတွက်သည်မဟုတ်ပေ။ ဓမ္မပဒကျမ်းခွဟောအပ်သော တရားဒေသနာဂါထာပုဒ်တို့၏ အဆုံးအဆုံးခွ အကျွတ်တရားကိုရကုန်သော ဝေနေယျတို့သည်များစွာရှိကုန်၏။ ငါးရာငါးဆယ်ဇာတ်တို့တွင် တခုတခုသော ဇာတ်တော်ကို ဟောတော်မူသောအဆုံးခွ အကျွတ်တရားရကုန်သော ဝေနေယျတို့သည်လည်း များစွာဖြစ်ကုန်၏။ ဤသို့လျှင် အဂ္ဂဉ်ဂေါတမဘုရားသည်။ တရားဓမ္မစကြာဒေသနာတော်အဆုံးခွ အကျွတ်တရားရသော ကောဏ္ဍညထေရ်အစ။ မလွန်မင်းတို့၏ အင်ကြင်းပင်စုံ အကြားမှ ခင်းထားအပ်သော၊ ပရိနိဗ္ဗာန်စံကော်မူရာညောင်စောင်းခွ၊ ကဆုန်လပြည့်

နေ့ဆွေး၊ ခထဝြိဟာဂလောအမှတ်ဖြင့် လျောင်းတော်မူသောအခါ၊ ပြဿနာမေးလာသော သုဘဒ္ဒပရိဗိုဇ်ကို၊ အမြိုက် ငြိမ်းဌေး၊ ပေးတိုက် တော်မူသည်လျှင်အဆုံးဂိုဟ်သောအားဖြင့်၊ ၄၅ ဝါပတ်လုံး။ လူနတ်ဗြဟ္မာသတ္တဝါတို့အား တရားအမြိုက်တိုက်ကျွေးဟောရွတ် ကယ်လျှတ်တော်မူသဖြင့် အကျွတ်တရားရသော ဝေနေယျတို့၏ သချိုင်းအရေအတွက် အပေါင်းကား။ ၂၄ သချိုင်းနှင့် ကုဋေခြောက်ဆယ် ဗိုလ်ခြေတသိန်းအရေအတွက် ဖြစ်သတည်း။ ။ထိုကြောင့်။ ။စတုဝိသတာ သချိုင်ယော၊ တထာသဒ္ဒိစ ကောဋိယော။ ပါဏာသတသဟဿာနိ၊ ဇကော ဗုဒ္ဓေါ ပမောစယိ။ ။ဟူ၍တထာဂတုပတ္တိကျမ်းတွင်ဆိုသတည်း။ ။စတုဝိသတိ အသင်္ချေယျာ၊ နှစ်ဆဲ့လေးသင်္ချေ အရေအတွက်ရှိကုန်သော။ ပါဏော၊ ဝေနေယျသတ္တဝါတို့ကိုဂုဏ်း။ တထာ၊ထိုမှတပါး။ သဒ္ဒိစကောဋိယော၊ အကုဋေခြောက်ဆယ်ကုန်သော။ ပါဏော၊ ဝေနေယျသတ္တဝါတို့ကိုဂုဏ်း။ ပါဏာသဟဿသဟဿာနိ၊ တသိန်းသော ဝေနေယျသတ္တဝါတို့ကိုဂုဏ်း။ ဇကော၊ ဘဆူသော။ ဗုဒ္ဓေါ၊ မြတ်စွာဘုရားသည်။ ပမောစယိ၊ တဏှာတည်းဟူသောအနှောင်အဲ့ပွဲမှလွတ်စေတော်မူပြီ။ ။

၁၂၈။ မြတ်စွာဘုရား၌တို့၏ပြည့်စုံမြဲ ဓမ္မတာ ၃၀ ကိုပြရာ။

ဤသို့ ရေတွက်အပ်ပြီးသော ၂၄ သချိုင်းနှင့် ကုဋေ ခြောက်ဆယ် ဗိုလ်ခြေတသိန်းရှိကုန်သော ဝေနေယျတို့အား တရားဟောရွတ်ကယ်လျှတ်တော်မူသော အရှင်ဂေါတမ မြတ်စွာဘုရားသည်။ ဘုရားတကာတို့၏ ဓမ္မတာ အပြား ၃၀ နှင့် ပြည့်စုံတော်မူ၏။ ဓမ္မတာ အပြား ၃၀ ၏အဖွင့်ရပ်ကား။ ။(၁)ဘုရားအဖြစ်သို့ ရောက်တော်မူသော ဘဝနှင့်ယှဉ်သော ဘုရားလောင်းအား သတိအဆင်အခြင်ရှိသည်ဖြစ်၍ မယ်တော် ဝမ်းသို့ သက်ခြင်း။ ။(၂)မယ်တော် ဝမ်း၌ ထက်ပယ်ပလ္လင်ခြင့်ဆန်၍ အပသို့ပြုသော မျက်နှာတော်ရှိခြင်း။ ။(၃)ဘုရားလောင်း၏ မယ်တော်သည် ဇစ်လျက်သော ဘုရားလောင်းကို ဘွားခြင်း။ ။(၄)တောအရပ်၌သာလျှင် မယ်တော် ဝမ်းမှ ဘွားခြင်း။ ။(၅)ခွေကွန်ရက်အပြင်၌ အစုံသောခြေတို့ဖြင့် ရပ်ခြင်း။ ။(၆)မြေသို့တက်ရှု

မျက်နှာမူ၍ ချနစ်ဘွား လှမ်းသွားတော်မူပြီးသော အဆုံးဌိ အရပ်လေး မျက်နှာကိုကြည့်၍၊အဟံ သေဇ္ဈော လောကသို့-အစရှိသောအိဟာနာဒ ကိုကျူးတော်မူခြင်း။ ။(၇)သူဒဠိ၊ သူနာ၊ သူသော၊ ရဟန်း၊ လေးပါး သောနိမိတ်တို့ကိုမြင်သော၊ သားတပေလက်ဘွားကုန်ပြီးသော ဘုရား လောင်းတို့အား တောထွက်ခြင်း။ ။(၈)ရဟန်းပြုပြီး၍အလုံးစုံအော် ယုတ်သောအပိုင်းအခြားအားဖြင့် ချနစ်ရက်ပတ်လုံးဒုက္ကရစရိယာကျင့် ခြင်း။ ။(၉)ဘုရားအဖြစ်သို့ ရောက်တော်မူအံ့သောနေ့၌ နိုးယနာကို ဘုဉ်းပေးတော်မူရခြင်း။ ။(၁၀)မြက်အခင်း၌သာ ထိုင်နေတော်မူ၍ သဗ္ဗညုတညာဏ်ကို ရခြင်း။ ။(၁၁)အာနာပါနဿတိ ကမ္မဋ္ဌာန်း သာလျှင်ပရိကံရှိ၍။ မာရ်နတ်စစ်ကို ဖျက်ဆီးခြင်း။ ။(၁၂)သဗ္ဗညု တညာဏ်ကိုရသည်နှင့်တကွသာလျှင် ဝိဇ္ဇာသုံးပါး၊ ပဋိသမ္ဘိဒါ လေး ပါး၊ ဆအာသာဓာရဏဉာဏ်အစရှိသော အလုံးစုံသောဘုရားကျေးဇူး ကိုရခြင်း။ ။(၁၃)သတ္တသတ္တာဟတို့ကိုဗောဓိပင်၏အနီးဌိသာလွန် စေခြင်း။ ။(၁၄)မဟာဗြဟ္မာသည် တရား ဟောတော် မူခြင်းငှါ တောင်းပန်ခြင်း။ ။(၁၅)ဇာသိပတနမိဂဒါဝုန်တောဌိသာ ဓမ္မစက္ကာ တရားကို ဟောတော်မူခြင်း။ ။(၁၆)တပို့တဲ့လပြည့်နေ့၌ အင်္ဂါလေး ပါးနှင့်ပြည့်စုံသော သာဝကအစည်းအဝေးဌိသာပါတိမောက်ပြခြင်း။ ။ (၁၇)ဇေတဝန် ကျောင်းတော်ဌိသာ အမြဲနေခြင်း။ ။(၁၈)သာ ဝတ္ထိပြည်မြို့ခံခါးဇ၏အနီးဌိသာယဓိက်ပြာဋိဟာပြခြင်း။ ။(၁၉)တာ ဝတိ်သာ နတ်ပြည်၌ အဘိဓမ္မာ ဒေသနာကို ဟောတော်မူခြင်း။ ။ (၂၀)သင်္ကဿနဂိုရ် မြို့၌သာ နတ်ပြည်မှ သင်္ကေတော် မူခြင်း။ ။ (၂၁)အမြဲလျှင်ဖလသမာပတ်ကိုဝင်စားတော်မူခြင်း။ ။(၂၂)နံနက် တကြိမ် ညတကြိမ်အားဖြင့် နှစ်ပါးသောအခါတို့၌ ဥဒေနယျကိုကြည့် တော်မူခြင်း။ ။(၂၃)သိင်္ဂါလပုဒ္ဓပညတ်ခြင်း၏ အကြောင်းဝတ္ထုဖြစ် သည်ရှိသော် သိင်္ဂါလပုဒ္ဓကိုပညတ်ခြင်း။ ။(၂၄)အဋ္ဌုပ္ပတ္တိဖြစ်သည် ရှိသော် ဇာတ်တော်ကို ဟောခြင်း။ ။(၂၅)ဆွတော်ဧမျိုးတော်အ စည်းအဝေး၌ ဗုဒ္ဓဝင်ကို ဟောတော်မူခြင်း။ ။(၂၆)အာဂန္တုကရဟန်းတို့နှင့် ပဋိသန္ဓာရဖြေခြင်း။ ။(၂၇)နေ့တိုင်း နေ့တိုင်း၊ ပုဗ္ဗဏှဘတ်ကိစ္စ၊ ပစ္ဆာဘတ်ကိစ္စ၊ ပုရိမယာမကိစ္စ၊ မဇ္ဈိမယာမကိစ္စ၊ ပစ္ဆိမ ယာမကိစ္စတည်းဟူသော ကိုးစွင်းပါးကို ပြုခြင်း။ ။(၂၈)ဝါကျွတ်

ဇော်မူသောအခါ၌ ဝါဆိုဘိတ်မန်ကုန်သောဒါယကာတို့အားမပန်မူ၍ အရပ်တပါးသို့မသွားခြင်း။ ။(၂၉)ပရိနိဗ္ဗာန်ပြုတော်မူအံ့သောနေ့၌ သားပြွမ်းဆွမ်းကို ဘဉ်းပေးတော်မူရခြင်း။ (၃၀)ကုန်ဆုံးနှစ်သန်း လေးသိန်းသော သမာပတ်တို့ကို ဝင်စားတော်မူ၍ ပရိနိဗ္ဗာန်ပြုတော်မူခြင်း။ ။ဤသို့လျှင် ခပ်သိမ်းသောဘုရားတို့၏ ဓမ္မတာအပြား ၃၀ ဖြစ်သတည်း။ ။

၁၂၉။ မြတ်စွာဘုရားရှင်တို့၏အနန္တရာယိက ဓမ္မလေးပါးကိုပြရာ။

ခပ်သိမ်းသောဘုရားရှင်တို့အား အနန္တရာယိကတရားလေးပါးတို့သည်ဖြစ်ကုန်၏။ လေးပါးဟူသော်ကား။ (၁)ဘုရား မြတ်စွာတို့ကို ရည်မှတ်၍ ဆောင်ခဲ့ကုန်သော သင်္ကန်း၊ဆွမ်း၊ကျောင်း အိပ်ရာ နေရာ၊ဆေး။ ဤလေးပါးသော ပစ္စည်းတို့ကို တစုံတယောက်သောသူသည် လုယူဖျက်ဆီးသဖြင့် အနန္တရာယ်ပြုခြင်းငှါမတတ်နိုင်။ (၂)ဘုရားမြတ်စွာ၏အသက်တော်ကိုလည်းတစုံတယောက်သောသူသည်အနန္တရာယ်ပြုခြင်းငှါ မတတ်နိုင်။(၃)ခပ်သိမ်းသော ဘုရားရှင်တို့၏ကိုယ်တော်၌ သုံးဆဲ နှစ်ပါးသော လက္ခဏာတော်ကြီး။ ရှစ်ဆယ်သော လက္ခဏာတော်ငယ်တို့ကိုလည်း တစုံတယောက်သော သူသည် အနန္တရာယ်ပြုသဖြင့်တိမ်မြုပ်ကွယ်ပျောက်စိမ့်သောငှါမတတ်နိုင်။(၄)ခပ်သိမ်းသော ဘုရားရှင်တို့၏ရောင်ခြည်တော်တို့ကိုလည်း တစုံတယောက်သောသူသည်အနန္တရာယ်ပြုခြင်းငှါမတတ်နိုင်။ဤသည်လျှင် အနန္တရာယိကတရားလေးပါးတည်း။ ။

ဤမျှလောက်သောစကားအစဉ်ဖြင့်ဂေါတမ
မြတ်စွာဘုရား၏အဋ္ဌုပ္ပတ္တိကိုမှတ်သိပါသမျှဥဒါန်းစကား၊
ပြောဆိုဝိဓိသောဌါဖြန်မာ့ဘာသာဖြင့်ရေးသားရိုးစု
ကုံးပြုစီရင်အပ်သောတထာဂတဥဒါနအမည်
ဂိုဠီသောကျမ်းသည်အပြီးသို့ရောက်၏။

၁၃၀။ နိဂုမ်း။

စက္ကဂ်ိတပ္ပါဒယုဂေါ ဇိနော ယော၊ဗာတ္တိံသတိလက္ခဏစိတြဒေ
ဟော။ ဩဒါတရံသုဇ္ဇလ ဥဏ္ဏာလောမာ၊-လဂ်ာ နလာဋ္ဌလကော သု
ဒဿော။ ။ဆဗ္ဗဏ္ဏာရဇ္ဇုဇ္ဇလရံသိ၎ငါလော၊ မဒ္ဒိဠ္ဍရံသိပုဂ္ဂကတုမာ
လော။သတ္ထာနမ္ပဒါနကထာဝဒါနော၊နိဗ္ဗာနဓာတ္ဟိဒုခနိဗ္ဗု။တော။ ။
ပရိနိဗ္ဗာနဝဿတောစပဋ္ဌာ၊သောဠသတိံသသတောနာဓိကေန။သဒ္ဓိံ
ဒ္ဝိသဟဿေန သာသနသ္မိံ၊ပဟိနေ ခဆပဉ္စုန သက္ကရာဇေ။ ။ဝလ
ယကဝဿဂတေစ ကာလေ၊ဒီပေယျနဂရဿဗာဟိရသ္မိံ။နရတိယ
ရစ္ဆဘူမိဘာဂေ၊ဇေယဝဓုသုဝ္ဍယေန နဂရိက္ကေန။ ။ကတေဝိဟာရေ
ဒုရဂ်မဒ္ဓေ၊ကော်တုသဟိတေ တိဘုမ္မိကေ ဇလန္တေ။ပေါဓော်ဟာသေန
အဗ္ဘန္တရသ္မိံ၊ ဝသန္တေန အဠ္ဠတိံသဝဿိကေန။ ။သိရိသဒ္ဓမ္မဘာဘိ
လကိ်ာရောတိ၊ ဂရုဟိ အာစရိယေဟိ ကာရိတေန။ နာဂမန သုတေန
ကောဝိဒေန၊ ပိဋကတ္တေ သမာစာရသိလယုတ္တေန။ ။ထေရေန က
တော အယံ သမတ္တော၊ကဆာဂတဥဒါနန္တိနာမိကော။သော ဟံ ဗုဒ္ဓေါ
ဘဝါမိ ပစ္ဆာ၊ သစ္ဆဒိပကော သတ္တုဒါနချာတော။ ။စက္ကဂ်ိတပ္ပါဒ
ယုဂေါ၊ ဘရဏ္ဍစ်ကွက်သေးစက်တို့ဖြင့် တန်ဆာဆင်အပ်သော ခြေ
ဘဝါးဂတဒ်အစုံရှိသော။ ဗာတ္တိံသုတိလက္ခဏစ်တြဒေဟော၊ သုံးဆဲ့
နှစ်ပါးသော ကုစ္ဆောက်ျားမြတ်တို့၏ လက္ခဏာတော်တို့ဖြင့် ဆန်းကြယ်
သော ကိုယ်ဇတော်ရှိထသော။ ဩဒါတရံသုဇ္ဇလ ဥဏ္ဏာလောမာ လဂ်ာ
နလာဋ္ဌလကော၊ ဖြူသောရောင်ခြည်တော်တို့ဖြင့်တောံပသော ဥဏ္ဏာ
လုံမွေးရှင်ဖြင့် တန်ဆာဆင်အပ်သော နဖူးတော်အဖြင်ရှိထသော။ သု
ဒဿသဒ္ဒ ကောင်းသော အမြင် ရှိထသော။ ဆဗ္ဗဏ္ဏာရဇ္ဇုဇ္ဇလ ရံသိဇာ
လော၊ ခြောက်ပါးသောအဆင်းတို့ဖြင့်ဆိုးအပ်သော ရောင်ခြည်ကွန့်
ရက်လှည်း ရှိထသော။ မဒ္ဒိဠ္ဍရံသိပုဂကေတုမာလော၊ ထိပ်ကော်၏အ
ထက်ဦးတည်သောရောင်ခြည်တော်အစုဟုဆိုအပ်သောမှန်ကင်းလည်း
ရှိ၏သော။ သတ္ထာနံ၊ သတ္တဝါ အပေါင်းတို့၏။ ဥဒါနကထာဝဒါဥနှာ၊
အဖြစ်အပျက်နှင့်ယှဉ်သည်သော ဥဒါန်းစကားကို ကြားဆိုတော်မူတတ်ထ
သော။ ယောဇိနေဒံ၊ သည်။ ဒုဓာဒ္ဒိဟိပကာရေဟိ နှစ်ပါးအပြားရှိကုန်
ထသော။ နိဗ္ဗာနဓာတ္ဟိ၊ ကိလေသနိဗ္ဗာန်၊ ခန္ဓနိဗ္ဗာန်တည်းဟူသော

နိဗ္ဗာနဓာတ်တို့ဖြင့်။ နိဗ္ဗာန်တော်၊ ပရိနိဗ္ဗာန်ပြုတော်မူလေပြီ။ ။တသ
ဖိနသ၊ ထိုအောင်အပ်ပြီးသော မာရ်ငါးပါး ရှိတော်မူသော ဖြတ်စွာ
ဘုရား၏။ ပရိနိဗ္ဗာနဝသတော၊ ပရိနိဗ္ဗာန်ပြုသောနှစ်မှ။ သောဋ္ဌသတို့
သသတေန၊ခုဒ္ဓ ဖြစ်သော။ အဓိစေန၊အလွန်နှင့်။ သဒ္ဓိ၊တကွ။ ဒိုသ
ဟသေန၊ နှစ်ထောင်အရေအတွက်ရှိသော။ သာဓုနသို့၊ သို့။ ပတ္တော၊
ရောက်သော။ကာလေစ၊ကာလ၌ငင်း။ခဆပဠေန၊ခဆပဠကိန်းဖြင့်။ပဟိ
နေ၊ပြီအပ်ပြီးသော။သက္ကရာဇော၊သက္ကရာဇ်သည်။ဝ လ ယ က ဝသော၊
ဒဒဒ၄ နှစ်သို့။ဂတော၊ရောက်သော။ကာလေစ၊၌ငင်း။ဒီပေယျနဂရသ၊
ဒီပဲယင်းမြို့၏။နရတိယံ၊အနောက်တောင်ထောင့်ဖြစ်သော။ဗာဟိုရသို့၊
အပ၌။ဥစ္စဘူမိဘာဂေ၊မြင့်သောမြေအဘို့ရှိသောအရပ်၌။ ဇေယျဝဓုသ
ဝ့ယေန၊ဇေယျဝဓုအမည်ရှိသော။နဂရိကေန၊မြို့သူကြီးသည်။ ကတော၊
ဆောက်အပ်သော။ ဒုရဂ်မဂဒ္ဓေ၊ဒုရင်၏အထိပ်၌။ ကေတုသဟိတော၊မှန်
ကင်းနှင့်တကွဖြစ်သော။တိဘုမိကော၊ဘုံသုံးဆင့်ရှိသော။ အဿန္တရသို့၊
အတွင်း၌။ ဟေဒမောဘာသေန၊ရွှေရောင်ဖြင့်။ ဇလန္တော၊တောက်ပထွန်း
လင်း ဝင်းဝင်းပြောင်သော။ဝိဟာရော၊လေးထွေ့ဂုရိယာ မျှရာဖြစ်သော
ကျောင်း၌။ဝသန္တေန၊နေထိုင်သော။ အဋ္ဌတိံသဝဿိကေန၊ဟန်ငါးအဖြစ်
သို့ရောက်သည်မှ သုံးဆဲ့ကုန်ဝါရှိပြီးသော။ဂဗ္ဘဟိ၊အလေးအမြတ်ပြုအပ်
ကုန်သော။ အာစရိယေဟိ၊ဆရာမြတ်တို့သည်။ သိဂိုသဒ္ဒမဟာသီလက်ာ
ရောတိ၊သိဂိုသဒ္ဒမှာဘိလက်ာရဟူ၍။ ကာရိတေနမှုမည်အပ်သော။ နာ
မေန၊ အမည်အားဖြင့်၊ သုတေန၊ ကျော်စောထင်ရှားစွာထင်သော။ ပိဋ
ကတ္ထော၊ပိဋကတ်သုံးပုံ၏အနက်၌၊ ကောဝိဒေန၊ လိမ္မာစွာထင်သော။ သ
မာစာရသီလယုတ္တေန၊ ကောင်းသော အကျင့်သိက္ခာနှင့် ယှဉ်ထင်သော၊
ထေရေန၊ မထေရ်သည်။ ကတော၊ ပြုအပ်သော။ တထာဂတဥ္ဒါနဿ
နာမိကော၊ တထာဂတဥ္ဒါနဟူသောအမည်ရှိသော။ အယံဂန္ထော၊ ဤ
ကျမ်းသည်၊သမဇ္ဇော၊ပြီးပြည့်စုံပြီ။ ။အနေနမှုညှန်၊ဤတထာဂတ်
ဥဒါနကျမ်းကို ပြုရသောကောင်းမှုကြောင့်၊ သောအဟံ၊ ထိုငါသည်၊
ပဗ္ဗဇ်၊ နောက်ကာလ၌၊ သဗ္ဗဒိပကော၊ သဗ္ဗာလေးပါးတရားကိုထင်ရှား
ဖြာတတ်သော၊ သဗ္ဗဉ္ဉုတဉာဏော၊သဗ္ဗဝါတို့၏အဖြစ်အပျက်ဘဝနှင့်
ယှဉ်သောဥဒါန်းစကားကိုဟောကြားတော်မူတတ်သော၊ဗုဒ္ဓါ၊ဘုရား
သည်၊ဘစ္စိသိ၊ဖြစ်ရပါထို့။ ။

နပတ္တံယာဝဗုဒ္ဓတ္တံ၊သံသရန္တောဘဂဝတာဝ။ဥာဏသမ္ပယုတ္တပါဂရိယံ၊ ပုဂ္ဂိုတော ပုဂ္ဂိုလော ဟောသိ။ ။မယာ၊ ငါသည်။ ယာဝ၊ အကြင်မျှ လောက်။ ဗုဒ္ဓတ္တံ၊ဘုရားအဖြစ်သို့။ နပတ္တံ၊မရောက်သေး။ တာဝ၊ထိုမျှ လောက်။ဘဂဝ၊ဘဝကြီးငယ်၌။သံသရန္တော၊ကျင်လည်ဆဲသောငါသည် ဥာဏသမ္ပယုတ္တပါဂရိယံ၊ သဗ္ဗညုတ ဥာဏ်၏ အဆောက်အဦဖြစ်သော ပါဂရိယဆယ်ပါးကို။ပုဂ္ဂိုတော၊ဖြည့်နှိုင်သော။ပုဂ္ဂိုလော၊ယောကျ်ားမြတ် သည်။ဟောသိဟောသာမိ၊ဖြစ်ရပါလို၏။ ။

တထာဂတဥဒါနဒိပနီကျင်း-ဒုတိယတွဲပြီး၏။